# သုခဘုံလမ်း

မစ္စစ်အယ်လင်ဂျီဝှိုက်ရေးသားသည်။

ကင်းစောင့်ပုံနှိပ်တိုက်၊
၅၂၊ ဦးဝိစာရလမ်း၊
ရန်ကုန်မြို့။

**သုခဘုံလမ်း။**

**ပဌမပုံနှိပ်ခြင်း၊ ၂၀၀၀၊ ၁၉၆၃ခုနှစ်။**

**Published and Printed by U Kay Paw for S.D.A.**
**at the Kin Saung  Press, 72, U Wisara Road,**
**Rangoon.**
**(Registered No. 0109-094)**

## မာတိကာ။


| အခဏ်း။ | စာမျက်နှာ။ |
| --- | --- |
| ၁။ လူစီဖာကျဆုံးခြင်း .................... | ၁၇ |
| ၂။ ဖန်ဆင်းခြင်း .................... | ၂၆ |
| ၃။ ပုန်ကန်ခြင်း၏အကျိုးအပြစ် .................. | ၃၀ |
| ၄။ သွေးဆောင်မှုနှင့်ကျဆုံးမှု .................... | ၄၀ |
| ၅။ ကယ်တင်ခြင်းစီမံကိန်း ..................... | ၅၄ |
| ၆။ ကာဣန၊ အာဗေလနှင့်သူတို့၏ယဇ်များ ........... | ၆၈ |
| ၇။ ရှေသနှင့်ဧနောက် ...................... | ၇၅ |
| ၈။ ရေလွှမ်းမိုးခြင်း ........................ | ၈၁ |
| ၉။ ဗာဗုလုန်ရဲတိုက် ........................ | ၉၅ |
| ၁၀။ အာဗြဟံနှင့်ဂတိထားတော်မူသောအမျိုးအနွယ် ....... | ၉၉ |
| ၁၁။ ဣဇက်ကိုထိမ်းမြားခြင်း .................... | ၁၁၂ |
| ၁၂။ ယာကုပ်နှင့်ဧသော ...................... | ၁၁၅ |
| ၁၃။ ယာကုပ်နှင့်ကောင်းကင်တမန် ................. | ၁၂၄ |
| ၁၄။ ဣသရေလအမျိုးသား ..................... | ၁၃၂ |
| ၁၅။ ဘုရားသခင်၏တန်ခိုးတော်ထင်ရှားခြင်း ............ | ၁၄၈ |
| ၁၆။ ဣသရေလလူတို့အချည်အနှောင်မှလွတ်မြောက်ကြခြင်း ... | ၁၅၈ |
| ၁၇။ ဣသရေလလူတို့ခရီးသွားခြင်း ............... | ၁၆၇ |

| အခဏ်း | စာမျက်နှာ |
|---|---|


| | |
|---|---|
| ၁၈။ ဘုရားသခင်၏ပညတ်တော် . . . . . . . . . . . . . . . . | ၁၈၀ |
| ၁၉။ သန့်ရှင်းရာဌာန . . . . . . . . . . . . . . . . . . . . . . . | ၁၉၉ |
| ၂၀။ သူလျှိုများနှင့်သူတို့၏သတင်းစကား . . . . . . . . . . . . | ၂၀၉ |
| ၂၁။ မောရှေ၏အပြစ် . . . . . . . . . . . . . . . . . . . . . . . | ၂၁၆ |
| ၂၂။ မောရှေအနိစ္စရောက်ခြင်း . . . . . . . . . . . . . . . . . . . | ၂၂၂ |
| ၂၃။ ဂတိတော်နှင့်ဆိုင်သော ပြည်တော်ဝင်ခဏ်း . . . . . . . . | ၂၂၈ |
| ၂၄။ ဘုရားသခင်၏မေတ္တာတော်နှင့်ကဣသရေလအမျိုးသား . . . | ၂၃၈ |
| ၂၅။ သခင်ခရစ်တော်ပထမကြွလာတော်မူခြင်း . . . . . . . . . . . | ၂၅၅ |
| ၂၆။ သခင်ခရစ်တော်အမှုဆောင်ရွက်တော်မူခြင်း . . . . . . . . . | ၂၆၃ |
| ၂၇။ သခင်ခရစ်တော်ကိုအပ်နှံခြင်း . . . . . . . . . . . . . . . . . . | ၂၇၂ |
| ၂၈။ သခင်ခရစ်တော်ကိုစစ်ဆေးခြင်း . . . . . . . . . . . . . . . . . | ၂၇၈ |
| ၂၉။ သခင်ခရစ်တော်ကို လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်း . . . . | ၂၈၈ |
| ၃၀။ သခင်ခရစ်တော်ထမြောက်တော်မူခြင်း . . . . . . . . . . . . . | ၃၀၀ |
| ၃၁။ သခင်ခရစ်တော်ကောင်းကင်သို့တက်ကြွတော်မူခြင်း . . . . . | ၃၁၂ |
| ၃၂။ ပင်တေကုတ္တေပွဲနေ့ . . . . . . . . . . . . . . . . . . . . . . . . | ၃၁၅ |
| ၃၃။ ခြေမစွမ်းသူအားချမ်းသာပေးခြင်း . . . . . . . . . . . . . . . . | ၃၂၃ |
| ၃၄။ ညှဉ်းဆဲခြင်း၌သခင်ဘုရားဘက်တွင်သစ္စာစောင့်ခြင်း . . . . . | ၃၃၀ |
| ၃၅။ ဧဝံဂေလိတရားဟောပြောခြင်းလုပ်ငန်း . . . . . . . . . . . . . | ၃၃၆ |
| ၃၆။ သတေဖန်အသတ်ခံရခြင်း . . . . . . . . . . . . . . . . . . . . | ၃၃၉ |

အခဏ်း စာမျက်နှာ။


၃၇။ ရှောလုစိတ်နှလုံးပြောင်းလဲခြင်း ........... ၃၄၇
၃၈။ ပေါလုရှေးဦးစွာအမှုဆောင်ရွက်ခြင်း ........ ၃၅၇
၃၉။ ပေတရုအမှုဆောင်ရွက်ခြင်း ............ ၃၆၂
၄၀။ ပေတရုထောင်ထဲမှလွတ်မြောက်ခြင်း ........ ၃၇၇
၄၁။ ရပ်ဝေးဒေသများတွင်အမှုဆောင်ရွက်ခြင်း .... ၃၈၇
၄၂။ ပေါလုနှစ်များစွာအမှုဆောင်ရွက်ခြင်း ........ ၃၉၈
၄၃။ ပေါလုနှင့်ပေတရုတို့အသတ်ခံရခြင်း ......... ၄၀၅
၄၄။ ကြီးစွာသောဖောက်ပြန်ခြင်း ............. ၄၁၂
၄၅။ ဝှက်ထားလျက်ရှိသော ထိုအဓမ္မအရာ ........ ၄၂၀
၄၆။ ဘာသာရေး၌ရှေးဦးပြုပြင်သူများ ........... ၄၃၂
၄၇။ လူးသာနှင့်ကြီးစွာသောဘာသာရေးပြုပြင်ခြင်း ... ၄၃၈
၄၈။ ဘာသာရေးလုပ်ငန်းတိုးတက်လာခြင်း ....... ၄၄၅
၄၉။ တိုးတက်ရန်မအောင်မြင်မှု .............. ၄၅၄
၅၀။ ပဌမကောင်းကင်တမန်၏သတင်းစကား ..... ၄၅၇
၅၁။ ဒုတိယကောင်းကင်တမန်၏သတင်းစကား .... ၄၆၈
၅၂။ သန့်ခေါင်ယံကြွေးကြော်ခြင်း ............. ၄၇၄
၅၃။ သန့်ရှင်းရာဌာန .................... ၄၈၂
၅၄။ တတိယကောင်းကင်တမန်၏သတင်းစကား .... ၄၈၇
၅၅။ မြဲမြံသောစင်မြင့် .................... ၄၉၅

| အခန်း | စာမျက်နှာ။ |
| --- | --- |


၅၆။ စာတန်၏လှည့်ဖြားခြင်း .............. ၄၉၉
၅၇။ နတ်ဝိဇ္ဇာအတတ် .................. ၅၀၅
၅၈။ ကျယ်စွာကြွေးကြော်ခြင်း .............. ၅၁၃
၅၉။ စုံစမ်းရာကာလကုန်ဆုံးခြင်း ............ ၅၁၇
၆၀။ ယာကုပ်၌ဒုက္ခဆင်းရဲရောက်ချိန် .......... ၅၂၃
၆၁။ သန့်ရှင်းသူတို့ကိုကယ်လွှတ်ခြင်း .......... ၅၂၇
၆၂။ သန့်ရှင်းသူတို့အဖို့ဆုလပ် .............. ၅၃၂
၆၃။ မိလေနီကပ်ကာလ(နှစ်ပေါင်းတစ်ထောင်ကာလ). . ၅၃၄
၆၄။ ဒုတိယထမြောက်ခြင်း ................. ၅၃၇
၆၅။ သခင်ခရစ်တော်ကိုဘိသိပ်မြှောက်ခြင်း ........ ၅၄၀
၆၆။ ဒုတိယသေခြင်း .................... ၅၄၇
၆၇။ မြေကြီးသစ် ...................... ၅၅၁

ရှပ်မုံ။

## စာမျက်နှာ။


လူစီဖာမကျဆုံးမှီ ဘုရားသခင်၏ရှေ့တော်တွင်အမှုဆောင်လျက်ရှိပုံ. ၂
မစ္စစ်အယ်လင်ဂျီဝှိုက် . . . . . . . . . . . . . . . . . . . . . . . . . ၄
လူစီဖာ၏စိတ်ထဲ၌ပုန်ကန်လိုသောစိတ်ပေါ်ပေါက်လာပုံ . . . . . . . ၁၆
အာဒံနှင့်ဧဝတို့ဥယျာဉ်အိမ်မှနှင်ထုတ်ခံရပုံ . . . . . . . . . . . . . . . ၅၀
ရွေးနှုတ်ခြင်းအကြောင်းကိုလူအားဖော်ပြပုံ . . . . . . . . . . . . . . . ၅၈
နားထောင်ခြင်းနှင့်ပူဇော်သောယဇ်ကိုလက်ခံတော်မူပုံ . . . . . . . . ၇၀
ရေလွှမ်းမိုးမည့်အကြောင်းနောဧသတိပေးနေပုံ . . . . . . . . . . . . ၈၄
ပုန်ကန်သောအလုပ်ကိုရပ်စဲသွားစေပုံ . . . . . . . . . . . . . . . . . ၉၆
အာဗြဟံသည်ယဇ်ပလ္လင်၌နံနက်နှင့်ညတိုင်းဘုရားကိုကိုးကွယ်နေပုံ . ၁၀၀
အာဗြဟံသည်သားကိုပူဇော်ခြင်းငှာသွားပုံ . . . . . . . . . . . . . . . ၁၀၈
ယာကုပ်သားဦးအရာကိုလုယူပုံ . . . . . . . . . . . . . . . . . . . . . ၁၁၆
ယာကုပ်ကောင်းကင်တမန်နှင့်လုံးပန်းနေပုံ . . . . . . . . . . . . . . . ၁၂၆
ဖာရောဘုရင်၏သမီးမောရှေကိုတွေ့ပုံ . . . . . . . . . . . . . . . . . . ၁၄၀
ဖာရောမင်းရှေ့၌မောရှေသည်ဘုရားသခင့်လူများအားလွှတ်ရန်ပြောပုံ. ၁၅၂
အဲဂုတ္တုစစ်သားများပေါ်သို့ရေလွှမ်းမိုးသွားခြင်း . . . . . . . . . . . . . ၁၆၄
မောရှေကျောက်ကိုရိုက်၍ရေစီးထွက်လာပုံ . . . . . . . . . . . . . . . ၁၇၄
ပညတ်တော်ဆယ်ပါးကျောက်ပြားကို မောရှေအားသိနာတောင်ပေါ်တွင်အပ်ပေးခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၉၄
သန့်ရှင်းရာဌာန၏ပုံ . . . . . . . . . . . . . . . . . . . . . . . . . ၂၀၀

**စာမျက်နှာ။**


ခါနန်ပြည်မှသူလျှိုများပြန်လာပုံ . . . . . . . . . . . . . . . . . . . ၂၀၈

ယေရိခေါမြို့ကြီးပြိုလဲသွားပုံ . . . . . . . . . . . . . . . . . . . . . ၂၃၄

သခင်ယေရှုနှစ်ခြင်းခံနေတော်မူသောပုံ . . . . . . . . . . . . . . . . ၂၅၄

သခင်ယေရှုမျက်စိကန်းသောသူများကိုမျက်စိမြင်ပြန်စေသောပုံ . . ၂၆၆

သခင်ယေရှုအားပိလတ်မင်းကလွှတ်ရန်ကြိုးစားနေပုံ . . . . . . . . ၂၈၄

သခင်ယေရှုသင်္ချိုင်း၌ သန့်ရှင်းသောမိန်းမနှင့်ကောင်းကင်တမန်တို့ တွေ့ဆုံနေသောပုံ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၀၆

ကျောက်ခဲနှင့်ပစ်သောသူများအဖို့သတေဖန်ဆုတောင်းနေပုံ . . . . ၃၄၄

ပေတရုကော်နေလိအိမ်၌ဟောပြောသွန်သင်နေပုံ . . . . . . . . . . . ၃၇၀

ပေါလုထောင်ကျနေစဉ်တရားစကားဟောပြောနေပုံ . . . . . . . . . . ၄၀၂

သတိမရှိသောအမျိုးသမီးငါးယောက်တံခါးဝ၌ငိုကြွေးနေပုံ . . . . . . ၄၇၆

တတိယကောင်းကင်တမန်ကောင်းကင်၌ပျံဝဲနေပုံ . . . . . . . . . . . . ၄၈၈

## စကားချီ။

သခင်ခရစ်တော်ကြွလာတော်မူခြင်းကို ယုံကြည်ကြသောသူတို့အတွက် ဘုရားသခင်ရွေးကောက်တော်မူသောစေတမန်ဖြစ်သူ၊ မစ္စစ်၊အီး၊ဂျီ၊ဝှိုက်သည် မိမိ၏လုပ်ငန်းများကို အစပြုသောအချိန်၊ စောစောနှစ်များအတွင်းက အများသော အကြောင်းအရာကြီးများအတွက် အလင်းတရားကိုရရှိခဲ့လေသည်။

ပဋ္ဌမဦးဆုံးအကြောင်းအရာကား အကောင်းနှင့်အဆိုး၏တိုက်လှန်ပွဲကြီးဖြစ်ရာ၊ ၄င်းသည်ကောင်းကင်၌ နံနက်သားမိုးသောက်ကြယ် (လူစီဖာ) ၏ ကျဆုံးပြစ်မှားခြင်းနှင့် မြေကြီးပေါ်၌လူ၏ကျဆုံးပြစ်မှားခြင်းအကြောင်းမှအစပြုလျက် စုံစမ်းစစ်ဆေးရာနှစ်ရာပေါင်းများစွာကာလကိုကျော်လွန်ပြီး ခရစ်တော် ဒုတိယအကြိမ်ကြွလာတော်မူ၍ မြေကြီးသစ်၌ ဘုရားသခင်၏နိုင်ငံတော်ကို တည်ထောင်တော်မူသောအချိန်ကာလတိုင်အောင်ဖြစ်ပေါ်ခဲ့သောအကြောင်းအရာပင်ဖြစ်သတည်း။

၁၈၅၈ခုနှစ်တွင် ဆရာကြီးဝှိုက်နှင့်ဇနီးမစ္စစ်ဝှိုက်တို့သည် အိုဟိုင်ယိုနယ်၊ ဘိုးလင်းဂရင်းမြို့နားရှိ ကိုဗက်ဂရို့တောအုပ်တွင် ပြုလုပ်သောစည်းဝေးကြီးတစ်ခုကို တက်ရောက်ကြသည်။ ထိုနေရာ၌ မစ္စစ်ဝှိုက်သည် ကျန်ကြွင်းသောအသင်းတော်အဖို့ အရေးကြီးသောအကြောင်းအရာများတို့ကို ရူပါရုံတွင်တစ်ဖန်တွေ့မြင်ရပြန်သည်။

ဤရူပါရုံအကြောင်းနှင့်သက်ဆိုင်၍ သူမက လိုဗက်ဂရို့ တောအုပ်၌ ကာလအဆက်ဆက် သခင်ခရစ်တော်နှင့်စာတန်တို့ အကြီးအကျယ် တိုက်လှန်ခြင်းအကြောင်းနှင့်သက်ဆိုင်၍ လွန်ခဲ့သောဆယ်နှစ်လောက်က ကျွန်ုပ်မြင်မက်ခဲ့ရသောအကြောင်းအရာများကိုပင် ယခုတစ်ဖန်ထပ်မံဖော်ပြပြန်၍ ၄င်းတို့ကို ရေးသားထားရန် ကျွန်ုပ်အားအမိန့်ပေးတော်မူ၏”ဟု ရေးထား၏။ မစ္စစ်အယ်လင်၊ဂျီ၊ဝှိုက်၏အသက်တာအကြောင်း (Life Sketches of Ellen G. White) စာမျက်နှာ ၁၆၂။ နောက်များမကြာမီ သခင်ခရစ်တော်နှင့် ကိုယ်တော်၏ ကောင်းကင်တမန်များတို့ကတစ်ဖက်၊ စာတန်နှင့် သူ၏တမန်တော်များတို့ကတစ်ဖက်၊ ကြီးကျယ်စွာ တိုက်လှန်ကြခြင်းအကြောင်းပါရှိသော ဤရူပါရုံကို စာအုပ်ငယ်

သုံးစောင်တွဲရိုက်နှိပ်လျက် ဝိညာဉ်ဆုကျေးဇူး (Spiritual Gifts) ဟူသော အမည်ဖြင့်ခေါ်ထား၏။

နောက်တစ်နှစ်တွင် ဤအကြောင်းအရာကို မစ္စစ်ဝှိုက်အား သာ၍စုံလင်စွာအသေးစိတ်၍ဘော်ပြတော်မူခဲ့သဖြင့် ၁၈၇၀ပြည့်နှစ်တွင် သူမသည် ဤအံ့ဩဖွယ်ကောင်းသောရွေးနှုတ်ခြင်းအကြောင်းကို တိုးချဲ့စုံလင်စွာရိုက်နှိပ်ရာ၊ လေးစောင်တွဲရှိလျက်၊ ပုရောဖက်ဟောသောစကားချက်သဘောဟု အမည်မှည့်ထား၏။

အချိန်သည် ရှေ့သို့တိုးတက်သွားလျက် ဤအကြောင်းကြီးနှင့်သက်ဆိုင်၍ အလင်းတရားကိုထပ်မံရရှိပြီးလျှင် အသင်းတော်ထဲ၌သာမက လောကသို့လည်း ဤစာအုပ်များကိုဖြန့်ဖြူးနိုင်ဖို့ လမ်းပွင့်လာသောကြောင့် မစ္စစ်ဝှိုက်သည် တစ်ဖန်ဤစာစောင်တွဲများကို ထပ်မံချဲ့ထွင်၍ ပုံဝတ္ထုတွင်လိုနေသော အချို့နေရာများတွင်ဖြည့်စွက်ပေးလျက် ဘော်ပြခဲ့သောအကြောင်းအရာများတွင် ထပ်မံထည့်သွင်းစရာများကို ထပ်၍ရေးထည့်ပေးထား၏။

ထိုနည်းအားဖြင့် ယခုကျွန်ုပ်တို့၌ ကာလအဆက်ဆက်၏တိုက်လှန်ပွဲကြီး (Conflict of the Ages) ဟူသော စာစောင်အတွဲငါးတွဲကို ရှေးဘိုးဘေးနှင့်ပုရောဖက်များ ( Patriarchs and Prophets)။ ပုရောဖက်နှင့်ရှင်ဘုရင်များ (Prophets and Kings)။ ကာလအဆက်ဆက်၏အလိုဆန္ဒ (The Desire of Ages)။ တမန်တော်ဝတ္ထု (Acts of the Apostles)။ ကြီးစွာသောတိုက်လှန်ပွဲကြီး (The Great Controversy) ဟူ၍ အသီးအသီးတစ်စောင်စီအမည်ပေးလျက် ထိုစာအုပ်အားလုံးတွင် စာမျက်နှာပေါင်း ၃၅၀၀ ကျော်ရှိပေသည်။

ဤစာစောင်များသည် အသင်းတော်နှင့်လောကအား လူသတ္တဝါတို့ကို ရွေးနှုတ်ခြင်းနှင့်ဆိုင်သော စီမံကိန်းကြီးအကြောင်းကို၄င်း၊ လူကိုဖန်ဆင်းတော်မူရာ၌ ဘုရားသခင်၏မူလစီမံကိန်းကိုအတည်ဖြစ်စေရန် ဘုရားသခင်၏ရည်ရွယ်တော်မူချက်အကြောင်းကို၄င်း ဖော်ပြရာတွင် အံ့ဩဖွယ်အမှုကြီးကို ပြုလုပ်လျက်ရှိကြသည်။

နှစ်အနည်းငယ်ကြာကပင် အမေရိကန်ပြည်နှင့်အခြားနိုင်ငံများတွင် ဤကြီးကျယ်သောအကြောင်းကြီးကို အကျဉ်းချုပ်ဖြစ်သော်လည်း အလုံးစုံပါဝင်

သောစာစောင်တစ်ခုကို အလိုရှိနေကြသည်။ မစ္စစ်ပ္ပိုက်အားဘော်ပြခဲ့သည့်အတိုင်း ကာလအဆက်ဆက်၏တိုက်လှန်ပွဲအကြောင်းနှင့်စပ်ဆိုင်၍ အရေးကြီးသော အချက်များ စုံလင်စွာပါရှိသော အကျဉ်းချုပ်စာစောင်တစ်စောင်တည်းပင်ဖြစ်ရမည်။ ယခု“သုခဘုံလမ်း”ဆိုသောအမည်ဖြင့် ဤစာစောင်ကို ထုတ်ရလေပြီ။

---oo---

လူ့စီဖာ၏စိတ်ထဲ၌ ပုန်ကန်လိုသောစိတ်ပေါ်ပေါက်လာပုံ။

# အခန်း (၁)
## လူစီဖာကျဆုံးခြင်း

မိုးသောက်ကြယ်ခေါ် လူစီဖာသည် ပုန်ကန်ခြင်းမပြုမှီက မြင့်မြတ်သောကောင်းကင်တမန်ဖြစ်၍ ဘုရားသခင်၏ချစ်သောသားတော်အောက်တွင် ချီးမြင့်ခြင်းခံရသူဖြစ်သည်။ အခြားသောကောင်းကင်တမန်တို့၏ မျက်နှာကဲ့သို့သူ၏မျက်နှာသည် တင့်တယ်၍ဝမ်းမြောက်သောလက္ခဏာကို ဆောင်၏။ သူ၏နဖူးသည် ကျယ်ပြန့်၍အလွန်ပညာရှိကြောင်းဖော်ပြ၏။ သူ၏ပုံသဏ္ဍာန်သည်စုံလင်၍ သူ၏ဟန်အမူအရာသည် မြင့်မြတ်ခမ်းနား၏။

ထူးခြားသော အလင်းရောင်သည် သူ၏မျက်နှာတွင်ထွန်းတောက်၍ အခြားသောကောင်း ကင်တမန်တို့၏ပတ်လည်ထက် သူ၏ပတ်လည်တွင် ၎င်းသည်သာ၍လင်းလျက် လှပစွာထွန်းလင်းနေ၏။ သို့ရာတွင် ဘုရားသခင်၏သားတော်သည် ကောင်းကင်တမန်အပေါင်းတို့တွင် အမြတ်ဆုံးဖြစ်၏။ ကောင်းကင်တမန်များကို ဖန်ဆင်းတော်မမူမှီ၊ ကိုယ်တော်သည် ဘုရားသခင်နှင့်အတူရှိတော်မူ၏။ လူစီဖာသည် သခင်ခရစ်တော်ကိုမနာလိုသဖြင့်၊ တဖြည်းဖြည်းသခင်ခရစ်တော်နှင့်သာ ဆိုင်သောအာဏာကို သိမ်းယူလေ၏။

ဘုရားသခင်သည် ကောင်းကင်တမန်အပေါင်းတို့ရှေ့တွင် မိမိ၏သားတော်အပေါ်၌ ထူးခြားသောဂုဏ်အသရေကိုပေးအပ်မည်အကြောင်း၊ ကြီးမြတ်သောဖန်ဆင်းရှင်သည် ကောင်းကင်ဗိုလ်ခြေတို့ကို စုရုံးစေတော်မူ၏။ သားတော်သည် ခမည်းတော်နှင့်အတူပလ္လင်တော်ပေါ်၌ထိုင်နေလျက်၊ ပတ်လည်တွင် သန့်ရှင်းသောကောင်းကင်တမန်တို့သည် ခြံရံစုရုံးနေကြ၏။

ထိုနောက် မိမိ၏သားတော်၊ သခင်ခရစ်တော်သည် မိမိကိုယ်တော်တိုင်နှင့်တူညီရမည်ဟု မိမိကိုယ်တော် တိုင်ခန့်ထားတော်မူကြောင်း ခမည်းတော်က သိရှိစေတော်မူ၏။ ထိုကြောင့် မိမိ၏ သားတော်တည်ရှိတော်မူသောနေရာရှိသမျှ၌ မိမိကိုယ်တိုင် တည်ရှိတော်မူသကဲ့သို့ဖြစ်၏။ ခမည်းတော်၏စကားတော်ကို နားထောင်ရသည်နည်းတူ သားတော်၏စကားတော်ကို ချက်ခြင်းနားထောင်ရကြမည်။ ကောင်းကင်ဗိုလ်ခြေတို့ကိုအမိန့်ပေးရန် ကိုယ်တော်သည် အခွင့်

အာဏာကိုရရှိတော်မူ၏။ မြေကြီးနှင့်တကွ မြေကြီးပေါ်၌ အသက်ရှင်သမျှသော အရာတို့ကို ဖန်ဆင်းမည့်လုပ်ငန်းတွင် မိမိ၏သားတော်သည် အထူးသဖြင့် မိမိကိုယ်တော်တိုင်နှင့်တကွ ပူးပေါင်းဆောင်ရွက်ရမည်။ မိမိ၏သားတော်သည် ဘုရားသခင်၏အလိုတော်နှင့် ရည်ရွယ်တော်မူချက်အတိုင်း ဆောင်ရွက်ရမည်။ မိမိတစ်ဦးတည်း မည်သည့်အမှုကိုမျှဆောင်ရွက်တော်မမူ။ ခမည်းတော်၏အလိုတော်သည် ကိုယ်တော်၌ပြည့်စုံခြင်းသို့ရောက်လိမ့်မည်။

လူစီဖာသည် သခင်ယေရှုခရစ်တော်ကို မနာလိုပြုစူ၏။ သို့ရာတွင် ကိုယ်တော်၏မြင့်မြတ်ခြင်း၊ မြင့်မြတ်သောအာဏာနှင့် ထိုက်တန်သော အုပ်စိုးခြင်းအခွင့်ကို ဝန်ခံရန် ကောင်းကင်တမန်အပေါင်းတို့သည် သခင်ယေရှုရှေ့တော်၌ ဦးညွှတ်ကြသောအခါ သူသည် သူတို့နှင့်အတူ ဦးညွှတ်ကြ၏။ သို့ရာတွင် သူ၏စိတ်ထဲ၌မနာလိုခြင်း၊ မုန်းခြင်းဖြစ်နေ၏။ ဘုရား သခင်သည် မိမိ၏အကြံတော်တို့ကို သားတော်နှင့်ထူးခြားစွာတိုင်ပင်တော်မူရာ လူစီဖာသည် ၎င်းတို့ကိုမသိရချေ။ သူသည် ဘုရားသခင်၏ရည်ရွယ်ချက်များ ကိုနားမလည်၊ သိရှိဖို့ရန်လည်းအခွင့်မရ။ သို့ရာတွင် သခင်ခရစ်တော်သည် ကောင်းကင်၏အရှင်သခင်ဟု အသိအမှတ်ပြုခြင်းခံတော်မူရ၏။ ကိုယ်တော်၏ တန်ခိုးအာဏာသည် အတူတူဖြစ်၏။ မိမိသည် ကောင်းကင်တွင်ကောင်းကင် တမန်တို့၏နှစ်သက်ခြင်းကို ခံရသောသူဖြစ်သည်ဟု လူစီဖာသည်ထင်မှတ်၏။ သူသည် များစွာချီးမြှောက်ခြင်းခံရသော်လည်း၊ သူသည် ဖန်ဆင်းရှင်အား ကျေး ဇူးတင်ခြင်း၊ ချီးမွမ်းခြင်းမပြု။ သူသည် ဘုရားသခင်ကိုယ်တော်တိုင်လောက် မြင့်မြတ်သည်ဟုစိတ်ကြွနေ၏။ သူ၏မြင့်မြတ်ခြင်းအမှု၌ သူသည်ဝါကြွားလာ၏။ ကောင်းကင်တမန်တို့သည် သူ့ကိုရိုသေချီးမြှောက်ကြကြောင်းသူသိ၏။ သူ၌ လုပ်ဆောင်ရန် ထူးခြားသောအလုပ်တာဝန်ရှိ၏။

သူသည် ကြီးမြတ်သောဖန်ဆင်းရှင်အနီး၌နေခဲ့ရ၍ ထာဝရဘုရားသခင်၏ပတ်ဝန်းကျင်၌ အမြဲထွန်းတောက်နေသော ဘုန်းရောင်ခြည်သည် သူ့အပေါ်၌လည်းထွန်းလင်းလာ၏။

သူ၏အမိန့်ကိုကောင်းကင်တမန်တို့သည် မည်မျှလျှင်မြန်နှစ်သက်စွာ လိုက်နာကြသည်ကို သူသည် စဉ်းစားမိ၏။ သူ၏ဝတ်စုံသည် ထွန်းလင်း၍လှပသည်မဟုတ်လော။ ထိုသခင်ခရစ်တော်သည် အဘယ်ကြောင့်သူ၏ရှေ့၌ ချီးမြှောက်ခြင်းခံရမည်နည်း။

သူသည် စိတ်မကျေနပ်၍ သခင်ယေရှုခရစ်ကို မနာလိုလျက် ခမည်းတော်၏မျက်မှောက်မှ ချက်ခြင်းထွက်ခွာလာလေ၏။ မိမိ၏ရည်ရွယ်ချက်အမှန်ကိုဖုံးကွယ်ထားလျက် သူသည်ကောင်းကင်တမန်ဗိုလ်ခြေတို့ကို စုရုံးစေ၏။ သူသည် မိမိကိုယ်တိုင်၏အကြောင်းအရာကိုဘော်ပြ၏။ နစ်နာခြင်းခံရသောသူကဲ့သို့ ဘုရားသခင်သည် မိမိကိုဂရုမစိုက်ဘဲသခင်ယေရှုကိုမျက်နှာလိုက်တော်မူကြောင်းကို သူကဘော်ပြ၏။ ထိုအခါမှစ၍ ကောင်းကင်တမန်တို့ခံစားရသော လွတ်လပ်ခွင့်အပေါင်းသည် လက်လွတ်သွားကြပြီဟု သူကပြောဆို၏။ သူတို့အပေါ်၌ အုပ်စိုးသောသူတစ်ဦးကိုခန့်ထားပြီ။

ထိုအခါမှစ၍ သူတို့သည် သူ့ကိုကျွန်ကဲ့သို့ရိုသေ ကြရမည်မဟုတ်လော။ သူနှင့်သူတို့၏အခွင့်အရေးကို ဝင်ရောက်နှောက်ယှက် သောအမှုကို သူသည်လက်ခံတော့မည်မဟုတ်ကြောင်း အသေအချာသိရှိစေရန် သူတို့ကိုစုရုံးလာစေပြီဟု သူကပြောပြ၏။ မိမိအပေါ်၌ချပေးအပ်သောဂုဏ်ထူးကို မိမိကိုယ်တိုင်ပင်သိမ်းယူလျက် မိမိ၏နောက်သို့လိုက်၍ မိမိ၏စကားကို နားထောင်သောသူအပေါင်းတို့ကို စီမံအုပ်ချုပ်သောသူဖြစ်လိမ့်မည်ဟု ပြောပြ၏။

ကောင်းကင်တမန်တို့အထဲတွင် ငြင်းခုံခြင်းဖြစ်၏။ လူစီဖာနှင့် သူ့အားထောက်ထားသူတို့သည် ဘုရားသခင်၏အုပ်စိုးခြင်းအမှုကို ပြုပြင်ရန်ကြိုးစားနေကြသည်။ သူတို့သည် စစ်၍မမှီနိုင်သောဘုရားသခင်၏ဉာဏ်ပညာကို မသိနိုင်။ မိမိ၏သားတော်ကိုချီးမြှောက်ရာ၌၎င်း၊ အကန့်အသတ်မရှိသောတန်ခိုးအာဏာကို သားတော်အားပေးအပ်ရာ၌၎င်း၊ ဘုရားသခင်၏ရည်ရွယ်ချက်များကို မစစ်ဆေးနိုင်သောကြောင့် သူတို့သည်ရောင့်ရဲခြင်း၊ ပျော်ရွှင်ခြင်းမရှိကြပါ။ သူတို့သည် သားတော်၏အာဏာစက်ကို တော်လှန်ပုန်ကန်ကြသည်။

သစ္စာရှိ၍မှန်ကန်သောကောင်းကင်တမန်တို့သည် ခွန်အားကြီး၍ ပုန်ကန်သော ဤကောင်းကင်တမန်ကြီးအား မိမိဖန်ဆင်းရှင်၏အလိုတော်ကို လိုက်နာစေရန်ကြိုးစားနေကြရသည်။ သခင်ခရစ်တော်အပေါ်၌ ဂုဏ်ထူးကို ချပေးရာ၌ ဘုရားသခင်သည် ဖြောင့်မတ်တော်မူသည်ကို သူတို့ကဝန်ခံကြ၏။ ၎င်းပြင် သခင်ခရစ်တော်အပေါ်၌ ဂုဏ်ထူးကိုချပေးတော်မမူမှီကထက် ယခုသူ၏ဂုဏ်အသရေသည် မလျော့ကြောင်းကို သူတို့က လူစီဖာအား သိနားလည်စေ

ရန် လေးနက်စွာရှင်းလင်းပြကြသည်။ သခင်ခရစ်တော်သည် ကောင်းကင်တမန်များကို ဖန်ဆင်းတော်မမူမီတည်ရှိတော်မူလျက် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း၊ ကိုယ်တော်သည် ထိုအခါမှစ၍ ဘုရားသခင်၏လက်ယာတော်ဘက်၌ ရပ်နေတော်မူ၍ ကိုယ်တော်၏မပြင်းထန်၊ နှစ်သက်ဘွယ်ဖြစ်သောအာဏာကို ယခုတိုင်အောင် မည်သူမျှမငြင်းဆန်ခဲ့ကြကြောင်းနှင့် ကောင်းကင်ဗိုလ်ခြေတို့၏ပျော်ရွှင်ရေးအတွက် သူတို့ဆောင်ရွက်ရမည့်လုပ်ငန်းမှလွဲ၍ အခြားအမိန့်များကို ကိုယ်တော်သည်ပေးတော်မမူခဲ့ကြောင်းကို သူတို့ကရှင်းလင်းစွာဖော်ပြကြသည်။

ကောင်းကင်တမန်တို့ရှေ့၌ သခင်ခရစ်တော်သည် ခမည်းတော်ထံမှဂုဏ်ထူးကိုရရှိခြင်းဖြင့် လူစီဖာသည် ထိုအခါမှစ၍ရရှိခဲ့သော ဂုဏ်အသရေသည် ယုတ်လျော့မသွားကြောင်း သူတို့ကအားပေးနှိုးဆော်ကြသည်။ သူ၏ဆိုသောအကြံကိုစွန့်ပယ်၍ ဖန်ဆင်းရှင်၏အလိုတော်ကို လိုက်နာရန် သူတို့သည် သူ့အားစိတ်အားကြီးစွာသွေးဆောင်ကြသည်။ အကြောင်းကား ထိုအခါမှစ၍ အားလုံးတို့တွင် ငြိမ်သက်ခြင်းနှင့်ညီညွတ်ခြင်းကိုရရှိခဲ့ကြပြီ။ မည်သည့်အရာသည် ဤကဲ့သို့ စိတ်ဝမ်းကွဲ၊ ပုန်ကန်သောသဘောကိုဖြစ်စေနိုင်သနည်း။

လူစီဖာသည် နားမထောင်ချေ။ ထိုနောက် သူသည်သစ္စာရှိ၍ မှန်ကန်သောကောင်းကင်တမန်များထံမှ ထွက်သွားလျက် သူတို့ကိုကျွန်များဟု အပြစ်တင်ပြောဆို၏။ လူစီဖာသည် ပုန်ကန်မှုကိုနှိုးဆော်ရာ၌ အောင်မြင်သည်ကို ဘုရားသခင်ဘက်၌သစ္စာရှိသော ဤကောင်းကင်တမန်တို့သည် မြင်ရကြသောအခါ အံ့သြလျက်ရှိကြသည်။ သူတို့၌ရှိခဲ့သောအုပ်စိုးခြင်းအမှုထက် သာ၍ကောင်းလျက် အသစ်သောအုပ်စိုးခြင်းကို သူသည်ဂတိထား၏။ ၎င်းအုပ်စိုးခြင်း၌ အားလုံးတို့သည် လွတ်လပ်ခြင်းကိုရရှိကြမည်ဟုသူကဆို၏။ သူ့အား မိမိတို့၏ခေါင်းဆောင်နှင့် ဗိုလ်ချုပ်အဖြစ်လက်ခံရန် များစွာသောကောင်းကင်တမန်တို့သည် သဘောကျနှစ်သက်ကြ၏။ သူ၏အကြံအစည်တို့သည် တိုးတက်အောင်မြင်သည်ကိုသိမြင်ရသောအခါ ကောင်းကင်တမန်အပေါင်းတို့သည် မိမိဘက်၌ရှိဖို့လိုသေး၍ သူသည် ဘုရားသခင်ကိုယ်တော်တိုင်နှင့်တူညီလျက် သူ၏အမိန့်အာဏာကို ကောင်းကင်ဗိုလ်ခြေအပေါင်းက လိုက်နာရကြမည်ဟု မိမိကိုယ်ကို အထင်ကြီးလာ၏။ သစ္စာရှိသော ကောင်းကင်တမန်များက သူ့ကိုတစ်ဖန်သတိပေး ကြပြီးလျှင်၊ သူသည် ဤသို့ဆက်လက်ပြု . . . . . . . . . . . . . . . . . . . . . . . . .

ကျင့်နေလျှင်၊ မည်ကဲ့သို့အကျိုးအပြစ်ခံရမည်ကိုင်၄င်း၊ ကောင်းကင်တမန်တို့ကို ဖန်ဆင်းတော်မူသောအရှင်သည် မိမိ၏တန်ခိုးတော်အားဖြင့် သူတို့၏အတင့်ရဲမှုနှင့်ကြောက်စရာကောင်းသောပုန်ကန်မှုကို ဖြိုဖျက်နိုင်တော်မူကြောင်းကို၄င်း အသေအချာပြောပြကြသည်။ ဘုရားသခင်ကဲ့သို့ သန့်ရှင်းသောဘုရားသခင်၏ ပညတ်တော်ကိုကောင်းကင်တမန်တစ်ပါးက ဆန့်ကျင်ဘက်ပြုရမည်ကို ဆင်ခြင်ကြည့်သော် မည်မျှကြောက်စရာကောင်းသလဲ။ လူစီဖာ၏လှည့်ဖြားသောဆင်ခြင်များကိုနားထောင်ရန် ပုန်ကန်သောသူတို့အား သူတို့ကသတိပေး၏။ ၄င်းပြင် သူနှင့်သူ့အားဖြင့် သွေးဆောင်ခြင်းခံရသောသူအပေါင်းအား ဘုရားသခင်ထံသို့ သွား၍ ဘုရားသခင်၏အာဏာတော်ကို ဆင်ခြင်ပေးဖို့ရန် ကြံစည်ခြင်းအပြစ်အတွက်ပင် ဝန်ချတောင်းပန်ရန် အကြံပေး၏။

လူစီဖာကို ထောက်ထားသော သူအများတို့သည် သစ္စာရှိသော ကောင်းကင်တမန်တို့၏အကြံပေးချက်ကို ဂရုစိုက်လိုသောဆန္ဒရှိလာကြ၍ သူတို့၏စိတ်မကျေနပ်မှုကို နောင်တရလာကြလျက် ခမည်းတော်နှင့်သားတော်တို့ကို ယုံကြည်အားကိုးလိုသော စိတ်ရှိလာကြပြန်သည်။ ထိုအခါကြီးစွာသော ပုန်ကန်သောသူက မိမိသည် ဘုရားသခင်၏ပညတ်တော်တို့ကို ကောင်းစွာကျွမ်းကျင်၍ မိမိသည် ကျွန်ကဲ့သို့လိုက်နာရမည်ဆိုလျှင် မိမိ၏ဂုဏ်အသရေကို လက်လွှတ်ရလိမ့်မည်ဟုဘော်ပြ၏။ သူ့အားမိမိ၏မြင့်မြတ်သောတာဝန်ကို ဆက်လက်အပ်နှံထားတော့မည်မဟုတ်။ မိမိကိုယ်တိုင်နှင့်သူတို့သည်လည်း နောက်မဆုတ်နိုင်အောင် ယခုခရီးလွန်နေကြလျက် သူသည် ဘုရားသခင်သားတော်ကို ကျွန်ကဲ့သို့ ဘယ်သောအခါမျှ ကိုးကွယ်မည်မဟုတ်သောကြောင့် အကျိုးအပြစ်ကို ရဲရင့်စွာရင်ဆိုင်မည်။ ဘုရားသခင်သည် အပြစ်လွှတ်တော်မူမည်မဟုတ်။ ၄င်းပြင် ယခုသူတို့သည် မိမိတို့၏လွတ်လပ်ရေးကို အခိုင်အမာပြောဆို၍ မိမိတို့အား စိတ်ပါစွာမပေးအပ်သော ရာထူးနှင့်အာဏာတို့ကို အတင်းအကျပ်ယူရကြမည်ဟု သူတို့အားပြောပြ၏။

**ထိုနည်းအားဖြင့် အလင်းကို ယူဆောင်သောသူ၊ ဘုရားသခင်၏ ဘုန်းတော်ကို ဝေမျှခံယူသောသူ၊ ဘုရားသခင်ပလ္လင်တော်တွင် ခစားရသောသူ၊ လူစီဖာသည် အပြစ်ကျူးလွန်ခြင်းဖြင့် ရန်သူစာတန်ဖြစ်လာသည်။**

သစ္စာရှိသောကောင်းကင်တမန်တို့သည် ဘုရားသားတော်ထံသို့ အလျင်အမြန်သွား၍ ကောင်းကင်တမန်တို့အထဲတွင် ဖြစ်ပျက်နေသောအကြောင်းအရာကို တိုင်ကြားကြသည်။ စာတန်ရရှိထားသောအာဏာကို အမြဲပယ်ရှားထားနိုင်သောနည်းလမ်းကို စီမံဆုံးဖြတ်ရန်ခမည်းတော်သည် မိမိ၏ချစ်သောသားနှင့် ဆွေးနွေးတိုင်ပင်နေတော်မူသည်ကို သူတို့တွေ့ရှိကြရ၏။ ကြီးမြတ်တော်မူသော ဘုရားသခင်သည် ဤလှည့်ဖြားသောသူကို ကောင်းကင်မှချက်ခြင်း နှင်ထုတ်နိုင်တော်မူ၏။ သို့ရာတွင် ဤအရာသည် ဘုရားသခင်၏ရည်ရွယ်ချက်မဟုတ်။ ပုန်ကန်သောသူတို့အား မိမိ၏သားတော်နှင့်၎င်း၊ သစ္စာရှိသောကောင်းကင်တမန်တို့နှင့်၎င်း၊ ခွန်အားသတ္တိချင်းပြိုင်နိုင်းစေရန် ဘုရားသခင်သည် တူညီသောအခွင့်အရေးကိုပေးတော်မူ၏။ ဤစစ်ပွဲ၌ကောင်းကင်တမန်တိုင်း မိမိတို့နေလိုသောဘက်ကိုရွေးချယ်၍ အားလုံးတို့ရှေ့တွင်ထင်ရှားရမည်။ စာတန်နှင့်ပူးပေါင်း၍ပုန်ကန်သောသူတို့အား ကောင်းကင်၌ဆက်လက်နေစေလျှင် ဘေးကင်းလိမ့်မည်မဟုတ်၊ မပြောင်းလဲနိုင်သော ဘုရားသခင်၏ပညတ်တော်ကို အမှန်ပုန်ကန်ခြင်း၌ သင်ခန်းစာကိုသူတို့သည်ရရှိကြပြီ။

ဤပုန်ကန်သောခေါင်းဆောင်ကြီးကို ဒဏ်ခတ်ရန် ဘုရားသခင်သည် မိမိ၏တန်ခိုးကိုအသုံးပြုတော်မူလျှင် ပုန်ကန်သော ကောင်းကင်တမန်များကို ထင်ရှားစေလိမ့်မည်မဟုတ်။ ထို့ကြောင့် အခြားနည်း လမ်းကိုအသုံးပြုတော်မူလျက် ကောင်းကင်ဗိုလ်ခြေအပေါင်းတို့အား မိမိ၏ဖြောင့်မတ်ခြင်းနှင့် စီရင်တော်မူချက်ကို ထင်ရှားစွာဖော်ပြတော်မူမည်။

## *ကောင်းကင်၌စစ်ဖြစ်ခြင်း*

ဘုရားသခင်၏အုပ်စိုးခြင်းအာဏာကို ပုန်ကန်ခြင်းသည် အကြီးဆုံးပြစ်မှုဖြစ်သည်။ ကောင်းကင်တစ်ခုလုံးသည် ရှုပ်ထွေးလျက်ရှိ၏။ ကောင်းကင်တမန်များတို့သည် အစုများဖြင့် စစ်ချီလျက် တစ်စုလျှင် အုပ်ချုပ်သောကောင်းကင်တမန်တစ်ပါးစီ ရှေ့ဆောင်လာကြ၏။ စာတန်သည် မိမိကိုယ်ကိုချီးမြှောက်လျက် ကောင်းကင်ဗိုလ်ချုပ်ကြီးဖြစ်တော်မူသော ဘုရားသခင်၏အာဏာကို မခံယူလိုသောကြောင့်၊ သူသည် ဘုရားသခင်၏ပညတ်တော်ကို တိုက်ခိုက်တော်လှန်နေ၏။

အသီးအသီးတို့၏အမှုကို စီရင်ဆုံးဖြတ်ရန် ကောင်းကင်ဗိုလ်ခြေ အပေါင်းတို့ကို ခမည်းတော်၏ရှေ့တော်သို့ ဆင့်ခေါ်လေ၏။ သခင်ခရစ်တော်ကို မိမိထက်သာ၍မြတ်သောနေရာကို ပေးသည်ကိုမနှစ်သက်ကြောင်း စာတန်သည် ကြောက်ရွံ့ခြင်းမရှိဘဲဘော်ပြ၏။ သူသည် မာနနှင့်ထလျက် ဘုရားသခင်နှင့်ညီ တူညီမျှဖြစ်ပြီးခမည်းတော်နှင့်အတူတိုင်ပင်ဆွေးနွေး၍ ဘုရားသခင်၏ရည်ရွယ် ချက်များကို သိရှိနားလည်ခွင့်ရှိရမည်ဟုတောင်းဆို၏။ မိမိ၏သားတော်တစ်ပါး တည်းကိုသာ မိမိ၏လျှို့ဝှက်သောရည်ရွယ်ချက်များကို ဘော်ပြရမည်ဟု ဘုရား သခင်က စာတန်အားမိန့်တော်မူ၏။ ၎င်းပြင် စာတန်ပင်ပါဝင်သော ကောင်းကင် အိမ်ထောင်သားအပေါင်းတို့အား သားတော်၏အမိန့်တော်ကို ဆင်ခြေမပေးဘဲ ချက်ခြင်းနားထောင်စေခြင်းငှါ အလိုရှိတော်မူသည်။ သို့ရာတွင် စာတန်သည် ကောင်းကင်၌နေဘို့မထိုက်တန်ကြောင်းဘော်ပြလေပြီ။ ထိုအခါ ကောင်းကင်တမန် အပေါင်းတို့တွင် ထက်ဝက်ခန့်ပါဝင်၍သူ့အားထောက်ခံသောသူတို့အား စာတန်က ဝမ်းမြောက်စွာညွှန်ပြလျက် ဤသူတို့သည် အကျွန်ုပ်နှင့်အတူရှိကြပါသည်။ သူတို့ကိုလည်းနှင်ထုတ်တော်မူ၍ ကောင်းကင်တွင်ထိုမျှလောက် လွတ်လပ်နေ သောအခြေအနေကို ဖြစ်စေတော်မူမည်လောဟု ဘော်ပြလေ၏။ ထိုနောက် သူ သည် သခင်ခရစ်တော်၏အာဏာကို ခုခံတားဆီးရန် အသင့်ရှိလျက် မိမိ၏ နေရာကို ခွန်အားချင်းပြိုင်လျက် အတင်းအကြပ်ကာကွယ်မည်ဟု အခိုင်အမာ ပြောဆို၏။

ကောင်းသောတမန်တို့သည် စာတန်၏စကားများနှင့် ဝမ်းမြောက်စွာ ကြွားဝါပြောဆိုသောစကားများကို ကြားရသောအခါ ငိုကြွေးကြ၏။ ပုန်ကန်သော သူတို့သည် ကောင်းကင်တွင်နေရကြမည်မဟုတ်ဟု ဘုရားသခင်ကမိန့်တော်မူ၏။ မြင့်မြတ်သောအသိဉာဏ်ရှိသူတို့ကိုအုပ်စိုးရန် ဘုရားသခင်ပေးတော်မူသော ပညတ်တော်နားထောင်ခြင်းကိုအမှီပြုလျက် သူတို့၌မြင့်မြတ်ပျော်ရွှင်သော အခြေ အနေကိုရရှိ၏။ သို့ရာတွင် ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူးဝံ့သောသူတို့ကို ကယ်ဆယ်ရန်နည်းလမ်းမရှိတော့ချေ။ စာတန်သည် ပုန်ကန်မှု၌ တိုး၍ရဲရင့်လာ လျက် ဖန်ဆင်းရှင်၏ပညတ်တော်ကို မုန်းကြောင်းဘော်ပြ၏။ စာတန်သည် ဤပ ညတ်ကိုမခံမယူနိုင်။ ကောင်းကင်တမန်တို့သည် ပညတ်တော်ကိုမလို၊ မိမိတို့အား အမြဲမှန်ရာကို လမ်းပြပေးနေ. . . . . . . . . . . . . . . . . . . . . . . . . .

သော မိမိတို့၏အလိုဆန္ဒကို လွတ်လပ်စွာလိုက်နာစေဘို့ သူတို့အားအခွင့်ပေး ထားရမည်။

ထိုပညတ်တော်သည် သူတို့၏လွတ်လပ်ရေးကို ချုပ်ချယ်ထား၏။ ၄င်းပြင် သူပြုလုပ်သောအမှု၏ရည်ရွယ်ချက်မှာ ပညတ်တော်ကို ပယ်ဖျက်ဘို့ ဖြစ်သည်ဟု စာတန်ကဖော်ပြ၏။

ကောင်းကင်တမန်တို့၏အခြေအနေကိုလည်း တိုးတက်အောင်မြင့်ပြုပြင် ဖို့လိုသည်ဟု သူကထင်မှတ်၏။ ပညတ်တော်တို့ကို စီမံတော်မူ၍ ၄င်းတို့ကို မိမိကိုယ်တော်တိုင်နှင့်တူညီအောင် ချီးမြှောက်တော်မူသော ဘုရားသခင်၏သ ဘောတော်ကား ထိုသို့မဟုတ်။ ကောင်းကင်တမန်အပေါင်းတို့ ၏ပျော်ရွှင်ရေးသည် ပညတ်တော်ကိုစုံလင်စွာ နားထောင်ခြင်းအပေါ်၌မှီခိုပေသည်။ အသီးအသီး တို့အား ထူးခြားစွာအလုပ်တစ်ခုစီပေးအပ်ထား၍ စာတန်သည် ပုန်ကန်မှုမ ပြုမှီတိုင်အောင် ကောင်းကင်၌စည်းကမ်းသေဝပ်ခြင်း၊ အပြုအ မူတို့၌ညီညွတ်ခြင်း ရှိခဲ့ပြီ။

ထိုနောက် ကောင်းကင်၌စစ်ဖြစ်၏။ ကောင်းကင်၏မင်းဖြစ်သော ဘုရားသခင်၏သားတော်နှင့် သစ္စာရှိသောကောင်းကင်တမန်တို့သည် စစ်နိုင်ကြ သဖြင့် စာတန်နှင့်သူ့ကို ထောက်ထားသောသူတို့ကို ကောင်းကင်မှနှင်ထုတ် တော်မူ၏။

ကောင်းကင်ဗိုလ်ခြေအပေါင်းတို့သည် ဖြောင့်မတ်ခြင်းတရားနှင့် ပြည့်စုံတော်မူသောဘုရားသခင်ကို ဝန်ခံ၍ရှိသေကြသည်။ ပုန်ကန်မှု၏အစွန်း အကွက်တစ်စုံတစ်ခုမျှကောင်းကင်တွင် မကျန်ရှိတော့ချေ။

အထက်ကကဲ့သို့ အလုံးစုံတို့သည် ငြိမ်သက်၍ညီညွတ်လျက်ရှိကြသည်။ ပျော်မွေ့ခြင်းချမ်းသာတွင် မိမိတို့နှင့်အပေါင်းအဘော်ဖြစ်ခဲ့သောသူတို့၏ ကံကြမ္မာအတွက် ကောင်းကင်တွင်ရှိသော ကောင်းကင်တမန်တို့သည် ငိုကြွေး ကြသည်။

မြေကြီးပေါ်၌ လူနေဖို့ရန်အတွက် မိမိတို့၏ရည်ရွယ်ချက်ကို ချက်ခြင်း ပြုလုပ်ရန် ခမည်းတော်သည် သားတော်ကို တိုင်ပင်တော်မူသည်။ လူသည် မြေကြီး ပေါ်၌ ထာဝရနေထိုင်ခြင်းမပြုမှီ ဘုရားသခင်သည် လူအားသစ္စာရှိကြောင်း စုံစမ်း စစ်ဆေးတော်မူလိမ့်မည်။ စုံစမ်းရန် ဘုရားသခင်က သင့်တော်. . . . . . . . .

သည်ဟုထင်သောစုံစမ်းခြင်ကို လူသည် ခံရပ်နိုင်လျှင် သူသည် အဆုံး၌ ကောင်းကင်တမန်တို့နှင့် တူညီလာရလိမ့်မည်။ သူသည် ဘုရားသခင်၏နှစ်သက်တော်မူခြင်းကိုခံရ၍ သူသည် ကောင်းကင်တမန်တို့နှင့် စကားပြောဆိုရလျက် သူတို့သည်လည်း သူနှင့်စကားပြောဆိုရကြလိမ့်မည်။ ဘုရားသခင်သည် သူတို့အားနားမထောင်နိုင်သောအခြေအနေ၌ထားတော်မမူ။

--၀၀--

# အခန်း (၂)
## ဖန်ဆင်းခြင်း

ခမည်းတော်နှင့်သားတော်တို့သည် မိမိတို့ကြံစည်ထားသော ကြီးကျယ် အံ့သြဖွယ်ကောင်းသော အလုပ်တည်းဟူသောလောကကို ဖန်ဆင်းခြင်းအမှုကို ဆောင်ရွက်ကြ၏။ မြေကြီးသည် ဖန်ဆင်းရှင်၏လက်မှ အလွန်ပင်လှပတင့် တယ်စွာ ဖြစ်ပေါ်လာ၏။ တောင်များ၊ တောင်ပူစာများနှင့် လွင်ပြင်များရှိ၍ ၎င်းတို့ကြားတွင်မြစ်များနှင့် ရေအိုင်ကြီးများရှိကြသည်။ မြေကြီးသည် အလွန် ကျယ်ပြန့်သောလွင်ပြင်ကြီးတစ်ခုမဟုတ်။ ရှုခင်းတစ်မျိုးတည်းမရှိဘဲ တောင်ပူစာများတောင်များနှင့် ပြည့်ဝနေ၏။ ၎င်းတို့သည် ယခုကဲ့သို့ အလွန်မြင့်၍ မညီမညာဖြစ်နေသည်မဟုတ်ဘဲ အရွယ်တွင် ညီညာ၍လှပတင့်တယ်၏။

၎င်းတို့အပေါ်တွင်မြင့်၍ ဘာမျှမပေါက်သော ကျောက်တောင်များမရှိ။ ၎င်းတို့သည် မြေမျက်နှာပြင်အောက်တွင် တည်ရှိကြလျက် မြေကြီး၏အရိုး အိမ်များကဲ့သို့ဖြစ်ကြ၏။ ရေများသည်လည်း ညီညာစွာ ပြန့်နေကြ၏။ တောင်များ၊ တောင်ပူစာများနှင့် လွင်ပြင်များတွင် သစ်ပင်များ၊ ပန်းပင်များနှင့် မြင့်မားခန့်ညား သော သစ်ပင်ကြီးများရှိကြသည်။ သစ်ပင်များမှာ အမျိုးမျိုးဖြစ်၍ ယခုထက် သာ၍မြင့်၊ သာ၍လှပတင့်တယ်ကြသည်။ လေသည်သန့်ရှင်း၍ ကျန်းမာစေ၏။ ၎င်းပြင်မြေကြီးသည် ခန့်ညားသော နန်းတော်နှင့်တူ၏။ ကောင်းကင်တမန်တို့သည် ဘုရားသခင်၏အံ့သြဘွယ်၊ လှပတင့်တယ်သောလက်ရာများကိုမြင်၍ ဝမ်းမြောက် ကြသည်။

မြေကြီးနှင့်၎င်းပေါ်ရှိ သားရဲတိရစ္ဆာန်များကို ဖန်ဆင်းပြီးနောက် ခမည်း တော်နှင့်သားတော်တို့သည် စာတန်ကျဆုံးခြင်းမဖြစ်မှီကပင် စီမံကြံစည်ထား သည့်အတိုင်း မိမိတို့၏ပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းရန် စီမံကြ၏။ မြေကြီးနှင့် မြေကြီးပေါ်၌ အသက်ရှင်သောအရာရှိသမျှကို ဖန်ဆင်း ခြင်းအမှုတွင် သူတို့သည် အတူတကွကြံစည်ပြုလုပ်ခဲ့ကြပြီ။

၎င်းပြင် ယခုဘုရားသခင်က သားတော်အား၊ ငါ့ကိုပုံသဏ္ဌာန်နှင့်အညီ လူကို ဖန်ဆင်းကြပါစို့ဟု မိန့်တော်မူသည်။ အာဒံသည် ဖန်ဆင်းရှင်၏လက်မှ ဖြစ်ပေါ်လာသောအခါ သူ. . . . . . . . . . . . . . . . . . . . . . . . . . . .

သည် မြင့်မြတ်သောအရပ်အမောင်း၊ တင့်တယ်သောကိုယ်အချိုးအစားနှင့် ပြည့်စုံ၏။ ယခုမြေကြီးပေါ်၌ အသက်ရှင်နေသောလူတို့ထက်နှစ်ဆမက သူသည် အရပ်မြင့်၍ အချိုးအစားညီမျှ၏။ သူ၏ ကိုယ်အနေအထားသည် စုံလင်၍တင့် တယ်၏။ သူ၏အသားအရေသည်မဖြူ မဝါဘဲအလွန်ကျန်းမာသောအရောင် အဆင်းနှင့် တောက်ပလျက်နီနေ၏။ ဧဝသည် အာဒံလောက်အရပ်မမြင့်ချေ။ သူမ၏ခေါင်းသည် သူ၏ပုခုံးထက်အနည်းငယ်မြင့်၏။ သူမသည်လည်းမြင့်မြတ်၊ အချိုးအစားညီမျှလျက် အလွန်လှပတင့်တယ်၏။

အပြစ်ကင်းသောလူနှစ်ဦးသည် လက်ဖြင့်လုပ်သောအဝတ်ကို မဝတ်ကြ။ သူတို့သည် ကောင်းကင်တမန်များကဲ့သို့ အလင်းနှင့်ငွင်း၊ ဘုန်းရောင်ခြည်နှင့်ငွင်း ဖုံးလွှမ်းကြ၏။ သူတို့သည် ဘုရားသခင်၏စကားတော်ကို နားထောင်နေကြသမျှ ကာလပတ်လုံး ဤအလင်းရောင်သည် သူတို့ပတ်လည်၌ ဖုံးအုပ်နေ၏။ ဘုရား သခင်ဖန်ဆင်းတော်မူသမျှသော အရာခပ်သိမ်းသည် လှပတင့်တယ်ခြင်း၌စုံလင် လျက် အာဒံနှင့်ဧဝတို့အား ပျော်ရွှင်စေရန် ဘုရားသခင်ဖန် ဆင်းထားတော်မူသော မြေကြီးပေါ်တွင် ဘယ်အရာမျှမလိုဟု ထင်ရသော်လည်း သူတို့အတွက် ဥယျာဉ် တစ်ခုကို အထူးစိုက်ပျိုးပေးတော်မူခြင်းဖြင့် မိမိ၏ကြီးမားသောမေတ္တာကို ထင်ရှား စေတော်မူ၏။ သူတို့၏အချိန် တစ်ချို့တစ်ဝက်ကို ဥယျာဉ်ကိုပြုစုခြင်းဖြင့် ပျော်ရွှင် စွာအလုပ်လုပ်ရကြမည်။

တစ်ချို့အချိန်တွင် လာရောက်သောကောင်းကင်တမန်တို့ကို လက်ခံ လျက် သူတို့၏သွန်သင်ချက် များကို နားထောင်ပြီးလျှင် ပျော်ရွှင်စွာဘုရားတရားကို ဆင်ခြင်အောက်မေ့ရကြမည်။ သူတို့၏အလုပ်အကိုင်သည် ပင်ပန်းခြင်းမရှိဘဲ နှစ်သက်ဘွယ်ဖြစ်လျက် ခွန်အားနှင့်ပြည့်စေ၏။ ဤလှပသောဥယျာဉ်သည် သူတို့၏အိမ်ဖြစ်ရမည်။

ဥယျာဉ်ထဲ၌ ထာဝရဘုရားသည် အသုံးပြုရန်နှင့် လှပတင့်တယ်ခြင်း အတွက် သစ်ပင်အမျိုးမျိုးကို စိုက်ပျိုးထားတော်မူ၏။ အလွန်မွှေးကြိုင်၊ လှပတင့် တယ်၍ အရသာနှင့်ပြည့်စုံသော သစ်သီးများစွာသီးသောအပင်များလည်းရှိ၍ ၎င်း တို့ကို သန့်ရှင်းသောလူလင်မယားနှစ်ဦးအတွက် စားစရာအဖြစ် ဘုရားသခင်က စီမံပေးထားတော်မူသည်။ လှပသော စပျစ်နွယ်ပင်များရှိလျက် ၎င်းတို့သည် တည့် မတ်စွာပေါက်၍ လူသည် ကျဆုံးပြီးမှတွေ့ရသောအသီး. . . . . . . . . . . . . .

တို့နှင့်မတူသောအသီးများနှင့် လေးလံစွာသီးနေ၏။ အသီးတို့သည် အလွန်ထွားကြိုင်း၍ အရောင်အမျိုးမျိုးနှင့်ပြည့်စုံ၏။ အချို့တို့သည် အရောင်နက်၏။ အချို့ခရမ်းရောင်၊ အချို့အနီ၊ ပန်းရောင်နှင့် အစိမ်းနုရောင်ဖြစ်ကြ၏။ အကိုင်းအခက်များပေါ်တွင် များပြားလှပစွာ သီးနေသောအသီးတို့ကို စပျစ်သီးဟုခေါ်သည်။ စင်များဖြင့် ထောက်မထားခြင်းမရှိသော်လည်း ၎င်းအသီးတို့သည် မြေပေါ်၌တွဲကျမနေကြဘဲ အသီးတို့၏အလေးချိန်ကြောင့် ၎င်းတို့သည် ညွှတ်နေကြ၏။ သဘာဝ၏လှပတင့်တယ်၊ အသက်ရှင်နေသော သစ်ပင်သစ်ကိုင်းသစ်ရွက်နှင့် မွှေးကြိုင်သောအသီးတို့ကို လှပသောအဆောက်အဦးအဖြစ် မွမ်းမံပြုပြင်ခြင်းအလုပ်သည် အာဒံနှင့်ဧဝအဖို့ ပျော်ရွှင်ဖွယ်လုပ်ငန်း တစ်ခုဖြစ်ပေသည်။

မြေကြီးသည် လှပသောအစိမ်းရောင်မြက်ခင်းများဖြင့် ဖုံးအုပ်နေလျက် အရောင်အမျိုးမျိုးရှိ၍ လှပသောပန်းအမျိုးမျိုးတို့သည် သူတို့ပတ်လည်၌ မြောက်မြားစွာပွင့်နေကြသည်။ အရာခပ်သိမ်းတို့ကို တင့်တယ်နှစ်သက်ဖွယ်နှင့် ချီးမွမ်းဖွယ်စီမံထားလေ၏။ ဥယျာဉ်အလယ်တွင် အသက်ပင်ရှိ၍ ၎င်းသည် အခြားသောအပင်အပေါင်းထက် တင့်တယ်ချီးမွမ်းဖွယ်ဖြစ်၏။ ၎င်း၏အသီးများသည် ရွှေနှင့်ငွေအဆင်းရှိသော သစ်သော့သီးများနှင့်တူ၍ မသေမပျက်စီးနိုင်သောအဖြစ်ကို ဆက်လက်ပေး၏။ အရွက်များသည် အနာရောဂါတို့ကို ကင်းစင်နိုင်သောတန်ခိုးနှင့်ပြည့်စုံ၏။

## ဧဒင်ဥယျာဉ်၌အာဒံနှင့်ဧဝ

သန့်ရှင်းသောလူလင်မယားနှစ်ဦးတို့သည် ဧဒင်ဥယျာဉ်၌ အလွန်ပျော်ရွှင်စွာရှိကြသည်။ အသက်ရှင်သောအရာရှိသမျှတို့ကို အကန့်အသတ်မရှိ၊ အုပ်စိုးရသောအခွင့်ကို သူတို့အားပေးထား၏။ ခြင်္သေ့နှင့်သိုးသငယ်တို့သည် သူတို့ပတ်လည်၌ ငြိမ်သက်၍ဘေးကင်းစွာကစားနေကြ၏။ သို့မဟုတ် သူတို့၏ခြေရင်းတွင် အိပ်ပျော်နေကြ၏။ အရောင်အဆင်းနှင့် အမွှေးအ တောင်အမျိုးမျိုးရှိသောငှက်မျိုးစုံတို့သည် သစ်ပင်၊ ပန်းပင်များတွင်၎င်း၊ အာဒံနှင့်ဧဝတို့ပတ်ဝန်းကျင်တွင် ၎င်းပျံဝဲနေကြ၍ သူတို့၏ချိုသာသော ကြွေးကြော်သံများဖြင့် ဖန်ဆင်းရှင်၏ကျေးဇူးတော်ကို ချီးမွမ်းနေကြလေ၏။

အာဒံနှင့်ဧဝတို့သည် မိမိတို့၏ဧဒင်အရပ်၏လှပတင့်တယ်ခြင်းကို အလွန်နှစ်သက်သဘောကျလျက်ရှိကြ၏။ တောက်ပ၍တင့်တယ်သော အမွှေးများဖြင့်ဖုံးအုပ်လျက် မိမိတို့၏သာယာပျော်မွေ့ဖွယ်ချိုသာသော သီချင်းသံများဖြင့် ကြွေးကြော်ပြီးမိမိတို့ပတ်လည်၌ရှိသောသီချင်းသည် ကလေးများကို သူတို့သည် နှစ်သက်နေကြသည်။ မိမိတို့ပတ်လည်၌ရှိမေတ္တာတော်၏အထိမ်း အမှတ်ဖြစ်သောအရာများအတွက် ခမည်းတော်နှင့်သားတော်ကိုချစ်ခင်၊ ချီးမွမ်း၍ ရိုသေကိုးကွယ်သောသဘောနှင့် ဤသန့်ရှင်းသောလူလင်မယားနှစ်ဦးတို့သည် ထိုငှက်များနှင့်ပူးပေါင်းလျက် ညီညွတ်သာယာဖွယ်သီချင်းများကို သီဆိုကြသည်။ အကန့်အသတ်မရှိသော ဉာဏ်ပညာတော်ကိုဘော်ပြသောဖန်ဆင်းခြင်းအမှု၏ စည်းကမ်းစနစ်နှင့် ညီညွတ်ခြင်းကို သူတို့သည် အသိအမှတ်ပြုကြသည်။ သူတို့၏ဧဒင်အရပ်တွင် အသစ်သောလှပတင့်တယ်ခြင်းနှင့် ဝမ်းမြောက်ပျော်ရွှင်ဘွယ်ရာများကို သူတို့သည် ဆက်လက်တွေ့ရှိနေရကြသဖြင့် သူတို့၏စိတ်နှလုံးသည် သာ၍ကြီးမားသော ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝလာလျက် မိမိတို့၏ဖန်ဆင်းရှင်အား ကျေးဇူးတင်၍ရိုသေကိုးညွှတ်ကြောင်း မိမိတို့၏နှုတ်ဖြင့် ဘော်ပြကြ၏။

--ဝဝ--

# အခန်း (၃)
# ပုန်ကန်ခြင်း၏အကျိုးအပြစ်

ဥယျာဉ်အလယ်၌ အသက်ပင်၏အနီးတွင် ကောင်းမကောင်းကိုသိကျွမ်းရာအပင်ရှိ၏။ ဤအပင်ကား သူတို့သည် ဘုရားသခင်၏စကားကိုနားထောင်၍ ဘုရားသခင်ကိုယုံကြည်လျက် ချစ်ခင်ကြောင်းဂတိဝန်ခံချက်အဖြစ် အထူးသဖြင့် ဘုရားသခင်စီမံခန့်ထားတော်မူသောအရာဖြစ်သည်။ ဤအပင်၏အသီးကို ကျွန်ုပ်တို့၏ရှေးဦးမိဘတို့သည်မစားရ။ မထိမကိုင်ရ။ စားသောနေ့တွင် သူတို့သည် သေရကြမည်ဟု ထာဝရဘုရားက မိန့်တော်မူ၏။ ဥယျာဉ်တွင် ထိုအပင်တစ်ပင်မှ တစ်ပါး အခြားသောသစ်ပင်တို့၏အသီးများကို လွတ်လပ်စွာစားနိုင်ကြသည်။ ထိုအပင်၏အသီးကိုစားလျှင် သူတို့သည် ဧကန်အမှန်သေရမည်ဟု ဘုရားသခင်က သူတို့အား မိန့်တော်မူ၏။

အာဒံနှင့်ဧဝတို့ကို လှပသောဥယျာဉ်ထဲ၌ နေစေသောအခါ သူတို့၏ ပျော်ရွှင်ရေးအတွက် သူတို့အလိုရှိသော အရာခပ်သိမ်းကိုရရှိကြ၏။ သူတို့သည် ထာဝရကာလဘေးကင်းစွာနေနိုင်ခွင့်မရမှီ၊ သူတို့အားသစ္စာရှိကြောင်း စစ်ဆေးစုံစမ်းရန် ဘုရားသခင်သည် အနန္တဉာဏ်တော်အားဖြင့် စီမံထားတော်မူ၏။ သူတို့သည် ဘုရားသခင်၏နှစ်သက်ခြင်းကိုခံရကြ၍ ဘုရားသခင်သည် သူတို့နှင့် စကားပြောတော်မူလျက် သူတို့သည်လည်း ဘုရားသခင်နှင့်စကားပြောရကြလိမ့်မည်။ သို့ရာတွင် ဘုရားသခင်သည် ဆိုးသောအရာကို သူတို့လှမ်းမမှီနိုင်သောနေရာမှာ ထားတော်မမူ။ စာတန်သည် သူတို့အား စုံစမ်းသွေးဆောင်ရန် အခွင့်ရ၏။ သူတို့သည် စုံစမ်းစစ်ဆေးခြင်းကိုခံရပ်နိုင်ကြလျှင် သူတို့သည် ဘုရားသခင်နှင့် ကောင်းကင်တမန်တို့၏နှစ်သက်ခြင်းကို အမြဲခံရကြလိမ့်မည်။

စာတန်သည် မိမိ၏အခြေအနေသစ်အတွက် ကြောက်ရွံ့တုန်လှုပ်နေ၏။ သူ၌ပျော်ရွှင်ခြင်းမရှိတော့ချေ။ သူနှင့်အတူ တစ်ကြိမ်ကအလွန်ပျော်ရွှင်စွာရှိခဲ့ကြသော်လည်း သူနှင့်အတူပင် ကောင်းကင်မှနှင်ထုတ်ခြင်းခံရသော ကောင်းကင်တမန်များကို သူသည် ကြည့်ရှု၏။ သူတို့သည်မကျဆုံးမှီက သူတို့၏စုံလင်သော ပျော်ရွှင်ခြင်းချမ်းသာကို မရောင့်ရဲခြင်း၏အရိပ်အရောင်တစ်ခု . . . . . . . . . .

မျှမဖျက်ဆီးခဲ့ချေ။ ယခုမူကား အားလုံးပြောင်းလဲသွားလေပြီ။ မိမိတို့ကို ဖန်ဆင်းတော်မူသောအရှင်၏ ပုံသဏ္ဌာန်ကိုပြန်၍ ဟပ်စေသောမျက်နှာများသည် စိတ်ပျက်ဝမ်းနည်းနေကြ၏။ ရန်တွေ့ခြင်း၊ မညီမညွတ်ခြင်းနှင့် ပြင်းထန်စွာ အပြစ်တင်စွပ်စွဲခြင်းအမှုများကို သူတို့အထဲတွင်တွေ့ရှိရသည်။ သူတို့သည် ပုန်ကန်ခြင်းမပြုခင်က ကောင်းကင်တွင်ဤအရာများကိုမကြား၊ မသိရကြ။ စာတန်သည် ယခုမိမိ၏ပုန်ကန်မှုကြောင့် ဖြစ်ပေါ်လာသောအကျိုးအပြစ်ကို သိမြင်ရ၏။ သူသည် တုန်လှုပ်၍ရှေ့ရေးကိုရင်ဆိုင်ရန်နှင့် ဤအရာတို့၏အဆုံးကာလအကြောင်းကို ဆင်ခြင်တွေးတောရန် ကြောက်ရွံ့နေ၏။

ဘုရားသခင်နှင့် ချစ်တော်မူသောသားတော်၏ကျေးဇူးတော်ကို ဝမ်းမြောက်ပျော်ရွှင်စွာ ချီးမွမ်းသီဆိုရသောအချိန်သည်ရောက်လာ၏။ စာတန်သည် ကောင်းကင်၏သံပြိုင်သီချင်းသံများကို ခေါင်းဆောင်ရ၏။ သူသည် ပထမအသံကို အစပြုသီဆို၍ ကောင်းကင်တမန်အပေါင်းသည် သူနှင့်အတူပူးပေါင်းသီဆိုကြသဖြင့် ဘုရားသခင်နှင့်သားတော်တို့ကို ချီးမွမ်းသောသီချင်းသံသည် ကောင်းကင်တွင်သာယာစွာပဲ့တင်ထပ်သွား၏။

သို့ရာတွင် ယခုမူကား၊ အလွန်ချိုသာသော သီချင်းသံအစား ၊ သူပုန်ခေါင်းဆောင်ကြီးသည် မညီညွတ်၍ ဒေါသစကားများကိုသာ ကြားရလေ၏။ ဤအရာအားလုံးသည် ကြောက်မက်ဘွယ်ရာ အိမ်မက်ဖြစ်သည် မဟုတ်လော။ သူသည် ကောင်းကင်မှ နှင်ထုတ်ခြင်းခံရပြီလော။ သူ့အား ဝင်ခွင့်ပေးရန် ကောင်းကင်တံခါးတို့သည် ဘယ်အခါမျှဖွင့်မပေးဘဲနေကြတော့မည်လော။ ဝတ်ပြုကိုးကွယ်ရန် အချိန်ရောက်လာသောအခါ ထွန်းလင်းတောက်ပ၍ သန့်ရှင်းသောကောင်းကင်တမန်တို့သည် ခမည်းတော်ရှေ့၌ဦးညွှတ်ကိုးကွယ်ကြ၏။ စာတန်သည် ကောင်းကင်သီချင်းကိုပူးပေါင်း၍ဆိုရတော့မည်မဟုတ်။ ထာဝရဘုရားသခင်၏ မျက်မှောက်တော်၌သူသည်ရိုသေ၊ ကြောက်ရွံ့ခြင်းနှင့် ဦးညွှတ်ကိုးကွယ်ရတော့မည်မဟုတ်။

သူသည်ဖြူစင်၊ မှန်ကန်၍သစ္စာရှိသောအခါ၌ကဲ့သို့ ပြန်၍ဖြစ်လာနိုင်လျှင် သူသည် မိမိ၏အာဏာကို တောင်းဆိုခြင်းအမှုကို ဝမ်းမြောက်စွာစွန့်လွှတ်လိမ့်မည်။ သို့ရာတွင် သူသည် ဆုံးရှုံးလေပြီ။ မထင်မှတ်ဘဲသူပြုခဲ့သော ပုန်ကန်မှုအတွက် ရွေးနှုတ်၍မရနိုင်လောက်အောင် ပင်ဖြစ်နေလေပြီ။ ၎င်းပြင် . . . . . . . .

ဤမျှသာမကသေး၊ သူသည် အခြားသောသူတို့အားပုန်ကန်ရန်နှင့် သူတို့နှင့်အတူ ဆုံးရှုံးသောအခြေအနေသို့ရောက်ရှိသွားရန် သွေးဆောင်ခဲ့လေပြီ။ သာ၍ ကောင်း၊သာ၍မြတ်ဘွယ်ဖြစ်သောလွတ်လပ်မှုကို ခံစားရမည်ဟုဘော်ပြလျက် ပုန်ကန်သောသဘောကို သူတို့စိတ်ထဲ၌ သူကသွင်းမပေးမှီတိုင်အောင် ထိုကောင်းကင်တမန်တို့သည် ကောင်းကင်ဘုံရှင်၏အလိုတော်တို့ မေးမြန်းဆင်ခြေပေးရန် သို့မဟုတ် ဘုရားသခင်၏ပညတ်တော်ကို နားထောင်ဖို့ငြင်းပယ်ရန် ဘယ်အခါမျှ မကြံစည်ခဲ့ဖူးချေ။ ဤအရာကား သူတို့ကိုလှည့်ဖြားရန် ပရိယာယ်ဖြစ်ပေသည်။ သူ့အပေါ်၌ တာဝန်တည်ရှိနေ၍သူသည် ထိုတာဝန်နှင့် ကင်းလွတ်လိုလိမ့်မည်။

ဤတမန်များတို့သည် မြော်လင့်ခြင်းပျက်ကွက်ကြသဖြင့် ထကြွသောင်းကျန်းလာကြသည်။ သာ၍ကောင်းသောအကျိုးကို ပေးမည့်အစား ပညတ်တော်ကို နားမထောင် ၊ ဂရုမစိုက်ခြင်း၏အကျိုးအပြစ်ကို ခံစားနေကြရ၏။ ဤသတ္တဝါတို့သည် ဘယ်သောအခါမျှ သခင်ယေရှုခရစ်၏သက်သာသော အုပ်စိုးခြင်းကိုမခံရ တော့ချေ။ သူတို့၏စိတ်ဝိညာဉ်တို့သည် အလွန်ကြီးမားထက်သန်သောမေတ္တာ ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းအားဖြင့် နှိုးကြားထကြွလာခြင်းရှိတော့ မည်မဟုတ်။ ဘုရားသခင်သည် သူတို့တွင်ကိန်းအောင်းတော်မူခြင်းဖြင့် ဤအရာတို့ကို သူတို့အထဲ၌ထကြွနှိုးကြားလာစေခြင်းဖြင့် သူတို့သည် တဖန်ပြန်၍ဘုရားသခင်၏စကားတော်ကို ဝမ်းသာစွာနားထောင်လျက်ရိုသေလေးစားစွာ ချီးမြှောက်ကြပြန်လိမ့်မည်။

## မိမိရာထူးကို ပြန်ရရန် စာတန်သည်ကြိုးစားခြင်း

စာတန်သည် မိမိ၏လုပ်ငန်းကိုပြန်၍ကြည့်ရှုသောအခါ ကြောက်ရွံ့တုန်လှုပ်နေ၏။ သူသည် မိမိ၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အကြံအစည်တို့၏ကြီးမားသော ခန္ဓာကိုယ်သည်တုန်လှုပ်သွား၏။ ကောင်းကင်မှကောင်းကင်တမန်တစ်ပါးသည် ဖြတ်၍ပျံသွား၏။ သူသည် ထိုတမန်ကိုခေါ်လျက် သခင်ခရစ်တော်နှင့် တွေ့ဆုံဆွေးနွေးရန်တောင်းပန်၏။ သူ့အား ဤအမှုကို အခွင့်ပေး၏။ ထိုနောက် သူက ဘုရားသားတော်အား သူသည် မိမိ၏ပုန်ကန်မှုကိုနောင်တရ၍ ဘုရားသခင်၏နှစ်သက်တော်မူခြင်း တဖန်ခံယူလိုပါသည်ဟု . . . . . . . . . . . .

ပြောပြ၏။ အထက်က ဘုရားသခင်သည် သူ့အားခန့်ထားသောနေရာ၌နေ၍ ကိုယ်တော်၏ကောင်းမြတ်သောအမိန့်တော်ကိုခံယူရန် သူသည်အလိုရှိ၏။ သခင်ခရစ်တော်သည် စာတန်၏ဒုက္ခအတွက်ငိုကြွေး၏။ သို့ရာတွင် ဘုရားသခင်၏သဘောတော်အလျောက် သူ့အားကောင်းကင်တွင် ဘယ်သောအခါမျှ ပြန်၍လက်ခံနိုင်မည်မဟုတ်ဟု သူ့အားမိန့်တော်မူ၏။ ကောင်းကင်သည်ဘယ်အခါမျှ ဘေးဒုက္ခကိုမတွေ့မကြုံရ။ သူ့ကိုပြန်၍လက်ခံလျှင် ကောင်းကင်တစ်ခုလုံးသည် ပျက်စီးရလိမ့်မည်။

အကြောင်းကား၊ ပုန်ကန်ခြင်းနှင့်အပြစ်သည် သူမှအစပြုခဲ့သည်။ ပုန်ကန်မှုကိုဖြစ်စေသောမျိုးစေ့သည် သူ၏ကိုယ်ထဲ၌ တည်ရှိနေသေး၏။ သူ၏ပုန်ကန်မှုတွင် အကြောင်းမရှိဘဲပြုမူခဲ့၍ သူသည် မိမိကိုယ်တိုင်ကိုသာမက ကောင်းကင်တမန်တစ်စုကိုပင် မြော်လင့်စရာကင်းမဲ့လောက်အောင် ပျက်စီးစေခဲ့လေပြီ။ သူသည် မိမိနေရာ၌တည်မြဲနေခဲ့လျှင် ဤကောင်းကင်တမန်တို့သည် ကောင်းကင်၌ ပျော်ရွှင်စွာနေကြလိမ့်မည်။ ဘုရားသခင်၏ပညတ်တော်သည် ကောင်းကင်၌ ပျော်ရွှင်စွာရှိနေကြလိမ့်မည်။ ဘုရားသခင်၏ပညတ်တော်သည် အပြစ်စီရင်နိုင်သော်လည်း အပြစ်မလွှတ်နိုင်။

သူသည် မိမိရှုပ်ချခဲ့သော ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို မြင်သောကြောင့်၊ မိမိ၏ပုန်ကန်မှုကို နောင်တရသည်မဟုတ်။ ရှုတ်ချခြင်းခံရသော ဘုရားသခင်၏ပညတ်တော်အလိုကို ဝမ်းသာစွာ ဝန်ခံ၍လိုက်နာစောင့်ရှောက်ရလောက်အောင် သူကျဆုံးခဲ့သည်မှစ၍ ဘုရားသခင်အတွက် သူ၏မေတ္တာသည် တိုးပွါးလာသည်မှာမဖြစ်နိုင်။

ကောင်းကင်၏နှစ်သက်ဘွယ်သောအလင်းတရားကို ဆုံးရှုံးရာ၌ သူသိမြင်ရသောဒုက္ခဆင်းရဲ၊ မိမိအပေါ်၌ကျရောက်လာသောအပြစ်ဒဏ်ကို သိရှိခြင်းနှင့် မိမိမျှော်လင့်ထားသည့်အတိုင်း မဖြစ်မြောက်သည်ကိုသိရှိရာ၌ ခံစားရသော စိတ်ပျက်ခြင်းတို့သည် သူ၏ဝမ်းနည်းခြင်း၏အကြောင်းအရင်းဖြစ်သည်။ ကောင်းကင်အပြင်ဘက်၌ဗိုလ်ချုပ်ဖြစ်ရခြင်းသည် ကောင်းကင်၌ထိုသို့ ချီးမြှောက်ခြင်းခံရခြင်းနှင့် အလွန်ပင်ကွာခြားပေသည်။ ကောင်းကင်၌ခံစားရသော အခွင့်အရေးအားလုံးကို ဆုံးရှုံးရခြင်းသည် အလွန်ပင်မခံမရပ်နိုင်သော အမှုဖြစ်သည်ဟုထင်ရသည်။ ဤအခွင့်အရေးများကို သူသည်ပြန်၍ရရှိလို၏။

သူ၏အခြေအနေ၌ ဤကဲ့သို့ကြီးကျယ်စွာ ပြောင်းလဲသွားမှုအားဖြင့် ဘုရားသခင်ကိုင်း၊ ဘုရားသခင်၏ကောင်းမွန်ဖြောင့်မတ်သော ပညတ်တော်ကိုင်း၊ ချစ်ခင်နှစ်သက်လိုသောစိတ်ကို တိုးပွါးစေခဲ့သည်မဟုတ်။ ဘုရားသခင်၏နှစ်သက်ခြင်းအခွင့်ကို ပြန်၍ရရှိဖို့မဖြစ်နိုင်ကြောင်းကို အသေအချာသိရှိရသောအခါ သာ၍မုန်းလျက် အရှိန်ပြင်းသောဒေါသနှင့် ရန်ငြိုးထားသောသဘောကို သူသည် ဘော်ပြလေ၏။

ထိုသို့ အသေအချာစီမံပြုလုပ်သောပုန်ကန်မှုသည် မလှုပ်မရှားဘဲနေမည်မဟုတ်ဟု ဘုရားသခင်သည်သိမြင်တော်မူ၏။ ကောင်းကင်ရှိကောင်းကင်တမန်များကို နှောက်ယှက်၍ ဘုရားသခင်၏အာဏာတော်ကို မုန်းကြောင်းပြရန်စာတန်သည်နည်းလမ်းများကိုရှာဖွေလိမ့်မည်။ သူသည်ကောင်းကင်တံခါးများအတွင်းသို့ ဝင်ခွင့်မရနိုင်သောကြောင့် တံခါးမှဝင်ထွက်နေသော ကောင်းကင်တမန်တို့ကိုကဲ့ရဲ့ပြစ်တင်လျက် သူတို့နှင့်ငြင်းခုန်ခြင်းပြုနိုင်ရန် သူသည်တံခါးဝတွင်စောင့်နေလိမ့်မည်။ သူသည် အာဒံနှင့်ဧဝတို့၏ပျော်ရွှင်ရေးကို ဖျက်ဆီးရန်ကြံစည်လိမ့်မည်။ သူတို့အားပုန်ကန်စေဖို့နှိုးဆော်ရန် သူသည် ကြိုးစားလိမ့်မည်။ ဤနည်းဖြင့် ကောင်းကင်၌ဝမ်းနည်းခြင်းကို ဖြစ်စေလိမ့်မည်ကိုသူသိရှိ၏။

## လူအားဖျက်ဆီးရန်အကြံ

သူ၏နောက်လိုက်များသည် သူ့ကိုရှာနေကြ၍သူသည် မိမိကိုယ်ကိုနှိုးကြားစေပြီးလျှင် ခုခံကာကွယ်ဟန်ကိုဆောင်လျက် အာဒံနှင့်သူ၏အဘော်ဧဝကို ဘုရားသခင်ထံမှလုယူရန်အကြံကို သူတို့အားပြောပြ၏။ သူတို့အားနားမထောင်စေရန် တနည်းနည်းဖြင့်သူသည်လှည့်ဖြားနိုင်လျှင် သူတို့သည်အပြစ်လွှတ်ခြင်းရမည့်နည်းလမ်းတစ်စုံတစ်ခုကို ဘုရားသခင်သည်စီမံပေးတော်မူလိမ့်မည်။ ထိုအခါ မိမိကိုယ်တိုင်နှင့်ကျဆုံးသောကောင်းကင်တမန်အပေါင်းတို့သည် သူတို့နှင့်အတူ ဘုရားသခင်၏ဂရုဏာတော်ကို ပါဝင်ခံစားခွင့်ရရှိနိုင်လိမ့်မည်။ ဤကိစ္စမအောင်မြင်လျှင် သူတို့သည်အာဒံ၊ ဧဝတို့နှင့်ပူးပေါင်းနိုင်ကြသည်။ အကြောင်းမူကား၊ သူတို့သည် ဘုရားသခင်၏ပညတ်တော်ကို တစ်ကြိမ်လွန်ကျူးခဲ့ကြသောအခါ သူတို့သည် မိမိတို့ကိုယ်တိုင်ကဲ့သို့ ဘုရားသခင်၏အမျက်တော်ကို ခံရကြမည့်သူများဖြစ်လာကြလိမ့်မည်။

သူတို့၏ကျူးလွန်မှုအားဖြင့် သူတို့သည်လည်း ပုန်ကန်သောအခြေအနေ၌ရှိလာကြလိမ့်မည်။ ၎င်းပြင် သူတို့သည် အာဒံ၊ ဧဝတို့နှင့်ပူးပေါင်း၍ ဧဒင်ဥယျာဉ်ကို မိမိတို့၏နေရပ်အဖြစ်သိမ်းယူနိုင်ကြသည်။ ၎င်းပြင် သူတို့သည် ဥယျာဉ်အလယ်ရှိ အသက်ပင်သို့ရောက်ရှိကြလျှင် သူတို့၏ခွန်အားသည် သန့်ရှင်းသော ကောင်းကင်တမန်တို့၏ခွန်အားနှင့်တူသဖြင့် ဘုရားသခင်ကိုယ်တော်တိုင်ပင် သူတို့ကိုနှင်ထုတ်နိုင်တော်မူမည်မဟုတ်ဟုထင်ကြ၏။

စာတန်သည် သူ၏ဆိုးသောတမန်တို့နှင့်ဆွေးနွေးတိုင်ပင်၏။ သူတို့သည် ဘေးအကင်း၍ကြောက်စရာကောင်းသောလုပ်ငန်းကို ချက်ခြင်းပူးပေါင်းလုပ်ဆောင်ခြင်းမပြုကြ။ ဤလုပ်ငန်းကိုဖြစ်မြောက်အောင်ပြုလုပ်စေဘို့ သူတို့တွင် တစ်ယောက်ကိုမျှပေးအပ်မည်မဟုတ်ဟု သူကသူတို့အားပြောပြ၏။ အလွန်အရေးကြီးသောအမှုကိစ္စကိုလုပ်ဆောင်သွားရန် မိမိတစ်ဦးတည်းသာသတိပညာနှင့် ပြည့်စုံသည်ဟု သူသည်ထင်မှတ်၏။ သူသည် သူတို့ထံမှထွက်ခွါ၍ မိမိ၏အကြံအစည်ကိုဖြစ်မြောက်အောင်စီမံဘို့ ဆိတ်ငြိမ်ရာကိုရှာဖွေနေစဉ် သူတို့အား ထိုကိစ္စကို ဆင်ခြင်စေဘို့ သူသည်အလိုရှိသည်။ ဤအရာသည် သူတို့၏နောက်ဆုံးနှင့်တစ်ခုတည်းသောမြောက်လင့်ချက်ဖြစ်သည်ဟု သူတို့အား သိမှတ်စေရန်ကြိုးစား၏။ ဤကိစ္စ၌သူတို့သည် မအောင်မြင်လျှင်၊ ကောင်းကင်သို့မဟုတ် ဘုရားသခင်ဖန်ဆင်းထားတော်မူသော အရာ၏အစိတ်အပိုင်းတစ်ခုကို ပြန်ယူရရှိလျက် စိုးမိုးအုပ်ချုပ်ရန် မြော်လင့်ချက်အပေါင်းသည် ပျက်ကွက်သွားလိမ့်မည်။

အာဒံနှင့်ဧဝတို့အား အသေအချာဖျက်စီးဆုံးရှုံးစေမည့်အကြံအစည်ကိုဖြစ်မြောက်အောင်ပြုလုပ်ရန် စာတန်တစ်ဦးတည်းသွား၏။ သူ၏ရည်ရွယ်ချက်များသည် ပျက်ကွက်သွားမည်ကို သူသည်စိုးရိမ်၏။ ၎င်းပြင် တစ်ဖန်အာဒံနှင့်ဧဝအား ဘုရားသခင်၏ပညတ်တော်ကိုနားမထောင်ရန် သွေးဆောင်ရာ၌ အောင်မြင်၍၊ သူတို့သည်ပညတ်တော်ကိုလွန်ကျူးသောသူများဖြစ်လာကြလျက်၊ မိမိကိုယ်တိုင်၌ကောင်းကျိုးမဖြစ်လျှင်၊ သူ၏အခြေအနေသည် တိုးတက်ခြင်းရှိလိမ့်မည်မဟုတ်။ သူ၏အပြစ်သာလျှင် တိုး၍ကြီးမားလာလိမ့်မည်။

မိမိကိုယ်တိုင် ခံစားနေရသောဆင်းရဲဒုက္ခနှင့် ဝမ်းနည်းခြင်းအဖြစ်သို့ သန့်ရှင်းသောလူလင်မယားနှစ်ယောက်အား ရောက်ရှိသွားစေခြင်းအမှုကို စဉ်းစားသောအခါ၊ သူသည်တုန်လှုပ်သွား၏။ သူသည် အသေအချာမဆုံး . . . .

ဖြတ်နိုင်သောအခြေအနေ၌ရှိနေ၏။ တစ်ကြိမ်ကမြဲမြဲ၍အသေအချာဆုံးဖြတ်သောသူဖြစ်၏။ ထိုနောက် ယုံမှားသံသယဖြစ်လျက် စိတ်မခိုင်ဖြစ်နေ၏။ သူ၏တမန်များသည် မိမိတို့၏ဆုံးဖြတ်ချက်ကိုကြားပြောရန် မိမိတို့၏ခေါင်းဆောင်အားရှာဖွေနေကြသည်။ သူတို့သည် စာတန်၏အကြံအစည်တွင် သူနှင့်ပူးပေါင်းလျက်၊ သူနှင့်အတူတာဝန်ကိုဆောင်ရွက်၍ အကျိုးအပြစ်ကိုဝေမျှခံယူကြလိမ့်မည်။

စာတန်သည် ဝမ်းနည်းခြင်းနှင့်အားနည်းခြင်းသဘောတို့ကို ပယ်ရှား၍ သူတို့၏ခေါင်းဆောင်ဖြစ်သည်အလျောက်၊ အမှုကိစ္စကို ရင်ဆိုင်လျက် ဘုရားသခင်နှင့်သားတော်၏အာဏာတော်ကို မိမိ၏စွမ်းအားရှိသမျှတော်လှန်ရန် မိမိကိုယ်ကိုခိုင်ခံ့စေ၏။ သူသည် သူတို့အား မိမိ၏အကြံအစည်တို့ကို ဘော်ပြ၏။ သူသည် အာဒံနှင့်ဧဝတို့ထံသို့ရဲရင့်စွာ ချဉ်းကပ်၍ ဘုရားသခင်၏သားတော်အကြောင်း အပြစ်တင်ပြောဆိုလျှင်၊ သူတို့သည် အနည်းငယ်မျှနားမထောင်ဘဲ၊ ၎င်းအတွက်ပင် ခုခံတိုက်ခိုက်ရန် အသင့်ပြင်ဆင်လျက်ရှိကြလိမ့်မည်။ မိမိသည် မကြာမီကအာဏာတန်ခိုးနှင့်ပြည့်စုံခဲ့သော ကောင်းကင်တမန်တစ်ပါးဖြစ်ခဲ့သည့်အလျောက် သူတို့အားခြိမ်းချောက်ရန်ကြံစည်လျှင် သူသည် မည်သည့်အမှုကိုမျှဖြစ်မြောက်စေလိမ့်မည်မဟုတ်။ ခွန်အားသတ္တိနှင့်မပြုလုပ်နိုင်သောအမှုကိုလိမ်လည်၊ လှည့်ဖြားခြင်းအမှုဖြင့် ပြုလုပ်နိုင်လိမ့်လည်ဟု သူကဆုံးဖြတ်၏။

## အာဒံနှင့်ဧဝအားသတိပေးခြင်း

ခြိမ်းခြောက်နေသောဆိုးသောအမှုကို ပယ်ရှားရန်နည်းလမ်းများကိုပြုလုပ်ရန် ဘုရားသခင်သည် ကောင်းတမန်ဗိုလ်ခြေတို့ကို စုရုံးစေတော်မူ၏။ ကောင်းကင်တမန်တို့သည် ဧဒင်ဥယျာဉ်သို့သွား၍ အာဒံသည် ရန်သူ၏ဘေးရန်နှင့်မကင်းကြောင်းကိုသတိပေးရန် ကောင်းကင်အစည်းအဝေးတွင် ဆုံးဖြတ်ကြသည်။ ကောင်းကင်တမန်နှစ်ပါးသည် ကျွန်ုပ်တို့၏ရှေးဦးမိဘများထံသို့ အလျှင်အမြန်ထွက်သွားကြလေ၏။ သန့်ရှင်းသောလူလင်မယားနှစ်ဦးသည် ဝမ်းမြောက်ဖွယ်အပြစ်ကင်းလျက်သူတို့ကိုလက်ခံကြလျက် ဘုရားသခင်၏ကြွယ်ဝစွာသောကောင်းချီးမင်္ဂလာများနှင့်ဝိုင်းရံနေသည်အတွက် ကျေးဇူးတင်ကြောင်း ဘော်ပြကြ၏။ နှစ်သက်စွဲလမ်းဘွယ်ကောင်းသောအ . . . . . . . . . . . . . . . . . . . .

ရာရှိသမျှတို့ကို သူတို့သည်ခံစားနေရလျက် အရာခပ်သိမ်းသည် မိမိတို့၏လိုအင်ဆန္ဒကိုပြည့်စုံစေကြသည်ဟု ထင်ရ၏။ ၄င်းပြင် မင်္ဂလာအပေါင်းတွင် မိမိတို့အနှစ်သက်ဆုံးအရာမှာ ဘုရားသခင်၏သားတော်နှင့်၄င်း၊ ကောင်းကင်တမန်များနှင့်၄င်း ပေါင်းသင်းဆက်ဆံရခြင်းဖြစ်၏။ အကြောင်းမူကား၊ သူတို့လာရောက်ကြသောအခါတိုင်း၊ မိမိတို့၏နှစ်သက်ဘွယ်ဧဒင်ဥယျာဉ်အရပ်၌တွေ့ရှိရသောဘဝ၏အသစ်သောလှပတင့်တယ် ဘွယ်ရာများအကြောင်းကို သူတို့သည် များစွာပြောပြလိုကြပြီ။ ၄င်းပြင် သူတို့သည် မထင်မရှားသိရှိရသောအရာအကြောင်းကိုများစွာမေးမြန်းလိုကြ၏။

ကောင်းကင်တမန်တို့သည် သူတို့သိလိုသောအကြောင်းအရာများကိုနှစ်သက်ဘွယ်တင့်တယ်စွာပြောပြကြ၏။ စာတန်၏ပုန်ကန်မှုနှင့် ကျဆုံးခြင်းအကြောင်းကိုလည်း သူတို့က ဝမ်းနည်းဘွယ်ပြောပြကြသည်။ သူတို့သည် ဘုရားသခင်၏စကားကိုနားထောင်၍ ဘုရားသခင်ကိုချစ်ကြောင်း ဘော်ပြသောအထိမ်းအမှတ်အဖြစ် ဥယျာဉ်၏အလယ်၌ ကောင်းမကောင်းသိကျွမ်းရာအပင်ကိုထားကြောင်း နားထောင်ခြင်းကိုအမှီပြုလျက် သန့်ရှင်းသောကောင်းကင်တမန်တို့၏ မြင့်မြတ်ပျော်ရွှင်ဘွယ်သောအခြေအနေကို ထိန်းသိမ်းထားနိုင်ကြောင်း။ သူတို့သည်လည်း တူညီသောအခြေအနေ၌ရှိကြောင်း သူတို့သည် ဘုရားသခင်၏ပညတ်တော်ကို စောင့်ရှောက်၍မဘော်ပြနိုင်အောင် ပျော်မွေ့ခြင်းရှိနိုင်သည်။ သို့မဟုတ် နားမထောင်သဖြင့် မိမိတို့၏မြင့်မြတ်သောအခြေအနေကိုဆုံးရှုံး၍မြော်လင့်ခြင်းကင်းမဲ့စွာစိတ်ပျက်ခြင်းသို့ရောက်ရကြမည်အကြောင်းတို့ကို သူတို့အား အသေအချာထင်ရှားစွာပြောပြကြ၏။

ဘုရားသခင်သည် အာဒံနှင့်ဧဝတို့အား အတင်းအကြပ်နားထောင်ရန်စေခိုင်းတော်မမူဟု သူတို့ကပြောပြကြ၏။ ဘုရားသခင်၏အလိုတော်ကို ဆန့်ကျင်ဘက်ပြုနိုင်သောသတ္တိကို သူတို့ထံမှပယ်ရှားတော်မမူ၊ သူတို့သည် နားထောင်ရန် သို့မဟုတ် နားမထောင်ဘဲနေရန် လွတ်လပ်ခွင့်ရကြလျက် ဝေဖန်ပိုင်းခြား၍ပြုလုပ်နိုင်သောသူများဖြစ်ကြသည်ဟုပြောပြ၏။ သို့ရာတွင် သူတို့အတွက် သင့်တော်သည်ဟုသိမြင်တော်မူသဖြင့် ဘုရားသခင်တားမြစ်ထားတော်မူ သောအရာတစ်ခုသာရှိ၏။ သူတို့သည် ဘုရားသခင်၏အလိုတော်ကို ကျူးလွန်ကြလျှင်၊ သူတို့သည် ဧကန်အမှန်သေရကြမည်။ ကောင်းကင်သတ္တဝါ. . . . . . . . . . .

တို့အား အုပ်စိုးရန် စီမံထားတော်မူသော ဘုရားသခင်၏ပညတ်တော်ကို သခင်ခရစ်တော်အောက်ရှိ အမြတ်ဆုံးသောကောင်းကင်တမန်တစ်ပါးသည် နားမထောင်ဘဲနေခဲ့ကြောင်း ဤပုန်ကန်မှုသည် ကောင်းကင်၌စစ်ဖြစ်စေသဖြင့် ပုန်ကန်သောသူနှင့်တကွ၊ ကြီးမြတ်တော်မူသော ထာဝရဘုရားသခင်၏အာဏာတော်ကို ဆင်ခြေပေးရာ၌ သူနှင့်အတူ ပူးပေါင်းသောကောင်းကင်တမန်တိုင်းကို ကောင်းကင်မှနှင်ထုတ်လိုက်ကြောင်း ၄င်းပြင် ကျဆုံးသောရန်သူသည် ဘုရားသခင်ချစ်တော်မူသော သားတော်တို့၏ အကျိုးကျေးဇူးနှင့် သက်ဆိုင်သောအရာတို့၏ ရန်သူဖြစ်လာလေပြီဖြစ်ကြောင်း သူတို့က အာဒံနှင့်ဧဝတို့အား ပြောပြကြ၏။

စာတန်သည် သူတို့အားဘေးအန္တရာယ်ပြုရန် ရည်ရွယ်ထား၍ သူတို့သည် ကျဆုံးသောရန်သူနှင့် တွေ့ကြုံရမည်ဖြစ်သောကြောင့် မိမိတို့ကိုယ်ကို ကာကွယ်ထားဖို့လိုကြောင်း ကောင်းကင်တမန်တို့က နာခံနေကြစဉ် သူသည် သူတို့ကို ဘေးအန္တရာယ်မပြုနိုင်။ အကြောင်းမူကား၊ သူသည် သူတို့အား တစ်နည်းနည်းအားဖြင့် ဘေးဖြစ်စေမည်အစား၊ အလိုရှိလျှင် ကောင်းကင်တမန်တိုင်းသည် သူတို့ကိုကူညီမစရန် ကောင်းကင်မှဆင်းလာကြမည်။

သို့သော် သူတို့သည် ဘုရားသခင် ၏အမိန့်တော်ကိုနားမထောင်လျှင် စာတန်သည် သူတို့အား အမြဲနှောက်ယှက်၊ ဒုက္ခပေးခွင့်ရရှိလိမ့်မည်။ စာတန်၏ ပဋိမဖြားယောင်းသွေးဆောင်မှုတွင် သူတို့သည် တည်ကြည်မြဲမြဲလျက်ရှိနေကြလျှင် သူတို့သည် ကောင်းကင်တမန်များကဲ့သို့ လိုက်ပါသွားကြလျှင် အလွန်ချီးမြောက်ခြင်းခံရသော ကောင်းကင်တမန်ကို နှမြော တော်မမူသောအရှင်သည် သူတို့ကိုလည်းချမ်းသာပေးတော်မမူ။

ဘုရားသခင်၏ ပညတ်တော်သည် ဘုရား သခင်ကိုယ်တော်တိုင်ကဲ့သို့ သန့်ရှင်းသောကြောင့် သူတို့ ၏လွန်ကျူးခြင်းအတွက် အပြစ်ဒဏ်ကိုခံရကြမည်။ ကောင်းကင်၌၄င်း၊ မြေကြီးပေါ်၌ ၄င်းသတ္တဝါအပေါင်းအား ချက်ခြင်းအသေအချာနားထောင်စေဘို့ ဘုရားသခင် သည်အလိုရှိတော်မူ၏။

ဧဝသည် ကျဆုံးသောရန်သူနှင့်တွေ့ဆုံရတတ်သောကြောင့်၊ မိမိ၏အလုပ်အကိုင်တွင် မိမိ၏ခင်ပွန်းထံမှ ခွဲခွာမသွားစေရန် ကောင်းကင်တမန်များ . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ကဇဝအားသတိပေးကြ၏။ သူတို့သည် နှစ်ယောက်အတူတကွနေကြသည့်အခါ မှာထက် တစ်ဦးနှင့်တစ်ဦးခွဲခွာနေသည့်အခါတွင် သာ၍ဘေးဒုက္ခတွေ့ကြုံ ရတတ်သည်။ ကောင်းမကောင်းသိကျွမ်းရာအပင်နှင့်စပ်ဆိုင်၍ ဘုရားသခင် သွန်သင်တော်မူချက်ကို သေချာစွာလိုက်နာစောင့်ရှောက်စေရန် ကောင်းကင်တမန် များက သူတို့အားမှာထား၏။ အကြောင်းမူကား၊ လုံးလုံးနားထောင်ခြင်း၌ သူတို့သည်ဘေးကင်းလျက် ဤကျဆုံးသောရန်သူသည် သူတို့အားလှည့်ဖြားရန် ခွန်အားကိုမရရှိနိုင်ချေ။ သန့်ရှင်းသောလူလင်မယားနှစ်ဦးတို့နောက်သို့လိုက်၍ အမြဲသွေးဆောင်နေစေခြင်းငှါ ဘုရားသခင်သည် စာတန်အားခွင့်ပြုတော်မူမည် မဟုတ်။ ကောင်းမကောင်းသိကျွမ်းရာအပင်၌သာ သူသည် သူတို့ထံသို့ချဉ်း ကပ်နိုင်၏။

မိမိတို့သည် ဘုရားသခင်၏ရှင်းလင်းသောပညတ်တော်ကို ဘယ်အခါမျှ ကျူးလွန်လိမ့်မည်မဟုတ်ဟု အာဒံနှင့်ဧဝတို့က ကောင်းကင်တမန်တို့အား ပြော ပြကြ၏။ အကြောင်းမူကား၊ ဘုရားသခင်၏အလိုတော်ကို လိုက်နာရခြင်းသည် သူတို့၏အမြတ်ဆုံးပျော်မွေ့ဘွယ်ရာဖြစ်သည်။ ကောင်းကင်တမန်တို့သည် သန့်ရှင်း၍ညီညာသောသီချင်းကိုဆိုရာ၌ သူတို့သည် အာဒံ၊ ဧဝတို့နှင့်ပူး ပေါင်းသီဆိုကြသည်။ ၎င်းပြင် သူတို့၏သီချင်းသံသည် သာယာသောဧဒင်ဥယျာဉ်မှ ထွက်လာသောအခါ ခမည်းတော်နှင့်သားတော်ကို ကိုးကွယ်ဝတ်ပြုရာ၌ ဝမ်းသာစွာသီချင်းဆိုသံကို စာတန်သည်ကြားရလေ၏။ ၎င်းပြင် စာတန်သည် ၎င်းသီချင်းသံကိုကြားရသောအခါ သူ၏မနာလိုခြင်း၊ မုန်းခြင်းသဘောတို့သည် တိုးလာ၍ အာဒံနှင့်ဧဝတို့အား ဘုရားသခင်၏စကားတော်ကို နားမထောင်အောင် ပြုသဖြင့် သူတို့အပေါ်သို့ ဘုရားသခင်၏အမျက်တော်ကို ချက်ခြင်းသက်ရောက်စေ လျက် သူတို့၏ချီးမွမ်းသီချင်းကို မိမိတို့၏ဖန်ဆင်းရှင်အား မုန်းခြင်းကျိန်ဆဲခြင်း အဖြစ်သို့ ပြောင်းလဲသွားစေမည်ဟု သူက မိမိ၏နောက်လိုက်များအား ပြောပြ၏။

--oo--

# အခန်း (၄)
# သွေးဆောင်မှုနှင့်ကျဆုံးမှု

စာတန်သည် မြွေ၏ပုံသဏ္ဍာန်ကိုဆောင်လျက် ဧဒင်ဥယျာဉ်ထဲသို့ ဝင်လာ၏။ မြွေသည် အတောင်ပံများနှင့် လှပသောသတ္တဝါမျိုးဖြစ်၍ လေထဲ၌ ပျံသန်းနေစဉ် သူ၏အဆင်းသဏ္ဍာနသည် ထိန်ဝင်းနေသောရွှေကဲ့သို့တောက်ပ လျက်ရှိ၏။ သူသည်မြေကြီးပေါ်၌မသွားရဘဲ တစ်နေရာမှတစ်နေရာသို့ ပျံသန်းသွားလာလျက် လူကဲ့သို့သစ်သီးများကိုစားနေ၏။ စာတန်သည် မြွေ၏ အသွင်ကိုဆောင်လျက် ကောင်းမကောင်းသိကျွမ်းရာအပင်တွင် တစ်နေရာ ရာ၌နေလျက် အသီးကိုအေးဆေးစွာစားနေ၏။

ဧဝသည်အလုပ်လုပ်နေစဉ် အမှတ်မဲ့ မိမိ၏ခင်ပွန်းထံမှ ခွဲခွာလာခဲ့၏။ သူမသည် မိမိ၏အဖြစ်ကိုသိရှိသောအခါ၊ မိမိသည်ဘေးရောက်စရာအ ကြောင်းရှိလိမ့်မည်ဟု ထင်မြင်မိသော်လည်း မိမိသည်ခင်ပွန်း၏အပါးတွင် မနေပင် မနေရစေကာမူ၊ ဘေးကင်းလုံခြုံလျက်ရှိနေသည်ဟု ထင်မှတ်မိပြန်၏။ အန္တရာယ် ရောက်လာ၍ တွေ့ဆုံရလျှင် ရင်ဆိုင်ရန် မိမိ၌ပညာအရည်အချင်းနှင့် အစွမ်းသတ္တိ လုံလောက်စွာရှိခဲ့ပြီ။ ကောင်းကင်တမန်များက ဤကဲ့သို့မပြုစေရန်သတိပေး ခဲ့ကြပြီ။ ဧဝသည် တားမြစ်ထားသောအပင်၏အ သီးများကို အံ့သြထူးခြားသောလ က္ခဏာနှင့် ကြည့်နေမိသည်ကို ကိုယ်တိုင်သတိယလာ၏။ ၎င်းအသီးသည် အလွန် လှပနှစ်သက်ဘွယ်ဖြစ်၍ ဘုရားသခင်သည် ၎င်းကိုမကိုင်မစားစေရန် အဘယ် ကြောင့်အသေအချာတားမြစ်ထားတော်မူရသနည်းဟုသူမသည် မိမိစိတ်ထဲ၌ ဆင်ခြင်စဉ်းစားနေ၏။ ယခု စာတန်သည် အခွင့်အရေးရရှိလာလေပြီ။ သူမ၏ အကြံအစည်ကို တင်ကူးသိမြင်သည့်ဟန်ဖြင့် စာတန်ကသူမအား၊ သင်တို့သည် ဥယျာဉ်၌ရှိသမျှသောအပင်တို့၏အသီးကို မစားရဟု ဧကန်စင်စစ်ဘုရားသခင် မိန့်တော်မူသလောဟုမေးကာ၊ စကားခေါ်ပြောလေ၏။ ထိုသို့ နူးညံ့သိမ်မွေ့ချိုသာ သောစကားအားဖြင့် အံ့သြလျက်နေသော ဧဝကိုနှုတ်ခွန်းဆက်၏။ ဧဝသည်လည်း မြွေကစကားပြောသည်ကို ကြားရ၍လန့်သွား၏။ သူသည် ဧဝ၏လှပတင့်တယ် ခြင်း၊ အထူးသဖြင့် နှစ်သက်ဘွယ်ဖြစ်ခြင်းအကြောင်းတို့ကို ချီးမြှောက်ပြောဆိုရာ၊ ဧဝသည်လည်းမ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

နှစ်သက်ဘဲမနေနိုင်တော့ချေ။ သို့ရာတွင် ဘုရားသခင်သည် မြွေအားစကားပြော နိုင်စွမ်းသတ္တိပေးတော်မမူကြောင်း သိရှိသဖြင့် သူမသည်အံ့ဩနေ၏။

ဧဝသည် အလွန်ပင်အံ့ဩလျက် ထူးဆန်းသည်ဟုထင်မှတ်လာ၏။ ထိုနေရာမှထွက်ပြေးမည့်အစား သူမသည် မြွေ၏စကားပြောသံကိုနားထောင် နေ၏။ မြွေကိုအသုံးပြုနေသူမှာ ကောင်းကင်မှကျဆုံးသွားသောသူဖြစ်လိမ့်မည်ဟု သူမသည်မထင်မမှတ်ချေ။ စကားပြောနေသူမှာ မြွေမဟုတ်ဘဲစာတန်ဖြစ်၏။ ဧဝသည်လှည့်ဖြားခြင်း၊ မြှောက်ပင့်ခြင်း၊ သွေးဆောင်ခြင်းခံရလေ၏။ ကောင်းကင် တမန်နှင့်လည်းကောင်း၊ သူတို့နှင့်လည်းကောင်းပုံသဏ္ဌာန်တူလျက် ဩဇာအာဏာ ရှိသော ပုဂ္ဂိုလ်တစ်ဦးကို သူမသည်တွေ့ဆုံရလျှင် သူမသည် မိမိကိုယ်ကိုစောင့် ကြပ်ကြည့်ရှုနေခဲ့လိမ့်မည်။

သို့သော် ထိုသို့ထူးခြားသော စကားသံကြောင့် သူမသည် မိမိခင်ပွန်း အပါးသို့ချဉ်းကပ်လျက် အဘယ်ကြောင့်အခြားသူသည် မိမိအား လွတ်လပ်စွာ စကားစမြည်ပြောဆိုရသနည်းဟု မေးမြန်းသင့်ပေသည်။ ယခုမူကား၊ သူမသည် မြွေနှင့်ငြင်းခုန်ခြင်းပြုလျက်နေ၏။ သူမသည် သူ၏မေးခွန်းကိုဖြေရာတွင် "ငါတို့သည်ဥယျာဉ်၌ရှိသောအပင်တို့၏အသီးကို စားရသောအခွင့်ရှိ၏။ ဥယျာဉ် အလယ်၌ရှိသောအပင်၏အသီးကိုကား၊ သင်တို့သည်မကိုင်မစားဘဲနေကြလော့။ သို့မဟုတ်သေမည်ဟု ဘုရားသခင်အမိန့်တော်ရှိသည်"ဟု ပြောပြ၏။ မြွေကလည်း၊ "သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်။ အကြောင်းမူကား ၊ ထိုအသီးကို စားသောနေ့၌ သင်တို့သည်မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကိုသိ၍ ဘုရား သခင်ကဲ့သို့ဖြစ်ကြလတံ့သည်ကို ဘုရားသခင်သိတော်မူသည်"ဟု ပြန်၍ပြောဆို၏။

တားမြစ်ထားသောအပင်၏အသီးကိုစားခြင်းဖြင့် သူတို့သည်အရင်ကရရှိ ခဲ့သောပညာထက်သာ၍ မြင့်မြတ်သောဉာဏ်ပညာအသစ်ကို ရရှိကြလိမ့်မည်ဟူ သော အစိပ္ပါယ်ကို စာတန်ကထင်မှတ်စေ၏။ သူသည် ကျဆုံးခဲ့သည့်နေ့မှစ၍ ထိုသို့ထူးခြားသောအမှုကို အောင်မြင်စွာဆောင်ရွက်နေခဲ့လျက် လူတို့သည် ဘုရား သခင်၏ဖော်ပြတော်မူသောအရာများနှင့်သာ မကျေနပ်မရောင့်ရဲ မိန့်တော်မူသမျှ ကိုနားထောင်ဖို့ ဂရုမစိုက်ကြဘဲ ဘုရားသခင်၏လျှို့ဝှက်သောနက်နဲရာများ တိုင်အောင် ဝင်စွက်ဖက်စစ်ဆေးရှာဖွေစေရန် လူအားသွေးဆောင်ခဲ့လေပြီ။ သူ သည် လူတို့အား ဘုရားသခင်၏အမိန့်တော်များကို . . . . . . . . . . . . . . . . .

နားမထောင်စေရန်သွေးဆောင်ပြီးလျှင်၊ သူတို့သည် အံ့ဩဘွယ်ရာပညာရပ်များတို့ ရရှိနေကြသည်ဟု ထင်မှတ်စွဲလမ်းစေလိမ့်မည်။

အမှန်အားဖြင့် ဤအမှုသည် အထင်အမြင်နှင့် စိတ်မချမ်းသာစရာ လှည့်ဖြားခြင်းမျှသာဖြစ်သည်။ သူတို့သည် ဘုရားသခင်ဘော်ပြထားတော်မူသောအရာတို့ကို သိနားလည်ခြင်းမရှိကြ။ ဘုရားသခင်၏သေချာထင်ရှားသော အမိန့်တော်ကို အမှုမထား၊ ဘုရားသခင်ကိုအမှီ မပြုဘဲ ပညာကိုရှာဖွေနေကြလျက် သေတတ်သောသတ္တဝါတို့ထံမှ ဘုရားသခင် ကကွယ်ဝှက်ထားအပ်တော်မူသောအရာတို့ကို သိရှိနားလည်ရန် ရှာကြံကြိုး စားနေကြသည်။

သူတို့သည် မိမိတို့၏တိုး တက်လျက်ရှိနေသော အယူအဆများနှင့် ဘဝင်မြင့်လျက် မိမိတို့၏အချည်းနှီး စိတ်ပညာများကို စိတ်စွဲကာနေကြသော်လည်း မှန်သောပညာနှင့်သက်ဆိုင်၍ သူတို့သည် သန်းခေါင်ယံမှောင်မိုက်တည်းဟူသော မိုက်မဲခြင်းတွင် စမ်းတဝါးဝါးနှင့် ပြုလုပ်နေကြသည်။ သူတို့သည် အမြဲသင်ကြားလေ့လာနေကြလျက်ပင် အမှန်ကို သိရှိနားလည်လာဘိုရရန် ဘယ်အခါမျှမတတ်နိုင်ကြချေ။

ဤအပြစ်ကင်းသောဇနီးမောင်နှံတို့အား မကောင်းသောအမှုအရာတို့ကို သိနားလည်စေဘို့ ဘုရားသခင်သည် အလိုရှိတော်မမူပါ။ ဘုရားသခင်သည် မကောင်းသောအမှုကို တားမြစ်ထားလျက် သူတို့အား ကောင်းသောအရာကိုလွတ်လပ်စွာချပေးတော်မူ၏။ မြွေ၏စကားသည်သင့်တော်မှန်ကန်၏ဟု ဧဝကထင်မှတ်လျက် "သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်၊ အကြောင်းမူကား ထိုအသီးကို စားသောနေ့၌ သင်တို့သည်မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကိုသိ၍ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတ္တံ့သည်ကို ဘုရားသခင်သိမြင်တော်မူသည်"ဟု အခိုင်အမာပြောဆိုလျက် ဘုရားသခင်ကိုမုသာပြောသောသူကဲ့သို့ ထင်မှတ်စေသောပရိယာယ်စကားများကို လက်ခံလေ၏။

ဘုရားသခင်သည် သူတို့အား ဘုရားနှင့် တူညီလာနိုင်အောင် အသိပညာတွင် ကြီးမြင့်တိုးပွါးမလာစေရန် တားမြစ်ထားတော်မူခြင်းဖြင့် မိမိတို့ကိုလိမ်လည်လှည့်ဖြားထားတော်မူပြီဟု စာတန်ကရဲ ရင့်စွာစွပ်စွဲလေ၏။ မြွေက သင်တို့သည်၄င်းကိုစားလျှင် အမှန်သေရမည်မဟုတ်ဟု ပြောဆို၏။

သူမသည် အသီးကိုစားပြီးသည်နှင့်တပြိုင်နက် သူမအားဘုရားသခင်နှင့် တူညီလာစေလောက်အောင် သာလွန်ကောင်းမြတ်သော ဉာဏ်ပညာအသစ်ကိုရရှိလိမ့်မည်ဟု သွေးဆောင်သူက ဧဝအားယုံကြည်စိတ်ချစေရန် အာမခံ၏။ သူသည် သူမအား မိမိကိုယ်ကိုကြည့်ရှုရန်ညွှန်ပြ၏။ သူသည် ထိုအပင်၏ အသီးကိုသဘောရှိစားခဲ့ရာ ၊ လုံးလုံးဘေးကင်းသည်သာမက အရာသာရှိပြီး အထူးစိတ်ရွှင်စေသည်ကိုတွေ့ရှိရ၏။

၄င်းပြင် ၄င်းသည် ပညာနှင့်ခွန်အားသတ္တိကို ချပေးနိုင်လောက်အောင် ထူးခြားသောသတ္တိများနှင့်ပြည့်စုံသည်ကို ဘုရားသခင် သည်သိရှိတော်မူသဖြင့် သူတို့အား ၄င်းကိုမစားရန်၊ မကိုင်ရန်ပင် တားမြစ်ထားတော်မူပြီဟု သူမအား ပြောပြ၏။ သူသည် တားမြစ် ထားသော အပင်၏အသီးကိုစားခဲ့ပြီးသည်အတွက် ကြောင့် စကားပြောနိုင် သောအစွမ်းသတ္တိကိုရရှိလေပြီဟု သူကဘော်ပြသေး၏။ ဘုရားသခင်သည် မိမိ၏စကားတော်အတိုင်း ပြုတော်မူမည်မဟုတ်ဟု သူက အမြွက်မျှပြောပြ၏။ ကြီးကျယ်သောကောင်းမှုကို သူတို့ထံမှ ပယ်ရှားထားရန် ခြိမ်းချောက်ထား သောစကားမျှသာဖြစ်သည်။ သူတို့သည် မသေနိုင်ကြဟု ဆက်လက်ပြောပြသေး၏။ သူတို့သည် မသေမပုပ်နိုင်သောအ ဖြစ်ကို ချပေးသောအသက်ပင်၏အသီးကို သူတို့သည်စားပြီးခဲ့ကြပြီမဟုတ်လော။ ဘုရားသခင်သည် သူတို့အား သာ၍မြတ် သောချမ်းသာနှင့်သာ၍မြင့်မြတ်သော ပျော်မွေ့ဘွယ်စည်းစိမ်ကိုမပေးလိုသဖြင့် သူတို့ကိုလှည့်ဖြားထားတော်မူသည်ဟု သူကပြောပြ၏။ သွေးဆောင်သူသည် အသီးကိုဆွတ်၍ ဧဝအားပေး၏။

သူမသည် ၄င်းကိုကိုင်ယူ၏။ သင်သည်မသေရမည်အကြောင်း ၄င်းကိုမကိုင်နှင့်ဟူ၍ပင် သင့်အားတားမြစ်ထားပြီဟု ယခုသွေးဆောင်သူကပြောဆိုပြန်၏။ သင်သည် အသီးကိုကိုယ်တွယ်စမ်းသပ် ကြည့်ရာတွင် ဘာမျှမဖြစ်ခဲ့လျှင် ၄င်းကိုစားကြည့် လျှင်လည်း မကောင်းသောအမှု နှင့် သေဘေးရောက်စရာအကြောင်းမရှိသည်ကို သူမသည် သိရှိရလိမ့်မည်ဟု သူကသူမအားပြောပြပြန်၏။ ဘုရားသခင်နှစ်သက် တော်မမူကြောင်းဘော်ပြသော လက္ခဏာကိုချက်ခြင်းမတွေ့ရှိရသဖြင့် သူမသည် သာ၍ရဲရင့်လာ၏။ သွေးဆောင် သောသူ၏စကားသည် လုံးလုံးမှန်ကန် သင့်လျော်သည်ဟု သူမထင်မှတ်၏။ သူမ သည် ၄င်းကိုစား၍အလွန်နှစ်သက် ဘွယ်ဖြစ် သည်ကိုတွေ့ရှိရ၏။ ၄င်းသည် အလွန်အရသာရှိသည်ဟုထင်ရ၍ အသီး

အားဖြင့် အံ့ဩဘွယ်ခံစားရသောအကျိုးသည် မိမိကိုယ်တိုင်၌ထင်ရှားလာသည်ဟု အထင်ရှိ၏။

## ဝေသည်သွေးဆောင်သူဖြစ်လာ၏

ထိုနောက် သူမသည် အသီးကိုကိုယ်တိုင်ဆွတ်ခူးပြီးစားလေ၏။ တားမြစ်ထားသောအသီး၏စိတ်ရွှင်လန်းစေသောအစွမ်းသတ္တိကြောင့် မြင့်မြတ်သောအခြေအနေသစ်သို့ ရောက်ရှိလာသည်တိုင်အောင် နိုးကြားထကြွလာပြီဟု သူမသည်ထင်မြင်လာ၏။ တားမြစ်ထားသောအသီးကိုကိုင်ထားပြီး သူမ၏ခင်ပွန်းကိုလိုက်ရှာနေစဉ် သူမ၌နဂိုအတိုင်းမဟုတ်ဘဲ ထူးခြားသောအဖြစ်မျိုးခံစားနေရသည်။ သူမသည် သူ့အား မြွေ၏လိမ္မာသောအပြောအဆိုအကြောင်းဘော်ပြပြီး ကောင်းမကောင်းသိကျွမ်းရာအပင်ရှိရာသို့ ချက်ချင်းရှေ့ဆောင်ခေါ်သွားလို၏။ မိမိသည် သစ်သီးကိုစားပြီးခဲ့ရာ သေဘေးရောက်စရာအရိပ် အယောင်ကိုခံစားရမည့်အစား မိမိ၌နှစ်သက်စိတ်ရွှင်မြူးဘွယ်အဖြစ်မျိုးခံစား နေရသည်ကိုပင် သိမြင်ရကြောင်း သူမက သူ့အားပြောပြ၏။ ဧဝသည်သူ့စကား ကိုနားမထောင်ခဲ့သည်နှင့်တပြိုင်နက် သူမ၏ခင်ပွန်းအားပျက်စီးဆုံးပါးစေရန် အလွန်တန်ခိုးကြီးသောကြားလူဖြစ်လာလေ၏။

အာဒံ၏မျက်နှာ၌ညှိုးငယ်သောလက္ခဏာကို ကျွန်ုပ်မြင်ရ၏။ သူသည်ကြောက်ရွံ့အံ့ဩနေသည်ဟု ထင်ရ၏။ သူ၏စိတ်ထဲ၌ဇဝေဇဝါဖြစ်နေ၏။ ဤအရာသည် သူတို့ရှောင်ကြဉ်ရန် သတိပေးထားခြင်းခံရသော ရန်သူပင်ဖြစ်ကြောင်း မိမိအမှန်သိရှိသဖြင့် အကယ်၍ရန်သူအမှန်ဖြစ်က သူမသည် သေရလိမ့်မည်ဟု သူကဧဝအားပြောပြ၏။ သူမကလည်း မိမိ၌မကောင်းမှုအနည်းငယ်မျှမခံစားရဘဲ အလွန်စိတ်ပျော်ရွှင်နှစ်သက်ဘွယ်အဖြစ်မျိုးကိုသာခံစားရသည်ဟု ယုံကြည်စိတ်ချရလောက်အောင် ပြောပြပြီးလျှင် သူ့အား ၎င်းကိုစားစေရန် တောင်းပန်နေ၏။

မိမိတို့သည် သစ္စာစောင့်၍ ချစ်ခြင်းမေတ္တာရှိမရှိစုံစမ်းစစ်ဆေးဘို့ရန် အတွက် မိမိတို့အားတားမြစ်ထားသော တစ်ခုတည်းသောပညတ်ကို မိမိ၏အဘော်သည် လွန်ကျူးခဲ့ကြောင်း အာဒံသည် ကောင်းစွာသိနားလည်၏။ မိမိတို့သည် ဧကန်အမှန်မသေရဟုမြွေကပြောဆိုခဲ့ရာ သူမသည် ဘုရားသခင်နှစ် သက်တော်မမူကြောင်း ထင်ရှားသောလက္ခဏာသက်သေတစ်စုံတစ်ခုမျှမတွေ့မ . . . . . . . .

ကြုံရဘဲ၊ သူမ၏စိတ်အထင်အတိုင်း ကောင်းကင်တမန်များကဲ့သို့ နှစ်သက်ဘွယ်သော တန်ခိုးကိုခံစားနေရသဖြင့် မြွေ၏စကားများသည် အမှန်ဖြစ်ရလိမ့်မည်ဟု ဧဝကဆင်ခြင်ပေးနေ၏။

ဧဝသည် မိမိ၏အပါးမှထွက်ခွာသွားခဲ့သည်ကို နောင်တသံဝေဂရနေသော်လည်း ယခုမူကား၊ ထိုသို့ဖြစ်ခဲ့ပြီဖြစ်ရာ နောက်ကျနေလေပြီ။ သူပေါင်းဘော်ရန် အလွန်နှစ်သက်ခဲ့သောသူမထံမှ သူသည် ယခုခွဲခွာရတော့မည်ဖြစ်ရာ သူသည် ထိုသို့ခွဲခွါမှုကိုပြုရက်နိုင်ပါမည်လား။ ဧဝအပေါ်၌တည်ရှိနေသော သူ၏ချစ်မေတ္တာသည် အလွန်ကြီးမားခိုင်မြဲခဲ့ပြီး အဆုံး၌လုံးလုံးစိတ်ပျက်စွာနှင့်ပင် သူသည် သူမနှင့် ခွဲခွာ၍မနေလိုသဖြင့် သူသည် သူမနှင့်အတူပင် အသေခံလိုသည်ဟု သူကလည်းဆင်ခြင်တွေးတောနေ၏။

သူသည် ဂရုဏာနှင့်ပြည့်စုံ၍ မိမိကောင်းကျိုးကိုပြုစုတော်မူသော မိမိ၏ဖန်ဆင်းရှင်၌ ယုံကြည်ခြင်းကင်းမဲ့နေ၏။ သူအားမြေမှုန့်မှအသက်ရှင်၍ လှပသောပုံသဏ္ဌာန်အဖြစ်သို့ ပြုပြင်ပြောင်းလဲပေးလျက် မိမိ၏အဘော်အဖြစ် ဧဝကိုဖန်ဆင်းပေးတော်မူခဲ့သော ဘုရားသခင် သည် သူ၏နေရာတွင် လူစားပြုပြင်ဖန်ဆင်းပေးနိုင်တော်မူသည်ဟု သူသည်မစဉ်း စားမိချေ။ အဆုံး၌ဤလိမ္မာသော မြွေ၏စကားများသည်မမှားနိုင်ဘဲရှိနေသည် မဟုတ်လော။

ဧဝသည် ဤသို့နားမ ထောင်ခြင်းအမှုကိုမပြုမှီကကဲ့သို့ပင် သူ၏ရှေ့၌လှပတင့်တယ်နှစ်သက်ဘွယ်ဖြစ်လျက် အပြစ်ကင်းစင်နေသည်ဟု ထင်မြင်ရပေသည်။ သူမသည် သစ်သီးကိုစားခဲ့မိသည့်အကျိုးကြောင့် နားမထောင်ခြင်းအမှုကို မပြုမှီကထက်ပင် ယခုသူမက သူ၏အပေါ်၌ထားသောမေတ္တာသည် သာ၍မြင့်မားကြီးကျယ်လာကြောင်းဘော်ပြလေပြီ။ သူမ၏ကိုယ်၌သေစေရာသော အရိပ်အမြွက်တစ်စုံတစ်ခုမျှမတွေ့မမြင်ရချေ။

သစ်သီး၏အာနိသင်ကြောင့် ရရှိသောပျော်ရွှင်ဘွယ်အဖြစ်၊ သူ၏အပေါ်၌ ပြင်းပြထက်သန်လာသောမေတ္တာအကြောင်း သူမက သူ့အားပြောပြရာ သူသည်လည်း သက်ရောက်လတ္တံ့သောကံကြမ္မာကိုရင်ဆိုင်ရန် ဆုံးဖြတ်ချက်ချလေ၏။ သူသည် အသီးကိုဆွဲယူလျက် အလျင်အမြန်စားလိုက်ရာ ဧဝကဲ့သို့ပင် ၎င်း၏မကောင်းမှုတစ်စုံတစ်ရာကိုမျှချက်ခြင်းမခံစားရချေ။

ဧဝက မိမိသည်အမှားနှင့်အမှန်ကို ဆုံးဖြတ်နိုင်သည်ဟု မိမိကိုယ်ကိုမိမိ ထင်မှတ်နေ၏။ အသိပညာနှင့်ပြည့်စုံသော မြင့်မြတ်သောအခြေအနေသို့ရောက်မည်ဟုမြှောက်ပင့်ပြောသည်အတိုင်း မြှော်လင့်သဖြင့် မြွေသည် မိမိ၏ထူးခြားသောမိတ်ဆွေ၊ မိမိ၏အကျိုးကိုများစွာစိတ်ဝင်စားခြင်းရှိသောသူဟု သူမသည် ထင်မြင်လာ၏။ သူမသည် မိမိ၏ခင်ပွန်းကိုလိုက်ရှာခြင်း၊ သူတို့သည်မိမိတို့၏ဖန်ဆင်းရှင်အား မြွေ၏စကားများကိုပြန်ပြောပြကြလျှင် သူတို့သည် လိမ္မာပါးနပ်သောသွေးဆောင်သူထံမှ ချက်ချင်းကယ်နှုတ်ခြင်းခံရကြလိမ့်မည်။ သူတို့သည်ဟန်ဆောင်လျှို့ဝှက်လာသော စာတန်နှင့်တွေ့ကြုံရကြမည်ဖြစ်သောကြောင့် သူတို့အားကောင်းမကောင်းသိကျွမ်းရာအပင်၏အသီးအကြောင်းကိုပင် စုံစမ်းမေးမြန်းစေဘို့ ထာဝရဘုရားသည် အလိုရှိတော်မမူချေ။ သူတို့သည် အသီးကိုမကိုင်မထိဘဲနေကြလျှင် သူတို့သည် လုံးလုံးဘေးကင်းလုံခြုံလိမ့်မည်ကို ဘုရားသခင်သိရှိတော်မူ၏။

## ရွေးချယ်နိုင်ဘို့လူ၏လွတ်လပ်ခွင့်

ဘုရားသခင်သည် ကျွန်ုပ်တို့၏ရှေးဦးမိဘနှစ်ပါးအား ကောင်းမကောင်းသိကျွမ်းရာအပင်အကြောင်းနှင့်ပတ်သက်၍ သွန်သင်ညွှန်ကြားထားတော်မူသည်အပြင် စာတန်ကျဆုံးခြင်းအကြောင်း သူ၏အကြံပေးချက်ကိုနားထောင်ခြင်းဖြင့် ဘေးဥပဒ်မကင်းကြောင်းတို့လည်း ပြောပြထားခဲ့လေပြီ။ တားမြစ်ထားသောအပင်၏အသီးကိုစားနိုင်ဘို့ အခွင့်အရေးကိုကား သူတို့ထံမှရှင်းရှင်းပယ်ရှားထားတော်မူသည်မဟုတ်။ ဘုရားသခင်၏စကားကို ယုံကြည်နားထောင်လိုက်နာပြီး အသက်ရှင်ရန် သို့မဟုတ် သွေးဆောင်သူ၏စကားကိုယုံကြည်လျက် ဘုရားသခင်၏စကားကိုနားမထောင်ဘဲ ပျက်စီးဆုံးပါးစေရန် မိမိတို့သဘောအတိုင်း ရွေးချယ်ပြုကျင့်နိုင်မည်အကြောင်း သူတို့အား ဘုရားသခင်က အခွင့်ပြုထားတော်မူ၏။ သူတို့နှစ်ဦးစလုံးသည် အသီးကိုစားကြသဖြင့် သူတို့ရရှိသောအမြတ်ဆုံးပညာကား၊ အပြစ်အကြောင်း၊ အပြစ်ဒဏ်ခံရမည်အကြောင်းတို့ကို သိရှိလာခြင်းတည်း။ သူတို့ပတ်လည်၌ဖုံးလွှမ်းနေသောအလင်းရောင်ခြည်သည် မကြာမီကွယ်ပျောက်သွား၍ အပြစ်ဒဏ်သင့်ကြောင်းကိုသိရှိလာလျက် မိမိတို့၌ရှိသော ဘုန်းရောင်ခြည်ဆုံးရှုံးကွယ်ပျောက်သွားခြင်းကြောင့် ကြောက်ရွံ့တုန်လှုပ်ခြင်းဖြစ်လာကြပြီး၊ ထင်ရှားစွာပေါ်နေသောသူတို့၏ကိုယ်ကိုဖုံးအုပ်ထားရန် ကြိုးစားရကြလေ၏။

ကျွန်ုပ်တို့၏ ရှေးဦးမိဘများတို့သည် မြွေဟုမိမိတို့ထင်သောသူ၏စကားကိုယုံကြည်ရန် ရွေးချယ်ကြသော်လည်း စာတန်သည် သူတို့အား ချစ်ခင်ကြောင်းလက္ခဏာတစ်ခုကိုမျှမပြပေ။ ဘုရားသခင်သည် သူတို့စားစရာအတွက် ကောင်းမြတ်သောအရာရှိသမျှနှင့် သူတို့ကြည့်ရှုစရာနှစ်သက်ဘွယ်ရာရှိသမျှတို့ကို ချပေးထားတော်မူသော်လည်း စာတန်သည် သူတို့၏ပျော်ရွှင်ရေးနှင့် သူတို့၏ကောင်းကျိုးအတွက်ဘာကိုမျှ ပြုလုပ်မပေးချေ။

မြင်သမျှသောအရပ်ရပ်တိုင်းတွင် ကောင်းမြတ်သောအရာများနှင့် ပြည့်ဝနေလျက် လှပတင့်တယ်ခြင်းနှင့်မွမ်းမံလျက်ရှိ၏။ သို့ရာတွင် ဧဝသည် မြွေအားဖြင့်လှည့်ဖြားခြင်းခံရလျက် မိမိတို့အား ဘုရားသခင်ကဲ့သို့ပင် ပညာဉာဏ်နှင့် ပြည့်စုံစေမည့်အရာတစ်စုံတစ်ခုကို ချွင်းချန်ထားတော်မူလေပြီဟု ထင်မှတ်လေ၏။ ဘုရားသခင်၌ယုံကြည်အားထားရမည့်အစား သူမသည် ဘုရားသခင်၏ကောင်းမြတ်သောသဘောကို ယုတ်ညံ့သောသဘောနှင့် ယုံမှားသံသယဖြစ်ကာ စာတန်၏စကားများကို နှစ်သက်မြတ်နိုးလာ၏။

အာဒံသည် ပြစ်မှုကျူးလွန်ပြီးနောက်၊ သာ၍မြင့်မြတ်သောအခြေအနေသစ်သို့ တက်ရောက်လာပြီဟု ပဌမဦးစွာထင်မြင်၏။ သို့သော် မကြာမှီမိမိကျူးလွန်မှုအကြောင်း စဉ်းစားမိသောအခါ တုန်လှုပ်ထိန့်လန့်သွား၏။ တစ်ခါက အပူအအေးညီမျှသက်သာလေသည်။ ယခုသူတို့အား ချမ်းစိမ့်စေသည်ဟုထင်မြင်ရ၏။ အပြစ်သင့်သောဇနီးမောင်နှံတို့သည် အပြစ်ဒုစရိုက်၏သဘောကိုသိရှိရကြလေပြီ။ သူတို့သည် အနာဂတ်ကာလအတွက် လွန်စွာကြောက်လန့်စိုးရိမ်နေကြလျက်၊ မိမိတို့၌တစ်စုံတစ်ခုလိုနေသကဲ့သို့ဖြစ်၍ ဝိညာဉ်ရေး၌ချွတ်ယွင်းနေသည်ဟု ထင်ရ၏။ နှစ်သက်ဘွယ်သောမေတ္တာ၊ ချိုသာသောငြိမ်သက်ခြင်းနှင့် တင်းတိမ်ပျော်မွေ့ဘွယ်စည်းစိမ်သည် ကွယ်ပျောက်သွား၍ ထိုအရာအစားအထက်က ဘယ်အခါမျှမိမိတို့မကြုံစဖူးခဲ့သည့် တစ်စုံတစ်ခုကိုတောင် တသလိုလားနေသောအဖြစ်ကိုခံစားနေကြရလေ၏။

ထိုအခါ သူတို့သည် ပဌမဦးစွာ မိမိတို့၏ပြင်ပအခြေအနေကို သတိပြုမိလာကြသည်။ သူတို့သည် အဝတ်ဖြင့်ဖုံးလွှမ်းထားခြင်းမရှိခဲ့ကြသော်လည်း ကောင်းကင်တမန်များကဲ့သို့ အလင်းရောင်ခြည်ဖြင့် ဖုံးလွှမ်းနေခဲ့ကြရသည်။ သူတို့အားဖုံးကွယ်ထားခဲ့သောဤအလင်းသည် ကွယ်သွားလေပြီ။ မိမိတို့၌လို နေသောအဖြစ်

အဝတ်ကင်းမဲ့နေသောအဖြစ်ကို သိရှိလာရသည်ကို သက်သာရာရစေခြင်းငှါ မိမိတို့၏ကိုယ်ကိုဖုံးအုပ်ရန်ရှာကြံဖို့ သတိပြုမိလာကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည်အဝတ်မပါဘဲ ဘုရားသခင်နှင့်ကောင်းကင်တမန်တို့ မျက်မှောက်တွင် အဘယ်သို့နေနိုင်ကြမည်နည်း။

ယခုသူတို့ကျူးလွန်သောပြစ်မှုသည် သူတို့ရှေ့၌ အခြေအနေအမှန်ကို ထင်ရှားစေလေပြီ။ ဘုရားသခင်၏ရှင်းလင်းသော ပညတ်အမိန့်ကိုသူတို့ လွန်ကျူးခြင်းအမှုသည် သာ၍ထင်ရှားသိသာသောသဘောတို့ကို ပြလေပြီ။ ဧဝသည် မိမိ၏အပါးမှထွက်ခွါသွား၍ မြွေ၏လှည့်ဖြားခြင်းကိုခံယူရသဖြင့် ဧဝ၏မိုက်မဲခြင်းဖြစ်သည်ဟု အာဒံကဧဝအားအပြစ်တင်၏။ မိမိတို့ပျော်မွေ့ရေးအတွက် အရာခပ်သိမ်းကိုချပေးတော်မူခဲ့သောဘုရားသခင်သည် မိမိတို့ကို မဟာမေတ္တာတော်နှင့်ချစ်ခင်တော်မူသဖြင့် သူတို့နားမထောင်ခြင်းအပြစ်ကို ဖြေလွှတ်တော်မူလိမ့်ဦးမည်။ ၎င်းပြင် သူတို့၏အပြစ်ဒဏ်သည် အလွန်ကြောက်စရာကောင်းလိမ့်မည်မဟုတ်ဟု သူတို့နှစ်ဦးစလုံးသည် မိမိတို့ကိုယ်ကိုမိမိတို့မြှောက်ပင့်ပြောဆိုကြ၏။

စာတန်သည် မိမိ၏အောင်မြင်မှုအတွက် အလွန်ပင်ဝမ်းသာရွှင်လန်းလျက်ရှိ၏။ ယခုသူသည် မိန်းမကိုဘုရားသခင်အား ယုံကြည်အားကိုးခြင်း ရှိစေရန် ဘုရားသခင်၏ဉာဏ်ပညာတော်ကို စစ်ဆေးမေးမြန်းရန်နှင့် ဘုရားသခင်၏ အနန္တဉာဏ်တော်ဖြင့် စီမံထားသောအရာများတွင် ဝင်ရောက်စွက်ဖက်ဖို့ ကြိုးစားရန်သွေးဆောင်ခဲ့လေ၏။

၎င်းပြင် သူမအားဖြင့် အာဒံကို ဖျက်ဆီးခဲ့ရာ အာဒံသည်လည်း ဧဝကို ချစ်ခင်သောကြောင့် ဘုရားသခင်၏အမိန့်တော်ကိုနားမထောင်ဘဲနေလျက် သူမနှင့်အတူကျဆုံးရရှာလေပြီ။

လူ၏ကျဆုံးခြင်းအကြောင်းသည် ကောင်းကင်တစ်ဝှမ်းလုံးနှံ့ပြားသွား၏။ စောင်းရှိသမျှသည် အသံတိတ်ဆိတ်သွားကြ၏။ ကောင်းကင်တမန်တို့သည် ဝမ်းနည်းခြင်းနှင့် မိမိတို့၏ခေါင်းမှ သရဖူတို့ကိုချွတ်၍ ချထားကြ၏။ ကောင်းကင်တဝှမ်းတွင် လှုပ်ရှားထကြွသွား၏။ ဘုရားသခင်ချပေးတော်မူသော များစွာသောဆုမင်္ဂလာများအတွက်ဆပ်ပေးသော လူ၏ယုတ်ညံ့သောကျေးဇူးမဲ့ခြင်းအဖြစ်ကို သိမြင်ရသဖြင့် ကောင်းကင်တမန်များတို့သည် စိတ်နာကြ၏။ အပြစ်သင့်သော ဇနီးမောင်နှံတို့အတွက် မည်ကဲ့သို့စီမံပြုလုပ်ရမည် . . . . . . . . . . . . . . . . . .

ကိုဆုံးဖြတ်ရန် အစည်းအဝေးတစ်ခုကိုကျင်းပရကြ၏။ သူတို့သည်လက်ကိုဆန့်လျက် အသက်ပင်၏အသီးကိုယူ၍စားခဲ့ကြလျှင်၊ ထိုသို့အပြစ်နှင့်ပြည့်ဝသော အသက်တာမျိုး၌ ဆက်လက်တည်ရှိနေမည်ကို ကောင်းကင်တမန်များက စိုးရိမ်ကြောင့်ကြနေကြ၏။

ထာဝရဘုရားသခင်သည် အာဒံနှင့်ဧဝတို့ကို အကြည့်အရှုကြွလာတော်မူ၍ သူတို့နားမထောင်ခြင်းအမှုအတွက် ခံစားရကြမည့်ကံကြမ္မာများအကြောင်းကို ဘော်ပြတော်မူ၏။ ဘုရားသခင်သည် ခမ်းနားစွာကြွလာတော်မူသည်ကို သူတို့သည်ကြားရကြသောအခါ၊ ဘုရားသခင်၏ကြည့်ရှုစစ်ဆေးခြင်းအမှုကို မနှစ်မြို့ကြသဖြင့် ပုန်းအောင်းရန်ကြံစည်ကြ၏။ သူတို့သည် အပြစ်ကင်း၍ သန့်ရှင်း၍နေကြစဉ်အခါက ထိုသို့အကြည့်အရှုကြွလာတော်မူသည်ကို ခရီးဦးကြိုပြုရန် နှစ်သက်ခဲ့ကြပြီ။

"ထာဝရအရှင်ဘုရားသခင်ကလည်း၊ သင်သည် အဘယ်မှာရှိသနည်းဟု လူကိုခေါ်တော်မူ၏။ လူကလည်းဥယျာဉ်၌ကိုယ်တော်၏အသံကို ကျွန်တော်ကြားလျှင် အဝတ်အချည်းစည်းရှိသောကြောင့် ကြောက်၍ပုန်းလျက်နေသည်ဟု လျှောက်လေ၏။ ဘုရားသခင်ကလည်း သင်၌အဝတ်အချည်းစည်းရှိသည်ကို သင့်အားအဘယ်သူပြောသနည်း။ မစားရဟုငါပညတ်သောအပင်၏အသီးကိုစားပြီလောဟု မေးတော်မူ၏။"

ဘုရားသခင်သည် ဤအဖြစ်အပျက်ကို မသိသေး၍ ကြားသိလိုသောကြောင့်မဟုတ်ဘဲ၊ အပြစ်သင့်သောဇနီးမောင်နှံနှစ်ဦး တို့အား မိမိတို့၏အပြစ်ကို ထင်ရှားစွာသိနားလည်စေလိုသောကြောင့်သာ ဤမေးခွန်းကိုမေးတော်မူ၏။ သင်တို့သည် အဘယ်သို့အားဖြင့် ရှက်ကြောက်လာရကြသလဲ။ အာဒံသည် မိမိ၏ကြီးမားသောနားမထောင်ခြင်းအပြစ်ကိုမြင်လျက် နောင်တရသည့်အတွက်ကြောင့်မဟုတ်ဘဲ ဘုရားသခင်အပေါ်၌သာ အပြစ်ကို ပြန်၍တင်ထားလိုသောကြောင့်သာ မိမိကျူးလွန်မိသောအပြစ်ကိုဖော်ပြ၏။ "ကျွန်တော်၌အပ်ပေးတော်မူသော မိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်စားမိပါသည်။" ထိုနောက် မိန်းမအား "သင်သည်အဘယ်သို့ပြုသ နည်း"ဟု မေးတော်မူပြန်ရာ ဧဝက "မြွေသည် ကျွန်တော်မကိုလှည့်စား၍ ကျွန်တော်မသည်စားမိပါပြီ"ဟု ပြောလေ၏။

**အာဒံနှင့်ဧဝတို့သည် နားမထောင်ခြင်းကြောင့် လှပသောဥယျာဉ်အိမ်မှ နှင်ထုတ်ခံရခြင်း။**

## ကျိန်ခြင်း

ထိုနောက် ထာဝရဘုရားက မြွေအား၊ သင်သည် ဤအမှုကိုပြုသောကြောင့်၊ သားယဉ်၊ သားရဲအပေါင်းတို့ထက် ကျိန်ခြင်းကိုခံရ၏။ သင်သည်ဝမ်းဖြင့်သွား၍ မြေမှုန့်ကိုတစ်သက်လုံးစားရမည်”ဟု မိန့်တော်မူ၏။ မြွေသည် သားရဲအပေါင်းတို့ထက် ချီးမြောက်ခြင်းကိုခံရသဖြင့် ထိုသားရဲအပေါင်းတို့ထက် ရှုပ်ချခြင်းကိုခံရ၍ စာတန်သည် လူတို့စုံစမ်းရာတွင် မြွေကိုစပ်ကြားတွင် အသုံးပြုရခြင်းကြောင့်၊ လူသည် ၎င်းကိုအလွန်စက်ဆုပ်ရွံရှာလိမ့်မည်။

အာဒံကိုလည်း၊ “ထိုအပင်၏အသီးကိုမစားရဟု ငါပညတ်သော်လည်း သင်သည်မယား၏စကား ကိုနားထောင်၍စားမိသောကြောင့် မြေသည် သင်၏အတွက်ကျိန်ခြင်းကိုခံလျက် ရှိ၏။ မြေ၏အသီးကိုတစ်သက်လုံးပင်ပန်းစွာစားရမည်။ ဆူးပင်အမျိုးမျိုးတို့ ကိုလည်း သင့်အဖို့မြေပေါက်စေမည်။ လယ်၌ဖြစ်သောဟင်းသီးဟင်းရွက် တို့ကိုသင်စားရမည်။ သင်ထွက်ရာမြေသို့မပြန်မှီတိုင်အောင် သင်၏မျက်နှာ မှချွေးထွက်လျက် အစာကိုစားရမည်”ဟု ထာဝရဘုရားမိန့်တော်မူ၏။

ကောင်းမကောင်းသိကျွမ်းရာအပင်၏အသီးကိုစားရာ၌သူတို့အပြစ်ပြုသောကြောင့် ဘုရားသခင်သည် မြေကြီးကိုကျိန်ဆဲတော်မူလျက် “မြေ၏အသီးကိုတစ်သက်ပတ်လုံးပင်ပန်းစွာစားရမည်”ဟု မိန့်တော်မူ၏။ ဘုရားသခင်သည် သူတို့အတွက် ကောင်းသောအရာကို ခွဲခန့်စီမံပေးတော်မူပြီး မကောင်းသောအရာကိုမပေးဘဲထားတော်မူ၏။

ယခု ဘုရားသခင်က မြေ၏အသီးကိုစားရမည်ဟု မိန့်တော်မူရာ၌ သူတို့သည် တစ်သက်ပတ်လုံးမကောင်းသောအမှုအရာတို့နှင့် ကြုံတွေ့ရကြလိမ့်မည်ဟု ဆိုလိုတော်မူ၏။

လူမျိုးသည် ထိုအချိန်အခါမှစ၍ စာတန်၏သွေးဆောင်ခြင်းအားဖြင့် ညှဉ်းဆဲခံနေရကြလိမ့်မည်။ အာဒံသည် အထက်ကပြုလုပ်ခဲ့ရသော ပျော်ရွှင်စိတ်အား တက်ဖွယ်လုပ်ငန်းအစား တစ်သက်ပတ်လုံး ပင်ပန်းစိုးရိမ်ခြင်းနှင့် ဝမ်းနည်းပူဆွေးခြင်း၊ ဝေဒနာခံစားရခြင်းနှင့် နောက်ဆုံး၌ပျက်စီးခြင်းအမှုတို့ . . .

ကို တွေ့ဆုံရင်ဆိုင်ရကြလိမ့်မည်။ သူတို့အားမြေမှုန့်ဖြင့်ဖန်ဆင်းသဖြင့် သူတို့သည် မြေမှုန့်အဖြစ်သို့ပြန်သွားရကြမည်။

သူတို့သည် ဧဒင်အရပ်ကိုအဆုံးခံရကြမည်ဟု သူတို့အား ဘော်ပြထား၏။ သူတို့သည် စာတန်၏လှည့်ဖြားခြင်းသို့လိုက်ပါသွားကြလျက် ဘုရားသခင်သည် မုသာပြောလိမ့်မည်ဟု စာတန်ကပြောဆိုသောစကားတို့ကို ယုံကြည်ကြ၏။ သူတို့ပြစ်မှုကျူးလွန်ခြင်းအားဖြင့် စာတန်အားသူတို့ထံသို့ အလွယ်တကူရောက်ရှိလာစေရန် လမ်းဖွင့်ပေးကြပြီ။

ဝှင်းပြင် သူတို့သည် အပြစ်နှင့်ပြည့်ဝနေသော အခြေအနေ၌ အသက်ပင်၏အသီးကိုစားခွင့်ရသဖြင့် အပြစ်ရှိသောအသက်တာ၌ ကြာရှည်တည်ရှိနေရမည်ကို စိုးရိမ်ရသောကြောင့်၊ သူတို့သည် ဧဒင်ဥယျာဉ်တွင် ဆက်လက်နေဖို့မသင့်ကြတော့ချေ။ စည်းစိမ်ချမ်းသာနှင့်ပြည့်ဝနေသော ဧဒင်အ ရပ်၌နေထိုင်ခွင့်ကို လက်လွှတ်လိုက်လေပြီဟု သူတို့ဝန်ခံသိနားလည်သော်လည်း ထိုအရပ်၌ဆက်လက်နေထိုင်ရန် သူတို့ကအတင်းအကျပ်တောင်းပန်ကြ၏။ နောင်အခါတွင် ဘုရားသခင်၏အမိန့်တော်ကိုချက်ချင်းလိုက်နာပါမည်ဟု သူတို့ သည်ကတိထားကြ၏။ သူတို့သည် အပြစ်ကင်းသောအဖြစ်မှ အပြစ်သင့်သောအဖြစ်သို့ ကျဆုံးသွားရာတွင် သူတို့သည်ခွန်အားကိုမရရှိတော့ဘဲ များစွာပင်ခွန် အားဆုတ်ယုတ်လာကြပြီဟု သူတို့အားကြားပြောထား၏။ သူတို့သည်ပျော်ရွှင် အပြစ်ကင်းလျက် သန့်ရှင်းသော အဖြစ်၌ရှိနေစဉ်အခါပင် သူတို့သည် တည်ကြည်မြဲမြံခြင်းမရှိခဲ့ကြသဖြင့် ထင်ရှားသိသာစွာအပြစ်သင့်နေသော အခြေအနေ၌သူ တို့သည် သစ္စာစောင့်လျက်မှန်ကန်တည်ကြည်ဖို့ သာ၍အားနည်းကြလိမ့်မည်။ သူတို့သည် စိတ်ဒုက္ခ၊ ပူဆွေးခြင်းတို့နှင့် အများဆုံးပြည့်ဝနေကြသည်။ ယခု အပြစ်၏ဒဏ်သည် သေခြင်းဖြစ်ကြောင်း သူတို့သိရှိနားလည်လာကြလေပြီ။

ချက်ခြင်းကောင်းကင်တမန်များအား အသက်ပင်သို့သွားရာလမ်းကို စောင့်ရှောက်ကာကွယ်ထားရန် အာဏာအပ်နှင်းထားလေပြီ။ အာဒံနှင့်ဧဝတို့သည် ဘုရားသခင်၏စကားကိုနားမထောင်သဖြင့် ဘုရားသခင်၏အမျက်တော်ကို ခံရကြပြီးနောက် သူတို့သည် အသက်ပင်၏အသီးကို စားနေကြခြင်းဖြင့် အပြစ်နှင့်ပြည့်ဝသောအသက်တာ၌ ဆက်လက်တည်ရှိနေကြရမည်အ. . . . . . . . . .

ကြောင်း စာတန်သည် အသေအချာစီမံထားလေပြီ။ သို့သော် သူတို့အား အသက်ပင်ရှိရာလမ်းသို့ မသွားစေရန်တားမြစ်ဖို့ သန့်ရှင်းသောကောင်းကင်တမန်များကို စေလွှတ်တော်မူပြီ။ တောက်ပသောသန့်လျက်သဏ္ဍာန်ရှိသော အလင်းရောင်ခြည်များသည် ဤကောင်းကင်တမန်များ၏ပတ်လည်၌ ဖြာထွက်နေလေ၏။

--oo--

## အခန်း (၅)
## ကယ်တင်ခြင်းစီမံကိန်း

လူသည်ဆုံးရှုံး၍၊ ဘုရားသခင်ဖန်ဆင်းတော်မူခဲ့ပြီးသော လောကကြီးသည် စိတ်မချမ်းသာမှု၊ ဖျားနာမှု၊ သေဆုံးမှုတို့ဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံနေရသော ပုပ်ပျက်သေတတ်သောသတ္တဝါများနှင့်ပြည့်ဝနေရပြီး၊ အပြစ်ကျူးလွန်သောသူအတွက် လွတ်မြောက်ရာလမ်းမရှိသည်ကို သိရှိရကြသောအခါ ကောင်းကင်တွင် ဝမ်းနည်းပူဆွေးခြင်းဖြစ်လာလေ၏။ အာဒံ၏အိမ်ထောင်တစ်ခုလုံးသေရမည်။ ကျွန်ုပ်သည် နှစ်သက်ဘွယ်ဖြစ်သောသခင်ယေရှုကို တွေ့မြင်ရ၍၊ ကိုယ်တော်၏မျက်နှာတော်တွင် ထောက်ထားစာနာခြင်း၊ ဝမ်းနည်းခြင်းလက္ခဏာကိုလည်းတွေ့ရှိရ၏။ များမကြာမီခမည်းတော်ကိုဖုံးလွှမ်းနေလျက် အလွန်တရာပင် တောက်ပထွန်းလင်းသောအလင်းနားသို့ ကိုယ်တော်ချဉ်းကပ်သွားသည်ကို ကျွန်ုပ်မြင်ရ၏။ ကိုယ်တော်သည် မိမိ၏ခမည်းတော်နှင့်ရင်းနှီးစွာ ဆွေးနွေးတိုင်ပင်နေတော်မူသည်ဟု ကျွန်ုပ်နှင့်အတူပါရှိသော ကောင်းကင်တမန်ကပြော၏။ သခင်ယေရှုသည် ခမည်းတော်နှင့်ညှိနှိုင်းတိုင်ပင်နေတော်မူစဉ်၊ ကောင်းကင်တမန်တို့၏ စိုးရိမ်ပူပန်ခြင်းလက္ခဏာသည် ပြင်းထန်လာသည်ဟုထင်ရ၏။ သုံးကြိမ်တိုင်တိုင်ကိုယ်တော်သည် ခမည်းတော်၏ပတ်လည်ရှိ ဘုန်းရောင်ခြည်ဖြင့်ဖုံးလွှမ်းသွားပြီးနောက် တတိယအကြိမ်တွင် ကိုယ်တော်သည် ခမည်းတော်ထံမှထွက်လာသဖြင့် ကိုယ်တော်၏ပုံသဏ္ဍာန်တော်ကိုမြင်နိုင်၏။ ကိုယ်တော်၏မျက်နှာတော်သည် တည်ကြည်နေလျက်ရှုပ်ထွေးခြင်း၊ ယုံမှားခြင်းအပေါင်းနှင့်ကင်းစင်ပြီး၊ ကောင်းကျိုးပြုလိုသောသဘော၊ နှစ်သက်ဘွယ်သောသဘောနှင့်တောက်ပနေရာ၊ စကားအားဖြင့်ဘော်ပြခြင်းငှါမတတ်နိုင်ချေ။

ထိုနောက် ပျောက်ဆုံးသောလူအတွက် လွတ်မြောက်ရာလမ်းကိုစီမံပြီးလေပြီဟု ကိုယ်တော်က ကောင်းကင်ဗိုလ်ခြေတို့အား ရှင်းပြတော်မူ၏။ ကိုယ်တော်သည် ခမည်းတော်ကိုတောင်းပန်လျှောက်ထားပြီး မိမိအားဖြင့် လူသည်အပြစ်လွတ်ခွင့်ရရှိမည်အကြောင်း၊ မိမိ၏အသက်ကိုရွေးယူရန် အာမခံအဖြစ်ဆက်ကပ်ပြီး မိမိကိုယ်တော်တိုင် သေဒဏ်ကိုခံယူရန်ဆုံးဖြတ်ခဲ့ပြီး . . . . . . . . .

ကြောင်း၊ ၄င်းပြင် မိမိအသွေးတည်းဟူသော ကုသိုလ်ကောင်းမှုများအားဖြင့်၄င်း၊ မိမိကိုယ်တော်တိုင် ဘုရားသခင်၏ပညတ်တော်ကို လိုက်နာစောင့်ရှောက်ခြင်းအားဖြင့်၄င်း၊ လူတို့သည် ဘုရားသခင်၏ကျေးဇူးဂရုဏာတော်ကို ခံယူရရှိပြီး၊ လှပတင့်တယ်သောဥယျာဉ်ထဲသို့ တဖန်ဝင်ရောက်လျက် အသက်ပင်၏အသီးကို စားခွင့်ရရှိကြလိမ့်မည်ဟု ကိုယ်တော်က ကောင်းကင်တမန်တို့အား ပြောပြတော်မူသေး၏။

ကောင်းကင်တမန်တို့၏ဗိုလ်ချုပ်ကြီးသည် မည်သည့်အရာကိုမျှကွယ်ဝှက်မထားဘဲ သူတို့ရှေ့တွင် ကယ်တင်ခြင်းစီမံကိန်းကိုဘော်ပြသဖြင့်၊ ပဋမ၌ကောင်းကင်တမန်တို့သည် ဝမ်းမြောက်ခြင်းမရှိကြ။ ကိုယ်တော်က၊ မိမိသည်ခမည်းတော်၏အမျက်ဒေါသနှင့် အပြစ်သင့်သော လူ၏စပ်ကြားတွင်နေလျက်၊ အပြစ်ဒုစရိုက်နှင့်ကဲ့ရဲ့ပြစ်တင်ခြင်းကိုခံယူလိမ့်မည်။ သို့သော် အနည်းငယ်သောသူတို့သာ ကိုယ်တော်ကို ဘုရားသခင်၏သားတော်အပြစ်နှင့် လက်ခံကြလိမ့်မည်ဟု သူတို့အားပြောပြတော်မူ၏။

လူအပေါင်းလိုလိုပင် ကိုယ်တော်ကိုမုန်း၍ငြင်းပယ်ကြလိမ့်မည်။ ကိုယ်တော်သည်ကောင်းကင်၌ ခံစားရရှိသောဘုန်းတော်အပေါင်းကိုစွန့်ပစ်၍မြေကြီးပေါ်၌လူဇာတိကိုခံယူလျက် လူကဲ့သို့မိမိကိုယ်ကိုနှိမ့်ချပြီးလျှင်၊ သွေးဆောင်ခြင်းခံရသောသူတို့အား မည်ကဲ့သို့မစကူညီနိုင်မည်ကို သိရှိမည်အကြောင်း၊ လူတို့ခံရသောစုံစမ်းခြင်းအမျိုးမျိုး၌ ကျင်လည်ရလိမ့်မည်။ ၄င်းပြင် နောက်ဆုံး၌သွန်သင်လမ်းပြသော ဆရာအဖြစ်နှင့် မိမိလုပ်ဆောင်ရသောအမှုသည် ပြီးမြောက်သွားသောအခါ ကိုယ်တော်သည် လူတို့၏လက်သို့အပ်နှံခြင်းကိုခံရလျက် စာတန်နှင့်သူ၏တမန်များက လူတို့အား တိုက်တွန်းနှိုးဆော်သည်အတိုင်း လူတို့ကပြုကျင့်နိုင်သောရက်စက်ကြမ်းကြုပ်မှုနှင့် ဒုက္ခဆင်းရဲခံစေခြင်းအမှု အားလုံးလိုလိုပင် ခံယူတော်မူရလိမ့်မည်။ အပြစ်ဒဏ်သင့်သောအပြစ်သားအဖြစ် ကောင်းကင်နှင့်မြေကြီးစပ်ကြားတွင် ဆွဲထားခြင်းခံရလျက် အရက်စက်ဆုံး သောသေဒဏ်ကိုခံရလိမ့်မည်။ ကောင်းကင်တမန်များပင်လျှင်မကြည့်ရှုနိုင်ဘဲ မိမိတို့မျက်နှာကိုဖုံးကွယ်ထားစေလောက်အောင် ပြင်းထန်သောနာကျင်ခြင်း ဝေဒနာကို ကိုယ်တော်သည် ကြောက်မက်ဘွယ်ခံစားရလိမ့်မည်။ ကိုယ်တော်သည် ကိုယ်ကာယ၌ခံစားရသောဝေဒနာကိုသာမကသေး၊ ကာယဒုက္ခဆင်းရဲနှင့်ပင် မည်. . . . . . . . . . .

သည့်နည်းနှင့်မျှ မနှိုင်းယှဉ်အပ်သောစိတ်ဝိညာဉ်ဝေဒနာကို ခံစားတော်မူရလိမ့်မည်။ လောကတစ်ဝှမ်းလုံး၏အပြစ်များဖြင့် ကိုယ်တော်သည် ဝန်လေးလျက်ရှိလိမ့်မည်။ ကိုယ်တော်သည် သေခြင်းကိုခံပြီးနောက် သုံးရက်မြောက်သောနေ့၌ တစ်ဖန်သေခြင်းမှထမြောက်လျက် လမ်းမှား၊ ပြစ်ဒဏ်သင့်နေသောလူအတွက် ဖြန်ဖြေမှုကိုပြုရန် မိမိ၏ခမည်းတော်ထံသို့ တက်ကြွတော်မူရလိမ့်မည်ဟု ကိုယ်တော်က ကောင်းကင်တမန်တို့အား ဘော်ပြတော်မူ၏။

## ကယ်တင်ခြင်းခံရဘို့ပြုလုပ်နိုင်သောတစ်ခုတည်းသောနည်းလမ်း

ကောင်းကင်တမန်များသည် ကိုယ်တော်၏ရှေ့တော်၌ ပျပ်ဝပ်နေကြ၏။ သူတို့သည် မိမိတို့အသက်ကိုဆက်ကပ်ကြ၏။ ကိုယ်တော်က မိမိအသေခံခြင်းဖြင့် ကောင်းကင်တမန်တစ်ပါး၏အသက်အားဖြင့် ဆပ်ပေး၍မရနိုင်သော များစွာသောလူအပေါင်းတို့ကို ကယ်တင်လိမ့်မည်ဟု သူတို့အားပြောပြတော်မူ၏။ လူကိုရွေးနှုတ်ရန် အဘိုးအခါအဖြစ်နှင့် ကိုယ်တော်၏အသက်ကိုသာ ခမည်းတော်သည် လက်ခံနိုင်တော်မူ၏။ သခင်ယေရှုက၊ သူတို့သည်ကိုယ်တော်နှင့်အတူရှိလျက် မကြာခဏကိုယ်တော်အားလာရောက်အားပေးကူညီရန် တာဝန်အသီးအသီးကို ဝေမျှခံယူရကြလိမ့်မည်ဟု သူတို့အားဘော်ပြတော်မူသေး၏။ ကိုယ်တော်သည် လူ့ဇာတိကိုခံယူသဖြင့် သူ၏ခွန်အားသည် သူတို့၏ခွန်အားနှင့်ပင် တူညီတော့မည်မဟုတ်။ မိမိ၏ရှုတ်ချခံရခြင်း၊ ကြီးစွာသောဒုက္ခဆင်းရဲခံရခြင်းအမှုတို့အတွက် သူတို့သည် သက်သေများဖြစ်ရကြမည်။ ၎င်းပြင် သူတို့သည် ကိုယ်တော်၏ဒုက္ခဆင်းရဲခံရခြင်းအမှု၊ လူများကကိုယ်တော်ကို မျက်နှန်းကျိုးခြင်းအမှုတို့ကိုမြင်ရကြသောအခါ သူတို့သည် စိတ်ထဲ၌ များစွာပင်ထိခိုက်လှုပ်ရှားခြင်းဖြစ်လျက်၊ ကိုယ်တော်ကိုချစ်ခင်ကြခြင်းကြောင့်၊ ကိုယ်တော်ကို သတ်ဖြတ်ညှဉ်းဆဲကြသော သူတို့လက်မှ ကိုယ်တော်ကိုကယ်ဆယ်၍လွတ်မြောက်စေရန် အလိုရှိကြလိမ့်မည်။ သို့ရာတွင် သူတို့တွေ့မြင်ရသောအမှုကိစ္စတို့တွင် သူတို့သည် ဝင်ရောက်တားမြစ်ကွယ်ကာရကြမည်မဟုတ်။ ၎င်းပြင် သူတို့သည် ကိုယ်တော်သေခြင်းမှထမြောက်ခြင်းအမှုတွင် ပါဝင်ကူညီရလိမ့်မည်။ ကယ်တင်ခြင်းစီမံကိန်းကိုရေးဆွဲပြီး၍ ခမည်းတော်သည်လည်း လက်ခံသဘောတူညီတော်မူပြီဟု သူတို့အားပြောပြတော်မူသေး၏။

သခင်ယေရှုသည် ကောင်းကင်တမန်များအား သန့်ရှင်းသောဝမ်းနည်းခြင်းမျိုးနှင့် စိတ်သက်သာစေလျက် အားပေးနှုတ်ဆက်ပြီးနောက်၊ ယခုမှစ၍ မိမိရွေးနုတ်ပြီးသောသူတို့သည် မိမိနှင့်အတူရှိကြလျက် မိမိအသေခံတော်မူခြင်းဖြင့် များစွာသောလူတို့ကိုရွေးနုတ်၍သေခြင်းကိုအစိုးရသောသူကိုဖျက်ဆီးလိမ့်မည်ဟု သူတို့အားပြောကြားတော်မူ၏။

၎င်းပြင် ကိုယ်တော်၏ခမည်းတော်သည် ကိုယ်တော်အား ကောင်းကင်တဝှမ်းလုံးအထဲတွင်ရှိ နိုင်ငံတော်နှင့်တကွ နိုင်ငံတော်၏ အထွဋ်အမြတ်တို့ကို အပ်ပေးတော်မူသဖြင့် ကိုယ်တော်သည် ၎င်းကိုထာဝရကာလအဆက်ဆက် ပိုင်ဆိုင်စိုးမိုးတော်မူမည်။

ကောင်းကင်နှင့်ဆေးကြောသန့်ရှင်းစေပြီးသော ကမ္ဘာသစ်တို့ကို ဘယ်သောအခါမျှမနှောက်ယှက်စေခြင်းငှါ စာတန်နှင့်အပြစ်သားတို့သည် ဖျက်ဆီးခြင်းခံရကြမည်။ သခင်ယေရှုက ကောင်း ကင်ဗိုလ်ခြေတို့အား မိမိခမည်းတော်နှစ်သက်၊ သဘောတူတော်မူသော စီမံကိန်းကို သဘောတူစေရန် နှင့် မိမိအသေခံတော်မူခြင်းဖြင့် ကျဆုံးသောလူသည် တဖန် ဘုရားသခင်၏ကျေးဇူးဂရုဏာတော်ကို ခံစားခွင့်ရလောက်အောင် ချီးမြှောက်ခြင်းခံရလျက်၊ ကောင်းကင်ချမ်းသာကို ဝင်စားရမည့်အတွက်လည်း အားရဝမ်းမြောက်ခြင်းရှိကြစေရန် မှာထားတော်မူသေး၏။

ထိုအခါ ဝမ်းမြောက်ခြင်း၊ မဘော်ပြနိုင်လောက်သော ဝမ်းမြောက်ခြင်းသည် ကောင်းကင်၌ဖြစ်ပေါ်လာ၏။ ၎င်းပြင် ကောင်းကင်ဗိုလ်ခြေတို့သည် ချီးမွမ်းခြင်း၊ ရှိသေလေးစားခြင်းသီချင်းကိုသီဆိုကြွေးကြော်ကြလေ၏။ ဘုရားသခင်၏မဟာဂရုဏာတော်နှင့် ပုန်ကန်သောလူမျိုးအတွက် အသေခံတော်မူစေရန် ချစ်တော်မူသောသားတော်ကို စွန့်တော်မူရာ၌ ဘုရားသခင်၏နှိမ့်ချခြင်းသဘောတော်အတွက် သူတို့သည်အထက်က တီးခဲ့ဖူးသောဂီတသံထက်တဆတိုး၍ မြင့်သောအသံနှင့်စောင်းများတီးလျက် သီဆိုကြလေ၏။

သခင်ယေရှုသည် ခမည်းတော်၏ရင်ခွင်မှထွက်၍ဒုက္ခဆင်းရဲနှင့် ပူဆွေးဝမ်းနည်းဘွယ်အသက်တာမျိုးကိုရွေးချယ်လျက် အခြားသူများအား အသက်ကိုပေးရန် ရှက်ဘွယ်ကောင်းသော သေခြင်းမျိုးကိုခံယူရန် သဘောတူတော်မူလိမ့်မည်ဖြစ်သောကြောင့် ကိုယ်တော်၏ ကိုယ်ကို ငြင်းပယ်တော်မူခြင်း၊

ဥယျာဉ်တွင် စာတန်အပေါ်၌စီရင်ချက်ချပေးရာတွင် ရွေးနှုတ်ခြင်းအကြောင်း
ကိုလူအားရှေးဦးစွာထင်ရှားစေ၏။ ရန်သူ၏တန်ခိုးကိုချိုးဖွဲ့မည်အကြောင်း
ဂတိတော်ဖြစ်၏။

ကိုယ်ကိုဆက်ကပ်ပူဇော်ခြင်းအမှုများအတွက် ကိုယ်တော်ကိုချီးမွမ်းခြင်း၊ ရိုသေလေးမြတ်စွာချီးကျူးခြင်းအမှုများထွက်ပေါ်လာလေ၏။

"ခမည်းတော်သည် မိမိ၏ချစ်တော်မူသောသားတော်ကို စွန့်တော်မူရာ၌ များစွာအားထုတ်ခြင်းပြုတော်မမူရဟု သင်တို့ထင်မြင်ပါသလော။ မဟုတ်ပါ။ အလျှင်းမဟုတ်ပါ၊ အပြစ်သင့်သောလူအားပျက်စီးဆုံးပါးစေဘို့ဖြစ်စေ၊ လူအတွက် မိမိ၏ချစ်တော်မူသောသားတော်ကိုစွန့်တော်မူဘို့ဖြစ်စေ ကောင်းကင်ဘုံရှင် ဘုရားသခင်သည် အားထုတ်ခြင်းအမှုကိုပင် ပြုတော်မူရပေသည်" ဟု ကောင်းကင်တမန်ကပြောပြ၏။ လူ၏ကယ်တင်ခြင်းအတွက် ကောင်းကင်တမန်တို့သည် အလွန်ပင်စိတ်ပါဝင်စားကြသဖြင့် ပျက်စီးဆုံးပါးသောလူအတွက် မိမိတို့၏ဘုန်းအသရေနှင့်အသက်ကိုပင် စွန့်လွှတ်ရန်အလိုရှိသော ကောင်းကင်တမန်များကိုပင် သူတို့အထဲ၌တွေ့ရှိနိုင်ပေ၏။

"သို့သော် ထိုသို့ပြုသော်လည်း အကျိုးမရှိချေ။ ကျူးလွန်သောအပြစ်သည် အလွန်ကြီးမားသဖြင့် ကောင်းကင်တမန်တပါး၏အသက်ဖြင့် အကြွေးကိုမဆပ်ပေးနိုင်။ ဘုရားသခင်၏သားတော်အသေခံခြင်းအမှု၊ ကြားဖြန်ဖြေခြင်းအမှုအပြင် မည်သည့်အရာမျှအကြွေးကိုမဆပ်မပေးနိုင်၊ မြော်လင့်ရာမဲ့ဝမ်းနည်းပူဆွေးခြင်းအဖြစ်မှ ဆုံးရှုံးပျက်စီးနေသောလူကိုမကယ်တင်နိုင်" ဟု ကျွန်ုပ်နှင့်အတူပါရှိလာသောကောင်းကင်တမန်ကပြောပြ၏။

သို့ရာတွင် ကောင်းကင်တမန်များအားလုပ်ဆောင်စရာတာဝန်ကို ပေးအပ်ထားလေပြီ။ သူတို့သည် ဘုရားသခင်၏သားတော်အား ဒုက္ခဝေဒနာခံစားနေရစဉ်နှစ်သိမ့်စေပြီး ကိုယ်တော်အားလုပ်ကျွေးပြုစုရန် ကောင်းကင်ဘုန်းတော်ထဲမှ ခွန်အားဖြည့်စေသောဆေးဝါးဖြင့် ဆင်းလျက်တက်လျက်နေရကြမည်။ ၎င်းပြင် ကျေးဇူးတော်ကို ခံစားရသောသူများတို့အား ဆိုးသောတမန်များမှ၎င်း၊ မိမိတို့ပတ်လည်၌စာတန်ကအမြဲဖုံးလွှမ်းထားသောမှောင်မိုက်မှ၎င်း၊ ကာကွယ်စောင့်ရှောက်ရန် တာဝန်ကိုလည်း သူတို့အား ပေးထားသေး၏။ ပျောက်ဆုံးနေသောလူအားကယ်ဆယ်ရန် ဘုရားသခင်သည် မိမိ၏ပညတ်တော်ကို ပြောင်းလဲပြင်ဆင်ခြင်းငှါမတတ်နိုင်ကြောင်း ကျွန်ုပ်တွေ့မြင်ရ၏။ ထို့ကြောင့် ဘုရားသခင်သည် လူ၏ကျူးလွန်ခြင်းပြစ်မှုအတွက်ချစ်တော်မူသောသားတော်ကို အသေခံစေဘို့ ခွင့်ပြုတော်မူရလေ၏။

လူအားကျဆုံးစေခြင်းဖြင့် မိမိသည် ဘုရားသခင်၏သားတော်ကို မြင့်မြတ်သောနေရာမှဆွဲချနိုင်သဖြင့် စာတန်နှင့်သူ၏တမန်များသည် တစ်ဖန်ဝမ်းမြောက်လျက်ရှိကြ၏။ သခင်ယေရှုသည် ကျဆုံးသောလူ့ဇာတိကိုခံယူသောအခါ၊ သူသည် ကိုယ်တော်ကိုနိုင်နင်းလျက် ကယ်တင်ခြင်းစီမံကိန်းကို မဖြစ်မြောက်အောင် တားဆီးနှောက်ယှက်နိုင်လိမ့်မည်ဟု သူကမိမိ၏တမန်များအားပြောပြ၏။

စာတန်အား တစ်ခါကပျော်ရွှင်လျက် မြင့်မြတ်သောကောင်းကင်တမန်တစ်ပါးအဖြစ် ကျွန်ုပ်တွေ့မြင်ခဲ့ရ၏။ ထိုနောက် ယခုရှိနေသော အခြေအနေအတိုင်းသူ့ကိုမြင်ရပြန်၏။ သူသည် ရှင်ဘုရင်တို့၏ ပုံသဏ္ဌာန်မျိုးကိုဆောင်နေသေး၏။ သူ၏ကိုယ်ဟန်အနေအထားသည် ကြက်သရေရှိနေသေး၏။

အကြောင်းကား၊ သူသည် ကျဆုံးသွားသောကောင်းကင်တမန်တစ်ပါးဖြစ်၏။ သို့သော် သူ၏မျက် နှာပုံပန်းသဏ္ဌာန်မှာ စိုးရိမ်ခြင်း၊ ပူပန်ခြင်း၊ စိတ်မကြည်လင်မရွှင်မြူးခြင်း၊ ရန်ငြိုး ထားခြင်း၊ မျက်မုန်းကျိုးခြင်း၊ လိမ်လည်လှည့်ဖြားခြင်းနှင့်တကွ ဆိုးယုတ်သောအကျင့်ရှိသမျှနှင့် ပြည့်ဝနေဟန်ရှိ၏။ တစ်ခါက ကြက်သရေနှင့်ပြည့်စုံခဲ့သောနဖူးကိုလည်း ကျွန်ုပ်အထူးတွေ့မြင်ရပါသည်။ သူ၏နဖူးသည် မျက်စိနေရာမှအစပြု၍ အသားအရေတို့သည် လျော့လျက်တွဲကျနေ၏။

သူသည်ကြာမြင့်စွာကပင်မ ကောင်းမှုကို မိမိကိုယ်တိုင်စီမံဖန်တီးနေရသဖြင့်၊ ကောင်းမြတ်သောအကျင့်ရှိသမျှ သည် ဆုတ်ယုတ်သွားပြီး၊ မကောင်းမှုရှိသမျှတို့၏ ထူးခြားသောအမူအရာတို့သည် ဖြစ်ပေါ်လာလေ၏။ သူ၏မျက်စိများတွင် လိမ္မာပါးနပ်ခြင်း၊ စဉ်းလဲကောက်ကျစ်ခြင်း၊ သဘောများရှိလျက် များစွာစူးရှထိုးဖောက်မြင်နိုင်သော လက္ခဏာကိုပြနေ၏။ သူ၏ကိုယ်ထည်သည်ကြီးမား၍ သူ၏လက်နှင့်မျက်နှာတို့တွင် အသားအရေများသည် လျော့ကျနေ၏။

ကျွန်ုပ်သည် သူ့ကိုကြည့်နေစဉ် သူသည် လက်ဝဲလက်ပေါ်၌ မေးကိုထောက်ထားလျက်နေ၏။ သူသည် နက်နဲစွာစဉ်းစားနေဟန်ရှိ၏။ သူ၏ မျက်နှာ၌ ပြုံးယောင်ယောင်ရှိရာ၊ ၄င်းသည်မကောင်းမှုအပေါင်းနှင့် ပြည့်ဟန်ရှိလျက် မာရ်နတ်၏ကောက်ကျစ်စဉ်းလဲပုံမျိုးဖြစ်သောကြောင့် အကျွန်ုပ်သည် ထိတ်လန့်တုန်လှုပ်သွား၏။ မိမိဘမ်းဆီးလိုသောသူကို အသေအချာမိဘို့ကြံစည်နေစဉ် အချိန်တွင် ဤသို့သောအပြုံးကို သူသည်ဆောင် . . . . . . . . . . . . . . . . . . . .

တတ်ပြီးလျှင် မိမိထောင်ချောက်တွင် ဘမ်းလိုသူကိုခိုင်မြဲစွာမိထားသောအခါ၊ သူ၏အပြုံးသည် တိုး၍ကြောက်စရာကောင်းလာ၏။

အာဒံနှင့်ဧဝတို့သည် နှိမ့်ချခြင်း၊ မပြောနိုင်လောက်အောင် ဝမ်းနည်းခြင်းဖြင့် ဘုရားသခင်၏အမိန့်တော်ကို နားမထောင်ခဲ့သည့်အချိန်ကာလတိုင်အောင် မိမိတို့ပျော်ရွှင်စွာနေထိုင်ခဲ့ရသည့် နှစ်သက်ဘွယ်ဉယျာဉ်ထဲမှ ထွက်သွားရကြလေ၏။ သူတို့ပတ်ဝန်းကျင်လေထုသည် ပြောင်းလဲသွား၏။ အပြစ်ကျူးလွန်ခြင်းမပြုမှီကကဲ့သို့ ၄င်းပတ်ဝန်းကျင်သည် မပြောင်းမလဲဘဲရှိနေတော့သည်မဟုတ်။ ချမ်းစိမ့်ခြင်းအာရုံခံစားမှုမှ၄င်း၊ သူတို့ရရှိနေသောအပူဓာတ်မှ၄င်း ကာကွယ်ထားရန် ဘုရားသခင်သည် သူတို့အား သားရေဖြင့်လုပ်သော ဝတ်လုံနှင့်ခြုံပေးတော်မူ၏။

## မပြောင်းလဲနိုင်သောပညတ်တော်

လူမျိုးတစ်မျိုးလုံးအပေါ် သို့ ဘုရားသခင်၏အမျက်တော်ကို သက်ရောက်စေလောက်အောင်၊ အာဒံနှင့်ဧဝတို့၏နားမထောင်ခြင်း၊ ကျဆုံးခြင်းအမှုတို့ကြောင့် ကောင်းကင်တစ်ဝှမ်းသည် ငိုကြွေးညည်းတွားလျက်ရှိ၏။ သူတို့သည် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ရခြင်းအခွင့်ကိုဖြတ်ပယ်ကြပြီး၊ မြေဲလင့်ရာကင်းမဲ့သော စိတ်မချမ်းသာဘွယ်အဖြစ်ထဲသို့ တစ်ဟုန်တည်းထိုးဆင်းသွားကြ၏။ ဘုရားသခင်၏ပညတ်တရားတော်ကို လူ၏အလိုကျဖြစ်စေဘို့မပြောင်းလဲနိုင်၊ အကြောင်းကား ဘုရားသခင်စီမံခွဲခန့်တော်မူသော အမှုကိစ္စတွင် ၄င်းပညတ်တော်၏ တန်ခိုးသတ္တိသည် ဘယ်အခါမျှပျောက်ပျက်မသွားချေ။ ၄င်းတရားတော်၏အစိတ်အပိုင်း အနည်းငယ်မျှပင် စွန့်လွှတ်ပယ်ရှားခြင်းမခံရချေ။

သူတို့သည် ဘုရားသခင်၏ပညတ်တရားတော်ကိုလွန်ကျူးသောကြောင့် သူတို့သည် မိမိတို့၏သန့်ရှင်းသော နေရပ်တည်းဟူသော ဧဒင်ဉယျာဉ်အိမ်ကို မပိုင်ဆိုင်ရကြတော့ဘဲရှိနေသော်လည်း၊ သူတို့၏အမှုကိစ္စသည် လုံးလုံးမြော်လင့်ရာကင်းမဲ့သောအခြေမဟုတ်ကြောင်းကို ကျဆုံးသော ဇနီးမောင်နှံနှစ်ဦးတို့အား ကြားပြောရန်နှင့် သူတို့ထံသို့လာရောက်ကြည့်ရှုဘို့ရန် ဘုရားသခင်ကကောင်းကင်တမန်များအား တာဝန်ပေးအပ်ထားတော်မူ၏။ ဧဒင်ဉယျာဉ်၌ သူတို့နှင့်အတူစကားစမြည်ပြောဆိုတော်မူခဲ့သော ဘုရားသခင်၏ . . . . . . . . . . . . . . . . . .

သားတော်သည် သူတို့၏မြော်လင့်ရာကင်းမဲ့သော အခြေအနေကို သိမြင်တော်မူ သဖြင့် သနားခြင်းဂရုဏာစိတ်ဖြစ်ပေါ်လာလျက် သူတို့ခံထိုက်သော အပြစ်ဒဏ်ကို မိမိကိုယ်တိုင်ခံယူပြီးလျှင်၊ လူသည် မိမိအတွက်သခင်ခရစ်တော်ကြံရွယ်ထား တော်မူသည့်အပြစ်ဖြေလွှတ်ခြင်းအမှုတွင် ယုံကြည်ခြင်းအားဖြင့် အသက်ရှင် ခွင့်ရနိုင်ဦးမည်အကြောင်းကိုယ်တော်သည် သူတို့အတွက် အသေခံတော်မူရန် မိမိအလိုအလျောက်တာဝန်ခံတော်မူသည်ကိုသူတို့အားပြောပြကြ၏။ လူ၏အပြစ် ဒုစရိုက်သည် မည်မျှပင်ကြီးမားသော်လည်း စာတန်၏စိုးမိုးချုပ်ချယ်မှုကို လုံးလုံးမခံရမည်အကြောင်း၊ သခင်ခရစ်တော်အားဖြင့် မြော်လင့်ဘွယ်တံခါးဝကို ဖွင့်ပေးထားလေပြီ။ ဘုရားသခင်၏သားတော်ပြုတော်မူသော ကောင်းမှုကုသိုလ် တော်များ၌ ယုံကြည်ခြင်းဖြင့် လူသည် ချီးမြှင့်ခြင်းခံရသောကြောင့် သူသည် စာတန်၏ဥာဏ်ဆင်မှုများကို ကာကွယ်တားဆီးနိုင်လိမ့်မည်။

စုံစမ်းစစ်ဆေးရာ အချိန်ကာလကို လူအတွက်စီမံထားရာတွင် ဘုရား သခင်၏သားတော်ပြုတော်မူသော အပြစ်ဖြေခြင်းအမှု၌ ယုံကြည်လျက် နောင်တရ သောအသက်တာ၌ကျင်လည်ခြင်းအားဖြင့် သူသည် ခမည်းတော်၏ပညတ် တရားတော်ကို လွန်ကျူးခြင်းအပြစ်မှ ရွေးနှုတ်ခြင်းခံရလိမ့်မည်။ ၎င်းပြင် ထိုသို့အားဖြင့် ဘုရားသခင်၏တရားတော်ကို စောင့်ရှောက်ရန် ကြိုးပမ်းမှုကို လက်ခံနှစ်သက်တော်မူသောအခြေအနေသို့ ရောက်သည့်တိုင်အောင် ချီးမြှင့်ခြင်း ခံရလိမ့်မည်။

သူတို့သည် ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူးခဲ့ကြပြီဖြစ်ကြောင်း ကြော်ကြားသွားသောအခါ ကောင်းကင်၌ ပူဆွေးခြင်းဖြစ်လာကြောင်း၊ ထိုလွန် ကျူးခြင်းအမှုအတွက် သခင်ခရစ်တော်သည် မိမိ၏အဘိုးထိုက်သော အသက် တော်ကို ကြီးကျယ်စွာဆက်ကပ်ပူဇော်ဘို့လိုလာကြောင်းတို့ကို ကောင်းကင်တမန် တို့က သူတို့အား ပြန်ပြောကြားကြ၏။

ဘုရားသခင်၏ပညတ်တော်သည် မည်မျှမြင့်မြတ်သန့်ရှင်းသဖြင့် ၎င်းကို လွန်ကျူးခြင်းအမှုကြောင့် သူတို့နှင့်တကွ နောက်လာလတ့်သောဆွေမျိုးသား ချင်းတို့အား လုံးလုံးပျက်စီးဆုံးပါးခြင်းအဖြစ်မှကယ်ဆယ်ရန် အလွန်ပင်အဘိုး ထိုက်သော ပူဇော်သက္ကာကို ပူဇော်ဘိုလိုကြောင်းကို အာဒံနှင့်ဧဝတို့သည် သိရှိ လာကြသောအခါ ဘုရားသခင်၏ချစ်တော်မူသော သားတော်သည် ဤ . . . . .

ကြီးကျယ်သောပူဇော်ခြင်းကိုပြုလုပ်ရမည့်အစား သူတို့ကိုယ်တိုင်အသေခံဘို့၊ သို့မဟုတ် သူတို့နှင့်သားစဉ်မြေးဆက်တို့သည် မိမိတို့လွန်ကျူးခြင်းအပြစ်၏ ဒဏ်ကိုခံစားစေဘို့ သူတို့က တောင်းပန်လျှောက်ထားကြ၏။

အာဒံသည် တိုး၍ပူဆွေး စိတ်ဒုက္ခရောက်နေ၏။ ကြောက်စရာကောင်းသော ကံကြမ္မာကိုဖန်တီးစေလောက်အောင် သူ၏အပြစ်များသည် အလွန်တရာပင်ကြီးကျယ်နေသည်ကို သူသိမြင်ရလေ၏။ မိမိသည် သန့်ရှင်းအပြစ်ကင်းသောအဖြစ်၌ မိမိနှင့်တကွသွားလာလျက် စကားစမြည်ပြောနေရလျက် ကောင်းကင်တမန်တို့၏ ရိုသေချီးမြင့်၊ ကိုးကွယ် ဝတ်ပြုခြင်းခံရတော်မူသည့်ကောင်းကင်ဘုံ၏မြင့်မြတ်သောဗိုလ်ချုပ်ကြီးသည် မိမိ၏လွန်ကျူးခြင်းအပြစ်ကြောင့်၊ အသေသတ်ခြင်းခံတော်မူရန် မြင့်မြတ်သော နေရာမှ ဆွဲချခြင်းကိုခံရမည်လော။

ကောင်းကင်တမန်တစ်ပါး၏အသက်ဖြင့် အပြစ်ကြွေးကို မဆပ်မပေးနိုင်ကြောင်း အာဒံသည် ကြားသိရပြီ။ ကောင်းကင်နှင့်မြေကြီးပေါ်၌ ဘုရားသခင်၏အုပ်စိုးခြင်းအာဏာစက်၏အခြေခံဖြစ်သော ထာဝရဘုရား၏ပညတ်တရားတော်သည် ဘုရားသခင်ကိုယ်တော်တိုင်ကဲ့သို့ သန့်ရှင်း၏။

ဤအကြောင်းကြောင့် ကောင်းကင်တမန်တစ်ပါး၏အသက်ကို လွန်ကျူးခြင်းအပြစ်အတွက်ပူဇော်သက္ကာအဖြစ်နှင့် ဘုရားသခင်သည် လက်ခံတော်မမူနိုင်။ ဘုရားသခင်၏ရှေ့တော်၌ မိမိ၏ပညတ်တရားတော်သည် ပလ္လင်တော်ပတ်လည်ရှိသန့်ရှင်းသော ကောင်းကင် တမန်များထက်ပင်သာ၍ အရေးကြီးပေသည်။ လူ၏ကျဆုံးနေသောအခြေအနေ၌ လူ၏အလိုကျဖြစ်စေရန် ခမည်းတော်သည် ပညတ်တရားတော်တွင် ပညတ်တစ်စုံတစ်ခုကိုမျှဖျက်ဆီးပြောင်းလဲခြင်းပြုလုပ်နိုင်တော်မမူပါ။

သို့ရာတွင် ခမည်းတော်နှင့် စိတ်သဘောချင်းညီညွတ်လျက် လူကိုဖန်ဆင်းတော်မူသော ဘုရားသားတော်သည် မိမိဒအသက်ကိုပူဇော်သက္ကာအဖြစ်ဆက်ကပ်လျက် ခမည်းတော်၏အမျက်တော်ကိုခံယူခြင်းအားဖြင့် လူအတွက်ဘုရားသခင်လက်ခံနိုင်တော်မူသော အပြစ်ဖြေခြင်းအမှုကို ပြုလုပ်နိုင်တော်မူ၏။ သူ၏လွန်ကျူးခြင်းအပြစ်ကြောင့်၊ သေခြင်းနှင့်ဒုက္ခဆင်းရဲခြင်းသက်ရောက်ရသည်နည်းတူ၊ သခင်ယေရှုခရစ်၏ ပူဇော်သက္ကာယအားဖြင့် အသက်နှင့်မသေမပုပ်နိုင်သောအဖြစ်တည်းဟူသော အလင်းတရားသည် . . . . . . . . . . . . . . . . . . .

သက်ရောက်လာလိမ့်မည်ဟု ကောင်းကင်တမန်များက အာဒံအားကြားပြောကြ၏။

## အနာဂါတ်ကာလကိုမြော်မြင်ခြင်း

အာဒံကို ဧဒင်ဥယျာဉ်မှနှင်ထုတ်သည့်အခါမှစ၍ ရေလွှမ်းမိုးသည့် အချိန်ကာလတိုင်အောင် ငှင်းပြင်မြေကြီးပေါ်သို့သခင်ခရစ်တော်ပဌမအကြိမ် ကြွလာတော်မူသည်အချိန်အထိ ဆက်လက်၍နောင်ကာလတွင် ဖြစ်ပျက်မည့်အ ရေးကြီးသော အကြောင်းအရာများကို အာဒံအားဘော်ပြထားလေပြီ။ အာဒံနှင့် သူ၏သားစဉ်မြေးဆက်များကို ချစ်ခင်တော်မူခြင်းကြောင့် ဘုရားသခင်၏သား တော်သည် လူဇာတိကိုခံယူရန် ကိုယ်ကိုနှိမ့်ချတော်မူ၍၊ ထိုသို့မိမိကိုယ်ကို ရှုတ်ချခံခြင်းအားဖြင့် မိမိကိုယုံကြည်သောသူအပေါင်းတို့ကိုချီးမြှောက်တော်မူ၏။ ထိုသို့သော ပူဇော်သက္ကာသည် လောကတစ်ခုလုံးကိုကယ်တင်ဘို့ရန် လုံလောက် အောင်အဘိုးထိုက်တန်ပေသည်။ သို့ရာတွင် ထိုသို့အံ့သြဘွယ်ကောင်းသော ပူဇော် သက္ကာအားဖြင့် သက်ရောက်စေသော ကယ်တင်ခြင်းကျေးဇူးကို အနည်းငယ်သော သူတို့သာခံစားရကြလိမ့်မည်။ ကိုယ်တော်၏ကြီးမြတ်သော ကယ်တင်ခြင်းကျေးဇူး ကိုခံစားရကြမည်အကြောင်း သူတို့အတွက်လိုအပ်သောစည်းကမ်းချက်တို့ကို အများသာသူတို့သည်လိုက်နာကျင့်ဆောင်ကြလိမ့်မည်မဟုတ်။ ဆက်ကပ်ပူဇော် ထားပြီးသောယဇ်ပူဇော်သက္ကာ၏ကုသိုလ်တော်များအပေါ်၌ ယုံကြည်ခြင်းကို အမှီပြုလျက် နောင်တရခြင်း၊ နားထောင်ခြင်းအမှုများထက် အပြစ်နှင့်ဘုရားပညတ် တော်ကျူးလွန်မှုကို သူတို့သည်သာ၍နှစ်သက်ကြလိမ့်မည်။ ဤပူဇော်သက္ကာသည် အကန့်အသတ်မရှိအဘိုးတန်သောကြောင့် ၄င်းအားဖြင့် ရွေးချယ်ခံရသောသူသည် ရွှေစင်ထက်အဖိုးထိုက်တန်လိမ့်မည်။ ဩဖိရရွှေသပ်ထက်ပင် အဘိုးတန်သော လူဖြစ်လာလိမ့်မည်။

အာဒံအားရှုပါရုံတွင် သားစဉ်မြေးဆက်ပေါ်ပေါက်လာသော အချိန်ကာ လများကိုခေါ်ပြတော်မူရာ၊ ဘုရားသခင်၏သန့်ရှင်းသောပညတ်တော်ကို လွန်ကျူး လိုသောသူ၏ခိုင်မာသောဇာတိစိတ်ဓာတ်ကို လူသည်လိုက်လျောသောကြောင့် ရာဇဝတ်မှု၊ လွန်ကျူးခြင်းအပြစ်နှင့် ညစ်ညူးဘွယ်ရာများ တိုးပွါးလာသည်ကို သူမြင်ရလေ၏။ လူသည် အပြစ်ကိုဆက်လက်ကျူးလွန်နေမှု . . . . . . . . . . . .

ကြောင့် ဘုရားသခင်၏ကျိန်ခြင်းဘေးဒဏ်သည် လူသတ္တဝါတို့အပေါ်၌၎င်း၊ သားယဉ်တို့အပေါ်၌၎င်း၊ မြေကြီးပေါ်၌၎င်း တိုး၍တိုး၍သက်ရောက်လာသည်ကိုလည်း သူ့အားပြထားလေ၏။

အပြစ်ဒုစရိုက်နှင့်ကြမ်းကြုတ်သော သဘောများသည် တဖြည်းဖြည်းတိုးပွါးလာသော်လည်း လူသတ္တဝါတို့၏ဒုက္ခဆင်းရဲနှင့် အမင်္ဂလာအပေါင်းတို့အထဲတွင် ဘုရားသခင်ကိုသိကျွမ်းခြင်းအမှုကိုစောင့်ထိန်း လျက်၊ ကျင့်ဝတ်တရားများဆုတ်ယုတ်ညှိုးဖျင်းလာသည့်ကြားမှာပင် သွေးဆောင်ရာသို့မပါဘဲအပြစ်ကင်းသောသူအနည်းငယ်ကျန်ရှိနေမည်အကြောင်း ၊ သူ့အားဘော် ပြထားသေး၏။ အပြစ်သည် အဘယ်အရာဖြစ်ကြောင်း၊ ပညတ်တော်ကို လွန်ကျူးခြင်းဖြစ်ကြောင်း၊ အာဒံအားအသေအချာသိရှိနားလည်စေ၏။ လွန်ကျူးခြင်းအပြစ်ကြောင့်၊ အကျင့်တရား၊ စိတ်ဉာဏ်နှင့်ကိုယ်ကာယတည်းဟူသော ဗလသုံးတန်သည် ယိုယွင်းပျက်စီးသွားမည်ဖြစ်ရာ၊ အဆုံး၌လောကတစ်ဝှမ်းလုံးတွင်ရှိ လူသတ္တဝါတို့၌ အမျိုးမျိုးသောဒုက္ခဆင်းရဲခြင်းရောက်သည်တိုင်အောင် လူမျိုးအပေါင်းတို့သည် ဆိုးကျိုးကိုခံစားနေရကြလိမ့်မည်။

ဘုရားသခင်၏ဖြောင့်မတ်သောပညတ်တရားတော်ကိုလွန်ကျူးသဖြင့် အပြစ်ပြုမိသောမိမိ၏လမ်းစဉ်ကြောင့် လူ၏အသက်တာနေ့ရက်များသည်ကို တိုသွားကြလေသည်။ နောက်ဆုံး၌လူမျိုးသည် လွန်စွာပင်တန်ဖိုးယုတ်လျော့သွားရာ သူတို့သည် ယုတ်နိမ့်ပြီးတန်ဖိုးမရှိသလောက်ဖြစ်သွားသည်ဟုထင်ရ၏။ သူတို့သည် ဇာတိပကတိစိတ်သဘော၌ကျင်လည်နေကြသောကြောင့် ကရာနီကုန်း၏နက်နဲရာအချက်၊ အပြစ်ဖြေခြင်းနှင့်သက်ဆိုင်၍ ကြီးကျယ်မြင့်မားသောအကြောင်းအရာ၊ ကယ်တင်ခြင်းစီမံကိန်းတို့ကိုအများအားဖြင့် နားလည်သိရှိခြင်းငှါမတတ်နိုင်ကြချေ။

သို့သော် လူသတ္တဝါ၌အားနည်းခြင်းအဖြစ်၊ ယုတ်ညံ့နေသော စိတ်ဉာဏ်၊ အကျင့်နှင့်ကာယသတ္တိများရှိစေကာမူ၊ သခင်ခရစ်တော်သည် မိမိကောင်းကင်မှထွက်ခွာလာရတော်မူသည်အခါ ပြုတော်မူခဲ့သော အကြံအရွယ်အတိုင်း၊ လူသတ္တဝါတို့၏အားနည်း၊ ယုတ်ညံ့၊ ဆုတ်လျော့သောအဖြစ်၌ ဆက်လက်စိတ်ဝင်စားတော်မူလျက် မိမိတို့၏အားနည်းခြင်း၊ ကြီးစွာချို့တဲ့ခြင်းအဖြစ်များကိုကိုယ်တော်တိုင်၌မြှုပ်နှံဝှက်ထားရန် လူ . . . . . . . . . . . . . . . . . . . . . . .

တို့ကို ခေါ်ဖိတ်တော်မူ၏။ သူတို့သည် ကိုယ်တော်ထံသို့လာကြလျှင်၊ ကိုယ်တော်သည် သူတို့၌လိုသောအရာရှိသမျှကိုဖြည့်စွက်တော်မူမည်။

## ယဇ်ပူဇော်သက္ကာ

ဘုရားသခင်က ထူးခြားစွာညွှန်ကြားစီမံပေးတော်မူသည်အတိုင်း အာဒံသည် အပြစ်အတွက် ယဇ်ပူဇော်သက္ကာကို ဆက်သပူဇော်ရသောအခါ၊ ၎င်းကိစ္စသည် သူ့အတွက်အလွန်ပင်စိတ်မသက်သာဘွယ် အခမ်းအနားတစ်ခုဖြစ်ပေသည်။ ဘုရားသခင်တစ်ပါးတည်းသာ ချပေးပိုင်နိုင်တော်မူသောအသက်ကိုသတ်ဘို့ရန် အာဒံသည် မိမိ၏လက်ကိုရွယ်ကာ မြှောက်ထားရပြီ။ အပြစ်အတွက် ပူဇော်သက္ကာကိုပြင်ဆင်ရ၏။ သေခြင်းအမှုကိုသူမြင်တွေ့ရသောအကြိမ်တွင် ဤအကြိမ်သည် ပဌမဦးဆုံးဖြစ်သည်။ သေရခြင်းဝေဒနာကြောင့် ယဇ်ကောင်သည် တွန့်လိမ်လျက် သွေးများစီးထွက်နေသည်ကို သူသည်ကြည့်ရှုနေစဉ်၊ သူသည် ယုံကြည်ခြင်းအားဖြင့် လူအစားယဇ်အဖြစ်အသေခံတော်မူရမည်ဖြစ်လျက် ယဇ်ကောင်အားဖြင့် ပုံပမာပြထားခြင်းခံတော်မူရသော ဘုရားသခင်၏သားတော်ကို မျှော်ကြည့်ရလိမ့်မည်။

ဘုရားသခင်စီမံခန့်ထားတော်မူသော ဤယဇ်ပူဇော်ခြင်းအခမ်းအနားသည် အာဒံအားမိမိ၏အပြစ်သင့်ခြင်းအကြောင်းကိုအမြဲသတိပေးလျက် မိမိ၏အပြစ်ကိုဘော်ပြဝန်ချမှုအတွက်လည်း အစွမ်းသတ္တိကိုဖော်ပြပေသည်။ အသက်ကိုသတ်ရသောၤအမှုသည် အာဒံအားသူ၏ကျူးလွန်မှုအကြောင်းသာ၍ ချစ်ဘွယ်သော သားတော်အသေခံခြင်းအမှုမှတစ်ပါး ဘယ်အရာကမျှ ပြေလည်အောင်ဆပ်ပေးခြင်းငှါ မပြုလုပ်နိုင်ချေ။ အပြစ်သင့်သောသူကို ကယ်ဆယ်ရန် ထိုမျှလောက်သောအဘိုးအခကို ဆပ်ပေးမည့်အနန္တကောင်းမြတ်ခြင်းဂရုဏာနှင့်မနှိုင်းယှဉ်နိုင်သောမေတ္တာတော်ကို သူသည် အံ့ဩလျက်နေ၏။ အာဒံသည် အပြစ်ကင်းသောယဇ်ကောင်ကိုသတ်နေစဉ် သူသည် မိမိ၏လက်ဖြင့် ဘုရားသခင်သားတော်၏အသွေးကို ကိုယ်တိုင်သွန်းလျက်ရှိသည်ဟုထင်ရ၏။ သူသည် ဘုရားသခင်ဘက်၌ တည်ကြည်မြဲမြံနေလျက် ဘုရားသခင်၏သန့်ရှင်းသောပညတ်တရားတော်၌ သစ္စာစောင့်ခဲ့လျှင်၊ တိရစ္ဆာန်ဖြစ်စေ၊ လူဖြစ်စေသေခြင်းကိုခံဘို့အကြောင်းရှိမည်မဟုတ်သည်ကို သူသိရှိ၏။

သို့သော် ဘုရားသခင်၏ချစ်ဘွယ်သောသားတော်ကို ကြီးကျယ်ပြည့်စုံစွာ ပူဇော်ခြင်းကို ညွှန်ပြနေသော ယဇ်ပူဇော်ခြင်းအခမ်းအနားများ၌ မှောင်မိုက်၍ ကြောက်စရာကောင်းသော အနာဂါတ်ကာလကို ထွန်းလင်းစေသော မြော်လင့်ရာ ကြယ်သည် ထွက်ပေါ်လာပြီးလျှင် ထိုအနာဂါတ်၏လုံးလုံးမြော်လင့်ရာမဲ့သော အဖြစ်နှင့် ပျက်စီးဆုံးပါးမှုတို့မှ သက်သာရာအခွင့်ရရှိလေ၏။

အစအဦး၌ အိမ်ထောင်အသီးအသီး၏ခေါင်းဆောင်သည် မိမိအိမ်ထောင်တွင် အကြီးအကဲနှင့်ယဇ်ပုရောဟိတ်ဖြစ်၏။ ၎င်းနောက် မြေကြီးပေါ်၌ လူမျိုးသည် တိုးပွါးများပြားလာသောအခါ ဘုရားသခင်ကိုယ်တော်တိုင် စီမံခန့်ထားတော်မူသောသူများက လူတို့အတွက်ကြည်ညိုရိုသေဘွယ်ဖြစ်သော ဤယဇ်ပူဇော်ခြင်းဝတ်ကို ပြုလုပ်ဆောင်ရွက်ရကြလေ၏။ အပြစ်သားတို့၏စိတ်ထဲ၌ တိရစ္ဆာန်၏အသွေးကို ဘုရားသားတော်၏အသွေးတော်နှင့် ဆက်သွယ်ယူရကြမည်။ အပြစ်ကိုလွန်ကျူးခြင်း၏အခကား သေခြင်းဖြစ်ကြောင်း ယဇ်ကောင်၏သေခြင်းအမှုက လူအပေါင်းတို့အတွက် သက်သေခံဖြစ်ရမည်။ ယဇ်ပူဇော်ခြင်းအမှုအားဖြင့်၊ အပြစ်သားသည် မိမိ၏အပြစ်ကိုဘော်ပြဝန်ချလျက်၊ တိရစ္ဆာန်တို့ကိုပူဇော်ခြင်းအမှုအားဖြင့် ပုံဆောင်ထားခြင်းခံတော်မူရသည့်ဘုရားသားတော်ကို ကြီးကျယ်ပြည့်စုံစွာပူဇော်မှုကို မြော်လင့်နေကြကြောင်းဘော်ပြ၏။ ဘုရားသားတော်၏အပြစ်ဖြေလွှတ်ခြင်းအမှုမရှိဘဲ၊ ဘုရားသခင်ထံမှ လူအဘို့ကောင်းကြီးမင်္ဂလာသို့မဟုတ် ကယ်တင်ခြင်းအခွင့်အရေးကိုမချမပေးနိုင်။ ဘုရားသခင်သည် မိမိ၏ပညတ်တရားတော်၏ဂုဏ်အသရေအတွက် အပြစ်ရှိသည်ဟု ယုံလွယ်တော်မူ၏။ ထိုပညတ်တရားကိုလွန်ကျူးခြင်းအမှုသည် ဘုရားသခင်မှလူအား ကြောက်စရာကောင်းလောက်အောင် ခွဲခွာစေ၏။ အာဒံသည် အပြစ်ကင်းစဉ်ဘဝက မိမိ၏ဖန်ဆင်းရှင်နှင့် တိုက်ရိုက်လွတ်လပ်ပျော်ရွှင်စွာ မိဿဟာယဖွဲ့ခြင်းအခွင့်ကိုရရှိခဲ့၏။ သူသည် အပြစ်ကျူးလွန်ပြီးသောနောက်တွင် ဘုရားသခင်သည် သခင်ခရစ်တော်နှင့် ကောင်းကင်တမန်တို့အား လူနှင့်ဆက်သွယ်တော်မူလိမ့်မည်။

--၀၀--

# အခန်း (၆)
# ကာဣနနှင့်အာဗေလနှင့်သူတို့၏ယဇ်များ

အာဒံ၏သားများဖြစ်သော ကာဣနနှင့်အာဗေလတို့သည် တစ်ဦးနှင့်တစ်ဦး အကျင့်ဓလေ့မတူကြပါ။ အာဗေလသည် ဘုရားသခင်ကို ကြောက်ရွံ့၏။ ကာဣနမူကား ပုန်ကန်လိုသောသဘောကိုနှစ်ခြိုက်လျက် အာဒံအပေါ်၌ မိန့်မြွက်တော်မူသော ကျိန်ခြင်းအတွက်ကြောင့်၄င်း၊ သူ၏အပြစ်အတွက် မြေကြီးသည် ကျိန်ခြင်းခံရသောကြောင့်၄င်း၊ ဘုရားသခင်ကို အပြစ်တင်ညည်းငြူလျက်ရှိ၏။ ဤညီအစ်ကိုတို့အား လူမျိုး၏ကယ်တင်ရေးအတွက် စီမံထားတော်မူသော စီမံကိန်းအကြောင်းနှင့်ပါတ်သက်၍သွန်သင်ထားတော်မူပြီ။ သိုးစုတွင် အဦးဘွားသော သားငယ်တို့ကိုသတ်ပြီး၊ ဘုရားသခင်အား ယဇ်ပူဇော်သက္ကာအဖြစ်နှင့် ထိုသားငယ်တို့နှင့်တကွ အသွေးကိုကြည်ညိုစွာဆက်ကပ်ပူဇော်ကြခြင်းဖြင့် ဘုရားသခင်ကို ရိုသေလေးစားပြီးလျှင် ဂတိတော်နှင့်ဆိုင်သော ရွေးနှုတ်ရှင်အပေါ်၌ယုံကြည်အားကိုးကြောင်းပြလျက် နှိမ့်ချစွာနားထောင်ခြင်းစည်းကမ်းတစ်ခုကို သူတို့သည် လိုက်နာရကြဘို့ လိုပေသည်။ ဤပူဇော်ခြင်းကိစ္စသည် မိမိတို့၏အပြစ်ကို၄င်း၊ လူတို့အတွက် ကြီးမြတ်သော ယဇ်ပူဇော်သက္ကာဖြစ်ရမည့် လာလတ္တံ့သော ရွေးနှုတ်ရှင်ကို၄င်း မိမိတို့စိတ်ထဲ၌ အစဉ်မပြတ်စွဲလမ်းနေစေ၏။

ကာဣနသည် ဂတိထားတော်မူသော ယဇ်ပူဇော်သက္ကာနှင့်သက်ဆိုင်၍ မိမိ၏စိတ်ထဲ၌ ထာဝရဘုရားကို အပြစ်တင်ညည်းငြူလျက် ယုံကြည်အားထားသောစိတ်မရှိဘဲ မိမိ၏ပူဇော်သက္ကာကို ယူဆောင်လာ၏။ သူသည် ယုံကြည်ခြင်းနှင့် သက်ဆိုင်ရာ စီမံကိန်းကိုကြပ်တည်းစွာလိုက်နာ၍သိုးသငယ်တစ်ကောင်ကို ယူဆောင်လာပြီးမြေ၏အသီးအနှံတို့နှင့်အတူ ၄င်းကိုပူဇော်ရန်အလိုမရှိချေ။ သူသည် မြေ၏အသီးကိုသာယူဆောင်၍ ဘုရားသခင်အလိုတော်ရှိတော်မူသော အရာကို ဂရုမစိုက်ဘဲနေ၏။ အသွေးသွန်းခြင်းမရှိဘဲ အပြစ်လွှတ်ခြင်းအခွင့်မရှိနိုင်ဟု ဘုရားသခင်သည် အာဒံအား မိန့်တော်မူနှင့်ပြီ။ ကာဣနသည် အကောင်းဆုံးအသီးများကိုပင် ယူဆောင်လာရန် သေချာစေ့စပ်ခြင်းမရှိချေ။ အာဗေလက မိမိအစ်ကိုအား ယဇ်ကောင်၏အသွေးမပါဘဲ . . . . . . . . . . . . . . . . . . .

ထာဝရဘုရားရှေ့တော်သို့ မလာရန်သတိပေး၏။ ကာဣနသည် အကြီးဖြစ်၍ မိမိညီ၏စကားကိုနားမထောင်ချေ။ သူသည် ညီ၏အကြံပေးချက်ကို မထီမဲ့မြင်ပြုလျက် အခမ်းအနားနှင့်ဆိုင်သောပူဇော်မှု၌ လိုအပ်သောအချက်နှင့် စပ်ဆိုင်၍ ယုံမှားသံသယရှိပြီး ညည်းငြူအပြစ်တင်ကာ၊ မိမိ၏ပူဇော်သက္ကာကို ဆက်ကပ်လေ၏။ သို့သော် ဘုရားသခင်သည် ၎င်းကိုလက်ခံတော်မမူ။

အာဗေလသည် ဘုရားသခင်မိန့်တော်မူသည်အတိုင်း မိမိသိုးစုတွင် အဦးဘွားသောသားအချို့နှင့် သိုးဆီဥကိုယူဆောင်ခဲ့၏။ ၎င်းပြင် လာလတ္တံ့သော မေရှိယသခင်ကို လုံးလုံးယုံကြည်အားထားလျက် နှိမ့်ချရိုသေကျိုးနွံခြင်းအားဖြင့် ပူဇော်သက္ကာကိုဆက်ကပ်လေ၏။ ဘုရားသခင်သည် သူ၏ယဇ်ပူဇော်သက္ကာကို ပမာနပြုတော်မူ၏။ ကောင်းကင်မှမီးကျ၍ အာဗေလ၏ပူဇော်သက္ကာများကို လောင်ကျွမ်းသွားစေ၏။ ကာဣနသည် မိမိ၏ပူဇော်သက္ကာကိုလက်ခံနှစ်သက်ကြောင်း ထင်ရှားသောလက္ခဏာကိုမတွေ့ရ။ သူသည် ထာဝရဘုရားကို၎င်း၊ မိမိ၏ညီကို၎င်းစိတ်ဆိုးလေ၏။ ဘုရားသခင်သည် ကာဣနနှင့်စကားစမြည်ပြောစေရန် ကောင်းကင်တမန်တစ်ပါးကို စေလွှတ်ဖို့ပင် မိမိကိုယ်ကိုနှိမ့်ချတော်မူ၏။

ကောင်းကင်တမန်က သူ့အား သူ၏အမျက်ဒေါသအကြောင်းကို မေးမြန်းပြီးလျှင် သူသည်ကောင်းစွာပြု၍ ဘုရားသခင်မိန့်တော်မူသော ညွှန်ကြားချက်အတိုင်း လိုက်နာပြုလုပ်လျှင် ဘုရားသခင်သည် သူ့ကိုလက်ခံလျက် သူ၏ပူဇော်သက္ကာကို ပမာဏပြုတော်မူလိမ့်မည်ဟုပြောကြား၏။

သို့ရာတွင် သူသည် ဘုရားသခင်စီမံတော်မူသောအမှုကို နှိမ့်ချခြင်းနှင့် မလိုက်လျောဘဲနေပြီး၊ ဘုရားသခင်၏စကားကို မယုံကြည်နားမထောင်လျှင် ဘုရားသခင်သည် သူ၏ပူဇော်သက္ကာကို လက်ခံနိုင်တော်မမူ။ ဘုရားသခင်သည်သူ၏ပူဇော်သက္ကာကို ပမာဏပြုတော်မမူသည်မှာ ဘုရားသခင်သည် မတရားသဖြင့်ပြုတော်မူသောကြောင့်မဟုတ်၊ အာဗေလအား မျက်နှာသာပေးတော်မူသောကြောင့်လည်းမဟုတ်၊ သူကိုယ်တိုင် ၏အပြစ်နှင့်ဘုရားသခင်၏ သင့်လျော်သောအမိန့်တော်ကို နားမထောင်ခြင်း အမှုကြောင့်ပင်ဖြစ်သည်ဟု ကောင်းကင်တမန်က ကာဣနအားပြောပြ၏။ ၎င်းပြင် သူသည် ကောင်းစွာပြုလျှင် ဘုရားသခင်သည် သူ့ကို လက်ခံတော်မူလိမ့်မည်။ ၎င်းပြင် သူသည် အစ်ကိုအ . . . . . . . . .

စိတ်ပါစွာနားထောင်ခြင်းနှင့် ပူဇော်သောယဇ်ကိုလက်ခံတော်မူ၏

ကြီးဆုံးဖြစ်၍ သူ၏ညီသည် သူ၏စကားကို နားထောင်ပြီးလျှင် သူ၏အလိုကို လိုက်နာလိမ့်မည်ဟု ကောင်းကင်တမန်ကပြောပြသေး၏။

သို့ရာတွင် ထိုသို့အားဖြင့် သစ္စာရှိစွာသွန်သင်ပြသခြင်း ခံယူရရှိသော်လည်း၊ ကာဣနသည် နောင်တမရချေ။ သူ၏မယုံကြည်မှုအတွက် သူ့ကိုယ်ကိုသူ အပြစ်တင်၍ စက်ဆုပ်ရွံရှာရမည့်အစား၊ ဘုရားသခင်သည် မတရားသဖြင့်ပြုလျက် မျက်နှာလိုက်တော်မူသည်ဟု အပြစ်တင်နေသေး၏။ ၎င်းပြင် မနာလိုဂြုစူပြီး မျက်မုန်းကျိုးသောသဘောထားလျက် အာဗေလနှင့်ငြင်းခုံပြီးသူ့ကိုကြမ်းတမ်းစွာ အပြစ်တင်လေ၏။ အာဗေလသည် အစ်ကို၏အမှားကို သိမ်မွေ့နူးညံ့သောသဘောနှင့် ညွှန်ပြပြီး အစ်ကိုကိုယ်တိုင်၌အမှားရှိနေကြောင်းကိုဘော်ပြ၏။ ဘုရားသခင်သည် အာဗေလကို လက်ခံကြောင်းဘော်ပြခဲ့သည့်အချိန်ကပင် ကာဣနသည် မိမိ၏ညီကိုမုန်းနေ၏။ ဘုရားသခင်သည် သူတို့၏မိဘနှစ်ပါးကို ချက်ခြင်းသေခြင်းဘေးဒဏ်ကို သက်ရောက်စေနိုင်ခဲ့သောအခါ၌ပင် မိဘတို့၏အသက်ကို ချမ်းသာပေးလျက်ထားတော်မူရာ၌ ဘုရားသခင်၏မေတ္တာထင်ရှားကြောင်းကို ခုခံပြောဆိုလျက် အာဗေလသည်အစ်ကို၏ဒေါသကို ငြိမ်စေရန်ကြိုးစား၏။ ဘုရားသခင်သည် သူတို့ကိုချစ်တော်မူကြောင်း၊ သို့မဟုတ်ဘုရားသခင်သည် အပြစ်ကင်း၍သန့်ရှင်းတော်မူသောမိမိ၏သားတော်အား၊ မိမိနားမထောင်ခြင်းအပြစ်ကြောင့် လူခံစားထိုက်သော အမျက်တော်ဒဏ်ကို ခံစားစေဘို့ရန် စွန့်တော်မူမည်မဟုတ်ဟု သူက ကာဣနပြောပြသေး၏။

## သေခြင်း၏အစအဦး

အာဗေလသည် ဘုရားသခင်၏စီမံကိန်းကို ဖြောင့်မှန်ကြောင်းဝန်ခံနေစဉ်၊ ကာဣနသည် အမျက်ထွက်လာပြီး သူ၏အမျက်ဒေါသသည် တိုးသာလာလျက် အာဗေလကိုစိတ်နာလာရာ အဆုံး၌ဒေါသကိုမချုပ်တည်းနိုင်ဘဲ သူ့ကိုသတ်လိုက်လေ၏။ ဘုရားသခင်သည် ကာဣနကားသူ၏ညီအကြောင်းကို မေးမြန်းတော်မူရာ၊ ကာဣနသည် အပြစ်ရှိသူတို့သုံးလေ့ရှိသော မုသာစကားအတိုင်း၊ “အကျွန်ုပ်မသိပါ၊ အကျွန်ုပ်သည် ညီကိုစောင့်ရသောသူဖြစ်ပါသလော”ဟု ပြန်ပြောလေ၏။ ဘုရားသခင်က မိမိသည် သူ၏အပြစ်နှင့်ဆိုင်သမျှအမှုအလုံးစုံသာမက၊ သူ၏စိတ်နှလုံးအကြံအစည်ကိုပင်သိ. . . . . . . . . . . . . . . . . . .

ရှိတော်မူသည်ဟု သူ၏အပြစ်အကြောင်း ကြားသိစေတော်မူပြီးလျှင် “သင့်ညီအသွေး၏အသံသည် မြေထဲကငါ့ကို အော်ဟစ်လျက်ရှိသည်တကား။ သို့ဖြစ်၍ သင့်ညီ၏အသွေးကိုခံယူခြင်းငှါ၊ မိမိပါးစပ်ကိုဖွင့်သောမြေကြီး၏ ကျိန်ခြင်းကိုသင်သည်ခံရသောကြောင့် ယခုမှစ၍ မြေ၌လုပ်သောအခါ ပကတိအတိုင်းအသီးအနှံကိုမရရ။ မြေကြီးပေါ်မှာပြေးသောသူ၊ အရပ်ရပ်လည်ရသောသူဖြစ်ရလိမ့်မည်”ဟု ကာဣနအားမိန့်တော်မူ၏။

မြေကြီးပေါ်၌ချပေးသော ကျိန်ခြင်းဘေးသည် ပဌမ၌မပြင်းထန်လှဘဲပေ့ါပါးခဲ့၏။ သို့သော် ယခုမူကား၊ ၎င်းအပေါ်၌ကျိန်ခြင်းဘေးသည် နှစ်ဆပင်သက်ရောက်လာ၏။

ကာဣနနှင့်အာဗေလတို့သည် ဖြောင့်မတ်သူနှင့် မဖြောင့်မတ်သူ၊ ယုံကြည်သူနှင့်မယုံကြည်သူဟူ၍လူနှစ်စားကိုပုံဆောင်ထားရာ ၎င်းလူစားမျိုးတို့သည် လူကျဆုံးချိန်မှစ၍ သခင်ခရစ်တော်ဒုတိယကြွလာတော်မူချိန်အထိတည်ရှိနေရကြလိမ့်မည်။ ကာဣနက အာဗေလကို သိတ်ခြင်းအမှုကား ဆိုးသောသူတို့ကဖြောင့်မတ်သောသူတို့ကို မနာလိုငြူစူပြီး၊ သူတို့သည် မိမိတို့ကိုယ်တိုင်ထက်သာ၍ ကောင်းသောကြောင့် သူတို့ကိုမျက်မုန်းကျိုးကြမည့်အကြောင်းပုံဆောင်ထား၏။ သူတို့သည် ဖြောင့်မတ်သောသူတို့ကိုမနာလိုပြီးလျှင် သူတို့၏ဖြောင့်မှန်သောအမှုတို့က သူတို့၏အပြစ်ရှိသော အသက်တာလမ်းကို အပြစ်စီရင်သောကြောင့်၊ သူတို့အား ညှဉ်းဆဲသတ်ဖြတ်ကြလိမ့်မည်။

အာဒံ၏အသက်တာသည် ဝမ်းနည်းခြင်း၊ စိတ်နေနိမ့်ကျခြင်း၊ အစဉ်အမြဲထပ်ခါထပ်ခါ နောင်တရနေရခြင်း အသက်တာမျိုးဖြစ်ပေသည်။ သူသည် မိမိ၏သားသမီးများနှင့် မြေးများကို ထာဝရဘုရားအားကြောက်ရွံ့ရမည်အကြောင်းကို သွန်သင်ပေးသောအခါ မိမိ၏သားစဉ်မြေးဆက်တို့အပေါ်၌ အလွန်ပင်များစွာသော စိတ်ဆင်းရဲခြင်းတို့ကို သက်ရောက်စေခဲ့သောသူ၏အပြစ်အတွက်မကြာခဏပြင်းထန်စွာ ကဲ့ရဲ့ပြစ်တင်ခြင်းခံနေရသည်။ သူသည် လှပသောဧဒင်ဥယျာဉ်မှ ထွက်လာသောအခါ မိမိသည်သေရမည်ဟူသော စိတ်ကူးကြောင့်သူသည် အလွန်ထိတ်လန့်စိုးရိမ်နေ၏။ သူသည် သေဆုံးရသောအမှုကို အလွန်ကြောက်စရာကောင်းသော ဘေးအန္တရာယ်ကြီးကဲ့သို့ ထင်မြင်၏။ လူသတ္တဝါတို့၏အိမ်ထောင်တွင် မိမိ၏သားရင်းကာဣနသည် . . . . . . . . . . . . . . . . . . . .

သူ၏ညီရင်းအာဗေလကိုသတ်ခြင်းအမှုအားဖြင့် သေခြင်းအမှုသည်ကြောက်မက်ဘွယ်ကောင်းလောက်အောင် အကယ်ပင်ရှိနေကြောင်း အာဒံသည် ပဌမဦးစွာသိရှိနားလည်လာရပေသည်။ မိမိ၏လွန်ကျူးခြင်းအပြစ်အတွက် အလွန်ပြင်းထန်စွာ စိတ်ဆင်းရဲခြင်းသို့ရောက်လျက် မိမိ၏သားငယ်အာဗေလစွန့်လွှတ်လိုက်ရပြီး၊ ကာဣနကို လူသတ်သမားအဖြစ်နှင့် မြင်ရ၍ မိမိအပေါ်၌ ဘုရားသခင်မြွက်ဆိုတော်မူသော ကျိန်ခြင်းဘေးကိုသိရှိလျက် အာဒံ၏စိတ်နှလုံးသည်ဝမ်းနည်းခြင်းနှင့်လေးလံကာ အောက်သို့ညွှတ်နေလေ၏။

သူသည် မိမိ၏ ပဌမလွန်ကျူးခြင်းအပြစ်အတွက် မိမိကိုယ်ကိုပြင်းထန်စွာ ကဲ့ရဲ့ပြစ်တင်လျက်ရှိ၏။ ဂတိတော်နှင့်ဆိုင်သော ယဇ်ပူဇော်သက္ကာအားဖြင့်သူသည် ဘုရားသခင်ထံတော်မှ အပြစ်လွှတ်ခြင်းအခွင့်ကို တောင်းလျှောက် အသနားခံလေ၏။ ပရဒိသုဘုံ၌ မိမိကျူးလွန်ခဲ့သောအပြစ်အတွက် ခံရသောဘုရားသခင်၏ အမျက်တော်အကြောင်းကို သူသည် လေးနက်စွာသိရှိလာလေပြီ။

နောက်ဆုံး၌ မြေကြီးပေါ်ရှိ လူများတို့ကို ရေလွှမ်းမိုးခြင်းအားဖြင့်ဖျက်ဆီးရလောက်အောင် ဘုရားသခင်၏ အမျက်တော်ကို နှိုးဆော်ပေးသောလူအများတို့၏ ပျက်စီးမှုကြီးကိုသူသည် နောက်များမကြာမှီ တွေ့မြင်ရလိမ့်မည်။ မိမိ၏ဖန်ဆင်းရှင်က မိမိအပေါ်၌စီရင်ချက် ချမှတ်သော သေဒဏ်သည် ပဌမဦးစွာမိမိအတွက် အလွန်ပြင်းထန်သည်ဟုထင်ရ သော်လည်း နှစ်ရာပေါင်းအနည်းငယ်ကြာအသက်ရှင်လျက်နေရပြီးသောနောက် ၎င်းပြစ်ဒဏ်သည် စိတ်ဆင်းရဲဘွယ်အသက်တာကို ကုန်ဆုံးသွားစေသည့်အတွက် ဘုရားသခင်ပြုတော်မူသောအမှုသည်ဖြောင့်မှန်၍ဂရုဏာသြဘောသက်ဝင် သည်ဟုထင်မြင်ရပေသည်။

အာဒံသည် ကြွေကျသော သစ်ရွက်များနှင့်ညှိုးနွမ်းနေသော ပန်းပွင့်များအားဖြင့် ယိုယွင်းပျက်စီးမှု၏ ပဌမဆုံးလက္ခဏာများကိုတွေ့မြင်ရသောအခါယခုခေတ်၌ လူများတို့သည် သေဆုံးသောသူတို့အပေါ်၌ ဝိုကြွေးမြည်တမ်းသည်ထက်ပင် သာ၍ပြင်းပြစွာဝိုကြွေးမြည်တမ်းခဲ့လေ၏။ ညှိုးနွမ်းသွားသောပန်းပွင့်များသည်သာ၍နုနယ်၊ အားနည်းသောကြောင့် ဝမ်းနည်းခြင်းကိုဖြစ်စေဘို့ ပြင်းထန်လှသောအကြောင်းအရင်းမဟုတ်ပေ။ သို့သော် မြင့်မားခန့်ညားလျက်ကြံ့ခိုင်သောသစ်ပင်ကြီးများတို့သည် အရွက်များကို . . . . . . . . . . . . . . . . . . . . . .

ကြွေကျစေပြီး၊ တရွေ့ရွေ့ယိုယွင်းပျက်စီးလာသောအမှုကား၊ လူတို့၏ ထူးခြားသော ကောင်းကျိုးအတွက် ဘုရားသခင်ဖန်ဆင်းပြုပြင်ထားတော်မူသည့် လှပတင့်တယ်သောသဘာဝ၏ ပျက်စီးယိုယွင်းခြင်းအမှုကို အကြမ်းအားဖြင့် ဘော်ပြလျက်ရှိ၏။

သူ၏သားသမီးများ၊ သူ၏မြေးများမှစ၍ နဝမမြောက်သားစဉ်မြေးဆက်တို့အား မိမိနေထိုင်ရာဧဒင်အရပ်၏စုံလင်ခြင်းအကြောင်း၊ မိမိ၏ကျဆုံးခြင်းနှင့် ၎င်းကြောင့်ဖြစ်ပေါ်လာသော အကြောင်းအရာများ၊ အာဗေလသေဆုံးသည်တိုင်အောင် အိမ်ထောင်၌ စိတ်ဝမ်းကွဲပြားမှုကြောင့် မိမိအပေါ်သက်ရောက်ရသော ဝမ်းနည်းပူဆွေးခြင်း ဝန်ထုတ်အကြောင်းတို့ကိုလည်းသူက ရှင်းလင်းပြောပြ၏။ ဘုရားသခင်၏ပညတ်တရားတော်ကို ကြပ်တည်းစွာလိုက်နာဘို့လိုကြောင်း သွန်သင်ရန်ဘုရားသခင်သည် သူ့အပေါ်၌အသက်တာတစ်လျှောက်လုံး ဒုက္ခဆင်းရဲအပေါင်းတို့ကို သက်ရောက်စေတော်မူခဲ့ကြောင်းကို သူတို့အား သူကပြောပြ၏။ မည်ကဲ့သို့သောအခြေအနေမျိုး၌မဆို ဖြစ်ပေါ်လာတတ်သောအပြစ်သည် ဒဏ်စီရင်ခြင်းခံရမည်ဟု သူက သူတို့အားဖော်ပြ၏။ သူတို့သည် ဘုရားသခင်ကိုချစ်၍ကြောက်ရွံ့ရိုသေလျှင် ဘုရားသခင်သည် သူတို့အား ဂရုဏာတော်နှင့် ပြုစုတော်မူမည်ဖြစ်၍ ဘုရားသခင်၏စကားတော်ကို နားထောင်လိုက်နာရန် သူတို့အား တောင်းပန်၏။

ကောင်းကင်တမန်တို့သည် အာဒံကျဆုံးပြီးမှ သူနှင့်လာရောက်ဆွေးနွေးလျက် သူ့အားကယ်တင်ခြင်းစီမံကိန်းအကြောင်း၊ လူမျိုးသည် ရွေးနှုတ်ခြင်းမခံရအောင် အလွန်ပင်အလှမ်းဝေးနေသည်မဟုတ်ကြောင်းတို့ကိုပြောပြကြ၏။ ဘုရားသခင်နှင့်လူသည် ကြောက်မက်ဘွယ်ကောင်းလောက်အောင် ခွဲခွာလျက်နေရသော်လည်း လူသည် ကယ်တင်ခြင်းခံရမည်အကြောင်း ဘုရားသခင်၏ချစ်တော်မူသောသားတော်ကို စွန့်တော်မူခြင်းဖြင့် စီမံကိန်းတစ်ခုကို ရေးဆွဲထားတော်မူသေး၏။ သို့ရာတွင် နှိမ့်ချလျက်နောင်တရခြင်း၊ ထိုစီမံကိန်း၌ ယုံကြည်အားထားခြင်းအားဖြင့်သာ သူတို့၌မြော်လင့်ချက်ရှိပေသည်။ သခင်ခရစ်တော်ကို မိမိတို့၏တစ်ဦးတည်းသော ကယ်တင်ရှင်အဖြစ်နှင့် ထိုသို့လက်ခံနိုင်သောသူအပေါင်းတို့သည် သားတော်၏ကုသိုလ်တော်များအားဖြင့် ဘုရားသခင်၏ဂရုဏာတော်ကို တစ်ဖန် ခံစားရကြလိမ့်မည်။

--oo--

# အခန်း (၇)
# ရှေသနှင့်ဇနောက်

ရှေသသည် ကောင်းမြတ်သောအကျင့်နှင့် ပြည့်စုံသောသူဖြစ်လျက် မှန်သောအမှုကိုပြုရာတွင် အာဗေလ၏နေရာတွင် ရှိအပ်သောသူဖြစ်၏။ သို့ရာတွင် သူသည် အပြစ်ရှိသော ကာဣနကဲ့သို့ အာဒံ၏သားတစ်ယောက်ပင်ဖြစ်နေသေး၍ အာဒံ၏ဇာတိပကတိသဘောကို အမွေခံရသဖြင့် သဘာဝအားဖြင့် ကာဣနထက်မလွန်မသာချေ။ သူသည် အပြစ်တရားလက်အောက်၌ မွေးဘွားလာသူဖြစ်၏။ သို့ရာတွင် ဘုရားသခင်၏ဆုကျေးဇူးတော်အားဖြင့်၊ မိမိ၏ဖခင်အာဒံထံမှ သစ္စာနှင့်သွန်သင်သော ဩဝါဒများကိုခံရာတွင် သူသည် ဘုရားသခင်၏အလိုကိုဆောင်ရွက်ရာ၌ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမြှင့်လေ၏။ သူသည် ပျက်စီးနေကြသော ကာဣန၏အမျိုးအနွယ်များနှင့် ခွဲခွါနေလျက်၊ အာဗေလသည် အကယ်၍အသက်ရှင်နေသေးလျှင် ပြုလုပ်မည့်အမှုမျိုးကဲ့သို့၊ အပြစ်ရှိသော လူတို့အား ဘုရားသခင်ကိုရိုသေ၍ စကားတော်ကိုနားထောင်စေခြင်းငှါ သူတို့၏စိတ်ကို ညွှတ်ပြောင်းစေရန် ကြိုးစားဆောင်ရွက်လေ၏။

ဧနောက်သည် သန့်ရှင်းသောလူဖြစ်၏။ သူသည် ဘုရားသခင်ကို စိတ်သဘောတစ်မျိုးတည်းနှင့်ကိုးကွယ်၏။ လူသတ္တဝါတို့၏ပျက်စီးခြင်းအမှုကိုသိရှိနားလည်လျက် သူသည် ကာဣန၏အမျိုးအနွယ်များမှ ခွဲခြားနေပြီးလျှင်၊ သူတို့အား သူတို့၏အလွန်ဆိုးယုတ်မှုများအတွက် ဆုံးမသွန်သင်၏။ ဘုရားသခင်ကို သိရှိဝန်ခံပြီး ဘုရားသခင်ကိုကြောက်ရွံ့ကိုးကွယ်သောသူများရှိကြ၏။ သို့သော်ဖြောင့်မတ်သောဧနောက်သည် ဘုရားသခင်ကိုမကြည်ညိုသောသူတို့၏ဆိုးညစ်ခြင်းအမှုများတိုးပွားလာမှုကြောင့် အလွန်တရာပင် စိတ်ဒုက္ခခံစားနေရကား၊ သူသည် သူတို့၏မယုံကြည်ခြင်းအမှုဖြင့် စိတ်ထိခိုက်ခြင်းခံရမည်ကိုငှင်း၊ သူ၏စိတ်ထဲ၌ပင် ဘုရားသခင်၏မြင့်မြတ်သော ဂုဏ်တော်နှင့် ညီညွတ်စွာဘုရားသခင်အား သန့်ရှင်းသော ရိုသေလေးစားခြင်းကင်းမဲ့မည်ကိုငှင်း စိုးရိမ်သဖြင့် သူတို့နှင့်နေ့စဉ် ပေါင်းဘော်ခြင်းမပြုလိုချေ။ သူတို့သည် ဘုရားသခင်၏အာဏာတော်ကို နင်းချေနေကြသည်ကို . . . . . . . . . . . . . . . . . . . . . . . . . . . . . .

သူသည် နေ့စဉ်မြင်နေရသဖြင့်၊ သူ၏စိတ်ဝိညာဉ်သည် ဒုက္ခခံနေရ၏။ သူသည် သူတို့ထံမှခွဲခွာနေပြီး အများသောအချိန်တွင် ဆိတ်ငြိမ်ရာအရပ်ကိုရှာလျက် ဆုတောင်းခြင်း၊ ဘုရားတရားကိုဆင်ခြင်အောက်မေ့ခြင်းဖြင့် အချိန်ကိုကုန်လွန်စေ၏။

သူသည် ဘုရားသခင်ရှေ့တော်၌ခစား၍အလိုတော်အတိုင်း ပြုကျင့်နိုင်မည်အကြောင်း ဘုရားသခင်၏အလိုတော်ကို စုံလင်စွာသိရှိနိုင်ရန် တောင်းလျှောက်၏။ ဘုရားသခင်သည် ကောင်းကင်တမန်များအားဖြင့် ဧနောက်နှင့်ဆွေးနွေးတိုင်ပင်လျက် မိမိ၏သွန်သင်ချက်များကို ဘော်ပြတော်မူ၏။ ဘုရားသခင်သည် လူတို့၏ပုန်ကန်ခြင်းအမှုတွင် သူတို့အားအမြဲသည်းခံနေမည်မဟုတ်ကြောင်း၊ မိမိ၏ရည်ရွယ်ချက်ကား မြေကြီးပေါ်၌ရေလွှမ်းမိုးစေခြင်းဖြင့် အပြစ်ရှိသောလူမျိုးကို ဖျက်ဆီးဖို့ဖြစ်ကြောင်း သူ့အား ဘုရားသခင်ကဘော်ပြတော်မူ၏။

ကျွန်ုပ်တို့၏ ပဌမဆုံးမိဘနှစ်ပါးသည် နှင်ထုတ်ခြင်းခံရ၍ထွက်ခွာလာခဲ့ကြရသည့်လုပတင့်တယ်၊ သန့်ရှင်းစင်ကြယ်သော ဧဒင်ဥယျာဉ်သည် မြေကြီးကို ရေလွှမ်းမိုးခြင်းဖြင့်ဖျက်ဆီးရန် ဘုရားသခင်ကြံစည်တော်မူသည်အချိန်တိုင်အောင် တည်ရှိနေသေး၏။ ဘုရားသခင်သည် ထိုဥယျာဉ်ကိုစိုက်ပျိုးပြုစုတော်မူပြီး အထူးသဖြင့် ကောင်းချီးပေးတော်မူ၏။

၄င်းပြင် အံ့ဩဘွယ်စီမံတော်မူခြင်းအမှုတွင် ၄င်းကိုမြေကြီးပေါ်၌ ရုပ်သိမ်းတော်မူ၏။ မြေကြီးပေါ်မှမရုပ်သိမ်းမှီကထက်သာ၍ များသောဘုန်းတော်နှင့် ပြင်ဆင်ထားပြီး မြေကြီးပေါ်သို့နောက်တစ်ဖန် ပြန်ပေးတော်မူလိမ့်မည်။ မိမိဖန်ဆင်းပြုပြင်ထားသောအရာများထဲမှ မိမိကျိန်ဆဲထားတော်မူသော မြေကြီး၏ ကျိန်ခြင်းဘေးနှင့် ကင်းလွတ်သောအရာတစ်စုံတစ်ခု ကိုနမူနာအဖြစ်နှင့် ဘုရားသခင်သည် သိမ်းဆည်းထားရန် ရည်ရွယ်တော်မူ၏။

ထာဝရဘုရားသည် ဧနောက်အားကယ်တင်ခြင်းစီမံကိန်းကို သာ၍ပြည့်စုံစွာဖွင့်ပြတော်မူပြီးလျှင် ရေလွှမ်းမိုးပြီးနောက် ပေါက်ပွါးလာသောအမျိုးအနွယ်တို့ထံသို့ ပုရောဖက်၏ဝိညာဉ်ဖြင့် ခေါ်ဆောင်ပြသလျက် သခင်ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူခြင်း၊ ကမ္ဘာကုန်ဆုံးခြင်းအကြောင်းတို့နှင့်သက်ဆိုင်ရာ အဖြစ်အပျက်ကြီးများကို သူ့အားဖွင့်ပြတော်မူ၏။ (ယုဒ၊ ၁၄)

ဧနောက်သည် လူသေတို့အကြောင်းနှင့်ပတ်သက်၍ စိတ်ရှုပ်ထွေးနေ၏။ ဖြောင့်မတ်သောသူနှင့်ဆိုးသောသူတို့သည် အတူတကွမြေမှုန့်သို့ပြန်သွားရကြလျက် ထိုနေရာသည် သူတို့၏လမ်းဆုံးဖြစ်လိမ့်မည်ဟု သူသည်ထင်မှတ်နေ၏။ ဖြောင့်မတ်သောသူတို့၏အသက်သည် သင်္ချိုင်းကလွန်၍ဘာဖြစ်မည်ကို သူသည်ထင်ရှားစွာမသိမမြင်နိုင်။ အနာဂါတ်ကာလနှင့်ဆိုင်သော ရူပါရုံတွင် လူ၏ပူဇော်သက္ကာအဖြစ် အသေခံတော်မူရမည့်ဘုရားသားတော်အကြောင်းနှင့် ပါတ်သက်၍ သူ့အားသွန်သင်ထားလျက်၊ သေလွန်သောသန့်ရှင်းသူတို့အား အသက်ရှင်ပြန်စေပြီး သူတို့၏သင်္ချိုင်းများထဲမှ ခေါ်ထုတ်ဆောင်ရန် သခင်ခရစ်တော်သည် ကောင်းကင်တမန်အပေါင်း ခြံရံလျက်မိုးတိမ်နှင့်တကွ ကြွလာတော်မူမည်အကြောင်းကိုလည်း ဘော်ပြထားသေး၏။ သခင်ခရစ်တော်သည် ဒုတိယအကြိမ်ကြွလာတော်တော်မူသောအချိန်အခါ၌ လောက၏ပျက်စီးယိုယွင်းနေသောအခြေအနေကိုလည်းသူမြင်ရ၏။ ကြွားဝါထောင်လွှား၊ ကိုယ်ကိုအထင်ကြီး၊ ကိုယ်အလိုဆန္ဒကိုလိုက်လျောသောသူတစ်မျိုးသည် ဘုရားသခင်၏ပညတ်တရားတော်ကို ပုန်ကန်ပြစ်မှားလျက် တစ်ပါးတည်းသောထာဝရဘုရားကိုငြင်း၊ ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်ကိုငြင်း ငြင်းပယ်ပြီးလျှင် ကိုယ်တော်၏အသွေးတော်ကို ခြေဖြင့်နင်း၍ကိုယ်တော်၏အပြစ်ဖြေခြင်းအမှုကို ရှုတ်ချကြလိမ့်မည်ဟု ဘော်ပြထား၏။ ဖြောင့်မတ်သောသူတို့သည် ဘုန်းအသရေနှင့် ချီးမြှောက်ခြင်းခံရကြလျက်၊ မတရားသောသူတို့မူကား၊ ထာဝရဘုရားထံတော်မှ ခွဲခွါထားပြီးမီးနှင့်လောင်ကျွမ်းခြင်းခံရကြသည်ကိုသူမြင်ရ၏။

ပုရောဖက်၏ဝိညာဉ်အားဖြင့် သူ့အား ဘုရားသခင်ကဘော်ပြတော်မူသော အရာရှိသမျှတို့ကို ဧနောက်သည် လူများတို့အား သစ္စာနှင့်ပြန်ပြောပြ၏။ အချို့သောသူတို့သည် သူ၏စကားများကိုယုံကြည်လျက် ဘုရားသခင်ကို ကြောက်ရွံ့ကိုးကွယ်ရန်မိမိတို့၏ဆိုးညစ်သောလမ်းများမှလွဲဖယ်ကြ၏။

## ဧနောက်ကိုယ်ခန္ဓာပြောင်းလဲခြင်း

ဧနောက်သည် ဘုရားသခင်နှင့်ဆက်ဆံပေါင်းသင်းနေစဉ် သူသည် ကောင်းကင်အနေအထိုင်မျိုးနှင့် သာ၍တူညီလာ၏။ သူ၏ပညာစကားများ . . .

ကိုနားထောင်နေသောသူတို့အား သူသည်သွန်သင်ဆုံးမနေစဉ် သူ၏မျက်နှာပေါ်၌အမြဲတည်ရှိနေသော သန့်ရှင်းသောအလင်းရောင်ခြည်ဖြင့် သူ၏မျက်နှာသည် ထွန်းတောက်လျက်ရှိ၏။

သူ၏ကိုယ်၌ထင်ရှားသော ဂုဏ်အသရေရှိကောင်း ကင်ပုံသဏ္ဍာန်ကြောင့် လူများတို့သည် သူ့ကိုကြောက်ရွံ့ ကြ၏။ ဇနောက်သည် ဘုရားသခင်၏အလိုတော်ကို စုံလင်စွာလိုက်နာနိုင်မည်အကြောင်း၊ ဘုရားသခင်၏ နောက်တော်သို့လိုက်လျက် အပြစ်ဒုစရိုက်ကိုရွံရှာပြီး ကောင်းကင်နှင့်ဆိုင်ရာ ပညာကို စိတ်အားကြီးစွာ ရှာဖွေသောကြောင့်၊ ဘုရားသခင်သည် ဇနောက်ကိုချစ်တော်မူ၏။ သူသည်မိမိကြောက်ရွံ့ရိုသေ၊ ကိုးကွယ်သောဘုရားသခင်နှင့် သာ၍ရင်းနှီးစွာပေါင်းသင်းဆက်ဆံခွင့်ရရှိရန် တောင့်တနေသေး၏။ ဘုရားသခင် သည် ဇနောက်အားအခြားသူများကဲ့သို့သေစေဘို့ အခွင့်ပြုတော်မမူဘဲ၊ မိမိ၏ ကောင်းကင်တမန်များကိုစေလွှတ်ပြီး သေခြင်းကိုမမြင်ရဘဲသူ့အား ကောင်းကင်သို့ ယူဆောင်စေတော်မူ၏။ ဖြောင့်မတ်သောသူများနှင့် ဆိုးသောသူတို့၏မျက်မှောက် မှာဝင် ဇနောက်သည် သူတို့ထံမှရွှေ့ပြောင်းသွားရလေ၏။ သူ့ကိုချစ်ခင်သောသူအ ချို့က၊ ဘုရားသခင်သည်သူ့အား ဆိတ်ကွယ်ရာအရပ်တွင် ချထားလိမ့်မည်ဟု ထင်မှတ်ကြသော်လည်း သူ့ကိုကြိုးစားရှာဖွေလျက် မတွေ့နိုင်ကြသောအခါ ဘုရားသခင်သည် သူ့ကိုသိမ်းယူတော်မူသဖြင့် သူသည် မြေကြီးပေါ်၌မရှိတော့ချေဟု သူတို့က သတင်းကြားပြောကြ၏။

ကျဆုံးသောအာဒံ၏အမျိုးအနွယ်တစ်ယောက်ဖြစ်သော ဇနောက်ကိုကိုယ်ခန္ဓာပြောင်းလဲသွားစေခြင်းအမှုအားဖြင့်၊ ဂတိတော်နှင့်ဆိုင်သောယဇ်ပူဇော်သက္ကာအပေါ်၌ ယုံကြည်အားထားခြင်းရှိလျက် ဘုရားသခင်၏ပညတ်တရားတော်ကိုသစ္စာနှင့်လိုက်နာစောင့်ရှောက်ကြသောသူအပေါင်းတို့သည် အကျိုးကိုခံစားရလိမ့်မည်ဟူသော အရေးအကြီးဆုံးသင်ခန်းစာကို ထာဝရဘုရားသည် ဤနေရာ၌သွန်သင်ထားတော်မူပါသည်။ ယခုတစ်ဖန် သခင်ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူသည်တိုင်အောင် တည်ရှိနေကြရမည့် ဖြောင့်မတ်သန့်ရှင်းသူနှင့်ဆိုးသောသူ၊ ပုန်ကန်သော သူနှင့်သစ္စာစောင့်သောသူဟူ၍ လူနှစ်မျိုးနှစ်စားကိုပုံဆောင်ထားပြန်၏။ ဘုရားသခင်ကိုကြောက်ရွံ့သော ဖြောင့်မတ်သန့်ရှင်းသူတို့ကို ဘုရားသခင်သည် အောက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

မေ့သတိရတော်မူမည်။ မိမိချစ်တော်မူသောသားတော်ကြောင့် ဘုရားသခင်သည် သူတို့ကိုပမာဏပြုလျက် ချီးမြှောက်တော်မူပြီးလျှင် ထာဝရအသက်ကို သူတို့အား ပေးတော်မူမည်။ သို့ရာတွင် ဘုရားသခင်၏အာဏာတော်ကို ခြေဖြင့်နင်းချေသောလူဆိုးများကိုကား ဘုရားသခင်သည် မြေကြီးမှ ပယ်ရှင်းဖျက်ဆီးတော်မူ၍ သူတို့သည် မရှိဘူးသောသူကဲ့သို့ ဖြစ်ရကြလိမ့်မည်။

အာဒံသည် စုံလင်သောပျော်ရွှင်ခြင်းအခြေအနေမှ စိတ်ဆင်းရဲခြင်းနှင့် အပြစ်တို့ဖြင့်ပြည့်ဝသော အခြေအနေသို့ကျဆုံးသွားရပြီးနောက် လူမျိုးအပေါ်၌ လေးလံသော ကျိန်ခြင်းဘေးသည် သက်ရောက်နေလျက် ကျွန်ုပ်တို့အားလုံးခံယူရရှိသောအခမှာ သေခြင်းဖြစ်နေသောကြောင့် လူတို့သည် စိတ်ပျက်အားလျော့ကာ၊ “စီရင်ထုံးဖွဲ့တော်မူချက်ကိုစောင့်၍၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားရှေ့မှာ ညှိုးငယ်စွာကျင့်ကြံပြုမူခြင်းအားဖြင့် အဘယ်ကျေးဇူးရှိသနည်း” (မာလခိ၊ ၃း၁၄)ဟု မေးမြန်းကြမည်ကို စိုးရိမ်စရာရှိပေသည်။

သို့ရာတွင် အာဒံအား ဘုရားသခင် ဘော်ပြတော်မူလျက် ရှေသအား ထပ်မံဘော်ပြထားပြီး၊ ဇနောက်အားဖြင့်ပြည့် စုံစွာပုံသက်သေပြလျက် သွန်သင်ခဲ့သော ဆုံးမသြဝါဒများသည် မှောင်မိုက်နှင့်ညှိုး ငယ်မှုတို့ကို ပယ်ရှားပြီး၊ အာဒံအားဖြင့် သေခြင်းတရားရောက်ရှိလာသည်နည်းတူ၊ ဂတိထားတော်မူသော ရွေးနှုတ်ရှင်၊ သခင်ယေရှုအားဖြင့် အသက်ရှင်ခြင်းတရား နှင့်မသေမပုပ်နိုင်ခြင်းအဖြစ် ရောက်ရှိလာလိမ့်မည်ဟူသော မြော်လင့်ချက်ကို လူတို့အားပေးလေ၏။

ဇနောက်၏အကြောင်းကိုထောက်ရှုခြင်းဖြင့် သစ္စာရှိလျက် စိတ်အားလျော့နေသောသူတို့သည် မိမိတို့၏ဖန်ဆင်းရှင်ဘုရားသခင်အားရဲရင့်စွာအထင်အရှားပုန်ကန်ပြစ်မှားလျက် ပျက်စီးနေသောလူများအထဲတွင် နေထိုင်ရကြသော်လည်း သူတို့သည် ဘုရားသခင်၏စကားတော်ကို နားထောင်လျက် ဂတိထားတော်မူသော ရွေးနှုတ်ရှင်ကိုယုံကြည်အားကိုးကြလျှင်၊ သစ္စာရှိဇနောက်ကဲ့သို့ ဖြောင့်မတ်သော အကျင့်ကိုပြုကျင့်နိုင်သဖြင့်၊ ဘုရားသခင်သည် သူတို့ကို လက်ခံတော်မူပြီးနောက်ဆုံး၌ ကောင်းကင်ပလ္လင်တော်တိုင်အောင် ချီးမြှင့်တော်မူလိမ့်မည်ဟု သူတို့အား သွန်သင်ထားလေပြီ။

လောကမှခွဲခွာနေလျက် ဆုတောင်းခြင်း၊ ဘုရားသခင်နှင့်ပေါင်းသင်း ဆက်ဆံခြင်းဖြင့် အများသောအချိန်ကို ကုန်လွန်စေခဲ့သော ဧနောက်သည် နောက်ဆုံးသောကာလ၌ သီးခြားခွဲနေလျက် ဘုရားသခင်ဘက်၌ သစ္စာစောင့်ကြသော လူမျိုးကိုပုံဆောင်၏။ မတရားသောသူတို့မူကား မြေကြီးပေါ်၌ကြောက်စရာကောင်းအောင် များပြားပြည့်နှက်နေကြလိမ့်မည်။ လူတို့သည် မိမိတို့၏ပျက်စီးနေသော ဆင်ခြင်တုံစိတ်ပညာအတိုင်း ပြုမူဆောင်ရွက်ကြပြီး မြင့်မြတ်တော်မူသော ကောင်းကင်ဘုံရှင်၏အာဏာတော်ကို ဆန့်ကျင်ပုန်ကန်လျက်ရှိနေကြလိမ့်မည်။

ဘုရားသခင်၏လူများတို့မူကား၊ မိမိတို့ပတ်လည်ရှိသူများတို့၏ မတရားသော အကျင့်ဓလေ့တို့ကိုရှောင်ကျဉ်ဖယ်ရှားပြီးလျှင်၊ ဘုရားသခင်၏ပုံသဏ္ဌာန်တော်သည် မိမိတို့ကိုယ်၌ပြန်၍ ထင်ပေါ်လာသည်တိုင်အောင် ဖြူစင်သောအကြံအစည်ကိုရှာကြံလျက် ဘုရားသခင်၏အလိုတော်နှင့် ညီညွတ်အောင် သန့်ရှင်းစွာပြုမူနေကြလိမ့်မည်။ ဧနောက်နည်းတူ သူတို့သည် ကောင်းကင်သို့ ကိုယ်ခန္ဓာပြောင်းလဲရောက်ရှိသွားဘို့ သင့်တော်လာကြလိမ့်မည်။ သူတို့သည်လောကအား သွန်သင်ကတိပေးလျက်နေကြစဉ် မယုံကြည်သောသူတို့၏သဘော၊ အကျင့်ဓလေ့အပြုအမူများကို မလိုက်နာဘဲနေကြသဖြင့် မိမိတို့၏သန့်ရှင်းသော အပြောအဆို၊ ဘုရားတရားကြည်ညိုသောပုံသက်သေအားဖြင့် သူတို့သည် မတရားသောသူတို့အား အပြစ်တင်လျက်ရှိနေကြလိမ့်မည်။ လောကကြီးကို ရေလွှမ်းမိုးခြင်းဖြင့် မဖျက်ဆီးမီအချိန်ကလေးအတွင်း ဧနောက်ကိုကောင်းကင်သို့ ကိုယ်ခန္ဓာပြောင်းလဲယူဆောင်သွားခြင်းအမှုသည် ကမ္ဘာမြေကြီးကိုမီးဖြင့် ဖျက်ဆီးဖို့အချိန်မရောက်မီ အသက်ရှင်နေသေးသော သန့်ရှင်းသူအပေါင်းတို့အား ကိုယ်ခန္ဓာပြောင်းလဲစေမည့်အမှုကိုပုံဆောင်ထားပါသည်။ သန့်ရှင်းသူတို့သည် ဘုရားသခင်၏ဖြောင့်မှန်သော ပညတ်တရားတော်ကို သစ္စာနှင့်လိုက်နာစောင့်ရှောက်မှုအတွက် မိမိတို့ကိုမုန်းသောသူတို့၏မျက်မှောက်တွင် ဘုန်းတော်ကိုဝင်စားကြရလိမ့်မည်။

--၀၀--

# အခန်း (၈)
# ရေလွှမ်းမိုးခြင်း

ရှေသ၏သားစဉ်မြေးဆက်များတို့ကို ဘုရားသခင်၏သားသမီးများဟုခေါ်၏။ ကာဣန၏သားစဉ်မြေးဆက်တို့ကိုကား လူ၏သားသမီးများဟုခေါ်၏။ ဘုရားသခင်၏သားသမီးတို့သည် လူ၏သားသမီးတို့ပနှင့်ရောနှောနေကြရာ သူတို့သည် ပျက်စီးယိုယွင်းလာကြ၏။ ၎င်းပြင် အချင်းချင်းထိမ်းမြားမင်္ဂလာပြုကြရာဝယ်၊ သူတို့၏ဇနီးများကသွေးဆောင်မှုကြောင့် သူတို့၏ထူးခြားသန့်ရှင်းသောအကျင့်ဓလေ့များသည်ပပျောက်သွားပြီး ကာဣန၏သားသမီးတို့နှင့်အတူ ပေါင်းကာ ရုပ်တုဆင်းတုကိုကိုးကွယ်လာကြ၏။

အများသောသူတို့သည် ဘုရား သခင်ကိုကြောက်ရွံ့သောသဘောကို ပယ်ရှားထားကြပြီး၊ ဘုရားသခင်၏ ပညတ်တော်တို့ကို ခြေဖြင့်နင်းကြ၏။ သို့ရာတွင် မိမိတို့၏ဖန်ဆင်းရှင်ကို ကြောက်ရွံ့ရိုသေလျက် ဖြောင့်မှန်သောအမှုကိုပြုသောသူအချို့ရှိကြ၏။ ဖြောင့်မတ်သောသူ အချို့တွင် နောဧနှင့်သူ၏အိမ်သားများပါဝင်ကြ၏။

လူတို့၏ဆိုးညစ်ခြင်းအမှုသည် အလွန်ကြီးကျယ်ပြီးလျှင် ကြောက်မက်ဘွယ်ကောင်းလောက်အောင် တိုးပွါးလာရကား၊ မြေကြီးပေါ်မှာလူကို ဖန်ဆင်းတော်မူသည်ကို ဘုရားသခင်သည်နောင်တရတော်မူ၏။

အကြောင်းမူကား၊ မြေကြီးပေါ်မှာ လူအပြစ်ကြီး၍ သူ၏စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည် အစဉ်မပြတ်ဆိုးညစ်ခြင်းသက်သက်ရှိကြောင်းကို ဘုရားသခင်သိမြင်တော်မူ၏။

ရေလွှမ်းမမိုးမှီအနှစ်တစ်ရာကျော်အထက်က၊ ထာဝရဘုရားသခင်သည် ပျက်စီးနေသော လူမျိုးအပေါ်၌ အနည်းငယ်မျှ ဂရုဏာရှိတော်မမူနိုင်တော့ကြောင်းကို နောဧအားကြားပြောရန် ကောင်းကင်တမန်တစ်ပါးက ထာဝရဘုရားကနောဧထံသို့စေလွှတ်တော်မူ၏။ သို့သော် ဘုရားသခင်သည် သူတို့အား မိမိ၏အကြံတော်ကိုမသိမရှိဘဲနေစေခြင်းငှါ အလိုတော်မရှိပါ။ မြေကြီး . . . . . . . . .

ပေါ်ရှိလူများတို့သည် လစ်လျူရှုထားခြင်းမခံရစေခြင်းငှါ၊ လောကသို့ရောက်လာလတ္တံ့သောပျက်စီးခြင်းဘေးကိုသတိပေးရန် နောဧအားသစ္စာရှိသော တရားဟောဆရာဖြစ်စေဖို့ ဘုရားသခင်က သွန်သင်ပေးတော်မူရလိမ့်မည်။ နောဧသည် လူများတို့အားဟောပြောရမည်။

ဌင်းပြင် မိမိကိုယ်တိုင်နှင့်အိမ်သားများကိုကယ်တင်စေခြင်းငှါ၊ ဘုရားသခင်သွန်သင်တော်မူသည်အတိုင်း သဘော်ကိုလည်း ဆောက်လုပ်ရဦးမည်။ သူသည်ဟောပြောရမည်သာမကသေး၊ မိမိကိုယ်တိုင် သဘော်ကိုဆောက်လုပ်ရာ၌ပုံသက်သေပြခြင်းဖြင့် မိမိဟောပြောသည့်အရာကို မိမိကိုယ်တိုင်ယုံကြည်ကြောင်း ထင်ရှားစေရမည်။

နောဧနှင့်သူ၏အိမ်ထောင်သားတစ်စုတို့သာ ဘုရားသခင်ကို ကြောက်ရွံ့၍ ဘုရားသခင်၏စကားတော်ကိုနားထောင်ကြသည်မဟုတ်။ သို့သော် နောဧသည် မြေကြီးပေါ်၌ရှိသောသူတို့တွင် ဘုရားတရားကိုအကြည်ညိုဆုံး၊ အသန့်ရှင်းဆုံးဖြစ်ပြီး၊ သဘော်ကိုဆောက်၍ လောကအားရောက်လာလတ္တံ့သော ပြစ်ဒဏ်စီရင်ခြင်းအမှုကိုသတိပေးရာ၌ ဘုရားသခင်၏အလိုတော်ကို လိုက်နာဆောင်ရွက်ဖို့ ဘုရားသခင်သည် အသက်ချမ်းသာခွင့်ပေးတော်မူခြင်းငှါ အလိုရှိတော်မူသောသူဖြစ်၏။ နောဧ၏အဘိုးဖြစ်သော မသုရှလသည် ရေလွှမ်းမိုးသောနှစ်တိုင်အောင် အသက်ရှင်နေခဲ့သေး၏။

ဌင်းပြင် နောဧဟောသောစကားကိုယုံကြည်လျက် သဘော်ကိုဆောက်လုပ်ရာတွင်ကူညီကြပြီး မြေကြီးပေါ်၌ရေလွှမ်းမိုးခြင်းမဖြစ် မီကပင် သေဆုံးသွားကြသောအခြားသူများလည်းရှိကြသည်။ နောဧသည် မိမိဟောပြောခြင်း၊ သဘော်ကိုဆောက်ရာ၌ ပုံသက်သေပြခြင်းဖြင့် လောကအားအ ပြစ်ဒဏ်စီရင်လျက်ရှိ၏။

နောင်တရလျက် ဘုရားသခင်ထံပြန်လာဖို့အခွင့်အရေးကို ဘုရားသခင်သည် လူအပေါင်းတို့အားပေးတော်မူ၏။ သို့သော် သူတို့သည် နောဧဟောပြောသောစကားကိုမယုံကြည်ကြ။ သူတို့သည် သူ၏သတိပေးစကားများကို ကဲ့ရဲ့ပြစ်တင်လျက် ခြောက်သွေ့နေသောမြေပေါ်၌ ထိုကြီးမားသောသဘော်ကြီးကို ဆောက်လုပ်ခြင်းအမှုတွင် ပြောင်လှောင်သရော်ကြ၏။ မိမိ၏လူများတို့ကိုပြုပြင်ပြောင်းလဲစေဘို့ရန် နောဧကြိုးပမ်းမှုသည် မအောင်မြင်. . . . . . . . . . . . . . . . . . . .

ချေ။ သို့ရာတွင် လူတို့အားနောင်တရ၍ ဘုရားသခင်ထံပြန်လာစေရန် နောဧသည် နှစ်ပေါင်းတစ်ရာကျော်မက ဆက်လက်ကြိုးစား၍ပြောပြခဲ့၏။ သင်္ဘောကြီးပေါ်၌ တူနှင့်ထုသောအချက်တိုင်းသည် လူများတို့အားဟောပြောနေခြင်း အမှုပင်ဖြစ်သည်။ လူများတို့သည် အံ့သြခြင်းနှင့်ကြည့်လျက် နောဧအားအယူသန်သောသူဟု ထင်မှတ်နေကြစဉ်၊ နောဧသည် အလုပ်တွင်လမ်းညွှန်နေလျက် တရားဟော ပြောလျက် ကိုယ်တိုင်အလုပ်တွင် ဝင်ရောက်လုပ်ကိုင်လျက်နေ၏။

## သင်္ဘောကို ဆောက်လုပ်ခြင်း

ဘုရားသခင်သည် သင်္ဘော၏အလျား၊ အနံ၊ အကျယ်အဝန်းတို့ကို သေချာစွာဖော်ပြ၍ ၎င်းကိုဆောက်လုပ်ရာတွင် လိုအပ်သောအချက်ရှိသမျှတို့ကို တိကျမှန်ကန်စွာညွှန်ကြားပေးတော်မူ၏။ အများအားဖြင့် ၎င်းသည် သင်္ဘောနှင့် မတူဘဲ အိမ်နှင့်တူနေလျက် အောက်ခြေသာလျှင်ရေပေါ်၌မျှောနေနိုင်ရန် လှေ၏ ကိုယ်နှင့်တူ၏။ သင်္ဘော၏နံဘေးများတွင် ပြတင်းပေါက်များမရှိ။ ၎င်းသည် သုံးထပ်မျှမြင့်၍ အပေါ်အမိုး၌ရှိသောပြတင်းပေါက်အားဖြင့်သာ အလင်းကို ရရှိနိုင်၏။ နံဘေးတစ်ဘက်၌ တံခါးပေါက်ရှိ၏။ တိရစ္ဆာန်အမျိုးမျိုးတို့ကို ခွဲခြားသီးသန့်ထားဘို့အခန်းများကိုပြင်ဆင်ရာ၌ ခေါင်မိုးတွင်ရှိ ပြတင်းပေါက်မှ အလင်းသည် အခန်းအားလုံးထဲသို့ရောက်ရှိသွားစေရန် စီမံပြုလုပ်ထားသည်။ နှစ်ပေါင်းများစွာပင်မဆွေးမြေ့ဘဲရှိနေတတ်သော ဂေါဖရသစ်သားဖြင့် သင်္ဘောကို ဆောက်လုပ်၏။ လူ၏ဉာဏ်စွမ်းဖြင့်မတည်ထွင်နိုင်အောင် အလွန်ခိုင်ခံ့ပြီး တာရှည်သော အဆောက်အဦးကြီးတစ်ခုဖြစ်ပေသည်။ ဘုရားသခင်သည် ပုံစံကို တည်ထွင်ပေးလျက် နောဧသည် ခန့်ထားတော်မူသောလက်သမားဆရာကြီး ဖြစ်၏။

နောဧသည် အလုပ်ကိစ္စနှင့်သက်ဆိုင်ရာအစိတ်အပိုင်းအသီးသီးကိုမှန်ကန်ကျနစွာရှိစေရန် မိမိအစွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ပြီးနောက် ဘုရားသခင်သည်မြေကြီးပေါ်၌ မိမိ၏ပြင်းထန်သောအမျက်ဒေါသကြောင့် ကျရောက်စေတော်မူမည့် လေမုန်တိုင်းပြင်းထန်မှုကို၎င်း သင်္ဘောကိုယ်တိုင်ခံရပ်နိုင်လိမ့်မည်မဟုတ်။ သင်္ဘောကိုပြီးစီးအောင် ဆောက်လုပ်ရခြင်းအမှုကိစ္စသည် နှေးကွေး၏။ ပျဉ်ပြား တိုင်းကို သေချာစေ့စပ်စွာလုံလောက်အောင် . . . . . . . . . . . . . . . . . . . .

မြေကြီးကိုဖျက်ဆီးရန် ရေလွှမ်းမိုးခြင်းအကြောင်း
နောကေလူ့များအားသတိပေးနေခြင်း

ဆက်စပ်ပြီးနောက် အဆက်နေရာတိုင်းကိုထင်ရှားစေးဖြင့် ဖာထေးထားရ၏။ လူတတ်နိုင်သမျှလုပ်ငန်းကို ပြည့်စုံဆောင်ရွက်ပြီးလေပြီ။

သို့ရာတွင် အဆုံး၌ ဘုရားသခင်တစ်ပါးတည်းသာ မိမိ၏အံ့ဩဘွယ် တန်ခိုးတော်အားဖြင့် ပြင်းထန်စွာရိုက်ခတ်နေသောလှိုင်းတံပိုးပေါ်တွင် သင်္ဘောကြီးကိုကာကွယ် စောင့်ထိန်းထားနိုင်တော်မူ၏။

လူအများတို့သည် ပဋ္ဌမဦးနောဧ၏သတိပေးစကားကို လက်ခံနာယူဟန်ရှိကြသော်လည်း၊ အမှန်နောင်တရလျက် ဘုရားသခင်ထံတော်သို့ လုံးလုံးပြောင်းလဲခြင်းမရှိကြချေ။ ရေလွှမ်းမိုးခြင်းမဖြစ်မှီ သူတို့အားစစ်ဆေးစုံစမ်းရန် အချိန်ကာလအနည်းငယ်ကို ခွင့်ပြုထားတော်မူ၏။ သူတို့သည် စုံစမ်းခြင်းကိုခံနိုင်သောအရည်အချင်းနှင့်မပြည့်စုံကြ။

အကျင့်စာရိတ္တယုတ်ညံ့ ပျက်စီးနေသောအခြေအနေက သူတို့ကိုလွှမ်းမိုးအောင်မြင်သွား၍ သူတို့သည်သစ္စာရှိသော နောဧကို ပြောင်လှောင်ကဲ့ရဲ့လျက်ပျက်စီးနေသောအခြားသူတို့နှင့် နောက်ဆုံးတွင် ပူးပေါင်းရောနှောသွားကြ၏။ သူတို့သည် မိမိတို့၏အပြစ်ကို မစွန့်ပစ်ဘဲ၊ တစ်ပြိုင်တည်းမယားအများ၊ လင်အများယူခြင်းအကျင့်၊ ကာမဂုဏ်တပ်မက်ခြင်းအလေ့များကိုသာ ဆက်လက်လိုက်စားနေကြလေ၏။

လူတို့အား စုံစမ်းစစ်ဆေးရာအချိန်ကာလသည် ကုန်ဆုံးခါနီးလေပြီ။ လောကတွင်ရှိမယုံကြည်၊ ကဲ့ရဲ့ပြောင်လှောင်နေကြသော လူများတို့သည် ဘုရားသခင်၏တန်ခိုးတော်နှင့်ဆိုင်၍ ထူးခြားဆန်းကျယ်သော လက္ခဏာများကိုတွေ့ရကြလိမ့်မည်။ နောဧမူကား၊ ဘုရားသခင်သွန်သင်လမ်းပြတော်မူသည်အတိုင်း သစ္စာနှင့်လိုက်နာစောင့်ရှောက်၏။ ဘုရားသခင်ညွှန်ကြားပြသတော်မူသည်အတိုင်း သင်္ဘောကြီးသည်ပြီးစီးသွားလေပြီ။

သူသည် လူနှင့်တိရစ္ဆာန်တို့အတွက် စားစရာများကိုအလွန်များပြားစွာ သိုလှောင်ထားပြီးလေပြီ။ ဤသို့ပြုလုပ်ပြီးနောက်၊ ဘုရားသခင်က သစ္စာရှိသော နောဧအား "သင်သည် ငါ့ရှေ့၌ဖြောင့်မတ်ကြောင်းကိုငါသိမြင်သည်ဖြစ်၍၊ သင်၏အိမ်သူအိမ်သားအပေါင်းတို့နှင့်တကွ၊ သင်္ဘောထဲသို့ဝင်ကြလော့"ဟု အမိန့်ပေးတော်မူ၏။

## တိရစ္ဆာန်များသင်္ဘောထဲသို့ဝင်ကြခြင်း

တောတောင်၊ကွင်းပြင်ထဲမှ ဘုရားသခင်ဖန်ဆင်းထားတော်မူသော တိရစ္ဆာန်များကိုစုရုံးစေရန် ကောင်းကင်တမန်များကို စေလွှတ်တော်မူ၏။ ကောင်းကင်တမန်တို့သည် တိရစ္ဆာန်တို့ရှေ့မှလမ်းပြသွား၍သန့်ရှင်းသော တိရစ္ဆာန်တစ်မျိုးလျှင်အထီး၊ အမ၊ ခုနစ်စုံတို့သည် တစ်စုံစီတန်းစီကာ နောက်မှလိုက်လာကြ၏။ အရိုင်းဆုံးသောသားရဲများမှစ၍ အလွန်ယဉ်ကျေး၍ဘေးမပြုတတ်သော သတ္တဝါများအထိ၊ ဤတိရစ္ဆာန်တို့သည် ငြိမ်သက်၊ တည်ကြည်စွာသင်္ဘောကြီးထဲသို့ချီတက်သွားကြလေ၏။ ကောင်းကင်သည်လည်း ငှက်အမျိုးမျိုးတို့နှင့်လွှမ်းမိုးသွားကာ တိမ်ဖုံးနေသကဲ့သို့ထင်ရ၏။ ၎င်းတို့သည် တစ်မျိုးလျှင် အထီးအမခုနစ်စုံတို့သည် တစ်စုံစီတန်းစီကာ သင်္ဘောထဲသို့ပျံသန်းလာကြသည်။ လောကသားတို့သည် အံ့သြခြင်းနှင့်ကြည့်နေကြရာ အချို့တို့သည် ထိတ်လန့်ကြောက်ရွံ့နေကြ၏။ သို့ရာတွင် သူတို့သည် ပုန်ကန်မှုအားဖြင့် စိတ်ခိုင်မာလျက်ရှိကြရကား၊ ဘုရားသခင်၏တန်ခိုးတော်ကို ဤသို့အံ့သြဘွယ်ထင်ရှားစေသော လက္ခဏာသည် သူတို့အပေါ်၌ခဏလောက်သာ အံ့သြမိန်းမောခြင်းကိုဖြစ်စေ၏။ ခုနစ်ရက်ပတ်လုံး ဤတိရစ္ဆာန်တို့သည် သင်္ဘောထဲသို့ဝင်ရောက်လာနေကြလျက်၊ နောဧသည် ၎င်းတို့အတွက် ပြင်ဆင်ထားသောနေရာများတွင် စီမံနေရာချပေးနေလျက်ရှိ၏။

၎င်းပြင် အပြစ်ဒဏ်စီရင်ခြင်းခံနေရသောလူမျိုးတို့သည် မိမိ၏ဘုန်းရောင်ခြည်နှင့်ထွန်းတောက်လျက်ရှိသောနေကို၎င်း၊ ဧဒင်ဥယျာဉ်၏လှပတင့်တယ်ခြင်းမျိုးလောက်ပင် လှပနေသေးသောမြေကြီးကို၎င်း၊ မြင်နေရသောအခါ သူတို့သည် မိမိတို့၌ပေါ် ပေါက်လာသောစိုးရိမ်ကြောက်လန့်မှုကို အလွန်ကြမ်းတမ်းသောကာမဂုဏ်ပျော်မွေ့ခြင်းအမှုများဖြင့် ပယ်ရှားကြပြီးလျှင် မိမိတို့၏ညစ်ညမ်းသောအမှုများအားဖြင့် အသင့်ပင်ရောက်ရှိသော ဘုရားသခင်၏အမျက်ဒေါသကိုပယ်ရှားရန် အချင်းချင်းအားပေးနှိုးဆော်လျက်ရှိကြ၏။

သင်္ဘောကြီး၏တံခါးဝကို ပိတ်ဘို့အလုံးစုံတို့သည် ယခုအသင့်ရှိနေကြရာ နောဧသည် ၎င်းအမှုကို အထဲမှနေ၍မပြုလုပ်နိုင်ချေ။ ကောင်းကင်တမန်တစ်ပါးသည် လျှပ်စစ်ကဲ့သို့ တောက်ပသောအလင်းဖြင့် ဖုံးလွှမ်းလျက် ကောင်းကင်မှဆင်းသက်လာသည်ကို ပြောင်လှောင်နေကြသောလူစုသည် . . . . . . . . . . . . . . .

မြင်ရလေ၏။ သူသည်ကြီးမားသော အပြင်တံခါးမကြီးကိုပိတ်ပြီးလျှင် ကောင်းကင်သို့ပြန်တက်သွားလေ၏။

မြေကြီးပေါ်သို့မိုးမရွာသေးမှီ နောဧ၏အိမ်ထောင်သားများသည် သင်္ဘောထဲ၌ရောက်ရှိနေသည်မှာ ခုနှစ်ရက်ကြာလေပြီ။ ဤအချိန်အတောအတွင်း မြေကြီးပေါ်၌ရေလွှမ်းမိုးနေစဉ် အတော်အတန်ကြာရှည်မည့်ကာလအတွက် ပြုလုပ်စရာရှိသောအမှုတို့ကို စီမံပြုလုပ်နေကြသည်။ ထိုအချိန်အတောအတွင်း၌ မယုံကြည်သောလူစုတို့ကားစက်ဆုပ်ရွံရှာဘွယ်ကောင်းသော ကာမဂုဏ်၌ ပျော်မြူးနေကြလေ၏။ နောဧသည် သင်္ဘောထဲသို့ဝင်ပြီးနောက် သူ၏အနာဂါတ်ဟောစကားသည် ချက်ခြင်းမပြည့်စုံသေးသောကြောင့် သူသည်အလိမ်ခံရပြီ၊ ၎င်းပြင် မြေကြီးသည်ရေလွှမ်းမိုးခြင်းအားဖြင့် ဖျက်ဆီးခြင်းခံရမည်မှာမဖြစ်နိုင်ဟု သူတို့ကထင်မှတ်ကြ၏။ ဤသို့ ရေလွှမ်းမိုးချိန်မရောက်မှီ မြေကြီးပေါ်၌ မိုးရွာခြင်းမရှိခဲ့ဘူးသေး။ အခိုးအငွေ့များသည် ရေထဲမှတက်လာပြီး၊ ဘုရားသခင်သည် ၎င်းတို့ကိုမြေကြီးပေါ်သို့ နှင်းမြူကဲ့သို့ကျဆင်းလာစေတော်မူသဖြင့်၊ သစ်ပင်ပန်းပင်များတို့သည် ပြန်၍လန်းလာလျက် ကြီးပွါးတည်တန့်နေရကြ၏။

ဘုရားသခင်၏ တန်ခိုးတော်အကြောင်းကို ကြည်ညိုဘွယ်ကောင်းလောက်အောင် ဘော်ပြထားသည့်အမှုအရာ သားရဲတိရစ္ဆာန်တို့သည် တောတောင်ကွင်းပြင်တို့မှထွက်၍ သင်္ဘောထဲသို့ဝင်ကြခြင်း တောက်ပသောရောင်ခြည်ဖြင့် ဖုံးလွှမ်း၍ ကြောက်စရာကောင်းသောဘုန်းတန်ခိုးနှင့် ပြည့်ဝသောကောင်းကင်တမန်သည် ကောင်းကင်မှဆင်းသက်လာပြီးလျှင်၊သင်္ဘော၏ တံခါးမကြီးကို ပိတ်ခြင်းတည်းဟူသော သဘာဝအတိုင်းမဟုတ်သော ထူးဆန်းသည့်အမှုအရာတို့ကို သူတို့သည်တွေ့မြင်နေရကြသော်လည်း၊ သူတို့သည် မိမိတို့၏စိတ်နှလုံး ခိုင်မာစေကြပြီးလျှင်၊ ဆက်လက်ပျော်ပါးမြူးတူးလျက် ဘုရားသခင်၏တန်ခိုးတော်ကို ထင်ရှားစေသောလက္ခဏာတို့ကို ကျီစယ်သရော်နေကြ၏။

## လေမုန်တိုင်းကျရောက်ခြင်း

သို့သော် ရှစ်ရက်မြောက်သောနေ့၌ ကောင်းကင်တဝှမ်းလုံး မဲမှောင်နေ၏။ တချုံးချုံးမြည်သောမိုးချုန်းသံများ၊ ထင်ထင်ရှားရှားလျှစ်စစ် . . . . . . . . . .

ပြက်နေခြင်းအမှုများတို့သည် လူနှင့်တိရစ္ဆာန်တို့အားအစပြု၍ ကြောက်လန့်တုန်လှုပ်စေကြလေပြီ။ သူတို့အထက်တွင်ရှိသော မိုးတိမ်များထဲမှ မိုးပေါက်များရွာသွန်းလေ၏။ ဤအဖြစ်မျိုးကို သူတို့သည် တစ်ခါမျှမမြင်ဖူးသဖြင့် သူတို့သည် ကြောက်လန့်၍စိတ်ညှိုးငယ်လာကြ၏။ တောတိရစ္ဆာန်တို့သည် အပြင်းအထန် ကြောက်လန့်ခြင်းနှင့် လှည့်လည်နေကြလျက်၊ သူတို့၏မညီညွတ်သော အော်ဟစ်သံများသည် သူတို့၏ကံကြမ္မာနှင့်လူတို့၏ကံကြမ္မာအတွက် ညည်းညူမြည်တမ်းနေသကဲ့သို့ ထင်ရ၏။ မိုးရေတို့သည် ကောင်းကင်မှရေတံခွန်များကဲ့သို့ ပြင်းထန်စွာ ကျဆင်းလာသည်ဟု ထင်မြင်ရသည်တိုင်အောင် မိုးသက်မုန်းတိုင်းသည် တိုး၍ပြင်းထန်လာ၏။

မြစ်ရေချောင်းရေတို့သည်ပြည့်လျှံလျက် လွင်ပြင်များထဲသို့အရှိန်နှင့် တက်လာကြ၏။ ကြီးစွာသောနက်နဲရာ ရေပေါက်ရေတွင်းတို့သည်လည်း ပေါက်ကွဲလျှံတက်လာကြ၏။ ရေလုံးရေပန်းကြီးများသည်မပြောပြနိုင်အောင် ပြင်းသောအဟုန်ဖြင့် မြေကြီးထဲမှထိုးထွက်လာ၍ကြီးမားသော ကျောက်တုံးကြီးများကိုပင် လေထဲသို့ကန်ထုတ်ပြီးနောက် ၎င်းတို့သည်မြေကြီးထဲ၌ အလွန်နက်စွာမြှုပ်နေကြပြန်လိမ့်မည်။

လူများတို့သည် မိမိတို့လက်ဖြင့်ပြုလုပ်ဆောက်တည်ထားသောအရာများ ပျက်စီးဆုံးပါးခြင်းအမှုကို ပထမဦးစွာတွေ့မြင်လာရကြလေ၏။ သူတို့၏ခမ်းနားသောအဆောက်အသီးများ၊ သူတို့၏ရုပ်တုတင်းတုများဖြင့် တင့်တယ်စွာစီမံထား၊ တည်ထားရာခြံ၊ ဥယျာဉ်များတို့သည်ကောင်းကင်မှ လျှစ်စစ်ပြက်ခြင်းကြောင့် ပျက်စီးပြိုပျက်ကုန်ကြလေ၏။ သူတို့၏ပျက်စီးပြိုပျက်ရာများသည် နေရာတကာ၌နှံ့ပြားနေ၏။ သစ်ပင်အုပ်များအောက်တွင် ရုပ်တုဆင်းတုများရှေ့၌ ယဇ်ပလ္လင်များကို တည်ထားပြီး ၎င်းပလ္လင်များပေါ်တွင် လူများကိုယဇ်ပူဇော်ခဲ့ကြလေပြီ။

ဘုရားသခင်သည် ဤစက်ဆုပ်ရွံရှာဘွယ်သောအရာများကို မိမိ၏ပြင်းစွာသောအမျက်ဒေါသဖြင့် သူတို့မျက်မှောက်တွင် ဖြိုဖျက်တော်မူပြီးလျှင် ကောင်းကင်မြေကြီးကို ဖန်ဆင်းတော်မူသောအရှင်အသက်ရှင်တော်မူသော ဘုရားသခင်၏တန်ခိုးတော်ရှေ့တွင် သူတို့အားကြောက်ရွံ့တုန်လှုပ်စေလျက်၊ သူတို့၏စက်ဆုပ်ရွံရှာဘွယ်အမှုများ၊ ကြောက်စရာကောင်းလောက်အောင် ရုပ်တုဆင်းတုများရှေ့၌ ယဇ်ပူဇော်ခြင်းအမှုများသည် . . . . . . . . . . . . . . . . . . . .

သူတို့အပေါ်၌ပျက်စီးခြင်းဘေးကို သက်ရောက်စေပြီဟု သူတို့အားသိနားလည်စေတော်မူ၏။

မိုးသက်မုန်တိုင်းသည် တိုး၍ပြင်းထန်နေသေး၍ လောကဓါတ်တို့၏ ထိခိုင်သံများ၊ ဘုရားသခင်၏အာဏာတော်ကို ဆန့်ကျင်ရှုတ်ချသောသူတို့၏ ညည်းတွားငိုကြွေးသံတို့သည် ရောနှောနေကြ၏။ သစ်ပင်များ၊ အဆောက်အဦးများ၊ ကျောက်တုံးများနှင့်မြေစိုင်မြေခဲကြီးများတို့သည် နေရာအနှံ့အပြားလွင့်စင်နေကြ၏။ လူနှင့်တိရစ္ဆာန်တို့၏ထိတ်လန့်ကြောက်ရွံ့နေသောလက္ခဏာမှာ မပြောနိုင်လောက်အောင်ဖြစ်နေ၏။ နှင်ထုတ်ခြင်းခံရသော စာတန်ကိုယ်တိုင်ပင်လျှင် တိုက်ခိုက်နေကြသောလောကဓါတ်တို့၏အကြားတွင် နေရသည့်အတွက် ကြောက်လန့်လာ၏။

သူသည် ထိုမျှလောက်ခွန်အားကြီးသောလူမျိုးကို စိုးမိုးအုပ်ချုပ်ရန်နှစ်သက်လျက်၊ သူတို့အားမိမိတို့၏စက်ဆုပ်ဘွယ်ရာအမှုများ ကိုပြုကျင့်နေကြပြီး ကောင်းကင်ဘုံရှင်ဘုရားသခင်ကိုပုန်ကန်မှု၌ တိုးပွါးလာစေရန် အလိုရှိခဲ့လေပြီ။ သူသည် ဘုရားသခင်ကိုကျိန်ဆဲလျက် ဘုရားသခင်သည် မတရားသဖြင့်ပြု၍ ရက်စက်သည်ဟု စွပ်စွဲလေ၏။ အများသောလူတို့သည် စာတန်ကဲ့သို့ ဘုရားသခင်ကိုရှုတ်ချကြပြီးလျှင် သူတို့၏ပုန်ကန်မှုကို အဆုံးတိုင်ပြီးမြောက်အောင် ပြုလုပ်နိုင်ကြလျှင်၊ ဘုရားသခင်အား မိမိ၏ဖြောင့်မတ်ရာပလ္လင်တော်ပေါ်မှ ဆွဲချကောင်းဆွဲချလိုကြလိမ့်မည်။

အများသောသူတို့သည် မိမိတို့၏ဖန်ဆင်းရှင်ကိုရှုတ်ချ၊ ကျိန်ဆဲနေကြစဉ် အခြားသောသူအချို့တို့သည် ကြောက်လန့်ခြင်းနှင့် ဟိုပြေးဒီပြေးပြုလုပ်နေလျက် သင်္ဘောထဲသို့ဆန့်တန်းနေကြ၏။ သို့ရာတွင် ဤသို့ပြုခြင်းဖြင့် ဘာမျှမတတ်နိုင်။ ဘုရားသခင်သည်တစ်ခုတည်းသောဝင်ပေါက်ဖြစ်သည့် တံခါးကြီးကိုပိတ်ထားတော်မူလျက်၊ နောဧကိုအထဲ တွင်ပိတ်ထားလျက် ဘုရားကိုမရိုသေသောသူတို့ကို အပြင်ဘက်တွင် ပစ်ထားတော်မူ၏။ ဘုရားသခင်တစ်ပါးတည်းသာ ထိုတံခါးကို ဖွင့်နိုင်တော်မူ၏။ သူတို့၏ ကြောက်လန့်ခြင်း၊ နောင်တရခြင်းအမှုတို့သည် လွန်စွာပင်နောက်ကျလေပြီ။ လူ တန်စွမ်းအားကြီး၍ မိမိတို့ရှုပ်ချ၊ ပုန်ကန်ခဲ့သည့် အသက်ရှင်တော်မူသော ဘုရားသခင်တစ်ပါးရှိ . . . . . . . . . . . . . . . . . . .

တော်မူကြောင်း သူတို့သိနားလည်လာရကြပြီ။ သူတို့သည် ဘုရားသခင်ကို စိတ်အားကြီးစွာ ဟစ်ခေါ်ကြသော်လည်း ဘုရားသခင်သည် သူတို့အော်ဟစ်သံကို နားညောင်းတော်မမူ။

အချို့တို့သည် အဆုံး၌ သင်္ဘောကြီးကိုချိုးဖျက်ဝင်ရန် ကြိုးစားကြသော်လည်း ခိုင်ခံ့စွာဆောက်ထားသောသင်္ဘောကြီးသည် သူတို့ကြိုးပမ်းမှုကိုခုခံနိုင်လေ၏။ အချို့တို့သည် ပြင်းထန်စွာရိုက်ခတ်နေသောလှိုင်းလုံးများ၊ နေရာတကာလွင့်စင်နေသော ကျောက်တုံးနှင့်သစ်ပင်များအားဖြင့် လက်လွတ်၊ လွင့်စင်သွားကြသည်တိုင်အောင် သင်္ဘောကိုတွယ်ခိုနေကြလေ၏။ နောဧသတိပေးစကားကိုအရေးမယူ၊ ထိုသစ္စာရှိ၊ ဖြောင့်မတ်သောတရား ဟောဆရာကိုပြက်ရယ်ပြုကြသောသူတို့သည် မိမိတို့မယုံကြည်မှုအတွက် အလွန်နောက်ကျမှနောင်တရကြလေ၏။ သင်္ဘောသည် ပြင်းထန်စွာလှုပ်ရှားလျက်လူးနေ၏။ အထဲ၌ရှိသောတိရစ္ဆာန်တို့သည် အမျိုးမျိုးသောဟစ်အော်သံများအားဖြင့် အလွန်အမင်းကြောက်လန့်ကြောင်းပြကြ၏။

သို့သော် လောကဓါတ်များလှုပ်ရှား ထိခိုက်နေခြင်း၊ လှိုင်းလုံးများရိုက်ခတ်ခြင်း၊ သစ်ပင်နှင့်ကျောက်တုံးများလွင့်စင် နေခြင်းအမှုများအကြားတွင် သင်္ဘောသည်ဘေးကင်းစွာမျောနေ၏။ ခွန်အားအလွန်ကြီးသောကောင်းကင်တမန်တို့သည် သင်္ဘောကိုစောင့်ရှောက်လမ်းပြလျက် ဘေးကင်းအောင်စောင့်ထိန်းထားကြ၏။

ရက်ပေါင်းလေးဆယ်ပတ်လုံးနေ့ညဥ့် တိုက်ခတ်နေသော ကြောက်မက်ဖွယ်မိုးသက်မုန်တိုင်းကျရောက်နေစဉ်အတွင်း သင်္ဘောကြီးကိုစောင့်ရှောက်ထိန်းသိမ်း ထားခြင်းအမှုသည်ပင်လျှင် အနန္တတန်ခိုးရှင်၏အံ့ဩဘွယ်နိမိတ်လက္ခဏာတစ်ခုဖြစ်ပေသည်။ လေမုန်တိုင်း၏ဒဏ်ကိုခံနေရသောတိရစ္ဆာန်တို့သည် လူသတ္တဝါတို့ထံမှ အကူအညီရလိုရငြား၊ လူတို့ထံပြေး၍ ချဉ်းကပ်ပေါင်းဘော်ကြလေ၏။ ခွန်အား ကြီးသော တိရစ္ဆာန်ကြီးများတို့သည် မိမိတို့အသက်ဘေးကိုကယ်ဆယ်ရန် လက်မလျှော့ဘဲ၊ မြင့်တက်လာသောရေမှလွတ်ကင်းရန် အမြင့်ဆုံးသောတောင်ထိပ်များ သို့တက်သွားကြလိမ့်မည်ကိုသိရှိရသဖြင့် အချို့သောသူများတို့သည် မိမိတို့၏သားငယ်၊ သမီးငယ်တို့နှင့်တကွ မိမိတို့ကိုယ်တိုင်တိရစ္ဆာန်ကြီးများအပေါ်တွင် ချည်နှောင်ထားကြ၏။ မုန်တိုင်းသည်မိမိ၏ . . . . . . . . . . . . . .

အရှိန်ကိုမသတ်သေး၊ ရေသည်လည်းရှေးဦးစွာကထက်တိုး၍ အားကြီးလာ၏။ အချို့တို့သည် အမြင့်ဆုံးသောတောင်ထိပ်များပေါ်ရှိမြင့်မားသောသစ်ပင်ကြီးများပေါ်၌ မိမိတို့ကိုယ်ကိုစွဲမြဲစွာချည်နှောင်ထားကြသော်လည်း ဤသစ်ပင်များတို့သည် အမြစ်မှကျွတ်ထွက်သွားလျက် လေထဲတွင်ပြင်းထန်သောအဟုန်ဖြင့်ပါသွားကြရာ၊ ပွက်ပွက်ထကာရိုက်ခတ်နေသော လှိုင်းလုံးကြီးများအထဲတွင် ကျောက်တုံးများ၊ မြေစိုင်မြေခဲကြီးများတို့နှင့်အတူ အရှိန်ပြင်းစွာလွင့်စင်နေသကဲ့သို့ ထင်ရ၏။ အမြင့်ဆုံးသောတောင်ထိပ်များသို့ထိလုနီးလျက် ပွက်ပွက်ထနေသောလှိုင်းလုံးရေလုံးများထဲတွင် အားလုံးတို့သည် လွင့်ကျသွားသည်တိုင်အောင် လူနှင့်တိရစ္ဆာန်တို့သည် အမြင့်ဆုံးအရပ်များတွင် နေရာရရှိရန် ကြိုးစားအားထုတ်နေကြသည်။

နောက်ဆုံး၌ ရေသည် အမြင့်ဆုံးတောင်ထိပ်များတိုင်အောင်ရောက်ရှိလာသဖြင့်၊ လူနှင့်တကွတိရစ္ဆာန်တို့သည် လွှမ်းမိုးသောရေအားဖြင့် ပျက်စီးဆုံးပါးရကြလေ၏။

နောဧနှင့်အိမ်ထောင်သားတို့သည် ရေဆုတ်လျော့သွားသည်ကိုစိတ်အားကြီးစွာ စောင့်ကြည့်နေကြ၏။ သူသည် မြေကြီးပေါ်သို့ တစ်ဖန်ပြန်သွားလို၏။ သူသည် ကျီးအတစ်ကောင်ကိုလွှတ်လိုက်ရာ၊ ကျီးအသည် ထိုမှဤမှပျံဝဲနေလေ၏။ သူသည် မိမိသိလိုသောအချက်ကိုမရရှိသေးချေ။ တစ်ဖန် ချိုးငှက်တစ်ကောင်ကိုလွှတ်ပြန်ရာ၊ နားစရာနေရာကိုမရသဖြင့် သင်္ဘောသို့ပြန်လာ၏။ ခုနစ်ရက်ကြာပြန်သောအခါ၊ ချိုးငှက်ကိုတစ်ဖန်လွှတ်ပြန်ရာ မိမိ၏နှုတ်သီးဖြင့် သံလွင်ရွက်ကိုယူဆောင်လျက် ပြန်လာသည်ကိုတွေ့ရကြသောအခါ၊ သင်္ဘောထဲတွင် ကြာမြင့်စွာပိတ်လှောင်ထားခြင်းခံနေရသော အိမ်ထောင်သားရှစ်ယောက်တို့သည် အလွန်တရာပင်အားရဝမ်းမြောက်လျက်ရှိကြ၏။

တစ်ဖန် ကောင်းကင်တမန်သည်ဆင်းသက်လာပြန်လျက် သင်္ဘော၏တံခါးကိုဖွင့်ပေးလေ၏။ နောဧသည် အမိုးကိုဖျက်၏။ သို့သော် သူသည်ဘုရားသခင်ပိတ်ထားတော်မူသော တံခါးကိုမဖွင့်နိုင်။ ဘုရားသခင်သည် တံခါးကိုလာရောက်ဖွင့် ပေးသောကောင်းကင်တမန်အားဖြင့် နောဧကိုမိန့်မြွက်တော်မူလျက်၊ နောဧ၏အိမ်ထောင်သားများတို့ကို သင်္ဘောထဲမှထွက်၍ သူတို့နှင့်အတူ အသက်ရှင်နေသေးသောသတ္တဝါအသီးအသီးကို ထုတ်ဆောင်ဖို့ရာမှာထားတော်မူ၏။

## နောဧ၏ယဇ်ပူဇော်သက္ကာနှင့် ဘုရားသခင်၏ဂတိတော်

နောဧသည် မိမိတို့အား ထိုမျှဂရုဏာသက်ရောက်လျက် စောင့်ထိန်းတော်မူသောဘုရားသခင်ကိုမမေ့ဘဲ ချက်ခြင်းယဇ်ပလ္လင်ကိုတည်ပြီးနောက်စင်ကြယ်သောတိရစ္ဆာန်၊ စင်ကြယ်သောငှက်အမျိုးမျိုးထဲမှယူလျက် ယဇ်ပလ္လင်ပေါ်တွင်မီးရှို့ရသောယဇ်ကို ပူဇော်လေ၏။ ထိုသို့အားဖြင့် ကြီးမြတ်သော ယဇ်ပူဇော်သက္ကာဖြစ်တော်မူသော သခင်ခရစ်တော်၌ ယုံကြည်ကြောင်း မိမိတို့အား အံ့သြဘွယ်ကယ်ဆယ်စောင့်ထိန်းတော်မူသည်အတွက် ကျေးဇူးတင်ကြောင်းကို ဘော်ပြလေ၏။ နောဧ၏ပူဇော်သက္ကာသည် ဘုရားသခင်ရှေ့တော်၌ မွှေးကြိုင်သောအနံ့အသက်ကဲ့သို့တက်ရောက်သွားသည်။ ဘုရားသခင်သည် ပူဇော်သက္ကာကိုလက်ခံ တော်မူပြီးလျှင် နောဧနှင့်သူ၏အိမ်သားများကိုကောင်းကြီးပေးတော်မူ၏။ ဘုရားသခင်၏ ဂရုဏာတော်နှင့်မေတ္တာတော်ကိုဘော်ပြတော်မူသောအခါတိုင်း၊ ပထမဦးစွာ လူအပေါင်းတို့ပြုရသောအမှုကား၊ ဘုရားသခင်အားကျေးဇူးဆပ်ပေးလျက် နှိမ့်ချ သောစိတ်နှင့်ကိုးကွယ်ဝတ်ပြုခြင်းဖြစ်သည်ကို မြေကြီးပေါ်၌ အသက်ရှင်နေရကြမည့် လူအပေါင်းတို့သည် ဤနေရာ၌သင်ခန်းစာတစ်ခုကိုရရှိသင့်ကြသည်။

မိုးတိမ်များပေါ်လာ၍မိုးရွာသောအခါ လူသည်ကြောက်လန့်ခြင်းမရှိစေခြင်းငှါ၄င်း၊ ထပ်မံ၍ရေလွှမ်းမိုးခြင်းဖြစ်မည်ကို ဆက်လက်စိုးရိမ်ပူပန်ခြင်းမရှိစေခြင်းငှါ၄င်း ဘုရားသခင်သည် နောဧ၏အိမ်ထောင်သားများအား ဂရုဏာတော်ကိုပြလျက် ဂတိတော်ဖြင့်အားပေးနှိုးဆော်တော်မူ၏။ "သင်တို့နှင့် ငါပြုသောပဋိညာဉ်ဟူမူကား၊ရေလွှမ်းမိုးခြင်းအားဖြင့် ခပ်သိမ်းသောသတ္တဝါတို့သည် နောက်တစ်ဖန်မဆုံးရကြ။ မြေကြီးကိုဖျက်ဆီးဖို့ရာ နောက်တစ်ဖန်ရေ လွှမ်းမိုးခြင်းမရှိရာ။ ထိုမှတစ်ပါး၊ ငါတဘက်၊ သင်တို့နှင့်သင်တို့ထံမှ အသက်ရှင်သမျှသောတိရစ္ဆာန်တို့တစ်ဘက်၌ သားမြေးအစဉ်အဆက်မပြတ်၊ ငါပြုသောပဋိညာဉ်၏လက္ခဏာသက်သေဟူမူကား၊ ငါ၏သက်တံကိုမိုးတိမ်၌ ငါထား၏။ ထိုသက်တံ့သည် မြေကြီးနှင့်ငါပြုသောပဋိညာဉ်၏ သက်သေဖြစ်လိမ့် မည်။ ငါသည် မိုးကိုအုံ့စေသောအခါ၊ မိုး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

တိမ်၌ သက်တံ့သည် ထင်ရှားလိမ့်မည်။ မိုးတိမ်၌ သက်တံ့ရှိသည်ကို ငါကြည့်ရှုသဖြင့် ဘုရားသခင်နှင့်မြေကြီးပေါ်မှာ အသက်ရှင်သောသတ္တဝါအပေါင်းတို့ စပ်ကြားမှာရှိသော ထာဝရပဋိညာဉ်ကို အောက်မေ့မည်ဟု ဘုရားသခင်မိန့်တော်မူ၏။"

ဘုရားသခင်အဘို့မည်မျှနှိမ့်ချရသောအမှုဖြစ်သလဲ။ ကြီးမြတ်တော်မူသော ဘုရားသခင်သည် လူနှင့်ပြုတော်မူသော ပဋိညာဉ်၏လက္ခဏာသက်သေအဖြစ် မိုးတိမ်တွင်အရောင်အဆင်းအမျိုးမျိုးနှင့် လှပတင့်တယ်သောသက်တံ့ကိုတည်ထားတော်မူရာ၌ မှားယွင်းသောလူအတွက် ဘုရားသခင်သည် မည်မျှကြင်နာခြင်းရှိတော်မူသလဲ။ မြေကြီးပေါ်ရှိလူများတို့သည် အလွန်ဆိုးညစ်ကြသောကြောင့်၊ ဘုရားသခင်သည် သူတို့ကိုရေလွှမ်းမိုးခြင်းအားဖြင့် ဖျက်ဆီးတော်မူခဲ့သည့်အကြောင်းအရာကို ထင်ရှားစေသောသက်သေသည်လည်း ဤသက်တံ့ပင်ဖြစ်ပေသည်။ ဘုရားသခင်၏အကြံအစွယ်တော်တစ်ခုကား၊ နောက်လာနောက်သားများတို့သည် သက်တံ့ကိုမိုးတိမ်၌မြင်၍ ကောင်းကင်၌တည်ရှိနေသော ဤဘုန်းတော်နှင့်ပြည့်ဝသော လေးကိုင်းသဏ္ဍာန်အရာဝတ္ထု၏အကြောင်းရင်းကို မေးမြန်းကြသောအခါ၊

ကမ္ဘာပေါ်ရှိရှေးလူများတို့သည် ဆိုးညစ်သောအမှုအမျိုးမျိုးတို့ကို လိုက်စားကြသောကြောင့် ရှေးကာလကမ္ဘာသည် ရေလွှမ်းမိုးခြင်းဖြင့် ပျက်စီးသွားရသည်ကိုငှင်း၊ ဘုရားသခင်သည် နောက်တစ်ဖန်ဘယ်သောအခါမျှ မြေကြီး ပေါ်တွင်ရေလွှမ်းမိုးခြင်းအမှုကို သက်ရောက်စေတော်မမူကြောင်း သက်သေလက္ခဏာဖြစ်စေခြင်းငှါ အမြင့်ဆုံးသော ဘုရားသခင်၏လက်တော်သည် သက်တံ့ကိုပြုပြင်ဖန်ဆင်း၍ မိုးတိမ်တို့၌တည်ထားတော်မူကြောင်းကိုငှင်း သူတို့၏မိဘများကရှင်းလင်းဘော်ပြရကြမည်အကြောင်းတည်း။

ဤအထိမ်းအမှတ်သည် လူတို့အားပြတော်မူသော ဘုရားသခင်၏ဂရုဏာတော်နှင့် ကောင်းမြတ်ခြင်း၏လက္ခဏာတစ်ခုဖြစ်သောကြောင့် ကောင်းကင်တွင်ရှိ ဤအမှတ်လက္ခဏာသည် လူအပေါင်းတို့၏ယုံကြည်ခြင်းကိုငှင်း၊ ဘုရားသခင်၌ထားရှိသော သူတို့၏အားထားယုံကြည်ခြင်းကိုငှင်း၊ တည်မြဲစေရန်ဖြစ်သည်။ ဘုရားသခင်သည် အမျက်ဒေါသထွက်၍မြေကြီးကိုရေလွှမ်းမိုးခြင်းဖြင့်ဖျက်ဆီးတော်မူသော်လည်း ဘုရားသခင်၏ဂရုဏာတော်သည် . . . . . . . . . .

မြေကြီးကို ဖုံးလွှမ်းပတ်ရစ်လျက်ရှိနေသေးကြောင်းကိုလည်းဘော်ပြ၏။ ဘုရားသခင်က မိမိသည် မိုးတိမ်၌သက်တံ့ကိုကြည့်ရှုတော်မူသောအခါ၊ ပဋိညာဉ်ကိုသတိရအောက်မေ့တော်မူမည်ဟုမိန့်တော်မူ၏။ ဘုရားသခင်သည် ဘယ်အခါမျှမေ့တော်မူတတ်သည်မဟုတ်ကြောင်းကို လူတို့အား မသိရှိနားမလည်စေခြင်းငှါ ဘုရားသခင်သည် အလိုတော်မရှိဘဲ၊ လူတို့သည် သာ၍နားလည်စေခြင်းငှါ၊ မိမိကိုယ်တော်တိုင် လူအားမိန့်တော်မူခဲ့ပြီ။

--oo--

# အခန်း (၉)

## ဗာဗုလုန်ရဲတိုက်

နောဧ၏သားစဉ်မြေးဆက် အမျိုးအနွယ်တစ်ချို့သည် များမကြာမှီ ဖောက်ပြန်လာကြ၏။ အနည်းငယ်လောက်သောလူစုသာ နောဧ၏ပုံသက်သေကိုလိုက်လျှောက်လျက် ဘုရားသခင်၏ပညတ်တရားတော်ကိုနားထောင်စောင့်ရှောက်ကြသည်။ အခြားသောသူတို့ကား မယုံကြည်ဘဲပုန်ကန်ကြပြီး၊ ဤသူတို့ပင် ရေလွှမ်းမိုးခြင်းအကြောင်းကိုလည်း မယုံကြည်ကြချေ။ အချို့တို့သည် ဘုရားသခင်တည်ရှိတော်မူခြင်းအကြောင်းကို မယုံကြည်ကြသဖြင့် ရေလွှမ်းမိုးရခြင်းသည် သဘာဝအလျောက် ဖြစ်ပေါ်လာရခြင်းဖြစ်သည်ဟု မိမိတို့စိတ်ထဲ၌ထင်မှတ်နေကြသည်။ အခြားသူတို့က ဘုရားသခင်တည်ရှိတော်မူခြင်းအကြောင်းကိုငှင်း၊ ထိုဘုရားသခင်ပင် ကမ္ဘာဦးရှိလူများကို ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးတော်မူခဲ့ခြင်းကိုငှင်း ယုံကြည်ကြသည်။ ဘုရားသခင်သည် လူများကိုမြေကြီးမှပယ်ရှင်း၍ ရေလွှမ်းမိုးခြင်းဖြင့် တတိယအကြိမ် ကျိန်တော်မူသောကြောင့် ကာဣနကဲ့သို့ သူတို့၏စိတ်နာမှုသည် ဘုရားသခင်အား ဆန့်ကျင်ပုန်ကန်စေ၏။

ဘုရားသခင်၏ရန်သူများဖြစ်သောကြောင့် သူတို့သည် ဘုရားသခင်ကိုချစ်ခင်၊ ချီးမြှောက်လျက်စကားတော်ကိုလိုက်နာကြသောသူတို့သည် ဖြောင့်မှန်သောစကားအပြောအဆို၊ ဘုရားတရားကြည်ညိုသောအသက်တာအားဖြင့် နေ့စဉ် အပြစ်တင်ခံနေရကြသည်ဟုထင်မှတ်ကြသည်။ သစ္စာရှိသောသူတို့၏ ဖြောင့်မတ်သောအသက်တာသည် မိမိတို့၏ဆိုးညစ်သောလမ်းနှင့် အမြဲဖီလာဆန်လျက်နေသောကြောင့် မယုံကြည်သောသူတို့သည် အချင်းချင်းတိုင်ပင်ပြီး ထိုသစ္စာရှိသူတို့ထံမှ ခွဲခွာသီးသန့်နေထိုင်ကြဘို့ရန် သဘောတူဆုံးဖြတ်ကြသည်။ သူတို့သည် အနည်းငယ်ဝေးသောအရပ်သို့ ခရီးသွားကြပြီးလျှင် နေထိုင်ရန်ကောင်းသောလွင်ပြင်ကျယ်ကြီးတစ်ခုကို ရွေးချယ်ကြ၏။ သူတို့သည် မိမိတို့အဘို့ မြို့တစ်မြို့ကို တည်ဆောက်ပြီးနောက် သူတို့သည် မိုးတိမ်များအထဲသို့ရောက်သည်တိုင်အောင် မြင့်မားသောရဲတိုက်ကြီးတစ်ခုကို . . . . . . . . . . . . . . . . . . . . . . . . . .

ဗာဗုလုန်ရဲတိုက်ကိုတည်ဆောက်သူတို့၏စကားကိုရှုပ်ထွေးစေတော်မူသဖြင့်
သူတို့၏ပုန်ကန်သောအလုပ်သည် ရပ်စဲသွားရ၏

တည်ဆောက်ရန်အကြံရှိကြသည်။ ထိုသို့အားဖြင့် သူတို့သည် မြို့ထဲနှင့်ရဲတိုက်ကြီးတွင်နေရလျက် အရပ်ရပ်သို့နှံ့ပြားမသွားနိုင်ကြတော့ချေ။

အကယ်၍ နောက်တစ်ကြိမ်ရေလွှမ်းမိုးခဲ့သော် သူတို့သည် မိမိတို့ကိုယ်ကိုလုံခြုံဘေးကင်းအောင် ပြုလုပ်နိုင်ကြလိမ့်မည်ဟု သူတို့သည် ဆွေးနွေးကြ၏။ အကြောင်းကား၊ ရေလွှမ်းမိုးခဲ့သည့်အချိန်က ရေတက်လာသောနေရာထက်သာ၍ များစွာမြင့်သောရဲတိုက်ကိုသူတို့သည် ဆောက်လုပ်ကြလိမ့်မည်။ ၎င်းပြင် လောကတစ်ဝှမ်းလုံးက သူတို့ကိုချီးမြှောက်ဂုဏ်ပြုကြသဖြင့် သူတို့သည် ဘုရားများကဲ့သို့ဖြစ်လျက် လူများတို့အပေါ်မှာ စိုးမိုးချုပ်ချယ်ရလိမ့်မည်။

ဤရဲတိုက်ကြီးကား တည်ဆောက်သူတို့ကိုချီးမြှောက်ရန်စီမံထားလျက် မြေကြီးပေါ်၌နေထိုင်ကြရမည့်အခြားသူများတို့အား မိမိတို့၏ရုပ်တုဆင်းတုကိုးကွယ်မှုတွင် မိမိတို့နှင့်ပူးပေါင်းစေရန် ဘုရားသခင်ထံမှ စိတ်ပြောင်းလဲလာစေဖို့ရည်ရွယ်ထား၏။

ရဲတိုက်ကိုတည်ဆောက်ရသောလုပ်ငန်းမပြီးမြောက်မှီကပင် လူများတို့သည် ရဲတိုက်ထဲတွင်နေထိုင်ကြသည်။ အခန်းများကိုခမ်းနားလှပစွာ စီမံဆောက်လုပ်မွမ်းမံထားကြပြီး ရုပ်ဆင်းတုများကိုတည်ထားကိုးကွယ်ကြ၏။ ဘုရားသခင်ကိုမယုံကြည်သူတို့က ရဲတိုက်သည် မိုးတိမ်ထဲသို့ရောက်ရှိသွားလျှင် သူတို့သည် ရေလွှမ်း မိုးခြင်း၏အကြောင်းရင်းတို့ကိုရှာဖွေတွေ့ရှိနိုင်ကြလိမ့်မည်ဟု ထင်မှတ်ကြ၏။

သူတို့သည် ဘုရားသခင်တစ်ဘက်မှနေ၍ မိမိတို့ကိုယ်ကိုချီးမြှောက်နေကြ၏။ သို့ရာတွင် ဘုရားသခင်သည် သူတို့၏လုပ်ငန်းကိုပြီးမြောက်စေခြင်းငှါ ခွင့်ပြုတော်မမူ။

သူတို့၏လုပ်ငန်းတွင် ရှုပ်ထွေးနားမလည်မှုဖြစ်လာစေရန် ထာဝရဘုရားသည် ကောင်းကင်တမန်နှစ်ပါးကို သူတို့ထံစေလွှတ်တော်မူသောအခါ သူတို့သည် မိမိတို့၏ရဲတိုက်ကြီးကို အလွန်မြင့်မားသည့်တိုင်အောင်ပင် ဆောက်လုပ်ပြီးနေကြပြီ။ ရဲတိုက်၏ထိပ်ဆုံးမှနေ၍ အောက်ဆုံးမြေကြီးပေါ်ရှိလူထံသို့ အပေါ်ဆုံးလူ ကလုပ်ငန်းအတွက် အလိုရှိသောအရာများကိုရရှိဖို့ရန်၊ ပဌမ၊ ဒုတိယ၊ တတိယမှစ၍ အဆင့်ဆင့်မှာကြားပြောဆိုရန် စီမံခန့်ထား၏။ မှာထားသောစကားများကို အပေါ်မှအောက် . . . . . . . . . . . . . . . . . . . . . . . . . . . . . .

သို့ တဆင့်စီကမ်းလှမ်းပြောဆိုနေကြစဉ်၊ ကောင်းကင်တမန်များတို့သည် သူတို့၏ စကားများကို ရှုပ်ထွေးစေအောင်ပြုလုပ်ပေးကြသဖြင့် မြေကြီးပေါ်ရှိအလုပ်သမား များရရှိသော အမှာစကားသည် အပေါ်ဆုံးလူကအလိုမရှိသောအရာဖြစ်နေ၏။ လုပ်ငန်းအတွက်လိုအပ်သောပစ္စည်းကို အဆင့်ဆင့်အပေါ်သို့ရောက်အောင် ပင်ပန်းစွာပို့ပေးပြီးသောအခါ ၎င်းသည် မိမိတို့အလိုမရှိသောအရာဖြစ်နေသည် ကိုတွေ့ရှိရ၏။ စိတ်ပျက်၊ ဒေါသထွက်ပြီးလျှင် သူတို့သည် အခြားသူတို့၏အ မှားဖြစ်သည်ဟုထင်မှတ်ကာ အချင်းချင်းအပြစ်တင်နေကြ၏။

ထိုသို့ဖြစ်ပြီးနောက် မိမိတို့၏လုပ်ငန်းသည် ကမောက်ကမဖြစ်ကုန် လေ၏။ သူတို့သည် အချင်းချင်းအမျက်ဒေါသထွက်ကာ မိမိတို့အထဲတွင် တစ် ယောက်နှင့်တစ်ယောက် နားမလည်မှုနှင့် ထူးခြားသောစကားများအတွက် ရှင်း လင်း၍မရနိုင်သောကြောင့်သူတို့သည်လုပ်ငန်းကိုစွန့်လျက် အချင်းချင်းကွဲပြားကာ မြေကြီးပေါ်တွင်အရပ်ရပ်သို့ ကွဲပြားကြလေ၏။ ထိုအချိန်ကာလအထိ လူများ တို့သည် ဘာသာစကားတစ်မျိုးတည်းကိုသာ ပြောဆိုခဲ့ကြ၏။ ဘုရားသခင်၏ ဒေါ သအမျက်ကို ပုံဆောင်သော လျှပ်စစ်သည် ကောင်းကင်မှထွက်ပေါ်လာ၍ သူတို့ ၏ရဲတိုက်အပေါ်ထပ်ကို မြေကြီးပေါ်သို့ကျသွားသည်တိုင်အောင် ဖြိုဖျက်လဲချ တော်မူ၏။ ထိုသို့အားဖြင့် ဘုရားသခင်သည် အမြတ်ဆုံးဖြစ်ကြောင်း ပုန်ကန်သူတို့ အားဘော်ပြတော်မူလိမ့်မည်။

--oo--

# အခန်း (၁၀)
# အာဗြဟံနှင့်ကတိထားတော်မူသော အမျိုးအနွယ်

ထာဝရဘုရားသည် မိမိ၏အလိုတော်ကိုဆောင်ရွက်စေရန် အာဗြဟံကိုရွေးကောက်တော်မူ၏။ သူအားရုပ်တုဆင်းတုကိုးကွယ်ကြသော မိမိ၏လူမျိုးများနေရာအရပ်ကိုစွန့်၍ မိမိ၏ဆွေမျိုးများနှင့်ခွဲခွာနေစေရန် မှာထားတော်မူ၏။ ထာဝရဘုရားသည် အာဗြဟံအား ငယ်ရွယ်စဉ်အခါကပင် မိမိကိုယ်တော်တိုင် အကြောင်းကို ထင်ရှားစေတော်မူပြီး သူ့အားသိနားလည်သောဉာဏ်ကိုပေးလျက် ရုပ်ဆင်းတုကိုးကွယ်မှုမှခွဲခြားထားကာ စောင့်ထိန်းထားတော်မူ၏။

မြေကြီးပေါ်၌ နောင်ကာလတွင် နေထိုင်ကြရမည်ဖြစ်သောဘုရားသခင်၏လူများတို့အတွက် အာဗြဟံသည် ယုံကြည်ခြင်းနှင့်မှန်သောကိုးကွယ်ဝတ်ပြုခြင်းတို့၏ ပုံသက်သေဖြစ်မည်အကြောင်း ထာဝရဘုရားက စီမံကြံရွယ်ထားတော်မူ၏။ သူ၏အကျင့် စာရိတ္တသည် တည်ကြည်သမ္မာသမတ်ဖြစ်ခြင်း၊ ရက်ရောပေးကမ်းခြင်း၊ ဧည့်ဝတ်ကြေခြင်းတို့တွင် ထူးခြား၏။ သူသည် မိမိ၏လူမျိုးတွင် ကြီးမြတ်သောမင်းသားကဲ့ သို့ ရိုသေလေးစားခြင်းခံရ၏။

သူသည် ဘုရားသခင်ကိုချစ်ခင်ရိုသေလျက် အလိုတော်ကိုတိကျစွာလိုက်နာစောင့်ရှောက်ခြင်းကြောင့် သူ၏အစေခံကျွန်များနှင့် အိမ်နီးချင်းတို့၏ရိုသေလေးစားမှုကိုခံရ၏။ သူ၏ဘုရားတရားကြည်ညိုမှု၊ ဖြောင့်မှန်သောအသက်တာလမ်းနှင့်တကွ၊ ကျွန်များတို့အားသစ္စာနှင့် သွန်သင်ဆုံးမမှုတို့ကြောင့်၊ သူတို့သည် အာဗြဟံ၏ဘုရားသခင်ကို ကြောက်ရွံ့၊ ချစ်ခင်၊ ရိုသေကိုင်းညွှတ်ကြလေ၏။

ထာဝရဘုရားသည် အာဗြဟံထံသို့ပေါ်လာပြီး သူ၏အမျိုးအနွယ်သည် ကောင်းကင်ကြယ်တို့၏ အရေအတွက်နှင့်အမျှ များပြားလိမ့်မည်ဟု ဂတိထားတော်မူ၏။ သူ၏အပေါ်၌ဖုံးလွှမ်းသောကြောက်စရာကောင်းသည့် မှောင်မိုက်ထုကြီး၏ပုံပမာအားဖြင့်၊ အဲဂုတ္တုပြည်တွင် သူ၏အဆက်အနွယ်တို့သည် ကြာမြင့်စွာကျွန်ခံနေရကြမည်ကိုလည်း ဘုရားသခင်သည် သူ့အားဘော်ပြတော်မူ၏။

အာဗြံဟံသည် ယဇ်ပလ္လင်၌မနက်နှင့်ညဉ့်တိုင်း
ဘုရားသခင်ကို ကိုးကွယ်၏။

အစအဦး၌ ဘုရားသခင်သည် အာဒံအား မယားတစ်ယောက်သာပေးခဲ့၍ ထိုနည်းဖြင့်အစဉ်အလာထုံးတမ်းကိုဘော်ပြတော်မူ၏။ လူသည် မယားအများယူရမည်ဟု ဘုရားသခင်သည် ဘယ်အခါမျှကြံစည်ထားတော်မမူ။

လာမက်သည် သတိပညာနှင့်ဘုရားသခင်စီမံထားတော်မူသော စည်းမျဉ်းမှ ဤအချက်၌ ပဌမဦးဆုံးလမ်းလွဲသွားသူဖြစ်ပေသည်။ သူ၌မယားနှစ်ယောက်ရှိ၍ အိမ်ထောင်၌ မသင့်မတင့်စိတ်ဝမ်းကွဲပြားမှုကိုဖြစ်စေ၏။

သူတို့နှစ်ဦး ၏မနာလိုဂြူစူမှုတို့သည် လာမက်အား စိတ်ပျက်ဝမ်းနည်းစေ၏။ လူများတို့သည် မြေကြီးမျက်နှာပေါ်၌ ပွားများလာကြသောအခါ သူတို့သည် သမီးများကို မွေးဘွားကြရာ၊ သူတို့သည် မိမိတို့စိတ်ထင်အတိုင်း မယားအများကို ယူကြ၏။

ဤအမှုသည် ရှေးကမ္ဘာဟောင်းရှိလူများတို့၏ အပြစ်ကြီးတစ်ခုဖြစ်၍ ဘုရားသခင်၏အမျက်တော်သည် သူတို့အပေါ်သို့သက်ရောက်လာရလေ၏။ ရေလွှမ်းမိုးပြီးသည့်နောက်မှာပင် ဤထုံးစံကိုကျင့်လာကြရာ ရိုးနေပြီဖြစ်၍ ဖြောင့်မတ်သောသူတို့ပင် ဤအကျင့်ကို လိုက်နာကြကာ မယားအများယူခဲ့ကြလေသည်။ သူတို့သည် ဤအမှု၌ မှားယွင်းပျက်စီးနေကြလျက် ဘုရားသခင်၏စည်းမျဉ်းနှင့်ကွာခြားနေသဖြင့်၊ ဤအမှုအရာသည် သေးငယ်လှသောအပြစ်မဟုတ်ပေ။

သင်္ဘောကြီးထဲ၌ ကယ်ဆယ်ခြင်းခံရသောနောဧနှင့်အိမ်ထောင်သားများတို့နှင့်ပတ်သက်၍ "ဤကာလအမျိုးတွင် သင်သည် ငါ့ရှေ့၌ဖြောင့်မတ်ကြောင်းကိုငါသိမြင်သည်"(ကမ္ဘာဦးကျမ်း ၇း၁)ဟု ထာဝရဘုရားက မိန့်တော်မူ၏။ နောဧ၌ မယားတစ်ယောက်တည်းရှိ၍ သူတို့၏စည်းလုံးညီညွတ်သော အိမ်ထောင်စည်းကမ်းကို ဘုရားသခင်သည် ကောင်းချီးပေးတော်မူ၏။

နောဧ၏သားများသည် ဖြောင့်မတ်ကြသောကြောင့် သူတို့သည် သူတို့၏ဖြောင့်မတ်သောသခင်နှင့်အတူ ထိန်းသိမ်းထားခြင်းခံရကြ၏။ ဘုရားသခင်သည် မယားအများ၊ လင်အများယူခြင်းစနစ်ကို တစ်ကြိမ်တစ်ခါကမျှ စီမံအခွင့်ပေးတော်မမူခဲ့ချေ။ ထိုထုံးစံဓလေ့အားဖြင့် လူတို့၏သာယာပျော်ရွှင်ရေးသည် ပျက်စီးဆုံးပါးသွားမည်ကို ဘုရားသခင်သိမြင် တော်မူ၏။ အာဗြဟံ . . . . . . . .

သည် ဟာဂရနှစ့်စိတ်ပျက်ဘွယ်အိမ်ထောင်ပြုခြင်းကြောင့်၊ သူ၏ငြိမ်သက်သာယာမှုသည် များစွာပင် ပျက်စီးသွားရလေ၏။

## ဘုရားသခင်၏ဂတိတော်၌စိတ်လှုပ်ရှားခြင်း

အာဗြဟံသည် လောတနှင့်ခွဲခွာလာပြီးနောက်၊ ထာဝရဘုရားကသူ့အား "သင်ရှိသောအရပ်က တောင်၊ မြောက်၊ အရှေ့အနောက်သို့ မျှော်ကြည့်လော့။ သင်မြင်သောမြေတပြင်လုံးကို သင်နှင့်သင်၏အမျိုးအနွယ်အား ငါသည် ကာလအစဉ်အမြဲပေးမည်။ သင်၏အမျိုးအနွယ်ကို မြေမှုန့်ကဲ့သို့ငါများပြားစေမည်။ သို့ဖြစ်၍ လူသည် မြေမှုန့်ကိုရေတွက်နိုင်လျှင်၊ သင်၏အမျိုးအနွယ်ကိုရေတွက်နိုင်လိမ့်မည်"ဟု မိန့်တော်မူ၏။ "ဗျာဒိတ်တော်အားဖြင့်၊ ထာဝရဘုရား၏ နှုတ်ကပါတ်တော်သည် အာဗြံသို့ရောက်၍ အချင်းအာဗြံ၊ မစိုးရိမ်နှင့်။ ငါသည် သင်၏အကွယ်အကာဖြစ်၏။ သင်၏အကျိုးသည် အလွန်ကြီးလှပေ၏ဟု မိန့်တော်မူလျှင်၊ တစ်ဖန်အာဗြံက အကျွန်ုပ်အားအမျိုးအနွယ်ကိုပေးတော်မမူပါ။ အကျွန်ုပ်၏အိမ်၌ ဘွားသောသူသည် အကျွန်ုပ်၏အမွေခံဖြစ်ရပါသည်တကားဟုလျှောက်ဆို၏။"

အာဗြံဟံ၌သားမရှိသောကြောင့် ပဋ္ဌမ၌ မွေးစားခြင်းဖြင့် ဧလျာဇာသည် သူ၏သားဖြစ်၍ သူ၏အမွေခံဖြစ်ရလိမ့်မည်ဟု သင်ထင်မှတ်နေ၏။ သို့သော် ဘုရားသခင်က သူ၏အစေခံကျွန်သည် သူ၏သားနှင့်အမွေခံကျွန်မဖြစ်စေရဘဲ၊ သူကိုယ်တိုင်၌ ဧကန်အမှန်ပင်သားကိုရရှိလိမ့်မည်ဟု မှာကြားတော်မူ၏။ "အာဗြံကို အပြင်သို့ထုတ်ဆောင်တော်မူ၍မိုးကောင်းကင်ကိုမျှော်ကြည့်လော။ ကြယ်များကို ရေတွက်နိုင်လျှင် ရေတွက်လော့။ သင်၏အမျိုးအနွယ်သည် ထိုသို့ဖြစ်ရလိမ့်မည်ဟု မိန့်တော်မူ၏။"

သူတို့သည် သားယောက်ကျားကို ရလိမ့်မည်ဟူသော ဂတိတော်ပြည့်စုံလာသည်တိုင်အောင် အာဗြံဟံနှင့်စာရာတို့သည် ယုံကြည်အားထားခြင်းနှင့်စောင့်ဆိုင်းနေခဲ့ကြလျှင် များစွာသောစိတ်မချမ်းသာစရာ အဖြစ်များနှင့်ကင်းလွတ်ရကြလိမ့်မည်။ ဘုရားသခင်ဂတိထားတော်မူသည်အတိုင်း ဖြစ်ရလိမ့်မည်ဟု သူတို့သည် ယုံကြည်ကြသော်လည်း စာရာသည် အသက်ကြီးစဉ် သားယောက်ကျားကိုရလိမ့်မည်ဟူသောအချက်ကို သူတို့သည်မယုံနိုင်ကြချေ။

ဘုရားသခင်၏ဂတိတော်ကို ပြည့်စုံနိုင်စေမည်အကြောင်း၊ စာရာကအကြံအစည် တစ်ခုပေး၏။ သူမက အာဗြဟံအား ဟာဂရကိုသူ၏မယားအဖြစ်သိမ်းပိုက် ရန်တောင်းပန်၏။ ဤအမှု၌ သူတို့နှစ်ယောက်စလုံးသည် ဘုရားသခင်၏တန်ခိုး တော်၌ ယုံကြည်ခြင်းကင်းမဲ့၍ လုံးလုံးအားကိုးအားထားခြင်းမရှိကြ။ စာရာ၏ စကားကို နားထောင်လျက် ဟာဂရကို မိမိ၏မယားအဖြစ်သိမ်းယူသဖြင့်၊ အာဗြ ဟံသည် ဘုရားသခင်၏အတိုင်းမရှိသော တန်ခိုးတော်၌ယုံကြည်ခြင်းရှိဖို့ စုံ စမ်းခြင်းအမှုကို ခံရပ်နိုင်စွမ်းမရှိခဲ့သဖြင့် သူကိုယ်တိုင်နှင့်စာရာတို့အပေါ်၌ များစွာ ပင်စိတ်မချမ်းသာစရာအမှုများကို သက်ရောက်စေခဲ့ပြီ။ ဘုရားသခင်သည် အာဗြဟံနှင့်ပြုတော်မူသော ဂတိတော်များတွင် အာဗြဟံ၏ယုံကြည်အားထားခြင်း အမှုသည် တည်မြဲကြောင်းကိုပြစေရန် ထာဝရဘုရားသခင်သည် ကြံရွယ် တော်မူ၏။

## ဟာဂရ၏မာနကြီးခြင်းအမှု

ဟာဂရသည် မာနကြီးလျက် စိတ်နေမြင့်လာပြီး စာရာကိုမထီမဲ့မြင်ပြုလာ လေ၏။ ဘုရားသခင်သည် အာဗြဟံအားထားတော်မူသော ဂတိတော်အတိုင်း သူမသည်ကြီးကျယ်သောလူမျိုး၏ မိခင်ဖြစ်ရတော့မည်ဟု မိမိကိုယ်ကိုအထင်ကြီး လျက်ရှိ၏။ ဟာဂရ၏အပြုအမူနှင့်စပ်ဆိုင်၍ အာဗြဟံသည် အမှားကိုပြုသည်ဟု စာရာကစွပ်စွဲလျက် ညည်းညူတိုင်ကြားချက်ကို အာဗြဟံသည် နားထောင်လိုက် နာရလေ၏။ အာဗြဟံသည် စိတ်ညစ်လာ၍ ဟာဂရသည် သူမ၏အစေခံကျွန်ဖြစ် သဖြင့် သူမ၏သဘောအတိုင်းပြုလုပ်စီမံနိုင်သည်ဟု စာရာအားပြောပြ၏။ သို့ရာတွင် ဂတိတော်နှင့်ဆိုင်သည်ဟုသူထင်မြင်သော သူ့သား၏မိခင်ဖြစ်နေသော ကြောင့် သူသည်သူမကိုအဝေးသို့လွှတ်ဘို့ရန် ငြင်းဆို၏။ အကယ်၍စာရာကသာ ထူးထူးခြားခြားတောင်းပန်ခြင်းမပြုခဲ့လျှင် သူသည် ဟာဂရကို သူ၏မယားအဖြစ် သိမ်းပိုက်မည်မဟုတ်ဟု သူကစာရာကိုပြောပြပြန်၏။

ဟာဂရက စာရာ၏ဆဲရေးခြင်းအကြောင်း တိုင်ကြားချက်ကိုလည်း အာဗြဟံသည်နားထောင်ရပြန်သည်။ အာဗြဟံသည် စိတ်ရှုပ်ထွေးလာ၏။ သူသည် ဟာဂရ၏အမှားကိုချမ်းသာပေးလျှင် သူအလွန်ချစ်သော ပဌမမယားစာရာ၏မနာ လိုပြုစုခြင်း၊ စိတ်မချမ်းသာခြင်းအမှုတို့ကို တိုးပွါးစေ . . . . . . . . . . . . . . . .

လိမ့်မည်။ ဟာဂရသည် စာရာထံမှထွက်ပြေးလေ၏။ ဘုရားသခင်၏ ကောင်းကင်တမန်တစ်ပါးသည် သူမကိုတွေ့ဆုံ၍ သူမအား စိတ်သက်သာစေပြီးလျှင်၊ သူမ၏သခင်မထံသို့ပြန်သွားပြီး သခင်မ၏အုပ်စိုးခြင်းကိုခံယူရန် ပြောကြားလျက် သူမ၏စိတ်နေမြင့်သော အပြုအမူတို့အတွက် သူမကိုဆုံးမပြစ်တင်လေ၏။

ဣရှမေလကိုမွေးဘွားပြီးသောနောက် ထာဝရဘုရားသည် အာဗြံဟံထံသို့ တဖန်ထင်ရှားလာတော်မူပြန်ပြီးလျှင်၊ အာဗြံဟံအား၊ "သင်နှင့်သင်၏ အမျိုးအနွယ်အစဉ်အဆက်တို့၌ ငါ့ပဋိညာဉ်ကို ထာဝရပဋိညဉ်ဖြစ်စေမည်"ဟု မိန့်တော်မူ၏။ တဖန် ထာဝရဘုရားသည် စာရာအားသားယောက်ျားကလေးကို ပေးမည်၊ ၎င်းပြင် သူသည် များစွာသောလူမျိုးတို့၏မိခင်ဖြစ်ရလိမ့်မည်ဟူသော မိမိ၏ဂတိတော်ကို မိမိ၏ကောင်းကင်တမန်တစ်ပါးအားဖြင့် ထပ်မံဘော်ပြတော်မူပြန်၏။ သို့သော် အာဗြံဟံသည် ဘုရားသခင်၏ဂတိတော်ကိုမယုံသေး။ များစွာသောလူမျိုးကိုဖြစ်ထွန်းစေမည်ဟူသော ဂတိတော်သည် ဣရှမေလအားဖြင့်သာ ပြည့်စုံလိမ့်မည်ဟုထင်မှတ်နေလျက် သူသည်ဣရှမေလအပေါ်၌သာ စိတ်စွဲလမ်းနေလျက်၊ သူ၏သားကိုချစ်သောစိတ်နှင့်၊ "ဣရှမေလသည် ရှေ့တော်၌ အသက်ရှင်ပါစေသော"ဟု ဘုရားသခင်အားကြွေးကြော်လျှောက်ထားလေ၏။

"သင်၏မယားစာရာသည် သင့်အားသားကို ဘွားမြင်လိမ့်မည်။ ထိုသားကိုလည်း ဣဇက်အမည်ဖြင့်မှည့်ရလိမ့်မည်။ သူ၌၎င်း၊ သူ့နောက်မှ သူ၏အမျိုးအနွယ်၌၎င်း၊ ငါ၏ပဋိညာဉ်ကို ထာဝရပဋိညာဉ်ဖြစ်စေမည်"ဟု ထပ်မံ၍သေချာတိကျစွာ ဂတိတော်ကိုအာဗြံဟံအားမိန့်တော်မူပြန်၏။ ကောင်းကင်တမန်တို့သည် သောဒုံမြို့ကိုဖျက်ဆီးရန် ခရီးသွားနေကြရာတွင် အာဗြံဟံထံသို့ရောက်လာပြန်ပြီးလျှင်၊ စာရာသည် သားကိုရလိမ့်မည်ဟုသာ၍ သေချာထင်ရှားစွာ ဂတိတော်ကို ထပ်မံပြောဆိုကြပြန်၏။

## ဂတိထားတော်မူသောသား

ဣဇက်ကိုမွေးဘွားပြီးနောက် အာဗြံဟံနှင့်စာရာတို့၌ အလွန်တရာပင်အားရဝမ်းသာသောအမှုထင်ရှားလာရာ၊ ဟာဂရသည် သာ၍မနာလိုဖြစ်လာလေ၏။ ဣရှမေလသည် အာဗြံဟံ၏သားဖြစ်သည်အလျောက် ဘုရား . . . .

သခင်ထံမှ ကောင်းကြီးမင်္ဂလာကို ထူးခြားစွာခံရလျက်၊ ဂတိထားတော်မူသော အမွေကို သူသည်ဆက်ခံရလိမ့်မည်ဟု သူ၏မိခင်က သူ့အားသွန်သင်ပေး၏။ ဣရှမေလသည် သူ့မိခင်၏စိတ်သဘောမျိုးပါရှိလျက် ဣဇက်ကိုမွေးဘွားလာရာတွင် ဝမ်းသာအားရမှုတို့ကိုမြင်ရသောအခါ အမျက်ထွက်၏။

ဣဇက်ကိုသာ၍ မျက်နှာသာပေးသည်ဟုထင်သောကြောင့် သူသည် ဣဇက်ကိုမထီမဲ့မြင်ပြု၏။ ဣရှမေလသည် မိမိ၏သား၊ ဣဇက်အပေါ်၌မည်ကဲ့သို့ သဘောထားကြောင်း ဘော်ပြသောအပြုအမူတို့ကို စာရာသည်မြင်ရသဖြင့် သူမ သည်များစွာစိတ်မကောင်းချေ။ သူမသည် အာဗြဟံအား၊ သူမအပေါ်၌၄င်း၊ သူမ၏သား ဣဇက်အပေါ်၌၄င်း ဣရှမေလပြုမူသော မထီလေးစားအပြုအမူတို့ အကြောင်းကို တိုင်ကြားပြီးလျှင်၊ "ဤကျွန်မနှင့်သူ၏သားကိုနှင်ထုတ်ပါလော့။ ဤကျွန်မ၏ သားသည် အကျွန်ုပ်၏သားဣဇက်နှင့်အတူ အမွေမခံရ"ဟု ဆိုလေ၏။

အာဗြဟံသည် များစွာစိတ်ဒုက္ခရောက်၏။ ဣရှမေလသည် သူချစ်ခင်သောသားပင်ဖြစ်၏။ သူသည် သူ့ကိုဘယ်ကဲ့သို့နှင်ထုတ်နိုင်မည်လဲ။ သူသည် ဘယ်လမ်းကိုလိုက်ရမည်ကိုမသိသဖြင့်၊ များစွာစိတ်ရှုပ်ထွေးနေစဉ် ဘုရားသခင်ကို ဆုတောင်းလေ၏။ စာရာ၏စကားကို နားထောင်ရန်၄င်း၊ သူ၏သားနှင့်ဟာဂရကိုချစ်သောကြောင့် စာရာ၏အလိုကိုမလိုက်ဘဲ မနေရန်၄င်း ထာဝရဘုရားသည် မိမိ၏ကောင်းကင်တမန်အားဖြင့် အာဗြဟံအား အကြောင်းကြားတော်မူ၏။ သူ၏ အိမ်ထောင်၌ညီညွတ်ခြင်း၊ ပျော်ရွှင်သာယာခြင်းကိုဖြစ်စေရန် သူပြန်၍ပြုလုပ်နိုင်သောနည်းကား၊ ဤနည်းလမ်းတစ်ခုတည်းသာဖြစ်ပေသည်။

ဣရှမေလသည် မိမိဖခင်ထံမှထွက်သွားရသော်လည်း အကြောင်းမဲ့သေဆုံးသွားရခြင်း၊ ဘုရားသခင် စွန့်ပစ်တော်မူခြင်းမခံရဘဲ သူသည် အာဗြဟံ၏သားဖြစ်သောကြောင့် သူ့ကိုလည်း စောင့်ထိန်းထားတော်မူမည်ဟု ကောင်းကင်တမန်က အာဗြဟံအားနှစ်သိမ့်စကား ပြောသေး၏။ ဘုရားသခင်ကလည်း ဣရှမေလအား လူမျိုးကြီးတစ်မျိုးဖြစ်စေမည် ဟု ဂတိထားတော်မူ၏။

အာဗြဟံသည် သောဒုံမြို့သားတို့အတွက် စိတ်အားကြီးစွာတောင်းပန်သည်အမှုကို ထောက်ရှုခြင်းဖြင့်၊ အာဗြဟံသည်မြင့်မြတ်၍ သူတပါးအ . . . . . .

ကျိုးကိုရှာတတ်သော သဘောရှိသူဖြစ်ကြောင်း ထင်ရှား၏။ သူသည်များစွာစိတ်ဆင်းရဲခြင်းသို့ရောက်၏။ အခြားတပါးသောပြည်၌ ဟာဂရနှင့်ဣရှမေလတို့အား သူစိမ်းကဲ့သို့လှည့်လည်နေစေဘို့ရန် သူတို့ကိုအိမ်မှနှင်ထုတ်လိုက်ရသောအခါ မိဘတို့၏မေတ္တာစိတ်ကြောင့် သူသည် အလွန်တရာပင်ယူကျုံးမရ၊ အပူလုံးကြွလျက်ရှိပေသည်။

ဘုရားသခင်သည်မယားအများယူခြင်းအမှုကို စီမံအတည်ပြုတော်မူခဲ့လျှင် ဘုရားသခင်သည် အာဗြံဟံအား ဟာဂရနှင့်သူမ၏သားကိုနှင်ထုတ်စေဘို့ ညွှန်ပြတော်မူမဟုတ်။ အိမ်ထောင်၏အခွင့်အရေးများနှင့်သာယာပျော်ရွှင်ရေးတို့ကို အမြဲဂရုစိုက်၊ ကာကွယ်ထိန်းသိမ်းရာ၌ ကြီးစွာသောစွန့်စားခြင်းကိုပင် ပြုသင့်ကပြုလုပ်ရာသည်ကို လူအပေါင်းတို့အား ဘုရားသခင်သည်ဤအချက်၌သွန်သင်လိုတော်မူ၏။ စာရာသာလျှင် အာဗြံဟံ၏ပဌမမယား၊ မှန်ကန်သောမယားဖြစ်သည်။ မယားနှင့်မိခင်ဖြစ်သည်အလျောက် သူမသာလျှင် အိမ်ထောင်၏ အခွင့်အရေးကိုရရှိထိုက်၍ အခြားမည်သူမျှထိုအခွင့်အရေးကိုမရထိုက်။ သူမသည် သူမ၏ခင်ပွန်းကိုရိုသေလျက် သခင်ဟုခေါ်၏။

သို့ရာတွင် ခင်ပွန်း၏အချစ်ကို ဟာဂရနှင့်ဝေခွဲရမည်ကိုသူမသည် မနာလိုချေ။ ဘုရားသခင်သည် စာရာပြုသောအမှုအတွက် ဆုံးမတော်မမူ။ အာဗြံဟံသည် ဘုရားသခင်၏တန်ခိုးတော်ကို ယုံမှားခြင်းကြောင့် ဟာဂရကိုမယားအဖြစ်သိမ်းပိုက်ကာ သူမအားဖြင့် ဂတိတော်သည် ပြည့်စုံလိမ့်မည်ဟုထင်မှတ်နေသည့်အတွက် ဘုရားသခင်၏ကောင်းကင်တမန်သည် အာဗြံဟံအားအပြစ်ကို ဖော်ပြ၍ဆုံးမခဲ့ပြီ။

## ယုံကြည်ခြင်းအတွက် အကြီးဆုံးစုံစမ်းခြင်း

တစ်ဖန် ထာဝရဘုရားသည် အာဗြံဟံအားကြောက်စရာအကောင်းဆုံးသော စုံစမ်းခြင်းဖြင့် စုံစမ်းစစ်ဆေးဖို့သင့်တော်သည်ဟု ထင်မြင်တော်မူပြန်၏။ သူသည် ပဌမစုံစမ်းခြင်းကိုခံရပ်နိုင်လျက် စာရာ၌ဂတိတော်ပြည့်စုံစေဖို့ သူသည် စိတ်ရှည်စွာစောင့်ဆိုင်းနေ၍ ဟာဂရကို မိမိ၏မယားအဖြစ် မသိမ်းမယူခဲ့လျှင် လူအတွက်အခက်ခဲဆုံးဖြစ်သော စုံစမ်းခြင်းကို ခံရလိမ့်မည်မဟုတ်။ ထာဝရဘုရားက အာဗြံဟံအား၊ "သင်အလွန်ချစ်သောတစ်. . . . . . . . . . . . . . . . . . . .

ယောက်တည်းသောသား၊ ဣဇက်ကိုယူ၍၊ မောရိပြည်သို့သွားလော့။ ငါပြလတ္တံ့သောတောင်ပေါ်မှာ သူ့ကိုမီးရှို့ရာယဇ်ပြု၍ ပူဇော်လော့”ဟု မိန့်တော်မူ၏။

အာဗြံဟံသည် ဘုရားသခင်၌ ယုံမှားခြင်းမရှိ၊ နှောင့်နှေးခြင်းမရှိဘဲ၊ မနက်စောစောတွင် ငယ်သားနှစ်ယောက်နှင့် မိမိ၏သားဣဇက်ကိုခေါ်လျက် ယဇ်ပူဇော်စရာထင်းကိုယူ၍ ဘုရားသခင်မိန့်တော်မူသော အရပ်သို့သွားလေ၏။ စာရာသည်သားကိုချစ်သဖြင့် ဘုရားသခင်ကိုယုံမှားပြီးလျှင် မိမိ၏သားကို တားမြစ်ထားမည်ကို သိရှိသောကြောင့်၊ အာဗြံဟံသည်စာရာအားမိမိခရီးထွက်ရခြင်း၏ အကြောင်းမှန်ကို ပြောမပြဘဲနေ၏။

ဖခင်တို့၏ချစ်စိတ်သည် မိမိကိုလွှမ်းမိုးသွားပြီး ဘုရားသခင်အားဆန့်ကျင်ဘက်ပြုလိုသော စိတ်ဆန္ဒကို အာဗြံဟံသည်အခွင့်မပေးတော့ချေ။ ဘုရားသခင်၏အမိန့်တော်သည် သူ၏စိတ်ကိုဆွပေးသည်ဟု ထင်မြင်ရ၏။ “သင်အလွန်ချစ်သော တစ်ယောက်တည်းသောသား”ဖြစ်သော ဂတိတော်နှင့်ဆိုင်သော တစ်ဦးတည်းသောသားကို “မီးရှို့ရာယဇ်ပြု၍ပူဇော်လော”ဟုဆိုရာ၌ သူ၏နှလုံးသားကိုတိုး၍ နာကြည်းသွားအောင် ဆွပေးသည်နှင့်တူ၏။

ဤဖခင်သည် မိမိ၏သားတို့နှင့်အတူ သုံးရက်ခရီးသွားရကြသဖြင့် သူသည် ဆင်ခြင်တွေးတောဖို့အချိန် လုံလောက်စွာရ၍ ဘုရားသခင်ကိုယုံမှားလိုက ယုံမှားနိုင်စရာအကြောင်းရှိပေသည်။ သို့သော် သူသည် ဘုရားသခင်ကို ယုံမှားခြင်းမရှိ။ ဘုရားသခင်က ဣဇက်အားဖြင့် ဂတိတော်သည်ပြည့်စုံလိမ့်မည်ဟု ထင်ရှားစွာမိန့်တော်မူသောကြောင့် ယခုဣရှမေလအားဖြင့် ဂတိတော်သည် ပြည့်စုံလိမ့်မည်ဟု သူသည်မတွေးတောချေ။

ဣဇက်သည် ဂတိတော်နှင့်ဆိုင်သော သားဖြစ်သည်ကို အာဗြံဟံသည် ယုံကြည်၏။ ဘုရားသခင်ကသူ၏သားအား မီးရှို့ရာယဇ်အဖြစ်ပူဇော်ရန်စေခိုင်းသောအခါ၊ ဘုရားသခင်မိန့်တော်မူသော စကားတော်သည် အဘယ်သို့ဆိုလိုတော်မူသည်ကိုလည်း သူသည်ယုံကြည်၏။ သူသည် ဘုရားသခင်၏ဂတိတော်ကို ယုံမှားသံသယမရှိဘဲ စာရာအားဂရုဏာတော်အားဖြင့် အသက်အရွယ်အိုစဉ်ကပင် သားကိုပေး၍ ထိုသား၏အသက်ကိုသတ်စေဖို့ရန် သူ့အားစေခိုင်းတော်မူသော ဘုရားသခင်သည် အသက်ကိုလည်း . . . . . . . . . . . . . . . . . . . . . . .

သင်၏တစ်ဦးတည်းသောသားကိုယူ၍ ယဇ်အဖြစ်သို့ကိုပူဇော်လော့

ပြန်ပေးလျက် ဣဇက်အားသေရာမှအသက်ရှင်စေနိုင်တော်မူလိမ့်ဦးဟု သူယုံကြည်သေး၏။

အာဗြဟံသည် ငယ်သားတို့ကိုလမ်းတွင်ထားခဲ့ပြီး သူတို့နှင့်မနီးမဝေးနေရာတွင် ဝတ်ပြုကိုးကွယ်ရန် သားအဖနှစ်ယောက်တည်းသာ သွားဖို့ကြံစည်၏။ သူ၏ငယ်သားများသည် ဣဇက်ကိုချစ်ကြသောကြောင့် ဘုရားသခင်က အာဗြဟံအား ပြုလုပ်စေခိုင်းတော်မူသောအမှုကို မပြုလုပ်စေရန် သူတို့ကတားဆီးမည်ဖြစ်၍ အာဗြဟံသည် သူတို့အား အတူလိုက်လာဖို့အခွင့်မပေး။

သူသည်ငယ်သားတို့၏ လက်မှထင်းကိုယူ၍ သား၏ပခုံးပေါ်တွင် တင်ပေး၏။ သူသည်လည်း မီးနှင့်ထား ကိုယူထား၏။ သူသည် ဘုရားသခင်စေခိုင်းတော်မူသော ကြောက်စရာတာဝန်ကို ထမ်းဆောင်ရန် အသင့်ရှိ၏။ သားအဖအတူခရီးသွားကြပြန်၏။

"ဣဇက်သည်အဘအာဗြဟံကို အဘ၊ ဟုခေါ်လျှင် ငါ့သား၊ ငါရှိ၏ဟု အာဗြဟံထူးလေ၏။ ဣဇက်ကလည်း၊ မီးပါ၏၊ ထင်းလည်းပါ၏။ ယဇ်ရှို့စရာဘို့ သိုးသငယ်သည် အဘယ်မှာရှိသနည်းဟုမေးလျှင် အာဗြဟံက ငါ့သား၊ မီးရှို့စရာဘို့ သိုးသငယ်ကို ဘုရားသခင်သည် မိမိအဖို့ပြင်ဆင်တော်မူလိမ့်မည်ဟုဆိုလေ၏။ ချစ်ခင်လျက်စိတ်ပူဆွေးနေသော်လည်း မျက်နှာထားတင်းနေသောအဖသည် သား၏ဘေးမှခပ်တည်တည်လျှောက်သွားနေ၏။

ဘုရားသခင်က အာဗြဟံအားပြတော်မူသော နေရာသို့ရောက်ကြသောအခါ သူသည် ယဇ်ပလ္လင်ကိုတည်၍ထင်းကိုခင်းပြီးလျှင် ယဇ်ပူဇော်ရန် အသင့်ရှိ၏။ ထိုနောက် ဘုရားသခင်အား ဣဇက်ကိုမီးရှို့ ရာယဇ်အဖြစ် ပူဇော်စေဖို့ မိန့်တော်မူခဲ့ကြောင်းကိုပြောပြ၏။

ဣဇက်အားဖြင့် သူ၏အမျိုးအနွယ်သည် လူမျိုးကြီးဖြစ်လာရလိမ့်မည်အကြောင်း ဘုရားသခင်ကအကြိမ်ပေါင်းများစွာ ဂတိထားတော်မူသည်ကို အာဗြဟံကထပ်မံပြောဆိုပြီးလျှင် ဘုရားသခင်မိန့် တော်မူသည်ကိုနားထောင်လျက် သူ့ကိုသတ်၍ပူဇော်လျှင် ဘုရားသခင်သည် သူ့အားသေခြင်းမှထမြောက်စေပြီးလျှင် မိမိ၏ဂတိတော်ကို ပြည့်စုံစေတော်မူ မည်ကိုလည်း ထပ်မံပြောပြအားပေး၏။

## ကောင်းကင်တမန်၏သတင်းစကား

ဣဇက်သည် ဘုရားသခင်ကိုယုံကြည်၏။ သူသည် မိမိဖခင်၏စကားကို နှောင့်နှေးခြင်းမရှိဘဲနားထောင်ဖို့ သွန်သင်ခြင်းခံခဲ့ရပြီ။ ၄င်းပြင် သူသည် မိမိဖခင်၏ဘုရားသခင်ကိုချစ်၍ရိုသေလေးစား၏။ သူသည် အလိုရှိက သူ၏ဖခင်ကို ခုခံနိုင်၏။ သို့ရာတွင် ဖခင်ကိုကြင်နာစွာဖက်ရမ်းပြီးနောက်၊ သူသည် ချည်နှောင်၍ ထင်းပေါ်၌ တင်ထားခြင်းကိုခံနေ၏။

သူ၏ဖခင်သည် သားကိုသတ်ရန် ထားကို မြှောက်ထားစဉ် မောရိပြည်သို့သွားရာလမ်းတွင် အာဗြဟံသည် သစ္စာရှိစွာပြု သောအမှုအပေါင်းကို ဂရုစိုက်ကြည့်ခဲ့သော ကောင်းကင်တမန်တစ်ပါးက "အာဗြ ဟံ၊ အာဗြဟံ"ဟု ကောင်းကင်ပေါ်ကခေါ်လေ၏။ အာဗြဟံက၊ အကျွန်ုပ်ရှိပါ၏ ဟုလျှောက်လျှင် "ထိုလုလင်ကိုမထိခိုက်နှင့်။ အလျှင်းမပြုနှင့်။ သင်သည် ဘုရားသ ခင်ကို ကြောက်ရွံ့သည်ဟု ယခုငါသိ၏။ အကြောင်းမူကား၊ သင်၏သား၊ သင်၌ တစ်ယောက်တည်းသောသားကို ငါတောင်း၍သင်သည် ငါ့ကိုမငြင်းဟုမိန့်တော်မူ၏။

"ထိုအခါ အာဗြဟံသည်မျှော်ကြည့်၍ မိမိနောက်မှာချုံဖုတ်၌ချိုငြိလျက်ရှိသော သိုးကိုမြင်လေ၏။ ထိုသိုးကိုသွား၍ယူပြီးလျှင် မိမိသားကိုယ်စား မီးရှို့ရာယဇ်ပြု၍ပူဇော်လေ၏။

အာဗြဟံသည် ယခုစုံစမ်းခြင်းကို မြင့်မြတ်စွာလုံးလုံးခံရပ်နိုင်ခဲ့ပြီဖြစ်၍ ဟာဂရအား မိမိ၏မယားအဖြစ်သိမ်းပိုက်ရလောက်အောင် ဘုရားသခင်၌လုံးလုံးယုံကြည်အားထားခြင်းကင်းမဲ့နေမှုကို ယခုသူ၏သစ္စာစောင့်မှုအားဖြင့် ချေးယူကယ်ဆယ်လိုက်လေပြီ။ အာဗြဟံ၏ယုံကြည်ခြင်းကို ထင်ရှားစွာဘော်ပြပြီးနောက် ဘုရားသခင်သည် သူ့အား ထပ်မံ၍ဂတိထားတော်မူပြန်သည်။ "တဖန် ထာဝရဘုရား၏ကောင်းကင်တမန်သည် ကောင်းကင်ပေါ်ကအာဗြဟံကိုခေါ်လျက် သင်သည်ဤအမှုကိုပြု၍ သင်၏သား၊ သင်၌တစ်ယောက်တည်းသောသားကို ငါ့အားမငြင်းသောကြောင့် ငါသည် သင့်အားအစဉ်အမြဲကောင်းကြီးပေးမည်။ သင်၏အမျိုးအနွယ်ကိုလည်းကောင်းကင် . . . . . . . . . . . . . . . . . . . . . .

ကြယ်ကဲ့သို့၄င်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့၄င်း၊ အစဉ်အမြဲပွါးများစေမည်။ သင်၏ အမျိုးအနွယ်သည် ရန်သူတို့၏မြို့တံခါးများကို အစိုးရလိမ့်မည်။ သင်၏ အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ငါ၏စကားကိုသင်နားထောင်သောကြောင့် ငါသည် ကိုယ်ကိုကိုယ်တိုင်တည်၍ ကျိန်ဆို၏ဟု ထာဝရဘုရား၏အမိန့်တော်ကိုဆင့်ဆိုလေ၏။"

--oo--

## အခန်း (၁၁)
## ဣဇက်ကိုထိမ်းမြားခြင်း

ခါနနိတို့သည် ရုပ်တုဆင်းတုကိုကိုးကွယ်ကြ၍ မိမိ၏လူတို့သည် ရုပ်တုဆင်းတုကိုးကွယ်ရန် သွေးဆောင်ခြင်းခံရမည်ကိုစိုးရိမ်သဖြင့်၊ သူတို့သည် ခါနာနိလူတို့နှင့်အိမ်ထောင်ဘက်မပြုရဟု ထာဝရဘုရားပညတ်တော်မူခဲ့ပြီ။ အာဗြဟံသည် အိုပြီဖြစ်၍မကြာမှီသေရတော့မည်။ ဣဇက်၏ပတ်လည်၌ ဝန်းရံလျက်ရှိသော ပျက်စီးခြင်းအမှုများအတွက် အာဗြဟံသည် စိုးရိမ်ပူပန်လျက်၊ သူ့အားဘုရားသခင်ထံတော်မှလမ်းမလွဲစေအောင် ပြုမူမည့်မယားကိုသူ့အတွက်ရွေးချယ်ရန်အလိုရှိနေသည်။ သူသည် မိမိ၌ရှိသမျှကို စီမံအုပ်ချုပ်၍သစ္စာရှိလျက် ဗဟုသုတနှင့်ပြည့်စုံသော မိမိ၏ကျွန်အား ဤအမှုကိစ္စကိုစီမံရန် အပ်ပေးလေ၏။

သူ၏ကျွန်သည် ဣဇက်အဘို့မယားကိုခါနနိအမျိုးထဲမှမရွေးဘဲ၊ မှန်သောဘုရားကို ယုံကြည်သော အာဗြဟံ၏အမျိုးသားချင်းတို့ထံသို့သွား၍ ဣဇက်ဘို့မယားကိုရွေးယူပါမည်ဟု အာဗြဟံသည် သူ၏ကျွန်အား ထာဝရဘုရားရှေ့၌ ကျိန်ဆိုစေ၏။ ဣဇက်ကို မိမိထွက်လာခဲ့သော ပြည်သို့ခေါ်မသွားရဘို့ သတိပြုရမည်ဟု အာဗြဟံကသူ့ကျွန်အား မှာထား၏။ အကြောင်းမူကား၊ သူတို့အပေါ်၌ ရုတုဆင်းတုကိုးကွယ်မှုတို့သည် ယခုပင် ထိခိုက်သြဇာညောင်းလျက်ရှိ၏။ မိမိ၏အမျိုးသားချင်းကိုမစွန့်၊ ဣဇက်ရှိရာသို့လိုက်လာမည့်မိန်းမကို ဣဇက်ဘို့မတွေ့လျှင်၊ သူသည်ပြုခဲ့သောကျိန်ခြင်းနှင့်လွတ်ရလိမ့်မည်။

သူ၏ဖခင်ကိုအားမကိုးဘဲ၊ သဘောအတိုင်းရွေးချယ်စေဘို့ရန် ဤကိစ္စကို ဣဇက်နှင့်ပစ်မထားပါ။ ဘုရားသခင်သည် သူ၏ရှေ့၌ကောင်းကင်တမန်ကိုစေလွှတ်လျက် သူရွေးချယ်ရသောလုပ်ငန်းတွင် လမ်းညွှန်စေတော်မူမည်ဟု အာဗြဟံကသူ၏ကျွန်အားပြောပြ၏။ ဤတာဝန်ကိုခံယူရရှိသော ကျွန်သည် ခရီးဝေးထွက်သွား၏။ အာဗြဟံ၏ဆွေမျိုးများနေရာမြို့သို့ရောက်သောအခါ၊ ဣဇက်အတွက်မယားရွေးချယ်ရာတွင် သူ့အားလမ်းညွှန်စေရန် သူသည် ဘုရားသခင်အား စိတ်အားကြီးစွာဆုတောင်း၏။ ဤကိစ္စ၌မှား . . . . . . . . . .

ယွင်းမှုမရှိရမည်အကြောင်း၊ တစ်စုံတစ်ခုသောအထိမ်းအမှတ်သက်သေတစ်ခုကို သူ့အားပြစေရန် သူကတောင်းလျှောက်၏။ လူအများစုဝေးရာအရပ်ဖြစ်သော ရေတွင်းတတွင်းနားတွင် သူသည်ရပ်နားနေ၏။

ဤနေရာ၌သူသည် ရေဗက္က၏လုပ်ကိုင်ပြုမူပုံနှင့် ယဉ်ကျေးသိမ်မွေ့သောအကျင့်တို့ကို အထူးတွေ့မြင်ရ၍ ဘုရားသခင်အားတောင်းလျှောက်ထားသော အထိမ်းအမှတ်သက်သေများကိုတွေ့ရှိရသဖြင့်၊ ရေဗက္ကသည် ဣဇက်၏မယားအဖြစ်ရွေးချယ်ဘို့ ဘုရားသခင်ကိုယ်တော်တိုင် နှစ်သက်တော်မူကြောင်း သိရှိရလေ၏။ သူမသည် ထိုကျွန်အားသူမ၏ဖခင်နေသောအိမ်သို့ခေါ်ဖိတ်လေ၏။ ထိုနောက် ရေဗက္က၏ဖခင်နှင့်မောင်များအား ရေဗက္ကသည် မိမိသခင်၏သား ဣဇက်၏မယားဖြစ်ရမည်အကြောင်း ထာဝရဘုရားပြတော်မူသော သက်သေအထိမ်းအမှတ်များကိုပြောပြလေ၏။

ထိုနောက် အာဗြဟံ၏ကျွန်က သူတို့အား၊ ယခုတွင် သင်တို့သည် ကျွန်ုပ်သခင်၌သစ္စနှင့်ကျေးဇူးပြုမည်၊ မပြုမည်ကိုပြောပါ။ ကျွန်ုပ်သည်လည်း လက်ယာဖြစ်စေ၊ လက်ဝဲဖြစ်စေ၊ တစ်လမ်းလမ်းသို့ လိုက်သွားပါမည်ဟုပြောဆို၏။

ဖခင်နှင့် အစ်ကိုတို့ကလည်း "ဤအမှုသည် ဘုရားသခင်စီရင်တော်မူသောအမှုဖြစ်၏။ အကျွန်ုပ်တို့သည် သင့်အားကောင်းမကောင်းကိုမပြောနိုင်ပါ။ ရေဗက္ကသည် သင့်ရှေ့၌ရှိပါ၏။ ယူသွားပါလော့။ ထာဝရဘုရားမိန့်တော်မူသည်အတိုင်း သင်၏သခင့်သား၏မယားဖြစ်စေဟုပြန်ဆို၏။ ထိုစကားကိုကြားလျှင်၊ အာဗြဟံကျွန်သည် ဦးညွတ်ချ၍ ထာဝရဘုရားကိုကိုးကွယ်လေ၏။"

အလုံးစုံတို့ကိုစီမံပြီး၍ ဖခင်နှင့်မောင်တို့၏သဘောတူညီချက်ကိုရရှိပြီးနောက် ရေဗက္ကအား၊ သူမသည် ဣဇက်၏မယားဖြစ်လိုသော၄ါ အာဗြဟံ၏ကျွန်နှင့်အတူဝေးစွာသောခရီးကိုသွားမည်လောဟု တိုင်ပင်မေးမြန်းကြ၏။ မိမိတွေ့မြင်ရသော အကြောင်းအရာတို့ကိုထောက်လျက် ဘုရားသခင်သည် ဣဇက်၏မယားဖြစ်စေခြင်း၄ါ မိမိကိုရွေးချယ်တော်မူသည်ကိုယုံကြည်သဖြင့်၊ သူမက အကျွန်ုပ်လိုက်ပါမည်ဟုပြောဆို၏။

ထိမ်းမြားမင်္ဂလာဆောင်နှင်းရေးကိစ္စများကိုအများအားဖြင့် မိဘများကစီမံရသော်လည်း၊ မိမိတို့မချစ်မနှစ်သက်နိုင်သောသူတို့ကို အတင်းအကြပ်လက်ထပ်စေဘို့ သားသမီးများအားမတိုက်တွန်းကြချေ။ သို့ရာတွင် သားသမီးတို့သည်လည်း မိမိတို့၏မိဘများစီမံဆုံးဖြတ်ကြသည်အမှုတွင် ယုံကြည်အားထားကြလျက်၊ ဘုရားသခင်ကိုကြောက်ရွံ့၍ ဗဟုသုတနှင့်ပြည့်စုံသောမိဘများက ရွေးချယ်ပေးသောသူတို့အပေါ်သို့ မိမိတို့၏မေတ္တာ အပ်နှံပေးကြ၏။ ဤနည်းလမ်းမှလွဲ၍လမ်းများလိုက်ခြင်းအမှုသည် အပြစ်ဖြစ်သည်ဟုသဘောထားကြသည်။

## မိဘစကားကိုနားထောင်ခြင်းပုံသက်သေ

ဣဇက်သည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းအမှုတွင် တစ်သက်ပတ်လုံးနားထောင်းခြင်းအကျင့်ကို သင်ကြားခဲ့ရ၏။ သူသည် အသက်လေးဆယ်အရွယ်သို့ရောက်လာသောအခါ၊ ဘုရားကိုကြောက်ရွံ့၍ ဗဟုသုတနှင့်ပြည့်စုံသော သူ့ဖခင်၏ကျွန်ကရွေးချယ်ပေးသောမယားကို သူသည်လက်ခံလေ၏။ ဘုရားသခင်သည်သူ့အတွက်မယားကိုရွေးချယ်ရာတွင် လမ်းပြတော်မူမည်ဟု သူယုံကြည်၏။

ဣဇက်၏အမှုကိစ္စသည် နောက်လာနောက်သားများ၊ အထူးသဖြင့်ဘုရားသခင်ကိုကြောက်ရွံ့သည်ဟု ဆိုကြသောသူများအတုခိုးဖို့ ကောင်းသောပုံသက်သေအဖြစ် မှတ်တမ်းတင်ထားလျက်ရှိ၏။

ဣဇက်အား တစ်သက်လုံးမြင့်မြတ်စွာနားထောင်ခြင်းအကျင့်ကို နှစ်သက်စေအောင် သူ့အားပညာသွန်သင်ပေးရာတွင် အာဗြဟံလိုက်နာသောလမ်းသည် မိဘများကောင်းကျိုးအတွက် ရေးမှတ်ထား၍သူတို့အားအိမ်ထောင်ကိုကောင်းစွာအုပ်ချုပ်စီမံနိုင်စေဘို့ လမ်းပြလိမ့်မည်။ သူတို့သည် မိမိတို့၏သားသမီးများအား မိမိတို့၏ဩဇာအာဏာကိုလိုက်နာလျက် ရိုသေလေးစားရန်သွန်သင်ပေးရမည်။ မိမိတို့သားသမီးများ၏အချစ်ကိစ္စတွင် သွန်သင်လမ်းပြရန်တာဝန်သည် မိမိတို့အပေါ်၌တည်ရှိသည်ဟု သူတို့သည် သဘောထားရကြမည်။ မိမိတို့သားသမီးများနှင့် သင့်တော်သောသူတို့၏အပေါ်၌သာ မိမိတို့၏မေတ္တာကိုပုံ အပ်ပေးနိုင်စေဘို့ရန် မိဘတို့က ဝေဖန်ပိုင်းခြားဆုံးဖြတ်ပေးရကြမည်။

# အခန်း (၁၂)
# ယာကုပ်နှင့်ဧသော

ဘုရားသခင်သည် အစအဦးမှအဆုံးထိသိမြင်တော်မူ၏။ ယာကုပ်နှင့်ဧသောတို့ကိုမမွေးဘွားမီကပင် သူတို့နှစ်ယောက်စလုံး၌ မည်ကဲ့သို့သော အကျင့်ဓလေ့များပါရှိလာမည်ကို ဘုရားသခင်သိတော်မူ၏။ ဧသောသည် စကားတော်ကိုနားမထောင်သောသဘောနှင့်ပြည့်ဝလိမ့်မည်ကို ဘုရားသခင်သိတော်မူ၏။ ဘုရားသခင်သည် စိတ်ဒုက္ခရောက်လျက် ရေဗက္ကာဆုတောင်းသံကိုနားညောင်းတော်မူပြီးနောက်၊ သူမ၌သားနှစ်ရ၍ သားအကြီးသည် သားငယ်၌ကျွန်ခံရလိမ့်မည်ဟု မိန့်တော်မူ၏။ သူတို့သည် လူမျိုးနှစ်မျိုးဖြစ်၍ တစ်မျိုးသည် တစ်မျိုးထက်အားကြီးလျက် အကြီးသည်အငယ်၌ကျွန်ခံရလိမ့်မည်ဟု သူမ၏သားနှစ်ယောက်နှင့်သက်ဆိုင်သော အနာဂတ်ရာဇဝင်ကို သူမအားဘော်ပြတော်မူ၏။ သားဦးသည် အခြားအိမ်ထောင်သားများမရရှိနိုင်သည့်ထူးခြားသောအကျိုး၊ အခွင့်အရေးများတို့ကိုခံစားခွင့်ရရှိသည်။

ဧသောသည် ဣဇက်အားအမဲသားကိုပေးလေ့ရှိသောကြောင့် ဣဇက်သည်ယာကုပ်ထက်ဧသောကိုချစ်၏။ သူသည် အမဲလိုက်ရာတွင် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသောကြောင့် ဣဇက်သည် ဧသောကိုနှစ်သက်၏။ ယာကုပ်သည် စိတ်သဘောနူးညံ့သိမ်မွေ့၍ မိခင်ကိုပျော်ရွှင်အောင် ပြုတတ်သောကြောင့်၊ ယာကုပ်ကိုမိခင်ကချစ်ခင်၏။ သားအကြီးသည် အငယ်၌ကျွန်ခံရလိမ့်မည်ဟု ဘုရားသခင်ကရေဗက္ကာအားမိန့်တော်မူသောစကားကို ယာကုပ်သည် မိခင်ထံမှကြားသိရ၍၊ သားဦးတို့ခံစားရသောအခွင့်အရေးများကို ဧသောသည်ရရှိနေသမျှကာလပတ်လုံး ဤကတိတော်သည် ပြည့်စုံခြင်းသို့မရောက်နိုင်ဟု ယာကုပ်သည် ငယ်ရွယ်သူတို့၏သဘောအတိုင်းတွေးတောမိ၏။ ၄င်းပြင် ဧသောသည် တောမှဆာငတ်မွတ်၍ မောပန်းကာပြန်လာသောအခါ၊ မိမိ၏အကျိုးကိုထောက်လျက် ဧသော၏လိုအင်ဆန္ဒကိုဖြည့်ရန် အခွင့်ကောင်းကို ရှာကြံလေ၏။ ၄င်းပြင် ဧသောသည် သားဦး၏အခွင့်အရာရှိသမျှကိုစွန့်လျှင် သူ့အား ဟင်းတနပ်စာကို ပေးမည်ဟုအကြံပေးရာ၊ ဧသောသည် ယာကုပ်အားသားဦးအရာကိုရောင်းလေ၏။

ယာကုပ်သည် ဧသော၏ဆာလောင်ခြင်းကို
အခွင့်ကောင်းယူ၍သားဦး၏ရာထူးကိုလုယူ၏

ဧသောသည် ရုပ်တုဆင်းတုကိုကိုးကွယ်သောမိန်းမနှစ်ယောက်တို့နှင့် အိမ်ထောင်ကျရာ၊ ဣဇက်နှင့်ရေဗက္ကတို့အား များစွာစိတ်ဆင်းရဲစေ၏။ ဤသို့ပြုသော်လည်း၊ ဣဇက်သည် ဧသောကိုယာကုပ်ထက်ပို၍ချစ်၏။

ယာကုပ်သည်သေ ခါနီးပြီဟုထင်ရသောအခါ၊ မသေမှီဧသောအားကောင်းကြီးအားမည်အကြောင်း အမဲသားကိုပြင်ဆင်ခဲ့ရန်ပြောဆိုလေ၏။ ဧသောသည် သားဦးအရာကို ယာကုပ်အားရောင်း၍ ကျိန်ဆိုခြင်းကိုပြုခဲ့ကြောင်းကို မိမိ၏ဖခင်အားပြောမပြချေ။ ရေဗက္ကသည် ဣဇက်၏စကားများကိုကြားရလျက်၊ သားအကြီးသည် အငယ်၌ကျွန်ခံရလိမ့်မည်ဟု ထာဝရဘုရားမိန့်တော်မူသောစကားများကိုသတိရ၏။

ငှင်းပြင် ဧသောသည် သားဦးအရာကိုပေါ့ဆစွာသဘောထားလျက်ယာကုပ်အားရောင်း လိုက်သည်ကိုလည်း သိရှိ၏။ ယာကုပ်သည် ဖခင်ထံမှကောင်းကြီးမင်္ဂလာကို တစ် ခြားနည်းအားဖြင့်မရနိုင်ဟု ရေဗက္ကသည်ထင်မြင်သောကြောင့် ယာကုပ်အားဖခင်ကို လှည့်ဖြားပြီးကောင်းကြီးမင်္ဂလာကိုတောင်းယူစေရန် သွေးဆောင်လေ၏။ ယာကုပ်သည် ပထမဦးစွာ ဤလှည့်ဖြားနည်းကိုသုံးရန် သဘောမကျသော်လည်း အဆုံး၌မိခင်၏အကြံကိုသဘောတူလိုက်ရလေ၏။

ဧသောအားဣဇက်ကမျက်နှာလိုက်ကြောင်းကို ရေဗက္ကသည်ကောင်းစွာသိ၍ အကျိုးအကြောင်းကိုဆွေးနွေးပြောဆိုခြင်းဖြင့် သူ၏စိတ်ကိုပြောင်းလဲစေမည်မဟုတ်ကြောင်း အသေအချာသိ၏။ အဖြစ်အပျက်များကိုစီမံတော်မူသောအရှင်၊ ဘုရားသခင်၌ယုံကြည်အားကိုးရမည်အစား၊ ယာကုပ်အားသူ၏ဖခင်ကိုလှည့်ဖြားစေရန်သွေးဆောင်ခြင်းဖြင့် သူမ၌ယုံကြည်ခြင်းကင်းမဲ့ကြောင်းဘော်ပြ၏။ ဤအမှု၌ ယာကုပ်၏နည်းလမ်းကို ဘုရားသခင်ခွင့်ပြုတော်မမူ။ ရေဗက္ကနှင့်ယာကုပ်တို့သည် ကြိုတင်မိန့်မြွက်တော်မူသောအကြောင်းအရာများကို လှည့် ဖြားခြင်းဖြင့်ပြီးမြောက်စေဘို့ ကြံစည်ကြိုးစားရကြမည်အစား၊ ဘုရားသခင်သည် မိမိအလိုရှိသောအချိန်၌ မိမိ၏နည်းလမ်းဖြင့် မိမိ၏ရည်ရွယ်ချက်တို့ကို ဖြစ်မြောက်စေတော်မူသည်တိုင်အောင် သူတို့စောင့်ဆိုင်နေသင့်ကြသည်။သားဦးတို့အပေါ်၌ ချပေးရသောကောင်းကြီးမင်္ဂလာကို ဧသောသည် သူ၏ဖခင်ထံမှခံယူရရှိလျှင်၊ သူ၏စီးပွါးချမ်းသာသည် ဘုရားသခင် . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ထံမှသာရရှိနိုင်သည်။ ၄င်းပြင် သူပြုမူလိုက်လျှောက်သောလမ်းစဉ်အလိုက် ဘုရားသခင်သည် သူ့အပေါ်၌စည်းစိမ်ချမ်းသာ၊ သို့မဟုတ် ဒုက္ခဆင်းရဲခြင်းတို့ကို သက်ရောက်စေလိမ့်မည်။ သူသည် ဖြောင့်မတ်သောအာဗေလကဲ့သို ဘုရားသခင်ကိုချစ်၍ ရိုသေကိုးကွယ်လျှင် ဘုရားသခင်သည် သူ့ကိုပမာဏပြု၍ ကောင်းချီးပေးတော်မူမည်။ ကာဣနကဲ့သို့ သူသည် ဘုရားသခင်ကို ဂရုမစိုက်၊ ပညတ်တော်တို့ကိုမလိုက်နာဘဲ၊ မိမိ၏ပျက်စီးရာလမ်းကိုလိုက်လျှောက်နေလျှင်၊ သူသည် ဘုရားသခင်ထံတော်မှကောင်းချီးမင်္ဂလာကို မရရှိဘဲ၊ ကာဣနကဲ့သို့ ဘုရားသခင်စွန့်ပစ်တော်မူခြင်းခံရလိမ့်မည်။ ယာကုပ်၏လမ်းစဉ်သည် ဖြောင့်မတ်၍ သူသည် ဘုရားသခင်ကိုချစ်ခင်၊ ကြောက်ရွံ့လျှင် သူသည်အများအားဖြင့် သားဦးတို့အပေါ်၌ ချပေးသောကောင်းချီးမင်္ဂလာနှင့် အခွင့်အရေးမျိုးကို မရရှိသည်တိုင်အောင်ပင်၊ သူသည်ဘုရားသခင်၏ကောင်းချီးမင်္ဂလာကိုရရှိလျက်၊ စည်းစိမ်ဥစ္စာကိုတိုးပွားစေတော်မူသော ဘုရားသခင်၏လက်တော်သည် သူနှင့်အတူရှိလိမ့်မည်။

## ယာကုပ်နှစ်ပေါင်းများစွာအခြားပြည်သို့ထွက်နေရခြင်း

ရေဗက္ကာသည် ယာကုပ်အားပေးခဲ့သောအကြံဉာဏ်ကြောင့်၊ သူမနှင့်ယာကုပ်သည်ခွဲခွါနေရကြသည်အတွက် ရေဗက္ကသည်ပြင်းစွာနောင်တရ၏။ ယာကုပ်သည် ဧသော၏အမျက်ဒေါသကြောင့်၊ မိမိ၏အသက်ဘေးမှ ကင်းလွတ်အံ့သောငှါ အိမ်မှထွက်ပြေးနေရသဖြင့်၊ သူ၏မိခင်သည် သူ့မျက်နှာကို နောက်တစ်ဖန် ဘယ်သောအခါမျှမမြင်ရတော့ချေ။ ဣဇက်သည် ယာကုပ်ကိုကောင်းချီးပေးပြီးနောက် နှစ်ပေါင်းများစွာအသက်ရှင်နေရသေး၍ ဧသောနှင့်ယာကုပ်တို့၏လမ်းစဉ်အားဖြင့် ကောင်းချီးမင်္ဂလာသည် ယာကုပ်နှင့်အမှန်သက်ဆိုင်ကြောင်းကို သိနားလည်လာလေ၏။

ယာကုပ်သည် ညီအစ်မများနှင့်အိမ်ထောင်ပြုရသော်လည်း၊ မိမိအိမ်ထောင်သက်တွင် ပျော်ရွှင်ခြင်းမရှိချေ။ သူသည်မိမိချစ်သော ရာခေလအတွက် သူမ၏ဖခင်လာဗန်နှင့်ဂတိသစ္စာပြုလေ၏။ သူသည်ခုနှစ်နှစ်ရာခေလအတွက် ကျွန်ခံပြီးသောအခါ၊ လာဗန်သည် သူ့ကိုလှည့်ဖြား၍လေအာကိုပေးစားလေ၏။ ယာကုပ်သည် မိမိအားလှည့်ဖြားသောအမှုကိုငှင်း၊ လေအာ. . . . . . . . . . . . .

သည် ဤအမှု၌ပါဝင်ကြောင်းသိရသောအခါ၊ သူသည်လေအာကိုမချစ်နိုင်။

သစ္စာနှင့်ပြုလုပ်တတ်သောယာကုပ်ကို လာဗန်သည်ကြာမြင့်စွာ စေခိုင်းလိုသောကြောင့်၊ ရာခေလအစားလေအာနှင့်ပေးစားခြင်းဖြင့် ယာကုပ်ကိုလှည့်စားခဲ့၏။ မိမိမချစ် သောလေအာနှင့်ပေးစားခြင်းဖြင့် အချစ်ကိစ္စကို ထိုသို့ပေါ့ဆစွာပြုမူခြင်းအတွက် ယာကုပ်ကလာဗန်ကိုအပြစ်တင်၏။

လာဗန်က ယာကုပ်အားလေအာကို မစွန့်ပစ်ရန်တောင်းပန်၏။ အကြောင်းမူကား၊ ဤအမှုသည် မယားအဘို့သာမဟုတ် တစ်အိမ်ထောင်လုံးအဘို့ကြီးစွာ အသရေပျက်စေလိမ့်မည်။ ယာကုပ်သည် အလွန်ဒုက္ခရောက်လျက်ရှိ၏။ သို့ရာတွင် သူသည် လေအာကိုသိမ်းပိုက်ထားလျက် သူမ၏ ညီမကိုလည်း လက်ထပ်လေ၏။ သူသည် လေအာထက် ရာခေလကိုပိုမိုချစ်သည်။

လာဗန်သည် ယာကုပ်နှင့်ပြုမူရာတွင် ကိုကျိုးကိုရှာ၏။ ယာကုပ်၏သစ္စာရှိသောအလုပ်အကိုင်အားဖြင့် လာဗန်သည်မိမိကိုယ်၌သာ အကျိုးခံစားရဖို့ရှာကြံ၏။ ယာကုပ်သည်စဉ်းလဲသောလာဗန်ထံမှထွက်ခွါသွားလိုသည်မှာကြာပြီ။ သို့သော် သူသည် ဧသောကိုတွေ့ဆုံဖို့ရန် ကြောက်နေသေး၏။ လာဗန်၏သားတို့က "ငါတို့ဖခင်၏ဥစ္စာရှိသမျှကို ယာကုပ်သည်ယူသွားလေပြီတကား၊ ငါတို့အဘ၏ဥစ္စာအားဖြင့် သူ၌မည်သောစည်းစိမ်ရှိသမျှသည် ဖြစ်လေပြီဟုဆိုကြသည်ကို ယာကုပ်သည်ကြား၍၊ လာဗန်၏မျက်နှာကိုကြည့်သောအခါ ရှေ့ကကဲ့သို့မဟုတ်၊ ခြားနားသည်ကို သိမြင်၏။

ယာကုပ်သည်ကြီးစွာသောဒုက္ခရောက်နေ၏။ သူသည် ဘယ်လမ်းလိုက်ရမည်ကိုမသိချေ။ သူသည်မိမိ၏အရေးကိစ္စကို ဘုရားသခင်ထံယူဆောင်လာလျက် မိမိအားညွှန်ကြားပြသတော်မူရန် တောင်းလျှောက်လေ၏။ ဒုက္ခရောက်စဉ် သူဆုတောင်းသောအသံကို ထာဝရဘုရားသည် ဂရုဏာနှင့်နားညောင်းတော်မူ၏။ "ထာဝရဘုရားကလည်း၊ သင်၏ဘိုးဘနေသောပြည်၊ သင်၏အမျိုးသားချင်းထံသို့ပြန်သွားလော့။ ငါသည် သင့်ဘက်၌ နေမည်ဟု ယာကုပ်အားမိန့်တော်မူ၏။"

"ယာကုပ်သည်လူစေလွှတ်၍၊ ရာခေလနှင့်လေအာကို သိုးစုရှိရာတောသို့ခေါ်ပြီးလျှင်၊ သင်တို့အဘ၏မျက်နှာသည် ငါ၌ရှေ့ကကဲ့သို့မဟုတ်၊ ခြားနားသည်ကိုငါသိမြင်၏။ သို့သော်လည်း ငါ့အဘ၏ဘုရားသခင်သည် . . . . . . . . . . . .

ငါ့ဘက်၌ရှိတော်မူ၏။ သင်တို့အဘ၏အမှုကို ငါသတ်နိုင်သမျှအတိုင်း၊ ငါစောင့်သည်ကို သင်တို့သိကြ၏။ သင်တို့အဘသည် ငါ့ကိုလှည့်စား၍ ငါ့ရထိုက်သောအခကို ဆယ်ကြိမ်လဲခဲ့ပြီ။ သို့သော်လည်း၊ ငါ့ကိုညှဉ်းဆဲစေခြင်းငှါ၊ ဘုရားသခင်အခွင့်ပေးတော်မမူ"ဟု ပြောပြလေ၏။ ယာကုပ်သည် လာဗန်ထံမှထွက်သွား၍ မိမိ၏အမျိုးသားချင်းတို့ထံသို့ သွားစေဖို့ရန် ဘုရားသခင်ပေးတော်မူသော အိမ်မက်အကြောင်းကိုပြောပြသေး၏။ ရာခေလနှင့်လေအာတို့ကလည်း မိမိတို့ဖခင်ပြုသောအမှုကိစ္စတို့ကို မနှစ်သက်ကြောင်းပြကြ၏။ ယာကုပ်သည် သူတို့အပေါ်၌ပြုသောသူ၏အမှားများအကြောင်းကို ပြန်ပြောသောအခါ၊ ရာခေလနှင့်လေအာတို့က ယာကုပ်အား၊ "အကျွန်ုပ်တို့သည် ကိုယ်အဘ၏အိမ်နှင့်အဘယ်သို့ဆိုင်သနည်း။ အဘယ်သို့အမွေခံရသေးသနည်း။ သူသည် ကျွန်ုပ်တို့ကိုတစ်ကျွန်းတစ်နိုင်ငံသားကဲ့သို့ မှတ်ထင်သည်မဟုတ်လော။ ကျွန်ုပ်တို့ရောင်းစားခဲ့ပြီတကား။ ကျွန်ုပ်တို့အဘမှ ဘုရားသခင်ရုပ်သိမ်းတော်မူသော စည်းစိမ်ရှိသမျှသည် ငါတို့ဥစ္စာ၊ ငါတို့သားသမီးများဥစ္စာဖြစ်၏။ သို့ဖြစ်၍ ဘုရားသခင်မှာထားတော်မူသည်အတိုင်း ယခုတွင်ပြုပါလော့ဟုပြန်ပြောကြ၏။"

## ခါနန်ပြည်သို့ပြန်သွားခြင်း

လာဗန်မရှိခိုက်၊ ယာကုပ်သည်မိမိ၏အိမ်ထောင်နှင့်တကွ မိမိ၌ရှိသမျှဥစ္စာတို့ကိုယူလျက် လာဗန်ထံမှထွက်လာလေ၏။ သူသည်သုံးရက်ကြာခရီးသွားပြီးနောက်မှ၊ သူထွက်သွားကြောင်းကိုလာဗန်သိသဖြင့် ၊ သူသည် အလွန်အမျက်ဒေါသထွက်လေ၏။ ၄င်းပြင် သူသည် ယာကုပ်ကိုအဓမ္မခေါ်ဆောင်လာရန် ဆုံးဖြတ်လျက်သူ၏နောက်သို့လိုက်လေ၏။ သို့ရာတွင် ထာဝရဘုရားသခင်သည် ယာကုပ်ကိုသနားတော်မူသောကြောင့်၊ လာဗန်သည် သူ့ကို မှီခါနီးသောအခါ ထာဝရဘုရားက လာဗန်အားအိမ်မက်တွင်၊ ယာကုပ်အားကောင်းမကောင်းကိုမပြောနှင့်ဟုမှာထားတော်မူ၏။ သူသည် ယာကုပ်အားအတင်းအကြပ်ပြန်ဖို့မပြုရ။ သို့မဟုတ်မြှောက်ပင့်ပြောဆိုသောစကားများအားဖြင့် သူ့ကိုသွေးမဆောင်ရဟုဆိုလိုသည်။

လာဗန်သည် ယာကုပ်ကိုတွေ့ဆုံရသောအခါ၊ သူသည်အဘယ်ကြောင့်တိတ်တဆိတ်ထွက်ပြေး၍ စစ်တိုက်ရာတွင် ရန်သူတို့ကို သိမ်းယူသကဲ့ . . . . . . .

သို့ ငါသမီးတို့ကိုသိမ်းသွားရသနည်းဟုမေးလေ၏။ လာဗန်ကယာကုပ်အား၊ "ယခုသင့်ကိုငါညှဉ်းဆဲနိုင်၏။ သို့သော်လည်း၊ မနေ့ညမှာသင်၏အဘ ကိုးကွယ်သောဘုရားသခင်သည်ကြွလာ၍၊ ယာကုပ်အားကောင်းမကောင်းကိုမပြောနှင့်၊ သတိပြုလော့ဟု ငါ့အားမိန့်တော်မူ၏"ဟုပြောဆို၏။ ယာကုပ်ကလာဗန်အား၊ သူသည် မိမိ၏အကျိုးကိုသာကြည့်လျက် မိမိအပေါ်၌ တွန့်တိုသောစိတ်နှင့်ပြုမူခဲ့ကြောင်းကိုပြန်ပြောပြ၏။ သူသည်လာဗန်နှင့်ရှိစဉ် ပြုသမျှအမှုကိစ္စတို့တွင် ဖြောင့်မှန်စွာပြုမူခဲ့ကြောင်း လာဗန်အားတောင်းပန်ပြောဆိုပြီးလျှင်၊" သားရဲကိုက်တတ်သောအကောင်းကို သင့်ထံသို့ကျွန်ုပ်မဆောင်ခဲ့၊ ကိုယ်အရှုံးခံ၏။ နေ့မှာခိုးသည်ဖြစ်စေ၊ ညဥ့်မှာခိုးသည်ဖြစ်စေ၊ သင်သည် အကျွန်ုပ်တွင် အစားတောင်းလေ့ရှိ၏။ နေ့အချိန်၌လည်းနေပူကိုငှင်၊ ညဥ့်အချိန်၌လည်းနှင်းခဲကိုငှင်းခံရပြီ။ အအိပ်ပျက်ခြင်းကိုလည်းခံရပြီ"ဟုဆို၏။

ယာကုပ်က၊ "ထိုသို့ ကျွန်ုပ်သည် အနှစ်နှစ်ဆယ်ပတ်လုံး သင်၏အိမ်၌နေစဉ်၊ သင်၏သမီးနှစ်ယောက်အတွက်ကြောင့်ဆယ့်လေးနှစ်၊ သိုးဆိတ်တို့အတွက်ကြောင့် ခြောက်နှစ်အစေခံရပြီ။ သို့ရာတွင် သင်သည်၊ ကျွန်ုပ်အခကိုဆယ်ကြိမ်လဲပြီတကား။ ယခုလည်း ကျွန်ုပ်အဘ၏ဘုရားသခင်၊ အာဗြဟံ၏ဘုရားသခင်၊ ဣဇက်၏ကြောက်ရွံ့ရာဘုရားသခင်သည် ကျွန်ုပ်ဘက်၌မရှိလျှင်၊ သင်သည် ကျွန်ုပ်ကိုဧကန်အမှန်လက်ချည်းလွှတ်လိုက်လိမ့်မည်တကား။ အကယ်စင်စစ်ကျွန်ုပ်ဆင်းရဲခံရခြင်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းကို ဘုရားသခင်မြင်၍၊ မနေ့ညဥ့်မှာ သင့်ကိုဆုံးမတော်မူဟု ဆိုလေ၏။"

ထိုနောက် လာဗန်က သူသည် သူ၏သမီးများနှင့်မြေးများကို နှစ်သက်၍ဘေးဥပဒ်မပြုလုပ်နိုင်ပါဟု ယာကုပ်အားအာမခံလေ၏။ သူတို့နှစ်ဦးစပ်ကြားတွင် ပဋိညာဉ်ပြုရန်သူကအကြံပေး၏။ ၄င်းပြင် လာဗန်က "ယခု သင်နှင့်ငါစပ်ကြားတွင် သက်သေဖြစ်စေ၍ ငါတို့နှစ်ယောက်သည် ပဋိညာဉ်ပြုကြစို့ဟု ယာကုပ်အားပြန်ပြော၏။ ယာကုပ်ကလည်းကျောက်ကိုယူ၍ မှတ်တိုင်ဘို့စိုက်ထူပြီးလျှင် ကျောက်များကိုစုထားကြပါဟု ညီအစ်ကိုတို့အား ဆိုသည်အတိုင်း သူတို့သည် ကျောက်ပုံကိုတည်လုပ်ပြီးမှ၊ ထိုကျောက်ပုံအပေါ်၌စားသောက်ခြင်းကိုပြုကြ၏။"

၄င်းပြင် လာဗန်က၊ "ငါတို့သည် တစ်ယောက်နှင့်တစ်ယောက်ခွာသွားကြသောနောက်၊ ထာဝရဘုရားသည် ငါနှင့်သင်၏စပ်ကြား၌ စောင့်တော်မူစေသတည်း။ သင်သည် ငါ့သမီးတို့ကို ညှဥ်းဆဲသည်ဖြစ်စေ၊ ငါ့သမီးတို့မှတစ်ပါးအခြားသောမိန်းမနှင့်ဆုံဖက်သည်ဖြစ်စေ၊ ငါတို့၌လူသက်သေမရှိ၊ ဘုရားသခင်သည် ငါနှင့်သင်၏စပ်ကြား၌သက်သေဖြစ်တော်မူစေသတည်း"ဟုဆို၏။

ယာကုပ်က သူသည် အခြားသောမိန်မများကို စုံဘက်ခြင်းမပြုပါဟု ထာဝရဘုရားရှေ့တွင် အရေးကြီးသောပဋိညာဉ်ကိုပြုလေ၏။ တစ်ဖန် လာဗန်က"ငါနှင့်သင်၏စပ်ကြား၌ သင်သည် တည်လုပ်ခဲ့ပြီးသောဤကျောက်ပုံနှင့် ဤမှတ်တိုင်ကိုကြည့်ပါလော့။"

ငါသည် သင့်ကိုခိုက်ရန်ပြုခြင်းငှါ ဤကျောက်ပုံ၊ ဤမှတ်တိုင်ကိုမကျော်ရ။ သင်သည် ငါ့ကိုခိုက်ရန်ပြုခြင်းငှါ ဤကျောက်ပုံဤမှတ်တိုင်ကိုမကျော်ရဟု ဤကျောက်ပုံနှင့်ဤမှတ်တိုင်သည် သက်သေဖြစ်စေသတည်း။ အာဗြဟံ၏ဘုရားသခင်၊ နာခေါ်၏ဘုရားသခင်၊ သင့်အဘ၏ဘုရားသခင်သည် ငါတို့စပ်ကြား၌စီရင်တော်မူစေသတည်းဟူ၍ ယာကုပ်အားဆို၏။ ယာကုပ်သည်လည်း၊ မိမိအဘကြောက်ရွံ့ရာဘုရားကို တိုင်တည်၍ကျိန်ဆိုခြင်းကိုပြုလေ၏။

ယာကုပ်သည် ဆက်လက်ခရီးထွက်သွားစဉ်၊ ဘုရားသခင်၏ကောင်းကင်တမန်များသည် သူ့ကိုကြိုဆိုကြ၏။ ယာကုပ်သည် သူတို့ကိုမြင်လျှင်၊ "ဘုရားသခင်၏တပ်တော်ဖြစ်သည်ဟုဆို၏။ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် သူ၏ပတ်လည်၌တပ်ချနေသည်ကို သူသည်အိမ်မက်ထဲ၌မြင်ရ၏။ ယာကုပ်သည် သူ၏အစ်ကိုဧသောထံသို့စိတ်ပြေစေရန် မိတ်ဖွဲ့လိုကြောင်း နှိမ့်ချသောသဘောကိုပြသည့်သတင်းစကားကို စေလွှတ်ကြားပြောစေ၏။

"တမန်တို့သည် ယာကုပ်ထံသို့ ပြန်လာ၍ ကျွန်တော်တို့သည် ကိုယ်တော်၏အစ်ကိုဧသောထံသို့ရောက်ခဲ့ပါပြီ။ သူသည် ကိုယ်တော်ကိုတွေ့ခြင်းငှါ လူလေးရာနှင့်ချီလာပါသည်ဟုလျှောက်ကြ၏။ ထိုအခါ ယာကုပ်သည် အလွန်ကြောက်၍ စိတ်ပူပန်လျက်၊ မိမိတွင်ပါသောလူစု၊ သိုးဆိတ်စု၊ နွားစု၊ ကုလားအုပ်များတို့နှင့် နှစ်စုခွဲထားလေ၏။ အကြောင်းမူကား၊ တစ်စုကိုဧသောတွေ့၍ လုပ်ကြံလျှင်၊ ကြွင်းသောတစ်စုလွတ်လိမ့်မည်ဟုဆို၏။

"တဖန် ယာကုပ်က အကျွန်ုပ်အဘအာဗြဟံ၏ဘုရားသခင်၊ အကျွန်ုပ် အဘဣဇက်၏ဘုရားသခင်၊ ထာဝရဘုရား၊ ကိုယ်တော်က သင်၏ပြည်၊ သင်၏ အမျိုးသားချင်းတို့ထံသို့ပြန်လော့။ ငါသည် သင့်၌ကျေးဇူးပြုမည်ဟု မိန့်တော်မူပါပြီ။ ကိုယ်တော်ကျွန်၌ပြုတော်မူသော ဂရုဏာသစ္စာတော်အငယ်ဆုံးကိုမျှ အကျွန်ုပ်မခံထိုက်ပါ။ အကျွန်ုပ်သည် အထက်က၊ ဤယော်ဒန်မြစ်ကို လက်စွဲတောင်ဝှေးနှင့်သာကူးပါ၏။ ယခုမူကား၊ အပေါင်းအသင်းနှစ်စုဖြစ်ပါ၏။ သို့ဖြစ်၍ အကျွန်ုပ် ကိုအစ်ကိုဧသောလက်မှ ကယ်လွှတ်တော်မူမည်အကြောင်း ဆုတောင်းပါ၏။ သူသည်လာ၍ အကျွန်ုပ်ကိုငှင်း၊ သားမယားကိုငှင်း၊ သတ်မည်ဟုအလွန်စိုးရိမ်ပါ ၏။ ကိုယ်တော်က၊ ငါသည် သင့်၌အမှန်ကျေးဇူးပြု မရေမတွက်နိုင်အောင်များပြားသောသမုဒ္ဒရာသဲလုံးနှင့်အမျှ၊ သင်၏အမျိုးအနွယ်ကို ငါဖြစ်စေမည်ဟု မိန့်တော်မူပါပြီဟု တောင်းလျှောက်၏။"

--oo--

# အခန်း (၁၃)
## ယာကုပ်နှင့်ကောင်းကင်တမန်

ယာကုပ်သည် မိမိအစ်ကို၏ကောင်းကြီးမင်္ဂလာကို ကောက်ကျစ်သော နည်းဖြင့်ရယူရာ၌ မိမိ၏အမှားကိုလေးနက်စွာသိနားလည်လာပြန်၍၊ ဘုရားသခင် သည် ဧသောအား သူ၏အသက်ကိုသတ်စေဖို့ အခွင့်ပေးတော်မူလိမ့်မည်ဟု သူ သည်စိုးရိမ်ပူပန်နေ၏။ စိတ်ဒုက္ခရောက်နေစဉ် သူသည်တစ်ညလုံး ဘုရားသခင်ကို ဆုတောင်း၏။ ယာကုပ်ရှေ့၌ကောင်းကင်တမန်တစ်ပါးရပ်နေပြီး သူ၏အမှားကို အမြင်မှန်ရစေရန် ဘော်ပြနေသည်ဟု ပုံပြထား၏။ ကောင်းကင်တမန်သည် သူ့ထံ မှထွက်သွားရန် လှည့်လိုက်သောအခါ၊ ယာကုပ်သည် သူ့ကိုကိုင်ဖမ်း၍ မလွှတ်ဘဲ နေ၏။ သူသည်မျက်ရည်ကျလျက် အသနားခံနေ၏။ သူသည် မိမိ၏အပြစ်များ နှင့် မိမိ၏ဖခင်အိမ်မှအနှစ်နှစ်ဆယ်ကြာခွဲခွာနေစေရလောက်အောင် သူ၏အစ်ကို ကိုပြစ်မှားခဲ့သောအမှုများအတွက် ပြင်းပြစွာနောင်တရပြီဖြစ်ကြောင်း သူကတောင်း ပန်၏။ သူသည် သူ့ဖခင်၏အိမ်မှခွဲခွာနေရစဉ် မကြာမကြာ ဘုရားသခင်၏ဂတိ တော်များနှင့် ဘုရားသခင်၏ဂရုဏာထင်ရှားကြောင်း သက်သေအမှတ်များကို အရဲ စွန့်၍တောင်းလျှောက်ဝံ့လေ၏။

တစ်ညလုံးယာကုပ်သည် ကောင်းကင်တမန်နှင့် ထွေးလုံးနေလျက် ကောင်းကြီးမင်္ဂလာကိုတောင်းခံနေလေ၏။ ကောင်းကင်တမန်သည် ဆက်လက်၍ သူ၏အပြစ်များကို သတိပေးလျက်နေခြင်းဖြင့် သူ၏တောင်းလျှောက်ချက်ကိုငြင်း ပယ်လျက် သူ့ထံမှထွက်သွားရန် ကြိုးစားနေသည်ဟု ထင်ရ၏။ ယာကုပ်သည် သူ၏ကာယဗလအားဖြင့်မဟုတ်ဘဲ၊ တည်မြဲသောယုံကြည်ခြင်းခွန်အားဖြင့် ကောင်း ကင်တမန်ကိုကိုင်ဆွဲထားရန် စိတ်ဆုံးဖြတ်၏။ ယာကုပ်သည် စိတ်ဒုက္ခရောက် ရာတွင် မိမိ၏စိတ်ဝိညာဉ်ထဲ၌ အမှန်နောင်တရကြောင်း၊ မိမိအမှားအတွက်ပြင်းစွာ နှိမ့်ချသောသဘောရှိလာကြောင်းကို ညွှန်ပြလေ၏။ ကောင်းကင်တမန်သည် သူ၏ဆုတောင်းချက်ကို ဂရုမစိုက်အမှုမထားဟုထင်ရလျက်၊ ယာကုပ်၏လက်မှ မိမိကိုယ်ကိုလွတ်မြောက်စေရန် ဆက်လက်ကြိုးစားနေ၏။ သူသည် မိမိ၏ထူးခြား သော တန်ခိုးကိုအသုံးပြု . . . . . . . . . . . . . . . . . . . . . . . . . . . . . .

လျက် ယာကုပ်၏လက်မှအတင်းအဓမ္မ လွတ်လာနိုင်သော်လည်း ဤကဲ့သို့ ပြုလုပ်ရန်အလိုမရှိချေ။

သူသည် ယာကုပ်ကိုမနိုင်မှန်းသိလျှင်၊ မိမိ၏ထူးခြားသောတန်ခိုးကို သိရှိစေရန် ယာကုပ်၏ပေါင်ချန်ကိုထိုးသဖြင့်၊ ချက်ခြင်းပေါင်ဆစ်ပြုတ်သွားလေ၏။ သို့သော် ယာကုပ်သည် ကာယဝေဒနာအတွက် မိမိ၏စိတ်အားကြီးစွာကြိုးပမ်းမှုကို လက်မလွှတ်ချေ။ သူ၏ရည်ရွယ်ချက်ကား ကောင်းကြီးမင်္ဂလာရရှိရန်ဖြစ်၍ ကာယဝေဒနာသည်သူ၏စိတ်ကို မိမိ၏ရည်ရွယ်ချက်မှပြောင်းလဲစေခြင်းငှါ မတတ်နိုင်။ ထွေးလုံးနေစဉ် နောက်ဆုံးအချိန်တွင် သူ၏စိတ်ပြင်္ဂါန်းချက်သည် အစမှာထက်သာ၍ပြင်းထန်လာ၏။ သူ၏ယုံကြည်ခြင်းသည် နောက်ဆုံးအချိန်၊ မိုးလင်းသည်တိုင်အောင်သာ၍ စိတ်အားထက်သန်၊ သာ၍စွဲမြဲလာလေ၏။ ကောင်းကင်တမန်သည် သူ့ကို ကောင်းကြီးပေးသည်တိုင်အောင် သူသည် ကောင်းကင်တမန်ကို မလွှတ်ဘဲနေ၏။ "ထိုသူကလည်း၊ ငါ့ကိုလွှတ်ပါ၊ မိုးလင်းဆဲရှိပြီဟုဆိုလျှင် ယာကုပ်က၊ ကိုယ်တော်သည် အကျွန်ုပ်ကိုကောင်းကြီးမပေးလျှင် မသွားရဟုဆို၏။ "ထိုနောက် ကောင်းကင်တမန်က" သင်၏အမည်ကား အဘယ်သို့နည်းဟုမေးလျှင်၊ ယာကုပ်ဖြစ်ပါသည်ဟုပြန်ဆို၏။ နောင်၌သင်၏အမည်ကိုယာကုပ်ဟူ၍မခေါ်ရ။ ဣသရေလဟူ၍ခေါ်ရမည်။ အကြောင်းမူကား၊ သင်သည် ဘုရားသခင်နှင့်၎င်း၊ လူနှင့်၎င်း၊ မင်းကဲ့သို့ပြိုင်၍နိုင်လေပြီဟုမိန့်တော်မူ၏။"

## အားကြီးသောယုံကြည်ခြင်း

ယာကုပ်၏စွဲမြဲသောယုံကြည်ခြင်းသည် အကျိုးပေးလေပြီ။ သူသည် မိမိအလိုရှိသောကောင်းကြီးမင်္ဂလာကို၎င်း၊ မိမိ၏အပြစ်လွှတ်ပြီဟူသောစိတ်ချစရာစကားကို၎င်း၊ ရရှိသည်တိုင်အောင် ကောင်းကင်တမန်ကိုမြဲစွာ ဆွဲထား၏။ ထိုနောက်သူ၏နာမည်ကိုအသနားခံသူ၊ ယာကုပ်မှဘုရားသခင်၏မင်းသားဟုအဓိပ္ပါယ်ရှိသော ဣသရေလဟု ပြောင်းလိုက်လေ၏။ "ယာကုပ်ကလည်း၊ နာမတော်ကား၊အဘယ်သို့နည်း။ အကျွန်ုပ်အားဘော်ပြတော်မူပါဟု မေးလျှောက်လျှင်၊ ငါ့နာမကို အဘယ်ကြောင့်မေးသနည်းဟုဆို၍ ထိုအရပ်၌ကောင်းကြီးပေးတော်မူ၏။ ထိုအရပ်ကို ပေနေလဟူ၍ ယာကုပ်သည် သမုတ်လေ၏။ အကြောင်းမူကား၊ ငါသည် ဘုရားသခင် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ယာကုပ်သည် မိမိမသိသောအရာနှင့်အသက်အတွက် လုံးပန်းနေစဉ်
မိမိအပြစ်ကြောင့်ဘုရားသခင်၏မျက်မှောက်မှကွယ်သည်ဟုထင်ရ၏

ကို မျက်နှာချင်းဆိုင်၍ ဖူးမြင်ရသော်လည်း အသက်ချမ်းသာရပြီဟုဆိုသတည်း။ ထိုတစ်ညလုံး ယာကုပ်နှင့်လုံးထွေး၍ ကိုယ်တော်သည် သူ့အားကောင်းကြီးပေးတော်မူသည်တိုင်အောင် ယာကုပ်ဆွဲထားသောသူကား သခင်ခရစ်တော်ပင်ဖြစ်၏။

ထာဝရဘုရားသည် ယာကုပ်၏အသနားခံချက်ကို နားညောင်းတော်မူ၍ ဧသော၏စိတ်နှလုံးအကြံအစည်ကို ပြောင်းလဲစေတော်မူ၏။ ယာကုပ်လိုက်ရှောက်ခဲ့သောလမ်းစဉ်အမှားကို ထာဝရဘုရားခွင့်ပြုတော်မမူ။ သူသည် ကောင်းကင်တမန်နှင့်စိတ်အားကြီးစွာထွေးလုံးပြီး၊ သူ၏အပြစ်များကို ဘုရားသခင်ခွင့်လွှတ်တော်မူပြီဟူသော သက်သေကိုထိုနေရာ၌ရရှိသည်အချိန်တိုင်အောင် သူ၏အသက်တာသည်ယုံမှားခြင်း၊ ရှုပ်ထွေးခြင်း၊ အပြစ်ကြောင့်ဝမ်းနည်းပူပန်ခြင်းအမှုများနှင့်ပြည့်ဝနေ၏။

"ကောင်းကင်တမန်နှင့်ပြိုင်၍ နိုင်လေ၏။ ငို၍တောင်းပန်နှင့်ပြီ။ ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်ထာဝရဘုရားကို ဗေသလမြို့မှာဖူးတွေ့၍ ငါတို့အဖို့ ဗျာဒိတ်တော်ကိုခံလေ၏။ ထာဝရဘုရားတည်းဟူသောနာမသည် ထိုဘုရားသခင်၏ဘွဲ့နာတော်ဖြစ်၏။"ဟောရှေ ၁၂း၄၊၅။

ဧသောသည် မိမိ၏ညီယာကုပ်ကို သတ်ရန်အကြံရှိလျက် စစ်တပ်နှင့်ချီလာ၏။ သို့ရာတွင် ယာကုပ်သည်ထိုည၌ကောင်းကင်တမန်နှင့်ထွေးလုံးနေစဉ် အခြားသောကောင်းကင်တမန်သည် ဧသောအိပ်နေစဉ် သူ၏စိတ်ကိုပြောင်းလဲစေရန် ပြုလုပ်ဖို့သွားလေ၏။ သူ၏အိမ်မက်ထဲ၌ယာကုပ်သည် မိမိ၏အသက်ဘေးကိုစိုးရိမ်သဖြင့် ဖခင်၏အိမ်မှအနှစ်နှစ်ဆယ်တိုင်တိုင် ထွက်ပြေးနေရသည်ကို သူမြင်ရ၏။ သူ၏မိခင်သေဆုံးကြောင်း သိရှိရသဖြင့် သူ၌ဝမ်းနည်းသောလက္ခဏာရှိသည်ကို သူသတိထားမိ၏။ အိမ်မက်ထဲ၌ယာကုပ်၏နှိမ့်ချခြင်းအဖြစ်နှင့် သူ၏ပတ်လည်ရှိ ဘုရားသခင်၏ကောင်းကင်တမန်များကိုလည်း မြင်ရ၏။ သူတို့သည်တွေ့ဆုံကြသောအခါ ယာကုပ်အားဒုက္ခပေးလိုသောစိတ် သူ၌မရှိသည်ကိုလည်း သူသည် အိမ်မက်မြင်သေး၏။ ဧသောသည် အိပ်ရာမှနိုးသောအခါ၊ မိမိ၏အိမ်မက်ကို သူ၏လူလေးရာအားပြန်ပြောပြပြီး၊ သူ့အဖ၏ဘုရားသခင်သည် ယာကုပ်နှင့်အတူရှိနေသောကြောင့် ယာကုပ်အားမထိခိုက်စေရဟုမှာထားလေ၏။ ၄င်းပြင် သူတို့ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

သည် ယာကုပ်ကိုတွေ့ဆုံသောအခါ၊ သူတို့အထဲတွင် မည်သူတစ်စုံတစ်ယောက်မျှ ယာကုပ်ကိုဘေးဒုက္ခမပေးရကြ။

"ထိုအခါ ယာကုပ်သည် မျှော်ကြည့်၍ အစ်ကိုဧသောသည် လူလေးရာ ပါလျက်ချီလာသည်ကိုမြင်လျှင်၊ သူတို့ရှေ့မှာ ကိုယ်တိုင်လွန်သွား၍ ခုနှစ်ကြိမ်တိုင်အောင် ဦးညွတ်ပြပ်ဝပ်လျက်၊ အစ်ကိုအနီးသို့ချဉ်းကပ်လေ၏။ ထိုအခါ ဧသောသည် ကြိုဆိုခြင်းငှါပြေးလာ၍ လည်ချင်းယှက်လျက် ပိုက်ဖက်နမ်းရှုပ်ခြင်းကိုပြု၍၊ နှစ်ယောက်စလုံးတို့သည် ငိုကြွေးကြ၏။"ယာကုပ်က ဧသောအား ငြိမ်းချမ်းရေးမင်္ဂလာလက်ဆောင်များကို လက်ခံရန်တောင်းပန်သောအခါ ဧသောကငြင်းပယ်လေရာ၊ ယာကုပ်က "ကိုယ်တော်ထံသို့ရောက်သောကျွန်တော်၏မင်္ဂလာကို ခံယူတော်မူပါ။ ဘုရားသခင်သည် ကျွန်တော်၌ များစွာသောကျေးဇူးကိုပြုတော်မူပြီ။ ကျွန်တော်၌လုံလောက်အောင်ရှိပါ၏ဟု တိုက်တွန်းသောကြောင့် ခံယူလေ၏။"

## သင်ခန်းစာတစ်ခု

ယာကုပ်နှင့်ဧသောတို့သည် လူနှစ်စားကိုပုံဆောင်ထား၏။ ယာကုပ်သည် ဖြောင့်မတ်သူ၊ ဧသောသည်ဆိုးသောသူတို့ကိုပုံဆောင်၏။ ဧသောသည် လူလေးရာနှင့်ယာကုပ်ထံချီလာသောအခါ၊ ယာကုပ်၌စိတ်ဒုက္ခရောက်ရခြင်းအမှုသည် သခင်ဘုရားကြွလာတော်မူချိန်မရောက်မီ ဖြောင့်မတ်သောသူတို့ကို သတ်ဖို့ အမိန့်ထုတ်သောအခါ၊ ဖြောင့်မတ်သောသူတို့၌ရောက်ရသော ဒုက္ခဆင်းရဲခြင်းကို ပုံဆောင်၏။ ဆိုးသောသူတို့သည် သူတို့ကိုဝိုင်းထားသောအခါ၊ သူတို့သည်ယာကုပ်ကဲ့သို့ မိမိတို့အသက်ဘေးအတွက် လွတ်မြောက်ရာလမ်းကိုမတွေ့နိုင်ကြသဖြင့် သူတို့၌ပြင်းစွာစိတ်ဒုက္ခရောက်နေရကြ၏။ ကောင်းကင်တမန်သည် ယာကုပ်၏ရှေ့၌ပေါ်လာ၍ ယာကုပ်သည်ကောင်းကင်တမန်ကို ကိုင်ဖမ်းပြီးတစ်ညလုံးထွေးလုံးနေ၏။ ထိုအတူ ဖြောင့်မတ်သောသူတို့သည်လည်း ဒုက္ခရောက်၍ ပူဆွေးနေကြစဉ်အခါ၊ ယာကုပ်သည် ကောင်းကင်တမန်နှင့်ထွေးလုံးသကဲ့သို့ ဆုတောင်းခြင်းအားဖြင့်၊ ဘုရားသခင်နှင့်ထွေးလုံးနေကြလိမ့်မည်။ ယာကုပ်သည် စိတ်ဒုက္ခရောက်ရာတွင် ဧသော၏လက်မှကယ်နှုတ်တော်မူစေခြင်းငှါ တစ်ညလုံးဆုတောင်း၏။ ဖြောင့်မတ်သောသူတို့သည်လည်း စိတ်ဒုက္ခရောက်နေကြစဉ် မိမိတို့ . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ပတ်လည်ရှိ ဆိုးသောသူတို့၏လက်မှ ကယ်နှုတ်ခြင်းခံရစေခြင်းငှါ နေ့ညမပြတ် ဘုရားသခင်ကိုကြွေးကြော်ကြလိမ့်မည်။

"ကိုယ်တော်ကျွန်ုပ်ကိုပြုတော်မူသော ဂရုဏာသစ္စာတော်အငယ်ဆုံးကိုမျှ အကျွန်ုပ်မခံထိုက်ပါ"ဟု ယာကုပ်သည် မိမိ၏မထိုက်တန်သောအဖြစ်ကိုဝန်ခံ၏။ ဖြောင့်မတ်သောသူတို့သည် စိတ်ဒုက္ခရောက်ကြရာတွင် မိမိတို့၏မထိုက်တန်သော အဖြစ်ကိုကောင်းစွာသိနားလည်လာကြပြီးလျှင် မိမိသည်လုံးလုံးမထိုက်တန် ကြောင်း မျက်ရည်ကျလျက်ဝန်ခံကြပြီးနောက် မှီခိုနေရ၍ မျှော်လင့်ရာမဲ့လျက်၊ နောင်တရသောအပြစ်သားတို့အားပေးသော ဘုရားသခင်၏ဂတိတော်များကို သခင်ခရစ်တော်အားဖြင့် ယာကုပ်ကဲ့သို့ တောင်းလျှောက်ကြလိမ့်မည်။

ယာကုပ်သည် ဒုက္ခရောက်ရာ၌ ကောင်းကင်တမန်ကို ကိုင်ဖမ်းလျက် မလွှတ်ဘဲနေ၏။ သူသည်မျက်ရည်ကျလျက် အသနားခံနေစဉ်၊ သူ့အားစုံစမ်းစစ်ဆေးရန် ကောင်းကင်တမန်က သူ၏လွန်ခဲ့သောအမှားများကို သတိပေးလျက် ယာကုပ်လက်မှလွှတ်ထွက်ရန်ကြိုးစားနေ၏။

ထိုအတူ ဖြောင့်မတ်သောသူတို့သည် ဒုက္ခဆင်းရဲရောက်သောအခါ သူတို့၏ယုံကြည်ခြင်း၊ သူတို့၏ကြိုးစားအားထုတ်မှု၊ သူတို့အား ကယ်တင်ရန် ဘုရားသခင်၏တန်ခိုးတော်၌ ယုံကြည်အားထားမှုများတို့ကို ဖော်ပြထင်ရှားစေရန်၊ စမ်းသပ်၊ စစ်ဆေး၊ စုံစမ်းခြင်းကိုခံရကြလိမ့်မည်။

ယာကုပ်သည် ငြင်းပယ်ခြင်းခံရလိမ့်မည်မဟုတ်။ ဘုရားသခင်သည် ဂရုဏာနှင့်ပြည့်စုံတော်မူသည်ကို သူသိ၍ သူသည် ဂရုဏာတော်ကိုခံစားရန် တောင်းလျှောက်၏။ သူသည်မိမိ၏အမှားများအတွက် ဝမ်းနည်းခြင်းနှင့်နောင်တ ရခြင်းရှိခဲ့ကြောင်းကို ပြန်၍ညွှန်ပြလျက် ဧသော၏လက်မှကယ်နှုတ်ရန် အပူတပြင်း တောင်းလျှောက်နေ၏။

ထိုသို့အားဖြင့်သူသည် အပူတပြင်းတောင်းပန်နေခြင်းအမှုကို တညလုံး ဆက်လက်ပြုလုပ်နေ၏။ သူ၏လွန်ခဲ့သောအမှားများကို ပြန်ကြည့်မိသောအခါ၊ သူသည် စိတ်အားလျော့လုမတတ်ဖြစ်သွား၏။ သို့ရာတွင် သူသည် ဘုရားသခင် ထံမှအကူအညီကိုရရှိသင့်သည်၊ သို့မဟုတ် ပျက်စီးဆုံးပါးသွားမည်ကို သူသိသည်။ သူသည်အောင်မြင် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

သည်တိုင်အောင် ကောင်းကင်တမန်ကို တက်ထားလျက် ဝေဒနာပြင်းပြစိတ်အား ကြီးစွာငိုကြွေးကာ မရမကတောင်းလျှောက်နေ၏။

ထိုနည်းတူ ဖြောင့်မတ်သောသူတို့၌လည်း ဖြစ်လိမ့်မည်။ သူတို့သည် မိမိတို့၏လွန်ခဲ့သောအသက်တာ၏အဖြစ်အပျက်များကို ပြန်၍ဆင်ခြင်လိုက်သော အခါ၊ သူတို့၏မျှော်လင့်ချက်များသည် ဆုံးရှုံးလုနီးပါးဖြစ်သွား၏။ သို့ရာတွင် မိမိတို့၏အခြေအနေမှာ သေရေး၊ ရှင်ရေးဖြစ်သည်ကို သိရှိရကြသဖြင့်၊ သူတို့သည် ဘုရားသခင်ထံစိတ်အားကြီးစွာကြွေးကြော်လျက် မိမိတို့၏လွန်ခဲ့သောအပြစ်များ အတွက် ဝမ်းနည်းပူဆွေးကာနှိမ့်ချခြင်းနှင့်နောင်တရခဲ့ကြပြီးဖြစ်ကြောင်းကို ဘုရား သခင်အား အသနားခံပြီးလျှင်၊ "ငါ၏အစွမ်းသတ္တိကို ကိုးစား၍၊ ငါနှင့်မိဿဟာယ ဖွဲ့ကြစေ။ ငါနှင့်မိဿဟာယဖွဲ့ကြစေသော" (ဟေရှာ ၂၇း၅)ဟု ဘုရားသခင်မိန့် တော်မူခဲ့သော ဂတိတော်ကိုညွှန်ပြကြလိမ့်မည်။

ထိုသို့အားဖြင့် သူတို့သည် စိတ်အားကြီးစွာဘုရားသခင်အား နေ့ညဉ့် တောင်းလျှောက်နေကြလိမ့်မည်။ ယာကုပ်သည် ကောင်းချီးမင်္ဂလာကို စဉ်းလဲ သောနည်းဖြင့်ခံယူရာတွင် ပြုခဲ့သောအမှာကို စောစောကပင် နောင်တမရခဲ့လျှင်၊ ဘုရားသခင်သည် သူ၏ဆုတောင်းသံကိုနားညောင်းတော်မမူ၊ ၎င်းပြင် သူ၏အ သက်ကို သနားခြင်းဂရုဏာနှင့်ကယ်ဆယ်တော်မူမည်မဟုတ်။

ဖြောင့်မတ်သောသူတို့သည် ယာကုပ်ကဲ့သို့စွဲမြဲသောယုံကြည်ခြင်းနှင့် စိတ်အားထက်သန်သောစိတ် ပြဋ္ဌာန်းခြင်းအမှုတို့ကို ထင်ရှားစေကြလိမ့်မည်။ ထိုသို့သောအမှုကို ဘုရားသခင်သည် ငြင်းပယ်တော်မူမည်မဟုတ်။ သူတို့သည် မိမိတို့၏မထိုက်တန်သောအဖြစ်ကိုသိရှိလျက် လျှို့ဝှက်ထားသောအများတစ်စုံတစ် ခုမျှဖော်ပြနေစရာမလို။

သူတို့သည် ကြောက်လန့်စိုးရိမ်လျက် ပူဆွေးခြင်းခံရ၍ မိမိတို့၏မထိုက် တန်သောအဖြစ်အားလုံးတို့ကို ထင်ရှားစွာသိမြင်လျက်နေကြစဉ်၊ ဝန်ချတောင်း ပန်ခြင်းမပြု နောင်တမရသေးသောအပြစ်များသည် သူတို့ရှေ့၌ပေါ်လာပြန်လျှင် သူတို့သည်ပျက်စီးခြင်းသို့ ရောက်လိမ့်မည်။ စိတ်အားလျော့ခြင်းအမှုသည် သူတို့၏ ထက်သန်သန်သောယုံကြည်ခြင်းကို ဖျက်ဆီးလျက်၊ သူတို့သည် ကယ်ဆယ်ခြင်းခံ ရအံ့သောငှါ ဘုရားသခင်အား ထိုသို့စိတ်အားကြီးစွာ တောင်းလျှောက်ရန် သူတို့၌ ယုံကြည်အားကိုးခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . .

စိတ်မရှိနိုင်ချေ။ ၄င်းပြင် သူတို့သည် အဘိုးထိုက်တန်သောအချိန်တွင် ဝှက်ထားသောအပြစ်များကို ဘော်ပြဝန်ချလျက် မိမိတို့၏အားကိုးရာမဲ့အခြေအနေအတွက်ငိုကြွေးမြည်တမ်းခြင်းဖြင့် အချိန်ကုန်စေရကြလိမ့်မည်။

စုံစမ်းစစ်ဆေးရာကာလသည် ဘုရားသခင်၏နေ့အတွက်ပြင်ဆင်ရန် လူအပေါင်းတို့အား ခွင့်ပြုခြားသောအချိန်ကာလဖြစ်သည်။ တစ်စုံတစ်ယောက်သည် ပြင်ဆင်ခြင်းအမှုကိုဂရုမစိုက်၊ သစ္စာနှင့်သတိပေးစကားကို သတိမပြုဘဲနေလျှင်၊ သူတို့သည်အပြစ်လွှတ်ခြင်းခံရကြမည်မဟုတ်။ ယာကုပ်သည် စိတ်အားကြီးစွာကြိုးစားအားထုတ်လျက် ကောင်းကင်တမန်နှင့် ထွေးလုံးခြင်းအမှုသည် ခရစ်ယာန်များအတွက် ပုံသက်သေတစ်ခုဖြစ်သည်။

ယာကုပ်ကဲ့သို့ ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကို အလိုရှိသောသူ ယာကုပ်ကဲ့သို့ ဂတိတော်များကို စွဲမြဲစွာထိန်းသိမ်းထားမည့်သူ၊ သူကဲ့သို့စိတ်အားထက်သန်၍ ကြိုးစားအားထုတ်သောသူအပေါင်းတို့သည် သူအောင်မြင်သည်နည်းတူ အောင်မြင်ကြလိမ့်မည်။ ခရစ်ယာန်ဟုခေါ်နေကြသောသူအများတို့သည် ဝိညာဉ်ရေးနှင့်ဆိုင်သောအရာများ၌ ဝိရိယမရှိကြသောကြောင့်၊ သူတို့သည် မှန်သောယုံကြည်ခြင်းကို မိမိတို့၏အပြုအမူတို့၌ အနည်းငယ်သာထင်ရှားစေကြလျက်၊ သမ္မာတရားကိုအနည်းငယ်သာ အရေးယူတတ်ကြသည်။ သူတို့သည် လုံ့လဝိရိယပြုရန်၊ ကိုယ်ကိုငြင်းပယ်ရန်၊ ဘုရားသခင်ရှေ့၌ လုံးပန်းရန်နှင့် ကြာရှည်၊ အားကြီးစွာကောင်းကြီးမင်္ဂလာအတွက်ဆုတောင်းရန်စိတ်မပါကြ။ ထိုကြောင့် သူတို့သည်ကောင်းကြီးမင်္ဂလာကိုမရကြ။ ဒုက္ခရောက်နေစဉ်ကာလပတ်လုံး တည်မြဲနေရမည်။ ထိုယုံကြည်ခြင်းမျိုးရရှိစေဖို့ လေ့ကျင့်ရန်ပြင်းထန်စွာ ကြိုးပမ်းမှုမရှိသောသူတို့သည် ဘေးဒုက္ခရောက်ရာကာလ၌သူတို့အား ခံရပ်နိုင်စေရန် အစွမ်းသတ္တိကိုပေးသော ထိုယုံကြည်ခြင်းမျိုးကို အသုံးပြုနိုင်ရန် လုံးလုံးပြင်ဆင်ခြင်းရှိကြလိမ့်မည်မဟုတ်။

--oo--

## အခန်း (၁၄)
## ဣသရေလအမျိုးသား

ယောသပ်သည် သူ့ဖခင်၏ဩဝါဒစကားကိုနားထောင်လျက်၊ ထာဝရဘုရားကိုကြောက်ရွံ့ရိုသေ၏။ သူသည် ဖခင်၏ဖြောင့်မတ်သောဩဝါဒစကားများကို သူ၏အစ်ကိုများထက်သာ၍ နားထောင်လိုက်နာ၏။ သူသည် ဖခင်၏သွန်သင်ချက်များကိုမှတ်သားထား၍ တည်ကြည်သောသဘောနှင့် ဘုရားသခင်၏စကားကိုလိုက်နာရန်နှစ်သက်၏။ သူ၏အစ်ကိုအချို့တို့ပြုကျင့်သောအမှားများအတွက် သူသည်ပူဆွေးလျက် သူတို့၏ဆိုးသောအပြုအမူများကိုစွန့်ပစ်၍ ဖြောင့်မှန်သောလမ်းစဉ်ကိုလိုက်လျှောက်ရန် သူတို့အား နူးညံ့သိမ်မွေ့သောသဘောနှင့် တောင်းပန်၏။

ဤအမှုကြောင့် သူတို့သည် သူ့ကိုသာ၍မုန်းလာကြ၏။ သူ၏အကိုတို့သည် ဘုရားသခင်အား ပြစ်မှားကြသည်ကို သူသည်မကြည့်မမြင်ချင်လောက်အောင်၊ သူသည် အပြစ်ကိုအလွန်ရွံရှာ၏။ ဖခင်၏ဩဇာအာဏာသည် သူတို့၏အပြုအမူ တို့ကိုပြုပြင်ပြောင်းလဲပေးလိမ့်မည်ဟုမျှော်လင့်ကာ၊သူသည် ထိုကိစ္စတို့ကို ဖခင်အား ပြောပြလေ၏။ ဤကဲ့သို့ သူတို့၏အမှားများကို ထုတ်ဖော်ပြခြင်းကြောင့် သူ၏အ ကိုများသည် သူ့ကိုအမျက်ထွက်ကြ၏။ သူတို့၏ဖခင်သည် ယောသပ်ကိုအလွန်ချစ်သည်ကို သူတို့သိမြင်ကြသဖြင့်၊ ယောသပ်ကိုမနာလိုငြူစူမုန်းတီးကြ၏။ သူတို့၏ မနာလိုသောသဘောသည် မုန်းသောစိတ်ကိုပွါးစေလျက်နောက်ဆုံး၌လူသတ်မှု ကိုကျူးလွန်စေ၏။

ဘုရားသခင်၏ကောင်းကင်တမန်သည် ယောသပ်အားအိမ်မက်တွင် သွန်သင်ဩဝါဒပေးရာ သူသည် ၎င်းအိမ်မက်ကိုသူ၏အစ်ကိုများအားပြောပြ၏။ “ကျွန်ုပ်တို့သည် လယ်၌ကောက်လှိုင်းများကို စည်းလျက်နေကြစဉ်တွင် ကျွန်ုပ်ကောက်လှိုင်းသည်ထ၍မတ်တပ်နေသဖြင့် သူတို့၏ကောက်လှိုင်းတို့သည် ဝိုင်း၍ရပ်လျက်၊ ကျွန်ုပ်ကောက်လှိုင်းကို ရှိခိုးကြသည်ဟု ပြောဆိုလေ၏။ အစ်ကိုတို့ကလည်း၊ သင်သည် ငါတို့၌မင်းပြုရမည်လော။ငါတို့ကို အစိုးရလိမ့်မည်လောဟုပြန်ဆို၍ သူ၏အိမ်မက်နှင့်သူ၏စကားအကြောင်းကြောင့် သာ၍မုန်းကြ၏။”

"တဖန် အိမ်မက်ကိုမြင်ပြန်၍အစ်ကိုတို့အား၊ အခြားသောအိမ်မက်ကို ကျွန်ုပ်မြင်ရပြီ။ နေ၊လနှင့်တကွ ကြယ်ဆယ့်တစ်လုံးတို့သည် ကျွန်ုပ်ကိုရှိခိုးကြ၏ဟု ကြားပြောလေ၏။ ထိုသို့ အဘနှင့်အစ်ကိုတို့အား ကြားပြောသောအခါ အဘက၊ သင်မြင်သောအိမ်မက်သည် အဘယ်သို့နည်း။ ငါနှင့်သင်၏အမိ၊ သင်၏အစ်ကိုတို့သည် သင့်ထံသို့စင်စစ်လာ၍ဦးညွှတ်ချရမည်လောဟူ၍ သူ့ကိုဆုံးမလေ၏။ အစ်ကိုတို့သည် သူ့ကိုငြူစူကြ၏။ အဘသည် ထိုအရာကိုမှတ်လေ၏။"

## အဲဂုတ္တုပြည်၌ယောသပ်ရောက်နေခြင်း

ယောသပ်၏အစ်ကိုတို့သည် သူ့ကိုသတ်ရန်အကြံရှိကြသော်လည်း နောက်ဆုံး၌သူတို့ထက်သာ၍ ကြီးမြတ်သောသူမဖြစ်လာစေရန် ကျွန်အဖြစ်ရောင်းလိုက်ခြင်းဖြင့်သာ တင်းတိမ်ရကြတော့၏။ သူတို့သည် သူ၏အိမ်မက်များဖြင့် စိတ်အနှောက်အယှက်မခံရသောနေရာသို့ သူ့ကိုပို့လိုက်ရကြပြီဟု သူတို့သည်ထင်မှတ်နေကြ၏။ ယောသပ်သည် သူတို့အပေါ်၌ အုပ်စိုးရမည်ဟူသော အမှုသည် ဘယ်အခါမျှမဖြစ်မြောက်စေရန် သူတို့ကစီမံထားသော်လည်း ထိုအမှုကိုဘုရားသခင်သည်ဖြစ်မြောက်စေရန် သူတို့၏လမ်းစဉ်ကိုဖျက်ပယ်တော်မူ၏။

ဘုရားသခင်သည် ယောသပ်အား အဲဂုတ္တုပြည်ထဲသို့ တစ်ယောက်တည်းသွားရန် စွန့်ပစ်ထားတော်မူသည်မဟုတ်။ သူ့အားလက်ခံထားရန် နေရာကိုကောင်းကင်တမန်များကပြင်ဆင်ထားကြသည် ။ ဖာရောဘုရင်၏အမတ်ဖြစ်သောကိုယ်ရံတော်မှူး၊ ပေါတိဖာသည် ဣရှမေလလူတို့ထံမှ ယောသပ်ကို ဝယ်ယူလိုက်၏။ ၎င်းပြင်ထာဝရဘုရားသည် ယောသပ်နှင့်အတူရှိတော်မူလျက် သူ့အားကောင်းစားစေ၍ သူ့သခင်ရှေ့မှာ မျက်နှာရစေတော်မူသဖြင့် သခင်သည် သူပိုင်ဆိုင်သမျှသောဥစ္စာတို့ကို ယောသပ်အားအုပ်ချုပ်စေခြင်းငှါအပ်ပေး၏။ "သခင်သည် မိမိ၌ရှိသမျှကို ယောသပ်လက်သို့အပ်၍ မိမိစားသောအစာမှတစ်ပါး အခြားသောဥစ္စာရှိမှန်းကိုမျှ မသိမမှတ်ဘဲနေ၏။"အဲဂုတ္တုလူအတွက် ဟေဗြဲလူက အစားအသောက်ပြင်ဆင်ပေးရခြင်းအမှုသည် စက်ဆုပ်ရွံရှာဘွယ်ဖြစ်သည်ဟု ထင်မှတ်ကြ၏။

ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူး၍ မိမိသခင်၌သစ္စာမရှိကြောင်း ပြရန် ယောသပ်သည် မှန်သောလမ်းမှလွဲသွားစေဖို့ သွေးဆောင်ခြင်းခံရသောအခါ၊ သူသည်ခိုင်ခံ့စွာခုခံလျက်၊ သူ့သခင်မအားပြန်ပြောရာတွင် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသဘော၌ မြင့်မြတ်သောတန်ခိုးရှိကြောင်း ဘော်ပြ၏။

မိမိသခင်သည် သူ့အားရှိသမျှကိုအပ်ပေးတော်မူခြင်းဖြင့် သခင်သည် သူ၌များစွာယုံကြည်အားထားကြောင်းကိုပြောပြပြီးနောက်၊ "သို့ဖြစ်လျှင် အပြစ်ကြီးသော ဤအမှုကို ကျူးလွန်တော်ပြု၍ ဘုရားသခင်ကို အဘယ်သို့ပြစ်မှားနိုင်သနည်း"ဟု သူကပြောပြလေ၏။ ဖြောင့်မတ်သောလမ်းမှလွဲသွား၍ ဘုရားသခင်၏ပညတ်တော်နင်းချေရန် သူ့အား မည်ကဲ့သို့သော ဖြားယောင်းမှု၊ ခြိမ်းခြောက်မှုအားဖြင့် သွေးဆောင်၍ ရလိမ့်မည်မဟုတ်။

သူသည် အလွန်ဆိုးယုတ်သောပြစ်မှုနှင့် မတရားစွပ်စွဲခြင်းခံရသောအခါ၊ စိတ်ပျက်အားလျော့ခြင်းမရှိ။ သူသည် မိမိအပြစ်ကင်းခြင်းနှင့် မှန်ကန်ခြင်းအဖြစ်ကိုသိရှိလျက်၊ ဘုရားသခင်ကိုအားကိုး၏။ ၎င်းပြင် ထိုအချိန်တိုင်အောင် သူ့ကိုစောင့်ရှောက်တော်မူခဲ့သောဘုရားသခင်သည် သူ့ကိုစွန့်ပစ်တော်မမူ။ သူသည် သံကြိုးနှင့်ချည်နှောင်ခြင်းခံရလျက် မှောင်သောထောင်ထဲမှာနေရလေ၏။ သို့သော် ဘုရားသခင်သည် ဤဆိုးသောကံကြမ္မာကို ကောင်းကြီးမင်္ဂလာအဖြစ်သို့ပြောင်းလဲစေတော်မူ၏။ ထောင်မှူးရှေ့၌ မျက်နှာရစေခြင်းငှါ ဘုရားသခင်သည် ယောသပ်ကိုမစတော်မူ၍ များမကြာမီ ယောသပ်သည် ထောင်ထဲ၌ချုပ်ထားသောသူအပေါင်းကိုအုပ်ချုပ်ဖို့ အခွင့်ရလေ၏။

ဤနေရာတွင် မြေကြီးပေါ်မှာနေရကြမည့်အမျိုးအစဉ်အဆက်အပေါင်းတို့အဘို့ ပုံသက်သေတစ်ခုရှိ၏။ သူတို့သည်သွေးဆောင်ခြင်းနှင့် တွေ့ဆုံရကြသော်လည်း သူတို့ကိုကာကွယ်ပေးဘို့အသင့်ရှိကြောင်းကို သူတို့သည်အမြဲသိရှိအပ်ပေသည်။

၎င်းပြင် သူတို့သည် စောင့်ထိန်းထားခြင်းမခံရကြလျှင်၊ သူတို့၏အပြစ်သာလျှင် ဖြစ်လိမ့်မည်။ ဘုရားသခင်သည် ကူညီရန်အသင့်ရှိ၍ ဘုရားသခင်၏ဝိညာဉ်တော်သည် ဒိုင်းလွှားဖြစ်တော်မူ၏။ အပြင်းထန်ဆုံးသော သွေးဆောင်ခြင်းအမှုများနှင့် ဝိုင်းရံနေရသော်လည်း သူတို့သည်အစွမ်း . . . . . . . . . . . . .

သတ္တိကို အစပြုချပေးတော်မူသော အရှင်ကိုအားကိုးလျက် ၎င်းတို့ကိုတားဆီးနိုင်သည်။

ယောသပ်၏အကျင့်စာရိတ္တကို စော်ကားသောအမှုသည် မည်မျှပြင်းထန်သလဲ၊ ၎င်းသည် ဩဇာအာဏာရှိသူတစ်ဦးထံမှဖြစ်ပေါ်လာ၍ လမ်းမှားသို့လိုက်သွားစေရန် အလွယ်ကူဆုံးဖြစ်သည်။ သို့သော် မည်မျှလျှင်မြန်၊ မြဲမြံစွာနှင့် ၎င်းကိုတားဆီးခဲ့ပြီလဲ။ သူသည် မိမိ၏ကောင်းသောအကျင့်နှင့် ကာယိန္ဒြေအတွက် ဒုက္ခရောက်ရလေ၏။ အဘယ်ကြောင့်ဆိုသော်၊ သူ့အားလမ်းမှားကိုလိုက်စေရန် သွေးဆောင်သောသခင်မသည် ဖျက်စီး၍မရနိုင်သောအကျင့်သီလအပေါ်၌ လက်စားချေလျက်၊ သူမ၏ဩဇာအာဏာဖြင့် ညစ်ညူးသောပြစ်မှုနှင့်စွပ်စွဲ၍ သူ့အားထောင်ထဲ၌ချထားစေ၏။

ဤနေရာ၌ ယောသပ်သည် မိမိ၏ကာယိန္ဒြေကိုသွေးဆောင်ရာသို့မလိုက်ပါစေခဲ့သဖြင့် ဒုက္ခခံရလေ၏။ သူသည် ဘုရားသခင်၏လက်တော်ထဲသို့ မိမိ၏ဂုဏ်အသရေနှင့်စိတ်ဝင်စားဘွယ်အမှုတို့ကို အပ်နှံထားလေပြီ။ ၎င်းပြင် အရေးကြီးသောရာထူးကိုရရှိဖို့ သူ့အားပြင်ဆင်ရန် သူသည် အချိန်အနည်းငယ်ကြာဒုက္ခခံရသော်လည်း၊ မတရားစွပ်စွဲသောသူကြောင့် ရှုပ်ချခြင်းခံရသော ထိုဂုဏ်အသရေကို ဘုရားသခင်သည် လုံခြုံစွာကာကွယ်တော်မူပြီးလျှင် နောက်များမကြာမီ ကိုယ်တော်တိုင်စီမံတော်မူသောအချိန်၌၎င်းကို ထင်ပေါ်တောက်ပသွားစေ၏။ ဘုရားသခင်သည် ထောင်ကိုပင် သူ့ကိုချီးမြှောက်စရာလမ်းခရီးဖြစ်စေတော်မူ၏။ ကောင်းမြတ်သောအကျင့်သည် အချိန်ကျသောအခါ မိမိ၏အကျိုးကို ဖြစ်ထွန်းယူဆောင်လာလိမ့်မည်။ ယောသပ်၏စိတ်နှလုံးကို ဖုံးအုပ်ကာကွယ်ထားသောဒိုင်းလွှားသည် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းဖြစ်သည်။ ၎င်းသည် သူ့အား မိမိသခင်အပေါ်၌သစ္စာရှိလျက် ဖြောင့်မတ်စေပြီး ဘုရားသခင်အပေါ်၌လည်း သစ္စာစောင့်စေ၏။

ယောသပ်သည် တိုင်းပြည်တစ်ပြည်လုံးကို အုပ်စိုးရသောမင်းအဖြစ်ချီးမြှောက်ခြင်းခံရသော်လည်း၊ သူသည် ဘုရားသခင်ကိုမမေ့ပါ။ သူသည် သူ၏ဖခင်နှင့်အစ်ကိုတို့ကို ခွဲခွာလာရခဲ့သဖြင့် မကြာခဏဝမ်းနည်းနေလျက် အခြားတိုင်းပြည်တွင် ဧည့်သည်ဖြစ်နေရသော်လည်း ဘုရားသခင်သည် မိမိအားအရေးကြီးသောရာထူးကိုပေးအပ်ရန် မိမိ၏လမ်းစဉ်ကို ဖယ်ရှားတော် . . . . . . . . . . . .

မှုပြီဟုသူယုံကြည်၏။ ၄င်းပြင် သူသည် ဘုရားသခင်ကိုအားကိုးလျက်၊ အဲဂုတ္တုပြည်တစ်ပြည်လုံးကိုအုပ်စိုးရသောမင်းအဖြစ်နှင့် မိမိ၏တာဝန်ရှိသမျှတို့ကို သစ္စာနှင့်ဆောင်ရွက်လေ၏။

ယောသပ်သည် ဘုရားသခင်နှင့်အတူသွားလာလုပ်ကိုင်၏။ သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ်ခြိမ်းခြောက်ခြင်းအမှုတစ်စုံတစ်ခုအားဖြင့် သူ့အားဖြောင့်မတ်သောလမ်းမှလွဲသွားစေပြီး ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်စေရန် တိုက်တွန်း၍ရမည်မဟုတ်။ သူ့ကိုယ်ကိုသူချုပ်တည်းနိုင်သောအမှု၊ ဒုက္ခဆင်းရဲရောက်ရာတွင် သည်းခံနိုင်မှုနှင့် သူ၏တည်ကြည်မြဲမြံသော သစ္စာရှိမှုတို့အကြောင်းကို မြေကြီးပေါ်၌နောင်ကာလတွင် အသက်ရှင်နေရကြမည့် လူအပေါင်းတို့၏အကျိုးအလို့ငှါ မှတ်တမ်းတင်ထားလျက်ရှိ၏။ ယောသပ်၏အစ်ကိုတို့သည် မိမိတို့၏အပြစ်များကို သူ့ရှေ့၌ဘော်ပြတောင်းပန်ကြသောအခါ သူသည် သူတို့၏အပြစ်များကို သူ့ရှေ့၌ဘော်ပြတောင်းပန်ကြသောအခါ သူသည် သူတို့၏အပြစ်များကို စေတနာနှင့်ဖြေလွှတ်၍ သူ့အပေါ်၌ ရက်စက်စွာပြုခဲ့သော သူတို့၏အပြုအမူများအတွက် စိတ်နာသောသဘောမရှိကြောင်း ရက်ရောစွာပြုစုခြင်းအမှု၊ မေတ္တာနှင့်ပြုစုသောအမှုများဖြင့်ပြ၏။

## စည်းစိမ်တိုးပွါးရာကာလ

ဣသရေလအမျိုးသားတို့သည် ကျွန်များမဟုတ်ကြချေ။ အများသောအဲဂုတ္တုလူမျိုးများကဲ့သို့ သူတို့သည် မိမိ၏သိုး၊ နွား၊ ဆိတ်များ၊ မိမိတို့၏လယ်ယာများနှင့် မိမိတို့ကိုယ်တိုင်ကိုဖာရောမင်းအား စားစရာရဖို့အတွက် ဘယ်အခါမျှမရောင်းခဲ့ရကြ။ ယောသပ်သည် နိုင်ငံ၏အကျိုးကိုဆောင်ရွက်ခဲ့သောကြောင့် မိမိတို့၏သိုး၊ နွား၊ ဆိတ်တို့နှင့်အတူနေထိုင်ဖို့ရန် မြေတစ်ကွက်ကိုရရှိခဲ့ကြပြီ။ နိုင်ငံနှင့်သက်ဆိုင်သောအမှုအပေါင်းတို့ကို စီမံအုပ်ချုပ်မှု၊ အထူးသဖြင့်အဲဂုတ္တုပြည်ပေါ်၌ နှစ်ပေါင်းကြာရှည်စွာသက်ရောက်ခဲ့သော အစာခေါင်းပါးခြင်းကာလအတွက် ပြင်ဆင်စီမံခြင်းကိစ္စတွင် ယောသပ်၏ဉာဏ်ပညာကို စီမံပြင်ဆင်ခြင်းကြောင့် တစ်နိုင်ငံလုံးကောင်းစားရသည်မှာ ယောသပ်၏ကျေးဇူးပင်ဖြစ်သည်ဟု ရှင်ဘုရင်ကထင်မှတ်၏။ ထို့ကြောင့် ကျေး . . . . . . . . . . . . . . . . . . . .

ဖူးတင်သောလက္ခဏာနှင့်ရှင်ဘုရင်က "အဲဂုတ္တုပြည်သည် သင့်ရှေ့မှာရှိ၏။ သင်၏ အဘနှင့်သင်၏အစ်ကိုတို့ကိုအကောင်းဆုံးသောအရပ်၊ ဂေါရှင်ပြည်တွင်နေရာချ ထားလော့။ သူတို့တွင် အစွမ်းသတ္တိရှိသောသူအချို့တို့ကိုတွေ့လျှင် ငါ၏သိုးနွားအုပ် အရာ၌ခန့်ထားလော့ဟု ယောသပ်အားမိန့်တော်မူ၏။"

"ဖာရောမင်းအမိန့်တော်ရှိသည်အတိုင်း၊ ယောသပ်သည် အဘနှင့်အစ် ကိုတို့ကိုနေရာချ၍ အဲဂုတ္တုပြည်၌အကောင်းဆုံးသောအရပ်၊ ရာမသက်မြေကိုအ ပိုင်ပေး၏။ အဘနှင့်အစ်ကိုများ၊ အဘ၏အိမ်သားရှိသမျှတို့ကို အနည်းအများအ လိုက်ကျွေးမွေး၏။"

ယောသပ်၏အဘနှင့်အစ်ကိုတို့သည် ဖာရောမင်းအားအခွန်မပေးရကြ။ ၎င်းပြင် ယောသပ်သည် သူတို့အားစားစရာများကို အလိုရှိသလောက်ရက်ရောစွာ ပေးရသောအခွင့်ကိုရရှိထား၏။ ရှင်ဘုရင်ကမှူးမတ်တို့အား ငါတို့သည် ယောသပ် ၏ဘုရားသခင်ကို၎င်း၊ ယောသပ်ကို၎င်း ဤကဲ့သို့စားစရာများကို မြောက်မြားစွာ ထောက်ပံ့ချပေးနိုင်သည်အတွက် ကျေးဇူးတင်စရာရှိသည်မဟုတ်လော။

ငါတို့သည် ထိုမျှလောက်များပြားစွာသိုလှောင်စုသိမ်းထားနိုင်သည်မှာ ယောသပ်၏ဉာဏ်ပညာအစွမ်းကြောင့်မဟုတ်လော။ အခြားတိုင်းပြည်များပျက် စီးနေစဉ်၊ ငါတို့၌လုံ လောက်စွာရှိနေပါသည်တကား။ သူစီမံဆောင်ရွက်မှုကြောင့် နိုင်ငံသည်များစွာ ကြွယ်ဝလျက်ရှိလေပြီဟု မိန့်တော်မူလေ၏။

"ယောသပ်နှင့်အစ်ကိုများမှစ၍ ထိုကာလအမျိုးသားအပေါင်းတို့သည် သေကြကုန်၏။ ဣသရေလအမျိုးသားတို့သည် သားကိုဘွား၍ အလွန်တိုးပွါးများ ပြားကြသဖြင့်၊ အလွန်အားကြီး၍တစ်ပြည်လုံး၌နှံ့ပြားကြလေ၏။ ထိုနောက် အဲဂုတ္တုပြည်၌ ယောသပ်ကိုမသိသော ရှင်ဘုရင်သစ်ပေါ်လာ၏။ ထိုရှင်ဘုရင်က လည်း၊ ဣသရေလအမျိုးသားတို့သည် ငါတို့ထက်သာ၍များကြ၏။

သာ၍အားကြီးကြ၏။ လာကြ၊ သူတို့ကိုလိမ္မာစွာပြုကြစို့။ သို့မဟုတ် သူတို့သည် များပြားကြလိမ့်မည်။ နောက်တစ်ခါစစ်မှုရောက်လျှင် ငါတို့ရန်သူ ဘက်သို့ဝင်စား၍ ငါတို့ကိုတိုက်သဖြင့် ပြည်တော်ထဲကထွက်သွားကြလိမ့်မည်ဟု မိမိလူတို့အားဆိုလေ၏။

## ညှဉ်းဆဲနှိပ်စက်ခြင်း

ဣသရေလအမျိုးသားတို့သည် နိုင်ငံတွင်များစွာအကျိုးဆောင်ကြသည်ကို ဤအဲဂုတ္တုမင်းအသစ်သည်သိရှိရလေ၏။ အများသောသူတို့သည် အလုပ်အကိုင်၌ကျွမ်းကျင်နိုင်နင်းသောသူများဖြစ်ကြ၍ ရှင်ဘုရင်သည် သူတို့အား အလုပ်အကိုင်မှထွက်မသွားစေလို။ ဤရှင်ဘုရင်အသစ်သည် ဣသရေလအမျိုးသားတို့အား၊ မိမိတို့၏သိုး၊နွား၊ လယ်ယာနှင့်မိမိတို့ကိုယ်တိုင်ကို နိုင်ငံသို့ရောင်းလိုက်သောကျွန်များနှင့်တတန်းတစ်စားတည်းထား၏။ "ထိုကြောင့် အဲဂုတ္တုမင်းတို့သည် ကြပ်တည်းစွာနှိပ်စက်ညှဉ်းဆဲစေခြင်းငှါ အအုပ်အချုပ်ခန့်ထားကြ၏။ ဣသရေလလူတို့သည် ဘဏ္ဍာတော်သိုထားဘို့ ပိသုံမြို့နှင့်ရာမသက်မြို့ကိုတည်ဆောက်ရကြ၏။"

"သို့သော်လည်း နှိပ်ခြင်းကိုခံရသည်အတိုင်း၊ တိုးပွါးများပြားလျက်ရှိကြ၏။ သူတို့ကြောင့် အဲဂုတ္တုလူတို့သည် စိတ်ညစ်၍၊ အလွန်ကြမ်းတမ်းစွာ ညှဉ်းဆဲကြ၏။ သရွတ်နှင့်အုပ်လုပ်သောအမှု၊ လယ်လုပ်သောအမှုအမျိုးမျိုး၌ခဲယဉ်းစွာစေခိုင်း၍ အလွန်ဆင်းရဲပင်ပန်းစေကြ၏။ စေခိုင်းလေရာရာ၌လည်း ခဲယဉ်းစွာစေခိုင်းကြ၏။"

သူတို့သည် သူတို့၏မိန်းမများကိုကျွန်များနည်းတူ လယ်ထဲ၌အတင်းအကြပ်အလုပ်လုပ်စေကြ၏။ သို့သော် သူတို့၏အရေအတွက်သည် ယုတ်လျော့မသွားချေ။ သူတို့သည် ဆက်လက်တိုးပွါးနေကြသည်ကို ရှင်ဘုရင်နှင့်သူ၏မှူးမတ်များတို့က သိမြင်ရသောအခါ၊ နေ့စဉ် သူတို့ရာထားသောအရေအတွက်အတိုင်းပြီးမြောက်စေရန် ကြပ်တည်းစွာစေခိုင်းဖို့ သူတို့သည် ဆွေးနွေးတိုင်ပင်ကြ၏။ သူတို့အား ပင်ပန်းစွာစေခိုင်းခြင်းဖြင့် နှိပ်ကွပ်၍ရလိမ့်မည်ဟု သူတို့ထင်ကြ၏။ ၎င်းပြင် သူတို့၏အရေအတွက်ကို ဆုတ်လျော့အောင်၊ သူတို့၏လွတ်လပ်သောစိတ်သဘော ကိုပျက်စီးစေအောင်၊ မပြုလုပ်နိုင်ကြသောကြောင့် အမျက်ထွက်ကြ၏။

သူတို့၏အကြံအစည်သည် အထမမြောက်သောကြောင့် သူတို့အားတိုး၍ညှဉ်းဆဲရန်၊ မိမိတို့၏စိတ်ကိုခိုင်မာလာစေကြသေး၏။ ရှင်ဘုရင်က သားယောက်ကျားလေးများ မွေးဘွားလာသည်နှင့် တပြိုင်နက်ချက်ခြင်း . . . . . . . . . . . . .

သတ်ပစ်ရန်အမိန့်ထုတ်လေ၏။ ဤကိစ္စများတွင် လှုံ့ဆော်သူကား စာတန်ဖြစ်၏။ ဟေဗြဲလူတို့အား၊ ညှဉ်းဆဲခြင်းထဲကကယ်နှုတ်မည့်သူသည် သူတို့အထဲမှ ပေါ်ထွန်းလာမည်ကိုသူသိ၏။ သားယောက်ကျားကလေးများကို သတ်စေဖို့ ရှင်ဘုရင်အား လှုံ့ဆော်ပေးနိုင်လျှင် ဘုရားသခင်၏အကြံတော်သည် ဆုံးရှုံးပျက်စီးသွားလိမ့်မည်ဟု သူထင်၏။ ဝမ်းဆွဲမိန်းမတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ကြ၍ အဲဂုတ္တုရှင်ဘုရင်၏အမိန့်အတိုင်းမပြုဘဲ၊ သားယောက်ကျားကလေးများကို အသက်ချမ်းသာစေကြ၏။

ဝမ်းဆွဲမိန်းမတို့သည် ဟေဗြဲလူတို့၏သားငယ်များကိုမသတ်ကြ၊ ၎င်းပြင် ရှင်ဘုရင်၏အမိန့်ကိုမလိုက်နာကြသောကြောင့်၊ ထာဝရဘုရားသည် သူတို့ကို ကောင်းစားစေတော်မ၏။ သူ၏အမိန့်ကိုမလိုက်နာကြောင်း အဲဂုတ္တုရှင်ဘုရင်သည်ကြားသိသောအခါ၊ ပြင်းစွာအမျက်ထွက်၏။ ထိုအခါ သူ၏အမိန့်ကို သာ၍လျှင်မြန်မြင်းထန်ကျယ်ပြန့်သွားစေ၏။ သူက မိမိလူအပေါင်းတို့အား ကြပ်တည်းစွာစောင့်ကြည့်နေစေဖို့ အမိန့်ပေးလျက် “ဣသရေလအမျိုးသားတို့တွင် ဘွားမြင်သောသူငယ်ယောက်ကျားအပေါင်းတို့ကို မြစ်ထဲသို့ချပစ်စေ။ မိန်းမကိုမူကား အသက်ရှင်စေ”ဟုမှာထားလေ၏။

## မောရှေ

ဤရက်စက်သော အမိန့်တော်ကို ပြည့်စုံစွာလိုက်နာနေရစဉ်အခါ၊ မောရှေကိုမွေးဘွားလေ၏။ သူ၏မိခင်သည် သူ့အားတတ်နိုင်သမျှ လုံခြုံအောင်ဝှက်ထား၏။ ထိုနောက်တဖန် ကျူပင်ဖြင့်ပုခက်ငယ်တစ်ခုကိုပြုလုပ်၍ ရေမဝင်စေခြင်းငှါ သစ်စေးဖြင့်လူးပြီးလျှင်၊ မြစ်ကမ်းစပ်တွင်ထားလေ၏။ သူငယ်၏အစ်မသည် ဂရုမစိုက်ဟန်ဆောင်လျက် ရေစပ်နားတွင်မယောင်မလည်ရပ်နေ၏။ သူမ၏မောင်ကလေး၌ဘယ်ကဲ့သို့ဖြစ်မည်ကိုသိရှိရန် သူမသည် စိတ်အားထက်သန်စွာစောင့်ကြည့်နေ၏။ ချစ်ခင်သောမိခင်သည် ပုခက်ထဲ၌ထည့်ပြီး မျက်ရည်ကျလျက် စိတ်ပါစွာဆုတောင်းခြင်းဖြင့် ဘုရားသခင်၏စောင့်ရှောက်တော်မူခြင်းရရှိစေရန် လက်တော်ထဲသို့အပ်နှံထားခဲ့သောအားကိုးရာမဲ့သူငယ်ကို ကောင်းကင်တမန်တို့သည် ဘေးကင်းစေရန်စောင့်ကြည့်နေကြ၏။

ဖာရောဘုရင်၏သမီးသည်ရေစပ်၌လှပသောမောရှေကလေးကိုတွေ့၍
မွေးစားရန်ကြံစည်ဆုံးဖြတ်၏

ၰင်းပြင် ဤကောင်းကင်တမန်များတို့က ဖာရောဘုရင်၏သမီးအားအပြစ်ကင်းသောသူစိမ်းသူငယ်ကလေးရှိရာနေရာ၊ မြစ်ကမ်းစပ်သို့လမ်းညွှန်ဆောင်ကြည်းလာကြလေ၏။ သူမသည် ပုခက်ငယ်ကလေးကိုမြင်ရသောအခါ ၎င်းကိုယူဆောင်လာရန် အပျိုတော်တစ်ယောက်ကိုစေလွှတ်၏။ ထူးခြားစွာပြုလုပ်ထားသောပုခက်ကလေး၏အဖုံးကိုဖွင့်လိုက်သောအခါ၊ ချစ်စရာကောင်းသော "သူငယ်ကလေးသည် ငိုလျက်နေသည်ကိုမြင်၍ သနားသောစိတ်ရှိလာ၏။"

ဟေဗြဲမိခင် တစ်ယောက်သည် မိမိအလွန်တရာပင်ချစ်ခင်သောသားငယ်၏အသက်ကိုကယ်ဆယ်ရန် ဤထူးခြားသောနည်းလမ်းကိုရှာကြံပြုလုပ်ပြီဖြစ်ကြောင်းကိုသူမသိရှိသဖြင့် ချက်ခြင်းမိမိသားအဖြစ်မွေးစားရန်ဆုံးဖြတ်လေ၏။ မောရှေ၏အစ်မသည် ရုတ်တရက်ရှေ့သို့ရောက်လာပြီးလျှင် "ကိုယ်တော်အတွက်သူငယ်ကိုထိန်းရသော ဟေဗြဲအထိန်းကို ကျွန်မသွား၍ခေါ်ရပါမည်လောဟု ဖာရောဘုရင်၏သမီးအားမေးလျှောက်၍၊ မင်းသမီးကသွားလော့ဟု အမိန့်ပေးလေ၏။

အစ်မသည် ဝမ်းမြောက်စွာသူမ၏မိခင်ထံသို့ပြေးသွား၍ မိခင်အားဝမ်းမြောက်ဖွယ်သတင်းကိုကြားပြောပြီးလျှင် ဖာရောဘုရင်၏သမီးတော်ထံသို့အလျှင်အမြန်ခေါ်ဆောင်သွားရာ၊ မင်းသမီးကသူငယ်အား မိခင်လက်သို့အပ်ပေးပြီးမှသူမအားမိမိ၏သားအရင်းကို ထိန်းသိမ်းပြုစုရန် ရက်ရောစွာအခပေးလိုက်သေး၏။ ယခုဘေးကင်းလုံခြုံ၍ဝမ်းမြောက်ဘွယ်အလုပ်ကို ဤမိခင်သည် ကျေးဇူးတင်စွာနှင့်လက်ခံပြုစုလေ၏။

ဘုရားသခင်သည် သူငယ်၏အသက်ကိုစောင့်ထိန်းတော်မူပြီဟု သူမယုံကြည်၏။ သူမသည် မိမိ၏သားကိုအသုံးဝင်သောအသက်တာနှင့် သက်ဆိုင်သောပညာကို သွန်သင်ပေးဖို့ရရှိသောအဖိုးတန်အခွင့်အရေးကို သစ္စာနှင့်အသုံးပြုလေ၏။ သူငယ်သည် ကြီးကျယ်သောအမှုတစ်စုံတစ်ခုအတွက် အသက်ချမ်းသာခွင့်ရရှိသည်ဟု သိရှိသောကြောင့် အခြားကလေးများထက် သူ့ကိုသွန်သင်လမ်းပြသပေးခြင်းဖြင့် သူ၏နုနယ်သောစိတ်ထဲ၌ ဘုရားသခင်ကို ကြောက်ရွံ့ချစ်ခင်သောသဘော၊ မှန်ကန်ဖြောင့်မတ်ခြင်းအမှုကိုနှစ်သက်သောသဘောတို့ကို တဖြည်းဖြည်းသက်ရောက်လေ၏။

ဤသို့ ကြိုးပမ်းမှုတွင် သူမသည် ဤမျှလောက်နှင့်သာမနေသေးဘဲ၊ သူမ၏သားသည် ပျက်စီးစေတတ်သောအကြောင်းရင်းရှိသမျှတို့မှ လွတ်ကင်းပါမည့်အကြောင်း ဘုရားသခင်ကိုစိတ်အားကြီးစွာဆုတောင်းလေ၏။ ဘုရားသခင်တစ်ပါးတည်းသာလျှင် အရေးအကြောင်းရှိသောအခါ သူ၏တောင်းလျှောက်သံကို နားညောင်း၍ သူ့အားကူညီနိုင်တော်မူသောကြောင့် အသက်ရှင်တော်မူသောဘုရားသခင်အား ဦးညွှတ်ချ၍ဆုတောင်းစေရန် သူမသည် သူ့အားသွန်သင်ပေး၏။ ရုပ်ဆင်းတုကိုးကွယ်မှုသည် အပြစ်ဖြစ်ကြောင်းသူ၏စိတ်ထဲ၌စွဲမှတ်သိနားလည်အောင် ကြိုးစား၍ညွှန်ပြပေး၏။ သူသည် မကြာမီ သူမ၏အုပ်ထိန်းခြင်းမှလွတ်၍ မင်းသမီး၏မွေးစားခြင်းခံနေရစဉ်အခါ ကောင်းကင်၊ မြေကြီးကိုဖန်ဆင်းစီရင်ပိုင်တော်မူသောအရှင် တည်ရှိတော်မူခြင်းအကြောင်းကိုယုံမှားစေရန် သူ့အားပြုပြင်ပေးမည့်အကြောင်း အရာများနှင့် ဝိုင်းရံလျက်ရှိနေလိမ့်မည်။

မိဘများထံမှ သူရရှိသောဩဝါဒများမှာ စိတ်နေမြင့်ခြင်းနှင့်အပြစ်ကြောင့်ပျက်စီးခြင်းတို့မှ၄င်း၊ နန်းတွင်းအနေအထိုင်၏ခမ်းနားမှု၊ သုံးဖြုန်းမှုတို့ကြားတွင် မာနကြီးလာခြင်းမှ ၄င်းသူ၏စိတ်နှလုံးကိုကာကွယ်ပေးစေဖို့ ပြုပြင်ပေးသောနည်းများဖြစ်ကြသည်။

သူ၌ကြည်လင်သောစိတ်၊ ပိုင်းခြားသိနားလည်နိုင်သောသဘောရှိ၍ သူငယ်ရွယ်စဉ်အခါ သင်ကြားရရှိခဲ့သည့် ဘုရားတရားကြည်ညို သောစိတ်ဓာတ်သည် သူ၏စိတ်ထဲမှဘယ်အခါမျှပျောက်ကွယ်မသွားချေ။ သူ၏မိခင်သည် သူ့အားတတ်နိုင်သမျှ သူမနှင့်အတူကြာရှည်စွာထား၏။ သို့သော် သူသည်ဆယ့်နှစ်နှစ်အရွယ်ရောက်လာသောအခါ သူမသည်မလွှဲသာသဖြင့် သူနှင့်ခွဲခွာရလေ၏။ ထိုအခါ သူသည် ဖာရောဘုရင်သမီး၏သားတော်ဖြစ်လာ လေ၏။

ဤနေရာ၌စာတန်သည်ဆုံးရှုံးလေပြီ။ သားယောက်ကျားကလေးများကိုသတ်စေရန် ဖာရောဘုရင်၏စိတ်ကို လှုံ့ဆော်ပေးခြင်းဖြင့်၊ ဘုရားသခင်၏ အကြံအစွယ်များကိုလွှဲသွားစေလျက်၊ ဘုရားသခင်၏လူများကို ကယ်နှုတ်စေရန် ဘုရားသခင်ရွေးကောက်တော်မူမည့် လူတစ်ယောက်ကို ဖျက်ဆီးရန်သူသည်ကြံစည်ခဲ့၏။ သို့ရာတွင် ဟေဗြဲလူတို့၏သားငယ်များကိုသတ်စေဖို့အမိန့်ပင်လျှင်၊ မောရှေအားနန်းတော်သားများနှင့်အတူ နေရာရရှိဖို့ . . . . . . . . . . . . . . . . . . . . . .

ဘုရားသခင်ပြုပြင်တော်မူခဲ့သော နည်းလမ်းဖြစ်ပေသည်။ ထိုနေရာ၌ မောရှေသည် ကျွမ်းကျင်သောသူဖြစ်လာလျက် မိမိ၏လူများကို အဲဂုတ္တုပြည်မှကယ်နှုတ်ဆောင် သွားနိုင်ရန် ထူးကဲသောအရည်အချင်းများနှင့်ပြည့်စုံခွင့်ရရှိလိမ့်မည်။

ဖာရောဘုရင်သည် မွေးစားသောမြေးကို ရှင်ဘုရင်ဖြစ်လာသည်တိုင် အောင် ချီးမြှင့်ဖို့မျှော်လင့်၏။ အဲဂုတ္တုပြည်၏တပ်မတော်များရှေ့တွင် ဗိုလ်ချုပ် အဖြစ်နေလျက် စစ်ပွဲတွင် ရှေ့ဆောင်ထွက်သွားစေနိုင်ရန် သူ့အားပညာသင်ပေး ၏။ မောရှေသည် ဖာရောဘုရင်၏ဗိုလ်ခြေတို့ရှေ့တွင် များစွာမျက်နှာရသောသူ ဖြစ်၍သူသည် စစ်မှုကိုသာလွန်ထူးကဲသောကျွမ်းကျင်မှု၊ ဉာဏ်ပညာဖြင့်ကွပ်ကဲ အုပ်ချုပ်သောကြောင့် ချီးမြောက်ခြင်းကိုခံရ၏။ "မောရှေသည်လည်း အဲဂုတ္တု အတတ်ပညာအလုံးစုံတို့ကိုသင်၍၊ နှုတ်သတ္တိ၊ လက်သတ္တိရှိ၏။" အဲဂုတ္တုလူ တို့သည် မောရှေကိုအလွန်ထူးခြားသောသူတစ်ယောက်ကဲ့သို့ ထင်မှတ်ကြ၏။

## ခေါင်းဆောင်အဖြစ်ထူးခြားစွာပြင်ဆင်ခြင်း

ဘုရားသခင်သည် မောရှေအား ဣသရေလလူတို့ကိုကယ်နှုတ်ရန် ရွေးကောက်တော်မူခဲ့ကြောင်းကို ကောင်းကင်တမန်များက သူ့အားညွှန်ပြကြ၏။ ဣသရေလအမျိုးသားတို့သည် ကယ်နှုတ်ဆောင်ခြင်းခံရဖို့အချိန်သည် နီးကပ်လာ ၍ ဤလုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက်ဖို့ရန် ဘုရားသခင်အသုံးပြုတော်မူ မည့်လူသည် မောရှေဖြစ်ကြောင်းကောင်းကင်တမန်များက ဣသရေလအမျိုးသား တို့တွင် အုပ်ချုပ်သောအကြီးအကဲတို့အား မှာထားကြသေး၏။ ဣသရေလအမျိုး သားတို့သည် စစ်ပွဲအားဖြင့် ကယ်နှုတ်ခြင်းခံရလိမ့်မည်ဖြစ်၍ အဲဂုတ္တုပြည်၏စစ် တပ်များကိုတိုက်ခိုက်ရန် သူသည်ဟေဗြဲလူမျိုးဗိုလ်ခြေတို့ရှေ့မှာ ခေါင်းဆောင်လျက် သူ၏ဆွေမျိုးသားချင်းတို့ကို ညှဉ်းဆဲခြင်းထဲမှ ကယ်နှုတ်ဆောင်ရလိမ့်မည်ဟု ထင်မှတ်၏။ ဤကဲ့သို့ထင်မြင်လျက် သူ့ကိုမွေးစားသောမိခင်သို့မဟုတ် ဖာရော ဘုရင်၏အပေါ်၌ သူ၏မေတ္တာကို မစွဲမြဲစေရန် သူသည်အထူးသတိပြု၏။ သို့မ ဟုတ်လျှင် သူသည် ဘုရားသခင်၏အလိုတော်ကိုလွတ်လပ်စွာလိုက်နာဖို့ရန် သူ့အတွက် သာ၍ခဲယဉ်းနေလိမ့်မည်ဟု စိုးရိမ်စရာရှိပေသည်။

မောရှေအား သူ၏ပတ်လည်ရှိပျက်စီးစေရာသော အကြောင်းအရာများအားဖြင့် မပျက်စီးစေရန် ဘုရားသခင်သည် သူ့ကိုစောင့်ထိန်းကာကွယ်တော်မူ၏။ ဘုရားသခင်ကိုကြောက်ရွံ့သောမိဘများထံမှ ငယ်ရွယ်စဉ်အခါသင်ကြားခံယူခဲ့သော သမ္မာတရား၏အခြေခံပညတ်များကို သူသည်ဘယ်သောအခါမျှမမေ့ချေ။ နန်းတွင်း၌ပျက်စီးရာသို့ သွေးဆောင်သောအရာများမှ ကာကွယ်ပေးရန်အလိုဆုံးသောအခါတွင်၊ သူငယ်စဉ်ကခံယူခဲ့သော သင်ခန်းစာများသည် သူ့အားအကျိုးပေးလေပြီ။ ဘုရားသခင်ကိုကြောက်ရွံ့သောသဘောသည် သူ၌အစဉ်ရှိ၏။

၄င်းပြင် သူ၏ဆွေမျိုးသားချင်းတို့အပေါ်၌ထားသောမေတ္တာသည် အလွန်ခိုင်မြဲ၍ ဟေဗြဲလူတို့၏ယုံကြည်ခြင်းတရား၌ ရိုသေလေးစားသောသဘောသည် အလွန်ပြင်းထန်သဖြင့်၊ အိမ်ရှေ့မင်းသားဟူသော ဂုဏ်ကိုမထောက်ဘဲ၊ မိမိ၏မျိုးရိုးအမှန် ကိုပင်ဝှက်မထားချေ။

မောရှေသည် အသက်လေးဆယ်အရွယ်သို့ရောက်လာသောအခါ၊ မိမိအမျိုးသားချင်းတို့ရှိရာသို့သွား၍သူတို့အမှုထမ်းရသော အချင်းအရာတို့ကိုကြည့်ရှုလေ၏။ မိမိအမျိုးသားဟေဗြဲလူတစ်ယောက်ကို အဲဂုတ္တုလူရိုက်သည်ကိုမြင်လျှင်၊ ပတ်လည်ကြည့်ရှု၍ အဘယ်သူမျှမရှိသည်ကို သိသောအခါ အဲဂုတ္တုလူကိုသတ်၍ သဲထဲ၌မြှုပ်ထားလေ၏။

နက်ဖြန်နေ့၌ထွက်ပြန်သော်၊ ဟေဗြဲလူနှစ်ယောက်တို့သည် အချင်းချင်းသတ်ကြသည်ကိုမြင်လျှင် သင်သည် သင်၏အပေါင်းအဘော်ကိုအဘယ်ကြောင့်ရိုက် သနည်းဟု ညှဉ်းဆဲသောသူအားမေးသည်ရှိသော် ထိုသူက၊ အဘယ်သူသည် သင့်ကိုငါတို့အပေါ်မှာအကဲအမှူးတရားသူကြီးအရာ၌ ခန့်ထားသနည်း။ အဲဂုတ္တုလူကိုသတ်သကဲ့သို့ ငါ့ကိုသတ်လိုသလောဟုဆို၏။ ထိုအခါ မောရှေသည် မိမိပြုသောအမှုထင်ရှားပြီဟုသိရှိ၍ကြောက်လေ၏။ ထိုသတင်း ကိုဖာရောဘုရင်ကြားသောအခါ မောရှေကိုသတ်ခြင်းငှါ ရှာကြံလေ၏။ မောရှေ သည် ဖာရောဘုရင်ထံမှ ထွက်ပြေး၍ မိဒျန်ပြည်သို့ရောက်လေ၏။”

ဘုရားသခင်သည် သူ့ကိုလမ်းပြသဖြင့် ၊ ဘုရားသခင်ကိုကိုးကွယ်သော ယေသရောအိမ်တွင်နေရလေ၏။ ယေသရောသည်သိုးထိန်းသမားဖြစ်၏။ မိဒျန်ပြည်၏ယဇ်ပုရော. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ဟိတ်လည်းဖြစ်၏။ သူ၏သမီးများက သိုးစုများကို ထိန်းကျောင်းကြ၏။ များမကြာမှီ မောရှေသည် ယေသရော၏သိုးစုများကို ထိန်းကျောင်းရပြီး ယေသရော၏သမီးနှင့်အိမ်ထောင်ကျလျက် မိဒျန်ပြည်တွင် အနှစ်လေးဆယ်ကြာနေထိုင်၏။

မောရှေသည် အဲဂုတ္တုလူကို သတ်လိုက်သောအမှုတွင် စောလွန်းသည်။ ဣသရေလလူတို့အားကယ်နှုတ်ရန် ဘုရားသခင်သည် သူ့အားရွေးကောက်ရန် ထူးခြားစွာစီမံထားတော်မူသည်ကို ဣသရေလအမျိုးသားတို့သိနားလည်ကြသည်ဟု ထင်မှတ်နေ၏။

သို့သော် မောရှေထင်သည်အတိုင်း စစ်ပွဲအားဖြင့်မဟုတ်ဘဲ၊ ဘုရားသခင်၏ဘုန်းတော်ကြောင့်သာ ဖြစ်သည်ဟုထင်မှတ်ကြမည်အကြောင်း မိမိ၏အနန္တတန်ခိုးတော်အားဖြင့် ဣသရေလအမျိုးသားတို့ကို ကယ်နှုတ်ဆောင်ရန် ဘုရားသခင်စီမံထားတော်မူ၏။ မိမိ၏အကြံအစည်ဖြစ်မြောက်စေရန် ဘုရားသခင်သည် အဲဂုတ္တုလူကို မောရှေသတ်သည့်အမှုကို စီမံတော်မူ၏။

ဘုရားသခင်သည် မောရှေအား အဲဂုတ္တုပြည်၏မင်းမျိုးမင်းနွယ်ထဲသို့ ရောက်ရှိသွားစေရန် စီမံပေး တော်မူ၍သူသည် ထိုနေရာ၌ အတတ်ပညာများကို အကုန်အစင်သင်ကြားခဲ့ရ၏။ သို့သော် သူ့အားလုပ်ဆောင်ဖို့ရန် ဘုရားသခင်ပေးအပ်တော်မူမည့် လုပ်ငန်းကြီးအတွက် သူသည်ပြင်ဆင်ခြင်းမရှိသေး။ မောရှေသည် ရှင်ဘုရင်၏နန်းတော်ကိုငှင်း၊ ဘုရားသခင်၏ထူးခြားသောအမှုကိုဆောင်ရွက်ရန် ရှင်ဘုရင်၏မြေးအဖြစ်နှင့် ခန့်အပ်ထားသောအခွင့်အရေးတို့ကိုငှင်း၊ ချက်ခြင်းမစွန့်ပစ်နိုင်သေး။

သူသည် အတိဒုက္ခရောက်ခြင်း၊ ဆင်းရဲခြင်းအမှုတို့တွင် ကိုယ်တွေ့ဗဟုသုတများရရှိရန် လေ့လာဖို့လိုသေး၏။ သူသည် ဆိတ်ကွယ်ရာအရပ်၌ ရှိနေစဉ်အထူးသဖြင့် နောင်ကာလအဖြစ်အပျက်များအကြောင်းကို သူ့အားသွန်သင်လမ်းပြရန် ထာဝရဘုရားသခင်သည် ကောင်းကင်တမန်များကို သူ့ထံသို့စေလွှတ်တော်မူ၏။ ဤနေရာ၌ သူသည်ကိုယ်ကိုချုပ်တည်းခြင်း၊ နှိမ့်ချခြင်းနှင့်ဆိုင်ရာ သင်ခန်းစာကြီး များကိုသာ၍ ပြည့်စုံစွာသင်ကြားရလေ၏။ သူသည်ယေသရော၏သိုးစုများကို ထိန်းသိမ်းထားရ၍၊ သိုးထိန်းအဖြစ်နှင့် မိမိ . . . . . . . . . . . . . .

၏အောက်ကျသောတာဝန်လုပ်ငန်းကိုဆောင်ရွက်နေစဉ်၊ ဘုရားသခင်သည် သူ့အား မိမိ၏သိုးများတည်းဟူသော မိမိလူဣသရေလအမျိုးသားတို့၏ဝိညာဉ်ရေးဆိုင်ရာသိုးထိန်းတစ်ပါးဖြစ်လာစေရန် ပြင်ဆင်လျက်နေတော်မူ၏။

မောရှေသည် သိုးတို့ကို တောသို့ဆောင်သွားရာ၊ ဟောရပ်အမည်ရှိသောဘုရားသခင်၏တောင်သို့ရောက်လာသောအခါ၊ "ဘုရားသခင်၏ကောင်းကင်တမန်သည် ချုံထဲကထွက်သောမီးလျှံ၌ထင်ရှား၏။"

ထာဝရဘုရားကလည်း၊ အဲဂုတ္တုပြည်၌ရှိသောငါ၏လူတို့ခံရသော ညှဉ်းဆဲခြင်းကိုငါစေ့စေ့မြင်ခဲ့ပြီ။ သူတို့ကို စေခိုင်းသောသခင်တို့ကြောင့် သူတို့မြည်တမ်းသောအသံကိုလည်းငါကြားခဲ့ပြီ။ သူတို့နာကြည်းခြင်းဝေဒနာကိုငါသိ၏။ သူတို့ကို အဲဂုတ္တုပြည်၊ အဲဂုတ္တုလူတို့ လက်မှကယ်နှုတ်၍ နို့နှင့်ပျားရည်စီးသောပြည်သို့ပို့ဆောင်ခြင်းငှါ ငါဆင်းလာပြီ။

ယခုတွင်လည်း ဣသရေလအမျိုးသားတို့ငိုကြွေး သောအသံသည် ငါ့ထံသို့တက် ရောက်၍ သူတို့ကိုအဲဂုတ္တုလူတို့သည် ညှဉ်းဆဲခြင်းအမှုကိုလည်းငါမြင်ရပြီ။ ထို့ကြောင့် ယခုသွားလော့။ သင်သည် ငါ၏လူဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်မှနှုတ်ဆောင်မည်အကြောင်း၊ သင့်ကိုဖာရောဘုရင်ထံသို့ ငါစေလွှတ်မည်ဟု မိန့်တော်မူ၏။

ဘုရားသခင်က မောရှေအားသိုးထိန်း၏လှံတံကို ဘုရားသခင်၏လှံတံနှင့်လဲစေရန် အလိုရှိသောအချိန်အခါသို့ လုံးလုံးရောက်လာလေပြီ။ နိမိတ်လက္ခဏာ၊ အံ့သြဘွယ်အမှုများပြုရာ၌၄င်း၊ ညှဉ်းဆဲခြင်းထဲမှ မိမိ၏လူများကိုကယ်နှုတ်ရာ၌၄င်း၊ သူတို့၏ရန်သူများလိုက်လာသောအခါ သူတို့ကိုစောင့်ထိန်းချမ်းသာပေးရာ၌၄င်း၊ ဘုရားသခင်သည် ထိုလှံတံကိုတန်ခိုးနှင့်ပြည့်စုံစေတော်မူ၏။

မောရှေသည် ဘုရားသခင်ခန့်ထားတော်မူသော လုပ်ငန်းကိုဆောင်ရွက်ရန် သဘောတူ၏။ ပဌမဦးစွာ သူသည် မိမိ၏ယောက်ခမထံသို့ပြန်သွား၍ မိမိနှင့်အတူ သူ၏အိမ်သားများပါ အဲဂုတ္တုပြည်သို့ပြန်သွားရန် ခွင့်တောင်း၏။ ယေသရောသည် ထိုမျှဘေးမကင်းသောလုပ်ငန်းကိုဆောင်ရွက်ရာ၌ သူ၏မယားနှင့်သားသမီးများအား သူနှင့်အတူခေါ်သွားစေဖို့ အလိုမရှိဘဲနေ. . . . . . . . . .

မည်ကို စိုးရိမ်သဖြင့်၊ မောရှေသည် ဖာရောမင်းအားကြားပြောရမည့်သတင်းစကားများအကြောင်း ပြောမပြဘဲနေ၏။ ထာဝရဘုရားကလည်း “အဲဂုတ္တုပြည်သို့ပြန်သွားလော့။ သင်၏အသက်ကိုရှာသောသူအပေါင်းတို့သည် သေကြပြီ”ဟု မိန့်တော်မူလျက် မောရှေကိုအားပေး၍ သူ၏ကြောက်ရွံ့ခြင်းစိတ်ကို ပယ်ရှားတော်မူ၏။

--၀၀--

## အခန်း (၁၅)
## ဘုရားသခင်၏တန်ခိုးတော်ထင်ရှားခြင်း

နှစ်ပေါင်းများစွာ ဣသရေလအမျိုးသားတို့သည် အဲဂုတ္တုလူမျိုးတို့တွင် ကျွန်ခံနေရကြ၏။ အဲဂုတ္တုပြည်သို့အိမ်ထောင်အနည်းငယ်သာ သွားရောက်နေထိုင်သော်လည်း သူတို့သည် အလွန်များသော လူထုကြီးဖြစ်လာကြလေပြီ။ ၎င်းပြင် ရုပ်တုဆင်းတုကိုးကွယ်ခြင်းအမှုများ ဝိုင်းရံလျက်ရှိ၍ အများသောသူတို့သည် မှန်သောဘုရားသခင်ကိုမသိကြ။ ၎င်းပြင် ဘုရားသခင်၏ပညတ်တရားတော်ကိုလည်း မေ့လျော့နေကြသည်။ ထိုမှတပါးသူတို့သည် အဲဂုတ္တုလူတို့နှင့်အတူ နေ၊လ၊ ကြယ်နက္ခတ်၊ တိရစ္ဆာန်နှင့်ရုပ်တုဆင်းတုများ၊ လူလက်ဖြင့်ပြုလုပ်သောအရာများ တို့ကို ဝတ်ပြုကိုးကွယ်ကြ၏။

ဣသရေလလူတို့၏ပတ်လည်တွင် ရှိသမျှသောအရာခပ်သိမ်းတို့သည် သူတို့အားအသက်ရှင်သောဘုရားသခင်ကို မေ့လျော့စေရန် စီမံထားသောအရာများဖြစ်ကြသည်။ သို့သော် ကောင်းကင်၊ မြေကြီးကိုဖန်ဆင်းတော်မူသောအရှင်၊ မှန်သောဘုရားသခင်ကို သိကျွမ်းကိုးကွယ်သောသူများသည် ထိုဟေဗြဲလူတို့တွင် ရှိသေး၏။ ရုပ်ဆင်းတုကိုးကွယ်နေသော သူတို့၏စက်ဆုပ်ရွံရှာဘွယ်အမှုများကို သူတို့၏သားသမီးများသည် ကြည့်မြင်နေကြရသည်သာမက ပါဝင်ပြုလုပ်ကြလျက် အဲဂုတ္တုဘုရားများကို ဝတ်ပြုကိုးကွယ်နေကြပြီးလျှင်၊ အာရုံငါးပါးကင်းမဲ့သောအရာဝတ္ထုတို့ရှေ့၌ ယဇ်ပူဇော်နေကြသည်ကို မြင်ရကြ၍ သူတို့သည် ပူဆွေးလျက်ရှိကြသည်။

သစ္စာရှိသောသူတို့သည် ပူဆွေးကြပြီးလျှင်၊ ဒုက္ခဆင်းရဲခံရစဉ်၊ မိမိတို့အား ဝိုင်းရံလျက်ရှိသောရုပ်တုဆင်းတု ကိုးကွယ်မှုနှင့် ပျက်စီးစေရာသော အကြောင်းအရင်းများမှာ သူတို့သည်ကင်းလွတ်စေခြင်းငှါ အဲဂုတ္တုပြည်မှထုတ်ဆောင်တော်မူပါမည့်အကြောင်း၊ သူတို့သည် အဲဂုတ္တုလူတို့၏အနှောင့်အဖွဲ့မှ ကယ်နှုတ်ရန် ထာဝရ ဘုရားကိုကြွေးကြော်ကြလေ၏။

သို့ရာတွင် အများသောဟေဗြဲလူတို့သည် နိုင်ငံအသစ်တစ်ခုသို့သွား၍ လမ်းခရီး၌ အခက်အခဲများနှင့် တွေ့ကြုံရကြမည်ထက် အဲဂုတ္တုပြည်၌ပင် ကျွန်ခံနေရသည်ကို ရောင့်ရဲလျက်ရှိကြ၏။ ထိုကြောင့် ထာဝရဘုရားသည် ဖာရော . . . . .

ဘုရင်ရှေ့၌ ပဌမနိမိတ်လက္ခဏာနှင့် အံ့ဩဘွယ်အမှုများကိုပြခြင်းဖြင့် သူတို့ကို ကယ်နှုတ်တော်မမူသေး။

ဖာရောမင်း၏ရက်စက်သောစိတ်ကို သာ၍ပြင်းထန်လာစေရန်သော်လည်းကောင်း၊ အဲဂုတ္တုလူတို့ရှေ့၌ မိမိ၏ကြီးကျယ်သောတန်ခိုးတော်ကို ထင်ရှားစေရန်သော်လည်းကောင်း၊ ဘုရားသခင်သည် အဖြစ်အပျက်အခြေအနေတို့ကို တစ်မျိုးတစ်ဖုံစီမံတော်မူ၏။ ၎င်းပြင် မိမိ၏လူများတို့သည် ထိုတန်ခိုးတော်ကိုမြင်ရသဖြင့် အဲဂုတ္တုပြည်မှထွက်၍ ဘုရားသခင်ကို ကိုးကွယ်ခြင်းအမှုကို ရွေးချယ်ရန် စိတ်အားကြီးလာကြလိမ့်မည်။

အများသော ဣသရေလလူအများတို့သည် ရုပ်ဆင်းတုကိုးကွယ်မှုဖြင့် ပျက်စီးလာကြသော်လည်း သစ္စာရှိသောလူတို့ကား တည်ကြည်မြဲမြံလျက်ရှိကြ၏။ သူတို့သည် မိမိတို့ယုံကြည်ခြင်းတရားကို ဖုံးကွယ်မထားကြဘဲ သူတို့သည် မှန်ကန်၊ အသက်ရှင်နေလျက်၊ တစ်ပါးတည်းသောဘုရားကို ကိုးကွယ်ကြကြောင်း၊ အဲဂုတ္တုလူတို့ရှေ့တွင် ထင်ရှားစွာဝန်ခံကြ၏။ ဘုရားသခင်တည်ရှိတော်မူကြောင်းနှင့် ဘုရားသခင်၏တန်ခိုးတော်အကြောင်း ဖန်ဆင်းခြင်းအမှုကိုစွဲမှတ်၍ ထင်ရှားသော သက်သေသာဓကများကို သူတို့ကပြန်၍ပြောပြကြ၏။ အဲဂုတ္တုလူတို့သည် ဟေဗြဲလူတို့၏ယုံကြည်ခြင်းတရားနှင့် သူတို့၏ဘုရားသခင်အကြောင်း သိကျွမ်းလာဖို့ အခွင့်အရေးရခဲ့ကြ၏။ သူတို့သည် မှန်သောဘုရားကို သစ္စာနှင့်ကိုးကွယ်သော သူတို့ကို ပယ်ရှားရန်ကြိုးစားခဲ့ကြရာ၊ ခြိမ်းခြောက်ခြင်း၊ ဆုလဒ်တို့နှင့် ဖြားယောင်းခြင်း၊ ရက်စက်စွာပြုမူခြင်းတို့ဖြင့်ပင် သူတို့သည်မအောင်မြင်ကြသဖြင့်၊ အမျက်ထွက်လာကြ၏။

အဲဂုတ္တုပြည်ကို အစိုးရသောနောက်ဆုံးရှင်ဘုရင်နှစ်ပါးသည် ရက်စက်ကြ၍ ဟေဗြဲလူမျိုးတို့ကို ကြမ်းကြုတ်စွာပြုမူကြ၏။ ဣသရေလအမျိုးသားတို့၏ အကြီးအကဲတို့က အာဗြံဟံအားပေးထားသောကတိတော်များ၊ ယောသပ်မသေခင် အဲဂုတ္တုပြည်မှ သူတို့ကိုကယ်နှုတ်မည်ဟု ကြိုတင်မှာထားခဲ့သော အနာဂတ်စကားများကို ညွှန်ပြခြင်းအားဖြင့် ယုံကြည်ခြင်းတရား၌ ပျက်စီးလုနီးပါးဖြစ်နေသော ဣသရေလလူတို့ကို အားပေးနှိုးဆော်ခဲ့ကြပြီ။ အချို့တို့သည် နားထောင်၍ ယုံကြည်ကြ၏။ အခြားသူတို့ကား မိမိတို့၏စိတ်ပျက်ဘွယ်အဖြစ်ကိုကြည့်လျက် မြော်လင့်ခြင်းမရှိကြ။

## ကရင်လူမျိုးတို့နှင့်ပတ်ဝန်းကျင်အခြေ

ကြ္ကသရေလလူတို့၏ မျှော်လင့်ချက်များအကြောင်းကို အဲဂုတ္တုလူတို့သည် ကြားသိရကြသဖြင့် ကယ်နှုတ်ခြင်းခံရမည်ဟူသော သူတို့၏မျှော်လင့်ချက်များကို ပျက်ရယ်ပြုကြလျက်၊ သူတို့ဘုရားသခင်၏တန်ခိုးတော်အကြောင်းကို မထီလေးစားပြုကြ၏။ သူတို့လူမျိုး၏အခြေအနေကို ညွှန်ပြလျက် သူတို့သည် ကျွန်မျိုးသာဖြစ်သည်ဟုဆိုကြ၏။

ငှင်းပြင်၊ သင်တို့၏ဘုရားသခင်သည် ဖြောင့်မတ်၍ သနားခြင်းဂရုဏာနှင့် ပြည့်စုံတော်မူလျက် အဲဂုတ္တုဘုရားများထက် တန်ခိုးကြီးတော်မူလျှင်၊ ထိုဘုရားသခင်သည် အဘယ်ကြောင့်သင်တို့ကို လွတ်လပ်သောလူမျိုးဖြစ်စေအောင် ပြုလုပ်တော်မူသလဲ။ ဘာကြောင့် ထိုဘုရားသခင်၏ မြင့်မြတ်သောဂုဏ်နှင့် တန်ခိုးတော်ကိုထင်ရှားစေပြီး သင်တို့ကိုချီးမြှောက်တော်မမူသလဲဟု သူတို့အားအထင်အမြင်သေးလျက် ပြစ်တင်စကားပြောဆိုကြ၏။

ထိုနောက် ကြ္ကသရေလလူတို့က မိစ္ဆာဘုရားများဟုခေါ်ကြသော ဘုရားများကို မိမိတို့သဘောအတိုင်း ရွေးချယ်ကိုးကွယ်ကြသော မိမိတို့လူမျိုးများကို အဲဂုတ္တုလူတို့က ကြ္ကသရေလလူတို့အားညွှန်ပြကြ၏။ သူတို့၏ဘုရားများသည် သူတို့ကိုကောင်းစားစေပြီး စားစရာ၊ အဝတ်အထည်၊ များစွာသောစည်းစိမ်ဥစ္စာတို့ကို ချပေးသည်သာမက၊ သူတို့၏အစေကိုခံဖို့ ကြ္ကသရေလလူတို့ကို မိမိတို့လက်ထဲ၌အပ်ပေးလျက်၊ ကြ္ကသရေလလူမျိုးများပျောက်ကွယ်သွားသည့်တိုင်အောင် သူတို့ကိုညှဉ်းဆဲသတ်ဖြတ်ဖျက်ဆီးနိုင်သော ခွန်အားကိုလည်းပေးကြလေပြီဟု သူတို့က အလွန်ရှင်မြူးစွာပြောပြကြ၏။ ဟေဗြဲလူတို့သည် ကျွန်ဘဝမှကယ်နှုတ်ခြင်းခံရမည်ဟူသော စိတ်ကူးကိုသူတို့ကကဲ့ရဲ့ကြ၏။

သူတို့၏ဘုရားသခင်သည် မိမိ၏လက်ထဲမှသူတို့ကို ကယ်နှုတ်တော်မူသည်ကို ကြည့်လိုသည်ဟု ဖာရောမင်းကကြွားဝါပြောဆို၏။ ဤစကားများတို့ကြောင့်၊ ကြ္ကသရေလအမျိုးသားအများတို့သည် မျှော်လင့်ချက်ကင်းမဲ့လာကြသည်။ ရှင်ဘုရင်နှင့်သူ၏မှူးမတ်များပြောဆိုကြသည်အတိုင်း အလွန်ဟုတ်မှန်နေသည်ဟု သူတို့ထင်ကြ၏။ သူတို့အား ကျွန်များကဲ့သို့ပြုကျင့်၍ သူတို့၏အကြပ်အဆော်များ၊ အကြီးအကဲများနှိပ်စက်သည်အတိုင်း ခံနေရကြ . . . . . . . . . . . . . . . . . .

သည်ကို သူတို့သိကြ၏။ သူတို့၏သားယောက်ကျားကလေးများကို လိုက်လံရှာဖွေကာသတ်ပစ်ခဲ့ကြပြီ။ သူတို့၏ အသက်တာသည်လေးလံနေလျက် သူတို့သည် ကောင်းကင်ဘုံရှင်ဘုရားသခင်ကို ယုံကြည်ကိုးကွယ်နေကြသည်။

ထိုနောက် သူတို့သည် မိမိတို့အခြေအနေနှင့် အဲဂုတ္တုလူတို့၏အခြေအနေကို မည်ကဲ့သို့ခြားနားကြောင်းသိရှိရန် ဝေဖန်နှိုင်းယှဉ်ကြည့်ကြ၏။ ကယ်တင်နိုင်သောတန်ခိုး (သို့မဟုတ်) ဖျက်ဆီးနိုင်သောတန်ခိုးနှင့်ပြည့်စုံတော်မူ၍ အသက်ရှင်တော်မူသောဘုရားသခင်ကို သူတို့သည်မယုံကြည်ကြ။ အဲဂုတ္တုလူအချို့တို့သည် ကျောက်ဆင်းတု၊ သစ်သားဆင်းတုများကို ကိုးကွယ်ကြလျက် အခြားသူတို့သည် နေ၊လ၊ ကြယ်နက္ခတ်များကို ကိုးကွယ်ကြ၏။ သို့သော် သူတို့သည် ကောင်းစား၍ ကြွယ်ဝချမ်းသာနေကြ၏။ ၎င်းပြင် ဘုရားသခင်သည် အခြားသောဘုရားများထက်သာ၍တန်ခိုးကြီးလျှင် ရုပ်တုဆင်းတုကိုးကွယ်သော လူမျိုးတို့လက်ထဲတွင် သူတို့ကိုကျွန်အဖြစ်နှင့် ထိုကဲ့သို့နေစေကာမူ ပစ်ထားတော်မူမည်မဟုတ်ဟု ဟေဗြဲလူအချို့ကထင်မှတ်ကြ၏။

သူတို့သည် လူတစ်မျိုးအဖြစ်နှင့်ဘုရားသခင်အပေါ်၌သစ္စာမရှိကြဘဲ မိမိတို့သဘောအတိုင်း တပါးအမျိုးသားတို့နှင့် အိမ်ထောင်ဘက်ပြုကြသဖြင့် ရုပ်တုဆင်းတုကိုးကွယ်လာကြသောကြောင့်သာ ထာဝရဘုရားသည် သူတို့အား ဒုက္ခခံစေရန် အဲဂုတ္တုပြည်သို့ပို့ဆောင်တော်မူသည်ဟု ဘုရားသခင်ဘက်၌ သစ္စာရှိသောသူတို့က သိရှိနားလည်ကြသည်။ ၎င်းပြင် ဘုရားသခင်သည် မကြာမီ သူတို့ကိုအဲဂုတ္တုပြည်မှထုတ်ဆောင်တော်မူလျက် ညှဉ်းဆဲခြင်းထမ်းပိုးကို ချိုးဖောက်တော်မူလိမ့်မည်ဟု သူတို့အား အမျိုးသားချင်းတို့အား ခိုင်မာစွာပြောပြကြ၏။

ဘုရားသခင်သည် ညှဉ်းဆဲခြင်းခံနေရသော မိမိလူများ၏ဆုတောင်းသံများကို နားညောင်းတော်မူ၍၊ မိမိ၏တန်ခိုးတော်ကိုကြီးကျယ်သောအမှုအားဖြင့်ထင်ရှားစေလျက် သူတို့ကိုအဲဂုတ္တုပြည်မှ ထုတ်တော်မူမည့်အချိန်သည် ရောက်လာလေပြီ။ ထိုအခါ အဲဂုတ္တုလူတို့ရွတ်ချခဲ့သောဟေဗြဲလူတို့၏ဘုရားသခင်သည် အခြားသောဘုရားအပေါင်းတို့ထက် တန်ခိုးကြီးတော်မူ၏ဟု အဲဂုတ္တုလူမျိုးတို့သည် ဝန်ခံရကြလိမ့်မည်။ ရုပ်ဆင်းတုကို ကိုးကွယ်ခြင်းအမှုနှင့် အာရုံငါးပါးသောသူတို့၏ ဘုရားများက သူတို့အား စည်းစိမ်ချမ်းသာတို့ကို ဂရုဏာနှင့်ချပေးခဲ့ပြီဟု သူတို့ကြွားဝါပြောဆိုသော. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ဘုရားသခင်၏လူများအားလွှတ်ရန် မောရှေသည်
မာနကြီးသောဖာရောမင်းရှေ့၌ ပြောဆိုနေ၏။

စကားများကြောင့် ယခုဘုရားသခင်သည် သူတို့ကို ဒဏ်ခတ်တော်မူမည်။

အခြား သောလူမျိုးတို့သည် မိမိ၏တန်ခိုးတော်အကြောင်းကိုကြားသိပြီး အံ့ဩဖွယ်ပြုတော် မူသောအမှုတို့ကြောင့် ကြောက်ရွံ့တုန်လှုပ်ကြသည့်အပြင် မိမိ၏လူများတို့သည် အံ့ဩဖွယ်နိမိတ်လက္ခဏာများကို တွေ့မြင်ရကြခြင်းဖြင့် ရုပ်ဆင်းတုကိုးကွယ်ခြင်းကို လုံးလုံးစွန့်၍ မိမိအားသန့်ရှင်းစွာကိုးကွယ်ဝတ်ပြုကြမည်အကြောင်း ဘုရားသခင် သည် မိမိ၏နာမတော်ကို ချီးမြှောက်တော်မူ၏။

ဣသရေလလူတို့အား အဲဂုတ္တုပြည်မှကယ်နှုတ်ဆောင်တော်မူရာတွင် ဘုရားသခင်သည် အဲဂုတ္တုလူအပေါင်းတို့ရှေ့တွင် မိမိ၏လူတို့အပေါ်၌မိမိ၏ခြားနားသောဘုရားတို့၏ တန်ခိုးများထက်သာကြောင်းကို ဖာရောမင်းသည်အခြားသောနည်းအားဖြင့် မသိနားလည်မည်မဟုတ်သောကြောင့်၊ ဝမ်းနည်းဖွယ်ကောင်းသော ကိုယ်တွေ့အဖြစ်အပျက်အားဖြင့် သိရှိနားလည်စေမည်အကြောင်း ဘုရားသခင်သည် မိမိကိုယ်တိုင် ဖာရောမင်းအားဒဏ်ခတ်သင့်သည်ဟု ထင်မြင်တော်မူ၏။ မိမိ၏နာမတော်ကို လောကတစ်ဝှမ်းလုံး၌ ကြော်ကြားသွားစေမည့်အကြောင်း ဘုရားသခင်သည် မိမိ၏တန်ခိုးတော်နှင့်ဖြောင့်မတ်စွာပြုခြင်းအမှုတို့ကို လူမျိုးအပေါင်းတို့ရှေ့၌ မှတ်သားဖွယ်သောသက်သေသာဓကတို့ဖြင့် ထင်ရှားစွာပြုတော်မူလိမ့်မည်။

တန်ခိုးတော်ကိုထင်ရှားစေရန်ဖော်ပြသော ဤအံ့ဘွယ်တို့သည် မိမိလူတို့၏ယုံကြည်ခြင်းကိုခိုင်ခံ့စေ၍ သူတို့၏သားစဉ်မြေးဆက်တို့သည် သူတို့အကျိုးအလို့ငှါ ဂရုဏာနှင့်ပြုတော်မူသော ထိုအံ့ဩဖွယ်ရာများကို စီမံတော်မူသောအရှင်တစ်ပါးတည်းကိုသာ ကိုးကွယ်ကြမည်အကြောင်း ဘုရားသခင်က ကြံရွယ်ထားတော်မူ၏။

ဖာရောမင်းသည် လူများအား ကောက်ရိုးမပါဘဲအုတ်လုပ်ခိုင်းစေပြီးနောက်၊ သူမသိဟန်ဆောင်နေသော ဘုရားသခင်သည် ဖာရောမင်းအား မိမိကိုယ်တော်တိုင် တောင်းဆိုသောအချက်များကို လိုက်လျော၍ မိမိကိုယ်တော်တိုင်ကို အလွန်မြင့်မြတ်သောအရှင်အဖြစ်နှင့် ဝန်ခံစေရန်စီမံတော်မူလိမ့်မည်ဟု မောရှေက ပြောပြလေ၏။

## ဘေးဒဏ်များ

လုံတံကိုမြွေဖြစ်စေခြင်း၊ မြစ်ရေကိုသွေးဖြစ်စေခြင်း နိမိတ်လက္ခဏာများသည် ဖာရောမင်း၏ခိုင်မာသောစိတ်ကို မပြောင်းလဲစေဘဲ၊ ဣသရေလလူတို့ကိုတိုး၍ မုန်းလာစေလေ၏။ နတ်ဝိဇ္ဇာဆရာတို့က ပြုလုပ်ပြသောအမှုကြောင့်၊ ဤနိမိတ်လက္ခဏာတို့မှာ ဝိဇ္ဇာအတတ်အားဖြင့် ပြုလုပ်ခြင်းဖြစ်သည်ဟု ဖာရောမင်းသည်ထင်မှတ်၏။ သို့ရာတွင် ဖားတို့၏ဘေးဒဏ်ကို ပယ်ရှားပြီးသောအခါ၊ ဤအမှုသည် သူ၏အထင်အတိုင်း မဟုတ်ကြောင်း သက်သေသာဓကအများကို သူမြင်ရလေ၏။ ဘုရားသခင်သည် ဖားတို့ကိုမြေမှုန့်သို့ပြောင်းလဲလျက် ပျောက်ကွယ်သွားစေရန် တခဏခြင်းတွင်ပြုလုပ်နိုင်သော်လည်း ဤအမှုသည် ဝိဇ္ဇာအတတ်ကြောင့်ဖြစ်သည်ဟု ရှင်ဘုရင်နှင့်နတ်ဝိဇ္ဇာဆရာတို့က ပြောဆိုမည်ကိုစိုးရိမ်၍ ဘုရားသခင်သည် ဤသို့ပြုတော်မမူ။ ဖားတို့သည်သေကြ၍ လူများတို့က ၄င်းတို့ကိုစုပုံထားကြရာ ၄င်းတို့ကိုမြင်နေရကြပြီး တစ်ပြည်လုံးပုပ်စော်နံလေ၏။ ဤနေရာ၌ ဝိဇ္ဇာဆရာတို့၏ အချည်းနှီးသောအတတ်ပညာအားဖြင့် မဖယ်ရှားနိုင်ကြတော့သဖြင့် ဤအမှုသည် ဝိဇ္ဇာအတတ်မဟုတ်ဘဲ ကောင်းကင်ဘုံရှင်ဘုရားသခင်စီရင်တော်မူသောအမှုဖြစ်သည်ကို ရှင်ဘုရင်နှင့်ဝိဇ္ဇာဆရာများတို့သည် သက်သေထင်ရှားမြင်ရကြ၏။

ဝိဇ္ဇာဆရာတို့သည် ခြင်ကောင်ကိုမပြုလုပ်နိုင်ကြ။ သူတို့သည် ခြင်ကောင်များကို ပြုလုပ်နိုင်သည်ဟုထင်စေရန်၊ ဝိဇ္ဇာတို့၏မျက်မှောက်၌၄င်း၊ အဲဂုတ္တုလူတို့မျက်စိရှေ့၌၄င်း၊ အရိပ်အရောင်ထင်ပေါ်လာစေအောင်၊ ပြုလုပ်စေဖို့ပင် ဘုရားသခင်သည် အခွင့်ပေးတော်မမူ။ ဖာရောမင်းသည် မယုံကြည်ကြောင်းဆင်ခြင်ပင်မပေးနိုင်တော့ချေ။ ဝိဇ္ဇာဆရာများကပင် "ဤအမှုသည် ဘုရားသခင်၏တန်ခိုးကြောင့်ဖြစ်သည်"ဟု ဝန်ခံရကြလေ၏။

ထိုနောက် ယင်ရဲများ၏ဘေးဒဏ်သက်ရောက်လာ၏။ ယင်ရဲတို့ကား၊ ရိုးရိုးယင်ကောင်ထက်ကြီး၍ ၄င်းတို့က လူနှင့်တိရစ္ဆာန်တို့ကို ကိုက်သောအခါ အဆိပ်ပြင်းလျက် အလွန်နာကျဉ်၏။ ဘုရားသခင်သည် မိမိ၏လူများကို အဲဂုတ္တုလူများနှင့်ခွဲခြားထားသဖြင့်၊ ဣသရေလလူတို့နေရာအရပ်တွင် ယင်ရဲတစ်ကောင်မျှမရှိရ။

ထာဝရဘုရားသည် နောက်တစ်ဖန် တိရစ္ဆာန်တို့၌အလွန်ပြင်းသော ရောဂါစွဲစေတော်မူ၏။ သို့ရာတွင် ဟေဗြဲလူတို့၏တိရစ္ဆာန်တို့ကို တစ်ကောင်မျှမသေရကြ။ ထိုနောက် လူနှင့်တိရစ္ဆာန်တို့၌ အခဲအကြိတ်ဖြစ်စေသော အနာဆိုးကိုပေါက်စေတော်မူ၏။ ဝိဇ္ဇာဆရာများကိုယ်တိုင်ပင် ထိုအနာဆိုးများကို မိမိတို့အပေါ်၌မဖြစ်စေခြင်းငှါ မတားဆီးနိုင်ကြချေ။ ထာဝရဘုရားသည် အဲဂုတ္တုပြည်ပေါ်သို့ မိုးသီးဘေးဒဏ်ကို လျှပ်စစ်ပြက်ခြင်း၊ မိုးချုန်းခြင်းနှင့်အတူသက်ရောက်စေ၏။ ဘေးဒဏ်အသီးအသီးတို့သည် အမှတ်မဲ့ဖြစ်လာသည်ဟုမထင်မှတ်စေခြင်းငှါ ၎င်းတို့မဖြစ်ပေါ်မီကြိုတင်၍ ဖော်ပြထားတော်မူ၏။

မိုးချုန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးသက်မုန်တိုင်းကျရောက်ခြင်းမှစ၍ မြေကြီးတစ်ခုလုံးသည် ဟေဗြဲလူတို့၏ဘုရားသခင်အ မိန့်ပေးတော်မူသည်အတိုင်း ဖြစ်ပေါ်လာရသည်ကို အဲဂုတ္တုလူတို့အား ထာဝရ ဘုရားကထင်ရှားစွာပြတော်မူ၏။

"ထာဝရဘုရား၏စကားကိုနားထောင်စေခြင်းငှါ ထိုဘုရားကား အဘယ်သူနည်း"ဟု တစ်ခါကမေးမြန်းခဲ့သော မာနကြီးသောဖာရောမင်းသည် ယခု မိမိကိုယ်ကိုနှိမ့်ချလျက် "ငါပြစ်မှားပြီ၊ ထာဝရဘုရား သည် ဖြောင့်မတ်တော်မူ၏။ ငါနှင့်ငါ၏လူတို့သည် အပြစ်များပါ၏"ဟု ပြောဆို၏။ ကြောက်စရာကောင်းသော မိုးချုန်းခြင်းလျှပ်စစ်ပြက်ခြင်းတို့ကိုရပ်စဲစေခြင်းငှါ ဘုရားသခင်အား မိမိအတွက် အသနားခံပေးစေရန် မောရှေကိုတောင်းပန်လေ၏။

နောက်တစ်ဖန် ထာဝရဘုရားသည် ကြောက်စရာကောင်းသောကျိုင်းကောင်ဘေးကို စေလွှတ်တော်မူ၏။ ရှင်ဘုရင်သည် ဘုရားသခင်ရှေ့တော်၌ မိမိကိုယ်ကိုဝန်ခံရမည့်အစား ဘေးဒဏ်များကိုခံယူရန် ရွေးချယ်၏။ သူသည် နောင်တမရသဖြင့်၊ ကြောက်မက်ဖွယ်စီရင်တော်မူသော ဤနိမိတ်လက္ခဏာကို တပြည်လုံးတွေ့မြင်ရလေ၏။

ထိုနောက် ထာဝရဘုရားသည် အဲဂုတ္တုပြည်ပေါ်သို့ မှောင်မိုက်ကိုကျရောက်စေတော်မူ၏။ လူများတို့သည် အလင်းကိုသာမရရှိဘဲ နေကြသည်သာမက၊ ပတ်ဝန်းကျင်လေထုသည် အသက်ရှူကြပ်လောက်အောင် ဒုက္ခပေး၏။ သို့သော် ဟေဗြဲလူတို့သည်မိမိတို့အရပ်၌အလင်းနှင့် သန့်ရှင်းသောလေကိုရရှိကြ၏။

အထက်ကဘေးဒဏ်မျိုးတို့ထက်သာ၍ပြင်းထန်၊ သာ၍ကြောက်စရာကောင်းသောဘေးဒဏ်တစ်ခုကို ဘုရားသခင်သည် အဲဂုတ္တုပြည်ပေါ်သို့ ထပ်မံသက်ရောက်စေတော်မူပြန်၏။ မောရှေ၏လျှောက်ထားချက်ကို နောက်ဆုံးတိုင်အောင် တားဆီးငြင်းဆိုနေသူတို့မှာ ရှင်ဘုရင်နှင့်ရုပ်တုဆင်းတုကိုးကွယ်သောယဇ်ပုရောဟိတ်များဖြစ်ကြ၏။ ဟေဗြဲလူတို့အား အဲဂုတ္တုပြည်မှထွက်သွားစေဖို့ လူများကအလိုရှိကြ၏။

မောရှေသည် ဖာရောမင်းနှင့် အဲဂုတ္တုလူများအပြင် ဣသရေလလူတို့ကိုလည်း နောက်ဆုံးဘေးဒဏ်၏အခြေအနေ၊ အကျိုးအပြစ်တို့အကြောင်း ရှင်းလင်းဖော်ပြ၏။ အဲဂုတ္တုလူတို့အတွက် အလွန်ကြောက်စရာကောင်း၍ ဘုရားသခင်၏လူတို့အတွက် အလွန်ဘုန်းထင်ရှားစေမည့်ထိုနေ့ညဉ့် ခမ်းနားကြည်ညိုဖွယ်ကောင်းသော ပသခါပွဲကို တည်ထောင်စီမံခဲ့လေပြီ။

အဲဂုတ္တုရှင်ဘုရင်နှင့်မာနကြီးလျက် ရုပ်ဆင်းတုကိုးကွယ်သော လူများတို့သည် ဘုရားသခင်၏တောင်းဆိုတော်မူချက်တို့ကို လိုက်လျောရန် အလွန်ခိုင်မာနေကြ၏။ အဲဂုတ္တုဘုရင်သည် လိုက်လျောရန်အလွန်ဖင့်နွှဲနေ၏။ ပြင်းထန်စွာဒုက္ခရောက်သောအခါ၌ သူသည် အနည်းငယ်လိုက်လျောလာ၏။

သို့သော် ဒုက္ခဆင်းရဲကို ပယ်ရှားလိုက်သောအခါ၊ မိမိလိုက်လျောခဲ့သောအရာတို့ကိုပြန်၍ ရုပ်သိမ်းပြန်၏။ ထိုသို့အားဖြင့် ကျရောက်လာသောဘုရားသခင်၏အမျက်တော်ကြောင့်သာ အနည်းငယ်လိုက်လျောခဲ့သည်ထက် ပို၍မလိုက်လျောခဲ့ချေ။ အဲဂုတ္တုပြည်သည် ပျက်စီးယိုယွင်းသွားပြီးနောက်မှာပင် ရှင်ဘုရင်သည်လက်မလျှော့ဘဲ ပုန်ကန်နေသေး၏။

ဖာရောမင်းသည် ဣသရေလလူတို့ကို လွှတ်ဖို့ ငြင်းဆိုပြီးသောအခါတိုင်း ကျရောက်မည့်ဘေးဒဏ်တို့၏အခြေအနေ၊ အကျိုးအပြစ်တို့ကို မောရှေနှင့် အာရုန်တို့ကရှင်ဘုရင်အား အသေအချာပြောပြကြ၏။ သူ့အား ဘော်ပြထားသည့်အတိုင်း ဤဘေးဒဏ်များကျရောက်လာသည်ကို သူမြင်ရသောအခါတိုင်း၊ သူသည်မလိုက်လျောဘဲနေ၏။ ပထမဦးစွာ အဲဂုတ္တုပြည်ထဲမှာပင် ဘုရားသခင်အား ယဇ်ပူဇော်စေဖို့ အခွင့်ကိုသာပေး၏။ ထိုနောက် အဲဂုတ္တုပြည်သည် ဘုရားသခင်၏ အမျက်တော်ကြောင့် ဘေးဒုက္ခခံရပြီးသော . . . . . . . . . . . . . . . . . . . . . . . . . . . . .

အခါ၊ ယောက်ကျားများသာသွားရမည်ဟုသူကခွင့်ပြု၏။ အဲဂုတ္တုပြည်သည် ကျိုင်းကောင်များကြောင့် ပျက်စီးယိုယွင်းလုမတတ်ရှိသောအခါ၊ မိန်းမနှင့်ကလေးသူငယ်များလည်းသွားနိုင်၏ဟု အခွင့်ပေး၏။ သို့သော် တိရစ္ဆာန်များကိုကား ယူသွားဖို့ အခွင့်မပေး။ ထိုနောက် မောရှေကရှင်ဘုရင်အား ဘုရားသခင်၏ကောင်းကင်တမန်သည် သူတို့၏သားဦးများကို သတ်လိမ့်မည်ဟု ပြောပြ၏။

ဘေးဒဏ်အသီးအသီးသည် တစ်ခုထက်တစ်ခုသာ၍နီးစပ်လာပြီး သာ၍ပြင်းထန်လာခဲ့၏။ ယခုဘေးဒဏ်မူကား၊ အထက်ကဘေးဒဏ်များထက်သာ၍ကြောက်စရာကောင်းလိမ့်မည်။ သို့သော် မာနကြီးသောရှင်ဘုရင်သည် အလွန်ပြင်းထန်စွာအမျက်ထွက်၍ မိမိကိုယ်ကိုနှိမ့်မချဘဲနေ၏။ ၄င်းပြင် ကလသရေလလူတို့သည် ထိုကြောက်မက်ဘွယ်ညအတွက် အကြီးအကျယ်ပြင်ဆင်ခြင်းပြုလုပ်နေကြသည်ကို အဲဂုတ္တုလူတို့သည် မြင်ရကြသောအခါ၊ သူတို့သည်တံခါးထုပ်၊ တံခါးတိုင်တို့၌ရှိသောအသွေး၏ အမှတ်လက္ခဏာကို ကဲ့ရဲ့ပြောင်လှောင်ကြ၏။

--oo--

# အခန်း (၁၆)

## ဣသရေလလူတို့အချည်အနှောင်မှလွတ်မြောက်ကြခြင်း

ဣသရေလအမျိုးသားတို့သည် ဘုရားသခင်သွန်သင်တော်မူသည့်အတိုင်း လိုက်နာခဲ့ကြပြီး သေခြင်းကိုအစိုးရသောကောင်းကင်တမန်သည် အဲဂုတ္တုလူတို့တွင်တစ်အိမ်မှတစ်အိမ်သို့ဖြတ်သွားနေစဉ်၊ သူတို့သည်ခရီးထွက်ရန်အသင့်ရှိနေကြ၍ ပုန်ကန်သောရှင်ဘုရင်နှင့်သူ၏မှူးမတ်များက သူတို့အားထွက်သွားဖို့အခွင့်ပေးရန်စောင့်နေကြ၏။

"သန်းခေါင်အချိန်၌၊ ထာဝရဘုရားသည်နန်းတော်ထိုင်သော ဖာရောမင်း၏သားဦးမှစ၍ ထောင်ထဲမှာ အချုပ်ခံရသောသူ၏သားဦးတိုင်အောင်၊ အဲဂုတ္တုပြည်၌သားဦးရှိသမျှကိုငှင်း၊ တိရစ္ဆာန်တို့၏သားဦးရှိသမျှကိုငှင်း၊ ဒဏ်ခတ်တော်မူ၏။ ထိုညတွင်ဖာရောဘုရင်နှင့်သူ၏ကျွန်များ၊ အဲဂုတ္တုလူများတို့သည်ထကြ၍၊ အသေကောင်ကင်းသော အိမ်တစ်အိမ်မျှမရှိသောကြောင့်၊ အဲဂုတ္တုပြည်၌ကြီးစွာသောငိုကြွေးခြင်းဖြစ်လေ၏။ ထိုညချင်းတွင် မောရှေနှင့်အာရုန်ကိုခေါ် တော်မူလျှင် သင်တို့မှစ၍ ဣသရေလအမျိုးသားတို့၊ ထ၍ငါ့လူစုထဲကထွက်သွားကြလော့။ သင်တို့တောင်းသည်အတိုင်း၊ ထာဝရဘုရားအားသွား၍ဝတ်ပြုကြလော့။ သင်တို့တောင်းသည်အတိုင်း သိုးနွားများကိုယူ၍သွားကြလော့။ ငါ့ကိုလည်းကောင်းကြီးပေးကြလော့ဟုမိန့်တော်မူ၏။ အဲဂုတ္တုလူတို့ကလည်း ငါတို့ရှိသမျှသည် အသေကောင်ဖြစ်ကြပြီဟုဆိုလျက် ဣသရေလလူတို့ကို အဲဂုတ္တုပြည်ထဲက အလျှင်အမြန်လွတ်ခြင်းငှါ ကြပ်ကြပ်နှိုးဆော်ကြ၏။"

"ထိုသူတို့သည် တဆေးမရောသေးသောမုန့်စိမ်းကိုယူ၍ မုန့်နယ်သောခွက်တို့ကိုလည်း အဝတ်နှင့်တကွထုပ်၍ထမ်းကြ၏။ မောရှေစီရင်သည်အတိုင်း ဣသရေလအမျိုးသားတို့သည် ငွေတန်ဆာ၊ ရွှေတန်ဆာ၊ အဝတ်တန်ဆာများကို အဲဂုတ္တုလူတို့၌တောင်းကြ၏။ တောင်းသည်အတိုင်းလည်း ပေးချင်သောစေတနာကိုအဲဂုတ္တုလူတို့၏ဥစ္စာများကိုလုယူကြ၏။"

ဤအကြောင်းအရာသည် မပြည့်စုံမှီအနှစ်လေးရာအထက်ကပင် ထာဝရဘုရားသည် အာဗြဟံအားဖော်ပြထားတော်မူ၏။ "ထာဝရဘုရားကလည်း သင်၏အမျိုးအနွယ်သည် သူတစ်ပါးပိုင်သောပြည်၌ ဧည့်သည်ဖြစ်ကြသဖြင့် သူတစ်ပါးတို့၌ကျွန်ခံခြင်း၊ နှိပ်စက်ညှဉ်းဆဲခြင်းကို အနှစ်လေးရာပတ်လုံးခံရကြလိမ့်မည်ကို အမှန်သိမှတ်ကြလော့။ သူတို့ကိုစေခိုင်းသောလူမျိုးကိုလည်း ငါစီရင်မည်။ ထိုနောက် သူတို့သည်များစွာသောဥစ္စာနှင့်ထွက်ကြလိမ့်မည်။ ကမ္ဘာဦးကျမ်း ၁၅း၁၃၊၁၄။

"အမျိုးမျိုးသောလူအများတို့သည်လည်း သိုးနွားအစရှိသော များစွာသောတိရစ္ဆာန်တို့နှင့်တကွလိုက်ကြ၏။" ဣသရေလအမျိုးသားတို့သည် ဘယ်သောအခါမျှ ဖာရောမင်းအားမရောင်းခဲ့ကြသဖြင့် ဖာရောမင်းမပိုင်သောမိမိဥစ္စာပစ္စည်းများကိုယူလျက် အဲဂုတ္တုပြည်ထဲကထွက်သွားကြ၏။ ယာကုပ်နှင့်သူ၏သားများတို့သည် မိမိတို့၏သိုးနွားတိရစ္ဆာန်တို့ကိုအဲဂုတ္တုပြည်ထဲသို့ မိမိတို့နှင့်အတူယူဆောင်လာကြ၏။ ဣသရေလလူတို့သည် အလွန်များပြားစွာတိုးပွါးလာကြလျက်၊ သူတို့၏သိုးနွားများတို့သည်လည်းများပြားစွာပွါးများလာကြ၏။

ဘုရားသခင်သည် အဲဂုတ္တုလူတို့အပေါ်သို့ ဘေးဒဏ်များကို သက်ရောက်စေခြင်းဖြင့် သူတို့ကိုစီရင်တော်မူ၏။ ၎င်းပြင် မိမိ၏လူများကို သူတို့ပိုင်ဆိုင်သောအရာရှိသမျှတို့နှင့်တကွ အဲဂုတ္တုပြည်ထဲမှနှင်ထုတ်စေခြင်းငှါ အဲဂုတ္တုလူတို့၏စိတ်ကိုနှိုးဆော်တော်မူ၏။

"ဣသရေလလူတို့ကို ဖာရောဘုရင်လွှတ်သောနောက်၊ ဖိလိတ္တိပြည်ကိုရောက်သောလမ်းသည် ဖြောင့်သော်လည်း၊ ထိုလမ်းဖြင့် ဘုရားသခင်ဆောင်တော်မမူ။ အကြောင်းမူကား၊ သူတို့သည်စစ်မှုကိုတွေ့မြင်သောအခါ စိတ်ပျက်၍၊ အဲဂုတ္တုပြည်ကိုပြန်ကောင်းပြန်ကြလိမ့်မည်ဟု သိတော်မူ၏။

ထို့ကြောင့် ဘုရားသခင်သည် သူတို့ကိုဧဒုံပင်လယ်နားတောလမ်းဖြင့် ဝိုင်း၍ဆောင်တော်မူ၏။ ဣသရေလအမျိုး သားတို့သည် ခင်းကျင်းသောတပ်အစဉ်အတိုင်း အဲဂုတ္တုပြည်မှထွက်သွားကြ၏။ အထက်ကာလ၌ယောသပ်က၊ အကယ်စင်စစ်ဘုရားသခင်သည် သင်တို့ကိုအ ကြည့်အရှုကြွလာတော်မူမည်။ ကျွန်ုပ်အရိုးတို့ကို ဤအရပ်မှယူသွားရမည်ဟူ၍ ဣသရေလအမျိုးသားတို့ကို . . . . . .

ကြပ်ကြပ်ကျိန်ဆိုသောကြောင့် သူ၏အရိုးတို့ကိုမောရှေသည် မိမိ၌ယူဆောင်လေ၏။

## မီးတိုင်

"တစ်ဖန်သူတို့သည် သုကုတ်အရပ်မှထွက်သွား၍ တောအနား၊ ဧသံမြို့၌စခန်းချကြ၏။ သူတို့သည် နေ့ည သွားနိုင်အောင် ထာဝရဘုရားသည် နေ့၌ကား၊ လမ်းပြဖို့မိုးတိမ်တိုင်အားဖြင့်၄င်း၊ ည၌ကားအလင်းပေးဖို့မီးတိုင်အားဖြင့်၄င်း၊ သူတို့ရှေ့ကကြွတော်မူ၏။ နေ့အချိန်၌မိုးတိမ်တိုင်၊ ညအချိန်၌ မီးတိုင်ကိုသူတို့ရှေ့မှရုပ်သိမ်းတော်မမူ။"

ဖိလိတ္တိလူတို့သည် မိမိတို့ပြည်ကိုဖြတ်သွားစေဖို့ အခွင့်မပေးဘဲနေကြမည်ကို ထာဝရဘုရားသိမြင်တော်မူ၏။ သူတို့သည် အဲဂုတ္တုပြည်ရှိသူတို့၏ သခင်များထံမှထွက်ပြေးလာကြပြီဟု ဖိလိတ္တိလူတို့ကပြောဆိုပြီး သူတို့အားတိုက်ခိုက်ကြလိမ့်မည်။ ထိုသို့အားဖြင့်ဘုရားသခင်သည် သူတို့ကိုပင်လယ်လမ်းက ယူဆောင်လာတော်မူခြင်းဖြင့် မိမိသည်သနားကြင်နာသောဘုရားသာမက ဝေဖန်ပိုင်းခြားနိုင်သောဘုရားဖြစ်ကြောင်းဖော်ပြတော်မူ၏။ ထာဝရဘုရားက မောရှေအား ၊ ဖာရောမင်းသည် သူတို့နောက်၌ လိုက်လာမည်ကိုပြောကြားထား၍ ပင်လယ်ရှေ့ မည်သည့်နေရာတွင် စခန်းချရမည်ကို ညွှန်ပြတော်မူ၏။ ထာဝရဘုရားသည် ဖာရောမင်းနှင့် သူ၏ဗိုလ်ခြေတို့ရှေ့၌ ချီးမြှောက်ခြင်းခံရမည်အကြောင်း မောရှေအား ထာဝရဘုရားကမိန့်တော်မူ၏။

ဟေဗြဲလူတို့သည် အဲဂုတ္တုပြည်မှထွက်သွားကြပြီးနောက် ရက်အနည်းငယ်ကြာသောအခါ အဲဂုတ္တုလူတို့က ဖာရောမင်းအား၊ သူတို့သည်ထွက်ပြေးကြ၍ နောက်တစ်ဖန် သူတို့၏အစေကိုခံရန် ဘယ်တော့မှပြန်လာကြတော့မည်မဟုတ်ဟု လျှောက်ထားကြ၏။ သူတို့သည် ဣသရေလအမျိုးသားတို့အား အဲဂုတ္တုပြည်မှ ထွက်သွားခွင့်ပေးလိုက်မိကြသဖြင့်၊ သူတို့သည် ညည်းညူနေကြ၏။ သူတို့ကိုမခိုင်းရကြတော့သဖြင့်သူတို့အဖို့ အကြီးအကျယ်ဆုံးရှုံးခြင်းဖြစ်၍ သူတို့အားသွားဖို့ သဘောတူခွင့်ပြုမိသည်ကို နှမြောနေကြ၏။ ဘုရားသခင်စီရင်တော်မူခြင်းဖြင့် သူတို့သည် ဒုက္ခအပေါင်းခံခဲ့ရကြသော်လည်း၊ ဆက်လက်ပုန်ကန်ခြင်းဖြင့် စိတ်နှလုံးခိုင်မာလာကြသဖြင့်၊ ဣသရေလအ. . . . . . . . . . . . . . . . . . . . . . .

မျိုးသားတို့နောက်သို့လိုက်၍ သူတို့ကိုအတင်းအကြပ်ပြန်ခေါ်ရန်ဆုံးဖြတ်ကြ၏။ ရှင်ဘုရင်သည် အလွန်ကြီးမားသောစစ်တပ်ကြီးနှင့် ရထားခြောက်ရာတို့ကို ယူဆောင်၍ သူတို့နောက်သို့လိုက်ရာ ပင်လယ်နား၌တပ်ချနေစဉ်သူတို့ကိုမှီလေ၏။

"ဖာရောဘုရင်သည် ချဉ်းကပ်လာသောအခါ၊ ဣသရေလအမျိုးသားတို့သည် မျှော်ကြည့်၍၊ အဲဂုတ္တုလူတို့စစ်ချီလာကြောင်းကိုမြင်လျှင်၊ အလွန်ကြောက်လန့်၍ ထာဝရဘုရားအားအော်ဟစ်ကြ၏။ မောရှေကိုလည်း၊ အဲဂုတ္တုပြည်၌ သင်္ချိုင်းမရှိသောကြောင့် ဤတော၌သေစေခြင်းငှါ ငါတို့ကိုဆောင်ခဲ့သလော။ ငါတို့ကို၍သို့ပြု၍၊ အဲဂုတ္တုပြည်မှအဘယ်ကြောင့်ဆောင်ခဲ့သနည်း။ ငါတို့သည် အဲဂုတ္တုလူတို့ထံ၌ အစေကျွန်ခံနေလျက်ရှိကြပါစေဟု အဲဂုတ္တုပြည်၌ငါတို့ပြောရာတွင် ဤအမှုကိုရည်ဆောင်၍ပြောသည်မဟုတ်လော။ ငါတို့သည် ဤတော၌သေရသည်ထက်၊ အဲဂုတ္တုလူတို့၌ အစေကျွန်ခံလျှင် သာ၍ကောင်းသည်ဟုဆိုကြ၏။ မောရှေကလည်း၊ မစိုးရိမ်ကြနှင့်။ ငြိမ်ဝပ်စွာရပ်နေကြ။ ထာဝရဘုရားသည် ယနေ့ပြုတော်မူသောကယ်တင်ခြင်းကိုကြည့်ရှုကြလော့။ သင်တို့သည် ယနေ့မြင်သောအဲဂုတ္တုလူတို့ကို နောက်တစ်ဖန်အလျှင်းမမြင်ရကြ။ သင်တို့ဘက်၌ထာဝရဘုရားစစ်တိုက်တော်မူလိမ့်မည်။ သင်တို့သည် ငြိမ်ဝပ်စွာနေရကြမည်ဟု လူများတို့အားဆို၏"။

ဣသရေလလူတို့သည် ဘုရားသခင်ကိုယုံမှားကြသည်မှာ မည်မျှမြန်ကြသလဲ။ ရှင်ဘုရင်အားသူတို့ကိုလွှတ်စေဖို့ အဲဂုတ္တုပြည်ပေါ်သို့ဘုရားသခင်စီရင်တော်မူခဲ့သော ဘေးဒဏ်အပေါင်းကို သူတို့မြင်ခဲ့ရကြပြီ။

သို့ရာတွင် ဘုရားသခင်၌ သူတို့၏ယုံကြည်အားထားမှုကို စစ်ဆေးစုံစမ်းသောအခါ သူတို့ကို အံ့ဩဖွယ်ကယ် နူတ်ဆောင်ရာတွင်ထင်ရှားခဲ့သော ထိုသို့သောသက်သေသာဓကတို့ကို သူတို့မြင်ခဲ့ ကြရသော်လည်း သူတို့သည်ညည်းညူကြလေ၏။ သူတို့၌ဒုက္ခရောက်သောအခါ ဘုရားသခင်ကိုယုံကြည်အား ကိုးရမည့်အစား၊ သစ္စာရှိသောမောရှေအား ညည်းညူကာ၊ အဲဂုတ္တုပြည်တွင် ရှိ. . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

စဉ်က သူတို့မယုံကြည်ကြောင်း ပြောဆိုသောစကားများကိုပြန်၍သတိပေးကြ၏။ သူသည် သူတို့၏ဒုက္ခဆင်းရဲအပေါင်းကိုဖြစ်စေခဲ့ပြီဟု အပြင်တင်ကြ၏။

မောရှေသည် သူတို့အား ဘုရားသခင်၌ယုံကြည်အားကိုးရန်နှင့် သူတို့၏ ယုံမှားသောစကား များကို မပြောဘဲနေစေရန်တိုက်တွန်းလျက်၊ ထာဝရဘုရား သည် သူတို့အတွက် မည်သည့်အမှုကိုပြုတော်မူမည်ကို သူတို့မြင်ရမည်ဟုမှာထား လေ၏။ မိမိရွေး ကောက်တော်မူသောလူများကို ကယ်ဆယ်တော်မူစေရန် မော ရှေသည် ထာဝရဘု ရားအား စိတ်အားကြီးစွာကြွေးကြော်လေ၏။

## ဒေ့ပင်လယ်၌ကယ်ဆယ်တော်မူခြင်း

"ထာဝရဘုရားကလည်း၊ အဘယ်ကြောင့်ငါ့ကိုအော်ဟစ်သနည်း။ ဣသ ရေလအမျိုးသားတို့သည် တက်သွားစေခြင်းငှါ မှာလိုက်လော့။ သင်မူကား၊ လှံတံကို ချီပြီးလျှင် ပင်လယ်ပေါ်မှာလက်ကိုဆန့်၍ ပင်လယ်ရေကိုခွဲလော့။ ဣသရေလ အမျိုးသားတို့သည် ပင်လယ်၌မြေပေါ်မှာရောက်သွားရကြမည်။" ဘုရားသခင် သည် မိမိ၏လူမျိုးအတွက် အမှုတစ်စုံတစ်ခုပြုတော်မူမည်၊ ၎င်းပြင် သူတို့၌ဒုက္ခ ဆင်းရဲရောက်ရခြင်းသည် ဘုရားသခင်အတွက် အခွင့်ကောင်းတစ်ခုဖြစ်တော်မူ မည်ကို ဘုရားသခင်က မောရှေအား သိနားလည်စေတော်မူ၏။ သူတို့သည်သွား နိုင်သလောက် ဝေးဝေးသွားကြပြီးသောအခါ ဆက်လက်သွားစေရန် မောရှေသည် သူတို့အားမှာထားရမည်။ ထိုနောက် မောရှေသည် ရေများကိုနှစ်ခြမ်းကွဲသွားစေရန် ဘုရားသခင်ပေးတော်မူသော လှံတံကိုအသုံးပြုရလိမ့်မည်။

"ငါသည်လည်း အဲဂုတ္တုလူတို့၏ နှလုံးကိုခိုင်မာစေသဖြင့်၊ သူတို့သည် လိုက်ကြလိမ့်မည်။ ဖာရောဘုရင်နှင့် သူ၏ဗိုလ်ခြေ၊ ရထား၊ မြင်းစီးသူရဲများအားဖြင့် ငါ့ဘုန်းပွင့်သောအခါ ငါသည် ထာဝရဘုရားဖြစ်ကြောင်းကို အဲဂုတ္တုလူတို့သည် သိရကြလိမ့်မည်ဟု မောရှေအားမိန့်တော်မူ၏။

ထိုအခါ ဣသရေလတပ်ရှေ့မှာ သွားသော ဘုရားသခင်၏ကောင်းကင် တမန်သည် နောက်၌လိုက်သဖြင့်၊ မိုးတိမ်တိုင်သည် သူတို့ရှေ့ကရွေ့၍ နောက်၌ ရပ်နေလေ၏။ ထိုသို့ အဲဂုတ္တုတပ်နှင့် ဣသရေလတပ်စပ်ကြားသို့ . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ရောက်လျှင် အဲဂုတ္တုလူတို့၌မိုက်သောမိုးတိမ်ဖြစ်၍ ဣသရေလလူတို့အား အလင်းပေးလျက်နေသဖြင့်၊ တစ်ညလုံးတပ်တစ်ဦးနှင့်တစ်ဦးမချဉ်းနိုင်ရာ။"

ထူထပ်သောမှောင်မိုက်ကိုဖြစ်စေသောမိုးတိမ်သည် အဲဂုတ္တုလူတို့ရှေ့၌တည်ရှိနေသည်ဖြစ်၍ အဲဂုတ္တုလူတို့သည် ဟေဗြဲလူတို့ကိုမမြင်နိုင်ကြ။ ဣသရေလလူတို့အဖို့ကား ထိုမိုးတိမ်သည် အလင်းကိုဖြစ်စေတော်မူ၏။ ထိုသို့အားဖြင့်၊ မိမိ၏လူမျိုးအား စောင့်ရှောက်ပြုစု၍ ချစ်ခြင်းမေတ္တာရှိတော်မူကြောင်း လက္ခဏာသက်သေများကိုပြတော်မူသောနောက်၊ သူတို့သည် ဘုရားသခင်၌ယုံကြည်အားထားခြင်းရှိမရှိကို စုံစမ်းစစ်ဆေးပြီး၊ သူတို့၏မယုံကြည်ခြင်း၊ ညည်းညူခြင်းအမှုများအတွက် ဆုံးမအပြစ်တင်တော်မူရန် ဘုရားသခင်သည် သူတို့အား မိမိ၏တန်ခိုးတော်ကိုထင်ရှားစွာဘော်ပြတော်မူ၏။ "မောရှသည် ပင်လယ်ပေါ်မှာ လက်ကိုဆန့်၍၊ ထာဝရဘုရားသည် တစ်ညလုံး၌အားကြီးသော အရှေ့လေအားဖြင့် ပင်လယ်ရေကိုလှန်ပြန်၍ မြေကိုပေါ်စေတော်မူသည်နှင့် ရေသည်ကွဲပြတ်လျက်ရှိ၏။ ဣသရေလအမျိုးသားတို့သည် ပင်လယ်အလယ်၌မြေပေါ်မှာလျှောက်သွားကြ၍ ရေသည် သူတို့လက်ယာဘက်၊ လက်ဝဲဘက်မှာကျောက်ထရံကဲ့သို့ရှိနေ၏။" ဣသရေလအမျိုးသားတို့သည် ပင်လယ်အလယ်မြေပေါ်၌လျှောက်သွားနေကြစဉ် ရေသည် ရေခဲနံရံများကဲ့သို့ရပ်လျက်တည်နေကြ၏။

ဣသရေလအမျိုးသားတို့သည် ယခုတစ်ဖန် မိမိတို့လက်ထဲသို့ပြန်ရောက်ရကြပြန်ပြီဟုထင်မှတ်ကာ ထိုည၌အဲဂုတ္တုဗိုလ်ခြေတို့သည် အောင်မြင်သောလက္ခဏာနှင့်ဝမ်းမြောက်နေကြ၏။ ဣသရေလလူတို့ရှေ့၌ ဧဒုံပင်လယ်ရှိ၍ သူတို့စစ်တပ်ကြီးများသည် သူတို့နောက်နား၌ရှိသဖြင့် ဣသရေလလူတို့၌လွတ်မြောက်နိုင်စရာလမ်းမရှိဟု အဲဂုတ္တုလူတို့ကထင်မှတ်ကြ၏။ နံနက်၌ ပင်လယ်ကမ်းစပ်သို့ သူတို့ရောက်လာကြသောအခါ ရေများသည် ထက်ခြမ်းကွဲလျက်၊ တစ်ဘက်တစ်ချက်တွင် နံရံကဲ့သို့တည်နေကြရာ၊ အလယ်၌ခြောက်သွေ့သောလမ်းတစ်ခုရှိပြီး၊ ဣသရေလလူတို့သည် ထိုခြောက်သွေ့သောလမ်းပေါ်၌ ရှောက်သွားနေကြသည်မှာ ပင်လယ်အလယ်သို့ ရောက်ရှိနေကြသည်ကိုတွေ့ရကြ၏။ သူတို့သည် မည်သည့်လမ်းကို လိုက်ရမည်နည်းဟု ဆုံးဖြတ်ရန်ခဏကြာမျှစောင့်ဆိုင်းနေကြသေး၏။ ဟေဗြဲလူတို့သည် သူတို့လက် . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

မောရှေသည်လက်ကိုဆန့်သောအခါ ပင်လယ်ရေတို့သည်
အဲဂုတ္တုစစ်သားများပေါ်သို့ လွှမ်းမိုးသွားခြင်း

ထဲသို့ရောက်လုနီးပါးဖြစ်နေလျက် အမှန်ပင်သူတို့ကိုမိတော့မည်ဟုထင်မှတ်နေစဉ်၊ ပင်လယ်ထဲ၌မမြော်လင့်သောလမ်းသည် သူတို့အတွက် ပွင့်သွားသည်ကို အဲဂုတ္တုလူတို့သည် စိတ်ပျက်ကာဒေါသထွက်လျက်ရှိနေကြ၏။ သူတို့သည် အဆုံး၌ ဣသရေလလူတို့နောက်သို့လိုက်ရန် ဆုံးဖြတ်လိုက်ကြ၏။

"အဲဂုတ္တုလူများ၊ ဖာရောဘုရင့်၌ပါသောမြင်း၊ ရထားမြင်းစီးသူရဲအပေါင်းတို့သည် ပင်လယ်အလယ်သို့လိုက်ဝင်ကြ၏။ နံနက်ယံ၌ ထာဝရဘုရားသည် မီးမိုးတိမ်တိုင်အားဖြင့် အဲဂုတ္တုတပ်ကိုကြည့်ရှု၍ နှောက်ယှက်တော်မူ၏။ သူတို့ရထားအသွားခက်စေခြင်းငှါ၊ ရထားဘီးများကိုချို့တဲ့စေတော်မူ၏။ အဲဂုတ္တုလူတို့ကလည်း ဣသရေလလူတို့ထံမှပြေးကြစို့။ ထာဝရဘုရားသည် သူတို့ဘက်၊ အဲဂုတ္တုလူတို့တစ်ဖက်၌စစ်တိုက်သည်ဟု ပြောဆိုကြ၏။"

ဘုရားသခင်သည် မိမိ၏လူမျိုးအတွက်ပြင်ဆင်ပေးတော်မူသော လမ်းခရီးတွင် အဲဂုတ္တုလူတို့သည် စွန့်စား၍သွားဝံ့ကြရာ၊ ဘုရားသခင်၏ကောင်းကင်တမန်များသည် သူတို့ဗိုလ်ခြေများထဲသို့ဝင်ရောက်၍ သူတို့၏ရထားဘီးတို့ကိုဖြုတ်ပစ်ကြ၏။ သူတို့၌ဘေးဒုက္ခရောက်လေ၏။ သူတို့သည် အလွန်အသွားနှေးလာကြရာ သူတို့သည်စိတ်ပျက်စပြုလာကြ၏။ အဲဂုတ္တုပြည်၌ ဣသရေလလူတို့ကိုလွှတ်စေရန် သူတို့အပေါ်သို့ ဟေဗြဲလူတို့၏ဘုရားသခင်က စီရင်တော်မူခဲ့သောဘေးဒဏ်များကို သူတို့သတိရလာကြ၏။

ငှင်းပြင် ဘုရားသခင်သည် သူတို့ အပေါင်းကို ဣသရေလလူတို့လက်ထဲသို့ အပ်နှံတော်မူလိမ့်မည်ဟု ထင်မှတ်ကြ၏။ ဘုရားသခင်သည် ဣသရေလလူတို့အဖို့ စစ်တိုက်လျက်နေတော်မူသည်ဟု ဆုံးဖြတ်ကြပြီး၊ သူတို့သည်အလွန်ပင်ကြောက်လန့်သဖြင့်၊ သူတို့ထံမှထွက်ပြေးရန် နောက်သို့ပြန်လှည့်နေကြစဉ်၊ "ထာဝရဘုရားကလည်း၊ ပင်လယ်ရေသည် အဲဂုတ္တု လူများ၊ ရထားများ၊ မြင်းစီးသူရဲများတို့အပေါ်သို့ ပြန်စေခြင်းငှါ၊ ပင်လယ်ပေါ်မှာ လက်ကိုဆန့်လော့ဟု မောရှေအားမိန့်တော်မူ၏။"

"မိုးလင်းသောအခါ၊ မောရှေသည်လက်ကိုပင်လယ်ပေါ်မှာဆန့်သဖြင့် ပင်လယ်ရေသည်အားကြီး၍ ပြန်လာသည်ကို အဲဂုတ္တုလူတို့သည် ပြေးကြသော်လည်း ထာဝရဘုရားသည် သူတို့ကိုပင်လယ်အလယ်၌ လှဲ. . . . . . . . . . . . . .

တော်မူ၏။ ထိုသို့ ပင်လယ်ရေသည်ပြန်လာ၍ ပင်လယ်ထဲသို့လိုက်ဝင်သော ဖာရောဘုရင်၏ရထား၊ မြင်းစီးသူရဲ၊ ဗိုလ်ခြေအပေါင်းတို့ကိုလွှမ်းမိုးသဖြင့် တစ်စုံ တစ်ယောက်မျှမကျန်ရစ်ရ။ ဣသရေလအမျိုးသားတို့မူကား၊ ပင်လယ်အလယ်၌ မြေပေါ်မှာလျှောက်သွား၍ ရေသည်သူတို့လက်ယာဘက်၊ လက်ဝဲဘက်မှာ ကျောက်ထရံကဲ့သို့ရှိနေ၏။ ထိုသို့ထာဝရဘုရားသည် ထိုနေ့၌ ဣသရေလလူတို့ကို အဲဂုတ္တုလူတို့လက်မှ ကယ်လွှတ်တော်မူသဖြင့် ပင်လယ်ကမ်းနားမှာ အဲဂုတ္တုလူအသေကောင်တို့ကိုမြင်ရကြ၏။ ထိုသို့ အဲဂုတ္တုလူတို့၌ ထာဝရဘုရားပြုတော်မူသောအမှုကြီးကို ဣသရေလလူတို့သည်မြင်၍ ထာဝရဘုရားကိုကြောက်ရွံ့ကြ၏။ ထာဝရဘုရားနှင့် ကိုယ်တော်၏ကျွန်မောရှေကိုယုံကြည်ကြ၏။”

အဲဂုတ္တုလူတို့ကို ဖျက်ဆီးခြင်းအမှု၌ ဘုရားသခင်၏အံ့ဘွယ်သောအမှုကို ဟေဗြဲလူတို့သည် မြင်ရကြသောအခါ သူတို့သည် အလွန်တရာပင် ကောင်းမြတ်သောစကားများဖြင့် ကျေးဇူးတော်ချီးမွမ်းခြင်းသီချင်းကို စိတ်ပါစွာနှင့် သံပြိုင်ဆိုကြ၏။

--oo--

# အခန်း (၁၇)
# ဣသရေလလူမျိုးတို့ခရီးသွားခြင်း

ဣသရေလအမျိုးသားတို့သည် တောထဲ၌ခရီးသွားနေကြရာ၊ သုံးရက်မျှကြာသော်လည်း သောက်ဘို့ရေကောင်းကောင်းမတွေ့ကြ။ သူတို့သည် ရေငတ်၍ ဒုက္ခရောက်ကြသဖြင့်၊ "လူများတို့သည်မောရှေကိုအပြစ်တင်၍ မြည်တမ်းလျက် အဘယ်သို့သောက်ရပါမည်နည်းဟု ဆိုကြ၏။ မောရှေသည် ထာဝရဘုရားအား အော်ဟစ်၍၊ ထာဝရဘုရားသည် သစ်ပင်တစ်ပင်ကိုပြတော်မူ၏။ ထိုအပင်ကိုရေထဲသို့ချပြီးလျှင်၊ ရေသည်ချိုလေ၏။ ထိုအရပ်၌ သူတို့ကိုစုံစမ်း၍စီရင်ထုံးဖွဲ့တော်မူသည်ကား၊ သင်တို့သည် သင်တို့၏ဘုရားသခင်ထာဝရဘုရား၏စကားကို စေ့စေ့နားထောင်၍နှစ်သက်တော်မူသော အကျင့်ကိုကျင့်လျှင်၎င်း၊ ပညတ်တရားတော်အလိုသို့လိုက်၍စီရင်တော်မူချက်တို့ကို စောင့်ရှောက်လျှင်၎င်း၊ ငါသည် အဲဂုတ္တုလူတို့၌စွဲစေသော ရောဂါတစ်စုံတစ်ခုကိုမျှ သင်တို့၌မစွဲစေ။ ငါသည် သင်တို့၏ရောဂါများကို ငြိမ်းစေသောထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။

ဣသရေလအမျိုးသားတို့၌ မယုံကြည်တတ်သော သဘောဆိုးရှိ၏။ သူတို့သည် တောထဲ၌ဒုက္ခဆင်းရဲကို သည်းခံလိုသောစိတ်မရှိကြ။ လမ်းခရီး၌အခက်ခဲနှင့်ကြုံလာလျှင်၊ ၎င်းတို့ကိုမဖြစ်နိုင်သောအရာများဟု သဘောထားကြ၏။ သူတို့သည် ဘုရားသခင်၌ယုံကြည်သောစိတ်ကင်းမဲ့လာ၍ သူတို့ရှေ့၌ သေစရာအကြောင်းအပြင် ဘာကိုမျှမမြင်ကြတော့ချေ။ "ထိုတော၌ ဣသရေလအမျိုးသားပရိတ်သတ်အပေါင်းတို့က ငါတို့သည် အဲဂုတ္တုပြည်၌အမဲသားချက်သော အိုးကင်းနားမှာထိုင်၍ ဝစွာစားရသောအခါ ထာဝရဘုရားလက်တော်ဖြင့် သေလျှင်သာ၍ကောင်း၏။ ယခုမူကား၊ ဤစည်းဝေးလျက်ရှိသောလူအပေါင်းတို့ကို ငတ်မွတ်ခြင်းအားဖြင့်သတ်လိုသောငှါ ဤတောအရပ်သို့ဆောင်ခဲ့ပြီတကားဟု မောရှေနှင့်အာရုန်ကိုအပြစ်တင်၍ မြည်တမ်းလျက်ဆိုကြ၏။

သူတို့သည် အမှန်အားဖြင့် ငတ်မွတ်ခြင်းဝေဒနာကိုခံနေရကြသည်မဟုတ်သေးပါ။ သူတို့၌လက်ငင်းသုံးဆောင်ဖို့ စားစရာရှိနေသေး၏။ သို့ . . . . . .

သော် ရှေ့ရေးအတွက်ပူပန်နေကြသည်။ ဣသရေလလူအုပ်ကြီးသည် တောထဲ၌ ကြာမြင့်စွာခရီးသွားလာနေကြရာတွင်၊ မိမိတို့၌ရှိနေသော သာမညစားစရာနှင့် မည်ကဲ့သို့ ဆက်လက်စားသောက်နေထိုင်ရမည်ကို သူတို့သည် မစဉ်းစားတတ်ကြတော့ချေ။

ဌင်းပြင် မယုံကြည်သောစိတ်ထားဖြင့် မိမိတို့၏သားသမီးများသည် ငတ်မွတ်နေကြသည်ဟု ထင်မြင်ကြ၏။ သူတို့သည် သူတို့အား ယခုတိုင်အောင် စောင့်ရှောက်ကူညီခဲ့တော်မူသော အရှင်ထံသို့လှည့်၍ ယုံကြည်အားကိုးကြမည့်အကြောင်း သူတို့၌စားစရာလျော့ပါးသွားပြီး ဒုက္ခတွေ့စေဖို့ ထာဝရဘုရားသည် အလိုတော်ရှိတော်မူ၏။ ထာဝရဘုရားသည် သူတို့ကို လက်ငင်းကူညီရန်အသင့်ရှိတော်မူသည်။ သူတို့သည် ဒုက္ခရောက်သောအခါ၌ ထာဝရဘုရားကိုအော်ဟစ်ကြလျှင် ထာဝရဘုရားသည် သူတို့အား မိမိ၏မေတ္တာတော်နှင့် အမြဲစောင့်ရှောက်တော်မူခြင်း၏အမှတ်လက္ခဏာတို့ကို သူတို့အား ထင်ရှားစေတော်မူမည်။

သို့ရာတွင် သူတို့သည် ထာဝရဘုရား၏တန်ခိုးတော်အားဖြင့် ထင်ရှားသောသက်သေသာဓကများကို မျက်စိရှေ့၌ ဆက်လက်မြင်နေရမည်ထက်တိုး၍ ထာဝရဘုရားကိုယုံကြည်အားကိုးဖို့ အလိုမရှိကြ။ သူတို့သည် ဘုရားသခင်၌ အမှန်ယုံကြည်လျက်စွဲမြဲစွာ အားကိုးကြလျှင်၊ ထာဝရဘုရားသည် သူတို့ကိုအံ့ဖွယ်နည်းဖြင့် ကျွန်ခံနေရာမှကယ်နှုတ်တော်မူပြီးနောက် သူတို့သည် အခက်အခဲနှင့် အတားအဆီး၊ သို့မဟုတ် အကယ်၍ကျရောက်သောဆင်းရဲဒုက္ခတို့ကိုပင် ဝမ်းမြောက်စွာခံယူနိုင်ကြလိမ့်မည်။ ထို့မျှမကသေး ထာဝရဘုရားက သူတို့သည် ပညတ်တော်များတို့ကို စောင့်ရှောက်လိုက်နာကြလျှင် ရောဂါဝေဒနာတစ်စုံတစ်ခုမှသူတို့အပေါ်သို့ မသက်ရောက်ရဟု ဂတိထားတော်မူ၏။ အကြောင်းမူကား၊ “ငါသည် သင်တို့၏ရောဂါကိုငြိမ်းစေသော ထာဝရဘုရားဖြစ်သည်ဟု မိန့်တော်မူ၏။”

ဤသို့ သေချာသောဂတိတော်ကို ဘုရားသခင်ထံတော်မှရရှိကြပြီးနောက်၊ သူတို့နှင့်သူတို့၏သားသမီးများသည် ငတ်မွတ်၍ သေကုန်ကြမည်ကို တင်ကူး၍စိုးရိမ်နေခြင်းသည် အပြစ်မကင်းသော ယုံမှားခြင်းဖြစ်သည်။ သူတို့သည် အဲဂုတ္တုပြည်၌ ပင်ပန်းစွာအလုပ်လုပ်ခဲ့ရကြခြင်းဖြင့် အလွန်ဒုက္ခဆင်းရဲခံရကြပြီ။ သူတို့၏ သားယောက်ကျားကလေးများသည်လည်း အသတ်ခံ . . . . . . . . . . .

ရကြပြီ။ ၄င်းပြင် ပြင်းစွာဒုက္ခဝေဒနာခံရစဉ် သူတို့ဆုတောင်းသံကို နားညောင်းတော်မူလျက် ဘုရားသခင်သည် သူတို့ကို ဂရုဏာနှင့် ကယ်နှုတ်တော်မူခဲ့ပြီ။ ဘုရားသခင်သည် သူတို့၏ဘုရားသခင်ဖြစ်၍ သူတို့ကိုမိမိ၏လူမျိုးအဖြစ် ရွေးချယ်ပြီးလျှင် ကျယ်ပြန့်မြေသြဇာကောင်းသောပြည်သို့ ပို့ဆောင်တော်မူမည်ဟု ထာဝရဘုရားသည် ဂတိထားတော်မူ၏။

သို့ရာတွင် ထိုပြည်သို့သွားရာလမ်းတွင် တွေ့ကြုံရသောဒုက္ခဆင်းရဲတစ်စုံတစ်ခု၌ သည်းခံရမည့်အစား အလွယ်တကူနှင့်စိတ်ပျက်ကြသည်။ သူတို့သည် အဲဂုတ္တုလူတို့၏လက်အောက်၌ များစွာဒုက္ခဆင်းရဲခံရကြပြီ။ သို့ရာတွင် ယခုသူတို့သည် ဘုရားသခင်၏အမှုတော်ကိုထမ်းရာ၌ ဒုက္ခမခံနိုင်ကြ။ သူတို့သည် စုံစမ်းခြင်းခံရသောအခါ အလွယ်တကူစိတ်ပျက်ညှိုးငယ်လာလျက် ယုံမှားခြင်းသို့ ရောက်ကြသည်။ သူတို့သည် ဘုရားသခင်၏သစ္စာရှိကျွန်၊ မောရှေထံ၌ညည်းညူလျက်၊ အမဲသားချက်သောအိုးကင်းနားမှာထိုင်၍ ဝစွာစားခဲ့ရသော အဲဂုတ္တုပြည်၌နေရစ်ခဲ့သော် သာ၍ကောင်း၏ဟူ၍ ဆိုးညစ်သော ဆန္ဒများကိုထုတ်ဖော်ပြောကြ၏။

## ကျွန်ုပ်တို့ခေတ်အတွက် သင်ခန်းစာတစ်ခု

ယုံမှား၍ ညည်းညူသော ဣသရေလအမျိုးသားတို့သည် မြေကြီးပေါ်၌ ယခုရှိနေကြသော ဘုရားသခင်၏လူများကို ပုံဆောင်ထား၏။ အများသောသူတို့သည် ဣသရေလလူတို့ကိုကြည့်လျက်၊ ထာဝရဘုရားသည် သူတို့အတွက် ထိုမျှလောက်ပြုစုတော်မူခြင်းဖြင့် သူတို့အပေါ်၌ထားတော်မူသော မေတ္တာတော်နှင့် စောင့်ရှောက်ခြင်းဂရုဏာတော်၏ အထိမ်းအမှတ်များကို ပြတော်မူပြီးသည့်နောက်မှာပင် သူတို့သည် ယုံမှား၍ဆက်လက်ညည်းညူကြသည့်အမှုကို အံ့သြတတ်ကြသည်။ သူတို့သည် ကျေးဇူးကန်းဖို့မသင့်ဟု သူတို့ထင်မှတ်ကြ၏။ သို့သော် ထိုသို့ထင်မှတ်သောသူအချို့တို့ပင် အကျိုးအနည်းငယ်သာခံစားခွင့်ရသောအမှုတို့၌ ညည်းညူကာ စိတ်ကျေနပ်ခြင်းမရှိကြ။ သေးငယ်သောအမှုကိစ္စတို့၌ သူတို့၏ယုံကြည်ခြင်းကို ထာဝရဘုရားသည်စုံစမ်း၍ သူတို့ကိုမကြာခဏ စစ်ဆေးစုံစမ်းကြည့်တော်မူသည်ကို သူတို့ . . . . . . . . . . . . . . . . . . . . . . . . . . . . .

မသိကြ။ ၄င်းပြင် သူတို့သည် ရှေးက္ကသရေလလူတို့ထက် မလွန်မသာအောင် စုံစမ်းခြင်း၌သည်းမခံကြ။

အများသောသူတို့၌ လက်ငင်းအလိုရှိနေသောအရာတို့ကို ရရှိကြပြီ။ သို့သော် နောင်ရေးအတွက် ထာဝရဘုရားကိုအားကိုးကြမည်မဟုတ်။ သူတို့သည် ယုံမှားခြင်းကိုဖော်ပြ၍ စိတ်ပျက်အားလျော့ကာ နောင်ရေးအတွက်တင်ကူးပြီး စိတ်ညှိုးငယ်နေတတ်ကြသည်။ အချို့တို့သည် မိမိတို့၌၄င်း၊ သားသမီးတို့၌၄င်း၊ ဒုက္ခရောက်တော့မည်ကို အမြဲပူပန်သောကရောက်လျက်ရှိကြသည်။ သူတို့၏ယုံကြည်ခြင်းသည် ဘုရားသခင်အပေါ်၌ထားသော သူတို့၏ချစ်ခြင်းမေတ္တာကို စုံစမ်းစစ်ဆေး၍ သူတို့၌အခက်အခဲဖြစ်ပေါ်လာသောအခါ သို့မဟုတ် ကျဉ်းမြောင်းသော အခြေအနေသို့ရောက်လာသောအခါ၊ သူတို့သည်စုံစမ်းစစ်ဆေးခြင်းအမှု၌ နောက်ဆုတ်ကြလျက်၊ သူတို့အားဖြူစင်စေခြင်းငှါ ဘုရားသခင်ရွေးချယ်အသုံးပြုတော်မူသော နည်းလမ်းအတွက် ညည်းညူတတ်ကြသည်။ သူတို့သည် ခပ်သိမ်းသောအရာတို့ကို ခံရပ်နိုင်လောက်အောင် သူတို့၏ချစ်ခြင်းမေတ္တာသည်ဖြူစင်စုံလင်ခြင်းမရှိကြောင်းဖော်ပြ၏။

ကောင်းကင်ဘုံရှင်ဘုရားသခင်၏လူများတို့၌ရှိသော ယုံကြည်ခြင်းသည် ခိုင်ခံ့၊ ထကြွနိုးကြား၍သည်းခံလျက်မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်ရမည်။ အက္ခန်ုပ်၌ ကျေးဇူးပြုတော်မူသောကြောင့် "အိုငါ့ဝိညာဉ်၊ ထာဝရဘုရားကိုကောင်းချီးပေးလော့။ ငါ၏အထဲမှာရှိသမျှတို့၊ သန့်ရှင်းသောနာမတော်ကိုကောင်းချီးပေးကြလော့"ဟူသော စကားမျိုးသည် သူတို့၏နှုတ်မှထိုအခါ ထွက်ပေါ်လာကြလိမ့်မည်။

ကိုယ်ကိုငြင်းပယ်ခြင်းသည် ဒုက္ခဆင်းရဲခြင်းအစစ်အမှန်ဖြစ်သည်ဟု အချို့ကယူဆကြသည်။ မသင့်တော်သောအစားအသောက်များကို မက်မောလာကြသည်။ ရိုးရိုးအစားအသောက်ကြောင့် တကယ်ပင် အာဟာရဓါတ်ခေါင်းပါးခြင်းဖြစ်ဘိသကဲ့သို့ ကျန်းမာခြင်းနှင့်မညီညွတ်သော အစားအသောက်ကို တားဆီးပိတ်ပင်ခြင်းအမှုကို ခရစ်ယာန်ဟုခေါ်နေသောသူအများပင် ထိတ်လန့်သွားကြသည်။ ၄င်းပြင် က္ကသရေလအမျိုးသားများကဲ့သို့ အမဲသားချက်သောအိုးကင်းနှင့် ကင်းနေရသည်ထက်ကျွန်ခံရခြင်း၊ အနာရောဂါစွဲကပ်ရခြင်း၊ ထို့မျှမက သေခြင်းကိုပင်နှစ်သက်လိုလားကြသည်။ ဘေး . . . . . . . . . . . . . . . . . . . . . . . . . . .

ဒုက္ခရောက်ရာကာလ၌ ကျန်းကြွင်းသောသူတို့အား ဂတိထားတော်မူသောအရာ တို့မှာ မုန့် (ထမင်း)နှင့်ရေသာဖြစ်ပေသည်။

## မန္နမုန့်

“နှင်းတက်ပြီးသောအခါ၊ နှင်းခဲကဲ့သို့ သေးသေးလုံးလုံးအရာသည် မြေမျက်နှာပေါ်မှာရှိရစ်လေ၏။ ထိုအရာကို ဣသရေလအမျိုးသားတို့သည် မြင်သောအခါ၊ အဘယ်အရာနည်းဟု မသိသောကြောင့်၊ တစ်ယောက်ကိုတစ်ယောက်မေးကြ၏။ မောရှေကလည်း၊ ဤအရာသည် သင်တို့စားစရာအဖို့ ထာဝရဘုရားပေးသနားတော်မူသော မုန့်ဖြစ်၏။ လူတိုင်းမိမိတဲ၌ရှိသော သူအရေအတွက်နှင့်အညီ လူအသီးသီးစားလောက်အောင် တစ်ယောက်တဩမဲစီသိမ်းယူကြလော့ဟု ထာဝရဘုရားမိန့်တော်မူကြောင်းကို ပြန်ပြောလေ၏။

“ဣသရေလအမျိုးသားတို့သည် ထိုသို့ပြု၍၊ အနည်းအများအလိုက် သိမ်းယူကြ၏။ ဩမဲတောင်းနှင့်ခြင်ကြသောအခါ၊ များများရသောသူမပို၊ နည်းနည်းရသောသူမလို၊ အသီးအသီးတို့သည် စားလောက်အောင် သိမ်းယူကြ၏။ မောရှေကလည်း၊ နံနက်တိုင်အောင် အဘယ်သူမျှမကျန်စေနှင့်ဟုဆိုသော်လည်း အချို့တို့သည် မောရှေစကားကိုနားမထောင်ဘဲ နံနက်တိုင်အောင်ကျန်စေသဖြင့် ၊ ပိုးဖြစ်၍နံသော်လည်း၊ မောရှေသည် အမျက်ထွက်၏။ ထိုသူအသီးအသီးတို့သည် နေ့တိုင်းမိမိတို့စားလောက်သမျှကို သိမ်းယူကြ၏။ နေပူသောအခါ အရည်ဖြစ်လေ၏။

“ခြောက်ရက်မြောက်သောနေ့၌၊ မုန့်နှစ်ဆတည်းဟူသော တစ်ယောက်နှစ်ဩမဲစီသိမ်းရကြ၏။ ထိုအကြောင်းကို ပရိသတ်အုပ်အပေါင်းတို့သည် မောရှေအားကြားပြောလေ၏။ သူကလည်း နက်ဖြန်နေ့သည် ထာဝရရှေ့၌ သန့်ရှင်းသော ဥပုသ်နေ့၊ ငြိမ်ဝပ်စွာနေရသောနေ့ဖြစ်၏။ မုန့်ကိုပေါင်းချင်သည်အတိုင်း ပေါင်းကြလော့။ ပြုတ်ချင်သည်အတိုင်းပြုတ်ကြလော့။ ကျန်သောအရာကိုနံနက်တိုင်အောင်စောင့်၍ သိုထားကြလော့ဟု ထာဝရဘုရားမိန့်တော်မူကြောင်းကို ပြန်ပြောလေ၏။ မောရှေမှာထားသည်အတိုင်း နံနက်တိုင်အောင် သိုထားကြ၏။ နံခြင်းနှင့်ကင်းလွတ်၏။ ပိုးလည်းမရှိ။ မောရှေကလည်း ကျန်သောအရာကိုယနေ့စားကြလော့။ ယနေ့သည် ထာ . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ ယနေ့တွင် ထိုအရာကို တော၌မတွေ့ရ၊ ခြောက်ရက်ပတ်လုံးသိမ်းယူရကြ၏။ ဥပုသ်နေ့တည်းဟူသော ခုနစ်ရက်မြောက်သောနေ့တွင် မရှိမတွေ့ရဟုဆိုလေ၏။"

ထာဝရဘုရားသည် ဥပုဉ်နေ့နှင့်စပ်ဆိုင်လျှင် ဣသရေလအမျိုးသားတို့အား အထက်ကထူးခြားစွာပေးခဲ့သောအမိန့်ထက် ယခုခေတ်တွင်လည်း မယုတ်မလျော့ဘဲသေချာစွာပညတ်တော်မူပါသည်။ ငြိမ်ဝပ်စွာနေရသော ဥပုသ်နေ့မရောက်ခင် ဆဋ္ဌမနေ့၌ ပေါင်းလိုသောအရာကို ပေါင်းကြစေရန်၊ ပြုတ်လိုသောအရာကိုပြုတ်ကြစေရန် ဘုရားသခင်အလိုတော်ရှိတော်မူပါသည်။

ဘုရားသခင်သည် ကောင်းကင်မှမုန့်ကို ချပေးတော်မူခြင်းဖြင့် မိမိ၏လူများကိုချစ်ခင်၍ များစွာစောင့်ရှောက်တော်မူကြောင်း ဘော်ပြ၏။ "လူသည် ကြီးမြတ်သောသူ (ကောင်းကင်တမန်)တို့၏အစာကို သုံးဆောင်ရကြ၏။" ကောင်းကင်တမန်တို့ကချပေးသောအစာဟုဆိုလို၏။ မန္နမုန့်နှင့်စပ်ဆိုင်သော နိမိတ်လက္ခဏာ၊ သုံးမျိုး၊ ဆဋ္ဌမနေ့၌နှစ်ဆပေးခြင်း၊ သတ္တမနေ့၌မတွေ့ရှိခြင်း၊ အခြားသောနေ့များ၌ ကျန်နေသောအရာများ ပုပ်သိုးသော်လည်း ဥပုသ်နေ့၌မပုပ်မသိုးလတ်ဆတ်နေခြင်းအမှုတို့သည် ဥပုသ်နေ့၏သန့်ရှင်းခြင်းအကြောင်းကို သူတို့အားသိမှတ်စွဲလန်းစေဖို့ စီမံထားတော်မူခြင်းဖြစ်သည်။

သူတို့စားစရာတို့ကို ကြွယ်ဝစွာရရှိကြပြီးသောအခါ သူတို့သည် မိမိတို့၏ယုံမှားခြင်း၊ ညည်းညူခြင်းအတွက်ရှက်လာကြပြီး နောင်ထာဝရဘုရားကို ယုံကြည်အားကိုးရန် ဂတိထားကြသည်။ သို့သော်၊ သူတို့သည် မိမိတို့၏ဂတိကိုမေ့လျက် သူတို့၏ယုံကြည်ခြင်းကို ပဌမဦးစွာစပ်းသပ်သောအခါ၌ပင် မအောင်မြင်ကြ။

## ကျောက်မှရေထွက်ခြင်း

သူတို့သည် သိန်တော်ထဲကထွက်၍ ခရီးသွားရာ ရေဖိဒိန်အရပ်သို့ရောက်၍ စခန်းချကြ၏။ ထိုနေရာ၌ လူများသောက်ဖို့ရာရေမရှိ။ "ထိုကြောင့်လူများတို့ကသောက်ဖို့ရေပေးပါဟုဆို၍ မောရှေကိုရန်တွေ့ကြ၏။ မောရှေကလည်း ငါ့ကိုအဘယ်ကြောင့်ရန်တွေ့ကြသနည်း။ ထာဝရဘုရားကို အ . . . . . . . . . . .

ဘယ်ကြောင့် စုံးစမ်းကြသနည်းဟုဆိုလေ၏။

လူများတို့သည် ရေငတ်၍ မောရှေ ကိုအပြစ်တင်မြည်တမ်းလျက် ငါတို့မှစ၍သားသမီး၊ တိရစ္ဆာန်တို့ကို အငတ်ထား ၍သတ်ခြင်းငှါ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်းဟုဆိုကြ၏။ ထိုအ ခါ မောရှေသည် ထာဝရဘု ရားအားအော်ဟစ်၍ ဤလူတို့အားအကျွန်ုပ်သည် အဘယ်သို့ပြုရပါမည်နည်း။ အကျွန်ုပ်ကိုခဲနှင့်ပစ်လုကြပါပြီဟု လျှောက်လေ၏။

"ထာဝရဘုရားကလည်း၊ လူများရှေ့သို့သွား၍ ဣသရေလအမျိုးအ သက်ကြီးသူတို့ကိုခေါ်လော့။ မြစ်ကိုရိုက်သောသင်၏လှံတံကိုကိုင်လျက်၊ ဟော ရပ်အရပ်သို့သွားလော့။ ထိုအရပ်၌ရှိသောကျောက်ပေါ်တွင် သင်ရှေ့မှာငါရပ် နေမည်။ သင်သည် ထိုကျောက်ကိုရိုက်ရမည်။ လူများသောက်ဖို့ ထိုကျောက်ထဲက ရေထွက်ရမည်ဟု မောရှေအားမိန့်တော်မူ၏။

မောရှေသည်လည်း ဣသရေလအမျိုး အသက်ကြီးသူတို့ရှေ့မှာ ထိုသို့ပြု လေ၏။ ဣသရေလအမျိုးသားတို့က ထာဝရဘုရားသည် ငါတို့တွင်ရှိသလော၊ မရှိသလောဟု ထာဝရဘုရားကိုစုံစမ်း၍ ရန်တွေ့သောအရပ်ကြောင့် ထိုအရပ်ကို မဿာနှင့် မေရိဘဟု သမုတ်သတည်း။

ဣသရေလအမျိုးသားတို့သည် ဒုက္ခရောက်ရာ၌ ဘုရားသခင်ကိုမျှော် ကြည့်ကြသလား၊ သို့မဟုတ် အထက်ကပြုသကဲ့သို့ ညည်းညူကြသလားဟု သိရှိရန်သူတို့ကိုစုံစမ်းဖို့ ဘုရားသခင်သည် သူတို့အား ရေမရှိသောထိုအရပ်၌ စခန်းချစေခြင်းငှါ လမ်းညွှန်တော်မူ၏။ သူတို့အား အံ့သြဘွယ်ကယ်နှုတ်ဆောင်ခဲ့ ရာတွင် ဘုရားသခင်သည် သူတို့အားမည်ကဲ့သို့ပြုစုတော်မူခဲ့သည်ကို ထောက် လျက်၊ သူတို့သည် ဒုက္ခရောက်ရာတွင် ဘုရားသခင်ကိုယုံကြည်သင့်ကြသည်။ ဘုရားသခင်သည် သူတို့အား မိမိ၏လူမျိုးအဖြစ်နှင့် မိမိအဖို့ရွေးကောက်တော်မူရန် ဂတိထားတော်မူသဖြင့် သူတို့အားရေငတ်၍သေစေခြင်းငှါ အလိုရှိတော်မမူ ကြောင်းကို သူတို့သိရှိသင့်ကြသည်။

သို့ရာတွင် မိမိတို့၌လိုသောအရာကို ချပေးတော်မူရန် ထာဝရဘုရား အား နှိမ့်ချသောစိတ်နှင့်တောင်းပန်ရမည့်အစား၊ သူတို့ သည် မောရှေထံညည်းညူ လျက် သောက်ရေကို အတင်းအကြပ်တောင်းဆို၏။

ထာဝရဘုရား၏အမိန့်တော်အတိုင်း
မောရှေသည်ကျောက်ကိုရိုက်သောအခါ လူများတို့အဖို့
ရေများစွာစီးထွက်လာ၏

သူတို့ရရှိသောကောင်းကျိုးရှိသမျှသည် ဘုရားသခင်ထံတော်မှ သက်ရောက်ကြောင်း သူတို့အား သိနားလည်စေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၏တန်ခိုးတော်ကို သူတို့ရှေ့၌ အံ့ဩဖွယ်သောနည်းဖြင့် ဆက်လက်ဖော်ပြလျက်ရှိသည်။ ၎င်းပြင် ၎င်းတို့ကို မိမိအလိုတော်အတိုင်းချပေးနိုင်၊ ရုပ်သိမ်းနိုင်တော်မူကြောင်းကိုလည်း သိနားလည်စေလိုတော်မူ၏။ ကြိမ်ဖန်များစွာသူတို့သည် ဤအချက်ကို ကောင်းစွာသိနားလည်ခဲ့ကြ၍ထာဝရဘုရားရှေ့တော်၌ မိမိတို့ကိုယ်ကို များစွာနှိမ့်ချခဲ့ကြပြီ။ သို့သော် ရေငတ်သောအခါ (သို့မဟုတ်) ငတ်မွတ်သောအခါ၊ သူတို့သည် မောရှေအား စိတ်ကျေနပ်စေခြင်းငှါသာ အဲဂုတ္တုပြည်ကထွက်လာကြသကဲ့သို့ မောရှေကိုအပြစ်တင်ကြ၏။ မောရှေသည် သူတို့ရက်စက်စွာညည်းညူခြင်းအတွက် စိတ်ဒုက္ခရောက်၏။

လူများတို့သည် သူ့ကို ကျောက်ခဲနှင့်အပေါက်လုသောကြောင့် အဘယ်သို့ပြုရပါမည်နည်းဟု ထာဝရဘုရားကိုသူမေးလျှောက်ရလေ၏။ ထာဝရဘုရားက သူ့အား ဘုရားသခင်၏လှံတံနှင့်သွား၍ ကျောက်ကိုရိုက်ရန်မှာထားတော်မူ၏။ ဘုရားသခင်၏ဘုန်းတော်နှင့်ပြည့်ဝသော မိုးတိမ်သည် ကျောက်ရှေ့မှာ တည့်တည့်လွှမ်းမိုးလေ၏။ "တော၌ကျောက်ကိုဖောက်၍ပင်လယ်ရေကဲ့သို့များစွာသောရေကို သူတို့အားတိုက်တော်မူ၏။ ကျောက်ထဲကစီးသောရေကိုထွက်စေ၍ မြစ်ရေကဲ့သို့ ရေများကို စီးစေတော်မူ၏။"ဆာလံကျမ်း ၇၈း၁၅၊၁၆

မောရှေသည်ကျောက်ကိုရိုက်ရာ၊ သူ၏အနားတွင် သခင်ခရစ်တော်သည် ရပ်နေတော်မူလျက်၊ မာသောကျောက်ထဲကရေကို စီးထွက်စေတော်မူ၏။ လူများတို့သည် ရေငတ်ရာ၌ ထာဝရဘုရားကိုစုံစမ်းကြ၍ ဘုရားသခင်သည် အကျွန်ုပ်တို့အား ဤအရပ်သို့ခေါ်ဆောင်လာတော်မူလျှင်၊ ကျွန်ုပ်တို့အားမုန့်နှင့်အတူ အဘယ်ကြောင့်ရေကို ပေးတော်မမူသလဲဟုဆိုကြ၏။

ထိုစကားသည် အပြစ်မ ကင်းသော ယုံမှားခြင်းကိုဖော်ပြ၍ သူတို့မိုက်မဲစွာညည်းညူခြင်းအတွက် ဘုရားသ ခင်သည် သူတို့အား ဒဏ်ခတ်တော်မူမည်ဟု မောရှေအားစိုးရိမ်ကြောင့်ကြစေခဲ့၏။ ထာဝရဘုရားသည် မိမိလူတို့၏ ယုံကြည်ခြင်းကို စုံစမ်းစစ်ဆေးတော်မူသော်လည်း သူတို့သည် စုံစမ်းခြင်းကို မခံနိုင်ကြ။ သူတို့သည် အစာနှင့်ရေအတွက် ညည်းညူပြီး မောရှေကိုအပြစ်တင် . . . . . . . .

ကြ၏။ သူတို့၏မယုံကြည်မှုကြောင့် သူတို့၏ခွန်အားသတ္တိကို ဘယ်ကရရှိသည်ကို ဘုရားသခင်သည် မိမိ၏လူတို့အား ဘော်ပြတော်မူနိုင်မည်အကြောင်း သူတို့၏ ရန်သူတို့အား သူတို့ကိုတိုက်ခိုက်ခွင့်ပြုတော်မူ၏။

## အာမလက်လူတို့လက်မှကယ်နှုတ်ခြင်း

"ထိုအခါ အာမလက်လူတို့သည်လာ၍ ရေဖိဒိမ်အရပ်၌ ဣသရေလ လူတို့ကိုစစ်တိုက်ကြ၏။ မောရှေကလည်း၊ လူတို့ကိုရွေး၍ အာမလက်လူတို့ကို စစ်တိုက်ခြင်းငှါထွက်လော့။ နက်ဖြန်နေ့၌ ဘုရားသခင်၏လှံတံတော်ကိုကိုင်လျက်၊ တောင်ထိပ်ပေါ်မှာငါရပ်နေမည်ဟု ယောရှုအားဆို၏။ မောရှေမှာလိုက်သည်အ တိုင်း ယောရှုပြု၍၊ အာမလက်လူတို့ကို စစ်တိုက်လေ၏။ မောရှေ၊ အာရုန်၊ ဟုရတို့ သည် တောင်ထိပ်ပေါ်သို့တက်ကြ၏။ မောရှေသည်လက်ကို ချီသောအခါ ဣသ ရေလလူတို့သည်နိုင်ကြ၏။ သို့ရာတွင် မောရှေ၏လက်သည် ညောင်းသောကြောင့်၊ သူတို့သည်ကျောက်ကိုယူ၍ မောရှေကိုထိုင်စေပြီးလျှင် အာရုန်နှင့်ရဟုတို့သည် တစ်ယောက်တစ်ဘက်နေ၍ သူ၏လက်ကိုမကြ၏။ သို့ဖြစ်၍ နေဝင်သည်တိုင် အောင် သူ၏လက်တို့သည် အမြဲနေလေ၏။"

မောရှေသည်လကျာလက်ဖြင့် ဘုရားသခင်၏လှံတံတော်ကို ကိုင်လျက် လက်များကို ကောင်းကင်သို့မြှောက်ထားပြီး ဘုရားသခင်အားကူညီမစတော်မူရန် တောင်းပန်နေ၏။ ထိုအခါ ဣသရေလလူတို့သည် အောင်မြင်၍ သူတို့၏ရန်သူ များကိုနှင်ထုတ်ကြ၏။ မောရှေသည် လက်ကိုချလိုက်သောအခါ မကြာမီ ဣသရေ လလူတို့သည် မိမိတို့အောင်မြင်ထားသော အရာရှိသမျှကို ပြန်၍ဆုံးရှုံးလျက် ရန်သူများကအောင်မြင်နေကြပြန်သည်။ တဖန် မောရှေသည် လက်ကိုကောင်း ကင်သို့မြှောက်ထားပြန်ရာ၊ ဣသရေလလူတို့သည် အောင်မြင်၍ ရန်သူတို့ကိုနှင် ထုတ်ရကြပြန်လေသည်။

မောရှေသည် ဘုရားသခင်ထံတော်သို့ လက်ကိုဆန့်တန်းထားခြင်း အမူကား၊ ဣသရေလလူတို့သည် ဘုရားသခင်ကိုအားကိုးလျက် ဘုရားသခင်ထံ မှခွန်အားကိုအမှီပြုပြီး ဘုရားသခင်၏ပလ္လင်တော်ကို ချီးမြှောက်နေကြသမျှ ကာလ ပတ်လုံး ဘုရားသခင်သူတို့အတွက် စစ်တိုက်၍ရန်သူတို့ကို နှိမ်နင်းတောမူမည်။ သို့ရာတွင် သူတို့သည် ဘုရားသခင်၏ခွန်အားကို အမှီမပြု . . . . . . . . . . . . .

ဘဲမိမိတို့ခွန်အားကိုသာ အမှီပြုကြလျက်၊ သူတို့သည်ဘုရားသခင်ကိုမသိသောရန်သူများထက်ပင် အားနည်းလာ၍ ရန်သူများသည် သူတို့ကိုအောင်မြင်ကြလိမ့်မည်။ ထိုနောက် "ယောရှုသည် အာမလက်မင်းလူများတို့ကို ထားလက်နက်နှင့်လုပ်ကြံလေ၏။"

"ထာဝရဘုရားကလည်း၊ ဤအမှုကိုအောက်မေ့စရာအဖို့ စာရေးထား၍ ယောရှုအား ဘတ်ရွတ်လော့။ အကြောင်းမူကား၊ ကောင်းကင်အောက်၌ အာမလက်၏အမှတ်ရှိသမျှကို ငါပယ်ရှင်းမည်ဟု မောရှေအားမိန့်တော်မူ၏။ မောရှေသည်လည်း ယဇ်ပလ္လင်ကိုတည်၍ယေဟောဝါနိဿိဟုသမုတ်လေ၏။ အကြောင်းမူကား၊ အာမလက်အမျိုး၏လက်သည် ထာဝရဘုရား၏ရာဇပလ္လင်တော်၏ ရန်ဘက်ဖြစ်သောကြောင့် ထာဝရဘုရားသည် ကာလအစဉ်အဆက် အာမလက်အမျိုးကို စစ်တိုက်တော်မူလိမ့်မည်ဟု ဆိုသတည်း။"

## ယေသရောအကြည့်အရှုလာခြင်း

မောရှေသည် အဲဂုတ္တုပြည်မှမထွက်ခင်၊ သူ၏ဇနီးနှင့်ကလေးများကို သူ၏ယောက္ခမထံသို့ပြန်ပို့ထား၏။ ယေသရောသည် အဲဂုတ္တုပြည်မှ ဣသရေလလူတို့အား အံ့ဩဖွယ်ကယ်နှုတ်ဆောင်တော်မူကြောင်းကို ကြားသိရပြီးနောက်၊ သူသည်တောထဲ၌ရောက်နေသော မောရှေထံသို့ မောရှေ၏ဇနီးနှင့် ကလေးများကို ခေါ်လျက်ရောက်လာကြ၏။ "မောရှေသည် ယောက္ခမကိုခရီးဦးကြိုပြုခြင်းငှါ ထွက်၍ဦးချနမ်းရှုပ်လျက် ကျန်းမာကြောင်းကိုတစ်ယောက်နှင့်တစ်ယောက်မေးမြန်းလျက် တဲသို့ဝင်ကြ၏။ ထာဝရဘုရားသည် ဣသရေလအမျိုးအတွက် ဖာရောဘုရင်နှင့်အဲဂုတ္တုလူတို့၌ပြုတော်မူသမျှကိုငှင်း၊ လမ်းခရီးတွင် ခံရသောဆင်းရဲဒုက္ခအလုံးစုံကိုငှင်း၊ ထိုဆင်းရဲဒုက္ခမှ ထာဝရဘုရားကယ်လွှတ်တော်မူကြောင်းကို မောရှေသည် ယောက္ခမအား ကြားပြောလေ၏။

"ထာဝရဘုရားသည် ဣသရေလအမျိုးကို အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်၍၊ ပြုတော်မူသောကျေးဇူးကြောင့် ယေသရောသည် ဝမ်းမြောက် . . . . . . .

လျက်၊ အဲဂုတ္တုလူတို့လက်မှငှင်း၊ ဖာရောဘုရင်လက်မှငှင်း၊ သင့်ကိုကယ်နှုတ်တော်မူထသော၊ လူများတို့ကို အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်တော်မူသော ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။ ထာဝရဘုရားသည် အခြားသောဘုရားရှိသမျှတို့ထက် သာ၍ကြီးမြတ်တော်မူကြောင်းကို ယခုငါသိ၏။

အကြောင်းမူကား၊ လူတို့သည် မာနထောင်လွှားသောအမှုအရာတွင်၊ ထာဝရဘုရားနိုင်တော်မူ၏ဟု ဆိုပြီးမှ မောရှေ၏ယောက္ခမယေသရောသည် မီးရှို့စရာယဇ်နှင့် ဘုရားသခင် အဖို့ယဇ်များကို ဆောင်ခဲ့၍၊ အာရုန်နှင့် ဣသရေလအမျိုးအသက်ကြီးသူအပေါင်းတို့သည် မောရှေ၏ယောက္ခမနှင့်အတူ ဘုရားသခင်၏ရှေ့တော်၌ အစာစားခြင်းငှါ လာကြ၏။”

လူများတို့သည် ခက်ခဲသောအမှုရှိသမျှတို့ကို မောရှေထံသို့ယူဆောင်လာ၍ မောရှေသည်သူတို့အား ဘုရားသခင်၏စီရင်ထုံးဖွဲ့ချက်နှင့် ပညတ်တရားတော်အတိုင်း သွန်သင်ပေးနေစဉ် မောရှေ၏အပေါ်၌ ကျရောက်သောတာဝန်သည် အလွန်လေးလံလျက်ရှိသည်ကို ယေသရောသည် မကြာမီကောင်းစွာပိုင်းခြားသိမြင်လာလေ၏။

“ငါ့စကားကိုနားထောင်လော့။ ငါအကြံပေးမည်။ ဘုရားသခင်သည်လည်း သင့်ဘက်၌ရှိတော်မူလိမ့်မည်။ သင်သည်ဘုရားသခင်နှင့်ဆိုင်သောအမှု၌ လူများတို့၏အမှုကို စောင့်လျက် ဘုရားသခင်အထံတော်သို့ဝင်၍ လျှောက်ရမည်။ သူတို့အားလည်း ပညတ်တရားတော်များကို သင်ချရမည်။ သူတို့ သွားရာလမ်း၊ ပြုရသောအမှုကိုလည်းပြရမည်။ ထိုမှတစ်ပါးဘုရားသခင်ကို ကြောက်ရွံ့လျက်သစ္စာနှင့်ပြည့်စုံလျက်၊ လောဘကိုရွံရှာလျက် တတ်စွမ်းနိုင်သော သူတို့ကို လူအပေါင်းတို့အထဲကရွေးကောက်၍ တစ်ထောင်အုပ်၊ တစ်ရာအုပ်၊ ငါးဆယ်အုပ်၊ တစ်ဆယ်အုပ်အရာ၌ခန့်ထားရမည်။ ထိုသူတို့သည် ခပ်သိမ်းသောအချိန်၌ လူများတို့ကိုတရားစီရင်ကြစေ။ ကြီးသောအမှု၌သင်၏အယူကိုခံကြစေ။ ငယ်သောအမှုကိုအလိုလိုစီရင်ကြစေ။ သို့ဖြစ်လျှင် သူတို့သည်ဝိုင်းညီ၍အမှုထမ်းသဖြင့် သင်တို့သည် သက်သာလိမ့်မည်။ ထိုသို့ ဘုရားသခင်၏အခွင့်နှင့် ပြုလျှင်၊ သင်သည်ခိုင်ခံ့လိမ့်မည်။ ဤလူအပေါင်းတို့သည် မိမိနေရာသို့ငြိမ်ဝပ်စွာသွားကြလိမ့်မည်ဟု ပြောဆို၏။”

"မောရှေသည်လည်း၊ ယောက္ခမ၏စကားကိုနားထောင်၍ စကားရှိသည် အတိုင်းပြုလျက်၊ တတ်စွမ်းနိုင်သောသူတို့ကို ဣသရေလအမျိုးထဲက ရွေးကောက်၍ လူတစ်ထောင်အုပ်၊ တစ်ရာအုပ်၊ ငါးဆယ်အုပ်၊ တစ်ဆယ်အုပ်၊ အသီးအသီး ခေါင်းဆောင်အရာ၌ခန့်ထားလေ၏။ ထိုသူတို့သည် ခပ်သိမ်းသောအချိန်၌ လူတို့ကို တရားစီရင်ကြ၏။ ခက်သောအမှု၌ မောရှေ၏အယူကိုခံကြ၏။ လွယ်သောအမှုကို အလိုလိုစီရင်ကြ၏။ ထိုနောက် မောရှေသည် ယောက္ခမသွားရသော အခွင့်ကိုပေး၍၊ သူသည် မိမိနေရာသို့သွားလေ၏။"

မောရှေ၏ ယောက္ခမသည် သူ့အားသွန်သင်၍ နည်းပြပေးရာတွင်၊ မောရှေသည် မိမိကိုယ်ကိုမိမိ အခြားသူထက်သာ၍တတ်ကျွမ်းသည်ဟု သဘောမထားချေ။ ဘုရားသခင်သည် သူ့အား များစွာချီးမြှောက်လျက် သူ၏လက်ဖြင့်ပင် အံ့ဩဖွယ်သောအမှုတို့ကို ပြုတော်မူခဲ့ပြီ။ သို့သော် မောရှေက၊ ဘုရားသခင်သည် အခြားသူများအား သွန်သင်ပေးစေရန်သူ့ကို ရွေးကောက်၍သူ၏လက်အားဖြင့် အံ့ဩဖွယ်သောအရာများကို ဖြစ်မြောက်စေတော်မူခဲ့ပြီဖြစ်၍ သူသည် သွန်သင် နည်းပြခြင်းခံယူဖို့ မလိုဟု ဆင်ခြင်မပေးပါ။ သူသည် ယောက္ခမကပေးသောအကြံအစည်များကို ဝမ်းမြောက်သောစိတ်နှင့်နားထောင်ပြီးလျှင်၊ သူ၏အကြံဉာဏ်တို့ကို အမြော်အမြင်ကောင်းသော စီမံကိန်းများကဲ့သို့ လိုက်နာစောင့်ရှောက်လေ၏။

--oo--

## အခန်း (၁၈)
## ဘုရားသခင်၏ပညတ်တော်

ဣသရေလအမျိုးသားတို့သည် ရေဖိဒိမ်အရပ်ကထွက်သွားပြီးမှ "သိနာတောသို့ရောက်၍ ထိုတော၌တောင်ရှေ့မှာတပ်ချကြ၏။ မောရှေသည် ဘုရားသခင်ထံတော်သို့တက်သွားလျှင် ထာဝရဘုရားသည် တောင်ပေါ်ကခေါ်တော်မူ၍ သင်သည် ယာကုပ်အမျိုး၊ ဣသရေလအမျိုးသားတို့အား ပြန်ပြောရသောအမိန့်တော်ဟူမူကား၊ ငါသည် အဲဂုတ္တုလူတို့၌ ပြုသောအကြောင်း၊ သင်တို့ကို ရွှေလင်းတအတောင်ဖြင့်ထမ်း၍ ကိုယ်ဖို့သိမ်းယူသောအကြောင်းကို သင်တို့သိမြင်ရကြပြီ။ ယခုတွင် သင်တို့သည် ငါ့စကားကိုအမှန်နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်လျှင် အခြားသောလူမျိုးတကာတို့ထက် သင်တို့သည်ငါပိုင်ထိုက်သော ဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှသည် ငါ၏ဥစ္စာဖြစ်၏။ သင်တို့သည်လည်းမင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုးဖြစ်ရကြလိမ့်မည်ဟူသော အမိန့်တော်ကို ဣသရေလအမျိုးသားတို့အား ဆင့်ဆိုလော့ဟုမိန့်တော်မူ၏။ မောရှေသည် ပြန်လာ၍ လူတို့သည် အသက်ကြီးသူတို့ကို ခေါ်ပြီးလျှင် ထာဝရဘုရားမှာထားတော်မူသော စကားအလုံးစုံတို့ကို ပြန်ပြောလေ၏။ လူအပေါင်းတို့ကလည်း ထာဝရဘုရားမိန့်တော်မူသမျှတို့ကို အကျွန်ုပ်တို့သည် ပြုပါမည်ဟု တညီတညွတ်တည်းပြန်ပြောကြ၏။ မောရှေသည်လည်း သူတို့၏စကားကို ထာဝရဘုရားအားပြန်လျှောက်လေ၏။"

ဤနေရာများ၌လူများတို့သည် ဘုရားသခင်နှင့်အတူ အလွန်အရေးကြီးသောပဋိညာဉ်တစ်ခုကိုပြုလုပ်ကြ၍ ဘုရားသခင်ကို မိမိတို့အားအုပ်စိုးတော်မူသောအရှင်အဖြစ်လက်ခံကြသဖြင့်၊ သူတို့သည် ဘုရားသခင်၏အုပ်စိုးခြင်းအာဏာလက်အောက်၌ ထူးခြားသောလူမျိုးများဖြစ်လာကြလေသည်။ "ထာဝရဘုရားကလည်း၊ ကြည့်ရှုလော့။ သင်နှင့်ငါပြောသောအခါ လူများတို့သည်ကြား၍ အစဉ်အမြဲသင့်ကိုယုံမည့်အကြောင်း၊ မိုးတိမ်တိုက်၌ သင့်ဆီသို့ငါလာမည်ဟု မောရှေအားမိန့်တော်မူ၏" ဟေဗြဲလူတို့သည် လမ်း၌အခက်အခဲနှင့်တွေကြုံရကြသောအခါ သူတို့သည် မောရှေနှင့်အာရုန်တို့အား ညည်းညူ . . . . . . . . . . . . . . . . . .

လျက်၊ သူတို့သည် အဲဂုတ္တုပြည်မှဣသရေလလူအုပ်ကြီးကိုဖျက်ဆီးရန် ထုတ်ဆောင်လာခဲ့ကြပြီဟု အပြစ်တင်ကြ၏။ သူတို့သည် မောရှေ၏ဆုံးမသွန်သင်ချက်တို့တွင် ယုံကြည်အားထား၍ ဘုရားသခင်သည်မောရှေအပေါ်၌ မိမိ၏ဝိညာဉ်တော်ကို ချပေးတော်မူကြောင်း သူတို့သိရှိကြမည်အကြောင်း ဘုရားသခင်သည် မောရှေကိုသူတို့ရှေ့၌ ချီးမြှောက်တော်မူလိမ့်မည်။

## ဘုရားသခင်ထံချဉ်းကပ်ရန်ပြင်ဆင်ခြင်း

ကောင်းကင်တမန်များအားဖြင့်မဟုတ်ဘဲ ဘုရားသခင်ကိုယ်တော်တိုင် မိမိ၏ပညတ်တရားတော်ကို မိန့်မြွက်တော်မူသည်ကို လူများတို့သည် ကြားသိရကြမည်အကြောင်း၊ ဘုရားသခင်သည် သူတို့ထံသို့ နီးကပ်စွာချဉ်းကပ်တော်မူမည်အတွက် လူများတို့အားပြင်ဆင်ခြင်းအကြောင်းနှင့် ပတ်သက်၍ထာဝရဘုရားသည် မောရှေအားသေချာထင်ရှားစွာ ညွှန်ကြားထားတော်မူ၏။ "ထာဝရဘုရားကလည်း၊ လူတို့ရှိရာသို့သွား၍ယနေ့နှင့်နက်ဖြန်၌ သူတို့ကိုသန့်ရှင်းစေလော့။ သူတို့အဝတ်ကိုလျှော်စေ၍ သုံးရက်မြောက်သောနေ့၌အသင့်ရှိနေစေလော့။ အကြောင်းမူကား၊ သုံးရက်မြောက်သောနေ့၌ ထာဝရဘုရားသည် လူအပေါင်းတို့ရှေ့၊ သိနာတောင်ပေါ်သို့ဆင်းသက်တော်မူမည်။"

လူများတို့သည် လောကီအလုပ်အကိုင်နှင့် စိုးရိမ်ပူပန်ခြင်းတို့ကို ပယ်ရှား၍ ဘုရားတရားကိုကြည်ညိုသောစိတ်ရှိလာဖို့လိုပေသည်။ ဘုရားသခင်က သူတို့အား သူတို့၏အဝတ်အထည်များကိုလည်း လျှော်ဖွတ်စေတော်မူ၏။ ဘုရားသခင်သည် ထိုအခါကနည်းတူ ယခုလည်းသေချာစေ့စပ်တော်မူရာ၌ အနည်းငယ်မျှယုတ်လျော့ခြင်းမရှိပါ။ ဘုရားသခင်သည် စည်းကမ်းစနစ်ရှိတော်မူသောအရှင်ဖြစ်တော်မူသဖြင့် မြေကြီးပေါ်၌ယခုရှိသောလူများတို့အား သန့်ရှင်းစင်ကြယ်ခြင်းအမှုတွင် သေချာစွာလေ့လာစေဖို့ အလိုရှိတော်မူ၏။ မသန့်ရှင်းသောအဝတ်၊ မသန့်ရှင်းသောကိုယ်ခန္ဓာနှင့် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်သောသူတို့သည် ဘုရားသခင်ထံတော်သို့ချဉ်းကပ်သောအခါ လက်ခံတော်မူလိမ့်မည်မဟုတ်။ ဘုရားသခင်အားယုံကြည်ခြင်းမရှိသောသူကို ဘုရားသခင်သည် နှစ်သက်တော်မမူ။ ညစ်ညူးစွာကိုးကွယ်ဝတ်ပြုသောသူတို့သည် ဖန်ဆင်းတော်မူသောအရှင်ကို စော်ကားရာရောက်သဖြင့်၊ သူတို့၏ကိုး . . . . . . . . . . . . . . . . . . . . . . . .

ကွယ်မှုကို ဘုရားသခင်သည် လက်ခံတော်မူမည်မဟုတ်။ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသောအရှင်သည် သန့်ရှင်းခြင်းအမှုကို အလွန်အရေးကြီးသည်ဟု မှတ်ယူတော်မူသဖြင့် "သူတို့အဝတ်ကိုလျှော်စေ"ဟု မိန့်တော်မူ၏။

"လူတို့မကျော်ရသောအတားအဆီးအကာတို့ကို တောင်ပတ်လည်၌စီရင်၍သင်တို့သည် တောင်ပေါ်သို့မတက်၊ တောင်ခြေရင်းကိုမထိရအောင် သတိပြုကြလော့ဟုပြောလော့။ တောင်ကိုထိမိသောသူမည်သည်ကား ဧကန်အမှန်အသေခံစေ။ ထိုသူကိုလက်နှင့်မထိရ။ အကယ်စင်စစ်ကျောက်ခဲနှင့်ပစ်ရမည်။ သို့မဟုတ်လှံနှင့်ထိုးရမည်။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ အသက်မရှင်ရ။ တံပိုးသည်ကြာကြာမြည်သောအခါ လူများတို့သည် တောင်သို့လာရကြမည်ဟု မောရှေအားမိန့်တော်မူ၏။

ဤအမိန့်တော်၏ရည်ရွယ်ချက်ကား  ဤပုန်ကန်တတ်သောလူမျိုးတို့သည် ပညတ်တရားများကို စီရင်အုပ်စိုးတော်မူသော အရှင်ဘုရားသခင်အား စိတ်ပါစွာရိုသေလေးစားကြမည်အကြောင်းတည်း။

## ဘုရားသခင်၏ဘုန်းတော်ကိုကြောက်မက်ဖွယ်တော်ပြတော်မူခြင်း

"သုံးရက်မြောက်သောနေ့၊ နံနက်အချိန်၌တောင်ပေါ်မှာ၊ မိုးချုန်းခြင်း၊ လျှပ်ပြတ်ခြင်းနှင့်တကွမိုးတိမ်တိုက်လွှမ်းမိုး၍ ကြီးသောအသံနှင့် တံပိုးမြည်သဖြင့်၊ တပ်၌ရှိသောလူအပေါင်းတို့သည် တုန်လှုပ်ကြ၏။" မြင့်မြတ်ဘုန်းကြီးတော်မူသောဘုရားသခင်အားခြံရံလျက် လိုက်ပါလာကြသောကောင်းကင်တမန်ဗိုလ်ခြေတို့သည် တံပိုးမှုတ်သံနှင့်တူသောအသံဖြင့် လူများကိုဆင့်ခေါ်ရာတွင် ထိုအသံသည် တဆင့်ထက်တဆင့်တိုး၍ ကျယ်လာသဖြင့် မြေကြီးတစ်ပြင်လုံးတုန်လှုပ်သွားလေ၏။

"မောရှေသည်လည်း ဘုရားသခင်နှင့်တွေ့စေခြင်းငှါ လူများတို့ကို တပ်ထဲကဆောင်ခဲ့သဖြင့်၊ သူတို့သည် တောင်ခြေရင်းအောက်၌ ရပ်နေကြ၏။ ထာဝရဘုရားသည် မီးဖြင့်လွှမ်းလျက်၊ သိနာတောင်ပေါ်သို့ဆင်းသက်တော်မူသောကြောင့် တစ်တောင်လုံးမီးခိုးထွက်လေ၏။ မီးခိုးသည် မီးဖို၏မီးခိုးကဲ့သို့ . . . . . . . . . . .

တက်၍ တတောင်လုံးပြင်းစွာလှုပ်လေ၏။"ကြီးမြတ်တော်မူသော ဘုရားသခင်သည် ဘုန်းတန်ခိုးရှိသော ကောင်းကင်တမန်များခြံရံလျက် မိုးတိမ်နှင့်တကွကြွလာတော်မူရာ၊ ထိုကောင်းကင်တမန်တို့သည် မီးတောက်မီးလျှံကဲ့သို့ထင်မြင်ရ၏။

"တံပိုးမြည်သံသည် ကြာကြာမြည်လျက်၊ အသံတိုး၍ကြီးသောအခါ မောရှေသည်ခေါ်၍၊ ဘုရားသခင်သည် စကားသံနှင့်ထူးတော်မူ၏။ ထာဝရဘုရားသည် သိနာတောင်ထိပ်ပေါ်သို့ ဆင်းသက်၍ မောရှေကိုတောင်ထိပ်ပေါ်သို့ ခေါ်တော်မူလျှင် မောရှေသည်တက်လေ၏။ ထာဝရဘုရားကလည်း၊ လူတို့သည်ကြည့်ရှုခြင်းငှါ ထာဝရဘုရားထံတော်သို့ကျော်ဝင်၍ အများတို့သည် သေကြလိမ့်မည်ဟု စိုးရိမ်စရာရှိသောကြောင့် ဆင်း၍သတိပေးလော့။ ထာဝရဘုရားထံသို့ချဉ်းကပ်သော ယဇ်ပုရောဟိတ်တို့သည်လည်း ကိုယ့်ကိုကိုယ်သန့်ရှင်းစေရမည်။ သို့မဟုတ် ထာဝရဘုရားသည် ဒဏ်ခတ်တော်မူမည်ဟု မောရှေအားမိန့်တော်မူ၏။

ထိုသို့အားဖြင့် လူများတို့သည် ယုံကြည်ကြမည်အကြောင်း ထာဝရဘုရားသည် ကြောက်မက်ဘွယ်သောဘုန်းတန်ခိုးတော်နှင့်၊ သိနာတောင်ပေါ်မှ မိမိ၏ပညတ်တရားတော်တို့ကို မြွက်တော်မူ၏။ ထိုနောက် မိမိသာလျှင် မှန်ကန်အသက်ရှင်လျက်၊ တစ်ပါးတည်းသောဘုရားဖြစ်တော်မူသည်ကို သူတို့သိရှိကြမည်အကြောင်း ဘုရားသခင်သည် မိမိ၏ပညတ်တရားကို ပေးတော်မူရာ၌မိမိ၏ အာဏာစက်ကိုထူးကဲသောဘုန်းတော်ဖြင့် ထင်ရှားစွာပြတော်မူ၏။

မောရှေသည် ဘုန်းတော်လွှမ်းမိုးနေသော မိုးတိမ်ထဲသို့ဝင်ခွင့်မရဘဲ၊ ၎င်းအနီးသို့ချဉ်းကပ်၍ ဝန်းရံလျက်ရှိသော ထူထပ်သောမှောင်မိုက်ထဲသို့သာ ဝင်ခွင့်ရ၏။ ၎င်းပြင် သူသည် လူတို့နှင့် ဘုရားသခင်စပ်ကြားတွင်ရပ်နေ၏။

## ဘုရားသခင်၏ပညတ်တော်ကိုကြော်ငြာတော်မူခြင်း

ထာဝရဘုရားသည် မိမိ၏တန်ခိုးတော်ကို ထင်ရှားစေသောသက်သေသာဓကများတို့ကို ထိုသို့ဖော်ပြတော်မူပြီးနောက်၊ မိမိသည် မည်သူဖြစ်တော် . . . .

မူကြောင်း မိန့်မြွက်တော်မူ၏။ “ငါသည် သင့်ကိုကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏။”အဲဂုတ္တုလူတို့အထဲတွင် မိမိ၏တန်ခိုးတော်ကိုချီးမြောက်တော်မူခဲ့သော ဘုရားသခင်သည် ယခုမိမိ၏ပညတ်တော်ကိုမိန့်တော်မူ၏။

“ငါမှတပါး၊ အခြားသောဘုရားကိုမကိုးကွယ်နှင့်။”

“အထက်မိုးကောင်းကင်၌၎င်း၊ အောက်အရပ်မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက်ရေထဲ၌၎င်း ရှိသောအရာနှင့် ပုံသဏ္ဍာန်တူအောင်၊ ရုပ်တုဆင်းတုကိုကိုယ့်အဖို့မလုပ်နှင့်။ ဦးမချဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင်ငါထာဝရဘုရားသည် သင်၌အပြစ်ရှိသည်ဟုယုံလွယ်သောဘုရား၊ ငါ့ကိုမုန်းသောသူတို့၏အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏အပြစ်ကိုသားတို့၌ဆပ်ပေးစီရင်သော ဘုရား၊ ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကိုကျင့်သောသူတို့၏ အမျိုးအစဉ်အဆက်အထောင်အသောင်းတိုင်အောင် ဂရုဏာကိုပြသောဘုရားဖြစ်တော်မူ၏။”

“သင်၏ဘုရားသခင်ထာဝရဘုရား၏နာမတော်ကို မုသာနှင့်ဆိုင်၍ မမြွက်ဆိုနှင့်။ အကြောင်းမူကား၊ နာမတော်ကိုမုသာနှင့်ဆိုင်၍ မြွက်ဆိုသောသူကို အပြစ်မရှိဟု ထာဝရဘုရားမှတ်တော်မမူ။”

“ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှါ၊ ထိုနေ့ရက်ကိုအောက်မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်တော်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏သားသမီး၊ ကျွန်ယောက်ကျား၊ မိန်းမ၊ တိရစ္ဆာန်၊ သင်၏တံခါးအတွင်း၌နေသော ဧည့်သည်အာဂန္တုသည်အလုပ်မလုပ်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင် ဖန်ဆင်း၍ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုကြောင့် ထာဝရဘုရားသည် သတ္တမနေ့ရက်ကိုကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏။”

“သင်၏ဘုရားသခင် ထာဝရဘုရားပေးသနားတော်မူသော ပြည်၌သင်၏အသက်တာရှည်မည်အကြောင်း၊ သင်၏မိဘကိုရိုသေစွာပြုလော့။”

"လူ့အသက်ကိုမသတ်နှင့်။"

"သူ့မယားကိုမပြစ်မှားနှင့်။"

"သူ့ဥစ္စာကိုမခိုးနှင့်။"

"ကိုယ်နှင့်စပ်ဆိုင်သော သူတစ်ဖက်၌ မမှန်သောသက်သေကိုမခံနှင့်။"

"ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကို တပ်မက်လိုချင်သောစိတ်မရှိစေနှင့်။
ကိုယ်နှင့်စပ်ဆိုင်သောသူ၏မယား၊ သူ၏ကျွန်ယောက်ကျား၊ မိန်းမ၊ နွား၊
မြည်းမှစ၍ကိုယ်နှင့်စပ်ဆိုင်သော
သူ၏ဥစ္စာတစ်စုံတစ်ခုမျှတပ်မက်လိုချင်သောစိတ်မရှိစေနှင့်။"

ထာဝရဘုရားမိန့်တော်မူသော ပဌမနှင့်ဒုတိယပညတ်တော်များသည် ရုပ်တုဆင်းတုကိုးကွယ်ခြင်းကို တားဆီးပိတ်ပင်သော ပညတ်များဖြစ်သည်။ အကြောင်းကား၊ ရုပ်တုဆင်းတုကိုးကွယ်ခြင်းအမှုကို လိုက်နာနေခဲ့လျှင်၊ ၎င်းသည် လူတို့အား အပြစ်ဒုစရိုက်နှင့်ပုန်ကန်မှုတွင် အလွန်ကြီးကျယ်ကြာရှည်စွာ ဆက်လက်တည်ရှိနေစေလျက်၊ အဆုံး၌ လူကိုပင် ယဇ်ပူဇော်ခြင်းအမှုများကိုပြုလုပ်စေ၏။

ထိုသို့စက်ဆုပ်ရွံရှာဘွယ် အမှုကိုဖြစ်စေရန် သွေးဆောင်သော အငယ်ဆုံးအကြောင်းအရင်းကိုပင် ဘုရားသခင်သည်တားဆီးကွယ်ကာတော်မူ၏။ ပဌမပညတ်တော်လေးပါးသည် လူတို့က ဘုရားသခင်အား ပြုအပ်သောဝတ္တရားကို ဘော်ပြထားကြသည်။ စတုတ္ထပညတ်သည်ကြီးမြတ်တော်မူသော ဘုရားသခင်နှင့် လူတို့ကို ဆက်သွယ်ထားသောအရာဖြစ်သည်။ လူတို့၏ကောင်းကျိုးအလို့ငှါ၊ ဘုရားသခင်၏ဂုဏ်တော်အလို့ငှါ၎င်း၊ အထူးသဖြင့် ဥပုသ်နေ့ကိုပေးတော်မူ၏။ နောက်ဆုံးပညတ်တော်ခြောက်ပါးသည် လူအချင်းချင်းတို့၌ တစ်ယောက်ကိုတစ်ယောက် ပြုအပ်သောတာဝန်ကိုဘော်ပြထား၏။

ဥပုသ်နေ့သည် ဘုရားသခင်နှင့် လူတို့စပ်ကြားတွင် ထာဝရလက္ခဏာသက်သေဖြစ်ရမည်။ ထိုသို့အားဖြင့်၊ ဥပုသ်ကိုစောင့်သောသူအပေါင်းတို့သည် ကောင်းကင်၊ မြေကြီးကိုဖန်ဆင်းတော်မူသောအရှင်၊ ဘုရားသခင်ကို ကိုးကွယ်ကြသောသူများဖြစ်ကြကြောင်း၊ ထိုသို့စောင့်ရှောက်ခြင်းဖြင့် လက္ခ . . . . . . . . . . .

ဏာသက်သေပြကြ၏။ မြေကြီးပေါ်၌ဘုရားသခင်အဖို့ လူတစ်မျိုးသည် တည်ရှိနေသမျှကာလပတ်လုံး ထိုလူမျိုးနှင့် ဘုရားသခင်စပ်ကြားတွင် ဉပုသ်နေ့သည် လက္ခဏာသက်သေတစ်ခုဖြစ်၏။

"ထိုလူအပေါင်းတို့သည် မိုးချုန်းခြင်း၊ လျှပ်ပြက်ခြင်း၊ တံပိုးသံမြည်ခြင်း၊ တောင်ထဲကမီးခိုးထွက်ခြင်းအကြောင်းအရာတို့ကို မြင်သောအခါ ကြောက်သောကြောင့်ရွေ့၍ အဝေး၌ရပ်နေကြ၏။ မောရှေကိုလည်း၊ အကျွန်ုပ်တို့အား ကိုယ်တော်မိန့်တော်မူပါ။ အကျွန်ုပ်တို့သည်နားထောင်ပါမည်။ အကျွန်ုပ်တို့အား ဘုရားသခင်မိန့်တော်မမူပါစေနှင့်။ အကျွန်ုပ်တို့သည် သေမည်ကိုစိုးရိမ်ပါသည်ဟု လျှောက်ဆိုကြ၏။ မောရှေကလည်း၊ မစိုးရိမ်ကြနှင့်။ သင်တို့ကိုစုံစမ်းခြင်းငှါ၄င်း၊ ကိုယ်တော်ကိုကြောက်ရွံ့စေခြင်းငှါ၄င်း၊ ဘုရားသခင်ကြွလာတော်မူပြီဟု လူများတို့အားပြောဆိုကြ၏။"

"လူများတို့သည် အဝေး၌ရပ်နေကြ၏။ မောရှေမူကား၊ ဘုရားသခင်ရှိတော်မူရာ ထူထပ်သောမှောင်မိုက်သို့ချဉ်းကပ်လေ၏။ ထာဝရဘုရားကလည်း၊ ဣသရေလအမျိုးသားတို့အား ပြန်ပြောရသောစကားဟူမူကား၊ ငါသည်ကောင်းကင်ဘုံကသင်တို့နှင့်နှုတ်ဆက်ကြောင်းကို သင်တို့သည်သိမြင်ကြပြီဟု မိန့်တော်မူ၏။" သိနာတောင်ပေါ်၌ ဘုရားသခင်သည် ကြီးမြတ်သောဘုန်းတော်နှင့် ကြွလာတော်မူခြင်းအမှု၊ ၄င်းပြင် ကြွလာတော်မူခြင်းအားဖြင့် ကြောက်မက်ဘွယ်မိုးချုန်းခြင်း၊ လျှပ်စစ်ပြက်ခြင်းမှစ၍မြေကြီးပေါ်၌ တုန်လှုပ်ခြောက်ခြားခြင်းအမှုတို့သည် လူတို့အား ဘုရားသခင်၏သန့်ရှင်းသော ဘုန်းတန်ခိုးတော်ကို အလွန်ပင်ထိန့်လန့်ကြောက်ရွံ့ ရှိသေကြစေသောကြောင့် သူတို့သည် ဘုရားသခင်၏ကြောက်မက်ဘွယ်သောဘုန်းတော်ကို မခံမရပ်နိုင်ဘဲရှိနေမည်ကိုစိုးရိမ်၍သူတို့သည် မိမိတို့အလိုအလျောက်ဘုရားသခင်၏ကြောက်မက်ဘွယ်မျက်မှောက်တော်မှ နောက်သို့ဆုတ်ပြေးရကြလေ၏။

## ရုပ်တုဆင်းတုကိုးကွယ်ခြင်း၏ဘေးဥပဒ်

တဖန် ဘုရားသခင်သည် ဣသရေလအမျိုးသားတို့အား ရုပ်တုဆင်းတုကိုးကွယ်ခြင်းအမှုမှ တားဆီးကာကွယ်တော်မူပြန်၏။ ထာဝရဘုရားက သူ . . . .

တို့အား "ငါ့ကိုကိုးကွယ်သောအမှု၌ ကိုယ်သုံးဖို့ငွေဘုရား၊ ရွှေဘုရားကိုမလုပ်ရ"ဟု မိန့်တော်မူ၏။ သူတို့သည် အဲဂုတ္တုလူတို့ကို အတုခိုးလျက် ဘုရားသခင်ကိုပုံဆောင်ရန် သူတို့အဖို့ ရုပ်ဆင်းတုများကိုပြုလုပ်ကြမည်ဟု စိုးရိမ်ဘွယ်ရှိပေသည်။

ထာဝရဘုရားက မောရှေအားမိန့်တော်မူသည်မှာ "ကြည့်ရှုလော့၊ လမ်းခရီး၌ သင့်ကိုစောင့်ရှောက်၍၊ ငါပြင်ဆင်နှင့်သောအရပ်သို့ပို့စေခြင်းငှါ၊ ကောင်းကင်တမန်ကို သင့်ရှေ့၌ငါစေလွှတ်မည်။ ထိုတမန်ကို ရိုသေစွာပြုလော့။ စကားတော်ကိုနားထောင်လော့။ အာဏာတော်ကိုမဆန်နှင့်။ သင်တို့ပြစ်မှားသော အပြစ်ကိုသူသည်မလွှတ်။ ငါ့နာမသည် သူ၌မလွှတ်။ ငါ့နာမသည် သူ၌တည်ရှိ၏။ အကယ်စင်စစ်သင်သည် သူ့စကားကိုနားထောင်၍ ငါပညတ်သမျှအတိုင်းပြုလျှင်၊ သင်၏ရန်သူတို့ကို ငါသည်ရန်ဘက်ပြုမည်။ သင့်ကိုဆီးတားသောသူကိုလည်း ငါဆီးတားမည်။ ငါ့တမန်သည် သင့်ရှေ့၌သွား၍ သင့်ကိုအာမောရိလူ၊ ဟိတ္တိလူ၊ ဖေရဇိလူ၊ ခါနနိလူ၊ ဂိရဂါရှိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့ရှိရာသို့ဆောင်သွင်း၍ သူတို့ကိုပယ်ရှင်းမည်။" က္ကသရေလလူတို့ရှေ့၌ ကြွသွားတော်မူသောတမန်သည် သခင်ယေရှုခရစ်ဖြစ်တော်မူ၏။ "သင်တို့ဘုရားများကို ဦးမချဝတ်မပြုရ။ သူတို့ဘာသာအတိုင်းမကျင့်ရ။ သူတို့ကို အကုန်အစင်မှောက်လှဲ၍ ရုပ်တုဆင်းတုများကိုလည်း ရှင်းရှင်းဖြိုဖျက်ရမည်။ သင်တို့၏ဘုရားသခင်ထာဝရဘုရားကို ဝတ်ပြုရမည်။ သင်၏မုန့်ကိုငှင်း၊ ရေကိုငှင်း၊ ကောင်းချီးပေးတော်မူမည်။ အနာရောဂါကိုလည်း သင်၏အထဲက နှုတ်ယူပယ်ရှားတော်မူမည်။" ထွက်မြောက်ရာကျမ်း ၂၃း၂၄၊၂၅

ဘုရားသခင်က မိမိတပါးတည်းသာလျှင် သူတို့ဝတ်ပြုကိုးကွယ်ရာအရှင်ဖြစ်တော်မူရမည်ဟု လူများတို့အား သိရှိနားလည်စေခြင်းငှါ အလိုရှိတော်မူ၏။ ၎င်းပြင် သူတို့သည် မိမိတို့ပတ်လည်၌ရှိရုပ်တုဆင်းတုကိုးကွယ်သောလူမျိုးများကို အောင်မြင်နိုမ်နင်းပြီးသောအခါ သူတို့ကိုးကွယ်ကြသောရုပ်ဆင်း တုတစ်ခုကိုမျှမချန်မထားဘဲ ၎င်းတို့ကို ရှင်းရှင်းဖျက်ဆီးရမည်။

ဤတပါးအမျိုးသားတို့၏ရုပ်တု ဆင်းတုအများတို့သည် အလွန်အဘိုးထိုက်တန်၍ လှပတင့်တယ်စွာပြုလုပ်စီမံ ထားရာ၊ အဲဂုတ္တုပြည်၌အများအပြားရှိတတ်သော ရုပ်ဆင်းတုကိုးကွယ်မှုတို့ ကိုမြင်ခဲ့ရကြသောသူတို့သည်လည်း အာရုံငါးပါးကင်းသော ဤ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

အရာများကို အနည်းငယ်ရှိသေလေးစားလာကြရန် သွေးဆောင်ခြင်းခံကြရလေသည်။

ဤလူမျိုးတို့အား အမျိုးမျိုးသောဆိုးညစ်ခြင်းအမှုကို လိုက်စားလာစေသော ရုပ်တုဆင်းတုကိုးကွယ်ခြင်းအမှုကြောင့် သူတို့အားဒဏ်ခတ်၍ သူတို့၏ဘုရားများ တို့ဖျက်ဆီးစေခြင်းငှါ ဣသရေလအမျိုးသားတို့ကို ထာဝရဘုရားသည် အသုံးပြုလိုတော်မူကြောင်း မိမိ၏လူများတို့အား သိနားလည်စေခြင်းငှါ အလိုရှိတော်မူ၏။

"ငါ့ကိုကြောက်တတ်သော သဘောကို သင့်ရှေ့သို့ငါစေလွှတ်၍ သင်ရောက်လေရာရာအရပ်၌ ခပ်သိမ်းသောလူမျိုးကိုငါဖျက်ဆီးမည်။ သင်၏ရန်သူအပေါင်းတို့ကို နောက်သို့လှည့်စေမည်။ ပျားတုပ်များကိုလည်း သင့်ရှေ့သို့ငါစေလွှတ်၍ သူတို့သည် ဟိဝိလူ၊ ခါနနိလူ ဟိတ္တိလူတို့ကို သင့်ရှေ့မှာ နှင်ထုတ်ကြလိမ့်မည်။ ထိုလူများကိုတစ်နှစ်ခြင်းတွင် သင့်ရှေ့မှာငါမနှင်ထုတ်။ သို့ပြုလျှင် ပြည်သည်လူဆိတ်ညံ၍သားရဲသည်သင့်တစ်ဖက်၌ များပြားလိမ့်မည်။ သင်သည်တိုးပွါး၍တပြည်လုံးကိုဝင်စားသည်တိုင်အောင် သူတို့ကိုသင့်ရှေ့မှာ တဖြည်းဖြည်းငါနှင်ထုတ်မည်။ သင့်နေရာနယ်အပိုင်းအခြားကို ဧဒုံပင်လယ်မှသည် ဖိလိတ္တိပင်လယ်တိုင်အောင်၎င်း၊ တောမှသည်မြစ်တိုင်အောင်၎င်း၊ ငါမှတ်သားမည်။ ထိုအရပ်သားများကို သင့်လက်သို့ငါအပ်၍ သင်သည်နှင်ထုတ်ရလိမ့်မည်။ သူတို့နှင့်၎င်း၊ သူတို့ဘုရားများနှင့်၎င်း၊ သင်သည် မိဿဟာယမဖွဲ့ရ။ သင်သည် ငါ့ကိုပြစ်မှားစေခြင်းငှါသူတို့သည်ပြုမည်ကိုစိုးရိမ်စရာရှိသောကြောင့် သူတို့သည် သင့်ပြည်၌မနေရကြ။ သင်သည် သူတို့ဘုရားကိုဝတ်ပြုလျှင်၊ ထိမိ၍လဲစရာအကြောင်းအမှန်ဖြစ်လိမ့်မည်ဟု မောရှေအားမိန့်တော်မူ၏။ ထွက်မြောက်ရာကျမ်း ၂၃း၂၇၊၃၃။ မိမိ၏လူတို့အား ဘုရားသခင်ပေးတော်မူသောဂတိတော်များကို သူတို့သည် မိမိတို့နားထောင်ခြင်းအတိုင်း ခံယူရရှိကြမည်။ သူတို့သည် ထာဝရဘုရားကို လုံးလုံးကိုးကွယ်ဝတ်ပြုကြလျှင် ထာဝရဘုရားသည် သူတို့အတွက် ကြီးကျယ်အံ့ဩဖွယ်အမှုများကို ပြုတော်မူလိမ့်မည်။

မောရှေသည် ထာဝရဘုရားထံမှ စီရင်တော်မူချက်များကို ရရှိလျက်၊ နားထောင်ခြင်းကိုအခြေပြု၍ပေးမည်ဟူသော ဂတိတော်များနှင့် အတူတကွ ၎င်းတို့ကို လူတို့အတွက် ရေးသားထားပြီးသောအခါ၊ ထာဝရဘုရားက . . . . . .

"သင်သည် အာရုန်၊ နာဒပ်၊ အဟာဟု အစရှိသော ဣသရေလအမျိုးအသက်ကြီးသူခုနစ်ကျိပ်နှင့်တကွ ထာဝရဘုရားထံတော်သို့တက်၍ သူတို့သည်ဝေးဝေး ကိုးကွယ်ကြစေ။ သင်တစ်ယောက်တည်းသာ ထာဝရဘုရားထံတော်သို့ ချဉ်းကပ်ရမည်။ အခြားသော သူမချဉ်းကပ်ရ။ လူများတို့သည် သင်နှင့်အတူမတက်ရကြဟု မောရှေအားမိန့်တော်မူ၏။ မောရှေသည်လည်း စကားတော်အလုံးစုံကို၄င်း၊ စီရင်တော်မူချက်အလုံးစုံကို၄င်း ပြန်ကြား၍ လူများအပေါင်းတို့အား ထာဝရဘုရားမိန့်တော်မူသမျှအတိုင်း အကျွန်ုပ်တို့ပြုပါမည်ဟု တသံတည်းပြန်ပြောကြ၏။" ထွက်မြောက်ရာကျမ်း ၂၄း၁-၃

မောရှေသည် ပညတ်တော်ဆယ်ပါးကိုမရေးရဘဲ၊ ဘုရားသခင်က သူတို့အား စောင့်ရှောက်စေဖို့ အလိုရှိတော်မူသော စီရင်တော်မူချက်များနှင့် သူတို့နားထောင်ပါမည်ဟုသော အခြေခံချက်အတိုင်း ပေးသောဂတိတော်များကို ရေးသားထားလေပြီ။ မောရှေသည် ၄င်းတို့ကို သူတို့အားဖတ်ပြရာ၊ သူတို့က ထာဝရဘုရားမိန့်တော်မူသော စကားအလုံးစုံကိုနားထောင်ကြပါမည်ဟု ဝန်ခံပဋိညာဉ်ပြုကြ၏။ ထိုနောက် မောရှေသည်အရေးကြီးသော ပဋိညာဉ်စကားကို စာစောင်တစ်ခုတွင်ရေး၍ လူများအတွက် ဘုရားသခင်အား ယဇ်ပူဇော်သက္ကာကို ဆက်သလေ၏။ "ပဋိညာဉ်စာကိုလည်းယူ၍ ပရိသတ်များရှေ့မှာ ဘတ်ပြီးလျှင်၊ သူတို့ကလည်း ထာဝရဘုရားမိန့်တော်မူသမျှအတိုင်း အကျွန်ုပ်တို့ပြုပါမည်၊ နားထောင်ပါမည်ဟု ပြောဆိုကြ၏။ မောရှေသည်လည်း အသွေးကိုယူ၍ လူများအပေါ်မှ ဖြန်းလျက်၊ ဤအသွေးကား၊ ဤအမှုအရာတွင် သင်တို့၌ထာဝရဘုရားဝန်ခံတော်မူသော ပဋိညာဉ်၏အသွေးဖြစ်သည်ဟု ပြောဆို၏။" ထာဝရဘုရားမိန့်တော်မူသမျှအတိုင်း သူတို့သည်ပြုကျင့်လျက် နားထောင်ကြပါမည်ဟု လူများတို့က သူတို့၏ အရေးကြီးသောပဋိညာဉ်ကိုပြန်လျှောက်ကြလေ၏။ (ထွက်မြောက်ရာကျမ်း ၂၄း၇၊၈)

## ဘုရားသခင်၏ထာဝရပညတ်တော်

ဘုရားသခင်၏ပညတ်သည် လူကိုဖန်ဆင်းတော်မမူမီကပင် တည်ရှိခဲ့၏။ ကောင်းကင်တမန်များကိုလည်း ပညတ်တော်အားဖြင့် အုပ်စိုးတော်မူ၏။

စာတန်သည် ဘုရားသခင်၏အုပ်စိုးခြင်းအာဏာစက်တွင် အခြေခံပညတ်ဥပဒေများကို လွန်ကျူးခြင်းကြောင့် ကျဆုံးသွားရ၏။ အာဒံနှင့်ဧဝတို့ကိုဖန်ဆင်းတော်မူပြီးနောက် ဘုရားသခင်သည် သူတို့အား မိမိ၏ပညတ်တရားတော်ကို ဘော်ပြတော်မူ၏။ ထိုအခါက ၄င်းပညတ်တော်ကိုရေးမထားသေးဘဲ ထာဝရဘုရားကိုယ်တော်တိုင် သူတို့ကို ထပ်မံမြွက်ဆိုတော်မူ၏။

စတုတ္ထပညတ်တော်နှင့်ဆိုင်သောဥပုသ်နေ့တို့ကား ဧဒင်ဥယျာဉ်၌ပင် အစပြုတည်ထောင်တော်မူ၏။ ဘုရားသခင်သည် လောကကိုဖန်ဆင်း၍ မြေကြီးပေါ်၌ လူကိုဖန်ဆင်းတော်မူပြီးသောအခါ လူအဖို့ဥပုသ်နေ့ကို တည်ထောင်တော်မူ၏။ အာဒံသည် အပြစ်ပြု၍ ကျဆုံးသွားပြီးသည်နောက် ဘုရားသခင်၏ပညတ်တော်မှ အဘယ်အရာကိုမျှပယ်ရှားတော်မမူပါ။ ပညတ်တော်တရား၏ အခြေခံတရားများမှာ အာဒံကျဆုံးခြင်းမဖြစ်မှီက တည်ရှိလျက် သန့်ရှင်းသောသတ္တဝါတို့နှင့် သင့်တော်ထိုက်တန်သောသဘောပါဝင်၏။ အာဒံကျဆုံးပြီးနောက် ထိုပညတ်များ၏အခြေခံတရားများသည် မပြောင်းလဲဘဲ၊ ကျဆုံးနေသော အပြစ်၌ရှိသောလူနှင့် သင့်တော်ထိုက်တန်စေရန် အခြားသောပညတ်တရားများကို ထပ်မံဖြည့်စွက်ပေးတော်မူ၏။

နားမထောင်ခြင်း၏ပြစ်ဒဏ်သည် သေခြင်းဖြစ်သည်ကို ယုံမှားစေရန် စာတန်က ဧဝအားသွေးဆောင်ခဲ့ရာ၊ ထိုပြစ်ဒဏ်သည် ဧကန်အမှန်ပင်ဖြစ်ကြောင်း ကျဆုံးသောလူ၏မျက်မှောက်၌ အမြဲထင်ရှားသိမြင်နေစေရန် တိရစ္ဆာန်များကို ယဇ်ပူဇော်ဖို့ရန်လိုအပ်သော စီရင်ထုံးဖွဲ့ချက် ပညတ်တစ်ခုကို ထိုအခါ ထပ်မံတည်ထောင်ပေးတော်မူပြန်၏။ ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူးခြင်းအမှုကြောင့် သခင်ခရစ်တော်သည် ယဇ်ပူဇော်သက္ကာအဖြစ် အသေခံဖို့လိုလာ၏။ ၄င်းပြင် ထိုနည်းအားဖြင့် လူအားပြစ်ဒဏ်မှလွှတ်ကင်းနိုင်ရန် လမ်းဖွင့်ပေး၍ ဘုရားသခင်ပညတ်တော်၏ဂုဏ်အသရေကိုလည်း ထိန်းသိမ်းထားရလေပြီ။ ယဇ်ပူဇော်ခြင်းနှင့်ဆိုင်ရာစီရင်ထုံးဖွဲ့ချက်ပညတ်ကား လူအား မိမိကျဆုံးနေသောအခြေအနေကိုထောက်လျက် နှိမ့်ချခြင်းရှိဖို့ သွန်သင်ပေးရန်ဖြစ်သည်။ ၄င်းပြင် ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူးခဲ့ခြင်းအမှုအတွက် အပြစ်လွှတ်ခြင်းအခွင့်ကိုရရှိစေဖို့ ဂတိထားတော်မူသော ရွေးနှုတ် . . . . . . . . . . . . . . . . . . . . . . . . . .

ရှင်အားဖြင့် ဘုရားသခင်တစ်ပါးတည်း၌ ယုံကြည်ခြင်းရှိလျက် နောင်တရစေရန် သူ့အား လမ်းညွှန်ပေးသေး၏။

အာဒံသည် မိမိ၏သားစဉ်မြေးဆက်တို့အား ဘုရားသခင်၏ပညတ်တော်ကို သွန်သင်ပေးသဖြင့် ထိုပညတ်တရားကို သစ္စာရှိသောသူတို့သည် ဆွေမျိုးအစဉ်အဆက်တိုင်အောင် ခံယူရရှိလာကြသည်။ ဘုရားသခင်၏ပညတ်တရားတော်ကို ဆက်လက်လွန်ကျူးကြခြင်းကြောင့် မြေကြီးပေါ်၌ရေလွှမ်းမိုးခြင်းဖြစ်ရပြန်သည်။ ပညတ်တရားတော်ကို နောဧနှင့်သူ၏အိမ်ထောင်သားတို့သည် ဆက်လက်စောင့်ထိန်းလာကြရာ သူတို့သည် မိမိတို့၏ဖြောင့်မတ်သောအမှုအတွက် ဘုရားသခင်၏အံ့ဩဖွယ်တန်ခိုးတော်အားဖြင့် သင်္ဘောကြီးထဲတွင် ကယ်ဆယ်ခြင်းခံရကြ၏။ နောဧသည် သားစဉ်မြေးဆက်တို့အား ပညတ်တော်ဆယ်ပါးကိုသွန်သင်ပေး၏။ အာဒံမှစ၍ ဆင်းသက်လာသော အမျိုးအနွယ်များထဲတွင် မိမိတို့၏စိတ်နှလုံးထဲ၌ ဘုရားသခင်၏ပညတ်တော်ကို ထိန်းသိမ်းထားသောလူမျိုးတစ်မျိုးကို ထာဝရဘုရားသည်မိမိအတွက်သီးသန့်ထိန်းသိမ်းထားတော်မူ၏။ အာဗြဟံ၏ အကြောင်းနှင့် ပတ်သက်၍ထာဝရဘုရားက "အာဗြဟံသည် ငါ့စကားကိုနားထောင်၍ ငါစီရင်မှာထားသောပညတ်တရားအမျိုးမျိုးတို့ကို စောင့်ရှောက်သတည်းဟု မိန့်တော်မူ၏။" ကမ္ဘာဦးကျမ်း ၂၆း၅

ထာဝရဘုရားသည် အာဗြံဟံအားထင်ရှားတော်မူလျက် "ငါသည် အနန္တတန်ခိုးရှင်ဘုရားသခင်ဖြစ်၏။ ငါ့ရှေ့မှာသွားလာ၍ စုံလင်ခြင်းရှိလော့။ ငါ၏ပဋိညာဉ်ကို သင်နှင့်ငါပြုမည်။ သင့်ကိုငါအလွန်များပြားစေမည်။ ငါသည် သင်၏ဘုရား၊ သင့်နောက်၌သင်၏အမျိုးအနွယ်၏ ဘုရားဖြစ်မည်ဟု သင့်အမျိုးအနွယ်အစဉ်အဆက်တို့၌ ငါ့ပဋိညာဉ်ဖြစ်စေမည်"ဟု မိန့်တော်မူ၏။ ကမ္ဘာဦးကျမ်း ၁၇း၁၊၂၊၇။

ထိုနောက် ဘုရားသခင်က အာဗြံဟံနှင့်သူ၏အမျိုးအနွယ်တို့အား အရေဖျားလှီးခြင်းအမှုကို ပြုလုပ်စေဖို့အလိုရှိတော်မူ၏။ ၎င်းမှာ အဝိုင်းသဏ္ဍာန်ရှိသော အရေဖျားလှီးဖြတ်ခြင်းဖြစ်၍ဘုရားသခင်သည် သူတို့ကို ထူးခြားသော မိမိပိုင်ဆိုင်ရာလူမျိုးအဖြစ်နှင့် အခြားသောလူမျိုးအပေါင်းတို့ထဲမှ သီးသန့်ခွဲခြားထားကြောင်း လက္ခဏာသက်သေတစ်ခုဖြစ်ပေသည်။ ဤအမှတ် . . . . . . . . . . . .

လက္ခဏာအားဖြင့်၊ သူတို့သည် အခြားသောလူမျိုးတို့၌ အိမ်ထောင်ဘက်မပြုကြဟု ကြည်ညိုလေးစားစွာ ပဋိညာဉ်ပြုကြ၏။

အကြောင်းမူကား၊ ထိုသို့အိမ်ထောင်ဘက် ပြုခြင်းဖြင့် သူတို့သည် ဘုရားသခင်ကိုင်း၊ ဘုရားသခင်၏သန့် ရှင်းသောပညတ်တော်ကိုင်း၊ ရိုသေလေးစားခြင်းအမှုကင်းမဲ့လာလျက် မိမိတို့ပတ်လည်ရှိ ရုပ်တု ဆင်းတုကိုးကွယ်သူတို့နှင့် တူညီလာကြလိမ့်မည်။

အရေဖျားလှီးခြင်းအမှုကိုပြုခြင်းအားဖြင့် အခြားသောလူမျိုးအပေါင်းတို့ အထဲမှခွဲထွက်၍ သန့်ရှင်းစုံလင်စေခြင်းငှါ အာဗြဟံနှင့်ပြုသော ပဋိညာဉ်ကို မိမိတို့သည်လည်းစောင့်ထိန်းပါမည်ဟု ကြည်ညိုလေးစားခြင်းနှင့် သဘောတူ ဝန်ခံကြ၏။ အာဗြဟံ၏အမျိုးအနွယ်တို့သည် အခြားသောလူမျိုးတို့ထံမှ ခွဲခြားနေကြလျှင်၊ သူတို့သည် ရုပ်တုဆင်းတုကိုးကွယ်မှုကို လိုက်စားစေရန် သွေးဆောင်ခြင်းခံရကြမည်မဟုတ်။ အခြားသောလူမျိုးတို့ထံမှ ခွဲခြားနေလျှင် အပြစ်များသော အကျင့်ဓလေ့တို့၌လိုက်စား၍ ဘုရားကိုပုန်ကန်စေဖို့ရန် ကြီးစွာသော သွေးဆောင်ခြင်းအမှုကြီးကို မိမိတို့ထံမှပယ်ရှားကြလိမ့်မည်။ မိမိတို့ပတ်လည်၌ရှိသောလူမျိုးတို့နှင့် ရောနှောဆက်သွယ်နေခြင်းဖြင့် သူတို့သည် မိမိတို့၏ထူးခြားသန့်ရှင်းသောသဘောကို များစွာဆုံးရှုံးစေတတ်ကြသည်။ သူတို့အားဒဏ်ခတ်ရန် ထာဝရဘုရားသည် သူတို့နေထိုင်ရာပြည်တွင် အစာငတ်မွတ်ခေါင်းပါးခြင်းဘေးကို သက်ရောက်တော်မူသဖြင့် မိမိတို့အသက်ချမ်းသာရစေခြင်းငှါ သူတို့သည် အဲဂုတ္တုပြည်သို့ သွားရောက်နေထိုင်ရကြလေ၏။ သို့သော် ထာဝရဘုရားသည် အာဗြဟံနှင့်ပြုထားတော်မူသော ပဋိညာဉ်ကြောင့် သူတို့အား အဲဂုတ္တုပြည်၌ရှိနေစဉ် စွန့်ပစ်တော်မမူ။ သူတို့သည် ဒုက္ခရောက်ရာတွင် ဘုရားသခင်ထံတော်သို့ပြန်လာလျက် ဘုရားသခင်ဖြောင့်မတ်၊ ဂရုဏာရှိသော အုပ်စိုးခြင်းအာဏာကို ရွေးချယ်ပြီးလျှင် ဘုရားသခင်တောင်းဆိုပညတ်တော်မူသမျှတို့ကို နားထောင်ကြမည်အကြောင်း၊ ဘုရားသခင်သည် သူတို့အား အဲဂုတ္တုလူတို့၏ညှဉ်းဆဲနှိပ်စက်ခြင်းအမှုကို ခံစေတော်မူ၏။

အဲဂုတ္တုပြည်ထဲသို့ ပထမဦးစွာရောက်ရှိသွားသော သူတို့မှာ အိမ်ထောင်အနည်းငယ်မျှသာဖြစ်ပေသည်။ ဤသူတို့သည် အလွန်များပြားသော လူမျိုးကြီးအဖြစ်သို့တိုင်အောင် တိုးပွါးများပြားလာကြသည်။ အချို့သောသူတို့ . . . . . . . .

သည် မိမိတို့၏သားသမီးများအား ဘုရားသခင်၏ပညတ်တရားတော်နှင့်အညီ သွန်သင်ဆုံးမပေးကြသည်။

သို့သော် အများသောက္လသရေလလူတို့သည် ရုပ်တုဆင်းတုကိုးကွယ်ခြင်းအမှုကိစ္စများကို မြင်နေရသည်ကများ၍ ဘုရားသခင်၏ ပညတ်တရားတော်နှင့်စပ်ဆိုင်လျှင် ရှုပ်ထွေးသောစိတ်ကူးများ ရရှိလာကြ၏။ ဘုရားသခင်ကို ကြောက်ရွံ့သောသူတို့သည် စိတ်ဒုက္ခရောက်နေရာတွင် အလွန်ဒုက္ခပေးသော ချည်နှောင်ခြင်းထမ်းပိုးမှလွတ်မြောက်၍ ဘုရားသခင်အားလွတ်လပ်စွာ ကိုးကွယ်ဝတ်ပြုနိုင်မည်အကြောင်း ကျွန်ခံနေရာပြည်မှ ထုတ်ဆောင်သွားတော်မူစေရန် ဘုရားသခင်ကိုကြွေးကြော်ကြလေ၏။ ဘုရားသခင်သည် သူတို့၏အော် ဟစ်သံကိုကြားတော်မူ၍မိမိ၏လူများကို ကယ်နှုတ်ခြင်းအလုပ်ကိုပြီးမြောက် အောင်ဆောင်ရွက်ဖို့ မောရှေကို မိမိအမှုအားကူညီဆောင်ရွက်သူအဖြစ် ရွေးကောက်တော်မူ၏။ သူတို့သည် အဲဂုတ္တုပြည်မှထွက်လာကြ၍ ဧဒံ့ပင်လယ် ရေများကို သူတို့ရှေ့၌ထပ်ခြမ်းကွဲစေပြီးနောက် အခြားသောလူမျိုးလက်ထဲမှ နိမိတ်လက္ခဏာ၊ စုံစမ်းသွေးဆောင်ခြင်းအမှုနှင့် အံ့ဩဖွယ်အမှုများဖြင့် လူမျိုးတစ်မျိုးရွေးချယ်ယူဆောင်လာတော်မူသောအရှင်၌ သူတို့သည် ယုံကြည်အားကိုး ခြင်းရှိမရှိကို ထာဝရဘုရားသည် စုံစမ်းစစ်ဆေးတော်မူ၏။ သို့သော် သူတို့သည် စုံစမ်းခြင်းကို ခံရပ်နိုင်ဖို့မအောင်မြင်ကြပါ။ လမ်းခရီး၌တွေ့ရသောအခက်အခဲများကြောင့် သူတို့သည် ဘုရားသခင်အား ညည်းညူပြစ်တင်ကြပြီး၊ အဲဂုတ္တုပြည်သို့ပြန်သွားသောဆန္ဒရှိလာကြသည်။

## ကျောက်ပြားများပေါ်၌ ရေးသားတော်မူခြင်း

သူတို့သည် ဆင်ခြင်မပေးနိုင်ကြမည်အကြောင်း၊ ထာဝရဘုရားကိုယ်တော်တိုင် မိမိကိုယ်ကိုနှိမ့်ချလျက်၊ ဘုန်းတန်ခိုးတော်လွှမ်းမိုး၍ ကောင်းကင်တမန်များခြံရံလျက် သိနာတောင်ပေါ်သို့ဆင်းသက်တော်မူပြီးလျှင် အလွန်တရာပင် ထူးကဲမြင့်မြတ်၊ ကြောက်မက်ဘွယ်ကောင်းသောနည်းဖြင့် မိမိ၏ပညတ်တော်ဆယ်ပါးကို ဘော်ပြတော်မူ၏။ တစ်စုံတစ်ယောက်သောသူ (သို့မဟုတ်) မိမိ၏ကောင်းကင်တမန်များပင်လျှင် ထိုပညတ်များကို သွန်သင်ပေး . . . . . . . . . . . . . . . . . .

ကျောက်ပြားများပေါ်တွင် ဘုရားသခင်၏လက်ညှိုးတော်ဖြင့်
ပညတ်တော်ဆယ်ပါးကို ရေး၍ မောရှေအားသိနာတောင်ပေါ်၌
အပ်ပေးတော်မူ၏

ကြခြင်းအမှုကို ထာဝရဘုရားသည် အားကိုးတော်မမူဘဲ၊ လူအပေါင်းတို့ ကြား နိုင်လောက်အောင် အလွန်ကျယ်သောအသံတော်နှင့် မိမိပညတ်တော်ကို ကိုယ် တော်တိုင်မိန့်မြွက်တော်မူ၏။ မိမိအလိုရှိတော်မူသောအရာတို့ကို အလွယ်တ ကူမေ့တတ်သောလူတို့၏ ညံ့ဖျင်းသောမှတ်ဉာဏ်ကိုပင် အားကိုးတော်မမူ သေးသဖြင့်၊ ဘုရားသခင်သည် မိမိ၏သန့်ရှင်းသောလက်ညှိုးတော်ဖြင့် ကျောက် ပြားပေါ်တွင်၄င်း၊ ပညတ်များကိုရေးသားအက္ခရာတင်ထားတော်မူခဲ့ပါသည်။ မိမိ၏သန့်ရှင်းသောပညတ်တော်များကို ရိုးရာထုံးတမ်းများနှင့်ရောနှောခြင်း၊ သို့မဟုတ် မိမိတောင်းဆိုချက်ဥပဒေများကို လူတို့၏ဓလေ့ထုံးစံတို့နှင့် ရောပြွမ်း ရှုပ်ထွေးစေခြင်းအမှုတို့ကို ဖြစ်စေနိုင်သောနည်းရှိသမျှတို့ကို ထာဝရဘုရားသည် သူတို့ထံမှပယ်ရှားထားတော်မူလိမ့်မည်။

ထိုနောက် ထာဝရဘုရားသည် အလွယ်တကူလမ်းလွဲသွားတတ်ကြသော မိမိ၏လူတို့ထံသာ၍နီးကပ်စွာချဉ်းကပ်လာတော်မူလျက်၊ ပညတ်တော်ဆယ်ပါး နှင့်သာ သူတို့ကိုပစ်ထားတော်မမူဘဲ၊ မိမိမိန့်မြွက်တော်မူသည့်အတိုင်း မောရှေအား စီရင်တော်မူချက်များနှင့် ပညတ်တရားများတို့ကို ရေးသားစေတော်မူရာတွင် သူတို့အားပြုကျင့်စေခြင်းငှါ အလိုရှိတော်မူသမျှနှင့် စပ်ဆိုင်၍ အလွန်သေချာ စေ့စပ်စွာ ညွှန်ကြားမိန့်မြွက်တော်မူ၏။ ထိုသို့အားဖြင့် ကျောက်ပြားများပေါ်၌ ရေးသားထားတော်မူသော ပညတ်တော်ဆယ်ပါးကို ကာကွယ်စောင့်ရှောက်ထား တော်မူသည်။ လူသည်အလွယ်တကူကျူးလွန်တတ်သော ကျင့်ဝတ်ပညတ်တရား ကို နားထောင်စေခြင်းငှါ ဤသို့ခြားနားသောညွှန်ကြားတော်မူချက်နှင့် တောင်းဆို တော်မူချက်များတို့ကို မှားယွင်းတတ်သောလူအား ဆွဲဆောင်လမ်းညွှန်ရန် ချပေးထားတော်မူ၏။

အာဒံသည် ကျဆုံးပြီးနောက် သူ့အားပေးတော်မူပြီးလျှင် နောဧသည် သင်္ဘောထဲ၌ထိန်းသိမ်းထား၍ အာဗြဟံသည် စောင့်ရှောက်သကဲ့သို့ လူတို့သည် ဘုရားသခင်၏ပညတ်တော်ကို စောင့်ရှောက်ထိန်းသိမ်းခဲ့ကြလျှင် အရေဖျားလှီး ခြင်းမင်္ဂလာကို သူတို့သည်ခံယူကြဖို့လိုကြလိမ့်မည်မဟုတ်။ အာဗြဟံ၏ အမျိုး အနွယ်သည် အရေဖျားလှီးခြင်းအမှုအားဖြင့် ပုံဆောင်ထားသော ပဋိညာဉ်ကို စောင့်ရှောက်ကြလျှင်၊ သူတို့သည် ဘယ်သောအခါမျှ ရုပ်တုဆင်းတုကိုးကွယ်မှုကို လိုက်စားကြမည်မဟုတ်။ အဲဂုတ္တုပြည်၌ ဒုက္ခဆင်းရဲခံရ . . . . . . . . . . . . . . .

လောက်အောင် သွားနေကြရမည်မဟုတ်။ ၄င်းပြင် ဘုရားသခင်သည် မိမိ၏ ပညတ်တရားတော်ကို သိနာတောင်ပေါ်မှကျွေးကြော်မိန့်မြွက်တော်မူပြီး ကျောက်ပြားပေါ်၌ အက္ခရာတင်ထားပြီးနောက် မောရှေအားစီရင်တော်မူချက်များနှင့် စီရင်ထုံးဖွဲ့ချက်ပညတ်များ ရေးသားထားစေရန် အသေအချာညွှန်ကြားပေးခြင်းဖြင့် စောင့်ရှောက်ကာကွယ်ထားနေစရာမလိုတော့ချေ။

## စီရင်တော်မူချက်များနှင့် စီရင်ထုံးဖွဲ့ချက်ပညတ်များ

မောရှေသည် တောင်ပေါ်၌ ဘုရားသခင်နှင့်အတူရှိနေစဉ်အခါက ဘုရားသခင်၏နှုတ်တော်မှ မိန့်မြွက်တော်မူသောစီရင်တော်မူချက်များနှင့် စီရင်ထုံးဖွဲ့ချက်ပညတ်များတို့ကို ရေးသားထားခဲ့၏။ လူများတို့သည် ပညတ်တော်ဆယ်ပါး၏အခြေခံဥပဒေများကို လိုက်နာခဲ့လျှင်၊ ဘုရားသခင်အားပြုရသောတာဝန်၊ လူအချင်းချင်းအား ပြုအပ်သောဝတ်တရားနှင့်ပတ်သက်၍ စာစောင်တစ်ခုတွင် ရေးသားထားစေခြင်းငှါ၊ မောရှေအားခြားနားသော ညွှန်ကြားချက်များကို ပေးတော်မူဖို့လိုတော့မည်မဟုတ်။ မိမိတို့အမျိုးသားချင်းတို့၌၄င်း၊ တစ်ပါးအမျိုးသားတို့၌၄င်း၊ ဘုရားသခင်၏လူများပြုကျင့်အပ်သော ဝတ်တရားနှင့်သက်ဆိုင်၍ ထာဝရဘုရားကမောရှေအား သေချာစေ့စပ်စွာ ညွှန်ကြားတော်မူချက်များတို့ကား သူတို့သည် မှားယွင်းခြင်းမပြုနိုင်မည်အကြောင်း၊ လွယ်ကူသေချာစေ့စပ်သောနည်းဖြင့် ပညတ်တော်ဆယ်ပါး၏အခြေခံဥပဒေများကို ရှင်းလင်းဖော်ပြပေးခြင်းဖြစ်သည်။

ထာဝရဘုရားသည် မောရှေအား၊ စီရင်ထုံးဖွဲ့ချက်တရားများအတိုင်း ပြုလုပ်ရ၍ သခင်ခရစ်တော်အသေခံတော်မူသောအချိန်၌ ရပ်စဲသွားရသောယဇ်ပူဇော်ခြင်းအမှုကိစ္စတို့အကြောင်း၊ အသေအချာသွန်သင်ညွှန်ပြထားတော်မူ၏။ ယဇ်ပူဇော်ခြင်းအမှုနှင့်ဆိုင်သော စီရင်ထုံးဖွဲ့ချက်တို့သည် သခင်ခရစ်တော်အား အပြစ်ကင်းသောသိုးသငယ်ကဲ့သို့ ပူဇော်ခြင်းအမှု၏အရိပ်များဖြစ်ကြသည်။

အာဒံသည် အပြစ်ပြုပြီးနောက်၊ ထာဝရဘုရားသည် သူ့အားလိုက်နာစောင့်ရှောက်စေရန် ယဇ်ပူဇော်ခြင်းနှင့်ဆိုင်သော စီရင်ထုံးဖွဲ့ချက်များကို ပဌမဦးစွာ စီမံပေးတော်မူခဲ့ရာ၊ အာဒံသည် မိမိ၏သားစဉ်မြေးဆက်တို့အား ထို . . . . . . . .

ထုံးဖွဲ့ချက်များကို သွန်သင်ပေးခဲ့သည်။ မြေကြီးကိုရေလွှမ်းမမိုးမီက ဤစီရင်ထုံးဖွဲ့ချက်ကို လူများတို့သည် ဖျက်ဆီးကြသည်။ ထိုနောက် ဘုရားသခင်ဘက်၌ သစ္စာနှင့်လျှောက်လိုက်ကြသောသူများထံမှ ခွဲခွာသွားကြပြီး ဗာဗုလုန်ရဲတိုက်ကြီးကို ဆောက်လုပ်ခဲ့ကြသော သူတို့က ထပ်မံဖျက်ဆီးကြပြန်သည်။ သူတို့သည် ကောင်းကင်ဘုံရှင်ဘုရားသခင်အစား မိမိတို့ကိုယ်တိုင်ပြုလုပ်ကြသော ဘုရားရုပ်ဆင်းတုများအား ယဇ်ပူဇော်ခြင်းအမှုကိုပြုလာကြသည်။ သူတို့သည်ကြွလာလတ္တံ့သော ရွေးနှုတ်ရှင်ကို ယုံကြည်ကြသောကြောင့်မဟုတ်ဘဲ ရုပ်ဆင်းတု၏ပလ္လင်ပေါ်၌ တိရစ္ဆာန်တို့ကိုအလွန်များစွာဆက်ကပ်ပူဇော်ပေးခြင်းဖြင့် သူတို့၏ဘုရားများကို နှစ်သိမ့်စေနိုင်ကြသည်ဟု ထင်မှတ်ကြသောကြောင့်သာ သူတို့သည်ယဇ်ပူဇော်ကြ၏။ အယူသီးသောသူတို့၏ဝါဒကြောင့် သူတို့၏ယဇ်ပူဇော်ခြင်းအမှုသည် သာ၍ကြီးကျယ်ဆိုးရွားသွား၏။ သာ၍အဘိုးထိုက်သောယဇ်ကိုပူဇော်ကြလျှင် သူတို့၏ဘုရားများကသာ၍နှစ်သက်ကြပြီး သူတို့လူမျိုး၏စည်းစိမ်ချမ်းသာသည် သာ၍တိုးပွါးလာလိမ့်မည်ဟု သူတို့ကလူများအားသွန်သင်ပေးကြ၏။ ထိုအခါမှစ၍ အာရုံငါးပါးကင်းသော ရုပ်ဆင်းတုများအား လူသတ္တဝါတို့ကိုပင် မကြာခဏယဇ်ပူဇော်ကြသည်။ ထိုလူမျိုးတို့၏အကျင့်ဓလေ့များကို စိုးမိုးချုပ်ချယ်ထားရန် စီမံထားသောပညတ်ဥပဒေနှင့် စည်းကမ်းချက်များမှာ အလွန်ရက်စက်ပြင်းထန်သော အရာများဖြစ်ကြသည်။ ဂရုဏာတရားများအားဖြင့် နူးညံ့သိမ်မွေ့သောသဘောမရှိကြသောသူတို့က ဤပညတ်စည်းကမ်းများကိုပြုလုပ်ကြပြီး ဩဇာအာဏာရှိသောသူတို့သည် အယုတ်ဆုံးသောပြစ်မှုများကိုပြုလုပ်ကြပြီး၊ ဩဇာအာဏာရှိသောသူတို့သည် အယုတ်ဆုံးသောပြစ်မှုများကိုကျူးလွန်နေကြစဉ်၊ အခြားသူတို့ကိုကား အနည်းငယ်သာ ကျူးလွန်မှုကလေးအတွက် အရက်စက်ဆုံးသောပြစ်ဒဏ်ကိုပေးတတ်ကြသည်။

မောရှေသည် ဤအဖြစ်အပျက်မျိုးကို ကြိုတင်သိမြင်ထားသဖြင့်၊ ဣသရေလလူတို့အား ဤကဲ့သို့ပြောဆိုထားသည်မှာ "သင်တို့သွား၍ ဝင်စားသောပြည်၌ကျင့်စရာဖို့ ငါ၏ဘုရားသခင်ထာဝရဘုရား မှာထားတော်မူသည်အတိုင်း စီရင်ထုံးဖွဲ့တော်မူချက်တို့ကို သင်တို့အားငါသွန်သင်ပြီ။ သို့ဖြစ်၍ ထိုပညတ်တရားတို့ကို ကျင့်ဆောင်ကြလော့။ သို့ပြုလျှင် ထိုပညတ်တရားရှိသမျှတို့ကို ကြားရသောလူမျိုးများရှေ့မှာ သင်တို့၏ဉာဏ်ပညာသည် ထင်. . . . . . . . . . . . . . . . . . . . .

ရှားလိမ့်မည်။ သူတို့ကလည်း ဤကြီးမြတ်သောလူမျိုးသည် အကယ်စင်စစ်ဉာဏ် ပညာနှင့်ပြည့်စုံသော အမျိုးဖြစ်၏ဟု ဆိုကြလိမ့်မည်။ ငါတို့သည် ဆုတောင်းလေ ရာရာ၌ ငါတို့ဘုရားသခင်ကြည့်ရှုပြုစုတော်မူခြင်းကျေးဇူးကိုခံရသည်နည်းတူ၊ အ ခြားသောဘုရားကြည့်ရှုပြုစုသောကျေးဇူးကို အဘယ်မည်သောလူမျိုးကြီးခံရ သနည်း။ ငါသည် ယနေ့သင်တို့၌ထားသော တရားအပေါင်းနှင့်အမျှ ဖြောင့်မတ် သော စီရင်ထုံးဖွဲ့ချက်တို့ကို ရသောအဘယ်လူမျိုးကြီးရှိသနည်း။ တရားဟောရာ ကျမ်း ၄း၅၊၈။

--oo--

# အခန်း (၁၉)
# သန့်ရှင်းရာဌာန

ဘုရားသခင်မိန့်တော်မူသမျှအတိုင်း တဲတော်ကို ဆောက်လုပ်ရကြ၏။ ထာဝရဘုရားသည် လူအများကို ရွေးကောက်၍ သူတို့အားအမြတ်ဆုံးသော အမှုကို ဆောင်ရွက်ရန် သဘာဝထက်ထူးကဲသောဉာဏ်ပညာအရည်အချင်းတို့နှင့်ပြည့်စုံစေတော်မူ၏။ မောရှေ (သို့မဟုတ်) ထိုအလုပ်သမားများအား ထိုအဆောက်အဦး၏ပုံစံနှင့် လုပ်ငန်းအစီအစဉ်များကို ပြုလုပ်စီမံစေဖို့ ထာဝရဘုရားက ခွင့်ပေးထားတော်မမူ။ ဘုရားသခင်ကိုယ်တော်တိုင်ပုံစံကို စီမံပြီး မောရှေအား ပေးတော်မူလျက် ၎င်း၏အလျားအနံ၊ ပုံပန်းသဏ္ဌာန်၊ အသုံးပြုရန် ဝတ္ထုပစ္စည်းတို့ကို သေချာစွာညွှန်ကြားပြသပြီးလျှင် ၎င်းအတွင်း၌ ထားရှိအပ်သော အသုံးအဆောင်ပစ္စည်းတို့၏ပုံစံနမူနာများကို သေချာစွာတိုင်းထွာဘော်ပြတော်မူ၏။ ထာဝရဘုရားသည် မောရှေအား ကောင်းကင်သန့်ရှင်းရာဌာန၏ ပုံစံနမူနာအငယ်စားကိုပြလျက် တောင်ပေါ်၌ပြခဲ့ပြီးသော ပုံစံအတိုင်း အရာခပ်သိမ်းကိုစီမံပြုလုပ်စေရန် သူ့အားအမိန့်ပေးတော်မူ၏။ မောရှေသည် ညွှန်ကြားတော်မူသမျှတို့ကိုစာစောင်တစ်ခုတွင် ရေးမှတ်ထားပြီးလျှင်၊ ဩဇာအရှိဆုံးသောသူတို့အား ၎င်းတို့ကိုဖတ်ပြ၏။

ထိုနောက် ထာဝရဘုရားသည် လူတို့အထဲတွင် ကျိန်းဝပ်တော်မူမည်အကြောင်း၊ ထာဝရဘုရားအဘို့ သန့်ရှင်းရာဌာနကို ဆောက်လုပ်ဖို့ရန် သူတို့အား စေတနာနှင့်အလှူပစ္စည်းများပေးလှူစေခြင်းငှါ အလိုရှိတော်မူသည်။ "ဣသရေလအမျိုးသားပရိတ်သတ်အပေါင်းတို့သည် မောရှေထံမှထွက်သွားကြ၍၊ မိမိစိတ်နှလုံးနှိုးဆော်သောသူ၊ ကြည်ညိုသောစေတနာစိတ်သဘောရှိသောသူအပေါင်းတို့သည် ပရိသတ်စည်းဝေးရာ တဲတော်လုပ်ဖို့ငှင်း၊ အမှုတော်ထမ်းစရာဖို့ငှင်း၊ သန့်ရှင်းသောအဝတ်ကိုငှင်း၊ ထာဝရဘုရားအားလှူသောအလှူကို ဆောင်လျက်လာကြ၏။ ကြည်ညိုသောစေတနာစိတ်ရှိသော ယောက်ျားမိန်းမတို့သည် လက်ကောက်၊ နားဋ္ဌောင်း၊ လက်စွပ်၊ နှာခေါင်းဘူး၊ ရွှေတန်ဆာရှိသမျှကို ဆောင်ခဲ့သဖြင့် လှူသောသူအသီးအသီးတို့သည် ထာဝရဘုရားအားရွှေကိုလှူကြသည်။

ဘုရားသခင်၏အမိန့်တော်အတိုင်း  သန့်ရှင်းရာဌာနကိုမောရှေသည်
ဆောက်လုပ်ရ၏

ကြီးကျယ်ခမ်းနား၍ အကုန်အကျများသောအရာများကို ပြင်ဆင်ပြု လုပ်ဖို့လိုပေသည်။ အဘိုးထိုက်တန်သောဝတ္ထုပစ္စည်းများကို စုဆောင်းရကြမည်။ သို့သော် ထာဝရဘုရားသည် စေတနာနှင့်ပေးသောအလှူကိုသာ လက်ခံတော်မူ သည်။ ဘုရားသခင်ကျိန်းဝပ်တော်မူသောနေရာကို ပြင်ဆင်ရာ၌ ဘုရားသခင်၏ အမှုတော်၌ စိတ်ဝင်စားခြင်း၊ စိတ်နှလုံးထဲမှ ဆက်ကပ်ပူဇော်ခြင်းသဘောများကို ပဌမဦးစွာလိုပေသည်။ သန့်ရှင်းရာဌာနကို ဆောက်လုပ်နေကြ၍ လူများတို့သည် မိမိတို့၏အလှူပစ္စည်းတို့ကို မောရှေထံသို့ ယူဆောင်လာနေကြလျက် မောရှေသည် ၎င်းတို့ကို အလုပ်သမားများထံသို့ပို့ပေးနေစဉ် ဆောက်လုပ်ခြင်းအမှုတွင်ပါဝင် သော ပညာရှိအပေါင်းတို့ကအလှူများကို စစ်ဆေးတွက်ချက်ကြည့်ကြရာ လူများ တို့သည် လောက်ရုံမျှမက လိုသည်ထက်ပိုမိုယူဆောင်လာနေကြပြီဟု ဆုံးဖြတ်ကြ သည်။ ထိုအခါ မောရှေက၊ "သန့်ရှင်းရာဌာနတော်အဖို့လှူခြင်းငှါ အဘယ်ယောက် ကျားမိန်းမမျှ ထပ်မံ၍ မလုပ်စေနှင့်ဟုစီရင်၍ တစ်တပ်လုံး၌ကြော်ငြာစေသဖြင့်၊ လူများအလှူဆောင်ခြင်းအမှုကို ဆီးတား၏။"

## နောက်လာနောက်သားများအတွက် မှတ်တမ်းတင်ခြင်း

ဣသရေလလူတို့ ထပ်ခါထပ်ခါညည်းညူခြင်းနှင့် သူတို့၏လွန်ကျူးခြင်း အပြစ်ကြောင့် ဘုရားသခင်၏အမျက်ဒေါသသက်ရောက်ခြင်းအကြောင်းတွက် အကျိုးဖြစ်ထွန်းစေခြင်းငှါသာမက၊ နောက်ဆုံးကာလတွင် ရှိနေကြမည့်လူများကို သတိပေးဖို့ရန် သန့်ရှင်းသော ရာဇဝင်မှတ်တမ်းတွင် ရေးမှတ်ထားလေသည်။ ဘုရားသခင်ဘက်၌ သူတို့၏ကြည်ညိုခြင်းအမှုများ၊ မောရှေထံသို့စေတနာနှင့် အလှူပစ္စည်းများကိုဆောင်လာရာတွင် စွမ်းရည်သတ္တိနှင့် ရက်ရောခြင်းအမှုများအ ကြောင်းကိုလည်း ဘုရားသခင်၏လူများအဖို့ အကျိုးဖြစ်ထွန်းစေရန် မှတ်တမ်းတင် ထားလေသည်။ တဲတော်အတွက် ဝတ္ထုပစ္စည်းများကို ဝမ်းမြောက်သောစိတ်နှင့် သူတို့ပြင်ဆင်ပြုလုပ်ကြခြင်းအကြောင်းသည်လည်း ဘုရားသခင်ကိုဝတ်ပြုကိုးကွယ် ရန် အမှန်နှစ်သက်လိုလားသောသူအပေါင်းတို့အဖို့ ပုံသက်သေတစ်ခုဖြစ်ပေသည်။ ဘုရားသခင်သန့်ရှင်းစွာကျိန်းဝပ်တော်မူခြင်းဖြင့် ခံစားရသေကောင်းကြီးမင်္ဂလာများ ကို စုံမက်သော . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

သူတို့သည် ဘုရားသခင်နှင့်တွေ့ဆုံရာနေရာ အဆောက်အဦးကိုပြင်ဆင်ပြုလုပ်နေကြသောအခါ၊ လောကီစည်းစိမ်ချမ်းသာထက်ကောင်းကင်မှ ကောင်းကြီးမင်္ဂလာတို့သည် သာ၍မြင့်မြတ်သည်ဟု တန်ဖိုးထားကြသည်နှင့်အမျှ သန့်ရှင်းသောအမှုတွင်သာ၍ စိတ်အားထက်သန်လျက် သာ၍စိတ်ပါဝင်စားခြင်းရှိကြသည်ကို ထင်ရှားစေရမည်။ သူတို့သည် ဘုရားသခင်အတွက် အိမ်တော်တစ်ဆောင်ကို ပြင်ဆင်တည်ဆောက်နေကြသည်ကို သိနားလည်အပ်ပေသည်။

ဘုရားသခင်သည် မိမိ၏လူများနှင့်တွေ့ဆုံတော်မူရန် အဆောက်အဦးတစ်ဆောင်ကို ဆောက်လုပ်ပြင်ဆင်ရာတွင် သတိကြီးစွာထားလျက်သက်သာ၊ သန့်ရှင်း၍သေသပ်ကျနစွာရှိစေဖို့ အရေးကြီးပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကို ဘုရားသခင်အား ဆက်ကပ်ပူဇော်ပြီးနောက်၊ ဘုရားသခင်သည် ၎င်းအဆောက်အဦးတွင် ကျိန်းဝပ်တော်မူလျက် ထိုသို့ကျိန်းဝပ်တော်မူခြင်းဖြင့် ၎င်းကိုသန့်ရှင်းစေခြင်းငှါ ပြုပြင်တော်မူပါမည်အကြောင်း တောင်းလျှောက်ရကြမည်။ ထိုအလုပ်ကိုရက်ရောစွာအကုန်ခံ၍ ဆောက်လုပ်နိုင်စေရန် ထာဝရဘုရားအား လုံလောက်စွာရှိရအောင် စေတနာနှင့်ပေးလှူကြရမည်။ ထိုနောက် အလုပ်သမားများက အလှူများကိုထပ်မံယူဆောင်မလာကြနှင့်တော့ဟု ပြောဆိုနိုင်ရကြလိမ့်မည်။

## ပုံစံနမူနာအတိုင်းဆောက်ခြင်း

တဲတော်ဆောက်လုပ်ခြင်းလုပ်ငန်းသည် ပြီးစီးသွားသောအခါ၊ မောရှေသည် ပြီးသမျှသောအမှုအားလုံးကို စစ်ဆေးလျက် ပုံစံနှင့်၎င်း၊ ဘုရားသခင်ထံမှရရှိထားသော ညွှန်ကြားချက်တို့နှင့်၎င်း၊ နှိုင်းယှဉ်ကြည့်ရာ အစိတ်အပိုင်းသည် ပုံစံနမူနာတညီတည်းဖြစ်သည်ကိုမြင်ရ၍လူများတို့အားကောင်းကြီးပေး၏။

ဘုရားသခင်သည် မောရှေအား ပဋိညာဉ်သေတ္တာတော်၏ ပုံစံနမူနာနှင့်တကွ မည်ကဲ့သို့ပြုလုပ်ရမည်အကြောင်း ထူးခြားသောညွှန်ကြားချက် လက်ညှိုးတော်ဖြင့် ပညတ်တော်ဆယ်ပါးကိုရေးသားထားတော်မူသော ကျောက်ပြား. . . .

များကိုထည့်ထားရလိမ့်မည်။ ၎င်းသည် အပေါ်၌အဖုံးရှိသော သေတ္တာမျိုးဖြစ်လျက် အတွင်းအပြင်ကို ရွှေစင်နှင့်မွမ်းမံရမည်။ ဤသေတ္တာတော်၏အဖုံးသည် ဂရုဏာပလ္လင်တော်ပေါ်တွင် အလျားတစ်ဘက်တစ်ချက်၌ ရွှေစင်ဖြင့်ပြုလုပ်ထားသော ခေရုဗိမ်တစ်ပါးစီထုလုပ်ထားရမည်။ သူတို့သည် မျက်နှာချင်းဆိုင်လျက် ဂရုဏာပလ္လင်တော်ပေါ်သို့ ရိုသေစွာငုံ့ကြည့်နေကြရမည်။ ကောင်းကင်သန့်ရှင်းရာဌာနတွင်ရှိ သေတ္တာတော်ထဲတွင် ထည့်ထားသော ဘုရားသခင်၏ပညတ်တော်ဆယ်ပါးကို ကောင်းကင်ရှိကောင်းကင်တမန်အပေါင်းတို့က စိတ်အားထက်သန်၊ ရိုသေစွာဖြင့် ကြည့်ရှုနေကြကြောင်းကို ပုံဆောင်ထားခြင်းဖြစ်သည်။ ဤခေရုဗိမ်များ၌အတောင်များရှိလျက် ကောင်းကင်တမန်တစ်ပါးစီတွင် အတောင်တစ်ဖက်သည် အပေါ်သို့မြင့်မြင့်ဖြန့်ထား၍ အခြားတစ်ဘက်သည် မိမိကိုယ်ကိုဖုံးနေစေရမည်။ မြေကြီးပေါ်ရှိ သန့်ရှင်းရာဌာနတွင်ရှိ သေတ္တာတော်သည် ကောင်းကင်သန့်ရှင်းရာဌာနတွင်ရှိ သေတ္တာတော်အစစ်အမှန်၏ပုံစံဖြစ်သည်။ ထိုအရပ်၌ ကောင်းကင်သေတ္တာတော်နံဘေးတစ်ချက်တွင် အသက်ရှင်နေသောကောင်းကင်တမန်များသည် ရပ်နေကြလျက် အသီးအသီးတို့၏အတောင်တစ်ဘက်စီကို အပေါ်သို့ မြင့်မြင့်ဖြန့်ပြီး ဂရုဏာပလ္လင်ကို လွှမ်းမိုးထားကြ၏။ အခြားသော အတောင်တစ်ဘက်စီကို ရိုသေနှိမ့်ချသောသဘောဖြင့် မိမိတို့ကိုယ်ကိုဖုံးအုပ်ထားကြသည်။

မြေကြီးပေါ်ရှိသေတ္တာတော်တွင် မောရှေသည် ကျောက်ပြားများကို ထည့်ထားရမည်။ ၎င်းတို့ကို သက်သေခံချက်ကျောက်ပြားများဟုခေါ်သည်။ ထိုကျောက်ပြားများပေါ်၌ရှိသော ပညတ်တော်ဆယ်ပါးတွင် ထင်ရှားသောဘုရားသခင်၏ သက်သေခံချက်များပါရှိနေသောကြောင့်၊ သေတ္တာတော်ကို သက်သေခံချက်သေတ္တာတော်ဟုခေါ်သည်။

## အခန်းနှစ်ခန်း

တဲတော်တွင် အခန်းနှစ်ခန်းရှိလျက် တစ်ခုနှင့်တစ်ခု ကန့်လန့်ကာနှင့် ခွဲခြားထား၏။ တဲတော်၏အသုံးအဆောင်များကို ရွှေသားပကတိဖြင့် တစ်ချို့ပြုလုပ်၍ တစ်ချို့ကို ရွှေဖြင့်မွမ်းမံထားသည်။ တဲတော်၏ကန့်လန့်ကာများကို အရောင်အမျိုးမျိုးဖြင့် အလွန်လှပစွာစီမံပြုလုပ်ထား၍၎င်းတို့အပေါ်တွင် ရွှေချည်၊ ငွေချည်များဖြင့် ခေရုဗိမ်အရုပ်များကိုပြုလုပ်ချယ်လှယ်ထား၏။ ထို . . . . . . . .

အရုပ်များကား ကောင်းကင်သန့်ရှင်းရာဌာန၏အလုပ်အကိုင်များနှင့် သက်ဆိုင်၍ မြေကြီးပေါ်ရှိသန့်ရှင်းသူတို့ကို စောင့်ရှောက်ပြုစုနေရကြသော ကောင်းကင်တမန် ဗိုလ်ခြေအပေါင်းတို့ကို ပုံဆောင်ထား၏။

ကန့်လန့်ကာခြားထားသော ဒုတိယအခန်းထဲ၌ သက်သေခံချက်သေတ္တာ တော်ရှိသည်။ သန့်ရှင်းသောသေတ္တာတော်ရှေ့၌ အလွန်လှပ၍ အဖိုးထိုက်တန် သောကန့်လန့်ကာရှိသည်။ ဤကန့်လန့်ကာသည် တဲတော်၏အမိုးထိမရောက်ပေ။ ဂရုဏာပလ္လင်တော်ပေါ်၌ ထင်ရှားသောဘုရားသခင်၏ဘုန်းတော်ကို အခန်းနှစ် ခန်းစလုံးကပင်မြင်ရ၏။ သို့သော် ပဌမအခန်းမှ အနည်းငယ်လောက်သာမြင်ရ၏။

သေတ္တာရှေ့တည့်တည့် ကန့်လန့်ကာခြားထားရာနေရာတွင် နံ့သာပေါင်း ကို မီးရှို့ရာယဇ်ပလ္လင်တည်ရှိ၍ ၎င်းကိုရွှေဖြင့်မွမ်းမံထား၏။ ဤယဇ်ပလ္လင်ပေါ်၌ အမြဲလောင်နေသော မီးကို ထာဝရဘုရားကိုယ်တော်တိုင်ညှိပေးတော်မူ၏။ ၎င်းကို သန့်ရှင်းသောနံ့သာပေါင်းနှင့် အမြဲမီးမွှေးပေးရမည်။ ၎င်း၏မွှေးကြိုင်သော အခိုး သည် နေ့ညမပြတ်တဲတော်ကို လွှမ်းမိုးနေလေသည်။

၎င်း၏မွှေးကြိုင်သောအနံ့သည် တဲတော်ပတ်ဝန်းကျင်ရှိ မိုင်ပေါင်းများ စွာကျယ်သောအရပ်တိုင်အောင် ပြန့်သွား၏။ ယဇ်ပုရောဟိတ်သည် ထာဝရဘုရား ရှေ့တော်၌ နံ့သာပေါင်းကိုဆက်ကပ် သောအခါ သူသည် ဂရုဏာပလ္လင်ဘက်သို့ မျက်နှာလှည့်လျက် ကြည့်ရှုနေရ၏။ သူသည် ၎င်းကို မမြင်ရသော်လည်း ၎င်းသည် ထိုနေရာ၌ရှိသည်ကို သိရ၏။

၎င်းပြင် နံ့သာမွှေးသည်အခိုးကဲ့သို့တက်သွားသောအခါ ဘုရားသခင် ၏ဘုန်းတော်သည် ဂရုဏာပလ္လင်ပေါ်သို့ဆင်းသက်လာ၍ အသန့်ရှင်းဆုံးအခန်း တည်းဟူသော ဟဂျာဟဂျန်အရပ်တစ်ခုလုံးကို လွှမ်းမိုးသွား၍ သန့်ရှင်းသောအ ခန်းတည်းဟူသော ဟဂျာအရပ်ကလည်း ၎င်းဘုန်းတော်ကိုမြင်ရ၏။ ထိုဘုန်း တော်သည် မကြာခဏ အခန်းနှစ်ခုစလုံးကို လွှမ်းမိုးသွားတတ်သဖြင့် ယဇ်ပုရော ဟိတ်သည် မိမိ၏အမှုကို မဆောင်ရွက်နိုင်တော့ဘဲ အပြင်သို့ထွက်၍ တဲတော်တံ ခါးဝရှေ့၌ရပ်နေရလေ၏။

သန့်ရှင်းရာအရပ်တွင် ယဇ်ပုရောဟိတ်သည် မမြင်နိုင်သောဂရုဏာ ပလ္လင်တော်ဘက်သို့လှည့်၍ ယုံကြည်ခြင်းနှင့် ဆုတောင်းနေခြင်းအမှုကား . . . . .

ဘုရားသခင်၏လူတို့သည် ကောင်းကင်သန့်ရှင်းရာဌာနတွင် ဂရုဏာပလ္လင်တော် ရှေ့၌အမှုဆောင်နေတော်မူသော သခင်ခရစ်တော်ထံသို့ မိမိတို့၏ဆုတောင်းချက် များကို ပို့ဆက်နေကြသည့်အမှုကို ပုံဆောင်ထား၏။

သူတို့သည် မိမိတို့အတွက် ကြားဖြန်ဖြေတော်မူသောအရှင်ကို မိမိတို့၏ ပကတိမျက်စေ့ဖြင့်မမြင်နိုင်ကြသော် လည်း၊ ယုံကြည်ခြင်းမျက်စိဖြင့် ဂရုဏာပလ္လင် တော်ရှေ့၌ သခင်ခရစ်တော်ကို တွေ့ မြင်ရကြသဖြင့်၊ ကိုယ်တော်ထံသို့ ဆုတောင်း ချက်များကို ပို့ဆက်ကြ၏။ ၎င်းပြင် ယုံကြည်စိတ်ချခြင်းနှင့် ကိုယ်တော်၏ဖြန် ဖြေတော်မူခြင်းအမှု၏အကျိုးတို့ကို တောင်းလျှောက်ကြလေ၏။

ဤသန့်ရှင်းသောအခန်းများတွင် အလင်းဝင်စေဖို့ရန် ပြတင်းပေါက်များ မရှိပါ။ မီးခုံကို ရွှေစင်နှင့်လုပ်၍ နေ့ညမပြတ်၎င်းကို ထွန်းထားရ၍ အခန်းနှစ်ခန်းစ လုံးသည် အလင်းရရှိနေ၏။ မီးခုံမှအလင်းရောင်ခြည်သည် တဲတော်နံရံတွင်ရွှေနှင့် မွမ်းမံထားသော ပျဉ်ပြားများပေါ်၌၎င်း၊ သန့်ရှင်းသောအသုံးအဆောင်တို့အပေါ် ၌၎င်း၊ ရွှေချည်ငွေချည်တို့နှင့် ခေရုဗိမ်များထိုးထားသဖြင့် မပြောနိုင်လောက်အောင် တင့်တယ်လှပသော ရောင်စုံကန့်လန့်ကာများတို့အပေါ်၌ ၎င်းအရောင်ပြန်ရိုက် လေ၏။ ဤအခန်းများ၌ ထင်ရှားသောတင့်တယ်နှစ်သက်ဖွယ်၊ ကြည်ညိုဖွယ်ဘုန်း အသရေကို လူ၏စကားဖြင့်မဖော်ပြနိုင်ပါ။ သန့်ရှင်းရာဌာနအတွင်းရှိ ရွှေထည်များ တို့သည် ရောင်စုံကန့်လန့်ကာတို့၏အရိပ်ကိုပြန်ရိုက်စေသဖြင့် တဲတော်တွင်ရှိရောင် ခြည်တို့သည် သက်တံ့၏အဆင်းသဏ္ဍာန်နှင့်တူ၏။

တစ်နှစ်လျှင်တစ်ကြိမ်သာ၊ ယဇ်ပုရောဟိတ်မင်းသည် အလွန်သေချာ သန့်ရှင်းစွာမိမိကိုယ်ကိုပြင်ဆင်ပြီးမှ ဟဂျာ၊ဟဂျန်ခေါ် အသန့်ရှင်းဆုံးအရပ်ထဲသို့ ဝင်နိုင်ခွင့်ရှိသည်။ ထိုအခန်းထဲတွင် ထူးခြားစွာကျိန်းဝပ်တော်မူသော ဘုရားသခင် ၏မျက်မြင်ဘုန်းတော်ကို ယဇ်ပုရောဟိတ်မင်းမှတစ်ပါး မည်သည့်လူသတ္တဝါမျှမ ကြည့်မမြင်နိုင်။

လူများတို့သည်အပြင်ဘက်၌ ကြည်ညိုစွာယဇ်ပုရောဟိတ်မင်းအ ပြန်ကို စောင့်နေကြစဉ်၊ သူသည်အမြဲကြောက်ရွံ့တုန်လှုပ်လျက် အတွင်းသို့ဝင်သွား ရသည်။ ဘုရားသခင်ထံတော်မှ ကောင်းကြီးမင်္ဂလာတော်တွင် ဘုရားသခင်သည် ယဇ်ပုရောဟိတ်မင်းနှင့်ဆုံ၍ မိန့်ခွန်းစကားမိန့် . . . . . . . . . . . . . . . . . .

မြွက်တော်မူ၏။ အသန့်ရှင်းဆုံးအခန်းတွင် သူသည်ထုံးစံထက်ပိုမိုကြာရှည်နေလျှင်၊ မိမိတို့အပြစ်များနှင့် ယဇ်ပုရောဟိတ်မင်း၏အပြစ်အချို့ကြောင့် ထာဝရဘုရား၏ ဘုန်းတော်သည် သူ့ကိုသတ်ပစ်လိုက်လေပြီဟု စိုးရိမ်လျက် အလွန်ကြောက်ရွံ့ ထိတ်လန့်နေကြသည်။ သို့ရာတွင် သူ၏ဝတ်လုံပေါ်၌ရှိသော ကျူကလေးများ၏ အသံကို ကြားရသောအခါ၊ သူတို့သည် များစွာစိတ်သက်သာလာကြသည်။ ထို နောက် ယဇ်ပုရောဟိတ်မင်းသည်ထွက်လာပြီးလျှင်၊ လူများကို ကောင်းကြီးပေး လေ၏။

တဲတော်ဆောက်လုပ်ခြင်းအမှုပြီးစီးသောအခါ၊ "မိုးတိမ်သည် ပရိတ် သတ်စည်းဝေးရာတဲတော်ကို လွှမ်းမိုး၍ ထာဝရဘုရား၏ဘုန်းတော်သည် တဲတော် ကိုဖြည့်လေ၏။ ထိုသို့ မိုးတိမ်သည် ပရိတ်သတ်စည်းဝေးရာတဲတော်အပေါ်၌ နေ သောကြောင့်၊ မောရှေသည် အထဲသို့မဝင်ရ။ ထာဝရဘုရား၏ဘုန်းတော်သည် တဲတော်ကို ဖြည့်လျက်နေ၏။" အကြောင်းမူကား၊ "ခရီးသွားလေရာရာတွင် ဣသ ရေလအမျိုးသားအပေါင်းတို့ရှေ့မျှောက်၌ ထာဝရဘုရား၏မိုးတိမ်သည် နေ့အခါ တဲတော်ပေါ်မှာတည်နေ၏။ ညအခါ မီးလျှံဖြစ်လျက် တည်နေလေသတည်း။"

ဣသရေလလူတို့သည် ခရီးသွားလေရာရာ၌ တဲတော်ကို တပိုင်းစီယူ ဆောင်သယ်သွားနိုင်စေခြင်းငှါ၊ ၎င်းကို ဆောက်လုပ်ရာ၌စီမံပြုလုပ်ထားရ၏။

## လမ်းပြသောမိုးတိမ်

ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့အား တောထဲ၌ခရီးသွား လေရာရာတွင် လမ်းညွှန်တော်မူ၏။ လူများတို့၏ကောင်းကျိုးအတွက်သော်၎င်း၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေဖို့အတွက်သော်၎င်း၊ သူတို့သည်တစ်နေရာ၌ တဲထိုး၍ နေရကြမည်ဖြစ်သောအခါ၊ ဘုရားသခင်သည် မိုးတိမ်ကို တဲတော်အ ပေါ်တည့်တည့်၌ နိမ့်စွာရပ်နားစေခြင်းဖြင့် မိမိ၏အလိုတော်ကို လူတို့အား အမှတ် ပေးတော်မူ၏။ ၎င်းပြင် ဘုရားသခင်သည် သူတို့အား တဖန် ခရီးဆက်လက်သွား စေဖို့ အလိုရှိသည့်အခါတိုင်အောင် ထိုမိုးတိမ်သည် ထိုနေရာ၌တည်ရှိနေ၏။ နောက်တစ်ဖန် တဲတော်အပေါ်မှ ဘုန်းတော်မိုးတိမ်ကို မြင့်စွာမြှင့်တင်လိုက်သော အခါ၊ သူတို့သည် ဆက်လက်ခရီးထွက်ရပြန်သည်။

သူတို့သည် ခရီးသွားလေရာရာ၌ တပ်အစဉ်အလိုက်စည်းကမ်းစနစ်နှင့် လုံးလုံးကိုက်ညီအောင် လိုက်နာရကြ၏။ အမျိုးအနွယ်တိုင်းသည် မိမိတို့ဖခင်၏ အိမ်တော်အတွက် အထိမ်းအမှတ်ပါသောအလံကို ယူဆောင်တပ်ချီသွား၍ အလံကိုစိုက်ထားသောနေရာအနီးတွင် မိမိတို့ဆိုင်ရာအမျိုးအနွယ်တိုင်း တပ်ချနေရကြမည်။ ၄င်းပြင် သူတို့သည် ခရီးသွားကြသောအခါ၊ အမျိုးအနွယ်အသီးအသီးတို့သည် မိမိတို့ဆိုင်ရာအလံနှင့် အတူတကွ တပ်အစဉ်အလိုက်ချီတက်သွားရကြမည်။ ခရီးသွားရာမှ ရပ်နား၍စခန်းချကြသည်အတိုင်း အမျိုးအနွယ်အသီးအသီးတို့သည် တဲတော်ပတ်လည်၌ အတော်အကွာဝေးသောနေရာတွင် အစဉ်အလိုက် တပ်ချ၍ မိမိတို့တဲများကို တည်ဆောက်ထာရကြ၏။

လူများတို့သည် ခရီးသွားကြသောအခါ၊ ပဋိညာဉ်သေတ္တာတော်ကို သူတို့ရှေ့မှ ယူဆောင်သွားရကြ၏။ "သူတို့သည် နေ့အချိန်၌ တပ်ချီ၍ သွားသောအခါ ထာဝရဘုရား၏မိုးတိမ်သည် သူတို့အပေါ်မှာ ရှိလေ၏။ သေတ္တာတော်သွားသောအခါ၊ မောရှေက အိုထာဝရဘုရား၊ ထတော်မူပါ။ ကိုယ်တော်၏ရန်သူတို့သည် လွင့်ကြပါစေသော။ ကိုယ်တော်ကိုမုန်းသောသူတို့သည် ရှေ့တော်မှပြေးကြပါစေသောဟူ၍၎င်း၊ သေတ္တာတော်မသွားဘဲရပ်နေသောအခါ၊ အိုထာဝရဘုရား၊ ဣသရေလအမျိုးသားအထောင်အသောင်းရှိရာသို့ ပြန်လာတော်မူပါဟူ၍၎င်း လျှောက်ဆိုလေ့ရှိ၏။"

---၀၀---

မောရှေသည် ခါနန်ပြည်သို့ သူလျှိုတို့ကိုစေလွှတ်၍
သူတို့ပြန်လာကြသောအခါ ထိုပြည်၏အသီးများကိုယူလာကြ၏

## အခန်း (၂၀)
## သူလျှိုများနှင့်သူတို့၏သတင်းစကား

ဣသရေလအမျိုးသားတို့အား ထာဝရဘုရားပေးတော်မူမည်ဆိုသော ခါနာန်ပြည်သို့သွားရောက်စူးစမ်းစေခြင်းငှါ လူများတို့စေလွှတ်စေဖို့ မောရှေအား ထာဝရဘုရားသည် အမိန့်ပေးတော်မူ၏။ အမျိုးအနွယ်အသီးအသီးထဲက အကြီးအကဲတစ်ဦးစီကို ထိုကိစ္စအတွက်ရွေးချယ်ရ၏။ သူတို့သည်သွားရောက်၍ ရက်ပေါင်းလေးဆယ်လွန်သောအခါ စူးစမ်းရာမှပြန်လာပြီးလျှင် မောရှေ၊ အာရုန်နှင့် ဣသရေလအမျိုးသားပရိသတ်အပေါင်းတို့ရှေ့တွင် ထိုပြည်မှယူလာသော အသီးများကိုပြကြ၏။ ထိုပြည်သည် သာယာကောင်းမွန်သောပြည်ဖြစ်သည်ဟု လူအပေါင်းတို့က သဘောတူဝန်ခံကြလျက် သူတို့ယူခဲ့သည့် ထွားကြိုင်းလှပသော အသီးများကိုသက်သေပြကြ၏။ စပျစ်သီးတပြွတ်ပါသောအခက်တစ်ခက်သည် အလွန်ကြီးမား၍ လူနှစ်ယောက်တို့သည် ထမ်းယူခဲ့ကြသည်။ သူတို့သည် ထိုအရပ်မှအလွန်ပေါများသောသင်္ဘောသဖန်းသီးနှင့် သလဲသီးများတို့ကိုလည်း ယူဆောင်လာခဲ့ကြသေး၏။

ထိုပြည်၏မြေဩဇာကောင်းခြင်းအကြောင်းကို သူတို့သည်ပြောပြကြပြီးနောက်၊ လူနှစ်ယောက်ကလွဲ၍လူအပေါင်းက ထိုပြည်ကိုသိမ်းယူဖို့အကြောင်းနှင့် စပ်ဆိုင်၍အလွန်စိတ်ပျက်ဖွယ်စကားများကို ပြောဆိုကြလေ၏။ သူတို့က ထိုပြည်၌ ရှိသောလူများတို့သည် အလွန်သန်မာတောင့်တင်း၍မြို့များတို့မှာလည်း မြင့်မားကြီးကျယ်သော မြို့ရိုးကြီးများနှင့်ဝိုင်းရံလျက်ရှိကြပြီး၊ ထိုမျှမကသေး၊ ကိုယ်ကြီးမားသောအာနကအမျိုးအနွယ်များကိုလည်း မြင်ခဲ့ရကြပြီဟုပြောဆိုကြ၏။ ထိုနောက် ခါနာန်ပြည်ပတ်လည်၌ မည်ကဲ့သို့မြင်ခဲ့ရကြပြီဟုပြောဆိုကြ၏။ ထိုနောက် ခါနာန်ပြည်ပတ်လည်၌ မည်ကဲ့သို့သောလူများနေထိုင်သဖြင့် ထိုပြည်ကိုသိမ်းယူခြင်းငှါ အဘယ်သောအခါမျှမဖြစ်နိုင်ကြောင်းကိုလည်း သူတို့ကဘော်ပြကြသေး၏။

လူများတို့သည် ဤသတင်းစကားကိုကြားရကြသောအခါ၊ စိတ်ပျက်ကြကာ၊ ပြင်းထန်စွာအပြစ်တင်လျက်ငိုကြွေးမြည်တမ်းကြ၏။ သူတို့သည် စောင့်ဆိုင်းပြီး မိမိတို့အား ထိုမျှလောက်ဝေးလံစွာ ထုတ်ဆောင်လာခဲ့တော် . . . . . . .

မူသောဘုရားသခင်သည် သူတို့အားဇကန်အမှန်ပင် ထိုပြည်ကိုပေးတော်မူမည်ဟု ပြန်၍တွေးတောဆင်ခြင်ခြင်းမပြုကြ။ ချက်ခြင်းစိတ်ပျက်လွယ်ကြသည်။ သန့်ရှင်းတော်မူသောအရှင်၏တန်ခိုးတော်ကို သူတို့သည်အထင်သေး၍ ယခုနေရာအထိ သူတို့ကိုဆောင်ယူတော်မူခဲ့သော ဘုရားသခင်၌ အားကိုးခြင်းမရှိကြချေ။ သူတို့သည် မောရှေကိုအပြစ်တင်ကြပြီးလျှင်၊ ဤတောအရပ်သည် ငါတို့၏မျှော်လင့်ချက်အပေါင်းကို အဆုံးသို့ရောက်စေလေပြီတကား။ ငါတို့သိမ်းယူကြရန် အဲဂုတ္တုပြည်မှထွက်၍ ခရီးသွားလျက် နေခဲ့ရကြသည်မှာ ဤပြည်ဖြစ်ပါသည်တကားဟု သူတို့အချင်းချင်းညည်းညူလျက်ပြောဆိုနေကြသည်။

ကာလက်နှင့်ယောရှုတို့သည် လူများတို့အား နားထောင်စေရန်ကြိုးစားသော်လည်း၊ လူများတို့သည် အလွန်စိတ်ဆိုးနေကြသဖြင့်၊ ဤလူနှစ်ယောက်၏ စကားများကိုနားမထောင်နိုင်ကြ။ သူတို့သည် အနည်းငယ်စိတ်ငြိမ်သက်သွားကြသောအခါ ကာလက်သည် စကားပြောရန်ကြိုးစားရပြန်သည်။ သူကလူများတို့အား၊ ချက်ခြင်းချီသွား၍ ထိုပြည်ကိုသိမ်းယူကြစို့၊ အောင်နိုင်ကောင်းသည်”ဟုပြောပြ၏။ သို့သော် သူနှင့်အတူလိုက်ပါသွားသောသူတို့က “ထိုပြည်သားတို့ကိုငါတို့မတိုက်နိုင်။ သူတို့သည် ငါတို့ထက်သာ၍အားကြီးကြသည်”ဟု ပြောဆိုကြ၏။ ၄င်းပြင် သူတို့သည် မကောင်းသောသတင်းစကားကိုထပ်မံပြောဆိုလျက်၊ ထိုပြည်ရှိလူအပေါင်းတို့သည် အလွန်အရပ်မြင့်ကြ၏ဟု ဘော်ပြကြပြန်သည်။ “ကိုယ်ကြီးသောလူအမျိုးအနွယ်၊ အာနကအမျိုးအနွယ်ဖြစ်၍၊ အလွန်ကြီးမားသော သူတို့ကိုလည်းမြင်ခဲ့ကြပြီ။ သူတို့ရှေ့မှာ ငါတို့သည် ကိုယ်အထင်အတိုင်း နှံကောင်ကဲ့သို့ဖြစ်ကြ၏။ သူတို့အထင်အတိုင်းလည်း ထိုသို့ဖြစ်ကြ၏။

## ဣသရေလအမျိုးသားတို့ တစ်ဖန်ညည်းညူကြပြန်၏

“ထိုအခါ ပရိသတ်အပေါင်းတို့သည် အသံကိုလွင့်၍မြည်တမ်းသဖြင့်၊ တစ်ညလုံးငိုကြွေးကြ၏။ ဣသရေလအမျိုးသားပရိတ်သတ်အပေါင်းတို့သည်၊ မောရှေနှင့်အာရုန်ကို အပြစ်တင်သောစကားနှင့်မြည်တမ်းလျက်၊ ငါတို့သည် အဲဂုတ္တုပြည်၌ မသေပါလေ။ ဤတော၌မသေပါလေ။ ငါတို့သည် ထားဖြင့် . . . . . .

သေ၍ သားမယားတို့သည် ရန်သူလက်သို့ရောက်စေခြင်းငှါ၊ ထာဝရဘုရားသည်အဘယ်ကြောင့် ငါတို့ကို ဤအရပ်သို့ဆောင်ခဲ့တော်မူသနည်း။ အဲဂုတ္တုပြည်သို့ပြန်ကောင်းသည်မဟုတ်လောဟု မောရှေနှင့်အာရုန်အားဆိုပြီးမှ တစ်ဖန်လူတစ်ယောက်ကိုချီးမြှောက်၍ အဲဂုတ္တုပြည်သို့ပြန်ကြစို့ဟု တစ်ယောက်ကိုတစ်ယောက်ဆိုကြ၏။ မောရှေနှင့်အာရုန်တို့သည် ဣသရေလအမျိုးသားပရိသတ်အပေါင်းတို့ရှေ့မှာ ပြပ်ဝပ်လျက်နေကြ၏။"

ဣသရေလအမျိုးသားတို့သည် မောရှေကိုသာအပြစ်တင်ကြသည်မဟုတ်။ ဘုရားသခင်သည် မိမိတို့သိမ်းမယူနိုင်သောပြည်ကို ပေးမည်ဟု ဂတိထားတော်မူခြင်းဖြင့် မိမိတို့အားလိမ်လည်လှည့်ဖြားခဲ့တော်မူပြီဟု ဘုရားသခင်ကိုလည်း သူတို့သည် စွပ်စွဲကြပြီ။ သူတို့၏ပုန်ကန်လိုသောစိတ်သဘောသည် အလွန်ပြင်းထန်သဖြင့်၊ သူတို့အား အဲဂုတ္တုပြည်မှထုတ်ဆောင်ခဲ့ပြီး၊ ထိုမျှလောက်ဝေးဝေးရောက်သည်တိုင်အောင် နိမိတ်လက္ခဏာအဆင့်ဆင့်ဖြင့် လမ်းပြပို့ဆောင်တော်မူခဲ့သော အနန္တတန်ခိုးရှင်၏လက်ရုံးတော်ကို မေ့လျော့ကြပြီး သူတို့ကျွန်ခံရ၍ များစွာသောဒုက္ခဆင်းရဲခံခဲ့ရကြသော အဲဂုတ္တုပြည်သို့ သူတို့ကိုပို့ဆောင်လမ်းပြရန် အုပ်ချုပ်သူတစ်ယောက်ကို ရွေးချယ်တင်မြှောက်ရန်ပင် စိတ်ပိုင်းဖြတ်ကြသည်။ သူတို့သည် အကယ်ပင် သူတို့အတွက် အုပ်ချုပ်ရသောဗိုလ်မှူးကိုခန့်ကြသည်။ ထိုသို့အားဖြင့် သူတို့၏သည်းခံ၊ ဒုက္ခဆင်းရဲခံသောခေါင်းဆောင်မောရှေကိုပယ်ကြ၏။ ၎င်းပြင် ဘုရားသခင်ကိုလည်းပြင်းထန်စွာညည်းညူအပြစ်တင်ကြသည်။

ပုန်ကန်သောလူမျိုးအတွက် ဘုရားသခင်၏ဂရုဏာတော်ကို အသနားခံခြင်းငှါ၊ မောရှေနှင့်အာရုန်တို့သည် လူပရိတ်သတ်အပေါင်းတို့မျက်မှောက်၌ပင် ထာဝရဘုရားရှေ့တော်၌ ပြပ်ဝပ်လျက်နေကြ၏။

သို့သော် သူတို့သည် စကားမပြောနိုင်လောက်အောင်ပင် စိတ်ဒုက္ခရောက်လျက် ဝမ်းနည်းနေကြ၏။ ကာလက်နှင့် ယောရှုတို့သည် အလွန်ပြင်းစွာဝမ်းနည်းသောလက္ခဏာဖြင့် မိမိတို့၏အဝတ်ကို ဆုတ်ကြ၏။ "ဣသရေလအမျိုးသားအပေါင်းတို့အားခေါ်လျက်၊ ငါတို့ရှောက်သွား ၍ စုံစမ်းသောပြည်သည် အလွန်တရာကောင်းသောပြည်ဖြစ်ပါသည်။ ထာဝရ ဘုရားသည် ငါတို့နှစ်သက်လျှင်၊ နို့နှင့်ပျားရေစီးသောထိုပြည်သို့ ငါတို့ဆောင်သွင်း ၍ အပိုင်ပေးတော်မူလိမ့်မည်။

ထာဝရဘုရားကိုမပုန်ကန်ကြနှင့်။ ထိုပြည်သားတို့ကို မကြောက်ကြနှင့်။ သူတို့သည် ငါတို့စားစရာဖို့ဖြစ်ကြ၏။ သူတို့၌အမှီတကဲမရှိ။ ထာဝရဘုရားသည် ငါတို့ဘက်၌ရှိတော်မူ၏။ သို့ဖြစ်၍ သူတို့ကို မကြောက်ကြနှင့်ဟု ပြောဆိုကြ၏။"

သူတို့၌အမှီတကဲမရှိ။ ခါနာန်လူတို့သည် အပြစ်များစွာ၊ အလွန်အကျူးပြုကြသောကြောင့်၊ သူတို့အား ထာဝရဘုရားသည် ကာကွယ်တော်မမူဟုဆိုလိုသည်။ ၄င်းပြင် သူတို့သည် မိမိတို့ကိုယ်ကိုလုံးလုံးစိတ်ချနေကြသဖြင့်၊ စစ်ပွဲအတွက်ပြင်ဆင်ရန်အသင့်မရှိကြချေ။ ထိုမှတစ်ပါး ဘုရားသခင်၏ပဋိညာဉ်အတိုင်း ထိုပြည်ကို ကျွန်ုပ်တို့အား ဧကန်မလွဲပေးတော်မူမည်။ ဤစကားများကြောင့် လူတို့၏စိတ်ထဲ၌ရည်ရွယ်ချက်အတိုင်း အကျိုးမဖြစ်ထွန်းစေဘဲ၊ သူတို့၌ပုန်ကန်လိုသောစိတ်ဆန္ဒသာလျှင် တိုးပွါးလာသည်။ သူတို့သည် ဒေါသအမျက်ထွက်လျက် ယောရှုနှင့်ကာလက်တို့အား ကျောက်ခဲနှင့်ပစ်သတ်ရမည်ဟု ကျယ်လောင်စွာအော်ဟစ်ကြွေးကြော်နေကြသည်။ ထိုအခါ ထာဝရဘုရား၏ကြောက်မက်ဖွယ် ဘုန်းတော်သည် ဣသရေလအမျိုးသားအပေါင်းတို့ရှေ့ ပရိတ်သတ်စည်းဝေးရာတဲတော်၌ ထင်ရှားသဖြင့်၊ ထာဝရဘုရားသည် ဝင်ရောက်တားဆီးတော်မမူလျှင်၊ သူတို့သည် ထိုအမှုကိုပြုလုပ်ကြလိမ့်မည်။

### စိတ်အားကြီးစွာမောရှေကအသနားခံချက်

မောရှေသည် ဘုရားသခင်နှင့်စကားစမြည်ပြောဆိုရန် တဲတော်ထဲသို့ဝင်သွားလေသည်။ "ထာဝရဘုရားကလည်း၊ ဤလူမျိုးသည် အဘယ်မျှကာလပတ်လုံး ငါ့ကိုမရိုမသေပြုကြလိမ့်မည်နည်း။ သူတို့၌ ငါပြခဲ့ပြီးသမျှသော နိမိတ်လက္ခဏာတို့ကိုမြင်ရသော်လည်း၊ အဘယ်မျှကာလပတ်လုံး ငါ့ကိုမယုံဘဲနေကြလိမ့်မည်နည်း။ သူတို့ကို ကာလနာဘေးဖြင့် ငါသည် ဒဏ်ခတ်၍ သားအရာကိုနုတ်မည်။ သူတို့ထက်သင့်ကိုသာ၍စည်ပင်သောအမျိုး၊ သာ၍တန်ခိုးကြီးသောအမျိုးဖြစ်စေမည်ဟု မောရှေအားမိန့်တော်မူ၏။ မောရှေကလည်း၊ ကိုယ်တော်သည် ဤလူမျိုးကို တန်ခိုးတော်အားဖြင့် အဲဂုတ္တုလူတို့ထဲက ဆောင်ခဲ့တော်မူသည်ဖြစ်၍၊ နောက်တစ်ဖန် ဤသတင်းကို အဲဂုတ္တုလူတို့သည် ကြားပြန်လျှင်၊ ဤပြည်၌နေသောသူတို့အား သတင်းပြောကြလိမ့် . . . . . . . . . . . . . . . . . . . . . . .

မည်။ ထာဝရဘုရား၊ ကိုယ်တော်သည် ဤလူမျိုး၌ရှိတော်မူကြောင်းကိုင်း၊ ထာဝရဘုရား၊ ကိုယ်တော်သည် ထင်ရှားတော်မူကြောင်းကိုင်း၊ မိုးတိမ်တော်သည် သူတို့ကို လွှမ်းမိုးကြောင်းကိုင်း၊ ကိုယ်တော်သည် နေ့အချိန်၌ မိုးတိမ်တိုင်၊ ညအချိန်၌မီးတိုင်ဖြင့် သူတို့ရှေ့ကကြွတော်မူကြောင်းကိုင်း ကြားရကြပြီ။

ယခုမှာ ဤ လူမျိုးကို လူတစ်ယောက်ကဲ့သို့မှတ်၍ သုတ်သင်ပယ်ရှင်းတော်မူလျှင်၊ သတင်းတော်ကိုကြား သောလူအမျိုးမျိုးတို့က၊ ထာဝရဘုရားသည် ထိုလူတို့အား၊ ဤမည်သောပြည်ကိုငါပေးမည်ဟု ကျိန်ဆိုသော်လည်း၊ ထိုပြည်သို့သူတို့ကို ဆောင်သွင်းခြင်းငှါ မတတ်နိုင်သောကြောင့်၊ တော၌သုတ်သင်ပယ်ရှားပြီဟု ပြောဆိုကြပါလိမ့်မည်ဟု ထာဝရဘုရားအား လျှောက်ဆို၏။"

မောရှေသည် ဣသရေလအမျိုးသားများကို ဖျက်ဆီးတော်မမူရန် တောင်းလျှောက်အသနားခံပြန်၍ မိမိကိုယ်ကို ဣသရေလအမျိုးသားထက်သာ၍ တန်ခိုးကြီးသောလူမျိုးကြီးဖြစ်စေဖို့ အမှုကိုလည်း ငြင်းပယ်ခဲ့လေပြီ။ ဘုရားသခင်ရှေ့တော်၌ မျက်နှာရသောဤကျွန်သည် ဣသရေလလူတို့အတွက် မိမိမေတ္တာကို ဘော်ပြလျက်၊ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေဖို့နှင့် မိမိ၏လူများတို့ကို ချီးမြှောက်စေဖို့ အလွန်စိတ်အားထက်သန်နေကြောင်းကိုပြ၏။

အဲဂုတ္တုပြည်က ထွက်သောနေ့မှစ၍ ယခုတိုင်အောင် ဤကျေးဇူးကန်းသောလူမျိုး၌ ကိုယ်တော် သည်းခံခြင်းသဘော၊ သနားတတ်သောသဘောကို ပြတော်မူခဲ့ပါပြီ။ သူတို့ သည် မခံစားထိုက်ကြသော်လည်း ကိုယ်တော်၏ကျေးဇူးဂရုဏာတော်သည် ထိုအတူပင်ဖြစ်တော်မူပါ၏။

ထို့ကြောင့် ကိုယ်တော်သည် ဤတစ်ကြိမ်သူတို့ကို ချမ်းသာပေးတော်မူခဲ့သည့်နည်းတူ ယခုလည်းထပ်မံ၍ သည်းခံခြင်းသဘောကို ပြတော်မူမည်မဟုတ်ပါလောဟု မောရှေက အသနားခံလျှောက်ထားပါသည်။

"ထာဝရဘုရားက၊ သင်တောင်းပန်သည်အတိုင်း ငါလွှတ်၏။ ငါအသက်ရှင်သည်ဖြစ်၍၊ ထာဝရဘုရား၏ဘုန်းတော်သည် မြေတပြင်လုံး၌နှံ့ပြားလိမ့်မည်။ ငါ့ဘုန်းတော်ကိုင်း၊ အဲဂုတ္တုပြည်မှစ၍ ဤတော၌ထူးဆန်းသောတန်ခိုးတော်ကိုင်း၊ မြင်ရသောလူအပေါင်းတို့သည် ငါ့စကားကိုနား . . . . . . . . . . . . . . .

မထောင်၊ ဆယ်ကြိမ်တိုင်အောင် ငါ့ကိုစုံစမ်းသောကြောင့်၊ သူတို့ဘိုးဘေးတို့အား ငါကျိန်ဆိုသောပြည်ကို စင်စစ်သူသည်မမြင်ရကြ။ ငါ့ကိုမရိုမသေပြုသောသူတစ်စုံတစ်ယောက်မျှမမြင်ရ။ ငါ့ကျွန်ကာလက်မူကား၊ ထူးခြားသောသဘောရှိ၍ ငါ့နောက်သို့လုံးလုံးလိုက်သောကြောင့် သူသွားခဲ့ပြီးသောပြည်သို့ သူ့ကိုငါဆောင်သွင်းသဖြင့် သူ၏သားမြေးတို့သည် အမွေခံရကြလိမ့်မည်ဟု မိန့်တော်မူ၏။”

## တောထဲသို့ပြန်သွားရကြခြင်း

ထာဝရဘုရားသည် ဟေဗြဲလူတို့အား ဧဒုံပင်လယ်လမ်းဖြင့် တောထဲသို့ ပြန်သွားစေရန် အမိန့်ပေးတော်မူ၏။ သူတို့သည် သာယာသောပြည်နားသို့ရောက်လုနီးနေလေပြီ။ သို့ရာတွင် သူတို့သည် ဆိုးညစ်သောပုန်ကန်မှုအားဖြင့် ဘုရားသခင်၏စောင့်ရှောက်ကာကွယ်တော်မူခြင်းအမှုကို ငြင်းပယ်ခဲ့ကြလေပြီ။ သူတို့သည် ကာလက်နှင့်ယောရှုတို့၏သတင်းစကားကို လက်ခံကြ၍ချက်ခြင်းထသွားကြလျှင် ဘုရားသခင်သည် သူတို့အား ခါနာန်ပြည်ကိုပေးတော်မူလိမ့်မည်။ သို့ရာတွင် သူတို့သည် ယုံကြည်ခြင်းမရှိကြဘဲ၊ ဘုရားသခင်အား စော်ကားသောသဘောထားကိုပြုကြသဖြင့် ဂတိတော်နှင့်ဆိုင်သောပြည်တော်ထဲသို့ သူတို့သည် ဘယ်သောအခါမျှမဝင်စားရဟူသော ပြစ်ဒဏ်ကိုခံယူရကြသည်။ ဘုရားသခင်သည် သူတို့အား ဧဒုံပင်လယ်လမ်းဖြင့် ပြန်ပို့တော်မူရာ၌ သူတို့အပေါ်၌ သနားခြင်းဂရုဏာရှိတော်မူ၏။ အဘယ်ကြောင့်ဆိုသော်၊ သူတို့သည် ညည်းတွားလျက်နှောင့်နှေးနေကြစဉ် အာမလက်အမျိုးသားနှင့် ခါနာန်အမျိုးသားတို့သည် သူလျှိုတို့အကြောင်းကို ကြားသိရကြသဖြင့် ဣသရေလလူတို့ကို စစ်တိုက်အံ့သောငှါ ပြင်ဆင်နေကြလေသည်။

“တစ်ဖန် ထာဝရဘုရားသည် မောရှေနှင့်အာရုန်အား မိန့်တော်မူသည်ကား၊ ငါ့ကိုအပြစ်တင်၍မြည်တမ်းသော ဤပရိတ်သတ်ဆိုးတို့ကို အဘယ်မျှကာလပတ်လုံး ငါသည် သည်းခံရအံ့နည်း။ ဣသရေလအမျိုးသားတို့သည် ငါ့ကိုအပြစ်တင်၍ မြည်တမ်းသောစကားကိုငါကြားရပြီ။” ငါသည် သူတို့ပြောဆိုခဲ့သည့်အတိုင်းပြုမည်ကို လူများတို့အားပြန်ပြောကြလော့ဟု မောရှေနှင့်အာရုန်အား ထာဝရဘုရားကမှာထားတော်မူ၏။ သူတို့က၊ ငါတို့သည် အဲဂုတ္တုပြည်၌မသေပါလေ။ ဤတော၌မသေပါလေ”ဟု ပြောဆိုခဲ့ကြပြီ။

ယခုဘုရားသခင်သည် သူတို့၏စကားအတိုင်းပြုတော်မူမည်။ သူတို့ သည် ထာဝရဘုရားကိုပုန်ကန်လျက် ညည်းတွားကြသောကြောင့် အသက်နှစ် ဆယ်လွန်သော သူအပေါင်းတို့သည် ဤတောဌ်သေရကြလိမ့်မည်ကို သူတို့အား ပြောပြကြလော့ဟု ဘုရားသခင်က မိမိ၏ကျွန်များအား မိန့်တော်မူ၏။ ကာလက်နှင့်ယောရှုတို့သာလျှင် ခါနာန်ပြည်သို့ဝင်ရကြမည်။ "ရန်သူလုယူရာဖြစ်လိမ့်မည်ဟု သင်တို့ဆိုသော သူငယ် တို့ကို ငါဆောင်သွင်း၍ သင်တို့ပယ်သောပြည်ကို သူတို့သည် သိရကြလိမ့်မည်။"

မိဘတို့၏ပုန်ကန်မှုကြောင့် အဲဂုတ္တုပြည်ကထွက်လာသည့်နေ့မှစ၍ ဟေဗြဲလူတို့၏သားသမီးတို့သည် အနှစ်လေးဆယ်တိုင်တိုင်မိဘများ သေဆုံးသည်တိုင်အောင် တောထဲ၌လှေ့လာနေကြရမည်ဟု ထာဝရဘုရားမိန့်မြွက်တော်မူ၏။ ထိုသို့အားဖြင့် ထိုပြည်ကို စူးစမ်းရန်သွားကြသော ရက်ပေါင်းလေးဆယ်ရှိသည့်အလျောက် တစ်ရက်ကိုတစ်နှစ်ထားလျက်၊ သူတို့သည်တောထဲ၌ အနှစ်လေးဆယ်ကာလပတ်လုံး မိမိတို့၏အပြစ်များကြောင့် ဒဏ်ခံနေရကြလေ၏။ "ငါစွန့်ပစ်ခြင်းကို သိရကြလိမ့်မည်။" သူတို့သည် ရုပ်ဆင်းတုကိုးကွယ်ခြင်း၊ ပုန်ကန်လျက်ညည်းတွားခြင်းအမှုတို့ကြောင့် သူတို့သည်အပြစ်ဒဏ်ကိုခံရကြပြီးလျှင် ထာဝရဘုရားသည် သူတို့အတွက် စီမံထားတော်မူရင်းအကြံတော်ကို ပြောင်းလဲတော်မူရသည်ကို သူတို့သည် လုံးလုံးသိနားလည်ရကြမည်။ ဣသရေလဗိုလ်ခြေအပေါင်းတို့သည် ဘုရားသခင်၏စောင့်ရှောက်ကာကွယ်ခြင်းကျေးဇူးတော်ကို ငြင်းပယ်စွန့်လွှတ်ကြသောကြောင့် ကာလက်နှင့်ယောရှုတို့သည် သူတို့ထက်သာ၍ မျက်နှာရလျက် ဆုကျေးဇူးကို ခံရမည်ဟူသော ဂတိတော်ကိုရရှိကြ၏။

---oo---

# အခန်း (၂၁)
# မောရှေ၏အပြစ်

တစ်ဖန် ဣသရေလအမျိုးသားပရိတ်သတ်အပေါင်းတို့သည် တောထဲသို့ပို့ဆောင်ခြင်းကိုခံရကြသဖြင့်၊ အဲဂုတ္တုပြည်မှထွက်လာပြီးနောက် များမကြာမီသူတို့ကို ဘုရားသခင်စုံစမ်းတော်မူသောနေရာသို့ပင် ပြန်ရောက်ရှိလာကြ၏။ ထာဝရဘုရားသည် ကျောက်ထဲကရေကိုထွက်စေရာ၊ သူတို့သည် ဤကျောက်တောင်သို့ပြန်၍ရောက်ရှိလာသည့်တိုင် ထိုရေသည် ထွက်စီးလျက် နေလေ၏။ ယခုတစ်ဖန် ထာဝရဘုရားသည် သူတို့ကိုစုံစမ်း၍ သူသည် သူတို့၏ယုံကြည်ခြင်းကို စုံစမ်းစစ်ဆေးမှု၌ သည်းခံခြင်းရှိသလား၊ သို့မဟုတ် တစ်ဖန် ထာဝရဘုရားတစ်ဘက်၌ ညည်းညူကြဦးမည်လားဟု သိမြင်ရန်၊ ထာဝရဘုရားသည် စီးနေသောရေကိုရပ်စဲသွားစေတော်မူ၏။

ဟေဗြဲလူတို့သည် ရေငတ်၍ ရေရှာမတွေ့ကြသောအခါ၊ သူတို့သည် သည်းမခံနိုင်ကြဘဲ၊ အနှစ်လေးဆယ်နီးပါးအထက်က ကျောက်ထဲမှရေထွက်စေတော်မူခဲ့သော ဘုရားသခင်၏တန်ခိုးတော်ကိုသတိမရကြ။ သူတို့သည် ဘုရားသခင်ကို ယုံကြည်အားကိုးခြင်းရှိရမည့်အစား၊ မောရှေနှင့်အာရုန်တို့ကိုအပြစ်တင်လျက်၊ "ထာဝရဘုရားရှေ့မှာ ငါတို့အစ်ကိုများသေသောအခါ ငါတို့လည်းမသေပါလေ"ဟု ဆိုကြ၏။ ကောရ၊ ဒါသန်နှင့်အဘိရံတို့သည် ပုန်ကန်သောကြောင့် ဘေးဒဏ်ဖြင့်သေဆုံးသွားရကြသောလူစုတို့တွင် သူတို့သည်လည်း ပါဝင်လိုကြသည်ဟု ဆိုလို၏။

သူတို့သည်စိတ်ဆိုးလျက်၊ "ငါတို့နှင့်တိရစ္ဆာန်များကိုသေစေခြင်းငှါ ထာဝရဘုရား၏ပရိတ်သတ်ကို ဤတောသို့အဘယ်ကြောင့်ဆောင်ခဲ့သနည်း။ ငါတို့ကို အဲဂုတ္တုပြည်မှထွက်စေ၍၊ ဤဆိုးသောအရပ်သို့ အဘယ်ကြောင့်ဆောင်ခဲ့သနည်း။ ဤအရပ်သည် လယ်လုပ်စရာမကောင်း၊ သင်္ဘောသဖန်းပင်၊ စပျစ်နွယ်ပင်၊ သလဲပင်စိုက်စရာမကောင်း၊ သောက်စရာရေမရှိဟု ပြောဆိုကြ၏။"

"မောရှေနှင့်အာရုန်သည် လူအစုအဝေးမှထွက်၍ ပရိတ်သတ်စည်းဝေးရာတဲတော်တံခါးဝသို့သွားသဖြင့်၊ ပြပ်ဝပ်လျက်နေကြစဉ်၊ ထာဝရဘုရား၏ . . . .

ဘုန်းတော်ထင်သည် ထင်ရှားလေ၏။ ထာဝရဘုရားကလည်း၊ လှံတံတော်ကို ကိုင်ယူ၍ သင်၏အစ်ကိုအာရုန်ပါလျက်၊ ပရိတ်သတ်များကိုစုဝေးစေလော့။ သူတို့ရှေ့မှာကျောက်ကိုမှာထားလော့။ ကျောက်သည် မိမိရေကိုပေးလိမ့်မည်။ ထိုသို့ သင်သည် ကျောက်ထဲကရေကိုထွက်စေ၍၊ ပရိတ်သတ်များနှင့်သူတို့တိရစ္ဆာန်များတို့အား ၊ သောက်ဘို့ရေကိုရမည်ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ မောရှေသည် လှံတံတော်ကို ထာဝရဘုရားရှေ့တော်က ယူသွား၏။"

## မောရှေသည် စိတ်မရှည်ခြင်း

"အာရုန်ပါလျက် ပရိတ်သတ်တို့ကို ကျောက်နားမှာစုဝေးစေပြီးလျှင်၊ အချင်းသူပုန်တို့၊ နားထောင်ကြလော့။ ငါတို့သည် သင်တို့အဖို့ ကျောက်ထဲကရေကိုထွက်စေရမည်ဟုဆိုလျက်၊ မိမိလက်ကိုဆန့်၍ ကျောက်ကို လှံတံနှင့်နှစ်ကြိမ်ရိုက်သဖြင့်၊ ရေသည်များစွာထွက်၍ လူပရိတ်သတ်တို့နှင့်တိရစ္ဆာန်တို့သည် သောက်ကြ၏။ ထာဝရဘုရားကလည်း၊ သင်သည် ငါ့ကိုမယုံကြည်၊ ဣသရေလအမျိုးသားတို့ရှေ့မှာ ငါ့ကိုမရိုသေပြုသောကြောင့်၊ ဤပရိတ်သတ်တို့အား ငါပေးသောပြည်သို့ သင်တို့သည် ပို့ဆောင်သောအခွင့်ကိုမရကြဟု မောရှေနှင့်အာရုန်တို့အား မိန့်တော်မူ၏။"

ဤနေရာ၌ မေရှေသည်ပြစ်မှား၏။ လူများတို့သည် သူ့ကိုငှင်း၊ ဘုရားသခင်၏အမိန့်တော်ကိုငှင်း၊ ညည်းညူနေကြသဖြင့် သူသည်ငြီးငွေ့လာလျက် လှံတံတော်ကိုယူ၍ ဘုရားသခင်သည် သူ့အား မိန့်တော်မူသည်အတိုင်း ကျောက်ကိုမှာမထားဘဲ၊ "ငါသည် သင်တို့အဖို့ ဤကျောက်ထဲကရေကို ထွက်စေရမည်လော"ဟု ဆိုလျက် ကျောက်ကိုလှံတံတော်နှင့်နှစ်ကြိမ်တိုင်အောင် ရိုက်၏။ ဤနေရာ၌ သူသည် မိမိနှုတ်ဖြင့် မသင့်တော်သောစကားများကိုပြောဆို၏။ ဘုရားသခင်သည် မိမိ၏တန်ခိုးတော်ကိုယခုတစ်ဖန်ထင်ရှားစေလျက်၊ ဤကျောက်ထဲမှ သင်တို့အဘို့ ရေကိုထွက်စေတော်မူသည်အတွက် ဘုရားသခင်၏တန်ခိုးတော်နှင့်ဘုန်းတော်အကြောင်းကိုမဘော်ပြချေ။ ထိုကြောင့် သူသည် လူများတို့ရှေ့၌ ဘုရားသခင်ကို ချီးမြှောက်ခြင်းမပြုချေ။ မောရှေသည် ဤကိစ္စ၌မအောင်မြင်သဖြင့် ဘုရားသခင်သည် သူ့အား လူများတို့ကို . . . . . . . . . . . . . . . . . . . . . . .

ဂတိတော်နှင့်ဆိုင်သောကြောင့် ခေါ်ဆောင်သွားစေဖို့ အခွင့်ပြုတော်မမူပါ။

ဤသို့ ဘုရားသခင်၏တန်ခိုးတော်ကိုထင်ရှားစေဖို့ လိုသောအချိန်အခါသည် အလွန်ကြည်ညိုလေးစားဖွယ်ကောင်း၍ မောရှေနှင့်အာရုန်တို့ကလည်း ထိုအချိန်အခါမျိုးအကြောင်းကို လူတို့စိတ်ထဲ၌သိမှတ်စွဲလန်းသွားစေရန် တိုး၍ အကျိုးရှိသည်ထက် ရှိစေဖို့ ကြိုးစားသင့်ကြသည်။ သို့သော် လူများတို့၏ညည်းတွားခြင်းအပြစ်တင်မှုကြောင့် မောရှေသည် အမျက်ဒေါသပြင်းစွာထွက်၍ သည်းမခံနိုင်တော့သဖြင့်၊ "အချင်းသူပုန်တို့ နားထောင်ကြလော့။ ငါတို့သည် သင်တို့အဖို့ ဤကျောက်ထဲကရေကိုထွက်စေရမည်လော"ဟုဆို၏။

ထိုသို့ပြောဆိုခြင်းဖြင့် သူတို့ကို အဲဂုတ္တုပြည်မှထုတ်ခဲ့သောသူဟု သူ့အားစွပ်စွဲချက်သည်မှန်ကန်ကြောင်း၊ ထိုညည်းတွားနေသော ဣသရေလအမျိုးသားတို့ရှေ့၌ သူဝန်ခံစရာရောက်ပေသည်။ ဘုရားသခင်သည် မောရှေပြုမိသောအပြစ်ထက်သာ၍ ကြီးမားသောအပြစ်များအတွက် လူများတို့ကို အပြစ်လွှတ်တော်မူခဲ့ပြီ။

သို့ရာတွင် မိမိ၏လူများတို့တွင် ရှေ့ဆောင်လုပ်ရသောအကြီးအကဲအပြစ်မျိုးကို နောက်လိုက်တို့၏အပြစ်မျိုးကဲ့သို့ ထင်မှတ်တော်မမူနိုင်။ ဘုရားသခင်သည် မောရှေ၏အပြစ်ကိုခွင့်လွှတ်တော်မူပြီးလျှင်၊ သူ့အားဂတိတော်နှင့်ဆိုင်သောပြည်တော်ထဲသို့ဝင်ရောက်စေဖို့ အခွင့်ပြုတော်မမူနိုင်ပါ။

မိမိ၏လူတို့အား အဲဂုတ္တုလူတို့လက်မှထုတ်ဆောင်လာရာတွင် အံ့သြဘွယ် သောအမှုတို့ကိုပြုလျက် ခရီးသွားရာလမ်းတစ်လျှောက်လုံးသူတို့ ရှေ့မှကြွတော်မူသောသူသည် မောရှေမဟုတ်ဘဲ၊ တန်ခိုးကြီးသောကောင်းကင်တမန်မင်းဖြစ်ကြောင်း၊ ထာဝရဘုရားသည် သူတို့အားမှားနိုင်သောသက်သေသာဓကကို ပြတော်မူ၏။ ဤကောင်းကင်တမန်မင်းအကြောင်းနှင့်ပတ်သက်၍ ထာဝရဘုရားက "ကြည့်ရှုလော့။ လမ်းခရီး၌ သင့်ကိုစောင့်ရှောက်၍ ငါပြင်ဆင်နှင့်သောအရပ်သို့ပို့စေခြင်းငှါ၊ ကောင်းကင်တမန်ကို သင့်ရှေ့၌ငါစေလွှတ်၏။ ထိုတမန်ကိုရိုသေစွာပြုလော့။ စကားတော်ကို နားထောင်လော့။ အာဏာတော်ကိုမဆန်နှင့်။ သင်တို့ပြစ်မှားသောအပြစ်ကိုသူသည်မလွှတ်၊ ငါ့နာမသည် သူ၌တည်ရှိ၏"ဟု မိန့်တော်မူ၏။ ထွက်မြောက်ရာကျမ်း ၂၃း၂၀၊၂၁။

မောရှေသည် ဘုရားသခင်နှင့်သာ သက်ဆိုင်သောဂုဏ်အသရေကိုမိမိအဖို့ယူပြီးလျှင်၊ ပုန်ကန်သောအဲဂုတ္တုလူတို့အား အဲဂုတ္တုပြည်မှထုတ်ဆောင်ခဲ့သောသူသည် မောရှေမဟုတ်ဘဲ၊ ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်ကြောင်း၊ မောရှေကသူတို့စိတ်ကျေနပ်အောင် အမြဲပြုလုပ်ရမည့်အမှုကို ဘုရားသခင်အားပြုလုပ်တော်မူစေဖို့ မောရှေအလိုရှိလေ၏။ ထာဝရဘုရားက မောရှေအား မိမိ၏လူတို့ကိုရှေ့ဆောင်လမ်းပြသွားဖို့တာဝန်ကိုပေးအပ်တော်မူ၍ ခွန်အားကြီးသော ကောင်းကင်တမန်မင်းသည် သူတို့သွားရာလမ်းခရီးတစ်လျှောက်လုံးတွင် သူတို့ရှေ့ကြွလျက်လမ်းညွှန်ပေးတော်မူ၏။ ဘုရားသခင်သည် မိမိ၏ကောင်းကင်တမန်မင်းအားဖြင့်သူတို့ကိုလမ်းပြနေတော်မူသည်ကို သူတို့သည်အလွယ်တကူမေ့လျော့တတ်၍ဘုရားသခင်၏တန်ခိုးတော်သာလျှင် ပြုလုပ်နိုင်သောအမှုကို လူပြုလုပ်သောအမှုဟုထင်မှတ်လွယ်တတ်သောကြောင့်၊ သူတို့သည် ထာဝရဘုရားသခင်၏စကားကိုနားမထောင်သိရှိရန် ထာဝရဘုရားသည် သူတို့ကိုစစ်ဆေးစုံစမ်းတော်မူခဲ့ပြီ။ စုံစမ်းစစ်ဆေးသောအခါတိုင်း သူတို့သည်ရှုံးကြပြီ။ သူတို့သွားရာလမ်းခရီးတွင်၊ ဘုရားသခင်၏တန်ခိုးတော်ထင်ရှားစေသောသက်သေသာဓကများ၊ သူတို့ကိုမေတ္တာတော်နှင့် စောင့်ရှောက်ပြုစုတော်မူသောကြောင့် ပြခဲ့တော်မူသော အမှတ်လက္ခဏာများဖြင့်ပြည့်နေအောင် ပြုပြင်တော်မူခဲ့သောဘုရားသခင်ကိုယုံကြည်၊ ဝန်ခံရကြမည့်အစား၊ သူတို့သည်ယုံမှားကြလျက်၊ သူတို့အဲဂုတ္တုပြည်မှထွက်လာရကြ၍ ဒုက္ခဆင်းရဲအပေါင်းတို့ကိုတွေ့ကြုံရကြသည်မှာ မောရှေကြောင့်သာ ဖြစ်သည်ဟု ထင်မှတ်ကာစွပ်စွဲကြလေ၏။ မောရှေသည်လည်း သူတို့၏ခေါင်းမာသောသဘောကို အံ့သြဘွယ်သည်းခံခဲ့ပြီ။ တစ်ခါက သူတို့သည် မောရှေကို ကျောက်ခဲနှင့်ပစ် ရန်ပင် ခြိမ်းခြောက်ခဲ့ကြပြီ။

## ကြီးလေးသောပြစ်ဒဏ်

ထာဝရဘုရားသည် မောရှေအားဂတိတော်နှင့်ဆိုင်သောပြည်တော်ထဲသို့ဝင်ဖို့ အခွင့်မပေးဘဲထားတော်မူခြင်းဖြင့် သင်တို့၏စိတ်ထဲမှ ဤကဲ့သို့သောအထင်အမြင်ကိုပယ်ရှားတော်မူ၏။ ထာဝရဘုရားသည် မောရှေကို များစွာချီးမြှောက်တော်မူ၏။ မိမိ၏ကြီးမြတ်သောဘုန်းတန်ခိုးတော်ကိုလည်း သူ့အား ဘော်ပြတော်မူ၏။ ထာဝရဘုရားသည် သန့်ရှင်းတော်မူသော . . . . . . . . . . . . . . . . . . .

မိမိကိုယ်တော်တိုင်အနီးသို့ သူ့အားချဉ်းကပ်ဖို့အခွင့်ပေးတော်မူပြီးလျှင်၊ မိတ်ဆွေချင်းစကားပြောသကဲ့သို့ သူနှင့်စကားပြောတော်မူရန် မိမိကိုယ်တော်တိုင်ကိုနှိမ့်ချတော်မူခဲ့ပြီ။ မောရှေကိုလည်း၊ မောရှေအားဖြင့် လူများကိုငှင်း၊ ထာဝရဘုရား၏ အလိုတော်၊ စီရင်ထုံးဖွဲ့ချက်များနှင့်ပညတ်တရားတော်တို့ကို ဘော်ပြတော်မူပြီ။ သူသည် ထိုမျှလောက်ချီးမြှောက်ခြင်း၊ ဂုဏ်ပြုခြင်းခံရသဖြင့် သူ၏အမှားသည် သာ၍ကြီးလေးပေသည်။ မောရှေသည် မိမိအပြစ်ကိုနောင်တရ၍ ဘုရားသခင်ရှေ့တော်၌ မိမိကိုယ်ကိုများစွာနှိမ့်ချလေ၏။ သူသည် ဣသရေလအပေါင်းတို့အား မိမိအပြစ်အတွက်ဝမ်းနည်းကြောင်းကို ပြောပြ၏။ မိမိအပြစ်အတွက်ခံရသောပြဏ်ဒဏ်ကို သူသည်ဖုံးကွယ်မထားဘဲ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေခြင်းအမှု၌ မအောင်မြင်သောကြောင့် သူသည် သူတို့ကို ဂတိတော်နှင့် ဆိုင်သောပြည်တော်သို့မပို့ဆောင်နိုင်တော့ကြောင်းကို သူတို့အားပြောပြ၏။

ဘုရားသခင် ကိုယ်တော်တိုင် သူ့အားဆုံးမရလောက်အောင် သူပြုခဲ့သော၏အမှားသည် အလွန်ကြီးလေးခဲ့သော် သူတို့၏အပြစ်များကြောင့် ဘုရားသခင်သည် သူတို့အား ထူးခြား စစ်ဆေးစုံစမ်းတော်မူခြင်းအမှုများအတွက် မောရှေအားအပြစ်တင်ကာ သူတို့ ညည်းတွားခြင်းအမှုကို ဘုရားသခင်သည် မည်ကဲ့သို့ထင်မှတ်တော်မူမည်နည်းဟု မောရှေကသူတို့အား မေးလေ၏။

ဤတစ်ကြိမ်၌သာ မောရှေသည် ထာဝရဘုရား၏နာမတော်ကို ဘုရားသခင်၏လူများအထဲတွင် ချီးမြှောက်သင့်သောအခါတွင် ဘုရားသခင်သည် ကျောက်ထဲကရေကိုထွက်စေပြီဟု လူများတို့အား သိမှတ်စေခဲ့ပြီ။ မောရှေသည် လူသက်သက်မျှသာဖြစ်၍ သူ့ထက်တန်ခိုးကြီးသော ဘုရားသခင်၏သားတော်ကိုယ်တိုင်ပင် လမ်းညွှန်နေတော်မူသည်ကို လိုက်နာနေရသည်ဟူသောအချက်ကို ထာဝရဘုရားသည် ယခုမိမိ၏လူတို့အား ရှင်းလင်းပြတော်မူလိမ့်မည်။ ဤအမှု၌ သူတို့အားယုံမှားသံသယဖြစ်စေခြင်းငှါ၊ ထာဝရဘုရားသည်ပစ်ထားတော်မမူ။ များစွာချီးမြှောက်ပေးကမ်းသောသူထံမှ များစွာကိုအလိုရှိတော်မူ၏။ မောရှေသည် ဘုရားသခင်၏ဘုန်းအသရေတော်ကို ထူးခြားစွာတွေ့မြင်ရခြင်းဖြင့် များစွာချီးမြှောက်ခြင်းခံခဲ့ရပြီ။ ဘုရားသခင်၏အလင်းရောင်ခြည်နှင့်ဘုန်းတော်ကို သူ့အားကြွယ်ဝစွာချပေးတော်မူခဲ့ပြီ။

ထာဝရဘုရားက သူ့အပေါ်၌လင်းစေတော်မူသော ဘုန်းတော်ရောင်ခြည်သည် သူ၏မျက်နှာပေါ်မှတဆင့် လူများတို့အပေါ်သို့ အရောင်ပြန်ရိုက်စေခဲ့ပြီ။ မိမိတို့ ရရှိခဲ့သောအခွင့်အရေးများ မိမိတို့ခံယူရရှိထားသောအလင်းနှင့် အကျိုးကျေးဇူး များအလျောက် လူအပေါင်းတို့သည် တရားစီရင်ခြင်းကိုခံရကြလိမ့်မည်။

လူအများအတုခိုးဖို့ကောင်းသော အသွင်အပြင် အမူအရာတို့နှင့်ပြည့်စုံ သော လူကောင်းများ၏အပြစ်များသည် အထူးသဖြင့် ဘုရားသခင်မနှစ်သက်သော အရာများဖြစ်ကြသည်။ ၄င်းတို့သည် စာတန်အားဝမ်းမြောက်စေတတ်၍ ဘုရားသ ခင်ရွေးကောက်တော်မူသော ကိုယ်စားတော်များ၏မအောင်မြင်မှုကို အကြောင်း ပြုလျက် ဘုရားသခင်၏ကောင်းကင်တမန်တို့ကို ကဲ့ရဲ့ပြစ်တင်စေတတ်ပြီးလျှင် ဘုရားသခင်တစ်ဖက်၌ မိမိတို့ကိုယ်ကိုချီးမြှောက်ရန် မှားသောအခွင့်အရေးကို ပေး တတ်သည်။ ထာဝရဘုရားသည် ထူးခြားသောနည်းဖြင့် မောရှေကို မိမိကိုယ်တော် တိုင်လမ်းပြတော်မူခဲ့၍ မြေကြီးပေါ်၌မည်သူ့ကိုမျှမပြဖူးခဲ့သော မိမိ၏ဘုန်းတန်ခိုး တော်ကို သူ့အားဖော်ပြတော်မူခဲ့ပြီ။ သူသည် သဘာဝအလျောက်သည်းခံခြင်း ကင်းခဲ့၏။

သို့ရာတွင် ဘုရားသခင်၏ဆုကျေးဇူးတော်ကို မြဲစွာကိုင်ထားခဲ့၍၊ ကောင်းကင်မှဉာဏ်ပညာတော်ကို အလွန်နှိမ့်ချသောသဘောနှင့်တောင်းလျှောက် သဖြင့် ဘုရားသခင်သည် သူ့အား ခွန်အားကိုပေးလျက်၊ သူသည်သည်းခံတတ် သောသဘောကို အောင်မြင်လာခဲ့သောကြောင့် ဘုရားသခင်က မောရှေအားမြေ ကြီးတပြင်လုံးရှိလူအပေါင်းတို့ထက်သာ၍ နူးညံ့သိမ်မွေ့သောသဘောရှိသောသူဟု ခေါ်တော်မူ၏။

ထာဝရဘုရားက အာရုန်သည် မောရှေနှင့်အတူ မေရိဘစမ်းရေနားတွင် ကျောက်ထဲမှရေထွက်စေတော်မူသောအခါ၌ အပြစ်ပြုသောကြောင့်၊ ဂတိတော် နှင့်ဆိုင်သော ပြည်တော်ထဲသို့မဝင်ရဟု မိန့်တော်မူခဲ့သောကြောင့် အာရုန်သည် ဟောရတောင်ပေါ်၌အနိစ္စရောက်လေ၏။ လူများတို့သည် သူ့အလောင်းနှင့် ပတ် သက်၍ မသာအခမ်းအနားကိုကြီးကျယ်စွာမပြုလုပ်စေရန်နှင့် ရုပ်ဆင်းတု ကိုး ကွယ်ခြင်းမလေ့တို့ကို ပြုခြင်းဖြင့် အပြစ်မသင့်စေခြင်းငှါ မောရှေနှင့် အာရုန်၏ သားများသည် အာရုန်၏အလောင်းကို တောင်ပေါ်၌သင်္ဂြိုလ်ကြလေ၏။

# အခန်း (၂၂)
# မောရှေအနိစ္စရောက်ခြင်း

မောရှေသည် မကြာမီအနိစ္စရောက်ရတော့မည်ဖြစ်၍ သူမသေမီ ဣသရေလအမျိုးသားတို့ကို စုရုံးစေပြီး၊ အဲဂုတ္တုပြည်မှထွက်လာပြီးနောက် ဟေဗြဲလူတို့ ခရီးသွားလာနေရကြသော ခရီးတစ်လျှောက်လုံးအကြောင်း၊ သူတို့၏ဘိုးဘေးများ တို့အပေါ်၌ ဘုရားသခင်သည် ဒဏ်ခတ်တော်မူ၍ သူတို့အား ဂတိတော်နှင့်ဆိုင်သောပြည်တော်သို့ ဝင်စားခွင့်ပေးတော်မမူနိုင်လောက်အောင် ပြင်းထန်သော သူတို့၏ပြစ်မှုကျူးလွန်ခြင်းအကြောင်းတို့ကို သူတို့အားအလုံးစုံဘော်ပြစေခြင်းငှါ ဘုရားသခင်သည်မောရှေအား မိန့်မှာခဲ့သည်။ သူတို့၏ဘိုးဘေးတို့သည် ထာဝရဘုရား၏အမိန့်တော်အတိုင်း တော၌သေကုန်ကြပြီ။ သူတို့၏သားသမီးများသည် ကြီးပြင်းလာကြသဖြင့် သူတို့သည် ဂတိတော်အတိုင်း ခါနာန်ပြည်ကိုပိုင်ဆိုင်ရကြတော့မည်။ ပညတ်တော်ကိုပေးတော်မူသောအခါ ဤသူတို့တွင် အများသောသူတို့သည် ကလေးသူငယ်များသာဖြစ်ကြသေး၍ သူတို့သည် ပညတ်ကိုပေးတော်မူစဉ်အခါ၌ ထင်ရှားသောဘုန်းတန်ခိုးတော်အကြောင်းကို မမှတ်မိကြချေ။ အခြားသော သူတို့သည် တောထဲ၌လှည့်လည်စဉ်မွေးကြသဖြင့် မောရှေအားပေးထားထဲ့တော်မူသော ပညတ်တော်ဆယ်ပါးနှင့် စီရင်ထုံးဖွဲ့ချက်တရားရှိသမျှတို့ကို နားထောင်ဖို့လိုကြောင်း သူတို့သည် မသိနားမလည်ဘဲနေကြမည်ကို စိုးရိမ်သောကြောင့်၊ မောရှေသည် ပညတ်တော်ဆယ်ပါးကိုငှင်း၊ ပညတ်တော်ပေးခြင်းအမှုနှင့် ဆိုင်သောအဖြစ်အပျက်အပေါင်းတို့ကိုငှင်း၊ အချုပ်အားဖြင့် ပြန်၍ပြောပြရမည်ဟု ထာဝရဘုရားကမိန့်တော်မူ၏။

မောရှေသည် စာတစ်စောင်တွင်၊ ဘုရားသခင်ပေးတော်မူသော ပညတ်တရားနှင့်စီရင်ထုံးဖွဲ့ချက်ရှိသမျှတို့ကို ရေးမှတ်ထားခဲ့၍ လမ်းခရီးတွင် ထာဝရဘုရားသွန်သင်ဆုံးမတော်မူသောအချက်ရှိသမျှနှင့် သူတို့အတွက်ပြုတော်မူသော နိမိတ်လက္ခဏာအပေါင်းတို့ကိုငှင်း၊ ဣသရေလအမျိုးသားတို့ ညည်းတွားမြည်တမ်းခဲ့ကြသော အကြောင်းအရာရှိသမျှတို့ကိုငှင်း၊ မပျောက်ပျက်စေရန် သစ္စာနှင့်မှတ်တမ်းတင်ထားလေပြီ။ သူတို့၏ ညည်းတွားခြင်း . . . . . . . . . . . . . . . . . . . . .

ကြောင့် သူကိုယ်တိုင်ဆုံးရှုံးခဲ့ရသည့် အကြောင်းကိုလည်း မောရှေသည်ရေးမှတ်ထားလေ၏။

## ဣသရေလလူတို့အား နောက်ဆုံးသွန်သင်ဩဝါဒပေးခြင်း

လူအပေါင်းတို့သည် သူ့ရှေ့မှာစုဝေးကြပြီးလျှင်၊ သူတို့၏လွန်ခဲ့သော အတိတ်ရာဇဝင်အဖြစ်အပျက်တို့ကို သူရေးသားထားသော စာစောင်ထဲမှဖတ်ပြ၏။ သူတို့သည် နားထောင်ကြလျှင်၊ ခံစားရမည်ဖြစ်သော ဂတိတော်များနှင့် နားထောင်လျှင် သူတို့အပေါင်းသို့သက်ရောက်မည့် ကျိန်ခြင်းဘေးဒဏ်များအကြောင်းကိုလည်း ဘတ်ပြသေး၏။

သူတို့၏ပုန်ကန်မှုကြောင့် ထာဝရဘုရားသည် သူတို့ကို ကြိမ်ဖန်များစွာပင် ဖျက်ဆီးပယ်ရှားရန် ကြံစည်တော်မူခဲ့သော်လည်း မောရှေသည် သူတို့အတွက် စိတ်အားကြီးစွာဖြန်ဖြေတောင်းပန်ပေးသဖြင့်၊ ဘုရားသခင်သည် သူတို့အား ဂရုဏာတော်နှင့်အသက်ချမ်းသာပေးတော်မူခဲ့သည်ကိုလည်း မောရှေက သူတို့အား ပြောပြသေး၏။ ဖာရောမင်းနှင့် အဲဂုတ္တုပြည်သားအပေါင်းတို့အတွက် ထာဝရဘုရားပြုတော်မူသော နိမိတ်လက္ခဏာများအကြောင်းကိုလည်း သူတို့အား သတိပေးဘော်ပြ၏။ "ထာဝရဘုရားပြုတော်မူသောအမှုကြီးအလုံးစုံတို့ကို သင်တို့သည် ကိုယ်တိုင်မြင်ရကြပြီ။ ထို့ကြောင့် သင်တို့သည်သွား၍ ဝင်စားလတ္တံ့သောပြည်ကို ကြီးစွာသောတန်ခိုးခွန်အားနှင့်ဝင်စားမည်အကြောင်း ယနေ့မှာထားတော်သမျှသောပညတ်တို့ကို စောင့်ရှောက်ရကြမည်"ဟု မောရှေကသူတို့အားပြောဆို၏။ တရားဟောရာကျမ်း ၁၁း၇-၉

ရုပ်တုဆင်းတုကိုးကွယ်ခြင်းအမှုသို့မလိုက်မပါစေရန် မောရှေသည် ဣသရေလအမျိုးသားတို့အား အထူးသဖြင့် သတိပေး၏။ မောရှေသည် သူတို့အား ဘုရားသခင်၏ပညတ်တော်ကို လိုက်နာစောင့်ရှောက်ရန် စိတ်အားကြီးစွာမှာထားခဲ့၏။ သူတို့သည် ထာဝရဘုရားကို ချစ်ခင်လေးစား၍စကားတော်ကိုနားထောင်လျက် ကွဲပြားသောစိတ်သဘောမရှိဘဲ ကိုးကွယ်ဝတ်ပြုကြကြောင်းထင်ရှားလျက်၊ ထာဝရဘုရားသည် သင့်တော်သော အချိန်အခါအလျောက် သူတို့အပေါ်၌မိုးကိုရွာစေသဖြင့် သူတို့၏အသီးအနှံတို့ကို ပွားများစေလျက် သူတို့၏တိရိစ္ဆာန်များတို့ကို တိုးပွါးလာစေတော်မူလိမ့် . . . . . . . . . . . . . . . . . . . . . . . . . . . .

မည်။ သူတို့သည်ထူးခြား၊ မြင့်မြတ်သောအခွင့်အရေးတို့ကိုလည်း ခံစားရကြပြီး သူတို့၏ရန်သူများကို အောင်မြင်ကြရလိမ့်မည်။

မောရှေသည် ဣသရေလအမျိုးသားတို့အား စိတ်အားကြီးစွာမှတ်သား လောက်ဘွယ်ကောင်းအောင် သွန်သင်ဆုံးမပေးခဲ့သည်။ ယခုသူတို့အား စကား ပြောဆိုရသည်မှာ နောက်ဆုံးအခွင့်အရေးဖြစ်ကြောင်းသူသိ၏။ ထိုနောက် သူ သည် ဘုရားသခင်ပေးတော်မူသောပညတ်တရားနှင့် စီရင်ထုံးဖွဲ့ချက်တရားရှိသမျှ တို့ကိုင်၄င်း၊ ယဇ်ပူဇော်ခြင်းဝတ်နှင့်ဆိုင်ရာ စည်းကမ်းဥပဒေအမျိုးမျိုးတို့ကို၄င်း ရေး သား၍ပြီးစီးလေ၏။ သူသည် ထိုစာစောင်ကိုသန့်ရှင်းရာဌာနၝအမှုဆောင်ရွက် ရသော သူတို့၏လက်ထဲသို့အပ်၍ မပျော်မပျက်စေခြင်းငှါ သန့်ရှင်းသောထိုသေ တ္တာတော်ထဲတွင် ဘေးဘက်ကထည့်ထားဖို့မှာကြားထား၏။ အဘယ်ကြောင့်ဆို သော် ဘုရားသခင်သည် ၄င်းသေတ္တာတော်ကို အမြဲစောင့်ရှောက်နေတော်မူသော ကြောင့်တည်း။

အမှုအခင်းတစ်စုံတစ်ရာရှိ၍ ၄င်းကိုကြည့်ဖို့လိုသောအခါ ဣသရေလ အမျိုးသားတရားသူကြီးတို့သည် ၄င်းကိုအသုံးပြုနိုင်စေခြင်းငှါ မောရှေ ရေးသား သော ဤစာစောင်ကိုထိန်းသိမ်းထားကြရလေ၏။ မှားယွင်းတတ်သော လူမျိုးတစ် မျိုးသည် မကြာခဏမိမိတို့၏အမှုအခင်းနှင့် သင့်တော်လျော်ကန်စေနိုင်ရန်၊ ဘုရား သခင်၏တောင်းဆိုစီရင်တော်မူချက်တို့ကို သိနားလည်ကြတတ်ကြ သောကြောင့်၊ မောရှေ၏ပညတ်တရားစာစောင်ကို နောက်ကာလတွင်ကိုးကား အသုံးပြုနိုင်ကြ မည်အကြောင်း၊ အသန့်ရှင်းဆုံးနေရာတွင် ထိန်းသိမ်းထားရကြ၏။

မောရှေသည် လူတို့အားမိမိ၏နောက်ဆုံးသွန်သင်ဩဝါဒပေးချက်ကို အလွန်တန်ခိုးပါသော အနာဂတ္တိစကားများဖြင့် အဆုံးသတ်သွား၏။ ၄င်းသည် လွမ်းဆွတ်ဘွယ်၊ စိတ်အားထက်သန်ဘွယ်စကားများဖြစ်သည်။ ဘုရားသခင် ထံတော်မှ ဝိညာဉ်တော်ကိုခံယူရရှိခြင်းဖြင့် သူသည် ဣသရေလလူမျိုးအသီးအသီး တို့အား ခွဲခြားကာ ကောင်းကြီးပေးလေ၏။

သူ၏အဆုံးစကားတွင် သူသည် ဘုရားသခင်၏ဘုန်းတန်ခိုးတော်အ ကြောင်းနှင့် ဣသရေလတို့၏မြင့်မြတ်သောအခြေအနေအကြောင်းကို အများအား ဖြင့် ပြောသွား၏။

သူတို့သည် ဘုရားသခင့်စကားတော်ကိုနားထောင်၍ ဘုရားသခင်၏ခွန်အားကို ယုံကြည်ကိုးစားကြလျှင် ထိုမြင့်မြတ်သောအခြေအနေသည် တည်မြဲရလိမ့်မည်။

## မောရှေအနိစ္စရောက်ခြင်းနှင့် ထမြောက်ရှင်ပြန်ခြင်းအမှု

"ထိုနောက် မောရှေသည် မောဘလွင်ပြင်မှသွား၍ ယေရိခေါမြို့တစ်ဖက်၊ နေဗောတောင်၊ ပိသဂါထိပ်ပေါ်သို့တက်သဖြင့်၊ ထာဝရဘုရားသည် ဒန်မြို့တိုင်အောင် ဂိလဒ်ပြည်တစ်လျှောက်လုံး၊ နာသလိပြည်တစ်လျှောက်လုံး၊ ဧဖရိမ်ပြည်၊ မနာရှေပြည်နှင့်တကွ အဝေးဆုံးသော ပင်လယ်တိုင်အောင် ယုဒပြည်တစ်လျှောက်လုံး၊ တောင်ပြည်နှင့်တကွ ဇောရမြို့တိုင်အောင် စွန်ပလွံမြို့တည်းဟူသော ယေရိခေါမြို့တည်သောချိုင့်နှင့်လွင်ပြင်တို့ကို ပြတော်မူ၏။ ထာဝရဘုရားကလည်း ငါသည် အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့အားကျိန်ဆို၍ သင်၏အမျိုးအနွယ်အား ငါပေးမည်ဟု ဂတိထားသောပြည်ကိုကြည့်လော့။ သင်သည် ကိုယ်မျက်စိနှင့် မြင်ရသောအခွင့်ကိုငါပေးမည်။ သို့ရာတွင် ကူး၍မသွားရဟုမိန့်တော်မူ၏။ ထိုသို့ ထာဝရဘုရားမိန့်တော်မူသည်အတိုင်း၊ ထာဝရဘုရား၏ကျွန်မောရှေသည် မောဘပြည်၊ထိုအရပ်၌အနိစ္စရောက်၍ ဗက်ပေဂုရမြို့တစ်ဖက်၊မောဘပြည်၊တစ်စုံတစ်ခုသောချိုင့်၌ သင်္ဂြိုလ်တော်မူ၏။ မောရှေ၏သင်္ချိုင်းကို ယနေ့တိုင်အောင် အဘယ်လူမျှမသိရာ။ မောရှေသည် အနိစ္စရောက်သောအခါ၊ အသက်တစ်ရာနှစ်ဆယ်ရှိ၏။ သူ၏မျက်စိမမှုန်သေး၊ ခွန်အားလည်းမလျော့သေး။"တရားဟောရာကျမ်း ၃၄း၁-၇

ပိသဂါတောင်ထိပ်ပေါ်သို့ မောရှေနှင့်အတူ မည်သူတစ်စုံတစ်ယောက်မျှ လိုက်သွားစေဖို့ ဘုရားသခင်သည် အလိုတော်မရှိပါ။ ပိသဂါတောင်ထိပ်ရှိမြင့်သော နေရာတွင် သူသည် ဘုရားသခင်နှင့် ကောင်းကင်တမန်တို့ရှေ့တွင် ရပ်နေ၏။ သူသည် ခါနာန်ပြည်ကိုစိတ်ကျေနပ်လောက်အောင် ကြည့်မြော်ပြီးနောက် ပင်ပန်းသော စစ်သူရဲကဲ့သို့သူသည်အနားယူရန် လှဲလျောင်းလိုက်လေ၏။ ထိုနောက် သူသည် အိပ်ပျော်သွားရာ၊ သေသောသူတို့၏အိပ်ပျော်ခြင်းမျိုးဖြစ်လေ၏။ ကောင်းကင်တမန်များသည် သူ၏အလောင်းကိုယူ၍ ချိုင့်ဝှမ်းတစ်ခုတွင် သင်္ဂြိုလ်ကြလေ၏။ သူ့အား ဘယ်မှာသင်္ဂြိုလ်ထားသည်ကို . . . . . . . . . . . . . . . . . . .

ဣသရေလလူတို့သည် ဘယ်သောအခါမျှမသိနိုင်ကြ။ မောရှေ၏အလောင်းနှင့် ပတ်သက်၍ ဣသရေလလူတို့သည် ရုပ်ဆင်းတုကိုးကွယ်မှုအယူဝါဒများဖြင့် ထာဝရဘုရားကိုပြစ်မှားခြင်းအမှုမှ တားဆီးရန် သူ့အားမြှုပ်နှံထားသောနေရာကို လျှို့ဝှက်ထားတော်မူ၏။

စာတန်သည် မောရှေအား ဘုရားသခင်ကိုပြစ်မှားစေဖို့သွေးဆောင်ရာ၌ အောင်မြင်သောကြောင့် ဝမ်းမြောက်လျက်ရှိ၏။ ဤကျူးလွန်မှုကြောင့် မောရှေသည် သေမင်း၏လက်အောက်သို့ရောက်သွားရ၏။ သူသည် ဆက်လက်သစ္စာရှိ၍ ကျောက်ထဲကရေကိုထွက်စေခြင်းအမှု၌ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေရန်မအောင်မြင်ခြင်းဖြင့် မိမိ၏အသက်တာသည် ထိုပြစ်မှုတစ်ခုအားဖြင့် ပျက်စီးသွားခြင်းမရှိခဲ့လျှင် သူသည် ဂတိတော်နှင့်ဆိုင်သော ပြည်တော်ကို ဝင်စားခွင့်ရပြီးမှ သေခြင်းကိုမတွေ့ရဘဲ ကောင်းကင်သို့ယူဆောင်ခြင်းခံရလိမ့်မည်။ မောရှေသည် သင်္ချိုင်းတွင်းထဲ၌ အချိန်အနည်းငယကြာနေရပြီးမှ၊ သူ့ကိုမြှုပ်နှံထားခဲ့ကြသော ကောင်းကင်တမန်မင်းမိက္ခေလသို့မဟုတ် သခင်ခရစ်တော်နှင့် ကောင်းကင်တမန်တို့သည် ဆင်းလာကြပြီးလျှင် သူ့အားသေခြင်းမှထမြောက်စေလျက် ကောင်းကင်သို့ခေါ်ဆောင်သွားကြလေ၏။

သခင်ခရစ်တော်နှင့်ကောင်းကင်တမန်တို့သည် သင်္ချိုင်းသို့ချဉ်းကပ်လာကြသောအခါ၊ စာတန်နှင့်သူ၏တမန်များသည်လည်း သင်္ချိုင်းတွင်ပေါ်လာပြီး မောရှေ၏အလောင်းကို ယူဆောင်သွားကြမည်ကိုစိုးရိမ်လျက် မောရှေ၏အလောင်းကိုကာကွယ်နေကြ၏။ သခင်ခရစ်တော်နှင့်ကိုယ်တော်၏ကောင်းကင်တမန်များသည် အနီးသို့ချဉ်းကပ်လာကြသောအခါ၊ စာတန်သည် သူတို့အား မလာစေရန်တားဆီးသော်လည်း သခင်ခရစ်တော်နှင့်ကိုယ်တော်၏ ကောင်းကင်တမန်များ၌ရှိသော ဘုန်းရောင်ခြည်နှင့်တန်ခိုးတော်အားဖြင့် စာတန်သည် နောက်သို့ဆုတ်ပေးရလေ၏။ မောရှေသည် ကျူးလွန်မှုတစ်မှုကြောင့် စာတန်က မောရှေ၏အလောင်းကို အခိုင်အမာတောင်းဆို၏။

သို့ရာတွင် သခင်ခရစ်တော်က "ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူစေသတည်း"ဟု သူ့ကို မိမိ၏ခမည်းတော်အား နှိမ့်ချသောသဘောနှင့် လွှဲအပ်တော်မူ၏။ (ယုဒ ၉)။ မောရှေသည် ဤတစ်ခုတည်းသော အမှားအတွက်နှိမ့်ချ

သောသဘောနှင့် နောင်တရခဲ့ပြီးဖြစ်ကြောင်းကို ကိုယ်တော်သိတော်မူ၍ သူ၏အကျင့်စာရိတ္တ၌ အစွန်းအကွက်မကျန်ရစ်ခဲ့သဖြင့်၊ ကောင်းကင်စာစောင်တွင် သူ၏ အမည်နာမသည် ပျောက်ကွယ်မသွားချေဟု သခင်ခရစ်တော်က စာတန်အားမိန့်တော်မူ၏။ ထိုနောက် စာတန်ကအခိုင်အမာတောင်းဆိုနေသောမောရှေ၏ ကိုယ်ခန္ဓာကို သခင်ခရစ်တော်သည် သေခြင်းမှထမြောက်စေတော်မူ၏။

သခင်ခရစ်တော်သည် တောင်ပေါ်၌ ကိုယ်ရောင်ကိုယ်ဝါပြောင်းလဲတော်မူသောအခါ၌ ကောင်းကင်သို့မသေဘဲ ယူဆောင်သွားခြင်းခံရသောဧလိယနှင့်ထမြောက်သွားသောမောရှေတို့သည် ကိုယ်တော်ခံရမည့်ဒုက္ခဝေဒနာနှင့် ပတ်သက်၍ သခင်ခရစ်တော်ကို အားပေးစကားပြောရန်သော်၎င်း၊ ဘုရားသခင်၏ဘုန်းတော်ကို မိမိချစ်တော်မူသောသားတော်ထံ ယူဆောင်လာရန်သော်၎င်း၊ စေလွှတ်တော်မူခြင်းခံရကြ၏။ ဘုရားသခင်သည် မောရှေကို များစွာချီးမြောက်တော်မူ၏။ မိတ်ဆွေအချင်းချင်း စကားပြောသကဲ့သို့ မောရှေသည် ဘုရားသခင်နှင့် မျက်နှာချင်းဆိုင်လျက် စကားပြောရသောအခွင့်ကိုရရှိခဲ့သည်။ ၎င်းပြင် ဘုရားသခင်သည် အခြားသောသူတစ်စုံတစ်ယောက်ကိုမျှ ဘယ်သောအခါမျှပြတော်မမူခဲ့သော မိမိ၏အမြင့်ဆုံးဘုန်းတန်ခိုးတော်ကို မောရှေအား ဘော်ပြတော်မူ၏။

---OO---

# အခန်း (၂၃)
# ဂတိတော်နှင့်ဆိုင်သောပြည်တော်ဝင်ခန်း

မောရှေအနိစ္စရောက်ပြီးနောက် ယောရှုသည် ဣသရေလလူတို့အား ဂတိတော်နှင့်ဆိုင်သော ပြည်တော်သို့ပို့ဆောင်ရန် သူတို့၏ခေါင်းဆောင်ဖြစ်ရ၏။ ဣသရေလအမျိုးသားတို့သည် တောထဲ၌လှည့်လည်နေရစဉ်အခါကာလပတ်လုံး သူသည် အများအားဖြင့် မောရှေအဖို့ အတိုင်ပင်ခံဝန်ကြီးချုပ်ဖြစ်ခဲ့၏။ သူသည် မောရှေအားဖြင့် ဘုရားသခင်ပြုလုပ်တော်မူသော အံ့ဩဖွယ်အမှုများကိုမြင်ခံရ၍ လူတို့၏စိတ်သဘောကို ကောင်းစွာနားလည်ခဲ့သည်။ သူသည် ဂတိတော်နှင့်ဆိုင်သော ပြည်တော်သို့သွားရောက်စူးစမ်းရသော သူလျှိုဆယ့်နှစ်ယောက်တို့တွင် အပါအဝင်ဖြစ်၍ ပြည်တော်၏သာယာဝပြောခြင်းအကြောင်းကို သစ္စာနှင့်ပြောပြလျက် ၎င်းပြည်ကို ဘုရားသခင်၏တန်ခိုးတော်နှင့် သွားရောက်ပိုင်ဆိုင်ရန် လူများတို့အား တိုက်တွန်းနှိုးဆော်သောလူနှစ်ယောက်တွင်လည်း အပါအဝင်တစ်ယောက်ဖြစ်သည်။ သူသည်ဤအရေးကြီးသော ရာထူးအတွက် အရည်အချင်းနှင့်ကောင်းစွာပြည့်စုံသောသူတစ်ယောက်ဖြစ်သည်။ ထာဝရဘုရားသည်မောရှေနှင့် အတူရှိတော်မူခဲ့သည်နည်းတူ ယောရှုနှင့်လည်း အတူရှိတော်မူမည်။ ၎င်းပြင် သူသည် ထာဝရဘုရား၏ပညတ်ပေါင်းတို့ကို သစ္စာနှင့်စောင့်ရှောက်လျှင် သူသည် ခါနာန်ပြည်ကိုအလွယ်တကူနှင့် အောင်မြင်သိမ်းပိုက်နိုင်ရမည်ဟု ထာဝရဘုရားက ယောရှုအားဂတိထားတော်မူ၏။ သူသည် လူများတို့ကို ခါနာန်ပြည်သို့မည်ကဲ့သို့ရှေ့ဆောင်ခေါ်သွားရမည်ကို စိုးရိမ်ပူပန်လျက်ရှိနေရာ၊ ဤကဲ့သို့အားပေးစကားများကိုကြားရသဖြင့်၊ သူ၏စိုးရိမ်ကြောင့်ကြမှုများသည်ပျောက်ကွယ်သွားလေသည်။

ယောရှုက ဣသရေလအမျိုးသားတို့အား သုံးရက်ခရီးသွားဖို့အတွက်ပြင်ဆင်၍ စစ်သူရဲအပေါင်းတို့အား စစ်တိုက်ရန်သွားမည်အကြောင်း အမိန့်ပေးလေ၏။ "ထိုသူတို့ကလည်း ကိုယ်တော်မှာထားတော်မူသမျှကို ကျွန်တော်တို့ပြုပါမည်။ စေလွှတ်တော်မူသမျှသော အရပ်သို့သွားပါမည်။ အရာရာ၌ မောရှေ၏စကားကို နားထောင်သည်နည်းတူ ကိုယ်တော်စကားကို . . . . . . . . . . . . . . . . . . .

လည်း နားထောင်ပါမည်။ သို့ဖြစ်၍ ကိုယ်တော်၏ဘုရားသခင်ထာဝရဘုရားသည် မောရှေနှင့်အတူရှိသကဲ့သို့ ကိုယ်တော်နှင့်အတူ ရှိပါစေသော။ အာဏာတော်ကို ဆန်၍ မှာထားတော်မူသမျှသော စကားကိုနားမထောင်သောသူမည်သည်ကား အသေသတ်ခြင်းကိုခံစေရမည်။ သို့ဖြစ်၍ အားယူတော်မူပါ။ ရဲရင့်ခြင်းရှိတော်မူ ပါဟု ယောရှုအားပြန်လျှောက်ကြ၏။"

ဣသရေလလူတို့ ယော်ဒန်မြစ်ကိုဖြတ်သွားခြင်းအကြောင်းသည် အလွန် အံ့ဩဖွယ်ဖြစ်လေသည်။ "ယောရှုကလည်း၊ သင်တို့သည် ကိုယ်ကိုကိုယ်သန့်ရှင်းစေ ကြလော့။ အကြောင်းမူကား၊ နက်ဖြန်နေ့၌ ထာဝရဘုရားသည် အံ့ဩဖွယ်သော အမှုတို့ကို သင်တို့တွင်ပြုတော်မူမည်ဟု လူများတို့အားမှာထားလေ၏။ တစ်ဖန် ယဇ်ပုရောဟိတ်တို့ကိုခေါ်၍ သင်တို့သည် ပဋိညာဉ်သေတ္တာတော်ကို ထမ်းလျက်၊ လူများတို့ရှေ့သို့ ကူးသွားကြလော့ဟု ယောရှုဆိုသည်အတိုင်း သူတို့သည် ပဋိညာဉ်သေတ္တာတော်ကို ထမ်း၍ လူများရှေ့သို့သွားကြ၏။ ထာဝရဘုရားက လည်း၊ ယောရှုကိုခေါ်၍ ငါသည် မောရှေနှင့်အတူရှိသကဲ့သို့ သင်နှင့်အတူရှိ သည်ကို၊ ဣသရေလအမျိုးသားအပေါင်းတို့သည် သိကြမည်အကြောင်း သူတို့မျက် မှောက်၌ သင့်ကို ယနေ့ငါချီးမြှင့်စပြုမည်ဟု မိန့်တော်မူ၏။"

## ယော်ဒန်မြစ်ကိုဖြတ်ကူးခြင်း

ယဇ်ပုရောဟိတ်တို့သည် ဘုရားသခင်၏ပညတ်တော်ပါရှိသော သေတ္တာ တော်ကိုထမ်းလျက် လူများတို့ရှေ့က သွားရကြမည်။ ၎င်းပြင် သူတို့၏ခြေသည် ယော်ဒန်မြစ်၏ရေစပ်ကိုနင်းမိသောအခါ၊ မြစ်ညာက လာသောရေသည် ပြတ် လျက်တန့်သဖြင့်၊ ထာဝရဘုရားကိန်းအောင်းတော်မူကြောင်းပုံပမာပြသော သေတ္တာတော်ကိုထမ်းလျက် ယဇ်ပုရောဟိတ်တို့သည်ဖြတ်သွားရကြ၏။ ထိုနောက် ဟေဗြဲပိုလ်ခြေတို့သည် နောက်ကလိုက်လာကြ၏။ ယဇ်ပုရောဟိတ်တို့သည် မြစ် လယ်သို့ ရောက်ကြသောအခါ ဣသရေလအမျိုးသားအပေါင်းတို့သည် မြစ်တစ် ဖက်သို့ ရောက်သည်တိုင်အောင် သူတို့သည် ထိုနေရာ၌ မြေပေါ်မှာ ရပ်နေရကြ မည်။ ဤနေရာ၌ နှစ်ပေါင်းလေးဆယ်အထက်က ဇဒ်ပင်လယ်၌ သူတို့၏ဘိုးဘေး များမြင်ခဲ့ရကြသော အံ့ဩဖွယ်အမှုကို ပြုတော်မူခဲ့သော အလားတူတန်ခိုးတော်၏ အမိန့်ကို ယော်ဒန် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

မြစ်ရေသည်လည်း နာခံရကြောင်း၊ ယခုဆက်လက်တည်ရှိနေကြသော ဣသရေ အမျိုးအနွယ်တို့သည်ထင်ရှားစွာ သိနားလည်လာကြလေသည်။ အများသော သူတို့ သည် ငယ်ရွယ်စဉ်အခါက ဧဒံုပင်လယ်ထဲသို့ ဖြတ်ကူးခဲ့ကြဖူးပြီ။ ယခုမူကား၊ သူတို့ သည် စစ်မှုအတွက် အပြည့်အစုံဆင်ယင်ထားသော စစ်သူရဲများဖြစ်လျက် ယော် ဒန်မြစ်ကိုဖြတ်ကူးရကြ၏။

ဣသရေလအမျိုးသားအပေါင်းတို့သည် ယော်ဒန်မြစ်တစ်ဖက်သို့ ရောက်သည်တိုင်အောင် ဖြတ်ကျော်သွားကြပြီးသောအခါ ယောရှုက ယဇ်ပုရော ဟိတ်တို့အားမြစ်ထဲမှ တက်လာရန်အမိန့်ပေးလေ၏။ ပဋိညာဉ်သေတ္တာတော်ကို ထမ်းသောယဇ်ပုရောဟိတ်တို့သည် မြစ်ထဲကတက်လာ၍ သူတို့သည်ခြောက်သွေ့ သော ကမ်းစပ်ပေါ် သို့နင်းမိကြသောအခါ၊ ယောဒန်မြစ်ရေသည် အထက်ကကဲ့သို့ စီးဆင်း၍မြစ်ကမ်းစပ်များအထိ လျှံတက်လာသည်။ ဣသရေလလူတို့အတွက် ပြုတော်မူသော ဤအံ့ဩဖွယ်နိမိတ်လက္ခဏာသည် သူတို့၏ယုံကြည်ခြင်းကိုများစွာ တိုးပွားစေ၏။ ဤအံ့ဖွယ်နိမိတ်လက္ခဏာကို ဘယ်သောအခါမှ မမေ့နိုင်စေမည်အ ကြောင်း၊ ထာဝရဘုရားက ယောရှုအား လူများတို့အထဲမှ တစ်မျိုးလျှင်တစ်ယောက် စီ၊ ခွန်အားသတ္တိနှင့် ပြည့်စုံသောလူများကိုရွေးကောက်၍ ဟေဗြဲလူတို့မြစ်ကိုကူး နေကြစဉ်၊ ယဇ်ပုရောဟိတ်များရပ်နေရာအရပ် ယော်ဒန်မြစ်အလယ်မှ ကျောက်တုံး များကို ထိုသူတို့သည် သယ်ယူလာပြီးလျှင်၊ ဣသရေလလူတို့သည် ယော်ဒန်မြစ်ထဲ ၌ မြေပေါ်မှာဖြတ်ကူးလာရခြင်းအကြောင်းကို သတိရစေဖို့ အထိမ်းအမှတ်ဖြစ် စေခြင်းငှါ ဂိလဂါလအမည်ရှိသော အရပ်တွင် မှတ်တိုင်ကို တည်ထားရမည်အ ကြောင်းအမိန့်ပေးရန် ညွှန်ကြားတော်မူ၏။

ယဇ်ပုရောဟိတ်တို့သည် ယော်ဒန်မြစ် တစ်ဖက်ကမ်းသို့ တက်လာကြပြီး သောအခါ၊ ဘုရားသခင်သည် မိမိခွန်အားကြီးသော လက်ရုံးတော်ကို ရုပ်သိမ်း တော်မူသဖြင့် မြစ်ရေတို့သည် ကြီးစွာသောရေလုံး ကြီးများကဲ့သို့ မိမိ၏လမ်းစဉ် အတိုင်း အရှိန်ပြင်းစွာစီးဆင်းလေ၏။

ထာဝရဘုရားသည် ဣသရေလအမျိုးသားတို့ရှေ့တွင် ယော်ဒန်မြစ် ရေကို ရပ်တန့်စေတော်မူမည်အကြောင်း အာမောရိမင်းကြီးအပေါင်းနှင့် ခါနာနိမင်းကြီးအပေါင်းတို့သည် ကြားသိရကြသောအခါ၊ ကြောက်လန့်စိုးရိမ်ခြင်း

နှင့်စိတ်ပျက်ကြ၏။ ဣသရေလအမျိုးသားတို့သည် မောဘပြည်၏မင်းကြီးနှစ်ပါးကို သတ်ခဲ့ကြ၍ မြစ်ရေလျှံလျက် ရေစီးသန်သော ယော်ဒန်မြစ်ကို အံ့ဩဖွယ်ဖြတ်ကူးလာကြသည့်အကြောင်းကြောင့်၊ သူတို့သည် အလွန်ပင်ကြောက်လန့်နေကြသည်။ ထိုနောက် ယောရှုသည် တော၌မွေးသောသူအပေါင်းတို့အား အရေဖျားလှီးခြင်းမင်္ဂလာကိုပေး၏။ ဤအရေဖျားလှီးခြင်းမင်္ဂလာပွဲကိုပြုလုပ်ပြီးလျှင်၊ သူတို့သည် ယေရိခေါလွင်ပြင်၌ ပသခါပွဲကိုကျင်းပကြ၏။ "ထာဝရဘုရားကလည်း၊ အဲဂုတ္တုပြည်နှင့်ဆိုင်သော ကဲ့ရဲ့စရာအကြောင်းကို သင်တို့မှ ယနေ့ငါပယ်ရှင်းပြီဟု ယောရှုအားမိန့်တော်မူ၏။"

ဟေဗြဲလူတို့သည် အဲဂုတ္တုပြည်မှထွက်လာပြီးနောက် မကြာမှီအမွေခံရန်မျှော်လင့်နေကြသော ခါနာန်ပြည်ကို မပိုင်ဆိုင်မသိမ်းပိုက်ခဲ့ရသေးသောကြောင့်၊ ရုပ်တုဆင်းတုကိုးကွယ်သောတစ်ပါးအမျိုးသားတို့က ထာဝရဘုရားနှင့် ကိုယ်တော်၏ လူမျိုးကို ကဲ့ရဲ့ပြစ်တင်ခဲ့ကြပြီ။ ဣသရေလအမျိုးသားတို့သည် တောထဲ၌ ကြာမြင့်စွာ လှည့်လည်နေရကြသောကြောင့် သူတို့၏ရန်သူများတို့သည် ဝမ်းမြောက်လျက် ရှိကြပြီးလျှင် ဘုရားသခင်တစ်ဖက်၌ မိမိတို့ကိုယ်ကို ချီးမြှင့်လျက်၊ ဘုရားသခင်သည် သူတို့ကိုခါနာန်ပြည်ထဲသို့ခေါ်ဆောင်သွားခြင်းငှါ တတ်နိုင်တော်မမူဟု ပြောဆိုကြပြီ။ သူတို့သည် ယခုယော်ဒန်မြစ်ထဲတွင် မြေပေါ်၌ဖြတ်၍ ရှောက်သွားခဲ့ရကြသဖြင့်၊ သူတို့၏ရန်သူများသည် သူတို့ကိုမကဲ့ရဲ့နိုင်ကြတော့ချေ။

ဤအချိန်ကာလတိုင်အောင် မန္နကိုဆက်လက်ရရှိကြ၏။ သို့သော် ဣသရေလအမျိုးသားတို့သည် ယခုခါနာန်ပြည်ကိုပိုင်ဆိုင်၍ ထိုပြည်၏အသီးအနှံတို့ကို စားရကြတော့မည်ဖြစ်သောကြောင့်၊ သူတို့သည် မန္နကိုမလိုကြတော့သဖြင့်၊ မန္နပြတ်လေ၏။

## ထာဝရဘုရား၏ဗိုလ်ခြေကိုအုပ်စိုးရသောဗိုလ်မှူး

ယောရှုသည် တရားတော်ကိုဆင်ခြင်အောက်မေ့၍ မိမိနှင့်အတူ ဘုရားသခင်သည် ထူးခြားစွာနေတော်မူမည်အကြောင်း၊ ဆုတောင်းရန် ဣသရေလစစ်တပ်များထံမှ ထွက်ခွါသွားသောအခါ၊ စစ်ဝတ်တန်ဆာကိုဝတ်၍ လက်ထဲ၌ထားကိုကိုင်ထားလျက် အရပ်မြင့်သော လူတစ်ယောက်ကို တွေ့မြင်နေရ၏။ ယောရှုသည် ထိုသူအား ဣသရေလစစ်တပ်များက လူတစ်ယောက်ဖြစ်သည် . . . . . . .

ဟု အသိအမှတ်မပြု၊ သူ၌ရန်သူ၏အသွင်အပြင်ကိုလည်းမတွေ့ရ။ သူသည် သိလိုဇောနှင့် အနီးသို့ချဉ်းကပ်လျက် "သင်သည် ငါတို့ဖက်၌နေသောသူလော၊ ငါတို့ရန်သူဖက်၌နေသောသူလောဟု မေးသော်၊ ထိုသူက ထိုသို့မဟုတ်၊ ထာဝရဘုရား၏ဗိုလ်ခြေကိုအုပ်စိုးရသော ဗိုလ်မှူးဖြစ်၍ယခုငါလာသည်ဟု ဆို၏။ ယောရှုသည်လည်း မြေပေါ်မှာ ပြပ်ဝပ်လျက်ကိုးကွယ်လျက် ကိုယ်တော်ကျွန်အား အဘယ်သို့မိန့်တော်မူမည်နည်းဟု မေးလျှောက်သော်၊ ထာဝရဘုရား၏ဗိုလ်ခြေကို အုပ်စိုးရသောဗိုလ်မှူးက သင်၏ခြေနင်းကိုချွတ်လော့။ သင်နင်းသောအရပ်ကား၊ မြေမြတ်ဖြစ်သည်ဟု ဆိုသည်အတိုင်း ယောရှုပြုလေ၏။"

ဤသူသည် ရိုးရိုးကောင်းကင်တမန်မဟုတ်။ ထိုပုဂ္ဂိုလ်သည် ဟေဗြဲလူတို့အား တောထဲ၌လမ်းပြ၍ ညဥ့်အချိန်၌မီးတိုင်ဖြင့်၄င်း၊ နေ့အချိန်၌မိုးတိမ်တိုင်ဖြင့်၄င်း၊ မိမိကိုယ်ကို ဖုံးလွှမ်းထားသောသူ၊ သခင်ယေရှုခရစ်ပင် ဖြစ်တော်မူ၏။ ကိုယ်တော်ရောက်ရှိနေတော်မူသော နေရာသည် သန့်ရှင်းမြင့်မြတ်လာသဖြင့်၊ ယောရှုသည် မိမိ၏ခြေနင်းကိုချွတ်ရန် အမိန့်တော်ကို ရရှိလေ၏။

ထိုနောက် ထာဝရဘုရားသည် ယောရှုအား ယေရိခေါမြို့ကိုသိမ်းယူရာ၌ မည်ကဲ့သို့လမ်းစဉ်ကို လိုက်နာရမည်အကြောင်း၊ သွန်သင်တော်မူ၏။ စစ်သူရဲအပေါင်းတို့သည်း တစ်နေ့တစ်ကြိမ်ကျ ခြောက်ရက်ပတ်လုံးမြို့ကိုလှည့်ပတ်၍ သတ္တမနေ့ရောက်သောအခါ သူတို့သည် ယေရိခေါမြို့ကို ခုနစ်ကြိမ်တိုင်အောင် လှည့်ပတ်ရမည်ဟု အမိန့်ပေးထား၏။

## ယေရိခေါမြို့ကိုသိမ်းယူခြင်း

"နုန်၏သားယောရှုသည် ယဇ်ပုရောဟိတ်တို့ကိုခေါ်၍ သင်တို့သည် ပဋိညာဉ်သေတ္တာတော်ကို ထမ်းသွားသဖြင့် ထာဝရဘုရား၏မေတ္တာတော်ရှေ့မှာ ခုနစ်ယောက်တို့သည် ယုဘိလတံပိုးခုနစ်လုံးကို ဆောင်သွားကြလော့ဟူ၍၄င်း၊ လူများတို့အားလည်း သင်တို့သွား၍ မြို့ကိုလှည့်ပတ်ကြလော့။ လက်နက်ကိုင်တို့သည် ထာဝရဘုရား၏သေတ္တာတော်ရှေ့မှာ သွားကြလော့ဟူ၍၄င်း၊ မှာထားလေ၏။ ယောရှုသည် လူများတို့အား မှာထားပြီးမှ၊ ယုဘိလတံပိုးခုနစ်လုံးကို ဆောင်သောယဇ်ပုရောဟိတ်တို့သည် ထာဝရဘုရားရှေ့. . . . . . . . . . . . . . . . . .

တော်၌ တံပိုးမှုတ်လျက်သွားကြ၏။ ထာဝရဘုရား၏ပဋိညာဉ်သေတ္တာတော်သည် သူတို့နောက်သို့လိုက်လေ၏။"

"တံပိုးမှုတ်သော ယဇ်ပုရောဟိတ်တို့ရှေ့မှာ လက်နက်ကိုင်တို့သည် သွား၍ ယဇ်ပုရောဟိတ်များ တံပိုးမှုတ်လျက်သွားကြစဉ်၊ နောက်တပ်သားတို့သည် သေတ္တာတော်နောက်သို့လိုက်ကြ၏။ ယောရှုကလည်း၊ သင်တို့သည်ကြွေးကြော် စေခြင်းငှါ ငါမှာထားသောနေ့မရောက်မှီ မကြွေးကြော်ရ၊ အသံတစ်စုံတစ်ခုကိုမျှ မပြုရ၊ စကားတစ်ခွန်းကိုမျှမပြောရ။ ထိုနေ့ရောက်မှ ကြွေးကြော်ရမည်ဟု လူများတို့အား မှာထားနှင့်လေပြီ။ ထိုသို့ထာဝရဘုရား၏သေတ္တာတော်သည် မြို့ကိုတစ်ကြိမ် လှည့်ပတ်ဝိုင်းထားပြီးလျှင်၊ တပ်ထဲသို့ဝင်ပြန်၍ ညကိုလွန်စေကြ၏။"

ဟေဗြဲလူမျိုးဗိုလ်ခြေတို့သည် တပ်အစဉ်အလိုက်လုံးလုံးစည်းကမ်းသေဝပ်စွာ တပ်ချီသွားကြ၏။ ပထမဦးစွာ ရွေးချယ်ထားသော စစ်သူရဲများသည် စစ်ဝတ်တန်ဆာများကိုဆင်ယင်လျက်၊ စစ်မှုရေးရာကို ယခုမကျင့်မသုံးရသေးဘဲ၊ ယုံကြည်ခြင်းသာရှိကြလျက်၊ သူတို့အား သွန်သင်ထားသည့်အတိုင်း လိုက်နာကာ တပ်ချီသွားရကြ၏။ သူတို့နောက်မှ တံပိုးများနှင့်ယဇ်ပုရောဟိတ်ခုနစ်ယောက် လိုက်ပါလာကြ၏။ ထိုနောက်မှ ရွှေရောင်တောက်၍ မိမိအပေါ်၌ ဘုန်းတော်ရောင်ခြည်စက်ဝိုင်းလွှမ်းမိုးနေသောဘုရားသခင်၏သေတ္တာတော်ကို မိမိတို့၏သန့်ရှင်းသော ရာထူးအလိုက် လှပထူးဆန်းသော အဝတ်ကိုဝတ်ထားသော ယဇ်ပုရောဟိတ်တို့ကထမ်းလျက် လိုက်လာကြ၏။

တစ်ဖန် အလွန်ကြီးကျယ်သော ဣသရေလ လအမျိုးသားတပ်ကြီးသည် မိမိတို့အမျိုးအနွယ်အလိုက်သက်ဆိုင်ရာအလံများကို ကိုင်လျက်စည်း ကမ်းသေဝပ်စွာ တပ်အစဉ်အတိုင်း လိုက်လာကြ၏။ ထိုသို့အားဖြင့် သူတို့သည် ဘုရားသခင်၏သေတ္တာတော်နှင့် အတူတကွမြို့ကိုလှည့်ပတ်ဝိုင်းသွားကြ၏။ ခွန်အားကြီးသော ဗိုလ်ခြေတို့၏ လမ်းလျှောက်သံနှင့် တောင်များမှပဲ့တင် ထပ်ပြီး ယေရိခေါတစ်မြို့လုံးတွင် တစ်ဖန်ပြန်၍ မြည်ဟိန်းသွားသည့်ကြည်ညိုဖွယ် သောတံပိုးခရာသံမှလွဲ၍ အခြားမည်သည့်အရာကိုမျှမကြားရ။

ပြစ်ဒဏ်စီရင်ခြင်းခံရသော ထိုမြို့၏ ကင်းစောင့်များတို့သည် အံ့ဩခြင်းနှင့်ငှင်း၊ ထိတ်လန့်ခြင်းနှင့်ငှင်း ဣသရေလလူတို့၏ခြေလှမ်းတိုင်းကို . . . . . . . .

ဣသရေလလူတို့တံပိုးမှုတ်ခြင်း ၊ ကြွေးကြော်ခြင်းပြုကြသောအခါ၊
ယေရိခေါမြို့ရိုးကြီးများသည် ပြိုလဲသွားကြ၏

စောင့်ကြည့်ကြပြီးလျှင် မိမိတို့တွေ့မြင်ရသမျှကို သြဇာအာဏာနှင့်ပြည့်စုံ သူတို့အား သတင်းပေးကြ၏။ ဤသို့ခင်းကျင်းပြသနေခြင်းအမှုအပေါင်းတို့သည် အဘယ်သို့ ဆိုလိုသည်ကို သူတို့ပြောမပြနိုင်ကြ။ ဤနည်းအားဖြင့် ထိုမြို့ကိုသိမ်း ယူရန်အကြံကို အချို့ကပျက်ရယ်ပြုကြ၏။ အခြားသူတို့ကားသေတ္တာတော်၏ ဘုန်းတော်ရောင် ခြည်ကိုငှင်း၊ ယဇ်ပုရောဟိတ်တို့၏ကြည်ညိုရိုသေဘွယ်သော အသွင်အပြင်ကိုငှင်း၊ ယောရှုသည် ရှေ့ဆောင်လျက် နောက်မှလိုက်ပါလာကြသော ဣသရေလဗိုလ်ခြေ ကိုငှင်းမြင်ရကြသောအခါ၊ ကြောက်လန့်နေကြ၏။

အနှစ်လေး ဆယ်အထက်က ဧဒုံပင်လယ်ရေသည် သူတို့ရှေ့တွင် နှစ် ခြမ်းကွဲသွားခဲ့၍ မကြာမီက ယော်ဒန်မြစ် ထဲတွင်ဖြတ်ကျော်သွားရန် သူတို့အဖို့လမ်း ဖွင့်ပေးခဲ့ရပြီကို သူတို့သတိရကြသည်။ သူတို့သည်ပြောင်လှောင်မပြုဝံ့လောက် အောင် အလွန်တရာပင် ထိတ်လန့် ကြောက်လန့်လျက်ရှိကြသည်။ သူတို့သည် မြို့တံခါးများကိုလုံခြုံစွာပိတ်လျက် ခွန်အားကြီးသော အစောင့်များကို တံခါးအသီး အသီး၌ ကင်းချထားရန် ကြပ်တည်းစွာ သတိပြုနေကြသည်။

ခြောက်ရက်ပတ်လုံး ဣသရေလအမျိုးသားစစ်သူရဲတို့သည် မြို့ကိုလှည့် ပတ်ဝိုင်းသွားခြင်းအမှုကိုပြုကြ၏။ သတ္တမနေ့၌ သူတို့သည်ယေရိခေါမြို့ကို ခုနစ် ကြိမ်တိုင်အောင်ပင် လှည့်ပတ်ကြ၏။ လူများတို့အား အခြားနေ့များမှာကဲ့သို့ တိတ် ဆိတ်စွာနေဖို့ အမိန့်ပေးထား၏။ တံပိုးခရာသံကိုသာကြားနေရ၏။ လူများတို့သည် ဂရုစိုက်လျက် နေရကြမည်။ ငှင်းပြင် တံပိုးခရာသံသည် အချိန်အခါမှာ သာ၍ရှည် လျားစူးရှလာသောအခါ၊ ဘုရားသခင်သည် သူတို့အားမြို့ကိုပေးတော်မူသဖြင့်၊ သူတို့အပေါင်းတို့သည် ကျယ်သောအသံနှင့် ကြွေးကြော်ရကြမည်။

"သတ္တမနေ့နံ နက်စောစောမိုးလင်းစကထ၍ အရင်နည်းတူ ခုနှစ်ကြိမ် တိုင်အောင် မြို့ကိုလှည့်ပတ်ကြ၏။ ထိုနေ့၌သာ ခုနှစ်ကြိမ်တိုင်အောင် မြို့ကို လှည့်ပတ်ရကြ၏။ သတ္တမအကြိမ်တွင် ယဇ်ပုရောဟိတ်တို့သည် တံပိုးမှုတ်သော အခါ၊ ယောရှုက၊ ကြွေးကြော်ကြလော့။ထာဝရဘုရားသည် သင်တို့အားမြို့ကိုပေး တော်မူမည်ဟုမှာထားလေ၏။" "ထိုသို့နှင့်အညီ၊ တံပိုးမှုတ်၍ လူများတို့သည် ကြွေးကြော်ကြ၏။ တံပိုးသံကိုကြား၍ ကျယ်သောအသံနှင့် ကြွေးကြော်ကြသောအ ခါ၊ မြို့ရိုးသည် အကုန် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

အစင်ပြိုလဲ၍၊ လူများအပေါင်းတို့သည် မြို့ထဲသို့တည့်တည့်ဝင်ပြီးလျှင်၊ မြို့ကိုသိမ်းယူကြ၏။"

ခါနာန်ပြည်ကို အောင်မြင်ခြင်းအမှုသည် ဣသရေလအမျိုးသားတို့သည် အစွမ်းသတ္တိကြောင့် မဟုတ်ကြောင်းကို ဘုရားသခင်သည် သူတို့အားဘော်ပြခြင်းငှါအလိုရှိတော်မူပါသည်။ ထာဝရဘုရား၏ဗိုလ်ခြေကို အစိုးရသောဗိုလ်မှူးသည် ယေရိခေါမြို့ကို အောင်မြင်တော်မူပြီ။ ကိုယ်တော်နှင့်ကိုယ်တော်၏ကောင်းကင်တမန်များသည် အောင်မြင်သောအမှုတွင် ပါဝင်ဆောင်ရွက်ကြပြီ။ သခင်ခရစ်တော်သည် ကောင်းကင်စစ်တပ်များဝင်ရောက်စေဖို့ရန် လမ်းဖွင့်ပေးခြင်းငှါ အမိန့်ပေးထားသည်။ ဤအံ့သြဖွယ်နိမိတ်လက္ခဏာတွင် ဘုရားသခင်သည် မိမိလူတို့၏ရန်သူများကို နိုင်နင်းနိုင်သော မိမိ၏ခွန်အားတန်ခိုး၌ သူတို့၏ယုံကြည်ခြင်းကို တိုး၍ခိုင်ခံ့စေတော်မူသည်သာမက၊ အထက်က သူတို့၏မယုံကြည်တတ်သောစိတ်သဘောကို ဆုံးမတော်မူသေး၏။

ယေရိခေါမြို့သည် ဣသရေလစစ်တပ်များနှင့် ကောင်းကင်ဘုံရှင်ဘုရားသခင်ကို အန်တုပြိုင်ခဲ့လေပြီ။ ၎င်းပြင် ဣသရေလဗိုလ်ခြေတို့သည်နေ့တိုင်း တစ်ကြိမ်စီ သူတို့၏မြို့ကိုလှည့်ပတ်ကာ ချီတက်သွားကြသည်ကိုသူတို့ မြင်ရကြသောအခါ၊ သူတို့သည်ထိတ်လန့်နေကြသည်။ သို့သော် သူတို့၏ခိုင်ခံ့သော အကာအကွယ်များ၊ သူတို့၏ကြံ့ခိုင်မြင့်မားသော မြို့ရိုးကြီးများတို့ကို ကြည့်လျက် ရန်သူတို့၏တိုက်ခိုက်ခြင်းကို ခုခံတားဆီးနိုင်ကြလိမ့်မည်ဟု သူတို့သည် ယုံကြည်စိတ်ချနေကြ၏။ သို့သော် သူတို့၏ကြံခိုင်သော မြို့ရိုးကြီးများသည် ရုတ်တရက်ယိမ်းယိုင်ပြီး အကျယ်ဆုံးသော မိုးခြိမ်းသံကဲ့သို့ နားကွဲလုမတတ်ကြီးသောအသံနှင့် ပြိုပျက်ကြသောအခါ၊ သူတို့သည်အလွန်ထိတ်လန့်ကြောက်ရွံ့ခြင်းနှင့် မိန်းမောကာရပ်နေလျက် ခုခံတားဆီးခြင်းငှါ မတတ်နိုင်ကြတော့ချေ။

## ဉာဏ်ပညာရှိ၍ ဘုရားကိုဆက်ကပ်ထားသော ခေါင်းဆောင်ကြီး ယောရှု

ယောရှုသည် သန့်ရှင်းသောအကျင့်စာရိတ္တပေါ်တွင် အစွန်းအကွက်တစ်ခုမျှတည်မရှိချေ။ သူသည် ဉာဏ်ပညာရှိသော ခေါင်းဆောင်ကြီးဖြစ်သည်။

အသက်တာတွင် သူသည် လုံးလုံးဘုရားသခင်ဘက်၌သာ စိတ်စွဲလန်းလျက်နေ၏။ သူမသေခင်၊ ဟေဗြဲဗိုလ်ခြေအပေါင်းတို့ကို စုဝေးစေပြီးလျှင်၊ မောရှေ၏ပုံသက်သေကိုလိုက်လျက် ၊ တောထဲ၌ သူတို့ခရီးသွားခဲ့ရခြင်းအကြောင်း၊ သူတို့အား ဂရုဏာနှင့်ဘုရားသခင်ပြုစုတော်မူခြင်းအကြောင်းတို့ကို ပြန်ပြောပြကြ၏။ ထိုနောက် ပြတ်သားထင်ရှားစွာ သူတို့အားဟောပြောလေ၏။ မောဘရှင်ဘုရင်သည် သူတို့ကိုစစ်တိုက်၍ သူတို့ကိုကျိန်ဆဲစေခြင်းငှါ ဗာလမ်ကိုခေါ်သော်လည်း ဘုရားသခင်သည် "ဗာလမ်၏စကားကို နားမထောင်သောကြောင့်၊ သူသည် အထပ်ထပ်ကောင်းကြီးပေး"ခဲ့သည်အကြောင်းကို ယောရှုကထပ်မံ၍ပြောပြ၏။ ထိုနောက် ယောရှုကသူတို့အား "ထာဝရဘုရားအားဝတ်မပြုကောင်းဟု သင်တို့ထင်လျှင်၊ မြစ်ကြီးတစ်ဖက်၌ ဘိုးဘေးတို့ဝတ်ပြုသောဘုရား၊ သင်တို့နေရာအာမောရိပြည်သားတို့၏ ဘုရားများတွင် အဘယ်မည်သောဘုရားတို့အား ဝတ်ပြုမည့်အရာကို ယနေ့ရွေး လော့။ ငါနှင့်ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုရမည်ဟု ဆိုလေ၏။"

လူများတို့က အခြားတစ်ပါးသော ဘုရားကိုဝတ်ပြုခြင်းငှါ ထာဝရဘုရားကိုစွန့်ပစ်သောအမှုသည် အကျွန်ုပ်တို့နှင့် ဝေးပါစေသော၊ ငါတို့ဘုရားသခင် ထာဝရဘုရားသည် ကျွန်ခံနေရာအဲဂုတ္တုပြည်မှအဘတို့နှင့် ငါတို့ကိုနှုတ်ဆောင်၍ ကြီးစွာသော နိမိတ်လက္ခဏာတို့ကို ငါတို့မျက်မှောက်၌ပြတော်မူပြီ။ ငါတို့သွားလေရာရာအရပ်၊ လျှောက်လေရာရာအမျိုးတို့တွင် စောင့်တော်မူပြီဟု ပြန်ပြောကြ၏။"

လူများတို့သည် ယောရှုအားထပ်မံ၍ ပဋိညာဉ်ပြုကြပြန်လျှင်၊ "ထာဝရဘုရားအား ဝတ်ပြုပါမည်။ ထိုဘုရားသည် ငါတို့ဘုရားသခင်ဖြစ်တော်မူသည်"ဟု ဝန်ခံကြ၏။ မောရှေအား ပေးတော်မူသော ပညတ်တရားများနှင့်စီရင်ထုံးဖွဲ့ချက်တရားများပါဝင်သော စာစောင်တွင် ယောရှုသည် သူတို့၏ပဋိညာဉ်စကားများကို ရေးမှတ်ထား၏။ ဣသရေလအမျိုးသားအပေါင်းတို့သည် ယောရှုကိုချစ်ကြောက်ရိုသေကြသဖြင့်၊ သူသေဆုံးသောအခါ သူတို့သည် များစွာပင် ငိုကြွေးမြည်တမ်းကြလေ၏။

---oo---

## အခန်း (၂၄)
## ဘုရားသခင်၏သေတ္တာတော်နှင့်ဣသရေလအမျိုးသားတို့၏ ကံကြမ္မာ

ဘုရားသခင်၏သေတ္တာတော်သည် ပညတ်တော်ဆယ်ပါးကိုထိန်းသိမ်းထားရသော သန့်ရှင်းသောသေတ္တာတော်ဖြစ်၍ ထိုပညတ်တော်သည် ဘုရားသခင်ကိုယ်တော်တိုင်၏ ကိုယ်စားတော်ဖြစ်၏။ ဤသေတ္တာတော်သည် ဣသရေလအမျိုးသားတို့၏ဘုန်းအသရေနှင့် ခွန်အားဖြစ်သည်ဟု ထင်မှတ်ကြ၏။ ဘုရားသခင်သည် သူတို့နှင့်အတူတကွတည်ရှိတော်မူကြောင်း လက္ခဏာသက်သေသည် နေ့ညငှင်းအပေါ်၌ထင်ရှား၏။ ၄င်းရှေ့တွင် အမှုဆောင်ရွက်ရသော ယဇ်ပုရောဟိတ်တို့သည် ထိုသန့်ရှင်းသောအမှုအတွက် မိမိတို့ကိုယ်ကို သန့်ရှင်းစွာဆက်ကပ်အပ်နှံထားရကြ၏။ ဘုရားသခင်၏မြို့တော်၌ရှိသော တိုက်မြစ်ဆယ်နှစ်ခုနည်းတူ၊ ဘေးအနားပတ်လည်တွင်ခြားနားသော အဖိုးတန်ကျောက်မျက်ရတနာနည်းတူ၊ ဘေးအနားပတ်လည်တွင်ခြားနားသော အဖိုးတန်ကျောက်မျက်ရတနာများ ကွပ်ထားသောရင်အုပ်တန်ဆာကို သူတို့သည်ဝတ်ဆင်ရကြ၏။ ထိုအနားကွပ် အတွင်းဘက်၊ ရွှေခွက်ထဲ၌သွင်းထားသောကျောက်မျက်များပေါ်တွင် ဣသရေလဆယ့်နှစ်မျိုး၏အမည်များကို ထွင်းထားရမည်။ ဤအဝတ်တန်ဆာသည် အလွန်လှပတင့်တယ်လျက် အဖိုးများစွာထိုက်တန်၏။ ၄င်းကို ယဇ်ပုရောဟိတ်တို့၏ပခုံးမှ ရင်ပတ်ကိုဖုံးအောင် ဆွဲချထားရမည်။ ရင်အုပ်တန်ဆာလက်ျာ၊ လက်ဝဲဘက်တို့တွင် သာ၍ကြီးသော ကျောက်မျက်ရတနာနှစ်ခုကို ထည့်ထားရမည်။ ၄င်းတို့သည် အလွန်တရာပင်တောက်ပစွာ ထွန်းလင်းနေကြ၏။ ခက်ခဲသောအမှုများကို တရားသူကြီးတို့ထံယူဆောင်လာရာ၊ သူတို့သည်ဆုံးဖြတ်၍မရနိုင်သောအခါ၊ ၄င်းအမှုများထံယူဆောင်လာရာ၊ သူတို့သည် ဆုံးဖြတ်၍မရနိုင်သောအခါ ၄င်းအမှုများကို ယဇ်ပုရောဟိတ်များထံသို့ယူ လာပြီး သူတို့ကဘုရားသခင်ကို မေးမြန်းကြလျှင် ဘုရားသခင်ကဖြေဆိုတော်မူ၏။ ဘုရားသခင်သည် နှစ်သက်တော်မူ၍ သူတို့အား အောင်မြင်ခြင်းအခွင့်ကိုပေးတော်မူလျှင်၊ လက်ျာဘက်၌ရှိသော အဖိုးတန်ကျောက်မျက်ပေါ်တွင် ဖြာထွက်သောအ လင်းရောင်ခြည်နှင့်ဘုန်းတော်သည် အထူးသဖြင့် ထင်ရှားလာ၏။ ဘုရားသခင်သည် မနှစ်သက် . . . . . . . . . . . . . . . . . . . . . .

သဘောမတူတော်မူလျှင်၊ လက်ဝဲဘက်၌ရှိသော အဖိုးတန်ကျောက်မျက်ပေါ်တွင် အခိုးအငွေ့ (သို့မဟုတ်) မိုးတိမ်သည် ဖုံးလွှမ်းနေသည်ဟု ထင်ရ၏။ စစ်တိုက်သွားရန် ဘုရားသခင်အား သူတို့ကမေးမြန်းကြသောအခါ၊ လက်ျာဘက်ရှိ အဖိုးတန်သောကျောက်မျက်ပေါ်တွင် အလင်းရောင်ခြည်ဖြာထွက်လျက်နေလျှင်၊ သွားလော့၊ အောင်မြင်လိမ့်မည်ဟု ဆိုလို၏။ လက်ဝဲဘက်ရှိကျောက်မျက်ပေါ်တွင် တိမ်ဖုံးလွှမ်းနေလျှင်၊ သင်တို့မသွားရ၊ အောင်မြင်ကြမည်မဟုတ်ဟု ဆိုလို၏။

ယဇ်ပုရောဟိတ်မင်းသည်တစ်နှစ်တစ်ကြိမ် အသန့်ရှင်းဆုံးသော ဒုတိယအခန်းထဲသို့ဝင်၍ သေတ္တာတော်ရှေ့ ကြောက်ရွံ့ဖွယ်ကောင်းသော ဘုရားသခင်၏ မျက်မှောက်တော်၌ အမှုဆောင်ရွက်သောအခါ၊ သူကမေးမြန်းလျှင် ဘုရားသခင်သည်စကားသံတော်ဖြင့်ကြားလောက်အောင်ဖြေဆိုတော်မူ၏။ ထာဝရဘုရားသည် စကားသံတော်ဖြင့် ဖြေတော်မူသောအခါ၊ မိမိနှစ်သက်သဘောတူတော်မူကြောင်း ပြရန် သေတ္တာ၏လက်ျာဘက်တွင်ရှိသော ခေရုဗိမ်ပေါ်၌ သန့်ရှင်းသောအလင်းနှင့် ဘုန်းတော်၏ရောင်ခြည်ကို သက်ရောက်တော်မူ၏။ သူတို့တောင်းလျှောက်ချက်တို့ကို လက်ခံတော်မမူသောအခါ၊ လက်ဝဲဘက်ရှိခေရုဗိမ်ပေါ်၌ တိမ်ဖုံးအုပ်နေ၏။

သူတို့ခရီးသွားရာလမ်းတစ်လျှောက်လုံးတွင် ဘုရားသခင်၏သေတ္တာတော်နှင့်အတူ အမြဲသဖြင့် ကောင်းကင်တမန်လေးပါးသည် လိုက်ပါလာ၏။ သူတို့သည် ၄င်းကိုဘေးဥပဒ်အပေါင်းမှကာကွယ်၍ သေတ္တာတော်နှင့်သက်ဆိုင်၍ သူတို့အားစေခိုင်းသောအမှုတစ်စုံတစ်ခုကိုပြုလုပ်ရန်  လိုက်ပါလာကြ၏။ သေတ္တာတော်သည် ယော်ဒန်မြစ်သို့ ရောက်လာသောအခါ ဘုရားသခင်၏သားတော်သခင်ယေရှုသည်  ကောင်းကင်တမန်များခြံရံလျက်သေတ္တာတော်ရှေ့က ကြွတော်မူ၏။

ထိုအခါ ယော်ဒန်မြစ်ရေသည် ကိုယ်တော်၏မျက်မှောက်တော်၌ နှစ်ခြမ်းကွဲသွားလေ၏။ ဣသရေလအမျိုးသားအပေါင်းတို့သည် ယော်ဒန်မြစ်တစ်ဖက်သို့ ရောက်သည့်တိုင်အောင် သခင်ခရစ်တော်နှင့်ကောင်းကင်တမန်များတို့သည် သေတ္တာတော်ကိုထမ်းထားသော ယဇ်ပုရောဟိတ်တို့နှင့်အတူ မြစ်လယ်၌ ရပ်နေကြ၏။ သခင်ခရစ်တော်နှင့် ကောင်းကင်တမန်တို့သည် ယေရိခေါမြို့ကို လှည့်ပတ်သွားကြရာတွင် ပါဝင်လျက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

နောက်ဆုံး၌ခိုင်ခံ့ကြီးမားသော မြို့ရိုးကြီးများကို ဖြိုချပြီးနောက်၊ ယေရိခေါမြို့ကို ဣသရေလလူတို့လက်ထဲသို့အပ်တော်မူ၏။

### လေဝိ၏ဂရုမစိုက်မှုကြောင့် ခံစားရသောအကျိုးအပြစ်

လေဝိသည် ယဇ်ပုရောဟိတ်မင်းဖြစ်နေစဉ်အခါက၊ သူသည် မိမိ၏သားများကို ယဇ်ပုရောဟိတ်၌ခန့်ထား၏။ လေဝိတစ်ယောက်တည်းသာ အသန့်ရှင်းဆုံးအခန်းထဲသို့တစ်နှစ်လျှင်တစ်ကြိမ်သာဝင်ခွင့်ရ၏။ သူ၏သားများသည် တဲတော်တံခါးဝရှေ့၌ ယဇ်ကောင်များကိုသတ်ရသောအမှုကိုငှင်း၊ ယဇ်ပူဇော်ရာယဇ်ပလ္လင်၌ပြုရသောအမှုကိုငှင်း၊ ထမ်းဆောင်နေရကြ၏။ သူတို့သည် ဆက်ခါဆက်ခါ ဤသန့်ရှင်းသောအမှုကိုရှုတ်ချကြ၏။ သူတို့သည်တစ်ကိုယ်ကောင်းကြံ၊ တပ်မက်၊ အစားကျူး၍ အရက်အကြောက်ကင်းကာ ဆိုးပေကြ၏။ လေဝိသည် အိမ်ထောင်စည်းကမ်းဥပဒေကို အပြစ်မကင်းလောက်အောင် ဂရုမစိုက်သောကြောင့် ဘုရားသခင်သည် လေဝိကိုဆုံးမတော်မူ၏။ သူတို့အား သန့်ရှင်းသောယဇ်ပုရောဟိတ်ရာထူးကို ပေးအပ်ထားပြီးနောက်၊ သူတို့သည် ဣသရေလအမျိုးသားတို့၏ ယဇ်ပူဇော်သက္ကာများကို ရဲဝံ့စွာကျူးလွန်ခြင်းအပြစ်၊ ဣသရေလလူများတို့အား ပြစ်မှားစေလောက်အောင် ပြင်းထန်သောအပြစ်၊ ဣသရေလလူများတို့အားပြစ်မှားစေလောက်အောင် ပြင်းထန်သော သူတို့၏အဓမ္မအမှုများအကြောင်းကို လေဝိသည်ကြားသိရလေ၏။

လေဝိ၏ဂရုမစိုက်မှုကြောင့် လေဝိ၏အိမ်ထောင်၌ ဘုရားသခင်စီရင်တော်မူမည့် အပြစ်ဒဏ်အကြောင်းကို ထာဝရဘုရားသည် သူငယ်ရှမွေလအားဖော်ပြတော်မူ၏။ "ထာဝရဘုရားက၊ သိတင်းကြားသောသူတိုင်း နားနှစ်ဖက်ခါးစေခြင်းငှါ၊ ငါသည် ဣသရေလအမျိုး၌ တစ်စုံတစ်ခုကိုပြုမည်။ လေဝိအိမ်သားတို့တစ်ဖက်၌ ငါပြောသမျှအတိုင်း ထိုနေ့တွင်ငါပြုမည်။ ပြုစရှိပြီးမှလက်စသတ်မည်။ ထိုသူ၏သားတို့သည် ကိုယ်ယုတ်မာသည့်တိုင်အောင် ကိုယ်ပြုသောဒုစရိုက်အပြစ်ကို သူသိသော်လည်း ကြပ်တည်းစွာမဆုံးမဘဲနေသောကြောင့် သူ၏အိမ်သားတို့၌ ငါသည် အစဉ်အမြဲဒဏ်ပေးတော်မူမည်ဟု ငါပြောပြီ။ ထိုကြောင့် လေဝိအိမ်သားတို့ အပြစ်သည် ယဇ်နှင့်ပူဇော်သက္ကာအားဖြင့်မပြေ၊ အစဉ်အမြဲတည်ရမည်အကြောင်း၊ သူတို့အား ငါကျိန်ဆိုပြီဟု မိန့်တော်မူ၏။"

ဧလိ၏သားများသည် သန့်ရှင်းသောဘုရားသခင်ကို အလွန်ရဲဝံ့စွာကျူးလွန်စော်ကားဝံ့ကြသောကြောင့် ထိုသို့ခေါင်းမာသောကျူးလွန်မှုကို မည်ကဲ့သို့သောယဇ်ပူဇော်သက္ကာနှင့် အပြစ်မဖြေနိုင်ချေ။ ပြစ်မှားသော၍ယဇ်ပုရောဟိတ်တို့သည် ဘုရားသခင်၏သားတော်ကို ပုံပမာပြထားသောယဇ်ပူဇော်သက္ကာများကို မရိုမသေပြုလုပ်ညစ်ညူးစေကြပြီ။ ၎င်းပြင် သူတို့၏စက်ဆုပ်ရွံရှာဖွယ်အကျင့်ဓလေ့များအားဖြင့် ယဇ်ပူဇော်ခြင်းအမှုအပေါင်းတို့၏ကောင်းကျိုးကို သက်ရောက်ရရှိစေနိုင်သော အပြစ်ဖြေရာအသွေးတော်ကို သူတို့သည်နင်းချေလျက်နေကြ၏။

ရှမွေလက ဧလိအား ထာဝရဘုရားမိန့်တော်မူသောစကားများကို ပြန်ပြောပြ၏။ "ဧလိယကလည်း ထာဝရဘုရားဖြစ်လျှင်အလိုတော်ရှိသည်အတိုင်း ပြုတော်မူပါစေသောဟု ဝန်ခံလေ၏။" ဘုရားသခင်သည် ရှုတ်ချခြင်းခံတော်မူရသည်ကို ဧလိသိရှိသဖြင့် သူသည် ပြစ်မှားခဲ့ပြီးဖြစ်ကြောင်း သိနားလည်၏။ ဘုရားသခင်သည် ထိုသို့အားဖြင့် သူ၏ဂရုမစိုက်ခြင်းအပြစ်ကို ဒဏ်ခတ်တော်မူမည်ဟု သူဝန်ခံ၏။ ရှမွေလအား ထာဝရဘုရားမိန့်တော်မူသောစကားတော်ကို ဧလိသည် ဣသရေလလူအပေါင်းတို့အားကြားပြော၏။ ဤသို့ပြုခြင်းဖြင့် သူ၏ဂရုမစိုက်ဘဲနေခဲ့ခြင်းအပြစ်ကို အနည်းငယ်ပြုပြင်ရန် အကြံရှိသည်။ ဧလိအပေါ်၌ စီရင်တော်မူသော ဘေးဒဏ်သည် ကြာရှည်စွာဆိုင်းလင့်မနေပါ။

ဣသရေလအမျိုးသားတို့သည် ဖိလိတ္တိလူတို့နှင့်စစ်တိုက်ကြရာ၊ စစ်ရှုံး၍ လူပေါင်းလေးထောင်သေဆုံးရကြသည်။ ဟေဗြဲလူတို့သည် ကြောက်လန့်စိုးရိမ်နေကြသည်။ အခြားသောလူမျိုးတို့သည် သူတို့၏စစ်ရှုံးခြင်းအကြောင်းကိုကြားသိရကြလျှင် ထိုသူတို့သည်လည်း ဟေဗြဲလူတို့ကိုစစ်တိုက်ရန် ရဲရင့်ခြင်းရှိလာကြမည်ကို သူတို့သိရှိကြ၏။ ဘုရားသခင်၏သေတ္တာတော်သည် သူတို့နှင့်အတူမရှိသောကြောင့် သူတို့စစ်ရှုံးရကြသည်ဟု ဣသရေလအမျိုးသားအကြီးအကဲတို့က ဆုံးဖြတ်ကြ၏။

သူတို့သည် ပဋိညာဉ်သေတ္တာတော်ကို ယူဆောင်လာရန် ရှိလောမြို့သို့ လူစေလွှတ်ကြ၏။ သူတို့သည် သေတ္တာတော်ကို ယူဆောင်လာကြသော အခါ၊ ယော်ဒန်မြစ်ကိုဖြတ်ကူးနိုင်ခဲ့ကြောင်း၊ ယေရိခေါမြို့ကို အလွယ်တကူအောင်မြင်ခဲ့ကြောင်းတို့ကို သူတို့ပြန်၍သတိရကြသ . . . . . . . . . . . . . . . . . . .

ဖြင့်၊ အမှုကိစ္စအပေါင်းတွင် သေတ္တာတော်ကို ယူဆောင်လာဖို့သာလိုကြောင်း၊ ထိုသို့ပြုလျှင် ရန်သူတို့ကိုအောင်မြင်နိုင်ကြောင်း၊ သူတို့ဆုံးဖြတ်ကြ၏။ ဘုရားသခင်ကိုယ်တော်တိုင်၏ ကိုယ်စားတော်ဖြစ်သော ထိုပညတ်တော်ကိုလိုက်နာစောင့်ရှောက်ခြင်းအားဖြင့်သာ သူတို့သည်ခွန်အားသတ္တိကို ရရှိနိုင်စရာအကြောင်းဖြစ်သည်ကို သူတို့ကောင်းစွာမသိကြချေ။ ထိုညစ်ညူးသောယဇ်ပုရောဟိတ်များဖြစ်ကြသူ၊ ဟောဖနိနှင့် ဖိနဟတ်တို့သည် သန့်ရှင်းသောသေတ္တာတော်နှင့်အတူရှိကြလျက်၊ ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူးကြ၏။ ဤအပြစ်သားများသည် သေတ္တာတော်ကို ဣသရေလတပ်ထဲသို့ ယူဆောင်လာကြရာ၊ စစ်သူရဲများတို့သည် ယုံကြည်အားကိုးလိုသောစိတ်ရှိလာကြလျက်၊ အောင်မြင်ခြင်းအမှန်ရလိမ့်မည်ဟု ယုံကြည်စိတ်ချနေကြသည်။

## သေတ္တာတော်ကို ရန်သူများသိမ်းယူသွားခြင်း

"ထာဝရဘုရား၏ပဋိညာဉ်သေတ္တာတော်သည် တပ်ထဲသို့ရောက်သောအခါ၊ မြေကြီးအသံမြည်သည်တိုင်အောင် တပ်သားအပေါင်းတို့သည် ကြွေးကြော်ကြ၏။ ကြွေးကြော်သံကို ဖိလိတ္တိလူတို့သည်ကြားလျှင်၊ ဟေဗြဲတပ်၌ပြုသောကြွေးကြော်သံကြီးကား အဘယ်သို့နည်းဟု မေးလျက် ထာဝရဘုရား၏သေတ္တာတော်သည် တပ်ထဲသို့ရောက်ကြောင်းကိုသိကြ၏။ ဖိလိတ္တိလူတို့သည်ကြောက်၍ ဘုရားသခင်သည် ဟေဗြဲတပ်ထဲသို့ရောက်လေပြီတကား။ ငါတို့သည်အမင်္ဂလာရှိကြ၏။ တစ်ခါမျှဤသို့မဖြစ်စဖူး၊ တန်ခိုးကြီးသောဤဘုရားသခင်လက်ထဲမှ ငါတို့ကို အဘယ်သူကယ်တင်လိမ့်မည်နည်း။ တော၌ အဲဂုတ္တုလူတို့ကိုဘေးအပေါင်းနှင့် ဒဏ်ခတ်သောဘုရားကား၊ အခြားမဟုတ်၊ ဤဘုရားပေတည်း။ အိုဖိလိတ္တိလူတို့၊ ဣသရေလလူတို့သည် သင်တို့ထံ၌ကျွန်ခံရသကဲ့သို့၊ သူတို့ထံ၌ငါတို့သည် ကျွန်မခံရမည်အကြောင်း၊ အားယူ၍ယောက်ျားပြုကြလော့။ ယောက်ျားပြု၍တိုက်ကြလော့ဟု ပြောဆိုကြ၏။ ဖိလိတ္တိလူတို့သည်စစ်တိုက်သဖြင့်၊ ဣသရေလအမျိုးရှုံးပြန်၍ လူတိုင်းမိမိနေရာသို့ပြေးလေ၏။ ကြီးစွာသောလုပ်ကြံခြင်းဖြစ်၍ ဣသရေလခြေသည်သူရဲသုံးသောင်းတို့သည် သေကြ၏။ ဘုရားသခင်၏သေတ္တာတော်သည် ရန်သူတို့လက်သို့ရောက်၍၊ ဧလိ၏သားဟောဖနိနှင့်ဖိနဟတ်နှစ်ယောက်တို့သည် အသက်ဆုံးလေ၏။

ဤသေတ္တာတော်သည် ဣသရေလလူတို့၏ဘုရားဖြစ်သည်ဟု ဖိလိတ္တိလူတို့ကထင်မှတ်ကြ၏။ ကောင်းကင်မြေကြီးကိုဖန်ဆင်း၍ သိနာတောင်ပေါ်၌ မိမိ၏ပညတ်တော်ကိုပေးတော်မူသည့်အသက်ရှင်တော်မူသောဘုရားသခင်သည် ထိုသန့်ရှင်းသောသေတ္တာတော်ထဲရှိ မိမိပညတ်တော်ကိုလိုက်နာခြင်း၊ လွန်ကျူးခြင်းအလျောက် စည်းစိမ်ချမ်းသာနှင့် ဒုက္ခဆင်းရဲကိုပေးတော်မူသည်ကို သူတို့မသိကြ။

ဣသရေလလူတို့အထဲတွင် ကြီးစွာသတ်ဖြတ်ခြင်းခံရလေ၏။ ဧလိသည် လမ်းနားမှာထိုင်လျက် စစ်တပ်ထဲမှသတင်းကို တုန်လှုပ်သောစိတ်နှင့်စောင့်မျှော်နေ၏။ ဘုရားသခင်၏သေတ္တာတော်ကို ဖိလိတ္တိလူတို့သည်သိမ်းယူသွား၍ ညစ်ညူးစေအောင်ပြုလုပ်မည်ကို သူသည်စိုးရိမ်နေ၏။ စစ်တပ်မှ သတင်းပါသူတစ်ယောက်သည် ရှိလောမြို့သို့ ပြေးလာပြီးလျှင် ဧလိအား ၊ သူ၏သားနှစ်ယောက်အသတ်ခံရကြောင်းကြားပြောလေ၏။ ဤသို့ဖြစ်ရမည်ဟု မျှော်လင့်နေသဖြင့် သူသည်ဤသတင်းကို အနည်းငယစိတ်တည်ငြိမ်စွာခံယူနိုင်သေး၏။ သို့ရာတွင် သတင်းကြားပြောသူက “ဘုရားသခင်၏သေတ္တာတော်သည် ရန်သူလက်သို့ရောက်ပါပြီ”ဟု ပြန်လျှောက်သောအခါ၊ ဧလိသည် စိတ်ဒုက္ခကြီးစွာရောက်လျက်၊ ထိုင်ခုံပေါ်မှနောက်သို့လန်ကျသဖြင့် သေလေ၏။ သူသည် သူ၏သားတို့အပေါ်သို့ ကျရောက်သော ဘုရားသခင်၏အမျက်ဒေါသကိုဝေမျှခံယူရလေ၏။ သူသည် သူတို့၏အပြစ်များကို မတားဆီးဘဲ၊ ပြစ်မှားလောက်အောင် အမှုမထားဘဲနေသောကြောင့်၊ သူတို့၏အပြစ်များအတွက် သူသည်လည်း များစွာအပြစ်သင့်၏။ ဘုရားသခင်၏သေတ္တာတော်ကို ဖိလိတ္တိလူတို့ကသိမ်းယူသွားခြင်းအမှုသည် ဣသရေလလူတို့၌ ကျရောက်သောဘေးဒုက္ခအပေါင်းတွင် အကြီးဆုံးဖြစ်သည်ဟု ထင်မှတ်ရ၏။ ဖိနဟတ်၏မယားသည် သေခါနီးတွင် သူမ၏သားငယ်ကို ဣခဗုဒ်အမည်ပေး၍၊ “ဣသရေလအမျိုး၏ဘုရားသခင်သေတ္တာတော်သည် ရန်သူလက်သို့ရောက်သဖြင့်၊ ဣသရေလဘုန်းအသရေပျောက်ခဲ့ပြီဟု ဆို၏။

## ဖိလိတ္တိပြည်ထဲ၌ သေတ္တာတော်ရောက်ခြင်း

ဣသရေလလူတို့သည် သေတ္တာတော်ထဲ၌ပါရှိသော ပညတ်တရားများကို ရှုတ်ချလျက်နေကြစဉ်၊ မိမိကိန်းအောင်းနေတော်မူကြောင်းပုံပမာပြသော . . .

သေတ္တာတော်ကို အားကိုးခြင်းသည်အကျိုးမရှိကြောင်း၊ သူတို့အားပြရန် ဘုရားသခင်သည် သေတ္တာတော်နှင့်ရန်သူတို့သိမ်းသွားစေရန် ခွင့်ပြုတော်မူ၏။ သူတို့၏ခွန်အား သတ္တိနှင့်ယုံကြည်အားကိုးရာဖြစ်သည်ဟု ကြွားဝါနေကြသော သန့်ရှင်းသောသေတ္တာတော်ကို သူတို့မှပယ်ရှင်းထားခြင်းဖြင့်၊ ဘုရားသခင်သည် သူတို့ကိုနှိမ့်ချစေတော်မူလိမ့်မည်။

ဖိလိတ္တိလူတို့သည် မိမိတို့အထင်အတိုင်း ဣသရေလလူတို့၏ထင်ရှားကျော်စောသော ဘုရားကိုရရှိထားကြသဖြင့် အားရဝမ်းမြောက်လျက်ရှိနေကြသည်။ ထိုဘုရားသည် ဣသရေလလူတို့အတွက် ထိုမျှလောက်အံ့ဩဖွယ်အရာများကို ပြုတော်မူခဲ့လျှင်၊ သူတို့အား သူတို့၏ရန်သူများအဖို့ကြောက်မက်ဖွယ်ရာလူမျိုးဖြစ်တော်မူပြီဟု ဖိလိတ္တိလူတို့ကထင်မှတ်ကြ၏။ သူတို့သည် ဘုရားသခင်၏သေတ္တာတော်ကို အာဇုတ်မြို့သို့ယူဆောင်သွားကြပြီးလျှင် အလွန်ထင်ရှားကျော်စောသောသူတို့၏ဘုရားဒါဂုန်အတွက် ဆောက်လုပ်ထားသည့် လှပသောကျောင်းဆောင်ထဲတွင် သူတို့၏ဘုရားအနားတွင် ထားကြ၏။ နံနက်တွင် ဤဘုရားတို့၏ယဇ်ပုရောဟိတ်တို့သည် ကျောင်းဆောင်ထဲသို့ဝင်ကြရာ၊ ထာဝရဘုရား၏သေတ္တာတော်ရှေ့မှာ ဒါဂုန်သည် မြေပေါ်တွင်မှောက်လျက်လဲနေသည်ကိုတွေ့ရသဖြင့်၊ ကြောက်လန့်နေကြသည်။ သူတို့သည် ဒါဂုန်ကိုပြန်ထူလျက် သူ့နေရာ၌ပြန်ထားကြ၏။ သူသည်အမှတ်တမဲ့လျကျသည်ဟု သူတို့ထင်မှတ်ကြ၏။ သို့ရာတွင် နောက်တစ်နေ့မနက်၌ အထက်ကနည်းတူမြေပေါ်မှာမှောက်လျက်လဲနေပြီးလျှင် ဒါဂုန်၏ဦးခေါင်းနှင့် လက်နှစ်ဘက်သည် ပြတ်လျက်ရှိနေသည်ကို သူတို့တွေ့ရကြပြန်သည်။

အသက်ရှင်တော်မူသောဘုရားတည်းဟူသော ဘုရားသခင်သည် အခြားတစ်ပါးသော ဘုရားအပေါင်းတို့ထက် ကြီးမြတ်တော်မူ၍ ဘုရားသခင်ရှေ့တော်၌ တစ်ပါးအမျိုးသားတို့၏ ဘုရားများသည် အချည်းနှီးသက်သက်ဖြစ်ကြကြောင်းကိုထင်ရှားစေရန် သေတ္တာတော်နှင့်အတူ အမြဲလိုက်ပါနေသောဘုရား၏ကောင်းကင်တမန်များက အာရုံငါးပါးနှင့်ကင်းသောရုပ်ဆင်းတုဘုရားကိုမှောက်လျက်လှဲထားပြီးနောက်၊ ကိုယ်လက်အင်္ဂါများကို အပိုင်းပိုင်းဖြတ်ထားကြ၏။ တပါးအမျိုးသားတို့သည် သူတို့၏ဘုရား၊ ဒါဂုန်ကိုအလွန်ပင်ရိုသေကိုင်းညွှန်ကြသဖြင့်၊ သူသည် ဘုရားသခင်၏သေတ္တာတော်. . . . . . . . . . . . . . . . . . .

ရှေ့တွင်မှောက်လျက်လဲနေပြီး၊ ကိုယ်အင်္ဂါအပိုင်းပိုင်းပြတ်နေသည်ကိုတွေ့ရကြသောအခါ၊ သူတို့သည်ဝမ်းနည်း၍ ၎င်းအမှုသည် ဖိလိတ္တိလူတို့အတွင် အလွန်ဆိုးသောအတိတ်နိမိတ်ဖြစ်သည်ဟု အယူရှိကြ၏။ ဖိလိတ္တိလူတို့နှင့် သူတို့၏ဘုရားအပေါင်းတို့ကို ဟေဗြဲလူတို့သည်နှိမ်နင်းဖျက်ဆီးကြဦးမည်၊ ၎င်းပြင် ဟေဗြဲလူတို့၏ဘုရားသခင်သည် အခြားသောဘုရားအပေါင်းတို့ထက်သာ၍ကြီးမြတ်၊ သာ၍တန်ခိုးကြီးလာလိမ့်မည်ဟု သူတို့ကနိမိတ်ဖတ်ကြ၏။ သူတို့သည် ဘုရားသခင်၏သေတ္တာတော်ကို သူတို့၏ရုပ်ဆင်းတုဘုရားကျောင်းဆောင်မှထုတ်လျက် အပြင်ဘက်တွင်ထားကြ၏။

ဖိလိတ္တိလူတို့၏လက်ထဲတွင် ဘုရားသခင်၏သေတ္တာတော်သည် ခုနှစ်လကြာတည်ရှိနေခဲ့၏။ သူတို့သည် ဣသရေလလူတို့ကိုအောင်မြင်ခဲ့ကြပြီး ဘုရားသခင်၏သေတ္တာတော်ကြောင့်ဖြစ်သည်ဟု ထင်မှတ်ကြ၏။ ၎င်းပြင် သူတို့သည်အမြဲဘေးကင်းလုံခြုံ၍ဣသရေလစစ်တပ်များကို ကြောက်စရာမလိုတော့ဟု ထင်ကြသေး၏။ သို့ရာတွင် သူတို့၏အောင်မြင်မှုအတွက် အားရဝမ်းမြောက်လျက်ရှိနေကြစဉ်၊ တစ်ပြည်လုံး၌ငိုကြွေးမြည်တမ်းသံကို ကြားရလေ၏။ အဆုံး၌ ထိုသို့ဖြစ်ရသည်မှာ ဘုရားသခင်၏သေတ္တာတော်ကြောင့် ဖြစ်သည်ဟု အယုံရှိကြ၏။ ၎င်းသေတ္တာတော်ကိုကြောက်လန့်ခြင်းနှင့် တစ်နေရာမှတစ်နေရာသို့ ယူဆောင်သွားကြရာ၊ ရောက်လေရာရာ၌ ဘုရားသခင်ထံတော်မှဖျက်ဆီးခြင်းအမှုသည် သက်ရောက်ရလေ၏။

အဆုံး၌ဖိလိတ္တိလူတို့သည် ၎င်းကို မည်ကဲ့သို့ပြုလုပ်ရမည်ကို မကြံတတ်သလောက်ရှိနေကြသည်။ ၎င်းသေတ္တာတော်နှင့်လိုက်ပါနေသော ကောင်းကင်တမန်များက ဘေးရန်အပေါင်းမှ ၎င်းကို ကာကွယ်စောင့်ရှောက်နေကြ၏။ သူတို့၏ဘုရားဒါဂုန်သည် ထိုမျှလောက်သောကံကြမ္မာကိုကြုံတွေ့နေရသဖြင့်၊ သူတို့သည် ၎င်းကို မထိမကိုင်ဝံ့၊ ၎င်းအနီးသို့ မချဉ်းကပ်ဝံ့ကြသောကြောင့်၊ ဖိလိတ္တိလူတို့သည် သေတ္တာတော်ကို မဖွင့်ရဲကြချေ။

သူတို့သည် ယဇ်ပုရောဟိတ်များ၊ ပုရောဖက်ပြု သောသူများတို့ကိုခေါ်ပြီးလျှင်၊ ဘုရားသခင်၏သေတ္တာတော်ကို မည်ကဲ့သို့ပြုလုပ်ရမည်ကိုမေးမြန်းကြ၏။ သူတို့က ဖိလိတ္တိလူတို့အား ၎င်းကိုပိုင်ဆိုင်သောသူတို့ထံသို့ပြန်ပို့ရန်၊ ၎င်းပြင် အဖိုးထိုက်တန်သောဒုစရိုက်ပူဇော်သက္ကာနှင့်၎င်း . . . . . . . . . . . . . . . . . . . . .

ကိုပြန်ပို့ရန် အကြံပေးကြ၏။ အကယ်၍ ဘုရားသခင်သည် ထိုပူဇော်သက္ကာကို နှစ်သက်လက်ခံတော်မူလျှင်၊ သူတို့သည် အနာရောဂါမှကင်းလွတ်ချမ်းသာရကြလိမ့်မည်။ ဣသရေလလူတို့နှင့်သာ သက်ဆိုင်သောသေတ္တာတော်ကို သူတို့သည် သိမ်းယူလာကြသောကြောင့်၊ ဘုရားသခင်၏လက်တော်သည် သူတို့အပေါ်သို့ သက်ရောက်တော်မူသည်ကိုလည်း သူတို့သိနားလည်ရကြမည်။

## ဣသရေလလတို့ထံပြန်ပို့ခြင်း

အချို့သောသူတို့က ဤအကြံကိုမနှစ်သက်ကြ။ သေတ္တာတော်ကို ပြန်ပို့ရမည်မှာ အလွန်အောက်ကျသောအမှုဖြစ်၏။ ၎င်းပြင် သူတို့အပေါ်၌ထိုမျှလောက် ဘေးဒဏ်သက်ရောက်စေခဲ့သော ဣသရေလလူတို့လက်မှ ဘုရားသခင်၏သေတ္တာတော်ကိုဖိလိတ္တိလူမျိုးတစ်စုံတစ်ယောက်မျှ ယူဆောင်သွားဝံ့မည်မဟုတ်ဟု သူတို့ကတိုက်တွန်းကြသေး၏။ သူတို့ကိုအကြံပေးသောသူတို့က သူတို့အပေါ်၌ သာ၍ကြီးကျယ်သော ဘေးဒဏ်နှင့် ဒုက္ခဝေဒနာများသက်ရောက်နေစေသေးအောင်၊ အဲဂုတ္တုလူတို့နှင့်ဖာရောမင်းတို့ပြုလုပ်သည်နည်းတူ၊ သူတို့၏စိတ်နှလုံးကို မခိုင်မာစေခြင်းငှါ၊ လူများအားတောင်းပန်ကြ၏။ ၎င်းပြင် သူတို့သည် ဘုရားသခင်၏သေတ္တာတော်ကိုယူဆောင်ရန် ကြောက်ရွံ့ကြသဖြင့် ဤကဲ့သို့အကြံပေးကြ၏။

"ယခုမှာ လှည်းသစ်ကိုလုပ်ပြီးမှထမ်းပိုးမတင်၊ သားငယ်ရှိသော နွားမနှစ်ကောင်ကို လှည်း၌ကက၍ နွားသငယ်တို့ကို သူ့နေရာသို့ပို့ကြလော့။ ထာဝရဘုရား၏ သေတ္တာတော်ကို လှည်းပေါ်မှာတင်၍ပြန်ပေးလိုက်သော ဒုစရိုက်ဖြေစရာ ပူဇော်သက္ကာတည်းဟူသော ရွှေတန်ဆာတို့ကို သေတ္တာတော်နားမှာ အခြားသောသေတ္တာ၌ထားပြီးလျှင် လွှတ်လိုက်၍သွားပါလေစေ။ သေတ္တာတော်သည် မိမိပြည်သို့သွားသောလမ်းဗက်ရှေမက်မြို့သို့လိုက်လျှင်၊ ထိုဘုရားသခင်သည် ဤဘေးကြီးကို ငါတို့၌ဖြစ်စေပြီ။ သို့မဟုတ် ဒဏ်ခတ်တော်မူသောကြောင့် ငါတို့မခံ၊ အလိုလိုခံရသည်ကို သိရကြမည်ဟု စီရင်သည်အတိုင်း လူများတို့သည်ပြုသဖြင့် သားငယ်ရှိသောနွားမနှစ်ကောင်ကို လှည်း၌ကက၍၊ နွားငယ်တို့ကို သူ့နေရာ၌ချုပ်ထားကြ၏။ နွားမတို့သည် ဗက်ရှေမက်လမ်းသို့ တည့်တည့်လိုက်၍ မြည်တွန်လျက်သွားကြ၏။ လက်ျာဘက်၊ လက်ဝဲဘက်သို့မလွှဲ လမ်းမသို့သာလိုက်ကြ၏။"

မမြင်နိုင်သောတန်ခိုးအားဖြင့် နွားမတို့အား သွားစေဖို့မတိုက်တွန်းလျှင်၊ နွားမတို့သည် သူ့နေရာ၌ချုပ်ထားသော နွားသငယ်တို့ထံမှ ဘယ်နည်းနှင့်မျှ ခွဲထွက်သွားကြမည်မဟုတ်ကြောင်းကို ဖိလိတ္တိလူတို့သည် သိရှိကြ၏။ နွားမတို့သည် မိမိတို့၏နွားသငယ်များထံမှဝေးစွာထွက်သွားကြ၏။ ဖိလိတ္တိမင်းတို့သည် ဗက်ရှေမက်အနီးသို့ ရောက်သည့်တိုင်အောင် သေတ္တာတော်နောက်သို့ လိုက်သွားကြ၏။ သူတို့သည် သန့်ရှင်းသောသေတ္တာတော်ကို နွားမတို့နှင့် လုံးလုံးစိတ်မချကြ။ ၎င်းသေတ္တာ၌ မကောင်းသောအမှုတစ်စုံတစ်ခုသက်ရောက်လျှင်၊ သူတို့အပေါ်၌ သာ၍ကြီးကျယ်သောဘေးဥပဒ်သက်ရောက်လိမ့်မည်ဟု သူတို့ထင်မှတ်ကြ၏။ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် သေတ္တာတော်နှင့်အတူလိုက်ပါလျက် နွားမတို့အား သေတ္တာတော်နှင့်ဆိုင်ရာအရပ်သို့ လမ်းပြနေကြသည်ကို သူတို့မသိကြ။

## အထင်ကြီးမှုကိုဒဏ်ခတ်ခြင်း

ဗက်ရှေမက်မြို့သားတို့သည် လယ်ထဲ၌စပါးရိတ်နေကြရာ၊ နွားမများဆွဲလာသောလှည်းပေါ်၌ ဘုရားသခင်၏သေတ္တာတော်ကိုမြင်ကြသောအခါ၊ အလွန်ဝမ်းမြောက်ကြ၏။ ထိုအမှုသည် ဘုရားသခင်စီမံတော်မူရာဖြစ်ကြောင်းသူတို့သိကြ၏။ နွားမများတို့သည် လှည်းကို ကျောက်တုံးကြီးတစ်ခုအနားသို့ ဆွဲသွားပြီး ရပ်နေကြ၏။ လေဝိသားတို့သည် ထာဝရဘုရား၏သေတ္တာတော်နှင့် ဖိလိတ္တိလူတို့ပေးလိုက်သောပူဇော်သက္ကာကိုချပြီးလျှင်၊ သန့်ရှင်းသောသေတ္တာတော်ကို ယူဆောင်လာသော နွားမများနှင့် လှည်းကို၎င်း၊ ဖိလိတ္တိလူတို့ပေးလိုက်သောပူဇော်သက္ကာကို၎င်း မီးရှို့ရာယဇ်အဖြစ်နှင့် ဘုရားသခင်အားပူဇော်ကြ၏။ ဖိလိတ္တိမင်းတို့သည် ဧကြုန်မြို့သို့ပြန်သွားကြ၍ ဘေးဒဏ်လည်းရပ်စဲသွားလေ၏။

ထိုမျှလောက် အံ့သြဖွယ်ကောင်းသောအမှုတို့ကို ပြုစေသောသေတ္တာတော်ထဲ၌ မည်ကဲ့သို့ကြီးမားသော တန်ခိုးရှိသနည်းဟု ဗက်ရှေမက်မြို့သားတို့သည် သိရှိလိုကြ၏။ သူတို့သည် သေတ္တာတော်တစ်ခုတည်းကိုသာ ထိုမျှလောက်တန်ခိုးကြီးသော အရာဖြစ်သည်ဟု ထင်မှတ်နေကြလျက်၊ ဘုရားသခင်၏တန်ခိုးတော်ကြောင့်ဖြစ်သည်ဟု အသိအမှတ်မပြုကြချေ။ သန့်ရှင်းသော . . . . . . . . . . . .

အမှုအတွက် သီးသန့်ခန့်ထားခြင်းခံရသောလူများသာလျှင် အသတ်မခံရဘဲ၊ အဖုံးဖွင့်ထားသောသေတ္တာတော်ထဲသို့ ငုံ့ကြည့်နိုင်ခွင့်ရှိကြသည်။ အကြောင်းကား၊ ထိုသို့ပြုခြင်းအမှုသည် ဘုရားသခင်ကိုယ်တော်တိုင်အပေါ်သို့ မျှော်ကြည့်သည်နှင့်တူ၏။ ရုပ်တုကိုးကွယ်သောတစ်ပါးအမျိုးသားတို့ပင် မကြည့်ဝံ့သောသန့်ရှင်းသော သေတ္တာတော်အတွင်းဘက်ကို လူများတို့သည် အထူးအဆန်းသဖွယ်ဖွင့်၍ ငုံ့ကြည့်ကြသဖြင့်၊ သေတ္တာတော်နှင့်အတူရှိနေသော ကောင်းကင်တမန်များက လူပေါင်းငါးသောင်းကျော်ကိုသတ်ပစ်ကြလေ၏။

ထိုအခါ ဗက်ရှေမက်မြို့သားတို့သည် ကြောက်လန့်ခြင်းသို့ရောက်၍ "သန့်ရှင်းတော်မူသော ဤဘုရားသခင်ထာဝရဘုရားရှေ့တော်၌ အဘယ်သို့ရပ်နေနိုင်သနည်း။ ငါတို့အရပ်က အဘယ်သူရှိရာသို့ကြွတော်မူမည်နည်းဟု ဆိုသဖြင့်၊ ရိရယတ်ယာရိမ်မြို့သားတို့ထံသို့ လူကိုစေလွှတ်၍၊ ဖိလိတ္တိလူတို့သည် ထာဝရဘုရား၏သေတ္တာတော်ကို တဖန်ပို့ကြပြီ။ သင်တို့လာ၍ဆောင်သွားကြပါတော့ဟု မှာလိုက်လေ၏။ "ကိရယတ်ယာရိမ်မြို့သားတို့သည် ထာဝရဘုရား၏သေတ္တာတော်ကို အဘိနဒပ်အိမ်သို့ယူဆောင်လာ၍ သေတ္တာတော်ကို အဘိနဒပ်အိမ်သို့ယူဆောင်လာ၍ သေတ္တာတော်ကိုစောင့်စေခြင်းငှါ သူ၏သားကိုသန့်ရှင်းစေကြ၏။ နှစ်ပေါင်းနှစ်ဆယ်ကြာဟေဗြဲလူတို့သည် ဖိလိတ္တိလူတို့၏လက်အောက်၌နေရကြသဖြင့် သူတို့သည် များစွာစိတ်နှလုံးနှိမ့်ချလာပြီးလျှင် မိမိတို့၏အပြစ်များအတွက် နောင်တရကြ၏။ ရှမွေလသည် သူတို့အတွက် ကြားဖြန်ပေးသဖြင့်၊ ဘုရားသခင်၏ဂရုဏာတော်ကို ပြတော်မူပြန်၏။ တဖန် ဖိလိတ္တိလူတို့သည် သူတို့နှင့်စစ်တိုက်ပြန်ရာ၊ ထာဝရဘုရားသည် ဣသရေလလူတို့အတွက်အံ့ဩဖွယ်အမှုကို ပြတော်မူပြန်၍ သူတို့သည် ရန်သူများကို အောင်မြင်ကြလေ၏။

ဒါဝိတ်သည် ရှင်ဘုရင်ဖြစ်လာသည့်တိုင်အောင် သေတ္တာတော်သည် အဘိနဒပ်အိမ်၌ရှိနေ၏။ ဒါဝိတ်သည် ဣသရေလလူပေါင်းသုံးသောင်းကို ရွေးကောက်စုရုံးစေပြီးနောက် ဘုရားသခင်၏သေတ္တာတော်ကိုယူဆောင်ရန် ထွက်သွားလေ၏။ သူတို့သည် သေတ္တာတော်ကိုလှည်းအသစ်တစ်စီးပေါ်တွင်တင်လျက် အဘိနဒဒ်အိမ်မှ ယူဆောင်လာကြ၏။ အဘိနဒဒ်၏သားဩဇနှင့်အဟိဩတို့သည် လှည်းကိုမောင်းရကြ၏။ ဒါဝိတ်နှင့်ဣသရေလအမျိုးသားအပေါင်းတို့သည် ထာဝရဘုရားရှေ့တော်၌ တူရိယာအမျိုးမျိုးကို တီးမှုတ်ကြ၏။

"နာခုန်ကောက်နယ်တလင်းသို့ ရောက်သောအခါ၊ နွားတို့သည် ဘုရားသခင်၏ သေတ္တာတော်ကိုလှုပ်ရှားသောကြောင့်၊ ဩဇသည် လက်ကိုဆန့်၍ သေတ္တာတော်ကိုကိုင်၏။ ထာဝရဘုရားသည် ဩဇကိုအမျက်ထွက်၍ သူ၏အပြစ်ကြောင့် ဘုရားသခင်ဒဏ်ခတ်တော်မူသဖြင့် သူသည် သေလေ၏။" နွားတို့သည် ခလုတ်တိုက်သောကြောင့် ဩဇသည် နွားတို့ကို အမျက်ထွက်၏။ ဖိလိတ္တိလူတို့လက်ထဲ၌ သေတ္တာတော်ကို ယူဆောင်လာတော်မူသော ဘုရားသခင်သည် သေတ္တာတော်ကိုအမှုထားတော်မမူသကဲ့သို့၊ ဩဇသည် ဘုရားသခင်ကိုအားမကိုးသည့် လက္ခဏာကိုပြ၏။ ဘုရားသခင်၏သေတ္တာတော်ကို အလျင်လိုသောသဘောနှင့်ကိုင်မိသောကြောင့်၊ သေတ္တာတော်နှင့်အတူပါရှိသော ကောင်းကင်တမန်များက ဩဇကို သတ်ပစ်လိုက်ကြ၏။

"ထိုနေ့၌ ဒါဝိတ်သည် ထာဝရဘုရားကိုကြောက်၍၊ ထာဝရဘုရား၏ သေတ္တာတော်သည် အဘယ်သို့ငါ့ထံသို့ ရောက်ရမည်နည်းဟု ဆိုလျက်၊ မိမိနေရာ ဒါဝိတ်မြို့ထဲသို့ သေတ္တာတော်ကိုမဆောင်ဘဲ၊ ဂိတ္တိလူဩဗဒဒုန်အိမ်သို့လမ်းလွှဲ၍ ဆောင်သွားလေ၏။" မိမိသည် အပြစ်ရှိသောသူဖြစ်သည်ကို ဒါဝိတ်မင်းကြီးသိ၍၊ သူသည် ဩဇကဲ့သို့ မိမိကိုယ်ကိုတနည်းအားဖြင့် အထင်ကြီးလာသဖြင့် ဘုရားသခင်၏အမျက်တော်သည် သူ့အပေါ်သို့ သက်ရောက်မည်ကိုစိုးရိမ်ကြောက်လန့်၏။ "ထာဝရဘုရား၏သေတ္တာတော်သည် သုံးလပတ်လုံး၊ ဂိတ္တိလူဩဗဒေဒုံအိမ်၌ရှိ၏။ "ထာဝရဘုရားသည်လည်း ဩဗဒေဒုံနှင့်အိမ်သူအိမ်သားအပေါင်းတို့ကို ကောင်းကြီးပေးတော်မူ၏။"

သေတ္တာတော်ထဲ၌ရှိသော ပညတ်တော်ကို လွန်ကျူးသောသူတို့အတွက် ဘုရားသခင်၏သေတ္တာတော်သည် အလွန်ကြောက်မက်ဖွယ်ရာနှင့် သေဘေးဖြစ်သော်လည်း၊ မိမိ၏ပညတ်တော်များကိုစောင့်ရှောက်ကြသောသူတို့အတွက် ၎င်းသည် ကောင်းကြီးမင်္ဂလာနှင့် ခွန်အားသတ္တိလည်းဖြစ်သည်ကို ဘုရားသခင်သည် မိမိလူများအားသွန်သင်လို၏။ ဘုရားသခင်၏သေတ္တာတော်ကြောင့် ဩဗဒေဒုံ၏အိမ်သားတို့သည် များစွာကောင်းကြီးရရှိလျက်၊ ရှိသမျှဥစ္စာတိုးပွါးသည်ကို ဒါဝိတ်မင်းကြီးသည် ကြားရသောအခါ၊ သေတ္တာတော်ကို မိမိ၏မြို့သို့ယူဆောင်လာရန် အလွန်အလိုရှိပါသည်။ သို့သော် ဒါဝိတ်မင်းကြီးသည် သန့်ရှင်းသောသေတ္တာတော်ကို ယူဆောင်ရန် မသွားမီ၊ သူ . . . . . . . . . . . . . . . . . . . . . . .

သည် မိမိကိုယ်ကို ဘုရားသခင်အဖို့ သန့်ရှင်းစေပြီးနောက် နိုင်ငံတော်တွင် ဩဇာရှိသောသူအပေါင်းတို့သည်လည်း လောကီလုပ်ငန်းများမှစ၍ သန့်ရှင်းသော ဝတ်ပြုကိုးကွယ်ခြင်းအမှုမှ မိမိတို့စိတ်ကိုဆွဲဆောင်တတ်သောအရာရှိသမျှတို့ကို ဖယ်ရှားထားရမည်ဟု အမိန့်ပေးသေး၏။ ထိုသို့အားဖြင့် သူတို့သည် ဒါဝိတ်မြို့သို့ ဘုရားသခင်၏သေတ္တာတော်ကို ယူဆောင်လာခြင်းအမှုအတွက် မိမိတို့ကိုယ်ကို သန့်ရှင်းစင်ကြယ်စေရကြမည်။ "တဖန် ဒါဝိတ်မင်းကြီးသည် သွား၍ ဘုရားသခင်၏ သေတ္တာတော်ကို ဩဗေဒေံအိမ်မှဒါဝိတ်မြို့သို့ ဝမ်းမြောက်သောစိတ်နှင့် ဆောင်ခဲ့လေ၏။ သူတို့သည် ထာဝရဘုရား၏သေတ္တာတော်ကိုသွင်း၍ ဒါဝိတ်ဆောက်နှင့်သောတဲတော်အလယ်တွင် သူ့နေရာ၌ထားကြပြီးမှ ဒါဝိတ်သည် မီးရှို့ရာယဇ်နှင့် မိဿဟာယယဇ်တို့ကို ထာဝရဘုရားရှေ့တော်၌ ပူဇော်လေ၏။"

## ရှောလမုန်မင်းကြီး၏ဗိမ္မာန်တော်၌

ရှောလမုန်မင်းကြီးသည် ဗိမ္မာန်တော်ကို ဆောက်လုပ်ပြီးသောအခါ၊ ထာဝရဘုရား၏ပဋိညာဉ်သေတ္တာတော်ကို ဒါဝိတ်မြို့မှယူဆောင်လာရန် ဣသရေလလူအကြီးအကဲများနှင့် လူတို့တွင် ဩဇာအရှိဆုံးသောသူများတို့ကို စုရုံးစေ၏။ ဤလူများတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်အားဆက်ကပ်ထားကြပြီးလျှင်၊ အလွန်ကြည်ညိုရိုသေခြင်းနှင့် သေတ္တာတော်ကို ထမ်းသောယဇ်ပုရောဟိတ်နောက်သို့လိုက်ကြ၏။ "ယဇ်ပုရောဟိတ်တို့သည်လည်း ထာဝရဘုရား၏သေတ္တာတော်ကိုထမ်းလျက် ပရိတ်သတ်စည်းဝေးရာတဲတော်၊ တဲတော်နှင့်ဆိုင်၍ သန့်ရှင်းသောတန်ဆာအလုံးစုံတို့ကို ယဇ်ပုရောဟိတ်များနှင့်လေဝိသားများတို့သည် ဆောင်ခဲ့ကြ၏။ ရှောလမုန်မင်းကြီးမှစ၍ စည်းဝေးသော ဣသရေလပရိတ်သတ်အပေါင်းတို့သည် မရေမတွက်နိုင်။ အတိုင်းမသိများစွာသောသိုးနွားတို့ကို သေတ္တာတော်ရှေ့မှာ ယဇ်ပူဇော်ကြ၏။"

ရှောလမုန်မင်းကြီးသည် ခမည်းတော်ဒါဝိတ်မင်းကြီး၏နည်းတူ၊ ခြောက်လှမ်းသွားပြီးသောအခါတိုင်း ယဇ်ပူဇော်လေ၏။ သီချင်းဆို၍တူရိယာများ တီးမှုတ်လျက် ကြီးစွာသော အခမ်းအနားဖြင့် "ယဇ်ပုရောဟိတ်တို့သည်လည်း ထာဝရဘုရား၏ပဋိညာဉ်သေတ္တာကို အိမ်တော်အတွင်းသို့သွင်း၍ အလွန်သန့်ရှင်းရာဌာနတည်းဟူသော ဗျာဒိတ်ဌာနတော်ထဲမှာ ခေရု . . . . . . . . . . . . . . . . . . .

ဗိမ်အတောင်တို့အောက် သူ့နေရာ၌ထားကြ၏။ ခေရုဗိမ်တို့သည် မိမိအတောင်နှစ်ဖက်ကို သေတ္တာတော်နေရာအပေါ်မှာဖြန့်၍ သေတ္တာတော်နှင့်ထမ်းပိုးတို့ကို လွှမ်းမိုးလျက်ရှိကြ၏။"

တောင်ပေါ်မှာ မောရှေအားပြတော်မူပြီးနောက်၊ ဒါဝိတ်မင်းကြီးအား ထာဝရဘုရားဖော်ပြတော်မူသော ပုံစံအတိုင်းအလှပဆုံးသောသန့်ရှင်းရာဌာနတော်ကိုဆောက်လုပ်ပြီးလေပြီ။ မြေကြီးသန့်ရှင်းရာဌာနကို ကောင်းကင်သန့်ရှင်းရာဌာနနှင့်တူညီစွာဆောက်လုပ်၏။ သေတ္တာတော်၏အဆုံးနှစ်၌ရပ်နေသော အခြားကောင်းကင်တမန်ရုပ်များကို ပြုလုပ်ထားသေး၏။ ၎င်းတို့ကား၊ ဘုရားသခင်၏ပညတ်တော်ကို အမြဲစောင့်ရှောက်ကာကွယ်နေသော ကောင်းကင်တမန်များကို ပုံဆောင်ထား၏။ ဤတဲတော်၏လှပတင့်တယ်ခမ်းနားခြင်းအကြောင်းကို ပြောပြဖို့ ပင်ခဲယဉ်းပေသည်။ တဲတော်ထဲမှာနည်းတူ၊ ထိုနေရာသို့သန့်ရှင်းသောသေတ္တာတော်ကို ကြည်ညိုရိုသေဖွယ်သောနည်းလမ်းများဖြင့် ယူဆောင်သွားပြီးလျှင်၊ ကြမ်းပြင်ပေါ်၌ ခန့်ညားစွာရပ်နေသော ခေရုဗိမ်တို့၏အတောင်များအောက်၊ သူ့နေရာတွင်ချထားကြ၏။

သန့်ရှင်းသော သီချင်းသည်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းကြရာတွင် တူရိယာအမျိုးမျိုးတီးမှုတ်သံများနှင့်အတူ သံပြိုင်သီဆိုကြ၏။ ၎င်းပြင် တူရိယာသံများနှင့် ညီညွတ်သော ချီးမွမ်းသံများတို့သည် ဗိမ္ဗာန်တော်တစ်ခုလုံးတွင် ပဲ့တင်ထပ်လျက် ယေရုရှလင်တစ်မြို့လုံး ဟိန်းသွားသောအခါ၊ အထက်ကတဲတော်တစ်ခုလုံး ပြည့်လွှားသည်နည်းတူ ဘုရားသခင်၏ဘုန်းတော်မိုးတိမ်သည် အိမ်တော်တွင်ပြည့်လျှံသွားလေ၏။ ယဇ်ပုရောဟိတ်တို့သည် သန့်ရှင်းရာဌာနထဲကထွက်ကြသောအခါ ထာဝရဘုရားသခင်၏အိမ်တော်သည် မိုးတိမ်နှင့်ပြည့်လေ၏။ ထိုသို့ထာဝရဘုရား၏အိမ်တော်သည် ဘုန်းတော်နှင့်ပြည့်လျက်၊ မိုးတိမ်တော်ကြောင့်ယဇ်ပုရောဟိတ်တို့သည် အမှုတော်ကိုဆောင်ရွက်လျက် ရပ်၍မနိုင်ကြ။"

ရှောလမုန်မင်းကြီးသည် ယဇ်ပလ္လင်ရှေ့၊ ကြေးဝါအဆင့်ပေါ်တွင်ရပ်လျက် လူများတို့အားကောင်းကြီးပေး၏။ ထိုနောက် သူသည် ဒူးထောက်၍ လက်များကို အပေါ်သို့ဖြန့်လျက် ဘုရားသခင်အား စိတ်အားထက်သန်၊ . . . . . . . . .

ကြည်ညိုလေးစားစွာ ဆုတောင်းနေရာ၊ ပရိတ်သတ်အပေါင်းသည် ဦးညွှတ်ချလျက်နေကြ၏။ ရှောလမုန်မင်းကြီးသည် ဆုတောင်းပြီးသောအခါ၊ ကောင်းကင်မှ ထူးဆန်းသောမီးကျ၍ ယဇ်ပူဇော်သက္ကာကို လောင်ကျွမ်းလေ၏။

ဘုရားသခင်၏လူများတို့သည် ဘုရားသခင်ထံမှ လမ်းလွဲသွားကြလျှင်၊ ဗိမ္ဗာန်တော်အပေါ်၌ ကျရောက်ရမည်ဟု ဘုရားသခင်မိန့်တော်မူထားခဲ့သော ဘေးဒုက္ခသည် ၊ ဣသရေလလူတို့၏အပြစ်ကြောင့်၊ ဗိမ္ဗာန်တော်ကိုဆောက်ပြီးနောက်၊ နှစ်ရာပေါင်းအနည်းငယ်ကြာသောအခါ ဧကန်အမှန်ပင်ကျရောက်လာလေ၏။ ရှောလမုန်မင်းကြီးသည် အဆုံးတိုင်အောင်သစ္စာရှိ၍ လူများတို့သည် ပညတ်တော်အပေါင်းကို လိုက်နာစောင့်ရှောက်ကြလျှင်၊ ထိုဘုန်းတန်ခိုးကြီးသော ဗိမ္ဗာန်တော်သည် ဣသရေလလူတို့၏နားထောင်ခြင်းအတွက် သူတို့ခံစားရသော စည်းစိမ်ချမ်းသာနှင့် မြင့်မြတ်သောကောင်းကြီးမင်္ဂလာတို့၏သက်သေအဖြစ်နှင့်၊ အရာခပ်သိမ်းတွင် ကြီးကျယ်ခမ်းနားလှပတင့်တယ်စွာကာလအစဉ်အမြဲတည်ရှိနေလိမ့်မည်ဟု ဘုရားသခင်ကရှောလမုန်မင်းကြီးအား ဂတိထားတော်မူ၏။

## ဣသရေလလူတို့ကို ဖမ်းသွားချုပ်ထားခြင်း

ဣသရေလလူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူး၍ ဆိုးညစ်သောအမှုတို့ကို ပြုကြသောကြောင့် သူတို့အားရှုပ်ချ၍ဒဏ်ခတ်ရန် ဖမ်းသွားချုပ်ထားခြင်းကို ခံစေတော်မူ၏။ ဗိမ္ဗာန်တော်သည် ပျက်စီးခြင်းသို့မရောက်မှီ၊ ဘုရားသခင်သည် မိမိ၏သစ္စာရှိကျွန်အနည်းငယ်တို့အား ဗိမ္ဗာန်တော်၏ ကံကြမ္မာအကြောင်းကို ဖော်ပြတော်မူခဲ့သည်။ ထိုဗိမ္ဗာန်တော်သည် ဣသရေလလူတို့၏ အသရေဖြစ်ခဲ့သော်လည်း၊ သူတို့သည်ဘုရားသခင်ကို ပြစ်မှား ကြစဉ်အခါ၌ ရုပ်ဆင်းတုကိုးကွယ်မှုတို့နှင့် ရောနှောသက်ဆိုင်သွားစေကြလေပြီ။ ဣသရေလလူတို့သည် ဖမ်းသွားချုပ်ထားခြင်းခံရကြမည်အကြောင်းကိုလည်း ဘုရားသခင်က သူတို့အားဘော်ပြတော်မူသေး၏။ ဗိမ္ဗာန်တော်မပျက်စီးမှီ၊ ဖြောင့်မတ်သော ဤသူတို့သည် ပညတ်တော်ကျောက်ပြားများပါရှိသော သေတ္တာတော်ကိုယူ၍ ဥမင်လိုဏ်ခေါင်းတစ်ခုတွင် ဝှက်ထားလေ၏။ ဖမ်းသွား . . . . . . . . . . . . . . . . . . . . . . . .

စွာငိုကြွေးမြည်တမ်းလျက် ဝှက်ထားကြသဖြင့် ဣသရေလလူတို့သည် သူတို့၏ အပြစ်များကြောင့် ထိုသေတ္တာတော်ကို ဘယ်သေအခါမှ မမြင်ရကြတော့ချေ။ ယခုတိုင်အောင် ထိုသန့်ရှင်းသော သေတ္တာတော်သည် လျှို့ဝှက်စွာရှိနေသေး၏။
ယခုတိုင်အောင် ထိုသန့်ရှင်းသော သေတ္တာတော်သည် လျှို့ဝှက်စွာရှိနေသေး၏။
၎င်းကို လျှို့ဝှက်ထားခဲ့သည့်နေ့မှစ၍ ဘယ်အခါမျှ မတွေ့ရှိရကြချေ။

---oo---

## အခန်း (၂၅)
## သခင်ခရစ်တော် ပဋမကြွလာတော်မူခြင်း

သခင်ယေရှုသည် လူဇာတိအဖြစ်ကိုခံယူလျက် မိမိကိုယ်ကိုလူအဖြစ်နှင့်နှိမ့်ချပြီးလျှင် စာတန်၏သွေးဆောင်ခြင်းကိုခံတော်မူခဲ့သောအချိန်ကာလသို့ ကျွန်ုပ်ကိုခေါ်ဆောင်သွားပြန်၏။

ကိုယ်တော်သည် လောကီဂုဏ်အသရေတို့နှင့် မွေးဖွားလာတော်မူသည် မဟုတ်။ ကိုယ်တော်သည် နွားတင်းကုပ်တွင် မွေးဘွားလျက် နွားစာခွက်တွင် သိပ်ထားခြင်းခံရ၏။ သို့သော် ကိုယ်တော်မွေးဖွားလာရခြင်းအမှုကို လူတို့၏သားတစ်စုံတစ်ယောက်ထက်သာ၍ ချီးမြှောက်ခြင်းခံရ၏။ ကောင်းကင်မှ ကောင်းကင်တမန်များတို့သည် သခင်ယေရှုကြွလာတော်မူခြင်းအကြောင်းကို သိုးထိန်းတို့အားကြားပြော၍ ဘုရားသခင်ထံတော်မှအလင်းနှင့် ဘုန်းတော်ရောင်ခြည်တို့သည် သူတို့၏သက်သေခံချက်စကားများနှင့်အညီ ပေါ်ထွက်လာကြ၏။ ကောင်းကင်ဗိုလ်ခြေတို့သည် စောင်းများကိုတီးလျက် ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းကြ၏။ ရွေးနှုတ်ခြင်းလုပ်ငန်းကြီးကို ပြီးမြောက်စေလျက် ကိုယ်တော်အသေခံတော်မူခြင်းဖြင့် လူတို့အားငြိမ်သက်ခြင်း၊ ပျော်မွေ့ခြင်းနှင့်ထာဝရအသက်ကိုချပေးတော်မူရန် ဘုရားသခင်၏သားတော်သည် ဤကျဆုံးသောလောကသို့ ကြွလာတော်မူခြင်းအမှုကို သူတို့သည် ဝမ်းမြောက်စွာကြွေးကြော်ကြလေ၏။ ဘုရားသခင်သည် မိမိ၏သားတော်မြေကြီးသို့ ကြွလာတော်မူခြင်းအမှုကို ချီးမြှောက်ဂုဏ်ပြုတော်မူ၏။ ကောင်းကင်တမန်တို့က ကိုယ်တော်ကိုဝတ်ပြုကိုးကွယ်ကြ၏။

### သခင်ယေရှုနှစ်ခြင်းခံတော်မူခြင်း

ကိုယ်တော်နှစ်ခြင်းခံတော်မူသော နေရာအပေါ်၌ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ဝဲပျံလျက်နေကြ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ကိုယ်တော်အပေါ်သို့ဆင်းသက်နားနေတော်မူ၍ လူများတို့သည် ကိုယ်တော်ကိုစူးစိုက်ကြည့်လျှင်၊ များစွာအံ့သြခြင်းနှင့်ရပ်နေကြစဉ်၊ ဤသူကား၊ ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်းဟု ကောင်းကင်မှခမည်းတော်၏ အသံတော်ကိုကြားရကြလေ၏။

သခင်ယေရှုသည် နှစ်ခြင်းကိုခံတော်မူရာ၊ ရေမှထစဉ်၊ သင်ကား
ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်းဟု
ကောင်းကင်မှအသံကိုကြားရကြ၏

ယော်ဒန်မြစ်တွင် မိမိထံသို့နှစ်ခြင်းခံရန် လာသောသူသည်ကယ်တင်ရှင်ဖြစ်ကြောင်းယောဟန်သည် ဧကန်အမှန်စိတ်မချသေးချေ။ သို့ရာတွင် ဘုရားသခင်၏သိုးသငယ်သည် မည်သူဖြစ်ကြောင်း သူသိရှိရမည့် နိမိတ်လက္ခဏာတစ်ခုကိုပြတော်မူမည်ဟု ဘုရားသခင်က သူ့အားဂတိထားတော်မူ၏။ ထိုနိမိတ်လက္ခဏာကား၊ ကောင်းကင်ချိုးငှက်သည် သခင်ယေရှုအပေါ်၌နား၍ ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်သည် ကိုယ်တော်၏ပတ်လည်၌ ထွန်းတောက်ခြင်းဖြစ်သတည်း။ ယောဟန်သည် မိမိ၏လက်ကိုဆန့်လျက် သခင်ယေရှုညွှန်ပြပြီးလျှင်၊ ကျယ်သောအသံနှင့် "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့"ဟု အော်ပြောလေ၏။ ယော ၁း၂၉

## ယောဟန်အမှုဆောင်ရွက်ခြင်း

သခင်ယေရှုသည် ဂတိထားတော်မူသောမေရှိယသခင်၊ လောက၏ကယ်တင်ရှင်ဖြစ်တော်မူသည်ဟု မိမိ၏တပည့်များအား ယောဟန်ကကြားပြော၏။ သူ၏လုပ်ငန်းသ် အဆုံးသတ်ဖို့နီးလာသောအခါ၊ မိမိ၏တပည့်တော်တို့အား သခင်ယေရှုကိုကြည့်လျက် ကိုယ်တော်၏နောက်သို့ ကြီးမြတ်သောဓမ္မဆရာ အဖြစ်နှင့်လိုက်ကြစေရန် သွန်သင်ခဲ့သည်။ ယောဟန်၏အသက်တာသည် ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းအမှုဖြစ်၍ ဝမ်းနည်းဖွယ်ကောင်းပေသည်။ သူသည် သခင်ခရစ်တော်ပဌမအကြိမ်ကြွလာတော်မူခြင်းအကြောင်းကိုကြေညာခဲ့ရသော်လည်း ကိုယ်တော်ပြတော်မူသော နိမိတ်လက္ခဏာများနှင့်တန်ခိုးတော်များကို တွေ့မြင်ခံစားရသောအခွင့်ကိုမရခဲ့ချေ။ သခင်ယေရှုသည် ဓမ္မဆရာအဖြစ်နှင့် မိမိကိုယ်ကိုထင်ရှားစေတော်မူသောအခါ၊ ယောဟန်သည်သေရမည်ကိုကိုယ်တိုင်သိရှိ၏။ တောထဲမှလွဲ၍ သူ့အသံကိုအခြားနေရာ၌ကြားရခဲ၏။ သူ၏အသက်တာသည် ငြီးငွေ့ဖွယ်ဖြစ်၏။ သူသည် မိမိဖခင်၏အိမ်ထောင်သားများနှင့်အတူ ပျော်ရွှင်စွာနေထိုင်ရသောအခွင့်ကို မရရှိဘဲ၊ မိမိ၏လုပ်ငန်းကိုဆောင်ရွက်ရန်၊ ၎င်းတို့ကို စွန့်ခွါသွားရလေ၏။ ပရိတ်သတ်တို့သည် အံ့သြစရာကောင်းသော ပုရောဖက်၏စကားကိုကြားနာကြရန် မြို့ရွာများမှထွက်၍ တောထဲ၌စုရုံးလာကြ၏။ ယောဟန်သည် ပုဆိန်ကိုသစ်ပင်အမြစ်နားတွင်ချထား၏။ သူသည် ခံယူမည့်ကံကြမ္မာကိုမကြောက် . . . . . . . . .

မရွံ့ဘဲ လူတို့၏အပြစ်များကို ဖော်ပြဆုံးမလျက် ဘုရားသခင်၏သိုးသငယ်အတွက် လမ်းကိုပြင်ဆင်ပေး၏။

ဟေရုဒ်မင်းကြီးသည် ယောဟန်၏တန်ခိုးပါ၊ အချက်ကျသောသက်သေခံချက်များကိုကြားနာရသောအခါ စိတ်ပါဝင်စားလာလျက်၊ ယောဟန်၏တပည့်ဖြစ်အံ့သောငှါ မည်ကဲ့သို့ပြုရမည်နည်းဟု စိတ်အားထက်သန်စွာဖြင့် မေးမြန်းလေ၏။ ဟေရုဒ်မင်းသည် မိမိ၏ညီအသက်ရှင်နေစဉ် သူ၏မယားကို သိမ်းပိုက်ရန်ကြံစည်နေသည်ကို ယောဟန်သည် ကောင်းစွာသိရှိသဖြင့်၊ ဤအမှုသည် မတရားသောအမှုဖြစ်သည်ဟု ဟေရုဒ်အားသစ္စာနှင့်လျှောက်ထားလေ၏။ ဟေရုဒ်သည် ဤအမှုကို စွန့်လိုသောဆန္ဒမရှိ။ သူသည်ညီ၏မယားကိုသိမ်းယူလျက် စုံဘက်လေ၏။ ထိုနောက် သူမ၏သြဇာဖြင့် ယောဟန်ကိုဖမ်း၍ထောင်ထဲ၌ချထား၏။ သို့သော် လွှတ်ပစ်ရန်ကြံစည်ထား၏။ ထောင်ထဲ၌ရှိနေစဉ် ယောဟန်သည် သခင်ယေရှု၏တန်ခိုးကြီးမားသောအမှုများအကြောင်းကို သူ၏တပည့်များထံမှတဆင့်ကြားသိရ၏။ သူသည် ကိုယ်တော်၏တင့်တယ်သောစကားတော်များကိုမကြားနိုင်သော်လည်း တပည့်များက သူတို့ကြားသမျှစကားများကို ပြန်ကြားပြောလျက်၊ သူ့အားနှစ်သိမ့်စေကြ၏။ များမကြာမီ ဟေရုဒ်မင်း၏ဇနီးက တိုက်တွန်းနှိုးဆော်မှုကြောင့် ယောဟန်သည်ခေါင်းဖြတ်ခြင်းကိုခံရလေ၏။

သခင်ယေရှု၏နောက်တော်သို့လိုက်နေလျက် ကိုယ်တော်၏နိမိတ်လက္ခဏာများကိုမြင်ရပြီး၊ ကိုယ်တော်၏နှုတ် တော်မှထွက်သောနှစ်သိမ့်ဖွယ်စကားများကိုကြားရသည့် အရိုးသားဆုံးတပည့်တော်များသည် နှစ်ခြင်းဆရာယောဟန်ထက်သာ၍ မြတ်ကြသည်ကိုကျွန်ုပ်တွေ့ မြင်ရ၏။ သူတို့သည် မိမိတို့အသက်တာ၌ သာ၍ ချီးမြှောက်ဂုဏ်ပြုခြင်းခံရလျက် သာ၍ စိတ်ပျော်မွေ့ခြင်းရရှိကြသည်ဟု ဆိုလို၏။

ယောဟန်သည် ဧလိယ၏စိတ်ဝိညာဉ်တန်ခိုးကိုရလျက် သခင်ယေရှုပဋ္ဌမကြွလာတော်မူခြင်းအကြောင်းကို ကြွေကြော်၏။ ကျွန်ုပ်အား နောက်ဆုံးကာလကိုညွှန်ပြထားရာ ယောဟန်သည် အမျက်ဒေါသကျ ရောက်ရာနေ့နှင့် သခင်ယေရှုဒုတိယအကြိမ်ကြွလာတော်မူခြင်းအကြောင်းတို့ကို ဧလိယ၏စိတ်ဝိညာဉ်တန်ခိုးရလျက် ဟောပြောကြွေးကြော်ရန် လောကထဲသို့ထွက်သွားရသောသူတို့ကို ပုံဆောင်ထားသည်ကိုတွေ့မြင်ရ၏။

## သွေးဆောင်ခြင်း

သခင်ယေရှုသည် ယော်ဒန်မြစ်ထဲ၌ နှစ်ခြင်းခံပြီးနောက်၊ မာရ်နတ်၏ သွေးဆောင်ခြင်းကိုခံစားခြင်းငှါ၊ ဝိညာဉ်တော်သည် ကိုယ်တော်ကိုတောသို့ပို့ ဆောင်တော်မူ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တော်အား ထိုကြောက် မက်ဖွယ်သော စုံစမ်းခြင်းအမှုကို ထူးခြားစွာခံယူစေဖို့ပြင်ဆင်တော်မူပြီ။ ကိုယ် တော်သည် ရက်ပေါင်းလေးဆယ်ကြာစာတန်၏ သွေးဆောင်ခြင်းကိုခံနေရလျက် ထိုကာလအတွင်းကိုယ်တော်သည် မည်သည့်အစာကိုမျှသုံးဆောင်တော်မမူရချေ။ ကိုယ်တော်ပတ်လည်၌ ရှိသမျှသောအရာတိုင်းသည် လူ့ဇာတိသဘောအားဖြင့် ဆုတ်လျော့ပျက်စီးသွားစေနိုင်လောက်အောင် မနှစ်သက်ဖွယ်ဖြစ်၏။

ကိုယ်တော် သည်လူမရှိ ငြီးငွေ့ဖွယ်သောအရပ်တွင် တောတိရိစ္ဆာန်တို့နှင့် ၄င်း၊ မာရ်နတ်နှင့်၄င်း အတူရှိတော်မူ၏။ ဘုရားသခင်၏သားတော်သည် အစာ ရှောင်ခြင်း၊ ဒုက္ခဆင်းရဲခံ နေခြင်းဖြင့် အသားအရေဖျော့တော့နေလျက် ပိန်ကြုံးနေ တော်မူ၏။ သို့သော် ကိုယ် တော်၏လမ်းစဉ်ကို စီမံရေးဆွဲထားတော်မူပြီး၍ ကိုယ်တော် သည် မိမိဆောင်ရွက် ရမည့်တာဝန်ကိုပြည့်စုံအောင်ဆောင်ရွက်တော် မူရလိမ့်မည်။

ဘုရားသခင်၏သားတော်သည် လူကဲ့သို့မိမိကိုယ်ကို နှိမ့်ချနေတော်မူခဲ့ သဖြင့်၊ စာတန်သည်ကိုယ်တော်ကို အောင်မြင်နိုင်လိမ့်မည်ဟု မျှော်ကိုးလျက်၊ ကိုယ် တော်ခံစားနေရသော ဒုက္ခဆင်းရဲခြင်းတို့ကို အခွင့်ကောင်းယူပြီးလျှင်၊ ကိုယ်တော် အားအမျိုးမျိုးသောစုံစမ်းခြင်းမျိုးဖြင့် သွေးဆောင်ရန် ပြင်ဆင်ကြိုးစားနေ၏။ "ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင်၊ ဤကျောက်ခဲတို့ကို မုန့်ဖြစ် စေခြင်းငှါ အမိန့်ရှိတော်မူပါ"ဟူသော သွေးဆောင်စကားတို့ဖြင့် ကိုယ်တော်ထံသို့ ချဉ်းကပ်၏။ သခင်ယေရှုသည် မိမိ၏တန်ခိုးတော်ကို အသုံးပြုခြင်းဖြင့်၊ မိမိကိုယ် တော်တိုင် မေရှိယသခင်ဖြစ်ကြောင်းသက်သေပြရန် စာတန်သည် ကိုယ်တော်ကို သွေးဆောင်၏။ "လူသည်မုန့်အားဖြင့်သာ အသက်မွေးရမည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်မွေးရမည်ကျမ်းစာလာသည်ဟု သခင်ယေရှုက သူ့အားဖြည်းညင်းစွာပြန်ပြောတော်မူ၏။"လုကာ ၄း၃၊၄

သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟူသော အချက်နှင့်စပ်ဆိုင်၍ စာတန်သည် ကိုယ်တော်နှင့်ငြင်းခုံရန် ကြိုးစားနေ၏။ စာတန်က ကိုယ်တော်အား ကိုယ်တော်၏အားနည်း၊ ဒုက္ခရောက်နေသောအခြေအနေကို ညွှန်ပြလျက်၊ သူသည် သခင်ယေရှုထက်အားကြီးသည်ဟု ကြွားဝါ၍ အခိုင်အမာ ပြောဆို၏။

သို့ရာတွင် "သင်ကား၊ ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း" ဟု ကောင်းကင်က မိန့်တော်မူသောအသံသည် (လုကာ ၃း၂၂)။ ကိုယ်တော်အား ခံရသမျှသော ဒုက္ခဆင်းရဲအပေါင်းတို့ကို ခံရပ်နိုင်သောခွန်အားကို လုံလောက်စွာ ချပေးလေ၏။ သခင်ယေရှုသည် စာတန်အား၊ မိမိ၏တန်ခိုးတော်ကိုငှင်း၊ မိမိသည်လောက၏ကယ်တင်ရှင်ဖြစ်ကြောင်းကိုငှင်း၊ ထင်ရှားသိမြင်စေဖို့ တစ်စုံတစ်ခုပြုလုပ်ပြစရာမလိုဟု ကျွန်ုပ်သိမြင်ရ၏။ ဘုရားသခင်၏သားတော်၌ရှိသော မြင့်မြတ်သောဂုဏ်အသရေနှင့်အာဏာတော်အကြောင်းကို စာတန်သည် ကောင်းစွာ သိရှိခဲ့ပြီ။ သခင်ခရစ်တော်၏အာဏာတော်ကို သူသည်ဝန်ခံလိုသောဆန္ဒမရှိခဲ့သောကြောင့် သူသည် ကောင်းကင်မှနှင်ထုတ်ခြင်းခံခဲ့ရလေပြီ။

စာတန်သည် မိမိ၏တန်ခိုးတော်ကိုပြရန် သခင်ယေရှုကိုယေရုရှလင်မြို့သို့ယူဆောင်သွားပြီးလျှင် ဗိမ္မာန်တော်၏အထွဋ်ပြသာဒ်ထိပ်တွင် ကိုယ်တော်ကို တင်ထား၏။ ထိုနောက် ကိုယ်တော်သည် မူးလောက်အောင်မြင့်သောနေရာမှ မိမိကိုယ်တော်တိုင်ကို အောက်သို့ချလိုက်ခြင်းဖြင့် ကိုယ်တော်သည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်း သက်သေထင်ရှားပြရန် စာတန်က သွေးဆောင်ပြန်၏။ စာတန်က ကျမ်းစာများကို ဤကဲ့သို့ပြောပြ၏။ "ကျမ်းစာလာသည်ကား၊ သင့်ကိုစောင့်ရှောက်စေခြင်းငှါ၊ ကောင်းကင်တမန်တို့အား သင့်အဖို့မှာထားတော်မူသည်ဖြစ်၍ သင်၏ခြေကိုကျောက်နှင့်မထိမခိုက်စေခြင်းငှါ သူတို့သည် သင့်ကိုလက်နှင့်မစချီပင့်ကြလိမ့်မည်ဟု လာ၏။"

သခင်ယေရှုကလည်း၊ "သင်၏ဘုရားသခင် ထာဝရဘုရားကိုသင်သည် အစုံအစမ်းမပြုရဟု ကျမ်းစကားရှိသည်"ဟု ပြန်ပြောတော် မူ၏။ လု၊ ၄း၁၀-၁၂။ စာတန်သည် သခင်ယေရှုအား ခမည်းတော်၏ဂရုဏာတော်အပေါ်၌ အထင်ကြီးစေပြီးနောက် မိမိ၏တာဝန်ကိုပြည့်စုံအောင် မဆောင်ရွက်မှီ ကိုယ်တော်၏အသက်တာ၌ စွန့်စားခြင်းအမှုကိုပြုစေရန်အလိုရှိ၏။

ကယ်တင်ခြင်းစီမံကိန်းကြီးသည် ဆုံးရှုံးပျက်စီးရလိမ့်မည်ဟု စာတန်မျှော်လင့်၏။ သို့ရာတွင် စာတန်မဖြိုဖျက်နိုင်လောက်အောင် ကယ်တင်ခြင်းစီမံကိန်းသည် အလွန်ခိုင်မြဲစွာစီမံထားသောအမှုဖြစ်၏။

သခင်ခရစ်တော်သည် ခရစ်ယာန်အပေါင်းတို့အတွက် ပုံသက်သေဖြစ်တော်မူ၏။ သူတို့သည် စုံစမ်းခြင်းခံရသောအခါ (သို့မဟုတ်) သူတို့၏အခွင့်အရေးအတွက် ငြင်းခုံရကြသောအခါ၊ သူတို့သည် ၎င်းတို့၌ သည်းခံခြင်းစိတ်ရှိရကြမည်။ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေ၍ ဘုရားသခင်ကို တိုက်ရိုက်ချီးမြှောက်နိုင်စရာအကြောင်းမဟုတ်လျှင် မိမိတို့၏ရန်သူများကို အောင်မြင်စေဖို့ ထာဝရဘုရား၏ခွန်အားတန်ခိုးကို ပြတော်မူစေရန် ထာဝရဘုရားအားတောင်းလျှောက်ခွင့်ရှိသည်ဟု သူတို့သည် မထင်မမှတ်သင့်ပေ။ သခင်ယေရှုသည် မိမိကိုယ်ကို ဗိမ္မာန်တော်အထွဋ်ပြသဒ်မှ ပစ်ချတော်မူလျှင်၊ ထိုအမှုသည် ခမည်းတော်၏ဘုန်းတော်ကို ထင်ရှားစေခြင်းမဟုတ်၊ အကြောင်းမူကား၊ စာတန်နှင့်ဘုရားသခင်၏ ကောင်းကင်တမန်များမှတစ်ပါး မည်သူမျှထိုအမှုကိုမြင်ရကြမည်မဟုတ်။ ၎င်းပြင် ဤအမှုသည် မိမိ၏အဆိုးဆုံးရန်သူရှေ့၌ထာဝရဘုရား သခင်၏တန်ခိုးတော်ကို ဖော်ပြစေရန် ထာဝရဘုရားအားစုံစမ်းခြင်းဖြစ်၏။ ၎င်းအမှုသည် သခင်ယေရှုနိမ်နှင်းအောင်မြင်ဖို့အလိုရှိတော်မူသောသူထံ၌ မိမိကိုယ်ကိုနှိမ့်ချပြခြင်းဖြစ်လိမ့်မည်။

"တစ်ဖန် မာရ်နတ်သည် ယေရှုကိုမြင့်လှသောတောင်ပေါ်သို့ ဆောင်သွား၍၊ ဤလောက၌ရှိသမျှသော တိုင်းနိုင်ငံတို့ကို တခဏခြင်းတွင်ညွှန်ပြ၍၊ ဤဘုန်းတန်ခိုးအာနုဘော်ရှိသမျှကို ငါ၌အပ်ခဲ့ပြီ။ ငါသည်ပေးလိုသောသူ အားပေးရသည်ဖြစ်၍ ကိုယ်တော်အားပေးပါမည်။ ငါ့ကိုကိုးကွယ်လျှင်ဤအလုံးစုံတို့သည် ကိုယ်တော်၏ဥစ္စာဖြစ်လိမ့်မည်ဟု လျှောက်လေ၏။ ယေရှုကလည်း၊ အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့၊ သင်၏ဘုရားသခင်ထာဝရဘုရားကို ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည်ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။" လုကာ ၄း၅-၈။

စာတန်သည် သခင်ယေရှုရှေ့တော်၌ လောကီနိုင်ငံများကို အလွန်နှစ်သက်စွဲ လမ်းဘွယ်အခြေအနေ၌ပြထား၏။ သခင်ယေရှုသည် ထိုနေရာ၌ သူ့ကိုဦးချပျပ်ဝပ်မည်ဆိုလျှင်၊ မြေကြီးကိုသူပိုင်ဆိုင်ရရှိထားသော အခွင့်အာဏာ. . . . . .

ဏာကို ကိုယ်တော်အား အပ်ပေးလိမ့်မည်ဟုဆို၏။ ကယ်တင်ခြင်းစီမံကိန်းကိုပြီး မြောက်အောင်ဆောင်ရွက်၍ သခင်ယေရှုသည် လူကိုရွေးနှုတ်ရန် အသေခံတော်မူရလျှင်၊ စာတန်၏အခွင့်တန်ခိုးကို ကန့်သတ်ပိုင်းခြားထားပြီးလျှင် နောက်ဆုံး၌ ပယ်ရှားထား၍ သူ့ကိုလည်းဖျက်ဆီးလိမ့်မည်ကို စာတန်သိ၏။

ထိုကြောင့် ဘုရားသခင်၏သားတော်သည် အစပြုဆောင်ရွက်နေတော်မူသောအမှုတော်ကြီးကို မပြီးမြောက်စေဖို့တတ်နိုင်က တားဆီးပိတ်ပင်ရန်သူသည် ကောင်းစွာ လေ့လာထားသောအကြံကို စီမံလေပြီ။ လူကိုရွေးနှုတ်ခြင်း စီမံကိန်းသည် ပျက်ကွက် သွားလျှင်၊ သူအခိုင်အမာပြောဆိုခဲ့သောနိုင်ငံကို စာတန်သည် ဆက်လက်ပိုင်ဆိုင်နေလိမ့်မည်။ သူသည်အောင်မြင်လျှင်၊ ကောင်းကင်ဘုံရှင် ဘုရားသခင်နှင့်ပြိုင်ဘက်ပြုလျက် အုပ်စိုးရလိမ့်မည်ဟု မိမိကိုယ်ကိုမြောက်ပင့်ပြောဆိုလေ၏။

## သွေးဆောင်သူကိုဆုံးမခြင်း

သခင်ယေရှုသည် မိမိ၏အာဏာတန်ခိုးနှင့် ဘုန်းတန်ခိုးတော်ကိုလက်လွှတ်၍ ကောင်းကင်မှထွက်လာသောအခါ၊ စာတန်သည် အလွန်အားရဝမ်းမြောက်လျက်ရှိ၏။ ထိုအခါ ဘုရားသခင်၏သားတော်သည် သူ၏လက်အောက်သို့ရောက်လာပြီဟု စာတန်ထင်မှတ်၏။ ဧဒင်ဥယျာဉ်၌သန့်ရှင်းသော ဇနီးမောင်နှံနှစ်ပါးတို့အား သွေးဆောင်ရခြင်းအမှုသည် အလွန်ပင် လွယ်ကူသောကြောင့် မိမိ၏တန်ခိုးနှင့်ကောက်ကျစ်စဉ်းလဲသောဥာဏ်ဖြင့် ဘုရားသခင်၏သားတော်ကိုပင် ဖျက်ဆီးပြီးနောက်၊ သူ၏အသက်နှင့်နိုင်ငံကို ကယ်ဆယ်ရန် စာတန်မြော်လင့်၏။ ခမည်းတော်၏အလိုတော်မှ လမ်းလွဲသွားစေရန် သခင်ယေရှုအား သူသည်သွေးဆောင်နိုင်လျှင်၊ သူ၏ရည်ရွယ်ချက်သည် အောင်မြင်လိမ့်မည်။ သို့ရာတွင် သခင်ယေရှုက၊ "အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့"ဟူသော စကားဖြင့် ဆုံးမတော်မူ၏။ ကိုယ်တော်သည် မိမိခမည်းတော်ကိုသာဦးညွှတ်ဝတ်ပြုရမည်။

စာတန်သည် လောကီနိုင်ငံကို မိမိပိုင်ဆိုင်သောအရာဟု အခိုင်အမာပြောဆိုလျှင်၊ အကယ်၍ကိုယ်တော်သည် သူ့ကိုကိုးကွယ်လျှင်၊ ကိုယ်တော်သည် လောက၌ရှိသမျှတို့ကိုအပိုင်ရ၍ ၎င်းတို့ကိုအုပ်စိုးရသော ဘုန်းတန်ခိုးကိုရရှိလိမ့်မည်။ ၎င်းပြင် ကိုယ်တော်သည် ဒုက္ခဆင်းရဲခြင်းအပေါင်းတို့နှင့် . . . . . . . . . .

ကင်းလွတ်လျက် ဤလောကီနိုင်ငံများကိုပိုင်ဆိုင်ရရှိဖို့ အသေခံတော်မူစရာမလိုဟု သခင်ယေရှုအား ဖြားယောင်းသွေးဆောင်နေ၏။ သို့ရာတွင် သခင်ယေရှုသည် တည်ကြည်မြဲမြံလျက်ရှိ၏။ ကိုယ်တော်သည် မိမိ၏အသက်တော်အားဖြင့် နိုင်ငံတော်၏စာတန်၏လက်မှ ရွေးနှုတ်ရသောအချိန် ရောက်လာမည်ကိုငှင်း၊ များမကြာမီကောင်းကင်၊ မြေကြီး၌ရှိသမျှသောအရာခပ်သိမ်းတို့သည် ကိုယ်တော်၏လက်အောက်၌ ရောက်ရှိလာကြမည်ကိုငှင်း၊ ကိုယ်တော်သိတော်မူ၏။ ကိုယ်တော်သည် တရားနည်းလမ်းအတိုင်း လောကီနိုင်ငံများကို အမွေခံရလျက်၊ ၎င်းတို့ကို မိမိ၏လက်တော်ထဲသို့ ထာဝရကာလပိုင်ဆိုင်စေဖို့ အပ်ပေးတော်မူမည်အကြောင်း၊ ခမည်းတော်ပြင်ဆင်စီမံတော်မူသော နည်းလမ်းအဖြစ်နှင့် ကိုယ်တော်သည် ဒုက္ခဆင်းရဲခြင်းအသက်တာနှင့် ကြောက်မက်ဖွယ်အသေခံခြင်းအမှုကို ရွေးချယ်တော်မူ၏။ သခင်ယေရှုနှင့်ဘုန်းတော်သို့ဝင်စားခွင့်ရသော သန့်ရှင်းသူတို့ကို ဘယ်သောအခါမျှ မနှောက်ယှက်စေခြင်းငှါ စာတန်ကိုလည်းဖျက်ဆီးရန် ကိုယ်တော်၏လက်ထဲသို့အပ်နှံတော်မူလိမ့်မည်။

---oo---

# အခန်း (၂၆)

## သခင်ခရစ်တော်အမှုဆောင်ရွက်တော်မူခြင်း

စာတန်သည် သွေးဆောင်ခြင်းအမှုများ ပြုလုပ်ပြီးသောအခါ သခင်ယေရှုထံတော်မှ တခဏလောက် ထွက်ခွါသွားရာ၊ ကောင်းကင်တမန်များတို့သည် ကိုယ်တော်အားတောထဲ၌ပင် လုပ်ကျွေးပြုစုကြ၍ ကိုယ်တော်အား ခွန်အားနှင့် ပြည့်စေကြ၏။ ၎င်းပြင် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာသည် ကိုယ်တော်အပေါ်၌သက်ရောက်လာ၏။ စာတန်သည် ကိုယ်တော်တစ်ဖက်၌ မိမိ၏ကောက်ကျစ်စဉ်းလဲသော အကြံများကို မကြာခဏအသုံးပြုရမည်ဖြစ်သော ကိုယ်တော်အမှုဆောင်ရွက်တော်မူမည့် အချိန်ကာလကို သူသည်မျှော်လင့်စောင့်ဆိုင်းနေသေး၏။ သခင်ယေရှုကို လက်မခံသောသူတို့အား ကိုယ်တော်ကိုမုန်း၍ ဖျက်ဆီးဖို့ကြံစည်ရန် လှုံ့ဆော်ပေးခြင်းဖြင့်၊ ကိုယ်တော်ကို အောင်မြင်ရန်သူသည် မြော်လင့်သေး၏။

စာတန်သည် မိမိ၏တမန်များနှင့်အတူ အထူးစည်းဝေးတစ်ခုကိုကျင်းပ၏။ သူတို့သည် ဘုရားသခင်၏သားတော်ကို မအောင်မြင်ကြသဖြင့်၊ စိတ်ပျက်ကာ အမျက်ဒေါသထွက်လျက်ရှိ၏။ ကိုယ်တော်၏လူမျိုးတို့စိတ်ထဲ၌ပင် ကိုယ်တော်အား လောက၏ကယ်တင်ရှင်အဖြစ် မယုံကြည်စေရန်၊ သူတို့၏အစွမ်းသတ္တိရှိသမျှကို အသုံးပြုလျက် ကောက်ကျစ်စဉ်းလဲမှုပိုမိုများပြားလာရကြမည်။ ၎င်းပြင် ဤနည်းအားဖြင့် သခင်ယေရှုသည် မိမိဆောင်ရွက်ရသောအမှုတော်တွင် စိတ်ပျက်တော်မူလိမ့်မည်ဟု သူတို့ဆုံးဖြတ်ကြသည်။ ယုဒလူတို့သည် ဘာသာရေးဆိုင်ရာပွဲများနှင့် ယဇ်ပူဇော်ခြင်းအမှုများတွင် မည်မျှသေချာတိကျကြသော်လည်း၊ အနာဂတ္တိစကားများကို မသိမြင်နိုင်လောက်အောင် သူတို့အား မျက်စိကန်းစေလျက်၊ မေရှိယသခင်သည် ခွန်အားကြီးသောလောကီရှင်ဘုရင်ကဲ့သို့ ပေါ်ထွန်းတော်မည်ဟု သူတို့အား ယုံကြည်စေရန် သွေးဆောင်နိုင်လျှင်၊ သူတို့သည် သခင်ယေရှုကို ရှုတ်ချငြင်းပယ်လာကြလိမ့်မည်။

စာတန်နှင့်သူ၏ တမန်များသည် သခင်ခရစ်တော်ဆောင်ရွက်တော်မူရသော အမှုတော်တွင် လူများတို့အား မယုံကြည်သောစိတ်၊ မုန်းထားသောစိတ်၊ စော်ကားလိုသောစိတ်နှင့် ပြည့်ဝလာစေရန် နှိုးဆော်ပေးခြင်းဖြင့် အလွန်အလုပ်ရှုပ်လျက်ရှိကြသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ မကြာခဏသခင်ယေရှုသည် စိတ်ထိခိုက်ဖွယ် သမ္မာတရားများကိုမိန့်မြွက်တော်မူ၍ သင်တို့၏အပြစ်များကို ဖော်ပြဆုံးမတော်မူသောအခါ၊ လူများတို့သည် အမျက်ဒေါသထွက်ကြလိမ့်မည်။ စာတန်သည်နှင့်သူ၏တမန်များက ဘုရားသခင်၏သားတော်ကိုသတ်ပစ်စေရန် သူတို့အားနှိုးဆော်ကြသည်။

တစ်ကြိမ်မက သူတို့သည်ကိုယ်တော်ကိုပစ်ရန် ကျောက်တုံးများကိုကောက်ယူကြသည်။ သို့သော် ကောင်းကင်တမန်များက ကိုယ်တော်ကို ကာကွယ်ပြီးလျှင် အမျက်ဒေါသထွက်နေသောလူစုအထဲမှ ကိုယ်တော်အား လုံခြုံဘေးကင်းရာသို့ခေါ် ဆောင်သွားကြ၏။

တစ်ဖန် ကိုယ်တော်၏သန့်ရှင်းသော နှုတ်တော်မှထင်ရှားသောသမ္မာတရားကိုကြားရပြန်ရာ၊ လူအစုအဝေးသည် ကိုယ်တော်ကို ကိုင်ဘမ်း၍ ကိုယ်တော်ကိုတွန်းချရန် တောင်စွန်းတစ်ခုသို့ခေါ် ဆောင်သွားကြ၏။ ကိုယ်တော်ကိုဘယ်ကဲ့သို့ပြုရမည်နည်းဟု သူတို့အချင်းချင်းအထဲတွင် အငြင်းအခုံဖြစ်ပွားနေရာ၊ ကောင်းကင်တမန်တို့သည် ကိုယ်တော်ကို ပရိသတ်တို့၏မျက် မှောက်၌ဝှက်ထားပြန်၍၊ ကိုယ်တော်သည် သူတို့အထဲကပင် ဖြတ်ကျော်လျက် ထွက်ကြွသွားတော်မူ၏။

ရွေးနှုတ်ခြင်းစီမံကိန်းကြီးသည် ပျက်ကွက်သွားရလိမ့်မည်ဟု စာတန်သည်မြော်လင့်နေသေး၏။ သူသည် လူတို့၏စိတ်နှလုံးကို ခိုင်မာစေပြီး၊ သခင်ယေရှုအားမုန်းသောစိတ်ရှိလာစေရန် မိမိအစွမ်းသတ္တိရှိသမျှကြိုးစား၏။ လူအနည်းငယ်တို့သာ ကိုယ်တော်ကို ဘုရားသခင်၏သားတော်အဖြစ်နှင့်လက်ခံကြမည်ဖြစ်၍ ထိုမျှလောက်သော လူစုကလေးအတွက် ခံရသောဒုက္ခဆင်းရဲနှင့်ပြုလုပ်ရသောပူဇော်ခြင်းအမှုသည် အလွန်ကြီးကျယ်လှပေသည်ဟု ကိုယ်တော်သည် ထင်မှတ်တော်မူလိမ့်မည်ဟု စာတန်က မြော်လင့်၏။

သို့ရာတွင် သခင်ယေရှုကို ဘုရားသ ခင်၏သားတော်အဖြစ်နှင့်လက်ခံ၍ မိမိတို့ဝိညာဉ်များကို ကယ်တင်နိုင်တော်မူသော အရှင်အဖြစ်နှင့် . . . . . . . .

ကိုယ်တော်ကို ယုံကြည်သောသူနှစ်ဦးသာရှိခဲ့လျှင်၊ ကိုယ်တော်သည် ထိုစီမံကိန်းကိုဖြစ်မြောက်အောင် ပြုလုပ်တော်မူမည်ကို ကျွန်ုပ်မြင်ရ၏။

## ဒုက္ခသည်တို့အား ချမ်းသာစေခြင်း

သခင်ယေရှုသည် ဒုက္ခသည်တို့အပေါ် ရှိစာတန်၏ တန်ခိုးတော်ကိုပယ်ဖျက်ခြင်းအားဖြင့် မိမိ၏အမှုတော်ကို အစပြုတော်မူ၏။ ကိုယ်တော်သည် ဖျားနာသောသူတို့အားကျန်းမာခြင်းသို့ရောက်စေတော်မူ၏။ မျက်စိကန်းသောသူတို့အား မျက်စိမြင်စေတော်မူ၏။ ခြေကျိုးသောသူတို့အား ချမ်းသာပေး၍ ဝမ်းမြောက်ခြင်းနှင့်ထခုန်စေလျက် ဘုရားသခင်၏ဘုန်းတော်ကို ချီးမွမ်းစေတော်မူ၏။ စာတန်၏တန်ခိုးတော်အားဖြင့် ရက်စက်စွာချည်နှောင်ခြင်းခံရ၍ မစွမ်းမသန်ဘဲ နှစ်ပေါင်းများစွာနေရသောသူတို့အား ကိုယ်တော်သည် ကျန်းမာခြင်းသို့ရောက်စေတော်မူ၏။ ကိုယ်တော်သည်အားနည်း၊ တုန်လှုပ်၊ စိတ်ညှိုးငယ်နေသောသူတို့အား ဂရုဏာနှင့်ပြည့်စုံသောစကားများဖြင့် စိတ်သက်သာစေတော်မူ၏။ စာတန်က အောင်မြင်စွာနှင့် ဖမ်းထားသည့်အားနည်း၊ ဒုက္ခရောက်နေသောသူတို့ကို သခင်ယေရှုသည် သူ၏လက်ထဲမှဆွဲနှုတ်ယူလျက်၊ သူတို့အား ကိုယ်ကာယကျန်းမာခြင်းနှင့်ကြီးစွာသော ဝမ်းမြောက်ခြင်းအခွင့်ကိုပေးတော်မူ၏။ ကိုယ်တော်သည် သေသောသူတို့အားအသက်ရှင်ပြန်စေသဖြင့်၊ သူတို့သည် ကြီးကျယ်သောကိုယ်တော်၏တန်ခိုးကို ချီးမွမ်းကြ၏။ ကိုယ်တော်ကို ယုံကြည်သောသူအပေါင်းတို့အတွက် အံ့သြဖွယ်သောအမှုတို့ကိုပြုတော်မူ၏။

သခင်ခရစ်တော်၏အသက်တာသည် သူတစ်ပါးအကျိုးကိုရှာ၍ထောက်ထားညှာတာလျက် ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသော စကားများ၊ အပြုအမူများနှင့်ပြည့်ဝလျက်ရှိ၏။ ကိုယ်တော်ထံသို့လာသော သူတို့၏ပူဆွေးညည်းညူသံများကို ကိုယ်တော်သည် အစဉ်နားညောင်းလျက် သူတို့၏ဒုက္ခများကိုချမ်းသာပေးတော်မူ၏။ ပရိတ်သတ်များအထဲ၌ပင် ကိုယ်တော်၏တန်ခိုးတော်ကိုထင်ရှားစေသော လက္ခဏာသက်သေများကိုတွေ့ရ၏။ သို့ရာတွင် အမှုတော်သည် ပြီးမြောက်သွားသောအခါ အများသောသူတို့သည် နှိမ့်ချသောစိတ်ရှိသော်လည်း တန်ခိုးကြီးတော်မူသော ဓမ္မဆရာကြီးအတွက် အရှက်ကွဲရကြ၏။ ယုဒလူအကြီးအကဲတို့သည် ကိုယ်တော်ကို မယုံကြည်ကြသော မယုံကြည်ကြသော . . . . . . . . . . . . . .

**သခင်ယေရှုသည် မျက်စိကန်းသောသူတို့ကို မျက်စိမြင်ပြန်စေလျက်**
**ဒုက္ခရောက်သူတို့ကို ချမ်းသာပေးတော်မူ၏**

ကြောင့်၊ လူများတို့သည် ကိုယ်တော်ကိုလက်ခံလိုသော ဆန္ဒမရှိကြ။ ကိုယ်တော်သည် ငြိမ်ဝပ်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့်ကျွမ်းဝင်သောသူဖြစ်၏။ သူတို့သည် ကိုယ်တော်၏တည်ကြည်၊ ကိုယ်ကိုငြင်းပယ်သောအသက်တာမျိုးအားဖြင့် စိုးမိုးခြင်းကိုမခံမယူနိုင်ကြ။ သူတို့သည် လောက၏ဂုဏ်အသရေကို ခံစားလိုကြသည်။ သို့သော် အများသောသူတို့သည် ဘုရားသခင်၏သားတော်နောက်သို့လိုက်၍ ကိုယ်တော်၏သွန်သင်ချက်များကို နားထောင်လျက် ကိုယ်တော်၏နှုတ်တော်မှ ဂရုဏာဖြင့် မိန့်တော်မူသော စကားများကိုမှီဝဲကြ၏။ ကိုယ်တော်၏စကားများသည် အဓိပ္ပါယ်အမျိုးမျိုးနှင့် ပြည့်စုံသော်လည်း ပညာအနည်းဆုံးသောသူပင် ၎င်းကို ကောင်းစွာနားလည်နိုင်၏။

## အကျိုးမရှိသောတားဆီးမှု

စာတန်နှင့်သူ၏တမန်များသည် ယုဒလူတို့၏ဉာဏ်မျက်စိကို ကွယ်ထားလျက် သူတို့၏ဝေဖန်ပိုင်းခြားတတ်သောစိတ်သဘောကို အမိုက်မှောင်ဖုံးလွှမ်းထားပြီးလျှင် ကယ်တင်ရှင်ကိုသတ်ပစ်ရန် လူများနှင့်အကြီးအကဲတို့၏စိတ်ကို ဆွပေးကြလေ၏။ သခင်ယေရှုကို သူတို့ထံသို့ခေါ်ဆောင်လာစေရန် အခြားလူများကို စေလွှတ်ကြသော်လည်း ကိုယ်တော်ရှိရာအရပ်သို့သူတို့ရောက်လာကြရာ၊ သူတို့သည် များစွာပင်အံ့သြနေကြ၏။ ကိုယ်တော်သည် လူတို့၏ဒုက္ခဝေဒနာများကို မြင်ရတော်မူသောအခါ၊ ကိုယ်တော်၌ထောက်ထားညာတာတတ်သော သဘောများကို ပြည့်ဝလျက်ရှိသည်ကို တွေ့ရကြ၏။ အားနည်း၍ နှောင့်ယှက်ညှဉ်းဆဲခြင်းခံရသောသူတို့အား ကိုယ်တော်သည် ချစ်ခြင်းမေတ္တာနှင့်၎င်း၊ ကြင်နာယုယစွာနှင့်၎င်း၊ အားပေးစကားများမိန့်တော်မူသည်ကို သူတို့ကြားရကြ၏။ ကိုယ်တော်သည် တန်ခိုးအားဖြင့်စာတန်၏ အစွမ်းသတ္တိကိုဆုံးမ၍ သူ၏ချည်နှောင်ခြင်းကိုခံရသောသူတို့အား လွတ်မြောက်သွားစေဖို့ မိန့်တော်မူသောအသံကိုလည်း သူတို့ကြားရကြ၏။

သူတို့သည် ကိုယ်တော်၏နှုတ်မှ ထွက်သောပညာစကားများကိုကြားနာကြလျက်၊ ၎င်းတို့ကို စွဲလမ်းမှတ်သားထားကြသည်။ သူတို့သည် ထိုကြောင့် ကိုယ်တော်ကိုမဖမ်းဝံ့ကြ။ သူတို့သည် သခင်ယေရှုမပါဘဲ ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲတို့ထံ ပြန်သွားရကြ၏။

သင်တို့သည် အဘယ်ကြောင့်ကိုယ်တော်ကို မခေါ်ဆောင်ခဲ့ကြသနည်းဟု မေးသောအခါ၊ သူတို့မြင်ရသောကိုယ်တော်၏နိမိတ်လက္ခဏာများ၊ သူတို့ကြားရသောပညာ၊ မေတ္တာ၊ သိမြင်တတ်သောဉာဏ်တို့နှင့် ပြည့်စုံသည့်သန့်ရှင်းသော စကားများအကြောင်းတို့ကို ပြောပြလျက်၊ အဆုံး၌"သူဟောပြောသကဲ့သို့ အဘယ်သူမျှမဟောစဖူးပါ"ဟုဆိုကြ၏။ သူတို့သည်လည်း လှည့်ဖြားခြင်းခံရကြမည်ဟု ယဇ်ပုရောဟိတ်အကြီးတို့က အပြစ်တင်ကြ၏။

ငှင်းပြင် အချို့သောမင်း လုလင်တို့သည် ကိုယ်တော်ကိုမခေါ်ဆောင်ခဲ့ရကြသဖြင့် ရှက်ကြောက်နေရကြ၏။ မင်းအရာရှိ အကြီးအကဲတစ်စုံတစ်ယောက်သည် ကိုယ်တော်ကို ယုံကြည်နေသလောဟု ကဲ့ရဲ့သောသဘောနှင့် ယဇ်ပုရောဟိတ်များက မေးမြန်းကြ၏။ အများသောမင်းအရာရှိများနှင့် အကြီးအကဲတို့သည် သခင်ယေရှုကိုယုံကြည်သော် လည်း သူတို့၏ယုံကြည်ခြင်းကို ဝန်မခံစေခြင်းငှါ၊ စာတန်သည် သူတို့အား တားမြစ်ပိတ်ပင်ထားသည်ကို ကျွန်ုပ်တို့တွေ့ရှိရ၏။ သူတို့သည် ဘုရားသခင်ထက် လူတို့၏အပြစ်တင်ခြင်းခံရမည်ကိုသာ၍ကြောက်ရွံ့နေကြ၏။

ထိုအချိန်ကာလတိုင်အောင် စာတန်၏ကောက်ကျစ်စဉ်းလဲသောအကြံနှင့် မျက်မုန်းကျိုးခြင်းအမှုသည် ကယ်တင်ခြင်းစီမံကိန်းကို မဖျက်ဆီးနိုင်ခဲ့သေး။ သခင်ယေရှုသည် လောကသို့ကြွလာတော်မူရာ၌ ရည်ရွယ်ထားတော်မူခဲ့သောအချက်ကို ဖြစ်မြောက်အောင် ပြုလုပ်တော်မူဖို့ အချိန်သည်နီးကပ်လာလေပြီ။ စာတန်နှင့် သူ၏တမန်များတို့သည် အချင်းချင်းဆွေးနွေးတိုင်ပင်ကြလျက်၊ သခင်ခရစ်တော်သည် လူမျိုးတို့အား ကိုယ်တော်၏အသွေးအတွက် စိတ်အားကြီးစွာ အော်ဟစ်ဆောင်းဆို၍ ကိုယ်တော်ကိုရက်စက်စွာပြုမူပြီး ကဲ့ရဲ့ပြစ်တင်စေရန် ဆွပေးဖို့ဆုံးဖြတ်ကြသည်။ သခင်ယေရှုသည် ထိုသို့သောပြုမူခြင်းတို့ကို ခံနိုင်တော်မူသဖြင့် ကိုယ်တော်၏နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းသဘောများ ပျောက်ကွယ်သွားလိမ့်မည်ဟု သူတို့မြှော်လင့်ကြ၏။

စာတန်သည် မိမိ၏အကြံအစည်များကိုပြုလုပ်နေစဉ်၊ သခင်ယေရှုသည် မိမိခံရမည့် ဒုက္ခဆင်းရဲမှုများအကြောင်း၊ လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းခံရပြီးနောက် သုံးရက်မြောက်သောနေ့၌ တစ်ဖန်ထမြောက်စေတော်မူမည်အကြောင်းတို့ကို မိမိ၏တပည့်တော်တို့အား သေချာစွာဖော်ပြနေတော်မူ . . . . . . . . . . .

၏။ သို့သော် သူတို့၏အသိဉာဏ်သည် ထုံထိုင်းနေကြသဖြင့်၊ ကိုယ်တော်မိန့်တော်မူသောစကားများကို သူတို့နားမလည်ကြ။

## ကိုယ်ယောင်ကိုယ်ဝါပြောင်းလဲခြင်း

တပည့်တော်များတို့သည် သခင်ခရစ်တော်၏ဘုန်းတန်ခိုးတော်ကိုမြင်၍ ကိုယ်တော်၏ဘုရားဇာတိအကြောင်း ကောင်းကင်မှသက်သေခံသောစကားကိုကြားရသောအခွင့်ကို ရကြသောအခါ၊ တပည့်တော်တို့၏ယုံကြည်ခြင်းသည် ကိုယ်တော်ကိုယ်ယောင်ကိုယ်ဝါပြောင်းလဲခြင်းအမှုအားဖြင့် များစွာ ခိုင်ခံ့ခြင်းရှိလာသည်။ သခင်ယေရှု၏တပည့်တော်တို့သည် လက်ဝါးကပ်တိုင်၌ ကိုယ်တော်ကို ရိုက်ထားသောအချိန်တွင် ကြီးစွာဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်းရောက်နေကြစဉ်၊ သူတို့သည် မိမိတို့၏ယုံကြည်အားထားမှုကိုလုံးလုံးမစွန့်ပယ်ကြမည်အကြောင်း၊ ကိုယ်တော်သည် မေရှိယသခင်ဖြစ်တော်မူကြောင်း ခိုင်ခံ့သောသက်သေကို ဘုရားသခင်က သူတို့အားပြလိုတော်မူ၏။ ကိုယ်ယောင်ကိုယ်ဝါပြောင်းလဲခြင်းအမှုတွင် ထာဝရဘုရားသည် မောရှေနှင့် ဧလိယတို့အား ကိုယ်တော်ခံရမည့် ဒုက္ခဆင်းရဲနှင့်သေခြင်းအကြောင်းတို့ကို ကိုယ်တော်နှင့်စကားပြောရန် စေလွှတ်တော်မူ၏။ မိမိ၏သားတော်နှင့်စကားပြောရန် ကောင်းကင်တမန်များကို စေလွှတ်မည့်အစား၊ ဘုရားသခင်သည် မိမိတို့ကိုယ်တိုင် မြေကြီးပေါ်၌ စုံစမ်းနှောင့်ယှက်ခြင်းခံခဲ့ရဖူးသောသူတို့ကို စေလွှတ်တော်မူ၏။

ဧလိယသည် ဘုရားသခင်နှင့်အတူ သွားလာခဲ့သည်။ ထာဝရဘုရားသည် ဣသရေလလူတို့၏အပြစ်များကို ဧလိယအားဖြင့် ဖော်ပြဆုံးမတော်မူသောကြောင့်၊ သူ၏အလုပ်သည်အလွန်ပင်ပန်း၍ နှောင့်ယှက်ခြင်းများသော အမှုဖြစ်သည်။ ဧလိယသည် ဘုရားသခင်၏ပုရောဖက်ဖြစ်သော်လည်း မိမိအသက်ဘေးမှ ကင်းလွတ်ရန် တစ်နေရာမှတစ်နေရာသို့ထွက်ပြေးနေရ၏။ သူ၏လူမျိုးသည် သူ့ကိုဖျက်ဆီးရန် တောတိရိစ္ဆာန်ကဲ့သို့ သူ့ကိုလိုက်ရှာကြ၏။ သို့ရာတွင် ဘုရားသခင်သည် သူ့ကိုကောင်းကင်သို့ ယူဆောင်တော်မူ၏။ ကောင်း ကင်တမန်တို့သည် သူ့ကိုဘုန်းတော်နှင့်တကွဝမ်းမြောက်စွာ ကောင်းကင်သို့ယူ ဆောင်သွားကြ၏။

မောရှေသည် သူ့အထက်က အသက်ရှင်ခဲ့သော သူတို့ထက်သာ၍ ကြီးမြတ်သောသူဖြစ်၏။ သူသည် မိတ်ဆွေချင်းစကားပြောရသကဲ့သို့ ထာဝရဘုရားနှင့် မျက်နှာချင်းဆိုင်စကားပြောခွင့်ရသဖြင့်၊ သူသည် ဘုရားသခင်၏ချီးမြောက်ခြင်းများကို များစွာခံရခဲ့လေပြီ။ ခမည်းတော်၏ပတ်လည်၌ ဖုံးလွှမ်းနေသည့်ထွန်းတောက်သောအလင်းနှင့်အလွန်ထူးကဲသော ဘုန်းတန်ခိုးတော်ကို သူသည် မြင်ခွင့်ရရှိခဲ့လေပြီ။ ခမည်းတော်၏ပတ်လည်၌ ဖုံးလွှမ်းနေသည့် ထွန်းတောက်သောအလင်းနှင့် အလွန်ထူးကဲသောဘုန်း တန်ခိုးတော်ကို သူသည် မြင်ခွင့်ရရှိခဲ့လေပြီ။ ထာဝရဘုရားသည် မောရှေအားဖြင့် ဣသရေလအမျိုးသားတို့ကို အဲဂုတ္တုပြည်၌ကျွန်ခံနေရာမှ ကယ်နှုတ်ဆောင်ယူတော်မူ၏။ မောရှေသည် မိမိ၏လူများနှင့် အမျက်ထွက်နေတော်မူသော ဘုရားသခင်စပ်ကြားတွင် ကြားဖြန်ဖြေသူဖြစ်၏။ ဣသရေလလူတို့၏မယုံကြည်ခြင်း၊ ညည်းညူခြင်းနှင့် သူတို့၏ကြီးလေးသော အပြစ်များအတွက် ထာဝရဘုရားသည်ပြင်းစွာအမျက်ထွက်တော်မူသောအခါ၊ မောရှေသည် သူတို့အပေါ်၌ထားသောမေတ္တာကို ထင်ရှားစေ၏။ ဘုရားသခင်သည် သူတို့ကိုဖျက်ဆီး၍သူ့အားခွန်အားကြီးသော လူမျိုးကြီးဖြစ်စေဖို့ ကြံစည်တော်မူ၏။ မောရှေသည် ဣသရေလလူတို့အတွက် စိတ်အားကြီးစွာ တောင်းပန်ခြင်းဖြင့် ဣသရေလလူတို့အပေါ်၌ရှိသောသူ၏မေတ္တာကိုပြ၏။ ဘုရားသခင်၏အမျက်ဒေါသကိုငြိမ်းစေလျက် ဣသရေလလူတို့၏အပြစ်ကို လွှတ်တော်မူစေရန်၊ သို့မဟုတ် သူ၏နာမည်ကို ဘုရားသခင်၏စာစောင် မှပယ်ရှားရန် သူသည် ဘုရားသခင်အား စိတ်ဒုက္ခရောက်လျက် ဆုတောင်း၏။

မောရှေသည် သေခြင်းကိုခံသွားရ၏။ သို့သော် သူ၏ကိုယ်ကာယသည် ပုပ်ပျက်ခြင်းသို့မရောက်မီ မိက္ခေလမင်းသည် ဆင်းသက်လာ၍ သူ့အားထမြောက်စေတော်မူ၏။ စာတန်သည် မောရှေ၏ ကိုယ်ခန္ဓာကို သူပိုင်ဆိုင်သည်ဟု တောင်းဆိုလေ၏။ သို့သော် မိက္ခေလမင်းသည် သူ့ကိုထမြောက်စေပြီးကောင်းကင်သို့ ယူဆောင်သွားတော်မူ၏။ စာတန်သည် ဘုရားသခင်ကိုပြင်းစွာအပြစ်တင်လျက် မိမိရရှိထားသောအရာကို မတရားသဖြင့် ယူသွားစေဖို့ အခွင့်ပေးတော်မူပြီဟု ပြောဆိုလေ၏။ ကိုယ်တော်၏ရန်သူက သွေးဆောင်ခြင်းကြောင့် ဘုရားသခင်၏ ကျွန်သည် ကျဆုံးရသော်လည်း သခင်ခရစ်တော်မူကား၊ သူ့ကိုဆုံးမတော်မမူ။ ကိုယ်တော်သည် မိမိ၏ခမည်းတော် . . . . . . . . . . . . . . . . . . . . . . . .

ကိုသာညွှန်ပြလျက်၊ "ဘုရားသခင်သည် သင့်ကိုဆုံးမတော်မူစေသတည်း"ဟု မိန့်တော်မူ၏။ ယု၊ ၉။

ဘုရားသခင်၏နိုင်ငံတော်သည် ဘုန်းတော်နှင့်ကြွလာသည်ကို မြင်ရသည်တိုင်အောင် သေခြင်းကိုမတွေ့ဆုံရဘဲ ကိုယ်တော်နှင့်အတူ တည်မြဲနေကြမည့် လူအချို့ရှိသည်ဟု သခင်ယေရှုက မိမိ၏တပည့်တော်တို့အား မိန့်တော်မူခဲ့သည်။ ကိုယ်ရောင်ကိုယ်ဝါပြောင်းလဲတော်မူသောအခါ၌ ဤစကားသည် ပြည့်စုံခြင်းသို့ ရောက်သွား၏။ ထိုနေရာ၌ ကိုယ်တော်၏မျက်နှာတော်သည်ပြောင်းလဲ၍ နေကဲ့သို့တောက်ပထွန်းတောက်နေ၏။ ကိုယ်တော်၏ဝတ်လုံသည်ဖြူစင်၍ နေကဲ့သို့တောက်ပထွန်းလင်းလျက်ရှိ၏။ ပေါ်လာသောမောရှေသည် သခင်ယေရှုဒုတိယအကြိမ်ကြွလာတော်မူသောအခါ သေခြင်းမှထမြောက်ရမည့်သူတို့ကို ပုံဆောင်ထားလေ၏။ သေခြင်းကိုမတွေ့ရဘဲ ကောင်းကင်သို့ယူဆောင်ခြင်းခံရသော ဧလိယသည် သခင်ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူချိန်၌ သေခြင်းကိုမတွေ့ရဘဲ မသေမပုပ်နိုင်သောအဖြစ်သို့ ပြောင်းလဲ၍ ကောင်းကင်သို့ယူဆောင်သွားခြင်းခံရကြမည့် သူတို့ကို ပုံဆောင်၏။ တပည့်တော်တို့သည် သခင်ယေရှု၏ထူးကဲသောဘုန်းအသရေတော်နှင့် သူတို့ကိုဖုံးလွှမ်းသွားသော မိုးတိမ်ကိုကြောက်ရွံ့အံ့သြခြင်းနှင့် တွေ့မြင်ရကြပြီးလျှင် "ဤသူသည် ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း။ သူ၏စကားကိုနားထောင်ကြလော့"ဟု ဘုရားသခင်က ကြောက်မက်ဖွယ်သောဘုန်းတန်ခိုးတော်နှင့်မိန့်တော်မူသံကိုလည်းကြားရကြလေ၏။

---၀၀---

## အခန်း (၂၇)
## သခင်ခရစ်တော်ကိုအပ်နှံခြင်း

သခင်ယေရှုသည် တပည့်တော်တို့နှင့်အတူ ပသခါပွဲညစာကို သုံးဆောင်နေသည့်အချိန်သို့ ကျွန်ုပ်အားယူဆောင်သွား၏။ စာတန်သည် ယုဒကို လှည့်ဖြား၍ သူသည် သခင်ခရစ်တော်၏တပည့်အစစ်တစ်ယောက်ဖြစ်သည်ဟု ထင်မှတ်စေရန်သွေးဆောင်၏။ သို့သော် သူ၏စိတ်နှလုံးသည်အစဉ်သဖြင့် ဇာတိသဘောနှင့် ပြည့်ဝနေ၏။ သူသည် သခင်ယေရှု၏ကြီး ကျယ်အံ့ဩဖွယ်အမှုများကိုမြင်ခဲ့ရ၍ ကိုယ်တော်အမှုဆောင်ရွက်နေသမျှ ကာလပတ်လုံးကိုယ်တော်နှင့်အတူရှိခဲ့လျက်၊ ကိုယ်တော်သည် မေရှိယသခင်ဖြစ်ကြောင်းမခံမရပ်နိုင်အောင် ဖော်ပြသောသက်သေသာဓကများကို သူယုံကြည်ခံယူခဲ့သည်။ သို့သော် ယုဒသည် စေးနဲ၍တပ်မက်၏။ သူသည် ငွေကိုတပ်မက်၏။ သခင်ယေရှုအပေါ်၌လောင်းချသောအဖိုးတန်ဆီမွှေးအတွက် သူသည်ဒေါသနှင့်အပြစ်တင်၏။

မာရိသည် သူမ၏သခင်ဘုရားကိုချစ်၏။ ကိုယ်တော်သည် သူမ၏များစွာသောအပြစ်တို့ကို လွှတ်တော်မူ၍ သူမအလွန်ချစ်သောမောင်ကို သေခြင်းမှထမြောက်စေတော်မူ၏။ ကိုယ်တော်အားပေးရန် အဘယ်အရာမျှအလွန်အဖိုးမတန်ဟု သူမသည်ထင်၏။ သာ၍အဖိုးတန်သောဆီမွှေးကို ကိုယ်တော်၏အပေါ်သို့အသုံးပြုလေလေ၊ သူမသည် ကိုယ်တော်အားသာ၍ကျေးဇူးဆပ်နိုင်ကြောင်း ပြနိုင်လေလေဖြစ်၏။

ယုဒသည် မိမိ၏တပ်မက်သောစိတ်ကိုမပြလိုသဖြင့်၊ ဆီမွှေးကိုရောင်း၍ ငွေကိုဆင်းရဲသားတို့အားပေးလှူနိုင်သည်ဟု တိုက်တွန်း၏။ သို့ရာတွင် သူသည် ဆင်းရဲသားတို့ကို ဂရုစိုက်သောကြောင့် ပြောဆိုသည်မဟုတ်။ သူသည်ကိုယ်ကျိုးရှာ၍ တစ်ခါတစ်ရံဆင်းရဲသားတို့အားပေးကမ်းဖို့ရန် သူ့အားအပ်နှံထားသောငွေများကိုပင် သူ၏အကျိုးအတွက်အသုံးပြုတတ်သည်။ သခင်ယေရှု၌သက်သာဖို့ ကိုယ်တော်၌ လိုနေသော အရာများအတွက်ပင် အသုံးပြုဖို့ကို ယုဒသည်အမှုမထားဘဲ၊ သူ၏တပ်မက်ခြင်းကိုမထင်ရှားစေရန် ဆင်းရဲသားတို့ကိုမကြာခဏညွှန်ပြတတ်၏။ ဤကဲ့သို့ မာရိကရက်ရောစွာပြုမူ . . . . . . . . . . . . . . . . . . . . .

သည် သူ၏တပ်မက်သောသဘောကို အလွန်အချက်ကျကျဆုံးမသောအမှုဖြစ်နေ၏။ ယုဒ၏စိတ်ထဲ၌ စာတန်၏သွေးဆောင်မှုကို အလွယ်တကူလက်ခံစေရန် လမ်းပွင့်လာလေ၏။

ယဇ်ပုရောဟိတ်များနှင့် ယုဒလူအကြီးအကဲတို့သည်း သခင်ယေရှုကို မုန်းကြ၏။ သို့သော် လူပရိတ်သတ်တို့သည် ကိုယ်တော်၏ပညာစကားများကို နားထောင်ရန်နှင့် ကိုယ်တော်၏ကြီးကျယ်အံ့သြဖွယ် အမှုတော်များကို ကြည့်ရှုရန်စုရုံးလာကြ၏။ လူများတို့သည် အလွန်တရာပင်စိတ်အားထက်သန်ထကြွတော်မူလျက်၊ ဤအံ့သြဖွယ်ကောင်းသော ဓမ္မဆရာကြီး၏ဝါဒများကိုနားထောင်ရန် သခင်ယေရှုနောက်တော်သို့ စိတ်အားကြီးစွာလိုက်လာကြသည်။ အများသော အကြီးအကဲတို့သည် ကိုယ်တော်ကိုယုံကြည်ကြသော်လည်း သူတို့အားတရားစရပ်ထဲမှ နှင်ထုတ်မည်ကိုစိုးရိမ်သဖြင့် သူတို့၏ယုံကြည်ခြင်းကို ဝန်မခံရဲကြချေ။ လူများတို့သည် သခင်ယေရှုကို ဂရုမစိုက်စေရန် တစ်စုံတစ်ခုပြုလုပ်ရမည်ဟု ယဇ်ပုရောဟိတ်များနှင့်အကြီးအကဲတို့ကဆုံးဖြတ်ကြ၏။ မိမိတို့အတွက်ပင် ဘေးမကင်းနိုင်သည်ကို သူတို့သိမြင်ကြ၏။ သူတို့သည် မိမိတို့၏ရာထူးဂုဏ်အသရေများကို လက်လွှတ်ရကြမည်။ သို့မဟုတ် သခင်ယေရှုကိုသတ်ပစ်ရကြမည်။ ကိုယ်တော်အား သတ်ပစ်ပြီးသည်နောက်မှာပင် ကိုယ်တော်၏တန်ခိုးတော်အတွက် အသက်ရှင်နေသော အထိမ်းအမှတ်များဖြစ်သူတို့ရှိနေကြလိမ့်ဦးမည်။

သခင်ယေရှုသည်လာဇရုကိုသေခြင်းမှထမြောက်စေပြီ။ ထို့ကြောင့် သခင်ယေရှုကို သူတို့သတ်ပစ်လျှင်၊ လာဇရုသည် ကိုယ်တော်၏ကြီးကျယ်သော တန်ခိုးတော်အကြောင်းကို သက်သေခံလိမ့်မည်။ သေခြင်းမှထမြောက်သောသူကို ကြည့်ရန် လူများတို့သည် စုရုံးလာကြသဖြင့်၊ အကြီးအကဲတို့က လာဇရုကိုလည်း သတ်ရန် စိတ်ပိုင်းဖြတ်ကြသည်။

ထိုနည်းအားဖြင့် အံ့သြနေကြသောအမှုကို ကွယ်ပျောက်သွားစေလိမ့်မည်။ ထိုနောက် သူတို့သည်လူများအား လူတို့၏ထုံးစံ ဓလေ့နှင့်သြဝါဒများကိုလိုက်နာစေပြီး၊ ဇီယာ၊ပင်စိမ်းမှစသည်တို့ကို ဆယ်ဖို့တစ်ဖို့ ပေးစေဖို့ တိုက်တွန်းခြင်းဖြင့် သူတို့သည် သူတို့အပေါ်၌ပြန်၍ သြဇာရှိကြလိမ့်မည်။ လူများတို့သည် ကိုယ်တော်အပေါ်၌စိတ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ဝင်စားနေစဉ်၊ ကိုယ်တော်အားလူစုလူဝေးထဲ၌ ဖမ်းဖို့ကြံစည်လျှင် သူတို့သည် ကျောက်ခဲနှင့်ပစ်ခြင်းခံရကြမည်ဖြစ်သောကြောင့် သခင်ယေရှုကို တစ်ပါးတည်းရှိနေစဉ်အခါ၊ ဖမ်းဆီးရန် သူတို့သဘောတူကြ၏။

သူတို့သည် သခင်ယေရှုကိုယဇ်ပုရောဟိတ်အကြီးအကဲများထံသို့ ငွေအနည်းငယ်နှင့် ဖမ်းပို့ပေးစေဖို့ မည်မျှစိတ်အားထက်သန်လျက်ရှိနေသည်ကို ယုဒသိ၏။ သူသည် ငွေကိုတပ်မက်ခြင်းကြောင့်၊ မိမိ၏သခင်ကို ကိုယ်တော်၏ အဆိုးဆုံးရန်သူများလက်ထဲသို့အပ်ပေးရန်၊ သူသည်သဘောတူခဲ့လေ၏။ စာတန်သည် ယုဒအားဖြင့် မိမိ၏အကြံအစည်ကိုတိုက်ရိုက်ပြုလုပ်နေ၍၊ မှတ်သားဖွယ်ကောင်းသော နောက်ဆုံးညစာအချိန်အခါတွင် မိမိ၏သခင်ကိုအပ်နှံရန် သစ္စာဖောက်သောသူသည် ကြံစည်နေ၏။ သူတို့အားလုံးသည် ထိုည၌ ကိုယ်တော်ကြောင့် စိတ်ပျက်ကြလိမ့်မည်ဟု သခင်ယေရှုကမိမိ၏တပည့်တော်တို့အား ဝမ်းနည်းစွာမိန့်တော်မူ၏။ သို့သော် ပေတရုက ကိုယ်တော်ကြောင့် အခြားသူအားလုံးစိတ်ပျက်ကြသော်လည်း၊ အကျွန်ုပ်သည် စိတ်မပျက်ပါဟု အခိုင်အမာပြန်ပြောလေ၏။ သခင်ယေရှုက၊ ပေတရုအား ဂျုံဆန်ကိုဆန်ခါနှင့်ချသကဲ့သို့ စာတန်သည် သင်တို့ကိုချရမည်အကြောင်း၊ အခွင့်တောင်းသည်ဖြစ်၍၊ သင်၏ယုံကြည်သောစိတ်မပျက်စေခြင်းငှါ၊ ငါသည် သင့်အဖို့ဆုတောင်းလေပြီ။ သင်သည် သတိရပြန်သောအခါ၊ သင်၏ညီအစ်ကိုတို့ကိုတည်ကြည်စေလော့"ဟု မိန့်တော်မူ၏။ လုကာ ၂၂း၃၃၊ ၃၂။

## ဥယျာဉ်ထဲ၌

အကျွန်ုပ်သည် သခင်ယေရှုကိုဥယျာဉ်ထဲ၌ မိမိ၏တပည့်တော်များနှင့် အတူတွေ့ရ၏။ သူတို့သည် စုံစမ်းခြင်းနှင့်ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက်စောင့်နေခြင်းငှါ ကိုယ်တော်ကအလွန်ဝမ်းနည်းစွာ သူတို့အားမှာထားတော်မူ၏။ သူတို့၏ယုံကြည်ခြင်းကိုစုံစမ်း၍ သူတို့သည် စိတ်ပျက်ခြင်းသို့ ရောက်ကြမည်ဖြစ်သောကြောင့် သူတို့သည်စိတ်အားကြီးစွာ ဆုတောင်း၍ သေချာစွာစောင့်နေခြင်းဖြင့်သာ လိုအပ်သောခွန်အားရှိသမျှကိုရကြမည်ဖြစ်ကြောင်း ကိုယ်တော်သိတော်မူ၏။ သခင်ယေရှုသည် ပြင်းစွာငိုကြွေးမြည်တမ်းလျက်၊ "အိုအဘ၊ အလိုတော်ရှိလျှင် ဤခွက်ကို အကျွန်ုပ်မှလွှဲတော်မူ . . . . . .

ပါ။ သို့သော်လည်း၊ အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသော”ဟု ဆုတောင်းတောင်မူ၏။ လုကာ ၂၂း၄၂။ ဘုရားသခင်၏သားတော်သည် ပူဆွေးခြင်းနှင့်ဆုတောင်းတော်မူ၏။ ကိုယ်တော်၏မျက်နှာပေါ်၌ သွေးစက်ခဲများကဲ့သို့ ချွေးလုံးများထွက်၍မြေပေါ်သို့ကျ၏။ ကောင်းကင်တမန်များတို့သည် ကိုယ်တော်၏အခြေအနေကိုကြည့်လျက် ထိုနေရာအပေါ်၌ ပျံဝဲနေကြ၏။ သို့သော် ကောင်းကင်တမန်တစ်ပါးသာ ပူဆွေးနေသောဘုရားသခင်၏သားတော်ကို အားပေးရန်လာရောက်ခွင့်ရ၏။ ကောင်းကင်၌ ဝမ်းမြောက်ခြင်းမရှိ။ ကောင်းကင်တမန်တို့သည် သရဖူနှင့်စောင်းများကိုချထားလျက် အလွန်စိတ်အားထက်သန်ခြင်းနှင့် သခင်ယေရှုကို ဆိတ်ငြိမ်စွာစောင့်ကြည့်နေကြ၏။ သူတို့သည် ဘုရားသခင်၏သားတော်ကို ဝိုင်းထားရန် အလိုရှိကြသော်လည်း ကိုယ်တော်အားအပ်နှံသည်ကိုမြင်၍ ကိုယ်တော်ကိုကယ်နှုတ်မည်ကို စိုးရိမ်သောကြောင့် အုပ်ချုပ်ရသောကောင်းကင်တမန်များက သူတို့အား အခွင့်မပြုကြ။ အဘယ်ကြောင့်ဆိုသော် စီမံကိန်းကိုပြုလုပ်၍ ၎င်းစီမံကိန်းသည် ပြည့်စုံဖြစ်မြောက်ရလိမ့်မည်။

သခင်ယေရှုသည် ဆုတောင်းပြီးနောက် တပည့်တော်တို့ထံပြန်လာတော်မူရာ၊ သူတို့သည် အိပ်ပျော်နေကြ၏။ ထိုကြောက်မက်ဖွယ်ရာအချိန်အခါတွင် မိမိ၏တပည့်တော်တို့ပင် ကိုယ်တော်ကိုထောက်ထားခြင်း၊ ကိုယ်တော်အတွက်ဆုတောင်းပေးခြင်းမရှိကြ။ များမကြာမှီကပင် အလွန်စိတ်အားထက်သန်သောပေတရုသည် အိမ်မောကျလျက်ရှိ၏။ သခင်ယေရှုက သူ့အား၊ အခိုင်အမာသူပြောခဲ့သောစကားများကို သတိပေးလျက်၊ “သင်တို့သည် တစ်နာရီခန့်မျှငါနှင့်အတူစောင့်၍ နေခြင်းငှါ၊ ဤသို့မစွမ်းနိုင်သလော”ဟု မိန့်တော်မူ၏။ မဿဲ ၂၆း၄၀။ ဘုရားသခင်၏သားတော်သည် သုံးကြိမ်တိုင်အောင် ဆုတောင်းတော်မူ၏။

## ယုဒသည် သခင်ယေရှုကို အပ်နှံခြင်း။

ထိုနောက် ယုဒသည် လက်နက်ကိုင်သောလူတစ်စုနှင့်ပေါ်လာ၏။ သူသည် မိမိ၏သခင်ထံသို့ခါတိုင်းကဲ့သို့ နှုတ်ခွန်းဆက်ရန်ချဉ်းကပ်လာ၏။ လူစုသည် ကိုယ်တော်ကိုဝိုင်းထား၏။ သို့ရာတွင် “အဘယ်သူကိုရှာသနည်း”။

"ငါသည် ထိုသူပင်ဖြစ်၏"ဟု ကိုယ်တော်ကမိန့်တော်မူစဉ် ကိုယ်တော်သည် မိမိ၏ တန်ခိုးတော်ကိုထင်ရှားစေတော်မူ၏။ သူတို့သည် နောက်သို့လှန်၍မြေပေါ် သို့ကျသွားကြ၏။ သူတို့သည် ကိုယ်တော်၏တန်ခိုးတော်ကိုမြင်၍ ကိုယ်တော်သည် မိမိကိုယ်ကို သူတို့လက်မှကယ်နှုတ်လိုလျှင် ကယ်နှုတ်နိုင်တော်မူသောကြောင့် သက်သေထင်ရှားစေခြင်းငှါ သခင်ယေရှုသည် ဤမေးခွန်းကိုမေးတော်မူ၏။

လူစုသည် တုတ်၊ ဓါးများနှင့် လျှင်မြန်စွာ နောက်သို့လဲကျသွားကြသည်ကို မြင်ကြသောအခါ၊ တပည့်တော်တို့သည် မျှော်လင့်ချက်ရှိလာကြသည်။ သူတို့သည် တစ်ဖန်ထ၍ ဘုရားသခင်၏သားတော်ကို ဝိုင်းထားကြပြန်သောအခါ၊ ပေတရုသည် ဓါးကိုဆွဲ၍ယဇ်ပုရောဟိတ်မင်း၏ကျွန်ကို ခုတ်သဖြင့် နားရွက်ပြတ်သွားလေ၏။ သခင်ယေရှုက သူ့အားဓါးကို အိမ်၌သွင်းထားစေပြီးနောက်၊ "ယခုပင် ငါ့အဖကိုငါတောင်းနိုင်သည်ကိုငှင်း၊ တောင်းလျှင် ကောင်းကင်တမန်တစ်ဆယ်နှစ်ထပ်မက ငါ့ထံသို့စေလွှတ်တော်မူမည်ကိုငှင်း၊ သင်သည်မထင်သလော"ဟု မိန့်တော်မူ၏။ မဿဲ ၂၆း၅၈။ ဤစကားများကိုမိန့်တော်မူသောအခါ ကောင်းကင်တမန်တို့၏မျက်နှာ၌ မျှော်လင့်ခြင်းလက္ခဏာရှိလာသည်ကို ကျွန်ုပ်မြင်ရ၏။ သူတို့သည် ထိုအခါ ထိုနေရာ၌ပင် မိမိတို့၏ဗိုလ်ချုပ်ကြီးကိုဝိုင်းထားပြီး ဒေါသထွက်နေသောလူစုကို ဖယ်ရှားရန်အလိုရှိနေကြ၏။

သို့သော်၊ သခင်ယေရှုက "သို့ဖြစ်လျှင် ဤသို့သောအမှုအရာတို့သည် ဖြစ်ရမည်ဟူသောကျမ်းစာချက်သည် အဘယ်သို့ပြည့်စုံအံ့နည်း"ဟု ထပ်မံ၍ မိန့်တော်မူပြန်ရာ သူတို့သည် ဝမ်းနည်းစိတ် ပျက်ခြင်းသို့ ရောက်ကြပြန်၏။မဿဲ ၂၆း၅၄။ မိမိကိုယ်တော်တိုင်အား ရန်သူများ ဖမ်းသွားစေဖို့ သခင်ယေရှုက အခွင့်ပေးတော်မူသောအခါ တပည့်တော်များတို့သည် အလွန်စိတ်ပျက်ဝမ်းနည်းကြလေ၏။

တပည့်တော်တို့သည် မိမိတို့၏အသက်ဘေးအတွက် ကြောက်လန့်စိုးရိမ်ကြသဖြင့်၊ သူတို့အားလုံးသည် ကိုယ်တော်ကိုစွန့်၍ထွက်ပြေးကြ၏။ သခင်ယေရှုတစ်ပါးတည်းသာ ရက်စက်ကြမ်းကြုတ်သော လူစု၏လက်ထဲ၌ ကျန်ခဲ့တော်မူ၏။ ထိုအခါ စာတန်သည် မည်မျှဝမ်းမြောက်လိမ့်မည်လဲ။ ဘုရားသခင်၏ ကောင်းကင်တမန်တို့၌ကား မည်မျှစိတ်ပျက်ဝမ်းနည်းခြင်းရှိ . . . . . . . . . . . .

ကြမည်လဲ။ အရပ်မြင့်၍အုပ်ချုပ်ရသောကောင်းကင်တမန်တစ်ပါးပါဝင်သော သန့်ရှင်းသော ကောင်းကင်တမန်အများစုများအား ထိုအဖြစ်အပျက်ကို မြင်စေခြင်းငှါ စေလွှတ်တော်မူ၏။ သူတို့သည် ဘုရားသခင်၏သားတော်အပေါ်၌ ရက်စက်စော်ကားစွာပြုသောအမှုရှိသမျှ၊ ကိုယ်တော်ခံရမည့်ဝေဒနာရှိသမျှတို့ကို ရေးမှတ်ထားရကြလိမ့်မည်။ အကြောင်းမူကား၊ ဤကြောက်မက်ဖွယ် အဖြစ်အပျက်ကြီးတွင် ပါဝင်ကြသောလူတို့ပင် နောက်တစ်ဖန် ၄င်းတို့ကို အစဉ်အမြဲရှိနေသော မှတ်တမ်းများသဖွယ် ပြန်၍ ရှုမြင်ရကြလိမ့်မည်။

----၀၀---

# အခန်း (၂၈)
# သခင်ခရစ်တော်ကိုစစ်ဆေးခြင်း

ကောင်းကင်တမန်များတို့သည် ကောင်းကင်မှထွက်လာကြစဉ်၊ ဝမ်းနည်းခြင်းနှင့် မိမိတို့၏တောက်ပသော သရဖူများကိုချထားကြ၏။ သူတို့၏ဗိုလ်ချုပ်ကြီးသည် ဒုက္ခဆင်းရဲခံနေရလျက် ဆူးဦးရစ်သရဖူကိုဆောင်းနေစဉ် သူတို့သည် ထိုသရဖူများကို ဆောင်းမထားနိုင်ကြ။ စာတန်၏သူ၏တမန်များသည် တရားစီရင်ရာအခန်းမကြီးထဲ၌ လူတို့၏နူးညွတ်ထောက်ထားတတ်သောစိတ်သဘောကို ဖျက်ဆီးရန် အလုပ်များလျက်ရှိကြသည်။ သူတို့၏ဩဇာလွှမ်းမိုးနေခြင်းကြောင့် ပတ်ဝန်းကျင်လေထုသည် လေးလံလျက် ညစ်ညူးနေ၏။ လူတို့ခံနိုင်ဖို့ရန် အခဲယဉ်းဆုံးသောနည်းဖြင့် သခင်ယေရှုကို စော်ကား၊ ဆဲရေးစေဖို့ရန် ယဇ်ပုရောဟိတ်အကြီးများနှင့် ယုဒလူအကြီးအကဲတို့အား သူတို့ကဆွပေးနေကြ၏။ ထိုသို့ ကဲ့ရဲ့ပြောင်လှောင်ခြင်း၊ ကြမ်းတမ်းစွာပြုမူခြင်းအားဖြင့် ဘုရားသခင်၏သားတော်သည် တစ်စုံတစ်ခုကို အပြစ်တင်ညည်းညူတော်မူလိမ့်မည်။ သို့မဟုတ် ကိုယ်တော်သည် မိမိ၏တန်ခိုးတော်ကို ထင်ရှားစေပြီး မိမိကိုယ်ကို လူပရိတ်သတ်တို့လက်ထဲမှ ရုန်းထွက်တော်မူလိမ့်မည်၊ ထိုသို့အားဖြင့် ကယ်တင်ခြင်းစီမံကိန်းသည် နောက်ဆုံး၌ ပျက်ကွက်ရလိမ့်မည်ဟု စာတန်မျှော်လင့်၏။

## ပေတရုငြင်းပယ်ခြင်း

ကိုယ်တော်ကို ဖမ်းသွားပြီးနောက်၊ ပေတရုသည် မိမိ၏သခင်ဘုရားနောက်သို့ လိုက်သွားလေ၏။ သခင်ယေရှု၌ မည်ကဲ့သို့ ဖြစ်ပျက်မည်ကို သူသည်အလွန်သိမြင်လို၏။ သို့ရာတွင် သူသည် ကိုယ်တော်၏တပည့်တော်တစ်ယောက်ဖြစ်သည်ဟု စွပ်စွဲသောအခါ၊ မိမိ၏အသက်ဘေးကိုစိုးရိမ်သဖြင့်၊ ထိုလူကိုသူမသိဟု ငြင်းဆိုခဲ့လေ၏။ တပည့်တော်တို့သည် စကားအရာ၌ ချောမောပြေပြစ်အောင် မပြောတတ်ကြသဖြင့်၊ မိမိသည် သခင်ခရစ်တော်၏တပည့်တော်တစ်ယောက်မဟုတ်ဟု သူ့ကိုစွပ်စွဲသူတို့အား ပြန်၍ချေပရာ၌ စွပ်ချက်ကိုသုံးကြိမ်တိုင် ကျိန်ဆဲခြင်းဖြင့် ငြင်းပယ်လေ၏။ သခင်ယေရှုသည် ပေတရုနှင့်မနီးမဝေးတွင် ရှိတော်မူသဖြင့်၊ ဝမ်းနည်း၍အပြစ်ကိုဖော်ပြဆုံးမ . . . . . . . . . . . . . . . . . . . . . . . .

သောလကၡဏာနှင့်ပေတရုအားစိုက်ကြည့်တော်မူ၏။ ထိုအခါ တပည့်တော်သည် သခင်ယေရှုက အထက်ခန်း၌ သူ့အားမိန့်တော်မူသောစကားကိုငှင်း၊ "ဤသူရှိသမျှတို့သည် ကိုယ်တော်ကြောင့် စိတ်ပျက်ကြသော်လည်း၊ အကျွန်ုပ်သည် စိတ်အလျင်းမပျက်ပါ"ဟု သူကစိတ်အားကြီးစွာ ပြန်ပြောသောစကားကိုငှင်း သတိရလေ၏။ မဿဲ ၂၆း၃၃။ သူသည် မိမိ၏သခင်ဘုရားကို ကျိန်ဆဲခြင်းနှင့်ပင် ငြင်းပယ်ခဲ့လေပြီ။ သို့သော် ထိုသို့သခင်ယေရှုကြည့်လိုက်တော်မူခြင်းဖြင့် ပေတရုစိတ်သည် ပြောင်းလဲ၍ ကယ်တင်ခြင်းခံရလေပြီ။ သူသည် ပြင်းစွာငိုကြွေး၍ မိမိ၏အပြစ်ကိုနောင်တရလျက် စိတ်နှလုံးပြောင်းလဲသွားလေ၏။ ထိုနောက် သူသည် မိမိ၏ညီအစ်ကိုများအား ခွန်အားနှင့်ပြည့်စေရန် အသင့်ရှိလေ၏။

## တရားစီရင်ရာခန်းမကြီးတွင်

လူပရိတ်သတ်သည် သခင်ခရစ်တော်၏အသွေးကို အော်ဟစ်တောင်းဆိုနေကြ၏။ သူတို့သည် ကိုယ်တော်ကိုရိုက်၍ နီမောင်းသောဝတ်လုံအဟောင်းတစ်ထည်ကို ကိုယ်တော်အပေါ်၌ ခြုံစေပြီးလျှင်၊ ခေါင်းတော်ပေါ်၌ ဆူးဦးရစ်ကိုတင်ထားပေးကြ၏။ သူတို့သည် ကိုယ်တော်၏လက်ထဲ၌ကျူတံတစ်ခုကို ကိုင်စေပြီး၊ ကိုယ်တော်၏ရှေ့၌ ဦးညွှတ်ချ၍၊ "ယုဒရှင်ဘုရင်၊ ကိုယ်တော်သည် မင်္ဂလာရှိတော်မူစေသတည်း"ဟု ပျက်ရယ်ပြုလျက် နှုတ်ဆက်ကြ၏။ ယောဟန် ၁၉း၃။ ထိုနောက် သူတို့သည် ကိုယ်တော်၏လက်ထဲမှကျူတံကိုယူ၍ ခေါင်းတော်ကို ၎င်းနှင့်ရိုက်သဖြင့်၊ ဆူးများသည် ကိုယ်တော်၏နားသယ်ကိုစူးဝင်၍ သွေးများသည် ကိုယ်တော်၏မျက်နှာနှင့်မုတ်ဆိတ်တစ်လျှောက် စီးကျနေ၏။

ထိုအဖြစ်အပျက်ကို မြင်ရကြသောအခါ၊ ကောင်းကင်တမန်တို့သည် သည်းမခံနိုင်ကြတော့ချေ။ သူတို့သည် သခင်ယေရှုကို ကယ်တင်လိုကြ၏။ သို့သော် အုပ်ချုပ်နေသော ကောင်းကင်တမန်များက အခွင့်မပေးဘဲ၊ ၎င်းသည် လူကိုရွေးနှုတ်ရန် ပေးရသောအဖိုးအခကြီးဖြစ်သည်။ သို့ရာတွင် ၎င်းအမှုသည် ပြီးမြောက်၍ သေခြင်းကို အစိုးရသောသူကိုသေစေလိမ့်မည်ဟု ပြောဆိုကြ၏။ မိမိရှုတ်ချခံရခြင်းအမှုကို ကောင်းကင်တမန်တို့သည် ကြည့်ရှုနေကြသည်ကို သခင်ယေရှုသိတော်မူ၏။ အားအနည်းဆုံးကောင်းကင်တမန် . . . . . . . . . . . . . . . . .

ပင် ပြောင်လျောင်နေသောလူစုကို လဲကျသွားစေပြီး သခင်ယေရှုကို ကယ်နှုတ်နိုင်၏။ ကိုယ်တော်သည် ခမည်းတော်ထံ၌ အခွင့်တောင်းလျှင်၊ ကောင်းကင်တမန်တို့သည် ကိုယ်တော်ကိုချက်ခြင်းကယ်လွှတ်ကြမည်ကို ကိုယ်တော်သိတော်မူ၏။ သို့ရာတွင် ကယ်တင်ခြင်းစီမံကိန်းကိုပြီးမြောက်စွာ ဆောင်ရွက်နိုင်မည်အကြောင်း၊ ကိုယ်တော်သည် ဆိုးသောလူတို့က ကြမ်းကြုတ်စွာပြုခြင်းကိုခံဖို့လိုပေသည်။

အမျက်ဒေါသထွက်နေသော ပရိတ်သတ်သည် ကိုယ်တော်ကို အလွန်ယုတ်မာစွာဆဲရေးနေကြစဉ်၊ သခင်ယေရှုသည် သူတို့ရှေ့၌ နူးညံ့နှိမ့်ချသောသဘောနှင့်ရပ်နေတော်မူ၏။ သူတို့သည် ကိုယ်တော်၏မျက်နှာကို တံတွေးနှင့်ထွေးကြ၏။ ထိုမျက်နှာတော်မှ သူတို့သည် ပုန်းကွယ်နေရကြလိမ့်မည်။ ထိုမျက်နှာသည် ဘုရားသခင်၏မြို့တော်ကို လင်းစေ၍ နေထက်တောက်ပလိမ့်မည်။ သခင်ခရစ်တော်သည် မိမိကိုပြစ်မှားသောသူတို့အား အမျက်ဒေါသထွက်နေသော လက္ခဏာနှင့်ကြည့်တော်မမူ။

သူတို့သည် ကိုယ်တော်၏ခေါင်းတော်ပေါ်၌ အဝတ်ဟောင်း တစ်ခုကိုအုပ်၍ မျက်စိကိုဖုံးကွယ်စေပြီး၊ မျက်နှာတော်ကိုလက်နှင့်ပုပ်လျက်၊ “ကိုယ်တော်ကို အဘယ်သူပုပ်သည်ကို ပုရောဖက်ပြု၍ ဟောတော်မူပါ”ဟု အော်ပြောကြ၏။ လုကာ၊ ၂၂း၆၄။ ကောင်းကင်တမန်တို့အထဲတွင် ရုတ်ရုတ်ရက်ရက်ဖြစ်သွား၏။ သူတို့သည် ကိုယ်တော်ကိုချက်ခြင်းကယ်ဆယ်လိုကြ၏။ သို့သော် အုပ်ချုပ်သောကောင်းကင်တမန်များက သူတို့ကို တားမြစ်ထားကြလေ၏။

အချို့သော တပည့်တော်တို့သည် သခင်ယေရှုကို စစ်ဆေးနေသောနေရာသို့ဝင်ရောက်ခွင့်ရရှိကြသည်။ ကိုယ်တော်သည် မိမိ၏တန်ခိုးတော်ကို ထင်ရှားစေပြီး မိမိကိုယ်ကို ရန်သူတို့လက်မှကယ်နှုတ်လျက်၊ ကိုယ်တော်အားရက်စက်စွာပြုကြသည်အတွက် ဒဏ်ခတ်တော်မူလိမ့်မည်ဟု သူတို့မျှော်လင့်ကြ၏။ အခြေအနေအမျိုးမျိုးဖြစ်ပေါ်လာသည်အတိုင်း သူတို့၏မျှော်လင့်ခြင်းသည် ပေါ်လာလိုက်၊ ပျောက်ကွယ်သွားလိုက်ဖြစ်နေ၏။ တစ်ခါတစ်ရံ သူတို့သည်ယုံမှား၍ သူတို့သည် လှည့်ဖြားခြင်းခံရသည်ဟု စိုးရိမ်ကြ၏။

သို့ရာတွင် ကိုယ်ရောင်ကိုယ်ဝါပြောင်းလဲ တော်မူသော တောင်ပေါ်၌ကြားရသောအသံ၊ သူတို့မြင်ရသောဘုန်းတော်ကြောင့် ကိုယ်တော်သည် ဘုရား

သခင်၏သားတော်ဖြစ်တော်မူ၏ဟူသော သူတို့၏ယုံကြည်ခြင်းသည် ခိုင်မြဲလာပြန်၏။ သူတို့သည် မိမိတို့မြင်ရသော အဖြစ်အပျက်များ၊ ဖျားနာသူတို့ကို ချမ်းသာပေးခြင်း၊ မျက်စိကန်းသောသူကိုမြင်စေခြင်း၊ နားပင်းသောသူကို ကြားစေခြင်း၊ နတ်ဆိုးများကို ဆုံးမ၍နှင်ထုတ်ခြင်း၊ သေသောသူကို ထမြောက်စေခြင်း၊ လေနှင့်ပင်လယ်ကိုပင်ငြိမ်သက်စေခြင်းမှုတို့၌ ကိုယ်တော်ပြတော်မူသော နိမိတ်လက္ခဏာတို့ကို ပြန်၍ သတိရလျက်ရှိကြ၏။

ကိုယ်တော်သည် အသေခံရမည်ကို သူတို့သည်မယုံနိုင်ကြချေ။ ကိုယ်တော်သည် ဗိမ္မာန်တော်သို့ဝင်၍ ဘုရားသခင်၏အိမ်တော်ကို ကုန်ရောင်းကုန်ဝယ်ဖြစ်စေကြသော သူတို့ကို နှင်ထုတ်တော်မူသောအခါ၊ နောက်မှလက်နက်ကိုင်စစ်သူရဲများ၊ လိုက်သကဲ့သို့ သူတို့သည် ထွက်ပြေးရသည်နည်းတူ ကိုယ်တော်သည် ဘုန်းတန်ခိုးနှင့်ထလာပြီး မိမိ၏ဩဇာအာဏာရှိသောအသံနှင့် သတ်ဖြတ်လိုသောလူစုကို နှင်ထုတ်တော်မူလိမ့်မည်ဟု သူတို့မျှော်လင့်နေကြ၏။ သခင်ယေရှုသည် မိမိ၏တန်ခိုးတော်ကိုထင်ရှားစေလျက်၊ မိမိသည် က္ကသရေလရှင်ဘုရင်ဖြစ်ကြောင်း လူအပေါင်းတို့အား ထင်ရှားစွာသိစေရန် ပြုတော်မူမည်ဟု တပည့်တော်တို့က မျှော်လင့်နေကြ၏။

## ယုဒ၏ဝန်ခံချက်

ယုဒသည် သခင်ယေရှုကို အပ်နှံခြင်းဖြင့် သစ္စာဖောက်ခြင်းအမှုအတွက် ပြင်းစွာရှက်၍သံဝေဂရလာ၏။ ၎င်းပြင် ကယ်တင်ရှင်ခံရသောကျိန်ဆဲခြင်းတို့ကို ကြားသိရသောအခါ၊ သူသည် စိတ်ပျက်ခြင်းသို့ရောက်၏။ သူသည် သခင်ယေရှုကိုချစ်သော်လည်း ငွေကိုတပ်မက်၏။ သခင်ယေရှုသည် မိမိခေါ်လာသော လူစုလက်သို့ မိမိကိုယ်ကိုအပ်နှံတော်မူမည်ဟု သူသည် မထင်မမှတ်မိချေ။ ကိုယ်တော်သည် နိမိတ်လက္ခဏာတစ်ခုခုကိုပြုလျက် မိမိကိုယ်ကိုသူတို့လက်မှ ကယ်နှုတ်တော်မူမည်ဟု သူမျှော်လင့်၏။ သို့သော် တရားစီရင်ရာအခန်းမကြီးထဲ၌ ဒေါသထွက်နေသောသူတို့သည် အသွေးသွန်းရန် ပြင်းပြလျက်ရှိကြသည်ကို မြင်ရသောအခါ၊ သူသည် မိမိ၏အပြစ်ကို ကောင်းစွာသိမြင်လာ၏။ လူအများတို့သည် သခင်ယေရှုကို ပြင်းထန်စွာအပြစ်တင်နေကြစဉ်၊ လူအစုအဝေးထဲမှ ရုတ်တရက်ထွက်လာလျက် မိမိသည် အပြစ်မရှိသောသူ၏အသွေးကို အပ်နှံခဲ့ခြင်းဖြင့် ပြစ်မှားပြီဟု ဝန်ခံ၏။ ယဇ်ပုရော . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ဟိတ်များပေးသော ငွေကို သူသည်သူတို့အား ပြန်ပေးပြီးလျှင် သခင်ယေရှုသည် လုံးလုံးအပြစ်ကင်းသောသူဖြစ်တော်မူသည်ဟု ဝန်ခံလျက် ကိုယ်တော်အား လွှတ်ပစ်ရန် တောင်းပန်၏။

အချိန်အနည်းငယ်ကြာ ယဇ်ပုရောဟိတ်တို့သည်စိတ်ရှုပ်ထွေးလာကြပြီး ဆိတ်ငြိမ်နေကြ၏။ ကိုယ်တော်အား သူတို့လက်ထဲသို့အပ်နှံရန် သခင်ယေရှု၏ တပည့်တော်ဟု အခေါ်ခံနေသော သူတစ်ယောက်ကို သူတို့ကငှါးခဲ့သည်ကို လူများအားသိစေဖို့ သူတို့အလိုမရှိကြ။ သူတို့သည် သခင်ယေရှုကို သူခိုးကဲ့သို့လိုက်ရှာ၍ လျှို့ဝှက်စွာဖမ်းဆီးခြင်းအမှုကိုဝှက်ထားဖို့ အလိုရှိကြ၏။ သို့သော် ယုဒ၏ဝန်ခံချက်နှင့် သူ၏ရှုံ့မဲ့အပြစ်ရှိသော လက္ခဏာအားဖြင့်၊ ယဇ်ပုရောဟိတ်တို့သည် သခင်ယေရှုကိုမုန်းသောကြောင့် ဖမ်းကြကြောင်း လူပရိတ်သတ်ရှေ့တွင် ထင်ရှားစေလေ၏။ ယုဒက သခင်ယေရှုသည် အပြစ်ကင်းတော်မူ၏ဟု ကျယ်စွာပြောဆိုရာ "ငါတို့နှင့် အဘယ်သို့ဆိုင်သနည်း။ ကိုယ်အမှုကိုကိုယ်ကြည့်လော့"ဟု ယဇ်ပုရောဟိတ်တို့က ပြန်ပြောကြ၏။ မဿဲ ၂၇း၄။ သခင်ယေရှုသည် သူတို့လက်ထဲ၌ ရောက်ရှိနေပြီးဖြစ်၍သူတို့သည် ကိုယ်တော်ကို သူတို့သဘောအတိုင်းပြုရန် ဆုံးဖြတ်ကြ၏။ ယုဒသည် ပူဆွေးခြင်းသို့ရောက်၍ သူ့ကိုငှါးသော သူတို့၏ခြေရင်းတွင် ယခုသူရွံ့ရှာသော ငွေကိုလွှင့်ပစ်ပြီးလျှင် ပူဆွေးထိတ်လန့်ခြင်းနှင့် ထွက်သွားလျက် မိမိကိုယ်ကို ဆွဲကြိုးချ၍သေလေ၏။

လူအစုအဝေးတွင် သခင်ယေရှုကို ထောက်ထားစာနာကြသော သူအများရှိကြ၍ ကိုယ်တော်အား မေးသောမေးခွန်းများကို ကိုယ်တော်သည် ဘာမျှပြန်မပြောဘဲ နေတော်မူသည်ကို လူအစုအဝေးသည် အံ့ဩလျက်နေကြ၏။ လူစုသည်ကဲ့ရဲ့လျက် ကြမ်းကြုတ်စွာပြုမူကြသော်လည်း ကိုယ်တော်၌မျက်မှောင်ကုတ်ခြင်း၊ စိတ်ရှုထွေးခြင်းလက္ခဏာ တစ်စုံတစ်ခုမျှမတွေ့ရ။ ပတ်လည်ရှိလူများတို့သည် ကိုယ်တော်ကိုအံ့ဩခြင်းနှင့် ကြည့်နေကြ၏။ ကိုယ်တော်သည် တည်ကြည်၊ ဣန္ဒြေရလျက်ရှိတော်မူ၏။ သူတို့သည်ကိုယ်တော်၏စုံလင်သော ပုံပန်းလက္ခဏာ၊ တည်ကြည်ဣန္ဒြေရသောအမူအရာတို့ကို ကိုယ်တော်အား တရားစီရင်နေကြသော သူတို့၏ပုံပန်းနှင့်နှိုင်းယှဉ်ကြည့်ကြပြီးလျှင်၊ ကိုယ်တော်သည် မင်းအရာရှိတစ်စုံတစ်ယောက်ထက်သာ၍ ရှင်ဘုရင် . . . . . . . . . . . . . . . . . . . . . . . .

နှင့်တူတော်မူ၏ဟု အချင်းချင်းပြောဆိုကြ၏။ ကိုယ်တော်၌ပြစ်မှုကျူးလွန်သော သူ၏လက္ခဏာကို မတွေ့ရချေ။ ကိုယ်တော်၏မျက်စိတော်သည် တည်ငြိမ်ကြည် လင်လျက် ကြောက်ရွံ့ခြင်းကင်းသောလက္ခဏာရှိ၏။ ကိုယ်တော်၏နဖူးတော်သည် ကျယ်၍မြင့်၏။ ပုံပန်းလက္ခဏာရှိသမျှသည် ကျေးဇူးပြုတတ်သောသဘော၊ မြင့် မြတ်သော သဘောတို့နှင့်အထူးပြည့်ဝလျက်ရှိ၏။ ကိုယ်တော်၏သည်းခံစိတ်ရှည် ခြင်းသဘောသည် လူနှင့်မတူသောကြောင့် အများတို့က အံ့သြကြ၏။ ဟေရုဒ်မင်း နှင့်ပိလတ်မင်းတို့ပင် ကိုယ်တော်၏မြင့်မြတ်သော လက္ခဏာ၊ ဘုရားနှင့်တူသော ပုံပန်းကြောင့် များစွာစိတ်ရှုပ်ထွေးနေကြ၏။

## သခင်ယေရှုကိုပိလတ်မင်းရှေ့၌ခေါ်ဆောင်ခြင်း

သခင်ယေရှုသည် သာမညလူမဟုတ်ကြောင်းကို ပိလတ်မင်းသည် ပဌမဦးစွာကပင်သိမြင်၏။ ကိုယ်တော်သည် ထူးကဲသောသူဖြစ်ဝံ ကိုယ်တော်အား စွပ်စွဲကြသောအပြစ်များနှင့် လုံးလုံးကင်းလွတ်တော်မူကြောင်းသူယုံကြည်သည်။ တရားစီရင်နေခြင်းအမှုကို ကြည့်ရှုနေကြသော ကောင်းကင်တမန်တို့သည် ရောမ ဘုရင်ခံမင်း၏ယုံကြည်သိမြင်မှုအကြောင်းကို အရေးယူလျက်၊ သခင်ခရစ်တော်ကို လက်ဝါးကပ်တိုင်၌ ရိုက်ထားဖို့ရန် အပ်ပေးခြင်းအမှုတွင် မပါဝင်စေခြင်းငှါ ကောင်း ကင်တမန်တစ်ပါးကို ပိလတ်မင်း၏ဇနီးထံသို့စေလွှတ်၍ သူမ၏ခင်ပွန်းစစ်ဆေး နေသောသူသည် ဘုရားသခင်၏သားတော်ဖြစ်လျက်၊ အပြစ်မရှိဘဲ ဒုက္ခခံနေရ သောသူဖြစ်သည်ဟု အိပ်မက်အားဖြင့် ကြားပြောစေ၏။ သူမသည် ချက်ခြင်းပိ လတ်မင်းထံသို့ လူကိုစေလွှတ်၍ သခင်ယေရှုကြောင့်သူမသည် အိမ်မက်၌ပြင်း စွာခံရပါပြီ။ ထိုဖြောင့်မတ်သောသူကို အဘယ်သို့မျှမပြုနှင့်ဟု မှာကြားကာ သတိ ပေးလိုက်၏။ သတင်းပေးရသောသူသည် လူစုထဲသို့လျှင်မြန်စွာတိုးဝင်သွားပြီးလျှင် ပိလတ်မင်းလက်ထဲသို့ မှာစာကိုပေးလေ၏။ သူသည်ဖတ်ကြည့်ရာ၊ တုန်လှုပ်လျက် မျက်နှာတွင် ဖြူဖတ်ဖြူရော်ဖြစ်သွားပြီး၊ သခင်ခရစ်တော်ကို သတ်စေဖို့အမှုတွင် ဘာမျှဝင်မစွက်ဖက်ရန် ချက်ချင်းဆုံးဖြတ်လိုက်သည်။ ယုဒလူတို့သည် သခင်ယေရှု ၏အသွေးကို အလိုရှိကြလျှင် သူသည် ထိုသို့ပြုစေရန် ဩဇာအမိန့်မပေးဘဲ ကိုယ် တော်ကို ကယ်နှုတ်ရန် ကြိုးစား၏။

သခင်ယေရှုသည် အပြစ်ကင်းကြောင်းသိရှိ၍ ပိလတ်မင်းသည်
လွှတ်ရန်ကြိုးစား၏

ဟေရုဒ်မင်းသည် ယေရုရှလင်မြို့၌ရှိနေကြောင်း ပိလတ်မင်းကြားသိရသောအခါ သူသည်များစွာစိတ်သက်သာခြင်းသို့ရောက်၏။ အကြောင်းမူကား၊ သူသည် သခင်ယေရှုကိုစစ်ဆေး၊ စီရင်ခြင်းတွင် တာဝန်အပေါင်းနှင့် ကင်းလွတ်ရန်မျှော်လင့်၏။ သူသည် ချက်ခြင်းကိုယ်တော်ကို အပြစ်ရှာသောသူတို့နှင့်တကွ ကိုယ်တော်ကို ဟေရုဒ်မင်းကြီးထံသို့ စေလွှတ်လိုက်လေ၏။ ဤမင်းကြီးသည် အပြစ်ဒုစရိုက်ပြုရာတွင် စိတ်နှလုံးခိုင်မာခဲ့ပြီ။ နှစ်ခြင်းဆရာကိုသတ်ပစ်ခြင်းအမှုသည် သူ၏သြတ္တပစိတ်တွင် အစွန်းအကွက်ကျန်ခဲ့၍ သူကိုယ်တိုင် ၄င်းမှကင်းလွတ်ခြင်းငှါ မတတ်နိုင်။ သူသည် သခင်ယေရှုအကြောင်း၊ ကိုယ်တော်ပြုတော်မူသောအံ့သြဖွယ်အမှုများအကြောင်းကို ကြားသိရသောအခါ၊ သူသည် ကြောက်ရွံ့တုန်လှုပ်လျက် ကိုယ်တော်သည် သေခြင်းမှထမြောက်လာသော နှစ်ခြင်းဆရာယောဟန်ဖြစ်တော်မူသည်ဟု ယုံကြည်နေ၏။ ပိလတ်မင်းသည် သခင်ယေရှုကို မိမိ၏လက်၌အပ်ပေးသောအခါ၊ ဟေရုဒ်မင်းသည် သူ၏သြဇာအာဏာကို စီရင်ပိုင်သောအခွင့်ကို ပိလတ်မင်းကဝန်ခံသောအမှုဟု ယူဆ၏။ ဤအမှုအားဖြင့် အထက်ကရန်ဖက်ဖြစ်နေကြသော မင်းနှစ်ပါးသည် မိတ်ဆွေပြန်ဖြစ်လာကြသည်။ သခင်ယေရှုသည် ဟေရုဒ်မင်းစိတ်ကျေနပ်လာအောင် နိမိတ်လက္ခဏာတစ်စုံတစ်ခုကို ပြတော်မူလိမ့်မည်ဟု မျှော်လင့်နေကြသောကြောင့်၊ ဟေရုဒ်သည် ကိုယ်တော်ကိုမြင်လျှင် အားရဝမ်းမြောက်ခြင်းရှိ၏။

သို့ရာတွင် သခင်ယေရှုသည် သူတစ်ပါး စိတ်ကျေနပ်စေရန် သို့မဟုတ် မိမိကိုယ်ကိုကယ်နှုတ်ရန် ထိုအမှုကိုပြုတော်မူမည်မဟုတ်။ အခြားသူတို့ကယ်တင်ခြင်းရရှိစေရန်သာ ကိုယ်တော်သည် မိမိ၏တန်ခိုး တော်ကိုအသုံးပြုတော်မူ၏။ မိမိအကျိုးအတွက် မဟုတ်ပါ။

သခင်ယေရှုသည် ဟေရုဒ်မင်းက မေးသောမေးခွန်းတစ်ခုကိုမျှ ဖြေတော်မမူ။ ကိုယ်တော်ကို ပြင်းစွာအပြစ်တင်သော ရန်သူများကိုလည်း ဘာမျှပြန်ပြောတော်မမူ။ သခင်ယေရှုသည် သူ၏အာဏာတန်ခိုးတော်ကို ကြောက်တော်မမူသောကြောင့်၊ ဟေရုဒ်မင်းသည် အမျက်ထွက်၍ သူ၏စစ်သူရဲများနှင့်အတူ ဘုရားသခင်၏သားတော်ကို ပြောင်လှောင်ကျီစယ်ပြီးဆဲရေးလေ၏။ သို့သော် ကိုယ်တော်ည် ရှက်ဖွယ်ဆဲရေးခြင်းခံရသောအခါ၌ပင် ကိုယ်တော် . . . . . . . . .

၏မြင့်မြတ်၍ ဘုရားနှင့်တူသော ပုံပန်းလက္ခဏာကို သူသည်မြင်ရသဖြင့် အံ့ဩလျက် ကိုယ်တော်ကိုစီရင်ဖို့ ကြောက်သောကြောင့် ကိုယ်တော်အား ပိလတ်မင်းထံသို့ ပြန်ပို့ပြန်၏။

စာတန်နှင့်သူ၏တမန်များတို့သည် ပိလတ်မင်းကိုပျက်စီးခြင်းသို့ရောက်စေရန် ကြိုးစား၍ သွေးဆောင်နေကြသည်။ သူသည် သခင်ယေရှုကိုစီရင်ချက်မပေးလျှင်၊ အခြားသူတို့က စီရင်ရလိမ့်မည်ဟု သူတို့က ပိလတ်မင်းအားအကြံပေး၏။ လူစုသည် ကိုယ်တော်၏အသွေးကို အပြင်းအထန်တောင်းနေကြသဖြင့်၊ ကိုယ်တော်အား လက်ဝါးကပ်တိုင်၌ ရိုက်ထားစေခြင်းငှါ သူသည်မပေးအပ်ခဲ့လျှင်၊ သူသည် မိမိ၏အာဏာတန်ခိုးနှင့် ဂုဏ်အသရေကိုဆုံးရှုံး၍ လှည့်ဖြားသောသူကို ယုံကြည်သောသူဟု အပြစ်တင်ခြင်းခံရလိမ့်မည်။ မိမိ၏တန်ခိုးအာဏာဆုံးရှုံးမည်ကိုစိုးရိမ်သဖြင့် သခင်ယေရှုကိုသတ်ဖို့ရန် ပိလတ်မင်းသည် သဘောတူရလေ၏။

သူသည် သခင်ယေရှု၏အသွေးတော်ကို ကိုယ်တော်အား အပြစ်တင်စွပ်စွဲသူတို့အပေါ်၌တင်ထား၍ လူစုတို့က "သူ၏အသွေးသည် ငါတို့ခေါင်းပေါ်၌၎င်း၊ သားမြေးတို့၏ခေါင်းပေါ်၌၎င်း၊ တည်ရှိပါစေ" ဟု ပြောဆို (မဿဲ ၂၇း၂၅) လျက် လက်ခံကြသော်လည်း၊ ပိလတ်မင်းသည် အပြစ်နှင့်မကင်းရှင်းချေ။

သခင်ခရစ်တော်၏အသွေးကြောင့် သူသည်အပြစ်သင့်၏။ သူ၏ကိုယ်ကျိုးအတွက် လောကရှိမြင့်မြတ်သူတို့ထံမှ ဂုဏ်အသရေကို နှစ်သက်သောကြောင့်၊ သူသည်အပြစ်ကင်းသောသူကို အသေခံစေရန် အပ်ပေးလိုက်လေ၏။ ပိလတ်မင်းသည် မိမိ၏ စိတ်ထဲ၌ယုံကြည်စွဲမှတ်ထားသည့်အတိုင်းလိုက်နာလျှင်၊ သခင်ယေရှုကို ဘယ်နည်းနှင့်မျှ စီရင်တော်မူမည်မဟုတ်။

ကိုယ်တော်အားစစ်ဆေးနေစဉ်၊ သခင်ယေရှု၏ပုံပန်းသဏ္ဌာန်နှင့် စကားတော်များကို ထိုနေရာသို့ လာရောက်သောသူတို့သည် များစွာစိတ်စွဲလမ်းကြသည်။ ကိုယ်တော်ထမြောက်တော်မူပြီးနောက် ထိုသို့စိတ်စွဲလန်းခြင်း၏အကျိုးသည် ထင်ရှားလာလေ၏။ ထိုအခါ အသင်းတော်၌ပါဝင်လာကြသော သူတို့တွင် သခင်ယေရှုကို စစ်ဆေးနေစဉ်အချိန်က ထိုသို့ယုံကြည်စွဲလမ်းခြင်းရှိခဲ့ကြသော သူအများပါဝင်ကြ၏။

ယုဒလူတို့အား သခင်ယေရှုကို ရက်စက်နိုင်သမျှ ရက်စက်စွာပြုမူဖို့ စာတန်သည် သွေးဆောင်ခဲ့သော်လည်း ကိုယ်တော်သည် အနည်းငယ်မျှညည်းညူခြင်းပြုတော်မမူသည်ကို စာတန်သည် မြင်ရသောအခါ အလွန်အမျက်ထွက်ကြ၏။ ကိုယ်တော်သည် လူဇာတိကို ခံယူနေသော်လည်း ဘုရားကဲ့သို့ခိုင်ခံ့တည်ကြည်သော သဘောရှိတော်မူလျက်၊ မိမိခမည်းတော်၏အလိုတော်မှ အနည်းငယ်မျှ လမ်းလွဲသွားတော်မမူပါ။

---oo---

## အခန်း (၂၉)

## သခင်ခရစ်တော်ကို လက်ဝါးကပ်တိုင်၌ရိုက်ထားကြခြင်း

အဖိုးထိုက်တန်သောဘုရားသားတော်၊ သခင်ခရစ်တော်ကို အပြင်သို့ ထုတ်သွားပြီး လက်ဝါးကပ်တိုင်၌ရိုက်ထားစေခြင်းငှါ လူတို့လက်သို့အပ်လိုက်ရလေ၏။ အနီးအနားပတ်လည်ရှိတပည့်တော်များနှင့်ယုံကြည်သူတို့သည် ယေရှုကို ကရာနီကုန်းသို့ယူဆောင်သွားကြသောလူစုနောက်သို့လိုက်သွားကြ၏။ သခင်ယေရှု၏မိခင်သည်လည်း ထိုနေရာ၌ရှိ၍ ချစ်တော်မူသောတပည့်တော် ယောဟန်က ကူညီမစလျက်ရှိ၏။ သူမ၏စိတ်ထဲ၌မပြောနိုင်လောက်အောင် ပူဆွေးခြင်းဖြစ်နေ၏။ သို့သော် ဝေဒနာခံနေရသော အဖြစ်အပျက်သည် ပြောင်းလဲ၍ သခင်ယေရှုသည် မိမိ၏တန်ခိုးတော်ကိုအသုံးပြုလျက် မိမိ၏ရန်သူများရှေ့တွင် ဘုရားသခင်၏သားတော်အဖြစ်နှင့် ပေါ်လာတော်မူမည်ဟု သူမသည်တပည့်တော်နှင့်အတူ မျှော်လင့်နေ၏။ ထိုနောက်တဖန် ထိုနေ့၌ အတည်ဖြစ်လာသော အကြောင်းအရာတို့ကို ကိုယ်တော်ကအချုပ်အားဖြင့် ညွှန်ပြတော်မူခဲ့သောစကားများကို သူမသည် သတိရလာသောအခါ စိတ်ပျက်သွားပြန်၏။

သခင်ယေရှုသည် ပိလတ်မင်း၏အိမ်တော်ဦးတံခါးဝအလွန်ကလေးတွင် ဗာရဗ္ဗအဖို့ပြင်ဆင်ထားသောလက်ဝါးကပ်တိုင်ကို ယူဆောင်လာကြပြီး၊ ဒဏ်ရာရရှိလျက် သွေးထွက်နေသော ကိုယ်တော်၏ပုခုံးပေါ်သို့ တင်လိုက်ကြ၏။ သခင်ယေရှုနှင့်အတူအသေခံရကြမည့် ဗာရဗ္ဗ၏အဘော်များအပေါ်၌လည်း လက်ဝါးကပ်တိုင်များကိုတင်ကြ၏။ ကယ်တင်ရှင်သည် မိမိဒ၏ကားတိုင်ကို အနည်းငယ်ဝေးကွာသောနေရာသို့ထမ်းသွားပြီးသောအခါ၊ သွေးများစွာယိုစီး၍ အလွန်တရာပင်ပန်းလျက် ဝေဒနာကိုခံရသောကြောင့်၊ မြေပေါ်သို့ မှေ့မြောကာလဲကျသွားတော်မူ၏။

သခင်ယေရှုသည် သတိရလာသောအခါ၊ လက်ဝါးကပ်တိုင်ကို ကိုယ်တော်၏ပုခုံးပေါ်သို့တင်လျက် ဆက်လက်ခရီးသွားတော်မူရပြန်သည်။

ကိုယ်တော်သည် လေးသောကားတိုင်ကိုထမ်းလျက် ခြေလမ်းအနည်းငယ်ယိမ်းယိုင်သွားတော်မူပြီးနောက် မြေကြီးပေါ်သို့အသက်မရှိသူကဲ့သို့ လဲကျသွားတော်မူ၏။ ပထမတွင် ကိုယ်တော်သေပြီဟု ထင်မှတ်ကြသော်လည်း ကိုယ်တော်သည် အဆုံး၌ သတိရလာပြန်တော်မူ၏။ ယဇ်ပုရောဟိတ်နှင့်အကြီးအကဲတို့သည် ဒုက္ခဝေဒနာခံနေရသောကိုယ်တော်ကို အနည်းငယ်မျှမသနားကြချေ။ သို့ရာတွင် ကိုယ်တော်သည် ရက်စက်စွာညှဉ်းဆဲသောအရာကို ဆက်လက်ထမ်းသွားတော်မူရန် မတတ်နိုင်တော့ကြောင်းကို သူတို့သည်မြင်ရကြ၏။ မည်ကဲ့သို့ပြုရမည်နည်းဟု သူတို့သည်တွေးတောနေစဉ် ရှိမုန်အမည်ရှိသော ကုရေနေပြည်သားတစ်ယောက်သည် မိမိတို့ရှေ့မှလာ၍ သူတို့နှင့်တွေ့သောအခါ၊ သူတို့သည်သူ့အား ယဇ်ပုရောဟိတ်တို့၏အမိန့်အရ ဖမ်းပြီးလျှင် အနိုင်ပြု၍ သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်ကိုထမ်းစေကြ၏။ ရှိမုန်၏သားများသည် ကိုယ်တော်၏တပည့်တော်များဖြစ်ကြသော်လည်း သူကိုယ်တိုင်ဘယ်အခါမျှ ကိုယ်တော်နှင့်မတွေ့ကြုံမဆက်သွယ်ခဲ့ဖူးချေ။

ကာရာနီကုန်းသို့ သခင်ယေရှုနောက်တော်မှ လူစုကြီးသည် လိုက်ပါသွားကြရာ၊ အများတို့က ပြောင်လှောင်ပျက်ရယ်ပြုကြ၏။ အချို့တို့ကား ငိုကြွေးမြည်တမ်းလျက်၊ ကိုယ်တော်အားချီးမွမ်းစကားများကို ပြန်ပြောကြ၏။ ရောဂါဝေဒနာအမျိုးမျိုးမှ ကိုယ်တော်ချမ်းသာပေးတော်မူခဲ့သော သူများနှင့် ကိုယ်တော်သည်သေခြင်းမှထမြောက်စေတော်မူခဲ့သော သူများတို့က စိတ်အားကြီးသောစကားသံဖြင့် ကိုယ်တော်၏အံ့ဩဖွယ်အမှုများအကြောင်းကိုဖော်ပြလျက်၊ ကိုယ်တော်သည် ရာဇဝတ်ဒဏ်သင့်သူကဲ့သို့ ပြုမူခြင်းခံရမည်အကြောင်း၊ ကိုယ်တော်သည်အဘယ်သို့ပြုခဲ့ပြီနည်းဟု သိလိုကြ၏။ ရက်အနည်းငယ်အထက်ကပင် ကိုယ်တော်သည် ယေရုရှလင်မြို့ထဲသို့ မြည်းကိုစီးလျက် ဝမ်းမြောက်စွာဝင်လာတော်မူသောအခါ၊ သူတို့သည် ဝမ်းမြောက်စွာ ဟောရှနဖြစ်စေသတည်းဟု ကြွေးကြော်လျက် သစ်ခက်များကိုကိုင်၍ နောက်တော်သို့လိုက်ပါခဲ့ကြပြီ။

သို့ရာတွင် ထိုအခါက ကိုယ်တော်ကိုချီးမွမ်းရာ၌လူအများပြုသည်နည်းတူ လိုက်၍အော်ဟစ်ခဲ့ကြသော သူများတို့သည် ယခု "ကိုယ်တော်ကို လက်ဝါးကပ်တိုင်၌ရိုက်ထားပါ။ ကိုယ်တော်ကို လက်ဝါးကပ်တိုင်၌ရိုက်ထားပါ"ဟု ထပ်ခါထပ်ခါကျယ်စွာအော်ဟစ်ကြလေ၏။

## လက်ဝါးကပ်တိုင်၌သံနှင့်ရိုက်ထားခြင်း

လူသတ်သောကုန်းသို့ရောက်လျှင်၊ အပြစ်စီရင်ခြင်းခံရသောသူတို့ကို ကရိယာအမျိုးမျိုးဖြင့် ညှဉ်းဆဲကြ၏။ သူခိုးထားပြန်နှစ်ယောက်တို့သည် သူတို့အား လက်ဝါးကပ်တိုင်၌ရိုက်ထားကြသောသူတို့လက်ထဲမှ ရုန်းကန်ကြသော် မယ်တော်သည် ပူဆွေးဝေခွဲမရသော စိတ်နှင့်ကြည့်လျက် ကိုယ်တော်သည် မိမိကိုယ်ကိုကယ်တင်ရန် အံ့ဩဖွယ်အမှုတ်တစ်စုံတစ်ခုပြုတော်မူလိမ့်မည်ဟု မျှော်လင့်နေ၏။ လက်ဝါးကပ်တိုင်ပေါ်၌ ဆန့်တန်းထားသော ကိုယ်တော်၏လက်များကို သူမသည်မြင်နေရ၏။ ထိုနှစ်သက်ဖွယ်လက်တော်များသည် ကောင်းချီးမင်္ဂလာကိုချပေးတော်မူခဲ့၍ဒုက္ခဝေဒနာကိုခံစားနေရသော သူတို့ကိုချမ်းသာပေးရန် အခါပေါင်းများစွာကမ်းလှမ်းတော်မူခဲ့ပြီ။

ယခုမူကား၊ တူနှင့်သံများကိုယူ၍ လက်ဝါးကပ်တိုင်ပေါ်၌ဆွဲထားရန် နူးညံ့သောအသားများထဲသို့ သံမှိုများကိုရိုက်နှက်ကြစဉ်၊ စိတ်နှလုံး ကြေကွဲနေသော တပည့်တော်တို့သည် သခင်ခရစ်တော်၏ မေ့မြောနေသောမယ်တော်ကို ရက်စက်သောနေရာမှခေါ်ဆောင်သွားရကြ၏။

သခင်ယေရှုသည်အနည်းငယ်မျှ ညည်းညူခြင်းပြုတော်မမူ။ ကိုယ်တော်၏မျက်နှာတော်သည်ဖျော့တော့၍တည်ငြိမ်နေ၏။ သို့သော် နဖူးတော်၌ချွေးများထွက်နေ၏။ ကိုယ်တော်၏မျက်နှာတော်ပေါ်မှ သေခြင်းနှင်းပေါက်များကို လက်နှင့်သုတ်ပစ်ရန် သနားသောသူတစ်ဦးမျှမရှိ။ ကိုယ်တော်၏လူ့ဇာတိစိတ်နှလုံးကိုတည်ငြိမ်စေဖို့ ထောက်ထားညှာတာသောစကား၊ မဖောက်ပြန်သောသစ္စာစကားများကို ပြောမည့်သူတစ်ဦးမျှမရှိ။ ကိုယ်တော်သည် တစ်ပါးတည်းစပျစ်သီးနယ်ရာတန်ဆာကို နင်းနေရတော်မူ၏။ လူအပေါင်းတို့အထဲတွင် ကိုယ်တော်နှင့်အတူရှိသောသူတစ်ယောက်မျှမရှိ။ စစ်သူရဲတို့သည် ကြောက်စရာကောင်းသောအမှုကို ပြုလုပ်နေကြ၍ ကိုယ်တော်သည် အလွန်ပြင်းစွာသောဝေဒနာကိုခံနေရစဉ် "အိုအဘ၊ သူတို့၏အပြစ်ကိုလွှတ်တော်မူပါ။ သူတို့သည်ကိုယ်ပြုသောအမှုကိုမသိကြ" ဟု မိမိ၏ရန်သူအတွက် သခင်ယေရှုသည် ဆုတောင်းတော်မူ၏။ လုကာ ၂၃:၃၄။ မိမိ၏ရန်သူတို့အတွက် ထိုသို့သခင်ခရစ်တော်ဆုတောင်းတော်မူချက်သည် . . . .

တလောကလုံးနှင့် သက်ဆိုင်၍ အသက်ရှင်ခြင်းအခွင့်ကို ရရှိကြမည့်အပြစ်သားတိုင်းကို ကပ်ကမ္ဘာကုန်သည်တိုင်အောင် စုသိမ်းလျက်ရှိ၏။

သခင်ယေရှုကို လက်ဝါးကပ်တိုင်၌သံမှိုနှင့်ရိုက်ပြီးနောက် ခွန်အားကြီးသောသူများသည် ၄င်းကားတိုင်ကိုမ၍ တူးထားသောတွင်းထဲသို့ ဆောင့်ထည့်လိုက်ကြရာ၊ ဘုရားသခင်၏သားတော်အတွက် အပြင်းထန်ဆုံးသောဝေဒနာကို ဖြစ်စေသည်။ ယခုမူကား၊ အလွန်ကြောက်မက်ဖွယ်အမှုကြီးကို ပြီးမြောက်အောင်ပြုလုပ်ပြီးလေပြီ။ ယဇ်ပုရောဟိတ်များ ၊ အကြီးအကဲများနှင့် ကျမ်းပြုဆရာတို့သည် မိမိတို့၏ဂုဏ်အသရေကို အမှုမထားကြဘဲ၊ သေရတော့မည့်ဘုရားသခင်၏သားတော်ကို ကဲ့ရဲ့ပြောင်လှောင်ခြင်းအမှုတွင် ပါဝင်ကြလျက်၊ "သင်သည် ယုဒရှင်ဘုရင်မှန်လျှင်၊ ကိုယ်ကိုကယ်တင်လော့"ဟု ပြောဆိုကြ၏။ လုကာ ၂၃း၃၇။ "ဤသူသည် သူတစ်ပါးကိုကယ်တင်တတ်၏။ ကိုယ်ကိုမကယ်တင်နိုင်ပါတကား" ဟု အချို့တို့က ပျက်ရယ်ပြုသောသဘောနှင့် အချင်းချင်းပြောဆိုကြ၏။ မာကု ၁၅း၃၁။ ဗိမ္မာန်တော်၏အမှုဆောင်အရာရှိကြီးများ၊ စိတ်ခိုင်မာသောစစ်သူရဲများ၊ လက်ဝါးကပ်တိုင်ပေါ်ရှိ ယုတ်မာသောသူခိုးနှင့်လူစုတွင် ယုတ်ညံ့ရက်စက်သောသူတို့အပေါင်းသည် ပူးပေါင်း၍ သခင်ခရစ်တော်ကိုဆဲရေးကဲ့ရဲ့ကြ၏။

လက်ဝါးကပ်တိုင်၌သခင်ယေရှုနှင့်တူရိုက်ထားခြင်းခံရသော သူခိုးတို့သည် ကိုယ်တော်နှင့်အတူတူပင် ကိုယ်ကာယညှဉ်းဆဲခြင်းကိုခံရကြ၏။ သို့ရာတွင် တစ်ယောက်သာစိတ်ခိုင်မာ၍ ဝေဒနာကြောင့်အလွန်ဆိုးသွမ်းရှန်းကန်နေ၏။ ယဇ်ပုရောဟိတ်တို့ ကဲ့ရဲ့ခြည်ကိုအတုယူလျက်၊ "သင်သည် ခရစ်တော်မှန်လျှင်၊ ကိုယ်ကို၄င်း၊ ငါတို့ကို၄င်းကယ်တင်လော့"ဟု သခင်ယေရှုအားကဲ့ရဲ့ပြောဆို၏။ လုကာ ၂၃း၃၉။ အခြားရာဇဝတ်ဒဏ်သင့်သူတစ်ယောက်ကား စိတ်ခိုင်မာသောသူမဟုတ်။

ပြစ်မှုကျူးလွန်ရာတွင် မိမိနှင့်အဖော်ဖြစ်သူ၏ကဲ့ရဲ့စကားများကိုကြားရသောအခါ သူသည် "မိမိအဖော်ကိုဆုံးမ၍ သင်သည် ဤသူနည်းတူအပြစ်ဒဏ်ခံလျက်ပင် ဘုရားသခင်ကိုမကြောက်သလော။ ငါတို့သည် ကိုယ်ပြုမိသောအပြစ်နှင့်အလျောက် ခံရသည်ဖြစ်၍ တရားသဖြင့်ခံရကြ၏။ ဤသူမူကား၊ အဘယ်အပြစ်ကိုမျှမပြုဟု ဆို၏။" လုကာ ၂၃း၄၀-၄၁။ ထိုနောက် သူ၏စိတ်နှလုံးသည် သခင်

ယေရှုထံတော်သို့ရောက်သွားရာ၊ ကောင်းကင်အလင်းသည် သူ၏စိတ်ထဲ၌ ထွန်းတောက်လာ၏။

ဒဏ်ချက်များခံရလျက် ပျက်ရယ်ပြုခြင်းခံရပြီး လက်ဝါးကပ်တိုင်၌ဆွဲထားခြင်းခံနေရသောသခင်ယေရှု၌ သူသည် မိမိတစ်ခုတည်းသော မျှော်လင့်ရာဖြစ်သော ရွေးနှုတ်ရှင်ကိုမြင်ရသဖြင့် နှိမ့်ချယုံကြည်ခြင်းနှင့် "သခင်ကိုယ်တော်သည် နိုင်ငံတော်တည်လျက်ကြွလာတော်မူသောအခါ၊ အကျွန်ုပ်ကိုအောက်မေ့တော်မူပါဟု ယေရှုကိုလျှောက်ဆို၏။ ယေရှုကလည်း၊ ငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူ ပရဒိသုဘုံ၌ရှိလိမ့်မည်ဟု မိန့်တော်မူ၏။" လုကာ ၂၃း၄၃

ကိုယ်ကာယ၌၎င်း၊ စိတ်ထဲ၌၎င်း၊ အပြင်းဆုံးသောဝေဒနာကို ခံနေရစဉ်၊ သူတစ်ပါးအတွက်သာစဉ်းစားလျက် နောင်တရသောဝိညာဉ်အား ယုံကြည်ရန်အားပေးတော်မူသောသခင်ယေရှု၏ အနန္တမေတ္တာတော်ကို ကောင်းကင်တမန်တို့သည် အံ့သြစွာမြင်ရကြ၏။ သေခြင်း၌မိမိ၏အသက်တာကို စွန့်နေစဉ်၊ ကိုယ်တော်သည် လူသတ္တဝါအား သေခြင်းထက်ခွန်အားကြီးသောမေတ္တာတော်ကိုပြတော်မူ၏။ ဤအဖြစ်အပျက်များကို ကရာနီကုန်း၌မြင်ရကြသောသူအများတို့သည် နောက်များမကြာမီ သခင်ခရစ်တော်ကို ယုံကြည်ခြင်း၌တည်မြဲလာကြ၏။

သခင်ယေရှုခရစ်၏ရန်သူများသည် ယခုကိုယ်တော်အသက်စွန့်တော်မူမည့်အချိန်ကို စိတ်မရှည်နိုင်တော့ဘဲ စောင့်ကြည့်နေကြသည်။ ထိုအမှုသည် ကိုယ်တော်၏တန်ခိုးတော်နှင့် အံ့သြဖွယ်နိမိတ်လက္ခဏာတို့အကြောင်း ကျော်ကြားသွားခြင်းအမှုကို တစ်ခါတည်းရပ်စဲသွားစေလိမ့်မည်ဟု သူတို့ထင်ကြသည်။ ထိုအခါ ကိုယ်တော်၏ဩဇာအာဏာကြောင့် သူတို့သည်ကြောက်ရွံ့တုန်လှုပ်စရာမလိုတော့ဟု သူတို့သည် မိမိတို့ကိုယ်ကို မြှောက်ပင့်ပြောဆိုကြ၏။ သခင်ယေရှု၏ကိုယ်ကိုလက်ဝါးကပ်တိုင်၌ရိုက်ထားကြသည့်စိတ်ခိုင်မာသော စစ်သူရဲတို့သည် ကိုယ်တော်၏ဝတ်လုံများကို အချင်းချင်းခွဲဝေနေကြရာ ချုပ်ရိုးမရှိသောဝတ်လုံတစ်ခုအတွက် အငြင်းအခုံဖြစ်နေကြသည်။ နောက်ဆုံး၌ မဲချ၍ယူကြရန်အထက်က ဝိညာဉ်တော်အားဖြင့်၎င်း အကြောင်းအရာကိုအသေအချာ ဗျာဒိတ်ပေးထားတော်မူခဲ့ပြီ။ "ခွေးတို့သည် အကျွန်ုပ်ကိုဝိုင်း . . . . . . . . . . . . . . . . .

လျက် စုဝေးသောလူစုတို့သည် ဝန်းရံလျက်နေ၍ အကျွန်ုပ်၏လက်ခြေတို့ကို ထိုး ဖောက်ကြပါပြီ။ အကျွန်ုပ်အဝတ်ကို အချင်းချင်းဝေဖန်၍ အကျွန်ုပ်အင်္ကျီကို စာရေးတံချကြပါ၏။"ဆာလံကျမ်း ၂၂း၁၆၊၁၈

## သားသမီး၏မေတ္တာနှင့် ဆိုင်သောသင်ခန်းစာ

သခင်ယေရှုသည် မိမိအသေခံခြင်းကို ကြည့်ရှုရန် စုရုံးလာကြသောလူ ထုကြီးတွင် ထိုမှ ဤမှလိုက်လံကြည့်ရှုတော်မူသောအခါ လက်ဝါးကပ်တိုင်ခြေရင်း၌ ယောဟန်က ဖေးမထားသောသခင်ခရစ်တော်၏မိခင်၊ မာရိကိုတွေ့မြင်တော်မူ၏။ သူမသည် မိမိ၏သားထံမှ ကြာရှည်စွာခွဲမနေနိုင်သဖြင့် ကြောက်စရာကောင်း သောနေရာသို့ပြန်လာသည်။ သခင်ယေရှု၏နောက်ဆုံးသင်ခန်းစာမှာ နောက်ဆုံး သင်ခန်းစာမှာ သားသမီးတို့၏မေတ္တာနှင့် သက်ဆိုင်သောအချက်တစ်ခုဖြစ်သည်။ ကိုယ်တော်သည် မိမိမယ်တော်၏ပြိုးငယ်နေသောမျက်နှာကို ကြည့်တော်မူပြီး၊ နောက်တစ်ဖန်ယောဟန်ကိုကြည့်တော်မူပြန်လျက်၊ မယ်တော်အား "အချင်းမိန်းမ၊ သင်၏သားကိုကြည့်ပါ"ဟု မိန့်တော်မူပြီး၊ တဖန် တပည့်တော်အား "သင်၏အမိ ကိုကြည့်ပါ"ဟု မိန့်တော်မူပြန်၏။ ယောဟန် ၁၉း၂၇။ ယောဟန်သည် သခင် ယေရှု၏စကားတော်ကို မိမိ၌အပ်ထားသော သန့်ရှင်းသောတာဝန်ကိုငှင်း၊ ကောင်း စွာနားလည်၏။ သူသည် သခင်ခရစ်တော်၏မယ်တော်ကို ကရာနီကုန်း၏ ကြောက်မက်ဖွယ်နေရာမှချက်ခြင်းခေါ်ဆောင်သွား၏။ ထိုအခါမှစ၍ သူ၏အိမ် သို့ခေါ်ဆောင်သွားပြီး တာဝန်သိသောသားကဲ့သို့ သူမကိုစောင့်ရှောက်ပြုစုလေ၏။ သားသမီးတို့၏မေတ္တာအကြောင်းကို သခင်ခရစ်တော်ဘော်ပြတော်မူသည့်စုံလင် သောပုံသက်သေသည် မှုန်မွှားသောကာလအဆက်ဆက်မှစ၍ မမှိန်နိုင်သော ရောင်ခြည်ဖြင့် ထွန်းတော်လျက်ရှိ၏။ ကိုယ်တော်သည် အရက်စက်ဆုံးညှဉ်းဆဲခြင်း ကိုခံနေရတော်မူစဉ်၊ မိမိ၏မယ်တော်ကိုမမေ့ဘဲ သူမ၏ရှေ့ရေးအတွက် လိုအပ် သောအရာအားလုံးကိုစီမံထားတော်မူခဲ့သည်။

လောက၌သခင်ခရစ်တော်ဆောင်ရွက်ရသောအမှုသည် ယခုပြီးဆုံးပြီ။ ကိုယ်တော်သည် အာခေါင်ခြောက်သဖြင့်၊ "ရေငတ်သည်"ဟု မိန့်တော်မူ၏။ သူတို့ သည် ရေမြှုပ်တွေးကို ပုံးရည်တွင်နှစ်ပြီး ကိုယ်တော်အား သောက်စေဖို့ပေးကြ၏။ ကိုယ်တော်သည် ၎င်းကိုမြည်းစမ်းကြည့်ပြီး ငြင်းပယ် . . . . . . . . . . . . . . .

တော်မူ၏။

ယခုအသက်ကိုပေးပိုင်၍ ဘုန်းတန်ခိုးကြီးတော်မူသော အရှင်ဘုရားသည် လူမျိုးတို့အတွက် အဖိုးအခကိုပေးရန် သေခါနီးနေတော်မူပြီ။ ကိုယ်တော်သောက်ရသောခွက်ကိုခါးစေ၍ ဘုရားသခင်သားတော်၏ နှလုံးကွဲစေသောအရာမှာ၊ လူတို့ကိုယ်စားကိုယ်တော်အပေါ်၌ ခမည်းတော်၏အမျက်တော်ကို သက်ရောက်စေလောက်အောင် အဓိပ္ပါယ်ကျယ်ဝန်းလွန်းသော အပြစ်၏သဘောကြောင့်ဖြစ်သည်။

လူတို့၏ကိုယ်စားနှင့် အာမခံအဖြစ်နှင့်သခင်ခရစ်တော်အပေါ်၌ လူတို့၏အပြစ်များကိုတင်ထားတော်မူ၏။ ကိုယ်တော်သည် လူတို့ကိုပညတ်တရား၏ ကျိန်ခြင်းမှ ရွေးနှုတ်နိုင်မည်အကြောင်း၊ ကိုယ်တော်သည် လွန်ကျူးသောသူဟုမှတ်ယူခြင်းခံရတော်မူ၏။ ကာလအဆက်ဆက်အာဒံမှဆင်းသက်သော အမျိုးအနွယ်တိုင်း၏အပြစ်သည် ကိုယ်တော်၏ နှလုံးပေါ်၌ဖိလျက်ရှိ၏။ ၄င်းပြင် အပြစ်ကြောင့်၊ ဘုရားသခင်၏အမျက်ဒေါသနှင့် ကြောက်မက်ဖွယ်ဖော်ပြတော်မူသော ဘုရားသခင်၏မနှစ်သက်ဖွယ်လက္ခဏာတို့သည် ဘုရားသားတော်၏စိတ်နှလုံးထဲ၌ လူတို့ဘယ်အခါမျှလုံးလုံးနားမလည်နိုင်သောဝမ်းနည်းခြင်းအမှုသည် ထိုးဖောက်ဝင်သွားလေသည်။ ကိုယ်တော်၏ခေါင်း၊ လက်နှင့်ခြေဖျားမှစီးယိုသောသွေးစက်များ၊ ကိုယ်တော်၏ကိုယ်ကာယတစ်ခုလုံး၌ ခံစားနေရသောဝေဒနာကြောင့် တုန်လှုပ်အကြောဆွဲနေခြင်းအမှုများ၊ ကိုယ်တော်ထံမှစီးယိုသောသွေးစက်များ၊ ကိုယ်တော်၏ကိုယ်ကာယတစ်ခုလုံး၌ ခံစားနေရသောဝေဒနာကြောင့် တုန်လှုပ်အကြောဆွဲနေခြင်းအမှုများ၊ ကိုယ်တော်ထံမှခမည်းတော်၏မျက် နှာတော်ကိုလွဲထားခြင်း ကြောင့် ကိုယ်တော်၏စိတ်နှလုံးထဲ၌ မပြောနိုင်လောက်ခံစားရသော ပူဆွေးခြင်းဝေဒနာမှစ၍ လက်ဝါးကပ်တိုင်တော်၌ဘုရားသားတော်ခံစားနေရသော နာကျင်ခြင်းဝေဒနာတိုင်က၊ ဘုရားသခင်၏သားတော်သည် သင့်ကိုချစ်တော်မူသောကြောင့် ဤရွံ့စရာကောင်းသောအပြစ်များကို မိမိအပေါ်၌တင်ထားစေဖို့ သဘောတူတော်မူ၏။ ကိုယ်တော်သည် သင့်အတွက် မရဏာနိုင်ငံကိုဖျက်ပယ်တော်မူ၍ ပရဒိသုဘုံနှင့် မသေနိုင်သောအသက်တံခါးကိုဖွင့်တော်မူ၏ဟု လူအားပြောဆိုနေကြ၏။ ပြင်းထန်သောလှိုင်းတံပိုးများကို မိမိ၏အမိန့်တော်အားဖြင့် . . . . . . . . . . . . . . .

ငြိမ်သက်စေလျက် အမြုပ်ထနေသော လှိုင်းတံပိုးများပေါ်တွင် လျှောက်သွားတော်မူသောအရှင်၊ နတ်ဆိုးများကိုကြောက်ရွံ့တုန်လှုပ်စေလျက် လက်နှင့်တို့တော်မူခြင်းဖြင့် ရောဂါဝေဒနာများကိုပျောက်ကင်းစေတော်မူသောအရှင်၊ သေသောသူတို့ကို အသက်ရှင်ပြန်စေလျက်၊ မျက်စိကန်းသောသူတို့ကို မြင်စေတော်မူသောအရှင်သည် မိမိကိုယ်ကိုနောက်ဆုံးယဇ်ပူဇော်သက္ကာ အဖြစ်နှင့်လူအတွက်ဆက်ကပ်ပူဇော်တော်မူ၏။ အပြစ်ကိုယူဆောင်တော်မူသောအရှင်သည် အပြစ်ဒုစရိုက်အတွက်တရားသဖြင့် ပြစ်ဒဏ်ကိုခံတော်မူလျက် လူအတွက်အပြစ်ရှိသောသူပင်ဖြစ်လာတော်မူ၏။

စာတန်သည် မိမိ၏ပြင်းထန်သောသွေးဆောင်ခြင်းများဖြင့် သခင်ယေရှု၏နှလုံးကိုနာစေတော်မူ၏။ ကိုယ်တော်၏မျက်မှောက်တွင် မုန်းစရာကောင်းသောအပြစ်၏ လေးသောဝန်အောက်၌ ကိုယ်တော်သည်ညည်းညူတော်မူရသည်တိုင်အောင် ထိုအပြစ်ကို ကိုယ်တော်အပေါ်၌ပုံထားလေပြီ။ ထိုကြောက်မက်ဖွယ်ကောင်းသောအချိန်၌ ကိုယ်တော်၏လူဇာတိခန္ဓာ သည်တုန်လှုပ်သွား၏။ ကိုယ်တော်အမှုမထားလောက်သော ကာယဝေဒနာထက်သာ၍ များစွာကြီးလေးသောဝေဒနာကို ဘုရားသားတော်သည် ခံစားနေရသည်ကို ကောင်းကင်တမန်တို့သည် အံ့သြခြင်းနှင့်ကြည့်နေကြ၏။ ကောင်းကင်ဗိုလ်ခြေတို့သည်ထို ကြောက်စရာကောင်းသောမြင်ကွင်းမှ မိမိတို့မျက်နှာကို ကာကွယ်ဖုံးအုပ်ထားကြ၏။

သက်မဲ့သဘာဝသည် စော်ကာခံရ၍သေခါနီးသော မိမိ၏ဖန်ဆင်းရှင်အား ထောက်ထားစာနာသောသဘောကိုပြလေ၏။ နေသည် ကြောက်စရာကောင်းသောအဖြစ်အပျက်ကို မကြည့်မမြင်လို။ နေ့လည်အချိန်၌ ၎င်း၏အလင်းရောင်ခြည်ဖြင့် မြေကြီးကိုအကုန်အစင် ထွန်းတောက်နေစရာမှ ၎င်းသည် ရုတ်တရက်ပျောက်ကွယ်သွားသကဲ့သို့ထင်ရ၏။ လက်ဝါးကပ်တိုင်နှင့် ပတ်ဝန်းကျင်တွင် မှောင်မိုက်အတိဖုံးလွှမ်းနေရာ ၊ မသာတွင်ခေါင်းကို အုပ်ထားသောအဝတ်မဲနှင့်တူနေလေ၏။ မှောင်မိုက်သည်သုံးနာရီလုံးတည်ရှိနေ၏။ သုံးချက်တီးအချိန်၌ မှောင်မိုက်သည်လူတို့ထံမှ ပျောက်ကွယ်သွားသော်လည်း ကယ်တင်ရှင်အား ဝတ်လုံကဲ့သို့ဖုံးအုပ်နေသေး၏။ ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ရှိနေစဉ်၊ ပြင်းထန်စွာလျှပ်စစ်ပြက်၍ ကိုယ် . . . . . . . . . . . . . . . . . . . . . . . . .

တော်ကိုထိခိုက်သည်ဟု ထင်ရ၏။ ထိုနောက် "ယေရှုက၊ ဧလိဧလိ၊ လာမရှာ ဗခသာနိဟု ကြီးသောအသံနှင့် ကြွေးကြော်တော်မူ၏။ အနက်ကား၊ အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်းဟု ဆိုလိုသတည်း။" မာကု ၁၅း၃၄

## အမှုပြီးပြီ

လူများတို့သည် တိတ်ဆိတ်စွာ၍ကြောက်စရာကောင်းသော အဖြစ်အပျက်ကုန်ဆုံးသွားချိန်ကိုစောင့်နေကြသည်။ တဖန် နေရောင်ခြည်ထွန်းတောက်လာသော်လည်း လက်ဝါးကပ်တိုင်သည် အမှောင်နှင့်ဖုံးလွှမ်းနေသေး၏။ ရုတ်တရက် အမှောင်သည် လက်ဝါးကပ်တိုင်မှ ပျောက်ကွယ်သွား၍ ဖန်ဆင်းထားသော အရာရှိသမျှတို့တွင် ပဲ့တင်ထပ်သွားသည်ဟု ထင်ရသောကြည်လင်ပြတ်သားသည့်တံပိုးခရာ သံကဲ့သို့ သခင်ယေရှုက "အမှုပြီးပြီ" "အိုအဘ၊ အကျွန်ုပ်၏စိတ်ဝိညာဉ်ကို ကိုယ်တော်လက်၌ အကျွန်ုပ်အပ်ပါ၏"ဟု ကြွေးကြော်တော်မူ၏။ လုကာ၊ ၂၃း၄၆။ အလင်းရောင်ခြည်သည် လက်ဝါးကပ်တိုင်ကိုဝိုင်းထား၍ ကင်တင်ရှင်၏မျက်နှာတော်သည် နေကဲ့သို့ဘုန်းရောင်ခြည်နှင့်ထွန်းတောက်လျက်နေ၏။ ထိုနောက် ကိုယ်တော်သည် ခေါင်းတော်ကိုရှေ့သို့ညွှတ်လျက် အသက်တော်ကိုစွန့်တော်မူလေ၏။

သခင်ခရစ်တော်သည် အသက်တော်ကိုစွန့်တော်မူသည့်အချိန်၌၊ ယဇ်ပုရောဟိတ်တို့သည် အသန့်ရှင်းဆုံးအခန်းမှ သန့်ရှင်းသောအခန်းကို ကာကွယ်ထားသောကန့်လန့်ကာရှေ့တွင် အမှုဆောင်ရွက်လျက်နေကြ၏။ ရုတ်တရက်မြေကြီးလှုပ်သည်ကိုသိရှိရပြီးနောက်၊ ဗိမ္မာန်တော်အတွင်းရှိနှစ်စဉ်အသစ်လဲပေးရသောအလွန်အဖိုးတန်ခိုင်ခံ့သောကန့်လန့်ကာသည် အထက်မှအောက်သို့ ထက်ပိုင်းစုတ်ပြတ်သွားလေ၏။ ဗေလရှာဇာမင်းကြီး၏ နန်းတော်နံရံတွင် စာလုံးများကိုရေးခဲ့သောသွေးမရှိသလောက်ပင် ၎င်းကန့်လန့်ကာကိုဆုတ်ဖြတ် လေပြီ။

သခင်ယေရှုသည်ကြွလာ၍ ဆောင်ရွက်တော်မူရန် အမှုကို ပြီးမြောက်သည့်အချိန်မရောက်မှီတိုင်အောင် မိမိ၏အသက်တော်ကိုစွန့်တော်မမူသေးပါ။ ၎င်းပြင် နောက်ဆုံးအသက်စွန့်တော်မူသောအခါ၊ "အမှုပြီးပြီ"ဟု ကြွေးကြော်တော်မူ၏။ ရွေးနှုတ်ခြင်းစီမံကိန်းကြီးကို ပြီးမြောက်အောင်မြင် . . . . . . . . . . . . .

စွာဆောင်ရွက်ပြီးသောကြောင့်၊ ကောင်းကင်တမန်တို့သည်မိန့်တော်မူသောထို စကားများကို ကြားရကြသောအခါ၊ ဝမ်းမြောက်ကြ၏။ နားထောင်ခြင်းရှိသော သူတစ်ဦး၏အသက်အားဖြင့် အာဒံ၏သားများသည် ဘုရားသခင်၏မျက်မှောက် တော်သို့ရောက်၍ အဆုံး၌ချီးမြောက်ခြင်းခံရကြပြီဖြစ်၍ ကောင်းကင်၌ ဝမ်းမြောက်ခြင်းရှိ၏။ စာတန်သည် အရေးနိမ့်၍၊ သူ၏နိုင်ငံသည်လည်း လက် လွတ်ဆုံးရှုံးသွားသည်ကိုသိရှိလေ၏။

## သင်္ဂြိုဟ်ခြင်း

ယောဟန်သည် မိမိချစ်ခင်သောသခင်၏အလောင်းတော်ကို မည်ကဲ့ သို့ပြုလုပ်ရမည်ကို မကြံစည်တတ်သလောက်ဖြစ်နေ၏။ ကြင်နာခြင်းကင်း၍ ကြမ်းတမ်းသောစစ်သားများက ကိုယ်တော်၏အလောင်းတော်ကိုယူ၍ ယုတ်ညံ့ သောသင်္ချိုင်းတွင်း၌မြှုပ်နှံထားကြမည်ကိုစဉ်းစားမိသောအခါ သူသည်ထိတ်လန့် သွားသည်။ ယုဒလူအကြီးအကဲတို့ထံမှ အခွင့်အရေးမရနိုင်ဟု သူသိ၏။ ပိလတ် မင်းထံမှလည်းရဖို့မျှော်လင့်ချက်မရှိ။ သို့ရာတွင် ဤသို့အရေးကြီးသောအချိန် အခါတွင် ယောသပ်နှင့်နိကောဒင်တို့သည် ရှေ့ဆောင်ပြုလုပ်ကြ၏။ ဤလူနှစ်ဦး စလုံးသည်လွှတ်တော်အရာရှိများဖြစ်ကြ၍ ပိလတ်မင်းနှင့်အကျွမ်းဝင်ကြ၏။ နှစ်ဦးစလုံးသည် ကြွယ်ဝချမ်းသာ၍ ဩဇာရှိသောသူများဖြစ်ကြ၏။ သခင်ယေရှု အလောင်းတော်ကို ခမ်းနားစွာသင်္ဂြိုဟ်ရမည်ဟု သူတို့ဆုံးဖြတ်ကြသည်။

ယောသပ်သည် ပိလတ်မင်းထံသို့ရဲရင့်စွာဝင်၍ သခင်ယေရှု၏အ လောင်းတော်ကို သင်္ဂြိုဟ်ရန် တောင်းလျှောက်လေ၏။ ထိုနောက် သခင်ယေရှု၏ အလောင်းတော်ကို ယောသပ်အားပေးစေရန် ပိလတ်မင်းကအမိန့်ပေးလေ၏။ ယောဟန်သည် မိမိချစ်ခင်သော သခင်၏အလောင်းတော်အတွက် စိုးရိမ်ပူပန်နေ စဉ်၊ အရိမသဲမြို့သားယောသပ်သည် မင်းကြီးထံမှအမိန့်စာနှင့်ပြန်လာ၏။ ယော သပ်သည် မိလတ်မင်းထံမှ အခွင့်ရကြလိမ့်မည်ဟု မျှော်လင့်လျက် အလွန်အဖိုး တန်သော အခွက်သုံးဆယ်မျှလောက်ရှိသော မုရန်နှင့်အကျော်ကိုရောထားသော အမွှေးအကြိုင်များကိုယူလာ၏။ ယေရုရှလင်မြို့တွင် ဂုဏ်အသရေအရှိဆုံးသော သူကိုပင် ထိုမျှလောက်ခမ်းနားစွာ သင်္ဂြိုဟ်ခြင်းမပြုလုပ်နိုင်ပေ။

သခင်ယေရှု၏အလောင်းတော်ကို ရက်စက်စွာရိုက်ထားသောကားတိုင်မှ ဖြည်းညှင်းစွာရိုသေစွာဖြင့်ဖြုတ်ယူနေစဉ်၊ သူတို့သည်ဒဏ်ချက်များ၊ စုတ်ပြတ်နေသောနေရာများနှင့် ပြည်နေသောကိုယ်တော်၏အလောင်းတော်ကို ကြည့်လျက် မျက်ရည်ကျနေကြ၏။ ထိုဒဏ်ရာများမှစီးယိုနေသောသွေးများကိုလည်း သေချာစွာဆေးကြောသုတ်သင်ပေးကြ၏။ ယောသပ်သည် မိမိအတွက် ကျောက်ကိုထွင်းထားသောသင်္ချိုင်းတစ်ခုကိုပြုလုပ်ထား၏။ ၎င်းသည် ကရာနီကုန်းနားတွင်ရှိ၍ ယခု၎င်းသင်္ချိုင်းကို သခင်ယေရှုအတွက် ပြင်ဆင်ရလေ၏။ အလောင်းတော်နှင့်တကွ နိကောဒင်ယူလာသောအမွှေးအကြိုင်များကိုဖြူစင် သောပိတ်ချောနှင့် ပတ်ရစ်ပြီး တပည့်တော်သုံးယောက်တို့သည် လူတစ်ယောက်မျှမသင်္ဂြိုလ်ရသေးသောသင်္ချိုင်းအသစ်သို့ ကိုယ်တော်၏အလောင်းတော်ကို ယူဆောင်သွားကြ၏။ ထိုနေရာ၌ ဒဏ်ရာရနေသော ခြေလက်အင်္ဂါများကိုဆန့်ပေးပြီး လက်နှစ်ဖက်ကိုရင်ဘတ်ပေါ်တွင် ယှက်ထားကြ၏။ ဂါလိလဲပြည်မှမိန်းမအချို့သည် အနားသို့ချဉ်းကပ်ကြလျက် မိမိတို့ချစ်ခင်သော ဆရာကြီး၏အလောင်းကို တတ်နိုင်သမျှပြုစုနေကြသည်ကို ကြည့်နေကြ၏။ ထိုနောက် ကြီးလေးသော ကျောက်တုံးကြီးတစ်ခုကိုလှိမ့်လျက် သင်္ချိုင်းဝကို ပိတ်ထားသည်ကို သူတို့မြင်ရကြ၏။ ဘုရားသခင်၏သားတော်ကို ငြိမ်ဝပ်စွာနေတော်မူစေရန် ထားခဲ့ကြ၏။ ဤမိန်းမများသည် လက်ဝါးကပ်တိုင်၌၎င်း၊ သခင်ခရစ်တော်၏သင်္ချိုင်းတော်၌၎င်း၊ နောက်ဆုံးရှိနေခဲ့ကြသောသူများဖြစ်ကြသည်။

ယုဒလူအကြီးအကဲတို့သည် ဘုရားသခင်၏သားတော်ကို သတ်လိုက်ခြင်းဖြင့် မိမိတို့၏ရန်ငြိုးကြီးသော အကြံအစည်သည် အထမြောက်သွားသော်လည်း သူတို့သည်စိုးရိမ်ပူပန်လျက် သခင်ခရစ်တော်ကိုမနာလိုသော စိတ်သည် ပျောက်မသွားသေး။ လက်စားချေလိုက်ရသဖြင့် ကျေနပ်ဝမ်းမြောက်လျက်ရှိကြသော်လည်း ယောသပ်၏သင်္ချိုင်းတွင်း၌တည်ရှိနေသော ကိုယ်တော်၏အလောင်းတော်သည် တဖန်အသက်ရှင်၍ထမြောက်လာလိမ့်မည်ဟု သူတို့သည် အမြဲစိုးရိမ်လျက်ရှိကြ၏။

ထို့ကြောင့် "ယဇ်ပုရောဟိတ်အကြီးနှင့် ဖာရိရှဲတို့သည် ပိလတ်မင်းထံ၌စုဝေး၍ ထိုလှည့်ဖြားသောသူက ငါသည် သုံးရက်မြောက်သောနေ့၌ထမြောက်မည်ဟု မသေမှီပြောသည်ကို ............................

ကျွန်ုပ်တို့မှတ်မိပါပြီ။ ထို့ကြောင့် သူ၏တပည့်တို့သည် ညအခါလာ၍အလောင်းတော်ကိုခိုးယူပြီးလျှင် သူသည်သေခြင်းမှထမြောက်တော်မူပြီဟု လူအပေါင်းတို့အားပြောဆိုကြသော် ရှေ့အမှားထက် နောက်အမှားသာ၍ကြီးမည်ဟု စိုးရိမ်စရာအကြောင်းရှိသည်ဖြစ်၍ သင်္ချိုင်းတွင်းကိုသုံးရက်မြောက်အောင် လုံခြုံစွာ စောင့်စိမ့်သောငှါ အမိန့်ရှိတော်မူပါဟု လျှောက်ကြ၏။"မဿဲ ၂၇း၆၂-၆၄။

သခင်ယေရှုသည် မိမိကိုဖျက်ဆီးခဲ့သောသူတို့အား အပြစ်ဒဏ်ပေးရန် တန်ခိုးနှင့် ထမြောက်တော်မူမည်ကို ပိလတ်မင်းသည်လည်း ယုဒလူတို့ကဲ့သို့ အလိုမရှိချေ။ ထို့ကြောင့် ယဇ်ပုရောဟိတ်တို့၏အမိန့်အတိုင်း ရောမစစ်သူရဲတစ်စုကို စောင့်စေဖို့ နေရာချထား၏။ "ပိလတ်မင်းက၊ သင်တို့၌ လူစောင့်တတပ်ရှိ၏။ သွားကြ၊ တတ်နိုင်သမျှအတိုင်း လုံခြုံစွာစောင့်စေကြဟု ဆိုလေ၏။ ထိုသူတို့သည် သွား၍ ကျောက်ကိုတံဆိပ်ခတ်ပြီးလျှင် အစောင့်ထားလျက် သင်္ချိုင်းတော်ကိုလုံခြုံစွာ ပြုကြ၏။"မဿဲ ၂၇း၆၅-၆၆

ယုဒ၏လူတို့သည် သခင်ယေရှု၏သင်္ချိုင်းပတ်လည်တွင် လူစောင့်ထားဖို့ အခွင့်အရေးရရှိခဲ့ကြလေပြီ။ မည်သူမျှမဖွင့်မဖျက်ဆီးနိုင်စေခြင်းငှါ သင်္ချိုင်းကိုပိတ်ထားသောကျောက်ပေါ်တွင် တံဆိပ်ခတ်ထား၍ သခင်ယေရှု၏အလောင်းတော်ကို တပည့်တော်များမခိုးမယူနိုင်စေခြင်းငှါ အထူးသတိပြုစောင့်ရှောက်ကြ၏။ သို့သော် သူတို့၏အကြံအစည်ရှိသမျှ ဂရုစိုက်ပြုမူသမျှသည် ထမြောက်ခြင်းအကြောင်းနှင့်ဆိုင်သော သမ္မာတရားကိုသာ၍ပြည့်စုံခိုင်မြဲစေကြလေပြီ။

---oo---

# အခန်း (၃၈)
# သခင်ခရစ်တော်ထမြောက်တော်မူခြင်း

ဘုန်းတန်ခိုးနှင့်ပြည့်စုံတော်မူသော ဘုရင်သခင်ယေရှုသည် သင်္ချိုင်းတော်တွင် အိပ်ပျော်နေစဉ် တပည့်တော်တို့သည် ဥပုသ်နေ့၌ ငြိမ်ဝပ်စွာနေကြပြီး မိမိတို့၏သခင်ဘုရားအသေခံတော်မူခြင်းအတွက် ဝမ်းနည်းလျက်ရှိနေကြသည်။ ညအချိန်ရောက်လာသောအခါ၊ စစ်သူရဲတို့သည် ကယ်တင်ရှင် ကိန်းအောင်းရာနေရာကို စောင့်ရှောက်နေကြစဉ်၊ ကောင်းကင်တမန်တို့သည် မည်သူမျှမမြင်နိုင်ဘဲ ထိုသန့်ရှင်းသော နေရာအပေါ်တွင် ပျံဝဲလျက်နေကြသည်။ ညအချိန်သည် တဖြည်းဖြည်းကုန်လွန်သွား၍ မှောင်နေသေးစဉ်၊ သူတို့ချစ်ခင်သော ဗိုလ်ချုပ်ကြီးဖြစ်တော်မူသော ဘုရားသခင်၏သားတော်ကို သေခြင်းလက်မှ ကယ်လွှတ်ဖို့ အချိန်ရောက်လုနီးပြီဖြစ်ကြောင်း စောင့်နေသော ကောင်းကင်တမန်တို့သည် သိရှိကြ၏။ ကိုယ်တော်အောင်မြင်စွာထမြောက်တော်မူမည့်အချိန်ကို သူတို့သည်စိတ်အားကြီးစွာစောင့်နေကြစဉ်၊ ခွန်အားကြီးသော ကောင်းကင်တမန်တစ်ပါးသည် ကောင်းကင်မှလျှင်မြန်စွာပျံလာ၏။ သူ၏မျက်နှာသည် လျှပ်စစ်ကဲ့သို့ထင်၏။ အဝတ်သည်လည်း မိုးပွင့်ကဲ့သို့ဖြူ၏။ သူ၏အလင်းရောင်ခြည်သည် မိမိသွားရာလမ်းကြောင်းမှ မှောင်မိုက်ကိုပယ်ရှားသဖြင့် သခင်ယေရှု၏အလောင်းတော်ကို ဝမ်းသာစွာသိမ်းပိုက်ထားကြသော နတ်ဆိုးတို့သည် သူ၏တောက်ပသောဘုန်းရောင်ခြည်ကို ကြောက်လန့်လျက် ထွက်ပြေးကြလေ၏။ သခင်ခရစ်တော်ရှုတ်ချခံရတော်မူခြင်း အမှုကို မြင်ရ၍ ကိုယ်တော်ကိန်းအောင်းရာနေရာကို စောင့်ရှောက်နေကြရသော ကောင်းကင်ဗိုလ်ခြေများထဲမှ တစ်ပါးသည် ကောင်းကင်မှဆင်းလာသော ကောင်းကင်တမန်တို့နှင့်အတူ သင်္ချိုင်းတော်သို့ချဉ်းကပ်လာကြ၏။ သူတို့ရောက်လာသောအခါ မြေကြီးသည် ပြင်းစွာလှုပ်လေ၏။

ရောမစစ်သူရဲတို့သည် အလွန်ကြောက်ရွံ့နေကြသည်။ သခင်ယေရှု၏အလောင်းတော်ကို ထိန်းသိမ်းထားနိုင်သောတန်ခိုးသူတို့၌ ယခုရှိသေးသလား။ သူတို့သည် သူတို့၏တာဝန်ကို သတိမရကြ။ တပည့်တော်များက .........

ကိုယ်တော်ကိုခိုးယူသွားကြမည်ကိုလည်း သတိမရကြတော့ချေ။ ကောင်းကင်တမန်တို့ထံမှ အလင်းရောင်ခြည်သည် ပတ်လည်၌ နေရောင်ခြည်ထက်သာ၍ တောက်ပစွာ ထွန်းလင်းသောအခါ၊ ထိုရောမစစ်သူရဲအစောင့်တို့သည် လူသေကဲ့သို့ မြေကြီးပေါ်သို့လဲကျသွားကြ၏။ ကောင်းကင်တမန်တစ်ပါးသည် လူသေကဲ့သို့ မြေကြီးပေါ်သို့လဲကျသွားကြသည်။ ကောင်းကင်တမန်တပါးသည် ကျောက်တုံးကြီးကိုကိုင်လျက် သင်္ချိုင်းတော်တွင်းဝ၌လိုမ့်ပြီးလျှင်၎င်းအပေါ်၌ထိုင်နေ၏။ အခြားကောင်းကင်တမန်တပါးသည် သင်္ချိုင်းအတွင်းသို့ဝင်၍ သခင်ယေရှု၏ ဦးခေါင်းတော်ပေါ်၌ အုပ်ထားသော အဝတ်ကိုဖယ်ရှားလိုက်လေ၏။

## "သင့်ခမည်းတော်သည် သင့်ကိုခေါ်တော်မူသည်"

ထိုနောက် ကောင်းကင်မှဆင်းသက်လာသော ကောင်းကင်တမန်က မြေကြီးကိုလှုပ်သွားစေသောအသံဖြင့်၊ "ဘုရားသခင်၏သားတော်၊ သင့်ခမည်းတော်သည် သင့်ကိုခေါ်တော်မူသည်"ဟု ကြွေးကြော်လေ၏။ သေမင်းသည် ကိုယ်တော်ကိုချုပ်နှောင်၍ မထားနိုင်တော့ချေ။ သခင်ယေရှုသည် ဝမ်းမြောက်စွာ အောင်မြင်သောသူကဲ့သို့ သေခြင်းမှ ထမြောက်လာတော်မူ၏။ ကောင်းကင်ဗိုလ်ခြေတို့သည် ထိုအဖြစ်အပျက်ကို ကြောက်ရွံ့ရိုသေစွာနှင့် ကြည့်နေကြ၏။ ထိုနောက် သခင်ယေရှုသည် သင်္ချိုင်းတွင်းထဲမှ ထွက်ကြွလာတော်မူသောအခါ ထိုတောက်ပနေသော ကောင်းကင်တမန်တို့သည် ကိုယ်တော်ကို ပြပ်ဝပ်ကိုးကွယ်နေကြပြီး အောင်မြင်သော သီချင်းများဖြင့် ကြွေးကျော်ခရီးကြိုပြုကြလေ၏။

စာတန်၏တမန်များတို့သည် ကောင်းကင်တမန်တို့၏ တောက်ပထိုးဖောက်သောအလင်းရောင်ခြည်ဖြင့် ထွက်ပြေးရကြ၍ သူတို့လုယူထားသောအရာကို သူတို့လက်ထဲမှ အတင်းအဓမ္မယူသွားကြပြီကို၎င်း၊ သူတို့သည်အလွန်မုန်းသော ကိုယ်တော်သည် ထမြောက်သွားတော်မူပြီကို၎င်း၊ သူတို့၏မင်း (စာတန်)အား စိတ်အားကြီးစွာနှင့်တိုင်ကြားကြ၏။ ကျဆုံးသော လူအပေါ်၌ စိုးမိုးနေရသော သူတို့၏တန်ခိုးကြောင့် အသက်ပေးပိုင်တော်မူသော အရှင်သည် သင်္ချိုင်းထဲ၌ နေခဲ့ရတော်မူသောကြောင့် စာတန်နှင့်သူ၏တမန်တို့သည် အလွန်ဝမ်းမြောက်ကြ၏။ သို့သော် သူတို့သည် ခဏသာဝမ်းမြောက်ရကြ၏။ အကြောင်းမူကား၊ သခင်ယေရှုသည်မိမိကိုယ်ကိုချုပ်နှောင် . . . . . . . . . . . . . . . . . . . . . .

ထားရာသချိုင်းမှ ဘုန်းတန်ခိုးနှင့်အောင်မြင်တော်မူသော အရှင်အဖြစ်နှင့် ထွက်ကြွလာတော်မူသောအခါ၊ သူသည် များမကြာမှီ သေဆုံးရလျက် သူ၏နိုင်ငံကို ထိုက်တန်တော်မူသော ကိုယ်တော်၏လက်သို့ပေးအပ်ရမည်ကိုစာတန်သိရှိ၏။ မိမိသည် တတ်နိုင်သမျှ ကြိုးစားသော်လည်း၊ သူသည် သခင်ယေရှုကိုမနိုင်ဘဲ၊ ကိုယ်တော်သည် လူတို့အတွက် ကယ်တင်ရာလမ်းကိုဖွင့်ပေးတော်မူခဲ့သဖြင့်၊ ထိုလမ်းတွင် လျှောက်လိုက်သောသူတို့သည် ကယ်တင်ခြင်းသို့ရောက်ရကြမည်ဖြစ်သောကြောင့်၊ စာတန်သည် ညည်းတွားလျက်ဒေါသထွက်၏။

ဘုရားသခင်အုပ်စိုးတော်မူခြင်းအမှုကို မည်ကဲ့သို့ဆက်လက်ဖျက်ဆီးရမည်ကို ဆွေးနွေးရန် နတ်ဆိုးတို့သည် သူတို့၏ဗိုလ်ချုပ်ကြီးတို့သည် စုရုံးကြပြန်၏။ စာတန်ကမိမိ၏တမန်တို့အား ယဇ်ပုရောဟိတ်ကြီးများနှင့် ယုဒလူအကြီးအကဲများထံ သွားဖို့စေလွှတ်၏။ "ငါတို့သည် သူတို့လှည့်ဖြား၍ သူတို့မျက်စိကိုကွယ်စေလျက် သခင်ယေရှုကိုမုန်းစေရန် သူတို့စိတ်ကို ခိုင်မာစေခဲ့ရာ၌ အောင်မြင်ခဲ့ကြပြီ။ ကိုယ်တော်သည် လူလိမ်ဖြစ်သည်ဟု သူတို့ကို ယုံကြည်စေခဲ့ပြီ။ သခင်ခရစ်တော်သည် ထမြောက်သွားပြီဟူသော ရွှံရှာဖွယ်သတင်းကို ရောမစစ်သူရဲတို့က ကြော်ငြာကြလိမ့်မည်။ ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲတို့အား သခင်ယေရှုကိုမုန်း၍သတ်ပစ်ရန် ငါတို့သွေးဆောင်ခဲ့ပြီ။ ယခု သခင်ယေရှုထမြောက်ပြီဟု လူများသိရှိလျှင်၊ အပြစ်မရှိသောသူကို သတ်ပစ်သည်အတွက် လူများတို့သည် သူတို့ကို ကျောက်ခဲနှင့်ပစ်ကြမည်ဖြစ်၍ ထိုသတင်းကိုတားမြစ်ကြလော့"ဟု စာတန်ကဆို၏။

## ရောမစစ်သူရဲတို့၏သတင်းစကား

ကောင်းကင်တမန်တစ်စုသည် သချိုင်းမှ ထွက်သွားကြသောအခါ၊ ဘုန်းရောင်ခြည်နှင့် အလင်းသည် ကွယ်ပျောက်သွားသဖြင့်၊ ရောမစစ်သူရဲတို့သည် ခေါင်းထောင်၍ မိမိတို့ပတ်လည်၌ကြည့်ရှုကြလေ၏။ သချိုင်းအဝမှကျောက်တုံးသည် လိမ့်လျက်၊ သခင်ယေရှု၏အလောင်းတော်မရှိတော့ဘဲ နေသည်ကိုမြင်ရကြလျှင်၊ သူတို့သည် အံ့ဩနေကြ၏။ မိမိတို့မြင်သမျှတို့ကို ယဇ်ပုရောဟိတ်နှင့်အကြီးအကဲတို့အားကြားပြောရန် သူတို့သည် မြို့ထဲသို့အလျင်အမြန်ထွက်သွားကြသည်။ ထိုလူသတ်သမားတို့သည် . . . . . . . . . . . . . . . . . .

အံ့ဩဖွယ်သတင်းကို ကြားရကြလျှင်၊ သူတို့၏မျက်နှာသည် သွေးမရှိသကဲ့သို့ဖြူနေ၏။ သူတို့ပြုလုပ်ခဲ့သောအမှုကို စဉ်းစားမိကြသောအခါ သူတို့သည် အလွန်ကြောက်လန့်နေကြ၏။ သတင်းမှန်လျှင် သူတို့သည် ဆုံးရှုံးခြင်းသို့ရောက်ကြလိမ့်မည်။ သူတို့သည် ဘာလုပ်ရမည်၊ဘာပြောရမည်ကိုမသိဘဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် အတော်ကြာတိတ်ဆိတ်နေကြ၏။ ထိုသတင်းကိုဝန်ခံရလျှင်၊ သူတို့ကိုယ်ကိုသူတို့အပြစ်စီရင်ရာရောက်ပေ၏။ မည်ကဲ့သို့ ပြုရမည်ကိုဆွေးနွေးရန် သူတို့သည် တခြားသို့ရှောင်ထွက်သွားကြ၏။ စစ်သူရဲများယူဆောင်လာသောသတင်းကို လူများတို့အထဲတွင် ကြော်ငြာခဲ့လျှင်၊ သခင်ခရစ်တော်ကို သတ်ပစ်သောသူတို့ကို လူသတ်သမားအဖြစ်နှင့် သတ်ပစ်ကြလိမ့်မည်ဟု သူတို့က ဆင်ခြင်တွေးတောကြ၏။

ထိုအကြောင်းအရာကို လျှို့ဝှက်ထားစေဖို့ရန် သူတို့သည် စစ်သူရဲများအား ငွေပေးဖို့ဆုံးဖြတ်ကြ၏။ ယဇ်ပုရောဟိတ်နှင့်အကြီးအကဲတို့သည် သူတို့ကိုငွေများစွာပေးလျက်၊ "ညအခါ ငါတို့အိပ်ပျော်စဉ်တွင် ထိုသူ၏တပည့်သည် လာ၍အလောင်းကိုခိုးသွားကြသည်ဟု သင်တို့ပြောကြလော့"ဟု မှာထားကြလေ၏။ မဿဲ ၂၈း၁၃။ ၄င်းပြင်မိမိတို့သည် အလုပ်တာဝန်၌အိပ်ပျော်နေကြသည်အတွက် မည်ကဲ့သို့ပြုကြမည်နည်းဟု စစ်သူရဲတို့က မေးသောအခါ၊ ယုဒလူအကြီးအကဲတို့က မြို့ဝန်မင်းကိုဖျောင်းဖြ၍ သူတို့ဘေးလွတ်စေခြင်းငှါ ပြုမည်ဟု ဂတိထားကြ၏။ ရောမစစ်သူရဲတို့သည်ငွေအတွက် ဂုဏ်အသရေကိုရောင်းစား၍ ယဇ်ပုရောဟိတ်နှင့်အကြီးအကဲတို့၏အကြံကို လိုက်နာကြ၏။

## ရွေးနှုတ်ခြင်းအမှုတွင် ပထမအသီးများ

သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်၌ ဆွဲထားခြင်းခံနေရစဉ်၊ "အမှုပြီးပြီ"ဟု ကြွေးကြော်တော်မူသောအခါ၊ ကျောက်များကွဲအက်၊ မြေကြီးလှုပ်လျက် အချို့သော သင်္ချိုင်းများပွင့်သွားကြ၏။ ကိုယ်တော်သည် သေခြင်းနှင့်သင်္ချိုင်းကိုအောင်မြင်လျက် ထမြောက်လာတော်မူသောအခါ၊ ထိုသန့်ရှင်းသောနေရာ၌ မြေကြီးလှုပ်နေ၍ ကောင်းကင်ဘုန်းရောင်ခြည်ထွန်းလင်းလျက်ရှိနေစဉ်၊ သေလွန်ဖြောင့်မတ်သော သူတို့သည် ကိုယ်တော်ထမြောက်တော်မူခြင်းအမှုကို သက်သေခံသောသူများအဖြစ်နှင့် ကိုယ်တော်ခေါ်တော် . . . . . . . . . . . . . . . . . . . .

မှုသံကိုနားထောင်လျက် ထွက်လာကြ၏။ ထိုသို့ထမြောက်ခြင်းအခွင့်ကိုရရှိကြသော သန့်ရှင်းသူတို့သည် ဘုန်းတော်နှင့်ပြည့်ဝလျက် ထွက်လာကြ၏။ သူတို့သည် ဖန်ဆင်းခြင်းအချိန်ကစ၍ သခင်ခရစ်တော်လက်ထက်တိုင်အောင် ကာလအဆက်ဆက်တွင် ရွေးကောက်ခြင်းခံရကြသော သန့်ရှင်းသူများဖြစ်ကြ၏။

ထိုနည်းအားဖြင့် ယုဒလူအကြီးအကဲတို့သည် သခင်ခရစ်တော်ထမြောက်တော်မူခြင်းအကြောင်းကို ဖုံးကွယ်ထားရန် ကြံစည်ကြိုးစားကြသော်လည်း သခင်ယေရှုထမြောက်တော်မူကြောင်း သက်သေခံရန်နှင့် ကိုယ်တော်၏ဘုန်းတော်ကိုဖော်ပြရန် ဘုရားသခင် သည် လူတစ်စုကိုသင်္ချိုင်းများထဲမှ ထမြောက်စေတော်မူပြီ။

ထိုထမြောက်သွားသူတို့သည် တစ်ဦးနှင့်တစ်ဦး အရပ်အမောင်းကိုယ်ထည်တို့တွင်ခြားနားလျက် အချို့မှာ သာ၍မြင့်မြတ်သောလက္ခဏာပုံပန်းရှိကြ၏။ မြေကြီးသားတို့သည် ခွန်အားဗလနှင့် တင့်တယ်လှပသော လက္ခဏာများဆုတ်လျော့ပြီး အခြေအနေဆုတ်ယုတ်သွားပြီဟု ကျွန်ုပ်အားဖော်ပြထားပြီ။ စာတန်သည် ရောဂါဝေဒနာနှင့် သေခြင်းကိုအစိုးရ၍၊ ကာလအဆက်ဆက်တိုင်းတွင် ကျိန်ခြင်း၏ဒဏ်ကို သာ၍ထင်ရှားသိသာစေလျက် စာတန်၏တန်ခိုးတော်သည်လည်း သာ၍ထင်ပေါ်လာ၏။ နောဧနှင့်အာဗြဟံ၏လက်ထက်တွင် ရှိကြသောသူတို့သည် ပုံပန်းလက္ခဏာ၊ တင့်တယ်လှပခြင်းနှင့်ခွန်အားတွင် ကောင်းကင်တမန်တို့သည် တူကြ၏။ သို့ရာတွင် တစ်ခေတ်ပြီးတစ်ခေတ်သူတို့သည် သာ၍အားနည်းလာပြီး ရောဂါဝေဒနာများသာ၍စွဲကပ်လာလျက် သူတို့၏အသက်တာသည် သာ၍တိုလာလေ၏။ စာတန်သည် လူမျိုးကို မည်ကဲ့သို့နှောင့်ယှက်ဖျက်ဆီး၍ အားနည်းလာစေအောင် ပြုရမည်ကိုအမြဲရှာကြံကြိုးစားလျက်ရှိပေသည်။

သခင်ယေရှုထမြောက်တော်မူပြီးနောက် ထမြောက်လာကြသောသူတို့သည် အများသောသူတို့ထံသို့ပေါ်လာကြလျက်၊ လူအတွက် ယဇ်ပူဇော်ခြင်းအမှုသည် ပြီးမြောက်သွားပြီ။ ယုဒလူတို့လက်ဝါးကပ်တိုင်၌ရိုက်ထားကြသော သခင်ယေရှုသည် ထမြောက်တော်မူပြီဟု ပြောပြကြ၏။ "ငါတို့သည် ကိုယ်တော်နှင့်အတူ ထမြောက်လာပြီ"ဟု ပြောဆိုလျက် မိမိတို့ကိုယ်ကိုသက်သေပြကြ၏။ ကိုယ်တော်၏ကြီးမားသောတန်ခိုးတော်အားဖြင့်သူ . . . . . . . . . . . . . . . .

တို့သည် သင်္ချိုင်းများမှ ထွက်လာရကြပြီဟု သူတို့က သက်သေခံကြ၏။ မမှန်သော သတင်းကို လွှင့်နေကြသော်လည်း စာတန်၊ သူ၏တမန်များသို့မဟုတ် ယဇ်ပုရောဟိတ်များတို့သည် သခင်ခရစ်တော်ထမြောက်တော်မူခြင်းအကြောင်းကို ဖုံးမထားနိုင်ကြ။ သင်္ချိုင်းမှထမြောက်လာကြသော ဤသန့်ရှင်းသူတစ်စုသည် ဤအံ့ဩဖွယ်ကောင်းသော သတင်းကို နှံ့ပြားသွားစေခဲ့ပြီ။ ၄င်းပြင် သခင်ယေရှုကိုယ်တော်တိုင်ပင် ဝမ်းနည်းစိတ်ပျက်နေသော မိမိတပည့်တော်တို့အား မိမိကိုယ်ကိုပြတော်မူလျက်၊ သူတို့၏စိုးရိမ်ဖွယ်အချက်များကိုပယ်ရှားပြီးလျှင် သူတို့ကို အားရဝမ်းမြောက်စေတော်မူလေပြီ။

## သင်္ချိုင်းတော်၌ရှိသောမိန်းမများ

ခုနစ်ရက်တွင် ပထမနေ့နံနက်စောစော မိုးလင်းခါနီးတွင်၊ သခင်ယေရှု၏ အလောင်းတော်ကို လိမ်းပေးရန် အမွှေးအကြိုင်များကို သန့်ရှင်းသောမိန်းမများတို့သည် ယူ၍ သင်္ချိုင်းတော်ကိုရောက်လာကြ၏။ သင်္ချိုင်း၏အဝမှ ကျောက်တုံးကြီးသည်လိမ့်လျက်၊ သခင်ယေရှု၏အလောင်းတော်သည်လည်း မရှိတော့ကြောင်းကို သူတို့တွေ့မြင်ရကြလေ၏။ သူတို့သည် စိတ်ညှိုးငယ်လျက်ရှိကြပြီး၊ ရန်သူတို့သည် အလောင်းတော်ကို ယူသွားကြပြီဟု စိုးရိမ်ပူပန်နေကြ၏။ တခဏခြင်းတွင် အဝတ်ဖြူကိုဝတ်လျက် တောက်ပထွန်းလင်းသောမျက်နှာရှိသည့် ကောင်းကင်တမန်နှစ်ပါးကို သူတို့မြင်ရကြလေ၏။ ဤကောင်းကင်တမန်တို့သည် ဤမိန်းမတို့ လာရောက်ခြင်းအကြောင်းကို သိနားလည်ကြသဖြင့်၊ သခင်ယေရှုသည် ထိုနေရာ၌ ရှိတော်မမူကြောင်းချက်ခြင်းပြောပြကြ၏။ ကိုယ်တော်သည် ထမြောက်တော်မူပြီဖြစ်၍ ကိုယ်တော်လျောင်းတော်မူခဲ့သော နေရာကို သွားရောက်ကြည့်ရှုနိုင်ကြောင်းကိုလည်း ပြောပြ၏။ ကိုယ်တော်သည် တပည့်တော်တို့ရှေ့မှာပင် ဂါလိလဲပြည်သို့ကြွရောက်တော်မူမည်ဟု တပည့်တော်တို့အား သွား၍ပြောကြလော့ဟု ကောင်းကင်တမန်တို့က မိန်းမများအားမှာကြားလေ၏။ စိုးရိမ်ခြင်း၊ များစွာဝမ်းမြောက်ခြင်းနှင့် ထိုမိန်းမတို့သည် ဝမ်းနည်းနေကြသော တပည့်တော်တို့ထံ အလျှင်အမြန်ပြန်သွားကြပြီး မိမိမြင်သမျှကြားရသမျှတို့ကို ပြောပြကြလေ၏။

တပည့်တော်တို့သည် သခင်ခရစ်တော်ထမြောက်တော်မူခြင်းအကြောင်းကိုမယုံနိုင်ကြ။ သို့သော် သတင်းစကားကိုကြားပြောသော မိန်းမတို့နှင့်အတူ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

သန့်ရှင်းသောမိန်းမတို့သည် သင်္ချိုင်းတော်သို့လာကြရာ၊
ကောင်းကင်တမန်က သခင်ယေရှုသည် ထမြောက်တော်မူပြီဟု
ပြောပြ၏

သင်္ချိုင်းတော်သို့ အလျှင်အမြန်ပြေးသွားကြ၏။ သခင်ယေရှုသည် ရှိတော်မမူကြောင်း သူတို့တွေ့ရကြ၏။ ကိုယ်တော်၏ပိတ်ချောအဝတ်များကို မြင်ရသော်လည်း ကိုယ်တော်ထမြောက်တော်မူပြီဟူသော သတင်းကောင်းကို သူတို့သည် မယုံနိုင်ကြ။ သူတို့သည် အိမ်သို့ပြန်သွားကြလျက် မိမိတို့တွေ့မြင်ခဲ့ရသမျှကိုငှင်း၊ မိန်းမများက ကြားပြောသောသတင်းကိုငှင်း အံ့ဩလျက်နေကြ၏။

သို့သော် မာရိသည် သင်္ချိုင်းအနီးတွင် နေခဲ့သေးလျက် မိမိမြင်ရသော အရာတို့ကို တွေးတောနေပြီး၊ မိမိသည် လှည့်စားခြင်းခံနေရလိမ့်မည်ဟု ထင်မှတ်ကာ စိတ်ရှုပ်ထွေးနေ၏။ သူမသည် စုံလင်ခြင်းအသစ်တစ်ခုတွေ့ကြုံရလိမ့်မည်ဟု ထင်၏။ သူမသည် ထပ်မံ၍ စိတ်ညှိုးငယ်လာပြီးပြင်းစွာငိုကြွေးလေ၏။ သူမသည် သင်္ချိုင်းတွင်းသို့ ငုံ့ကြည့်ပြန်ရာ ဖြူသောဝတ်လုံကိုဝတ်ထားသော ကောင်းကင်တမန်နှစ်ပါးကိုတွေ့မြင်ရလေ၏။ တစ်ပါးသည် သခင်ယေရှုခေါင်းချတော်မူရာနေရာ၌ ထိုင်နေ၍ တစ်ခြားတစ်ဦးက ခြေတော်ရင်းရှိရာနေရာ၌ရှိနေ၏။ သူတို့က အဘယ်ကြောင့် ငိုကြွေးသနည်းဟု သူမအား ကြင်နာစွာမေးမြန်းကြ၏။ "ကျွန်မ၏သခင်ကို ယူသွားကြပြီ။ အဘယ်မှာထားကြသည်ကို မသိပါ"ဟု သူမက ပြန်ပြော၏။ ယောဟန် ၂၀း၁၃

## "ငါ့ကိုမဖက်နှင့်ဦး"

သူမသည် သင်္ချိုင်းမှပြန်သွားသောအခါ၊ သခင်ယေရှုသည်အနား၌ရပ်နေတော်မူသည်ကို တွေ့ရသော်လည်း ကိုယ်တော်ဖြစ်တော်မူသည်ကို မသိ။ သူမသည်အဘယ်ကြောင့် ညှိုးငယ်နေ၍ မည်သူကိုရှာသနည်းဟု ကိုယ်တော်ကသူမအား ကြင်နာစွာမေးတော်မူ၏။ ကိုယ်တော်ကို ဥယျာဉ်စောင့်ဟုထင်မှတ်လျက် သူမသည် ကျွန်မ၏သခင်ကိုယူသွားပါပြီး အဘယ်မှာထားသည်ကိုပြောပါ၊ ကျွန်မသွားယူပါမည်ဟု တောင်းပန်လေ၏။ သခင်ယေရှုက သူမအား"မာရိ"ဟု ခေါ်နေကြအတိုင်း သာယာသော အသံနှင့်ခေါ်တော်မူ၏။ သူမသည် ထိုအသံကို ကောင်းစွာသိနေသဖြင့် "အရှင်ဘုရား"ဟု ထူးပြီးလျှင် ဝမ်းမြောက်ခြင်းနှင့်ကိုယ်တော်ကိုဖက်ရန်ကြံစည်၏။ သို့သော် သခင်ယေရှုက "ငါ့ကိုမဖက်နှင့်ဦး။ ငါသည် ငါ့ခမည်းတော်ထံသို့မတက်ရသေး။ ငါ့ညီတို့ရှိရာသို့သွားလော့။ ငါ၏ခမည်းတော်တည်းဟူသော . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

သင်တို့၏ခမည်းတော်၊ ငါ၏ဘုရားသခင်တည်းဟူသော သင်တို့၏ဘုရားသခင့်ထံတော်သို့ ငါတက်ရမည်အကြောင်းအရာကို ကြားပြောလော့”ဟု မိန့်တော်မူ၏။ ယောဟန် ၂၀း၁၇။ သူမသည် ဝမ်းမြောက်စွာတပည့်တော်ထံသတင်းကောင်းနှင့်အလျင်အမြန်ထွက်သွား၏။ ယဇ်ပူဇော်ခြင်းအမှုကိုခမည်းတော်သည် လက်ခံတော်မူကြောင်း ခမည်းတော်၏နှုတ်တော်မှစကားတော်ကို ကြားနာတော်မူရန်နှင့် ကောင်းကင်ပေါ်၌၎င်း၊ မြေကြီးပေါ်၌၎င်း စီရင်ပိုင်သော အခွင့်အာဏာရှိသမျှကို ခံယူတော်မူရန် သခင်ယေရှုသည် ခမည်းတော်ထံသို့ အလျင်အမြန်တက်ကြွသွားတော်မူ၏။

ကောင်းကင်တမန်တို့သည် ဘုရားသခင်၏သားတော်ကို မိုးတိမ်ကဲ့သို့ ဖုံးလွှမ်းထားပြီးလျှင်၊ ဘုန်းတော်နှင့်ပြည့်ဝတော်မူသောရှင်ဘုရင်ဝင်အံ့သောငှါ ထာဝရတံခါးကြီးများကိုဖွင့်ခိုင်းကြ၏။ သခင်ယေရှုသည် ထိုတောက်ပသော ကောင်းကင်ဗိုလ်ခြေများနှင့်အတူ ဘုရားသခင်၏ရှေ့တော်၌ရှိနေတော်မူလျက် ဘုရားသခင်၏ဘုန်းတော်နှင့် လွှမ်းမိုးနေစဉ်၊ ကိုယ်တော်သည် မြေကြီးပေါ်ရှိ မိမိ၏တပည့်တော်များကိုမေ့တော်မမူဘဲ၊ သူတို့ထံသို့ပြန်ကြွ၍ တန်ခိုးတော်ကို ဝေငှပေးနိုင်မည်အကြောင်း ခမည်းတော်ထံမှတန်ခိုးတော်ကိုခံယူနေတော်မူသည်ကို ကျွန်ုပ်မြင်ရ၏။ ထိုနေ့၌ပင် ကိုယ်တော်သည် ပြန်ကြွလာတော်မူလျက် မိမိတပည့်တော်တို့အား မိမိကိုယ်ကို ပြတော်မူ၏။ မိမိအားကိုင်တွယ်ဖက်ထားစေခြင်းငှါ ခွင့်ပြုတော်မူ၏။ အကြောင်းမူကား၊ ကိုယ်တော်သည် ခမည်းတော်ထံသို့ တက်ရောက်သွားတော်မူပြီးနောက် တန်ခိုးတော်ကိုခံယူတော်မူခဲ့လေပြီ။

### ယုံမှားနေသူ၊ သောမ

ထိုအချိန်၌ သောမတစ်ယောက်မရှိချေ။ တပည့်တော်တို့ပြောသော စကားကို သူသည် အလွယ်တကူမယုံချေ။ သံချက်ရာများကို၎င်း၊ နံဘေးတော်၌ လှံထိုးရာကို၎င်း မကိုင်မစမ်းရလျှင်၊ သူသည် မယုံကြည်နိုင်ဟု သူက အခိုင်အမာပြောဆို၏။ ဤအချက်၌ သူသည်ညီအစ်ကိုတို့ကိုမယုံကြည်ကြောင်းပြ၏။ အားလုံးတို့သည် ထိုသို့သောသက်သေကို အလိုရှိကြလျှင်၊ မည်သူမျှသခင်ယေရှုကို ယခုလက်ခံကြမည်မဟုတ်။ ကိုယ်တော်ထမြောက်တော်မူခြင်းကိုလည်း ယုံကြည်ကြမည်မဟုတ်။ သို့ရာတွင် ကယ်တင်ရှင်ထမြောက်တော် . . . . . . . . .

မူခြင်းအကြောင်းကို မမြင်မကြားရနိုင်သော သူတို့ပင် တပည့်တော်တို့၏သတင်းစကားကို ယုံကြည်လက်ခံကြရမည့်အမှုမှာ ဘုရားသခင်၏အလိုတော်ပင်ဖြစ်သည်။

သောမ၏မယုံကြည်ခြင်းအမှုကို ဘုရားသခင်နှစ်သက်တော်မမူပါ။ သခင်ယေရှုသည် တပည့်တော်တို့နှင့်တဖန် တွေ့ကြုံတော်မူပြန်သောအခါ၊ သောမသည် သူတို့နှင့်အတူရှိလေ၏။ သခင်ယေရှုကိုမြင်လျှင် သူသည်ယုံကြည်၏။ သို့သော် ကိုင်စမ်းခြင်းမပြုရလျှင် စိတ်ကျေနပ်နိုင်ဟု သူကပြောဆိုခဲ့သဖြင့်၊ သခင်ယေရှုသည် သူ့အလိုကိုဖြည့်တော်မူ၏။ သောမက "အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်ပါတကား"ဟု ကြွေးကြော်လေ၏။သို့သော် သခင်ယေရှုက သူ၏မယုံကြည်သောသဘောကို ဆုံးမတော်မူလျက် "သင်သည် ငါ့ကိုမြင်သောကြောင့် ယုံကြည်ခြင်းရှိ၏။ ငါ့ကိုမမြင်ဘဲယုံသောသူတို့သည် မင်္ဂလာရှိကြ၏"ဟု မိန့်တော်မူ၏။ ယောဟန် ၂၀း၂၈-၂၉

## သခင်ယေရှုခရစ်တော်ကို သတ်သောသူများရှုံးနိမ့်သွားကြခြင်း

ထမြောက်တော်မူခြင်းသတင်းသည် တစ်မြို့မှတစ်မြို့၊ တစ်ရွာမှတစ်ရွာသို့ ပြန့်သွားသောအခါ၊ ယုဒလူတို့သည် မိမိတို့အသက်ဘေးအတွက် စိုးရိမ်လာကြသဖြင့်၊ တပည့်တော်တို့အား မုန်းထားသောစိတ်ကိုမပြဘဲ ဖုံးထားကြ၏။ သူတို့၏မမှန်သတင်းကိုနှံ့ပြားသွားစေဖို့သာ မျှော်လင့်စရာရှိ၏။ ဤမမှန်သတင်းကိုအမှန်ဖြစ်စေဖို့ အလိုရှိသူများက လက်ခံကြသည်။ သခင်ခရစ်တော်ထမြောက်တော်မူကြောင်းကို ပိလတ်မင်းကြီးကြားရသောအခါ ကြောက်ရွံ့တုန်လှုပ်၏။ သူသည် သိရှိရသော သက်သေသာဓကကိုယုံမှားခြင်းမရှိ။ ၎င်းပြင် ထိုအခါမှစ၍ သူ၏စိတ်ထဲ၌ ငြိမ်သက်ခြင်းမရှိတော့ချေ။ လောကီဂုဏ်အသရေကြောင့်၎င်း၊ ရာထူးလက်လွတ်၍ သေရမည်ကိုစိုးရိမ်သောကြောင့်၎င်း သူသည် သခင်ယေရှုကို အသေခံစေဖို့ ပေးအပ်လိုက်လေပြီ။ မိမိပြစ်မှားမိခဲ့သောသူသည် အပြစ်ကင်းသောသူသာမက ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို ယခုသူသည် ကောင်းစွာသိနားလည်လာ၏။ ပိလတ်မင်း၏နောက်ဆုံး အသက်တာသည် ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်၏။ စိတ်ဒုက္ခရောက်လျက် ပူဆွေးရခြင်းကြောင့် မျှော်လင့်ဝမ်းမြောက်စရာအကြောင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

များအလျှင်းမရှိတော့ချေ။ စိတ်သက်သာမှုကိုအလိုမရှိတော့သဖြင့် သူသည် အလွန်တရာစိတ်ဆင်းရဲခြင်းနှင့် သေဆုံးသွားရ၏။

## တပည့်တော်တို့နှင့်အတူရက်ပေါင်းလေးဆယ်ကြာနေတော်မူခြင်း

သခင်ယေရှုသည် မိမိ၏တပည့်တော်နှင့်အတူ ရက်ပေါင်းလေးဆယ်ကြာနေတော်မူလျက် ဘုရားသခင်၏နိုင်ငံတော်အကြောင်းနှင့် သက်ဆိုင်၍ တကယ်ဖြစ်သောအကြောင်းအရာများကို သာ၍ပြည့်စုံစွာဖွင့်ပြတော်မူသောအခါ၊ သူတို့သည် အလွန်အားရဝမ်းမြောက်ခြင်းရှိကြ၏။ ကိုယ်တော်ဆင်းရဲခံတော်မူခြင်း၊ အသေခံတော်မူခြင်းရှိကြ၏။ ကိုယ်တော်ဆင်းရဲခံတော်မူခြင်း၊ အသေခံတော်မူခြင်းနှင့်ထမြောက်တော်မူခြင်းအကြောင်း၊ မိမိတို့မြင်ရကြားရသမျှတို့ကို သက်သေခံစေရန် ကိုယ်တော်က သူတို့အား အမိန့်ပေးတော်မူ၏။ ၄င်းပြင် ကိုယ်တော်သည် အပြစ်အတွက်ပူဇော်ခြင်းကိုပြုတော်မူ၍ကိုယ်တော်ထံလာလိုသောသူအပေါင်းတို့သည် လာ၍အသက်ကိုရရှိနိုင်ကြောင်းလည်းကြားပြောရန် သူတို့ကိုစေလွှတ်တော်မူ၏။ သူတို့သည် ဒုက္ခဆင်းရဲခြင်း၊ညှဉ်းဆဲနှိပ်စက်ခြင်းခံရကြလိမ့်မည်။ သို့သော် မိမိတို့ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြန်၍ဆင်ခြင်လျက် ကိုယ်တော်မိန့်တော်မူခဲ့သော စကားများကို ပြန်၍သတိရကြသောအခါ၊ စိတ်သက်သာခြင်းအခွင့်ရကြလိမ့်မည်ဟု ကိုယ်တော်က သူတို့အားကြင်နာစွာမိန့်မှာထားတော်မူ၏။ ကိုယ်တော်သည် စာတန်၏သွေးဆောင်ခြင်းကိုအောင်မြင်၍၊ စုံစမ်းခြင်း၊ ဒုက္ခဆင်းရဲခြင်းဖြင့် အောင်မြင်ခြင်းကိုရရှိတော်မူခဲ့ပြီဟု ကိုယ်တော်က သူတို့အားမိန့်တော်မူ၏။ စာတန်သည် ကိုယ်တော်ကို ဘယ်သောအခါမျှမနှောက်ယှက်နိုင်တော့ချေ။ သို့သော် သူတို့အပေါ်၌၄င်း၊ စုံစမ်းသွေးဆောင်ခြင်းအမှုတို့ကို တိုက်ရိုက်သက်ရောက်စေလိမ့်မည်။

သို့သော် ကိုယ်တော်နည်းတူ သူတို့သည် အောင်မြင်နိုင်ခွင့်ရရှိကြလိမ့်မည်။ သခင်ယေရှုသည် မိမိ၏တပည့်တော်တို့အား နိမိတ်လက္ခဏာတို့ကို ပြုလုပ်နိုင်သောတန်ခိုးကို ပေးတော်မူလျက် သူတို့သည် ဆိုးသောသူတို့အားဖြင့် ညှဉ်းဆဲခြင်းကိုခံရကြသော်လည်း သူတို့အားကယ်ဆယ်ရန် မိမိ၏ကောင်းကင်တမန်များကို မကြာခဏစေလွှတ်တော်မူမည်ဟု မိန့်တော်မူ၏။ သူတို့အားပေးအပ်ထားသောအမှုကိုပြုလုပ်၍ .............................

မပြီးစီးမှီ သူတို့၏အသက်ကိုရန်မရှာနိုင်။ ထိုနောက် သူတို့သက်သေခံခဲ့သော အရာများကို မိမိတို့၏အသွေးနှင့် တံဆိပ်နှိပ်ခတ်ဖို့ လိုလိမ့်မည်။

ကိုယ်တော်၏နောက်တော်သို့ စိတ်အားကြီးစွာလိုက်လာကြသောသူတို့သည် ကိုယ်တော်၏ဆုံးမဩဝါဒများကို ဝမ်းမြောက်စွာနားထောင်ကြလျက်၊ ကိုယ်တော်၏သန့်ရှင်းသောနှုတ်တော်မှ ထွက်လာသောစကားတိုင်းကို စိတ်အားထက်သန်စွာခံယူကြ၏။ ကိုယ်တော်သည် လောက၏ကယ်တင်ရှင်ဖြစ်ကြောင်း ယခုသူတို့သည် အမှန်သိရှိလာကြ၏။ ကိုယ်တော်၏စကားတော်များသည် စိတ်ထဲ၌စွဲမြဲတည်ရှိလာကြလျက်၊ သူတို့သည် မကြာမှီ မိမိတို့၏ကောင်းကင်ဓမ္မဆရာကြီးနှင့် ခွဲခွာရကြ၍ ကိုယ်တော်၏နှုတ်တော်မှ ကြင်နာနှစ်သိမ့်ဖွယ်စကားများကို ကြားရကြတော့မည်မဟုတ်သောကြောင့်၊ သူတို့သည် ဝမ်းနည်းနေကြ၏။ သို့သော် ကိုယ်တော်သည် သူတို့အတွက်နေစရာအရပ်များကို သွား၍ပြင်ဆင်ပြီးမှ တဖန်လာပြန်၍ ကိုယ်တော်နှင့်အတူ ရှိကြမည်အကြောင်း သူတို့ကိုသိမ်းဆည်းမည်ဟု သခင်ယေရှုမိန့်တော်မူသောအခါ၊ သူတို့၏စိတ်နှလုံးတွင် မေတ္တာနှင့်ပြည့်ဝလာလျက် သူတို့သည် အလွန်အားရဝမ်းမြောက်ခြင်းရှိလာကြ၏။ သူတို့အား သမ္မာတရားရှိသမျှတို့၌ လမ်းပြသွန်သင်ရန် သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ဥပဇ္ဈာယ်ဆရာကိုလည်းစေလွှတ်တော်မူမည်ဟု ဂတိထားတော်မူသေး၏။ ထိုနောက် ကိုယ်တော်သည် "လက်တော်ကိုချီ၍ ကောင်းချီးပေးတော်မူ၏။" လုကာ ၂၄း၅၀

---oo---

# အခန်း (၃၁)
# သခင်ခရစ်တော်ကောင်းကင်သို့တက်ကြွတော်မူခြင်း

သခင်ယေရှုသည် မိမိ၏ခမည်းတော်ထံတော်သို့ အောင်မြင်ဝမ်းမြောက်စွာ တက်ကြွလာတော်မူမည့်အချိန်ကို ကောင်းကင်တစ်ဝှမ်းလုံးသည်စောင့်မျှော်နေကြ၏။ ကောင်းကင်တမန်များတို့သည် ဘုန်းတော်နှင့်ပြည့်ဝနေသောရှင်ဘုရင်ကို ကောင်းကင်သို့ဝမ်းမြောက်စွာစောင့်ကျပ်ခေါ်ဆောင် သွားကြရန်လာကြ၏။ သခင်ယေရှုသည် တပည့်တော်များကို ကောင်းကြီးပေးတော်မူပြီးသောအခါ ကိုယ်တော်သည် သူတို့ထံမှခွာလျက် အထက်သို့ဆောင်ယူခြင်းခံတော်မူရ၏။ ၄င်းပြင် ကိုယ်တော်သည် ထိုသို့အထက်သို့ ယူဆောင်ခြင်းခံတော်မူစဉ်၊ ကိုယ်တော်ထမြောက်တော်မူသောအချိန်၌ သေခြင်းမှထမြောက်သောလူတစ်စုတို့သည် ကိုယ်တော်နှင့်အတူပါသွားကြ၏။ ကောင်းကင်၌ မရေမတွက်နိုင်အောင်များပြားသောကောင်းကင်တမန်အစုအဝေးသည် ကိုယ်တော်တက်ကြွလာတော်မူခြင်းကို စောင့်မျှော်နေကြစဉ် ကိုယ်တော်၏နောက်တော်၌လည်း ကောင်းကင်ဗိုလ်ခြေတစ်စုတို့သည် လိုက်ပါလျက်ရှိကြ၏။

သူတို့သည် သန့်ရှင်းသောမြို့တော်သို့တက်သွားနေကြစဉ်၊ သခင်ယေရှုကိုစောင့်ရှောက်ရသောကောင်းကင်တမန်တို့က "အချင်းတံခါးတို့၊တံခါးမုတ်ကိုကြွလိုက်ကြ။ အချင်းထာဝရတံခါးတို့၊ ကိုယ်ကိုကြွလိုက်ကြ။ ဘုန်းကြီးသောရှင်ဘုရင်ဝင်တော်မူမည်"ဟု ကြွေးကြော်ကြ၏။ မြို့တော်တွင်ရှိ ကောင်းကင်တမန်များက အလွန်ဝမ်းမြောက်ခြင်းနှင့် "ဘုန်းကြီးသော ရှင်ဘုရင်ကား အဘယ်သူနည်း"ဟု ကြွေးကြော်ရာ၊ ခြံရံစောင့်ရှောက်သောကောင်းကင်တမန်များက "အစွမ်းတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရဘုရား၊ စစ်တိုက်ခြင်း၌၊ တန်ခိုးကြီးတော်မူသော ထာဝရဘုရားပေတည်း။ အချင်းတံခါးတို့၊ တံခါးမုတ်ကိုကြွလိုက်ကြ။ အချင်းထာဝရတံခါးတို့၊ ကိုယ်ကိုကြွလိုက်ကြ။ ဘုန်းကြီးသော ရှင်ဘုရင်ဝင်တော်မူမည်"ဟု ဝမ်းမြောက်စွာပြန်ဖြေကြ၏။ တဖန် စောင့်မျှော်နေသော ကောင်းကင်တမန်များက "ဘုန်းကြီးသောရှင်ဘုရင်ကားအဘယ်သူနည်း"ဟု မေးမြန်းကြပြန်ရာ၊ စောင့်. . .

ရှောက်လာသောကောင်းကင်တမန်များက "ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားပေတည်း။ ထိုဘုရားသည် ဘုန်းကြီးသော ရှင်ဘုရင်ဖြစ်တော်မူသတည်း"ဟု ချီးသာသောအသံနှင့်ပြန်ဖြေကြ၏။ ဆာလံကျမ်း ၂၄း၇-၁၀။ ထိုနောက် ကောင်းကင်ခရီးသည်တို့သည် ဘုရားသခင်၏မြို့တော်ထဲသို့ ဝင်သွားကြလေ၏။

ထိုနောက် ကောင်းကင်ဗိုလ်ခြေအပေါင်းတို့သည် မိမိတို့၏မြင့်မြတ်သော ဗိုလ်ချုပ်ကြီးပတ်လည်၌ ဝန်းရံ၍အလွန်ရိုသေကိုင်းညွတ်သောသဘောနှင့် ဦးညွတ်ချကြပြီးလျှင်၊ မိမိတို့၏တောက်ပသောသရဖူများကို ကိုယ်တော်၏ခြေတော်ရင်း၌ ချထားကြ၏။

ထိုနောက် သူတို့သည် ရွှေစောင်းများကိုကိုင်လျက်အသတ်ခံရသော်လည်း ဘုန်းတန်ခိုး၊ ကြီးမြတ်ခြင်းနှင့်တဖန်အသက်ရှင်တော်မူလျက်ရှိနေသော သိုးသငယ်အတွက် ချီးမွမ်းသောသီချင်းများကို ကောင်းကင်တဝှမ်းလုံးပဲ့ တင်ထပ်မျှ ဖြစ်သွားအောင် အလွန်ချိုသာစွာတီးကြလေ၏။

## ပြန်လာမည်ဟူသော ဂတိတော်

တပည့်တော်တို့သည် ကောင်းကင်သို့ညိုးငယ်စွာမျှော်လျက် တက်ကြွသွားတော်မူသောသခင်ဘုရားကို နောက်ဆုံးကြည့်နေကြစဉ်၊ အဝတ်ဖြူကို ဝတ်ထားသောကောင်းကင်တမန်နှစ်ပါးသည် သူတို့အနားမှာရပ်နေလျက်၊ "အိုဂါလိလဲလူတို့၊ အဘယ်ကြောင့်ကောင်းကင်သို့မျှော်လျက် နေကြသနည်း။ သင်တို့နှင့်ခွာ၍ ကောင်းကင်သို့ဆောင်ယူခြင်းကိုခံတော်မူသော ထိုယေရှုသည် သင်တို့မျက်မှောက်၌ ကောင်းကင်သို့ကြွသွားတော်မူသည်နည်းတူ တဖန်ကြွလာတော်မူလတ္တံ့"ဟု သူတို့အားပြောဆိုကြ၏။ တမန်တော်၊ ၁း၁၁။

တပည့်တော်များတို့နှင့်အတူ ဘုရားသခင်၏သားတော်ကောင်းကင်သို့တက်ကြွသွားတော်မူသည်ကို မြင်ရသော သခင်ယေရှု၏မိခင်တို့သည် ထိုည၌ ကိုယ်တော်၏အံ့သြဖွယ်သောအမှုများနှင့် မကြာမီကဖြစ်ပျက်ခဲ့သည့် ဘုန်းတန်ခိုးရှိသော အံ့သြဖွယ်အကြောင်းအရာများတို့ကို ပြောလျက်နေကြလိမ့်မည်။

စာတန်သည် တဖန်မိမိ၏တမန်များနှင့်တိုင်ပင်ပြီးလျှင်၊ ဘုရားသခင်၏ အုပ်စိုးခြင်း အာဏာစက်ကိုအလွန်မုန်းသဖြင့်၊ သူသည်မြေကြီးပေါ်၌ စိုးမိုးအုပ်ချုပ်နေရစဉ်ကာလ၊ သခင်ယေရှု၏တပည့်တော်များကို ဆယ်ဆပြင်းထန်စွာတိုက်ခိုက်ရမည်ဟု သူ၏တမန်များအား ပြောပြ၏။ သူတို့သည် သခင်ခရစ်တော်ကို မအောင်မြင်နိုင်ကြသဖြင့် တတ်နိုင်လျှင် ကိုယ်တော်၏တပည့်တော်များအား တွန်းလှန်တိုက်ခိုက်ကြရမည်။ လူမျိုးအဆက်ဆက်တိုင်းတွင် သခင်ယေရှုကိုယုံကြည်သောသူများကို ထောင်ဖမ်းရန် သူတို့သည် ကြိုးစားကြလိမ့်မည်။ သခင်ယေရှုသည် မိမိ၏တပည့်တော်များအား သူတို့ကို ဆုံးမ၍၊ နှင်ထုတ်စေရန် သူတို့နောင့်ယှက်သောလူနာများကို ကျန်းမာစေရန် တန်ခိုးများကိုချပေးတော်မူခဲ့ပြီဟု စာတန်က မိမိတမန်များအား ပြောပြ၏။ ထိုနောက် စာတန်သည် ဟောက်သောခြင်္သေ့ကဲ့သို့ သခင်ယေရှု၏တပည့်တော်များကိုဖျက်ဆီးရန် ထွက်သွားလေ၏။

---oo---

# အခန်း (၃၂)
# ပင်တေကုတ္တေပွဲနေ့

သခင်ယေရှုအကြောင်းနှင့်စပ်ဆိုင်၍ ရေးထားသော အနာဂတ္တိစကားများ၏အနက်အဓိပ္ပါယ်ကိုနားလည်နိုင်စေရန် ကိုယ်တော်သည် တပည့်တော်တို့၏ဉာဏ်ကိုဖွင့်ပေးတော်မူသောအခါ၊ ကောင်းကင်ပေါ်၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ အခွင့်တန်ခိုးရှိသမျှကို မိမိသည် ခံယူရရှိပြီဖြစ်ကြောင်း အသေအချာဖော်ပြတော်မူပြီးနောက်၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောပြောရန်သွားကြလော့ဟု မှာထားတော်မူ၏။ သခင်ယေရှုသည် ယေရုရှလင်မြို့၌ ဒါဝိတ်၏ပလ္လင်တော်ပေါ်တွင် နန်းထိုင်တော်မူလိမ့်မည်ဟု တဖန် မျှော်လင့်ကြပြန်လျက် တပည့်တော်တို့က "ယခုကိုယ်တော်သည် ဣသရေလအမျိုးသားတို့အား နိုင်ငံကိုပြန်ပေးတော်မူမည်လော"ဟု မေးလျှောက်ကြ၏။ တမန်တော် ၁း၆။ "ခမည်းတော်၏တန်ခိုးအားဖြင့်စီရင်တော်မူသောအချိန်ကာလကို သိရသောအခွင့်သည် သင်တို့၌မရှိ"ဟု ပြန်၍ မိန့်တော်မူခြင်းဖြင့်၊ ဤအကြောင်းအရာသည် သူတို့အဖို့ အသေအချာသိရှိအပ်သော အချက်မဟုတ်ကြောင်း ကိုယ်တော်က ဖော်ပြတော်မူ၏။

သန့်ရှင်းသောဝိညာဉ်တော်ကို အံ့ဩဖွယ်ဆင်းသက်စေတော်မူခြင်းဖြင့် ယုဒလူတို့သည် သခင်ယေရှုကို လက်ခံကြလိမ့်မည်ဟု တပည့်တော်တို့က မျှော်လင့်စပြုကြ၏။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့အပေါ်သို့ပြည့်စုံစွာဆင်းသက်လာသောအခါ၊ သူတို့သည် မိမိတို့ရှေ့၌ ရှိသောအလုပ်ကိုကောင်းစွာသိရှိနားလည်ပြီး ကိုယ်တော်ရပ်စဲထားတော်မူခဲ့သော နေရာကအစပြုဆောင်ရွက်ကြလိမ့်မည်ဟု ကိုယ်တော်သိရှိတော်မူသဖြင့် ကယ်တင်ရှင်သည် ဆက်လက်ရှင်းလင်းပြဖို့သည်းခံနေတော်မူ၏။

တပည့်တော်များတို့သည် ယုံကြည်သောမိန်းမများ၊ သခင်ယေရှု၏မယ်တော်၊ အခြားသောညီအစ်ကိုများတို့နှင့်အတူ ဆုတောင်းပဌနာပြုရန် အထက်ခန်း၌စုဝေးကြ၏။ အခြားသော ညီအစ်ကိုတို့သည် ပထမကမယုံကြည်ခဲ့ကြသော်လည်း ယခုသခင်ဘုရားသည် လက်ဝါးကပ်တိုင်၌အသေခံတော်မူခြင်း၊ ထမြောက်တော်မူခြင်း၊ ကောင်းကင်သို့ တက်ကြွသွားတော်မူ . . . . . . . . . . . . . . . . . . . .

ခြင်းတို့ကို မြင်ရခြင်းကြောင့်၊ မိမိတို့၏ယုံကြည်ခြင်းတရား၌ လုံးလုံးတည်လာကြသည်။ စုရုံးနေကြသော သူတို့၏အရေအတွက်မှာ တစ်ရာနှစ်ဆယ်ခန့်ရှိ၏။

### သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်ခြင်း

"ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ ထိုသူအပေါင်းတို့သည် တစ်ညီတစ်ညွတ်တည်း စည်းဝေး၍နေကြ၏။ ထိုအခါ လေပြင်းမုန်တိုင်းကဲ့သို့သော အသံသည် တခဏခြင်းတွင် ကောင်းကင်မှလာ၍ ထိုသူတို့နေထိုင်သောအိမ်ကိုဖြည့်လေ၏။ ထိုခဏခြင်းတွင် ကွဲပြားသောလျှာတို့သည် မီးလျှာကဲ့သို့ ထင်ရှား၍ ထိုသူအသီးအသီးတို့အပေါ်၌တည်နေကြ၏။ ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည်အတိုင်း အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏။" အဖြား၌ကွဲပြားသော မီးလျှာကဲ့သို့ ပုံသဏ္ဍာန်ဆောင်လျက် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည်အတိုင်း အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏။" အဖြား၌ကွဲပြားသောမီးလျှာကဲ့သို့ပုံသဏ္ဍာန်ဆောင်လျက် သန့်ရှင်းသောဝိညာဉ်တော်သည် စုဝေးနေသောသူတို့အပေါ်သို့ ဆင်းသက်ခြင်းအမှုသည် အထက်ကမကျွမ်းကျင်သောဘာသာစကားအမျိုးမျိုးနှင့် ဟောပြောနိုင်လောက်အောင် ဝိညာဉ်ဆုကျေးဇူးကို ချပေးတော်မူခြင်းကို ပုံဆောင်၏။ မီးသည် သူတို့လုပ်ဆောင်ရသောအမှုတွင် စိတ်အားထက်သန်မှုနှင့် ဟောပြောသောစကားတွင် တန်ခိုးပါရှိခြင်းကို ပုံဆောင်၏။ ကောင်းကင်မှချပေးသော အလင်းအားဖြင့်၊ သခင်ခရစ်တော်က သူတို့ အားရှင်းလင်းဖော်ပြပေးတော်မူခဲ့သော သမ္မာကျမ်းစာသည် သူတို့၏စိတ်နှလုံးထဲ၌ ထင်ရှားနှစ်သက်ဖွယ်စွဲမြဲလာလျက်၊ ကြည်လင်ပြတ်သား၍ တန်ခိုးရှိသော သမ္မာတရားကို ကောင်းစွာသိနားလည်ကြ၏။ အဆုံး၌ပယ်ရှားထားသော အရာကို မသိမြင်စေရန် ကာကွယ်ထားသော ကန့်လန့်ကာကိုယခုပယ်ရှားလိုက်သဖြင့်၊ သခင်ခရစ်တော်၏အမှုတော်နှင့်ဆိုင်သော ရည်ရွယ်ချက်နှင့် ကိုယ်တော်၏နိုင်ငံတော်အကြောင်းကို သူတို့သည် စုံလင်ထင်ရှားစွာ သိမြင်လာရကြလေ၏။

#### ပင်တေကုတ္တေပွဲနေ့၏တန်ခိုးအားဖြင့်

ယုဒလူတို့သည် လူမျိုးအသီးအသီးတို့ထံသို့ နှံ့ပြားသွားကြ၍ ဘာသာစကားအမျိုးမျိုးပြောဆိုကြ၏။ သူတို့သည် အလွန်ဝေးသောအရပ်များမှ . . . . . . .

ယေရုရှလင်မြို့သို့ရောက်လာကြပြီး၊ ဘာသာတရားနှင့်ဆိုင်သောပွဲများကို ပြုလုပ်ကြလျက် တရားအတိုင်း စောင့်ရှောက်အပ်သော ပွဲနေ့များပြီးစီးသည်တိုင်အောင် ထိုမြို့၌ခေတ္တခဏနေထိုင်ကြ၏။ သူတို့သည် စုရုံးကြသောအခါ၊ ဘာသာစကားအမျိုးမျိုးကို ပြောဆိုကြသောသူများပါဝင်ကြ၏။ ဤကဲ့သို့ ဘာသာစကားအမျိုးမျိုးကို ကွဲပြားနေသောကြောင့်၊ ဘုရားသခင်၏ကျွန်များတို့သည် ကမ္ဘာတစွန်းမှတစွန်းသို့ သခင်ခရစ်တော်၏ဩဝါဒများကိုကြော်ငြာသွန်သင်ရာ၌ မိမိတို့လုပ်ငန်းတွင် များစွာအခက်အခဲတွေ့ကြုံရကြ၏။ တမန်တော်တို့၌လိုနေသောအရာကို ဘုရားသခင်ကအံ့ဖွယ်နည်းဖြင့် ချပေးတော်မူခြင်းအမှုသည် သခင်ခရစ်တော်အတွက် သက်သေခံကြသော သူတို့၏လုပ်ငန်းများကို အပြည့်အစုံအတည်ပြုခြင်းအမှုဖြစ်ကြောင်း လူတို့ရှေ့၌ ထင်ရှား၏။ သူတို့တစ်သက်ပတ်လုံး မပြုလုပ်နိုင်သောအမှုကို သန့်ရှင်းသောဝိညာဉ်တော်သည် ပြုလုပ်ပြီးစီးလေပြီ။ မိမိတို့အမှုဆောင်ရွက်နေသော လူမျိုးထဲတွင် ဧဝံဂေလိသတင်းစကားကို သူတို့၏ဘာသာစကားမျိုးဖြင့် ယခုသေချာမှန်ကန်စွာဖြန့်ဖြူးနိုင်လေပြီ။ ဤထူးခြားသောဆုကျေးဇူးကား၊ မိမိတို့၏လုပ်ငန်းသည် ကောင်းကင်မှ အသိအမှတ်ပြုသောအမှုဖြစ်ကြောင်း လောကအားသူတို့ထင်ရှားစွာ ဖော်ပြနိုင်သောလက္ခဏာသက်သေဖြစ်၏။

"ထိုကာလအခါ၊ ကောင်းကင်အောက်တွင်၊ ရှိလေသမျှသောလူမျိုးထဲက ဘုရားကိုရိုသေသောယုဒလူတို့သည် ယေရုရှလင်မြို့၌တည်းနေကြသတည်း။ ထိုအသံကို ကြားရသောအခါ၊ လူများတို့သည် စုဝေးလာကြလျှင်၊ အသီးသီးအခြားခြားသောမိမိတို့ဘာသာစကားဖြင့် တမန်တော်တို့ဟောပြောသည်ကိုကြားရ၍ မှိုင်တွေလျက်ရှိနေကြ၏။ ထိုလူအပေါင်းတို့သည် အံ့ဩတွေဝေလျက်ရှိ၍၊ ယခုဟောပြောသောသူအပေါင်းတို့သည် ဂါလိလဲလူဖြစ်ကြသည်မဟုတ်လော။ သို့မဟုတ်လျှင် ငါတို့သည် အသီးအသီးမွေးဖွားရာဌာန၏ဘာသာစကားများကို ကြားရသည်ကား အဘယ်သို့နည်း။"

ယေရှုရှလင်မြို့နှင့် ပတ်ဝန်းကျင်တွင် နှံ့ပြားစွာကျော်ကြားသွားသည့် ဤအံ့ဩဖွယ်အကြောင်းအရာအတွက် ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲတို့သည် အလွန်ပင်ဒေါသထွက်နေကြသော်လည်း၊ လူများသိလျှင် သူတို့ကိုမုန်းမည်ကို စိုးရိမ်သောကြောင့်၊ သူတို့၏အမျက်ဒေါသကိုမပြဝံ့ကြချေ။

သူတို့သည် သခင်ဘုရားကို သတ်လိုက်ကြသော်လည်း ကိုယ်တော်၏ကျွန်များဖြစ်ကြသော ပညာမတတ်သောဂါလိလဲလူတို့သည် အံ့ဩဖွယ်ပြည့်စုံသွားသော အနာဂတ္တိစကားများကို စစ်ဆေးရှာဖွေလျက် သခင်ယေရှု၏ဩဝါဒစကားများကို ထိုအခါကရှိခဲ့သော ဘာသာစကားအမျိုးမျိုးတို့နှင့်သွန်သင်ဟောပြောနေကြပြီ။ သူတို့သည် ကယ်တင်ရှင်၏အံ့ဩဖွယ်အမှုတော်များအကြောင်း တန်ခိုးနှင့်ဟောပြောကြ၍၊ ဘုရားသခင့်သားတော်၏ ဂရုဏာတရားနှင့် ပူဇော်ခြင်းအမှုတွင် ထင်ရှားသော ကယ်တင်ခြင်းစီမံကိန်းအကြောင်းကို နားထောင်သောသူတို့အား ဖွင့်ပြကြ၏။ သူတို့၏စကားများကြောင့် နားထောင်နေကြသည့် ထောင်ပေါင်းများစွာသောသူတို့သည် မိမိတို့၏အပြစ်ကိုသိမြင်လျက် စိတ်နှလုံးပြောင်းလဲကြ၏။ ယဇ်ပုရောဟိတ်များကသွန်သင်ပေးခဲ့သော ထုံးတမ်းများ၊ အယူသီးသောဩဝါဒများကို မိမိတို့၏စိတ်နှလုံးများထဲမှပယ်ရှား၍ ဘုရားသခင်၏နှုတ်ကပါတ်တော်တွင် ပါရှိသော သန့်ရှင်းဖြူစင်သော ဩဝါဒများကို လိုက်နာလက်ခံကြလေ၏။

## ပေတရု၏ဟောပြောချက်

ဤအံ့ဩဖွယ် အကြောင်းအရာသည် ပုရောဖက်ယောလ၏အနာဂတ္တိစကားကို တိုက်ရိုက်ပြည့်စုံစေသောအချက်ဖြစ်သည်ဟု ပေတရုဖော်ပြတော်မူ၏။ ထူးခြားသောအလုပ်နှင့်သင့်တော်သောလူများ ဖြစ်လာကြစေရန် ဘုရားသခင်၏ လူတို့အပေါ်၌ ထိုသို့သော တန်ခိုးသည် သက်ရောက်လိမ့်မည်ဟု ထိုအနာဂတ္တိစကားတွင် ကြိုတင်ဖော်ပြထား၏။

သခင်ခရစ်တော်၏မျိုးရိုးစဉ်ဆက်သည် ဂုဏ်အသရေရှိသောဒါဝိတ်မင်းမှဆင်းသက်လာသည်ဟု ပေတရုကပြန်၍ရှင်းပြ၏။ မိမိအခြေအနေအမှန်ကို သက်သေပြရန် ပေတရုသည် သခင်ယေရှု၏ဩဝါဒတစ်စုံတစ်ခုကိုမျှမဖော်ပြချေ။ အကြောင်းမူကား၊ ယုဒလူများတို့သည် သူတို့ကို အလွန်မုန်းသောကြောင့်၊ ၎င်းတို့အားဖြင့် အကျိုးရှိမည်မဟုတ်ကြောင်းကို သူသိ၏။ သို့ရာတွင် မိမိတို့လူမျိုးတွင် ယုဒလူတို့က ရိုသေထိုက်သည်ဟု သဘောထားကြသော ဒါဝိတ်မင်းကြီးအကြောင်းကို သူကညွှန်ပြ၏။ ပေတရုက အောက်ပါအတိုင်းဖော်ပြ၏။

"ထိုသူကိုအကြောင်းပြုလျက်၊ ဒါဝိတ်မင်းက၊ ငါသည် ထာဝရဘုရားကို အစဉ်မပြတ် မျက်မှောက်ပြု၏။ အကြောင်းမူကား၊ ငါ့လက်ကျာဘက်၌တည်ရှိ တော်မူသည်ဖြစ်၍ ငါသည် လှုပ်ရှားခြင်းမရှိရ။ ထိုကြောင့် ငါ့စိတ်နှလုံးသည် သာယာခြင်း၊ ငါ့ဝိညာဉ်သည်လည်း ရွှင်လန်းခြင်းရှိ၏။ ထိုမှတပါး ငါ့အသားသည် မျှော်လင့်လျက် ကျိန်းဝပ်တော်မူလိမ့်မည်။ အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်ဝိညာဉ်ကို မရဏာနိုင်ငံ၌ပစ်ထားတော်မမူ။ ကိုယ်တော်၏သန့်ရှင်း သောသူအားလည်း ပုပ်စပ်ခြင်းရှိစေတော်မမူဟု ဒါဝိတ်ဆိုသတည်း။"

ဒါဝိတ်မင်းသည် မိမိအကြောင်းကိုမဆိုဘဲ၊ သခင်ယေရှုခရစ်တော်အ ကြောင်းကို အသေအချာညွှန်ပြကြောင်း ပေတရုက ဤနေရာ၌ဖော်ပြ၏။ ဒါဝိတ် မင်းသည် အခြားသောသူတို့ကဲ့သို့ သဘာဝအလျောက်သေဆုံး၏။ သူ၏ကိုယ် ခန္ဓာတည်းဟူသော မြတ်သောမြေမှုန့်ပါရှိသည့် သင်္ချိုင်းကို ထိုအချိန်ကာလတိုင် အောင် သတိနှင့်စောင့်ရှောက်ထိန်းသိမ်းလာကြသည်။

ဒါဝိတ်မင်းသည် ဣသ ရေလလူတို့၏ရှင်ဘုရင်အဖြစ်နှင့်၎င်း၊ ပုရော ဖက်အဖြစ်နှင့်၎င်း၊ အထူးသဖြင့် ဘုရားသခင်ချီးမြောက်တော်မူခြင်းကိုခံခဲ့ရပြီ။ ဗျာဒိတ်ရူပါရုံ၌ သူ့အား သခင်ခရစ် တော်၏အသက်တာနှင့် အမှုတော်အကြောင်း ကြိုတင်ဖော်ပြထားတော်မူ၏။ ကိုယ်တော်ကိုငြင်းပယ်ခြင်း၊ ကိုယ်တော်ကို စီရင် ခြင်း၊ လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်း၊ သင်္ဂြိုလ်ခြင်း၊ ကိုယ်တော်ထမြောက်တော် မူခြင်းနှင့် ကောင်းကင်သို့ တက်ကြွသွားတော်မူခြင်းအကြောင်းများကို သူသည် ရူပါရုံ၌မြင်ရ၏။

သခင်ခရစ်တော်၏ ဝိညာဉ်ကိုမရဏာနိုင်ငံ (သင်္ချိုင်း)၌ပစ်ထားတော် မမူ။ ကိုယ်တော်၏အသားကိုလည်း ပုပ်စပ်ခြင်းရှိစေတော်မမူဟု ဒါဝိတ်မင်းက သက်သေခံ၏။ ဤအနာဂတ္တိစကားသည် နာဇရက်မြို့သားယေရှု၌ ပြည့်စုံခြင်းသို့ ရောက်ပြီဟု ပေတရုဖော်ပြ၏။

ကိုယ်တော်၏ကိုယ်ကာယသည် ပုပ်စပ်ခြင်းသို့မရောက်မီ ဘုရားသခင် သည် တကယ်ပင် ကိုယ်တော်ကို သေခြင်းမှထမြောက်စေတော်မူပြီ။ ယခုကိုယ် တော်သည် ကောင်းကင်တစ်ဝှမ်းလုံး၏အထွဋ်အထိပ်တွင် ချီးမြောက်ခြင်းကိုခံ တော်မူရသောသူဖြစ်၏။

ထိုမှတ်သားဖွယ်ကောင်းသောအချိန်အခါ၌ သခင်ယေရှုကို ဘုရားသားတော်ယောင်ဆောင်သည်ဟု ကဲ့ရဲ့ပြောင်လှောင်ခဲ့ကြသော သူအများတို့သည် တရားမှန်ကို ကောင်းစွာသိရှိလာကြလျက် ကိုယ်တော်ကို ကယ်တင်ရှင်အဖြစ်နှင့် ဝန်ခံကြလေပြီ။ အသင်းတော်ထဲသို့ လူပေါင်းသုံးထောင်ဝင်လာကြသည်။ တမန်တော်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် ဟောပြောကြ၏။ သူတို့၏စကားများကို မည်သူမျှမငြင်းနိုင်ကြချေ။ အကြောင်းမူကား၊ ဘုရားသခင်၏ ဝိညာဉ်တော်သည် ချပေးသွန်းလောင်းခြင်းဖြင့် သူတို့ပြုသော ကြီးစွာသော နိမိတ်လက္ခဏာများက ၎င်းစကားများကို အတည်ဖြစ်စေကြသည်။ ဤကဲ့သို့ ဝိညာဉ်တော်သက်ရောက်ခြင်းဖြင့် တပည့်တော်များကိုယ်တိုင်ပင် အံ့ဩလျက်ရှိကြ၍ ဝိညာဉ်အများကို လျှင်မြန်စွာရိတ်သိမ်းရလေ၏။ လူအပေါင်းတို့သည် အံ့ဩနေကြ၏။ မနာလိုပြုစု၍ အယူသန်သောသူတို့သည်လည်း ကြောက်လန့်နေကြသဖြင့် ကြီးကျယ်သော ထိုလုပ်ငန်းကိုနှုတ်အားဖြင့်၄င်း၊ အကြမ်းနည်းဖြင့်၄င်း၊ တားဆီးခြင်းငှါ မတတ်နိုင်ကြ။ အချိန်အနည်းငယ်ကြာ သူတို့၏ကန့်ကွက် ဆန့်ကျင်ဘက်ပြုခြင်းအမှုသည် ပျောက်ကွယ်သွားလေ၏။

တမန်တော်တို့ကိုယ်တိုင်က ချေပပြောဆိုသောစကားများသည် ထင်ရှားသိမြင်နိုင်သော်လည်း၊ ထိုမျှလောက် များသောသက်သေခံချက်ကို ခုခံတားဆီးနေသော ယုဒလူတို့၏မနာလိုပြုစုခြင်းသဘောကို ပယ်ရှားနိုင်လိမ့်မည်မဟုတ်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့၏စိတ်နှလုံးထဲ၌ တန်ခိုးနှင့်ပြုပြင်ပေးသည်တိုင်အောင် ထိုချေပပြောဆိုသော စကားများကို အိမ်သို့ရောက်အောင်စွဲလန်းသွားစေ၏။

၎င်းတို့ကား၊ အနန္တတန်ခိုးရှင်၏မြှားကဲ့သို့ ထက်မြက်စူးရှ၍ ဘုန်းတော်နှင့် ပြည့်ဝတော်မူသော သခင်ဘုရားကိုငြင်းပယ်လျက် လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းအမှုတွင် သူတို့သည် ပြင်းစွာအပြစ်သင့်ကြကြောင်း သိမြင်လာကြလေ၏။ "ထိုသူတို့သည် ကြားရလျှင် စိတ်နှလုံးပူပန်ခြင်းရှိ၍ ညီအစ်ကိုတို့၊ အဘယ်သို့ပြုရပါမည်နည်းဟု ပေတရုမှစ၍ အခြားသော တမန်တော်တို့အား မေးမြန်းကြ၏။ ပေတရုကလည်း၊ သင်တို့အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း၊ . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ယေရှုခရစ်၏နာမတော်၌နှစ်ခြင်းကိုခံကြလော့။ သို့ပြုလျှင်၊ သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသော ကျေးဇူးတော်ကိုခံရကြလိမ့်မည်”ဟု ဟောလေ၏။

မိမိတို့အပြစ်ကိုမြင်လျက် ပြန်သွားကြသောသူတို့အား၊ သူတို့သည် ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲတို့က လှည့်ဖြားခြင်းကြောင့် သခင်ခရစ်တော်ကို ငြင်းပယ်ခဲ့ရကြပြီဟု ပေတရုက တိုက်တွန်းနှိုးဆော်၏။ သူတို့သည် ထိုသူတို့ထံမှ အကြံတောင်းလျက် သူတို့သည် သခင်ခရစ်တော်ကို ဝန်ခံခြင်းမပြုဝံ့မှီ၊ ထိုခေါင်းဆောင်များက ကိုယ်တော်ကို ဝန်ခံရန် စောင့်ကြည့်နေကြလျှင် သူတို့သည် ကိုယ်တော်ကို ဘယ်အခါမျှလက်ခံကြမည်မဟုတ်ဟု နှိုးဆော်သေး၏။

ထိုတန်ခိုးကြီး သောသူတို့သည် မိမိတို့ကိုယ်ကို သန့်ရှင်းစွာပြုမူကြသည်ဟု ဆိုကြသော်လည်း လောကီဘဏ္ဍာနှင့်လောကီစည်းစိမ်ကိုသာ တပ်မက်နေကြလျက် ၎င်းတို့ကို ရှာဖွေရန် စိတ်အားထက်သန်နေကြ၏။ သူတို့သည် အလင်းကိုခံယူရန် သခင်ခရစ်တော်ထံသို့ ဘယ်အခါမျှလာကြမည်မဟုတ်။

သခင်ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူကြောင်း အလွန်တန်ခိုးကြီးသောသက်သေကို ပေးထားသော်လည်း ထိုလူတို့သည် မယုံကြည်ကြသောကြောင့်၊ သူတို့အပေါ်၌ ကြီးစွာသော ပြစ်ဒဏ်သက်ရောက်လိမ့်မည်ဟု သခင်ယေရှုက ကြိုတင်ဟောထားတော်မူ၏။

ထိုအခါမှစ၍ တပည့်တော်တို့သည် မိမိတို့ဘာသာစကားကိုဖြစ်စေ၊ အခြားအမျိုးသားတို့၏ဘာသာစကားကိုဖြစ်စေ ပြောဆိုရာ၌၊ သူတို့၏စကားသည် ရိုးသား၊ စင်ကြယ်လျက် ပြတ်သားပီသ၏။ ပုရောဖက်ကျောင်းတွင် ပညာသင်ကြားခြင်းအခွင့်မရရှိခဲ့ကြသော ဤရိုးသားသော လူများတို့သည် သမ္မာတရားကိုဖြူစင်မြင့်မြတ်စွာ ပြောပြနိုင်ကြသဖြင့် ကြားရသောသူတို့က အံ့သြကြ၏။

သူတို့သည် ကမ္ဘာ့အစွန်ဆုံးအရပ်များသို့ မိမိတို့ကိုယ်တိုင်မသွားနိုင်ကြသော်လည်း ကမ္ဘာအရပ် ရပ်မှ ပွဲသို့လာရောက်ကြသော သူတို့သည် သမ္မာတရားကို လက်ခံပြီးနောက် မိမိတို့ အရပ်ဒေသများကို ပြန်သွားကြသောအခါ မိမိတို့လူမျိုးတို့အထဲတွင် ကြော်ငြာကြသဖြင့်၊ ဝိညာဉ်များကို သခင်ခရစ်တော်ထံတော်သို့ ယူဆောင်လာကြ၏။

## ကျွန်ုပ်တို့ခေတ်အတွက် သင်ရန်စာ

ခရစ်ယာန်အသင်းတော်တည်ထောင်ခြင်းအကြောင်းနှင့် သက်ဆိုင်သော ဤသက်သေခံချက်သည် ကျွန်ုပ်တို့အား ဘာသာရေးနှင့်ဆိုင်သောအရေးကြီးသည့် အချက်ကိုသာ ဖော်ပြထားသည်သာမက သင်ရန်စာကိုလည်ဖော်ပြထားပါသည်။ သခင်ခရစ်တော်၏နာမကိုခံယူထားသောသူအပေါင်းတို့သည် စိတ်သဘောတညီ တညွတ်တည်းစောင့်မျှော်နေလျက် ဆုတောင်းနေရကြမည်။ စိတ်ဝမ်းကွဲပြားမှုများကို ပယ်ရှားထားပြီးလျှင် ခရစ်ယာန်အပေါင်းတို့တွင် စိတ်သဘောတညီတညွတ်တည်း ချစ်ခြင်းမေတ္တာနှင့်အချင်းချင်းဆက်ဆံပေါင်းသင်းရကြမည်။ ထိုအခါ ကျွန်ုပ်တို့သည် ကောင်းကင်ခမည်းတော်ထံသို့စိတ်အားကြီးစွာသောယုံကြည်ခြင်းနှင့် ဆုတောင်းပဌနာပြုနိုင်ကြလိမ့်မည်။ ထိုနောက် ကျွန်ုပ်တို့သည် ဂတိတော်ပြည့်စုံစေဖို့ သည်းခံခြင်း၊ မျှော်လင့်ခြင်းနှင့်စောင့်မျှော်နေနိုင်ကြသည်။

ဆုတောင်းခြင်း၏အကျိုးသည် အလွန်လျှင်မြန်စွာနှင့်၄င်း၊ ကြီးစွာသောတန်ခိုးနှင့်၄င်း သက်ရောက်လာလိမ့်မည်။ သို့မဟုတ် ရက်လရှည်ကြာစွာ နှောင့်နှေးကြန့်ကြာနေလျက် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတွက် စုံစမ်းနှောင့်ယှက်ခြင်းခံရကောင်းခံရလိမ့်မည်။ သို့သော် ကျွန်ုပ်တို့၏ဆုတောင်းခြင်းအမှုကို ဘယ်သေအခါမည်ကဲ့သို့ နားညောင်းတော်မူရမည်ကို ဘုရားသခင်သည်သိရှိတော်မူ၏။ ဘုရားသခင်ကိုယ်တော်တိုင် လမ်းဖွင့်ပေးတော်မူသောအမှုတွင် ကျွန်ုပ်တို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရခြင်းသည် ကျွန်ုပ်တို့၏တာဝန်ဖြစ်၏။ အမှုတော်ကို ဖြစ်မြောက်စေဖို့ တာဝန်ကား ဘုရားသခင်၏အလုပ်ဖြစ်ပေသည်။ ဘုရားသည် ဂတိတော်အတိုင်း သစ္စာရှိတော်မူ၏။ ကျွန်ုပ်တို့အဖို့ အမြတ်ဆုံးနှင့်အရေးအကြီးဆုံးသောအလုပ်ကား၊ စိတ်သဘောတညီတညွတ်တည်းရှိလျက် မနာလိုပြုစုသောသဘောများကို ပယ်ရှားထားပြီးလျှင်၊ နှိမ့်ချခြင်းနှင့်ဆုတောင်းနေသောသူတို့ကဲ့သို့ စောင့်မျှော်နေခြင်းတည်း။ ကျွန်ုပ်တို့၏ကိုယ်စားတော်နှင့် ဦးခေါင်းတော်ဖြစ်တော်မူသောသခင်ယေရှုသည် ပင်တေကုတ္တေပွဲနေ့၌ ဆုတောင်း၍ စောင့်နေသောသူတို့အတွက် ပြုတော်မူခဲ့သည်နည်းတူ ကျွန်ုပ်တို့အတွက်လည်း ပြုတော်မူရန် အသင့်ရှိတော်မူ၏။

---oo---

# အခန်း (၃၃)
# မြေမစွမ်းသောသူအားချမ်းသာပေးခြင်း

သန့်ရှင်းသောဝိညာဉ်တော်သက်ရောက်ပြီးနောက် မကြာမီနှင့်စိတ်အားကြီးစွာဆုတောင်းကြပြီးနောက် ချက်ခြင်း၊ ပေတရုနှင့်ယောဟန်တို့သည် ဝတ်ပြုကိုးကွယ်ခြင်းငှါ ဗိမ္မာန်တော်သို့သွားရသောအခါ၊ အနှစ်လေးဆယ်ပတ်လုံး ခြေမစွမ်းသောသူတစ်ယောက်ကိုတွေ့ရ၏။ သူသည် တစ်သက်ပတ်လုံး ဝေဒနာခံစားရလျက် ဆင်းရဲဒုက္ခရောက်နေ၏။ ဤကံမကောင်းသောသူသည် ချမ်းသာခြင်းသို့ရောက်ရန် သခင်ယေရှုထံသွားဖို့ အလိုရှိသည်မှာ ကြာလှလေပြီ။ သို့သော် သူသည် အားကိုးရာမဲ့ဖြစ်လျက်၊ သမားတော်ကြီးအမှုဆောင်ရွက်ရာနေရာနှင့် အတော်အလှမ်းကွာဝေးခဲ့၏။ အဆုံး၌ကား သူကစိတ်အားကြီးစွာတောင်းပန်ခြင်းကြောင့်၊ ကြင်နာသနားသောသူအချို့က သူ့ကိုဗိမ္မာန်တော်၏တံခါးဝသို့ ပို့ပေးကြ၏။ သို့သော် ထိုနေရာသို့ရောက်သောအခါ၊ မိမိမျှော်လင့်နေသော သမားတော်ကြီးသည် ရက်စက်စွာအသတ်ခံတော်မူရကြောင်းကိုသိရှိရလေ၏။

သူသည် ထိုသို့စိတ်ပျက်သွားမှုကြောင့်၊ သခင်ယေရှုအားဖြင့် ကျန်းမာချမ်းသာခြင်းသို့ရောက်ဖို့ရန် မည်မျှကြာရှည်စွာစိတ်အားကြီးစွာ မျှော်လင့်နေခဲ့ကြောင်းကို သိရှိကြသောသူတို့က သူ့ကိုသနားသဖြင့်၊ နေ့တိုင်းသူ့ကို ဗိမ္မာန်တော်သို့ယူဆောင်လာကြသည်။ တံခါးဝတွင် သွားလာထွက်ဝင်ကြသော သူတို့သည်လည်း သနားသဖြင့် သူ့ကိုအနည်းငယ်မစကူညီကြသည်။ ပေတရုနှင့်ယောဟန်တို့သည် တံခါးဝကိုဖြတ်သွားရာ၊ ထိုသူသည် သူတို့ထံမှပိုက်ဆံအနည်းငယ်တောင်း၏။ တပည့်တော်တို့သည် သူ့ကိုသနားကြ၏။ "ထိုအခါ ပေတရုနှင့်ယောဟန်တို့သည် ထိုသူကိုစေ့စေ့ကြည့်ရှု၍ ငါတို့အား မျှော်ကြည့်လော့"ဟု ဆို၏။ "ငါ၌ရွှေငွေမရှိ၊ ရှိသည်အရာကို သင့်အား ငါပေးမည်။ နာဇရက်မြို့သားယေရှုခရစ်၏ နာမတော်အားဖြင့် ထ၍ လှမ်းသွားလော့"။

ပေတရုသည် မိမိ၌ဘာမျှမရှိကြောင်းပြောသောအခါ၊ ထိုသူဆင်းရဲသည် မျက်နှာညှိုးငယ်သွား၏။ သို့သော် တပည့်တော်က ဆက်လက်ပြောဆို. . . . . .

သောအခါ ယုံကြည်မျှော်လင့်သောစိတ်နှင့် မျက်နှာကြည်လင်လာ၏။ “သူ၏လက်ကျာလက်ကိုကိုင်စွဲချီကြွလာသောခဏခြင်းတွင်၊ မြေနှစ်ဖက်မျက်စိတို့သည် စွမ်းအားကိုရကြသဖြင့်၊ ရုတ်တရက်ထ၍မတ်တပ်ရပ်ပြီးလျှင် လှမ်းသွားလေ၏။ သွားလျက်၊ ခုန်လျက်၊ ဘုရားသခင်ကိုချီးမွမ်းလျက်၊ တမန်တော်တို့နှင့်အတူ ဗိမ္ဗာန်တော်သို့ဝင်လေ၏။ ထိုသို့လှမ်းသွား၍ ဘုရားသခင်အား ချီးမွမ်းသည်ကို လူအပေါင်းတို့သည် မြင်သောအခါ၊ ထိုသူသည် ဗိမ္ဗာန်တော်၏တင့်တယ်တံခါးနားမှာ စွန့်ကြဲခြင်းကိုခံ၍ ထိုနေသော သူဖြစ်သည်ကို သိကြသောကြောင့်၊ သူ၌ဖြစ်သည့်အမှုကိုအံ့ဩမိန်းမောတွေဝေခြင်းရှိကြ၏။”

သခင်ယေရှုပြုတော်မူခဲ့သည်နည်းတူ အလားတူနိမိတ်လက္ခဏာများကို တပည့်တော်တို့သည်ပြုနိုင်ကြသောကြောင့် ယုဒလူတို့သည် အံ့ဩနေကြ၏။ ကိုယ်တော်သည် သေဆုံးသွားတော်မူပြီဟု သူတို့ထင်မှတ်၍ကိုယ်တော်ပြတော်မူခဲ့သော အံ့ဩဖွယ်သောအမှုအပေါင်းသည်လည်း ပျောက်ကွယ်သွားကြလိမ့်မည်ဟု မျှော်လင့်ခဲ့ကြပြီ။ သို့သော် ယခုနှစ်ပေါင်းလေးဆယ်ကြာခြေမစွမ်းဘဲ အားကိုးရာမဲ့ဖြစ်ခဲ့သော ဤသူသည် ဝေဒနာကင်း၍ အားရဝမ်းမြောက်စွာ မိမိ၏ခြေများကိုလုံးလုံးအသုံးပြုလျက် သခင်ယေရှုကိုယုံကြည်ရသည်အတွက် ပျော်ရွှင်စွာရှိနေ၏။

လူများတို့သည် အံ့ဩနေကြသည်ကို တမန်တော်တို့က တွေ့မြင်ရ၍ သူတို့မြင်ရသော နိမိတ်လက္ခဏာအတွက် အဘယ်ကြောင့် အံ့ဩနေကြလျက် မိမိတို့၏တန်ခိုးသတ္တိကြောင့် ဤအံ့ဩဖွယ်ကိုပြုလုပ်နိုင်ဘိသကဲ့သို့ မိမိတို့ကို အဘယ်ကြောင့် ဂရုစိုက်ကြည့်နေကြသနည်းဟု သူတို့အား တမန်တော်တို့က မေးမြန်း၏။ သူတို့ငြင်းပယ်၍ လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းခံတော်မူရပြီး သုံးရက်မြောက်သောနေ့၌ ဘုရားသခင်သည် သေခြင်းမှထမြောက်စေတော်မူသော နာဇရက်မြို့သားယေရှု၏တန်ခိုးတော်ကြောင့် ဤအမှုသည် ဖြစ်ရလေပြီဟု ပေတရုက သူတို့အား အသေအချာပြောပြ၏။

“ထိုသခင်ကိုယုံကြည်ခြင်းအားဖြင့် ထိုသခင်၏နာမတော်သည် သင်တို့သိမြင်သောဤသူအား အစွမ်းကိုပေးတော်မူပြီ။ ထိုသခင်ကြောင့်ရသော ယုံကြည်ခြင်းသည် သင်တို့မျက်မှောက်တွင် ဤသူ၌စေ့စုံခြင်းအခွင့်ကိုပေး၍ရှိလေပြီ။ ယခုလည်း ညီအစ်ကိုတို့၊ သင်တို့မှစ၍ အစိုးရသောသူတို့သည်မသိဘဲလျက် ထိုသို့ပြုကြသည်ကို . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ငါသိ၏။ ခရစ်တော်သည် အသေခံရမည်ဟု ပရောဖက်အပေါင်းတို့သည် ဟော ပြော၍၊ဘုရားသခင်ဖော်ပြတော်မူနှင့်သောအမှုကို ထိုသို့အားဖြင့်ပြီးစီးတော်မူပြီ"။

ဤနိမိတ်လက္ခဏာကိုပြုလုပ်ပြီးနောက် လူများတို့သည် ဗိမ္ဗာန်တော်ထဲ သို့ စုရုံးဝင်လာ၍ ပေတရုသည် ဗိမ္ဗာန်တော်၏တစ်နေရာ၌လူတစ်စုကို ဟောပြော၍ ယောဟန်သည် အခြားတစ်နေရာ၌ လူများကိုပြောရ၏။ အသက်ကို ပေးပိုင်တော်မူသောအရှင်ကိုငြင်းပယ်၍ အသေသတ်ခြင်းဖြင့်၊ ယုဒလူတို့၌ ကြီး လေးသောအပြစ်ရှိကြောင်း တမန်တော်တို့က ရှင်းလင်းစွာဖော်ပြသော်လည်း၊ သူတို့ အား စိတ်ဖောက်ပြန်ခြင်း၊ စိတ်ပျက်ခြင်းသို့မရောက်စေရန် သတိပြုရကြ၏။ ပေတ ရုသည် သူတို့၏အပြစ်ကို ပေါ့စေရန်အလိုရှိလျက် သူတို့သည် မသိနားမလည်ဘဲ ထိုအပြစ်ကိုပြုခဲ့ကြပြီဟု ဖော်ပြ၏။

သန့်ရှင်းသောဝိညာဉ်တော်က သူတို့အား အပြစ်အတွက်နောင်တရ၍ စိတ်နှလုံးပြောင်းလဲစေရန် ခေါ်လျက်နေသည်ကိုငှင်း လက်ဝါးကပ်တိုင်၌သူတို့ရိုက် သတ်ခဲ့သော ခရစ်တော်၏ဂရုဏာတော်မှတစ်ပါး သူတို့၌မျှော်လင့်စရာမရှိကြောင်း ကိုငှင်း၊ ကိုယ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာလျှင် သူတို့၏အပြစ်များကိုကိုယ် တော်၏အသွေးတော်အားဖြင့် ပယ်ရှားနိုင်သည်ကိုငှင်း၊ ပေတရုက သူတို့အား ဖော်ပြ၏။

## တမန်တော်တို့ကိုဖမ်းသွား၍ စစ်ဆေးခြင်း

သခင်ခရစ်တော် ထမြောက်တော်မူခြင်းအကြောင်းကိုငှင်း၊ ကိုယ်တော် အသေခံ၍ထမြောက်တော်မူခြင်းဖြင့်၊ ကိုယ်တော်သည် အဆုံး၌ သင်္ချိုင်းထဲမှသေ နေသောသူအပေါင်းတို့ကို ထမြောက်စေတော်မူမည်ဟူသော အကြောင်းကိုငှင်း ဟောပြောခြင်းအမှုကြောင့်၊ ဇဒ္ဒုကဲများတို့အား များစွာစိတ်လှုပ်ရှားသွားစေ၏။ သူတို့နှစ်သက်သောဩဝါဒသည် ပျက်စီးသွား၍ သူတို့သည်အရှက်ကွဲနာမည် ပျက်မည်ကိုစိုးရိမ်နေကြ၏။ ဗိမ္ဗာန်တော်အရာ ရှိများနှင့်ဗိမ္ဗာန်တော်မှူးတို့သည် ဇဒ္ဒုကဲများဖြစ်ကြ၏။ ဗိမ္ဗာန်တော်မှူးသည် အခြားဇဒ္ဒုကဲအချို့တို့၏အကူအညီဖြင့် တမန်တော်တို့ကိုဖမ်းဆီး၍ ထိုညဥ့်၌အမှုမစစ်နိုင်သောကြောင့် သူတို့ကို ထောင်ထဲ ၌ချုပ်ထားကြ၏။

နောက်တစ်နေ့တွင် ဗိမာန်တော်၏အရာရှိများ၊ အကြီးအကဲများနှင့်တကွ၊ ယဇ်ပုရောဟိတ်မင်းအန္နတ်နှင့်ကယာဖတို့သည် သူတို့ရှေ့သို့ ယူ ဆောင်လာသောအကျဉ်းသမားများကို စစ်ဆေးရန်စုရုံးလာကြသည်။ ထိုအခန်းထဲမှာပင် ပေတရုသည် မိမိ၏သခင်ဘုရားကိုထိုလူများရှေ့၌ပင် ငြင်းပယ်ခဲ့ဖူးပြီ။ ယခုသူသည် မိမိကိုယ်တိုင်စစ်ဆေးစီရင်ခြင်းခံရအံ့သောငှါ ရောက်လာသောအခါ၊ တပည့်တော်သည် ဤဖြစ်ပျက်ခဲ့သောအကြောင်းအရင်းအားလုံးကို ပြန်၍သတိရလေ၏။ ယခုသူသည် အထက်ကကဲ့သို့ သူရဲဘောနည်းသောစိတ်သဘောမျိုးမရှိတော့ကြောင်းကို ပြရန်အခွင့်ရရှိလေပြီ။

ရောက်ရှိနေသော လူစုတို့ကလည်း ပေတရုပြုလုပ်ခဲ့သောအမှုကို သတိရကြသဖြင့်၊ သူ့အားထောင်ဒဏ်၊ သေဒဏ်တို့ဖြင့်ခြိမ်းခြောက်၍ရလိမ့်မည်ဟု အထင်ရှိကြ၏။ သို့ရာတွင် သခင်ခရစ်တော်အလိုရှိနေဆုံးသောအချိန်၌ ကိုယ်တော်ကိုငြင်းပယ်ခဲ့သောပေတရုသည်စိတ်ဇောကြီး၍ ကိုယ်ကိုယုံကြည်အားကိုးသောသူဖြစ်၍ ထိုနေ့စစ်ဆေးခြင်းခံရန် လွှတ်တော်ရှေ့၌ရောက်နေသော ပေတရုနှင့်များစွာကွာခြား၏။ သူသည်စိတ်နှလုံးပြောင်းလဲသွားလေပြီ။ သူသည်မိမိကိုယ်ကို အားမကိုး၊ ကြွားဝါသောသူမဟုတ်တော့ချေ။ သူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝနေလျက် ၎င်း၏တန်ခိုးအားဖြင့် သူသည်ကျောက်ကဲ့သို့ ခိုင်မြဲလျက် သခင်ခရစ်တော်ကိုချီးမြှောက်ရာတွင် ရဲရင့်တည်ကြည်လျက်ရှိသည်။ သူသည် မိမိရှုတ်ချခဲ့သောနာမကိုချီးမြှောက်ခြင်းဖြင့် မိမိ၏ဖောက်ပြန်မှုတည်းဟူသော အစွန်းအကွက်ကိုပယ်ရှားရန် အသင့်ရှိ၏။

## ပေတရုကရဲရင့်စွာခုခံပြောဆိုခြင်း

ထိုအခါတိုင်အောင် ယဇ်ပုရောဟိတ်တို့သည် သခင်ယေရှုကိုလက်ဝါးကပ်တိုင်၌ရိုက်ထားခြင်း၊ သခင်ယေရှုထမြောက်ခြင်းအကြောင်းတို့ကို မပြောစေရန် ပိတ်ပင်ထားခဲ့ကြလေပြီ။ သို့သော် ယခုမူကား၊ မိမိတို့၏ရည်ရွယ်ချက်ပြည့်စုံစေဖို့ မည်သည့်တန်ခိုးအားဖြင့် ဤမစွမ်းသောသူအားအံ့သြဖွယ်ကျန်းမာခြင်းသို့ ရောက်စေခဲ့ပြီနည်းဟု တရားခံအားမေးမြန်းရကြလေ၏။ ထိုအခါ ပေတရုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက် ယဇ်ပုရောဟိတ်နှင့်အကြီးအကဲတို့အား ရိုသေစွာဟောပြောပြလေ၏။ သူက "သင်တို့. . . . . . . . . . . . . . . . . . . . . .

သည်လက်ဝါးကပ်တိုင်မှာကွပ်မြက်၍ ဘုရားသခင်သည် သေခြင်းမှထမြောက်စေတော်မူသော နာဇရက်မြို့သားယေရှုခရစ်၏နာမတော်အားဖြင့် သူသည် သင်တို့မျက်မှောက်၌ ကျန်းမာလျက်ရှိသည်ကို သင်မှစ၍ ဣသရေလလူအပေါင်းတို့သိမှတ်ကြလော့။ ထိုသခင်ကား၊ သင်တို့သည်တိုက်ကိုတည်လုပ်သောအခါ ပယ်ထား၍ နောက်တဖန် တိုက်ထောင့်အထွဋ်ဖျားသို့ ရောက်ပြန်သောကျောက်ဖြစ်တော်မူ၏။

ထိုသခင်မှတစ်ပါး အဘယ်သူမျှကယ်တင်ခြင်းအမှုကိုမတတ်နိုင်။ ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကို ကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင်မပေါ်မရှိ"ဟု ပြောဆိုလေ၏။

ပေတရုပြောသောစကားများတွင် သခင်ခရစ်တော်၏တံဆိပ်တော်ပါရှိ၍ သူ၏မျက်နှာသည်လည်း သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တောက်ပထွန်းလင်းလျက်ရှိ၏။ သူ၏အနားတွင် ရောဂါမှအံ့သြဖွယ် ပျောက်ကင်းသွားသောသူသည် ထင်ရှားသောသက်သေအဖြစ်ရပ်နေ၏။ နာရီအနည်းငယ်အထက်ကခြေမစွမ်း အားကိုးရာမဲ့ဖြစ်နေပြီး ယခုကိုယ်ခန္ဓာ၌ ကျန်းမာခြင်းသို့ရောက်၍ နာဇရက်မြို့သားသခင်ယေရှု၏အကြောင်းကို သိရှိနားလည်လာသော ဤလူ၏အသွင်အပြင်ကလည်း ပေတရု၏စကားမှန်ကန် ကြောင်းလေးနက်စွာ သက်သေခံလျက်ရှိ၏။

ယဇ်ပုရောဟိတ်၊ အကြီးအကဲများနှင့်လူများတို့သည် တိတ်ဆိတ်နေကြ၏။ အကြီးအကဲတို့သည်ပေတရု၏ဖော်ပြချက်စကားများကို ပြန်လှန်ချေပခြင်းငှါမတတ်နိုင်ကြ။ ၎င်းတို့က သခင်ယေရှုခရစ်ထမြောက်ခြင်းအကြောင်းနှင့် မြေကြီးပေါ်၌တမန်တော်တို့အားဖြင့် နိမိတ်လက္ခဏာတို့ကို ပြနိုင်သောကောင်းကင်ရှိကိုယ်တော်၏တန်ခိုးတော်အကြောင်းဖြစ်၏။

မိမိသည် အဘယ်သူထံမှ ခွန်အားတန်ခိုးကိုရရှိကြောင်း ရဲရင့်စွာပေတရုက ခုခံပြောဆိုသောစကားကို သူတို့သည်ကြောက်ရွံ့နေကြ၏။ တိုက်ကိုတည်ဆောက်သူများ (မိမိတို့ငြင်းပယ်ခဲ့ကြသောကိုယ်တော်၏တန်ဖိုးကို သိရှိအပ်သည့်အသင်းတော်အုပ်ချုပ်သူများ) တို့ပယ်ထားသော်လည်း တိုက်ထောင့်အထွဋ်အထိပ်သို့ရောက်ပြန်တော်မူသော ကျောက်ကို . . . . . . . . . . . . . . . .

ပေတရုညွှန်ပြ၏။ ဤစကားများအားဖြင့် ပေတရုသည် အသင်းတော်၏ အမြစ်ကျောက်ဖြစ်တော်မူသောသခင်ခရစ်တော်ကို ပေတရုသည် တိုက်ရိုက်ညွှန်ပြလေပြီ။

လူများတို့သည် တပည့်တော်တို့၏ရဲရင့်ခြင်းအဖြစ်ကိုမြင်ရ၍ အံ့သြနေကြ၏။ သူတို့သည် ပညာမတတ်သောသူများဖြစ်ကြ၍ ယဇ်ပုရောဟိတ်များ၊ ကျမ်းပြုဆရာများနှင့်အကြီးအကဲတို့ကိုတွေ့ဆုံရကြသောအခါ၊ အလွန်ကြောက်လန့်သွားကြလိမ့်မည်ဟု လူများကထင်ကြ၏။ သို့သော် သူတို့သည် သခင်ယေရှုနှင့်အတူရှိခဲ့ကြသောသူများဖြစ်သည်ကို သတိပြုမိကြ၏။ တမန်တော်များတို့သည် ကိုယ်တော်ပြောဆိုတော်မူသကဲ့သို့ မိမိတို့ရန်သူများအား တိတ်ဆိတ်နေစေအောင်ပြုလုပ်နိုင်ရန် ထင်ရှားသောတန်ခိုးနှင့်ပြောဆိုကြ၏။ မိမိတို့၌ စိတ်ရှုပ်ထွေးနေကြသည်ကို မသိရှိစေလိုသဖြင့်၊ မိမိတို့အချင်းချင်းဆွေးနွေးရန်ဟု အကြောင်းပြလျက် တမန်တော်များကို တစ်ခြားသို့ခေါ်ဆောင်သွားရန် ယဇ်ပုရောဟိတ်နှင့်အကြီးအကဲတို့က အမိန့်ပေးလေ၏။

ထိုသူသည် တမန်တော်တို့အားပေးတော်မူသော တန်ခိုးတော်အားဖြင့် လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းခံရသော သခင်ယေရှု၏နာမတော်၌ ရောဂါမှပျောက်ကင်းချမ်းသာခွင့်ရခဲ့သည်အကြောင်းကို ငြင်းခုံပြောဆိုနေလျှင် အကျိုးမရှိဟု သူတို့အားလုံးက သဘောတူဆုံးဖြတ်ကြ၏။ သူတို့သည် နိမိတ်လက္ခဏာအကြောင်းကိုမမှန်သတင်းအားဖြင့်ဖုံးကွယ်ထားလိုကြသော်လည်း ၎င်းအမှုသည် နေ့အချိန် လူအများရှေ့တွင် ပြုလုပ်သောအမှုဖြစ်၍ ထောင်ပေါင်းများစွာသောလူအပေါင်းသိရှိနေကြလေပြီ။ ထိုအလုပ်ကို ချက်ခြင်းတားဆီးပိတ်ပင်ရမည်သို့မဟုတ်လျှင်၊ လူအများတို့သည် သခင်ယေရှုကို ယုံကြည်လာကြသဖြင့်၊ သူတို့သည် အရှက်ကွဲခြင်းသို့ရောက်လျက် ဘုရားသခင်၏သားတော်ကိုသတ်ခြင်း၌ အပြစ်ဒဏ်သင့်သောသူများဖြစ်သည်ဟု အသိအမှတ်ပြုခြင်းခံရကြလိမ့်မည်ဟု သူတို့ထင်မှတ်ကြ၏။

တပည့်တော်များကို ဖျက်ဆီးပစ်ရန် သူတို့အလိုရှိကြသော်လည်း၊ သခင်ယေရှု၏နာမတော်၌ တရားမဟောရန်နှင့်တစ်စုံတစ်ခုမပြုလုပ်ရန် တားမြစ်ခြိမ်းခြောက်ခြင်းမှတစ်ပါး၊ တိုး၍ပြင်းထန်သောအမှုကိုမပြုဝံ့ကြ။ ထိုအခါ ပေတရုနှင့်ယောဟန်တို့က မိမိတို့အားပေးအပ်ထားသောအလုပ်သည် ဘုရား. . .

သခင့်ထံမှဖြစ်ကြောင်း၊ မိမိတို့သည် မြင်ရကြားရသောအခရာကို မဟောပြောဘဲမနေနိုင်ကြောင်းတို့ကို ရဲရင့်စွာဖော်ပြကြ၏။ ဘုရားသခင်ခေါ်တော်မူလျက် ခန့်ထားတော်မူသောအလုပ်တွင် မယိမ်းမယိုင်ဘဲသစ္စာနှင့် ပြုကြသောကြောင့်၊ ဤမြင့်မြတ်သောသူများကို ယဇ်ပုရောဟိတ်တို့က အပြစ်ပေးလိုကြသော်လည်း လူများတို့ကြောက်ကြ၏။ အကြောင်းမူကား၊ လူအပေါင်းတို့သည် ထိုအမှုကို ထောက်လျက် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြ၏။ ထိုကြောင့် တမန်တော် တို့ကိုထပ်ခါထပ်ခါခြိမ်းခြောက်ဆုံးမပြီးလွှတ်လိုက်ကြ၏။

---oo---

# အခန်း (၃၄)
# ညှည်းဆဲခြင်း၌ ဘုရားသခင်ဖက်တွင် သစ္စာစောင့်ခြင်း

တမန်တော်တို့သည် ဒုက္ခရော်သောသူတို့ကို ကျန်းမာချမ်းသာစေလျက် လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းခံရပြီးနောက် ထမြောက်တော်မူသော ကယ်တင်ရှင်အကြောင်းကို ကြားပြောခြင်းအားဖြင့် ဂရုဏာတော်နှင့်ဆိုင်သောအမှုတော်ကို ကြီးစွာသောတန်ခိုးဖြင့် ဆက်လက်ဆောင်ရွက်ကြ၏။ နှစ်ခြင်းခံယူခြင်းအားဖြင့် အသင်းတော်တွင် လူဦးရေတိုးတက်များပြားလာ၏။ သို့သော် သခင်ခရစ်တော်ကိုယုံကြည်သောသူတို့နှင့် စိတ်သဘောညီညွတ်ခြင်းမရှိသောသူတစ်ယောက်မျှ သူတို့ကိုမပေါင်းဝံ့ကြချေ။ လူအစုအဝေးတို့သည် လူနာများနှင့်နတ်ဆိုး နှောင့်ယှက်ခြင်းကိုခံရသော သူများကိုယူဆောင်လျက် ယေရုရှလင်မြို့သို့စုရုံးလာကြ၏။ ပေတရုနှင့်ယောဟန်တို့သည်လမ်း၌ရှောက်သွားစဉ်၊ ရောဂါဝေဒနာစွဲသောသူအများတို့အပေါ် သို့ တမန်တော်တို့၏အရိပ်လွှမ်းမိုး၍ ရောဂါမှကင်းပျောက်စေခြင်းငှါ၊ ထိုဒုက္ခသည်များကို လမ်း၌ချထားကြ၏။ ထမြောက်တော်မူသောကယ်တင်ရှင်၏ တန်ခိုးတော်သည် တမန်တော်တို့အပေါ် သို့ အကယ်ပင်သက်ရောက်သဖြင့်၊ သူတို့သည် နိမိတ်လက္ခဏာနှင့်အံ့ဩဖွယ်သောအမှုတို့ကို ပြုလုပ်ကြရာ၊ နေ့စဉ်ယုံကြည်သောသူများတို့သည် တိုးပွါးလာကြလေ၏။

ဤအကြောင်းအရာတို့ကြောင့် ယဇ်ပုရောဟိတ်နှင့်အကြီးအကဲများ၊ ၎င်းပြင် အထူးသဖြင့်သူတို့အထဲတွင် ပါရှိသော ဇဒ္ဒုကဲများတို့သည် ပြင်းစွာအမျက်ထွက်ကြ၏။ တမန်တော်တို့အားထမြောက်တော်မူသော ကယ်တင်ရှင်အကြောင်းကိုဟောပြော၍ ကိုယ်တော်၏နာမတော်အားဖြင့် နိမိတ်လက္ခဏာများကိုပြုစေဖို့ အခွင့်ပေးထားလျှင်၊ ထမြောက်ခြင်းမရှိဟူသောသူတို့၏ဩဝါဒကို လူအပေါင်းတို့သည်ငြင်းပယ်သဖြင့်၊ သူတို့၏ဂိုဏ်းသည် မကြာမီပျောက်ကွယ်သွားလိမ့်မည်ဟု သူတို့သိမြင်လာကြ၏။ သူတို့ဟောပြောသောစကားများကြောင့်၊ ယုဒလူတို့၏ဝတ်ပြုကိုးကွယ်နည်းများသည် အထင်သေးခံရ၍ ယဇ်ပူဇော်ခြင်းအမှုများကို အကျိုးမဲ့ဖြစ်စေလိမ့်မည်ဟု ဖာရိရှဲတို့က သိမြင်လာလေ၏။ ဤတရားဟောဆရာများအား အထက်က နှိပ်ကွပ်ရန် ..............................

ကြိုးစားခဲ့သောနည်းသည် အကျိုးမရှိချေ။ ထိုကြောင့် ယခုသူတို့သည် ထိုသို့ထကြွလှုပ်ရှား ခြင်းအမှုကို ပိတ်ပင်တားဆီးရန် ဆုံးဖြတ်ကြ၏။

## ကောင်းကင်တမန်က ကယ်နှုတ်ခြင်း

ထိုအခါ တမန်တော်တို့ကို ဖမ်းဆီး၍ ထောင်ထဲ၌ချုပ်ထားကြ၏။ ထိုနောက် သူတို့အားစစ်ဆေးရန် လွှတ်တော်ကိုကျင်းပလေ၏။ လွှတ်တော်အရာရှိများအပြင်၊ ပညာရှိသောသူအများလည်းလာရောက်ကြပြီးလျှင် ဤသို့မငြိမ်မသက်သောအမှုကို ဖြစ်စေသော ဤသူတို့အား မည်ကဲ့သို့ပြုရပါမည်နည်းဟု ဆွေးနွေးတိုင်ပင်ကြ၏။ "ညအခါ ထာဝရဘုရား၏ကောင်းကင်တမန်သည် ထောင်တံခါးကိုဖွင့်ပြီးလျှင်၊ ထိုသူတို့ကိုနှုတ်၍ သင်တို့သွားကြလော့။ ဗိမ္ဗာန်တော် ၌ရပ်၍ အသက်ရှင်ခြင်းတရားစကားအလုံးစုံကို လူများတို့အား ဟောပြောကြလော့ဟု မှာထား၏။ ထိုစကားကိုကြားလျှင်၊ နံနက်စောစော ဗိမ္ဗာန်တော်သို့ဝင်၍ ဆုံးမဩဝါဒပေးကြ၏။"

တမန်တော်များတို့သည် ယုံကြည်သောသူများထံသို့ရောက်လာကြ၍ ထောင်ကို စောင့်နေကြသော စစ်သူရဲတစ်စုတို့ကြားထဲမှ ကောင်းကင်တမန်က မည်ကဲ့သို့ကယ်နှုတ်ကြောင်း၊ ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲတို့ကြောင့် ပျက်ကွက်သွားသောအလုပ်ကို ဆက်လက်လုပ်ဆောင်ရန် သူတို့အား မှာကြားကြောင်းတို့ကို ပြောပြကြသောအခါ၊ ညီအစ်ကိုများတို့သည် ဝမ်းမြောက်ကြောင်း၊ အံ့ဩခြင်းရှိနေကြ၏။

ယဇ်ပုရောဟိတ်များနှင့်အကြီးအကဲတို့က သူတို့အား လူများကိုထကြွလှုပ်ရှားစေမှု၊ အာနနိနှင့်ရှဖိရေတို့ကိုသတ်မှု၊ (တမန်တော် ၅း၁-၁၁) ယဇ်ပုရောဟိတ်များထံမှ သူတို့၏အခွင့်အာဏာကိုလုယူရန် ကြံစည်မှုအတွက်စွပ်စွဲလျက် သူတို့ကိုသေဒဏ်ပေးဖို့ဆုံးဖြတ်ကြ၏။ ထိုအခါ လူအစုအဝေးတို့သည် သခင်ယေရှု၏အမှုတွင် ပါဝင်စွက်ဖက်ခဲ့ရသကဲ့သို့ တမန်တော်တို့၏အမှုတွင်လည်း ပါဝင်စွက်ဖက်လျှင်ထကြွကုန်ကြလိမ့်မည်ဟု သူတို့ယုံကြည်ကြ၏။ သခင်ခရစ်တော် အကြီးအကဲတို့၏အာဏာဥပဒေတို့ကို ငြီးငွေ့လာကြလျက် ပြောင်းလဲစေဖို့ အလိုရှိနေကြသည်ကိုလည်း သူတို့သတိပြုမိကြလေ၏။ ဤသူများသည် တမန်တော်တို့ ယုံကြည်သောဩဝါဒတွင် စိတ်ဝင်စားလျက် ၄င်းကို . . . . . . . . . . . . . . . .

နှစ်သက်လာကြပြီးလျှင် သခင်ယေရှုကိုမေရှိယသခင်အဖြစ်ဝန်ခံကြလျှင်၊ လူအပေါင်းတို့သည် ယဇ်ပုရောဟိတ်တို့ကိုဒေါသအမျက်ထွက်၍၊ ယဇ်ပုရောဟိတ်သည် သခင်ခရစ်တော်ကိုသတ်ခြင်းအတွက် ထုချေချက်ပေးရလိမ့်မည်ဟု သူတို့စိုးရိမ်ကြ၏။ ဤကဲ့သို့မဖြစ်စေရန် သူတို့သည် ကျပ်တည်းစွာစီမံပြုလုပ်ဖို့ ဆုံးဖြတ်ကြသည်။ နောက်ဆုံး၌ ထောင်ထဲတွင် ဖမ်းထားသော သူတို့ရှေ့သို့ ယူဆောင်လာစေဖို့ စေလွှတ်လိုက်ကြ၏။ ထောင်တံခါးများသည် လုံခြုံစွာပိတ်လျက်ရှိ၍ စစ်သူရဲတို့သည်မိမိတို့နေရာ၌စောင့်နေကြသော်လည်း ဖမ်းထားသောသူများကို ဘယ်နေရာ၌မျှမတွေ့ဟု သတင်းကြားရသောအခါ၊ သူတို့သည် အလွန်အံ့ဩသွားကြ၏။

မျှားမကြာမီ၊ "ထောင်ထဲမှာလှောင်ထားသောသူတို့သည် ဗိမ္မာန်တော်၌ ရပ်လျက် လူများတို့အား ဆုံးမသြဝါဒပေးကြပါသည်"ဟု တစ်စုံတစ်ယောက်က လာရောက်သတင်းပေး၏။ တမန်တော်တို့သည် ထောင်ထဲမှ အံ့ဩဖွယ်လွတ်မြောက်လာကြသော်လည်း သူတို့သည် စစ်ဆေးခြင်းနှင့်ပြစ်ဒဏ်စီရင်ခြင်းအမှုနှင့် မကင်းမလွတ်ကြသေးပါ။ သခင်ခရစ်တော်သည် သူတို့နှင့်အတူရှိစဉ်အခါက "လူတို့ကိုသတိပြုကြ။ အကြောင်းမူကား၊ သင်တို့ကိုလွှတ်ရုံးသို့အပ်နှံကြလိမ့်မည်"ဟု မိန့်တော်မူခဲ့ပြီ။ ဘုရားသခင်သည် ကောင်းကင်တမန်ကို စေလွှတ်တော်မူခြင်းဖြင့် သူတို့ကိုစောင့်ရှောက်တော်မူလျက် သူတို့၏အတူရှိတော်မူကြောင်း သက်သေပြတော်မူ၏။ ယခုမိမိတို့ဟောပြောကြသောထိုသခင်ယေရှုအတွက် ဒုက္ခဆင်းရဲခံရခြင်းသည်သူတို့၏တာဝန်ဖြစ်၏။ လူများတို့သည် မိမိတို့မြင်ရကြားရသမျှသော အမှုတို့အားဖြင့် စိတ်ပြောင်းလဲနေကြသဖြင့်၊ သူတို့အား တမန်တော်တို့ကိုဆန့်ကျင်ဘက်ပြုလျက် ထကြွစေခြင်းငှါ ယဇ်ပုရောဟိတ်နှင့်အကြီးအကဲတို့သည် မပြုလုပ်နိုင်သည်ကို သိရှိကြ၏။

## ဒုတိယအကြိမ်စစ်ကြောစီရင်ခြင်း

"ထိုအခါ ဗိမ္မာန်တော်မှူးသည် မင်းလုလင်တို့နှင့်အတူသွားပြန်လျှင်၊ မိမိတို့ကိုလူများတို့သည် ကျောက်ခဲနှင့်ပစ်မည်ကိုစိုးရိမ်သောကြောင့်၊ တမန်တော်တို့ကို အနိုင်အထက်မပြုဘဲခေါ်ဆောင်လေ၏။ ထိုသို့ခေါ်ဆောင်ပြီးလျှင် လွှတ်အရာရှိတို့ရှေ့မှာထား၍ ယဇ်ပုရောဟိတ်မင်းက ထိုနာမကိုအမှီ. . . . . . .

ပြု၍မဆုံးမ၊ မသွန်သင်မည်အကြောင်း ငါတို့သည် သင်တို့အား၊ ကျပ်တည်းစွာစီရင်မှာထားသည်မဟုတ်လော။ ယခုကြည့်ကြ။ ယေရုရှလင်မြို့ကို သင်တို့အယူဝါဒနှင့်ပြည့်စေသည်ဖြစ်၍ ငါတို့အပေါ်သို့ ထိုသူ၏အသွေးကိုရောက်စေခြင်းငှါ သင်တို့ကြံစည်ပါသည်တကားဟု မေးမြန်းပြောဆိုကြ၏။" သူတို့က "သူ၏အသွေးသည် ငါတို့၏ခေါင်းပေါ်၌၎င်း သားမြေးတို့၏ခေါင်းပေါ်၌၎င်းတည်ရှိပါစေ"ဟု ကြွေးကြော်ခဲ့ကြသောအချိန်အခါကကဲ့သို့ ယခုသူတို့သည် သခင်ယေရှုကို သတ်ခြင်း၏အပြစ်ဒဏ်ကို သူတို့အပေါ်၌ ခံယူလိုသောစိတ်မရှိကြချေ။

ပေတရုနှင့်အခြားသောတမန်တို့သည် အထက်ကစစ်ဆေးခြင်းခံရသည်နည်းတူ ခုခံပြောဆိုကြ၏။ "ပေတရုနှင့်အခြားသော တမန်တော်တို့ကလည်း၊ လူ၏စကားထက်ဘုရားသခင်၏စကားတော်ကို နားထောင်သင့်ပါ၏ဟု ပြန်ပြောကြ၏။" သူတို့အားထောင်ထဲမှကယ်နှုတ်၍ ဗိမ္ဗာန်တော်၌ဟောပြောသွန်သင်ရန် အမိန့်ပေးသောသူသည် ဘုရားသခင်စေလွှတ်တော်မူသော ကောင်းကင်တမန်ဖြစ်သည်။ သူ၏စကားအတိုင်း လိုက်နာပြုလုပ်ခြင်းဖြင့် သူတို့သည် ဘုရားသခင်၏အမိန့်တော်ကိုနားထောင်ရာရောက်ဝ် သူတို့၏မည်မျှလောက်ပင် ဒုက္ခရောက်စေသော်လည်း သူတို့သည် ၎င်းအမိန့်ကိုလိုက်နာရကြမည်။ "သင်တို့သည် သစ်တိုင်၌ဆွဲ၍ ကွပ်မျက်သောယေရှုကိုငါတို့ဘိုးဘေးများ၏ ဘုရားသခင်သည် ထမြောက်စေတော်မူပြီ။ ဣသရေလလူတို့အား နောင်တတရားနှင့် အပြစ်လွှတ်ခြင်းအခွင့်ကိုပေးစေခြင်းငှါ၊ ထိုသူကိုအစိုးရသောအရှင်အရာ၌၎င်း၊ ဘုရားသခင်ခန့်ထား၍ မိမိလက်ကျာလက်တော်နှင့်ချီးမြောက်တော်မူပြီ။ ထိုအကြောင်းအရာတို့သည် အမှန်ဖြစ်ကြောင်းကို ငါတို့သည် သက်သေခံဖြစ်ကြ၏။ ဘုရားသခင်၏စကားတော်ကို နားထောင်သောသူတို့အား ပေးသနားတော်မူသော သန့်ရှင်းသောဝိညာဉ်တော်သည်လည်း သက်သေခံဖြစ်တော်မူသည်ဟု ပြောဆိုကြ၏။"

စိတ်ကိုနိုးဆော်သော ဝိညာဉ်တော်သည် တမန်တော်တို့အပေါ်သို့ သက်ရောက်၍အစွပ်စွဲခံရသောသူသည် စွပ်စွဲသောသူဖြစ်လာလျက်၊ လွှတ်တော်တွင် ပါဝင်သောယဇ်ပုရောဟိတ်နှင့်အကြီးအကဲတို့သည် သခင်ခရစ်တော်ကိုသတ်ခြင်းအမှုအတွက် အစွပ်စွဲခံရကြလေ၏။ ယုဒလူတို့သည် ဤအ. . . . . . . . . . . . .

ရာအတွက် အလွန်အမျက်ထွက်ကြသဖြင့် ဆက်လက်စစ်ဆေးခြင်းမပြု ရောမအရာရှိများထံမှ အခွင့်အာဏာကိုမတောင်းတော့ဘဲ၊ မိမိတို့သဘောအတိုင်း တမန်တော်တို့ကိုသတ်ပစ်ရန်စီရင်ဆုံးဖြတ်ကြ၏။ သခင်ခရစ်တော်၏ အသွေးအတွက် အပြစ်သင့်နေကြလျက်၊ ယခုသူတို့သည် သူတို့၏လက်ကိုတမန်တော်တို့၏အသွေးနှင့် စွန်းပေစေရန်၊ စိတ်အားထက်သန်နေကြ၏။

သို့သော် ဤကဲ့သို့ပြင်းထန် သောအမှုသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်ကို ဖြစ်စေ မည်ဟု မိမိ၏ထက်မြက်သောဉာဏ်ဖြင့်သိမြင်သောဂုဏ်အသရေရှိပညာတတ်တစ်ယောက်ရောက်ရှိလာ၏။ ယဇ်ပုရောဟိတ်နှင့်အကြီးအကဲတို့၏ ရက်စက်ကြမ်း ကြုတ်မှုကိုတားဆီးရန် ဘုရားသခင်သည် သူတို့၏လွှတ်တော်ထဲမှ လူတစ်ယောက်ကိုပေါ်လာစေတော်မူ၏။

ပညာရှိပါရဂူဖြစ်၍ နာမည်ထင်ရှားသောဖာရိရှဲ၊ ဂါမလျေလသည် အလွန်ပင်သတိရှိသောသူဖြစ်၍ တမန်တော်တို့အတွက် တစ်စုံတစ်ရာမပြောမီ၊ သူတို့အားအပြင်သို့ထုတ်ထားစေရန် တောင်းပန်၏။ ထိုနောက် သူသည်အောက်ပါအတိုင်းများစွာချင့်ချိန်စဉ်းစားပြီးတည်ကြည်စွာပြောပြ၏။

"ဣသရေလလူတို့၊ ဤသူတို့အားအဘယ်သို့ပြုမည်အရာကို သတိနှင့်ဆင်ခြင်းကြလော့။ အကြောင်း မူကား၊ အထက်က ယုဒအမည်ရှိသောသူတစ်ယောက်သည် ထသဖြင့်၊ ငါသည် လူသာမညမဟုတ်ဟုဆိုသည်ဖြစ်၍ သူ၌လူလေးရာမျှလောက်ဆည်းကပ်ကြ၏။ ထိုသူသည် ပျက်စီးခြင်းသို့ရောက်၍ သူ့ကိုယုံကြည်သမျှသော သူတို့သည် ပျောက်လွင့်ကြ၏။ ယခုလည်း ဤသူတို့ကိုရှောင်ရှား၍ အလိုအလျောက်ရှိကြ ပါစေဟု ငါဆို၏။

ဤအကြံဤအမှုသည် လူ၏အကြံ၊ လူ၏အမှုဖြစ်လျှင် ပျက်စီးခြင်းသို့ရောက်လိမ့်မည်။ ဘုရားသခင်၏အကြံအမှုဖြစ်လျှင်၊ သင်တို့သည်မဖျက်ဆီးနိုင်ကြ။ သင်တို့သည် ဘုရားသခင်၏အာဏာတော်ကို ဆန်သောသူမဖြစ်မည် အကြောင်း သတိပြုကြလော့ဟု ပြောဆို၏။"

ယဇ်ပုရောဟိတ်တို့သည် ထိုသူ၏အကြံပေးချက်တို့ကို ယုတ္တိရှိကြောင်းကို သိမြင်ကြသဖြင့်၊ သူနှင့်သဘောတူညီလျက်၊ တမန်တော်တို့အား ရိုက်နှက်ပြီးနောက် သခင်ယေရှု၏နာမတော်၌မဟောမပြောရ၊ အကယ်၍ရဲရင့်စွာဟောပြောခဲ့လျှင် သေဒဏ်ခံရမည်ဟု အထပ်ထပ်မှာကြပြီးမှ များစွာစိတ်မပါဘဲလွှတ်လိုက်ကြ၏။ “တမန်တော်တို့သည်လည်း၊ သခင်ယေရှု၏နာမတော်ကြောင့် မိမိတို့သည် အရှက်ကွဲခြင်းကို ခံထိုက်ကြသည်ဟု မှတ်တော်မူသောကြောင့် ဝမ်းမြောက်သောစိတ်ရှိ၍ လွှတ်တော်မှထွက်သွားကြသည်။ ဗိမာန်တော်၌၎င်း၊ အိမ်၌၎င်း နေ့တိုင်းအစဉ်ဆုံးမသွန်သင်လျက် ယေရှုသည် ခရစ်တော်ဖြစ်၏ဟူ၍ ဧဝံဂေလိတရားကိုမပြတ်ဟောပြောလျက်နေကြ၏။”

တမန်တော်တို့ကို ညှဉ်းဆဲကြသောသူတို့သည် သခင်ခရစ်တော်အတွက် သက်သေခံသော ဤသူတို့ကို မဖျက်ဆီးနိုင်ကြသောအခါ များစွာစိတ်ဒုက္ခရောက်ရကြလိမ့်မည်။ မိမိတို့ရှေ့၌နှိမ့်ချခြင်းရှုတ်ချခြင်းကို ခံတော်မူပြီးသော မိမိတို့၏သခင်အတွက် မိမိတို့၏ရှက်ဖွယ်အမှုကို ဘုန်းတော်နှင့်ပြည့်စုံသော အရာအဖြစ်သို့၎င်း၊ သူတို့၏ဝေဒနာကို ဝမ်းမြောက်ခြင်းအဖြစ်သို့၎င်းပြောင်းလဲစေရန် ခရစ်တော်အတွက် အသတ်သေခံသော ဤသူတို့သည် ယုံကြည်ခြင်း၊ ရဲရင့်ခြင်းနှင့်ပြည့်ဝကြ၏။ ထိုသို့အားဖြင့် ရဲရင့်သောဤတပည့်တော်တို့သည် ဗိမာန်တော်၌လူများတို့ရှေ့တွင် ဆက်လက်ဟောပြောကြ၍ ယုဒလူတို့ကိုကြောက်သဖြင့် မိမိတို့၏ယုံကြည်ခြင်းကို အတည်းအလင်းဝန်မခံရဲသော သူတို့၏အိမ်များ၌လည်း လျှို့ဝှက်စွာ ဟောပြောခွင့်ရရှိကြ၏။”

---oo---

## အခန်း (၃၅)
## ဖေ့ဖြလိတရားဟောခြင်းလုပ်ငန်း

"ထိုကာလ၌ တပည့်တော်တို့သည် များပြားသည်ရှိသော်၊ နေ့ရက်အစဉ်အတိုင်း လုပ်ကျွေးသောအခါ၊ ဟေလနစ်အမျိုး မုဆိုးမတို့ကို မလုပ်မကျွေးဟု ထိုအမျိုးသားတို့သည် မြည်တမ်း၍ဟေဗြဲလူတို့ကို အပြစ်တင်ကြ၏။" ဤဟေလနစ်အမျိုးသားတို့သည် ဟေလသဘာသာစကားကို ပြောသော အခြားနိုင်ငံများကလာရောက်ကြသော သူများဖြစ်ကြသည်။ စိတ်နှလုံးပြောင်းလဲကြသောသူတို့တွင် အများသောသူတို့သည် ယုဒလူများဖြစ်ကြ၍ ဟေဗြဲဘာသာစကားကို ပြောဆိုကြ၏။ ဤလူများကား၊ ရောမနိုင်ငံကြီးအတွင်း နေထိုင်ကြလျက် ဟေလသဘာသာစကားကိုသာ ပြောဆိုကြ၏။ ဟေဗြဲလူတို့တွင် ဒုက္ခရောက်သူအား ပြုစုလုပ်ကျွေးသည်နည်းတူ ဟေလနစ်မုဆိုးမတို့အား ရက်ရောစွာလုပ်ကျွေးခြင်းမပြုဟု ညည်းညူမြည်တမ်းခြင်းပြုလာကြ၏။ ဤသို့ မျက်နှာလိုက်ခြင်းအမှုသည် ဘုရားသခင်နှစ်သက်တော်မူသော အမှုမဟုတ်ချေ။ ထို့ကြောင့် ယုံကြည်သော သူတို့အထဲတွင် ငြိမ်သက်ခြင်း၊ ညီညွတ်ခြင်းရှိလာစေရန် နည်းလမ်းများကို ချက်ခြင်းရှာဖွေကြရလေ၏။

တမန်တော်တို့သည် သခင်ခရစ်တော်အကြောင်းကို လွတ်လပ်စွာဟောပြောနိုင်ကြမည်အကြောင်း ဆင်းရဲသော သူတို့ကို လုပ်ကျွေးခြင်းအမှုနှင့်အလားတူလုပ်ငန်းများကို ပြုလုပ်ရသောအမှုနှင့် ကင်းလွတ်စေခြင်းငှါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အား နည်းလမ်းတစ်ခုကို ညွှန်ပြတော်မူ၏။ "ထိုအခါ တစ်ကျိပ်နှစ်ပါးသော တမန်တော်တို့သည် တပည့်တော်အပေါင်းတို့ကိုခေါ်တော်မူပြီးလျှင် ငါတို့သည် ဘုရားသခင်၏နှုတ်ကပါတ်တော်တရားတော်ကိုထား၍စားပွဲ၌လုပ်ကျွေးမှုကို မဆောင်သင့်။ ထို့ကြောင့် ညီအစ်ကိုတို့ ဝိညာဉ်တော်နှင့်၄င်း၊ ပညာနှင့်၄င်းပြည့်စုံလျက်၊ အသရေရှိသော လူခုနစ်ယောက်တို့သည် သင်တို့တွင်ရှာကြလော့။ ဤအမှုကိုဆောင်ရွက်စေခြင်းငှါ ထိုသူတို့ကိုငါတို့သည် ခန့်ထားကြမည်။ ငါတို့မူကား၊ ဆုတောင်းပဌနာပြုခြင်း၊ နှုတ်ကပါတ်တရားတော်ကိုဟောပြောခြင်းအမှုတို့ကို အမြဲပြု၍ နေမည်ဟု ဆိုကြ၏။"

အသင်းတော်သည် လုပ်ကျွေးခြင်းအမှုကိစ္စကို ဆောင်ရွက်စေရန် ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်ဝလျက်၊ ယုံကြည်ခြင်းနှင့်၎င်း၊ ဉာဏ်ပညာနှင့်၎င်း ပြည့်စုံသော လူခုနစ်ယောက်ကိုရွေးချယ်ကြ၏။ ပထမဦးစွာသတေဖန်ကို ရွေးကောက်ကြ၏။ သူသည် ယုဒလူမျိုးဖြစ်၍ ယုဒဘာသာဝင်ဖြစ်သော်လည်း ဟေလသဘာသာစကားကိုပြော၏။ သူသည် ဟေလသလူမျိုးတို့၏ထုံးစံဓလေ့၊ အပြုအမူတို့ကိုသိနားလည်သောသူဖြစ်၏။ ထိုကြောင့် သူသည် ဦးဆောင်သောသူဖြစ်ဖို့ အသင့်တော်ဆုံးသောသူဖြစ်၍ မုဆိုးမများ၊ မိဘမဲ့များနှင့် ဆင်းရဲသောသူတို့အား ဝေငှပေးကမ်းရသောအမှုတွင် စီမံအုပ်ချုပ်ရလေ၏။ ဤကဲ့သို့ ရွေးကောက်ခြင်းအမှုကို အများသဘောတူကြသဖြင့် စိတ်ဝမ်းကွဲပြားမှုနှင့် ညည်းညူခြင်းအမှုများ ပပျောက်သွားလေ၏။

ရွေးချယ်သော သူခုနစ်ယောက်အတွက် ဆုတောင်း၍ သူတို့အပေါ်၌ လက်ကိုတင်ထားပြီးမှ၊ သူတို့အား သန့်ရှင်းသောတာဝန်ကိုဆောင်ရွက်ရန် ခန့်ထားကြ၏။ ထိုသို့ခန့်ထားခြင်းခံရသောသူတို့သည် မိမိတို့၏ယုံကြည်ခြင်းတရားကိုမဟောမပြောဘဲ မနေရကြ။ "သတေဖန်သည် ကျေးဇူးတော်နှင့်၎င်း၊ တန်ခိုးတော်နှင့်၎င်း ပြည့်စုံသဖြင့် ကြီးစွာသော နိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှုတို့ကို လူများရှေ့မှာပြုလေ၏"ဟု ကျမ်းစာတွင်ရေးမှတ်ထား၏။ သူတို့သည် သမ္မာတရားကိုသွန်သင်နိုင်အံ့သောငှါ လုံးလုံးကျွမ်းကျင်သောသူများဖြစ်ကြသည်။ ခက်ခဲသောအမှုများ၊ ညည်းတွားသောအမှုသို့မဟုတ် မနာလိုငြူစူသောအမှုများတို့ကိုလည်း သူတို့သည် တည်ကြည်စွာမြော်မြင်ခြင်းနှင့် ဝေဖန်ပိုင်းခြားဆုံးဖြတ်နိုင်သောသူများဖြစ်ကြသည်။

တမန်တော်တို့သည် သမ္မာတရားကို ဟောပြောခြင်းတည်းဟူသော ထူးခြားသောအလုပ်ကို လွတ်လပ်စွာဆောင်ရွက်နိုင်မည်အကြောင်း၊ အသင်းတော်၏လုပ်ငန်းကို ထမ်းဆောင်ရန် ဤလူများကို ရွေးကောက်ထားသည့်အမှုကို ဘုရားသခင်သည် ကောင်းကြီးပေးတော်မူ၏။ အသင်းတော်သည် တိုးပွါး၍ ခွန်အားနှင့်လည်းပြည့်စုံလေ၏။ "ဘုရားသခင်၏သာသနာတော်သည် တိုးပွားသဖြင့် ယေရုရှလင်မြို့၌တပည့်တော်တို့သည် အလွန်ပွားများ၍ ယဇ်ပုရောဟိတ်အပေါင်းတို့သည် ယုံကြည်ခြင်းတရားကိုနားထောင်ကြ၏။"

ယခုခေတ်၌လည်း တမန်တော်တို့လက်ထက်မှာနည်းတူ အသင်းတော်၌ အလားတူစည်းကမ်းစနစ်များ ထားသင့်ပေသည်။ အသင်းတော်၏လုပ်ငန်းကိုတိုးတက်အောင်မြင်မှုသည်၊ မိမိတို့တာဝန်အတွက် ကျွမ်းကျင်သောအရည်အချင်းနှင့်ပြည့်စုံသောလူတို့က စီမံဆောင်ရွက်ပေးရကြသော ဌာနအသီးအသီးတို့အပေါ်၌ အမှီပြုပေသည်။ ဘုရားသခင်၏အမှုတော်အတွက် ရှေ့ဆောင်များအဖြစ် ရွေးချယ်ခြင်းခံရလျက် အသင်းတော်၏ဝိညာဉ်ရေးကိစ္စများကို အများအားဖြင့် စီမံအုပ်ချုပ်နေရကြသော သူတို့သည် လောကီစိုးရိမ်ခြင်း၊ ရှုပ်ထွေးခြင်းအမှုတို့နှင့်ကင်းလွတ်ရကြမည်။ နှုတ်ကပါတ်တော်ကိုငှင်း ဩဝါဒများကိုငှင်း သွန်သင်ပေးရန် ဘုရားသခင်ရွေးချယ်တော်မူခြင်းခံရသောသူတို့သည် သမ္မာကျမ်းစာတော်မြတ်ကိုဆင်ခြင်အောက်မေ့၍ လေ့ကျက်မှတ်သားပြီး၊ ဆုတောင်းခြင်းအမှုတို့ကိုပြုရန် အချိန်ကန့်သတ်ထားရမည်။ အသင်းတော်တွင် အများသောသူတို့၏အမှုကိစ္စ၊ သဘောထားတို့နှင့်သက်ဆိုင်သည့် သေးငယ်သောအရာများ ကိုယ်တိုင်ဝင်ရောက်စွက်ဖက်ခြင်းအားဖြင့် ဝိညာဉ်ရေးတွင် ရှင်းလင်းပြတ်သားစွာဝေဖန်ပိုင်းခြားနိုင်သောသတ္တိကို မှေးမှိန်ဆုတ်လျော့သွားစေတတ်၏။ လောကီမှုရေးနှင့်ဆိုင်သောကိစ္စပေါင်းတို့ကို သင့်တော်သောအမှုဆောင်အရာရှိတို့ရှေ့တွင် ယူဆောင်လာပြီး၊ သူတို့ကစီမံဆုံးဖြတ်ဖို့ သင့်တော်ပေသည်။ သူတို့၏အရည်အချင်းနှင့် မဆုံးဖြတ်နိုင်အောင် ခက်ခဲသောအမှုတို့ကိုကား၊ အသင်းတော်တစ်ခုလုံးကို အုပ်ချုပ်စီမံရသောအဖွဲ့အစည်းထံသို့ ယူဆောင်လာရကြမည်။

---oo---

# အခန်း (၃၆)
# သတေဖန်အသတ်ခံရခြင်း

သတေဖန်သည် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရာ၌ အလွန်စိတ်အားထက်သန်၍ မိမိ၏ယုံကြည်ခြင်းကို ရဲရင့်စွာဖော်ပြ၏။ "ထိုအခါ လိဗေရတိန်အပေါင်းအသင်းဝင်သောသူမှစ၍၊ ကုရေနေပြည်သား၊ အာလေဇန္ဒြိပြည်သား ၊ ကိလိတိပြည်သား၊ အာရှိပြည်သားအချို့တို့သည်ထ၍ သတေဖန်နှင့် ငြင်းခုံခြင်းကိုပြုကြစဉ် သူဟောပြော၍သုံးစွဲသောပညာနှင့် ဝိညာဉ်တော်ကိုမခံမ ဆီးနိုင်ကြ။" သတေဖန်သည် ပညာမတတ်ဟု ထင်မြင်သဖြင့် လူအများနှင့် ဆွေးနွေးရာတွင် သတေဖန်ကိုလုံးလုံးအောင်မြင်ကြလိမ့်မည်ဟု ဤကျမ်းတတ်ဆရာကြီးများက ယုံကြည်စိတ်ချနေကြ၏။ သို့ရာတွင် သူသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့်သာ ဟောပြောသည်သာမကသေး၊ သူသည် အနာဂတ္တိကျမ်းများ၌ ကျွမ်းကျင်၍ ဥပဒေပညတ်အပေါင်းတို့တွင်လည်း ကောင်းစွာတတ်မြောက်သော သူဖြစ်ကြောင်း ပရိတ်သတ်အပေါင်းတို့ရှေ့တွင် ထင်ရှားစွာသိမြင်ရလေ၏။ သူသည် မိမိသက်သေခံသောသမ္မာတရားအတွက် ကောင်းစွာခုခံနိုင်လျက် သူ့ကိုဆန့်ကျင်သောသူများကို လုံးလုံးနိုင်လေ၏။

သတေဖန်သည် အမှုဆောင်ရွက်ရာ၌ တန်ခိုးတော်နှင့်ပြည့်စုံသဖြင့်၊ အံ့ဩဖွယ်သောအမှုတို့ကိုပြုလုပ်ပြသည်ကို ယဇ်ပုရောဟိတ်များနှင့်အကြီးအကဲတို့က မြင်ရကြသောအခါ အလွန်အမျက်ထွက်ကြ၏။ သူပြသောသက်သေတို့ကို သာ၍လေးနက်လာအောင် လက်ခံကြမည်အစား သူတို့သည် သတေဖန်ကိုအသေသတ်ခြင်းဖြင့် သူ၏စကားသံကိုပျောက်ကွယ်သွားစေရန် ဆုံးဖြတ်ကြ၏။

ထိုကြောင့် သူတို့သည် သတေဖန်ကိုဖမ်းဆီးပြီးလျှင်၊ စစ်ဆေးရန် လွှတ်တော်ရှေ့သို့ ခေါ်ဆောင်လာကြ၏။ တရားခံ၏ချေပချက်တို့ကိုပြန်လည်ထုချေရန် ကျမ်းစာ၌တတ်မြောက် ကျွမ်းကျင်သောယုဒလူများကို အနီးအနားတိုင်းပြည်များမှ ခေါ်ထားကြ၏။ သခင်ခရစ်တော်၏ ဩဝါဒကို စိတ်အားကြီးစွာခုခံလျက် ကိုယ်တော်ကိုယုံ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ကြည်သူတို့အား ညှဉ်းဆဲသတ်ဖြတ်သူဟု ထင်ရှားကျော်စောသော ရှောလုသည် လည်း အပါအဝင်ဖြစ်သည်။ ဤကျမ်းတတ်ဆရာကြီးသည် သတေဖန်ကို ချေပပြောဆိုရာ၌ ခေါင်းဆောင်တဦးဖြစ်သည်။ သူသည်စကားအရာ၌ကျွမ်းကျင်၍ ကျမ်းတတ်များကဲ့သို့ စဉ်းစားဆင်ခြင်ဉာဏ်နှင့် ပြောဆိုနိုင်သဖြင့်၊ သတေဖန်သည် လှည့်ဖြား၍ ဘေးဖြစ်စေသောဩဝါဒအများကို ဟောပြောသည်ဟု လူများတို့အား ထင်ရှားစွာဖော်ပြ၏။

သို့ရာတွင် သတေဖန်သည် မိမိကဲ့သို့ အလွန်ပင်တတ်သိကျွမ်းကျင်၍ အခြားသောလူမျိုးတို့အား ဧဝံဂေလိတရားကိုဖြန့်ဖြူးပေးခြင်းအမှုတွင် ဘုရားသခင် ရည်ရွယ်တော်မူချက်ကို လုံးလုံးသိနားလည်သော သူတစ်ယောက်ဖြစ်သည်ကို ရှောလုသိရ၏။ သူသည် အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့၏ဘုရားသခင်ကို ယုံကြည် လျက် ယုဒလူတို့၏အခွင့်အရေးကို လုံးလုံးရရှိထားသူဖြစ်၏။ သို့သော် သူ၏ယုံကြည်ခြင်းသည် ကျယ်ဝန်း၍ အမှန်ယုံကြည်သောသူတို့သည် လူလက်ဖြင့် လုပ်သောဗိမ္မာန်တော်များ၌သာမဟုတ်ဘဲ၊ ကမ္ဘာအရပ်ရပ်တွင် ဘုရားသခင်ကို ဝိညာဉ်အားဖြင့်၄င်း၊ သမ္မာတရားအားဖြင့်၄င်း ကိုးကွယ်ဝတ်ပြုနိုင်သောအချိန် ရောက်လာပြီကို သူသိ၏။ သတေဖန်၏မျက်စိကိုကာကွယ်ထားသောအရာသည် ပျောက်ကွယ်သွား၍ သခင်ခရစ်တော်အသေခံတော်မူခြင်းဖြင့် ပယ်ဖျက်လိုက် သောအရာတို့အကြောင်းကို သူသည်ကောင်းစွာ ပိုင်းခြားသိနားလည်လာ၏။

ယဇ်ပုရောဟိတ်နှင့်အကြီးအကဲတို့သည် သတေဖန်ကကြည်လင်ပြတ် သားတည်ငြိမ်စွာ သတိပညာနှင့် ပြောဆိုသောစကားများအတွက်ပြင်းထန်စွာ ချေပပြောဆိုနေသော်လည်း သူတို့သည် မအောင်မြင်ကြချေ။ သူတို့သည် သတေ ဖန်ကို ပုံသက်သေတစ်ခုဖြစ်စေရန် ဆုံးဖြတ်ကြပြီးလျှင် သူ့အားလက်စားချေလို သောဒေါသနှင့် ပြည့်ဝနေကြသော်လည်း၊ ကြောက်ရွံ့သောစိတ်နှင့် သူ၏ယုံကြည် ခြင်းဝါဒကိုလက်မခံကြစေရန် အခြားသူများအား တားဆီးရန်ကြိုးစားနေကြ၏။ အလွန်လှည့်ဖြားသောနည်းဖြင့်သတေဖန်အပေါ်၌ စွပ်စွဲချက်များကိုဖော်ပြကြ၏။ ဗိမ္မာန်တော်သည် ပညတ်တရားတဖက်၌ ဆန့်ကျင်ဘက်စကားများပြောဆိုသည်ကို သူတို့ကြားရကြပြီဟု မတရားသောသက်သေခံသောသူတို့ကို ငှါးကြ၏။ "ထိုနာ ဇရက်မြို့သားယေရှုသည် ..............................

ဤအရပ်ဌာနတော်ကိုဖျက်ဆီး၍ ငါတို့အား မောရှေအပ်ပေးသောထုံးနည်း၊ ဥပဒေသကိုပြောင်းလဲစေမည်ဟု ဤသူဆိုသည်ကို အကျွန်ုပ်တို့သည်ကြားရပါပြီ”ဟု သူတို့က သက်သေခံကြ၏။

သတေဖန်သည် တရားသူကြီးများနှင့်မျက်နှာချင်းဆိုင်လျက် ဤသို့မတရားစွပ်စွဲသောအချက်ကိုချေပရန်ရပ်နေစဉ်၊ သူ၏မျက်နှာသည် သန့်ရှင်းသောရောင်ခြည်နှင့်တောက်ပနေ၏။ “လွှတ်တော်၌ထိုင်လျက်ရှိသောသူအပေါင်းတို့သည် သတေဖန်ကို စေ့စေ့ကြည့်ရှုလျှင်၊ သူ၏မျက်နှာသည် ကောင်းကင်တမန်၏မျက်နှာကဲ့သို့ဖြစ်သည်ဟု ထင်မှတ်ကြ၏။” သတေဖန်၏တောက်ပသောမျက်နှာကိုမြင်ရကြသောသူတို့သည် တုန်လှုပ်ကြောက်ရွံ့လျက် မိမိတို့မျက်နှာကိုဖုံးအုပ်ထားကြ၏။ သို့သော် ခိုင်မာသောယုံမှားခြင်းနှင့် ဂြုစူခြင်းသဘောကို ဘယ်သောအခါမျှမပြောင်းလဲချေ။

## သတေဖန်၏ထုချေချက်

သူ့အား စွပ်စွဲချက်သည် မှန်မမှန်သိရှိရန် သတေဖန်အားမေးမြန်းရာ၊ လွှတ်တော်အခန်း တစ်ခုလုံးကြားနိုင်လောက်အောင် ကျယ်သောအသံနှင့်ကြည်လင်ပြတ်သားစွာ သတေဖန်ကပြန်၍ထုချေလေ၏။ လူအစုအဝေးအား အံ့ဩသွားစေသောစကားများဖြင့် သူက ဘုရားသခင်ရွေးကောက်ခြင်းခံရသော လူမျိုးအကြောင်းကိုပြန်၍ ပြောပြ၏။ သူသည် ယုဒလူမျိုးတို့၏ဝိနည်းအထုံးအဖွဲ့တို့အကြောင်းကို ကောင်းစွာသိနားလည်၏။ ၎င်းပြင်သခင်ခရစ်တော်အားဖြင့် ယခုထင်ရှားလျက်ရှိသော ၎င်းအကြောင်းအရာ၏ဝိညာဉ်ရေးအနက်အဓိပ္ပါယ်တို့ကိုလည်း ကောင်းစွာသိနားလည်၏။ သူသည် အာဗြဟံမှအစပြုလျက် ဣသရေလအမျိုးအနွယ်တို့အကြောင်းကို ရှောလမုန်မင်းတိုင်အောင် တဆက်ပြီးတဆက်ရာဇဝင်အတိုင်း ပြန်လည်ဖော်ပြပြီး၊ မိမိအား စွပ်စွဲချက်တို့ကိုထိရောက်စွာချေပပြောဆို၏။

သူသည် ဘုရားသခင်ဘက်၌၎င်း၊ ယုဒလူတို့၏ယုံကြည်ခြင်းတရား၌၎င်းသစ္စာရှိကြောင်းထင်ရှားစွာဖော်ပြသည်သာမက၊ မိမိတို့ကယ်တင်ခြင်းအတွက်အားကိုးနေကြသောပညတ်တရားသည် ဣသရေလလူတို့အား ရုပ်ဆင်းတုကိုးကွယ်မှုမှမကယ်တင်နိုင်မထိန်းသိမ်းနိုင်ဟု ရှင်းပြသေး၏။ သူသည် သခင်ယေရှုခရစ်ကို ယုဒရာဇဝင်နှင့်ဆက်သွယ်ပြ၏။ ရှောလမုန်မင်းကြီး . . . . . . . . . . . .

ဆောက်လုပ်သော ဗိမာန်တော်ကိုငှင်း၊ ရှောလမုန်နှင့်ဟေရှာယတို့ နှစ်ဦးစလုံးပြော ပြသောစကားလုံးများကိုငှင်း သူကညွှန်ပြသေး၏။ "အမြင့်ဆုံးသော ဘုရားသည် လူတို့လက်ဖြင့် လုပ်သောဗိမာန်တော်၌ ကျိန်းဝပ်တော်မူသည်မဟုတ်၊" "ကောင်း ကင်ဘုံသည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည်ငါခြေတင်ရာခုံဖြစ်၏။ အဘယ်သို့သော ဗိမာန်ကို ငါ့အဖို့တည်ဆောက်ကြမည်နည်း။ အဘယ်အရပ်သည် ငါကျိန်းဝပ်ရာ အရပ်ဖြစ်မည်နည်း။ ငါ့လက်သည် ဤအရာအလုံးစုံတို့ကို ဖန်ဆင်းသည်မဟုတ် လောဟု ထာဝရဘုရားမိန့်တော်မူ၏။"ဘုရားသခင်ကိန်းအောင်းတော်မူရာ အမြတ် ဆုံးအရပ်ကား ကောင်းကင်ဖြစ်၏။

သတေဖန်သည် ဤအချက်သို့ရောက်လာသောအခါ၊ လူတို့အထဲတွင် ရုန်းရင်းဆန်ခတ်ဖြစ်လာ၏။ အကျဉ်းသမားသည် မိမိ၏ရှေ့၌ရှိသော သူတို့၏ မျက်နှာများကို မြင်ရခြင်းဖြင့် မိမိ၏ကံကြမ္မာကိုသိရှိရလေ၏။ သန့်ရှင်းသောဝိညာဉ် တော်ဖော်ပြသည်အတိုင်း သူပြောဆိုသောစကားများကို ပိတ်ပင်တားဆီးကြသည် ကိုသူတွေ့မြင်ရ၏။သူသည် နောက်ဆုံးသက်သေခံချက်ကို ဖော်ပြနေရသည်ကို သိရှိ၏။ သတေဖန်ပြောဆိုသောဤစကားများကို သေချာစွာဖတ်ရှုကြသောသူ အနည်းငယ်သာ ၎င်း၏အနက်အဓိပ္ပါယ်ကိုကောင်းစွာနားလည်ရန်အခြေအနေ၊ အချိန်ကာလနှင့် နေရာအရပ်တို့ကို ဆင်ခြင်ကြည့်အပ်သည်။

သူက သခင်ယေရှုခရစ်၏အကြောင်းကို အနာဂတ်စကားများနှင့် ဆက် သွယ်ပြလျက် ဗိမာန်တော်အကြောင်းကိုပြောပြသောအခါ ယဇ်ပုရောဟိတ်တို့ သည် ကြောက်လန့်သောဟန်ဖြင့် မိမိတိုပ၏ဝတ်လုံကိုဆုတ်ကြ၏။ ဤသို့ပြုခြင်း သည် သူ၏စကားသံကို တစ်ခါတည်း တိတ်ဆိတ်သွားစေရန် သတေဖန်အား သတ်ဖြတ်မည်အကြောင်းဖော်ပြသောလက္ခဏာဖြစ်၏။ သူသည် ဟောပြောနေရာ ၌ ထက်ဝက်လောက်သာရောက်သေးသော်လည်း ရာဇဝင်အဆက်ဆက်ကို ဖော်ပြ နေရာမှ ရုတ်တရက်ရပ်ထားပြီးလျှင် အမျက်ဒေါသထွက်နေသော တရားသူကြီး များဖက်သို့လှည့်၍ "လည်ပင်းခိုင်မာ၍ နှလုံးဖြင့်၎င်း၊ နားဖြင့်၎င်း အရေဖျားလှီး ခြင်းကိုမခံသောသူတို့၊ သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို အစဉ်မပြတ် ဆန့်ကျင်ဘက်ပြုလေ့ရှိကြ . . . . . . . . . . . . . . . . . . . . . . . . . . . . .

၏။ သင်တို့ဘိုးဘေးများ၏အလေ့နှင့်သင်တို့အလေ့တူ၏။ သင်တို့ဘိုးဘေးများသည် အဘယ်ပုရောဖက်ကိုမျှမညှဉ်းဆဲဘဲနေသနည်း။ ဖြောင့်မတ်သော သူကြွလာတော်မူမည်အကြောင်းအရာကို ဟောပြောပြည့်နှင့်သောသူတို့ကို ကွပ်မျက်ကြ၏။ ထိုဖြောင့်မတ်သောသူတို့ကိုပင် ယခုလည်း သင်တို့သည် အပ်နှံ၍ အသေသတ်ကြ၏။ သင်တို့သည် ကောင်းကင်တမန်များခင်းကျင်းသောအားဖြင့် ပညတ်တရားတော်ကိုခံရသော်လည်း မစောင့်ရှောက်ကြ”ဟု သတေဖန်ကပြောဆို၏။

## ယုံကြည်ခြင်းတရားအတွက် အသေခံရခြင်း

ဤနေရာ၌ ယဇ်ပုရောဟိတ်နှင့်အကြီးအကဲတို့သည် အလွန်အမျက်ထွက်နေကြရာ၊ သူတို့သည် လူနှင့်မတူဘဲရက်စက်ကြမ်းကြုတ်သော သားရဲတိရစ္ဆာန်များနှင့်တူကြ၏။ သူတို့သည် သွားများကြိတ်လျက် သတေဖန်ထံသို့တဟုန်တည်းတိုးသွားကြ၏။ သို့သော် သူသည်ကြောက်လန့်ခြင်းမရှိ၊ ဤကဲ့သို့ဖြစ်ရမည်ဟု မျှော်လင့်၏။ သူ၏မျက်နှာသည် တည်ငြိမ်နေလျက် ကောင်းကင်တမန်၏မျက်နှာကဲ့သို့ တောက်ပနေ၏။ ဒေါသထွက်နေသောယဇ်ပုရောဟိတ်တို့နှင့် ထကြွလှုပ်ရှားနေသော လူစုလူဝေးတို့သည် သူ့အဖို့ကြောက်စရာမဟုတ်။ “သူသည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်သဖြင့်၊ ကောင်းကင်သို့စေ့စေ့ကြည့်မျှော်၍ ဘုရားသခင်၏ဘုန်းတော်ကိုင်း၊ ဘုရားသခင်၏လက်ယာတော်ဘက်၌ ယေရှုရပ်နေသည်ကိုင်းမြင်လျှင်၊ ကြည့်ပါ။ ကောင်းကင်ဖွင့်လှစ်သည်ကိုင်း၊ လူသားသည် ဘုရားသခင်၏လက်ယာတော်ဘက်၌ရပ်နေသည်ကိုင်း ငါမြင်သည်ဟု ဆို၏။”

သူ၏ပတ်လည်ရှိမြင်ကွင်းသည် သူ၏မျက်စိရှေ့မှကွယ်ပျောက်သွား၍ ကောင်းကင်ပွင့်လှစ်သည်ကိုမြင်ရ၏။ သတေဖန်သည် ကြည့်ရှုသောအခါ ဘုရားသခင်၏ဗိမာန်တော်ခန်းတွင်ရှိဘုန်းရောင်ခြည်ကိုင်း၊ သခင်ခရစ်တော်သည် ပလ္လင်တော်မှထလျက် မိမိ၏နာမတော်အတွက် အသတ်ခံရမည့်မိမိ၏ကျွန်အားခွန်အားကိုပေးရန် အသင့်ကူညီဖို့ရပ်နေသည်ကိုင်းမြင်ရ၏။ သတေဖန်သည် မိမိမြင်ရသောဘုန်းတော်အကြောင်းကို ဖော်ပြသောအခါ၊ ညှဉ်းဆဲသောသူတို့သည် မခံမရပ်နိုင်ကြ။ သူတို့သည် သူပြောသောစကားတို့ကို မကြားရန် မိမိတို့၏နားများကို ပိတ်ဆို့ထားပြီးနောက် ကျယ်စွာအော်ဟစ် . . . . . . . . . . . . . . . . . . . .

**သတေဖန်သည် မိမိအား ကျောက်ခဲနှင့်ပစ်သောသူတို့အတွက်
အပြစ်လွှတ်ရန်ဆုတောင်း၏**

လျက် အမျက်ဒေါသနှင့် တညီတညွတ်တည်း သူ့ထံသို့ ပြေးသွားကြ၏။ "ကျောက် ခဲနှင့်ပစ်ကြစဉ် သတေဖန်သည်ပဌနာပြုလျက်၊ သခင်ယေရှု အကျွန်ုပ်၏ ဝိညာဉ်ကို သိမ်းယူတော်မူပါဟု လျှောက်ဆို၏။ ဒူးထောက်လျက်၊ သခင်၊ ဤသူတို့ပြုသောဒု စရိုက်အပြစ်ကို မှတ်တော်မမူပါနှင့်ဟု ကြီးသောအသံနှင့်ကြွေးကြော်ပြီးမှ ကျိန်း စက်လေ၏။

ဤမျှလောက်ရက်စက်စွာသတ်ဖြတ်ခြင်းဖြင့် ဝေဒနာခံနေရစဉ်ကြားမှ ပင်၊ သစ္စာရှိသော ဤသက်သေခံသည် မိမိ၏သခင်ဘုရားကဲ့သို့ပင် မိမိကိုသတ် သောသူတို့အတွက် ဆုတောင်း၏။ သတေဖန်ကို မတရားစွပ်စွဲကြသောသက်သေ များက ပထမဦးစွာကျောက်ခဲနှင့်ပစ်ပေါက်ကြ၏။ ဤသူတို့သည် မိမိတို့၏ဝတ် လုံများကို ရှောလု၏ခြေရင်း၌ပုံထားကြ၏။ ဤသူသည် တရားစကားပြင်းခုံမှုတွင် စိတ်ပါစွာပါဝင်စွက်ဖက်သူဖြစ်လျက် အကျဉ်းသမားအားသတ်ဖို့ သဘောတူခဲ့၏။

သတေဖန်အား သူ၏ယုံကြည်ခြင်းတရားအတွက် သတ်ပစ်ခြင်းအမှုကို မြင်ရသောသူအပေါင်းတို့၏စိတ်ထဲ၌ ၎င်းအကြောင်းအရာသည် အထူးပင်စွဲမြဲ တည်ရှိနေ၏။ ၎င်းအမှုသည် အသင်းတော်အတွက် အလွန်ပြင်းထန်သော စုံစမ်း နှောင့်ယှက်ခြင်းအမှုဖြစ်သော်လည်း ရှောလုကိုစိတ်နှလုံးပြောင်းလဲစေသော အ ကြောင်းအရင်းဖြစ်သည်။ ဘာသာတရားအတွက် အသတ်ခံရသောသူတို့၏ ယုံ ကြည်ခြင်း၊ တည်ကြည်မြဲမြံခြင်း၊ ချီးမြှောက်ခံရခြင်းအကြောင်းတို့သည် သူ၏စိတ် နှလုံးထဲမှပယ်ရှား၍မရနိုင်။ သူ၏မျက်နှာပေါ်၌၎င်း၊ အလင်းတရားကိုလက်မခံဘဲ စိတ်ခိုင်မာသူတို့မှလွဲ၍ ကြားနာရသော သူအပေါင်းတို့၏စိတ်ဝိညာဉ်တိုင်အောင် ရောက်ရှိသွားသော သူ၏စကားများတို့အပေါ်၌၎င်း၊ ဘုရားသခင်ထံတံဆိတ်ခတ် တော်မူခြင်းအမှုကို သိမြင်ရသောသူများတို့၏စိတ်ထဲ၌ ၎င်းအမှုသည် စွဲမြဲတည်ရှိ နေလျက်၊ သူကြွေးကျော်သောသတင်းစကားသည် မှန်ကန်ကြောင်း သက်သေခံ လျက်ရှိ၏။

သတေဖန်အပေါ်၌ ချမှတ်သောစီရင်ချက်သည် ဥပဒေနှင့်မညီညွတ် သော်လည်း၊ အမှုကိုစစ်ဆေးစုံစမ်းခြင်းမပြုရန် ရောမအရာရှိများအား ငွေအ မြောက်အမြားပေးလျက် လက်ဆောင်ထိုးထား၏။ သတေဖန်ကို စစ်ဆေးပြီးသတ် ပစ်သောနေရာ၌ ရှောလုသည် အမျက်ဒေါသထွက်လောက်အောင် . . . . . . . .

စိတ်အားထက်သန်မှုရှိလာသည်ဟု ထင်ရ၏။ သတေဖန်သည် လူတို့၏ရှုတ်ချခြင်းကိုခံရသောအခါ၊ ဘုရားသခင်သည် သူ့အားချီးမြှောက်တော်မူပြီဟု မိမိ၏စိတ်ထဲ၌ထင်မှတ်ခဲ့သည်ကိုပင် ရှောလုသည်စိတ်ဆိုးမိဟန်ရှိပေသည်။

သူသည် ဘုရားသခင်၏အသင်းတော်ကို ဆက်လက်ညှဉ်းဆဲလျက်၊ အသင်းဝင်သူများကို သူတို့၏အိမ်များတွင် ဝင်ရောက်ဖမ်းဆီးလျက်၊ အကျဉ်းချထားရန်နှင့် သတ်ဖြတ်ပစ်ရန် ယဇ်ပုရောဟိတ်များနှင့်အကြီးအကဲတို့ထံအပ်နှံလေ၏။ ညှဉ်းဆဲခြင်းအမှုတွင် သူသည် စိတ်အားကြီးစွာပါဝင်ဆောင်ရွက်ခြင်းကြောင့် ယေရုရှလင်မြို့တွင်ရှိသောခရစ်ယာန်တို့သည် အလွန်ကြောက်လန့်နေကြ၏။ ရောမအရာရှိများကလည်းရက်စက်သောအမှုကိုတားဆီးအထူးအရေးယူခြင်းမရှိဘဲ၊ ယုဒလူတို့နှင့်သင့်တင့်၍မျက်နှာရစေရန် သူတို့အား လျှို့ဝှက်စွာအားပေးကူညီလျက်ရှိကြ၏။

ဘုရားသခင်၏သားတော်ကို ပုန်ကန်မှုတွင် စာတန်သည် ပညာရှိရှောလုကို အကြီးအကျယ်အသုံးပြုလေ၏။ သို့ရာတွင် စာတန်ထက်တန်ခိုးကြီးတော်မူသော အရှင်သည် ယုံကြည်ခြင်းတရားအတွက် အသတ်ခံရသောသတေဖန်၏နေရာ၌၊ ကိုယ်တော်၏နာမတော်အတွက်အမှုဆောင်၍ ဒုက္ခဆင်းရဲခြင်းခံစေဖို့ ရှောလုကို ရွေးကောက်တော်မူ၏။ ရှောလု၏ပညာအရည်အချင်းကြောင့်၄င်း၊ ယုံကြည်သူတို့ကိုညှဉ်းဆဲရာ၌ သူ၏စိတ်အားထက်သန်မှုကြောင့်၄င်း၊ ယုဒလူတို့သည် ရှောလုကို အထူးလေးစားနှစ်သက်ကြ၏။ သူသည် ပထမဦးစွာ ယုဒလူမျိုးလွှတ်တော်တွင်ပါဝင်သောသူမဟုတ်၊ သို့ရာတွင် သတေဖန်အသတ်ခံရပြီးနောက်မှ ထိုအမှုတွင် သူပါဝင်ဆောင်ရွက်ခဲ့သည်အကြောင်းအရာတို့ကိုထောက်လျက်၊ သူ့အားလွှတ်တော်တွင်အဖွဲ့ဝင်တစ်ဦးအဖြစ်ရွေးကောက်ကြသည်။

---oo---

## အခန်း (၃၇)
## ရှောလုစိတ်နှလုံးပြောင်းလဲခြင်း

သတေဖန်သည် အောင်မြင်ဝမ်းမြောက်စွာ အသေခံရခြင်းအမှုအားဖြင့် ရှောလု၏စိတ်သည် များစွာလှုပ်ရှားသွား၏။ သူ၏ပြုစုမှုန်းထားသောစိတ်သည် ယိုင်ယဲလုမတတ်လှုပ်ရှားသွား၏။ သို့သော် ယဇ်ပုရောဟိတ်များနှင့်အကြီးအကဲတို့၏ထင်မြင်ယူဆချက်နှင့် ချေပပြောဆိုချက်တို့ကို ထောက်ရှုခြင်းဖြင့်၊ အဆုံး၌ သတေဖန်သည် ဘုရားတရားကိုရှုပ်ချသောသူ၊ သဟောပြောသောသခင်ယေရှုသည် လှည့်ဖြားသောသူ၊ သန့်ရှင်းရာဌာနများတွင် အမှုဆောင်ရွက်နေကြရသောသူတို့သည် မှန်ကန်သောသူများဖြစ်ရမည်ဟု သူသည် အထင်အရှားသိမြင်လာ၏။ ကောင်းစွာဆုံးဖြတ်နိုင်၍ စိတ်အားထက်သန်သောရည်ရွယ်ချက်နှင့် ပြည့်စုံသောသူဖြစ်သည်အလျောက်၊ ယဇ်ပုရောဟိတ်တို့နှင့် အကြီးအကဲတို့၏ထင်မြင်ချက်သည် မှန်ကန်ရမည်ဟုမိမိ၏စိတ်ထဲ၌ လုံးလုံးဆုံးဖြတ်ပြီးနောက်၊ ခရစ်ယာန်တို့ကို တားဆီးပိတ်ပင်မှုတွင် သူသည် အလွန်ပြင်းထန်လာလေ၏။ သူသည် စိတ်အားထက်သန်လာသောကြောင့်၊ ယုံကြည်သောသူတို့ကိုညှဉ်းဆဲခြင်းအမှုတွင် အလိုအလျောက်ပါဝင်ဆောင်ရွက်လေ၏။ သူသည် သန့်ရှင်းသောသူများကိုလွှတ်တော်သို့ဆွဲခေါ်လာပြီးလျှင် သခင်ယေရှု၌ ယုံကြည်ခြင်းမှတစ်ပါး အခြားသောပြစ်ချက်မရှိဘဲ သူတို့ကိုထောင်ထဲ၌ လှောင်ထား၏။ သို့မဟုတ် အသေသတ်ခံစေရန်စီရင်၏။ ထိုအတူ ယာကုပ်နှင့် ယောဟန်တို့သည် မိမိတို့သခင်ဘုရားကို အထင်သေး၍ ကဲ့ရဲ့သောသူတို့အပေါ် သို့ ကောင်းကင်မှမီးကျ၍ လောင်စေဖို့အလိုရှိကြသောအခါ၊ သူတို့၏စိတ်အားထက်သန်မှုကိုတွေ့ရှိရသည်။ သို့သော် ၎င်းထက်သန်မှုသည် တစ်မျိုးဖြစ်၏။

ရှောလုသည် မိမိ၏အလုပ်ကိစ္စအတွက် ဒမာသက်မြို့သို့ခရီးထွက်ရန် အကြံရှိ၏။ သို့သော် လမ်းကြုံစဉ် ယုံကြည်သောသူတို့ကိုလည်း ရှာဖွေဖမ်းဆီးရန် ရည်ရွယ်သေးသဖြင့် တစ်ကြိမ်တည်းအလုပ်နှစ်ခုပြီးမြောက်ရန် ဆုံးဖြတ်ထား၏။

သည် သခင်ယေရှု၌ယုံကြည်သောသူများဖြစ်သည်ဟု မသက်သေသောသူများကို ဖမ်းဆီး၍ စစ်ဆေးအပြစ်ပေးခြင်းခံရရန် လူကြံဖြင့် ယေရုရှလင်မြို့သို့ ပို့ပေးနိုင်၏။ ထိုသို့အားဖြင့် သူသည်ယောက်ကျားတို့၏ခွန်အား၊ အစွမ်းသတ္တိနှင့်၄င်း၊ မှားသော စိတ်အားထက်သန်မှုနှင့်၄င်း၊ ခရီးထွက်သွားလေ၏။

ပင်ပန်းသောခရီးသည်တို့သည် ဒမာသက်မြို့သို့ရောက်သောအခါ၊ ရှောလုသည် မြေဩဇာကောင်းသောလယ်မြေများ၊ လှပသောဥယျာဉ်များ၊ သစ်သီးများနှင့်ပြည့်နေသောခြံများ၊ စိမ်းလန်းသောသစ်ပင်များကြားတွင် စီးဆင်းသော ချောင်းငယ်များကိုမြင်ရလျှင်၊ စိတ်ပျော်ရွှင်လာ၏။ အလွန်ခြောက်သွေ့သော အရပ်များကို ကျော်လွန်လျက် ပင်ပန်းကြာရှည်စွာခရီးသွားပြီးနောက် ထိုသို့သာယာသော ရှုခင်းများကို မြင်ရသောအခါ၊ သူသည် အလွန်အားပြည့်လန်းဆတ်လာ၏။ ရှောလုနှင့်အပေါင်းအဘော်များတို့သည် ထိုရှုခင်းများကိုကြည့်လျက်နေစဉ်၊ နေရောင်ခြည်ထက်ထွန်းတောက်သောအလင်းရောင်ခြည်သည် သူတို့ပတ်လည်၌ရုတ်တရက်ထွန်းလင်းလာ၏။ "ရှောလုသည် မြေပေါ်မှာလဲ၍နေစဉ် ရှောလု၊ ရှောလု၊ အဘယ်ကြောင့်ငါ့ကိုညှဉ်းဆဲသနည်းဟု မိမိအားပြောသောစကား သံကိုကြားလျှင်၊ သခင်၊ ကိုယ်တော်သည် အဘယ်သူနည်းဟု လျှောက်၏။ သခင်ဘုရားကလည်း၊ ငါကား သင်ညှဉ်းဆဲသော ယေရှုဖြစ်သတည်း။ ဒုတ်ချွန်ကိုခြေနှင့် ကျောက်လျှင် ခက်လှသည်ဟု မိန့်တော်မူ၏။"

## သခင်ခရစ်တော်ကိုရှုပါရုံ၌မြင်ရခြင်း

ထိုအခြင်းအရာသည် အလွန်ပင်စိတ်ရှုပ်ထွေးစေသော အမှုဖြစ်၏။ ရှောလုနှင့်ပါသော အပေါင်းအဘော်တို့သည် အလွန်ထိတ်လန့်ကြောက်ရွံ့ခြင်းသို့ ရောက်၍ ပြင်းထန်သောအလင်းရောင်ခြည်ကြောင့် မျက်စိကန်းလုမတတ်ဖြစ်ကြ၏။ သူတို့သည် အသံကိုကြားသော်လည်း၊ မည်သူကိုမျှမမြင်ရကြသဖြင့်၊ သူတို့အတွက် အဖြစ်အပျက်အားလုံးသည် နားမလည်နိုင်သောအမှု၊ နက်နဲသောအမှုဖြစ်၏။ သို့ရာတွင် မြေပေါ်၌လဲနေသောရှောလုသည် သူ့အားပြောဆိုသောစကားများကို နားလည်၍ မိမိတို့ရှေ့၌ ဘုရားသခင်၏သားတော်ကို ထင်ရှားစွာမြင်ရလေ၏။ ထိုဘုန်းတန်ခိုးရှိသော ပုဂ္ဂိုလ်ကိုတစ်ကြိမ်ကြည့်မိခြင်းဖြင့် လဲနေသော ထိုယုဒလူတို့၏စိတ်ဝိညာဉ်ထဲ၌ကိုယ်တော်၏ . . . . . . . . . . . . . . . . . . . . . . . .

ပုံသဏ္ဍာန်သည် အစဉ်အမြဲစွဲလျက်နေ၏။ ကြားရသောစကားများတို့ကို သူ၏ စိတ်နှလုံးသည် အိမ်သို့ရောက်သည်တိုင်အောင် ကြောက်လန့်စိုးရိမ်ခြင်းနှင့်စွဲလန်းနေ၏။

သူ၏မှောင်မိုက်နေသော စိတ်နှလုံးထဲသို့ အလင်းရောင်ခြည်တို့သည် စုရုံးရောက်ရှိသွား၍ သူ၏မိုက်မဲခြင်းအဖြစ်နှင့် အမှားကို ဖော်ပြလျက်ရှိ၏။ သူသည် သခင်ခရစ်တော်၏တပည့်တော်များကိုညှဉ်းဆဲသတ်ဖြတ်ခြင်းဖြင့် ဘုရားသခင်ဘက်၌ စိတ်အားကြီးစွာ အမှုထမ်းလျက်နေသည်ဟု မိမိကိုယ်ကို ထင်မှတ်နေသော်လည်း စင်စစ်အားဖြင့် သူသည် စာတန်၏အလုပ်ကို ပြုလုပ်လျက်နေခဲ့ပြီ။

ယဇ်ပုရောဟိတ်များနှင့် အကြီးအကဲတို့၏ စကားများကို ယုံကြည်စွဲလန်းခြင်းသည် အမှားဖြစ်ကြောင်း သူသိမြင်လာ၏။ သူတို့သည် သန့်ရှင်းသောအလုပ်ဝတ္တရားများကို ဆောင်ရွက်နေရကြသော သူများဖြစ်ကြသောကြောင့် သူ၏ စိတ်ထဲ၌ အထူးသြဇာညောင်းနေသဖြင့် ထမြောက်ခြင်းအကြောင်းသည် သခင်ယေရှု၏ တပည့်တော်များပါးနပ်စွာကြံဖန်လည်ဆယ်သောအမှုဖြစ်သည်ဟု သူယုံကြည်နေ၏။

ယခု သခင်ခရစ်တော်သည် ရှောလုထံပေါ်လာတော်မူသဖြင့်၊ သတေဖန် ဟောပြောသောတရားသည် သူ၏စိတ်ထဲ၌ လေးနက်စွာထင်ရှားလာ၏။ ယဇ်ပု ရောဟိတ်များက မမှန်သောအမှုဟု အမိန့်ချသောထိုစကားများသည် ယခုမှန်ကန်သေချာကြောင်းသူသိမြင်လာ၏။ အံ့သြဖွယ်အလင်းထွန်းတောက်သောထိုအချိန်တွင် သူ၏စိတ်နှလုံးသည် အံ့သြဖွယ်လျှင်မြန်စွာပြုပြင်ခြင်းခံနေရသည်။ သူသည်အနာဂတ္တိကျမ်းရာဇဝင်ကိုပြည့်၍ကြည့်ရှုရာ၊ ယုဒလူတို့က သခင်ယေရှုကိုငြင်းပယ်ခြင်း၊ ကိုယ်တော်အား လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်း၊ သေခြင်းမှ ထမြောက်တော်မူခြင်းနှင့် ကောင်းကင်သို့တက်ကြွတော်မူခြင်းအကြောင်းတို့ကို ပုရောဖက်တို့က ကြိုတင်ဟောပြောကြသဖြင့်၊ ကိုယ်တော်သည် ဂတိတော်နှင့်ဆိုင်တော်မူသော မေရှိယဖြစ်တော်မူကြောင်း သက်သေခံလျက်ရှိသည်ကို သူသည်သိမြင်လာလေ၏။ "ကောင်းကင်ဖွင့်လှစ်သည်ကိုငှင်း၊ လူသားသည် ဘုရားသခင်၏လက်ကျာတော်ဘက်၌ ရပ်နေသည်ကိုငှင်း ငါမြင်သည်" (တမန်တော် ၇း၅၆) ဟု သတေဖန်ပြောသောစကားများကို သူသည်သတိရ. . . .

လာသဖြင့်၊ သေလုမတတ်ဖြစ်နေသော သန့်ရှင်းသူသည် ဘုန်းတော်နှင့်ပြည့်ဝသောနိုင်ငံတော်ကို ကြည့်မြင်ရပြီဟု သူသိရှိ၏။

ယုံကြည်သူတို့ကို ညှဉ်းဆဲသတ်ဖြတ်သူအား ဤကဲ့သို့ဖော်ပြတော်မူသောအချက်သည် မည်မျှအံ့ဩဖို့ကောင်းသလဲ။ ကြည်လင်သော်လည်း ကြောက်စရာကောင်းသော အလင်းသည် သူ၏စိတ်ဝိညာဉ်ထဲသို့ထိုးဖောက်ဝင်သွား၏။ သခင်ခရစ်တော်သည် မိမိ၏အမှုတော်ကို ဆောင်ရွက်ရန် မြေကြီးပေါ်သို့ကြွလာတော်မူသော်လည်း ကိုယ်တော်ကယ်တင်ရန် အလိုရှိတော်မူသော သူတို့ကကိုယ်တော်ကိုငြင်းပယ်၊ ရှုတ်ချ၊ စစ်ဆေးစီရင်ချက်ချလျက် လက်ဝါးကပ်တိုင်မှာရိုက်ထားကြပြီးနောက် ကိုယ်တော်သည် သေခြင်းမှထမြောက်၍ ကောင်းကင်သို့တက်ကြွသွားတော်မူပြီဟု ရှောလုအား ထင်ရှားစွာဖော်ပြထား၏။ ထိုကြောက်မက်ဖွယ်ကောင်းသောအချိန်တွင် မိမိသဘောတူချက်ကြောင့် သန့်ရှင်းသော သတေဖန်သည် အသက်စွန့်ရခဲ့သည့်အကြောင်းကိုငှင်း၊ မိမိ၏အကူအညီအားပေးမှုကြောင့်များစွာသော သန့်ရှင်းသောသူတို့သည်လည်း ရက်စက်စွာ ညှဉ်းဆဲခံရခြင်းဖြင့်အသတ်ခံရသည့်အကြောင်းကိုငှင်း သူသတိရ၏။

"ထိုနောက် သူသည် ကြောက်ရွံ့တုန်လှုပ်၍အံ့ဩလျက် ၊ သခင်၊ အကျွန်ုပ်သည် အဘယ်သို့ပြုရပါမည်နည်းဟု မေးလျှောက်သော် သခင်ဘုရားကထ၍မြို့သို့ဝင်လော့။ သင်ပြုရမည်အမှုကို ပြောလိမ့်မည်ဟု မိန့်တော်မူ၏။" သူ့အားစကားပြောနေသော သူသည် နာဇရက်မြို့သားယေရှုပင်အမှန်ဖြစ်တော်မူကြောင်းကိုငှင်း၊ ကိုယ်တော်သည် ဣသရေလလူတို့၏စိတ်သက်သာရာအရှင်နှင့် ရွေးနှုတ်ရှင်တည်းဟူသော ကြာမြင့်စွာတောင့်တနေကြသော မေရှိယသခင်ပင်အမှန်ဖြစ်ကြောင်းကိုငှင်း။ ရှောလုသည် မိမိစိတ်ထဲ၌ယုံမှားခြင်းမရှိချေ။

အလွန်တောက်ပသော ဘုန်းရောင်ခြည်ကွယ်ပျောက်သွား၍ ရှောလုသည် မြေကြီးပေါ်မှထသောအခါ၊ သူသည်လုံးလုံးမျက်စိကွယ်လျက် နေသည်ကိုတွေ့ရ၏။ သခင်ခရစ်တော်၏ဘုန်းရောင်ခြည်သည် သူ၏သာမညမျက်စိအတွက်အလွန်းစူးရှပြင်းထန်သဖြင့်၊ ၎င်းအလင်းရောင်ကို ပယ်ရှားတော်မူသောအခါ၊ သူ၏စကျွအာရုံတွင် ည၏မှောင်မိုက်ဖုံးလွှမ်း. . . . . . . . . . . . . . . . . . . .

သွားလေ၏။ ဤသို့သူသည် မျက်စိကွယ်သွားရခြင်းမှာ သခင်ယေရှုတပည့်တော်များကို ရက်စက်စွာညှဉ်းဆဲခြင်းကြောင့် သူ့အား ဘုရားသခင်ဒဏ်ခတ်တော်မူခြင်းအမှုပင်ဖြစ်သည်ဟု သူယုံကြည်၏။ သူသည်ကြောက်စရာကောင်းသော မှောင်မိုက်ထဲမှာကဲ့သို့ စမ်းတဝါးဝါးပြုလုပ်နေရာ၊ သူ၏အဘော်များက ကြောက်လန့်စိုးရိမ်အံ့သြခြင်းနှင့် သူ၏လက်ကိုဆွဲလျက် ဒမာသက်မြို့သို့ ခေါ်ဆောင်သွားလေ၏။

## အသင်းတော်သို့လမ်းညွှန်တော်မူခြင်း

ရှောလုမေးလျှောက်သည်အတိုင်း၊ "ထ၍မြို့သို့ဝင်လော့။ သင်ပြုရမည်အမှုကို ပြောလိမ့်မည်"ဟူသော အဖြေကိုရရှိ၏။ သခင်ယေရှုကို ထိုသို့မေးလျှောက်သောယုဒလူအား၊ မိမိပြုရမည့်တာဝန်ကို သိရှိစေရန် အသင်းတော်သို့ စေလွှတ်တော်မူ၏။ သခင်ခရစ်တော်သည် မိမိ၏အကြောင်းကိုဖွင့်ပြ၍ အပြစ်ဖော်ပြခြင်းအမှုကို ပြုလုပ်တော်မူ၏။ ယခုနောင်တရသောသူသည် သမ္မာတရားကိုသွန်သင်ပေးရန် ဘုရားသခင်ခန့်ထားတော်မူသော သူတို့အကြောင်းကို လေ့လာဆည်းပူးရန် အခြေအနေသို့ ရောက်နေလေ၏။ ထိုသို့အားဖြင့် သခင်ယေရှုသည် မိမိစီမံခန့်ထားတော်မူသောအသင်းတော်၏အမှုဆောင်တို့အား အမိန့်တော်ကိုချပေးတော်မူလျက် ရှောလုအားမြေကြီးပေါ်ရှိ ကိုယ်တော်၏ကိုယ်စားလှယ်တော်များနှင့် ဆက်သွယ်စေရန် စီမံပေးတော်မူ၏။ ကောင်းကင်အလင်းသည် ရှောလု၏မျက်စိကို ကွယ်စေ၏။ သို့သော် သမားတော်ကြီးဖြစ်တော်မူသော သခင်ယေရှုသည် သူ၏မျက်စိကို ချက်ခြင်းပြန်၍ မြင်စေဖို့ ပြုတော်မမူ။ ကောင်းချီးမင်္ဂလာအပေါင်းသည် သခင်ခရစ်တော်ထံမှ သက်ရောက်သော်လည်း ယခုကိုယ်တော်သည် တည်ထောင်ထားတော်မူသဖြင့်၊ နောင်တရသောအပြစ်သားအား အသက်လမ်းခရီးကို ညွှန်ပြရန် တာဝန်သည် အသင်းတော်၏အလုပ်ဖြစ်၏။ ရှောလုက သတ်ဖြတ်ဖို့ကြံစည်နေသောသူတို့သည် သူရှုတ်ချ၍ ညှဉ်းဆဲခဲ့သော ဘာသာတရားအကြောင်းကို သွန်သင်လမ်းပြပေးသော သူများဖြစ်လာရကြမည်။

ဒမာသက်မြို့ရှိ ယုဒ၏အိမ်၌သုံးရက်ပတ်လုံး ရှောလုသည် ဆုတောင်း၍ အစာရှောင်လျက်နေစဉ်၊ သူ၏ယုံကြည်ခြင်းကို ပြင်းစွာစုံစမ်းစစ်ဆေးတော်. . . .

မူ၏။ သူသည် လုံးလုံးမျက်စိကွယ်သဖြင့်၊ သူသည်အဘယ်သို့ပြုရမည်ကို မသိရလောက်အောင် သူ၏စိတ်နှလုံးသည် လုံးလုံးမှောင်မိုက်နေ၏။ သူ့အား ဒမာသက်မြို့သို့သွားရန် ညွှန်ကြား၍ ထိုမြို့၌သူပြုရမည်အမှုကိုကြားပြောလိမ့်မည်။ သူသည်ဘာလုပ်ရမည်ကိုမသိ၊ ဒုက္ခရောက်လျက် ဘုရားသခင်အား ကြွေးကြော်လေ၏။

"ထိုအခါ အာနနိအမည်ရှိသောတပည့်တော်တစ်ယောက်သည် ဒမာသက်မြို့၌ရှိ၏။ ထိုသူကို သခင်ဘုရားသည် ဗျာဒိတ်တော်အားဖြင့်၊ အာနနိဟူ၍ ခေါ် တော်မူလျှင် အာနနိ၊ သခင်ဘုရား အကျွန်ုပ်ရှိပါသည်ဟု လျှောက်၏။ သခင်ဘုရား ကလည်း၊ သင်ထ၍လမ်းဖြောင့်အမည်ရှိသော လမ်းသို့သွားလော့။ ရှောလုအမည် ရှိသော တာရှုမြို့သားကို ယုဒ၏အိမ်၌ရှာဖွေလော့။ အကြောင်းမူကား၊ ထိုသူသည် ဆုတောင်းလျက်နေ၏။ မိမိမျက်စိမြင်ပြန်စေခြင်းငှါ အာနနိအမည်ရှိသော သူသည် ဝင်၍၊ မိမိအပေါ်၌ လက်တင်သည်ကို ဗျာဒိတ်တော်အားဖြင့် မြင်ရလေပြီဟု မိန့် တော်မူ၏။"

ယေရုရှလင်မြို့၌ သန့်ရှင်းသူတို့အား ရှောလုညှဉ်းဆဲသတ်ဖြတ်သည့်သတင်းကို အရပ်ရပ်သို့ နှံ့ပြားသွားသဖြင့်၊ အာနနိသည် ကောင်းကင်တမန်၏သတင်းစကားကိုမယုံနိုင်လောက်အောင် ဖြစ်နေ၏။ သူက ရှောလု၏အဖြစ်အပျက်အကြောင်းနှင့်ပတ်သက်၍ "သခင်ဘုရား၊ ထိုသူသည် ယေရုရှလင်မြို့၌ ကိုယ်တော်၏သန့်ရှင်းသူတို့ကို အဘယ်မျှလောက်ပင်ညှဉ်းဆဲသည်ကို လူများပြော၍ အကျွန်ုပ်ကြားရပါပြီ"ဟု ဖော်ပြ၏။ သို့ရာတွင် အာနနိသို့ မိန့်တော်မူသောစကားမှာ အတင်းအကြပ်စေခိုင်းသော အမှုဖြစ်၏။ "ထိုသူကား၊ တစ်ပါးအမျိုးသားတို့နှင့် ရှင်ဘုရင်ထံသို့၎င်း၊ ဣသရေလအမျိုးသားတို့ရှိရာသို့၎င်း၊ ငါ၏နာမကိုပို့ဆောင်စေခြင်းငှါ ငါရွေးကောက်သောတန်ဆာဖြစ်၏။ ထို့ကြောင့် သင်သွားလော့။"

တပည့်တော်သည် ကောင်းကင်တမန်၏ညွှန်ကြားချက်အတိုင်းလိုက်နာလျက်၊ များမကြာမီက သခင်ယေရှုနာမတော်ကို ယုံကြည်သောသူအပေါင်းတို့အား ခြိမ်းခြောက်ခဲ့သောသူကို ရှာဖွေနေ၏။ "ညီရှောလု၊ သင်လာသောလမ်း၌ သင့်အား ထင်ရှားတော်မူသော သခင်ယေရှုသည် သင်၏မျက်စိမြင်ပြန်စေခြင်းငှါ၎င်း၊ သင့်ကိုသန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စေ. . . . . . . . . . . . . . . . . . . . . .

ခြင်း၄ါ၄င်း၊ ငါ့ကိုစေခန့်တော်မူသည်ဟု ပြောဆို၏။ ထိုခဏ၌ ရှောလု၏မျက်စိမှငါး ကြေးကွာကျသကဲ့သို့ ဖြစ်၍ မျက်စိမြင်ပြန်သဖြင့်၊ ထ၍နှစ်ခြင်းခံပြီးလျှင် အစာအာ ဟာရကိုသုံးဆောင်၍ အားဖြည့်လေ၏။"

သခင်ခရစ်တော်သည် ဤနေရာ၌ လူတို့အား ကယ်တင်ခြင်းအတွက် မိမိပြုလုပ်တော်မူသော နည်းနာတစ်ခုကိုပုံပမာပြတော်မူ၏။ ကိုယ်တော်သည် ရှောလုအတွက် ပြုလုပ်စရာအမှုအားလုံးကို ကိုယ်တော်တိုင်တိုက်ရိုက်ပြုလုပ်နိုင် တော်မူ၏။ သို့သော် ဤအမှုသည် ကိုယ်တော်၏စီမံကိန်းနှင့်မညီညွတ်ပါ။ ကိုယ်တော်ခန့်ထားတော်မူသော ကိုယ်စားတော်များအားဖြင့် ကိုယ်တော်ထံမှ ကောင်းကြီးမင်္ဂလာများသည် သက်ရောက်ရလိမ့်မည်။ ရှောလုသည် မိမိဖျက်ဆီး ရန် ကြံရွယ်ထားသောသူတို့အား မိမိ၏အပြစ်ကို ဖော်ပြဝန်ချရန် တာဝန်တစ်ခု သည် မိမိအပေါ်၌ တည်ရှိနေ၏။ ဘုရားသခင်၏ကိုယ်စားလုပ်ဆောင်ရသော သူတို့အတွက် လုပ်ဆောင်စေဖို့ အလုပ်တာဝန်တစ်ခုသည်လည်း ဘုရားသခင်၌ ရှိတော်မူ၏။

ရှောလုသည် တပည့်တော်တို့အကြောင်းကို လေ့လာဆည်းပူးသော သူဖြစ်လာ၏။ ပညတ်တရားတော်၏အလင်းတွင် သူသည်အပြစ်သားဖြစ်ကြောင်း သိမြင်၏။ သူမသိနားမလည်စဉ်က လှည့်ဖြားသောသူဟု ထင်ခဲ့သောသခင်ယေရှု သည် အာဒံလက်ထက်မှစ၍ ဘုရားသခင်၏လူများတို့အဖို့ ဘာသာတရားကိုအစ အဦးစီရင်လျက် အခြေအမြစ်ချပေး၍ ယခုမိမိထင်ရှားစွာ သိမြင်ရသောယုံကြည် ခြင်းတရားကို စုံလင်စေတော်မူသော သူဖြစ်တော်မူသည်ကို၄င်း၊ သမ္မာတရားကို တည်မြဲစေလျက်၊ အနာဂတ္တိစကားများကို ပြည့်စုံစေတော်မူသော သူဖြစ်တော်မူ သည်ကို၄င်း၊ သူသိမြင်လာ၏။ သခင်ယေရှုသည် ဘုရားသခင်၏ပညတ်တရား တော်ကို အကျိုးဖြစ်ထွန်းအောင် ပြုတော်မမူသောသူဟု သူထင်မှတ်ခဲ့၏။ သို့သော် သူသည် ဘုရားသခင်၏လက်တော်ဖြင့် ထိတို့ခြင်းခံရသောအခါ ဝိညာဉ်အလင်း ကိုရသဖြင့် သခင်ခရစ်တော်သည် ယုဒလူတို့၏ယဇ်ပူဇော်ခြင်းအခမ်းအနားတို့နှင့် ဆိုင်သော ပညတ်အားလုံးကို အစပြုစီရင်တော်မူသော သူဖြစ်သည်ကို သိရှိလာ၏။ ကိုယ်တော်သည် ခမည်းတော်၏ပညတ်တရားတော်ကို တည်မြဲစေခြင်းငှါ ရည်ရွယ်လျက် ဤလောကသို့ကြွလာတော်မူကြောင်းကို၄င်း၊ ကိုယ်တော်အသေ

ခံတော်မူခြင်းဖြင့်၊ ပုံပမာဖြစ်သော ပညတ်တရားသည် အကယ်ဖြစ်သောတရားကို ထင်ရှားစေတော်မူကြောင်းကိုငှင်း၊ သူသိရှိလာသေး၏။ ရှောလုသည် စိတ်အားကြီးစွာ စောင့်ရှောက်ခဲ့သည်ဟု ယုံကြည်နေသော ကျင့်ဝတ်ပညတ် တရား၏အလင်းဖြင့်၊သူသည် အပြစ်ရှိသောသူတို့တွင် အပြစ်အကြီးဆုံးသူဖြစ်သည်ကို သိမြင်လာ၏။

## ညှဉ်းဆဲသူမှ တမန်တော်ဖြစ်လာခြင်း

အာနနိသည် ပေါလုအား ဒမာသက်မြို့ရှိမြစ်ထဲတွင် နှစ်ခြင်းပေး၏။ ထိုနောက် သူသည် အစာအာဟာရကိုသုံးဆောင်၍ ခွန်အားရှိလာပြီး မြို့ထဲတွင်ရှိသောယုံကြည်သူများအာ သခင်ယေရှုအကြောင်းကို ချက်ခြင်းဟောပြောလေ၏။ ထိုသူတို့ကား၊ ယေရုရှလင်မြို့မှ သူထွက်လာစဉ်အခါက သခင်ယေရှုသည် ဧကန်အမှန်ပင် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းတရားဇရပ်၌လည်း သူသည် ဟောပြောသွန်သင်၏။ အနာဂတ္တိကျမ်းမှ သူချေပပြောဆိုသောစကားများမှာ အလွန်နှစ်သက်ဖွယ်ဖြစ်၍ သူ၏ကြိုးပမ်းမှုတွင် ဘုရားသခင်၏တန်ခိုးတော်ပါရှိသဖြင့်၊ ဆန့်ကျင်ဘက်ပြုသော ယုဒလူတို့သည်အံ့အားသင့်လျက်၊ သူ့အားပြန်၍ မပြောနိုင်ကြချေ။ ပေါလုသည် ကျမ်းတတ်ဆရာနှင့်ဖာရိရှဲအဖြစ်နှင့် သင်ကြားလေ့လာခဲ့သော ပညာသည် ယခုဧဝံဂေလိတရားကို သွန်သင်ဟောပြောရာ၌ငှင်း၊ တစ်ခါက သူကိုယ်တိုင်ဖျက်ဆီးရန်ကြံစည်ခဲ့သော အမှုတော်ကို တည်မြဲခိုင်ခံ့စေရာ၌ငှင်း အကျိုးရှိစွာအသုံးပြုဖို့ ဖြစ်လာ၏။

ပေါလုသည် စိတ်နှလုံးပြောင်းလဲသွားခြင်းကြောင့် ယုဒလူတို့သည်အလွန်အံ့ဩလျက် စိတ်ရှုပ်သွားကြ၏။ သူသည် ယေရုရှလင်မြို့၌ မည်ကဲ့သို့သောသူဖြစ်၍ သူသည် မည်သည့်ကိစ္စနှင့် ဒမာသက်မြို့သို့ရောက်လာသည်ကိုငှင်း၊ သခင်ယေရှုကို ယုံကြည်သောသူတို့အား ဖမ်းဆီး၍ ယေရုရှလင်မြို့သို့ အကျဉ်းသားများအဖြစ်နှင့် ပို့စေဖို့ အခွင့်အာဏာကို သူသည်ယဇ်ပုရောဟိတ်မင်းထံမှ ရရှိခဲ့သည်ကိုငှင်း သိရှိကြ၏။ သို့သော် ယခုမူကား၊ သူသည် သခင်ယေရှု၏ ဧဝံဂေလိတရားကိုဟောပြောလျက် တပည့်တော်များကို တိုက်တွန်းနှိုးဆော်၍ တစ်ခါက သူပြင်းထန်စွာတားဆီးခဲ့သော ယုံကြည်ခြင်း. . . . . . . . . . . . . . . . . . . . .

တရားဘက်သို့ ပြောင်းလဲလာသောလူသစ်များရှိလာအောင်ပင် ဆက်လက် ဆောင်ရွက်နေသည်ကိုမြင်ရကြပြီ။ သူသည် ယုံကြည်ခြင်းတရား၌ ပြောင်းလဲသွားခြင်းအမှုမှာ မိမိစိတ်ထဲက တိုက်တွန်းခြင်း၊ အယူသီးခြင်းကြောင့် မဟုတ်ဘဲ၊ မိမိအပေါ်၌ သက်ရောက်လာသောထူးခြားသည့်တန်ခိုးကြောင့်ဖြစ်ကြောင်း၊ မိမိဟောပြောသည်ကို လာရောက်နားထောင်သူ အပေါင်းတို့အား ရှင်းလင်းဖော်ပြ၏။

သူသည် တရားစရပ်၌ ကြိုးစားဟောပြောနေစဉ် သူ၏ယုံကြည်ခြင်းသည် သာ၍ခိုင်ခံ့လာ၏။ ယုဒလူတို့က အပြင်းအထန် ကန့်ကွက်ကြသော်လည်း သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူ၏ဟု အခိုင်အမာပြောဆိုရာ၌ သူသည် သာ၍ စိတ်အားထက်သန်လာ၏။ ပေါလုသည် အံ့ဩဖွယ်စိတ်ပြောင်းလဲ၍ အမှုတော်ဆောင်ရွက်နေသည်ကို ယုဒလူတို့သည် အံ့ဩမိန်းမောနေရာမှ သတိရလာကြလျက်၊ သခင်ခရစ်တော်၏ဩဝါဒများအကြောင်းကို တန်ခိုးကြီးသောသက်သေများဖြင့်ဖော်ပြနေသည်ကို လုံးလုံးအမှုမထားဘဲ နေကြသဖြင့်၊ ပေါလုသည် ဒမာသက်မြို့တွင်ကြာရှည်စွာမနေနိုင်ချေ။ ပေါလု၏ပြောင်းလဲခြင်းအမှုကို အံ့ဩနေရာမှာ၊ သခင်ယေရှုကို မုန်းသကဲ့သို့ သူတို့သည် ပေါလုကို အလွန်ပင် မုန်းလာကြလေ၏။

## အမှုတော်ဆောင်ရွက်ရန်ပြင်ဆင်ခြင်း

ပေါလုသည် သေဘေးနှင့် တွေ့ဆုံနေရသဖြင့်၊ ဒမာသက်မြို့မှအနည်းငယ်ကြာထွက်ခွာသွား ရန် ဘုရားသခင်ထံမှ ဗျာဒိတ်တော်ကို ခံယူရှိလေသည်။ သူသည် အာရေဗျပြည်သို့သွား၍ ထိုအရပ်၌ တိတ်ဆိတ်သောနေရာတွင် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ပြီးလျှင် တရားတော်ကိုဆင်ခြင်အောက်မေ့ဖို့ အခွင့်များစွာရရှိလေသည်။ ဘုရားသခင်နှင့်အတူတစ်ယောက်တည်းနေရန် မိမိ၏စိတ်နှလုံးကို စစ်ဆေးရှာဖွေရန် မိမိ၏နောင်တတရားကို လေးနက်စွာ ဆင်ခြင်ရန်နှင့် မိမိအတွက်အလွန်ကြီးကျယ်၍ အရေးကြီးသည်ဟု ထင်ရသောအလုပ်ကိုဆောင်ရွက်နိုင်ဖို့ ဆုတောင်းခြင်း၊ လေ့ကျက်ခြင်းဖြင့် ပြင်ဆင်ရန် သူအလိုရှိသည်။ သူသည် လူမရွေးဘဲ ဘုရားသခင်ရွေးကောက်တော်မူသောတမန်တော်ဖြစ်၍ သူ၏လုပ်ငန်းသည် တပါးအမျိုးသားတို့အထဲတွင် ဖြစ်ရမည်ဟု ထင်ရှားစွာဖော်ပြထား၏။

အာရေဗျပြည်၌ရှိနေစဉ် သူသည်အခြားသောတမန်တော်တို့နှင့် အဆက်အသွယ်မပြုလုပ်။ သူ၏နောင်တရခြင်းအမှုကို လက်ခံ၍ သူ၏ကြီးကျယ်သောအပြစ်ကို လွှတ်တော်မူကြောင်း အသေအချာသိရှိရသည်တိုင်အောင် သူသည်ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ မနားမနေကြိုးစားရှာဖွေ၏။ သခင်ယေရှုသည် မိမိဆောင်ရွက်ရမည့် အမှုတော်တွင် သူနှင့်အတူ ရှိတော်မူသည်ကို ဧကန်အမှန်သိရှိရသည်တိုင်အောင် သူသည် တိုက်လှန်ပွဲကို လက်လွှတ်လိမ့်မည်မဟုတ်။ သူ၏ခန္ဓာကိုယ်တွင် ကောင်းကင်အလင်းအားဖြင့်ကွယ်သွားသောမျက်စိများ၌ သခင်ခရစ်တော်၏ဘုန်းတော်ရောင်ခြည်အထိမ်းအမှတ်ကို သူသည် အမြဲယူဆောင်သွားလို၏။ ၎င်းပြင် သခင်ခရစ်တော်၏ကျေးဇူးတော်သည် သူ့အားအစဉ်ထောက်ပံ့ကူညီလျက် ရှိကြောင်းကိုလည်း အမြဲသက်သေခံလို၏။ ပေါလုသည် ကောင်းကင်နှင့်ရင်းနှီးစွာဆက်သွယ်လာသဖြင့်၊ သခင်ယေရှုသည် သူနှင့်အတူ မိဿဟာယဖွဲ့တော်မူလျက်၊ သူ၏ယုံကြည်ခြင်းတရား၌ သူ့အားတည်မြဲစေပြီး၊ ကိုယ်တော်၏ဉာဏ်ပညာနှင့်ကျေးဇူးတော်ကို သူ့အပေါ်၌ချပေးတော်မူ၏။

---oo---

# အခန်း (၃၈)
# ပေါလုရှေးဦးစွာအမှုဆောင်ရွက်ခြင်း

ယခုပေါလုသည် ဒမာသက်မြို့သို့ပြန်၍ သခင်ယေရှု၏နာမတော်၌ရဲရင့်စွာဟောပြောလေ၏။ ယုဒလူတို့သည် သတိပညာနှင့် သူချေပပြောဆိုသောစကားများကို ခုခံပြောဆိုခြင်းငှါ မတတ်နိုင်ကြ။ ထို့ကြောင့် အကြမ်းနည်းအားဖြင့် သူ၏စကားသံပျောက်ကွယ်သွားစေရန် တိုင်ပင်ဆုံးဖြတ်ကြ၏။ ရှုံးသောသူတို့ကန့်ကွက်ပြုလုပ်နိုင်သော တစ်ခုတည်းသောနည်းလမ်းဖြစ်၏။ သူ့ကိုသတ်ပစ်ရန်ဆုံးဖြတ်ကြ၏။ တမန်တော်သည် သူတို့၏အကြံအစည်ကိုသိရှိသွားလေ၏။ သူလွတ်မြောက်မသွားစေရန် မြို့တံခါးများကို နေ့ညမပြတ် သတိကြီးစွာနှင့်စောင့်ကြပ်ထားကြသည်။ တပည့်တော်တို့သည် စိုးရိမ်ပူပန်ခြင်းနှင့် ဘုရားသခင်ကိုဆုတောင်းကြသည်။ ရွေးကောက်ခြင်းခံရသော တမန်တော်အား လွတ်မြောက်ခွင့်ရရှိစေရန် နည်းလမ်းကို ကြံစည်ရှာဖွေကြရာ၌ အလုပ်များနေကြ၍ တပည့်တော်တို့သည် အိမ်မပျော်နိုင်ကြချေ။ နောက်ဆုံး၌ သူတို့သည်အကြံတစ်ခုကိုရရှိသဖြင့် ညအခါသူ့အားတောင်းတစ်ခုတွင် ထည့်လျက် မြို့ရိုးပြတင်းပေါက်မှ လျှောချ၍ လွှတ်လိုက်ကြ၏။ ဤနည်းလမ်းဖြင့် ပေါလုသည် ဒမာသက်မြို့မှ လွတ်မြောက်သွားရ၏။

ယခု သူသည် ယေရုရှလင်မြို့ရှိ တမန်တော်များအထူးသဖြင့် ပေတရုနှင့်အကျွမ်းဝင်ရန် ထိုမြို့သို့ထွက်သွား၏။ သခင်ခရစ်တော်နှင့်အတူ မြေကြီးပေါ်နေရကြပြီး ဆုတောင်းလျက် စကားပြောဆိုခဲ့ကြရသော ဂါလိလဲတံငါသည်များနှင့်တွေ့ဆုံရန် သူသည်အလွန်စိတ်စောလျက်ရှိသည်။ သူသည်အလွန်တောင့်တသောစိတ်နှင့် တမန်တော်တို့၏အကြီးအကဲကို တွေ့ဆုံရန်ဆန္ဒရှိ၏။ ပေါလုသည် ယေရုရှလင်မြို့သို့ဝင်သောအခါ မြို့နှင့်ဗိမာန်တော်ကို မြင်ရလျှင် သူ၏စိတ်သဘော အခြေအနေသည်ပြောင်းလဲသွား၏။ သူတို့အပေါ်၌ ဘုရားသခင်ဆပ်ပေးစီရင်တော်မူသော အပြစ်ဒဏ်သည် သက်ရောက်လျက်ရှိသည်ကို ယခုသူသိနားလည်၏။

ပေါလုစိတ်နှလုံးပြောင်းလဲသွားသောကြောင့် ယုဒလူတို့သည် တားဆီးမရလောက်အောင် အလွန်စိတ်ပျက်၍ အမျက်ဒေါသထွက်လျက်ရှိကြ၏။

သို့သော် သူသည်ကျောက်ကဲ့သို့ ခိုင်မြဲနေပြီးလျှင် သူ၏အံ့ဩဖွယ်ကိုယ်တွေ့အဖြစ်အပျက်ကိုပြန်ပြောသောအခါ၊ သူတို့သည် သူ့ကဲ့သို့ မိမိတို့၏ယုံကြည်ခြင်း တရားကိုပြောင်းလဲ၍ သခင်ယေရှုကို ယုံကြည်ကြလိမ့်မည်ဟု သူသည်မိမိကိုယ်ကိုအထင်ကြီးလျက်နေ၏။ သူသည် သခင်ခရစ်တော်နှင့် တပည့်တော်တို့ကိုဆန့်ကျင်ဘက်ပြုခဲ့စဉ်က အလွန်ပင်အစွဲအလန်းကြီးခဲ့၍ ဝိညာဉ်တော်၏ဆွဲဆောင်ခြင်းကိုခံရလျက် မိမိအပြစ်များကိုမြင်လာသောအခါ မိမိ၏မကောင်းမှုဒုစရိုက်များကို ချက်ခြင်းပယ်ပြီး သခင်ယေရှု၏ယုံကြည်ခြင်းတရားကို အထင်အရှားဝန်ခံ၏။ သူ၏မိတ်ဆွေများနှင့် အထက်ကအပေါင်းအဖော်တို့သည် သူ၏အံ့ဩဖွယ်ပြောင်းလဲမှုအကြောင်းကို သိရ၍ သခင်ယေရှုကို ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ယုံကြည်နေသူတို့အား ညှဉ်းဆဲလျက် သတ်ဖြတ်ဖို့အပ်နှံခဲ့သည့် မာနကြီးသောဖာရိရှဲသည် မည်မျှပြောင်းလဲသွားသည်ကို မြင်ရကြသောအခါ၊ သူတို့သည်လည်း မိမိတို့အမှားကို သိမြင်လာကြလျက်၊ ယုံကြည်သောသူများဖြစ်လာကြလိမ့်မည်ဟု သူသည်ယခုလုံးလုံးယုံကြည်နေ၏။

သူသည် တပည့်တော်ချင်းဖြစ်သော ညီအစ်ကိုတို့နှင့်အတူ ပေါင်းဖော်ရန်ကြံစည်သော်လည်း သူတို့သည် သူ့ကိုလက်မခံကြသောအခါ၊ သူသည်အလွန်စိတ်ပျက်ဝမ်းနည်းရလေ၏။ သူတို့သည် အထက်က သူ၏ညှဉ်းဆဲခြင်းအမှုကို သတိရကြ၍ မိမိတို့အား လိမ်လည်၍ဖျက်ဆီးရန် ကြံစည်နေသည်ဟု အထင်လွဲကြ၏။ သူ၏အံ့ဩဖွယ်ပြောင်းလဲခြင်းအကြောင်းကို သူတို့ကြားသိကြသည်မှာမှန်ပါသည်။ သို့သော် သူသည် အာရေဗျပြည်ထဲသို့ ချက်ခြင်းထွက်သွား၍ သူ၏အကြောင်းကို အသေအချာဆက်လက်မသိရကြသဖြင့်၊ သူ၏ပြောင်းလဲခြင်းအကြောင်းကို မယုံကြည်ကြချေ။

## ပေတရု၊ ယာကုပ်တို့နှင့်တွေ့ကြုံခြင်း

သခင်ခရစ်တော်၏အမှုတော်ကို ထောက်ပံ့ရန်နှင့် ဆင်းရဲသောသူများကို ကူညီမစရန် မိမိငွေများကို ရက်ရောစွာလှူသော ဗာနဗသည် ပေါလုအား ယုံကြည်သူတို့ကို ညှဉ်းဆဲသတ်ဖြတ်နေစဉ်ကပင်၊ သိကျွမ်းခဲ့ဖူး၏။ ယခု သူသည် ပေါလုနှင့်ပြန်၍မိတ်ဆွေဖွဲ့ပြန်သဖြင့်၊ မိမိ၏အံ့ဩဖွယ်ပြောင်းလဲမှုနှင့် ထိုအခါမှစ၍ မိမိတွေ့ကြုံခဲ့ရသော အဖြစ်အပျက်တို့အကြောင်း . . . . . . . . . . . . . . . . . . . . . .

ပေါလုက သက်သေခံသောစကားများကို ကြားသိရလေ၏။ သူသည် ထိုအကြောင်းအရာတို့ကို လုံးလုံးယုံကြည်၍ ပေါလုကို လက်ခံပြီးလျှင် ပေါလုအား လက်ဆွဲလျက် တမန်တော်တို့ထံသို့ ပို့ဆောင်လေ၏။

ပေါလုသည် ဒမာသက်မြို့သို့ခရီးသွားစဉ်၊ သခင်ယေရှုသည် ပေါလုထံသို့ပေါ်လာတော်မူကြောင်း အာနနိဆုတောင်းပေးသဖြင့် ပေါလုသည် မျက်စိမြင်ပြန်ပြီးနောက်၊ ထိုမြို့ရှိ တရားစရပ်တွင် သခင်ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ဟု အခိုင်အမာပြောခဲ့ကြောင်းမှစ၍ မကြာမှီက မိမိကြားခဲ့ရသောသူ၏အဖြစ်အပျက်များအကြောင်းကို ဗာနဗက ပြန်ပြော၏။

တမန်တော်တို့သည် နှောင့်နှေးမနေကြတော့ချေ။ သူတို့သည် ဘုရားသခင်စီမံတော်မူသောအမှုကိုမငြင်းဆန်နိုင်ကြတော့ချေ။ ထိုအခါက ယေရုရှလင်မြို့၌ရှိနေသော တမန်တော်များသာဖြစ်သူ ပေတရုနှင့် ယာကုပ်တို့သည် တစ်ခါက မိမိတို့၏ယုံကြည်ခြင်းတရားအတွက် ညှဥ်းဆဲသတ်ဖြတ်ခြင်းကို ပြုခဲ့ဖူးသူအား မိမိတို့၏အပေါင်းအသင်းတွင် ပါဝင်ခွင့်ပြုကြရာ အထက်က သူ့ကိုကြောက်ရွံ့၍ ရှောင်ကြဉ်ကြသလောက် ယခုသူ့ကိုချစ်ခင်နှစ်သက်၍ လေးစားကြည်ညိုကြ၏။ ယခုဤနေရာ၌ အသစ်သောယုံကြည်ခြင်းတရားနှင့် သက်ဆိုင်၍ မြင့်မြတ်သော ဂုဏ်အသရေရှိ ပုဂ္ဂိုလ်နှစ်ဦးတွေ့ဆုံကြပြီ။ ပေတရုကား၊ သခင်ခရစ်တော်သည် မြေကြီးပေါ်၌ရှိနေတော်မူစဉ် မိမိ၏အပေါင်းအသင်းအဖြစ် ရွေးကောက်တော်မူခြင်းခံရသောသူဖြစ်သည်။ ဖာရိရှဲဖြစ်သော ပေါလုကား၊ သခင်ယေရှုသည် ကောင်းကင်သို့ တက်ကြွသွားတော်မူပြီးနောက် ကိုယ်တော်ကို မျက်နှာချင်းဆိုင်မြင်ရ၍ စကားပြောဆိုရပြီးနောက် ရူပါရုံ၌လည်း ကိုယ်တော်ကိုမြင်ရ၍ ကောင်းကင်၌ ကိုယ်တော်၏အမှုတော်အကြောင်းကို သိနားလည်သောသူဖြစ်သည်။

ဤတမန်တော်နှစ်ပါးတို့သည် ပထမဦးဆုံးတွေ့ဆုံရခြင်းအမှုသည် ကြီးကျယ်သော အကျိုးကိုဖြစ်ထွန်းစေပါသည်။ သို့သော် ပေါလုသည် မိမိ၏သခင်ဘုရားအတွက် ဆောင်ရွက်ရန်လုပ်ငန်း၌ စိတ်အားထက်သန်နေသဖြင့်၊ သူတို့သည် ကြာရှည်စွာအတူမနေရကြချေ။ များမကြာမှီ၊ သခင်ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်သည်ဟု ကြောက်ရွံ့ခြင်းမရှိဘဲ ဟောပြောနေသည်ကို . . . . . . .

ကြားရကြ၏။ သတေဖန်သည် အသေသတ်ခံရသည်တိုင်အောင် အခိုင်အမာပြော ဆိုသွားသောအချက်ကိုပင် သူသည်ထောက်ခံပြောဆိုနေလေ၏။ သူသည် မိမိ အံ့ဩဖွယ်တွေ့ကြုံရသော အဖြစ်အပျက်တို့အကြောင်းကို ပြန်ပြောပြပြီးလျှင်၊ မိမိ၏ညီအစ်ကိုများနှင့် အထက်ကအပေါင်းအဖော်များအတွက် တောင့်တသော စိတ်သဘောနှင့်ပြည့်ဝလျက် သတေဖန်ပြုသကဲ့သို့ လက်ဝါးကပ်တိုင်၌ ရိုက်ထား ခြင်းခံတော်မူရသော သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု အနာဂတ္တိစကားထဲမှ သက်သေများဖြင့် ဖော်ပြဟောပြောလေ၏။

သို့ရာတွင် ပေါလုသည် ယုဒညီအစ်ကိုတို့၏စိတ်သဘောကို အထင် လွဲခဲ့ကြသည်။ သတေဖန်အပေါ်၌ အမျက်ဒေါသထွက်ခဲ့ကြသည်နည်းတူ သူတို့ သည်ပေါလုအပေါ်၌လည်း အမျက်ဒေါသထွက်ခဲ့ကြသည်။ သူသည်မိမိညီအစ်ကို တို့ထံမှ ထွက်ခွါသွားရမည်ကိုသိမြင်ရသဖြင့် သူ၏စိတ်နှလုံးထဲ၌ ဝမ်းနည်းခြင်း ရှိလာသည်။ သူသည် သူတို့အားတရားမှန်ကို သိရှိစေရန်ပြောပြရာ၌ မိမိအသက် ကိုစွန့်ရမည်ဆိုလျှင် သူသည် မိမိအသက်ကိုပင်စွန့်ရန် အလိုရှိသည်။ ယုဒလူတို့ သည် သူ၏အသက်ကိုရန်ရှာကြံစည်သဖြင့် တပည့်တော်များက သူ့အားယေရုရှ လင်မြို့မှထွက်ခွါသွားရန် တိုက်တွန်းကြ၏။ သို့သော် ယုဒညီအစ်ကိုများအတွက် အနည်းငယ်ကြာအမှုဆောင်ရွက်ရန် စိတ်အားထက်သန်နေသေး၍ ထိုနေရာမှ ထွက်ခွါမသွားလိုဘဲ သူသည်ဖင့်နွှဲနေလေသည်။ သူသည် သတေဖန်ကိုသတ်ဖြတ် ခြင်းအမှု၌ စိတ်အားကြီးစွာပါဝင်ဆောင်ရွက်ခဲ့သဖြင့် သတေဖန်၏အသက်ဖြင့် ဆပ်ပေးခဲ့သောသမ္မာတရားကို ရဲရင့်စွာထောက်ပံ့ဟောပြောခြင်းဖြင့် မိမိ၏အစွန်း အကွက်ကိုပယ်ရှားရန် သူသည်အလွန်စိတ်အားထက်သန်လျက်ရှိ၏။ ယေရုရှလင် မြို့မှ ထွက်ပြေးခြင်းသည် သူရဲဘောနည်းခြင်းဖြစ်သည်ဟု သူထင်မြင်၏။

## ယေရှုရှလင်မြို့မှထွက်ပြေးခြင်း

ထိုသို့ပြုလုပ်နေသောအမှုတို့ကြောင့် ဖြစ်ပေါ်လာမည့်အကျိုးအပြစ်တို့ကို ရင်ဆိုင်လျက်၊ ပေါလုသည် ဗိမ္ဗာန်တော်၌ ဘုရားသခင်အား စိတ်အားကြီးစွာဆု တောင်းနေစဉ်၊ ကယ်တင်ရှင်သည် ရူပါရုံ၌ သူ့ထံသို့ ပေါ်လာတော်မူလျက်၊ "သင် သည် ကြိုးစား၍ ယေရုရှလင်မြို့မှ အလျှင်အမြန်ထွက်သွား. . . . . . . . . . .

လော့။ ငါ၏အကြောင်းကိုသင်သည်ပြော၍ သက်သေခံသောစကားကို ဤလူတို့သည်မခံဘဲနေကြလိမ့်မည်”ဟု မိန့်တော်မူ၏။ သို့သော် မိမိ၏ယုံကြည်ခြင်းတရားကို ခေါင်းမာသောယုဒလူတို့အား အထင်အရှားမဖော်မပြရဘဲ ထွက်သွားခြင်းငှါ အလိုမရှိသဖြင့်သူသည်နှောင့်နှေးပြန်၏။ အကယ်၍ သူသည် သမ္မာတရားအတွက် မိမိ၏အသက်ကိုစွန့်ရလျှင်၊ သတေဖန်ကိုသတ်ခဲ့သည့်အမှုတွင် မိမိကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သည့်အတွက် မိမိ၏အသက်ဖြင့်ဆပ်ပေးဖို့ မလုံလောက်နိုင်သေးဟု သူထင်မှတ်၏။ ပေါလုကလည်း၊ “သခင်၊ ကိုယ်တော်ကိုယုံကြည်သောသူတို့ကို အကျွန်ုပ်သည်ထောင်ထဲ၌လှောင်ထား၍တရားစရပ်၌ရိုက်သည်အကြောင်းကို သူတို့သိကြပါ၏။ ကိုယ်တော်၏သက်သေခံဖြစ်သော သတေဖန်၏အသွေးကို သွန်းသောအခါ၊ အကျွန်ုပ်သည် အနား၌ရပ်လျက်၊ ကွပ်မျက်ခြင်းအမှုကို ဝန်ခံ၍၊ ကွပ်မျက်သောသူတို့၏အဝတ်ကို စောင့်နေပါ၏”ဟု လျှောက်ထား၏။ သို့ရာတွင် “သွားလော့၊ ငါသည် တစ်ပါးအမျိုးသားတို့ရှိရာသို့ သင့်ကိုဝေးလှစွာစေလွှတ်မည်” ဟူသော အမိန့်တော်သည် အထက်ကထက်သာ၍ ရှင်းလင်းသေချာလေ၏။

ညီအစ်ကိုတို့သည် ပေါလု၏ရူပါရုံအကြောင်း ၊ ဘုရားသခင်သည် သူ့ကိုစောင့်ရှောက်တော်မူကြောင်းတို့ကို ကြားသိရသောအခါ၊ သူ့အတွက် တိုး၍စိုးရိမ်ပူပန်နေကြသည်။ အကြောင်းကား၊ သူသည်တစ်ပါးအမျိုးသားတို့အတွက် သမ္မာတရားကိုသက်သေခံရန် ထာဝရဘုရားရွေးကောက်တော်မူသော တန်ဆာဇကန်အမှန်ဖြစ်ကြောင်းသိရှိနားလည်ကြသောကြောင့်တည်း။ ယုဒလူတို့သည် သူ့ကိုသတ်ပစ်ကြမည်ကိုစိုးရိမ်သဖြင့် သူ့အားလျှို့ဝှက်စွာယေရုရှလင်မြို့မှ ထွက်ခွာသွားစေရန် အလျှင်အမြန်စီမံကြရသည်။ ပေါလုထွက်ခွါသွားသည်အတွက်ကြောင့်၊ ယုဒလူတို့၏ပြင်းထန်သောတားဆီးပိတ်ပင်မှုသည် အတော်ကြာပျောက်ကွယ်သွားသဖြင့်၊ အသင်းတော်၌ ငြိမ်သက်ခြင်းရှိလာ၍ ယုံကြည်သောသူတို့သည် တိုးပွါးများပြားလာကြလေ၏။

---оо---

# အခန်း (၃၉)
## ပေတရုအမှုဆောင်ရွက်ခြင်း

ပေတရုသည် မိမိ၏အလုပ်အတွက် လှည့်လည်ရာတွင် သန့်ရှင်းသူတို့ရှိရာလုဒ္ဒမြို့သို့ရောက်လာ၏။ ထိုအရပ်တွင် လက်ခြေသေ၍ရှစ်နှစ်ပတ်လုံးအိပ်ရာထဲ၌တုံးလုံးလဲနေရသော အဲနေအမည်ရှိသောသူအား ပေတရုသည် ကျန်းမာခြင်းသို့ရောက်စေ၏။ "အဲနေ၊ ယေရှုခရစ်သည် သူ့အား ပေတရုသည် ကျန်းမာခြင်းသို့ရောက်စေ၏။ "အဲနေ၊ ယေရှုခရစ်သည် သင့်အားချမ်းသာပေးတော်မူ၏။ ထ၍အိပ်ရာကိုပြင်လော့ဟု ပေတရုဆိုသော်၊ ထိုသူသည် ချက်ခြင်းထ၏။ လုဒ္ဒမြို့နှင့်ရှာရုန်မြို့၌ရှိနေသော သူအပေါင်းတို့သည် ထိုသူကိုမြင်၍ သခင်ဘုရားထံတော်သို့ပြောင်းလဲကြ၏။"

လုဒ္ဒမြို့အနီး၌ ယုပ္ပေမြို့ရှိရာ၊ ထိုအချိန်၌ ထိုမြို့၌ ဒေါ်ကာဟုဆိုလိုသော တဗိသအမည်ရှိသော တပည့်တော်မတစ်ယောက်သည် သေဆုံးလျက်ရှိ၏။သူမသည် သခင်ယေရှုခရစ်၏ ဂုဏ်အသရေရှိတပည့်တော်မဖြစ်၏။ သူမသည် အသက်ရှင်စဉ်အခါက ဆင်းရဲ၍ စိတ်ဒုက္ခရောက်သူတို့အား စွန့်ကြဲပေးကမ်း၊ ကြင်နာစွာပြုစုလျက် သမ္မာတရားဘက်၌ စိတ်အားကြီးသဖြင့် ထူးခြားသောကုသိုလ်ကောင်းမှုတို့ကိုပြုခဲ့၏။ သူမသေဆုံးသွားသည်မှာ ကြီးစွာသောဆုံးရှုံးမှုကြီးဖြစ်၏။ နုနယ်သောအသင်းတော်သည်လည်း သူမ၏မြင့်မြတ်သောကြိုးပမ်းမှုအတွက် အလွန်ပင်နှမြောတသလျက်ရှိသည်။ လုဒ္ဒမြို့၌ပေတရုသည် လူနာအားအံ့သြဖွယ်ချမ်းသာပေးခြင်းအကြောင်းကို ယုံကြည်သော သူတို့သည်ကြားရသောအခါ၊ ပေတရုအားယုပ္ပေမြို့သို့လာရောက်စေရန် အလွန်အလိုရှိကြသည်။ ထိုကြောင့် ထိုမြို့သို့ ကြွလာစေရန် တောင်းပန်ဖို့လူအချို့ကို စေလွှတ်ကြသည်။

"ပေတရုသည်ထ၍ ထိုသူတို့နှင့်အတူ လိုက်လေ၏။ ရောက်လျှင်၊ အထက်ခန်းသို့ ခေါ်ပင့်၍ မုဆိုးမများတို့သည် ငိုကြွေးလျက် သူတို့နှင့်အတူ ဒေါ်ကာရှိစဉ်အခါ လုပ်ခဲ့သော အင်္ကျီနှင့်ပြလျက်ရှိကြ၏။"ပေတရုသည် ငိုကြွေးနေသော မိတ်ဆွေများကို ထွက်စေ၏။ ထိုနောက် သူသည် ဒူးထောက်လျက် သွေးလှုပ်ရှားခြင်းမရှိဘဲနေသောဒေါ်ကာကို ပြန်၍ အသက်ရှင်စေဖို့ဘုရားသခင်အား စိတ်အားကြီးစွာဆုတောင်းလေ၏။ "ထိုအလောင်းသို့ . . . . . . . . . . . . . . . . . . . .

မျက်နှာလှည့်၍ တဗိသ၊ ထလော့ဟု ဆိုလေ၏။ ထိုမိန်းမသည် မျက်စိကိုဖွင့်၍ ပေတရုကို မြင်လျှင် ထ၍ထိုင်၏။ ပေတရုသည် မိမိလက်ကိုသူ့အားပေး၍ချီကြွပြီးမှ သန့်ရှင်းသောသူနှင့် မုဆိုးမတို့ကိုခေါ်၍ အသက်ရှင်လျက်ရှိသော ထိုမိန်းမကိုပြလေ၏။" ဤသို့သေသောသူကို အသက်ရှင်စေခြင်းအမှုကြောင့် ယုပ္ပေမြို့တွင် သခင်ယေရှုကို ယုံကြည်သောသူများစွာရှိလာလေ၏။

## တရာအုပ်တပ်မှူး

"ကဲသရိမြို့၌ ဣတလိတပ်ဟု ခေါ်ဝေါ်သောတပ်တွင် လူတစ်ရာကို အုပ်ချုပ်သော တပ်မှူးကော်နေလိအမည်တွင်သော လူတစ်ယောက်ရှိ၏။ ထိုသူသည်မိမိအိမ်တွင် ရှိသမျှသောသူတို့နှင့်တကွ ဘုရားဝတ်၌မွေ့လျော်၍ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းရှိသဖြင့် လူတို့အား များစွာသောစွန့်ကြဲခြင်းကိုပြု၍ ဘုရားသခင်ကို အစဉ်ဆုတောင်းလေ့ရှိ၏။ "ကော်နေလိသည် ရောမလူမျိုးဖြစ်သော်လည်း၊ သူသည် မှန်သောဘုရားသခင်ကို သိကျွမ်း၍ ရုပ်ဆင်းတုကိုးကွယ်မှုကို စွန့်ပယ်ခဲ့သည်။ သူသည် ဘုရားသခင်၏အလိုတော်ကို လိုက်နာ၍ ဘုရားသခင်ကို မှန်ကန်သောစိတ်သဘောနှင့်ကိုးကွယ်၏။ သူသည် ယုဒလူတို့နှင့် ဆက်သွယ်ခြင်းမပြုသော်လည်း၊ ကျင့်ဝတ်ပညတ်တရားများကို ကောင်းစွာသိကျွမ်းနားလည်လျက် လိုက်နာစောင့်ရှောက်၏။ သူသည် အရေဖျားလှီးခြင်းမင်္ဂလာကို မခံမယူ၊ ယဇ်ပူဇော်ခြင်းအခမ်းအနားတို့တွင်မပါမဝင်သောကြောင့်၊ ယုဒလူတို့က သူ့အား မသန့်ရှင်းသောသူဟု မှတ်ယူကြ၏။ သို့ရာတွင် ယုဒလူတို့၏ဘာသာ ရေးလုပ်ငန်းတွင် ရက်ရောစွာပေးကမ်းခြင်းဖြင့် ထောက်ပံ့၍၊ ထိုသို့စွန့်ကြဲပေးကမ်းခြင်း အမှုကြောင့် သူသည်အရပ်ရပ်တွင် ထင်ရှား၏။ သူ၏ကောင်းမြတ်သော အပြုအမူ အနေအထိုင်ကြောင့်၊ သူသည် ယုဒလူတို့နှင့်တစ်ပါးအမျိုးသားတို့အထဲတွင် ဂုဏ်အသရေထင်ရှားသောသူဖြစ်၏။

ကော်နေလိသည် အနာဂတ္တိစကားများကို ယုံကြည်၍ ကြွလာလတ္တံ့သော မေရှိယသခင်ကိုမျှော်လင့်နေသော်လည်း၊ သူသည်သခင်ယေရှု၌ယုံကြည်ခြင်းအကြောင်းကို ကောင်းစွာနားမလည်သေး။ သူသည် ဘုရားသခင်ကိုချစ်၍ စကားတော်ကို နားထောင်ခြင်းအားဖြင့်၊ သူသည် ကိုယ်တော်နှင့် နီးကပ်လာခွင့်ရလျက်၊ ကယ်တင်ရှင်အကြောင်းကို သူ့အားဖော်ပြသောအ. . . . . . . . . . . . . .

ခါ၊ သူသည် ကိုယ်တော်ကိုလက်ခံရန် အသင့်ပြင်ဆင်လျက်ရှိ၏။ အလင်းတရားကိုငြင်းပယ်ခြင်းအားဖြင့် အပြစ်ဒဏ်စီရင်ခြင်းခံရတတ်သည်။ တပ်မှူးသည် ဂုဏ်အသရေရှိသောသူဖြစ်၍ မြင့်မြတ်သောရာထူးနှင့်ချီးမြှောက်ခြင်းကို ခံရ၏။ သို့သော် ဤသို့သောအခြေအနေတို့ကြောင့် သူသည် သူ၏မြင့်မြတ်သောအကျင့်ဓလေ့တို့ကိုမပြောင်းလဲမစွန့်ပစ်ချေ။ အမှန်ပင်ဖြောင့်မတ်၍ မြင့်မြတ်သောအကျင့်များကြောင့် သူ၏အကျင့်စာရိတ္တသည် အလွန်အဖိုးထိုက်တန်ပေသည်။ သူနှင့်ဆက်သွယ်ရသောသူအပေါင်းတို့သည် သူ၏သြဇာဂုဏ်အသရေကြောင့် အကျိုးခံစားရကြသည်။

သူသည် ကောင်းကင်မြေကြီးကို ဖန်ဆင်းတော်မူသောအရှင်၊ တစ်ပါးတည်းသောဘုရားသခင်ကို ယုံကြည်၏။ သူသည် ဘုရားသခင်ကိုရိုသေလေးစား၍ ဘုရားသခင်၏အုပ်စိုးခြင်းအာဏာကိုဝန်ခံလျက် မိမိအသက်တာ၏လုပ်ငန်းရှိသမျှတွင် ဘုရားသခင်၏အကြံဉာဏ်ကို တောင်းယူတတ်သည်။ သူသည် အိမ်ထောင်ဝတ္တရားများသာမက မိမိ၏လုပ်ငန်းဆိုင်ရာတာဝန်များ၌ သစ္စာရှိစွာအိမ်ထောင်တွင် ဘုရားဝတ်ပြုကိုးကွယ်ခြင်းအမှုကို အစဉ်ပြုလုပ်၏။ ဘုရားသခင်၏အကူအညီကိုမရရှိဘဲ သူသည် မိမိစီမံကိန်းများအတိုင်း မပြုလုပ်ဝံ့။ မိမိ၏ကြီးလေးသော တာဝန်များတို့ကို မထမ်းဆောင်ဝံ့ချေ။ ထိုကြောင့် သူသည် အကူအညီရရှိရန် ကြိုးစား၍ စိတ်အားကြီးစွာ ဆုတောင်းတတ်၏။ သူ၏အကျင့်ရှိသမျှတွင် ယုံကြည်ခြင်းကို အထူးထင်ရှားစေ၍ ဘုရားသခင်သည် သူ၏သန့်ရှင်းသောအပြုအမူများ၊ ရက်ရောသော အမှုများကြောင့် ထောက်ထားလျက်၊ ဗျာဒိတ်တော်အားဖြင့်၄င်း၊ ဝိညာဉ်တော်အားဖြင့်၄င်း သူ့ထံသို့ချဉ်းကပ်တော်မူ၏။

## ကောင်းကင်တမန်သည်ကော်နေလိထံသို့ ရောက်လာခြင်း

ကော်နေလိသည် ဆုတောင်းနေစဉ်၊ ဘုရားသခင်သည် ကောင်းကင်စေတမန်တစ်ပါးကိုစေလွှတ်တော်မူ၍၊ သူသည် ကော်နေလိအားအမည်အားဖြင့်ခေါ်လျက် နှုတ်ဆက်၏။ တပ်မှူးသည် ကြောက်ရွံ့နေသော်လည်း မိမိအားသွန်သင်ရန် ဘုရားသခင်သည် သူ့ထံသို့ကောင်းကင်တမန် ကိုစေလွှတ်တော်မူကြောင်းသိရှိသဖြင့်၊ "သခင်၊ အဘယ်အခင်း ရှိပါသနည်းဟု မေး. . . . . . . . . . . . . .

သော်၊ ကောင်းကင်တမန်က သင်ပြုသောဆုတောင်းပဌနာနှင့် စွန့်ကြဲပေးကမ်းခြင်းတို့သည် ဘုရားသခင်ရှေ့တော်၌ အောက်မေ့စရာဖို့တက်ကြပြီ။ ထိုကြောင့် ယခုပင် ယုပ္ပေမြို့သို့စေလွှတ်၍ ပေတရုအမည်သစ်ကိုရသော ရှိမုန်ကိုခေါ်ပင့်လော့။ ထိုသူသည် သားရေလုပ်သမားရှိမုန်၏အိမ်၌တည်းနေ၏။ ထိုအိမ်သည် ပင်လယ်နားမှာရှိသည်။ သင်သည် အဘယ်သို့ပြုရမည်ကို သူသည် ကြားပြောလိမ့်မည်ဟု ပြောဆို၏။"

ဤနေရာ၌ ဘုရားသခင်သည် ဧဝံဂေလိအမှုဆောင်ရွက်ခြင်းလုပ်ငန်းနှင့် မိမိတည်ထောင်ထားတော်မူသော အသင်းတော်ကို ဂရုစိုက်တော်မူကြောင်းပြတော်မူပြန်၏။ ဘုရားသခင်၏ ကောင်းကင်တမန်သည် ကော်နေလိအား လက်ဝါးကပ်တိုင်၏အကြောင်းကို ပြောပြရမည်မဟုတ်။ သူကဲ့သို့ပင် လူ၏အားနည်းခြင်း၊ အမှုအားနှင့်ပြည့်ဝ၍ စုံစမ်းခြင်းခံခဲ့ရသော လူတစ်ယောက်သည် သူ့အားလက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းခံရ၍ သေခြင်းမှထမြောက်ပြီး ကောင်းကင်သို့တက်ကြွသွားတော်မူသော ကယ်တင်ရှင်အကြောင်း သွန်သင်ပြောပြရလိမ့်မည်။ ကော်နေလိနှင့် သူ၏အိမ်ထောင်သားတို့သည် မည်ကဲ့သို့ကယ်တင်ခြင်းခံရနိုင်မည်ကို ပြောပြရမည့် ဘုရားသခင်၏အမှုဆောင်နှင့် ကော်နေလိတို့အား ဆက်သွယ်တွေ့ဆုံစေဖို့ရန် အမှုကိုစီမံပြုလုပ်ပေးဖို့ ကောင်းကင်တမန်ကို စေလွှတ်တော်မူ၏။

ကော်နေလိသည် သတင်းစကားကို ဝမ်းမြောက်စွာလက်ခံလိုက်နာ၍ ကောင်းကင်တမန်ညွှန်ကြားသည့်အတိုင်း ပေတရုကိုရှာရန် လူများကိုစေလွှတ်လိုက်လေ၏။ ဤညွှန်ကြားချက်များတွင် ထိုအခါက ပေတရုတည်းခိုနေသော အိမ်ရှင်၏အလုပ်အကိုင်ကိုပင် သေချာတိကျစွာဖော်ပြထားသည်ကို ထောက်ရှုခြင်းဖြင့်၊ လူနေမှုအဆင့်အတန်းအမျိုးမျိုးတွင် ရှိသောလူတို့၏အလုပ်အကိုင်၊ အကြောင်းအရာတို့ကို ကောင်းကင်ဘုံရှင်သည်ကောင်းစွာသိကျွမ်းတော်မူကြောင်းထင်ရှား၏။ ဘုရားသခင်သည် ပလ္လင်တော်ပေါ်၌ထိုင်နေသောရှင်ဘုရင်၏နေ့စဉ်အပြုအမူတို့သာမက အောက်တန်းကျသောအလုပ်သမား၏နေ့စဉ်လုပ်ငန်းတို့ကိုလည်း သိမြင်တော်မူ၏။

လူတို့၏လောဘကြီးမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လျှို့ဝှက်သော ရာဇဝတ်မှုနှင့် ကိုယ်ကျိုးရှာမှုများသာမက လူတို့၏ကောင်းမြတ်သောအကျင့်၊ စွန့်ကြဲပေးကမ်းရက်ရောမှု၊ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ထောက်ထားစာနာကြင်နာသနားမှုတို့ကိုလည်း သိမြင်တော်မူ၏။ ဘုရားသခင်ထံတော်မှ မည်သည့်အရာကိုမျှဝှက်ထား၍မရချေ။

## ပေတရု၏ရူပါရုံ

ကော်နေလိနှင့် တွေ့ဆုံစကားပြောပြီးနောက် ကောင်းကင်တမန်သည် ပေတရုထံသို့ချက်ချင်းထွက်သွား၏။ ပေတရုသည်ခရီးသွားရာမှ ပင်ပန်းဆာငတ်မွတ်လျက် အိမ်အပေါ်ထပ်တွင် ဆုတောင်းနေ၏။ သူသည် ဆုတောင်းနေစဉ် ရူပါရုံကိုမြင်ရ၍ "ကောင်းကင်ဖွင့်လှစ်သည်ကို၄င်း၊ ခြုံထည်ကဲ့သို့လေးထောင့်ချုပ်၍ မြေပေါ်သို့ချလွှတ်သောတန်ဆာသည် မိမိဆီသို့ ဆင်းသက်လာသည်ကို၄င်း မြင်လေ၏။ ထိုတန်ဆာထဲ၌ သားရဲမှစ၍မြေ၌ကျင်လည်သောသားမျိုး၊ တွားတတ်သောတိရစ္ဆာန်မျိုး၊ မိုးကောင်းကင်၌ကျင်လည်သောငှက်မျိုးတို့သည် ရှိကြ၏။"

"စကားသံသည်လည်း ပေတရုထ၍သတ်စားလော့ဟု လာ၏။ ပေတရုကလည်း မဖြစ်နိုင်ပါသခင်။ ညစ်ညူးသောအရာနှင့်မစင်ကြယ်သောအရာကို အကျွန်ုပ်သည် တရံတခါမျှမစားဖူးပါဟု ပြောဆို၏။ နောက်တဖန်စကားသံကား၊ ဘုရားသခင်စင်ကြယ်စေတော်မူသော အရာကို ညစ်ညူးသည်မထင်နှင့်ဟု လာပြန်၏။ ထိုသို့သုံးကြိမ်မြောက်အောင်လာပြီးလျှင် ထိုတန်ဆာကိုကောင်းကင်ထဲသို့သိမ်းရုပ်ပြန်လေ၏။

ဘုရားသခင်၏အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာလည်းပြည့်စုံမည်အကြောင်း၊ ဘုရားသခင်၏စီမံကိန်းနှင့် သက်ဆိုင်သောလုပ်ငန်းများသည် နေရာတကျသူ့နေရာနှင့်သူ လှည့်လည်ဖြစ်မြောက်သွားသည်ကို ကျွန်ုပ်တို့၍နေရာ၌သိမြင်နိုင်ပေသည်။ ပေတရုသည် တပါးအမျိုးသားတို့အား ဧဝံဂေလိတရားကိုမဟောမပြောရသေး။ သူသွန်သင်ဟောပြောခဲ့သောသမ္မာတရားကို တပါးအမျိုးသားအများတို့သည် စိတ်ပါစွာနားထောင်ခဲ့ကြပြီ။ သို့ရာတွင် သခင်ခရစ်တော်အသေခံတော်မူခြင်းဖြင့် ဖျက်ဆီးပယ်ရှားတော်မူခဲ့သည့်သူတို့စပ်ကြားတွင် ခြားနားသောကန့်လန့်ကာသည် တမန်တော်တို့၏စိတ်ထဲ၌ တည်ရှိနေသေး၍ တပါးအမျိုးသားတို့အား ဧဝံဂေလိတရားနှင့်စပ်ဆိုင်သောအခွင့်အရေးများကိုမပေးကြသေးချေ။ ဟေလသပြည်မှယုဒလူတို့သည် တမန်တော်တို့လုပ်ကိုင်ဆောင် . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ရွက်သောအမှုကို နှစ်သက်သဘောကျကြသဖြင့်၊ အများသောသူတို့သည် သခင်ယေရှု၏ယုံကြည်ခြင်းတရားကိုလက်ခံကြ၏။ သို့ရာတွင် ကော်နေလိ၏ပြောင်းလဲခြင်းအကြောင်းသည် တပါးအမျိုးသားတို့အထဲတွင် ပထမဦးဆုံးအရေးကြီးသောအချက်ဖြစ်ပေသည်။

ကောင်းကင်မှချလိုက်သောခြုံထည်နှင့်၎င်းတွင်ပါရှိသောအရာတို့နှင့်ဆိုင်သောရူပါရုံအားဖြင့်၊ တပါးအမျိုးသားတို့အပေါ်၌ ငြူစူသောစိတ်သည် ပေတရုအထဲမှပျောက်ကွယ်သွား၍ သခင်ခရစ်တော်အားဖြင့် တပါးအမျိုးသားတို့သည် ယုဒလူတို့ရရှိသောကောင်းကြီးမင်္ဂလာနှင့်အခွင့်အရေးများကို ခံစားခွင့်ရကြလျက် ယုဒလူတို့နှင့်အညီအမျှအကျိုးခံစားရကြမည်ကို ပေတရုသည်သိရှိနားလည်ရလိမ့်မည်။ အထက်က မသန့်ရှင်းဟုဖော်ပြထားသော တိရစ္ဆာန်တို့၏အသားများကိုစားသုံးဖို့ သခင်က အခွင့်ပြုတော်မူကြောင်း ဤရူပါရုံက ပုံပမာပြထားသဖြင့်၊ ဝက်သားသည်စားဖို့သင့်သောအစာဖြစ်သည်ဟု အချို့သောသူတို့က ဆင်ခြင်ပေးကြ၏။ ၎င်းဆင်ခြင်သည်အလွန်အမြင်ကျဉ်း၍ မှားသောအဓိပ္ပါယ်ကောက်ချက်ဖြစ်သည်အပြင်၊ ၎င်းရူပါရုံ၏အကြောင်း၊ ရူပါရုံနှင့်စပ်ဆိုင်၍ဖြစ်ပျက်သောအကျိုးအကြောင်းတို့ကို ကျမ်းစာက ဖော်ပြထားသောအချက်များနှင့်ထင်ရှားစွာဆန့်ကျင်ဘက်ဖြစ်နေသည်ကို သိရှိရသည်။

ခြုံထည်ထဲတွင်ရှိသော အသက်ရှင်နေသောတိရစ္ဆာန်အမျိုးမျိုးတို့ကိုပေတရုအားသတ်စားစေဖို့ ဘုရားသခင်က အမိန့်ပေးလျက်၊ ဘုရားသခင်က သန့်ရှင်းစေတော်မူသောအရာကို ပေတရုကမသန့်ရှင်းဟု ခေါ်အပ်ကြောင်းမိန့်တော်မူသည်အကြောင်းနှင့် သက်ဆိုင်သောရူပါရုံသည် တပါးအမျိုးသားတို့၏ မှန်ကန်သောအခြေအနေအကြောင်းကို ပေတရုအားဖော်ပြသော ပုံပမာရိုးရိုးဖြစ်၍ သခင်ခရစ်တော်အသေခံတော်မူခြင်းဖြင့် ဘုရားသခင်၏ဣသရေလလူတို့နှင့်အတူသူတို့သည် အတူတကွအမွေခံများဖြစ်လာကြကြောင်း ဖော်ပြထား၏။ ၎င်းသည်ပေတရုအားဆုံးမသော အချက်နှင့်သွန်သင်လမ်းပြပေးသောအချက်ဖြစ်ပေသည်။ သူသည် အထက်က ယုဒလူတို့အတွက်သာ လုံးလုံးအမှုတော်ဆောင်ရွက်၍ တပါးအမျိုးသားတို့အားမသန့်ရှင်းသောအမျိုးဟု ထင်မှတ်ခဲ့၍ ဘုရားသခင်၏ ဂတိတော်များကို ပါဝင်ခံစား. . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ခွင့်မပေးခဲ့ချေ။ ယခုမူကား၊ ဘုရားသခင်၏စီမံကန်းသည် တစ်ကမ္ဘာလုံး အန့်အပြားသက်ဆိုင်လာကြောင်းကို ပေတရုသည်သိရှိနားလည်လာ၏။

သူသည် ရူပါရုံအကြောင်းစဉ်းစားလျက်နေစဉ်ပင်၊ ၎င်းအကြောင်းကို သူ့အားရှင်းလင်းဖော်ပြထား၏။ "ပေတရုသည် မိမိမြင်ရသောရူပါရုံကား၊ အဘယ်သို့ဆိုလိုသနည်းဟု တွေးတောဆင်ခြင်၍နေစဉ်တွင် ကော်နေလိစေလွှတ်တော်မူသောသူတို့သည် ရှိမုန်အိမ်ကိုမေးမြန်းရှာဖွေ၍ တံခါးရှေ့မှာရပ်လျက်၊ ပေတရုအမည်သစ်ကိုရသောရှိမုန်သည် ဤမှာတည်းနေပါသလောဟု မေးမြန်းဟစ်ခေါ်ကြ၏။ ပေတရုကိုထိုဗျာဒိတ်ရူပါရုံကိုဆင်ခြင်၍နေစဉ်တွင် ဝိညာဉ်တော်က လူသုံးယောက်တို့သည် သင့်ကိုရှာကြ၏။ ထ၍ဆင်းလော့။ တွေးတောခြင်းမရှိဘဲ ထိုသူတို့နှင့်အတူလိုက်သွားလော့။ အကြောင်းမူကား၊ ထိုသူတို့သည် ငါစေလွှတ်တော်မူသောသူဖြစ်ကြသည်ဟု မိန့်တော်မူ၏။"

၎င်းသည် ပေတရုအဖို့ ပြင်းထန်သောအမိန့်ဖြစ်သည်။ သို့သော် သူသည် မိမိသဘောအတိုင်း မပြုဝံ့သောကြောင့်၊ မိမိ၏အခန်းမှဆင်းသွား၍ ကော်နေလိထံမှ စေလွှတ်လိုက်တော်မူသောသူတို့ကို ဧည့်ခံလေ၏။ သူတို့သည် တမန်တော်အား မိမိတို့၏ထူးခြားသောသတင်းကိုကြားပြောကြ၏။ ပေတရုသည် ဘုရားသခင်ထံတော်မှ များမကြာမီကပင် ခံယူရရှိသောညွှန်ကြားချက်အတိုင်း၊ ထိုသူတို့နှင့်အတူမနက်ဖြန်ပင်လိုက်သွားရန် ချက်ခြင်းသဘောတူညီလေ၏။

သူသည်ထိုည၌ သူတို့ကို ယဉ်ကျေးစွာဧည့်ခံပြုစုပြီး၊ နောက်တစ်နေ့မနက်တွင် သူတို့နှင့်အတူ ကဲသရိမြို့သို့လိုက်သွားရာ၊ တပါးအမျိုးသားတို့ထံသွားရောက်စဉ် သူပြောသမျှ၊ ပြုလုပ်သမျှတို့ကို သက်သေခံစေဖို့ ညီအစ်ကိုခြောက်ယောက်တို့သည်လည်း သူနှင့်လိုက်ပါသွားကြ၏။ အကြောင်းကား၊ ယုဒလူတို့၏ယုံကြည်ခြင်းတရားနှင့်၎င်း၊ ဩဝါဒများနှင့်၎င်းတိုက်ရိုက်ဆန့်ကျင်ဘက်ဖြစ်သော အမှုကိုပြုသည့်အတွက် သူသည်ထုချေချက်များဖော်ပြရမည်ကို သိရှိရ၏။

ပေတရုသည် ခရီးအဆုံးသို့ရောက်ရှိရန် နှစ်ရက်နီးပါးခရီးသွားရ၏။ ကော်နေလိသည် ဘုရားသခင်၏ဂတိတော်အတိုင်း၊ မိမိနှင့်အိမ်သူအိမ်သားတို့အား မည်ကဲ့သို့ကယ်တင်ခြင်းခံစားရမည်အကြောင်း၊ သွန်သင်ပေးမည့်. . . . . . . .

ဇဝံရေလိအမှုဆောင်ကို ညွှဲခံပြုစုရန် ဝမ်းမြောက်စွာအသင့်ပြင်ဆင်ထားလေ၏။ သူစေလွှတ်လိုက်သောသူတို့သည် ခရီးထွက်သွားနေကြစဉ်ကပင်၊ တပ်မှူးသည် မိမိအဆွေအမျိုးများတို့အား မိမိကဲ့သို့ပင် သမ္မာတရားကိုကြားနာခံယူရရှိစေခြင်းငှါ တတ်နိုင်သမျှခေါ်ဆောင်စုရုံးထားလေ၏။ ပေတရုရောက်လာသောအခါ၊ သူ၏ဟောပြောစကားများကို စိတ်အားကြီးစွာနာခံရန် လူအစုအဝေးကြီးသည် ရောက်ရှိနေကြလေ၏။

## ကော်နေလိထံသွားရောက်ခြင်း။

ပေတရုသည် တပါးအမျိုးသားဖြစ်သူ၏အိမ်ထဲသို့ဝင်ရောက်သေအခါ၊ ကော်နေလိသည် သူ့အားရိုးရိုးညွှဲခံသည်ကဲ့သို့ နှုတ်မဆက်ဘဲ၊ ကောင်းကင်မှ ချီးမြှောက်ခြင်းခံရလျက်၊ ဘုရားသခင်က သူ့ထံသို့စေလွှတ်တော်မူသောအဖြစ်နှင့် ခရီးဦးကြိုပြု၏။ မင်းသားသို့မဟုတ် မြင့်မြတ်သောဂုဏ်အသရေရှိသော သူတို့ရှေ့၌ ပြပ်ဝပ်ဦးညွှတ်ခြင်း၊ သားသမီးများတို့က မြင့်မြတ်သောတာဝန်ဖြင့် ချီးမြှင့်ခြင်းခံရသော မိဘများရှေ့၌ ပြပ်ဝပ်ခြင်းအမှုသည် အရှေ့နိုင်ငံတို့၏ထုံးစံဖြစ်ပေသည်။ သို့သော် ကော်နေလိသည် ဘုရားသခင်စေလွှတ်တော်မူသော တမန်တော်ကို အလွန်ရိုသေလေးစားခြင်းရှိသဖြင့် သူ၏ခြေရင်း၌ပြပ်ဝပ်ကိုးကွယ်လေ၏။

တပ်မှူးက ဤသို့ပြုမူသည်ကို ပေတရုသည်ကြောက်လန့်ခြင်းနှင့် ဆုတ်လျက် သူ့ကို ချီပင့်ပြီးလျှင်၊ "ထလော့။ ငါကိုယ်တိုင်လူဖြစ်သည်"ဟု ပြောဆို၏။ ထိုနောက် တပ်မှူးက သူ့အားအလွန်ပင်ကြောက်လန့်၍ လွန်ကဲစွာရိုသေသမှုပြုအပ်သည်ဟု ထင်မှတ်သောသဘောကိုပင်ဖယ်ရှားရန် ပေတရုသည် သူ့အား ရင်းနှီးစွာစကားပြောဆို၏။

ပေတရုသည် ရောမဗရင်ဂျီအသင်းကြီးမှ ပေးအပ်ထားသောအခွင့်အာဏာနှင့်ရာထူး၊ ဂုဏ်အသရေရှိအမျိုးတို့ကို ရရှိထားသော သူဖြစ်ခဲ့လျှင်၊ ကော်နေလိက ထိုမျှရိုသေကိုင်းညွှတ်ခြင်းပြုသည်ကိုမတားဆီးဘဲ၊ အားပေးတိုက်တွန်းလိမ့်မည်။ ပေတရု၏နေရာကိုဆက်ခံရရှိကြသည်ဟု ခေါ်ဆိုနေကြသောသူတို့သည် မိမိတို့၏ခြေရင်း၌မင်းများနှင့်ဘုရင်များတို့ကိုပင် ပြပ်ဝပ်ကိုးကွယ်စေဖို့ အလိုရှိကြသည်။ သို့ရာတွင် ပေတရုမူကား၊ မိမိကိုယ်တိုင်ပင် မှားယွင်းပျက်စီးတတ်သော လူပင်ဖြစ်သည်ဟု အခိုင်အမာပြောဆိုခဲ့သည်။

ပေတရုသည် ကော်နေလိ၏အိမ်သို့လာရောက်၍
ဟောပြောသွန်သင်ပေး၏

ပေတရုသည် ကော်နေလိနှင့်သူ၏အိမ်တွင်စုရုံးနေကြသောသူတို့အား ယုဒလူတို့၏ထုံးစံဓလေ့များအကြောင်းနှင့်ပတ်သက်၍ တပါးအမျိုးသားတို့နှင့်ရင်းနှီးစွာဆက်ဆံပေါင်းသင်းခြင်းအမှုမှာ သူတို့အတွက်တရားနှင့်မညီညွတ်၊ မိမိတို့၏ဘာသာရေးထုံးစံဓလေ့များကို ညစ်ညူးစေသည်ဟု ထင်မှတ်ရကြောင်း ပြောပြ၏။ ဘုရားသခင်၏ပညတ်တော်က ဤအမှုကို မတားမြစ်သော်လည်း လူတို့ အဆက်ဆက်ခံယူလာသော ထုံးတမ်းဓလေ့တို့အားဖြင့် ၄င်းအမှုသည် လူတို့အပေါ်၌ ချည်နှောင်လျက်ရှိ၏။

"ယုဒလူဖြစ်သော သူတို့သည် တပါးအမျိုးသားတို့နှင့်မပေါင်းဖော်မချဉ်းကပ်သည်ကို သင်တို့သိကြ၏။ သို့သော် ညစ်ညူးသည်မစင်ကြယ်သည်ဟုအဘယ်သူမျှမခေါ်ရမည်အကြောင်း၊ ဘုရားသခင်သည် ငါ့အားဆုံးမပြ သတော်မူပြီ။ ထိုကြောင့် ငါ့ကိုခေါ်ကြသောအခါ၊ ငါသည် မငြင်းမခုံဘဲလျက်လာ၏။ သို့ဖြစ်၍ အဘယ်အကြောင်းကြောင့် ငါ့ကိုခေါ်ကြသနည်း။ ငါမေးလို သည်ဟု ထိုသူတို့အား ပြောဆို၏။"

ထိုအခါ ကော်နေလိသည် မိမိတွေ့ကြုံရသောအဖြစ်အပျက်နှင့် ရူပါရုံထဲ၌ မိမိထံပေါ်လာသောကောင်းကင်တမန်၏စကားများအကြောင်းကို ပြန်ပြောပြ၏။ အဆုံးသတ်စကား၌သူက၊ "ထိုကြောင့် အကျွန်ုပ်သည် ကိုယ်တော်ထံသို့ အလျင်အမြန်စေလွှတ်၍ ကိုယ်တော်ကြွလာသောအားဖြင့် ကောင်းစွာပြုပါပြီ။ သို့ဖြစ်၍ ဘုရားသခင်သည် ကိုယ်တော်၌မှာထားတော်မူသမျှကို နားထောင်ခြင်းငှါ၊ ယခုအကျွန်ုပ်တို့ရှိသမျှသည် ဘုရားသခင်ရှေ့တော်၌ အသင့်နေကြပါသည်ဟု" ပြောဆို၏။ "ထိုအခါ ပေတရုသည် နှုတ်ကိုဖွင့်၍ အကယ်စင်စစ်ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူ။ လူအမျိုးမျိုးတို့တွင် ဘုရားသခင်ကို ကြောက်ရွံ့၍တရားသဖြင့် ကျင့်ဆောင်သောသူသည် အထံတော်၌မျက်နှာရသည်ကို ငါသိမြင်၏ဟု မြွက်ဆို၏။"

ဘုရားသခင်သည် ယုဒလူတို့ကို အခြားသောလူမျိုးအပေါင်းတို့ထက် ချီးမြောက်တော်မူသော်လည်း၊ သူတို့သည် အလင်းတရားကိုငြင်းပယ်၍ မိမိတို့ဝန်ခံသောစကားအတိုင်း မကျင့်ဘဲနေကြလျှင်၊ သူတို့သည် ဘုရားသခင်၏မျက်မှောက်တော်၌ အခြားသောသူတို့ထက်သာ၍ချီးမြင့်ခြင်းခံရကြမည်မဟုတ်။ တပါးအမျိုးသားတို့တွင် ကော်နေလိကဲ့သို့ ဘုရားသခင်ကိုကြောက်ရွံ့ . . . . . . . . . . . . . .

၍ မိမိတို့ရရှိထားသမျှသော အလင်းတရားအတိုင်း လိုက်နာလျက် ဖြောင့်မတ်သောအကျင့်ကိုကျင့်သောသူတို့ကို ဘုရားသခင်သည် ဂရုဏာတော်နှင့်စောင့်ရှောက်လျက် သူတို့က ရိုးသားစွာကိုးကွယ်မှုကိုလက်ခံတော်မူ၏။

သို့သော် ကော်နေလိသည် သခင်ခရစ်တော်အကြောင်းကို သိကျွမ်းခြင်းမရှိဘဲ၊ သူ၏ယုံကြည်ခြင်းနှင့်ဖြောင့်မတ်ခြင်းတို့သည် စုံလင်ခြင်းမရှိနိုင်သေး။ ထိုကြောင့် သူ၏အကျင့်စာရိတ္တကို တိုးပွားစေခြင်းငှါ ဘုရားသခင်သည် သူ့ထံသို့ ထိုအလင်းနှင့်သိကျွမ်းခြင်းပညာကို ပေးပို့တော်မူ၏။

အများသောသူတို့သည် ဘုရားသခင်စီမံချပေးတော်မူသောအလင်းကို လက်ခံဖို့ငြင်းပယ်ကြပြီးလျှင်၊ ထိုသို့ပြုသည်ကို ဆင်ခြင်ပေးရန် ပေတရုကကော်နေလိနှင့်သူ၏မိတ်ဆွေတို့အား "လူအမျိုးမျိုးတို့တွင် ဘုရားသခင်ကိုကြောက်ရွံ့၍ တရားသဖြင့် ကျင့်ဆောင်သော စကားများကို ဖော်ပြတတ်ကြသည်။ လူတို့၏အကျင့်သည် ကောင်းမြတ်နေသမျှကာလပတ်လုံး ဘယ်အရာကိုလူတို့ယုံကြည်သည်မှာ အရေးကြီးသောအရာမဟုတ် ဟု သူတို့ကအခိုင်အမာပြောဆိုကြ၏။ ထိုသူတို့သည်မှားယွင်းနေကြသည်၊ ယုံကြည်ခြင်းသည် အကျင့်နှင့်ပူးတွဲနေရမည်။ သူတို့အားပေးထားသော အလင်းနှင့်အတူ သူတို့သည်တိုးတက်လျက်ရှိအပ်ကြသည်။

ဘုရားသခင်၏နှုတ် ကပါတ်တော်အားဖြင့် ခိုင်လုံစွာထင်ရှားစေသောသမ္မာတရားအသစ်ကို ခံယူရရှိသောဘုရားသခင်၏ကျွန်များ (အမှုဆောင်) နှင့်သူတို့အား ဘုရားသခင်ကဆက် သွယ်ပေးတော်မူလျှင်၊ သူတို့သည် ၄င်းသမ္မာတရားကို ဝမ်းမြောက်စွာလက်ခံရကြမည်။ သမ္မာတရားသည် ရှေ့သို့၄င်း၊ အပေါ်သို့၄င်း တိုးတက်လျက်ရှိ၏။

တနည်းအားဖြင့်ဆိုသော်၊ ယုံကြည်ခြင်းသည် အကျင့်အားဖြင့်သာ ခွန်အားနှင့် တိုး၍ပြည့်စုံလာလျက်၊ စုံလင်သောကြောင့် မိမိတို့၏ယုံကြည်ခြင်းတစ်ခုတည်း အားဖြင့်သာ ကယ်တင်လိမ့်မည်ဟု ပြောဆိုနေသူတို့သည် သဲနှင့်ကျစ်သောကြိုးကို အားကိုးနေကြသည်နှင့်တူကြသည်။

## တပါးအမျိုးသားတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိကြခြင်း

ပေတရုသည် စိတ်ပါစွာနားထောင်နေသောလူစုအား သခင်ယေရှုအကြောင်းနှင့်စပ်ဆိုင်၍၊ ကိုယ်တော်၏အသက်တာ၊ အမှုဆောင်ရွက်ခြင်း၊ နိမိတ်လက္ခဏာများ၊ ကိုယ်တော်ကိုအပ်နှံခြင်း၊ လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်း၊ ထမြောက်တော်မူခြင်း၊ ကောင်းကင်သို့တက်ကြွတော်မူခြင်း၊ အပြစ်သားတို့အတွက် တောင်းပန်ရန် လူ၏ကိုယ်စားတော်အဖြစ်၊ အမှုဆောင်သခင်အဖြစ်နှင့် ကောင်းကင်၌ ကိုယ်တော်ဆောင်ရွက်ရတော်မူသော အမှုမှုစသည်တို့အကြောင်းကို ဟောပြောလေ၏။ ပေတရုသည် ဟောပြောနေစဉ်၊ လူများတို့အား မိမိဖော်ပြနေသော ဘုရားသခင့်သမ္မာတရား၏ဝိညာဉ်နှင့်သူ၏စိတ်နှလုံးသည် သမ္မာတရားကို လက်ခံရန် အသင့်ပြင်ဆင်ခြင်းရကြသဖြင့်၊ ကြားရသောဩဝါဒကိုအလွန် နှစ်သက်စွဲလန်းနေကြသည်။ ပင်တေကုတ္တေပွဲနေ့၌ထင်ရှားသကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်လာတော်မူသဖြင့်၊ တမန်တော်၏ဟောပြောစကားများသည် ပြတ်သား၏။

"တပါးအမျိုးသားတို့အပေါ် သို့ သန့်ရှင်းသောဝိညာဉ်တော်၏ကျေးဇူးကို သွန်းလောင်းသောကြောင့် ၊ အရေးဖျားလှီးခြင်းကိုခံသောသူတည်းဟူသော ပေတရုနှင့်ပါသမျှသော တပည့်တော်တို့သည် မိန်းမောတွေဝေခြင်းရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် အမျိုးမျိုးသော ဘာသာစကားအားဖြင့်ပြော၍၊ ဘုရားသခင်ကိုချီးမွမ်းကြသည်ကိုကြားကြလေ၏။ ထိုအခါ၊ ပေတရုက၊ ငါတို့ကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်ကိုခံရသော ဤသူတို့ကို နှစ်ခြင်းမပေးစေခြင်းငှါ အဘယ်သူသည် တားမြစ်နိုင်သနည်းဟုဆိုလျက်၊ သခင်ဘုရား၏နာမ၌ နှစ်ခြင်းကို ခံစေမည်အကြောင်းစီရင်လေ၏။ ထိုနောက်မှ ပေတရုသည် ကာလအတန်အရာ နေပါမည်ကို ထိုသူတို့သည်တောင်းပန်ကြ၏။"

တပါးအမျိုးသားတို့အပေါ်၌ သန့်ရှင်းသောဝိညာဉ်တော် သက်ရောက်ခြင်းသည် နှစ်ခြင်းခံခြင်းနှင့်တူညီသောအမှုမဟုတ်။ နောင်တရသော သူအပေါင်းတို့လိုက်နာရန် လိုအပ်သောအဆင့်များမှာ၊ ယုံကြည်ခြင်း၊ နောင်တရခြင်းနှင့် နှစ်ခြင်းမင်္ဂလာခံယူခြင်းအမှုများတည်း။ ထိုနည်းအား. . . . . . . . . . . . . . .

ဖြင့် မှန်သောခရစ်ယာန်အသင်းတော်သည် သခင်တပါး၊ ယုံကြည်ခြင်းတပါး၊ နှစ်ခြင်းတပါး၌ တစ်လုံးတစ်ဝတည်းပူးပေါင်းလျက်ရှိကြ၏။ စိတ်သဘောထားအမျိုးမျိုးတို့သည် သန့်ရှင်းစေသောကျေးဇူးတော်အားဖြင့် ပြောင်းလဲ၍အလားတူထင်ရှားသောမူလသဘောတရားတို့ကပင် လူအပေါင်းတို့၏အသက်တာတို့ကို စီမံပြုပြင်နေ၏။ ပေတရုသည် တပါးအမျိုးသားတို့က တောင်းပန်ကြသည်ကို လိုက်လျော၍ သူတို့နှင့်ကာလအတန်ကြာနေလျက် ပတ်ဝန်းကျင်ရှိ တပါးအမျိုးသားအပေါင်းတို့အား သခင်ယေရှုအကြောင်းကိုဟောပြောနေလေ၏။

ပေတရုသည် တပါးအမျိုးသားတို့အား ဟောပြောသွန်သင်၍ သူတို့နှင့်တွေ့ဆုံလျက် သူတို့၏အိမ်များ၌ သူတို့နှင့်အတူ စားသောက်သည်အကြောင်းကို ယုဒပြည်၌ရှိသော ညီအစ်ကိုတို့သည် ကြားသိရကြသောအခါ၊ အံ့သြကြလျက်၊ သူသည် ထိုသို့ထူးခြားစွာပြုမူသည်ကို အပြစ်တင်ကြ၏။ ပေတရုသည် မိမိသဘောအတိုင်းပြုသည်ဟု သူတို့ထင်မြင်ကြသောထိုသို့သောအမှုသည် ပေတရုဟောပြောသွန်သင်သောအရာများနှင့်ဆန့်ကျင်သောအမှုသည် ပေတရုဟောပြောသွန်သင်သောအရာများနှင့် ဆန့်ကျင်ဘက်ဖြစ်နေလိမ့်မည်ဟု သူတို့က စိုးရိမ်နေကြ၏။ ပေတရုသည် သူတို့ထံသို့ ရောက်လာသည်နှင့်တပြိုင်နက် သူတို့က သူ့အား ပြင်းထန်စွာအပြစ်တင်လျက်၊ "သင်သည် အရေဖျားလှီးခြင်းကိုမခံသောလူတို့နှင့် ပေါင်းဘော်၍ စားသောက်ပါသည်တကား"ဟု ပြောဆိုကြ၏။

## အသင်းတော်၏ရှေ့ရေးကို တိုး၍သိမြင်ခြင်း။

ထိုနောက် ပေတရုသည် သူတို့ရှေ့၌ ဖြစ်ပျက်သမျှအကြောင်းအလုံးစုံကို ပွင့်လင်းထင်ရှားစွာဖော်ပြလေ၏။ ရူပါရုံနှင့်သက်ဆိုင်၍ မိမိတွေ့ကြုံရသော အဖြစ်အပျက်များကို သူကပြန်ပြောပြပြီးလျှင်၊ ၎င်းရူပါရုံအားဖြင့် အရေဖျားလှီးခြင်းကိုခံသောသူ၊ မခံသောသူဟူ၍ ဘာသာရေးထုံးစံဓလေ့တို့ကို ခွဲခြားထားဖို့မလိုတော့ကြောင်းကို၊ ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူသောကြောင့်၊ တပါးအမျိုးသားတို့ကို မသန့်ရှင်းမစင်ကြယ်သောသူတို့ဟူ၍ မထင်မမှတ်အပ်ကြောင်းကို၎င်း၊ သူ့အားသွန်သင်တော်မူသည်ဟု တောင်းပန်ပြောဆို၏။ တပါးအမျိုးသားတို့ထံသို့ သွားရောက်စေရန် ဘုရားသခင်မိန့်တော်မူသောစကား၊ စေခိုင်းလိုက်သောလူများရောက်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

လာခြင်း၊ ကဲသရိမြို့သို့ခရီးသွားခြင်း၊ ကော်နေလိနှင့်သူ၏အိမ်၌စုရုံးနေကြသော သူတို့နှင့်တွေ့ဆုံခြင်းအကြောင်းတို့ကို သူသည်သူတို့အားပြောပြ၏။

တပါးအမျိုး သားအိမ်သို့သွားရောက်ရန် ဘုရားသခင်အမိန့်ပေးတော်မူသော်လည်း၊ ထိုနေရာ၌ ပြောဆိုပြုမူသမျှတို့ကို သက်သေခံစေရန် ထိုအခါ၌ရှိနေသော ညီအစ်ကိုခြောက် ယောက်ကို သူခေါ်ဆောင်သွားခဲ့ခြင်းဖြင့် သူသည် မိမိပြုသောအမှုတွင် သတိရှိကြောင်း၊ ညီအစ်ကိုတို့အား ထင်ရှားစွာဖော်ပြ၏။

ကော်နေလိနှင့်တွေ့ဆုံပြောဆိုသော အကြောင်းအရာနှင့်တကွ၊ ကော်နေလိက သူမြင်မက်သောရူပါရုံကို ပြော ပြခြင်းအကြောင်း၊ ထိုရူပါရုံ၌ သူနှင့်သူ၏အိမ်သားအပေါင်းတို့သည် ကယ်တင်ခြင်း ကိုခံစားရမည်အကြောင်း ဟောပြောသွန်သင်ပေးမည်ပေတရုကို ယုပ္ပေမြို့မှ ခေါ်ဆောင်လာရန် လူများကိုစေလွှတ်ခေါ်စေဖို့ ညွှန်ကြားထားသည့်အကြောင်းတို့ကို ပေတရုသည် ထပ်မံ၍ပြောပြ၏။

သူသည်တပါးအမျိုးသားတို့နှင့် ပထမဦးစွာတွေ့ဆုံရခြင်းအကြောင်းကိုလည်း ပြန်ပြောပြပြီးလျှင်၊ "ငါသည် ဟောပြောစပြုစဉ်၊ သန့်ရှင်းသောဝိညာဉ်တော်သည်ရှေးဦးစွာငါတို့အပေါ်သို့ သက်ရောက်တော်မူသည်နည်းတူ၊ ထိုသူတို့အပေါ်သို့လည်းသက်ရောက်တော်မူ၏။ ယောဟန်သည် ရေ၌နှစ်ခြင်းကိုပေး၏။ သင်တို့သည်သန့်ရှင်းသောဝိညာဉ်တော်၌ နှစ်ခြင်းကိုခံရကြလိမ့်မည်ဟု သခင်ဘုရားမိန့်တော်မူသောစကားကို ထိုအခါ ငါအောက်မေ့၏။ သခင်ယေရှုခရစ်ကိုယုံကြည်သောငါတို့အား ဘုရားသခင်သည် ဆုကျေးဇူးကိုပေးတော်မူသည်နည်းတူ၊ ထိုသူတို့အားလည်း ပေးတော်မူသည်ဖြစ်သောကြောင့် ငါသည် အဘယ်သို့သောသူဖြစ်၍ ဘုရားသခင်ကို ဆီးတားနိုင်သနည်းဟု ပေတရုဆို၏။"

တပည့်တော်တို့သည် ဤကဲ့သို့ဖော်ပြသောအကြောင်းအရာကို ကြားရကြသောအခါ၊ မငြင်းဆန်ဘဲနေကြလျက်၊ ပေတရုပြုသောအမှုသည် ဘုရားသခင်၏စီမံကိန်းကို တိုက်ရိုက်ပြည့်စုံစေသောအရာဖြစ်၍ တပါးအမျိုးသားတို့အားငြူစူလျက် ပယ်ရှားထားတတ်ကြသော စိတ်သဘောဟောင်းတို့ကို သခင်ခရစ်တော်၏ဧဝံဂေလိတရားအားဖြင့် လုံးလုံးပယ်ဖျက်ရကြမည်ကို သိ. . . . . . . . . .

မြင်လာကြ၏။ "ဤအကြောင်းအရာတို့ကို ထိုသူတို့သည်ကြားရလျှင်၊ မငြင်းဘဲနေ၍၊ အကယ်စင်စစ် ဘုရားသခင်သည် အသက်ရှင်စေခြင်းအလို့ငှါ၊ နောင်တတရားကို တပါးအမျိုးသားတို့အားလည်း ပေးတော်မူပြီဟု ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြ၏။"

---oo---

# အခန်း (၄၀)
# ပေတရုထောင်ထဲမှလွတ်မြောက်ခြင်း

ဟေရုဒ်မင်းသည် ယုဒလူတို့၏ဘာသာဝင်ဖြစ်၍ စီရင်ထုံးဖွဲ့တရားတို့နှင့် ဆိုင်သော ဘာသာရေးအခမ်းအနားတို့တွင် အလွန်စိတ်အားထက်သန်ဟန်ရှိ၏။ သူသည် ယုဒပြည်ကိုအုပ်စိုးရ၍ ရောမဘုရင် ကလောဒိ၏လက်အောက်ခံမင်းဖြစ်သည်။ သူသည် ဂါလိလဲပြည်၏ ဘုရင်ခံလည်းဖြစ်သည်။ ဟေရုဒ်မင်းသည် ယုဒလူတို့ထံ၌ မျက်နှာရအောင်ကြိုးစား၏။ ထိုသို့အားဖြင့် သူ၏ရာထူးဂုဏ်အသရေတို့သည် တည်မြဲလိမ့်မည်ဟု မြော်လင့်၏။ ထို့ကြောင့် သခင်ခရစ်တော်၏အသင်းတော်ကို ညှဉ်းဆဲရာတွင် ယုဒလူတို့၏အလိုကိုလိုက်လျောခွင့်ပြုထား၏။ သူသည် ခရစ်ယာန်တို့၏အိမ်များကို ဖျက်ဆီးလျက် ပစ္စည်းများကိုသိမ်းခြင်းဖြင့် ညှဉ်းဆဲခြင်းအမှုကိုအစပြု၏။ ထိုနောက် ခရစ်ယာန်ခေါင်းဆောင်များကို ထောင်ထဲ၌ ချထား၏။ သူသည် ယာကုပ်ကို ထောင်ထဲ၌ချထားပြီးလျှင်၊ အခြားသောဟေရုဒ်မင်းသည် ပုရောဖက်ယောဟန်၏ခေါင်းကိုဖြတ်စေသည်နည်းတူ၊ ယာကုပ်အားထားနှင့်ကွပ်မျက်စေ၏။ ယုဒလူတို့သည် သူပြုသောအမှုတို့ကို အလွန်နှစ်သက်ကြသည်ကို မြင်ရသဖြင့် သူသည်တိုး၍ ရဲရင့်လာလျက်၊ ပေတရုကိုထောင်ထဲ၌ ချထားပြန်၏။ သန့်ရှင်းသောပသခါပွဲကို ကျင်းပနေသောအချိန်အခါ၌ ဤရက်စက်မှုများကို ပြုလုပ်လေ၏။

ဟေရုဒ်သည် ယာကုပ်ကိုသတ်ပစ်သည်အမှုကို လူများတို့က ချီးမွမ်းကြ၏။ သို့သော် ဤကဲ့သို့ တိတ်တဆိတ်ပြုသောအမှုကို အချို့က အပြစ်တင်လျက်၊ လူအများရှေ့တွင် သတ်ဖြတ်ပြလျှင် ခရစ်ယာန်များနှင့် သူတို့အား ထောက်ထားစာနာနေသူများကို လုံးလုံးကြောက်လန့်သွားစေသဖြင့် သာ၍အကျိုးရှိလိမ့်မည်ဟု အ ကြံပေးကြ၏။ ထို့ကြောင့် ဟေရုဒ်သည် ယုဒလူတို့နှစ်သက်သဘောကြစေရန် ရည်ရွယ်လျက်၊ ပေတရုကို လူအများရှေ့တွင် သတ်ပစ်ဖို့ ထောင်ထဲ၌လှောင်ထားလေ၏။ သို့ရာတွင် ပသခါပွဲအတွက် ယေရုရှလင်မြို့တွင် ရောက်ရှိနေကြသော လူအပေါင်းတို့ရှေ့တွင် အသက်ကြီးသောတမန်တော်ကိုသတ်ဖို့ ထုတ်ဆောင်လာလျှင် စိတ်မချရဟု မင်းကြီး . . . . . . . . . . . . . . . . . . . . . . . . . . . . .

အား အကြံပေးကြ၏။ သူ၏ကြည်ညိုဘွယ်သောလက္ခဏာကြောင့် သူ့အား သနား ကြင်နာလျက် ရိုသေလေးစားသောစိတ်ပေါ် လာမည်ကိုလည်း စိုးရိမ်ရကြသည်။ လူများတို့အား သခင်ခရစ်တော်၏အကြောင်းအရာနှင့် အကျင့်ဓလေ့တို့အကြောင်း စုံစမ်းရှာဖွေစေရန် သူသည်မကြာခဏတန်ခိုးနှင့်ဟောပြောတိုက်တွန်းခဲ့သည်နည်း တူ ယခုလည်း ထိုသို့ပြုမည်ကိုလည်း ကြောက်လန့်နေကြသည်။

ဌင်းပြင် ထိုဟော ပြောချက်မျိုးကို သူတို့သည် ပရိယာယ်အမျိုးမျိုးဖြင့် တားဆီးခဲ့သော်လည်း လုံးလုံးမအောင်မြင်ခဲ့ကြချေ။ ထိုကဲ့သို့ဖြစ်ခဲ့လျှင်၊ သူ့အား လွှတ်စေဖို့ရန် မင်းကြီးထံ၌ လျှောက်ထားကြလိမ့်မည်ဟု ယုဒလူတို့ကစိုးရိမ်နေ ကြ၏။

အကြောင်းအရင်းအမျိုးမျိုးကြောင့် ပေတရုကိုသတ်ဖို့နေ့ရက်ကို ပသခါ ပွဲပြီးသည်တိုင်အောင် ရွှေ့ဆိုင်းထားစဉ်၊ သခင်ခရစ်တော်၏ အသင်းတော်သည် မိမိတို့၏စိတ်နှလုံးကို နက်နဲစွာစစ်ဆေးရှာဖွေလျက် စိတ်အားကြီးစွာဆုတောင်း ခွင့်ရကြလေ၏။ သူတို့သည် စိတ်အားကြီးစွာ တောင်းလျှောက်ခြင်း၊ ငိုကြွေးမြည် တမ်းခြင်း၊ အစာရှောင်ခြင်းအမှုတို့ကို အတူတကွပြုကြ၏။ သူတို့သည် ပေတရုအ တွက် မခြားမလပ်ကြိုးစား၍ဆုတောင်းကြ၏။ ခရစ်ယာန်အမှုဆောင်အလုပ်မှ သူ့ကိုစွန့်လွှတ်ရန် အလွန်နှမြောစရာကောင်းသည်ဟု ထင်မှတ်ကြ၏။ ဘုရားသခင် ထံတော်မှထူးခြားသောအကူအညီကို မရလျှင်၊ သခင်ခရစ်တော်၏ အသင်းတော် သည် ပျောက်ကွယ်သွားမည့်အခြေအနေသို့ပင် ရောက်ရှိနေလေပြီဟု သူတို့ထင် မှတ်ကြ၏။

အဆုံး၌ ပေတရုကိုသတ်ဖို့ နေ့ရက်ကိုသတ်မှတ်ထားလေပြီ။ သို့သော် ခရစ်ယာန်တို့၏ဆုတောင်းသံများသည် ကောင်းကင်သို့ တက်လျက်ရှိနေသေး၏။ သူတို့သည်ကြိုးစားအားထုတ်၍ ထောက်ထားစာနာသောသဘောများကိုပြုလျက် စိတ်အားကြီးစွာဆုတောင်းနေကြစဉ်၊ ဘုရားသခင်၏ကောင်းကင်တမန်များတို့ သည် ထောင်ထဲ၌ ရှိသော တမန်တော်ကို စောင့်ရှောက်ကာကွယ်နေကြ၏။ လူ၏ အစွမ်းကုန်ပြုရသော အမှုသည် ဘုရားသခင်၏အခွင့်အရေးဖြစ်တော်မူ၏။ ပေတရုသည် စစ်သူရဲနှစ်ယောက်စပ်ကြားတွင်နေရ၍ စစ်သူရဲတစ်ဦးစီ၏လက်တွင် ချည်ထားသောသံကြိုးနှစ်စင်းဖြင့် သူ၏လက်များကို ချည်နှောင်ထားလေ၏။ ထိုကြောင့် စစ်သူရဲများမသိနိုင်ဘဲ သူသည် . . . . . . . . . . . . . . . . . . . . .

မလှုပ်မရှားနိုင်။ ထောင်တံခါးများကို လုံခြုံခိုင်ခံ့စွာပိတ်ထား၍ အစောင့်များသည် တံခါးရှေ့တွင် သတိနှင့်စောင့်နေကြသည်။ လူ၏အလိုအားဖြင့် မည်ကဲ့သို့နည်းနှင့်မျှ ကယ်ဆယ်လွတ်မြောက်ရန်ကြံစည်ခြင်းငှါ မတတ်နိုင်ချေ။

ဤအခြေအနေ၌နေရသော်လည်း တမန်တော်သည် ကြောက်လန့်ခြင်းမရှိ။ သခင်ခရစ်တော်ကိုငြင်းပယ်ပြီးနောက် မိမိကိုယ်ကို ပြန်၍ပြုပြင်ပြီးသည့်အခါမှစ၍၊ သူသည်ဘေးအန္တရာယ်ကို မတွန့်ဆုတ်ဘဲရင်ဆိုင်လျက်၊ လက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းခံပြီး၊ သေခြင်းမှထမြောက်လျက် ကောင်းကင်သို့ တက်ကြွတော်မူသောကယ်တင်ရှင်အကြောင်းကို ဟောပြောရာတွင် မြင့်မြတ်သောရဲရင့်ခြင်းသတ္တိကိုပြလေ၏။ ယခုသခင်ခရစ်တော်အတွင် မိမိအသက်ကိုစွန့်ရသောအချိန်ရောက်လေပြီဟု သူသည်ယုံကြည်နေ၏။

သတ်ဖို့အချိန်မရောက်မှီည၌ ပေတရုသည် ခါတိုင်းကဲ့သို့ပင် စစ်သူရဲနှစ်ယောက်စပ်ကြားတွင် သံကြိုးများနှင့်ချည်နှောင်လျက်အိပ်ပျော်နေ၏။ ပေတရုနှင့်ယောဟန်တို့အား ယုံကြည်ခြင်းတရားအတွက် တစ်ခါကထောင်ထဲ၌လှောင်ထားရာမှ လွတ်မြောက်သွားကြသည့်အမှုကို စောင့်ရှောက်စေ၏။ စောင့်ရှောက်ရသောစစ်သူရဲတို့သည်အကျဉ်းသမားအားလုံခြုံစွာ စောင့်ရှောက်ရန် အထူးသတိဝိရိယထားကြပါမည်ဟု အာမခံရကြလေ၏။

ဖော်ပြထားသည့်အတိုင်း သူသည် ကျောက်တုံးကြီးများဖြင့် ဆောက်လုပ်ထားသောတိုက်ခန်းကလေးတွင် ချည်နှောင်ထားခြင်းခံရလျက် အခန်း၏တံခါးများကို လုံခြုံစွာ မင်းတုံးချ၊ ကန့်လန့်ထိုး၍ ပိတ်ထား၏။ စစ်သူရဲတဆယ့်ခြောက်ယောက်တို့သည် ဤအခန်းကလေးကို တစ်ကြိမ်လျှင် လေးယောက်ကျအလှည့်နှင့်စောင့်ရကြ၏။ လူ၏အကူအညီအားဖြင့် အကျဉ်းသမားကို မလွတ်နိုင်အောင်စီမံထားသောမင်းတုံး၊ ကန့်လန့်များနှင့်ရောမစစ်သူရဲတို့ကား၊ ပေတရုကို ထောင်ထဲမှ လွတ်မြောက်စေရန် ဘုရားသခင်သည် အောင်မြင်စွာစီမံတော်မူသောအမှုကို သာ၍စုံလင်ထင်ရှားစေကြလိမ့်မည်။

ဟေရုဒ်မင်းသည် အနန္တတန်ခိုးရှင်အား ဆန့်ကျင်ဘက်ပြုရန် မိမိ၏လက်ရုံးကို အသုံးပြုလျက်ရှိရာ၊ အဆုံး၌ ဘုရားသခင်၏ကျွန်အားသတ်ရန် ကြံစည်မှုတွင်လုံးလုံးအရေးနိမ့်ဆုံးရှုံးသွားလိမ့်မည်။

## ကောင်းကင်တမန်တပါးအားဖြင့် ကယ်နှုတ်ခြင်း

ပေတရုအားမသတ်ခင် ဤနောက်ဆုံးည၌ ကောင်းကင်မှစေလွှတ်လိုက်သော ခွန်အားကြီးသောကောင်းကင်တမန်သည် သူ့ကို ကယ်ဆယ်ရန် ဆင်းလာလေ၏။ ဘုရားသခင်၏ သန့်ရှင်းသူအားလှောင်ထားသော ခိုင်ခံ့သောတံခါးကြီးများသည် လူမဖွင့်ဘဲပွင့်သွားကြ၍ အမြင့်ဆုံးသော ဘုရားသခင်၏ကောင်းကင်တမန်သည် ဝင်ရောက်ပြီးနောက် အသံမမြည်ဘဲ မိမိနောက်၌ ကျန်ခဲ့သောတံခါးများကို ပိတ်လိုက်၏။ ဆစ်ထားသောကျောက်တုံးများဖြင့် ဆောက်လုပ်သော အခန်းငယ်ကလေးထဲသို့ ဝင်သွားရာ၊ ထိုနေရာ၌ ဘုရားသခင်ကိုလုံးလုံးအားကိုးလျက် အပြစ်ကင်းသောသူကဲ့သို့ ငြိမ်သက်အေးချမ်းစွာ အိပ်ပျော်နေသော ပေတရုအား မိမိတဘက်တချက်၌ရှိသော စစ်သူရဲများကြားတွင် သံကြိုးနှင့်ချည်နှောင်ထားသည်ကို တွေ့ရ၏။ ကောင်းကင်တမန်ကိုလွှမ်းနေသောအလင်းသည် ထောင်ခန်းကိုလင်းစေသော်လည်း အိပ်ပျော်နေသောတမန်တော်သည်မနိုး။ သူသည် ကောင်းမြတ်သော စိတ်သဘောထားဖြင့် မိမိကိုယ်၌ခွန်အားအသစ်ကို ပြန်၍ရရှိစေရန် နှစ်ခြိုက်စွာအိမ်ပျော်နေခြင်းဖြစ်သည်။

ကောင်းကင်တမန်၏လက်ဖြင့် ပုတ်ခတ်ခြင်းခံသည်ကိုသိရှိ၍ "အလျှင်အမြန်ထလော့"ဟု ပြောဆိုသောအသံကို ကြားရသောအခါ၊ ပေတရုသည် အိပ်နေရာမှနိုးလေ၏။ ထိုအခါ၊ ဘယ်သောအခါမျှနေရောင်ခြည်မရရှိသော မိမိ၏အခန်းကလေးသည် ကောင်းကင်အလင်းရောင်ခြည်အားဖြင့် ထွန်းတောက်နေ၍၊ အလွန်ဘုန်းတန်ခိုးကြီးသော ကောင်းကင်တမန်တစ်ပါးသည် မိမိရှေ့၌ ရပ်နေသည်ကိုမြင်ရလေ၏။ သူသည်ကောင်းကင်တမန်၏စကားအတိုင်း အမှတ်မဲ့လိုက်နာပြုလုပ်နေ၏။ ထလိုက်သောအခါ၊ သံကြိုးများသည် သူ၏လက်များမှ လွတ်ကျသွားလေ၏။ တဖန် ကောင်းကင်တမန်က "သင်၏ခါးပန်းကိုစည်းလော့"ဟု ပြောဆိုသံကိုကြားရပြန်လေ၏။

တဖန် ပေတရုသည် အိပ်မက်နေသည် (သို့မဟုတ်) ရူပါရုံကိုမြင်နေသည်ဟု ထင်မှတ်ကာ၊ ကောင်းကင်တမန်ကိုသာ အံ့ဩစွာစိုက်ကြည့်နေလျက်၊ ကောင်းကင်တမန်၏စကားအတိုင်း အမှတ်မဲ့လိုက်နာပြုလုပ်နေပြန်၏။ တဖန် ကောင်းကင်တမန်က၊ "ဝတ်လုံကိုခြုံ၍ ငါ့နောက်သို့လိုက်လော့"ဟု အမိန့် . . . . .

ပေးသောအခါ၊ လက်နက်ကိုင်စစ်သူရဲတို့ကား ကျောက်ရုပ်များကဲ့သို့ မတုန်မလှုပ်ဘဲငြိမ်နေကြ၏။ ထိုအခါ ကောင်းကင်တမန်သည် တံခါးဘက်သို့ခေါ်ဆောင်သွားရာ ခါတိုင်းစကားများတတ်သောပေတရုသည် အံ့ဩခြင်းနှင့်စကားမပြောဘဲလိုက်သွားလေ၏။

သူတို့သည် ငြိမ်သက်နေသော စစ်သူရဲတို့ကိုကျော်သွားကြ၍ ခိုင်စွာပိတ်ထားသောတံခါးသို့ ရောက်သွားကြရာ တံခါးသည် အလိုအလျောက် ပွင့်ပြီးနောက်ချက်ခြင်းပြန်ပိတ်သွား၏။ တံခါးအတွင်းအပြင်ဘက်၌ရှိနေသော အစောင့်တို့သည်မိမိတို့ရှိနေသော နေရာ၌ပင် ငြိမ်သက်စွာရှိနေကြသည်။

အတွင်းအပြင်ဘက်၌ စစ်သူရဲများစောင့်နေသော ဒုတိယတံခါးသို့ရောက်လာကြသည်။ ပထမတံခါးကဲ့သို့ ၎င်းသည် အသံအနည်းငယ်မျှမမြည်ဘဲပြန်ပိတ်သွား၏။ သူတို့သည် တတိယတံခါးကိုလည်း ရှေးနည်းတူလွန်သွားရာ၊ သူတို့သည် လမ်းမကြီးထဲသို့ ရောက်လာကြသည်။ စကားတစ်ခွန်းမျှမပြော၊ ခြေလှမ်းသံတစ်ချက်မျှမကြားရ။ ကောင်းကင်တမန်သည် အလွန်တောက်ပသောရောင်ခြည်နှင့်ဖုံးလွှမ်းလျက် ရှေ့က ညင်သာစွာလမ်းပြသွား၍ပေတရုသည်အိပ်မက်နေသည်ဟု ထင်ကာ၊ အံ့ဩခြင်းနှင့်မိမိအား ကယ်ဆယ်သူနောက်သို့လိုက်သွား၏။ ထိုသို့ တစ်လမ်းပြီးတစ်လမ်းကျော်ဖြတ်သွား၍ ကောင်းကင်တမန်သည်မိမိအလုပ်ပြီးမြောက်သွားသောအခါ ရုတ်တရက်ကွယ်ပျောက်သွား၏။

ကောင်းကင်အလင်းရောင်ကွယ်ပျောက်သွားသောအခါ ပေတရုသည်မှောင်ထုထဲ၌ရောက်နေသည်ကိုသိရလေ၏။ သို့ရာတွင် တဖြည်းဖြည်းမျက်စိကျင့်သားရလာသောအခါ၊ တိတ်ဆိတ်သောလမ်းတစ်ခုတွင် ရောက်ရှိနေလျက် ညယံ၌လေးအေးဒဏ်ကိုခံနေရသည်ကို သိရှိလာလေသည်။ သူသည် အိပ်မက်နေခြင်း၊ ရူပါရုံမြင်နေခြင်းမဟုတ်ကြောင်း၊ ယုခသိရှိလာလေသည်။ သူကျွမ်းကျင်သောမြို့ကွက်တွင် သူသည် လွတ်လပ်စွာရောက်နေ၏။ သူမကြာခဏရောက်ဖူး၍ အသတ်ခံရမည့်နေရာသို့ သွားရာလမ်းတွင် မနက်ဖြန်နောက်ဆုံးဖြတ်သွားရမည်ဟုမြော်လင့်နေသောနေရာဖြစ်သည်ကို သူသိရှိလာလေသည်။ အချိန်အနည်းငယ်အတွင်း ဖြစ်ပျက်ခဲ့သမျှတို့ကို သူသည်ပြန်၍ တွေးတောကြည့်မိသည်။ သူသည် ခြေနင်းနှင့်ဝတ်လုံကိုချွတ်ပြီး စစ်သူရဲနှစ်. . . . . . . . . . . . . . . . . . .

ယောက်ကြားတွင် သံကြိုးနှင့်ချည်နှောင်ထားခြင်းခံရလျက် အိပ်ပျော်နေသည်ကို သတိရ၏။ သူသည် မိမိကိုယ်ကို ပြန်၍ကြည့်ရာ၊ သူသည် အပြည့်အစုံဝတ်ဆင်လျက် ခါးပန်းကိုစည်းထားသည်ကို တွေ့ရသည်။

သံကြိုးကွင်းများကြောင့် ရောင်နေသော လက်များသည် ယခုလက်ထိပ်များနှင့်ကင်းလွတ်နေ၍၊ သူလွတ်မြောက်လာသည်မှာ လှည့်ဖြားခြင်းမဟုတ်ဘဲ အကယ်ပင်ဖြစ်ကြောင်း သိရှိရ၏။ မနက်ဖြန် သူသည် အသေခံရန် ထုတ်ဆောင်သွားခြင်းခံရမည်ဖြစ်သော်လည်း ကောင်းကင်တမန်တပါးသည် သူ့အား ထောင်ထဲမှငှင်း၊ သေခြင်းလက်မှငှင်း ကယ်နှုတ်လေပြီ။ "ပေတရုသည် သတိရလျှင်၊ ယခုပင် သခင်ဘုရားသည် မိမိကောင်းကင်တမန်ကိုစေလွှတ်၍ ဟေရုဒ်မင်းလက်မှငှင်း၊ ယုဒလူတို့၏မြော်လင့်ခြင်းမှငှင်း ငါ့ကိုကယ်နှုတ်တော်မူသည်ကို ငါအမှန်သိ၏ဟု အောက်မေ့၏။"

## ဆုတောင်းခြင်းကိုနားညောင်းတော်မူခြင်း

မိမိ၏ညီအစ်ကိုများ ဆုတောင်းနေသောအိမ်သို့ တမန်တော်သည် တိုက်ရိုက်သွားရာ၊ ထိုအချိန်၌ သူတို့သည် မိမိအတွက် စိတ်ပါစွာဆုတောင်းနေကြသည်ကိုတွေ့ရ၏။ "အိမ်ဦးတံခါးကိုခေါက်လေသော်၊ ရောဒအမည်ရှိသော မိန်းမငယ်တစ်ယောက်သည် နားထောင်ခြင်းငှါလာ၍ ပေတရု၏စကားသံကိုသိလျှင်၊ ဝမ်းမြောက်သောအားဖြင့် တံခါးကိုမဖွင့်ဘဲ၊ အထဲသို့ပြေးဝင်၍ ပေတရုသည် တံခါးရှေ့မှာရပ်နေသည်ဟု ကြားပြော၏။ ထိုသူတို့က သင်သည် အရူးဖြစ်၏ဟု ထိုမိန်းမငယ်အားဆိုကြသော်လည်း ပေတရုအမှန်ရှိသည်ဟု သူသည်ခိုင်မာစွာဆိုလျှင် ပေတရု၏ကောင်းကင်တမန်ဖြစ်လိမ့်မည်ဟု ဆိုကြ၏။ ပေတရုသည် ခေါက်၍နေသော်၊ တံခါးကိုဖွင့်ကြ၍ သူ့ကိုမြင်သဖြင့် အလွန်တရာအံ့သြကြသည်။ ပေတရုသည်လည်း ထိုသူတို့ကို တိတ်ဆိတ်စွာနေစေခြင်းငှါ မိမိလက်နှင့်အမှတ်ပေး၍ မိမိကိုထောင်ထဲက သခင်ဘုရားနှုတ်တော်မူသောအကြောင်းအရာကို ဖော်ပြပြီးမှ သင်တို့သွား၍ယာကုပ်နှင့်ညီအစ်ကိုတို့အား ဤအကြောင်းများကို ပြန်ကြားကြလော့ဟု ဆိုပြီးလျှင်၊ ထွက်၍အခြားတပါးသို့သွားလေ၏။"

ဘုရားသခင်သည် မိမိတို့၏ဆုတောင်းသံကိုနားညောင်းတော်မူလျက် ပေတရုကို ဟေရုဒ်မင်း၏လက်ထဲမှ ကယ်နှုတ်တော်မူသောကြောင့်၊ အစာ. . . .

ရှောင်လျက်ဆုတောင်းနေကြသောသင်းဝင်သူတို့သည် အလွန်ဝမ်းမြောက်၍ ကျေးဇူးတော်ကိုချီးမွမ်းကြ၏။ နံနက်ရောက်သောအခါ လူများတို့သည် တမန်တော်ကို သတ်သည်အမှုကို ကြည့်ရှုရန် စုရုံးလာကြ၏။ ပေတရုအား လွတ်မသွားစေရန် သူ့အားထောက်ထားသောသူတို့ကို ကြောက်လန့်သွားစေရန်နှင့် မိမိ၏တန်ခိုးအာဏာကိုဖော်ပြရန် အလွန်ခမ်းနားသောလက်နက်စစ်သူရဲများ၊ အစောင့်များခြံရံ စေလျက် ပေတရုကို ထောင်ထဲမှ ယူဆောင်လာစေဖို့ ဟေရုဒ်သည် မိမိ၏အမှုထမ်းများကိုစေလွှတ်လိုက်၏။ ထောင်တံခါးဝ၌ အစောင့်များရှိလျက် တခါး၏မင်းတုံး၊ ကန့်လန့်များတို့သည် ခိုင်ခံ့စွာရှိနေပြီး၊ အတွင်းဘက်၌အစောင့်များနှင့် စစ်သူရဲနှစ်ယောက်၏လက်တွင်ချည်ထားသောသံကြိုးများလည်း ရှိမြဲရှိနေကြသော်လည်း အကျဉ်းသမားကားမရှိတော့ချေ။

## ဟေရုဒ်မင်းသည် အပြစ်ဒဏ်ခံရခြင်း

ဤအကြောင်းအရာများကို ဟေရုဒ်မင်းသည်ကြားသိရသောအခါ၊ အလွန်ဒေါသထွက်၍ အစောင့်များသစ္စာမရှိသောသူများဟုစွပ်စွဲလျက် မိမိတို့တာဝန်ကျစဉ် အိပ်ပျော်နေသည့်အမှုအတွက် သူတို့သည်အသတ်ခံရကြလေ၏။ ပေတရုအား လူ၏အစွမ်းအားဖြင့် ကယ်နှုတ်သည်မဟုတ်ကြောင်းကိုလည်း ဟေရုဒ်မင်းသည်သိရှိရလေ၏။ သို့ရာတွင် သူ၏ယုတ်ညံ့သော အကြံအစည်တို့ကို ဘုရားသခင်၏တန်ခိုးတော်ကပယ်ဖျက်ရန် စီမံတော်မူခဲ့သည်ကို သူသည်လုံးလုံးဝန်မခံချေ။ ထိုသို့ မိမိကိုယ်ကို နှိမ့်မချဘဲ ရဲရင့်စွာ ဘုရားသခင်ကိုအန်တုပြိုင်၏။

ပေတရုသည် ထောင်မှလွတ်လာပြီးနောက်များမကြာမှီတွင်၊ ဟေရုဒ်မင်းသည် ယုဒပြည်မှကဲသရိမြို့သို့သွားနေထိုင်၏။ လူများတို့သည် သူ့အားမြတ်နိုး၍ ချီးမြောက်ကြစေရန်ရည်ရွယ်လျက်၊ သူသည် ကြီးကျယ်ခမ်းနားသောပွဲကြီးတစ်ခုကို ထိုနေရာ၌ ကျင်းပလေ၏။ ကာမဂုဏ်ပျော်မွေ့ခြင်းကိုနှစ်သက်သောသူတို့သည် အရပ်လေးမျက်နှာမှစုရုံးလာကြပြီးလျှင် ထိုနေရာ၌ စားသောက်ပွဲကြီးကိုပြုလုပ်၍ သေအရက်များစွာသောက်ကြ၏။ ဟေရုဒ်မင်းသည် လူတို့ရှေ့၌ မိမိကိုယ်ကို အလွန်ခမ်းနားတောက်ပစွာဝတ်ဆင်ပြ၏။ နေရောင်ခြည်ထဲတွင် အရောင်ပြန်ရိုက်စေလျက် ကြည့်မြင်ရသောသူတို့အား မျက်စိကျိန်း . . . . . . .

စေသောရွှေတန်ဆာ၊ ငွေတန်ဆာတို့ဖြင့်မွမ်းမံထားသောဝတ်လုံကို သူဝတ်ဆင်ထား၏။ သူသည်အလွန်ကြီးကျယ်ခမ်းနားစွာ ပရိတ်သတ်တို့ရှေ့၌ ရပ်၍ မိန့်ခွန်းစကားကိုကျင်လည်စွာဟောပြောလေ၏။

ကြီးကျယ်ခမ်းနားသောသူ၏ပုံပန်းသဏ္ဌာန်နှင့်ကောင်းစွာ ရွေးချယ်ပြင်ဆင်လာသော သူ၏စကားများ၏တန်ခိုးသတ္တိတို့သည် ပရိသတ်အပေါ်၌ ကြီးစွာဩဇာညောင်းလျက်ရှိ၏။ သူတို့၏အာရုံငါးပါးသည် အစားအစာများ၊ သေရည်အရက်များဖြင့်ပြောင်းလဲသွားလျက်ရှိကြပြီ။ သူတို့သည် သူ၏တောက်ပသောအဝတ်တန်ဆာတို့ဖြင့် မျက်စိကျိန်း၍ သူ၏ခမ်းနားသောအသွင်အပြင်နှင့်ချောမောပြေပြစ်သောစကားများအားဖြင့် သူ့ကိုစွဲမက်နေကြပြီ။ ၄င်းပြင် သူတို့သည်အပြင်းအထန်စိတ်စွဲလန်းနေကြလျက် သူ့အား မြှောက်ပင့်ချီးမွမ်းကြပြီးလျှင်၊ သေတတ်သောလူသည် ထိုမျှလောက်ခမ်းနားသောအသွင်အပြင်ကိုမဆောင်နိုင်။ ကြီးကျယ်သောစကားများကို မဟောမပြောနိုင်ဟု ကြွေးကြော်လျက် သူ့အားချီးမြှောက်ကြ၏။ သူတို့သည် အထက်က သူ့အား အုပ်စိုးသောအရှင်အဖြစ်နှင့်ရှိသေခဲ့ကြသော်လည်း ယခုမှစ၍ သူ့အား ဘုရားကဲ့သို့ ကိုးကွယ်ရကြလိမ့်မည်ဟုသူတို့က ဆက်လက်ကြွေးကြော်ကြသေး၏။

ဟေရုဒ်မင်းသည် ဤမျှလောက်ချီးမြှောက်ခြင်း၊ ရိုသေလေးစားခြင်း အမှုတစ်စုံတစ်ခုမျှမခံထိုက်သည်ကို သိရှိသော်လည်း၊ လူများတို့က ထိုသို့ရိုသေကိုးကွယ်မှုပြုခြင်းကို အပြစ်မတင်ဘဲ၊ မိမိနှင့်ထိုက်တန်သော အရာကဲ့သို့ လက်ခံလေ၏။ “ဤအသံသည် လူ၏အသံမဟုတ်၊ ဘုရား၏အသံဖြစ်၏”ဟု ကြွေးကြော်သံကိုကြားရသောအခါ၊ သူ၏မျက်နှာ၌ နှစ်သက်ကျေနပ်သောမာန၏ အရိပ်အရောင်လည်းပေါ်လွင်လာပါသည်။ နှစ်အနည်းငယ်အထက်က၊ ယေရှုကို လက်ဝါးကပ်တိုင်၌ရိုက်ထားပါ။ လက်ဝါးကပ်တိုင်၌ရိုက်ထားပါဟု ဒေါသအမျက်ပြင်းစွာကြွေးကြော်ခဲ့သောသူတို့ပင် ယခုအလွန်အပြစ်ကြီးသောလူတစ်ယောက်ကိုချီးမြှောက်နေကြလေပြီ။ ဟေရုဒ်မင်းကြီးသည် ဤသို့ချီးမြှောက်၍ ရိုသေမှုပြုသည်ကို အလွန်နှစ်သက်စွာလက်ခံလျက်၊ သူ၏စိတ်သည် အလွန်ဝမ်းမြောက်ရွှင်မြူးလျက်ရှိ၏။ သို့ရာတွင် ချက်ခြင်းပင် သူ့အပေါ်၌ လျှင်မြန်ကြောက်စရာကောင်းသော ပြောင်းလဲခြင်းသက်ရောက်လာ . . . . . . . . . . . . . . . . . . . . . . .

၏။ သူ၏မျက်နှာသည် လူသေကဲ့သို့ဖြူဖတ်ဖြူရော်ဖြစ်လာ၍ ဝေဒနာကြောင့် ရှုံ့မဲ့နေ၏။ ချွေးပေါက်ကြီးများလည်း ထွက်ကျနေ၏။ ဝေဒနာနှင့်ကြောက်လန့်ခြင်းကြောင့် မေ့မြောနေသကဲ့သို့ သူသည် ခဏကြာရပ်နေပြီးမှ ကြောက်ရွံ့ထိတ်လန့်နေသော သူ၏မိတ်ဆွေများဘက်သို့ သူ၏ဖြူရောက်ရှုံ့မဲ့နေသော မျက်နှာကို လှည့်၍ ဘုရားကဲ့သို့ သင်တို့ချီးမြှောက်ခဲ့သော သူတို့ကို သေမင်းခေါ်တော့မည်ဟု အားနည်းစိတ်ပျက်သံနှင့်အော်ပြော၏။

ယခုသူ၏စိတ်ထဲ၌ ရွံရှာလာသည့် ဆိုးညစ်သော ပျော်ရွှင်မြူးတူးပွဲ၊ ခမ်းနားစွာခင်းကျင်းထားသော ပွဲထဲမှ အလွန်ပြင်းပြသော ဝေဒနာခံရသူကဲ့သို့ သူ့ကို ယူဆောင်သွားရကြ၏။ အချိန်အနည်းငယ်မကြာခင်က အလွန်ကြီးမားသော လူစုကြီး၏ချီးမြှောက်ကိုးကွယ်ခြင်းကို သူသည်ကြွားဝါစွာခံယူခဲ့ရ၏။ ယခုမူကား၊ သူ့ထက်သာ၍ တန်ခိုးကြီးတော်မူသော အရှင်သခင်လက်ထဲ၌ သူသည်ရောက်ရှိနေသည်ဟု သူထင်မြင်၏။ သူသည် နောင်တသံဝေဂရလာလေ၏။ အပြစ်ကင်းသောယာကုပ်ကို သတ်ရန်ရက်စက်သောအမိန့်ပေးခဲ့သည်ကို သူသတိရ၏။ သခင်ခရစ်တော်၏တပည့်တော်များကို အမျက်ပြင်းစွာညှဉ်းဆဲခဲ့သည်ကိုင်း၊ မိမိ၏လက်မှ ဘုရားသခင်ကယ်နှုတ်တော်မူခြင်းခံရသော တမန်တော်ပေတရုကိုသတ်ဖို့ ကြံစည်ခဲ့သည်ကိုငှ်း သူသတိရ၏။ မခံလိုသောစိတ်၊ စိတ်ပျက်သဖြင့် ပြင်းထန်စွာထွက်လာသောဒေါသနှင့် အကျဉ်းသမားကိုစောင့်ရှောက်သူတို့အား မည်ကဲ့သို့လက်စားချေ၍ ဂရုဏာကင်းမဲ့စွာသတ်ခဲ့သည်ကိုလည်း သူသတိရ၏။ တမန်တော်ကိုကယ်နှုတ်တော်မူခဲ့သော ဘုရားသခင်သည် ယခု၊ အမျက်ဒေါသပြင်းစွာနှင့် ညှဉ်းဆဲခဲ့သောသူအား စီရင်နေတော်မူသည်ဟု သူထင်၏။ သူသည် ကိုယ်ကာယဝေဒနာမှငှ်း၊ စိတ်၏ဒုက္ခမှငှ်း သက်သာခွင့်ကိုမရ။ သက်သာခွင့်ရမည်ဟု မမျှော်လင့်။

“ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်”ဟု ဖော်ပြထားသော ဘုရားသခင်၏ပညတ်တော်ကို ဟေရုဒ်မင်းသည် ကောင်းစွာသိနားလည်သဖြင့်၊ လူများတို့က သူ့အားကိုးကွယ်သည့်အမှုကို လက်ခံခြင်းဖြင့် သူသည် မိမိ၏အပြစ်ကိုပြည့်စုံစွာပြုလုပ်ခဲ့သောကြောင့် ဘုရားသခင်၏ အမျက်ဒေါသကို မိမိအပေါ်သို့ ထိုက်တန်စွာသက်ရောက်စေခဲ့ပြီဟု သူသိနားလည်၏။

ကောင်းကင်နန်းတော်မှ ထွက်လာပြီး၊ ညဉ်းဆဲသောသူ၏လက်မှ ပေတရုကိုကယ်နှုတ်ခဲ့သော ကောင်းကင်တမန်ပင် ဟေရုဒ်မင်းအပေါ်၌ သက်ရောက်စေသော အမျက်ဒဏ်နှင့် တရားစီရင်ချက်ကို ယူဆောင်လာသောသူဖြစ်၏။ ကောင်းကင်တမန်သည် ပေတရုအားအိပ်နေရာမှနိုးရန် လက်နှင့်ပုတ်ခတ်၏။ သို့ရာတွင် ဆိုးညစ်သောသေမင်းအား သေစေသောရောဂါနှင့်ကွပ်မျက်ရန် သူ့အားခြားနားစွာထိခိုက်လေ၏။ ဘုရားသခင်သည် ဟေရုဒ်မင်း၏မာနထောင်လွှားခြင်းကို စက်ဆုပ်ရွံရှာတော်မူ၍၊ ဂရုစိုက်ကြည့်နေသော အဝတ်တန်ဆာတို့ဖြင့် ဆင်ယင်ကာ အရိပ်ပြခဲ့သောသူ၏ခန္ဓာကိုယ်ကို ပိုးများကိုက်၍ အသက်ရှင်စဉ် ညစ်ညူးခြင်းသို့ရောက်၏။ တရားသဖြင့် ဘုရားသခင်ဒဏ်ခတ်တော်မူခြင်းကြောင့်၊ ဟေရုဒ်မင်းသည် ကိုယ်ကာယ၌၎င်း၊ ပြင်းစွာသောဝေဒနာခံစားရလျက် သေဆုံးရလေ၏။

ဤကဲ့သို့ ဘုရားသခင်ကိုယ်တော်တိုင် တရားစီရင်တော်မူခြင်းအမှုကို ထင်ရှားစွာ ဖော်ပြခြင်းဖြင့် လူများတို့အပေါ်၌ ကြီးစွာထိခိုက်ခြင်းဖြစ်လေ၏။ သခင်ခရစ်တော်၏တမန်တော်သည် အံ့ဩဖွယ်ထောင်ထဲမှ၎င်း၊ သေခြင်းမှ၎င်း၊ ကယ်နှုတ်ခြင်းခံရစဉ်ခါ၊ သူ့ကိုညဉ်းဆဲသောသူသည် ဘုရားသခင်၏ကျိန်ဆဲခြင်းဒဏ်ကြောင့် ကွပ်မျက်ခြင်းခံရလေ၏။ ထိုသတင်းသည် အရပ်ရပ်သို့နှံ့ပြားသွား၍ များစွာသောသူတို့အား သခင်ခရစ်တော်ကိုယုံကြည်လက်ခံရန် ပြုပြင်ပေးသောနည်းဖြစ်လေ၏။

---oo---

# အခန်း (၄၁)
## ရပ်ဝေးဒေသများတွင် အမှုဆောင်ခြင်း

သတေဖန်ကိုသတ်ခဲ့ကြပြီးသည်နောက် ယေရုရှလင်မြို့၌ ပြင်းထန်စွာ ညှဉ်းဆဲသတ်ဖြတ်ခြင်းအမှုတို့ကို ပြုနေကြစဉ်အချိန်အခါတွင်၊ တမန်တော်များနှင့် တပည့်တော်တို့သည် ယေရုရှလင်မြို့မှထွက်သွားပြီးနောက် အနီးအနားရှိမြို့များတွင်၊ ဟေဗြဲလူနှင့်ဟေလသဘာသာစကားကိုပြောသောယုဒလူတို့အထဲတွင် အမှုဆောင်ရွက်လျက်နေကြသည်။ "သခင်ဘုရား၏လက်တော်သည် ထိုသူတို့နှင့် တကွရှိတော်မူသဖြင့်၊ လူအပေါင်းတို့ပသည် ယုံကြည်၍ သခင်ဘုရားထံသို့ ပြောင်းလဲကြ၏။"

ယေရုရှလင်မြို့၌ရှိသော ယုံကြည်သူတို့သည် သတင်းကောင်းကိုကြားရသောအခါ ဝမ်းမြောက်ကြသည်။ ထိုနောက် "သူတော်ကောင်းဖြစ်၍ သန့်ရှင်းသော ဝိညာဉ်တော်နှင့်၎င်း၊ ယုံကြည်ခြင်းနှင့်၎င်းပြည့်စုံသော" ဗာနဗကိုရှုရပြည်၏မြို့တော်ဖြစ်သော အန္တိအုတ်မြို့ရှိအသင်းတော်ကို ကူညီမစရန် ထိုမြို့သို့စေလွှတ်ကြသည်။ သူသည် ထိုအရပ်၌ကြီးစွာသောအောင်မြင်ခြင်းနှင့် အမှုဆောင်ရွက်လေ၏။ အမှုတော်သည် တိုးပွါးသောအခါ၊ သူတောင်းပန်သဖြင့် ပေါလု၏အကူအညီကို ရရှိလေ၏။ ထိုအခါ တပည့်တော်နှစ်ယောက်တို့သည် ဟောပြောသွန်သင်နေကြရာ၊ သခင်ခရစ်တော်၏အသင်းတော်သို့ အသင်းဝင်သူများကို ထပ်မံရောက်ရှိလာစေကြ၏။

အန္တိအုတ်မြို့တွင် ယုဒလူတို့နှင့်တပါးအမျိုးသားများစွာရှိ၏။ ၎င်းနေရာသည် ကျန်းမာခြင်းနှင့်ညီညွတ်၍ သဘာဝ၏လှပတင့်တယ်သောရှုခင်းများများရှိသဖြင့်၊ စည်ကားလျက်ယဉ်ကျေးမှုအမျိုးစုံတည်ရာဌာနဖြစ်သောကြောင့် အားလပ်ခွင့်ရလိုသူ၊ အပျော်ခရီးထွက်လိုသူတို့အများပင် သွားရောက်နေထိုင်တတ်ကြ၏။ ၎င်းမြို့တွင် အကြီးအကျယ်ကုန်ကူးသန်းရောင်းဝယ်မှုအတွက် အလွန်အရေးကြီးသောကြောင့်၊ လူမျိုးစုံကိုတွေ့ရှိရ၏။ ထိုကြောင့် ထိုမြို့သည် ကာမဂုဏ်ပျော်မွေ့စရာ၊ ဆိုးသွမ်းမှုပြုဖွယ်ရာအရပ်တစ်ခု . . . . . . . . . . . . . . . . . . . . . . . . . .

ဖြစ်၏။ အန္တိအုတ်မြို့သားတို့၏ဆိုးသွမ်းသောအမှုကြောင့် နောက်ဆုံး၌ ဘုရားသခင်ထံမှ ပြစ်ဒဏ်သည် ထိုမြို့ပေါ်သို့သက်ရောက်လာလေ၏။

ထိုအရပ်၌ ရှေးဦးစွာတပည့်တော်တို့ကို ခရစ်ယာန်များဟု ခေါ်ဝေါ်ကြ၏။ သူတို့ဟောပြော၊ သွန်သင်၊ ပြောဆိုကြသောအကြောင်းများတွင် အရေးကြီးသောအချက်သည် သခင်ခရစ်တော်ဖြစ်သောကြောင့်၊ ထိုနာမည်ဖြင့်ခေါ်ဝေါ်ကြသည်။ တပည့်တော်တို့သည် ကိုယ်တော်နှင့်အတူတကွနေခဲ့ရသော မင်္ဂလာကိုခံစားခဲ့ရကြစဉ် အချိန်ကာလအတွင်း ကိုယ်တော်၏အသက်တာ၌ဖြစ်ပျက်ခဲ့သမျှသောအကြောင်းအရာတို့ကို သူတို့သည် အစဉ်သဖြင့် ပြန်၍ပြောဆိုဆွေးနွေးနေကြ၏။ နာဖျားသောသူတို့ကို ချမ်းသာရစေခြင်း၊ နတ်ဆိုးတို့ကိုနှင်ထုတ်ခြင်း၊ သေသောသူတို့ကို အသက်ရှင်စေခြင်းတည်းဟူသော ကိုယ်တော်၏နိမိတ်လက္ခဏာများအကြောင်း၊ ကိုယ်တော်သွန်သင်ဟောပြောတော်မူသော ဩဝါဒများအကြောင်းကို မမောမပန်းဘဲ အထူးဖော်ပြပြောဆိုကြ၏။ ဥယျာဉ်ထဲ၌ ကိုယ်တော်ခံစားရတော်မူသောဝေဒနာ၊ ကိုယ်တော်ကိုအပ်နှံခြင်း၊ စစ်ကြောစီရင်ခြင်းနှင့် အသေသတ်ခြင်း၊ ကိုယ်တော်၏ရန်သူများက ကိုယ်တော်အား ရိုင်းစိုင်းရက်စက်စွာ ညှဉ်းဆဲနှိပ်စက်သည်ကို သည်းခံနှိမ့်ချခြင်းနှင့်ခံယူတော်မူခြင်း၊ ကိုယ်တော်ကိုညှဉ်းဆဲသောသူတို့အတွက် ဆုတောင်းတော်မူခြင်းဖြင့် ဖော်ပြတော်မူသော ဘုရားသခင်ကဲ့သို့ ကြင်နာသနားတတ်သောသဘောမှုစသော အကြောင်းအရာတို့ကို သူတို့သည် တုန်လှုပ်သောနှုတ်ခမ်းများနှင့် မျက်ရည်ကျလျက်ပြောဆိုနေကြ၏။ ကိုယ်တော်ထမြောက်တော်မူခြင်း၊ ကောင်းကင်သို့တက်ကြွတော်မူခြင်း၊ ကျဆုံးသောလူအတွက် ကောင်းကင်တွင်ကြားဖြန်ဖြေသောအမှုဆောင်အဖြစ်နှင့်၊ ကိုယ်တော်အမှုဆောင်ရွက်တော်မူခြင်းအကြောင်းတို့ကား၊ သူတို့အတွက် ဝမ်းမြောက်ဖွယ်အကြောင်းအရာများဖြစ်ကြသည်။ သူတို့သည် သခင်ခရစ်တော်၏အကြောင်းကို ဟောပြောကြ၍ ဘုရားသခင်အားကိုယ်တော်၏နာမတော်အားဖြင့် ဆုတောင်းကြသောကြောင့်၊ တပါးအမျိုးသားတို့ကလည်း သူတို့ကို ခရစ်ယာန်များဟု ခေါ်ဝေါ်နိုင်ကြသည်။

လူဦးရေများပြားသော အန္တိအုတ်မြို့သည် အမှုတော်ဆောင်ရွက်ရန် အကောင်းဆုံးနေရာဖြစ်သည်ကို ပေါလုသည်တွေ့ရှိရ၏။ ပေါလုသင်ကြား. . . . .

ခဲ့ရသောပညာ၊ သူ၏ဉာဏ်အရည်အချင်း၊ စိတ်အားထက်သန်မှုတို့သည် ယဉ်ကျေးသောမြို့ကြီးတွင် နေထိုင်သူများနှင့်မကြာခဏ လာရောက်လည်ပတ်သူတို့အပေါ်၌ အလွန်တန်ခိုးကြီးစွာသြဇာညောင်းလျက်ရှိ၏။

အချိန်ကာလအတန်ကြာ၊ တမန်တော်တို့သည် ယေရုရှလင်မြို့၌သာ အမှုတော်ကို အတူတကွစုရုံးဆောင်ရွက်နေခဲ့ကြသည်။ ထိုမြို့၌ ဖော်ပြခဲ့ပြီးသော ပွဲနေ့များတွင် အပြည်ပြည်မှ ဘာသာစကားအမျိုးမျိုးကို ပြောသောယုဒလူတို့သည် ဝတ်ပြုကိုးကွယ်ရန်လာရောက်ကြသည်။ ထိုအချိန်အခါများတွင် တမန်တော်တို့သည် သခင်ယေရှုအကြောင်းကို ဟောပြောခြင်းဖြင့် ဘေးဒုက္ခနှင့်အမြဲတွေ့ကြုံရမည်ကို သိရှိကြသော်လည်း မတွန့်မဆုတ်သောသတ္တိဖြင့် ကြိုးစား၍ဟောပြောကြ၏။ အများသောသူတို့သည်ယုံကြည်လျက် စိတ်နှလုံးပြောင်းလဲလာကြပြီးလျှင် ဤသူတို့သည် နိုင်ငံအရပ်ရပ်ရှိ မိမိတို့နေအိမ်များသို့ အနှံ့အပြားပြန်သွားကြသဖြင့် လူအတန်းအစားအမျိုးမျိုးနှင့် လူမျိုးအပေါင်းတို့အထဲတွင် သမ္မာတရားမျိုးစေ့ကိုပြန့်ပွါးစေကြလေ၏။

မိမိတို့အရပ်ဒေသရှိ မိမိတို့အမျိုးသားချင်းတို့အထဲတွင် သခင်ခရစ်တော်၏အကြောင်းဟောပြောရန် ဘုရားသခင်သည် သူတို့အား ခန့်ထားတော်မူပြီဟု ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့သည် အမှန်ယုံကြည်စိတ်ချနေကြသည်။ သို့သော် ပေါလုသည် ဗိမ္မာန်တော်၌ဆုတောင်းနေစဉ် ဘုရားသခင်ထံမှ အမိန့်တော်တို့ခံယူရရှိ၍ သာသနာအမှုဆောင်ရွက်ရန် ကျယ်ပြန့်သောနယ်မြေကို သူ့အားအံ့သြဖွယ်ခဲ့ခြားဖော်ပြထားတော်မူခဲ့ပြီ။ သူ၏ကျယ်ပြန့်အရေးကြီးသောလုပ်ငန်းအတွက် သူ့အားပြင်ဆင်ခြင်းရရှိစေရန် ဘုရားသခင်သည် သူ့အားကိုယ်တော်တိုင်နှင့် ရင်းနှီးစွာဆက်ဆံခွင့်ကိုပေးတော်မူလျက် သူမြင်မက်သောနှစ်သက်ဖွယ်ရူပါရုံတွင် ကောင်းကင်၏လှပတင့်တယ်သောရှုခင်းနှင့် ဘုန်းအသရေကို ခဏတဖြုတ်ဖော်ပြတော်မူခဲ့ပြီ။

## ပေါလုနှင့်ဗာနဗတို့အား အမှုဆောင်ရန် ရွေးချယ်ခန့်ထားခြင်း

အန္တိအုတ်မြို့ရှိအသင်းတော်တွင် ဘုရားတရားကိုကြည်ညိုသော ပုရောဖက်ပြုသူ၊ ဆရာပြုသူတို့နှင့်ဘုရားသခင်သည် အဆက်အသွယ်ပြုလျက် စီမံအုပ်ချုပ်တော်မူ၏။ "ထိုသူတို့သည် သခင်ဘုရားကိုဝတ်ပြု၍ အစာ. . . . . . .

ရှောင်ကြစဉ်၊ သန့်ရှင်းသောဝိညာဉ်တော်က ငါခန့်ထားသောအမှုကို ဆောင်ရွက်စေခြင်းငှါ ဗာနဗနှင့်ရှောလုတို့ကို ရွေးချယ်ခဲ့ထားလော့ဟု မိန့်တော်မူ၏။"တမန်တော် ၁၃း၂။ ထိုကြောင့် အစာရှောင်ခြင်း၊ ဆုတောင်းခြင်း၊ ခေါင်းပေါ်၌လက်ကိုတင်ခြင်းအားဖြင့်၊ အလွန်ကြည်ညိုဖွယ်သောနည်းလမ်းကိုပြုလျက် ဤတမန်တော်တို့အား ဘုရားသခင်ထံတော်သို့ အပ်နှံပူဇော်ကြပြီးမှ၊ သူတို့အား တစ်ပါးအမျိုးသားတို့အထဲတွင် အမှုတော်ဆောင်ရွက်ရန် သူတို့နှင့်သက်ဆိုင်ရာနယ်မြေသို့ စေလွှတ်လိုက်ကြ၏။

ပေါလုနှင့်ဗာနဗတို့နှစ်ဦးသည် သခင်ခရစ်တော်၏အမှုဆောင်များအဖြစ်နှင့် အမှုဆောင်ရွက်လျက်ရှိနေခဲ့၍ ဘုရားသခင်သည် သူတို့ကြိုးပမ်းလုပ်ဆောင်မှုတို့ကို ကြွယ်ဝစွာကောင်းကြီးပေးတော်မူခဲ့ပြီ။ သို့သော် ဆုတောင်းခြင်း၊ သူတို့ခေါင်းပေါ်၌လက်ကိုတင်ခြင်းအမှုတို့အားဖြင့်၊ သူတို့နှစ်ဦးစလုံးတွင် တစ်ယောက်မျှဧဝံဂေလိအမှုကိုဆောင်ရွက်ရန် အထက်က အထင်အရှားရွေးချယ်ခန့်ထားခြင်းမခံခဲ့ရကြသေး။ ယခု သူတို့သည် သမ္မာတရားကို ဟောပြောရမည်သာမက၊ အသင်းတော်၏အာဏာကို လုံးလုံးခံယူရရှိသဖြင့် ၊ နှစ်ခြင်းမင်္ဂလာပေးခြင်း၊ အသင်းတော်တည်ထောင်ခြင်းအမှုတို့ကိုလည်း ပြုလုပ်နိုင်သော အခွင့်အရေးကို အသင်းတော်က ပေးအပ်လေပြီ။ ဤအခါသည် အသင်းတော်အတွက် အရေးကြီးသောအချိန်ကာလဖြစ်ပေသည်။ ယုဒလူမျိုးနှင့်တစ်ပါးအမျိုး သားတို့အလယ်တွင် ခြားနားနေသောနံရံကို သခင်ခရစ်တော်အသေခံတော်မူခြင်းဖြင့် ပယ်ရှားဖျက်ဆီးခဲ့ပြီး၊ တပါးအမျိုးသားတို့အား ဧဝံဂေလိတရားတော်၏ အခွင့်အရေးများကို လုံးလုံးခံစားခွင့်ပေးတော်မူခဲ့သော်လည်း ယုံကြည်သောယုဒလူအများတို့၏မျက်စိထဲမှ ကန့်လန့်ကာကို မပယ်မရှားကြသေးသဖြင့်၊ ဘုရားသခင်သားတော်က ပယ်ရှားဖျက်ဆီးလိုက်တော်မူသောအရာသည် ပြီးဆုံးသွားပြီဖြစ်သည်ကို သူတို့သည် ထင်ရှားစွာမသိနားမလည်နိုင်ကြသေးချေ။

ယခု ဘုရားသခင်၏အမှုတော်ကို တပါးအမျိုးသားတို့တွင် စိတ်အားထက်သန်စွာဆောင်ရွက်ရလိမ့်မည်။ ၄င်းပြင် များစွာသော ဝိညာဉ်များကို စုဆောင်းပေးခြင်းအားဖြင့် အသင်းတော်ကို သာ၍ခွန်အားတိုးတက်ရအောင်ပြုလုပ်ပေးရကြမည်။

တမန်တော်တို့သည် ဤထူးခြားသော မိမိတို့လုပ်ငန်းတွင် အထင်လွဲခြင်း၊ ငြူစူခြင်းနှင့်မနာလိုမုန်းထားခြင်းကိုခံရကြလိမ့်မည်။ ယုဒလူတို့၏ထုံးစံဓလေ့များတို့သည် ဖောက်ပြန်သောအယူဝါဒများဟု စွပ်စွဲခြင်းခံရကြသည်။ စိတ်အားထက်သန်၍ ယုံကြည်သောယုဒလူအများတို့က ဧဝံဂေလိအမှုဆောင်အဖြစ်နှင့် သူတို့ဆောင်ရွက်နေကြသောလုပ်ငန်းများကို စစ်ဆေးမေးမြန်းကြလိမ့်မည်။ မိမိ၏ကျွန်များတွေ့ကြုံရမည့် ဤအခက်အခဲအပေါင်းတို့ကို ဘုရားသခင်သည် ကြိုတင်သိမြင်တော်မူသဖြင့်၊ သူတို့၏လုပ်ငန်းကို ကောင်းစွာခုခံကာကွယ်ပေးနိုင်မည်အကြောင်း၊ တည်ထောင်ထားသောဘုရားသခင်၏အသင်းတော်ထံမှဆင်ခြင် မပေးနိုင်သော အခွင့်အရေးကိုရရှိစေရန် ဘုရားသခင်သည် မိမိရွှေဉာဏ်တော်အားဖြင့်စီမံတော်မူလေ၏။

ခေါင်းပေါ်၌လက်ကိုတင်၍ အမှုဆောင်ရွက်ရန် ရွေးချယ်ခန့်ထားခြင်းအမှု၊ အများအခေါ်အားဖြင့် လက်တင်မင်္ဂလာပေးခြင်းအမှုကို နောက်များမကြာမှီများစွာမသင့်မလျော်အသုံးပြုကြသည်။

ထိုသို့ပြုလုပ်ခြင်းအားဖြင့် အမှုဆောင်ရန် ရွေးချယ်ခန့်ထားခြင်းခံရသောသူတို့အပေါ်၌ တန်ခိုးချက်ခြင်းသက်ရောက်လာသ ကဲ့သို့ ထိုအမှုကို အရေးကြီးသည်ဟု မသင့်မတော်ထင်မှတ်ကြလျက်၊ ထိုသို့ လက်တင်မင်္ဂလာပေးခြင်းအမှု၌ အရည်အချင်းအစွမ်းသတ္တိကိုရရှိလာသကဲ့သို့၊ ထိုသို့ခံထားခြင်းခံရသူသည် အမှုဆောင်၏လုပ်ငန်းတစ်စုံတစ်ခု (သို့မဟုတ်) လုပ်ငန်းအားလုံးကို ချက်ခြင်းဆောင်ရွက်ခွင့်ရရှိကြသည်ဟု ထင်မှတ်ကြသည်။ ဤတမန်တော်နှစ်ပါး၏အကြောင်းအရာတွင်၊ သူတို့ခေါင်းပေါ်၌လက်တင်ခြင်း၊ သူတို့၏အလုပ်၌ငှင်းအမှုနှင့်ဆက်သွယ်ခြင်းအကြောင်းကိုသာ မှတ်သားထားသည်ကို တွေ့ရှိရသည်။ ပေါလုနှင့် ဗာနဗတို့သည် စောစောကပင် ဘုရားသခင်ကိုယ်တော်တိုင် စီရင်ခန့်ထားတော်မူသော အလုပ်ကိုခံယူရရှိပြီးခဲ့ကြသည်ဖြစ်၍၊ လက်တင်မင်္ဂလာကိုခံယူခြင်းအားဖြင့်သူတို့သည် အသစ်သောကျေးဇူးတော်၊ (သို့မဟုတ်) မြင့်မြတ်သောအရည်အချင်းတစ်စုံတစ်ခုကို ထပ်မံရရှိကြသည်မဟုတ်။ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ရာ၌ အသင်းတော်၏တံဆိပ်ခတ်ခြင်း၊ ခန့်အပ်ထားသောရာထူးကို အသိအမှတ်ပြုခြင်းသာဖြစ်ပေသည်။

## ပထမဦးဆုံး ဗဟိုအစည်းအဝေးကြီး

ယုဒပြည်ရှိ ယုဒလူအချို့တို့သည် အရေးဖျားလှီးခြင်းမင်္ဂလာအကြောင်းနှင့်သက်ဆိုင်၍ အငြင်းအခုံဖြစ်သောကြောင့် ယုံကြည်သောတပါးအမျိုးသားတို့တွင် အများသော သူတို့သည် အံ့ဩလျက်နေကြ၏။ အရေဖျားလှီးခြင်းမင်္ဂလာကိုမခံ၊ ဝိနည်းအထုံးအဖွဲ့နှင့်ဆိုင်သော ပညတ်များကို မစောင့်ဘဲ၊ မည်သူမျှကယ်တင်ခြင်းမရရှိနိုင်ဟု သူတို့က အသေအချာခိုင်မာစွာပြောဆိုကြ၏။

ဤအချက်သည် အသင်းတော်များစွာ၌ ထိခိုက်သောကြောင့် အရေးကြီးသော ပြဿနာတစ်ခုဖြစ်သည်။ ပေါလုနှင့်ဗာနဗတို့သည် ၎င်းအချက်ကိုချက်ခြင်းအရေးယူ၍ တပါးအမျိုးသားတို့အား ဤအချက်ကိုညွှန်ကြားခြင်းမပြုဖို့ တားဆီးကန့်ကွက်ကြသည်။ အန္တိအုတ်မြို့ရှိယုဒလူတို့သည် ယုဒပြည်၌ရှိသောသူတို့၏သဘောကို နှစ်သက်လိုက်လျောကြသဖြင့်၊ ဤအချက်၌ ပေါလုနှင့်ဗာနဗတို့ကို ကန့်ကွက်ကြလေ၏။ ဤအကြောင်းအရာကြောင့် အသင်းတော်၌ များစွာငြင်းခုံခြင်း၊ စိတ်ဝမ်းကွဲခြင်းဖြစ်လာရာ၊ နောက်ဆုံး၌ အန္တိအုတ်မြို့၌ရှိသော အသင်းတော်သည် ဤပြဿနာကို ဆက်လက်ငြင်းခုံဆွေးနွေးနေခြင်းဖြင့်၊ သူတို့အထဲတွင် ကွဲပြားသွားခြင်းဖြစ်မည်ကို စိုးရိမ်သဖြင့် တမန်တော်များနှင့် သင်းအုပ်များရှေ့၌ ထိုပြဿနာကို ဖော်ပြရှင်းလင်းစေရန် ၊ ပေါလုနှင့်ဗာနဗတို့ကို အန္တိအုတ်မြို့မှ အခြားတာဝန်ရှိတပည့်တော်များနှင့်အတူ ယေရုရှလင်မြို့သို့စေလွှတ်ကြ၏။ ထိုမြို့၌ သူတို့သည် အရပ်ရပ်အသင်းတော်များမှ ကိုယ်စားလှယ်များနှင့် နှစ်စဉ်ကျင်းပသောပွဲများကို မှီရန် ကြိုတင်ရောက်လာသော သူများတို့ကို လည်းတွေ့ရကြသည်။ များမကြာမှီ အငြင်းအခုံရှိသမျှသည် ရပ်စဲ၍ အဆုံး၌ အသင်းတော်တွင် တာဝန်ရှိသောလူကြီးများက ဆုံးဖြတ်ပေးကြလိမ့်မည်။ ထိုနောက် ဤဆုံးဖြတ်ချက်ကိုလည်း အရပ်ရပ်တွင်ရှိသော အသင်းတော်အမျိုးမျိုးတို့က ညီညွတ်စွာလက်ခံရကြမည်။

ယေရုရှလင်မြို့သို့ရောက်သောအခါ၊ အန္တိအုတ်မြို့မှ ကိုယ်စားလှယ်များတို့က အသင်းတော်တို့၏အစည်းအဝေးကြီးရှေ့တွင် သူတို့ဆောင်ရွက်ခဲ့ကြသော အမှုတော်လုပ်ငန်း၌ အောင်မြင်ခြင်းရရှိခဲ့ကြကြောင်းကို၎င်း၊ စိတ်နှလုံးပြောင်းလဲသော ဖာရိရှဲအချို့က၊ ပြောင်းလဲသောတပါးအမျိုးသားတို့. . . . . . . . . . . . . .

သည် ကယ်တင်ခြင်းခံရဖို့ အရေဖျားလှီးခြင်းမင်္ဂလာကိုခံ၍၊ မောရှေ၏ပညတ်များကို လိုက်နာရကြမည်ဟု ပြောဆိုကြသဖြင့်၊ အငြင်းအခုံဖြစ်ပွားနေကြောင်းကိုငှင်း ပြောပြကြ၏။

ယုဒလူတို့သည် ဘုရားသခင်စီမံခန့်ထားတော်မူသော ဝတ်ပြုကိုးကွယ်ခြင်းအမှုများအတွက် ကြွားဝါလျက်ရှိခဲ့ကြပြီ။ ၎င်းပြင် ဟေဗြဲလူတို့၏ဝတ်ပြုကိုးကွယ်နည်းကို ဘုရားသခင်သည် တစ်ကြိမ်က စီမံခွဲခန့်မှတ်သားတော်မူရမည်မှာ မဖြစ်နိုင်ဟု သူတို့က ဆုံးဖြတ်ကြသည်။ ခရစ်ယာန်ဘာသာသည် ယုဒလူတို့၏ပညတ်တရားများစီရင်ထုံးဖွဲ့ချက်များနှင့် ဆက်သွယ်လျက်ရှိရမည်ဟု သူတို့ကစီရင်ဆုံးဖြတ်ကြသည်။ သခင်ခရစ်တော်အသေခံတော်မူခြင်းဖြင့် ပယ်ဖျက်လိုက်တော်မူသောအရာ၏အဆုံးအကြောင်းကိုငှင်း၊ သူတို့၏ယဇ်ပူဇော်သက္ကာများအားလုံးသည် ဘုရားသခင်၏သားတော်ကို ပုံပမာဆောင်ထားကြောင်းကိုငှင်း သူတို့သည် အလွယ်တကူမသိမမြင် နားမလည်ကြချေ။ ဘုရားသားတော်၌ ပုံပမာတကယ်ဖြစ်သောအရာကို တွေ့မြင်ရ၍ ဘုရားသခင်စီမံတော်မူခဲ့သော ယုဒဘာသာဝင်တို့၏စီရင်ထုံးဖွဲ့ချက်တရားများနှင့် ယဇ်ပူဇော်ခြင်းအမှုများတို့သည် အဖိုးထိုက်တန်သောအရာများမဟုတ်ကြတော့ချေ။

ပေါလုသည် ဖာရိရှဲတို့၏ကြပ်တည်းသောကျင့်ဝတ်တရားများအတွက် ကိုယ်တိုင်ကြွားဝါခဲ့၏။ သို့သော် ဒမာသက်မြို့သို့သွားရာလမ်းခရီးတွင် သခင်ခရစ်တော်ကိုရူပါရုံ၌မြင်ခဲ့ပြီးသည့်နောက်၊ ကယ်တင်ရှင်၏အမှုတော်နှင့် တပါးအမျိုးသားတို့အား ပြောင်းလဲစေဖို့ မိမိဆောင်ရွက်ရသောအမှုတော်တို့အကြောင်းကို သူ၏စိတ်ထဲ၌ထင်ရှားစွာသိမြင်လာ၍၊ အသက်ရှင်သောယုံကြည်ခြင်းနှင့် အသေဖြစ်သော ဟန်ဆောင်ကျင့်ဝတ်တရားများသည် ခြားနားကြောင်းကို လုံးလုံးသိနားလည်လာ၏။

ပေါလုသည် အာဗြဟံ၏သားသမီးတို့တွင် အပါအဝင်ဖြစ်သည်ဟု ယုံကြည်နေသေးလျက်၊ ခရစ်ယာန်အယူဝါဒကိုလက်မခံချိန်ကနည်းတူ ပညတ်တော်ဆယ်ပါးကို ကိုယ်ကာယအားဖြင့်ငှင်း၊ စိတ်နှလုံးအားဖြင့်ငှင်း၊ သစ္စာနှင့်လိုက်နာစောင့်ရှောက်၏။ သို့သော် အရိပ်ဖြစ်သောအရာတို့သည် လွန်သွားသဖြင့်၊ ပုံပမာဖြစ်သောစီရင်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ထုံးဖွဲ့ချက်တရားများသည် မကြာမှီရပ်စဲသွားရကြမည်ကိုင်း၊ ဧဝံဂေလိတရားအလင်းသည် ယုဒဘာသာတရားပေါ်သို့ ဘုန်းရောင်ခြည်ကို ထွန်းတောက်စေလျက်၊ ရှေးဝတ်ပြုကိုးကွယ်နည်းများတွင် ခြားနားသော နည်းလမ်းသစ်များကို ချပေးသည်ကိုင်း သူသည်သိရှိလာသည်။

## ကော်နေလိ၏အဖြစ်အပျက်ကို သက်သေပြခြင်း

အစည်းအဝေး၌တင်ပြသောပြဿနာသည် ဘယ်ကဲ့သို့သော ထင်မြင်ချက်ကိုပင်ဖော်ပြကြသော်လည်း၊ မရှင်းလင်းနိုင်လောက်အောင် ခက်ခဲသည်ဟု ထင်မြင်ရကြ၏။ သို့ရာတွင် သန့်ရှင်းသောဝိညာဉ်တော်သည် အကယ်ပင် ဤပြဿနာကို ရှင်းလင်းခဲ့ပြီးဖြစ်သဖြင့်၊ ထိုဆုံးဖြတ်ရှင်းလင်းချက်အပေါ်၌ ခရစ်ယာန်အသင်းတော်၏တိုးပွားရေးနှင့် တည်တန့်ခိုင်မြဲရေးပင် အမှီပြုလျက်ရှိသည်။ ထိုရှုပ်ထွေးသောပြဿနာကိုဆုံးဖြတ်နိုင်ရန် တမန်တော်တို့အား ဆုကျေးဇူးတော်၊ ဥာဏ်ပညာနှင့်သန့်ရှင်းစွာစီရင် ဆုံးဖြတ်နိုင်သောအရည်အချင်းတို့ကို ချပေးတော်မူ၏။

သန့်ရှင်းသောဝိညာဉ်တော်သည် အရေဖျားလှီးခြင်းကိုမခံသောတပါးအမျိုးသားများနှင့် အရေဖျားလှီးခြင်းကိုခံယူသောယုဒလူမျိုးတို့အပေါ်၌ ညီမျှသောတန်ခိုးနှင့်သက်ရောက်တော်မူခဲ့သဖြင့် ပြဿနာကိုဆုံးဖြတ်ပြီးခဲ့လေပြီဟု ပေတရုကဆီလျော်စွာဖော်ပြ၏။ သူမြင်ရသောရူပါရုံထဲ၌ခြေလေးချောင်းသားရဲတိရစ္ဆာန်အမျိုးမျိုးပါရှိသော ခြုံထည်တစ်ခုကို ဘုရားသခင်သည် သူ၏ရှေ့တွင်ချပေးလျက်၊ ၎င်းတို့ကိုသတ်စားရန် အမိန့်ပေးတော်မူခဲ့သည့်အကြောင်းကို သူကပြန်ပြော၏။ မသန့်ရှင်းသောအရာကို သူသည်ဘယ်သောအခါမျှမစားခဲ့ပါဟု ပြောဆိုလျက် သူကငြင်းပယ်ခဲ့သောအခါ၊ ဘုရားသခင်စင်ကြယ်စေတော်မူသောအရာကို ညစ်ညူးသည်မထင်နှင့်”ဟု မိန့်တော်မူခဲ့ကြောင်းကိုလည်းပြောပြ၏။

ပေတရုက၊ “စိတ်နှလုံးကိုသိတော်မူသောဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို ငါတို့အားပေးသည်နည်းတူ သူတို့အားပေးသဖြင့်၊ သူတို့ဘက်၌ သက်သေခံတော်မူ၏။ ယုံကြည်ခြင်းအားဖြင့် သူတို့၏စိတ်နှလုံး စင်ကြယ်စေ၍ ငါတို့ကို ခြားနားစေတော်မမူ။ သို့ဖြစ်လျှင်၊ ငါတို့နှင့် . . . . . . . . . . . .

ငါတို့ဘိုးဘေးများ၊ မထမ်းနိုင်သောထမ်းပိုးကို တပည့်တော်တို့၏လည်ပင်းပေါ်၌ တင်စေခြင်းငှါ၊ အဘယ်ကြောင့် ဘုရားသခင်ကိုစုံစမ်းကြသနည်း"ဟု ပြောဆိုလေ၏။

ပညတ်တရား၏ချည်နှောင်ခြင်းကို ငြင်းပယ်ကြသောသူတို့အခိုင်အမာ ပြောဆိုသကဲ့သို့၊ ဤထမ်းပိုးသည် ပညတ်တော်ဆယ်ပါးမဟုတ်ပါ။ သခင်ခရစ်တော်ကိုလက်ဝါးကပ်တိုင်၌ရိုက်ထားခြင်းအားဖြင့် ဖျက်ပယ်လိုက်သောစီရင်ထုံးဖွဲ့ချက် ပညတ်များကို ပေတရုကညွှန်ပြနေ၏။ ဤကဲ့သို့ ပေတရုက အချက်ကျကျလူအစုအဝေးအားပြောပြခဲ့သောကြောင့်၊ ပေါလုနှင့်ဗာနဗတို့က တပါးအမျိုးသားတို့အထဲတွင် အမှုတော်ဆောင်ရွက်ရာ၌ တွေ့ကြုံရသောအဖြစ်အပျက်တို့ကို ပြန်ပြောကြသည်ကို သူတို့သည် တိတ်ဆိတ်စွာနားထောင်နေကြလေ၏။

## ဆုံးဖြတ်ချက်

ဘုရားသခင်သည် တပါးအမျိုးသားတို့အား ယုဒလူတို့၏အခွင့်အရေးရှိသမျှကိုခံစားစေဖို့ရန် စီမံကြံစည်ထားတော်မူပြီဟု ယာကုပ်ကသက်သေခံလျက် ဆုံးဖြတ်ချက်ကိုဖော်ပြ၏။ ပြောင်းလဲသောတပါးအမျိုးသားတို့၏အပေါ် သို့ စီရင်ထုံးဖွဲ့ချက်တရားများကိုစောင့်ရှောက်ရန် တာဝန်ကိုမတင်ဖို့သင့်သည်ဟု သန့်ရှင်းသောဝိညာဉ်တော်ကသိမြင်တော်မူ၏။ ငှင်းပြင် တမန်တော်များနှင့် သင်းအုပ်များသည် ထိုအချက်ကို သေချာစွာစစ်ဆေးရှာဖွေမေးမြန်းပြီးမှ ထိုအချက်ကို အလားတူအဓိပ္ပါယ်သက်ဝင်ကြ၍ သူတို့၏စိတ်သဘောသည် ဘုရားသခင်၏ဝိညာဉ်တော်နှင့်သဘောချင်းတူညီလျက် ရှိ၏။ ယာကုပ်သည် အစည်းအဝေးတွင် ဦးဆောင်လျက်၊ "ထိုကြောင့် တပါးအမျိုးသားတို့အထဲမှ ဘုရားသခင်ထံတော်သို့ ပြောင်းလဲသောသူတို့ကို မနှောင့်ယှက်သင့်ဟု ငါသဘောရှိ၏"ဟု သူ၏နောက်ဆုံး၊ ဆုံးဖြတ်ချက်ကို ဖော်ပြလေ၏။

တပါးအမျိုးသားတို့အား စီရင်ထုံးဖွဲ့ချက်တရားနှင့် အထူးသဖြင့် အရေဖျားလှီးခြင်းမင်္ဂလာတရားကို စောင့်ရှောက်လိုက်နာစေရန် မည်သည့်နည်းနှင့်မျှ မတိုက်တွန်းရ။ အကြံဥာဏ်ကိုပင်မပေးရဟု ယာကုပ်ကစီရင်ဆုံးဖြတ်၏။ ရုတ်တုကိုးကွယ်မှုမှ ဘုရားသခင့်ထံတော်သို့ ပြောင်းလဲခြင်း၌တစ်ပါး. . . . . . . . . . .

အမျိုးသားတို့သည် သူတို့၏ယုံကြည်ခြင်းတရား၌ ကြီးစွာသောပြောင်းလဲခြင်းကို ဖြစ်စေခဲ့ကြပြီဟူသောအချက်ကို ယာကုပ်ကညီအစ်ကိုတို့အား လေးနက်စွာဆင်ခြင်နိုင်ဖို့နှိုးဆော်၏။ သူတို့သည် သခင်ခရစ်တော်၏နောက်တော်သို့လိုက်ရာ၌ စိတ်ပျက်ခြင်းသို့ရောက်မည်ကို စိုးရိမ်သဖြင့် ရှုပ်ထွေးယုံမှားဖွယ်ဖြစ်စေသောပြဿနာများနှင့် သူတို့၏စိတ်ကို မနှောင့်ယှက်စေခြင်းငှါ များစွာသတိပြုအပ်သည်ဟု တိုက်တွန်းသေး၏။

ယုဒလူတို့၏သဘောနှင့်မတိုက်ဆိုင်သော (သို့မဟုတ်) သူတို့အပေါ်၌ မုန်းထားသောစိတ်ကို ဖြစ်စေသောတာဝန်များကို တစ်ပါးအမျိုးသားတို့သည် မလိုက်နာဘဲနေရကြမည်။ ရုပ်တုရှေ့မှာ ပူဇော်သောယဇ်ကောင်ကိုငှင်း၊ မတရားသောမေထုန်ကိုငှင်း၊ လည်ပင်းကိုညှစ်၍သတ်သောအရာကိုငှင်း၊ အသွေးကိုငှင်း ကြည်ရှောင်ရမည်ဟု တပါးအမျိုးသားတို့အားစာရေးပေးလျက်၊ သွန်သင်ဩဝါဒပေးရန် တမန်တော်များနှင့်သင်းအုပ်များက သဘောတူကြ၏။ သူတို့သည် ပညတ်တော်များကိုစောင့်လျက် သန့်ရှင်းစွာနေထိုင်ပြုမူရကြမည်။ သူတို့အား အရေဖျားလှီးခြင်းကိုခံယူရန် တိုက်တွန်းသောသူတို့သည် တမန်တော်များထံမှ ထိုသို့ပြုစေရန် အခွင့်အာဏာကို ရရှိသူများမဟုတ်ကြောင်း တပါးအမျိုးသားတို့သည် အသေအချာသိရှိအပ်ကြသည်။

ပေါလုနှင့်ဗာနဗတို့သည် သခင်ဘုရားအတွက် မိမိတို့အသက်ကိုစွန့်စားသောသူများဖြစ်ကြသည်ဟု သူတို့အား ထောက်ခံဖော်ပြလိုက်သည်။ အစည်းအဝေးမှ ဆုံးဖြတ်သောအချက်များကို နှုတ်ဖြင့် ကြားပြောစေခြင်းငှါ ယုဒနှင့်သိလတို့ကိုလည်း ဤတမန်တော်များနှင့်အတူ တပါးအမျိုးသားတို့ထံသို့ စေလွှတ်ကြ၏။ ဘုရားသခင်၏ကျွန်လေးယောက်အား အန္တိအုတ်မြို့သို့ ဩဝါဒနှင့်သတင်းစကားကို ယူဆောင်သွားစေကြပြီး၊ အငြင်းအခုံရှိသမျှတို့ကို ရပ်စဲစေကြလေပြီ။ အကြောင်းကား၊ ၎င်းသည် မြေကြီးပေါ်၌အခွင့်အာဏာအကြီးဆုံးရရှိသော သူ၏စကားဖြစ်သောကြောင့်တည်း။

ဤအမှုကို ဆုံးဖြတ်သောအစည်းအဝေးတွင် ယုဒလူမျိုးနှင့်တပါးအမျိုးသားခရစ်ယာန်အသင်းတော်များကို တည်ထောင်သောသူများပါဝင်ကြ၏။ ယေရုရှလင်မြို့မှ သင်းအုပ်များနှင့်အန္တိအုတ်မြို့မှ ကိုယ်စားလှယ်များလာရောက်ကြ၍ ဩဇာအရှိဆုံးသောအသင်းတော်များ၏ ကိုယ်စားလှယ်များ . . . . . . . . . . . .

ဖြစ်ကြသည်။ အစည်းအဝေးကဆင်ခြင်စဉ်းစား၍ဆုံးဖြတ်ရာ၊ အမှားအယွင်းမရှိနိုင်ဟု အခိုင်အမာမဆိုကြချေ။ သို့ရာတွင် အလင်းတရားနှင့်အညီ ဝေဖန်ဆုံးဖြတ်သောအချက်၊ ဘုရားသခင်၏အလိုတော်အတိုင်း တည်ထောင်ထားသော အသင်းတော်၏ ဂုဏ်အသရေနှင့်အညီ စီရင်ဆုံးဖြတ်သော အချက်ဖြစ်သည်။ ဘုရားသခင်သည် တပါးအမျိုးသားတို့အား သန့်ရှင်းသောဝိညာဉ်တော်ကိုချပေးတော်မူခြင်းဖြင့်၊ မိမိကိုယ်တော်တိုင် ဤပြဿနာကိုစီရင်ဆုံးဖြတ်တော်မူသည်ဖြစ်၍၊ သူတို့သည် ဝိညာဉ်တော်လမ်းပြတော်မူသည်အတိုင်း လိုက်နာကြဖို့သာလိုတော့သည်ကို သူတို့သိမြင်ကြသည်။

ပြဿနာအတွက် မဲဆန္ဒပေးဖို့ရန် ခရစ်ယာန်အသင်းတော်တစ်ခုလုံး မလိုချေ။ တမန်တော်များ၊ သင်းအုပ်များတည်းဟူသော ဩဇာရှိ၍ ဝေဖန်ဆုံးဖြတ်နိုင်သောလူကြီးများက အမိန့်ကိုရေးသားထုတ်ပြန်ကြ၏။ ထိုနောက် ခရစ်ယာန်အသင်းတော်များက အများသဘောတူလက်ခံကြ၏။ သို့သော် လူအပေါင်းတို့က ဤဆုံးဖြတ်ချက်ကို နှစ်သက်ကြမည်မဟုတ်။ မိမိတို့သဘောအတိုင်း တာဝန်ယူလျက် ဤကိစ္စကိုဆွေးနွေးကြသည်ဟု ထင်ရသော မှားသောညီအစ်ကိုတစ်စုရှိ၏။ သူတို့သည်ညည်းညူ၍အပြစ်ရှာကြပြီးလျှင်၊ သခင်ခရစ်တော်၏ဩဝါဒကို သွန်သင်ရန် ဘုရားသခင်ခန့်ထားတော်မူ၍၊ ဗဟုသုတနှင့်ပြည့်စုံသောသူတို့၏အလုပ်ကိုဖျက်ပယ်ရန် ကြံစည်လျက်၊ အသစ်သောစီမံကိန်းများကိုရေးဆွဲနေကြ၏။ အသင်းတော်သည် ပထမဦးစွာကပင် ထိုကဲ့သို့သောအတားအဆီးများကို တွေ့ကြုံရ၍၊ နောက်ဆုံးကာလတိုင်အောင်လည်း ၎င်းအတားအဆီးများကို အမြဲတွေ့ဆုံနေရလိမ့်မည်။

---oo---

# အခန်း (၄၂)
# ပေါလုနှစ်များစွာအမှုဆောင်ရွက်ခြင်း

ပေါလုသည် မမောမပန်းနိုင်သော အမှုတော်ဆောင်တစ်ယောက်ဖြစ်၏။ သူသည် တစ်နေရာမှတစ်နေရာသို့ အမြဲခရီးသွားလျက်ရှိရာ၊ တခါတရံသူ့ကို ဧည့်မခံလိုသောအရပ်၊ တစ်ခါတစ်ရံရေကြောင်းခရီးတွင် လေမုန်တိုင်း၊ မိုးသက်မုန်တိုင်းကျရောက်ရာနေရာများသို့ဖြတ်သွားရ၏။ သူသည် အမှုတော်ဆောင်ရွက်ရာ၌ မည်ကဲ့သို့သောအတားအဆီးအနှောင့်အယှက်ကိုမျှဂရုမစိုက်ပါ။သူသည် ဘုရားသခင်၏ကျွန်ဖြစ်၍ ဘုရားသခင်၏အလိုတော်ကိုဆောင်ရွက်ရမည်။ ဘုရားသခင်၏အသင်းတော်ကို အမြဲကူညီလျက်ခိုင်ခံ့တောင့်တင်းစေခဲ့သောသတင်းစကားကို နှုတ်အားဖြင့်၄င်း၊ စာအားဖြင့်၄င်း ဖော်ပြခဲ့၏။ ကမ္ဘာ့ရာဇဝင်၏နောက်ဆုံးကာလတွင် အသက်ရှင်လျက်ရှိသော ကျွန်ုပ်တို့အဖို့ အသင်းတော်ကိုခြိမ်းခြောက်နေသောဘေးအန္တရာယ်များအကြောင်းကို၄င်း၊ ဘုရားသခင်၏သားသမီးများတွေ့ဆုံရကြမည့် မိစ္ဆာအယူဝါဒများအကြောင်းကို၄င်း၊ ပေါလုသက်သေခံခဲ့သောသတင်းစကားများက ထင်ရှားစွာဖော်ပြကြလေပြီ။

တစ်ပြည်မှတစ်ပြည်၊ တစ်မြို့မှတစ်မြို့ ပေါလုသည် ခရီးသွား၍ သခင်ခရစ်တော်အကြောင်းကိုဟောပြောလျက်၊ အသင်းတော်များကို တည်ထောင်နေ၏။ နားထောင်သောသူများရှိသောအခါတိုင်း သူသည် အမှားကိုပြင်ပေးလျက် ယောက်ကျား၊ မိန်းမတို့အားလမ်းမှန်ကိုလိုက်စေရန် သူတို့၏ခြေလှမ်းကိုပြုပြင်ပေး၏။ သူအမှုဆောင်ရွက်ခြင်းဖြင့် ခရစ်တော်ကိုလက်ခံကြသောသူများရှိသောနေရာတွင် အသင်းတော်ကို တည်ထောင်ပေးခဲ့သည်။ လူမည်မျှပင်နည်းသော်လည်း၊ သူသည် ဤသို့အသင်းတော်ကိုတည်ထောင်ပေးခဲ့သည်။ ၄င်းပြင် ထိုသို့တည်ထောင်ပေးခဲ့သော အသင်းတော်ကို ပေါလုသည်မမေ့ပါ။ မည်မျှငယ်သောအသင်းတော်ဖြစ်သော်လည်း၊ သူသည် ၄င်းကိုဂရုစိုက်လျက် စိတ်ဝင်စားခြင်းနှင့်ပြုစု၏။

ပေါလုသည် ဘုရားသခင်ခန့်ထားတော်မူသော အမှုတော်ကို ဆောင်ရွက်ရာ၌ အလုပ်အကိုင်အမျိုးမျိုးကို လုပ်ဆောင်၏။ အသက်မွေးဝမ်း. . . . . . .

ကျောင်းအတွက် မိမိလက်နှင့်လုပ်ငန်းတစ်ခုခုကိုလုပ်ဆောင်၏။ အသင်းတော်များကို တည်ထောင်၍ ထိုသို့တည်ထောင်ပြီးသော အသင်းတော်တို့ထံ ဆုံးမသြဝါဒစာများရေးသားခဲ့၏။ ဤအမျိုးမျိုးသော အလုပ်အကိုင်များကြားတွင်ပင် သူက၊ "ငါပြုသောအမှုတစ်ခု"ဟု ဖော်ပြဖူး၏။ (ဖိလိပ္ပိ ၃း၁၃)။ သူ၏အလုပ်အကိုင်ရှိသမျှတွင် သူအမြဲစောင့်ရှောက်ခဲ့သောရည်ရွယ်ချက်တစ်ခုကား၊ သခင်ခရစ်တော်ဘက်၌သစ္စာရှိဖို့ဖြစ်သတည်း။ သူသည် သခင်ခရစ်တော်၏နာမကို စက်ဆုပ်ရွံရှာ၍ သူတပါးတို့အားငင်းနာမတော်ကို စက်ဆုပ်ရွံရှာစေရန် မိမိအစွမ်းသတ္တိဖြင့် နှိုးဆော်ခဲ့စဉ်အခါက၊ ကိုယ်တော်သည် သူ့အား မိမိကိုယ်တိုင်ကိုထင်ရှားစွာပြမူခဲ့ပြီ။ သူ၏အသက်တာတွင် အမြတ်ဆုံးရည်ရွယ်ချက်ကား၊ မိမိတစ်ခါက ရွံရှာခဲ့သော ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်၍ ကိုယ်တော်၏နာမတော်ကို ချီးမြှောက်ခြင်းဖြစ်သည်။ သူ၏တခုတည်းသောအလိုဆန္ဒကား၊ ကယ်တင်ရှင်ထံသို့ ဝိညာဉ်များကိုပို့ဆောင်ခြင်းတည်း။ ယုဒလူတို့နှင့်တပါးအမျိုးသားတို့သည် သူ့ကို တားဆီး၍ ညှဉ်းဆဲနှိပ်စက်ကြသော်လည်း၊ သူ၏ရည်ရွယ်ချက်ကိုမည်သည့် အရာကမျှ ပြောင်းလဲစေခြင်းငှါ မတတ်နိုင်ချေ။

## ပေါလုသည် မိမိ၏အဖြစ်အပျက်ကိုပြန်၍ ကြည့်ရှုစစ်ဆေးခြင်း

ဖိလိပ္ပိမြို့ရှိအသင်းတော်သားတို့အား စာရေးသားရာတွင်၊ သူစိတ်ပြောင်းလဲခြင်းမရောက်ခင်အခါနှင့် ပြောင်းလဲခြင်းရောက်ပြီးသောအခါ၌ တွေ့ကြုံရသော အဖြစ်အပျက်တို့ကိုဖော်ပြထား၏။ "အခြားသူမည်သည်ကား၊ ဇာတိ၌ကိုးစားစရာအကြောင်းရှိသည်ဟု ထင်လျှင်၊ ငါမူကား သာ၍ရှိ၏။ ငါသည် ရှစ်ရက်မြောက်သောနေ့၌ အရေဖျားလှီးခြင်းကိုခံရ၏။ ဣသရေလအမျိုး၊ ဗင်ယာမင်အမျိုးအနွယ်ဖြစ်၏။ ဟေဗြဲလူမှဆင်းသက်သော ဟေဗြဲလူစစ်ဖြစ်၏။ တရားအားဖြင့် ဖာရိရှဲဖြစ်၏။ စိတ်အားကြီးခြင်းကိုမေးသော်၊ ငါသည် အသင်းတော်ကို ညှဉ်းဆဲသောသူဖြစ်၏။ ပညတ်တရားအားဖြင့်ရသောဖြောင့် မတ်ခြင်းကိုမေး ပြန်သော် ငါသည် အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောသူဖြစ်၏"ဟု သူဆို၏။ ဖိလိပ္ပိ ၃း၄-၆

စိတ်ပြောင်းလဲခြင်းရောက်ပြီးမှ သူဖော်ပြသောသက်သေခံချက်ကား အောက်ပါအတိုင်းဖြစ်၏။

"ထိုမျှမက ငါ၏သခင်ယေရှုခရစ်ကို သိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကို ထောက်၍၊ ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏။ ထိုသခင်ကြောင့် ခပ်သိမ်းသောအရာတို့ကို အရှုံးခံရပြီ။ ပညတ်တရားအားဖြင့် ရသောကိုယ်ဖြောင့်မတ်ခြင်းကိုမကိုးစားဘဲ၊ ခရစ်တော်သည် ယုံကြည်ခြင်းအားဖြင့် ရသောဖြောင့်မတ်ခြင်းတည်းဟူသော ယုံကြည်ခြင်းအတွက် ဘုရားသခင်ပေးတော်မူသော ဖြောင့်မတ်ခြင်းကိုကိုးစားသဖြင့်၊ ခရစ်တော်ကို အမြတ်ရ၍ထိုသခင်၌ တည်ပါမည်အကြောင်း ခပ်သိမ်းသောအရာတို့ကိုမစင်ကဲ့သို့ ငါထင်မှတ်၏။" ဖိလိပ္ပိ ၃း၈-၁၁

အထက်ကများစွာပင် အကျိုးရှိသည်ဟု သူထင်မှတ်ခဲ့သောဖြောင့်မတ်ခြင်းသည် ယခုအကျိုးမရှိဟု သူထင်မြင်လာ၏။ သူ၏စိတ်ထဲ၌တောင့်တသောအရာကား အောက်ပါအတိုင်းဖြစ်သည်။ "သေပြီးမှထမြောက်သောအခွင့်ကို ငါရနိုင်ကောင်းလျှင်၊ ကိုယ်တော်သည် အသေခံတော်မူသည်နည်းတူ၊ ငါသည်လည်း အသေခံ၍ထိုသခင်ကို၄င်း၊ ထမြောက်တော်မူခြင်း၏တန်ခိုးကို၄င်း၊ ဆင်းရဲခံရတော်မူခြင်းကိုဆက်ဆံ၍ခံခြင်းကို၄င်း၊ သိကျွမ်းခြင်းငှါ ထိုသို့ဆိုသော် အကျိုးကိုခံရပြီ၊ စုံလင်ခြင်းသို့ရောက်ရပြီဟု ငါမဆိုလို။ အကြင်အကျိုးကိုပေးခြင်းငှါ ခရစ်တော်သည် ငါ့ကိုကိုင်ဖမ်းတော်မူ၏။ ထိုအကျိုးကိုကိုင်မိခြင်းငှါ ငါပြေး၍လိုက်သေး၏။ ညီအစ်ကိုတို့၊ ငါကိုင်မိပြီဟု ကိုယ်ကိုကိုယ်မထင်သော်လည်း၊ ငါပြုသောအမှုတစ်ခုဟူမူကား၊ နောက်ကျသောအရာတို့ကိုမမှတ်ဘဲ ရှေ့၌ရှိသော အရာတို့ကိုလှမ်းကမ်း၍၊ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သော ဆုကိုရခြင်းငှါ၊ ပန်းတုံးတိုင်သို့ငါလိုက်ပြေး၏။" ဖိလိပ္ပိ ၃း၁၁-၁၄

## နေရာတိုင်းသင့်လျော်သောအမှုဆောင်

ဖိလိပ္ပိမြို့၌ထောင်ထဲတွင် ကျရောက်နေစဉ်အခါ၊ ကိုယ်ခန္ဓာ၌ညှဉ်းဆဲခြင်းဝေဒနာခံနေရသော်လည်း၊ သူ၏ချီးမွမ်းသီချင်းဆိုသံသည် ညသန်းခေါင်ယံ၏တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်လေသည်။ လျှင်လျှပ်ခြင်းကြောင့်. . . . . . . .

ထောင်တံခါးများပွင့်သွားပြီးနောက်၊ "ကိုယ်ကိုအပြစ်မပြုနှင့်၊ ငါတို့အပေါင်းသည် ရှိကြ၏"ဟု ထောင်မှူးကိုအားပေးသောသူ၏စကားသံကို ကြားရပြန်၏။ အချင်းချင်းဖြစ်သော အကျဉ်းသမားတစ်ယောက်က ကန့်ကွက်ခြင်းဖြင့်၊ လူတိုင်း မိမိနေရာမှာရှိနေကြသည်။

ပေါလုအားထောက်မသောယုံကြည်ခြင်းသည် အမှန်ရှိကြောင်းကို ထောင်မှူးသည် အသေအချာသိမြင်၍ ကယ်တင်ခြင်းသို့ရောက်ရာလမ်းကို မေးမြန်းပြီးနောက်၊ သူ၏အိမ်ထောင်သားများနှင့်အတူတကွ သူသည်ညှဉ်းဆဲခြင်းခံရသောသခင်ခရစ်တော်၏တပည့်တော်များနှင့်အတူ ပူးပေါင်းလေ၏။

ပေါလုသည် အာသင်မြို့၌အာရေတောင်ပေါ်တွင် စုဝေးနေသောလူတို့နှင့်တွေ့ဆုံသောအခါ၊ လောကဓါတ်ပညာ၊ ဆင်ခြင်တုံပညာ၊ ဖီလိုဆိုဖီခေါ်လောကီပညာတို့အကြောင်းကို ဆွေးနွေးပြောဆိုခဲ့ရသည်။ သူ၏ဟောပြောစကားကို နားထောင်နေသူတို့က မသိနားမလည်ဘဲ ကိုးကွယ်ကြသော "ငါတို့မသိသောဘုရားသခင်"အဖြစ်နှင့် ထာဝရဘုရားကို သူသည်မေတ္တာတော်အားဖြင့် ဖြစ်ပွားသောသူ၏ပင်ကိုယ်ဉာဏ်နှင့်၊ မည်ကဲ့သို့ညွှန်ပြသည်ကိုသတိပြုပါ။ သူတို့၏လင်္ကာဆရာများစပ်ဆိုထားသော စကားများကိုအကြောင်းပြုလျက်၊ ဘုရားသခင်သည်ခမည်းတော်ဖြစ်လျက် မိမိတို့သည် သားသမီးများဖြစ်ကြကြောင်း သူကသေချာစွာသရုပ်ဖော်ပြ၏။ လူအမျိုးအစားခွဲခြားထားသောခေတ်ကာလ၌ လူ၏အခွင့်အရေးကိုလုံးလုံးအသိအမှတ်မပြုဘဲနေကြသောအခါတွင်၊ သူက "ဘုရားသခင်သည် မြေတပြင်လုံး၌နေရသောလူအမျိုးမျိုးတို့ကို တသွေးတည်းဖန်ဆင်းတော်မူ၏"ဟု ပြောပြလျက်၊ လူတို့သည် ညီအစ်ကိုတော်စပ်ကြသည်ဟူသောမြင့်မြတ်သောသမ္မာတရားကို သူကဖော်ပြခဲ့သည်ကို သတိပြုပါ။

ဘုရားသခင်သည် လူတို့နှင့်ပြုမူစီမံတော်မူသော အမှုအပေါင်းတို့တွင် ဘုရားသခင်၏ကျေးဇူးတော်၊ ဂရုဏာတော်တို့နှင့်စပ်ဆိုင်သော ရည်ရွယ်ချက်များသည် ရွှေချည်ကြိုးများကဲ့သို့ ဆက်သွယ်လျက်နေသည်ကို သူကဖော်ပြ၏။ ဘုရားသခင်သည် "သူတို့အား ခွဲဝေစီမံသောအချိန်ကာလကိုငှင်း၊ သူတို့နေရာအပိုင်းအခြားကိုငှင်း မှတ်ထားတော်မူ၏။ အကြောင်းမူကား၊ လူတို့သည် ဘုရားသခင်ကိုရှာစမ်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ပေါလုသည် ကြာမြင့်စွာထောင်ကျနေသော်လည်း
ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေသေး၏

သဖြင့်၊ တွေ့ကောင်းတွေ့ကြလိမ့်မည်အကြောင်းတည်း။ သို့ဆိုသော်လည်း၊ ဘုရားသခင်သည် ငါတို့တွင် အဘယ်သူနှင့်မျှဝေးတော်မူသည်မဟုတ်။"

ဖေတ္တုမင်း၏အိမ်တော်၌ အဂြိပ္ပမင်းကြီးသည် ဧဝံဂေလိတရားနှင့်ဆိုင်သော သမ္မာတရားကို ကောင်းစွာသိမြင်လာသောအခါ၊ မင်းကြီးက "သင်သည် ဖြားယောင်းသွေးဆောင်သောအားဖြင့်၊ ငါသည် ခရစ်ယာန်ဖြစ်လုပြီဟု ပေါလုအားပြောဆို၏။ ပေါလုသည် မိမိ၏သံကြိုးများကိုညွှန်ပြပြီး၊ "ကိုယ်တော်မှစ၍ ယနေ့တွင် အကျွန်ုပ်၏စကားကို ကြားသောသူအပေါင်းတို့သည်၊ ဤသံကြိုးကိုထား၍ အကျွန်ုပ်ကဲ့သို့သောသူဖြစ်လုသည်သာမက လုံးလုံးဖြစ်စေခြင်းငှါ ဘုရားသခင်ကို အကျွန်ုပ်ဆုတောင်းပါသည်"ဟု မည်ကဲ့သို့ ယဉ်ကျေးသိမ်မွေ့စွာပြန်လျှောက်ထားသည်ကိုလည်း သတိပြုပါ။

သူဖော်ပြသောစကားများအတိုင်း သူ၏အသက်တာသည် ထိုသို့ကုန်လွန်သွား၏။ "အကြိမ်ကြိမ် ဒေသစာရီလှည့်လည်ပြီ။ မြစ်ကိုကူးသောဘေး၊ ထားပြတိုက်သောဘေး၊ အမျိုးသားချင်းပြုသောဘေး၊ တပါးအမျိုးသားပြုသောဘေး၊ မြို့ရွာ၌ရောက်သောဘေး၊ ပယ်လယ်ဘေး၊ ညီအစ်ကိုဖြစ်ယောင်ဆောင်သောသူတို့ပြုသောဘေး၊ ဤဘေးများကို ငါတွေ့ခဲ့ပြီ။ ပင်ပန်းစွာအမှုဆောင်ရွက်ခြင်း၊ အကြိမ်များစွာမအိပ်ဘဲ စောင့်နေခြင်း၊ မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း၊ အကြိမ်ကြိမ်အစာရှောင်ခြင်း၊ အချမ်းအအေးခံရခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဤဆင်းရဲခြင်းများကိုငါခံခဲ့ရပြီ။" ၂ကော ၁၁း၂၆-၂၇

"ကဲ့ရဲ့ခြင်းကိုခံရသောအခါ၊ မေတ္တာပို့ကြ၏။ ညှဉ်းဆဲနှိပ်စက်ခြင်းကိုခံရသောအခါ သည်းခံကြ၏။ အသရေရှုပ်ချခြင်းကို ခံရသောအခါ တောင်းပန်ကြ၏။" ၁ကော ၄း၁၂-၁၃။ "ဝမ်းနည်းသောသူကဲ့သို့ဖြစ်သော်လည်း အစဉ်ဝမ်းမြောက် သောသူ၊ ဆင်းရဲသောသူကဲ့သို့ဖြစ်သော်လည်း၊ လူများကိုရတတ်သောသူ၊ ဥစ္စာတစ် စုံတစ်ခုကိုမျှမပိုင်သောသူကဲ့သို့ ဖြစ်သော်လည်း အလုံးစုံတို့ကိုပိုင်သောသူဖြစ်သည်။" ၂ကော ၆း၁၀

## ချည်နှောင်ခြင်းခံရစဉ် အမှုဆောင်ရွက်ခြင်း

ပေါလုသည် အချိန်ကာလကြာရှည်စွာ အကျဉ်းသမားဖြစ်နေရသော်လည်း သခင်ဘုရားသည် မိမိ၏ထူးခြားသောအမှုတော်ကို သူ့အားဖြင့်တိုး . . . .

တက်ဆောင်ရွက်တော်မူ၏။ သူ့အားချည်နှောင်ထားသောသံကြိုးတို့သည် သခင်ခရစ်တော်၏အကြောင်းကို နှံ့ပြားစေဖို့ အကြောင်းရင်းဖြစ်၍ ထိုသို့အားဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေ၏။ သူ့အား စစ်ဆေးရန် တစ်မြို့မှတစ်မြို့သို့ ယူဆောင်သွားသောအခါ၊ ရှင်ဘုရင်နှင့်မြို့ဝန်မင်းများရှေ့၌ သခင်ယေရှုခရစ်၏ အကြောင်းကို သက်သေခံခြင်း၊ သူ၏ပြောင်းလဲခြင်းအကြောင်းနှင့် သက်ဆိုင်သော အဖြစ်အပျက်တို့ကိုပြန်ပြောပြခြင်းဖြင့်၊ ထိုမင်းများသည် သခင်ယေရှုအကြောင်းမကြားမသိဘဲမနေရကြချေ။ ထောင်ပေါင်းများစွာသောသူတို့သည် ကိုယ်တော်ကို ယုံကြည်ကြလျက်၊ ကိုယ်တော်၏နာမတော်၌ ဝမ်းမြောက်ခြင်းရှိကြ၏။

ပေါလုသည် ပင်လယ်၌ခရီးသွားရခြင်းဖြင့် ဘုရားသခင်၏ထူးခြားသော ရည်ရွယ်ချက်သည် ပြည့်စုံခဲ့သည်ကို ကျွန်ုပ်မြင်ရ၏။ သင်္ဘောသားတို့သည် ပေါလုအားဖြင့် ဘုရားသခင်၏တန်ခိုးတော်ကို ထိုသို့သိမြင်လာရလျက်၊ တပါးအမျိုးသားတို့သည်လည်း သခင်ယေရှု၏နာမတော်ကို ကြားသိရကြပြီး၊ ပေါလုသွန်သင်သော ဩဝါဒများကိုကြားနာရခြင်း၊ သူပြုသောနိမိတ်လက္ခဏာတို့ကိုမြင်ရခြင်းဖြင့်၊ အများသောသူတို့သည် စိတ်နှလုံးပြောင်းလဲခြင်းသို့ ရောက်ကြမည်အကြောင်း ဘုရားသခင်သည် ထိုသို့စီမံထားတော်မူပြီ။ ရှင်ဘုရင်များနှင့်မြို့ဝန်များတို့သည် သူကဆင်ခြင်စဉ်းစား၍ ပြောသောအချက်များကိုစွဲမက်သွားကြ၏။ ၎င်းပြင် စိတ်အားကြီးစွာနှင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့်၎င်း၊ မိမိ၏အဖြစ်အပျက်တို့နှင့်ဆိုင်သော စိတ်ဝင်စားဖွယ်အကြောင်းအရာတို့ကို ပြောပြသောအခါ၊ သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူကြောင်းကို သူတို့သည် စွဲမြဲစွာသိမှတ်နားလည်သွားကြလေ၏။

---၀၀---

# အခန်း (၄၃)
# ပေါလုနှင့် ပေတရုတို့အသတ်ခံရခြင်း

ပေါလုသည် တပါးအမျိုးသားတို့အထဲတွင် ဧဝံဂေလိတရားကို ဖြန့်ဖြူးနေစဉ်၊ ပေတရုသည်အထူးသဖြင့် ယုဒလူတို့အတွက် အမှုဆောင်ရွက်နေသဖြင့်၊ တမန်တော်ပေါလုနှင့်ပေတရုတို့သည် အမှုတော်ဆောင်ရွက်ကြရာ၌ နှစ်ပေါင်းများစွာတစ်ဦးနှင့်တစ်ဦး များစွာကွာခြားဝေးကွာလျက်ရှိကြသည်။ သို့ရာတွင် ဘုရားသခင်စီမံကြံစည်ထားတော်မူသည်အတိုင်း၊ နှစ်ဦးစလုံးတို့သည် ကမ္ဘာ့မြို့တော်ကြီးတစ်ခုတွင် သခင်ခရစ်တော်အတွက်သက်သေခံချက်၊ ထိုအရပ်၌ပင် သန့်ရှင်းသူများနှင့်ယုံကြည်ခြင်းအတွက် အသတ်ခံရသူများကို အလွန်များပြားစွာ ရိပ်သိမ်းခြင်းရရှိစေခြင်းငှါ ချပေးခဲ့သောမျိုးစေ့များအဖြစ်နှင့် မိမိတို့၏အသွေးကိုသွန်းခဲ့ရကြလိမ့်မည်။

ပေါလုကို ဒုတိယအကြိမ် ဖမ်းဆီးသောအချိန်လောက်တွင် ပေတရုသည်လည်းအဖမ်းခံရပြီးထောင်ထဲ၌ ကျရောက်နေလေ၏။ နတ်ဝိဇ္ဇာဆရာ၊ ရှိမုန်မာဂု၏လှည့်ဖြားခြင်းအမှုကို ထင်ရှားစွာဖော်ပြခြင်း၊ သူ၏မကောင်းသော အကြံအစည်က ဖျက်ပယ်ရာ၌ ပေါလုသည် စိတ်အားထက်သန်၊ အောင်မြင်သောအားဖြင့်၊ မင်းများ၊ အရာရှိများက သူ့ကို အထူးသဖြင့်မနှစ်သက်ကြချေ။ ထိုဆရာသည် ဧဝံဂေလိအမှုတော်ဆောင်ရွက်ခြင်းအလုပ်ကို တားဆီးနှောင့်ယှက်ရန် သူ၏နောက်သို့ ရောမမြို့တိုင်အောင် လိုက်ပါလာ၏။ နီရိုးဘုရင်သည် နတ်ဝဇ္ဇာအတတ်ကိုယုံကြည်၍ ရှိမုန်ကိုအားပေးကူညီ၏။ ထိုကြောင့် သူသည် တမန်တော်အပေါ်၌ အလွန်အမျက်ထွက်၍ ထိုသို့အားဖြင့် သူ့ကိုဖမ်းဆီးရန်အမိန့်ပေးလေ၏။

ဘုရင်မင်းမြတ်၏အိမ်ထောင်သားများနှင့် အခြားဂုဏ်အသရေရှိလူများတို့သည်လည်း ပထမအကြိမ် ပေါလုထောင်ထဲ၌နေရစဉ်အခါတွင် ခရစ်ယာန်ဘာသာသို့ ပြောင်းလဲသွားကြသောကြောင့် ဘုရင်မင်းမြတ်သည် ပေါလုကို အလွန်တရာမုန်းလေ၏။ ဤအကြောင်းကြောင့် သူ့အား ဒုတိယအကြိမ် ထောင်ထဲ၌ ချထားသောအခါ၊ ပထမအကြိမ်မှာထက်သာ၍ ကြပ်တည်းစွာပြုသဖြင့်၊ ဧဝံဂေလိတရားကိုဟောဖို့ အခွင့်အနည်းငယ်သာရရှိ . . . . . . . . . . . . . . . . . . . . . .

၏။

၄င်းပြင် သူ့ကိုသတ်ရန် ဆီလျော်သောအကြောင်းရင်းကိုရရှိနိုင်သည်နှင့် တပြိုင်နက် သူ၏အသက်ကိုသတ်ဖြတ်ပစ်ရန် ဆုံးဖြတ်ထား၏။ တမန်တော်အား နောက်ဆုံးစစ်ဆေးသောအခါက၊ တမန်တော်ပြောဆိုသောစကား၏ ထူးခြားသော အဓိပ္ပါယ်ကြောင့် နီရိုးဘုရင်၏စိတ်ထဲ၌အလွန်ထိခိုက်ခြင်းဖြစ်၍ သူသည် ပေါလု အားလုံးလုံးမလွှတ်၊ တခါတည်းစီရင်ချက်မချ၊ အမှုကို စီရင်ရန် ရက်ရွှေ့ဆိုင်းထား ၏။ စီရင်ချက်ချဖို့ကိုသာ ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။ နောက်များမကြာမှီသူအ ပေါ်၌ စီရင်ချက်ကိုချမှတ်သဖြင့်၊ ပေါလုသည် အသတ်ခံရလေ၏။ သူသည် ရောမ လူဖြစ်သောကြောင့်၊ ညှဉ်းဆဲခြင်းမခံရဘဲ၊ ခေါင်းဖြတ်၍သတ်ခြင်းခံရ၏။

ပေတရုမူကား ရောမလူမဟုတ်ဘဲ ယုဒလူဖြစ်သည်အလျောက် ရိုက်နှက် ညှဉ်းဆဲခြင်းနှင့် လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်းခံရလေ၏။ ဤကြောက်စရာ ကောင်းသော အသေသတ်ခြင်းကိုခံရမည်ဟု သိမြင်ရသောအခါ၊ သခင်ယေရှုအား စီရင်စစ်ဆေးနေစဉ်တွင် ကိုယ်တော်ကိုငြင်းပယ်ခဲ့ပါသည်။

မိမိ၏အပြစ်ကြီးကို တမန်တော်သည် သတိရသဖြင့်၊ မိမိ၏သခင်ဘုရား အသေခံတော်မူရသည်နည်းတူ သူ့အား သေဆုံးစေခြင်းအမှုသည် အလွန်မြတ် သောဂုဏ်အသေရဖြစ်နေသောကြောင့် ထိုသို့ပြုဖို့မထိုက်တန်ဟူ၍သာ သူသည် စဉ်းစားမိ၏။ ပေတရုသည် မိမိ၏ အပြစ်ကို စိတ်ပါစွာနောင်တရခဲ့၍ သိုးစုကို ကျွေးမွေးပြုစုရန် မြင့်မြတ်သောတာဝန်ကို အပ်ပေးတော်မူခဲ့ကြောင်းကို ထောက် ရှုခြင်းဖြင့် သူသည်အပြစ်လွှတ်ခြင်း အခွင့်ကိုခံယူရရှိခဲ့ပြီ။ သို့သော် သူသည် မိမိ ကိုယ်တိုင် မိမိဘယ်အခါမျှ အပြစ်မ လွှတ်နိုင်ချေ။

နောက်ဆုံးအချိန်၌ သူခံစားရမည့် ကြောက်စရာကောင်းသောဝေဒနာ များအကြောင်းကို စဉ်းစားမိသောအခါ၌ပင်၊ သူသည် မိမိအပြစ်အတွက်အလွန်ပင် ဝမ်းနည်း၊ နောင်တရနေသေး၏။

သူ့အား လက်ဝါးကပ်တိုင်၌ စောက်ထိုးရိုက်ထားခြင်းငှါ လူသတ်အာ ဏာသားတို့အား နောက်ဆုံးအခွင့်အရေးအဖြစ် သူကတောင်းပန်၏။ သူ၏ တောင်းပန်ချက်ကိုခွင့်ပြု၍ကြီးမြတ်သော တမန်တော်ကြီး ပေတရုသည် ဤနည်း အတိုင်းအသေခံရလေ၏။

## ပေါလု၏နောက်ဆုံးသက်သေခံချက်

ပေါလုအားလူသတ်သောနေရာသို့ လျှို့ဝှက်စွာခေါ်ဆောင်သွားရ၏။ လူသတ်အာဏာသားတို့သည် ပေါလု၏ထင်ရှားကျော်စောမှုအကြောင်းကို သိရှိ၍ သူအသတ်ခံရသည်ကိုမြင်ရခြင်းဖြင့်ပင် လူအများတို့သည် ခရစ်ယာန်ဘာသာသို့ ပြောင်းလဲသွားကြမည်ကိုစိုးရိမ်ကြ၏။ ထိုကြောင့် သူ့ကိုသတ်သည့်နေရာသို့ လူအနည်းငယ်သာလာရောက်ကြည့်ရှုဖို့ အခွင့်ပြု၏။ သို့ရာတွင် စိတ်ခိုင်မာသောစစ်သူရဲများသည် သူပြောဆိုသောစကားများကို ကြားနာရကြ၍ ထိုသို့အသတ်ခံရမည်ကိုသိလျက်ပင်၊ သူသည်ရွှင်လန်းစိတ်ပျော်လျက်နေသည်ကို အံ့သြစွာနှင့် မြင်ရကြ၏။ သူ့ကိုသတ်ဖြတ်သောသူတို့၏အပြစ်လွှတ်ခြင်းစိတ်သဘောနှင့်၊ အဆုံးတိုင်အောင် သခင်ခရစ်တော်၌ မတုန်မလှုပ်သောယုံကြည်အားထားခြင်းသဘောတို့ကား၊ သူအသေခံရသည်ကို မြင်ရသောသူတို့အဖို့ ထာဝရအသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွှေးအကြိုင်ဖြစ်လေ၏။ နောက်များမကြာမီ ပေါလုပြောခဲ့သော သူတို့တွင် တစ်ယောက်ထက်မကသော သူတို့သည် ကယ်တင်ရှင်ကို လက်ခံ၍ မိမိတို့၏အသွေးကိုသွန်းခြင်းဖြင့်၊ မိမိတို့၏ယုံကြည်ခြင်းတရားကို ရဲရင့်စွာနှင့် တံဆိပ်ခတ်ခဲ့ကြ၏။

နောက်ဆုံးအချိန်ရောက်သည်တိုင်အောင် ပေါလု၏အသက်တာအကြောင်းသည် သူ၏စကားအတိုင်းမှန်ကန်ကြောင်း ကောရိန်သုသြဝါဒစာဒုတိယစောင်တွင် ဤကဲ့သို့သက်သေခံထား၏။ "မှောင်မိုက်ထဲကအလင်းထွန်းလင်းမည်အကြောင်း မိန့်တော်မူသောဘုရားသခင်သည် ယေရှုခရစ်၏မျက်နှာ၌ထွန်းလင်းသောဘုရားသခင်၏ဘုန်းတော်ကို သိသောဉာဏ်၏အရောင်ကိုပေးလိုသော်၊ ငါတို့စိတ်နှလုံးထဲ၌ အလင်းကိုထွန်းလင်းစေတော်မူ၏။ သို့သော်လည်း တန်ခိုးတော်ဂုဏ်အသရေသည် ငါတို့နှင့်မဆိုင်၊ ဘုရားသခင်နှင့်ဆိုင်မည်အကြောင်း၊ ထိုဘဏ္ဍာသည် မြေအိုးထဲမှထည့်ထားလျက်ရှိ၏။ ငါတို့သည် အမျိုးမျိုးသောနှောင့်ယှက်ခြင်းခံရသော်လည်း အကျိုးနည်းခြင်းသို့မရောက်။ မကြံစည်နိုင်အောင်ရှိသော်လည်း စိတ်မပျက်။ ညှဉ်းဆဲခြင်းခံရသော်လည်း ရှုံးခြင်းမရှိ။ သခင်ယေရှုသည် အသက်ရှင်တော်မူကြောင်းကို . . . . . . . . . . . . . . . . . .

ငါတို့ကိုယ်ခန္ဓာ၌ ထင်ရှားခြင်းငှါ၊ ယေရှု၏သေတော်မူခြင်းကို အစဉ်မပြတ် ငါတို့၏ ကိုယ်ခန္ဓာ၌ဆောင်ရကြ၏။" ၂ကော၊ ၄း၆-၁၀။ သူသည် မိမိကိုယ်ကိုအားထားခြင်းမရှိဘဲ၊ သူ၏စိတ်ဝိညာဉ်၌ပြည့်ဝနေ၍ သူ၏အကြံအစည်ရှိသမျှကို သခင်ခရစ်တော်အလိုသို့လိုက်စေသော ဝိညာဉ်တော်၏လက်အောက်၌၎င်း၊ ထိုဝိညာဉ်တော်၏ပြုပြင်ခြင်းတန်ခိုး၌၎င်း၊ အားထားလျက်ရှိ၏။ သူဟောပြောသော သမ္မာတရားနှင့်အညီ၊ သူ၏အသက်တာ၌ ကိုယ်တိုင်ပုံသက်သေပြခဲ့သည့်အတွက် သူဟောပြောရာ၌၎င်း၊ သူ၏အမူအရာအသွင်အပြင်၌၎င်း ထင်ရှားသောတန်ခိုးကိုရရှိခဲ့၏။ "စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ခိုလှုံသောကြောင့်၊ ငြိမ်သက်ခြင်းသက်သက်ရှိမည်အကြောင်း စောင့်ရှောက်တော်မူလိမ့်မည်"ဟု ပုရောဖက်တပါးက ဖော်ပြထား၏။ ဟေရှာယ၊ ၂၆း၃။ ကောင်းကင်မှသက်ရောက်သော ဤငြိမ်သက်ကခြင်းမျိုးသည် သူ၏မျက်နှာ၌ထင်ရှားလာသဖြင့်၊ သူသည် ဧဝံဂေလိတရားတော်အတွက် ဝိညာဉ်အများကိုရရှိလေ၏။

တမန်တော်သည် စိတ်မချခြင်း၊ ကြောက်လန့်ခြင်းမရှိဘဲ၊ ဝမ်းမြောက်တောင့်တသောစိတ်နှင့်မျှော်လင့်လျက်၊ အလွန်ဝေးလံသောအရပ်ဒေသကို ကျော်လွန်ကြည့်ရှုနေလေ၏။ သူသည် အသတ်ခံရမည့်နေရာ၌ရပ်နေစဉ် လူသတ်အာဏာသားတို့၏တောက်ပြောင်သောထားကို၎င်း၊ သူ၏အသွေးကို မကြာမှီခံယူရမည့်စိမ်းသောမြေကြီးကို မမြင်ဘဲ၊ နွေကာလ၏ကောင်းကင်ပြာကိုထိုးဖောက်လျက် ထာဝရအရှင်ဘုရားသခင်၏ပလ္လင်တော်ကို မျှော်ကြည့်နေ၏။

"အို၊ သခင်ဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏နှစ်သိမ့်စရာအကြောင်း၊ အကျွန်ုပ်၏အဖို့ ဖြစ်တော်မူ၏။ ကိုယ်တော်ကိုဘယ်သောအခါ အကျွန်ုပ်ပွေ့ရမည်နည်း။ စပ်ကြားတွင် မှေးမိန်စေသော အကွယ်အကာမရှိဘဲ၊ ကိုယ်တော်ကို မိမိကိုယ်တိုင်ဘယ်သောအခါ ကြည့်မြင်ရပါမည်နည်း"ဟု သူက ပြောဆိုခဲ့၏။

ပေါလုသည် မြေကြီးပေါ်၌ အသက်ရှင်နေသမျှကာလပတ်လုံး မိမိအသက်တာ၌ ကောင်းကင်သဘောများကို ထင်ရှားစေခဲ့လေပြီ။ ပေါလုသည် သခင်ခရစ်တော်နှင့်၎င်း၊ ကောင်းကင်တမန်တို့နှင့်၎င်း၊ ဆက်ဆံပေါင်းသင်းလျက်ရှိသည်ကို သူနှင့်ပေါင်းဖော်သောသူအပေါင်းတို့က သိရှိရကြသည်။ ဤ. . . . . . .

နေရာ၌ သမ္မာတရား၏တန်ခိုးသည် ထင်ရှား၏။ ခရစ်ယာန်ဘာသာတရားကိုအကျိုးဖြစ်ထွန်းစေရန် အထင်ရှားဆုံးပြုပြင်ပေးသော တရားဟောချက်ကား၊ သန့်ရှင်းသော အသက်တာ၏တင်ကူးကြံစည်ထားခြင်းမရှိ၊ အမှတ်မဲ့ဖြစ်သော တန်ခိုးသြဇာပင်ဖြစ်သည်။ ပြန်၍မချေပနိုင်သောအခါ၌ပင်၊ ငြင်းခုံခြင်းအမှုသည် တားဆီးကန့်ကွက်ခြင်းကိုသာဖြစ်စေလိမ့်မည်။ သို့သော် ဘုရားဝတ်၌ မွေ့လျော်ခြင်း ပုံသက်သေကား၊ လုံးလုံးတားဆီးခြင်းငှါ မပြုနိုင်သောတန်ခိုးနှင့်ပြည့်စုံ၏။

တမန်တော်သည် မိမိမကြာမှီခံစားရမည့်ဝေဒနာများကို အမှုမထားဘဲ နေစဉ်၊ ပြုစုခြင်း၊ မုန်းခြင်း၊ ညှဉ်းဆဲခြင်းတို့ကိုခံရခြင်းငှါ၊ မိမိထားခဲ့ရသော တပည့်တော်များအတွက် များစွာပင်စိုးရိမ်ပူပန်လျက်ရှိ၏။ ဖြောင့်မတ်ခြင်းတရားအတွက် ညှဉ်းဆဲခြင်းခံရသောသူတို့အဖို့ ဖော်ပြထားသည့် အလွန်တရာအဖိုးထိုက်သော ဂတိတော်များကို ပြန်၍ရွတ်ဆိုပြခြင်းဖြင့်၊ လူသတ်သောနေရာသို့ မိမိနှင့်အတူလိုက်လာသော ခရစ်ယာန်အနည်းငယ်တို့အား ခွန်အားရှိစေဂ္ဂန် သူကကြိုးစား၍ အားပေးတိုက်တွန်းခဲ့သေးသည်။ စုံစမ်းခြင်းခံရ၍ သစ္စာရှိသော မိမိ၏လူများအတွက် ထာဝရဘုရားမိန့်တော်မူသောစကားတစ်စုံတစ်ခုမျှ မပျက်မကွက်နိုင်ဟု သူတို့အား ယုံကြည်စိတ်ချစေရန် အာမခံသေး၏။

ထာဝရဘုရား၏အလင်း ရောင်ခြည်သည် သူတို့အပေါ်၌ ထွန်းတောက်မည်ဖြစ်သောကြောင့် သူတို့သည် ထမြောက်၍ ရောင်ခြည်နှင့်ထွန်းလင်းလာကြလိမ့်မည်။ ထာဝရဘုရား၏ဘုန်းတော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ သူတို့သည် လှပတင့်တယ်သော ဝတ်လုံများကို ဝတ်ဆင်ရကြလိမ့်မည်။

အချိန်အနည်းငယ်ကြာသူတို့သည် စုံစမ်း သွေးဆောင်ခြင်းအမျိုးမျိုးဖြင့် စိတ်လေးလံနေလျက် လောကီသက်သာခြင်းများနှင့် ကင်းလွတ်နေကြလိမ့်မည်။ သို့ရာတွင် ငါသည် မည်သူ၌ယုံကြည်သည်ကိုငါသိ၏။ ငါသည် ကိုယ်တော်ထံ အပ်နှံထားသောအရာကို ကိုယ်တော်သည် စောင့်ထိန်းထားနိုင်တော်မူ၏။ ကိုယ်တော်၏ဆုံးမခြင်းအမှုသည်ကုန်ဆုံး၍ ငြိမ်သက်ခြင်းနှင့်စုံလင်သောနေ့၏ ဝမ်းမြောက်ဖွယ်နံနက်အချိန်သည် ရောက်လာတော့မည်ဟု ပြောဆိုလျက် မိမိတို့စိတ်နှလုံးကိုအားပေးတိုက်တွန်းရကြမည်။

ကျွန်ုပ်တို့၏ကယ်တင်ရှင်ဗိုလ်ချုပ်ကြီးသည် မိမိ၏ကျွန်အား နောက်ဆုံးကြီးကျယ်သောတိုက်လှန်မှုအတွက် ပြင်ဆင်ပေးတော်မူပြီ။ သခင်ခရစ်တော်၏ စွန့်စားပူဇော်ခြင်းဖြင့် ရွေးနှုတ်ခြင်းခံရ၍ ကိုယ်တော်၏အသွေးတော်၌ အပြစ်ကို ဆေးကြောခြင်းခံရပြီး၊ ဖြောင့်မတ်ခြင်းဝတ်လုံကိုဝတ်ဆင်ရလျက်၊ မိမိ၏ဝိညာဉ်သည် မိမိ၏ရွေးနှုတ်ရှင်မျက်မှောက်၌ အဖိုးထိုက်တန်သည်ဟု ပေါလုသည် မိမိကိုယ်တိုင်၌သက်သေခံတော်မူခဲ့ပြီ။ သူ၏အသက်သည် ဘုရားသခင်၌ သခင်ခရစ်တော်နှင့်အတူ ဝှက်ထားလျက်ရှိ၍ သေခြင်းကိုအောင်မြင်တော်မူသောအရှင်သည် မိမိ၌အပ်ထားသောအရာကို စောင့်ထိန်းထားနိုင်တော်မူသည်ကို သူသည် အမှန်ယုံကြည်၏။

"နောက်ဆုံးသောနေ့၌ ထိုသူအပေါင်းတို့ကိုထမြောက်စေမည်" ဟူသော ကယ်တင်ရှင်၏ဂတိတော်ကို သူသည်စိတ်စွဲလန်းလျက်နေ၏။ ယောဟန် ၆း၄၀။ သူ၏အကြံအစည်၊ မြော်လင့်ချက်တို့သည် သခင်ဘုရားဒုတိယအကြိမ်ကြွလာတော်မူခြင်းအပေါ်၌သာတည်ရှိနေကြ၏။ လူသတ်အာဏာသား၏ထားသည် လည်ကုပ်ပေါ်သို့ကျဆင်းနေလျက်၊ သန့်ရှင်းသူ၏စိတ်ဝိညာဉ်ထဲ၌ သေမင်း၏အရိပ်လွှမ်းမိုးနေစဉ်၊ ကြီးကျယ်သောနိုးထခြင်းကို သူသည် ပထမဦးစွာကပင် စဉ်းစားဆင်ခြင်နေသကဲ့သို့ ကောင်းကြီးမင်္ဂလာကိုခံစားဖို့ရန် ခရီးဦးကြိုပြုမည့် အသက်သခင်ကိုတွေ့ဆုံရန် သူသည်နောက်ဆုံးစဉ်းစားမြော်လင့်လျက်ရှိလေ၏။

ဘုရားသခင်၏နှုတ်ကပါတ်တော်အတွက်၊ သခင်ခရစ်တော်၏သက်သေခံချက်အတွက်၊ အသက်ကြီးရင့်သောပေါလုသည် သက်သေခံအဖြစ်နှင့် မိမိအသွေးကိုသွန်းခဲ့သည်မှာ နှစ်ပေါင်းနှစ်ထောင်နီးပါးရှိလေပြီ။

ဤသန့်ရှင်းသော သူ၏ အသက်တာတွင် နောက်ဆုံးဖြစ်ပျက်သည်အကြောင်းအရာကို နောက်ပေါက်ပွါးလာကြမည့်လူမျိုးအတွက် သစ္စာရှိသောသူတို့က ရေးမှတ်မထားခဲ့ကြသော်လည်း သူသေခါနီးသက်သေခံခဲ့သောအကြောင်းတို့ကို ဗျာဒိတ်တော်က ကျွန်ုပ်တို့အတွက် ထိန်းသိမ်းထားခဲ့ပါသည်။ သူ၏စကားသံသည် တံပိုးခရာသံကဲ့သို့ ကာလအဆက် ဆက်မြည်လျက် ထောင်ပေါင်းများစွာသော သက်သေခံတို့အား သခင်ခရစ်တော် အတွက် အားပေးနှိုးဆော်၍၊ စိတ်နှလုံးကြေကွဲလျက်ရှိသောသူတို့၏စိတ်ထဲ၌ သူ၏အောင်မြင် . . . . . . . . . . . . . . . .

ဝမ်းမြောက်ဖွယ်ကြွေးကြော်သံကို ထပ်မံ၍ ပဲ့တင်ထပ်စေခဲ့လေပြီ။ သူ၏သက်သေခံချက်ကား၊ အောက်ပါအတိုင်းဖြစ်၏။ "ငါ့ကို ယဇ်ပလ္လင်ပေါ်မှာလောင်းရသောအချိန်ရှိပြီ။ စုတေ့ရသောအချိန်ရောက်လေပြီ။ ကောင်းစွာတိုက်လှန်ခြင်းကိုငါပြုပြီ။ ပြေးရသောလမ်းကို အဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်းတရားကိုစောင့်ရှောက်ပြီ။ ယခုမှစ၍ ဓမ္မသရဖူသည် ငါ့အဖို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌တရားသဖြင့်စီရင်သောသူတည်းဟူသော သခင်ဘုရားသည် ထိုသရဖူကိုငါ၌အပ်ပေးတော်မူမည်။ ထိုမျှမက၊ ပေါ်ထွန်းတော်မူခြင်းကို တောင့်တသောသူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်။" ၂တိမောသေ ၄း၆-၈

---ဝဝ---

## အခန်း (၄၄)
## ကြီးစွာသောဖောက်ပြန်ခြင်း

သခင်ယေရှုသည် မိမိ၏တပည့်တော်တို့အား ယေရုရှလင်မြို့၏ကံကြမ္မာ အကြောင်းနှင့် ဒုတိယအကြိမ် ပြန်ကြွလာမည့်အခါ ဖြစ်ပျက်မည့်အကြောင်းများကို ဖော်ပြတော်မူသောအခါ သူတို့ထံမှယူဆောင်ခဲ့ခွာခြင်းခံရသောအချိန်မှစ၍ သူတို့ကိုကယ်နှုတ်ရန် တန်ခိုးတော်၊ ဘုန်းတော်နှင့်ပြန်ကြွလာတော်မူမည့် အချိန် တိုင်အောင် မိမိ၏လူများတွေ့ကြုံရကြမည့်အဖြစ်အပျက်များအကြောင်းကိုလည်း ကြိုတင်ဖော်ပြတော်မူသေး၏။ သံလွင်တောင်ပေါ်မှနေ၍ ကယ်တင်ရှင်သည် တမန်တော်အပေါ်၌ ကျရောက်မည့်ညှဉ်းဆဲခြင်းတည်းဟူသော မုန်တိုင်းကို ကြိုတင်သိမြင်တော်မူသည်အပြင်၊ နောင်ကာလကိုကျော်လွန်ပြီး လာလတ္တံ့သော မှောင်မိုက်နှင့်ညှဉ်းဆဲခြင်းခေတ်အဆက်ဆက်တွင် မိမိ၏တပည့်တော်တို့အပေါ်၌ ကျရောက်မည့်ပြင်းထန်စွာဖျက်ဆီးသောမုန်းတိုင်းကိုပင် ကိုယ်တော်သည် သိမြင် တော်မူခဲ့သည်။ ဤလောက၏မင်းများတို့သည် ဘုရားသခင်၏အသင်းတော်အ ပေါ်၌ မည်ကဲ့သို့စီမံခဲ့ခန့်ပြုမူကြမည်အကြောင်း၊ ကြောက်စရာကောင်းသောအနက် အဓိပ္ပါယ်ပါရှိသော စကားအနည်းငယ်ဖြင့် ကြိုတင်ဖော်ပြတော်မူ၏။ သခင်ခရစ် တော်၏တပည့်တော်များတို့သည် မိမိတို့သခင်ဘုရားလိုက်ရောက်ခဲ့သော ရှုတ်ချ ခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်းနှင့်ဒုက္ခဆင်းရဲခြင်းလမ်းတွင် ရောက်သွားရကြမည်။ လောက၏ရွေးနှုတ်ရှင်အပေါ်၌မုန်းထား၊ ရန်ငြိုးဖွဲ့လိုသောစိတ်သဘော မျိုးရှိခဲ့ကြသည်နည်းတူ ကိုယ်တော်၏နာမတော်ကို ယုံကြည်သောသူအပေါင်းတို့ အပေါ်၌လည်း ထိုကဲ့သို့သော စိတ်ထားမျိုးရှိလာကြလိမ့်မည်။

ကယ်တင်ရှင်၏စကားများသည် မှန်ကန်ပြည့်စုံခဲ့သည်ကို ရှေးဦးအသင်း တော်၏ရာဇဝင်ကသက်သေခံ၏။ လောကီမင်းများနှင့်ငရဲကို အစိုးရသောမင်း တို့သည် ပူးပေါင်းလျက်၊ သခင်ခရစ်တော်၏တပည့်တော်များတဖက်၌ စစ်ခင်း ကျင်းခြင်းအားဖြင့် ကိုယ်တော်ကိုဆန့်ကျင်ဘက်ပြုကြ၏။ ဧဝံဂေလိတရားသည် အောင်မြင်လျှင်၊ မိမိတို့၏ဘုရားကျောင်းဆောင်များ၊ ယဇ်ပလ္လင်များတို့သည် ပျောက်ကွယ်သွားကြလိမ့်မည်ဟု ရုပ်ဆင်းတုကိုး. . . . . . . . . . . . . . . . . .

ကွယ်သူများက ကြိုတင်သိမြင်ကြ၏။ သူတို့အပေါင်းတို့သည် အင်အားရှိသမျှစုပေါင်း၍ ခရစ်ယာန်ဘာသာကို ဖျက်ဆီးရန် ကြံစည်ကြ၏။ ညှဉ်းဆဲခြင်းမီးတောက်များကို တောက်လောင်စေကြပြီ။ ခရစ်ယာန်များထံမှရှိသမျှပစ္စည်းဥစ္စာများကိုလုယူလျက် သူတို့အား အိမ်မှနှင်ထုတ်ကြ၏။ သူတို့သည် "ကြီးစွာသောဒုက္ခဝေဒနာများကို ဆိုင်ပြိုင်တိုက်လှန်ခြင်းနှင့် တွေကြုံရကြ၏။ သူတို့သည် "ကဲ့ရဲ့ရိုက်ပုတ်ခြင်း၊ ချည်နှောင်ခြင်းကိုခံ၍ ထောင်ထဲမှနေသဖြင့်စုံစမ်းခြင်းကိုခံရကြ၏။" ဟေဗြဲ၊ ၁၁း၃၆။ များစွာသောသူတို့သည် မိမိတို့၏သက်သေခံချက်များကိုမိမိတို့သွန်းခဲ့သောအသွေးဖြင့် တံဆိပ်ခတ်ခဲ့ရကြပြီ။ ဂုဏ်အသရေရှိသူနှင့်ကျွန်များ၊ ကြွယ်ဝချမ်းသာသောသူနှင့် ဆင်းရဲသူများ၊ ပညာရှိနှင့်ပညာမဲ့များတို့သည် ဂရုဏာကင်းမဲ့စွာ အတူတကွညှဉ်းဆဲသတ်ဖြတ်ခြင်းခံခဲ့ရကြပြီ။

သခင်ခရစ်တော်၏အသင်းတော်ကို ကြမ်းတမ်းသောနည်းဖြင့် ဖျက်ဆီးရန် စာတန်ကြိုးပမ်းခဲ့သောအမှုများသည် အချည်းနှီးသက်သက်ဖြစ်ကြ၏။ သခင်ယေရှု၏တပည့်တော်များတို့သည် ကြီးစွာသောတိုက်လှန်ပွဲ၌မိမိတို့၏အသက်ကိုစွန့်လျက် မိမိတို့၏အလံတော်ကိုကိုင်ဆောင်ကာ သစ္စာနှင့်သေဆုံးသွားရကြသော်လည်း ထိုတိုက်လှန်ပွဲသည်မပြီးဆုံးသေး။ သူတို့၏ဆုံးရှုံးခြင်းဖြင့် သူတို့သည် အောင်မြင်ခြင်းရရှိကြ၏။ ဘုရားသခင်၏အမှုတော်ဆောင်များတို့သည် အသတ်ခံရကြသော်လည်း ဘုရားသခင်၏အမှုတော်သည် တဖြည်းဖြည်းတိုးတက်လျက်ရှိသည်။ ဧဝံဂေလိတရားသည် ဆက်လက်နှံ့ပြားနေ၍ ၎င်းကိုစွဲလန်းခံယူသော သူတို့သည်လည်း တိုးပွားလာ၏။

ရောမနိုင်ငံ၏ပြည်နယ်များတိုင်အောင် သွားရောက် ရန်ခဲယဉ်းသောနေရာများတိုင်အောင် ၎င်းတရားသည် ထိုးဖောက်ရောက်ရှိသွားသည်။ ညှဉ်းဆဲခြင်းအမှုကိုဆက်လက်ပြုရန် အားပေးတိုက်တွန်းနေသော ရုပ်ဆင်းတုကိုးကွယ်သောမင်းများအားပြန်၍ ဟန့်တားပြောဆိုနေရာ၌ ခရစ်ယာန်တစ်ယောက်က အောက်ပါအတိုင်းဖော်ပြ၏။

သင်တို့သည် "ငါတို့ကိုသတ်ဖြတ် ညှဉ်းဆဲ၊ စီရင်နိုင်ကြသည်။ သင်တို့မတရားပြုသောအမှုအားဖြင့်ငါတို့သည် အပြစ်ကင်းကြောင်း သက်သေထင်ရှား၏။ သင်တို့၏ရက်စက်မှုသည် သင်တို့အား အကျိုးမပေး။" ဤအမှုသည် အခြားသောသူတို့အား သူတို့၏. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

အယူဝါဒကိုလက်ခံစေရန် သာ၍ပြင်းထန်စွာသွေးဆောင်လေပြီ။ "ငါတို့အား သင်တို့သည် မကြာမကြာသတ်ဖြတ်လေလေ၊ ငါတို့သည် သာ၍တိုးပွါးလေလေ ဖြစ်၏။ ခရစ်ယာန်တို့၏အသွေးသည် မျိုးစေ့ဖြစ်၏။"

ထောင်ပေါင်းများစွာသောသူတို့သည် ထောင်ထဲသို့ကျရောက်၍ အသတ်ခံရကြ၏။ သို့သော် သူတို့အစားအခြားသောသူများပေါ်လာကြ၏။ ယုံကြည်ခြင်းတရားအတွက် အသတ်ခံရကြသောသူတို့သည် သခင်ခရစ်တော်ထံသို့လုံခြုံစွာရောက်ရှိကြ၍ ကိုယ်တော်သည် သူတို့အား အောင်မြင်ကြသောသူများဖြစ်ကြသည်ဟု မှတ်တော်မူ၏။ သူတို့သည် ကောင်းစွာတိုက်လှန်ခြင်းကိုပြုခဲ့ကြသဖြင့်၊ သခင်ခရစ်တော်ကြွလာတော်မူသောအခါ၊ ဘုန်းရှိသောသရဖူကိုရရှိကြလိမ့်မည်။ သူတို့ခံရသော ဒုက္ခဆင်းရဲခြင်းအမှုအားဖြင့်၊ ခရစ်ယာန်တို့သည် အချင်းချင်းရင်းနှီးစွာဆက်ဆံလာကြလျက်၊ မိမိတို့၏ရွေးနှုတ်ရှင်နှင့်သာ၍ နီးကပ်လာကြ၏။ သူတို့အသက်ရှင်စဉ် ပြခဲ့သောပုံသက်သေနှင့်သေခါနီးပြခဲ့သော သက်သေခံချက်တို့သည် သမ္မာတရားအတွက် အမြဲသက်သေခံသောအရာဖြစ်၏။ ၎င်းပြင် အနည်းငယ်သာ မြော်လင့်သော်လည်း၊ စာတန်၏လက်အောက်ငယ်သားများတို့သည် သူ၏အမှုထမ်းခြင်းမှထွက်လာ၍ သခင်ခရစ်တော်၏အလံတော်အောက်၌ အမှုထမ်းနေကြလေပြီ။

## ရုပ်ဆင်းတုကိုးကွယ်မှုနှင့် နေ့စပ်ဆက်သွယ်ခြင်း

ထို့ကြောင့် စာတန်သည် မိမိ၏အလံကိုခရစ်ယာန်အသင်းတော်ထဲ၌ စိုက်ထူထားခြင်းဖြင့်၊ ဘုရားသခင်အုပ်စိုးခြင်းအာဏာကို သာ၍အောင်မြင်စွာ တိုက်ခိုက်ရန် စီမံကြံစည်ထား၏။ သခင်ခရစ်တော်၏တပည့်တော်များအား လှည့်ဖြား၍ ဘုရားသခင်ကိုမနှစ်သက်ကြစေရန် သွေးဆောင်နိုင်လျှင်၊ သူတို့၏ခွန်အား ၊ စိတ်နှလုံးခိုင်မြဲ၊ တည်တံ့မှုတို့သည် ပျက်စီး၍ သူတို့ကို အလွယ်တကူကျဆုံးစေနိုင်လိမ့်မည်။

ရန်သူကြီးသည် အကြမ်းဖက်မှုဖြင့် မအောင်မြင်ခဲ့သောအမှုကို ယခုပရိယာယ်အားဖြင့် အောင်မြင်ရန်ကြိုးစား၏။ ညှဉ်းဆဲခြင်းအမှုသည် ရပ်စဲသွား၍ ၎င်းနေရာတွင်လောကီစည်းစိမ်နှင့်ဂုဏ်အသရေတို့ကို မက်မောစေရန် ကြောက်မက်ဖွယ်ဖြားယောင်းသွေးဆောင်မှုကိုအစားသွင်းထား၏။ ရုပ်ဆင်းတုကိုးကွယ်သူတို့အား ခရစ်ယာန်၏ဩဝါဒများတွင် အချို့အပိုင်းအ. . . . . . . . . . . . . .

စများကိုလက်ခံစေပြီးလျှင်၊ အရေးကြီးသော အခြားသမ္မာတရားများကိုကား ငြင်းပယ်ထားကြ၏။ သခင်ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကိုလက်ခံ၍ ကိုယ်တော်အသေခံတော်မူခြင်းနှင့် ထမြောက်တော်မူခြင်းကို ယုံကြည်ကြသည်ဟု ဟန်ဆောင်ပြောဆိုကြ၏။

သို့သော် သူတို့သည် မိမိတို့၏အပြစ်ကို ထင်ရှားစွာမမြင်ကြ။ နောင်တရဖို့၊ စိတ်နှလုံးပြောင်းလဲဖို့မလိုဟု ထင်ကြ၏။ အားလုံးတို့သည် သခင်ခရစ်တော်ကိုယုံကြည်ခြင်းအမှု၌ ညီညွတ်စွာပူးပေါင်းနိုင်ကြ မည်အကြောင်း၊ သူတို့ဘက်က အချို့သောအချက်တို့ကို အလျှော့ပေးခွင့်လွှတ်သည်နည်းတူ၊ ခရစ်ယာန်များကလည်း အချို့အချက်တို့ကို အလျှော့ပေးခွင့်လွှတ်သင့်သည်ဟု သူတို့က အကြံပေးကြ၏။

ယခုအသင်းတော်သည် ကြောက်စရာကောင်းသော ဘေးဥပဒ်တွင် ကျရောက်နေ၏။ ထောင်ကျခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်း၊ မီးနှင့်ရှို့ခြင်း၊ ထားနှင့်ကွပ်မျက်ခြင်းအမှုတို့သည် ဤဘေးဥပဒ်နှင့်နှိုင်းစာကြည့်လျှင်၊ ကောင်းကြီးမင်္ဂလာများဖြစ်ကြ၏။ အချို့သော ခရစ်ယာန်တို့သည်မြဲမြံခိုင်မာစွာခုခံလျက်၊ သူတို့သည် ထိုသို့သဘောတူစေ့စပ်ခြင်းအမှုကို မပြုနိုင်ဟု ဖော်ပြကြ၏။ သူတို့သည် မိမိတို့၏ယုံကြည်ခြင်းတရား၏အချို့သောအချက်များကို လိုက်လျောခွင့်ပြု၊ သို့မဟုတ် တနည်းတဖုံပြောင်းလဲပေး၍ ခရစ်ယာန်ဘာသာ၏အချို့ အယူဝါဒများကို လက်ခံသောသူတို့နှင့်ညီညွတ်စွာပူးပေါင်းလျှင်၊ ထိုနည်းအားဖြင့် သူတို့အား လုံးလုံးစိတ်ပြောင်းလဲစေလိမ့်မည်ဟု အခြားသူတို့က ဆင်ခြင်ပေးကြ၏။ ထိုအချိန်သည် သခင်ခရစ်တော်၏သစ္စာရှိတပည့်တော်များအတွက် အလွန်ပြင်းထန်စွာစိတ်ဒုက္ခ ရောက်စေသောအခါဖြစ်၏။ ခရစ်ယာန်ဘာသာ၏အယောင်ကိုဆောင်လျက်၊ အသင်းတော်သားတို့၏ယုံကြည်ခြင်းတရားကိုဖျက်ဆီး၍ သမ္မာတရားနှင့်ဆိုင်သော နှုတ်ကပါတ်တော်မှ သူတို့၏စိတ်ကိုပြောင်းလဲသွားစေရန် စာတန်သည် အသင်းတော်ထဲ၌ မိမိကိုယ်ကို တဖြည်းဖြည်းအယုံအကြည်သွင်းလျက်၊ ရောက်ရှိလာလေ၏။

အဆုံး၌ ခရစ်ယာန်လူစုတွင် အများသောသူတို့သည် မိမိတို့၏ အလံတော်ကို အောက်သို့နှိမ့်ချလျက်၊ ခရစ်ယာန်ဘာသာနှင့် ရုပ်ဆင်းတုကိုးကွယ်ရေးဘာသာနှစ်ခုတို့ကို ပူးပေါင်းကြလေ၏။ ရုပ်ဆင်းတုကိုးကွယ်သူတို့သည် . . .

စိတ်ပြောင်းလဲကြသည်ဟုဆို၍ အသင်းတော်နှင့် ပူးပေါင်းကြသော်လည်း ရုပ်ဆင်းတုကိုးကွယ်မှုကိုစွဲလန်းနေကြလျက်၊ သခင်ယေရှု၊ မယ်တော်မာရိနှင့်သန့်ရှင်းသူတို့၏ရုပ်တုတို့ကို ဝတ်ပြုကိုးကွယ်ခြင်းအမှုအားဖြင့် ကိုးကွယ်နည်းကိုသာ ပြောင်းလဲခဲ့ကြလေသည်။ ထိုသို့ အသင်းတော်၌တည်ထွင်လာသည့်ညစ်ညမ်းသောတဆေးတည်းဟူသော ရုပ်တုကိုးကွယ်မှုသည် ဉပဒ်ရောက်စေသော မိမိ၏အမှုကိုဆက်လက်တိုးပွါးလာစေ၏။ မမှန်သော ဩဝါဒများ၊ အယူသီးသော ကိုးကွယ်နည်းများနှင့် ရုပ်ဆင်းတုကိုးကွယ်ရေးဆိုင်ရာအခမ်းအနား၊ ပွဲလမ်းများတို့ကို အသင်းတော်၏ယုံကြည်ခြင်းတရားနှင့် ကိုးကွယ်ရေးတို့တွင် ဖက်စပ်ထည့်သွင်းလာကြလေ၏။ သခင်ခရစ်တော်၏တပည့်တော်များသည် ရုပ်ဆင်းတုကိုးကွယ်သူတို့နှင့် ပူးပေါင်းလာကြသောအခါ၊ ခရစ်ယာန်ဘာသာတရားသည် ပျက်စီးလာ၍၊ အသင်းတော်သည် မိမိ၏ဖြူစင်သန့်ရှင်းခြင်းအဖြစ်နှင့် တန်ခိုးကိုဆုံးရှုံးလေ၏။

သို့သော် ဤလှည့်ဖြားသွေးဆောင်ခြင်းအမှုအားဖြင့် လမ်းမှားကိုမလိုက်ဘဲ နေကြသောသူအချို့ရှိကြသေး၏။ သူတို့သည် သမ္မာတရားကို စီရင်တော်မူသောအရှင်ဘက်၌ သစ္စာစောင့်ကြလျက်၊ ဘုရားသခင်ကိုသာ ဝတ်ပြုကိုးကွယ်ကြ၏။ သခင်ခရစ်တော်၏တပည့်တော်များဟုဆိုသောသူတို့တွင် အမြဲသဖြင့် လူနှစ်စားရှိပေသည်။ လူတစားသည် ကယ်တင်ရှင်၏အကြောင်းအရာ အထုပ္ပတ္တိကိုလေ့လာ၍ မိမိတို့၏အမှားကိုပြင်လျက် ကိုယ်တော်၏ပုံသက်သေအတိုင်းလိုက်နာကျင့်စောင်ရန် စိတ်အားကြီးစွာကြိုးစားကြသည်။ အခြားလူတစားကား၊ မိမိတို့၏အမှားထင်ရှားစွာဖော်ပြသည့်ရိုးသား၍ လက်တွေ့ကျင့်သုံးရသောသမ္မာတရားကိုပယ်ရှားကြ၏။

အသင်းတော်သည် အကောင်းဆုံးသောအခြေအနေ၌ပင်ရှိသော်လည်း၊ ၎င်းသည် လုံးလုံးမှန်ကန်၊ ဖြူစင်၊ ရိုးဖြောင့်ခြင်းမရှိချေ။ မိမိတို့စိတ်အလိုဆန္ဒအလျောက် အပြစ်ပြုနေသောသူတို့ကို အသင်းတော်ထဲသို့ဝင်ခွင့်မပြုရဟု ကျွန်ုပ်တို့၏ကယ်တင်ရှင်ကသွန်သင်ထားတော်မူ၏။ သို့သော် ကိုယ်တော်သည် မိမိတို့အကျင့်စာရိတ္တချို့ယွင်းလျက်ရှိသောသူတို့နှင့် ကိုယ်တော်တိုင် ဆက်ဆံပေါင်းသင်း၍၊ သူတို့သည် မိမိတို့၏အမှားကိုမြင်လျက် ပြုပြင်နိုင်ခွင့်ရကြမည်အကြောင်း၊ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

ကိုယ်တော်တိုင်ဟောပြောသွန်သင်၊ ပုံသက်သေပြတော်မူခဲ့ခြင်းဖြင့် သူတို့၌ အကျိုးခံစားခွင့်ကိုပေးတော်မူခဲ့၏။

သို့ရာတွင် အလင်းကိုအစိုးရသောမင်းနှင့် မှောင်မိုက်ကိုအစိုးရသောမင်းတို့သည် ပူးပေါင်း၍မရနိုင်သဖြင့်၊ ထိုမင်းတို့၏တပည့်များသည်လည်း တစ်ဦးနှင့်တစ်ဦးမပေါင်းဘက်နိုင်ကြချေ။ ရုပ်ဆင်းတုကိုးကွယ်ရေးဘာသာမှ ထက်ဝက်သာစိတ်ပြောင်းလဲသောသူတို့နှင့် ခရစ်ယာန်တို့သည် ပူးပေါင်းရန် သဘောတူကြသောအခါ၊ သူတို့သည် သမ္မာတရားမှသာ၍၊ သာ၍လွဲသွားသောလမ်းတွင် လိုက်လျှောက်နေကြ၏။ စာတန်သည် သခင်ခရစ်တော်၏တပည့်တော်တို့အထဲမှ ထိုမျှများစွာသောသူတို့ကို လှည့်ဖြားရာ၌ အောင်မြင်သောကြောင့် သူသည် အလွန်ဝမ်းမြောက်လျက်ရှိ၏။

ထိုနောက် သူသည် သူတို့အပေါ်၌ မိမိ၏အာဏာတန်ခိုးကိုလုံးလုံး အသုံးပြုလျက်၊ ဘုရားသခင်ဘက်၌ သစ္စာရှိနေသေးသောသူတို့ကိုညှဉ်းဆဲရန် သူတို့အား နှိုးဆော်တိုက်တွန်းလေ၏။ ခရစ်ယာန်ယုံကြည်ခြင်းတရားအစစ်ကို တစ်ခါက ခုခံကာကွယ်ခဲ့ကြသောသူတို့လောက်၊ မည်သူမျှ ထိုတရားအစစ်ကို မည်ကဲ့သို့ ခုခံတွန်းလှန်ရမည်ကို ကောင်းစွာနားမလည်နိုင်။

၎င်းပြင် ရုပ်ဆင်းတုကိုးကွယ်မှုကို တစ်ချို့တဝက် လိုက်နာနေကြသောသူတို့၏ အပေါင်းအဖော်များနှင့်အတူ ဤဖောက်ပြန်သော ခရစ်ယာန်တို့သည် ပူးပေါင်းလျက်၊ သခင်ခရစ်တော်၏ဩဝါဒများတွင် အရေးကြီးဆုံးသောအချက်များကို တိုက်ခိုက်တွန်းလှန်ကြ၏။

အသင်းတော်ထဲသို့ ဘုရားဝတ်ပြုကိုးကွယ်ရေး၏အယောင်ကို ဆောင်၍ သွတ်သွင်းထားသောလှည့်ဖြားခြင်းနှင့် စက်ဆုပ်ရွံရှာဖွယ်ရာများတို့ကို မြဲစွာတိုက်လှန်ဖို့ရန် သစ္စာရှိသောသူတို့သည် စွန့်စွန့်စားစားကြိုးပမ်းအားထုတ်ဖို့ လိုပေသည်။

သမ္မာကျမ်းစာတော်မြတ်ကို ယုံကြည်ခြင်းတရား၏စံနမူနာအဖြစ် လက်မခံကြ။ ဘာသာကိုးကွယ်ရေးတွင် လွတ်လပ်ခြင်းအယူဝါဒကို ဖောက်ပြန်သောဝါဒဟုခေါ်ကြလျက်၊ ၎င်းကိုလိုက်နာကြသောသူတို့ကိုမုန်း၍ နှင်ထုတ်ကြ၏။

## သစ္စာရှိသောသူများနှုတ်ထွက်ခြင်း

ကြာမြင့်စွာ အပြင်းထန်ဆုံးခုခံတိုက်လှန်ပြီးနောက် အသင်းတော်သည် များသောအယူနှင့် ရုပ်ဆင်းတုကိုးကွယ်ရေးအယူဝါဒများကို မစွန့်ပယ်ဘဲနေသေးလျှင်၊ ဖောက်ပြန်သောအသင်းတော်နှင့် အရာခပ်သိမ်းတွင် ဆက်သွယ်ခြင်းမပြုရန် သစ္စာရှိသောသူအနည်းငယ်တို့က ဆုံးဖြတ်ကြ၏။ သူတို့သည် ဘုရားသခင်၏နှုတ်ကပါတ်တော်ကို နားထောင်သင့်ကြလျှင်၊ ထိုသို့ ခွဲထွက်ဖို့လုံးလုံးလိုသည်ကို သူတို့သိမြင်ကြ၏။ မိမိတို့၏စိတ်ဝိညာဉ်ကို သေစေသောအမှားများကို သူတို့သည် အခွင့်မပြုထားဝံ့။ ၎င်းပြင် မိမိတို့၏သားစဉ်မြေးဆက်တို့၏ယုံကြည်ခြင်းကို ဘေးဖြစ်စေသောပုံသက်သေတို့ကို မပြဝံ့ကြချေ။ ငြိမ်သက်ခြင်းနှင့်စည်းလုံးခြင်းရှိဖို့ရန်၊ ဘုရားသခင်၏အလိုတော်နှင့်ညီသောအခွင့်အရေးတို့သည် လိုက်နာဖို့ အသင့်ရှိကြသည်။ သို့သော် အခြေခံတရားကိုစွန့်ပယ်ရလောက်အောင် အလွန်ခက်ခဲစွာပင် ငြိမ်သက်ခြင်းကိုဝယ်ယူရကြလိမ့်မည်ဟု သူတို့ထင်ကြသည်။ သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းတရားတို့ကို သင့်တော်အောင်ပြုပြင်စေ့စပ်ပေးခြင်းဖြင့်သာ စည်းလုံးညီညွတ်ခြင်းကိုရယူနိုင်မည်ဆိုလျှင်၊ ကွဲပြားခြင်းရှိပါစေ၊ စစ်တိုက်ခြင်းပင်ရှိလိုကရှိပါစေ။ ထိုတည်ကြည်မြဲမြံသောဝိညာဉ်တို့၏စိတ်ကို တိုက်တွန်းနှိုးဆော်ခဲ့သောအခြေခံတရားများသည် ဘုရားသခင်၏လူများဟု ခေါ်နေကြသောသူတို့၏ စိတ်နှလုံးထဲ၌ ပြန်၍တည်ရှိလာကြလျှင်၊ အသင်းတော်နှင့်လောကအတွက် ကောင်းလိမ့်မည်။

တမန်တော်ပေါလုက "သခင်ယေရှု၏တရားတော်နှင့်အညီ၊ ဘုရားဝတ်၌မွေ့လျော်၍နေခြင်းငှါ၊ အလိုရှိသောသူအပေါင်းတို့သည် ညှဉ်းဆဲခြင်းကိုခံရကြလိမ့်မည်"ဟု ဖော်ပြထားသည်။ ၂တိ ၃း၁၂။ သို့ဖြစ်၍ ညှဉ်းဆဲခြင်းအမှုသည် အဘယ်ကြောင့်ကြာမြင့်စွာရပ်စဲနေရသနည်း။ တစ်ခုတည်းသောအကြောင်းအရင်းကား၊ အသင်းတော်သည် လောက၏စံနမူနာကို လိုက်နာနေသဖြင့်၊ တားဆီးခြင်းအမှုကို ပြုရန် မနိုးကြားသောကြောင့်တည်း။ ကျွန်ုပ်တို့ခေတ်လိုက်စားနေကြသောဘာသာရေးသည် သခင်ခရစ်တော်နှင့်တမန်တော်တို့လက်ထပ်ရှိ ခရစ်ယာန်တို့၏ယုံကြည်ခြင်းကို ထူးခြားမှတ်သားဖွယ်ဖြစ်စေလောက်အောင် သန့်ရှင်းဖြူစင်သောသဘောမျိုးနှင့် ကင်း . . . . . . . . . . . . . . . . . . . . . .

နေသည်။ အပြစ်တရားနှင့် သဘောတူညီစွာ ဆက်သွယ်နေသောစိတ်ရှိသော ကြောင့်၄င်း၊ ဘုရားသခင်၏နှုတ်ကပါတ်တော်တွင် ပါရှိသောမြင့်မြတ်သော သမ္မာတရားတော်တို့ကို အမှုမထား၊ ဂရုမစိုက်ဘဲနေခြင်းကြောင့်၄င်း၊ အသင်းတော်၌ ဘုရားဝတ်၌ စိတ်အားကြီးမှုနည်းပါးခြင်းကြောင့်၄င်း၊ ခရစ်ယာန်ဘာသာတရားသည် လောက၌အလွန်ထင်ပေးကျော်ကြား၍ လူကြိုက်များလာဟန်ရှိသည်။ ရှေးဦးအသင်းတော်၏ယုံကြည်ခြင်းမျိုးနှင့် အစွမ်းသတ္တိမျိုးပြန်၍ ပေါ်ပေါက်လာပါစေ။ ထိုအခါ ညှဉ်းဆဲနှိပ်စက်လိုသောစိတ်ထားမျိုးသည် ပြန်၍ ပေါ်ပေါက်လာလျက်၊ ညှဉ်းဆဲခြင်းတည်းဟူသော မီးတောက်သည် တစ်ဖန် ပြန်၍လောင်နေလိမ့်မည်။

---oo---

# အခန်း (၄၅)
## ဝှက်ထားလျက်ရှိသော ထိုအဓမ္မအရာ

တမန်တော်ပေါလုသည် သက်သာလောနိမြို့အသင်းဝင်သူတို့အား ရေးသားလိုက်သောဩဝါဒစာ၊ ဒုတိယစောင်တွင် ပါပရဟန်းမင်း၏ အာဏာတန်ခိုးကို ဖြစ်ပေါ်တည်ထောင်စေသော ဖောက်ပြန်မှုကြီးအကြောင်းကို ကြိုတင်ဖော်ပြထားသည်။ သခင်ခရစ်တော်၏နေ့ရက်ရောက်မလာမှီ၊ "ဖောက်ပြန်သင်းခွဲခြင်းသည် အရင်ဖြစ်၍၊ ဒုစရိုက်လူတည်းဟူသော ပျက်စီးခြင်း၏သားသည် ပေါ်လာရလိမ့်မည်။ ထိုသူသည် ဘုရားသခင်ဟူ၍၎င်း၊ ဘုရားဟူ၍၎င်း၊ ခေါ်ဝေါ်သမျှသောအရာတို့ကို ရန်ဘက်ပြု၍ ကိုယ်ကိုကိုယ်ချီးမြှောက်သော အားဖြင့်၊ ဘုရားသခင်၏ဗိမ္မာန်တော်၌ ဘုရားသခင်ကဲ့သို့ထိုင်၍၊ ဘုရားသခင်ဖြစ်ယောင်ဆောင်လျက် ကိုယ်ကိုပြသောသူဖြစ်သတည်း"ဟု သူကဖော်ပြထား၏။ (၂သက်သာလောနိတ်၊ ၂း၃၊၄)။ ၎င်းပြင် တမန်တော်က "ဝှက်ထားလျက်ရှိသော ထိုအဓမ္မအရာသည် ယခုပင် ပြုပြင်ဆဲရှိ၏။" ယခုသူ၏ညီအစ်ကိုတို့အား ဆက်လက်၍ သတိပေးထား၏။ (ငယ်၊ ၇) ထိုရှေးဦးအချိန်ကာလကပင်၊ အသင်းတော်ထဲသို့ မထင်မရှားဝင်ရောက်လာသောအမှားများသည် ပါပရဟန်းမင်း၏အာဏာတန်ခိုးဖြစ်ပေါ်လာစေဖို့အတွက် လမ်းခင်းပေးလိမ့်မည်ဟု တမန်တော်သည်သိမြင်ခဲ့၏။

ပထမဦးစွာတိတ်တဆိတ်၊ လျှို့ဝှက်စွာ၊ ထိုနောက် ခွန်အားတိုးပွါးလာ၍ လူတို့၏စိတ်ကို စိုးမိုးလာသောအခါ၊ သာ၍ပွင့်လင်းထင်ရှားစွာ၊ တဖြည်းဖြည်းနှင့် ဝှက်ထားလျက်ရှိသော ထိုအဓမ္မအရာသည် မိမိ၏လှည့်ဖြားခြင်းနှင့် စက်ဆုပ်ရွံရှာဖွယ်အမှုတို့ကို တိုးတက်ဆောင်ရွက်လေ၏။ မသိသာဘဲရုပ်ဆင်းတုကိုးကွယ်မှု၏ ထုံးစံဓလေ့များသည် ခရစ်ယာန်အသင်းတော်ထဲသို့ ဝင်ရောက်လာကြ၏။ ရုပ်ဆင်းတုကိုးကွယ်သူတို့၏လက်အောက်၌ခံရသောပြင်းထန်သောညှဉ်းဆဲခြင်းကြောင့် ရုပ်ဆင်းတုကိုးကွယ်မှု၏အချို့အချက်များကို လိုက်လျောခြင်း၊ လိုက်နာခြင်းသဘောများသည် အချိန်အနည်းငယ်ကြာ ပျောက်ကွယ်သွား၏။ သို့သော် ညှဉ်းဆဲခြင်းအမှုရပ်စဲသွားပြီး. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

နောက် ခရစ်ယာန်ဘာသာတရားသည် မင်းများတို့၏တရားစီရင်ရာရုံးနှင့် နန်းတော်များသို့ ရောက်ရှိလာသောအခါ၊ အသင်းတော်သည် သခင်ခရစ်တော်နှင့်တမန်တော်တို့၏ နှိမ့်ချရိုးစားမှုကိုပယ်ရှား၍ ရုပ်ဆင်းတုကိုးကွယ်သော ယဇ်ပုရောဟိတ်နှင့်မင်းများတို့၏ ကြီးကျယ်ခမ်းနားမှုနှင့် ကြွားဝါမှုတို့ကို အစားသွင်းလာကြသည်။ ဘုရားသခင်လိုလားတော်မူသော ပညတ်တရားတော်များအစားလူတို့၏ ထင်မြင်ချက်များနှင့် ထုံးတမ်းဓလေ့များကို သွင်းထားကြ၏။ လေးရာစုနှစ်အစအဦးလောက်တွင် ကွန်စတန်တင်မင်းသည် ခရစ်ယာန်ဘာသာသို့ အပေါ်ယံအားဖြင့် ပြောင်းလဲလာသောအခါ၊ အသင်းတော်၌ များစွာဝမ်းမြောက်ခြင်းရှိကြ၏။

၎င်းနောက် ဖြောင့်မတ်ခြင်းဝတ်လုံကိုခြုံထားသောလောကသည် အသင်းတော်ထဲသို့ဝင်ရောက်လာ၏။ ယခုမူကား၊ ပျက်စီးခြင်းအမှုသည် လျှင်မြန်စွာတိုးပွါးနေ၏။ ရုပ်ဆင်းတုကိုးကွယ်မှုသည် ပျောက်ကွယ်သွားပြီဟု ထင်ရသော်လည်း အောင်မြင်သောအရာဖြစ်လာသည်။ ၎င်းအယူဝါဒသည် အသင်းတော်အပေါ်၌ စိုးမိုးနေ၏။ ၎င်း၏သြဝါဒများ ကိုးကွယ်မှုအခမ်းအနားများနှင့် အယူသီးသောဝါဒများတို့သည် သခင်ခရစ်တော်၏တပည့်တော်များဟု ခေါ်ဆိုနေကြသူတို့၏ယုံကြည်ခြင်းနှင့် ကိုးကွယ်ဝတ်ပြုခြင်းအမှုတို့တွင် ရောနှောနေလေ၏။

ဤကဲ့သို့ ခရစ်ယာန်ဘာသာတရားနှင့် ရုပ်ဆင်းတုကိုးကွယ်သောဘာသာတရားတို့တွင် လိုက်လျောစေ့စပ်မှုအားဖြင့်၊ အနာဂါတ်ရိုက်ထားသည်အတိုင်း၊ ဘုရားသခင်ကို ရန်ဘက်ပြု၍ဘုရားသခင်ထက် မိမိကိုယ်ကိုချီးမြှောက်သောသူအဖြစ်နှင့် ဒုစရိုက်၏လူသည် ပေါ်ပေါက်လာလေ၏။ ထိုမှားယွင်းသောဘာသာတရား၏ကြီးကျယ်သောနည်းစနစ်သည် စာတန်၏တန်ခိုးအားဖြင့် အထူးကျွမ်းကျင်စွာစီမံထားသောအရာဖြစ်သည်။ မိမိ၏သဘောအတိုင်း မြေကြီးကိုအုပ်စိုးဖို့၊ ရာဇပလ္လင်ပေါ်၌ မိမိကိုယ်တိုင်တက်ထိုင်ရန် သူ၏ကြိုးပမ်းအားထုတ်မှုကို ဖော်ပြသောအထိမ်းအမှတ်ဖြစ်၏။

လောကီအကျိုးကျေးဇူးနှင့်ဂုဏ်အသရေများကို ရရှိရန် အသင်းတော်သည် လောကတွင်ရှိ ထင်ရှားကျော်စောသော လူများထံမျက်နှာရ၍ သူတို့၏အထောက်အပံ့ကို ရရှိဖို့ရှာကြံကြိုးစားနေ၏။ ၎င်းပြင် ထိုသို့ သခင်ခရစ်. . . . . .

တော်ကို ငြင်းပယ်ခြင်းဖြင့်၊ စာတန်၏ကိုယ်စားဖြစ်သော ရောမမြို့ရှိရဟန်းမင်း၏ သစ္စာတော်ကို အသင်းတော်သည် ခံယူရသည်။

ပါပရဟန်းမင်းသည် တစ်ကမ္ဘာလုံးရှိ သခင်ခရစ်တော်၏ အသင်းတော်ကြီးတွင်မြင်နိုင်သော ခေါင်းဆောင်ကြီးဖြစ်၍ ကမ္ဘာ့အရပ်ရပ်ရှိ ဂိုဏ်းအုပ်ကြီးများနှင့် သင်းအုပ်များအပေါ်၌ ထူးမြတ်သောအာဏာတန်ခိုးနှင့် စိုးမိုးအုပ်ချုပ်နိုင်သည်ဟူသော အချက်သည် ရောမဗရင်ဂျီအသင်း၏ အကြီးဆုံးသြဝါဒဖြစ်သည်။ ထိုမျှမကသေးပါ။ ပါပရဟန်းမင်းသည် မိမိကိုယ်ကို အထင်ကြီးလျက် ဘုရားသခင်၏နာမကိုပင်ခံယူထားလေ၏။

သန့်ရှင်းသောဝိညာဉ်တော်သည်၊ လူများတို့အား စာတန်၏လှည့်ဖြားခြင်းအမှုကို နားလည်နိုင်စေရန်နှင့် သူ၏တန်ခိုးကို ခုခံရန် ပြုပြင်ပေးတော်မူမည်ကို စာတန်သည် ကောင်းစွာသိရှိသည်။ လောက၏ကယ်တင်ရှင်ပင်လျှင် နှုတ်ကပါတ်တော်အားဖြင့်၊ သူ၏တိုက်ခိုက်ခြင်းအမှုကို တားဆီးတော်မူခဲ့၏။ တိုက်ခိုက်သောအခါတိုင်း သခင်ခရစ်တော်သည် ထာဝရသမ္မာတရား၏ ဒိုင်းလွှားကိုအသုံးပြုလျက်၊ "ကျမ်းစာလာသည်ကား"ဟု မိန့်တော်မူ၏။ ရန်သူက အကြံပေးသော အချက်ရှိသမျှကို နှုတ်ကပါတ်တော်၏ပညာစကားနှင့် တန်ခိုးအားဖြင့်၊ ကိုယ်တော်သည် ခုခံပြောဆိုတော်မူ၏။ စာတန်သည် လူတို့အပေါ်၌ မိမိ၏သြဇာညောင်းစေရန် အာဏာလုယူသော ပါပရဟန်းမင်း၏သြဇာအာဏာကို တည်မြဲစေရန်၊ လူတို့အား ကျမ်းစာကိုမသိ နားမလည်စေခြင်းငှါ သူသည် အမြဲပြုပြင်ကြံစည်ရမည်။ ကျမ်းစာသည် ဘုရားသခင်ကို ချီးမြှောက်၍ အကန့်အသတ်ရှိသော လူအား မှန်ကန်သော အခြေအနေ၌တည်ရှိစေ၏။

ထိုကြောင့် ၎င်း၏သန့်ရှင်းသော သမ္မာတရားများကို ဝှက်ထားချုပ်ချယ်ထားရမည်။ ရောမအသင်းတော်သည် ဤအချက်ကို လိုက်နာခဲ့သည်။ နှစ်ရာပေါင်းများစွာ ကျမ်းစာအုပ်ဖြန့်ဖြူးခြင်းအလုပ်ကို ပိတ်ပင်တားမြစ်ထားခဲ့၏။ ကျမ်းစာကို မဖတ်ရန်နှင့် ၎င်းကိုအိမ်၌မထားရန် လူများအားတားမြစ်ထား၍ မသမာသော ရဟန်းများဂိုဏ်းအုပ်များက မိမိတို့ဟန်ဆောင်မှုကို တည်မြဲစေရန်၊ အလွဲအနက်ကောက်လျက် သွန်သင်ပေးကြ၏။ ထိုသူတို့အားဖြင့် ပါပရဟန်းမင်းသည် မြေကြီးပေါ်၌ ဘုရားသခင်၏ကိုယ်စားတော်ဖြစ်၍ အသင်း. . . . . . . . .

တော်နှင့် နိုင်ငံအပေါ်၌ အလွန်ကြီးမြတ်သောအခွင့်အာဏာဖြင့် စိုးမိုးနိုင်သူဟု တစ်ကမ္ဘာလုံးလိုလိုပင် ဝန်ခံလာကြ၏။

## အချိန်ကာလနှင့်ပညတ်တော်ကိုပြောင်းလဲခြင်း

အမှားကိုရှာဖွေသောသူကို ပယ်ရှားပြီးနောက် စာတန်သည် မိမိသဘော အတိုင်း ပြုလုပ်ကြံစည်လေ၏။ အနာဂတ္တိစကားက ပါပရဟန်းမင်းသည် "ကာလ အချိန်နှင့် ပညတ်တရားတို့ကို ပြောင်းလဲစေခြင်းငှါ ကြံစည်လိမ့်မည်"ဟု ဖော်ပြထား ပြီ။ ဒံယေလ ၇း၂၅။ ဤအမှုကိုကြံစည်ရန် နှောင့်နှေးမနေပါ။ ရုပ်ဆင်းတုကိုးကွယ် မှုမှ ပြောင်းလဲလာသူတို့အဖို့ ရုပ်တုဆင်းတုကိုးကွယ်မှုအတွက် အစားသွင်းပေး၍၊ ထိုသို့အားဖြင့် ခရစ်ယာန်ဘာသာကိုလက်ခံကြောင်း အထောက်အထားပြုရန် ခရစ်ယာန်ဘာသာကိုးကွယ်မှုတွင် ရုပ်ဆင်းတုနှင့်သေလွန်သောသန့်ရှင်းသူတို့၏ ရုပ်တုများကို လေးစားကြည်ညိုကိုးကွယ်မှုကို တဖြည်းဖြည်းသွတ် သွင်းလာကြ သည်။ နောက်ဆုံး၌ ဗဟိုရုံအစည်းအဝေးကြီးတစ်ခုက ဗရင်ဂျီဘာသာတွင် ထိုသို့ ရုပ်တုကိုးကွယ်နည်းကို အတည်ဖြစ်စေရန် ဆုံးဖြတ်လိုက်၏။ ဘုရားတရားရေးတွင် ဖျက်ဆီးဖြင်းအမှုကို ပြည့်စုံစေရန်၊ ရောမဗရင်ဂျီအသင်းတော်သည် ဘုရားသခင်၏ ပညတ်တော်မှ ရုပ်ဆင်းတုကိုးကွယ်မှုကို တားမြစ်ထားသောဒုတိယပညတ်ကို ဖယ်ရှားထားပြီးလျှင်၊ ပညတ်တော်ဆယ်ပါးပြည့်စေရန် ဒသမပညတ်ကို နှစ်ခုခွဲ လိုက်လေသည်။

ရုပ်ဆင်းတုကိုးကွယ်မှုကို လိုက်လျောလိုသောသဘောသည် ကောင်း ကင်ဘုံရှင်၏အာဏာတော်ကို ဆက်လက်၍ မထီလေးစားပြုရန် လမ်းဖွင့်ပေး သေး၏။ စာတန်သည် စတုတ္ထပညတ်ကိုလည်း ပြောင်းလဲရန်ကြံစည်လျက်၊ ဘုရား သခင်ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူခဲ့သော ရှေးဥပုသ်နေ့ကို ဖယ်ရှားရန် ကြိုးစားပြီးလျှင်၊ ထိုနေ့အစား "နေကိုရိုသေလေးစားသောနေ့" အဖြစ်နှင့် ရုပ်ဆင်းတုကိုးကွယ်သူတို့ စောင့်ရှောက်သောပွဲနေ့ကို ချီးမြှောက်ထားလေ၏။ ပဌမဦးစွာ ဤပြောင်းလဲခြင်းအမှုတို့ ထင်ရှားစွာမကြံစည်ချေ။ ပထမဦးဆုံးရာ စုနှစ်များတွင် ခရစ်ယာန်တို့သည် မှန်သောဥပုသ်ကို စောင့်ရှောက်ခဲ့ကြ၏။ သူတို့ သည် ဘုရားသခင်၏ချီးမြှောက်လိုသော ဆန္ဒပြင်းပြ၍ ဘုရားသခင်၏ပညတ် တော်သည် မပြောင်းလဲနိုင်ဟု ယုံကြည်ကြလျက်၊ ၎င်း၏. . . . . . . . . . . . . .

သန့်ရှင်းသော ပညတ်များကို စိတ်အားကြီးစွာကာကွယ်စောင့်ရှောက်ကြ၏။ သို့သော် စာတန်သည် မိမိ၏ရည်ရွယ်ချက်ဖြစ်မြောက်စေရန်၊ မိမိ၏ကိုယ်စားလှယ်များအားဖြင့် အလွန်ပါးနပ်လိမ္မာစွာကြံစည်ကြိုးစားကြသည်။ လူများတို့သည် တနင်္ဂနွေကို ဂရုစိုက်လာကြမည်အကြောင်း၊ သခင်ခရစ်တော်ထမြောက်တော်မူခြင်းကို အထိမ်းအမှတ်ဖြစ်စေရန် ထိုနေ့ကို ပွဲနေ့အဖြစ်သတ်မှတ်ထားလေ၏။ ထိုနေ့တွင် ဝတ်ပြုကိုးကွယ်မှုများကျင်းပကြ၏။ သို့သော် ၎င်းသည် အားလပ်ခွင့်ယူသောနေ့ဟု သဘောထားကြလျက် ဥပုသ်နေ့ကို သန့်ရှင်းစွာစောင့်ရှောက်ကြသေး၏။

ကွန်စတန်တင်မင်းသည် ရုပ်ဆင်းတုကိုးကွယ်သူဖြစ်လျက် ရှိနေသေးစဉ်အခါတွင်၊ ရောမနိုင်ငံတဝှမ်းလုံးတွင် တနင်္ဂနွေနေ့ကို လူအများတို့၏ပွဲနေ့အဖြစ် လူတိုင်းစောင့်ရှောက်ရန် အမိန့်တစ်ခုကိုထုတ်လေ၏။ သူသည် ခရစ်ယာန်ဘာသာသို့ပြောင်းလဲလာပြီး၊ နောက်မှပင် တနင်္ဂနွေနေ့ကို အခိုင်အမာထောက်ခံနေသေးလျက်၊ ရုပ်ဆင်းတုကိုးကွယ်စဉ်က ထုတ်ခဲ့သော အမိန့်ကို မိမိလက်ခံသောအယူဝါဒသစ်၌ပင် ထည့်သွင်းအသုံးချရန် အတင်းအကြပ်စေခိုင်းလေ၏။ သို့ရာတွင် ဤနေ့ကို ထိုသို့ချီးမြှောက်ခြင်းပြုသော်လည်း၊ ခရစ်ယာန်တို့သည် မှန်သောဥပုဒ်ကို ထာဝရဘုရား၏သန့်ရှင်းသော နေ့အဖြစ်စောင့်ရှောက်နေကြသည်အမှုကိုတားဆီးပိတ်ပင်ခြင်းငှါ မတတ်နိုင်ကြ။ အခြားသောနည်းလမ်းတစ်ခုကို ကြံစည်ရကြလိမ့်မည်။ မှန်သောဥပုသ်နှင့်အညီအမျှမှားသောဥပုသ်ကိုလည်း ချီးမြှင့်ရကြလိမ့်မည်။

ကွန်စတန်တင်မင်း၏အမိန့်ကိုထုတ်ပြီးနောက် နှစ်အနည်းငယ်ကြာသောအခါ၊ ရောမမြို့ရှိဂိုဏ်းချုပ်ကြီးက တနင်္ဂနွေနေ့ကို သခင်ဘုရားနေ့ဟု အမည်ပေးလေ၏။ ထိုသို့အားဖြင့် ၎င်းနေ့သည် သန့်ရှင်းသောသဘောနှင့် ပြည့်စုံသည်ဟု လူများတို့သည် တဖြည်းဖြည်းထင်မှတ်လာကြ၏။ သို့သော် မူလဥပုသ်နေ့ကို စောင့်ရှောက်နေကြသေး၏။

လိမ်လည်လှည့်ဖြားသောမာရ်နတ်ကြီးသည် မိမိ၏အလုပ်ကို အဆုံးမသတ်သေးချေ။ ခရစ်ယာန်လောကကြီးကို မိမိ၏လက်အောက်သို့ရောက်အောင်စုရုံး၍၊ သခင်ခရစ်တော်၏ ကိုယ်စားဖြစ်သည်ဟုဆိုသော မာနကြီးသော ရဟန်းမင်းအားဖြင့်၊ မိမိ၏အာဏာတန်ခိုးအသုံးပြုရန် သူသည်ဆုံးဖြတ်ထား၏။

တပိုင်းတစပြောင်းလဲသော ရုပ်ဆင်းတုကိုးကွယ်သူများ၊ ရမ္မက်ကြီးသော ဂိုဏ်းချုပ်ကြီးများ၊ လောကကိုတပ်မက်သောအသင်းတော်သားများတို့အားဖြင့် သူ၏ရည်ရွယ်ချက်ကို သူသည် ဖြစ်မြောက်စေလေပြီ။ ကြီးကျယ်ခမ်းနားသော အစည်းအဝေးများကို မကြာခဏကျင်းပ၍ ကမ္ဘာတဝှမ်းလုံးရှိအသင်းတော်၏ ဂိုဏ်းအုပ်များရဟန်းမင်းများကို ခေါ်ဖိတ်လေ၏။ စည်းဝေးတိုင်း၌ပင် ဘုရားသခင်စီမံထားတော်မူသော ဥပုသ်နေ့ကို အနည်းငယ်နှိမ့်ချ၍ တနင်္ဂနွေနေ့ကို ချီးမြှောက်ကြ၏။ ထိုနည်းအားဖြင့်၊ ရုပ်ဆင်းတုကိုးကွယ်သူတို့၏ ပွဲနေ့ကိုအဆုံး၌ ဘုရားခန့်ထားတော်မူသောနေ့ဟု ချီးမြှောက်လျက်၊ ကျမ်းစာ၏ဥပုသ်နေ့သည် ယုဒဘာသာ၏ အထိမ်းအမှတ်ဖြစ်၍ ၎င်းကို စောင့်ရှောက်ခြင်းသည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည်ဟု ထင်မှတ်ကြ၏။

ဖောက်ပြန်သော ပုဂ္ဂိုလ်ကြီးသည် "ဘုရားသခင်ဟူ၍၎င်း၊ ဘုရားဟူ၍၎င်း ခေါ်ဝေါ်သမျှသောအရာတို့" အပေါ်၌ မိမိကိုယ်ကိုချီးမြှောက်ရာ၌ အောင်မြင်ခဲ့လေပြီ။ ၂သက်သာလောနိတ် ၂း၄။ လူသတ္တဝါတို့အား မှန်ကန်၍ အသက်ရှင်တော်မူသော ဘုရားသခင်ကို မမှားနိုင်အောင် ညွှန်ပြသည့်တစ်ခုတည်းသော ပညတ်တော်ကို သူသည် ပြောင်းလဲဝံ့ခဲ့လေပြီ။ စတုတ္ထပညတ်တွင် ဘုရားသခင်အား ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသော အရှင်အဖြစ်နှင့်ဖော်ပြထား၍၊ ထိုသို့အားဖြင့် မမှန်သော ဘုရားအပေါင်းတို့နှင့်ခြားနားထားလေ၏။ ဖန်ဆင်းခြင်း၏အမှုကို အမှတ်ရစေရန် အထိမ်းအမှတ်ဖြစ်သောကြောင့် သတ္တမနေ့ကို လူတို့အဖို့ ငြိမ်ဝပ်ရာနေ့အဖြစ်နှင့် သန့်ရှင်းစေတော်မူ၏။ အသက်ရှင်တော်မူသော ဘုရားသခင်အား ခပ်သိမ်းသောအရာတို့ကို အစပြုဖြစ်ပေါ်လာစေတော်မူသော အရှင်အဖြစ်နှင့်၎င်း ရိုသေလေးစားကိုးကွယ်ဝတ်ပြုထိုက်သော အရှင်အဖြစ်နှင့်၎င်း လူတို့သည် အစဉ်အမြဲစိတ်ထဲ၌ စွဲလမ်းနေကြရန် ၎င်းနေ့ကို စီမံခန့်ထား၏။

လူများတို့အား ဘုရားသခင်ကိုကိုးကွယ်ခြင်း၊ ဘုရားသခင်၏ပညတ်တော်ကို စောင့်ရှောက်ခြင်းမှ လမ်းလွဲသွားစေရန် စာတန်သည် ကြိုးစားနေ၏။ ထို့ကြောင့် ဘုရားသခင်အား ဖန်ဆင်းရှင်အဖြစ်နှင့်ညွှန်ပြသော ထိုပညတ်တော်ကို သူသည် အထူးသဖြင့် တိုက်ဖျက်ရန် ကြိုးစားနေ၏။

ဗရင်ဂျီအသင်းနှင့် ဆန့်ကျင်သောသူတို့က ၊ သခင်ခရစ်တော်သည် တနင်္ဂနွေနေ့၌ ထမြောက်တော်မူသောကြောင့် ၎င်းနေ့သည် ခရစ်ယာန်တို့၏ ဥပုသ်နေ့ဖြစ်လာ၏ဟု ယခုတိုက်တွန်းကြ၏။ သို့သော် ကျမ်းစာအားဖြင့် သက်သေခိုင်လုံစွာမပြနိုင်။ သခင်ခရစ်တော်သို့မဟုတ် တမန်တော်များတို့သည် ထိုနေ့ကို ထိုသို့ချီးမြောက်ခြင်းမပြုခဲ့ကြချေ။

ခရစ်ယာန်တို့၏ပွဲနေ့အဖြစ် တနင်္ဂနွေနေ့ကို စောင့်ရှောက်ခြင်းအမှုသည် "လျို့ဝှက်သောမတရားမှု"မှအစပြုလာ၍ ထိုအမှုသည် ပေါလုလက်ထပ်ကပင် မိမိ၏ လုပ်ငန်းကိုပြုပြင်ဆဲရှိ၏။ ထာဝရဘုရားသည် ဘယ်နေရာ၊ ဘယ်သောအခါ က ဤပါပရဟန်းမင်းကို အစပြုရွေးချယ်ခန့်ထားတော်မူသနည်း။ ကျမ်းစာကဘာမျှ အဖော်ပြဘဲနေသော ပြောင်းလဲခြင်းအမှုအကြောင်း မည်ကဲ့သို့ ထင်ရှားခိုင်လုံသော အကြောင်းအရင်းကိုဖော်ပြနိုင်သနည်း။

ဆဋ္ဌမရာစုနှစ်တွင် ပါပရဟန်းမင်းအာဏာသည် စွဲမြဲစွာတည်လာ၏။ ၎င်းအာဏာ၏ရာဇပလ္လင်ကို နိုင်ငံ၏မြို့တော်တွင် တည်ထား၍ ရောမမြို့ရှိဂိုဏ်း အုပ်ကြီးသည် အသင်းတော်၏ ခေါင်းဆောင်အဖြစ်ခန့်အပ်ထားခြင်းခံရ၏။ ရုပ်ဆင်းတုကိုးကွယ်ခြင်းအမှုသည် ပါပရဟန်းမင်း၏လက်အောက်သို့ ရောက်ရှိ သွားသည်။ နဂါးသည် မိမိတန်ခိုးနှင့်မိမိပလ္လင်ကို၎င်း၊ ကြီးစွာသော အာဏာစက် ကို၎င်း သားရဲ၌အပ်ပေးလေ၏။ ဗျာဒိတ်ကျမ်း ၁၃း၂။ ဒံယေလနှင့်ယောဟန်တို့၏ အနာဂတ္တိစကားများတွင် ဖော်ပြထားသည့်အတိုင်း ယခုနှစ်ပေါင်း ၁၂၆၀ ပတ်လုံးပါပရဟန်းမင်း၏ညှဉ်းဆဲခြင်းကာလသည် အစပြုလေ၏။ (ဒံယေလ ၇း၂၅၊ ဗျာဒိတ် ၁၃း၅-၇)။ ခရစ်ယာန်တို့အားအတင်းအကြပ် ရွေးချယ်ခြင်းအမှု ကိုပြုစေကြ၏။ သူတို့သည် မိမိတို့၏တည်ကြည်မြဲမြံသောစိတ်ကိုစွန့်လွှတ်၍၊ ပါပရဟန်းမင်း၏စီရင်ထုံးဖွဲ့ချက်များနှင့် ကိုးကွယ်ဝတ်ပြုကိုးကွယ်နည်းများကို လက်ခံရကြ၏။

သို့မဟုတ် လုံခြုံသောထောင်ခန်းထဲ၌သေဆုံးသည်တိုင်အောင် နေရကြ မည်။ သို့မဟုတ် ကိုယ်ဆန့်ကျင်၍ ဆွဲသောစက်ဖြင့်၎င်း၊ ထင်းနှင့်မီးရှို့ခြင်းဖြင့်၎င်း၊ ထားနှင့်ခေါင်းဖြတ်ခံရခြင်းဖြင့်၎င်း၊ အသတ်ခံရကြမည်။ ယခု သခင်ယေရှုမိန့်တော် မူသော အောက်ပါစကားများသည် ပြည့်စုံလေ၏။ "သင်တို့မိဘ၊ ညီအစ်ကို၊ ပေါက် ဖော်၊ အဆွေခင်ပွန်းတို့သည် သင်တို့ကိုအပ်နှံကြလိမ့်မည်။ အချို့တို့ကိုလည်းသတ်

ကြလိမ့်မည်။ လူအပေါင်းတို့သည် ငါ၏နာမကြောင့် သင်တို့ကိုမုန်းကြလိမ့်မည်။ "လုကာ ၂၁း၁၆-၁၇။ ညှဉ်းဆဲနှိပ်စက်ခြင်းအမှုသည် သစ္စာရှိသော သူတို့အပေါ်သို့ အထက်ကထက် သာ၍ပြင်းထန်စွာသက်ရောက်လာသဖြင့်၊ လောကကြီးသည် အလွန်ကျယ်ဝန်းသောစစ်တလင်းကြီးဖြစ်လာလေ၏။ နှစ်ရာပေါင်းများစွာ သခင် ခရစ်တော်၏။ အသင်းတော်သည် တိတ်ဆိတ်သောနေရာနှင့် မှောင်မိုက်သော နေရာများတွင် ခိုအောင်းပုံးလျှိုနေရ၏။ ထိုသို့အားဖြင့်၊ ပုရောဖက်က၊ "မိန်းမသည် အရက်တစ်ထောင်နှစ်ရာခြောက်ဆယ်ပတ်လုံး တော၌ ကျွေးမွေးခြင်းကိုခံရမည် အကြောင်း ဘုရားသခင်ပြင်ဆင်တော်မူသော တောအရပ်သို့ ပြေးလေ၏"ဟု ဖော်ပြထားလေ၏။ဗျာဒိတ်ကျမ်း ၁၂း၆။

## မှောင်မိုက်ကာလ

ရောမအသင်းတော်အား တန်ခိုးအာဏာကို အပ်နှင်းပေးခြင်းဖြင့် မှောင်မိုက်ကာလသည် အစပြုလာ၏။ သူ၏အာဏာတန်ခိုးသည် တိုးပွါးလာသောအခါ၊ မှောင်မိုက်သည် သာ၍ထူထပ်လာ၏။ မှန်သော အခြေအမြစ်ဖြစ်တော်မူသော သခင်ခရစ်တော်ကိုယုံကြည်ခြင်းမှ ပါပရဟန်းမင်းကို ယုံကြည်အားကိုးခြင်း အပြစ်သို့ပြောင်းလဲသွား၏။ အပြစ်လွှတ်ဖို့နှင့် ထာဝရကယ်တင်ခြင်းခံစားဖို့ရာ၊ ဘုရားသခင်၏သားတော်၌ယုံကြည်အားကိုးခြင်းရှိရမည့်အစား၊ လူများတို့သည် ပါပရဟန်းမင်းကို၄င်း၊ သူက တဆင့်အာဏာပေးထားသော ရဟန်းများနှင့် ဂိုဏ်းအုပ်များတို့ကို၄င်း၊ အားကိုးနေရကြ၏။ ပါပရဟန်းမင်းသည် ကြားဖြန်ဖြေ သောသူဖြစ်၍ သူ့အားဖြင့်သာလျှင် သူတို့သည် ဘုရားသခင်သို့ချဉ်းကပ်နိုင်ကြ သည်ဟု သူတို့အား သွန်သင်ထား၏။ သူသည် သူတို့အတွက် ဘုရားသခင်၏ ကိုယ်စားဖြစ်၍ သူတို့သည် နှောင့်နှေးခြင်းမရှိဘဲ သူ၏စကားကို လိုက်နာရကြ မည်ဟု ထပ်မံသွန်သင်ထားသေး၏။ သူ၏အလိုသို့မလိုက်ဘဲ လမ်းလွဲသွားသော ကြောင့်၊ ကျူးလွန်သောသူ၏ကိုယ်ခန္ဓာပေါ်၌၄င်း၊ သူ၏ဝိညာဉ်၌၄င်း အလွန်ပြင်း ထန်သောပြစ်ဒဏ်ကို သက်ရောက်စေသည်ဟု သွန်သင်ထား၏။ ထိုသို့အားဖြင့် လူတို့၏စိတ်သည် ဘုရားသခင်ထံမှ၊ မှားယွင်းတတ်၍ ရက်စက်သောသူတို့ထံသို့ ပြောင်းလဲရောက်ရှိသွားလေ၏။ ထိုမျှမက သူတို့အားဖြင့် မိမိ၏တန်ခိုးကိုအ သုံးပြုသော . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

မှောင်မိုက်ကို အစိုးရသောမင်းထံသို့ပင် ရောက်ရှိပြောင်းလဲသွားကြပြီ။ အပြစ်ဒုစရိုက်သည် သန့်ရှင်းခြင်းဝတ်လုံကို ဝတ်လျက် အယောင်ဆောင်နေ၏။ ကျမ်းစာများကို နှိပ်ကွပ်၍ လူသည် မိမိကိုယ်ကို အလွန်ကြီးမြတ်သည်ဟု ထင်မှတ်သောအခါ၊ ကျွန်ုပ်တို့သည် လိမ်လည်ခြင်း၊ လှည့်စားခြင်းနှင့်ယုတ်ညံ့သောအပြစ်ဒုစရိုက်ကိုသာ တွေ့မြင်ရကြလိမ့်မည်။ လူတို့၏ဥပဒေများထုံးစံဓလေ့များကို ချီးမြှောက်လာကြသောအခါ၊ ဘုရားသခင်၏ပညတ်တော်ကို ပယ်ရှားခြင်းကြောင့်၊ ပျက်စီးခြင်းအမှုသည် ထင်ပေါ်လာလေ၏။

## ဘေးဥပဒ်ရောက်ရာကာလ

ထိုနေ့ရက်များသည် သခင်ခရစ်တော်၏ အသင်းတော်အတွက် ဘေးဥပဒ်ရောက်ရာကာလဖြစ်ပေသည်။ အမှန်အားဖြင့် သစ္စာနှင့်ခရစ်တော်၏အလံတော်ကို ကိုင်ဆောင်ရသော သူတို့ကား နည်းပါးကြ၏။ သက်သေခံသော သူများမရှိဘဲ သမ္မာတရားကို စွန့်ပစ်ထားတော်မမူသော်လည်း မကြာခဏအမှားနှင့် အယူသီးသောဝါဒတို့သည် အောင်မြင်သွားကြ၍ မှန်သော ဘာသာတရားသည် မြေကြီးမှပျောက်ကွယ်သွားလိမ့်မည်ဟု ထင်ရ၏။ ဧဝံဂေလိတရားကို အမှုမထားကြတော့ဘဲ၊ ဘာသာတရား၌ ကြည်ညိုဟန်ဆောင်ခြင်းအမှုတို့သည် ပွားများလာ၍ လူများတို့အပေါ်၌ အတင်းအကြပ်စေခိုင်းမှုတာဝန်များသက်ရောက်လာ၏။

သူတို့သည် ပါပရဟန်းမင်းကို ကြားဖြန်ဖြေသူအဖြစ် သဘောထားရကြမည်သာမက၊ အပြစ်ဖြေလွှတ်ခြင်းအခွင့်ရရှိစေရန် မိမိတို့၏ကိုယ်ကျင့်တရားများကို အားကိုးရကြမည်ဟု သူတို့အား သွန်သင်ထား၏။ ဝေးလံစွာ ဘုရားဖူးသွားခြင်း၊ မိမိကိုယ်ကို နာကျင်စေအောင်ဆုံးမခြင်း၊ သေလွန်သောသန့်ရှင်းသူတို့ကိုးကွယ်ခြင်း၊ စည်းဝေးဇရပ်များ၊ ဘုရားကျောင်းဆောင်များ၊ ယဇ်ပလ္လင်များတည်ဆောက်ခြင်း၊ အသင်းတော်အားငွေများစွာပေးလှူခြင်းမှစ၍ အလားတူကောင်းမှုများကိုပြုခြင်းဖြင့် ဘုရားသခင်၏အမျက်တော်ကို ပြေစေသည်။ သို့မဟုတ် ရှေ့တော်၌မျက်နှာရသည်။ ဘုရားသခင်၏လူကဲ့သို့ အနည်းငယ်သော အမှုအတွက် ဒေါသထွက်တော်မူတတ်သည်၊ သို့မဟုတ် လက်ဆောင်ပေးခြင်း၊ ကိုယ်ကိုဆုံးမခြင်းအမှုအားဖြင့် အမျက်ကို ပြေစေနိုင်သည်ဟု ထင်မှတ်ကြ၏။

နှစ်ရာပေါင်းများစွာ ကုန်လွန်လာသောအခါ၊ ရောမမြို့မှထုတ်ဆင့်လိုက်သောသြဝါဒများတွင် အမြဲသဖြင့် အမှားအယွင်းများတိုးလာသည်ကို သိမြင်ရကြ၏။ ပါပရဟန်းမင်း၏အာဏာမတည်မှီကပင်၊ အသင်းတော်ထဲ၌ ရုပ်ဆင်းတုကိုးကွယ်သောသူတို့အထဲမှ စိတ်နှင့်ဆိုင်ရာပညာရှိများ၏ သြဝါဒများကို ဂရုစိုက်လာကြလျက်၊ ၎င်းသြဝါဒများက သြဇာညောင်းလျက် ရှိကြ၏။ စိတ်ပြောင်းလဲသည်ဟုဆိုကြသောသူတို့ပင် ထိုရုပ်ဆင်းတုကိုးကွယ်မှုဆိုင်ရာ စိတ်ပညာ၏ အယူဝါဒများကိုစွဲလမ်းနေကြသေးလျက်၊ သူတို့ကိုယ်တိုင်၎င်းတို့ကို ဆက်လက်လေ့လာကြသည်သာမက ရုပ်ဆင်းတုကိုးကွယ်သူတို့အပေါ်၌ သြဇာညောင်းနိုင်သောနည်းအဖြစ်နှင့်၎င်း၊ အယူဝါဒကိုလေ့လာကြစေရန် အခြားသူများအား တိုက်တွန်းနှိုးဆော်ကြသေး၏။ ထိုသို့အားဖြင့် ခရစ်ယာန်အယူဝါဒတွင် အလွန်မှားယွင်းသောအယူဝါဒများသွတ်သွင်းလာ၏။

၎င်းတို့တွင် ထူးခြားသောအချက်မှာ လူ၏ဝိညာဉ်မသေမ ပျောက်နိုင်၊ သေသောအခါ၌ အသိဉာဏ်နှင့်ပြည့်စုံသည်ဟူသော ယုံကြည်မှုဖြစ်၏။ ရောမဗရင်ဂျီအသင်းသည် သေသွားသော သန့်ရှင်းသူတို့အား ဆုတောင်းခြင်း၊ မယ်တော်မာရိ၏ရုပ်ဆင်းတုကိုးကွယ်ခြင်းအမှုတို့ကို အတည်ပြုရာ၌ ဤအထက်ပါသြဝါဒများကိုအခြေပြုထား၏။ ၎င်းပြင် ဤဝါဒမှ နောက်ဆုံးတိုင် နောင်တမရကြသောသူတို့သည် ထာဝရကာလပတ်လုံး ဒုက္ခငရဲခံနေရကြသည်ဟူသော ဖောက်ပြန်သော အယူဝဒါပေါ်လာသေး၏။ ၎င်းသြဝါဒကို စောစောကပင် ပါပရဟန်းမင်း၏အယူဝါဒတွင် ရောနှောပါရှိလာစေခဲ့ကြပြီ။

ထိုနောက် ရုပ်ဆင်းတုကိုးကွယ်မှုမှ အခြားနည်းလမ်းတစ်ခုကို တည်ထွင်သွတ်သွင်းလာပြန်သေး၍၊ ၎င်းကို ဗရင်ဂျီအသင်းမှ အပြစ်ဆေးကြောရာနေရာငရဲကလေးဟု အမည်ပေး၏။ ၎င်းနည်းကို ယုံကြည်လွယ်တတ်၍ အယူသီးသောလူစုများကို ချောက်လှန့်ရန်အသုံးပြု၏။ ဤဖောက်ပြန်သော အယူဝါဒအားဖြင့် ညှဉ်းဆဲဒုက္ခရောက်စေသော နေရာတစ်ခုကိုတည်ရှိကြောင်း အခိုင်အမာဖော်ပြနေ၏။ ထိုနေရာ၌ ထာဝရအပြစ်ဒဏ်ကို ခံစားဖို့ မထိုက်တန်သေးသော သူတို့၏ဝိညာဉ်များသည် မိမိတို့၏အပြစ်များအတွက် ဆင်းရဲဒုက္ခခံနေရကြလျက်၊ ထိုနေရာ၌ မစင်ကြယ်သောအရာများကို ဆေးကြော . . . . . . . . . . . . . . . . . . . . . .

ကင်းလွတ်စေပြီးသောအခါ၊ ထိုဝိညာဉ်များသည် ကောင်းကင်သို့ ဝင်ခွင့်ရကြလေ၏။

ရောမဗရင်ဂျီဘာသာကို စွဲလမ်းသူတို့၏ကြောက်လန့်စိုးရိမ်သူတို့၏ ဆိုးသွမ်းမှုတို့အားဖြင့် ရောမဗရင်ဂျီအသင်းတော်အား အကျိုးဖြစ်ထွန်းစေဖို့ပြုလုပ်ရန် လိုသေးသော လည်ဆယ်မှုတမျိုးရှိသေး၏။ ၎င်းနည်းကား အပြစ်နှင့်အပြစ်ဒဏ်မှလွတ်မြောက်ရန်လိုက်နာအပ်သော ဝါဒပင်ဖြစ်သည်။ အတိတ်ပစ္စုပ္ပါန်နှင့် အနာဂတ်ကာလ၏အပြစ်များကိုလုံးလုံးလွတ်၍ ခံစားရမည့်ဝေဒနာနှင့် ပြစ်ဒဏ်အပေါင်းတို့မှ လွတ်မြောက်ခြင်းအခွင့်ကို ရဟန်းမင်းကြီး၏နိုင်ငံကျယ်ဝန်းစေခြင်းငှါ၎င်း၊ သူ၏ရန်သူများကို ဒဏ်ပေးခြင်းငှါ၎င်း၊ သူ၏ထူးကဲသောအာဏာတန်ခိုးကို ဆန့်ကျင်ဘက်ပြုသော သူတို့ကို အသင်းကြီးမှ ပယ်ရှားခြင်းငှါ၎င်း၊ တိုက်ခိုက်ရသောရဟန်းမင်း၏စစ်တပ်တွင် စာရင်းဝင်သူတို့အား ဂတိထား၏။ အသင်းတော်သို့ ငွေပေးလှူခြင်းအားဖြင့် မိမိတို့သည် အပြစ်မှကင်းလွတ်နိုင်၍ သေလွန်သောမိမိတို့မိတ်ဆွေများ၏ဝိညာဉ်များကိုလည်း ညှဉ်းဆဲနေသောငရဲထဲမှ ကင်းလွတ်စေနိုင်သည်ဟု သူတို့အား သွန်သင်ထား၏။ ဤကဲ့သို့သော နည်းများအားဖြင့်၊ ဗရင်ဂျီအသင်းတော်သည် မိမိ၏ဘဏ္ဍာတော်တွင် ငွေများပြည့်နေစေလျက်၊ လောကတွင် ခေါင်းချစရာ နေရာပင်ရရှိတော်မမူခဲ့သော ကိုယ်တော်ရှင်၏ကိုယ်စားတွင် ခေါင်းချစရာနေရာပင်ရရှိတော်မမူခဲ့သော ကိုယ်တော်ရှင်၏ ကိုယ်စားတော်များဟန်ဆောင်နေသူတို့သည် အမြဲလိုပင်ကြီးကျယ်ခမ်းနားတင့်တယ်သောစည်းစိမ်နှင့်၎င်း၊ ဆိုးသွမ်းသော အမှုများနှင့်၎င်း နေထိုင်ခွင့်ရရှိကြ၏။

ကျမ်းစာအတိုင်း ကျင်းပရသော သခင်ဘုရားပွဲတော်ကိုလည်း ရုပ်ဆင်းတုကိုးကွယ်ဝတ်ပြုရေးတွင် ယဇ်ပူဇော်ခြင်းနည်းမျိုးဖြင့် အစားသွင်းထားပြန်၏။ ပါပရဟန်းမင်း၏လက်အောက်ခံဗရင်ဂျီဘုန်းကြီးများသည် အဓိပ္ပါယ်မရှိမှားယွင်းသောပွဲတစ်မျိုးအားဖြင့် ရိုးရိုးပေါင်မုန့်နှင့်စပျစ်ရည်ကို အကယ်ပင် သခင်ခရစ်တော်၏ အသားအသွေးအဖြစ်သို့ပြောင်းလဲနိုင်ကြသည်ဟု ဟန်ဆောင်ကြ၏။ စက်ဆုပ်ရွံရှာဖွယ်ဟန်ဆောင်မှုအားဖြင့် သူတို့သည် "ဖန်ဆင်းရှင်ကို ဖန်ဆင်းနိုင်သော"တန်ခိုးနှင့် ပြည့်စုံကြည်သည်ဟု ထင်ရှားစွာပြောဆိုကြ၏။ အလွန်ကြောက်စရာကောင်း၍ ကောင်းကင်ဘုံရှင်ကို စော်ကားသည့်ဤဖောက်ပြန်မှုကို ခရစ်ယာန်အပေါင်းတို့အား သေဒဏ်ဖြင့် ချိန်း . . . . . . . . . . . . . . . . . . . . . . . .

ခြောက်လျက် ယုံကြည်ဝန်ခံစေရန် အဓမ္မစေခိုင်းကြ၏။ ငြင်းပယ်သောသူတို့အား မီးရှို့လျက်သတ်ပစ်ကြ၏။

နေ့မွန်းတည့်အချိန်ကဲ့သို့ ပါပရဟန်းမင်း၏ ဘုန်းရောင်ခြည်တောက်ပနေသောအချိန်သည် လောက၏အကျင့်စာရိတ္တတွင် သန်းခေါင်ယံမှောင်မိုက်ကဲ့သို့ဖြစ်နေ၏။ လူများသာမက ရဟန်းဘုန်းကြီးများပင် သမ္မာတရားကျမ်းစာကို မသိသလောက်ဖြစ်နေကြ၏။ ရှေးကာလ၏ဖာရိရှဲများကဲ့သို့ ဗရင်ဂျီအသင်း၏ ခေါင်းဆောင်တို့သည် မိမိတို့၏အပြစ်ကို ဖော်ပြသောအလင်းတရားကိုမုန်းကြ၏။ ဖြောင့်မတ်ခြင်းတရား၏စံနမူနာဖြစ်သောဘုရားသခင်၏ပညတ်တော်ကို ပယ်ရှားထားကြသဖြင့်၊ သူတို့သည် မိမိတို့၏အာဏာကို အကန့်အသတ်မရှိအသုံးပြုလျက် ဆိုးသွမ်းသောအမှုတို့ကို အတားအဆီးမရှိဘဲ ပြုကျင့်နေကြ၏။ လိမ်လည်လှည့်ဖြားခြင်း၊ လိုချင်တပ်မက်ခြင်းနှင့်ဆိုးသွမ်းခြင်း အမှုများပြည့်ဝလျက်ရှိ၏။ လူများတို့သည် ရာထူးသို့မဟုတ် စည်းစိမ်ချမ်းသာကိုရရှိနိုင်လျှင်၊ မည်သည့်ပြစ်မှုကိုမျှ မကြောက်မရွံ့ကြချေ။ ဗရင်ဂျီဘုန်းကြီးများနှင့်၊ ဂုဏ်းအုပ်များ၏နန်းတော်များသည် အယုတ်မာဆုံးသောစားသောက်ပွဲများ၊ သေသောက်ကြူးခြင်းများနှင့် ပြည့်ဝနေ၏။ အချို့သော ဗရင်ဂျီဂိုဏ်းချုပ်များသည် အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ပြစ်မှုများကို ကျူးလွန်ကြသဖြင့်၊ ပလ္လင်ပေါ်တွင်နေဖို့ မထိုက်တန်သော သတ္တဝါကြီးများအဖြစ်နှင့် ဤဂိုဏ်းချုပ်ကြီးများကို တိုင်းပြည်၏မင်းများက ရာထူးမှ ချထားရန်ကြံစည်ကြိုးစားခဲ့သည်။ နှစ်ရာပေါင်းများစွာ လောကီပညာ၊ သိပ္ပံပညာသို့မဟုတ် ယဉ်ကျေးမှုတို့တွင် တိုးတက်ခြင်းမရှိခဲ့ချေ။ ခရစ်ယာန်နိုင်ငံကြီးထဲတွင် အကျင့်သီလနှင့် ပညာသတ္တိများသည် တိမ်ကောနေခဲ့၏။

---oo---

## အခန်း (၄၆)
## ဘာသာရေးခွဲရှေးဦးပြုပြင်သူများ။

ကာလကြာမြင့်စွာပါပရဟန်းမင်း၏အာဏာတန်ခိုးလွှမ်းမိုးချိန်၌ မြေကြီးပေါ်တွင်မှောင်မိုက်ဖုံးလွှမ်းနေစဉ်အခါမှာပင်သမ္မာတရား၏အလင်းကို လုံးလုံးမပယ်ရှားနိုင်ကြချေ။ကာလအဆက်ဆက်တိုင်းတွင်၊ သခင်ခရစ်တော်သာလျှင်လူနှင့်ဘုရားသခင်စပ်ကြားဖြန်ဖြေသူဖြစ်တော်မူသည်ဟုယုံကြည်စွဲလန်းနေသူများ၊ ကျမ်းစာတော်မြတ်ကို အသက်တာ၏တစ်ခုတည်းသောဥပဒေအဖြစ် အသိအမှတ်ပြုသူများနှင့်မှန်သောဥပုသ်နေ့ကို သန့်ရှင်းစွာစောင့်သောသူများတည်း ဟူသောဘုရားသခင်၏သက်သေခံများရှိကြသည်။ လောကသည် ဤသူများကိုမည်မျှကျေးဇူးတင်ဖို့ကောင်းသည်ကို နောက်ပေါ်လာမည့်သားစဉ်မြေးဆက်တို့သည် ဘယ်အခါမျှသိကြမည်မဟုတ်။ သူတို့အားဘာသာရေးဖေါက်ပြန်သူဟုမှတ်ယူကြကာ မီးနှင့်ရှို့ခဲ့ကြပြီ။ သူတို့၏ထင်မြင်ချက်များကိုငြင်းပယ်ခဲ့ကြပြီ။ သူတို့၏အကျင့်များကို ရှုံ့ရှာပြုစုခဲ့ကြ၏။ သူတို့ရေးသားထားသောစာများကိုနှိပ်ကွပ်၊ အဓိပ္ပါယ်အလွဲကောက်လျက်ဖျက်ဆီးခဲ့ကြ၏။ သို့သော်သူတို့သည်တည်ကြည်မြဲမြံကြလျက်၊ လာမည့်အမျိုးအနွယ်များအဘို့ သန့်ရှင်းသောအမွေတော်အဖြစ်နှင့် မိမိတို့၏ယုံကြည်ခြင်းတရားကို သန့်ရှင်းဖြူစင်သော အခြေအနေ၌ပင် ကာလအဆက်ဆက်စောင့်ထိန်းလာခဲ့ကြ၏။

ကျမ်းစာတော်မြတ်ကို တိုက်လှန်ခဲ့သောစစ်ပွဲသည် အလွန်ပြင်းထန်သောကြောင့်၊ မကြာခဏတွေ့ရသောစာစောင်များမှာ အလွန်ပင်နည်းပါးလှ၏။ သို့ရာတွင် ဘုရားသခင်သည်မိမိနှုတ်ကပတ်တော် ကိုလုံးလုံးပျောက်ပျက်သွားစေရန်ခွင့်ပြုတော်မမူ။ ၎င်း၏သမ္မာတရားများကို အစဉ်အမြဲဝှက်မထားရကြ။ ဘုရားသခင်သည်မိမိ၏ကျွန်များကိုလွှတ်ရန် ထောင်တံခါးကြီးများကိုဖွင့်ပေးနိုင်တော်မူသကဲ့သို့၊ အသက်ရှင်ခြင်းနှင့်ဆိုင်သောနှုတ်ကပတ်တော်စကားများကို အလွယ်တကူဖွင့်ပြနိုင်တော်မူ၏။ ဥရောပတိုက်ရှိနိုင်ငံအရပ်ရပ်တွင် ဘုရားသခင်၏ဝိညာဉ်တော်နိုးဆော်တော်မူခြင်းဖြင့် လူများတို့သည် သမ္မာတရားကိုဝှက်ထားသောဘဏ္ဍာကဲ့သို့ရှာဖွေကြ၏။ ဘုရား. . . . . . . . . . . . . . . . . . . . . . . . .

သင်လမ်းပြပို့ဆောင်သဖြင့် သမ္မာကျမ်းစာများကို တွေ့ရှိရကြသောအခါ၊ သူတို့သည်သန့်ရှင်းသောစာမျက်နှာများကို အလွန်စိတ်အားကြီးစွာ လေ့လာဖတ်ရှုကြ၏။ သူတို့၌ရောက်စေသော်လည်း၊ သူတို့သည်အလင်းတရားကို လက်ခံလိုကြသည်။ သူတို့သည်အလုံးစုံကို သေချာထင်ရှားစွာအမြင်ရသော်လည်း၊ ကြာမြင့်စွာကွယ်ပျောက်နေသောသမ္မာတရားကို တွေ့မြင်သိနားလည်လာကြ၏။ သူတို့သည် ကောင်းကင်၌စေလွှတ်တော်မူသော စေတမန်များကဲ့သို့ထွက်သွားကြလျက်၊ အမှားများနှင့်အယူသီးသော ဝါဒများကိုပယ်ရှားဖျက် ဆီး၍ကြာမြင့်စွာ ကျွန်ခံနေရသောသူတို့အား မိမိတို့လွတ်လပ်ရေးအတွက်ထ၍ အရေးဆိုရန်နိုးဆော်လျက်ရှိကြ၏။

ကျမ်းစာကိုဘာသာစကားအမျိုးမျိုးဖြင့် ဘာသာပြန်ဆိုရေးသားပြီး၊ အရပ်ရပ်သို့နှံ့ပြားသွားစေရန် ဝေငှဘို့အချိန်ကျရောက်လာလေပြီ။ လောကသည် မှောင်မိုက်တည်းဟူသောသန်းခေါင်ယံအချိန်ကို လွန်လာလေပြီ။ မှောင်မိုက်အချိန်ကာလများသည်ကုန်လွန်သွား၍ အများသောနိုင်ငံများတွင် အာရုံအလင်းရောက်လာချိန်လက္ခဏာကိုတွေ့မြင်ရလေပြီ။

## ဘာသာပြုပြင်ရေး၏မိုးယံသောက်ကြယ်

ဆယ့်လေးခုမြောက်ရာစုနှစ်အတွင်း အင်္ဂလန်ပြည်၌ "ဘာသာပြုပြင်ရေး၏မိုးယံသောက်ကြယ်" သည်ပေါ်ထွက်လာ၏။ ဂျွန်ဝစ်ကလစ်(ဖ)သည် ဘာသာပြုပြင်းရေးတွင် အင်္ဂလန်၌သာမက၊ ခရစ်ယာန်နိုင်ငံတစ်ဝှမ်းလုံးတွင် ရှေ့တော်ပြေးဖြစ်၏။ သူသည်ပြုရိတန်ခေါ်အင်္ဂလိန်အသင်းမှခွဲ ထွက်သောဂိုဏ်းသားတို့ကိုဖြစ်ပေါ်လာစေသူဖြစ်၏။ သူ၏ခေတ်ကာလသည် သဲကန္တာရတွင် အိုအေစစ်ခေါ်စမ်းရေတွေ့ရာအရပ်ကဲ့သို့ဖြစ်၏။

မိမိ၏ပညာအရည်အချင်းအားဖြင့် မိမိ၏အလုပ်များကို ဂုဏ်အသရေနှင့်ပြည့်စုံစေရန် ပြုပြင်ပေးနိုင်သောသူအား၊ ထာဝရဘုရားသည် ဘာသာပြုပြင်ရေးလုပ်ငန်းကို အပ်နှံဖို့သင့်တော်သည်ဟုသိမြင်တော်မူ၏။ ဤအမှုသည် သမ္မာတရားကိုရွံရှာသောသူတို့၏အသံကိုတိတ်ဆိတ်စေ၍ သမ္မာတရားကို ခုခံပြောဆိုသူ၌ ပညာမရှိဟုကဲ့ရဲ့ပြောဆိုခြင်းဖြင့်၊ သူ၏အလုပ်ကိုရှုတ်ချခြင်းမပြုစေရန် သမ္မာတရား၏ရန်သူများအား တာဆီးပိတ်ပင်ပေးလေ၏။

ဝစ်ကလစ်(ဖ)သည်ကျောင်းများ၌ နိုင်နင်းစွာတတ်မြောက်လာသော အခါ၊ သူသည်ကျမ်းစာကိုလေ့လာဆည်ပူးလေ၏။ ကျမ်းစာတွင် အထက်ကသူ ရှာမတွေ့သောအရာကိုတွေ့ရှိလေ၏။ ၎င်းတွင်ကယ်တင်ခြင်းစီမံကိန်းကို ဖော်ပြ ထားကြောင်းကို၎င်း၊ သခင်ခရစ်တော်ကိုလူအတွက်ဖြန်ဖြေပေးသော တစ်ဦး တည်းသောအမူဆောင် သခင်အဖြစ်ဖေါ်ပြထားကြောင်းကို၎င်း၊ သူတွေ့ မြင်ရ၏။ ရောမဗရင်ဂျီအသင်းတော်သည် လူတို့၏ထုံးစံဓလေ့များကိုလိုက်နာရန် ကျမ်းစာ ကညွှန်ပြသောနည်းလမ်းများကို စွန့်ပစ်ခဲ့ကြောင်းသူတွေ့ရှိရ၏။ သူသည် မိမိ ကိုယ်ကိုသခင်ခရစ်တော်အားအပ်ပေးလျက်၊ မိမိရှာဖွေတွေ့ရှိရသော သမ္မာတရား ကို ကြွေးကြော်ရန်စိတ်ပိုင်းဖြတ်လေ၏။

သူ၏အသက်တာတွင်အကြီးမြတ်ဆုံးအလုပ်ကား၊အင်္ဂလိပ်ဘာသာစ ကားဖြင့် ကျမ်းစာကိုဘာသာပြန်ခြင်းတည်း။ ဤအရာသည် ပထမဦးဆုံးအင်္ဂလိပ် စကားဖြင့် စုံလင်စွာအစအဆုံး ဘာသာပြန်ပြီးခဲ့သော အလုပ်ဖြစ်သည်။ စပုံနှိပ် ခြင်းလုပ်ငန်းသည်မပေါ်သေးသဖြင့် နှေးကွေးပင်ပန်းစွာ ရေးကူးသောနည်းအား ဖြင့်သာ စောင်ရေများကိုတိုးပွါးလာအောင် ပြုလုပ်နိုင်ကြသည်။ သို့ရာတွင် ဤလုပ် ငန်းကိုပြီးအောင်ပြုလုပ်ခဲ့သဖြင့် အင်္ဂလန်ပြည်ရှိလူများတို့သည် မိမိတို့ဘာသာ စကားဖြင့် ရေးသားသောကျမ်းစာအုပ်များကိုရရှိကြ၏။ ထိုသို့အားဖြင့် ဘုရား သခင်၏နှုတ်ကပတ်တရားအလင်းသည် မှောင်မိုက်ကိုဖယ်ရှားလိုက်သော ရောင် ခြည်များကို အစပြုသက်ရောက်လာစေ၏။ ကြီးကျယ်သောဘာသာရေးပြုပြင် ရေးလုပ်ငန်းကြီးအတွက် ဘုရားသခင်၏လက်တော်သည် ပြုပြင်ပေးလျက်ရှိ၏။

ဆင်ခြင်စဉ်းစားတတ်သောလူတို့အား တိုက်တွန်းနိုးဆော်ပေးခြင်းဖြင့် ပါပရဟန်းမင်း၏အယူဝါဒကို ခံယူနေရကြသည့်အခြေအနေမှ သူတို့အား ထကြွ နိုးကြားလာစေ၏။ ကျမ်းစာများကိုဂုဏ်အသရေရှိလူများကနှစ်သက်စွာ လက်ခံ လာကြ၏။ ထိုကာလတွင်ထိုလူမျိုးများသာစာဖတ်တတ်ကြ၏။

ဝစ်ကလစ်(ဖ)သည် ယခုဗရင်ဂျီအသင်းနှင့်ဆန့်ကျင်သောဂိုဏ်း၏ ထူးခြားသောဩဝါဒများတည်းဟူ သောသခင်ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းအကြောင်းနှင့် ကျမ်းစာ. . . . . . . . . . . . . . .

သည်မမှားယွင်းနိုင်ဟူသောအချက်ကြီးတို့ကို သွန်သင်ပေး၏။ အများသောရဟန်းဘုန်းကြီးများသည် သူနှင့်အတူကူညီလျက် ကျမ်းစာကိုဝေငှ၍ ဧဝံဂေလိတရားကိုဟောပြောကြ၏။ ဤလုပ်ငန်းများနှင့်ဝစ်ကလစ်(ဖ်) ရေးသားသောစာပေများသည် ကြီးစွာအကျိုးပေးသောကြောင့်၊ ဤယုံကြည်ခြင်းတရားသစ်ကို အင်္ဂလန်ပြည်ရှိလူဦးရေ ထက်ဝက်လောက်ပင် လက်ခံကြ၏။ မှောင်မိုက်နိုင်ငံသည် တုန်လှုပ်သွားလေ၏။

သူ၏လုပ်ငန်းကိုတားဆီး၍ သူ၏အသက်ကိုဖျက်ဆီးရန်ကြိုး စားနေကြသော သူတို့၏လုပ်ငန်းသည်လည်းမအောင်မြင်ကြချေ။ ၄င်းပြင်ဘုရားသခင်၏ အမှုတော်ကိုဆောင်ရွက်နေစဉ်ပင် အသက်ခြောက်ဆယ့်တစ်နှစ်တွင် ငြိမ်သက်စွာ အနိစ္စရောက်သွားလေ၏။

## ဘာသာပြုပြင်ရေးလုပ်ငန်းနှံ့ပြားခြင်း။

ဝစ်ကလစ်(ဖ)ရေးသားသောစာပေများအားဖြင့် ဘိုဟီးမီးယားပြည်မှ ဂျွန်ဟတ်(စ)သည် ဗရင်ဂျီအသင်း၏အမှားများကို စွန့်ပယ်၍ဘာသာပြုပြင်ရေးလုပ်ငန်းကို ဆောင်ရွက်လာလေ၏။ ဝစ်ကလစ်(ဖ)ကဲ့သို့ ဟတ်(စ)သည်မြင့်မြတ်သော ခရစ်ယာန်ဖြစ်လျက် ပညာထူးချွန်တတ်မြောက်၍ သမ္မာတရားကိုမလွဲမချော်ဘဲ ရှိသေလေးစားသူဖြစ်၏။ သူကကျမ်းစာကိုလိုက်နာရန်နိုးဆော်ခြင်း၊ ဘုန်းကြီးများ၏ယုတ်ညံ့ဆိုးညစ်သောအပြုအမူအကျင့်ဓလေ့တို့အကြောင်းကို ရဲရင့်စွာအပြစ်တင်ဖော်ပြခြင်းအားဖြင့်၊ အများသောသူတို့သည်စိတ်ပါဝင်စားလာကြလျက်၊ ထောင်ပေါင်းများစွာသောသူတို့သည် သာ၍ဖြူစင်သောအယူဝါဒကိုဝမ်းမြောက်စွာ လကခံလာကြ၏။

ဤအမှုကြောင့်ပါပရဟန်းမင်း၊ ဂိုဏ်းချုပ်များ၊ ရဟန်းများ၊ ဘုန်းကြီးများတို့သည် ပြင်းစွာအမျက်ထွက်၍ သူ့အားဘာသာဖေါက်ပြန်မှုနှင့် စွပ်စွဲသည်ကိုပြန်ချေပရန် ကွန်စတန့်မြို့ရှိအစည်းအဝေးရှေ့တွင် လာရောက်ရန် ဟတ်(စ်) အားဆင့်ခေါ်လေ၏။ ဂျာမနီပြည်၏ဘုရင်မင်းကသူ့ကို လုံခြုံစွာစောင့်ရှောက် ခွင့်ပေးခဲ့၍ ကွန်စတန့်မြို့သို့ရောက်လာရာ၌လည်း ပါပရဟန်းမင်းက မတရားသောအမှုကို သူ့အပေါ်၌ မပြုလုပ်စေရန် ကိုယ်တိုင်ဂတိထားသေး၏။

ကြာရှည်စွာသူ့ကိုစစ်ဆေးမေးမြန်းရာ၌ သူသည်မိမိသမ္မာ တရားကို စောင့်ထိန်းထား၏။ သူသည်မိမိ၏ဩဝါဒများကိုပြန်၍ နှုတ်သိမ်းရမည်။ သို့မဟုတ်အသေခံရမည်ဟူသောဆုံးဖြတ်ချက်နှစ်ကို ရွေးချယ်ရလိမ့်မည်။

သူသည်ယုံကြည်ခြင်းအတွက် အသေခံရခြင်းကိုရွေးချယ်သဖြင့်၊ သူရေးသားသောစာပေများကို မီးရှို့ပစ်သည်ကိုမြင်ရပြီးနောက်၊သူသည်လည်း ငုတ်တိုင်တစ်ခု၌ချည်ထားပြီး မီးရှို့ခြင်းခံရလေ၏။ ဗရင်ဂျီအသင်းတော်နှင့်နိုင်ငံ၏ဂုဏ်အသရေရှိလူကြီးများရှေ့၌ ပါပရဟန်းမင်းတို့၏ ပျက်စီးယိုယွင်းသောအကျင့်ဓလေ့တို့ကို ဘုရားသခင်၏ကျွန်သည် တည်ကြည်သစ္စာရှိစွာနှင့် ကန့်ကွက်ဖော်ပြလေ၏။ ကာကွယ်စောင့်ရှောက်ပေးမည်ဟု လူအများရှေ့တွင်တည်ကြည်စွာ ဂတိထားခဲ့သည်ကိုမျှမရှုက်ဘဲ၊ ဂတိဖျက်လျက်သူ့ကိုရက်စက်စွာ သတ်ခြင်းအမှုအားဖြင့်၊ ရောမဗရင်ဂျီအသင်း၏ရက်စက်စွာသစ္စာဖေါက်မှုကို လောကတဝှမ်းလုံးအား ထင်ရှားသွားစေ၏။ သမ္မာတရား၏ရန်သူတို့သည်၊ ကိုယ်တိုင်မသိကြသော်လည်း၊ ဖျက်ဆီးရန်မိမိတို့အချည်းနှီးကြံစည်နေကြသောအမှုတို့ကိုတိုးပွားအောင် ပြုလုပ်နေကြလေသည်။

ညှဉ်းဆဲသတ်ဖြတ်ခြင်းခံနေရသော်လည်း၊ ဝစ်ကလစ်(ဖ)သေဆုံးပြီးနောက်မှာပင်၊ဘာသာတရား၏ယုံကြည်ချက်တွင် မှားယွင်းပျက်စီးနေသောအမှုတို့ကို၊လူများတို့သည်ဘုရားတရားကိုကြည်ညိုလေးစားလျက်၊ စိတ်အားထက်သန်စွာသည်းခံခြင်းနှင့် ဆက်လက်ကန့်ကွက်နေကြ၏။ တမန်တော်တို့၏လက်ထက်တွင် ရှိသောယုံကြည်သူများကဲ့သို့ အများသောသူတို့သည်မိမိတို့၏ လောကီဥစ္စာဘဏ္ဍာများကို သခင်ခရစ်တော်၏အမှုတော်အတွက် ရက်ရောစွာစွန့်ကြဲပေးလှူကြ၏။

ပါပရဟန်းမင်း၏အာဏာကိုလည်း တိုး၍ခိုင်မြဲကျယ်ပြန့်လာစေရန် အားကြီးစွာ ကြိုးစားခဲ့ကြသော်လည်း၊ ပါပရဟန်းမင်းသည် သခင်ခရစ်တော်၏ကိုယ်စားဖြစ်သည်ဟု အခိုင်အမာပြောဆိုနေသေးစဉ်အခါ၌ပင်၊ လူများမနှစ်သက်လောက်အောင် သူတို့၏အပြုအမူအကျင့်ဓလေ့တို့သည် အလွန်ပျက်စီးယိုယွင်းလာကြ၏။ စာပုံနှိပ်တိုက်ပညာကို တည်ထွင်လိုက်ခြင်းကြောင့်၊ အကူအညီရလျက်၊ ကျမ်းစာများသည်သာ၍ ကျယ်ပြန့်စွာရောက်ရှိ. . . . . . . . . . . . . . . . . . .

သွားသဖြင့်၊ ပါပရဟန်းမင်း၏ဩဝါဒများသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် မညီညွတ်ကြောင်းကိုအများသောသူတို့သိမြင်လာကြ၏။

သက်သေခံတစ်ယောက်သည် သမ္မာတရားမီးတိုင်ကိုလက်လွှက်လိုက်ရသောအခါ၊အခြားသောသူသည်ကိုင်ဖမ်း၍ ၎င်းကိုရဲရင့်စွာမြှောက်ပင့်လျက် ကိုင်ထား၏။ တိုက်လှန်ခြင်းအမှုများပေါ်လာသဖြင့်၊ အသီးအသီးနှင့်အသင်းတော်များသာမကလူမျိုးတို့၏လွတ်လပ်ရေးကိုပင် ဖြစ်ပေါ်လာစေ၏။ နှစ်ပေါင်းတစ်ရာခန့်ရှိသောချောက်ကြီးတဘက်သို့ လူများတို့သည်မိမိလက်များကိုလှမ်း၍ ဝစ်ကလစ်(ဖ်)လက်ထဲရှိ သူ၏တပည့်များတည်းဟူသော လောလဒ်အမည်ရှိသူတို့၏လက်များကို ကိုင်ဆွဲကြလေ၏။ လူးသာအမည်ရှိသူအားဖြင့် ဂျာမနီပြည်၌ ဘာသာပြုပြင်ရေးအမှုသည် အစပြုလာ၏။ ကာလ်ဘင်သည်ပြင်သစ်ပြည်၌ ဧဝံဂေလိတရားကိုဟော၏။ ဇွင်ဂယ်(လ)သည် ဆွစ်ဇာလင်ပြည်၌ ဟောပြော၏။ လောကသည်အိပ်ပျော်နေရာမှနိုးသကဲ့သို့ထကြွလှုပ်ရှားလာသဖြင့်၊ တနိုင်ငံမှတနိုင်ငံသို့ "ဘာသာရေးတွင်လွတ်လပ်မှု" ဟူသောအံ့ဩဖွယ်စကားများကို ကြွေးကြော်ကြလေ၏။

---၀၀---

## အခန်း ၄၇။

## လူးသာနှင့်ကြီးစွာသောဘာသာပြုပြင်ရေး။

ပါပရဟန်းမှောင်မိုက်ထဲမှသာ၍ သန့်ရှင်းဖြူစင်သော ယုံကြည်ခြင်းတရားအလင်းထဲသို့ အသင်းတော်ကို ရှေ့ဆောင်လမ်းပြဖို့ရန် ရွေးကောက်တော်မူခြင်းခံရသောသူတို့တွင် အဦးဆုံးသောသူမှာ မာတင်လူးသာဖြစ်သည်။

ဘုရားတရားဘက်တွင်အလွန်စိတ်အားထက်သန်ကြည်ညိုလေးစား၍ ဘုရားအပြင်မည်သူကိုမျှမကြောက်၊ဘာသာတရား၌ ယုံကြည်ခြင်းအတွက် သမ္မာကျမ်းစာတော်မြတ်မှလွဲ၍ ဘယ်အခြေအမြစ်ကိုမျှအားမကိုး၊ ဝန်မခံသောလူးသာသည် မိမိ၏ခေတ်ကာလအတွက် သင့်တော်သောလူတယောက်ဖြစ်ပေသည်။

သူ့အားဖြင့်အသင်းတော်ကိုပြုပြင်ပြောင်းလဲရေးနှင့် လောကအားအလင်းတရားဖြင့် ထွန်းလင်းစေရေးအတွက် ဘုရားသခင်သည်ကြီးကျယ်သောအမှုတခုကိုပြီးမြောက်စေတော်မူပြီ။

တနေ့သ၌ သိပ္ပံကျောင်းတော်ကြီးတစ်ခုရှိ ပိဋကတ်တိုက်တွင် စာအုပ်များကိုရှာဖွေစစ်ဆေးနေစဉ်၊ လာတင်ဘာသာဖြင့်ရေးသားထားသောကျမ်းစာတစ်စောင်ကို လူးသာသည်တွေ့ရှိရလေ၏။ လူအများနှင့်စည်းဝေးရာတွင် အထက်ခရစ်ဝင်ကျမ်းနှင့်ဩဝါဒစာတို့၏အစိတ်အပိုင်းများဖတ်ပြသည်ကို သူသည်ကြားရဖူး၍ ၎င်းတို့သည်ဘုရားသခင်၏နှုတ်ကပါတ်တော်တခုလုံးဖြစ်သည်ဟုသူ ထင်မှတ်နေ၏။ ယခုသူသည်ပဌမအကြိမ်ကျမ်းစာတအုပ်လုံးကိုတွေ့မြင်ရလေ၏။ သူသည် ကြောက်လန့်၊ အံ့ဩခြင်းနှင့်သန့်ရှင်းသောစာမျက်နှာများကိုလှန်၍ သွေးကြောများခုန်ပြီး နှလုံးတုန်လှုပ်လျက်၊ အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပါတ်စကားများကို၊ မိမိကိုယ်တိုင်အတွက်ဖတ်နေရာ၊ တခါတရံရပ်နားနေပြီး “အို၊ ဘုရားသခင်သည် ဤကဲ့သို့သောစာအုပ်မျိုးအကျွန်ုပ်ကိုယ်တိုင်ပေးမည်ဆိုလျှင်” မည်မျှကောင်းမည်လဲဟု ကျယ်ကျယ်မိမိကိုယ်ကိုပြောဆိုနေ၏။ ကောင်းကင်တမန်များသည် သူ၏အနားမှာရှိလျက်၊ ဘုရားသခင်၏ပလ္လင်တော်မှ အလင်းရောင်ခြည်သည် သူ့အားသမာတရားတည်းဟူသောဘဏ္ဍာများကို နားလည်စေခြင်းငှါဖွင့်ပြလေ၏။ သူသည် ဘုရားသခင်ကိုပြစ်မှားဘို့ကြောက်ရွံ့. . . . . . . . . . . . . . . . . . . . . . . .

စိုးရိမ်ခဲ့၏။ ယခုမူကားမိမိသည် အပြစ်သားတဦးကဲ့သို့သောအခြေအနေ၌ရှိနေကြောင်း၊ အထက်ကထက်သာ၍ ထင်ရှားစွာသိမြင်လာလေ၏။ အပြစ်မှလွတ်၍ ဘုရားသခင်နှင့်အတူ ငြိမ်သက်ခြင်းရဖို့စိတ်အားထက်သန်စွာအလိုရှိနေသောကြောင့်၊ သူသည်ဗရင်ဂျီဘုန်းကြီးကျောင်းသို့သွား၍ ရဟန်းဘဝနှင့်တသက်လုံးတရားကျင့်သွားရန်ဆုံးဖြတ်လေ၏။

သူသည်နေ့စဉ်၊ အလုပ်ဝတ္တရားမှ အားလပ်ခွင့်ရသောအချိန်တိုင်း၊ စာပေများကိုလေ့လာဆည်းပူးနေရာ၊ အိပ်ချိန်ကိုဂရုမစိုက်၊ သူ၏ညံ့ဖျင်းသော အစားအသောက်၌ ကုန်ရသောအချိန်ကိုပင်နှမြောလာ၏။ အခြားသောအရာများထက် သူသည်ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာဆည်းပူးရန်သာ၍နှစ်သက်၏။ ဗရင်ဂျီဘိုးသူတော်ကျောင်းဆောင်၏နံရံသို့သံကြိုးဖြင့် ချည်ထားသောကျမ်းစာအုပ်တစောင်ကိုသူတွေ့ရှိ၍ သူသည်ထိုနေရာသို့ခဏခဏသွားရောက်၏။

လူးသာသည် သင်းအုပ်ရဟန်းအဖြစ် ခန့်အပ်ခြင်းခံရလျက်၊ သူ့အားဘုန်းကြီးကျောင်းမှခေါ်၍ ဝစ်တင်ဘား(ဂ)သိပ္ပံကျောင်းတော်ကြီး၌ပါမောက္ခအဖြစ် ခန့်အပ်လိုက်လေ၏။ ဤနေရာ၌ သူသည် သမ္မာကျမ်းစာကိုမူလဘာသာစကားများဖြင့် ရေးသားထားသည်အတိုင်း လေ့လာဖတ်ရှုလေ၏။ သူသည်ကျမ်းစာအကြောင်း သွန်သင်ပေး၍ အားရစွာနားထောင်နေကြသောသူတို့သည် ဆာလံကျမ်း၊ ခရစ်ဝင်ကျမ်းနှင့် ဩဝါဒစာများအကြောင်းကို ကောင်းစွာသိနားလည်လာကြ၏။ သူသည် သမ္မာကျမ်းစာ၌အံ့ဩဖွယ်ကျွမ်းကျင်လာ၍ ဘုရားသခင်၏ကျေးဇူးတော်သည် သူ့အပေါ်၌တည်လျက်ရှိ၏။ သူသည်စကားပြောကောင်းသဖြင့် နားထောင်သောသူများအားစွဲလန်းစေ၏။ သမ္မာတရားကို ကြည်လင်ပြတ်သားစွာ တန်ခိုးနှင့်ဖော်ပြသဖြင့်၊ လူများတို့သည်ကောင်းစွာထင်ရှားသိမြင်လျက်၊ လူ၏စိတ်အားထက်သန်မှုကြောင့် လူတို့၏စိတ်နှလုံးကိုထိခိုက်စေ၏။

## ဘာသာပြုပြင်ရေးတွင်ခေါင်းဆောင်တပါး

ဘုရားသခင် စီစဉ်လမ်းပြတော်မူသည်အတိုင်း သူသည်ရောမမြို့သို့သွားရန်ဆုံးဖြတ်၏။ ပိလမင်း၏ လေ့ခါးဟုခေါ်သောနေရာတခုသို့ ဒူးထောက်၍တက်သောသူတို့အား အပြစ်နှင့်အပြစ်ဒဏ်မှ လွတ်ကင်းချမ်းသာခွင့်ပေး. . . . . .

ပေးမည်ဟု ပါပရဟန်းမင်းသည်ဂတိပြုထားခဲ့၏။ တနေ့သ၌ လူးသာသည် ဤလှေခါးကြီးပေါ်သို့တက်နေစဉ်၊ "ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်"ဟု မိုယ်းချိုးသံကဲ့သို့ကျယ်စွာ သူ့အားပြောဆိုသော စကားသံကို ရုတ်တရက်ကြားလိုက်ရ၏။ သူသည်ချက်ခြင်းရှက်ကြောက်ခြင်းနှင့် မတ်ရပ်လျက် မိမိမိုက်မဲစွာပြုကျင့်နေသော နေရာမှထွက်ပြေးလေ၏။ ထိုကျမ်းချက်၏တန်ခိုးသည် သူ၏စိတ်ဝိညာဉ်ထဲမှ ဘယ်သောအခါမျှ ပျောက်ကွယ်မသွားချေ။

ကယ်တင်ခြင်းခံစားဖို့ရန် လူ၏အကျင့်ကို အားထားခြင်းသည် မှားယွင်းကြောင်းကိုင်း၊ သခင်ခရစ်တော်၏ကုသိုလ်ကောင်းမှုတော်၌ အမြဲယုံကြည်ခြင်းရှိဘို့လိုအပ်ကြောင်းကငင်း၊ ထိုအခါမှစ၍ အထက်ကထက်သာ၍ ထင်ရှားစွာ သူသည်သိမြင်လာလေ၏။ စာတန်ကဲ့သို့ပါပရဟန်းမင်းက လှည့်ဖျားနေခြင်းအကြောင်းကို သူသည်ယခုပွင့်လင်းစွာသိမြင်လာလျက်၊ နောင်ဤအကြောင်းနှင့်ပတ်သက်၍ဘယ်တော့မျှ မျက်စိအလင်းကွယ်တော့အည်မဟုတ်။ သူသည်ရောမမြို့မှမိမိ၏မျက်နှာကိုလွဲလာသောအခါ၊ သူ၏စိတ်နှလုံးကိုလည်းလွဲလာခဲ့လေပြီ။ ၄င်းပြင် ထိုအခါမှစ၍ သူသည်ထိုအသင်းတော်နှင့်သာ၍ဝေးကွာလာပြီး၊ နောက်ဆုံး၌ ပါပရဟန်းမင်း၏ အသင်းတော်နှင့် သူသည် လုံးလုံးအဆက်ဖြတ်လိုက်လေ၏။

သူသည်ရောမမြို့မှပြန်သွားပြီးနောက်၊ လူးသာသည်ဝစ် တင်ဘား(ဂ်)သိပ္ပံကျောင်းတော်ကြီးမှ ဘာသာရေးပါရဂူဘွဲ့ကိုရရှိလေ၏။ ယခုအထက်ကထက်သူနှစ်သက်သောကျမ်းစာများကို သာ၍လေ့လာဆည်းပူးရန် အခွင့်ရရှိလေ၏။ သူသည် တစ်သက်ပတ်လုံးပါပရဟန်းမင်း၏ စကားများနှင့်ဩဝါဒများကိုဂရုမစိုက်တော့ဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သေချာစွာဖတ်ရှုပြီး၊ သစ္စာနှင့်ဟောပြောသွန်သင်ရန် တည်ကြည်စွာဂတိပြုခဲ့လေပြီ။ သူသည်ဗရင်ဂျီဘုန်းတော်ကြီးသို့မဟုတ် ပါမောက္ခသာမဟုတ်တော့ဘဲ၊ ကျမ်းစာတော်မြတ်အကြောင်း ရှေ့ဦးစွာကြွေးကြော်ဘို့ အခွင့်အာဏာရရှိထားသောသူဖြစ်လေ၏။ သမ္မာတရားကို ငတ်မွတ်နေသော ဘုရားသခင်၏သိုးစုကိုကျွေးမွေးရန် သိုးထိန်းအဖြစ်သူသည်ရွေးကောက်ခြင်းခံရလေပြီ။

ယခုလူးသာသည် သမ္မာတရားအတွက် ခုခံပြောဆိုသော ခေါင်းဆောင်အဖြစ် မိမိ၏လုပ်ငန်းကိုရဲရင့်စွာအစပြုလေ၏။ သူသည်တရားဟော. . . . . . . .

ပလ္လင်မှစိတ်အားကြီးလျက် ကြည်ညိုလေးစားစွာ သတိပေးဟောပြောနေသည်ကိုကြားရကြပြီ။ သူသည်လူများတို့အား အပြစ်ဒုစရိုက်၏မနှစ်သက်ဖွယ်သဘောအကြောင်းကို ထင်ရှားစွာဖော်ပြ၍အပြစ်ကိုလျှော့ပေါ့စေရန်၊ သို့မဟုတ်အပြစ်ဒဏ်ကိုပယ်ရှားရန် လူ၏အကျင့်အားဖြင့် လူသည်မတတ်နိုင်ကြောင်းကို သူတို့အားသွန်သင်ပေး၏။ ဘုရားသခင်ထံနောင်တရလျက်ပြန်လာ၍ သခင်ခရစ်တော်၌ ယုံကြည်ခြင်းမှလွဲ၍ ဘယ်အရာမျှအပြစ်သားကိုမကယ်တင်နိုင်။ သခင်ခရစ်တော်၏ကျေးဇူးတော်ကို ဝယ်ယူ၍မရနိုင်။

၎င်းသည် အခမဲ့ပေးသောဆုကျေးဇူးဖြစ်သည်။ အပြစ်လွတ်ခြင်းအခွင့်ကိုဝယ်မယူဘဲ၊ လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်းခံရသော ရွေးနှုတ်ရှင်ကိုယုံကြည်ခြင်းနှင့်ကြည့်ရှုရန် သူကလူများအားအကြံပေး၏။

ကယ်တင်ခြင်းရရှိဘို့၊ မိမိကိုယ်တိုင်ဒုက္ခခံရခြင်း၊ ကိုယ်ကိုဆုံးမခြင်းအမှုများအားဖြင့် အချည်းနှီးကြံစည်ကြိုးစားခဲ့ရာ၌ မိမိကိုယ်တိုင်ဝေဒနာခံလျက် ကြုံခဲ့ရသော အဖြစ်အပျက်အကြောင်းကို သူသည်ပြန်ပြောပြီးလျှင်၊ မိမိကိုယ်ကို မကြည့်ဘဲ သခင်ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့်သူသည်ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းကိုတွေ့ရှိခဲ့ရကြောင်း၊ နားထောင်နေသူတို့အားအာမခံ၍ ပြောပြ၏။

ဂျာမနီပြည်တဝှမ်းလုံးတွင် စဉ်းစားဆင်ခြင်တတ်သော သူတို့သည် လူးသာ၏သွန်သင်ချက်တို့ကို ဂရုစိုက်နားထောင်ကြ၏။ သူ၏ဟောပြောချက်များ၊ ရေးသားထားချက်များမှ အလင်းတရား၏ရောင်ခြည်များ ထွက်လာ၍ထောင်ပေါင်းများစွာသောသူတို့သည် နိုးကြားထကြွပြီးအလင်းတရားကိုရရှိကြ၏။ အပေါ်ယံယုံကြည်မှုအားဖြင့် ကြာမြင့်စွာ သေနေသောအသင်းတော်သည် အသက်ရှင်သောယုံကြည်ခြင်းတရားနှင့် ပြည့်ဝလာလေ၏။ ရောမဗရင်ဂျီအသင်း၏အယူသီးသောဩဝါဒများကို လူများတို့သည် နေ့စဉ်ယုံကြည်အားထားမှု မရှိကြတော့ချေ။ ငြူစူသောသဘောတည်းဟူသော အတားအဆီးများသည် ပျောက်ကွယ်သွားလေပြီ။ လူးသာသည် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့်၊ ဩဝါဒရှိသမျှ၊ ဖော်ပြပြောဆိုချက်ရှိသမျှတို့ကိုစစ်ဆေးစမ်းသပ်ခဲ့ရာ၊ ထိုနှုတ်ကပတ်တော်သည် သန်လျက်ကဲ့သို့ လူတို့၏စိတ်နှလုံးကိုထုတ်ခြင်းခွင်းလေ၏။ အရပ်ရပ်တိုင်း၌ ဝိညာဉ်ရေးတိုးပွါးမှုသည် ထကြွပေါ်ပေါက်လာ၏။ လွန်လေပြီးသောကာလများ. . . . . . .

တွင်မတွေ့ခဲ့ရဘူးသကဲ့သို့ ဖြောင့်မတ်ခြင်းတရားကို ဆာငတ်မွတ်သောသူများကို အရပ်ရပ်၌ တွေ့ရှိရ၏။ လူတို့စီမံသောဝတ်ပြုနည်းများနှင့် ကြားဖြန်ဖြေသူအဖြစ် ပြုလုပ်နေသောလူကို ကြာမြင့်စွာကြည့်ရှုလာခဲ့ရကြသော လူတို့သည်ယခုနောင်တရလျက် ယုံကြည်ခြင်းနှင့် သခင်ခရစ်တော်နှင့် လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်းခံခဲ့ရတော်မူသောကိုယ်တော်ကိုလှည့်၍ ကြည့်ရှုလာကြပြီ။

ဘာသာပြုပြင်သူလူးသာ၏စာပေများနှင့် ဩဝါဒစကားများသည် ခရစ်ယာန်နိုင်ငံတဝှမ်းလုံးရှိလူမျိုးတိုင်းထံသို့ အနှံ့အပြားရောက်ရှိသွားလေ၏။ ထိုလုပ်ငန်းသည် ဆွစ်ဇာလင်ပြည်၊ ဟောလန်ပြည်များသို့တိုင်အောင် ရောက်ရှိသွား၏။ သူရေးကူးပြီးသောစာစောင်များသည် ပြင်သစ်ပြည်နှင့် စပိန်ပြည်သို့လည်းရောက်သွားကြ၏။ အင်္ဂလန်ပြည်၌ သူ၏သွန်သင်ချက်များတို့ကို အသက်ရှင်သောနှုတ်ကပတ်တော်ကဲ့သို့လက်ခံကြ၏။ သမ္မာတရားသည် အီတလီပြည်နှင့် ဘယ်လ်ဂျီယန်ပြည်များသို့လည်း ပြန့်ပွားလေ၏။ ထောင်ပေါင်းများစွာသောသူတို့သည် လူသေကဲ့သို့မေ့မြော့အိပ်ပျော်ရာမှ နိုးထလာကြလျက်၊ ယုံကြည်ခြင်းနှင့်ပြည့်ဝသောအသက်တာတွင် ပျော်ရွှင်ခြင်း၊ မျော်လင့်ခြင်းကိုရရှိလာကြလေပြီ။

## လူးသာသည်ရောမမြို့နှင့်အဆက်ဖြတ်ခြင်း။

ရောမမြို့ရှိအသင်းတော်ကြီးသည် လူးသာကိုဖျက်ဆီးရန်ကြံစည်နေသော်လည်း၊ ဘုရားသခင်သည်သူ့ကိုကွယ်ကာစောင့်ရှောက်တော်မူ၏။ ဘုန်းကြီးကျောင်း၊ အိမ်ကြီး၊ အိမ်ငယ်၊ ဂုဏ်အသရေရှိလူများ၏ရဲတိုက်များ၊ သိပ္ပံကျောင်းတော်ကြီးများနှင့် ရှင်ဘုရင်တို့၏နန်းတော်များမှစ၍ အရပ်ရပ်တိုင်း၌ သူ၏ဩဝါဒစကားများကိုကြားရကြ၏။ ၎င်းပြင်ဂုဏ်အသရေရှိလူကြီးများတို့သည် သူ၏ကြိုးပမ်းမှုကို ထောက်ပံ့ကူညီရန် နေရာတိုင်း၌ ပေါ်လာ၏။

ခရစ်ယာန်ဘာသာပြုပြင်ပြောင်းလဲရေးအကြောင်းနှင့် သက်ဆိုင်၍ ဂျာမနီပြည်၏ဘုရင်မင်းမြတ်နှင့် မှူးကြီးမတ်ကြီး၊ ဂုဏ်အသရေရှိလူကြီးများအား အသနားခံရာတွင်၊ လူးသာသည်ပါပရဟန်းမင်းအကြောင်း ဤကဲ့သို့ရေးသားထား၏။ "သခင်ခရစ်တော်၏ကိုယ်စားဖြစ်သည်ဟုမိမိကိုယ်ကို. . . . . . . . . .

ခေါ်ဝေါ်နေသောသူသည် ဘုရင်မင်းမြတ်တစ်ဦးမျှမတုပနိုင် သောခမ်းနားကြီးကျယ်မှုကို ခင်းကျင်းပြနေသည်ကျမြင်ရသည်မှာ အလွန်ကြောက်မက်ဖွယ်ဖြစ်ပေသည်။ ဤအမှုသည် ဆင်းရဲသောသခင်ယေရှု၊ သို့မဟုတ်နှိမ့်ချသော ပေတရုကဲ့သို့ပြုမူနေထိုင်ခြင်းမျိုးဟုတ်ပါ၏လော။ သူသည်လောက၏ သခင်ဖြစ်သည်ဟု သူတို့ကပြောဆိုကြ၏။ သို့သော်သူကြွားဝါပြောဆိုသည်အတိုင်း၊ သူ့အားကိုယ်စားခန့်ထားတော်မူသောသခင်ခရစ်တော်က၊ ငါ၏နိုင်ငံသည် ဤလောကနှင့်မဆိုင်ဟုမိန့်တော်မူခဲ့ပြီ။ ကိုယ်စားခန့်ထားခြင်းခံရသောသူ၏နိုင်ငံသည် မိမိထက်ကြီးမြတ်သောသူ၏နိုင်ထက်သာလွန်ကျယ်ဝန်းနိုင်မည်လော။

သိပ္ပံကျောင်းတော်ကြီးများအကြောင်းကိုလည်း သူက ဤကဲ့သို့ရေးထားခဲ့၏။ “သိပ္ပံကျောင်းတော်ကြီးများသည် သမ္မာကျမ်းစာတော်မြတ်ကိုရှင်းလင်းစွာဖော်ပြဖို့နှင့် ပျိုရွယ်သူတို့၏စိတ်နှလုံးထဲ၌စွဲမြဲစေရန် အကခ္ခရာတင်ပေးဖို့ စိတ်အားကြီးစွာမကြိုးစားလျှင်၊ ၎င်းတို့သည်အပါယ်ငရဲ၏ တံခါးမကြီးများကဲ့သို့အမှန်ပင်ဖြစ်လာကြလိမ့်မည်ကို ကျွန်ုပ်များစွာစိုးရိမ်ပူပန်မိပါသည်။ သမ္မာကျမ်းစာကိုအမြတ်ဆုံးနေရာ၌ မထားသောကျောင်းများ၌ မည်မျှ မိမိ၏သားသမီးကိုမထားရန် ကျွန်ုပ်အကြံပေးပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုအစဉ်မပြတ်ဂရုမစိုက်အမှုမထားသော သူတို့တည်ရှိရာအဖွဲ့အစည်းရှိသမျှသည် ပျက်စီးဆုံးရှုံးသွားရလိမ့်မည်။

ဤသို့ အသနားခံချက်ကို ဂျာမနီပြည်တဝှမ်းလုံးသို့ လျှင်မြန်စွာဝေငှလိုက်ရာ၊ လူတို့၏စိတ်ထဲ၌ ပြင်းစွာထကြွနိုးၾကားခြင်းဖြစ်ပေါ်လာ၏။ နိုင်ငံတခုလုံးသည်ဘာသာပြုပြင်ရေးအလံတော်အောက်သို့စုရုံးလာရန် ထကြွလာကြ၏။ လူးသာ၏ရန်ဘက်များတို့သည် သူ့အားလက်စားခြေလိုသောဆန္ဒများ ပြင်းပြလျက်၊ သူ့အားထိရောက်စွာအရေးယူဖို့ရန်၊ ပါပရဟန်းမင်းအား တိုက်တွန်းကြ၏။ သူ၏ဩဝါဒများသည်မှားယွင်းကြောင်း ချက်ခြင်းဝန်ခံရမည်ဟုအမိန့်ထုတ်လိုက်၏။ ဘာသာပြုပြင်သူ လူးသာနှင့် သူ၏နောက်လိုက်တို့အား ရက်ပေါင်းခြောက်ဆယ်အခွင့်ပေးထား၍ ထိုရက်လွန်ပြီးမှ သူတို့သည် ၎င်းတို့ကိုပြန်၍မရုပ်သိမ်းလျှင်၊ သူတို့အားလုံးအသင်းတော်ကြီးမှ ပယ်ရှားခြင်းခံရကြမည်။

ပါပရဟန်းမင်း၏ အမိန့်စာချွန်သည် လူးသာထံသို့ ရောက်လာသော အခါ၊ သူက၊ “ကျွန်ုပ်သည် ဤအမိန့်ကို ဘုရားကိုမရိုသေသောအရာ၊ မမှန်သောအရာအဖြစ်နှင့်ရှုတ်ချခုခံပါသည်။ ဤအမိန့်တွင်အပြစ်တင်ထားခြင်းခံရသူမှာ သခင်ခရစ်တော်ကိုယ်တိုင်ဖြစ်နေပါသည်။ ထိုသို့သောအပြစ်တင်မှုများကို အကောင်းဆုံးသောအမှုတော်အတွက်ခံရသည်ကို ကျွန်ုပ်ဝမ်းမြောက်ပါသည်။ ကျွန်ုပ်၏စိတ်ထဲ၌ ယခုပင်သာ၍ မြတ်သောလွတ်လပ်ခြင်းအခွင့်ကိုရရှိပါပြီ။ အကြောင်းမူကား၊ ပါပရဟန်းမင်းသည် အန္တိခရစ်ဖြစ်၍ သူ၏ပလ္လင်သည် စာတန်ကိုယ် တိုင်၏ပလ္လင်ဖြစ်ကြောင်း အဆုံး၌ ကျွန်ုပ်သိရှိရလေပြီ” ဟုပြောဆို၏။

သို့သော် ရောမမြို့ရှိဂိုဏ်းချုပ် ရဟန်းမင်း၏အမိန့်သည် တန်ခိုးနှင့်ပြည့်စုံနေသေး၏။ သူ၏အာဏာကိုအစမ္မခံယူရန် အသုံးပြုသောလက်နက်များမှာ ထောင်ညှဉ်းဆဲမှုအမျိုးမျိုးနှင့် ဓါးများဖြစ်ကြသည်။ ဘာသာပြုပြင်သူ လူးသာ၏ အလုပ်သည် အဆုံးသို့ရောက်ရှိနေကြောင်း အရာခပ်သိမ်းကဖော်ပြနေကြ၏။ အားနည်း၍ အယူသီးသောသူတို့သည် ပါပရဟန်းမင်း၏အမိန့်ကိုကြားကြရသောအခါ၊ ကြောက်လန့်တုန်လှုပ်ကြ၏။ လူးသာအတွက်အများအားဖြင့် ကြင်နာထောက်ထားသောစိတ်ရှိကြသော်လည်း၊ သာသနာပြုပြင်ရေးအမှုတွင် ပါဝင်ရွက်ဆောင်ဖို့ရန် အသက်ဘေးအတွက်များစွာပင် စိုးရိမ်ရသည်ဟုအများက ထင်မှတ်ကြ၏။

---○○---

## အခန်း ၄၈။

## သာသနာပြုပြင်ရေးလုပ်ငန်းတိုးတက်လာခြင်း။

ဘုရင်အသစ်ဖြစ်သူ ပဉ္စမမြောက်ချားလ်(စ)ဘုရင်သည် ဂျာမနီပြည်တွင်နန်းတက်လေ၏။ ရောမမြို့စေတမန်များတို့သည် ဝမ်းမြောက်ကြောင်းသဝဏ်လွှာဆက်သရန် အလျင်အမြန်ထွက်လာကြပြီးနောက်၊ ဘာသာပြုပြင်ရေးလုပ်ငန်းကို မိမိ၏အာဏာတန်ခိုးနှင့်နှိပ်ကွပ်ရန် ဘုရင်မင်းမြတ်အားတိုက်တွန်းကြလေ၏။ သို့ရာတွင်ချားလ်(စ)ဘုရင်သည် မိမိနန်းတက်ရသည်အတွက် ဆက္ကဇုန်နီပြည်ရှိဘုရင်ရွေးကောက်ရေးအဖွဲ့ဝင် မင်းသားအပေါ်၌ ကျေးဇူးမကင်းသည်အလျောက်၊ မင်းသားကလူးသာအားခေါ်ယူစစ်ဆေး၍ ခြေပပြောဆိုခွင့်မပေးရသေးမှီတိုင်အောင်၊ မည်ကဲ့သို့မျှအရေးမယူ၊ထိခိုက်ခြင်းမပြုရန်တောင်းပန်ထား၏။

ချားလ်(စ)ဘုရင်သည် အင်ပါယာနိုင်ငံ၏ဘုရင်အဖြစ် နန်းတတ်ပြီးနောက်များမကြာမှီ၊ ဝမ်း(စ)မြို့ပ်ကျင်းပသော ဂျာမနီနိုင်ငံ၏လွှတ်တော်ကို ယခုအဖွဲ့ဝင်အပေါင်းတို့သည် အထူးအရေးယူဂရုစိုက်လျက် ရှိနေကြ၏။ ဤနိုင်ငံရေးရာအဖွဲ့အစည်းတွင် အရေးကြီးသောနိုင်ငံရေးပြသနာများနှင့် စိတ်ဝင်စားဖွယ်များကိုဆွေးနွေးကြရလိမ့်မည်။ သို့ရာတွင်ဝစ်တင်းဘား(ဂ)မြို့မှ ဘုန်းကြီးလူးသာ၏အမှုနှင့်စာလိုက်လျှင် ဤအရာတို့သည် သေးငယ်သောအမှုများသာဖြစ်သည်ဟုထင်ရ၏။

ချားလ်(စ)သည်ဘုရင်းရွေးအဖွဲ့ဝင်မင်းသားအား လူးသာကိုဂျာမန်လွှတ်တော်သို့ ယူဆောင်လာရန် စောစောကပင်ကြိုတင်အမိန့်ပေးထားလျက်၊ ဘာသာပြုပြင်သူလူးသာအား အကြမ်းဖက်မှုအပေါင်းမှကာကွယ်ပေး၍ ငြင်းခုန်နေကြသောအချက်များကိုကျွမ်းကျင်သူတဦးနှင့် လွတ်လပ်စွာဆွေးနွေးခွင့်ပေးမည်ဟု အာမခံထား၏။ လူးသာသည် ဘုရင်မင်းမြတ်ရှေ့သို့ လာရောက်ရန်အလွန်အလိုရှိ၏။

လူးသာ၏ မိတ်ဆွေများကား ထိတ်လန့်စိုးရိမ်ကာ ပူပန်လျက်ရှိကြ၏။ သူအားငြူစူမနာလို၍ မုန်းကြသည်အကြောင်းသိရှိ၍ ဘေးကင်းလုံခြုံ. . . . . . . .

စွာစောင့်လျှောက်ပေးမည်ဟူသောအာမခံကိုပင် မစောင့်ထိန်းဘဲနေကြမည်ဟု စိုးရိမ်သဖြင့်၊ သေဘေးကိုရင်ဆိုင်ခြင်းမပြုရန် သူတို့ကသူ့အားတောင်းပန်ကြ၏။ "ပါပရဟန်းမင်း၏ တပည့်များကကျွန်ုပ်အားဝမ်း(စ)မြို့သို့ လာရောက်ဖို့ အလိုမရှိကြဘဲ၊ ကျွန်ုပ်ကိုအပြစ်စီရင်၍ သေဒဏ်ပေးစေဖို့အလိုရှိကြသည်။ ကိစ္စမရှိပါ။ ကျွန်ုပ်အတွက်မဟုတ်ဘဲ ဘုရားသခင်၏နှုတ်ကပတ်တော်အတွက် ဆုတောင်းပါ" ဟုသူကပြန်ပြော၏။

## လွှတ်တော်ရှေ့ရောက်နေသောလူးသာ

အဆုံး၌ လူးသာသည် လွှတ်တော်ရှေ့တွင်ရပ်နေရ၏။ ဘုရင်မင်းမြတ်သည်ပလ္လင်ပေါ်၌ ထိုင်နေ၏။ သူ၏ပတ်လည်တွင် အလွန်ထင်ရှားကျော်စောသောမင်းညီမင်းသားအရာရှိကြီးများလည်း ဝိုင်းရံလျက်ရှိကြ၏။ မာတင်လူးသာသည် မိမိ၏ယုံကြည်ခြင်းတရားအတွက် ချေပပြောဆိုရန် ရောက်ရှိနေသည့်လွှတ်တော်ထက်သာ၍ တာဝန်ကြီးသောလွှတ်တော်မျိုးရှေ့တွင် မည်သူတစုံတယောက်မျှ ဘယ်အခါကမျှမရောက်ရှိခဲ့ဖူးချေ။

ထိုသို့မြင်ရသည့်အခြေအနေကပင် သမ္မာတရားအတွက်အောင်မြင်ဖို့လက္ခဏာရှိနေလေ၏။ ပါပရဟန်းမင်းက အပြစ်စီရင်ပြီးသောသူကို အခြားသောလွှတ် စစ်ဆေးစီရင်ခြင်းအမှုသည် ပါပရဟန်းမင်း၏အာဏာကိုငြင်းဆန်ရာရောက်နေလေ၏။ ရဟန်းမင်းကြီးကတားမြစ်ထား၍ အသင်းတော်နှင့်အဆက်ဖြတ်ထားသည့် ဘာသာပြုပြင်သူလူးသာအား ကာကွယ်စောင့်ရှောက်မည်ဟုအာမခံပေးလျက်၊ နိုင်ငံတွင်အမြင့်မြတ်ဆုံးသော ဂုဏ်အသရေရှိလူကြီးလူကောင်းများရှေ့တွင် စစ်ဆေး၍ ချေပပြောဆိုခွင့်ပေးထားလေပြီ။ ရောမဂိုဏ်းချုပ်ကြီးက သူ့အားတိတ်ဆိတ်စွာနေရန်အမိန့်ပေးခဲ့သော်လည်း၊ ခရစ်ယာန်နိုင်ငံအရပ်ရပ်တို့မှ လာရောက်ကြသော ထောင်ပေါင်းများစွာသောသူတို့ရှေ့တွင်သူသည် စကားပြောရတော့မည်။ တည်ကြည်ငြိမ်သက်သော်လည်း၊ အလွန်ရဲရင့်မြင့်မြတ်စွာ၊ သူသည် လောကတွင်ရှိ မြင့်မြတ်ကြီးကျယ်သောသူတို့အလည်တွင် ဘုရားသခင်၏သက်သေခံအဖြစ်နှင့်ရပ်နေလေ၏။ လူးသာသည်ကြမ်းတမ်း၊ ဒေါသထွက်ခြင်းမရှိဘဲ ရိုသေနှိမ့်ချသောအသံနှင့်ချေပပြောဆို၏။ သူ၏အသွင်အပြင်မှာ. . . . . . . . . . . .

ကြောက်ရွံ့ရှိသေသောလက္ခဏာကိုပြ၏။ သို့သော် သူသည်ယုံကြည်အားထားခြင်း၊ ဝမ်းမြောက်ခြင်းသဘောကိုပြသဖြင့်၊ လွတ်တော်သည်အံ့ဩနေလေ၏။

အလင်းတရားကို မမြင်အောင်ခေါင်းမာစွာ မျက်စိမှိတ်ထားကြ၍ သမ္မာတရားကိုမသိမမြင်လိုဟု ဆုံးဖြတ်ထားသောသူတို့သည်၊ တန်ခိုးနှင့်လူးသာ ပြောဆိုသောစကားများကိုကြားရလျှင်၊ လွန်စွာအမျက်ထွက်ကြ၏။ သူသည်ချေပ ပြောဆိုပြီးသောအခါ၊ လွတ်တော်က "သင်သည်သင့်အားမေးသောမေး ခွန်းကိုမဖြေဘဲနေခဲ့ပြီ။. . . သင်သည်သေချာပြတ်သားသော အဖြေကိုပေးရမည်။ . . . သင်၏ဩဝါဒများကိုပြန်၍ ရုတ်သိမ်းမြည်လော၊ မရုတ်သိမ်းဘဲနေမည် လော"ဟုအမျက်ဒေါသနှင့်ပြောဆိုလေ၏။

ဘာသာပြုပြင်သူလူးသာက ဤကဲ့သို့ပြန်ပြော၏။ "အလွန်မြင့်မြတ်သော အရှင်မင်းကြီးနှင့် အလွန်ခမ်းနားကြီးကျယ်သောမင်းများက အကျွန်ုပ်ထံမှာ သေချာပြတ်သားသော အဖြေရိုးရိုးကိုအလိုရှိကြသဖြင့်၊ အကျွန်ုပ်သည်အဖြေတခု ကိုပေးပါမည်၊ ၎င်းအဖြေမှာ ဤအရာပင်ဖြစ်ပါသည်။ ကျွန်ုပ်သည် ပါပရဟန်းမင်း ကို၎င်း၊ လွှတ်တော်များကို၎င်းယုံကြည်အားထားခြင်းမရှိနိုင်ပါ။ အဘယ့်ကြောင့် ဆိုသော်သူတို့သည် မကြာခဏမှားယွင်း၍အခြင်းခြင်း ငြင်းခုံနေကြသည်မှာအလွန် ထင်ရှားပေသည်။ ထို့ကြောင့်ကျမ်းစာ၏သက်သေခံချက်သို့မဟုတ် အကြည်လင် ဆုံးဆင်ခြင်ဉာဏ်အားဖြင့် ကျွန်ုပ်သည်အထင်အရှားမမြင်ရလျှင်၊ ကျွန်ုပ်ဖော်ပြခဲ့ ပြီးသော စာပိုဒ်များအားဖြင့်ကျွန်ုပ်သည် သွေးဆောင်တိုက်တွန်းခြင်းမခံရလျှင် ၎င်း ပြင် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ချည်နှောင်ထားသော ကျွန်ုပ်၏ ဝေဖန်ပိုင်းခြားတတ်သောစိတ်ကို ၎င်းတို့ကထောက်ခံခြင်းမပြုခဲ့ရလျှင်၊ ခရစ်ယာန် တစုံတယောက်သည် မိမိ၏ဝေဖန်ပိုင်းခြားနိုင်သောစိတ်ကို ဆန့်ကျင်ပြောဆိုရန် ဘေးမကင်းသောကြောင့်၊ ကျွန်ုပ်သည်ပြန်၍ မရုတ်သိမ်းနိုင်၊ ရုတ်သိမ်းလိမ့်မည်မ ဟုတ်။ ကျွန်ုပ်သည် ဤနေရာ၌ရပ်၍ခုခံပါသည်၊ အခြားဘာကိုမျှမပြုလုပ်နိုင်ပါ။ ဘုရားသခင်သည်ကျွန်ုပ်အား မစပါစေသော၊ အာမင်။"

တိုသို့အားဖြင့် ဤဖြောင့်မတ်သောသူသည် ဘုရားသခင်၏နှုတ်ကပတ် တော်တည်းဟူသော မြဲမြံသောအခြေခံအပေါ်၌ ရပ်တည်လျက်ရှိ၏။ ကောင်း. . .

ကင်အလင်းသည် သူ၏မျက်နှာ၌ ထွန်းတောက်လျက်ရှိ၏။ သူသည် မှားယွင်းသောအာဏာတန်ခိုးတဖက်၌ သက်သေခံ၍ လောကကို အောင်မြင်သောထိုယုံကြည်ခြင်းတရား၏ မြင့်မြတ်ခြင်းအကြောင်းကို ဖော်ပြနေစဉ်အခါ၊ သူ၏မြင့်မြတ်သန့်ရှင်းသောအကျင့်၊ သူ၏ငြိမ်သက်ဝမ်းမြောက်သောစိတ်သဘောကို လူအပေါင်းတို့ရှေ့၌ ထင်ရှားစေလေပြီ။

လောကီအာဏာရှင်များသည် သူ့အားအပြင်းအထန်တိုက်ခိုက်ပြောဆိုကြသော်လည်း၊သူသည်ကျောက်ကဲ့သို့ခိုင်မြဲစွာရပ်တည်နေ၏။ သူ၏ရိုးသားသောစကားများ၏တန်ခိုးသတ္တိ၊ သူ၏ကြောက်ရွံ့ခြင်းကင်းသည့်အသွင်အပြင်၊ သူ၏တည်ငြိမ်၍ စကားပြောလိုသောဟန်ကိုပြသောမျက်လုံးများ၊ ပြောဆိုပြုမူသမျှတွင်မပြောင်းမလဲသောဆုံးဖြတ်ချက်ပြုလိုသောလက္ခဏာများတို့သည် လွှတ်တော်ရှိလူတို့၏စိတ်ထဲ၌ လွန်စွာစွဲမြဲတည်ရှိသွားကြလေ၏။ ဂတိများအားဖြင့်၄င်း၊ ခြိမ်းခြောက်ခြင်းဖြင့်၄င်း၊ သူ့အားရောမမြို့ရှိရဟန်းမင်း၏ အမိန့်တော်ကိုလိုက်နာစေရန် သွေးဆောင်ခြင်းငှါမပြုလုပ်နိုင်ကြောင်းထင်ရှား၏။

သခင်ခရစ်တော်သည် လူးသာ၏သက်သေခံချက်အားဖြင့်၊ တန်ခိုးနှင့်၄င်း၊ ကြီးကျယ်ခမ်းနားခြင်းနှင့်၄င်း မိန့်မြွက်တော်မူသဖြင့်၊ ထိုအချိန်တွင်မိတ်ဆွေများနှင့်ရန်သူများတို့သည် အတူတကွကြောက်ရွံ့အံ့ဩသွားကြ၏။ ထိုအစည်းအဝေးတွင် ဘုရားသခင်၏ဝိညာဉ်တော်သက်ရောက်လာလျက်၊ နိုင်ငံကြီး၏အကြီးအကဲများတို့၏ စိတ်နှလုံးကိုပြုပြင်လေ၏။ မင်းအများတို့က လူးသာ၏အလုပ်သည် တရားသဖြင့်ဖြစ်ကြောင်း ပွင့်လင်းစွာဝန်ခံကြ၏။

အများသောသူတို့သည် သမ္မာတရားကိုသိမြင်လာကြသော်လည်း၊ အချို့သောသူတို့အထဲ၌ စွဲလန်းနေသော သမ္မာတရားသည် အဆုံးတိုင်အောင်မတည်။ ထိုအချိန်၌ မိမိတို့အသေအချာသိမြင်သောအရာကို အတည့်အလင်းဖော်မပြသော်လည်း၊ မိမိတို့ကိုယ်တိုင်ကျမ်းစာကို စစ်ဆေးကြည့်ရှုလျက်၊ နောင်အခါတွင် ဘာသာပြုပြင်ရေးလုပ်ငန်းကို အလွန်ရဲရင့်စွာ ဖော်ပြကြသောသူတစားရှိသေး၏။

ဘုရင်ရွေးကောက်ရေးအဖွဲ့ဝင်ဖရက်ဒရစ်မင်းသည် လွှတ်တော်၌လူးသာတက်ရောက်ရမည့်အရေးကိုကြိုတင်၍ စိုးရိမ်ပူပန်လျက်ရှိခဲ့ရာ၊ သူ၏စကား. . . .

များကိုသူသည် အလွန်စိတ်လှုပ်ရှားခြင်းရှိလျက် နားထောင်နေ၏။ ပါရဂူကြီး လူးသာ၏ရဲရင့်ခြင်း၊ မြဲမြံတည်ကြည်ခြင်းနှင့် ကိုယ်စိတ်ကိုထိန်းသိမ်းနိုင်ခြင်း သတ္တိများကို မြင်ရ၍ ဝမ်းမြောက်လျက်၊ သူ့ကိုစောင့်လျှောက်ကာကွယ်ပေးရသော သူဖြစ်ရသည်ကိုပင် ဂုဏ်ယူလေ၏။

ငြင်းခုန်ပြောဆိုနေကြသောအဖွဲ့များတို့ကို နှိုင်းယှဉ်ခွဲခြားကြည့်သောအခါ၊ ပါပရဟန်းမင်းများ၊ ဘုရင်များနှင့် ဂိုဏ်းချုပ်များတို့၏ ဉာဏ်ပညာသည် သမ္မာတရား၏တန်ခိုးအားဖြင့် အခြင်းနှီးသက်သက်ဖြစ် သွားကြသည်ကို တွေ့မြင်ရ၏။ ပါပရဟန်းမင်း၏အာဏာသည်ရှုံးနိမ့်သွား၍ ထိုအဖြစ်ကိုနိုင်ငံအပေါင်းသည် ကာလအဆက်ဆက်သိရှိကြလိမ့်မည်။

ဘာသာပြုပြင်သည်အချက်တခုတည်း၌ပင် လိုက်လျှောခဲ့လျှင်၊ စာတန်နှင့်သူ၏ဗိုလ်ခြေတို့သည် အောင်မြင်သွားကြလိမ့်မည်။ သို့သော်သူ၏မယိမ်းမယိုင်သော တည်ကြည်မြဲမြံခြင်းအားဖြင့်၊ အသင်းတော်အားလွတ်လပ်ခြင်းကိုရှိစေလျက် သာ၍ကောင်းမွန်သောခေတ်သစ်ကို ဖြစ်ပေါ်လာစေ၏။ ဘာသာရေးကိစ္စတွင် မိမိကိုယ်တိုင်ဆင်ခြင်ပြုလုပ်ဝံ့သော ဤလူတစ်ဦး၏ဩဇာတန်ခိုးသည် မိမိ၏လက်ထက်၌သာမက နောင်လာလတံ့သော လူမျိုးအဆက်ဆက်ရှိသမျှတွင် အသင်းတော်နှင့် လောကကိုပြုပြင်ပေးလိမ့်မည်။ သူ၏မြဲမြံတည်ကြည်ခြင်း အမှုအားဖြင့်၊ အလားတူအဖြစ်အပျက်မျိုးကိုကြုံတွေ့ရကြမည့် လူအပေါင်းတို့သည် ခွန်အားရရှိကြလိမ့်မည်။ ဘုရားသခင်၏တန်ခိုးတော်နှင့် မြင့်မြတ်သောဂုဏ်တော်သည် လူတို့၏အကြံဉာဏ်ထက်ငင်း စာတန်၏ကြီးမားသောတန်ခိုးထက်ငင်း သာလွန်ထူးကဲလျက်တည်ရှိနေလေ၏။

လူးသာသည် အပြစ်ကိုဖော်ပြဆုံးမ၍ သမ္မာတရား၌ ထောက်ခံပြောဆိုရာတွင်၊ စိတ်အားထက်သန်၍ ကြိုးစားအားထုပ်လျက် ကြောက်ရွံ့ခြင်းကင်း၍ ရဲရင့်သည်ကို အကျွန်ုပ်မြင်ရ၏။ သူသည် ဆိုးသောသူများသို့မဟုတ် နတ်ဆိုးများကိုအမှုမထား။ သူတို့ထက်သာ၍ ခွန်အားကြီးတော်မူသောအရှင်သည် သူ့ဘက်၌ရှိကြောင်းသူသိ၏။ လူးသာသည်စိတ်အားထက်သန်ခြင်း၊ ရဲရင့်ခြင်းနှင့်ပြည့်စုံ၍ တစ်ခါတစ်ရံ သူသည် လွန်လွန်ကျူးကျူးပြုလုပ်မိမည်. . . . . . . . . . . . . . . .

ကိုစိုးရိမ်စရာရှိပေသည်။ သို့သော်ဘုရားသခင်သည် ဘာသာပြန်ပြင်ရေးလုပ်ငန်းကိုဆောင်ရွက်ရာ၌ လူးသာကိုကူညီရန်၊ အကျင့်စာရိတတွင် သူနှင့်ဆန့်ကျင်ဘက်ဖြစ်သော မီလန့်သွန်အမည်ရှိ သူတဦးကို ပေါ်လာစေတော်မူ၏။ မီလန့်သွန်သည်ကြောက်ရွံ့စိုးရိမ်လျက် သတိရှိ၍ များစွာသည်းခံတတ်၏။ ဘုရားသခင်သည်သူ့ကိုများစွာနှစ်သက်တော်မူ၏။သူသည်ကျမ်းစာကိုကောင်းမွန်စွာ တတ်မြောက်၍သူ၏ဆင်ခြင်ဉာဏ်နှင့်ပညာသည် လွန်ပင်ထက်မြက်၏။ ဘုရားသခင်၏အမှုတော်ကိုသူသည် လူးသာကဲ့သို့ပင်နှစ်သက်၏။ ထာဝရဘုရားသည် ဤလူနှစ်ဦး၏စိတ်နှလုံးကို ညီညွှတ်စည်းလုံးစေရန်ပြုပြင်တော်မူသဖြင့်၊ သူတို့သည် ခွဲခွါ၍ မရနိုင်သောမိတ်ဆွေများဖြစ်ကြသည်။ မီလန့်သွန်သည်ကြောက်ရွံ့စိုးရိမ်၍ နှေးကွေးနေသည့်အခါ လူးသာသည်သူ့အတွက်များစွာအကူအညီဖြစ်၍ လူးသာသည်အလွန်အမင်းမြန်စွာပြုလုပ်နေသောအခါ မီလန့်သွန်သည်လည်း သူ့အတွက်များစွာအကူအညီဖြစ်လေ၏။

လူးသာတဦးတည်းသာ အလုပ်ကိုလုပ်ဆောင်သွားရလျှင် အမှုတော်၌ကျရောက်မည့်ဒုက္ခသည် မီလန့်သွန်၏ မြော်မြင်တတ်သောသတိအားဖြင့် မကြာခဏ ပြောင်းလဲကွယ်ပျောက်သွားတတ်၏။ တခါတရံမီလန့်သွန်တစ်ဦးတည်းသာလုပ်ငန်းကိုဆောင်ရွက်သွားရလျှင်၊ အမှုတော်သည်တိုးတက်သင့်သလောက် မတိုးတက်နိုင်ခြေ။ ဘာသာပြန်ပြင်ရေးလုပ်ငန်းတွင် ဆောင်ရွက်ရန် ဤ လူနှစ်ဦးကိုရွေးချယ်တော်မူရာ၌ ဘုရားသခင်၏ ဉာဏ်တော်ကိုကျွန်ုပ်အားဖော်ပြထား၏။

## အင်္ဂလန်နှင့်စကော့တလန်ပြည်တို့အလင်းရရှိခြင်း။

လူးသာသည် ပိတ်ပင်တားမြစ်ထားသော ကျမ်းစာကို ဂျာမနီလူမျိုးတို့အား ထင်ရှားစွာဖွင့်ပြနေစဉ်အခါ၊ ဘုရားသခင်၏ဝိညာဉ်တော်တိုက်တွန်းနှိုးဆော်ခြင်းဖြင့်၊ အင်္ဂလန်ပြည်၌လည်း တင်းဒေးလ်သည် အလားတူကိစ္စမျိုးကိုဆောင်ရွက်နေ၏။ သူသည် သမ္မာကျမ်းစာကိုကြိုးစား၍ လေ့လာဆည်းပူးသောသူတစ်ယောက်ဖြစ်ပြီး သမ္မာတရားအကြောင်း မိမိသိမြင်တွေ့ရှိရသောအချက်တို့ကိုကြောက်ရွံ့ခြင်းမရှိဘဲ ဟောပြောလျက် ဩဝါဒရှိသမျှတို့ကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် စစ်ဆေးကြည့်ရှုရမည်ဟု နှိုး. . . . . . . . . . . . . . . . . . . . . .

ဆော်၏။ သူသည် ဤမျှစိတ်အားထက်သန်မှုရှိသော်လည်း၊ ပါပရဟန်းမင်းများ၏ တပည့်များကသူ့ကို ဆန့်ကျင်ဘက်ပြုကြ၏။ သူနှင့်ငြင်းခုန်သော ဗရင်ဂျီဘာသာဝင်ထဲမှ အလွန်ကျွမ်းကျင်တတ်မြောက်သော ပါရဂူတဦးက "ပါပရဟန်းမင်း၏ပညတ်ဥပဒေမရှိဘဲနေသည်ထက် ဘုရားသခင်၏ ပညတ်တရားတော်မရှိဘဲနေသည်က ကျွန်ုပ်တို့အတွက်သာ၍ ကောင်းလိမ့်မည်" ဟုအော်ဟစ်ပြောဆိုလေ၏။ ထိုအခါတင်းဒေးလ်က၊ "ကျွန်ုပ်သည်ပါပရဟန်းမင်းနှင့်တကွ သူ၏ဥပဒေပညတ်အပေါင်းကိုမနှစ်သက်မလိုလားပါ။ ၄င်းပြင်ဘုရားသခင်သည် အကျွန်ုပ်အားအသက်ရှင်ခွင့်ပေးတော်မူလျှင်၊ နှစ်များမကြာမီအတွင်း လယ်ထွန်နေသောလူငယ်တယောက်အား၊ သင်ထက်သာ၍ ကျမ်းစာ၌သိနားလည်တတ်မြောက်စေရန်၊ ကျွန်ုပ်သွန်သင်ပေးပါမည်" ဟုပြန်ပြောလေ၏။

လူအများတို့အား ဓမ္မသစ်ကျမ်းစာအုပ်ကို မိမိတို့၏ဘာသာစကားအတိုင်း ဖတ်နိုင်ရန် ပြုပြင်ပေးဖို့ သူအစပြုစီမံထားခဲ့သောရည်ရွယ်ချက်ကို ယခုသူသည် အတည်ဖြစ်လေ၏။ အင်္ဂလန်ပြည်ရှိ လူအပေါင်းသည် သူ့ကိုအလိုမရှိကြသဖြင့်၊ သူသည်ဂျာမနီပြည်သို့သွား၍ ခိုလှုံနေရ၏။ ဤနေရာ၌ သူသည်ဓမ္မသစ်ကျမ်းကိုအစပြုပုံနှိပ်လေ၏။မျှားမကြာမီ ဓမ္မသစ်ကျမ်းစာအုပ်ပေါင်းသုံးထောင်ကိုပုံနှိပ်ပြီးလေပြီ။ ၎င်းပြင်ထိုနှစ်အတွင်းမှာပင် ဒုတိယအကြိမ်ထပ်မှန်ပုံနှိပ်ရပြန်သေး၏။

နောက်ဆုံး၌ သူသည်ယုံကြည်ခြင်းအတွက် အသတ်ခံရခြင်းဖြင့် သက်သေခံသွားရလေ၏။ သို့သော် သူပြင်ဆင်ခဲ့သော လက်နက်အားဖြင့်၊ ကျွန်ုပ်တို့၏ကာလတိုင်အောင် နှစ်ရာပေါင်းများစွာ အခြားသောစစ်သူရဲတို့သည် စစ်ပွဲကိုဆက်လက်တိုက်ခိုက်နိုင်ခွင့်ရကြလေသည်။

စကော့တလန်ပြည်၌ ဧဝံဂေလိတရားအတွက် ခေါင်းဆောင်၍ ခုခံတိုက်လှန်သော သူသည် ဂျွန်နောက်(စ)ဖြစ်၏။ စိတ်သဘောရိုးဖြောင့်သော ဤဘာသာပြုပြင်သူသည် လူ၏မျက်နှာကိုမထောက်ဘဲကြောက်ရွံ့ခြင်းမရှိ။ ယုံကြည်ခြင်းတရားအတွက်မီးရှို့၍ အသတ်ခံရသောသူအများတို့သည် သူ၏ပတ်လည်၌ရှိနေသည့်အတွက်ပင်၊ သူသည်အကြီးအကျယ် ဘာသာရေးတွင်စိတ်အားထက်သန်လာ၏။ ရက်စက်သောသူ၏ပုဆိန်ဖြင့်၊ သူ၏. . . . . . . . . . . . . . . . . . . . .

ခေါင်းကိုဖြတ်ရန် ကြောက်မက်ဖွယ်ခြိမ်းခြောက်ထားသော်လည်း၊ သူသည်မိမိနေရာ၌ မြဲစွာရပ်တည်လျက်၊ လက်ကျာဘက်၊ လက်ဝဲဘက်တို့၌ ရှုပ်ဆင်းတုကိုးကွယ်မှုကိုဖျက်ပယ်ရန်၊ ခွန်မားရှိသမျှတိုက်လှန်ခုခံလျက်ရှိ၏။ ထိုသို့အားဖြင့် စကော့တလန်ပြည်အား လွတ်လပ်ခွင့်ရစေသည်တိုင်အောင်၊ သူသည်ဆုတောင်းလျက် ထာဝရဘုရား၏စစ်ပွဲတွင်တိုက်ခိုက်လျက် မိမိ၏ရည်ရွယ်ချက်ကိုပြီး မြောက်အောင် ဆောင်ရွက်လေပြီ။ အင်္ဂလန်ပြည်၌ လာတီမာ အမည်ရှိသောသူတဦးသည် တရားဟောပလ္လင်မှနေ၍ ကျမ်းစာကိုမိမိတို့တိုင်းသူပြည်သားတို့၏ ဘာသာစကားဖြင့်ဖတ်ဖို့သင့်သည်ဟု အခိုင်အမာဟောပြောလေ၏။ သူက၊သမ္မာကျမ်းစာကိုစီရင်ရေးသားသူသည် "ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်တော်မူ"၍ ဤကျမ်းစာသည် ၄င်းကိုစီရင်ရေးသားသူ၏ခွန်အားနှင့် နိစ္စထာဝရတည်ရှိခြင်းအဖြစ်ကို ဆက်ဆံရရှိ၏။

"မည်သည့်ရှင်ဘုရင်မင်းမြတ်၊ တရားသူကြီးနှင့်အုပ်ချုပ်သူမဆို. . . ဘုရားသခင်၏နှုတ်ကပတ်တော်ကို နားထောင်ရကြမည်။ ကျွန်ုပ်တို့သည် အခြားသောလမ်းကိုမလိုက်ဘဲနေကြစို့၊ဘုရားသခင်၏နှုတ်ကပတ်တော်သာလျှင် ကျွန်ုပ်တို့ကိုလမ်းပြပါစေ။ ကျွန်ုပ်တို့၏ဘိုးဘေးများလိုက်သောလမ်းသို့မလိုက်၊ သူတို့ကျင့်သကဲ့သို့မကျင့်ဘဲ၊ သူတို့ကျင့်အပ်သောအရာကိုသာလိုက်နာကြစို့"ဟု ပြောဆိုသေး၏။

တင်းဒေးလ်၏ သစ္စာရှိမိတ်ဆွေများဖြစ်ကြသော ဘန်း(စ)နှင့်ဖရစ်(သ) တို့သည် သမ္မာတရားကိုခုခံကာကွယ်ရန်ပေါ်လာကြ၏။ ထို့နောက်ရစ်(-)လေး(စ) နှင့် ကရမ်းမားတို့သည်ပေါ်လာပြန်၏။ အင်္ဂလိပ်ပြည် ဘာသာပြုပြင်ရေးတွင် ခေါင်းဆောင်ကြသော ဤသူတို့သည် ပညာထူးချွန်၍ ရောမဗရင်ဂျီအသင်းတွင် စိတ်အားထက်သန်မှု၊ ဘုရားတရားကြည်ညိုလေးစားမှုအတွက်လူများအထဲတွင် အလွန်ထင်ပေါ်သောသူများဖြစ်ကြ၏။ ပါပရဟန်းမင်း၏နန်းတော်တွင် ဖြစ်ပေါ်နေသောအမှားများကို သိရှိလာကြသောကြောင့်၊ သူတို့သည်ပါပရဟန်းမင်းကို ဆန့်ကျင်ခုခံပြောဆိုကြ၏။ ဗာဗုလုန်မြို့၏နက်နဲရာများအကြောင်းကိုသူတို့သည် သိရှိနားလည်လာကြသဖြင့် ဗရင်ဂျီအသင်းတော်ကို တိုက်ခိုက်ရာ၌ သာ၍ကြီးမားသောခွန်အားနှင့် သက်သေခံကြ၏။

တင်းဒေးလ်၊ ဇရစ်(သ)လာတီမာနှင့်ရစ်(ဒ) လေး(စ)တို့က အခိုင်အမာ ထောက်ခံပြောဆိုခဲ့ကြသည့် ကြီးမြတ်သည့် အခြေခံတရားများသည် ဘုရားသခင်၏အခွင့်အာဏာအတိုင်းဖြစ်ပေါ်လာကြ၍ သန့်ရှင်းသောကျမ်းစာ၏ ထောက်ခံချက်ကိုရရှိကြ၏။ ဘာသာတရားနှင့်စပ်ဆိုင်သော ယုံကြည်ခြင်းအမှုတွင် ပါပရဟန်းမင်းများ၊ လွှတ်တော်အရာရှိများ၊ဘုန်းကြီးများနှင့်ရှင်ဘုရင်တို့က လူတို့၏ဝေဖန်ပိုင်းခြားတတ်သောစိတ်ကို စိုးမိုးချုပ်ချယ်နိုင်သည်ဆိုသော အခွင့်အာဏာကို သူတို့.သည်ငြင်းပယ်ခဲ့ကြ၏။ သူတို့၏စံနမူနာကား ကျမ်းစာတော်မြတ်ဖြစ်၍ သြဝါဒနှင့် အခိုင်အမာပြောဆိုချက်ရှိသမျှတို့ကို သူတို့သည် ကျမ်းစာအားဖြင့် စစ်ဆေးကြည့်ကြသည်။ ဤသန့်ရှင်းသူတို့သည် မီးရှို့ရာငုတ်တိုင်၌ မိမိတို့၏အသက်ကို အပ်ပေးခဲ့ကြစဉ်၊ ဘုရားသခင်၌၎င်း၊ နှုတ်ကပတ်တော်၌၎င်း၊ ယုံကြည်ခြင်းဖြင့် သူတို့သည် အဆုံးတိုင်တည်ကြည်မြဲမြံကြပေ၏။

---oo---

## အခန်း ၄၉။
## တိုးတက်ရန်မအောင်မြင်မှု။

ဘာသာပြုပြင်ရေးလုပ်ငန်းသည် အများထင်ကြသည်အတိုင်း လူးသာနှင့် ပြီးဆုံးသွားသည်မဟုတ်။ ဤလောကရာဇဝင်၏ အဆုံးကာလတိုင်အောင် ၎င်းသည် ဆကလက်တည်ရှိနေရလိမ့်မည်။ လူးသာသည်မိမိအပေါ်၌ ထွန်းတောက်လာစေဖို့ ဘုရားသခင်ခွင့်ပြုတော်မူသောအလင်းကို အခြားသောသူတို့အပေါ်သို့ ပြန်ရောက်စေခြင်းအမှုတွင်၊ ကြီးကျယ်သောလုပ်ငန်းကြီးကို ဆောင်ရွက်ခဲ့ပြီ။ သို့သော် သူသည်လောကအား ချပေးတော်မူရမည့်အလင်းအားလုံးကို ခံယူရရှိခဲ့သည်မဟုတ်သေး။ ထိုအခါမှစ၍ ယခုတိုင်အောင် ကျမ်းစာတော်မြတ်အပေါ်တွင်အသစ်သော အလင်းသည် ဆက်လက်ထွန်းတောက်နေ၍ အသစ်သောသမ္မာတရားများကို အမြဲသဖြင့်ဖော်ပြလျက်နေ၏။

လူးသာနှင့် သူ၏လုပ်ဖော်ဆောင်ဖက်တို့သည် ဘုရားသခင်အတွက် မြင့်မြတ်သောအလုပ်တခုကို ပြီးမြောက်စေကြပြီ။ သို့သော် သူတို့သည် ရောမဗရင်ဂျီအသင်းတော်မှထွက်လာကြ၍ အသင်းတော်၏ဩဝါဒများကို မိမိတို့ကိုယ်တိုင်ယုံကြည်ထောက်ခံလာခဲ့ကြဖူးသောသူများဖြစ်သောကြောင့်၊ သူတို့သည် ဤအမှားအားလုံးကို သိမြင်ကြလိမ့်မည်ဟုမထင်ပါ။ ရောမအသင်းတော်ကြီး၏အချုပ်အနှောင်ကိုပယ်ဖြတ်၍ လောကအား ကျမ်းစာတော်မြတ်ကိုပေးအပ်ခြင်း အမှုသည် သူတို့၏လုပ်ငန်းဖြစ်ပါ၏။ သို့သော် သူတို့မတွေ့ရှိခဲ့သေးသော အရေးကြီးသော သမ္မာတရားများနှင့် သူတို့မစွန့်ပစ်သေးသော အမှားကြီးများရှိကြပါသေးသည်။ အများသောသူတို့သည် ပါပရဟန်းမင်း၏အခြားပွဲနေ့များနှင့်အတူ တနင်္ဂနွေနေ့ကို ဆက်လက်စောင့်ရှောက်နေကြသေး၏။ ၎င်းသည်ဘုရားသခင်၏ အခွင့်အာဏာအရစီမံထားသောအရာဖြစ်သည်ဟု သူတို့သည်အမှန်ပင် သဘောမထားကြဘဲ၊လူအများလက်ခံစောင့်ရှောက်လာကြသော ဝတ်ပြုကိုးကွယ်နေ့ဖြစ်သည်ဟု ယုံကြည်ခဲ့ကြ၏။

သို့သော်သူတို့အထဲတွင် စတုတ္ထပညတ်တော်၏ ဥပုသ်ကိုရိုသေလေးစားသောသူအချို့ရှိကြ၏။ အသင်းတော်၌ ဘာသာပြုပြင်ရေးအမှုကိုဆောင်ရွက်. . . .

သူတို့အထဲတွင်၊ ဗရင်ဂျီအသင်းတော်နှင့်ဆန့်ကျင်သော ဂိုဏ်းသားများပင် ပါဝင်သောလူအများက အမှုမထားဘဲနေသောသမ္မာတရားအတွက် အခိုင်အမာ ခုခံပြောဆိုကြသောသူ စတုတ္ထပညတ်သည်အတည်ဖြစ်ကြောင်းကို၄င်း အခိုင်အမာထောက်ခံပြောဆိုသောသူတို့အား ဂုဏ်အသရေနှင့်ချီးမြှောက်သင့်ပေသည်။ ခရစ်ယာန်နိုင်ငံတဝှမ်းလုံးအပေါ်၌ ကျရောက်နေခဲ့သောမှောင်မိုက်ကို၊ ဘာသာပြုပြင်ရေးအမှုကြီးက ပယ်ရှင်းလိုက်သောအခါ၊ အများသောအရပ်ဒေသတွင် ဥပုသ်စောင့်သောသူတို့သည် ထင်ရှားစွာပေါ်လာကြလေ၏။

ဘာသာပြုပြင်ရေးအမှုကြီးတွင် ကြီးစွာသောကောင်းချီးမင်္ဂလာကို ခံစားရကြသောသူတို့သည် ရဲရင့်စွာလူးသာလိုက်ရှောက်ခဲ့သော လမ်းတွင်ရှေ့သို့တိုး၍ မသွားကြချေ။ သစ္စာရှိသောလူအနည်းငယ်တို့သည် တခါတခါအသစ်သောသမ္မာတရားကိုကြွေးကြော်၍ ကြာမြင့်စွာတည်ရှိနေသောအမှားကို ဖော်ပြကြသော်လည်း၊ သခင်ခရစ်တော်လက်ရှိ ယုဒများ၊ သို့မဟုတ် လူးသာလက်ထက်ရှိပါပရဟန်းမင်း၏ တပည့်များကဲ့သို့ အများသောသူတို့သည် မိမိတို့၏ဘိုးဘေးများယုံကြည်လျက်၊ ပြုမူနေထိုင်ခဲ့ကြသည်နည်းတူ ယုံကြည်၊ ပြုမူနေထိုင်ကြရန်၊ စိတ်ကြေနပ်လျက်ရှိကြ၏။ ထို့ကြောင့် ဘာသာတရားသည် ထုံးစံဓလေ့အဖြစ်သို့ပြန်၍ နိမ့်ဆင်းရလေပြန်၏။ အသင်းတော်သည် ဘုရားသခင်၏နှုတ်ကပတ်တော်အလင်းတွင် လိုက်ရှောက်ခဲ့ပါမူ ပယ်ရှားထားရလိမ့်မည်ဖြစ်သော အမှားများနှင့်အယူသီးသောဝါဒများသည် ပြန်၍တည်ရှိမြဲတည်ရှိနေပြန်၏။

ထိုသို့ဘာသာပြုပြင်ရေးအမှုအားဖြင့် ထကြွနိုးကြားလာသောစိတ်ဓါတ်သည် တဖြည်းဖြည်းပျောက်ကွယ်သွားရာ၊ လူးသာလက်ထက်က ရောမဗရင်ဂျီအသင်းတွင်ပြုပြင်မှုလိုကဲ့သို့ ဗရင်ဂျီအသင်းတော်၏ ဆန့်ကျင်သောဂိုဏ်း၏ အသင်းတော်များတွင်လည်း ဘာသာပြုပြင်ရေးလုပ်ငန်းကြီးသည် လိုနေသေးသည်ကို အဆုံး၌ သိရှိရလေ၏။

ထိုအသင်းတော်များတွင်လည်း ဝိညာဉ်ရေးနှင့်စပ်ဆိုင်၍ အိပ်မောကျနေခြင်း၊ လူတို့၏ထင်မြင်ချက်များကို ရိုသေလေးစားခြင်း၊ လောကီတတ်မက်ခြင်းစိတ်သဘော၊ ဘုရားသခင်၏နှုတ်က ပါတ်တော်တွင်ရှိသြဝါ၏များအစား လူတို့၏စိတ်ကူးထင်မြင်ချက်များကို လိုက်နာခြင်း. . . . . . . . . . . . . . . . . .

အမှုများတို့ကို၊ ရောမအသင်းတော်မှာကဲ့သို့ပင်၊ ထပ်မံတွေ့ရှိရကြ၏။ ဘာသာရေးကိုအရောင်ဆောင်လျက်၊ မာန်မာနနှင့်အလွန်အကျူး သုံးဖြုန်းမှုတို့ကိုအားပေးလာကြ၏။အသင်းတော်တို့သည်လောကနှင့်မိတ်ဖွဲ့ခြင်းဖြင့် ပျက်စီးယိုယွင်းလာကြ၏။ ထိုသို့အားဖြင့်မြင့်မြတ်သောအခြေခံတရားများသည် ရှုတ်ချခြင်းခံရကြ၏။ ထိုတရားများအတွက် လူသာနှင့်လုပ်ဖော်ဆောင်ဖက်တို့သည် များစွာဆင်းရဲဒုက္ခခံ၍ အမှုဆောင်ရွက်ခဲ့ကြပြီ။

ညှင်းဆဲနှိပ်စက်ခြင်းဖြင့်သမ္မာတရားကိုခြေဖျက်ရန် မအောင်မြင်ခဲ့ကြောင်းကို စာတန်သိမြင်သောအခါ၊ ကြီးကျယ်စွာဖောက်ပြန်ခြင်းအမှုနှင့် ရောမဗရင်ဂျီအသင်းတော် ဖြစ်ပေါ်လာမှုတို့ကို ပေါ်ပေါက်လာစေသောအလားတူ စေ့စပ်မှုကို တဖန်ပြန်၍ပြုလုပ်ရန် ကြံစည်ပြန်လေ၏။ သူသည် ခရစ်ယာန်များအားယခုရုပ်ဆင်းတုကိုးကွယ်သူများနှင့်မဟုတ်ဘဲ၊ ဤလောက၏ ဘုရားကိုကိုးကွယ်ခြင်းဖြင့်မိမိတို့ကိုယ်တိုင် ရုပ်ဆင်းတုကိုးကွယ်သူများအမှန်ဖြစ်ကြောင်း သက်သေပြနေသူတို့နှင့် မိတ်ဆွေဖွဲ့စေရန်သွေးဆောင်လေ၏။

စာတန်သည်လူများထံမှကျမ်းစာကို ဝှက်မထားနိုင်တော့ခြေ။ ၎င်းကိုလူတိုင်းရရှိဖတ်ရှုနိုင်ကြပြီ။ သို့ရာတွင် သမ္မာတရားကိုသိရှိရန် မိမိတို့ကိုယ်တိုင်ကျမ်းစာကိုရှာဖွေစစ်ဆေးခြင်းမပြုဘဲ၊ မှားသောအနက်အဓိပ္ပါယ်နှင့် မခိုင်လုံသောထင်မြင်ယူဆချက်များကို ထောင်ပေါင်းများစွာသောသူတို့အား လက်ခံစေရန် သွေးဆောင်လေ၏။သူသည် ကျမ်းစာ၏ဩဝါဒများကို ဖျက်ဆီး၍ သန်းပေါင်းများစွာသောသူတို့ကို ပျက်စီးစေသောရိုးရာထုံးတမ်းများသည် လူတို့၏ စွဲမြဲလာကြ၏။ အသင်းတော်သည် တစ်ခါက သန့်ရှင်းသူတို့အားပေးအပ်ခဲ့သောယုံကြည်ခြင်းတရားအတွက် ခုခံရမည်အစား၊ ထိုရိုးရာထုံးတမ်းများကိုထောက်ခံအားပေး၍ ၎င်းတို့အတွက် ခုခံကာကွယ်ပေးနေကြသည်။ မိမိတို့၏ဘေးဥပဒ်ကိုလုံးလုံးမသိရှိကြဘဲ၊ အသင်းတော်နှင့်လောကသည် ကမ္ဘာ့ရာဇဝင်တွင် အလွန်ကြည်ညိုလေးစား၍ အရေးကြီးသောအချိန်ကာလသို့ အလျင်အမြန်ချဉ်းကပ်လာလျက်ရှိလေသည်။

---oo---

# အခန်း (၅၀)
# ပထမကောင်းကင်တမန်၏သတင်းစကား

ဗျာဒိတ်ကျမ်းအခန်းကြီး (၁၄) တွင်ဖေါ်ပြထားသည့် ပထမကောင်းကင်တမန်၏ သတင်းစကားနှင့်ဆိုင်သော အနာဂတ္တိစကားသည်၊ ခရစ်တော် သက္ကရာဇ် ၁၈၄၀-၄၄ ခုနှစ်အတွင်း ဖြစ်ပျက်သော၊ သခင်ခရစ်တော် ကြွလာတော်မူခြင်းကို မြော်လင့်ခြင်း လုပ်ငန်းများအားဖြင့် ပြည့်စုံခြင်းသို့ ရောက်လေပြီ။ ဥရောပတိုက်နှင့်အမေရိကတိုက်များတွင် လူများတို့သည်အ နာဂတ္တိစကားများကို ဂရုစိုက်လေ့လာကြသောအခါ၊ ယုံကြည်ခြင်းရှိလျက် ဆုတောင်းနေကြသောသူတို့သည် များစွာ စိတ်လှုပ်ရှားခြင်းဖြစ်၍၊ ဝိညာဉ် တော်နှင့်မှုတ်သွင်းထားသော မှတ်တမ်းတခုလုံးကို သေချာစွာရှာဖွေစစ်ဆေး ကြည့်ကြရာတွင်၊ ခပ်သိမ်းသောအရာတို့၏ အဆုံးသို့ ရောက်လုနီးပြီဖြစ် ကြောင်း သေချာထင်ရှားသော သက်သေသာဓကများကို၊ သူတို့သည်တွေ့ရှိကြလေ၏။ ဘုရားသခင်၏ ဝိညာဉ်တော်သည် မိမိ၏ ကျွန်များအားသတိပေးစကားကို ကြေငြာရန် တိုက်တွန်းနှိုးဆော်တော်မူ၏။ "ဘုရားသခင်ကိုကြောက်ရွံ့၍ ချီးမွမ်းကြလော့။ တရားစီရင်တော်မူသောအချိန်ရောက်လာပြီ" ဟူသောထာဝရ ဧဝံဂေလိသတင်းစကားသည် အနီး၊အဝေး၊ အရပ်ရပ်ရှိသမျှသို့ နှံ့ပြားသွားလေ ၏။ (ဗျာဒိတ် ၁၄း၇)

သာသနာပြုသူများရောက်ရှိလေရာအရပ်ရပ်တိုင်း၌ သခင်ခရစ်တော် အလျှင်အမြန်ပြန်ကြွလာမည်ဟူသော ဝမ်းမြောက်ဘွယ် သတင်းစကားကို ကြားပြောရလေပြီ၊ နိုင်ငံအရပ်ရပ်တွင်သီးသန့်တည်ရှိနေကြသော ခရစ်ယာန် အစုများရှိကြရာ၊ သူတို့သည် သမ္မာကျမ်းစာကိုကသာ လေ့ကျက်ကြခြင်းဖြင့်၊ ကယ်တင်ရှင်ပြန်ကြွလာတော်မူမည်အချိန်သည် နီးကပ်နေကြောင်းယုံကြည် လာကြလေပြီ။ ဥရောပတိုက်၏ အချို့ဒေသများတွင် ကြွလာတော်မူခြင်းနှင့် ဆိုင်သော ဩဝါဒကို မဟောမပြောစေရန် ပိတ်ပင်တားမြစ်ထားသော ဥပဒေ များအလွန်ပင်ရက်စက်ပြင်းထန်သဖြင့်၊ ကလေးသူငယ်များတို့သည် ၎င်းတရား ကိုဟောပြောရကြ၍ အများသောသူတို့သည် ကြည်ညိုဘွယ်သောသတိပေး စကားကိုနားထောင်ကြ၏။

ဝီလျံမီးလားနှင့်သူ၏ လုပ်ဖော်ဆောင်ဘက်များတို့သည် အမေရိကပြည်တွင် သတင်းစကားကို ဟောပြောဘို့အခွင့်ရရှိကြ၍၊ သူတို့ထွန်းညှိပေးသောအလင်းသည် ရပ်ဝေးအရပ်များတိုင်အောင် ရောက်ရှိသွားလေ၏။ ကျမ်းစာကို မယုံကြည်ခဲ့သော လယ်သမားတယောက်၏ စိတ်နှလုံးကိုပြုပြင်၍သူ့အား အနာဂတ္တိစကားများကို ရှာဖွေစေရန် ဘုရားသခင်သည် မိမိ၏ကောင်းကင်တမန်ကို သူ့ထံသို့စေလွှတ်တော်မူ၏။ ထိုရွေးချယ်ထားသောသူထံသို့ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ထပ်ခါထပ်ခါလာရောက်၍၊ သူ၏စိတ်ကိုပြုပြင်ပေးလျက်၊ ဘုရားသခင်၏ လူများမသိမမြင်ခဲ့သေးသောအနာဂတ္တိစကားများကို နားလည်စေရန် ဖွင့်ပြကြ၏။ သမ္မာတရား၏အဆက်များကို အစပြုရှာဖွေစေသဖြင့်၊ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အံ့သြချီးမွမ်းခြင်းနှင့်ကြည့်ရှုလာသည်တိုင်အောင်၊ သမ္မာတရား၏ကွင်းဆက်များကို တခုပြီးတစ်ခုရှာ ဖွေစစ်ဆေးလေ၏။ ကျမ်းစာတွင် သမ္မာတရားတခုလုံးကို စုံလင်စွာဆက်သွယ်ထားသည်ကိုသူတွေ့မြင်ရ၏။ ဘုရားသခင်မှုတ်သွင်းတော်မမူဟု သူထင်မှတ်ခဲ့သော ထိုနှုတ်ကပတ်တော်သည် ယခုသူ့အား ၎င်း၏တင့်တယ်ခြင်းနှင့်ဘုန်းအသရေကို သူ၏ စက္ခုအာရုံထဲ၌ဖွင့်ပြလေပြီ။

ကျမ်းစာ၏ အပိုင်းတခုသည် အခြားသောအစိတ်အပိုင်းအကြောင်း ရှင်းလင်းပြသည်ကို သူသိမြင်လာ၏။ ၎င်းအပြင် ကျမ်းစာပိုဒ်တခုကို သူနားမလည်သောအခါ၊ ၎င်းအကြောင်းကို နှုတ်ကပတ်တော်၏ အခြားသောအစိတ်အပိုင်းတွင် ရှင်းလင်းဖော်ပြထားသည်ကို သူတွေ့ရှိရလေ၏။

သူသည် အနာဂတ္တိစကာများကို လိုက်လံစစ်ဆေးကြည့်သောအခါ၊ လောကတွင်ရှိလူသတ္တဝါတို့သည် ဤလောကရာဇဝင်၏ နောက်ဆုံးအချိန်ကာလတွင် နေထိုင်ရှိကြသည်ကို သူသိမြင်ရလေ၏။ သို့ရာတွင် သူသည် ၎င်းကို မသိရှိခဲ့သေးပါ။ သူသည် အသင်းတော်များကိုကြည့်သောအခါ၊ ၎င်းတို့သည် ပျက်စီးနေကြသည်ကို တွေ့ရ၏။ သူတို့သည် သခင်ယေရှုအပေါ်၌ စွဲလမ်းခြင်းမရှိဘဲ၊ လောက၌သာစွဲလမ်းလျက်ရှိကြ၏။ အထက်မှလာသော ဂုဏ်အသရေအစား လောကီဂုဏ်အသရေကို သူတို့သည် ရှာဖွေနေကြ၏။

ကောင်းကင်၌ မိမိတို့ဘဏ္ဍာကို ဆည်းပူးရမည်အစား၊ လောကီစည်းစိမ် ဘဏ္ဍာကို စွဲကိုင်လျက်ရှိနေကြသည်ကိုလည်း သူတွေ့မြင်ရ၏။ သူသည်အ ရပ်ရပ်တိုင်း၌ လျှို့ဝှက်ထားခြင်း၊ မှောင်မိုက်ခြင်းနှင့်သေခြင်းကို တွေ့ရှိနိုင်၏။ သူ၏ အထဲ၌ ရှိသောစိတ်သည် တက်ကြွလှုပ်ရှားလာ၏။ ဘုရားသခင်သည် ဧလိရှဲအား မိမိ၏နွားများနှင့်ထွန်နေသော လယ်ကိုစွန့်ပစ်၍ ဧလိယနောက် သို့လိုက်စေရန် ခေါ်တော်မူသည်နည်းတူ၊ သူ့အား မိမိ၏ လယ်ယာကိုစွန့် ပစ်ရန်ခေါ်တော်မူ၏။

ဝီလျံမီးလားသည် ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့် လူများတို့အားဘု ရားသခင်၏ နိုင်ငံတော်နှင့်သက်ဆိုင်သော နက်နဲရာများကိုဖွင့်ပြလျက်၊ နား ထောင်နေသောသူတို့အား သခင်ခရစ်တော် ဒုတိယအကြိမ် ကြွလာတော်မူ ခြင်းအကြောင်းကို ဖော်ပြသောအနာဂတ္တိစကားများကို ရှင်းလင်းဖော်ပြလေ ၏။ ၁၈၃၃ ခုနှစ်တွင် သခင်ခရစ်တော်ကြွလာတော်မူခြင်းအကြောင်းကို ညွှန်ပြသောကျမ်းစာဖြင့် သက်သေခံခြင်းအမှုကို အများသောသူတို့သည်စိတ် ပါဝင်စားလာကြ၏။ အနာဂတ္တိစကားနှင့်ဆိုင်သော အချိန်ကာလများအ ကြောင်း ချေပပြောဆိုသော အချက်များသည် မှန်ကန်သည်ဟုအများ သောသူတို့က ယုံကြည်ကြလျက်၊ မိမိတို့၏ ထင်မြင်ချက်၌ ကြွားဝါနေကြ သောသဘောကိုစွန့်ပယ်ကာ၊ သမ္မာတရားကို ဝမ်းမြောက်စွာလက်ခံကြ၏။ အချို့ သောသင်းအုပ်ဆရာများတို့သည် မိမိတို့ဂိုဏ်း၏ ထင်မြင်ယူဆချက်များကို ဖယ်ရှား၍၊ မိမိတို့၏လခနှင့်အသင်းတော်များကို စွန့်ပစ်လျက်သခင်ယေရှု ကြွလာတော်မူခြင်းအကြောင်းကို ကြွေးကြော်ရာတွင် ပူးပေါင်းဆောင်ရွက် ကြလေ၏။

သို့သော် ဤသတင်းစကားကိုလက်ခံသော သင်းအုပ်ဆရာအနည်းငယ် သာရှိသောကြောင့် ၎င်းသတင်းစကားကို ကြွေးကြော်ခြင်းအမှုကို အသင်း သားရိုးရိုးတို့က အများအားဖြင့် ဆောင်ရွက်ကြ၏။ လယ်သမားများသည်လယ် ကိုစွန့်ကြ၏။ စက်ဆရာတို့သည် မိမိတို့စက်ကရိယာတို့ကို၎င်း၊ ကုန်သည် များလည်း မိမိတို့၏ ကုန်များကို၎င်း၊ အလုပ်အကိုင်သမားတို့သည် မိမိတို့ ၏ရာထူးကို၎င်းစွန့်ကြ၏။ သို့သော် ပြီးမြောက်အောင် ဆောင်ရွက်ရမည့် အလုပ်နှင့် နှိုင်းယှဉ်ကြည့်သောအခါ၊ အမှုဆောင်ရမည့်သူတို့သည် နည်း

နေကြ၏။ ဘုရားမဲ့ဖြစ်နေသော အသင်းတော်နှင့်ဆိုးညစ်နေသော လောက၏အခြေအနေတို့သည် မှန်ကန်သောကင်းစောင့်တို့၏ စိတ်ဝိညာဉ်တို့အပေါ်၌ လေးလံသောဝန်ကိုတင်ထားသဖြင့်၊ လူများတို့အား ကယ်တင်ခြင်းခံစားစေခြင်းငှာ၊ နောင်တရစေဘို့ ကြွေးကြော်နိုင်မည်အကြောင်း၊ သူတို့သည်ပင်ပန်းခြင်းနှင့် ဒုက္ခဆင်းရဲခြင်းတို့ကိုခံရန်အလိုရှိကြ၏။ စာတန်သည် နှောင့်ယှက်တားဆီးသော်လည်း၊ လုပ်ငန်းသည် ရှေ့သို့မှန်ကန်စွာ တိုးတက်လျက်ရှိ၍ ထောင်ပေါင်းများစွာသောသူတို့သည် ကြွလာတော်မူခြင်းအကြောင်းနှင့်သက်ဆိုင်သော သမ္မာတရားကို လက်ခံလာကြ၏။

## ဘာသာရေးတွင်ကြီးကျယ်စွာပြန်၍ ထကြွနိုးကြားလာခြင်း။

အရပ်ရပ်တိုင်းတွင်စိတ်နှလုံးကို စစ်ဆေးရှာဖွေရန်သက်သေခံချက်များကိုကြားနေရကြလျက်၊ လောကကိုစွဲလမ်းသူနှင့် အသင်းတော်သားများပါဝင်သောအပြစ်သားများတို့အား၊ ရောက်လာလတ့ံသော အမျက်ဒေါသမှကင်းလွတ်ရန်သတိပေးနေကြ၏။ သခင်ခရစ်တော်၏ရှေ့တော်ပြေးဖြစ်သူနှစ် ခြင်းဆရာယောဟန်ကဲ့သို့တရားဟောဆရာများတို့သည်ပုဆိန်ကိုသစ်ပင်ရင်း၌ချထား၍၊ နောင်တတရားရရှိစေရန်အသီးကိုသီးစေဘို့လူအပေါင်းတို့အားတိုက်တွန်းနှိုးဆော်လျက်ရှိကြ၏။ သူတို့၏ စိတ်ထကြွဘွယ်နှိုးဆော်ချက်တို့ ကား၊ လူကြိုက်များသောတရားဟောပလ္လင်တို့မှငြိမ်သက်ခြင်း၊ဘေးကင်းလုံခြုံခြင်းရှိမည်ဟု ဝန်ခံပြောဆိုသော အချက်များနှင့်ထူးခြားစွာကွာခြားနေ၏။ ၎င်းပြင်ဤသတင်းစကားကို ကြွေးကြော်သောနေရာတိုင်းတွင် ၎င်းသည်လူတို့၏ စိတ်ကို လှုပ်ရှားစေ၏။

သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးဖြင့်ပြုပြင်ခြင်းခံရကြ၍၊ ကျမ်းစာတော်များတွင်ရိုးသားစွာ တိုက်ရိုက်ဘော်ပြထားသော သက်သေခံချက်ဖြင့်၊ လူအများတို့သည် မိမိတို့အပြစ်ကို ကြီးကျယ်စွာသိမြင်လာကြရာ၊ အနည်းငယ်သောသူတို့သာ လုံးလုံးမသိမြင်ကြသေးချေ။ ဘာသာတရား၏ ပါမောက္ခများတို့သည် မိမိတို့၏ မှားယွင်းသော စိတ်ချအားကိုးမှုမှ နိုးကြားလာကြ၏။ သူတို့သည် သူတို့၏ဖေါက်ပြန်နေသောအယူ၊ လောကီတပ်မက်ခြင်း၊ မယုံကြည်ခြင်း၊ သူတို့၏ မာနနှင့်ကိုယ်ကျိုးရှာခြင်း သဘောများကိုသိ. . . .

မြင်လာကြ၏။ များစွာသော လူတို့သည်ထာဝရဘုရားကို နောင်တနှင့်ငှင်းနှိမ့်ချခြင်းနှင့်ငှင်းရှာကြ၏။ လောကီအရာများ၌ကြာမြင့်စွာ စွဲလမ်းနေခဲ့ကြသော်လည်း၊ ယခုကောင်းကင်အရာ၌ စွဲလမ်းလာကြလေ၏။ ဘုရားသခင်၏ ဝိညာဉ်တော်သည် သူတို့အပေါ်သို့သက်ရောက်သဖြင့်၊ သူတို့သည်နူးညံ့နှိမ့်ချသောစိတ်နှင့် "ဘုရားသခင်ကိုကြောက်ရွံ့၍ ချီးမွမ်းကြလော့။ တရားစီရင်တော်မူသော အချိန်ရောက်လာပြီ" ဟူသောအချက်ကို အတူတကွကြွေးကြော်ကြလေပြီ။ (ဗျာဒိတ်ကျမ်း ၁၄း၇)

အပြစ်သားတို့က၊ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရအံ့သောငှါ အဘယ်သို့ပြုရကြပါမည်နည်းဟုမေးမြန်းကြ၏။ မိမိတို့၏ အသက်တာ၌မဖြောင့်မတ်သောအမှုများကို ပြုခဲ့ကြသောသူတို့သည် မိမိတို့အမှားများကိုပြုပြင်ကြ၏။ သခင်ခရစ်တော်၌ ငြိမ်သက်ခြင်းကို ရကြသောသူအပေါင်းတို့သည် အခြားသူတို့အား ကောင်းကြီးမင်္ဂလာများကို ဝေမျှခံယူစေခြင်းငှာအလိုရှိကြ၏။ မိဘတို့၏စိတ်သည် သားသမီးတို့အပေါ်၌ ပြောင်းလဲလာ၍သားသမီးတို့၏စိတ်သည်လည်း မိဘတို့အပေါ်၌ ပြောင်းလဲလာကြ၏။ မာနထောင်လွှားခြင်းနှင့် ကိုယ်ကိုအထင်ကြီးခြင်းစိတ်သဘောများကို ပယ်ရှားကြ၏။ စိတ်ပါစွာအပြစ်ဖော်ပြခြင်းပြုကြလျက်၊ အိမ်ထောင်သားများတို့သည် မိမိတို့နှင့်အနီးကပ်ဆုံး၊မိမိတို့အချစ်ဆုံးသူများအားကယ်တင်ခြင်းရစေဘို့အမှုဆောင်ရွက်ကြ၏။

မကြာခဏစိတ်အားကြီးစွာ ဖြန်ဖြေတောင်းပန်ခြင်းအသံများကိုကြားရကြ၏။ အရပ်ရပ်တိုင်းတွင် ဝိညာဉ်များသည် ကြီးစွာပူပန်ခြင်းနှင့်ဘုရားသခင်အား၊ တောင်းပန်လျှောက်ထားနေကြ၏။ မိမိတို့၏ အပြစ်များကိုဖြေလွှတ်တော်မူသည်ကို အသေအချာသိရှိရန်၊ သို့မဟုတ် မိမိတို့၏ ဆွေမျိုး၊ အိမ်နီးခြင်းများအား စိတ်နှလုံးပြောင်းလဲစေရန်အတွက် အများသောသူတို့သည် တညဉ့်လုံးစိတ်အားကြီးစွာ ဆုတောင်းကြ၏။ ထိုသို့စိတ်အားကြီးစွာ ဆုံးဖြတ်ချက်ချထားသော ယုံကြည်ခြင်းစိတ်သည် ရည်ရွယ်ချက်အတိုင်း အောင်မြင်။ ဘုရားသခင်၏လူများတို့သည် စိတ်အားကြီးစွာမရမကဆက်လက်ဆုတောင်း၍၊ ဂရုဏာပလ္လင်၌ မိမိတို့အလိုရှိသောအရာကို ကြိုးစားလျက်တောင်းလျှောက်ခဲ့ကြလျှင်၊ ယခု သူတို့ရရှိနေကြသည်ထက်သာလွန်. . . . . . .

ကြွယ်ဝသောဗဟုသုတကို တွေ့ကြုံခံစားရကြလိမ့်မည်။ ဆုတောင်းခြင်းအမှု အလွန်နည်း၍ အပြစ်ကိုသိမြင်သောစိတ်အလွန်နည်းပါး၏။ အသက်ရှင်သော ယုံကြည်ခြင်းခေါင်းပါးသောကြောင့်၊ ကျွန်ုပ်တို့၏ ရွေးနှုတ်ရှင်ကကြွယ်ဝစွာချပေးတော်မူသော ကျေးဇူးတော်ကိုအများသော သူတို့သည် မခံစားရကြချေ။

လူအမျိုးမျိုးအစားစားတို့သည် ကြွလာတော်မူခြင်းကို မြော်လင့်သောသူတို့၏စည်းဝေးများသို့ စုရုံးလာကြ၏။ သူဌေး၊ သူဆင်းရဲ၊ ဂုဏ်မြင့်သူ၊ ဂုဏ်နိမ့်သူတို့သည် အကြောင်းအမျိုးမျိုးကြောင့် ဒုတိယအကြိမ်ကြွလာတော်မူခြင်းအကြောင်းနှင့်ဆိုင်သောဩဝါဒကို မိမိတို့ကိုယ်တိုင် ကြားနာလိုသောစိတ်ပြင်းပြကြ၏။ ထာဝရဘုရား၏ကျွန်များသည် မိမိတို့၏ ယုံကြည်ခြင်းတရားအကြောင်းကို ရှင်းလင်းပြနေကြစဉ်၊ ထာဝရဘုရားသည် တားဆီးနှောင့်ယှက်လိုသောစိတ်သဘောများကို ပိတ်ပင်ထားတော်မူ၏။ တခါတစ်ရံဘုရားသခင်အသုံးပြုတော်မူသော တန်ဆာသည် အားနည်းနေ၏။ သို့သော်ဘုရားသခင်၏ ဝိညာဉ်တော်သည် မိမိ၏ သမ္မာတရားအား တန်ခိုးကိုချပေးတော်မူ၏။ စည်းဝေးများတွင် သန့်ရှင်းသော ကောင်းကင်တမန်များရောက်ရှိနေသည်ကိုသိရှိရကြ၍၊ ယုံကြည်သော သူတို့သည်နေ့စဉ်တိုးပွားလာကြ၏။ သခင်ခရစ်တော်မကြာမီကြွလာတော်မူမည် အကြောင်းဘော်ပြသောသက်သေသာဓကများကို ထပ်ခါထပ်ခါ ဖေါ်ပြသောအခါ၊ အလွန်များသောလူအစုအဝေးများသည် ကြည်ညိုဘွယ်စကားများကို အသက်မရှူနိုင်လောက်အောင်တိတ်ဆိတ်စွာ နားထောင်ကြ၏။ ကောင်းကင်နှင့်မြေကြီးသည် နီးကပ်နေသည်ဟုထင်ရ၏။ ဘုရားသခင်၏ တန်ခိုးတော်သည်အိုသောသူ၊ ပျိုရွယ်သူနှင့်လူလတ်များအပေါ်သို့ သက်ရောက်လာသည်ဟုထင်မှတ်ရ၏။

လူများတို့သည် မိမိတို့နှုတ်ဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းလျက်၊ အိမ်သို့ပြန်သွားကြရာ၊ တိတ်ဆိတ်သော ညဥ့်အချိန်၌ ဝမ်းမြောက်ဘွယ်သီချင်းသံများကိုကြားနေရ၏။ ထိုစည်းဝေးသို့လာရောက်ကြသောတစ်ယောက်မျှ အလွန်စိတ်ဝင်စားဘွယ်ကောင်းသော ထိုအချင်းအရာများကိုဘယ်တော့မှမမေ့နိုင်ကြချေ။

## တားဆီးကန့်ကွက်ခြင်း

သခင်ခရစ်တော်ကြွလာတော်မူမည့်အချိန်ကို အသေအချာဘော်ပြသောအချက်ကို၊ တရားဟောပလ္လင်ပေါ်ရှိ သင်းအုပ်ဆရာမှစ၍ အလွန်တရာသတိမမူ၊ ကောင်းကင်ဘုံရှင်ကိုပင် ဆန့်ကျင်ဘက်ပြုဝံ့သော အပြစ်သားတိုင်အောင်၊ လူအမျိုးမျိုးတို့က အကြီးအကျယ် တားဆီးကန့်ကွက်ကြ၏။ "အချိန်နာရီကိုအဘယ်သူမျှမသိ" ဟုလျှို့ဝှက်သော သင်းအုပ်ဆရာနှင့်ရဲရင့်စွာကဲ့ရဲ့သူတို့က ပြောဆိုကြသည်ကိုကြားရ၏။ အနာဂတ်စကားနှင့်ဆိုင်သော နောက်ဆုံးအချိန်ကာလကိုငှင်း၊ သခင်ခရစ်တော်ကိုယ်တိုင် မိမိကြွလာတော်မူခြင်း၏ အထိမ်းအမှတ်များအဖြစ်နှင့် ကြိုတင်ဘော်ပြတော်မူခဲ့သော နိမိတ်လက္ခဏာများကိုငှင်း ညွှန်ပြကြသောသူတို့က၊ ကျမ်းချက်များကို ထင်ရှားသေချာစွာ၊ ညီညီညွတ်ညွတ် ရှင်းလင်းဘော်ပြကြသည်ကို သူတို့သည်နားမထောင်ဘဲနေကြ၏။

ကယ်တင်ရှင်ကို ချစ်ခင်သည်ဟုဆိုသောသူအများတို့က ကိုယ်တော်ကြွလာတော်မူခြင်းအကြောင်း ဟောပြောချက်ကိုမပိတ်ပင်ကြပါ။ အသေအချာတွက်ချက်ပြသော အချိန်နာရီကိုသာ ကန့်ကွက်ကြပါသည်ဟု ဘော်ပြကြ၏။

အလုံးစုံကိုသိမြင်တော်မူသောဘုရားသခင်သည် သူတို့၏စိတ်နှလုံးများကိုသိမြင်တော်မူ၏။ သခင်ခရစ်တော်သည်လောကကို ဖြောင့်မတ်ခြင်းနှင့်တရားစီရင်ရန် ကြွလာတော်မူမည်ဟူသောအချက်ကို သူတို့သည်နားထောင်လိုသောဆန္ဒမရှိကြ။ သူတို့သည် သစ္စာမရှိသောကျွန်များဖြစ်ကြသဖြင့်၊ သူတို့၏အလုပ်များသည် စိတ်နှလုံးကိုစစ်ဆေးတော်မူသော ဘုရားသခင်၏ စစ်ဆေးကြည့်ရှုခြင်းကို ခံရပ်နိုင်ကြမည်မဟုတ်၊ ၎င်းအပြင် သူတို့သည်မိမိတို့၏သခင်ဘုရားကို တွေ့ဆုံရန်ကြောက်ရွံ့နေကြ၏။ သခင်ခရစ်တော်ပဌမအကြိမ်ကြွလာတော်မူသောအခါ၌ ရှိသောယုဒလူတို့ကဲ့သို့သူတို့သည် သခင်ယေရှုကိုခရီးဦးကြိုပြုရန် ပြင်ဆင်ခြင်းရမရှိကြ။ ကိုယ်တော်၏လူများဟု ခေါ်ဝေါ်နေသောသူတို့သည် ကိုယ်တော်ကိုအနည်းငယ်သာချစ်သဖြင့်၊ ကိုယ်တော်ကြွလာတော်မူခြင်းကို သူတို့သည် အလိုမရှိကြသောကြောင့်၊ စာတန်နှင့်သူ၏

တမန်များတို့သည် အလွန်ဝမ်းမြောက်ကြလျက်၊ သခင်ခရစ်တော်နှင့်သန့်ရှင်းသောကောင်းကင်တမန်တို့၏မျက်မှောက်မှာပင်ကဲ့ရဲ့ခြင်းကိုပြုကြလေ၏။

သစ္စာမရှိသောကင်းစောင့်တို့သည် ဘုရားသခင်၏ အမှုတော်တိုးပွားရေးကိုနှောင့်နှေးကြန့်ကြာစေကြ၏။ လူများတို့သည် ထကြွနိုးကြားလာကြ၍ကယ်တင်ခြင်းရရာလမ်းကို မေးမြန်းရှာဖွေကြသောအခါ၊ ဤခေါင်းဆောင်များသည် သူတို့ရှေ့မှာပေါ်လာ၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အလွဲအနက်ကောက်ခြင်းဖြင့်၊ သူတို့၏စိုးရိမ်ကြောက်လန့်စိတ်ကို သက်သာစေအောင်ကြံစည်ကြ၏။ ဘုရားသခင်က ငြိမ်သက်ခြင်းအကြောင်း မိန့်တော်မမူသော်လည်း၊ ဤအလုပ်၌စာတန်နှင့်တကွ ဘုရားသခင်အားဆက်ကပ်ခြင်းမပြုသော သင်းအုပ်ဆရာတို့သည် ပူးပေါင်းလျက်၊ ငြိမ်သက်ခြင်းရှိ၊ ငြိမ်သက်ခြင်းရှိ၏ဟု ကြွေးကြော်ကြ၏။ သခင်ခရစ်တော်လက်ထက်ရှိ ဖာရိရှဲများကဲ့သို့အများသော သူတို့သည် မိမိတို့ကိုယ်တိုင် ကောင်းကင်နိုင်ငံတော်ထဲသို့ဝင်ရန် ငြင်းဆန်နေကြပြီးလျှင်၊ ဝင်ရန်လာနေသောသူတို့ကိုလည်း သူတို့ကတားဆီးပိတ်ပင်ကြ၏။ ဤဝိညာဉ်တို့၏အသွေးကို သူတို့ထံ၌ တောင်းဆိုရလိမ့်မည်။

သမ္မာတရားနှင့်ဆိုင်ရာသတင်းစကားကို ကြွေးကြော်သောနေရာတိုင်း၌ အသင်းတော်တွင် အနှိမ့်ချဆုံးနှင့် ဘုရားတရားကို အကြည်ညိုဆုံးသောသူတို့သည် ၎င်းကို ရွှေဦးစွာလက်ခံကြ၏။ အနာဂတ္တိစကားနှင့်သက်ဆိုင်၍ အများသောသူတို့၏ ထင်မြင်ချက်များမှာ၊ ကျမ်းစာနှင့်မညီညွတ်သောအချက်များဖြစ်ကြောင်း၊ ကျမ်းစာကို မိမိတို့ကိုယ်တိုင်လေ့လာဆည်းဖူးကြသောသူတို့သည် သိမြင်နိုင်ကြ၏။ ၎င်းအပြင် လူများတို့သည်၊ ဘုန်းကြီးများ၏ကြိုးပမ်းမှုအားဖြင့် ယုံကြည်ခြင်းတရားကို အလွဲအနက်ကောက်၍ပယ်ရှားစေရန်၊ သွေးဆောင်ခြင်းမခံသောနေရာ၌၎င်း၊ မိမိတို့ကိုယ်တိုင် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စေ့စေ့ရှာဖွေကြသောနေရာ၌၎င်း၊ ကြွရောက်တော်မူခြင်းအကြောင်းနှင့် ဆိုင်သောဩဝါဒသည် ဘုရားသခင်၏အခွင့်အာဏာအားဖြင့်ဖြစ်ကြောင်း အတည်ပြုရန်၊ ၎င်းကို နှုတ်ကပတ်ကျမ်းစာနှင့်သာနှိုင်းယှဉ်ကြည့်ဘို့သင့်ပေသည်။

အများသောသူတို့သည် မယုံကြည်သော ညီအစ်ကိုများအားဖြင့် ညှဉ်းဆဲနှိပ်စက်ခြင်းခံရကြ၏။ အသင်းတော်၌ တည်မြဲနေစေရန် အချို့တို့သည်မိမိတို့၏ မြော်လင့်ခြင်းအကြောင်းနှင့်သက်ဆိုင်၍ တိတ်ဆိတ်စွာနေကြ၏။ သို့သော်အခြားသောသူတို့က ဘုရားသခင်ဘက်၌ သစ္စာရှိ၍၊ မိမိတို့အား အပ်ပေးထားသောသမ္မာတရားကို ကွယ်ဝှက်ထားဘို့မသင့်ဟု ထင်မှတ်ကြ၏။

အခြားသောအကြောင်းရင်းထက် သခင်ခရစ်တော်ကြွလာတော်မူခြင်း၌ ယုံကြည်ကြောင်း ဘော်ပြသည့်အကြောင်းရင်းကြောင့် အသင်းတော်မှ နှင်ထုတ်ခြင်းခံရသူတို့မှာမနည်းပါ။ မိမိတို့ယုံကြည်ခြင်းတရာအတွက် စုံစမ်းခြင်းခံရသော သူတို့အဘို့ပရောဖက်၏ အောက်ပါစကားများသည်အလွန်အဘိုးထိုက်တန်၏။ "သင်တို့ကိုမုန်း၍ ငါ့နာမကြောင့် နှင်ထုတ်သောညီအစ်ကိုတို့က၊ ငါတို့သည် သင်တို့၏ဝမ်းမြောက်ခြင်းကိုမြင်ရမည်အကြောင်း၊ ထာဝရဘုရားသည် ဘုန်းပွင့်တော်မူစေသတည်းဟု ပြောတတ်သော်လည်း၊ ရှက်ကြောက်ကြလိမ့်မည်။" ဟေရှာယ၊ ၆၆း၅။

ဘုရားသခင်၏ ကောင်းကင်တမန်များတို့သည် သတိပေးစကား၏ အကျိုးအပြစ်ကို စိတ်အားထက်သန်စွာ စောင့်ကြည့်နေကြ၏။ အသင်းတော်များက အဖွဲ့အစည်းတစ်ခုအဖြစ်နှင့်သတင်းစကားကို ငြင်းပယ်ကြသောအခါ၊ ကောင်းကင်တမန်တို့သည် ဝမ်းနည်းခြင်းနှင့် သူတို့ထံမှပြန်သွားကြ၏။ သို့သော်အသင်းတော်များ၌ ကြွလာတော်မူခြင်းသမ္မာတရားနှင့်ဆိုင်၍ စုံစမ်းခြင်းမခံရသေးသောသူအများရှိနေကြသေး၏။ အများသောသူတို့သည် ခင်ပွန်းများ၊ ဇနီးများ မိဘများသို့မဟုတ်သားသမီးများအားဖြင့် လှည့်ဖြားခြင်းခံရကြလျက်၊ ကြွလာတော်မူခြင်းကို ယုံကြည်သောသူတို့ ဟောပြောသွန်သင်သည့်ဖေါက်ပြန်သော အယူဝါဒကို နားထောင်ခြင်းပင်လျှင် အပြစ်ဖြစ်သည်ဟုသူတို့အား ယုံကြည်စေကြပြီ။ ကောင်တမန်များသည် ဤဝိညာဉ်များကို သစ္စာနှင့် စောင့်ရှောက်နေရကြ၏။ အကြောင်းမူကား ဘုရားသခင်၏ပလ္လင်တော်မှ အခြားသောအလင်းသည် သူတို့အပေါ်၌ ထွန်းတောက်လိမ့်ဦးမည်။

**သခင်ဘုရားကိုတွေ့ဆုံရန်ပြင်ဆင်ခြင်း**

သတင်းစကားကိုလက်ခံကြသောသူတို့သည် မိမိတို့ကယ်တင်ရှင်ကြွလာတော်မူခြင်းကို မဖေါ်ပြနိုင်အောင် တော့တလျက်စောင့်နေကြ၏။ ကိုယ်တော်ကို တွေ့ဆုံရမည်ဟုသူတို့မြော်လင့်နေသောအချိန်သည် နီးကပ်လာလေပြီ။ သူတို့သည်တည်ကြည်လေးစားစွာနှင့် ဤအချိန်သို့နီးကပ်လာကြပြီ။ သူတို့သည် ဘုရားသခင်နှင့်အတူ နှစ်သက်ဘွယ်မိဿဟာယဖွဲ့ခြင်းပြုကြ၏။ ၎င်းအမှုသည် ဘုန်းရှိသောနောင်ကာလ၌ သူတို့ခံစားရကြမည့် ငြိမ်သက်ခြင်း၏ စရန်ဖြစ်၏။ ဤကဲ့သို့ ယုံကြည်မြော်လင့်ခြင်းရှိသော သူတစ်ယောက်မျှ စောင့်မြော်နေရသော ထိုအဘိုးတန်သောအချိန်ကို မမေ့နိုင်ကြချေ။ ရက်သတ္တအနည်းငယ်ကြာ သူတို့သည် လောကီအလုပ်များကို အများအားဖြင့်ပယ်ရှားထားကြ၏။ သူတို့သည် သေခါနီးတွင် လောကီအရာများကိုမျက်နှာလွှဲရကြတော့မည့်အချိန်မှာကဲ့သို့၊ ယုံကြည်သူများတို့သည် မိမိတို့၏ စိတ်နှလုံးအကြံအစည်များကို သေချာစွာစစ်ဆေးကြ၏။ "ကောင်းကင်သို့တက်ရန်ပြင်ဆင်သောအဝတ်" များကိုသူတို့သည် ဝတ်ဘို့မလို။ မိမိတို့သည် ကယ်တင်ရှင်ကိုတွေ့ဆုံရန် မိမိတို့၏ အတွင်းစိတ်သဘောကို ပြင်ဆင်ဘို့လိုကြောင်းအားလုံးသိရှိကြ၏။ သူတို့၏ ဝတ်လုံဖြူများကား၊ သခင်ခရစ်တော် ၏အပြစ်ဖြေရာအသွေးတော်အားဖြင့်အပြစ်များကို ဆေးကြောခြင်းဖြင့် ဖြူစင်လာသောသူတို့၏ အကျင့်များဖြစ်ကြသည်။

ဘုရားသခင်သည် မိမိ၏လူများကို စုံစမ်းစစ်ဆေးရန် စီမံထားတော်မူ၏။ အနာဂတ်စကားနှင့်ဆိုင်သော အချိန်ကာလကိုရေတွက်ရာတွင် ဘုရားသခင်၏လက်တော်သည် အမှားကိုဖုံးအုပ်ထားတော်မူ၏။ ကြွလာတော်မူခြင်းကိုမြော်လင့်နေသော သူတို့သည် အမှားကိုမသိမမြင်ကြ။ သူတို့ကိုကန့်ကွက်တားဆီးသောသူတို့တွင် ပညာအရှိဆုံးသူတို့ပင် ၎င်းအမှားကိုမတွေ့ကြချေ။ ထိုသူတို့က "အနာဂတ္တိစကားနှင့်ဆိုင်သော အချိန်ကာလကိုသင်တို့ရေတွက်ခြင်းအမှုမှာမှန်ပေသည်။ အလွန်အရေးကြီးသော အဖြစ်အပျက်တခုဖြစ်ပျက်ရလိမ့်မည်။ သို့သော် ၎င်းသည် မစ္စတာမီးလား ကြိုတင်ဟောသောအကြောင်းအရာမဟုတ်။ လောကတစ်ခုလုံးကို ပြောင်းလဲစေခြင်းအမှုဖြစ်သည်။ သခင်ခရစ်တော် ဒုတိယအကြိမ် ကြွလာတော်မူခြင်းအမှုမဟုတ်။

မြော်လင့်နေကြသောနေ့ရက်သည် ကုန်လွန်သွား၍ သခင်ခရစ်တော်သည်မိမိ၏လူများကို ကယ်နှုတ်ရန် ကြွလာတော်မမူ။ မိမိတို့၏ ကယ်တင်ရှင် ကိုစိတ်အားကြီးစွာ ယုံကြည်ချစ်ခင်ခြင်းနှင့် မြော်လင့်နေကြသော သူတို့သည် ပြင်းထန်စွာ စိတ်ပျက်ခြင်းနှင့်တွေ့ကြုံရကြ၏။ သို့သော်ထာဝရဘုရားသည် မိမိ၏ ရည်ရွယ်ချက်ကိုပြည့်စုံစေတော်မူ၏။ ကိုယ်တော်ကြွလာတော်မူခြင်းကိုစောင့်မြော်နေကြသည်ဟု ဆိုသောသူတို့၏စိတ်ကို ဘုရားသခင်သည်စုံးစမ်းစစ်ဆေးတော်မူခဲ့၏။ တခြား မြင့်မြတ်သောစိတ်သဘောကနိုးဆော်ခြင်းကြောင့်မဟုတ်ဘဲ၊ ကြောက်ရွံ့သောကြောင့်သာ စိတ်ထကြွလှုပ်ရှားသောသူများလည်း ထိုသူတို့အထဲတွင်ရှိကြ၏။ ယုံကြည်သည်ဟုသူတို့ကဆိုသော်လည်း သူတို့၏စိတ်သဘောနှင့် အပြုအမူတို့၌ ပြောင်းလဲခြင်းမရှိခဲ့ကြ။ မြော်လင့်သောအဖြစ်အပျက်ကို မတွေ့ရကြသောအခါ၊ သူတို့ကစိတ်မပျက်ဟုပြောဆိုကြ၏။ သခင်ခရစ်တော်ကြွလာတော်မူမည်ဟု သူတို့သည်ဘယ်သောအခါမျှ မယုံကြည်ခဲ့ကြ။ သူတို့သည် အမှန်ယုံကြည်သောသူတို့၏ ဝမ်းနည်းခြင်းအဖြစ်ကို ပထမဦးဆုံးကဲ့ရဲ့ပြောင်လှောင်သော သူတို့တွင် အပါအဝင်ဖြစ်ကြ၏။

သို့သော် သခင်ယေရှုနှင့် ကောင်းကင်ဗိုလ်ခြေအပေါင်းတို့သည်၊ စုံစမ်းခြင်းခံရ၍ သစ္စာရှိသော်လည်း စိတ်ပျက်နေသော သူတို့အပေါ်၌ မေတ္တာနှင့်၄င်း၊ ထောက်ထားစာနာခြင်းနှင့်၄င်း၊ ကြည့်ရှုကြ၏။ မြင်ရသောလောကနှင့်မမြင်ရသော လောကနှစ်ခုစပ်ကြားတွင် ရှိသောကန့်လန့်ကာကို ဖယ်ရှားထားနိုင်လျှင် ကောင်းကင်တမန်တို့သည် ခိုင်မြဲသော ဤဝိညာဉ်တို့အနီးသို့ချဉ်းကပ်၍ သူတို့အားစာတန်၏မြှားတို့မှ ကာကွယ်ထားသည်ကို တွေ့မြင်ရကြလိမ့်မည်။

-ဝ-

## အခန်း (၅၁)
## ဒုတိယကောင်းကင်တမန်၏သတင်းစကား

ပထမကောင်းကင်တမန်၏သတင်းစကားကို ငြင်းပယ်ခဲ့သောအသင်းတော်တို့သည် ကောင်းကင်မှအလင်းကိုပယ်ကြ၏။ မိမိတို့သည် လောကီအရာ၌တပ်မက်၍ အကျင့်ဖေါက်ပြန်နေသည်ကို အမြင်မှန်ရရှိလျက်၊ မိမိတို့၏သခင်ဘုရားကို တွေ့ဆုံရန်ပြင်ဆင်ခြင်းရှိကြမည်အကြောင်း၊ သူတို့အားနိုးကြားထကြွလာစေရန် ထိုသတင်းစကားကို ဂရုဏာနှင့်ပေးတော်မူ၏။

သခင်ခရစ်တော်၏ အသင်းတော်ကိုလောက၏ ပျက်စီးယိုယွင်းနေသောအခြေအနေမှခွဲထုတ်ရန် အတွက်ပထမကောင်းကင်တမန်၏ သတင်းစကားကိုပေးတော်မူ၏။ ခရစ်ယာန်ဟုခေါ် ဆိုနေသောသူတို့ပင် အပါအဝင်ဖြစ်ကြသော လူစုအားလောကနှင့် ချည်နှောင်ထားသော အနှောင်အဖွဲ့သည် ကောင်းကင်ကို စွဲလမ်းခြင်းအမှုထက်သာ၍ ခိုင်ခံ့နေလေ၏။ သူတို့သည် လောကီပညာရှိတို့၏ စကားကိုသာ နားထောင်လိုကြသဖြင့်၊ စိတ်နှလုံးကိုရှာဖွေစစ်ဆေးစေသော သမ္မာတရားနှင့်ဆိုင်ရာ သတင်းစကားမှလွဲသွားကြ၏။

ဘုရားသခင်သည် အလင်းကို၊ ရုတ်ချငြင်းပယ်ရန်မဟုတ်ဘဲ၊ ၎င်းကိုတိုးပွားအောင်ပြုစု၍ လိုက်နာစောင့်ရှောက်စေရန်ပေးတော်မူ၏။ ဘုရားသခင်စေလွှတ်တော်မူသောအလင်းသည်၎င်းကို ဂရုမစိုက်သော သူတို့အတွက်မှောင်မိုက်ဖြစ်လာ၏။ ဘုရားသခင်၏ ဝိညာဉ်တော်သည် လူ၏စိတ်နှလုံးထဲ၌သမ္မာတရားကိုစွဲလမ်းစေရန် ပြုပြင်ခြင်းမပြုဘဲနေသောအခါ၊ နားထောင်သမျှသည်အကျိုးမပေး။ ဟောပြောသမျှသည်လည်းအချည်းအနှီးဖြစ်ကြ၏။

အသင်းတော်တို့သည် ကြွလာတော်မူခြင်း သတင်းစကားကို ငြင်းပယ်ခြင်းဖြင့်၊ ဘုရားသခင်၏အကြံပေးချက်ကို မထီလေးစားပြုကြသောအခါ၊ ထာဝရဘုရားသည် သူတို့ကို ပယ်တော်မူ၏။ ပထမကောင်းကင်တမန်နောက်၌ ဒုတိယကောင်းကင်တမန်သည်ပေါ်လာ၍၊ "ဗာဗုလုန်မြို့ကြီးပြိုလဲပြီ။ မိမိမတရားသောမေထုန်၏ အဆိပ်အတောက်တည်းဟူသောစ

ပျစ်ရည်ကို လူမျိုးအပေါင်းတို့အား တိုက်လေပြီးသော ဗာဗုလုန်မြို့ကြီးပြိုလဲပြီဟုလိုက်၍ပြောဆို၏။ (ဗျာဒိတ်ကျမ်း ၁၄း၈)။ ပဌမသတင်းစကားကိုငြင်းပယ်ခြင်းကြောင့်၊ အသင်းတော်တို့ပ၌ အကျင့်စာရိတ္တ ပျက်စီးနေခြင်းအကြောင်းကို ဤသတင်းစကားက ကြွေးကြော်ခြင်းဖြစ်သည်ဟု ကြွလာတော်မူခြင်းကို မြော်လင့်သောသူတို့သည် သိရှိနားလည်ကြ၏။” ဗာဗုလုန်မြို့ကြီးပြိုလဲပြီဟူသောစကားကို ၁၈၄၄ ခုနှစ်တွင်ကြွေးကြော်ခဲ့ရာ၊ ထိုသတင်းစကားကြောင့် လူပေါင်းငါးသောင်းတို့သည် ဤအသင်းတော်များမှ ထွက်လာခဲ့ကြ၏။

ပထမသတင်းစကားကို ဟောပြောကြသောသူတို့သည် အသင်းတော်များတွင်ကွဲပြားခြင်း၊ အဖွဲ့အစည်းသီးခြားတည်ထောင်ခြင်းတို့ကို ရည်ရွယ်မြော်လင့်ကြသည်မဟုတ်ပါ။ ဝီလျံမီးလားက အောက်ပါအတိုင်းဖေါ်ပြထား၏။ “ကျွန်ုပ်ဆောင်ရွက်ခဲ့သော လုပ်ငန်းအပေါင်းတွင်၊ တည်ကြည်နေပြီးသောအဖွဲ့အစည်းမှ ခွဲထွက်၍ အခြားအဖွဲ့အစည်းတစုံတခု တည်ထောင်စေရန်၊ သို့မဟုတ်တဖွဲ့ကို အကျိုးယုတ်စေလောက်အောင်အခြားအဖွဲ့ကို အကျိုးများစေဘို့ရန် ကျွန်ုပ်သည် ဘယ်အခါမျှအလိုမရှိ၊ သို့မဟုတ်မကြံစည်ပါ။ ကျွန်ုပ်သည်အဖွဲ့အပေါင်းတို့၌ အကျိုးရှိစေရန် ကြံစည်ပါသည်။ သခင်ခရစ်တော်ကြွလာတော်မူခြင်းကို မြော်လင့်ကြရာတွင် ခရစ်ယာန်အပေါင်းတို့သည်ဝမ်းမြောက်ကြလိမ့်မည်ဟူ၍၄င်း၊ ကျွန်ုပ်မြင်ရသကဲ့သို့မမြင်နိုင်သော လူတို့သည် ဤဩဝါဒကိုနှစ်သက်ခံယူကြသောသူတို့ကို၊ အနည်းငယ်မျှမေတ္တာမလျော့ဘဲနေလိမ့်မည်ဟူ၍၄င်းထင်မှတ်သဖြင့်၊ စည်းဝေးပွဲများကို ခွဲခြားပြုလုပ်ဘို့မလိုဟု ကျွန်ုပ်သိနားလည်ပါသည်။ ဝိညာဉ်များကို ဘုရားသခင်ထံပြောင်းလဲစေရန်၊ လာလတ့ံသောတရားစီရင်ခြင်းအကြောင်း လောကအားကြော်ငြာရန်နှင့် ဘုရားသခင်အားငြိမ်သက်ခြင်းနှင့် တွေ့ဆုံဘို့စိတ်နှလုံးကိုနှိုးဆော်တိုက်တွန်းရန် အလိုဆန္ဒသည် ကျွန်ုပ်၏ ရည်ရွယ်ချက်လုံးလုံးဖြစ်ပါ၏။

ကျွန်ုပ်အမှုဆောင်ရွက်ခြင်းဖြင့် စိတ်နှလုံးပြောင်းလဲကြသောသူအများတို့သည်တည်ရှိနေသောအသင်းအမျိုးမျိုးတွင် စာရင်းသွင်းကြပါ၏။ လူတစ်ဦးစီကျွန်ုပ်ထံသို့မိမိတို့ပြုအပ်သော တာဝန်ကို မေးရန်လာသောအခါ၊ မိမိတို့

နှစ်သက်သောနေရာသို့သွားရန် ကျွန်ုပ်က အမြဲအကြံပေးပါသည်။ ထိုသို့အကြံပေးရာ၌ ကျွန်ုပ်သည်အသင်းတော်တစုံတစ်ခုကိုမျှမျက်နှာမလိုက်ပါ။"

ကာလအတန်ကြာ အသင်းတော်အများတို့သည် သူဟောပြောသောအရာများကိုလက်ခံကြ၏။ သို့သော်ကြွလာတော်မူခြင်းသမ္မာတရားကို ဆန့်ကျင်ဘက်ပြုလာကြသောအခါ၊ ထိုအကြောင်းနှင့်သက်ဆိုင်၍ လှုပ်ရှားထကြွမှုရှိသမျှတို့ကိုသူတို့သည် ဖိနှိပ်လိုကြ၏။ ထိုသို့အားဖြင့် ထိုဩဝါဒကိုလက်ခံခဲ့ကြသောသူတို့သည် ကြီးစွာသော စုံစမ်းနှောင့်ယှက်ခြင်း၊ ရှုပ်ထွေးခြင်းနှင့်ကြုံတွေ့ရကြလေ၏။ သူတို့သည် မိမိတို့၏ အသင်းတော်ကိုနှစ်သက်၍ ၎င်းတို့မှခွဲခွာသွားလိုသောစိတ်မရှိကြ။ သို့ရာတွင် သူတို့သည်ပြောင်လှောင်ခြင်း၊ နှိပ်စက်ခြင်းခံရကြလျက်၊ သူတို့၏ မြော်လင့်ချက်အကြောင်း ဖေါ်ပြရန်သို့မဟုတ်သခင်ဘုရားကြွလာတော်မူခြင်းအကြောင်း ဟောပြောသောစည်းဝေးကိုတက်ရောက်ရန် အခွင့်အရေးကိုငြင်းပယ်ကြသဖြင့်၊ အဆုံး၌အများသောသူတို့သည်ထ၍မိမိတို့အပေါ်၌ တင်ထားသောထမ်းပိုးကို ပယ်ပစ်ကြလေ၏။

အသင်းတော်များသည် ဘုရားသခင်၏ နှုတ်ကပါတ်တော်ကသက်သေခံသောအချက်ကိုငြင်းပယ်ကြသည်ကိုကြွလာတော်မူခြင်းကို မြော်လင့်သောသူတို့သည် သိမြင်ကြသဖြင့်၊ ၎င်းတို့ကို "သမ္မာတရား၏အမှီတကဲ၊သမ္မာတရား၏တည်ရာ" တည်းဟူသောသခင်ခရစ်တော်၏ အသင်းတော်အဖြစ်နှင့်သဘောမထားနိုင်ကြတော့ချေ။ ၎င်းအပြင် "ဗာဗုလုန်မြို့ကြီးပြိုလဲပြီ"ဟူသောသတင်းစကားကို ကြွေးကြော်စပြုသောအခါ၊ အထက်က သူတို့ဆက်သွယ်ခဲ့သောအသင်းတော်များမှခွဲထွက်ဘို့သင့်တော်သည်ဟုသူတို့ကိုယ်တိုင်ထင်မှတ်လာကြ၏။

## ဆိုင်းလင့်နေသောအချိန်

သခင်ယေရှုကြွလာတော်မမူဘဲ ၁၈၄၃ ခုနှစ်သည် လုံးလုံးကုန်ဆုံးသွားသောအခါ၊ ကိုယ်တော်ကြွလာတော်မူခြင်းကိုယုံကြည်ခြင်းနှင့် မြော်လင့်နေကြသောသူတို့သည် ကာလအတန်ကြာယုံမှားခြင်း၊ စိတ်ရှုပ်ထွေးခြင်းသို့ရောက်ရကြလေသည်။ သို့သော် သူတို့သည် စိတ်ပျက်ကြသော်လည်း၊ အများသောသူတို့သည် သမ္မာကျမ်းစာကို ဆက်လက်ရှာဖွေလျက် သူတို့၏ယုံ

ကြည်ခြင်းတရားတွင် သက်သေသာဓကများ အသစ်ထပ်မံစစ်ဆေးကြည့်ပြီး ထပ်မံ၍ အလင်းတရားရရှိရန် အနာဂတ္တိစကားများကို သေချာစွာလေ့ကျက် ဖတ်ရှုကြ၏။ သူတို့၏ အခြေအနေအကြောင်းထောက်ခံသော ကျမ်းစာ၏ သက်သေခံချက်သည် ထင်ရှားသိသာ၍ နှစ်သက်ဘွယ်ဖြစ်ပေ၏။ မမှားနိုင်သောနိမိတ်လက္ခဏာများက သခင်ခရစ်တော်ကြွလာတော်မူချိန်သည် နီးကပ်လာကြောင်းညွှန်ပြ၏။ ယုံကြည်သောသူတို့သည် မိမိတို့ စိတ်ပျက်ရသည့်အကြောင်းရှင်းလင်းဖေါ်ပြရန် မတတ်နိုင်ကြ၊ သို့သော လွန်ခဲ့သောအဖြစ်အပျက်တို့၌ ဘုရားသခင်သည် သူတို့ကို လမ်းပြတော်မူခဲ့ကြောင်း သူတို့သည် အသေအချာသိရှိကြ၏။

ဆိုင်းလင့်နေရသော အချိန်ကာလအကြောင်းဖေါ်ပြသော ထိုကျမ်းချက်များကို နက်နဲစွာ တိုက်ရိုက်အသုံးပြုခြင်းဖြင့် သူတို့၏ ယုံကြည်ခြင်းသည် များစွာပင်ခိုင်ခံ့လာလေ၏။ ၁၈၄၂ ခုနှစ်လောက်ကပင် ဘုရားသခင်၏ဝိညာဉ်တော်သည် အနာဂတ္တိစကားများနှင့်ဆိုင်သော အရုပ်ကားချပ်များကို ကြံစည်ပြုလုပ်ရန် ချားလ်(စ)ဖစ်(ချ) ဆိုသူကိုပြုပြင်ပေးခဲ့၏။ ပရောဖက်ဟာဗက္ကုတ်အား "ဗျာဒိတ်ရူပါရုံကိုသင်ပုန်းပေါ်မှာ အက္ခရာတင်၍ ရေးမှတ်လော့" ဟု မိန့်တော်မူသောစကားသည် ထိုအရုပ်ကားများအားဖြင့် ပြည့်စုံသွားလေပြီဟု ကြွလာတော်မူခြင်းကို မြော်လင့်သောသူတို့က အများအားဖြင့်ထင်မှတ်ကြ၏။ သို့ရာတွင်ထိုအခါက ဆိုင်းလင့်သောအချိန်အကြောင်း ထိုအနာဂတ်စကားမှာပင်ဖေါ်ပြထားသည်ကိုမည်သူမျှမတွေ့မမြင်ခဲ့ကြချေ။ စိတ်ပျက်ခြင်းသို့ရောက်ကြပြီးနောက်၊ ဤကျမ်းချက်၏အနက်အဓိပ္ပါယ်သည်ပြည့်စုံစွာထင်ရှားသိသာလာ၏။ "ဘတ်သောသူသည် ပြေးလျက်ဘတ်နိုင်အောင်၊ ဗျာဒိတ်ရူပါရုံကို သင်ပုန်းပေါ်မှာအက္ခရာတင်၍ ရေးမှတ်လော့။ ထိုရူပါရုံသည် ချိန်းချက်သောအချိန်နှင့်ဆိုင်၍ အမှုကုန်ရသောကာလကိုဆို၏။ မုသာနှင့်ကင်းလွတ်၏။ ဆိုင်းသော်လည်းမြော်လင့်လော့။နောက်မကျဘဲဧကန်အမှန်ရောက်လိမ့်မည်" ဟု ပရောဖက်က ထိုသို့ဖေါ်ပြထား၏။ (ဟာဗက္ကုတ် ၂း၂၊၃)။

အစမှအဆုံးတိုင်အောင် သိရှိတော်မူသောအရှင်သည် ဖြစ်ပေးလတ့ံသော ခေတ်ကာလများကိုကြည့်ရှုလျက်၊ သူတို့၏ စိတ်ပျက်ခြင်းအကြောင်း

ကိုကြိုတင်သိမြင်၍၊ သူတို့အားရဲရင့်၍ မြော်လင့်ဘွယ်စကားများကို ဖေါ်ပြတော်မူသည့်အတွက် စောင့်မြော်နေကြသောသူတို့သည် ဝမ်းမြောက်ကြ၏။ သူတို့သည် လမ်းမှန်ကို လိုက်နေကြောင်းဖေါ်ပြထားသောထိုကျမ်းချက်များမရှိခဲ့လျှင်၊ထိုစုံစမ်းရာကာလတွင်သူတို့၏ယုံကြည်ခြင်းသည်ပျက်ကွက်သွားလိမ့်မည်။

မဿဲ ၂၅ တွင်ပါရှိသော သတို့သမီးဆယ်ယောက်၏ ဥပမာတွင်၊ အရှေ့တိုင်းသားတို့၏ မင်္ဂလာဆောင်ပွဲတစ်ခုအကြောင်းအားဖြင့်၊ ကြွလာတော်မူခြင်းကို မြော်လင့်နေသောသူတို့၏ အဖြစ်အပျက်အကြောင်းကို ပုံဆောင်ထား၏။ "ထိုအခါ ကောင်းနိုင်ငံတော်သည်ကား မင်္ဂလာဆောင်လုလင်ကို ခရီးဦးကြိုပြုအံ့သောငှာ မီးခွက်ကိုကိုင်ယူ၍ ထွက်သွားသော သတို့သမီးတကျိပ်နှင့်တူ၏။" "မင်္ဂလာဆောင်လုလင်သည် မလာဘဲနေစဉ်၊ ထိုသတို့သမီးအပေါင်းတို့သည် ငိုက်၍အိပ်ပျော်ကြ၏။"

ပထမသတင်းစကားကို ကြွေးကြော်သောအခါ၌ လုပ်ငန်းသည် အရပ်ရပ်သို့ ကျယ်ပြန့်စွာနှံ့ပြားသွားသည့်အကြောင်းကို၊ သတို့သားကိုကြိုဆိုရန်ထွက်သွားကြသော သတို့သမီးတို့ဖြင့် ပုံပမာပြထား၍၊ မြော်လင့်သောအချိန်ကုန်ဆုံးသွားခြင်း၊ စိတ်ပျက်ခြင်းနှင့်ဆိုင်းလင့်နေခြင်းအမှုတို့ကို၊ ရောက်မလာသေးဘဲဆိုင်းနေသော သတိုပသားဖြင့် ပုံဆောင်ထား၏။ သေချာစွာ တွက်ထားသောအချိန်သည် ကုန်လွန်သွားပြီးနောက်၊ အရာခပ်သိမ်းတို့သည် အဆုံးသို့ရောက်လုနီးကြောင်း အမှန်ယုံကြည်သောသူတို့သည် တညီတညွတ်တည်း ယုံကြည်နေကြသေး၏။ သို့ရာတွင် များမကြာမှီသူတို့၏ စိတ်အားကြီးခြင်း၊ ကြည်ညိုခြင်းအမှုတို့သည် လျော့သွားလျက် ဥပမာတွင်ဖေါ်ပြထားသည်အတိုင်း၊ ဆိုင်းလင့်နေရသောအချိန်တွင် အိပ်ပျော်နေသောသတို့သမီးတို့၏ အခြေအနေမျိုးသို့သူတို့သည်ရောက်ရှိသွားကြလေ၏။

ဤအချိန်တွင် အယူသီးသောသူများပေါ်လာကြ၏။ သတင်းစကားတွင်စိတ်အားထက်သန်စွာ ယုံကြည်သည်ဟုဆိုသော သူအချို့တို့သည်ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မမှားနိုင်သောလမ်းပြအဖြစ်နှင့် လက်မခံကြ။ ၎င်းအပြင် ဝိညာဉ်တော်လမ်းပြသည်ဟု အခိုင်အမာဆိုလျက် မိမိတို့၏ထင်မြင်ယူဆချက်၊ စိတ်ကူးဉာဏ်အတိုင်း လိုက်နာပြုလုပ်နေကြ၏။ အချို့တို့

သည်အမှန်ကို မမြင်ဘဲ၊ မိမိတို့၏ အယူဝါဒ၌သာ ထက်သန်မှုရှိလျက်၊ မိမိတို့၏နည်းလမ်းကို အတည်မပြု၊ မလိုက်နာသောသူတို့ကို အပြစ်တင်တတ်ကြသည်။ သူတို့၏ အယူသီးသောအကြံအစည်၊ အပြုအမူတို့ကို၊ ကြွလာတော်မူခြင်းကို မြော်လင့်သောသူအများက နှစ်သက်ခြင်းမရှိကြသည်အပြင်၊ ၎င်းတို့သည် သမ္မတရားကိုပြင်းထန်စွာကဲ့ရဲ့ပြစ်တင်စရာဖြစ်ကြ၏။

၁၈၄၃ ခုနှစ်တွင် ပထမသတင်းစကားကို ဟောပြောခြင်းအမှုနှင့် ၁၈၄၄ ခုနှစ်တွင် သန်းခေါင်ကြွေးကြော်သံအကြောင်း ဟောပြောခြင်းအမှုတို့သည် အယူသီးခြင်း၊ ကွဲပြားခြင်းတို့ကို တိုက်ရိုက်နှိပ်ကွပ်တားဆီးလိုက်လေပြီ။ ဤကြည်ညိုဘွယ်လုပ်ငန်း၌ ပါဝင်သောသူတို့သည် စိတ်သဘောညီညွတ်ခြင်းရှိကြ၏။ သူတို့သည် အချင်းချင်းကို၎င်း၊ မကြာမှီမြင်ရမည်ဟု မြော်လင့်နေကြသော သခင်ယေရှုကို၎င်းချစ်ခင်သော စိတ်နှင့်ပြည့်ဝကြ၏။ တခုတည်းသောယုံကြည်ခြင်း၊ တခုတည်းသောမြော်လင့်ခြင်းသည် သူတို့အားလုံးတို့၏ သြဇာလွှမ်းမိုးခြင်းမှကင်းလွတ်စေလျက်၊ စာတန်၏ တိုက်ခိုက်ခြင်းမှ ကာကွယ်သော ဒိုင်းလွှားဖြစ်လေ၏။

-၀-

## အခန်း (၅၂)
## သန်းခေါင်ယံကြွေးကြော်ခြင်း

“မင်္ဂလာဆောင်လုလင်သည် မလာဘဲနေစဉ်၊ ထိုသတို့သမီးအပေါင်းတို့သည်ငိုက်၍ အိပ်ပျော်ကြ၏။ သန်းခေါင်ယံ၌ကြည့်ပါ။ မင်္ဂလာဆောင်လုလင်သည်လာပြီ။ ခရီးဦးကြိုပြုခြင်းငှာထွက်သွားကြကုန်အံ့ဟု ကြွေးကြော်လျှင်၊ ထိုသတို့သမီးအပေါင်းတို့သည် ထ၍ မီးခွက်များကို ပြင်ဆင်ကြ၏။” (မဿဲ ၂၅း၅-၇)။

၁၈၄၄ ခုနှစ် နွေဉတုတွင်ကြွလာတော်မူခြင်းကို မြော်လင့်နေသောသူတို့သည် အနာဂတ္တိစကား၏ အချိန်ကာလများနှင့်သက်ဆိုင်၍ ဤအထက်ကတွက်ချက်ထားသည့် ရက်စွဲများတွင်အမှားကိုတွေ့ရှိကြပြီး မှန်ကန်သောရက်စွဲကိုဆုံးဖြတ်ကြလေ၏။ သခင်ခရစ်တော် ဒုတိယအကြိမ် ကြွလာတော်မူသောအချိန်ကာလတိုင်အောင် ရောက်ရှိသွားလိမ့်မည်ဟု အားလုံးယုံကြည်ကြသော ဒံယေလ၊ ၈း၁၄ ၏ ရက်ပေါင်း ၂၃၀၀ သည် ၁၈၄၄ ခုနှစ် မိုးဦးလောက်တွင်ကုန်ဆုံးလိမ့်မည်ဟု ထင်မှတ်ခဲ့ကြ၏။ သို့ရာတွင် ယခု၊ ဤအချိန်ကာလသည် ထိုနှစ်မိုးနှောင်းလောက်အထိ ရောက်ရှိသွားသည်ကို တွေ့မြင်ရကြလေ၏။ ၎င်းအပြင် ကြွလာတော်မူခြင်းကို မြော်လင့်နေသောသူတို့က ဤအချိန်သည် သခင်ဘုရားကြွလာတော်မူမည့်အခါဖြစ်သည်ဟု စွဲလမ်းလျက်နေကြ၏။ ဤအချိန်ကာလ၏သတင်းစကားကို ကြွေးကြော်ခြင်းအမှုသည် မင်္ဂလာဆောင်ပွဲ၏ ပုံပမာကိုပြည့်စုံစေသော အခြားအချက်တခုဖြစ်၍၊ ၎င်းဥပမာသည်လည်းကြွလာတော်မူခြင်းကို မြော်လင့်နေကြသော သူတို့၏ အဖြစ်အပျက်ကိုပုံဆောင်ထားကြောင်း ထင်ရှားစွာ သိမြင်ခဲ့ရလေပြီ။

ဥပမာ၊ မင်္ဂလာဆောင်လုလင် ကြွလာတော်မူခြင်းအကြောင်းကို သန်းခေါင်ယံအချိန်၌ ကြွေးကြော်သည်နည်းတူ၊ ပြည့်စုံသွားသောအဖြစ်အပျက်တွင်လည်း၊ ရက်ပေါင်း ၂၃၀၀ ကုန်ဆုံးမည့်အချိန်ဟု ပထမဦးစွာထင်မှတ်ခဲ့ကြသော ၁၈၄၄ ခု၊ မိုးဦးအချိန်နှင့်တကယ်ပင် ထိုကာလကုန်ဆုံးရမည်ဟု ဧကန်အမှန်သိရှိကြသော ၁၈၄၄ ခုနှစ် မိုးနှောင်းအချိန်တို့စပ်ကြားတွင်၊ “ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်သည်လာပြီ။ ခရီးဦးကြိုပြုခြင်းငှာ

ထွက်သွားကြကုန်အံ့” ဟုကျမ်းစာတွင် ဖေါ်ပြထားသည့်စကားအတိုင်း၊ လူများတို့က ထိုသို့ကြွေးကြော်ကြသည်ကို ကြားရကြ၏။

ဒီရေအလား ထိုကြွေးကြော်ခြင်းလုပ်ငန်းသည် တပြည်လုံးလျင်မြန်စွာပြန့်သွားလေ၏။ စောင့်မြော်နေသော ဘုရားသခင်၏ လူများသည်လုံးလုံးထကြွနိုးကြားလာသည်တိုင်အောင် ထိုလုပ်ငန်းသည် တမြို့မှတစ်မြို့၊ တရွာမှတစ်ရွာ၊ အလွန်ဝေးသောအရပ်များသို့ ရောက်ရှိသွားလေ၏။ ဤကဲ့သို့ကြွေးကြော်လိုက်သောအခါ၊ နံနက်စောစောကရှိနေသော မြူနှင်းများသည် နေရောင်တွင်ကွယ်ပျောက်သွားသည်နည်းတူ၊ အယူသီးသော ဝါဒသည်လည်း ပျောက်သွားလေ၏။ ယုံကြည်သူတို့သည် တဖန်မိမိတို့၏ အခြေအနေမှန်ကို တွေ့ရှိရကြလျက် သူတို့၏စိတ်ထဲ၌မြော်လင့်ခြင်းရဲရင့်ခြင်းရှိလာကြ၏။

နှုတ်ကပတ်တော်နှင့် ဝိညာဉ်တော်တို့၏ ပြုပြင်ခြင်းမရှိဘဲ လူတို့၌အလွန်အကျူးထကြွလှုပ်ရှားစေသောအမှုများနှင့်ဤလုပ်ငန်းသည် ကင်းလွတ်ပေ၏။ ဘုရားသခင်၏ကျွန်များကအပြစ်ဖေါ်ပြဆုံးမသွန်သင်သောအခါ၊ ရှေးက္ကသရေလတို့သည်မိမိတို့ကိုယ်ကိုနှိမ့်ချလျက် ထာဝရဘုရားထံပြန်လာကြသော အချိန်အခါမျိုးနှင့်ဆင်တူနေပေသည်။ ခေတ်ကာလတိုင်းတွင်ဘုရားသခင်၏ အမှုတော်၌ ထူးခြားသောအဖြစ်မျိုးဖြစ်ပျက်ခဲ့သည်နည်းတူဖြစ်ပေ၏။ အလွန်အကျူးဝမ်းမြောက်ခြင်း အနည်းငယ်ရှိသော်လည်း၊ စိတ်နှလုံးကိုနက်နဲစွာစစ်ဆေးရှာဖွေခြင်း၊ အပြစ်ကိုဖေါ်ပြဝန်ချခြင်းနှင့်လောကကိုစွန့်ပစ်ခြင်းအမှုများသာ၍ရှိလာ၏။ထာဝရဘုရားသခင်ကိုတွေ့ဆုံရန်ပြင်ဆင်ခြင်းပြုဘို့စိတ်ပူပန်လျက်ရှိ ကြ၏။ကြိုးစား၍ဆုတောင်းကြပြီးလျှင်ဘုရားသခင်အားစိတ်နှလုံးအကြွင်းမဲ့ဆက် ကပ်ကြ၏။

ကျမ်းစာကအသေအချာထင်ရှားစွာဖေါ်ပြထားသော်လည်း၊ သန်းခေါင်ယံကြွေးကြော်ခြင်းအလုပ်တွင်ငြင်းခုံခြင်းအမှုများစွာမတွေ့ရချေ။ ၄င်းလုပ်ငန်းနှင့်အတူ စိတ်ဝိညာဉ်ကို နှိုးဆော်သော တန်ခိုးသည်ပါရှိလာ၏။ ယုံမှားခြင်း၊ မေးမြန်းခြင်းမရှိချေ။ သခင်ခရစ်တော်သည်အောင်မြင်စွာယေရုရှလင်မြို့ထဲသို့ဝင်တော်မူစဉ်အခါက၊ ပွဲနေ့ကိုစောင့်ရန် အရပ်ရပ်မှ လာရောက်စုရုံးကြသော သူတို့သည် သံလွင်တောင်သို့စုရုံးကြပြန်၍၊ သခင်ယေရှုကိုခြံရံလျက်လာကြသော သူတို့နှင့်ပေါင်းမိကြသောအခါ၊ ထိုအချိန်၌ထကြွနေ

သတိမရှိသောအမျိုးသမီးငါးယောက်၌ဆီမရှိ၊ ဆီသွားဝယ်စဉ်
တံခါးပိတ်ထား၍ မင်္ဂလာဆောင်ပွဲသို့ ဝင်ခွင့်မရတော့ချေ

သောစိတ်သဘောမျိုးကို ရရှိကြသဖြင့်၊ "ထာဝရဘုရား၏ အခွင့်နှင့် ကြွလာတော်မူသောသူသည် မင်္ဂလာရှိစေသတည်း။" ဟု ကြွေးကြော်သော သူတို့နှင့်အတူကူညီလျက် ကြွေးကြော်ကြပြန်၏။ မဿဲ ၂၁း၉။ ထိုနည်းတူမယုံကြည်သောသူအမျိုးတို့သည် ထူးဆန်းသောအရာအဖြစ်ကြည့်ရှုရန်၊ အချို့တို့ကားသက်သက်ပျက်ရယ်ပြုရန် ကြွလာတော်မူခြင်းကို မြော်လင့်နေသောသူတို့၏ စည်းဝေးများသို့ စုရုံးလာကြသောအခါ၊ ကြည့်ပါ၊ မင်္ဂလာဆောင်လုလင်သည်လာပြီ" ဟူသော သတင်းစကား၌ မိမိတို့၏အပြစ်ကို သိမြင်စေနိုင်သောတန်ခိုးပါရှိနေသည်ကို သူတို့သည် သိမြင်ကြ၏။

ထိုအချိန်အခါ၌ ဆုတောင်းချက်ကို နားညောင်းတော်မူစေသောယုံကြည်ခြင်းမျိုးရှိကြ၏။ အကျိုးကျေးဇူးခံစားရမည်ကို ဂရုစိုက်သောယုံကြည်ခြင်းမျိုးဖြစ်၏။ ငတ်နေသော မြေကြီးပေါ်သို့ကျရောက်လာသော မိုးရေကဲ့သို့ ဝိညာဉ်ဆုကျေးဇူးသည် စိတ်အားကြီးစွာ ရှာဖွေသူတို့အပေါ်သို့ သက်ရောက်လာလေ၏။ မိမိတို့၏ ရွေးနုတ်ရှင်နှင့် မကြာမီမျက်နှာချင်းဆိုင်လျက်တွေ့ဆုံရမည် ဟုမြော်လင့်ကြသောသူတို့သည် မဖော်ပြနိုင်သောကြည်ညိုဘွယ်ဝမ်းမြောက်ခြင်းကို ခံစားရကြ၏။ ဘုရားသခင်၏ ဘုန်းတော်တန်ခိုးတော်သည် သစ္စာရှိ၍ယုံကြည်သော သူတို့အပေါ်သို့တမျိုးပြီးတစ်မျိုး သက်ရောက်လာသောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးသည် စိတ်နှလုံးကိုနူးညံ့နှိမ့်ချလာအောင်ပြုပြင်လေ၏။

သတင်းစကားကို လက်ခံကြသောသူတို့သည် မိမိတို့၏ သခင်ဘုရားကိုတွေ့ဆုံရန် မြော်လင့်နေသောအချိန်သို့သတိနှင့်၎င်း၊ ကြည်ညိုခြင်းနှင့်၎င်း၊ ရောက်ရှိလာကြလေ၏။ နံနက်တိုင်း ဘုရားသခင်သည် မိမိတို့ကို လက်ခံကြောင်းအသေအချာ သိရှိရန်မေးမြန်းခြင်းသည် မိမိတို့၏ ပထမတာဝန်ဖြစ်သည်ဟု သဘောထားကြ၏။ သူတို့သည် စိတ်သဘော တညီတညွတ်တည်းရှိကြ၍ အချင်းချင်းတို့နှင့်၎င်း၊ အချင်းချင်းအတွက်၎င်း၊ စိတ်အားကြီးစွာဆုတောင်းကြ၏။ သူတို့သည် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ရန် ဆိတ်ငြိမ်သောအရပ်များ၌စုရုံးကြ၍၊ အပြစ်ဖြေလွှတ်ရန်ဆုတောင်းသံများကို လယ်ထဲ၌၎င်းကြားရကြ၏။ ကယ်တင်ရှင်၏ နှစ်သက်ခြင်းကို အသေအချာ သိရှိခြင်းအမှုကိုသူတို့၏ နေ့စဉ်အစာထက်သူတို့သည် သာ၍ အလိုရှိကြသဖြင့်၊ သူတို့၏

စိတ်ထဲ၌ မှောင်မိုက်နေသော အရာတစ်ခုရှိလျှင်၊ ၎င်းကိုပယ်ရှင်းသည်တိုင် အောင်သူတို့သည် အနားမယူဘဲ ကြိုးစားဆုတောင်းကြ၏။ အပြစ်လွှတ်ခြင်း ကျေးဇူးကို ခံရကြောင်းသိရှိကြသောအခါ၊ သူတို့၏ စိတ်ဝိညာဉ်ကနှစ်သက် သောအရှင်ကို တွေ့ဆုံရန် သူတို့သည် မြော်လင့်တောင့်တနေကြ၏။

## စိတ်ပျက်သော်လည်းစွန့်ပစ်ခြင်းမခံရ

သို့ရာတွင် သူတို့သည် နောက်တဖန်စိတ်ပျက်ခြင်းကို ရောက်ရကြပြန် ၏။ သူတို့မြော်လင့်နေသောအချိန်သည် လွန်သွား၍ ကယ်တင်ရှင်သည်ပေါ် လာတော်မမူ။ တည်ကြည်သော ယုံကြည်အားထားခြင်းနှင့် သူတို့သည်ကိုယ် တော်ကြွလာတော်မူခြင်းကို မြော်လင့်နေကြ၏။ ယခုမူကား သူတို့သည် မာရိ၏ အဖြစ်မျိုးကိုကြုံတွေ့နေရ၏။ မာရိသည်ကယ်တင်ရှင်၏ သင်္ချိုင်းသို့ လာ၍ သင်္ချိုင်း၌ ဘာမျှမတွေ့ရသောအခါ၊ "ကျွန်မ၏ သခင်ကိုယူသွား ကြပြီ။ အဘယ်မှာထားကြသည်ကိုမသိပါ" ဟု ငိုကြွေးလျက် ပြောဆိုလေ၏။ ယောဟန်၊ ၂၀း၁၃။

သတင်းစကားသည် မှန်ကန်လိမ့်မည်ကို မယုံကြည်သောသူတို့သည် စိုးရိမ်ကြောက်လန့်နေကြသဖြင့်၊ ၎င်းစိတ်သဘောသည် သူတို့အားတားမြစ်ထား သောအရာတခုကဲ့သို့ဖြစ်နေ၏။ ထိုအချိန်သည် ကုန်လွန်သွားပြီးနောက် ထို စိတ်သဘောသည် ချက်ခြင်းပျောက်ကွယ်မသွားသေး။ စိတ်ပျက်နေသောလူ တို့အတွက်သူတို့သည် ဝမ်းမြောက်သောလက္ခဏာကို မမြင်ရကြသောအခါ၊ သူတို့သည် မကြောက်ကြတော့ဘဲ၊ တဖန်ပြန်၍ ကဲ့ရဲ့ပြစ်တင်လျက်ပြောင် လှောင်ကြပြန်၏။ သခင်ဘုရားမကြာမီ ကြွလာတော်မူမည်ကို ယုံကြည် သည်ဟုဆိုသောလူအများတို့သည် မိမိတို့၏ ယုံကြည်ချက်ကို စွန့်ပယ်ကြ၏။ အလွန်ယုံကြည်အားကိုးသော သူအချို့တို့သည် မိမိတို့ကြွားဝါခဲ့သော ယုံကြည် ချက်အတွက် များစွာစိတ်ပျက်ကြသဖြင့်၊ လောကမှအလျင်အမြန်ထွက် ခွာသွားလိုကြ၏။ ယောနကဲ့သို့သူတို့သည် ဘုရားသခင်ကိုအပြစ်တင်၍၊ အသက်ရှင်ခြင်းထက်သေခြင်းကိုရွေးချယ်ကြ၏။ ဘုရားသခင်၏ နှုတ်ကပတ် တော်ကိုအမှီမပြုဘဲ၊ အခြားသောသူတို့၏ အကြံဉာဏ်ကို အားကိုးကြသော သူတို့သည် ယခု မိမိတို့၏ ထင်မြင်ချက်ကို ပြောင်းလဲကြပြန်၏။ ပြောင်

လျှောင်သော သူတို့ထက်အားနည်းသူများနှင့် သူရဲဘောနဲသူတို့သည်လိုက်ပါသွားကြ၍၊ ယခုကြောက်လန့်စရာ၊မြော်လင့်စရာတစုံတခုမျှမရှိတော့ချေဟု သူတို့အားလုံးတညီတညွတ်ပြောဆိုကြ၏။အချိန်သည်လွန်သွားပြီ၊ သခင်ဘုရားသည် ကြွလာတော်မမူ။ လောကသည်လည်းနှစ်ထောင်ပေါင်းများစွာထိုနည်းတူတည်ရှိနေလိမ့်မည်။

စိတ်အားထက်သန်၍ရိုးဖြောင့်သောယုံကြည်သူတို့သည် သခင်ခရစ်တော်အတွက်ရှိသမျှတို့ကို စွန့်ပယ်လျက်ရှေးကထက် ကိုယ်တော်၏အပါးတော်၌ တိုးဝင်ချဉ်းကပ်ကြ၏။ သူတို့ယုံကြည်သည်အတိုင်း၊ သူတို့သည် လောကအားနောက်ဆုံးသတိပေးစကားကို ကြားပြောခဲ့သဖြင့်၊ မိမိတို့၏သခင်ဘုရားနှင့်၄င်း၊ ကောင်းကင်တမန်များနှင့်၄င်း၊ ပေါင်းသင်းဆက်ဆံခွင့်ကို မကြာမီ ရကြတော့မည်ဟုမြော်လင့်လျက်၊ မယုံကြည်သော လူစုများထံမှအများအပြားပင်ခွဲထွက်လာကြ၏။ သူတို့သည် ပြင်းပြသောဆန္ဒနှင့် “ကြွလာတော်မူပါ၊ သခင်ယေရှုအလျင်အမြန်ကြွလာတော်မူပါ” ဟု တောင်းလျှောက်ကြ၏။ သို့ရာတွင် ကိုယ်တော်သည်ကြွလာတော်မမူ။ ယခုတဖန် အသက်တာ၏စိုးရိမ်ခြင်း၊ ရှုပ်ထွေးခြင်းတည်းဟူသော လေးသောဝန်များကို ထမ်းရွက်ရခြင်းအမှုနှင့်လောက၏ ပျက်ရယ်ပြောင်လှောင်ခြင်း အပြစ်တင်ခြင်းတို့ကို ခံရခြင်းအမှုတို့သည် ယုံကြည်ခြင်းနှင့်သီးခံခြင်းအတွက် ပြင်းထန်ကြောက်စရာကောင်းသောစုံစမ်းခြင်းတစ်ခု ဧကန်အမှန်ဖြစ်ပေသည်။

သို့သော် ဤသို့စိတ်ပျက်ခြင်းအမှုသည် သခင်ခရစ်တော်လက်ထက်၌ တပည့်တော်များကြုံတွေ့ရသော အဖြစ်အပျက်လောက် မကြီးကျယ်ချေ။ သခင်ယေရှုသည် ယေရုရှလင်မြို့ထဲသို့ အောင်မြင်စွာမြည်းကိုစီးလျက်ကြွလာတော်မူသောအခါ၊ ကိုယ်တော်သည် ဒါဝိဒ်၏ပလ္လင်ပေါ်တွင် နန်းထိုင်လျက် ဣသရေလလူတို့ကို သူတို့၏ရန်သူများလက်မှ ကယ်နှုတ်တော်မူလိမ့်မည်ဟု ကိုယ်တော်၏ တပည့်တော်များသည် ယုံကြည်နေကြ၏။ ကြီးစွာသော မြော်လင့်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့် သူတို့သည်ကိုယ်တော်ကို ချီးမြှောက်အရိုအသေပြုကြရာတွင် တစ်ယောက်နှင့်တယောက် အန်တုပြိုင်လျက်ရှိကြ၏။ အများသောသူတို့သည်ကိုယ်တော်ကြွလာတော်မူရာလမ်း၌ မိမိတို့၏ ဝတ်လုံများကိုကော်ဇောသဘွယ် ခင်းပေးကြ၏။ သို့မဟုတ် စွန်ပလွံခက်များကို ကိုယ်

တော်၏ရှေ့၌ကြိဖြန့်ထားကြ၏။အလွန်စိတ်အားထက်သန်၊ဝမ်းမြောက်ခြင်းနှင့် "ဒါဝိဒ်၏သားတော်အားဟောရှဏ္ဏာဖြစ်စေသတည်း"ဟုတညီတညွတ်တည်းကြွေး ကြော်လေ၏။

ဤကဲ့သို့ ဝမ်းမြောက်စွာကြွေးကြော်သံကြောင့်၊ ဖာရိရှဲတို့သည်စိတ်လှုပ်ရှား၍ အမျက်ထွက်ကြသဖြင့်၊ သခင်ယေရှုအား မိမိ၏ တပည့်တော်တို့ကိုဆုံးမစေဘို့အလိုရှိကြသောအခါ၊ ကိုယ်တော်က "ဤသူတို့သည် တိတ်ဆိတ်စွာနေလျင်ကျောက်ခဲတို့သည် ချက်ခြင်းကြွေးကြော်ကြလိမ့်မည်" ဟုပြန်၍မိန့်တော်မူ၏။ လုကာ၊ ၁၉း၄၀။ အနာဂတ္တိစကားသည်ပြည့်စုံရလိမ့်မည်။ တပည့်တော်တို့သည် ဘုရားသခင်၏ရည်ရွယ်ချက်ကို ဖြစ်မြောက်အောင်ပြုလုပ်နေကြ၏။ သို့သော်သူတို့သည် ပြင်းထန်စွာ စိတ်ပျက်ခြင်းသို့ရောက်ရကြ၏။ ရက်အနည်းငယ်ကြာသောအခါ၊ ကယ်တင်ရှင်သည် ဝေဒနာပြင်းစွာအသေခံတော်မူရ၍ ကိုယ်တော်အားသချိုင်းတွင်း၌ချထားသည်ကို သူတို့ တွေ့မြင်ရကြလေ၏။ သူတို့ မြော်လင့်ချက်တခုမျှပြည့်စုံခြင်းသို့မရောက်၊ သခင်ယေရှု၌သူတို့မြော်လင့်ကြသောအချက်သည် ကွယ်ပျောက်သွားလေ၏။ သူတို့၏သခင်ဘုရားသခင်သည် သချိုင်းထဲမှအောင်မြင်စွာ ထမြောက်လာသောအခါကျမှသာ၊ အကြောင်းအရာအလုံးစုံတို့ကို အနာဂတ္တိကျမ်း၌ကြိုတင်ဖေါ်ပြထားကြသည်ကိုငှင်း၊ "ခရစ်တော်သည်အသေခံရမည်။ သေခြင်းမှထမြောက်ရမည်" (တမန်တော် ၁၇း၃)။ ကိုငှင်း သတို့သည် သိမြင်လာကြ၏။ ထိုနည်းတူစွာ ပထမနှင့်ဒုတိယကောင်းကင်တမန်တို့၏ သတင်းစကားတွင်အနာဂတ္တိစကားသည် ပြည့်စုံသွားလေ၏။ ၄င်းတို့ကို မှန်ကန်သောအချိန်၌ ကြာပြောရကြ၍ ၄င်းတို့အားဖြင့်ဖြစ်မြောက်စေဘို့ ဘုရားသခင်စီမံထားတော်မူသောအလုပ်ကိုလည်းပြီးမြောက်စေကြပြီ။

အချိန်လွန်၍ သခင်ခရစ်တော်သည် ပေါ်ထွန်းတော်မမူလျှင်၊ ကြွလာတော်မူခြင်းကို မြော်လင့်နေကြသောသူတို့၏ အယူဝါဒတခုလုံးကိုသူတို့သည်စွန့်ပယ်ကြလိမ့်မည်ဟုလောကသည်မြော်လင့်လျက် စောင့်ကြည့်နေကြ၏။သို့ရာတွင် အများသောသူတို့သည် ကြီးစွာစုံစမ်းခြင်းခံရသဖြင့်၊ မိမိတို့၏ယုံကြည်ခြင်းကိုစွန့်ပယ်ကြသော်လည်း၊ တည်မြဲစွာရှိနေကြသောသူအချို့ရှိကြသေး၏။ အနာဂတ္တိစကားနှင့်ဆိုင်ရာ အချိန်ကာလကိုရေတွက်ရာတွင် သူတို့

သည် အမှားကိုရှာ၍ မတွေ့နိုင်ကြချေ။ သူတို့အားဆန့်ကျင်ဘက်ပြုသောသူတို့တွင်အကျွမ်းကျင်ဆုံးသူပင် သူတို့အား ပျက်စီးသွားစေရန် မပြုလုပ်နိုင် . . . ။ အမှန်ပင်သူတို့မြော်လင့်နေသော အဖြစ်အပျက်သည် ပေါ်မလာသော်လည်း၊ ဘုရားသခင်၏ နှုတ်ကပါတ်တော်၌ သူတို့ ယုံကြည်စွဲလမ်းနေခြင်းအမှုသည် အနည်းငယ်မျှ ပျက်ကွက်မသွားနိုင်ချေ။

ဘုရားသခင်သည် မိမိ၏လူများကိုစွန့်ပစ်တော်မမူ။ မိမိတို့ရရှိသောအလင်းကို အရမ်းမဲ့ငြင်းပယ်ခြင်းမပြု၊ ကြွလာတော်မူခြင်းကို မြော်လင့်ခြင်းလုပ်ငန်းကို၊ မစွန့်သောသူတို့နှင့် အတူဘုရားသခင်၏ ဝိညာဉ်တော်သည်တည်ရှိနေသေး၏။ တမန်တော်ပေါလုသည် ကာလအဆက်ဆက်ကို မြော်မြင်လျက်၊ ဤအရေးဆိုက်ရာကာလတွင် စောင့်မြော်နေစဉ် စုံစမ်းခြင်းခံရသောသူတို့အတွက်၊ အောက်ပါအားရှိဘွယ် သတိပေးစကားများကို ရေးသားထားခဲ့၏။ "ထိုကြောင့် ကြီးစွာသောအကျိုးနှင့်ယှဉ်သော သင်တို့၏ ရဲရင့်ခြင်းစိတ်ကိုမစွန့်ပစ်ကြနှင့်။ ဘုရားသခင်၏အလိုတော်ကို ဆောင်ပြီးမှ၊ ဂတိတော်အတိုင်းအကျိုးကိုရမည်အကြောင်း သည်းခံခြင်းစိတ်ရှိရမည်။ အဘယ်ကြောင့်နည်းဟူမူကား၊ ကြွလာလတံ့သောသူသည် မဆိုင်းမလင့်ဘဲ၊ မကြာမမြင့်မှီရောက်တော်မူလိမ့်မည်။ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့်အသက်ရှင်လိမ့်မည်။ သို့သော် ရွှေ့လျော့လျှင်၊ ငါ့စိတ်ဝိညာဉ်သည် ထိုသူအားနှစ်သက်ခြင်းမရှိဟု ဘုရားသခင် အမိန့်တော်ရှိ၏။ ငါတို့မူကားပျက်စီးခြင်းသို့ရောက်အံ့သောငှာ၊ ရွှေ့လျော့သောသူမဟုတ်။ စိတ်ဝိညာဉ်သည်ကယ်တင်ခြင်းသို့ ရောက်အံ့သောငှာ ယုံကြည်သော သူဖြစ်ကြ၏။" ဟေဗြဲ ၁၀း၃၅-၃၉။

သူတို့အဘို့ဘေးကင်းလုံခြုံစေသောတစ်ခုတည်းသော နည်းလမ်းကား ဘုရားသခင်ထံမှ ရရှိထားသောအလင်းကိုပြုစုစောင့်ရှောက်ခြင်း၊ ဘုရားသခင်၏ဂတိတော်များကိုကိုင်စွဲထားခြင်း၊ ကျမ်းစာကို ဆက်လက်စစ်ဆေးရှာဖွေခြင်းနှင့်ထပ်မံအလင်းရရှိရန် သည်းခံလျက်စောင့်မြော်နေခြင်းတို့တည်း။

## အခန်း (၅၃)
## သန့်ရှင်းရာဌာန

အခြားသောကျမ်းချက်အပေါင်းတို့တွင်၊ ကြွလာတော်မူခြင်းကို ယုံကြည်သောသူတို့၏အခြေခံနှင့် အမှီတကဲဖြစ်သော ကျမ်းချက်ကား၊ "ရက်ပေါင်းနှစ်ထောင်သုံးရာတိုင်တိုင်တည်လိမ့်မည်။ ထိုနောက် သန့်ရှင်းရာဌာနကိုဆေးကြောသုတ်သင်ကြလိမ့်မည်" ဟု ဖေါ်ပြထားချက် ဖြစ်သတည်း။ ဒံယေလ ၈း၁၄။ သခင်ဘုရား မကြာမီကြွလာတော့မူမည်ကို ယုံကြည်ကြသောသူအပေါင်းတို့သည် ဤကျမ်းစကားများကို ကောင်းစွာကျွမ်းကျင်နားလည်ခဲ့ကြပြီ။ ထောင်ပေါင်းများစွာသောသူတို့သည် ဤအနာဂတ်စကားကို မိမိတို့ယုံကြည်ခြင်းနှင့်ဆိုင်ရာ ကင်းစောင့်စကားဝှက်ကဲ့သို့ ဝမ်းမြောက်စွာထပ်ခါထပ်ခါရွတ်ဆိုတတ်ကြသည်။ ဖေါ်ပြထားသော အဖြစ်အပျက်ပေါ်၌သူတို့၏အတောက်ပဆုံး၊ အနှစ်သက်ဆုံးမြော်လင့်ချက်များသည်ရှိနေကြသည်ဟု အားလုံးကထင်မှတ်ကြ၏။ ဤအနာဂတ္တိစကား၏ အချိန်ကာလသည် ၁၈၄၄ ခုနှစ် မိုးနှောင်းလောက်တွင် ကုန်ဆုံးလိမ့်မည်ဟု ဖေါ်ပြထား၏။ အခြားသောခရစ်ယာန်တို့နှင့်အတူ၊ ကြွလာတော်မူခြင်းကိုမြော်လင့်သောသူအများတို့ မြေကြီးသို့မဟုတ် ၎င်း၏ အစိတ်အပိုင်းတနေရာသည် သန့်ရှင်းရာဌာနဖြစ်၍ သန့်ရှင်းရာဌာနကို ဆေးကြောသုတ်သင်ခြင်းအမှုသည် မြေကြီးကိုနောက်ဆုံးနေ့ကြီး၏ မီးဖြင့် ဆေးကြောဖျက်ဆီးခြင်းအမှု ဖြစ်ရလိမ့်မည်ဟုထိုအခါက ယုံကြည်ခဲ့ကြ၏။ ဤအကြောင်းအရာသည် သခင်ခရစ်တော်ဒုတိယကြွလာတော်မူသောအခါ ဖြစ်ပျက်လိမ့်မည်။ ထို့ကြောင့် သခင်ခရစ်တော်သည် ၁၈၄၄ ခုနှစ်တွင် မြေကြီးပေါ်သို့ ကြွလာတော်မူလိမ့်မည်ဟုဆုံးဖြတ်ကြ၏။

သို့ရာတွင် ချိန်းချက်သောအချိန်ရောက်လာ၍ သခင်ဘုရားသည် ကြွလာတော်မမူ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် မမှားနိုင်ဟုယုံကြည်သူတို့သိရှိကြ၏။ အနာဂတ္တိစကားတွင် သူတို့အနက်ကောက်သောအချက်သည်များယွင်းရလိမ့်မည်။ ထိုအမှားသည်ဘယ်မှာလဲ။ အများသောသူတို့က၊ ၁၈၄၄ ခုနှစ်တွင် ရက်ပေါင်း ၂၃၀၀ သည် ကုန်ဆုံးသည်ဟူသောအ

ချက်ကို ငြင်းပယ်ခြင်းဖြင့်အခက်အခဲတည်းဟူသော အထုံးကိုမဆင်ခြင်ဘဲဖြတ်ပစ်ကြ၏။ မြော်လင့်သောအချိန်၌ သခင်ခရစ်တော်သည် ကြွလာတော်မမူဟူသောအချက်မှလွဲ၍၊ ဤကဲ့သို့ဖြစ်ပျက်ရသောအခြေအနေအတွက် အခြားအကြောင်းရင်းကိုမပြနိုင်ချေ။ အ နာဂတ္တိစကား၏ အချိန်ကာလသည် ၁၈၄၄ ခုနှစ်တွင် ကုန်ဆုံးလျှင်၊ မြေကြီးကိုမီးဖြင့်ဖျက်ဆီးလျက် သန့်ရှင်းစေခြင်းဖြင့် သန့်ရှင်းရာဌာနကို ဆေးကြောသုတ်သင်ရန် သခင်ခရစ်တော်သည် ထိုအခါ ကြွလာတော်မူရမည်။ ၄င်းပြင် ကိုယ်တော်သည် ကြွလာတော်မမူသေးသောကြောင့်၊ ထိုကာကသည်မကုန်ဆုံးနိုင်သေးဟု သူတို့ကဆင်ခြင်ပေးကြ၏။

အများသော မြော်လင့်ခြင်းအသင်းသားတို့သည် အထက်ကမိမိတို့တွက်ချက်သော အနာဂတ်အချိန်ကာလကိုစွန့်ပယ်ပြီးလျှင်၊ ထိုနေ့ရက်အပေါ်၌အမှီပြုသော အဖြစ်အပျက်၏မှန်ကန်မှုကို အဆုံး၌ငြင်းပယ်လာကြသော်လည်း၊အနည်းငယ်သောသူတို့သည် ကျမ်းစာနှင့်ဝိညာဉ်တော်၏ ထူးခြားသော သက်သေခံချက်တို့က ထောက်ခံခဲ့သော မိမိတို့၏ ယုံကြည်ချက်များနှင့်ကြုံရသောအဖြစ်အပျက်တို့ကို စွန့်ပယ်လိုသောဆန္ဒမရှိကြ။ သူတို့သည်ကျမ်းစာကိုလေ့ကျက်ရာ၌မှန်ကန်သောအခြေခံအချက်တို့ကိုအမှီပြုလျက်အနက်ကောက်ခဲ့ကြသဖြင့်၊ သူတို့ရရှိပြီးသော သမ္မာတရားကိုစွဲမြဲစွာ ကိုင်ထားဘို့တာဝန်ရှိလျက် ကျမ်းစာကိုထပ်မံ၍ ဆက်လက်စစ်ဆေးရှာဖွေဘို့လိုသေးသည်ဟု ယုံကြည်ကြ၏။ စိတ်အားကြီးစွာဆုတောင်းပြီးလျှင်၊ မိမိတို့၏အခြေအနေကိုပြန်၍ စစ်ဆေးကြည့်လျက်မိမိတို့အမှားကိုတွေ့ရန်ကျမ်းစာကိုလေ့လာကြ၏။ အနာဂတ္တိစကား၏အချိန်ကာလအကြောင်းရှင်းလင်းဖေါ်ပြချက်တွင်အမှားကိုမတွေ့နိုင်ကြသဖြင့်၊ သူတို့သည်သန့်ရှင်းရာဌာနအကြောင်းသာ၍ သေချာစွာစစ်ဆေးရှာဖွေကြပြန်၏။

## မြေကြီးနှင့်ကောင်းကင်သန့်ရှင်းရာဌာနများ

သူတို့သည် စစ်ဆေးရှာဖွေကြည့်ကြရာတွင်၊ မောရှေသည်ဘုရားသခင်၏အမိန့်တော်အတိုင်း၊ တောင်ပေါ်၌ပြတော်မူသော ပုံစံနှင့်အညီဆောက်လုပ်ခဲ့သောမြေကြီးနှင့်ဆိုင်ရာ သန့်ရှင်းရာ ဌာနသည် "ပူဇော်သက္ကာနှင့် ယဇ်များကို ပူဇော်သောကာလတည်းဟူသော မျက်မှောက် ကာလပတ်လုံး ပုံပမာ"ဖြစ်ကြောင်း၊ ၄င်း၏ သန့်ရှင်းသော အခန်းနှစ်ခုသည် "ကောင်း

ကင်ဘုံ၌ရှိသောအရာတို့၏ပုံများ” ဖြစ်ကြကြောင်း၊ ကျွန်ုပ်တို့၏ ယဇ်ပုရောဟိတ်မင်း ဖြစ်တော်မူသော သခင်ယေရှုသည် “လူမဆောက်ဘဲ ထာဝရဘုရားဆောက်တော်မူသော တဲတော်စစ်တည်းဟူသော သန့်ရှင်းရာဌာန၌ ဘုရားဝတ်ကိုပြုသောသူ” ဖြစ်တော်မူကြောင်း၊ “မှန်သော သန့်ရှင်းရာဌာနတို့၏ပုံဖြစ်သော၊ လူတို့လက်ဖြင့်လုပ်သောသန့်ရှင်းရာဌာနထဲသို့ ခရစ်တော်သည် မဝင်ဘဲ၊ ငါတို့အတွက်ကြောင့် ယခုဘုရားသခင်၏ရှေ့တော်၌ ကိုယ်ကိုပြခြင်းငှာ၊ ကောင်းကင်ကိုယ်ထဲသို့ဝင်တော်မူပြီ” ဖြစ်ကြောင်းတို့ကို သိနားလည်လာကြလေ၏။ ဟေဗြဲ ၉း၉၊ ၂၃။ ၈း၂။ ၉း၂၄။

ကျွန်ုပ်တို့အတွက် သခင်ယေရှု အမှုဆောင်ရွက်နေရသော ကောင်းကင်သန့်ရှင်းရာဌာနသည် မူလတည်ရှိသောအရာဖြစ်၍၊ မောရှေတည်ဆောက်သောသန့်ရှင်းရာဌာနသည် ၄င်းမှကူးယူသော ပုံပမာဖြစ်၏။ မြေကြီးပေါ်၌ရှိသောသန့်ရှင်းရာဌာနတွင် သန့်ရှင်းသောအခန်းနှင့် အသန့်ရှင်းဆုံးအခန်းဟူ၍ အခန်းနှစ်ခန်းရှိသည်နည်းတူ ကောင်းကင်ရှိသန့်ရှင်းရာဌာနတွင်လည်း သန့်ရှင်းသောအခန်းနှစ်ခန်းရှိ၏။ မြေကြီးပေါ်ရှိ သန့်ရှင်းရာဌာနတွင် ဘုရားသခင်၏ပညတ်တော်ပါရှိသောသေတ္တာတော်၊ နံ့သာပေါင်းမီးရှို့ရာပလ္လင်နှင့် အခြားဝတ်ပြုကိုးကွယ်ရာ တန်ဆာများရှိသည်နည်းတူ ကောင်းကင်သန့်ရှင်းရာဌာနတွင်လည်း၊ ထို့အတူ အလားတူပစ္စည်းများရှိ၏။ သန့်ရှင်းသောရူပါရုံတွင်ပရောဖက်ယောဟန်သည် ကောင်းကင်သို့ဝင်ခွင့်ရ၍ ထိုအရပ်၌သူသည် မီးခွက်များနှင့် နံ့သာပေါင်းကိုမီးရှို့ရာပလ္လင်တို့ကိုမြင်ရ၏။ ၄င်းအပြင် “ကောင်းကင်ဘုံ၌ ဘုရားသခင်၏ဗိမာန်တော်ကိုဖွင့်ထား၍” သူသည် “ပဋိညာဉ်သေတ္တာတော်” ကိုလည်းတွေ့မြင်ရလေ၏။ ဗျာဒိတ်၊ ၄း၅။၈း၃။၁၁း၁၉။

သမ္မာတရားကို ရှာဖွေကြသောသူတို့သည် ကောင်းကင်၌သန့်ရှင်းရာဌာနတည်ရှိကြောင်း မငြင်းခုံနိုင်သောသက်သေကိုတွေ့ရှိရကြ၏။ မောရှေသည် မိမိအားပြတော်မူသောပုံစံအတိုင်း မြေကြီးပေါ်၌ သန့်ရှင်းရာဌာနကိုတည်ဆောက်၏။ ပေါလုက ထိုပုံစံသည်ကောင်းကင်၌ အမှန်ရှိသောသန့်ရှင်းရာဌာနဖြစ်၏ဟုဖော်ပြ၏။ (ဟေဗြဲ ၈း၂၅)။ ယောဟန်က ၄င်းကို ကောင်းကင်၌ မြင်ရကြောင်းသက်သေခံ၏။

ရက်ပေါင်း ၂၃၀၀ အဆုံးဖြစ်သော ၁၈၄၄ ခုနှစ်တိုင်အောင်မြေကြီး ပေါ်၌ သန့်ရှင်းရာဌာနမရှိဘဲနေခဲ့သည်မှာ ရာစုနှစ်ပေါင်းများစွာကြာလေပြီ။ ထိုကြောင့် "ရက်ပေါင်း ၂၃၀၀ တိုင် တိုင်တည်လိမ့်မည်။ ထိုနောက်သန့်ရှင်း ရာဌာနကို ဆေးကြောသုတ်သင်ကြလိမ့်မည်" ဟူသောအချက်၌ ဖေါ်ပြထား သောသန့်ရှင်းရာဌာနသည် ကောင်းကင်သန့်ရှင်းရာဌာနသာလျှင် ဖြစ်ရမည်။ သို့သော် ကောင်းကင်ရှိသန့်ရှင်းရာဌာနကို မည်ကဲ့သို့သော နည်းအားဖြင့်ဆေး ကြောသုတ်သင်နိုင်မည်နည်း။ ကျမ်းစာကို တဖန်ပြန်၍ ကြည့်ရှုသောအခါ၊ ဆေးကြောသုတ်သင်ခြင်းအမှုကို အသွေးအားဖြင့်သာ ပြီးမြောက်စေနိုင်သဖြင့်၊ ၄င်းအမှုသည် ဝတ္ထုပစ္စည်းနှင့်ဆိုင်သော အညစ်အကြေးကိုပယ်ရှားခြင်း မဟုတ် သောကြောင့်၊ အပြစ်မှဆေးကြောသုတ်သင်ခြင်းဖြစ်သည်ကို အနာဂတ္တိစ ကားကို လေ့လာသူတို့သိရှိ နားလည်လာကြ၏။ ထိုသို့အားဖြင့် တမန်တော် က၊ "ထိုကြောင့်၊ ကောင်းကင်ဘုံ၌ရှိသောအရာတို့၏ ပုံများကို ထိုသို့သောယဇ် ပူဇော်ခြင်း (တိရစ္ဆာန်၏အသွေး) အားဖြင့် စင်ကြယ်စေရသည်ဖြစ်၍ ကောင်း ကင်အရာတို့ကို သာ၍မြတ်သောယဇ်ပူဇော်ခြင်း (သခင်ခရစ်တော်၏အသွေး တော်) အားဖြင့် စင်ကြယ်စေရ၏" ဟုဖေါ်ပြထား၏။ ဟေဗြဲ ၉း၂၃။

အနာဂတ်စကားကညွှန်ပြသော ဆေးကြောခြင်းအကြောင်းတို့၍နား လည်သိရှိရန်၊ ကောင်းကင်သန့်ရှင်းရာဌာနတွင် အမှုဆောင်ရွက်ခြင်းအကြောင်း ကိုနားလည်ဘို့လိုပေသည်။ မြေကြီးပေါ်ရှိ သန့်ရှင်းရာဌာနတွင်အမှုဆောင် ရွက်ခြင်းအကြောင်း လေ့လာခြင်းအားဖြင့်သာ၊ ဤအကြောင်းကို သိရှိနိုင် သည်။ အကြောင်းမူကား ပေါလုက၊ ထိုမြေကြီး သန့်ရှင်းရာဌာနတွင် အမှု ဆောင်ရွက်နေကြသောယဇ်ပုရောဟိတ်တို့သည် "ကောင်းကင်အရာတို့၏ ပုံပ မာအရိပ်နှင့်သာဆိုင်လျက်" ဝတ်ပြုနေကြသည်ဟုဖေါ်ပြထား၏။ (ဟေဗြဲ ၈း၅)။

## သန့်ရှင်းရာဌာနကိုဆေးကြောသုတ်သင်ခြင်း

ပုံပမာတွင်ရှေးအခါက လူတို့၏အပြစ်များကို မြေကြီးနှင့်ဆိုင်ရာသန့် ရှင်းရာဌာနထဲသို့အပြစ်ဖြေရာ ယဇ်ကောင်၏အသွေးအားဖြင့်ပြောင်းလွှဲပေးရ သည်နည်းတူ၊ အမှန်အားဖြင့် ကျွန်ုပ်တို့၏အပြစ်များကို ကောင်းကင်သန့်

ရှင်းရာဌာနထဲသို့ သခင်ခရစ်တော်၏အသွေးအားဖြင့် ပြောင်းလွှဲပေးရ၏။ ပုံပမာ၌ မြေကြီးသန့်ရှင်းရာဌာနအား ညစ်ညူးစေသောအပြစ်များကို ပယ်ရှားခြင်းဖြင့်၊ ၎င်းအားဆေးကြောသုတ်သင်ခြင်းအမှုကို ပြီးမြောက်စေသည်နည်းတူ၊ ကောင်းကင်သန့်ရှင်းရာဌာနတွင် ရေးမှတ်ထားသောအပြစ်များကိုပယ်ဖျက်ခြင်းအားဖြင့်၊ ကောင်းကင်သန့်ရှင်းရာဌာနကို အကယ်ပင်ဆေးကြောသုတ်သင်ခြင်းအမှုကို ပြီးမြောက်စေရလိမ့်မည်။ ထိုအခါ၊ အပြစ်ကိုနောင်တရ၍ သခင်ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် မည်သူတို့သည်၊ ကိုယ်တော်၏ အပြစ်ဖြေခြင်းအမှုအားဖြင့်၊ အကျိုးခံစားခွင့်ရှိသည်ကို သိရှိရန် ရေးမှတ်ထားသောစာစောင်များကိုစစ်ဆေးဘို့လိုလာ၏။ ထိုကြောင့် သန့်ရှင်းရာဌာနကိုဆေးကြောသုတ်သင်ခြင်းအမှုသည် စစ်ဆေးစုံစမ်း၍ တရားစီရင်ခြင်းအမှုဖြစ်ပေ၏။ သခင်ခရစ်တော်သည် မိမိ၏လူများကိုရွေးနုတ်ရန် ကြွလာတော်မမူမီ ဤအမှုကိုပြုလုပ်ရလိမ့်မည်။ အကြောင်းမူကား၊ ကိုယ်တော်ကြွလာတော်မူသောအခါ၊ ကိုယ်တော်သည် လူအသီးသီးတို့အား မိမိတို့၏အကျင့်အတိုင်း အကျိုးအပြစ်ကို ဆပ်ပေးတော်မူလိမ့်မည်။ (ဗျာဒိတ် ၂၂း၁၂)။

ထိုနည်းအားဖြင့်၊ သခင်ခရစ်တော်သည် ရက်ပေါင်း ၂၃၀၀ ၏အဆုံးဖြစ်သော ၁၈၄၄ ခုနှစ်တွင် မြေကြီးပေါ်သို့ကြွလာတော်မမူဘဲ၊ မိမိကြွလာတော်မမူမှီ အပြစ်ဖြေခြင်းအမှုကိုလက်စသတ်ရန် ကောင်းကင်သန့်ရှင်းရာဌာန၏ အသန့်ရှင်းဆုံးအခန်းထဲ၊ ဘုရားသခင်၏ မျက်မှောက်တော်သို့ဝင်ရောက်တော်မူကြောင်း၊ အနာဂတ္တိစကားတွင်တိုး၍ ဖေါ်ပြသောအလင်းကို ရရှိသောသူတို့သည် သိမြင်လာကြလေ၏။

## အခန်း (၅၄)
## တတိယကောင်းကင်တမန်၏သတင်းစကား

သခင်ခရစ်တော်သည် အပြစ်ဖြေခြင်းအမှုကိုလက်စသတ်ရန် ကောင်းကင်သန့်ရှင်းရာဌာန၏ အသန့်ရှင်းဆုံးအခန်းထဲသို့ ဝင်တော်မူသောအခါ၊ ကိုယ်တော်သည် မိမိ၏ကျွန်များအား ကရုဏာနှင့်ဆိုင်သော နောက်ဆုံးသတင်းစကားကို လောကအားကြားပြောစေရန် အပ်ပေးတော်မူ၏။ ထိုကဲ့သို့သောသတင်းစကားသည် ဗျာဒိတ်ကျမ်း ၁၄ တွင်ပါရှိသော တတိယကောင်းကင်တမန်၏သတိပေးစကားဖြစ်၏။ ၎င်းသတင်းစကားကို ကြွေးကြော်ပြီးနောက် ချက်ခြင်းလူသားသည် မြေကြီးတွင်စပါးရိတ်ရန် ဘုန်းတော်နှင့်ကြွလာတော်မူသည်ကို ပရောဖက်သည်ရူပါရုံ၌မြင်ရ၏။

ကျမ်းစာတွင်ဖော်ပြထားသည်အတိုင်း၊ အသန့်ရှင်းဆုံးအခန်းတွင် သခင်ခရစ်တော် အမှုဆောင်ရွက်ခြင်းအလုပ်သည် အနာဂတ္တိစကား၏နေ့ရက်ကာလအဆုံးဖြစ်သော ၁၈၄၄ ခုနှစ်တွင် အစပြုလေ၏။ "ကောင်းကင်ဘုံ၌ ဘုရားသခင်၏ဗိမာန်တော်ကိုဖွင့်ထား၍၊ ဗိမာန်တော်ထဲမှာ ပဋိညာဉ်သေတ္တာတော်ထင်ရှားလေ၏" (ဗျာဒိတ် ၁၁း၁၉) ဟု ဗျာဒိတ်ဆရာကဖော်ပြသော စကားများသည် ဤအချိန်ကာလကို ဆိုလိုပေ၏။ ဘုရားသခင်၏ ပဋိညာဉ်သေတ္တာတော်သည် သန့်ရှင်းရာဌာန၏ ဒုတိယအခန်းတွင်ရှိ၏။ သခင်ခရစ်တော်သည် ထိုနေရာသို့ဝင်တော်မူသောအခါ၊ ဗိမာန်တော်၏အတွင်းခန်းသည်ပွင့်လာ၍ ဘုရားသခင်၏သေတ္တာတော်သည်ထင်ရှားလေ၏။ အပြစ်ဖြေခြင်းအမှုကိုဆောင်ရွက်နေတော်မူသော ကယ်တင်ရှင်ကိုယုံကြည်ခြင်းအားဖြင့် ကြည့်သောသူတို့အား ဘုရားသခင်၏ ဂုဏ်အသရေနှင့်ဘုန်းတန်ခိုးတော်ကို ဖော်ပြတော်မူ၏။ ဘုရားသခင်၏ ဘုန်းတော်အပေါင်းသည် ဗိမာန်တော်ကို ပြည့်စေသောအခါ၊ အသန့်ရှင်းဆုံးအရပ်မှထွက်လာသောအလင်းသည် မြေကြီးပေါ်၌စောင့်မြော်နေသော ကိုယ်တော်၏လူများအပေါ်သို့ ထွန်းတောက်လေ၏။

သူတို့သည်ယုံကြည်ခြင်းနှင့် မိမိတို့၏ယဇ်ပုရောဟိတ်မင်းနောက်သို့ သန့်ရှင်သောအခန်းမှ အသန့်ရှင်းဆုံးအခန်းသို့ လိုက်သွားကြရာ၊ ကိုယ်

တတိယကောင်းကင်တမန်တပါးသည် ကောင်းကင်၌
ပျံဝဲလျက်ရှိသည်

တော်သည် ဘုရားသခင်၏ သေတ္တာတော်ရှေ့၌ မိမိ၏ အသွေးတော်ဖြင့် တောင်းပန်နေတော်မူသည်ကို မြင်ရကြ၏။ ထိုသန့်ရှင်းသော သေတ္တာတော် ထဲ၌ရှိသော ခမည်းတော်၏ ပညတ်တရားတော်သည် သိနာတောင်ပေါ်၌မိုး ခြိုးသံများကြားထဲမှ ဘုရားသခင်ကိုယ်တော်တိုင် မိန့်မြွက်တော်မူ၍၊ မိမိ၏ လက်ညှိုးတော်ဖြင့် ကျောက်ပြားများပေါ်၌ ရေးသားထားတော်မူသော ပညတ် တော်များနည်းတူပင်ဖြစ်ကြသည်ကို တွေ့မြင်ရကြလေ၏။ ပညတ်တော်တစ်ခု မျှမပျက်စီး၊ စာလုံးဗိန္ဒုတလုံးမျှမပျက်စီးသေးပါ။ ဘုရားသခင်သည် မောရှေ အားကူးယူပြီးသောပညတ်တော်ကို ပေးတော်မူစဉ်၊ မူလပညတ်တော်ကြီးကို ကောင်းကင်သန့်ရှင်းရာဌာနတွင် ထိန်းသိမ်းထားတော်မူ၏။ သန့်ရှင်းသော ပညတ်တော်များကို လိုက်လံကြည့်ရှုသောအခါ၊ ပညတ်တော်ဆယ်ပါးတွင် စတုတ္ထပညတ်တော်ကို ပထမဦးစွာကြွေးကြော်တော်မူစဉ်အခါကကဲ့သို့ပင် တည် ရှိနေကြောင်း သမ္မာတရားကို ရှာဖွေသူတို့သည် တွေ့ရှိရလေ၏။ ၎င်းပညတ် ကို၍သို့ရေးထား၏။ "ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုအောက် မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍ လုပ်ဆောင်လော။ သတ္တမ နေ့သည်သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှ စ၍သင်၏သားသမီး၊ ကျွန်ယောက်ျားမိန်းမ၊ တိရစ္ဆာတ်၊ သင်၏တံခါးအတွင်း၌ နေသောဧည့်သည်အာဂန္တုသည်အလုပ်မလုပ်ရ။ အကြောင်းမူကား၊ ထာဝရ ဘုရားသည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ အရပ်ရပ်၌ ရှိသမျှတို့ကို ခြောက် ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့ရက်၌ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုကြောင့် ထာဝရဘုရားသည် သတ္တမနေ့ရက်ကိုကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ ၏။" ထွက်မြောက်ရာကျမ်း၊ ၂၀း၈-၁၁။

ဘုရားသခင်၏ ဝိညာဉ်တော်သည် နှုတ်ကပတ်တော်ကို လေ့လာကြ သောသူတို့၏ စိတ်နှလုံးကိုပြုပြင်လေ၏။ ဖန်ဆင်းရှင်၏ ငြိမ်ဝပ်ရာနေ့ကို ရှုတ်ချခြင်းဖြင့်သူတို့သည် စတုတ္ထပညတ်တော်ကိုမသိနားမလည်ဘဲ ကျူးလွန် ခဲ့ကြကြောင်း သူတို့သည် ကောင်းစွာသိနားလည်လာကြ၏။ ဘုရားသခင် သန့်ရှင်းစေတော်မူခဲ့သောနေ့အစား ခုနစ်ရက်တွင်ပထမနေ့ရက်ကိုစောင့်ခြင်း ၏အကြောင်းရင်းကို သူတို့ဥည် အစပြုရှာဖွေစစ်ဆေးကြည့်ကြ၏။ စတုတ္ထ ပညတ်ကိုပယ်ဖျက်ကြောင်းကို၎င်း၊ ဥပုသ်နေ့ကို ပြောင်းလဲကြောင်းကို၎င်း၊

ဖေါ်ပြသောသက်သေကို သူတို့သည်ကျမ်းစာ၌ ရှာမတွေ့နိုင်ကြ။ ပထမဦးစွာ သတ္တမနေ့ကိုသန့်ရှင်းစေခဲ့သော ကောင်းကြီးမင်္ဂလာကိုလည်း ဘယ်အခါမျှ ပယ်ရှားတော်မမူခဲ့ပါ။ သူတို့သည် ဘုရားသခင်ကိုသိ၍ အလိုတော်ကိုလိုက်နာရန်ရိုးဖြောင့်စွာရှာဖွေကြိုးစားနေကြရာ၊ ယခု မိမိတို့သည် ပညတ်တော်ကို လွန်ကျူးသောသူများဖြစ်ကြသည်ကို သိရှိကြသောအခါ၊ သူတို့၏ စိတ်နှလုံးထဲ၌ဝမ်းနည်းခြင်းရှိလာကြ၏။ သူတို့သည် ချက်ခြင်းဘုရားသခင်၏ ဥပုသ်နေ့ကိုသန့်ရှင်းစွာစောင့်ရှောက်ခြင်းဖြင့်၊ ဘုရားသခင်ဘက်၌ သစ္စာရှိကြကြောင်း ထင်ရှားစွာပြကြ၏။

အများသောသူတို့သည် သူတို့၏ယုံကြည်ခြင်းတရားကိုဖျက်ဆီးရန် စိတ်အားကြီးစွာကြိုးစားကြ၏။ မြေကြီး၌သည့်သန့်ရှင်းရာဌာနသည် ကောင်းကင်သန့်ရှင်းရာဌာန၏ ပုံပမာဖြစ်လျှင်၊ မြေကြီးပေါ်ရှိ သေတ္တာတော်ထဲ၌ရှိသောပညတ်တော်သည် ကောင်းကင်ရှိသေတ္တာတော်ထဲ၌ တည်ရှိသောပညတ်တော်မှ တိကျစွာကူးယူထားသည်ကိုငှင်း၊ ကောင်းကင်သန့်ရှင်းရာဌာနအကြောင်းနှင့်သက်ဆိုင်သော သမ္မာတရားကိုလက်ခံခြင်းဖြင့်၊ ဘုရားသခင်၏ ပညတ်တော်ကတောင်းဆိုချက်တို့ကို ဝန်ခံ၍ စတုတ္ထပညတ်တော်၏ ဥပုသ်ကို စောင့်ရှောက်ဘို့တာဝန်ရှိကြောင်းကိုငှင်း၊ မည်သူမျှမသိမမြင်ဘဲမနေနိုင်။

သခင်ခရစ်တော်ကြားဖြန်ဖြေတော်မူသောအမှု၊ ဘုရားသခင်၏ ပညတ်တော်တည်မြဲခြင်းအမှုတို့အကြောင်းနှင့် သက်ဆိုင်သောအလင်းကိုလက်ခံကြသောသူတို့က၊ ဤသမ္မာတရားများသည် တတိယကောင်းကင်တမန်၏ သတင်းစကားတွင် ထင်ရှားသည်ကို တွေ့မြင်သိရှိရကြသည်။ ကောင်းကင်တမန်က "ဘုရားသခင်၏ပညတ်တို့ကိုငှင်း၊ ယေရှု၏ယုံကြည်ခြင်းကိုငှင်း၊ စောင့်ရှောက်သောသန့်ရှင်းသူတို့သည် ဤအရာ၌ သည်းခံစရာအကြောင်းရှိ၏" ဟုကြွေးကြော်၏။ ဗျာဒိတ် ၁၄း၁၂။ ဤကဲ့သို့ ဖေါ်ပြခြင်းမပြုခင် ကြည်ညိုကြောက်မက်ဘွယ်သတိပေးစကားကိုလည်း ဖေါ်ပြထားသေး၏။ "အကြင်သူသည် သားရဲနှင့်သင်၏ရုပ်တုကိုကိုးကွယ်၍၊ သူ၏ တံဆိပ်လက်မှတ်ကိုနဖူး၌ခံသည်ဖြစ်စေ၊ လက်၌ခံသည်ဖြစ်စေ၊ ထိုသူသည် ဘုရားသခင်၏ဒေါသဖလား၌ လောင်းသောအမျက်တော် စပျစ်ရည်စစ်ကို သောက်ရ

လိမ့်မည်။" ဗျာဒိတ် ၁၄း၉၊၁၀။ ဤသတင်းစကားအကြောင်းကို နားလည်နိုင်ရန် ဖေါ်ပြထားသော ပုံပမာ၏ အနက်အဓိပ္ပါယ်ကို သိဘို့လိုပေသည်။ သားရဲ၊ ရုပ်တုနှင့်တံဆိပ်လက်မှတ်တို့သည် အဘယ်အရာကို ပုံဆောင်ထားကြသလဲ။ တဖန်သမ္မာတရားကို ရှာဖွေနေသောသူတို့သည် အနာဂတ္တိစကားများကို ထပ်မံလေ့ကျက်စစ်ဆေးကြည့်ကြပြန်၏။

## သားရဲနှင့်သူ၏ရုပ်တု

ဤပထမသားရဲသည် နိုင်ငံ၏ အာဏာတန်ခိုးဖြင့်လွှမ်းမိုးနေသောဘာသာရေးအဖွဲ့အစည်းတစ်ခုဖြစ်လျက်၊ သဘောကွဲလွဲသူအပေါင်းတို့အား အပြစ်ဒဏ်ပေးနိုင်သော အာဏာတန်ခိုးကိုရရှိသော ရောမဗရင်ဂျီအသင်းတော်ကို ပုံဆောင်ထား၏။ သားရဲ၏ ရုပ်တုသည် အ လားတူအာဏာတန်ခိုးနှင့်လွှမ်းမြိုးနေသော အခြားဘာသာရေးအဖွဲ့အစည်းတခုကိုပုံဆောင်၏။ ဤရုပ်တုဖြစ်ပေါ်လာရခြင်းမှာ ထိုသားရဲ၏အလုပ်ပင်ဖြစ်၍၊ ထိုလုပ်ငန်းသည်ငြိမ်သက်၊ ဖြည်းညှင်းစွာဖြစ်ပေါ်လာရကား၊ အမေရိကန်ပြည်ထောင်စုနိုင်ငံကို ထူးခြားစွာပုံဆောင်ထားလေ၏။ ဤနေရာ၌ ပါပရဟန်းမင်း၏ ရုပ်တုကိုတွေ့ရှိရပေသည်။ အမေရိကန်ပြည်ထောင်စုနိုင်ငံရှိ အသင်းတော်များတို့သည် အများယုံကြည်ကြသော ဩဝါဒများကို အကြောင်းပြုလျက် မိမိတို့၏ ဩဝါဒများကို ထောက်ခံစေရန် ဩဇာညောင်းလာကြသောအခါ၊ ဗရင်ဂျီအသင်းကို ဆန့်ကျင်သောအမေရိကန်ပြည်သည် ရောမဗရင်ဂျီအသင်းကြီး၏ ရုပ်တုကိုပြုလုပ်လာလိမ့်မည်။ ထိုအခါမှန်သောအသင်းတော်သည် ဘုရားသခင်၏ ရှေးလူများနည်းတူ ညှင်းဆဲခြင်းကိုခံရလိမ့်မည်။

သိုးသငယ်၏ ချိုနှင့်တူသောချိုများရှိသောသားရဲက၊ "ငွေရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံရသောသူ၊ လွတ်သောသူ၊ အကြီးအငယ်ရှိသမျှတို့သည် လက်ျာလက်၌ဖြစ်စေ၊ နဖူး၌ဖြစ်စေ၊ တံဆိပ်လက်မှတ်ကိုခံစေခြင်းငှာ၎င်း၊ ထိုတံဆိပ်လက်မှတ်တည်းဟူသောသားရဲ၏နာမဖြစ်စေ၊ နာမ၏အရေအတွက်ဖြစ်စေ၊ တခုခုကိုမခံသော သူတယောက်မျှ မရောင်းမဝယ်စေခြင်းငှာ၎င်းစီရင်၏။" (ဗျာဒိတ် ၁၃း၁၆၊၁၇)။ တတိယကောင်းကင်တမန်က သတိပေးစကားပြောကြားသောအချက်သည် ဤတံဆိပ်အမှတ်နှင့်

သက်ဆိုင်၏။ ၎င်းသည် ပထမသားရဲသို့မဟုတ် ပါပရဟန်းမင်း၏တံဆိပ်အမှတ်ဖြစ်၏။ ထိုကြောင့် ထိုအာဏာတန်ခိုး၏ထူးခြားသော ဂုဏ်အရည်အချင်းများတွင် ထိုအမှတ်တံဆိပ်ကို ရှာဖွေရကြမည်။ ချိုငယ်ကလေးအားဖြင့် ပုံဆောင်ထားသော ရောမဗရင်ဂျီအသင်းတော်သည် အချိန်ကာလနှင့်ပညတ်တရားကိုပြောင်းလဲလိမ့်မည်ဟု (ဒံယေလ ၇း၂၅) ပရောဖက်ဒံယေလကဖော်ပြထား၍ပေါလုက၊ ၎င်းသည်မိမိကိုယ်ကိုဘုရားသခင်ထက်ချီးမြှောက်မည်ဖြစ်သောဒုစရိုက်လူဟုခေါ် ဆိုထား၏။ (၂သက်သာလောနိတ် ၂း၃၊၄)။ပါပရဟန်းမင်းသည် ဘုရားသခင်၏ ပညတ်တော်ကိုပြောင်းလဲခြင်းအားဖြင့်သာမိမိကိုယ်ကိုဘုရားသခင်ထက် ချီးမြှောက်နိုင်၏။ ထိုသို့ပြောင်းလဲထားသောပညတ်တော်ကိုသိနားလည်လျက် စောင့်နေသောသူသည် ထိုသို့ပြောင်းလဲခြင်းအမှုကိုပြုလုပ်သောအာဏာတန်ခိုးအားအကြီးအကျယ်ရိုသေလေးစားနေလိမ့်မည်။

ရောမဗရင်ဂျီအသင်းက ပယ်ဖျက်ဘို့ကြိုးစားခဲ့သော စတုတ္ထပညတ်တခုတည်းသာလျှင် ပညတ်တော်ဆယ်ပါးတွင် ဘုရားသခင်အား ကောင်းကင်နှင့်မြေကြီးကို ဆန်ဆင်းတော်မူသောအရှင်အဖြစ် ညွှန်ပြသောပညတ်ဖြစ်သည်။ ၎င်းအပြင် ထိုသို့အားဖြင့် မှန်သောဘုရားသခင်ကို မှားသောဘုရားအပေါင်းမှ ခွဲခြားဖော်ပြထား၏။ ဖန်ဆင်းခြင်းအမှုကို အထိမ်းအမှတ်ဖြစ်စေခြင်းငှာ၎င်း၊ ထိုသို့အားဖြင့် လူတို့အားမှန်ကန်၍ အသက်ရှင်တော်မူသောဘုရားကိုစိတ်စွဲလမ်းစေခြင်းငှာ၎င်း၊ ဥပုသ်နေ့ကိုစီမံခန့်ထားတော်မူ၏။ ဣသရေလလူတို့၏ဘုရားသခင်သည် တပါးအမျိုးသားတို့၏ ဘုရားများထက်သာလွန်တန်ခိုးကြီးကြောင်း၊ သက်သေပြရန် ကျမ်းစာတော်မြတ်တခုလုံးတွင် ဘုရားသခင်၏ဖန်ဆင်းတော်မူခြင်း တန်ခိုးအကြောင်းကို ထင်ရှားစွာ ဖော်ပြထား၏။ ဥပုသ်နေ့ကို အစဉ်အမြဲစောင့်ရှောက်လာခဲ့ကြလျှင်၊ လူသည် မိမိကိုဖန်ဆင်းတော်မူသောအရှင်ကို ရိုသေကိုးကွယ်အပ်သောအရာအဖြစ်နှင့် ဆင်ခြင်စိတ်စွဲလမ်းလာလိမ့်မည်။ ၎င်းအပြင် ရုပ်တုဆင်းတုကိုးကွယ်သူ၊ ဘုရားတရားမဲ့သူ ဘုရားကိုမယုံကြည်သူဟူ၍သာ ဘယ်အခါမျှ ရှိလိမ့်မည်မဟုတ်။

ဘုရားသခင်အား ဖန်ဆင်းရှင်အဖြစ်နှင့် ညွှန်ပြသော ထိုအထိမ်းအမှတ်သည် မိမိဖန်ဆင်းတော်မူသော သတ္တဝါတို့အပေါ်၌ စီရင်စိုးပိုင်ခွင့်ရှိ

ကြောင်း ဖော်ပြသောလက္ခဏာသက်သေဖြစ်သည်။ ဥပုသ်နေ့ကိုပြောင်းလဲခြင်းသည် ရောမဗရင်ဂျီအသင်း၏ အခွင့်အာဏာကို ဖော်ပြသောအထိမ်းအမှတ်ဖြစ်၏။ စတုတ္ထပညတ်တော်က အခိုင်အမာပြောဆိုထားသောအချက်များကို သိနားလည်လျက် မှန်သောဥပုသ်နေ့အစား မှားသောဥပုသ်ကိုစောင့်သောသူတို့သည် သူတို့အား ထိုသို့ပြုရန် အမိန့်ပေးနေသော ထိုအာဏာတန်ခိုးကို ရိုသေကိုးကွယ်နေကြသည်။

## အရေးကြီးသောသတင်းစကား

သေတတ်သောလူအား အလွန်ကြောက်မက်ဘွယ်ခြိမ်းခြောက်သောအချက်သည် တတိယကောင်းကင်တမန်၏ သတင်းစကားတွင်ပါရှိ၏။ ထိုအရာသည် ကရုဏာနှင့်မရောနှောသော ဘုရားသခင်၏ ဒေါသကိုသက်ရောက်စေလောက်အောင် ပြင်းထန်သောအပြစ်ဒုစရိုက်ဖြစ်သည်။ ဤအရေးကြီးသောအကြောင်းအရာနှင့်သက်ဆိုင်၍ လူတို့အားမှောင်မိုက်ထဲတွင်စွန့်ပစ်ထားတော်မမူပါ။ ဘုရားသခင်သည် အဘယ်ကြောင့်တရားစီရင်တော်မူမည်ကို လူအပေါင်းတို့သည်သိရှိ၍ အပြစ်ဒဏ်မှကယ်လွတ်ခြင်း အခွင့်ရမည်အကြောင်း၊ အပြစ်ဒဏ်ကိုချပေးတော်မမူမှီ၊ ဤအပြစ်ဒုစရိုက်အကြောင်း သတိပေးစကားကိုလောကအားကြားပြောရလိမ့်မည်။

ကြီးကျယ်သော တိုက်လှန်ပွဲမှ တစ်ဦးနှင့်တဦးကွဲပြားခြားနား၍ဆန့်ကျင်ဘက်ဖြစ်သော လူနှစ်စားဖြစ်ပေါ်လာ၏။ တစားသည် "သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်၍ သူ၏တံဆိပ်လက်မှတ်ကိုခံယူ" ၍ ထိုသို့အားဖြင့် တတိယကောင်းကင်တမန်က ခြိမ်းခြောက်သောကြောက်မက်ဘွယ်ပြစ်ဒဏ်များကို သူတို့ကိုယ်တိုင်အပေါ်သို့တက်ရောက်စေကြလေပြီ။ အခြားသောလူစားကားလောကနှင့်ထူးကဲစွာခြားနားလျက် "ဘုရားသခင်၏ပညတ်တို့ကိုငှင်း၊ယေရှု၏ယုံကြည်ခြင်းကိုငှင်းစောင့်ရှောက်" ကြ၏။ ဗျာဒိတ်၊ ၁၄း၉၊၁၂။

တတိယကောင်းကင်တမန်၏ သတင်းစကားကို လက်ခံသောသူတို့အား ထင်ရှားစွာဖော်ပြထားသည့် အရေးကြီးလျက်ရှိသော သမ္မာတရားတို့ကား ထိုသို့ဖြစ်ကြ၏။ ဒုတိအကြိမ် ကြွလာတော်မူခြင်းအကြောင်းကို ပထမဦးစွာ ကြွေးကြော်ကြသည်အချိန်ကစ၍ ၁၈၄၄ ခုနှစ်တွင် မြော်လင့်ကြ

သော အချိန်ကုန်လွန်သွားသည်တိုင်အောင် ဖြစ်ပျက်ခဲ့သမျှသော မိမိတို့၏ ဗဟုသုတကိုပြန်၍ စစ်ဆေးကြည့်ကြသောအခါ၊ သူတို့၌ စိတ်ပျက်ခဲ့သည်အကြောင်းကို ရှင်းလင်းဖေါ်ပြထားသည်ကို သိမြင်ရကြသဖြင့်၊ သူတို့၏စိတ်ထဲ၌ မြော်လင့်ခြင်း၊ ဝမ်းမြောက်ခြင်းဖြစ်ပေါ်လာပြန်၏။ သန့်ရှင်းရာဌာနအကြောင်းနှင့်သက်ဆိုင်သော အလင်းတရားသည်သူတို့အားအတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ကာလတို့အကြောင်းကို ရှင်းလင်းစွာဖေါ်ပြ၍၊ ဘုရားသခင်သည်သူတို့အား မမှားနိုင်သောလမ်းဖြင့် စောင့်ရှောက်ပြုစုလျက် နေတော်မူသည်ကို သူတို့သိရှိလာကြ၏။ ယခု သူတို့သည်အသစ်သောခွန်အား၊ သာ၍မြဲမြံသောယုံကြည်ခြင်းနှင့် တတိယကောင်းကင်တမန်၏သတိပေးစကားကိုကူညီကြွေးကြော်လေ၏။ ၁၈၄၄ ခုနှစ်မှစ၍၊ တတိယကောင်းကင်တမန်၏သတင်းစကားနှင့်ဆိုင်သော အနာဂတ္တိစကားသည် ပြည့်စုံလာသည်အလျောက်၊ လောကအားမှန်သောဥပုသ်ကို စောင့်ရှောက်ရန်သတိပေးလာကြသဖြင့်၊ ဘုရားသခင်၏သန့်ရှင်းသောဥပုသ်နေ့ကိုစောင့်ရှောက်သောသူတို့သည် အစဉ်သဖြင့် တိုးပွားလာကြလေသည်။

-o-

# အခန်း (၅၅)
# မြဲမြံသောစင်မြင့်

မိမိတို့ကိုယ်ကိုလုံခြုံမြဲမြံစွာ စောင့်ရှောက်ကာကွယ်နေကြလျက်၊ထို လူစု၏ တည်မြဲသောယုံကြည်ခြင်းကို ဖျက်ဆီးရန်ကြိုးစားနေသော သူတို့ကို ဂရုမစိုက် မကြည့်ရှုဘဲနေသော လူတစုကိုကျွန်ုပ်မြင်ရ၏။ ဘုရားသခင်သည် သူတို့ကို နှစ်သက်စွာကြည့်ရှုတော်မူ၏။ ကျွန်ုပ်အားပထမ၊ ဒုတိယ၊ တတိ ယကောင်းကင်တမန်တို့၏ သတင်းစကားများတည်းဟူသော အဆင့်သုံးဆင့် ကိုဖေါ်ပြထား၏။ ကျွန်ုပ်နှင့်အတူ ပါရှိသော ကောင်းကင်တမန်က "ဤသ တင်းစကားတို့နှင့် သက်ဆိုင်သော အရာတစုံတခုကို ပယ်ရှားသောသူသည် အမင်္ဂလာရှိ၏။ ဤသတင်းစကားများကို မှန်ကန်စွာသိရှိနားလည်ဘို့အလွန် အရေးကြီးပေသည်။ ဝိညာဉ်တို့၏ကံကြမ္မာသည် ၎င်းတို့ကို လက်ခံသောနည်း ပေါ်၌ အမှီပြုလျက်ရှိပေသည်" ဟုပြောဆို၏။

ကျွန်ုပ်သည် ဤသတင်းစကားများ အကြောင်းကို ဆင်ခြင်ကြည့်ပြန် ရာ၊ ဘုရားသခင်၏လူတို့သည် အလွန်ထူးခြားစွာ ဗဟုသုတအမျိုးစုံတို့ကို တွေ့ကြုံခဲ့ရကြသည်ကို တွေ့မြင်ရ၏။ သူတို့သည်များစွာ ဆင်းရဲဒုက္ခခံ၍ပြင်း ထန်စွာတိုက်လှန်ခဲ့ရခြင်းဖြင့် ထိုဗဟုသုတများကိုရရှိခဲ့ကြပြီ။ ဘုရားသခင် သည်သူတို့အား တဆင့်ပြီးတဆင့်လမ်းပြပို့ဆောင်ရာ၊ နောက်ဆုံး၌ သူတို့သည် ခိုင်ခံ့မြဲမြံသော စင်မြင့်တစ်ခုပေါ်သို့ ရောက်ရှိသွားကြ၏။ လူအသီးအသီး တို့သည် စင်မြင့်သို့ချဉ်းကပ်၍၎င်း၏အုတ်မြစ်ကို စစ်ဆေးကြည့်ကြသည်ကို ကျွန်ုပ်တွေ့ရ၏။ အချို့တို့သည် ဝမ်းမြောက်စွာ၎င်းအပေါ်သို့ လှမ်းတက်သွား ကြ၏။အခြားသူတို့ကားအုတ်မြစ်ကိုအပြစ်ရှာစပြုကြ၏။တိုး၍ပြုပြင်ပေးလျှင် စင်မြင့်သည်သာ၍စုံလင်လျက်၊လူများတို့သည်သာ၍ပျော်ရွှင်ကြသည်ဟုသူတို့ ထင်မှတ်ကြ၏။

အချို့တို့သည်စင်မြင့်ကိုစစ်ဆေးကြည့်ရန် ၎င်းအပေါ်မှဆင်း၍၎င်းကို တည်ဆောက်ပုံ မှားသည်ဟုဖေါ်ပြကြ၏။ သို့ရာတွင် လူအားလုံးကိုပင်စင် မြင့်ပေါ်၌ မြဲမြံစွာတည်ရှိနေကြလျက်၊ ဆင်းသွားသူတို့အား ညည်းညူပြစ် တင်ခြင်းမပြုရန် ဆုံးမသွန်သင်နေကြသည်ကို ကျွန်ုပ်တို့တွေ့မြင်ရ၏။ အ

ကြောင်းမှုကား၊ ဘုရားသခင်သည် တည်ဆောက်တော်မူသော အရှင်သခင် ဖြစ်၍ သူတို့သည် ဘုရားသခင်ကို တိုက်လှန်လျက်နေကြ၏။ သူတို့သည်သူ တို့အားမြဲမြံသော စင်မြင့်သို့ပို့ဆောင်တော်မူသော ဘုရားသခင်၏ အံ့ဩ ဘွယ်အမှုကိုပြန်၍ ပြောပြနေကြပြီးလျှင်၊ တညီတညွတ်တည်း ကောင်းကင် သို့မြော်ကြည့်လျက်၊ ဘုရားသခင်၏ဂုဏ်တော်ကို ကျယ်စွာချီးမွမ်းနေကြ ၏။ ဤအမှုကြောင့်၊ အပြစ်တင်၍ စင်မြင့်မှ ဆင်းသွားသော သူအချို့တို့ သည်နှိမ့်ချသော သဘောနှင့်တဖန်စင်မြင့်ပေါ် သို့တက်လာကြပြန်၏။

## ယုဒလူတို့၏ဗဟုသုတကိုပြန်ကြည့်ခြင်း

သခင်ခရစ်တော်ပထမအကြိမ် ကြွလာတော်မူမည်ကိုကြွေးကြော် ခြင်းအကြောင်းကျွန်ုပ်အား ပြန်၍ဖေါ်ပြတော်မူပြန်၏။ သခင်ယေရှုအတွက် လမ်းခရီးကို ပြင်ဆင်ရန်ယောဟန်အားဇလိယ၏ ဝိညာဉ်တန်ခိုးမျိုးနှင့်စေ လွှတ်တော်မူ၏။ ယောဟန်၏ သက်သေခံချက်ကို ငြင်းပယ်သော သူတို့ သည် သခင်ယေရှု၏ ဆုံးမဩဝါဒများအားဖြင့် အကျိုးမခံစားရကြ။ ကိုယ် တော် ကြွလာတော်မူမည်အကြောင်း ကြိုတင်ဖေါ်ပြသောသတင်းစကားကိုသူ တို့သည် ငြင်းပယ်ကန့်ကွက်ခဲ့ကြသဖြင့်၊ ကိုယ်တော်သည် မေရှိယသခင်ဖြစ် ကြောင်း အခိုင်မာဆုံးသောသက်သေကိုပင်သူတို့သည် အလွယ်တကူ မခံ ယူနိုင်သောအခြေအနေသို့ရောက်ရှိသွားကြ၏။ယောဟန်၏သတင်းစကားကိုငြင်း ပယ်သောသူတို့အားသခင်ခရစ်တော်ကိုငြင်းပယ်၍ လက်ဝါးကပ်တိုင်၌ရိုက်ထား စေဘို့စာတန်သည်သူတို့အားဆက်လက်သွေးဆောင်တိုက်တွန်းလေ၏။ ဤကဲ့သို့ ပြုခြင်းဖြင့်သူတို့သည်ပင်တေကုတ္တေပွဲနေ့၌ချပေးသောကောင်းကြီးမင်္ဂလာကို မခံမယူနိုင်သောအခြေအနေသို့ရောက်ရှိသွားကြ၏။ ထိုမင်္ဂလာသည် သူတို့အား ကောင်းကင်သန့်ရှင်းရာဌာနသို့သွားရာလမ်းကိုသွန်သင်ပေးလိမ့်မည်။

ဗိမာန်တော်ကန့်လန့်ကာကို ဆုတ်ဖြတ်လိုက်ခြင်းဖြင့် ယုဒလူတို့၏ ယဇ်ပူဇော်ခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းအမှုများကို လက်မခံတော့ကြောင်း ဖေါ်ပြထား၏။ ကြီးမြတ်တော်မူသော ယဇ်ပူဇော်သက္ကာကြီးကို ပူဇော်၍ လက်ခံတော်မူခဲ့သဖြင့်၊ ပင်တေကုတ္တေပွဲနေ့၌ သက်ရောက်လာသောသန့် ရှင်းသောဝိညာဉ်တော်သည် တပည့်တော်တို့၏စိတ်ကို မြေကြီးပေါ် ရှိသန့်

ရှင်းရာဌာနမှ ကောင်းကင်သန့်ရှင်းရာဌာနသို့စွဲလမ်းစေရန် ပြုပြင်ပေးတော်မူ၏။ သခင်ယေရှု၏ အပြစ်ဖြေခြင်းအမှုအားဖြင့် တပည့်တော်တို့သည်အကျိုးကျေးဇူးကို ခံစားရမည်အကြောင်း ကိုယ်တော်သည် ထိုကောင်းကင်သန့်ရာဌာနထဲသို့ မိမိ၏ အသွေးတော်အားဖြင့်ဝင်တော်မူ၏။ သို့ရာတွင် ယုဒလူတို့သည် လုံးလုံးမှောင်မိုက်ထဲ၌ စွန့်ပစ်ခြင်းခံရကြ၏။ ကယ်တင်ခြင်းစီမံကိန်းနှင့်သက်ဆိုင်သောအလင်းရှိသမျှကိုသူတို့သည် ဆုံးရှုံး၍အသုံးမကျသောယဇ်ပူဇော်ခြင်းအမှုနှင့် ယဇ်များကိုသူတို့သည်အားကိုးနေကြသေး၏။ ကောင်းကင်သန့်ရှင်းရာဌာနသည် မြေကြီးပေါ်ရှိ သန့်ရှင်းရာဌာန၏နေရာသို့ရောက်ရှိလာသော်လည်း၊ သူတို့သည်ထိုသို့ ပြောင်းလဲခြင်းအမှုကိုမသိကြသေးပါ။ ထိုကြောင့်သူန့်ရှင်းသောအခန်း၌ သခင်ခရစ်တော်၏ ဖြန်ဖြေခြင်းအမှုအားဖြင့် သူတို့သည် အကျိုးခံစားခွင့်မရနိုင်ကြ။

အများသောသူတို့သည် သခင်ယေရှုကိုငြင်းပယ်၍ လက်ဝါးကပ်တိုင်၌ရိုက်ထားကြသော ယုဒလူတို့အကြောင်းကို ကြည့်ရှုမိကြသောအခါ အလွန်ထိတ်လန့်ကြ၏။ ၎င်းအပြင် ကိုယ်တော်အား ရှက်ဘွယ်ကောင်းအောင်ရှုတ်ချခြင်းအကြောင်းကို ဖတ်ရကြသောအခါ၊ သူတို့သည် ကိုယ်တော်ကိုချစ်ခင်၍ ကိုယ်တော်ကိုပေတရုကဲ့သို့ငြင်းပယ်မည်မဟုတ်၊ ယုဒလူတို့ကဲ့သို့လည်းကိုယ်တော်ကို လက်ဝါးကပ်တိုင်၌ ရိုက်ထားကြမည်မဟုတ်ဟု သူတို့ထင်မြင်ကြ၏။ သို့သော်လူအပေါင်းတို့၏ စိတ်နှလုံးကို သိမြင်တော်မူသော ဘုရားသခင်သည် သခင်ယေရှုကို ချစ်ခင်သည်ဟုဆိုသောသူတို့ကို စစ်ဆေးတော်မူခဲ့ပြီ။

ပထမကောင်းကင်တမန်၏ သတင်းစကားကို လက်ခံခြင်းအမှုကို ကောင်းကင်တဝှမ်းလုံးသည် အလွန်စိတ်အား ထက်သန်စွာ စောင့်ကြည့်နေကြ၏။ သို့ရာတွင် သခင်ယေရှုကို ချစ်သည်ဟုဆိုသော သူနှင့်လက်ဝါးကပ်တိုင်အကြောင်း ဘတ်ရကြသောအခါ မျက်ရည်ကျသော သူတို့သည် ကိုယ်တော်ကြွလာတော်မူခြင်းနှင့် ဆိုင်သောသတင်းစကားကို ပျက်ရယ်ပြုကြ၏။ ဝမ်းမြောက်သောစိတ်နှင့် သတင်းစကားကို လက်ခံရမည်အစား၊ သူတို့က ၎င်းသည် လှည့်ဖြားသောအမှုဖြစ်သည်ဟု အခိုင်အမာပြောဆိုကြ၏။ သူတို့သည် ကိုယ်တော်ပေါ်ထွန်းတော်မူခြင်းကို နှစ်သက်သောသူတို့အားမုန်း

၍သူတို့ကို အသင်းတော်ထဲမှနှင်ထုတ်ကြ၏။ ပထမသတင်းစကားကိုလက်မခံသောသူတို့သည် ဒုတိယသတင်းစကားအားဖြင့် အကျိုးမခံစားရကြ။ သခင်ယေရှုနှင့်အတူ ကောင်းကင်သန့်ရှင်းရာဌာန၏ အသန့်ရှင်းဆုံးအခန်းထဲသို့ ယုံကြည်ခြင်းအားဖြင့်ဝင်ရောက်ရန် ပြင်ဆင်ပေးသည့် သန်းခေါင်ယံကြွေးကြော်ခြင်းအမှုအားဖြင့်လည်း သူတို့သည်အကျိုးမခံစားရကြ။ ဆိုခဲ့ပြီးသောသတင်းစကားနှစ်ခုကို ငြင်းပယ်ခြင်းအားဖြင့်၊ သူတို့၏အသိဉာဏ်သည် မှောင်မိုက်အတိ ဖုံးလွှမ်းနေသဖြင့် သူတို့အားအသန့်ရှင်းဆုံး အခန်းသို့လမ်းညွှန်လျက်ရှိသော တတိယကောင်းကင်တမန်သတင်းစကားတွင် သူတို့သည်အလင်းတရားကိုမမြင်နိုင်ကြတော့ချေ။

-ဝ-

## အခန်း (၅၆)
## စာတန်၏လှည့်ဖြားခြင်း

စာတန်သည် သူ၏လှည့်ဖြားခြင်းအမှုကို ဧဒင်ဥယျာဉ်၌အစပြုခဲ့၏။ သူကဧဝအား “သင်သည်ဧကန်အမှန်သေရမည်မဟုတ်” ဟုပြောဆို၏။ ဤအချက်ကား၊ ဝိညာဉ်သည်မသေမပျောက်နိုင်ဟူသော အချက်အပေါ်၌ စာတန်၏ပထမသင်ခန်းစာပင်ဖြစ်သည်။ ၄င်းအပြင် ဤလှည့်ဖြားခြင်းအမှုကိုသူသည် ထိုအချိန်မှစ၍ ယခုတိုင်အောင်ပြုကျင့်လက်ရှိ၍ ဘုရာသခင်၏သားသမီးတို့ကို ချုပ်နှောင်ထားရာမှလွတ်သည်တိုင်အောင် သူသည် ဤသို့ပြုလုပ်လိမ့်မည်။ ဧဒင်ဥယျာဉ်၌ရှိသော အာဒံနှင့်ဧဝတို့ကို ကျွန်ုပ်အားညွှန်ပြတော်မူ၏။ သူတို့သည် တားမြစ်ထားသောအပင်၏အသီးကိုစားကြ၏။ ထိုနောက် သူတို့သည် အသက်ပင်၏အသီးကိုစား၍မသေဘဲ အပြစ်သားများဖြစ်နေကြမည်ကိုစိုးရိမ်သဖြင့်၊ အသက်ပင်၏ပတ်လည်တွင် မီးတောက်နေသည့်ဓားကိုကိုင်ထားသည့်ကောင်းကင်တမန်ကိုစောင့်စေလျက်၊ သူတို့ကိုဥယျာဉ်ထဲမှနှင်ထုတ်တော်မူ၏။ ဤသစ်ပင်၏အသီးသည် မသေနိုင်သောအဖြစ်ကိုပေး၏။ “အာဒံ၏အိမ်ထောင်တွင်မည်သူသည် ဤမီးတောက်သောဓားကို ကျော်လွန်၍အသက်ပင်၏ အသီးကိုစားခဲ့ပြီနည်း” ဟု ကောင်းကင်တမန်တပါးကမေးသည်ကိုကျွန်ုပ်ကြားရ၏။ “အာဒံ၏အိမ်ထောင်ထဲမှ မည်သူတစုံတစ်ယောက်မျှ မီးတောက်သောဓားကိုကျော်ဖြတ်၍ အသက်ပင်၏အသီးကိုစားသောသူမရှိ၊ ထိုကြောင့်မသေဘဲနေသော အပြစ်သားတစ်ယောက်မျှမရှိပါ” ဟုအခြားသောကောင်းကင်တမန်က ပြန်ဖြေသည်ကို ကျွန်ုပ်ကြားရ၏။ အပြစ်ပြုသောဝိညာဉ်သည် ထာဝရကာလပတ်လုံးသေရမည်။ ထမြောက်ခြင်းကိုမမြော်လင့်နိုင်သောသေခြင်းဖြစ်သည်။ ထိုသို့အားဖြင့် ဘုရားသခင်၏အမျက်တော်ကိုပြေစေလိမ့်မည်။

“ပြစ်မှားသောဝိညာဉ်သည် အသက်သေရမည်” (ယေဇကျေလ ၁၈း၄) ဟူသောဘုရားသခင်၏အမိန့်တော်ကား၊ ပြစ်မှားသော ဝိညာဉ်သည် မသေဘဲ ထာဝရကာလဒုက္ခဝေဒနာခံစားနေရမည်ဟု ဆိုလိုသည်ဟု လူတို့အားယုံကြည်စေရန် လှည့်ဖြားရာ၌၊ စာတန်သည် အောင်မြင်နိုင်သဖြင့်၊

ကျွန်ုပ်သည်အံ့သြ၏။ "ဝေဒနာခံစားနေရစဉ်အခါဖြစ်စေ၊ ပျော်ရွှင်နေရစဉ်အခါဖြစ်စေ၊ အသက်ရှင်ခြင်းသည်အသက်ရှင်ခြင်းပင်ဖြစ်၏။ သေခြင်း၌ဝေဒနာခံစားခြင်း၊ ဝမ်းမြောက်ခြင်း၊ မနာလိုမုန်းတီးခြင်းမရှိ" ဟုကောင်းကင်တမန်ကပြောဆို၏။

ပထမဦးစွာဒေင်ဉယျာဉ်၌ဧဝအား "သင်သည်ဧကန်အမှန်မသေရ" ဟုပြောဆိုခဲ့သောမုသာစကားကို နှံ့ပြားသွားစေရန်ပြုလုပ်ဘို့ အထူးကြိုးစားရန် သူ၏တမန်များအား စာတန်ကပြောဆို၏။ ၎င်းအပြင်အမှားကို လူများတို့သည်လက်ခံလာကြ၍ လူသည်မသေနိုင်ဟူသောအချက်ကို ယုံကြည်လာကြသောအခါ၊ အပြစ်ရှိသောသူသည် ထာဝရကာလပတ်လုံး ဒုက္ခဆင်းရဲခံလျက်အသက်ရှင်နေရမည်ဟု သူတို့အားယုံကြည်စေရန် စာတန်က သွေးဆောင်၏။ ထိုအခါဘုရားသခင်သည် ရက်စက်စွာကလဲ့စားချေတတ်သောသူ၊ မိမိ၏အလိုကိုမလိုက်သောသူအပေါင်းတို့အား ငရဲထဲသို့ချပစ်၍မိမိ၏အမျက်ဒေါသကိုသူတို့အပေါ်၌ အမြဲသက်ရောက်စေသောသူ၊ ၎င်းအပြင် သူတို့သည်မပြောနိုင်လောက်အောင် ပြင်းသောဝေဒနာကိုခံရလျက် ထာဝရငရဲမီးထဲ၌တွန့်လိမ်နေကြစဉ်၊ သူတို့အပေါ်သို့နှစ်သက်စွာနှင့် ကြည့်ရှုနေသောသူဖြစ်သည်ဟု လူများတို့အားယုံကြည်ထင်မှတ်စေရန် စာတန်သည်သူတို့၏ကိုယ်စားလှယ်များဖြင့် လူများကိုသွေးဆောင်ရန်နည်းလမ်းတခုကိုရရှိလာလေ၏။ လူများတို့သည် ဤအမှားကိုလက်ခံလာကြလျှင်၊ အများသောသူတို့သည် ဘုရားသခင်ကိုချစ်ခင်ရိုသေလာကြမည့်အစား မုန်းကြလိမ့်မည်ဟု စာတန်သိမြင်၏။ ၎င်းအပြင် မိမိဖန်ဆင်းထားတော်မူသော သတ္တဝါတို့အား ထာဝရညှင်းဆဲခြင်းကိုခံစေခြင်းအမှုသည် မိမိ၏ချစ်ခင်ကျေးဇူးပြုတတ်သောဂုဏ်တော်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသောကြောင့်၊ ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ခြိမ်းခြောက်ထားသောစကားများသည် အကယ်ပင်ပြည့်စုံခြင်းသို့ရောက်မည်မဟုတ်ဟု အများသောသူတို့သည် ယုံကြည်လာလိမ့်မည်ဟုစာတန်ကထင်မှတ်၏။

စာတန်သည်လူများတို့အား အကြီးအကျယ်လိုက်နာစေရန် သွေးဆောင်နေသောအခြားအမှုတခုကား၊ ဘုရားသခင်၏ဖြောင့်မှန်ခြင်းအမှုနှင့် နှုတ်ကပတ်တော်၌ ခြိမ်းခြောက်ထားသောအရာများကို လုံးလုံးဂရုမစိုက်

စေခြင်းဖြစ်သည်။ ၎င်းအပြင်ဘုရားသခင်သည် ကရုဏာအပေါင်းနှင့်ပြည့်စုံတော်မူသဖြင့်၊မည်သူမျှမပျက်စီးဘဲ၊သန့်ရှင်းသူနှင့်အပြစ်သားမှစ၍လူအပေါင်းတို့သည်အဆုံး၌နိုင်ငံတော်တွင်ကယ်တင်ခြင်းခံရကြလိမ့်မည်ဟုထင်မှတ်စေရန်ဘော်ပြထားသေး၏။

ဝိညာဉ်မသေမပျောက်နိုင်ခြင်း၊ မကုန်မဆုံးနိုင်သောကာလအဆက်ဆက် ဒုက္ခဝေဒနာခံစားခြင်းအမှုတည်းဟူသောအမှားတို့ကို လူအများခံယူနေကြသဖြင့်၊စာတန်သည်လူတစားကိုပေါ်လာစေဘို့အခွင့်ကြုံပြန်၍၊ကျမ်းစာသည်မှုတ်သွင်းတော်မူသော စာအုပ်မဟုတ်ကြောင်း ထိုသူတို့အားယုံကြည်စွဲလမ်းစေ၏။ ၎င်းသည်ကောင်းသောအရာများကိုသွန်သင်သည်ဟုသူတို့ကထင်မှတ်ကြသော်လည်း၊၎င်းကသူတို့အားထာဝရကာလဒုက္ခဝေဒနာခံစားနေရခြင်းအကြောင်းကိုသွန်သင်ခဲ့သောကြောင့်သူတို့သည် ၎င်းကိုအားမကိုး၊ မနှစ်သက်နိုင်ကြ ချေ။

ဘုရားသခင်တည်ရှိတော်မူခြင်းအကြောင်းကို ငြင်းပယ်လာသောလူတစားဖြစ်ပေါ်လာသည်တိုင်အောင်ပင် စာတန်သွေးဆောင်ပြန်၏။ ဘုရားသခင်သည်လူတစုကိုထာဝရကာလပတ်လုံး ဒုက္ခဝေဒနာခံစားနေစေဘို့ စီမံတော်မူလျှင်၊ ကျမ်းစာတွင်ဖေါ်ပြသော ဘုရားသခင်၏ဂုဏ်တော်နှင့် ညီညွတ်ခြင်းရှိတော်မမူနိုင်ဟု သူတို့ကထင်မှတ်ကြ၏။ ထိုကြောင့်သူတို့သည် ကျမ်းစာကို၎င်း၊ ကျမ်းစာကိုစီရင်တော်မူသောအရှင်ကို၎င်း ငြင်းပယ်၍ သေခြင်းကိုထာဝရအိပ်ပျော်နေခြင်းကဲ့သို့ သဘောထားကြ၏။

ကြောက်ရွံ့စိုးရိမ်တတ်သော လူတစားရှိသေး၏။ ဤသူတို့အားအပြစ်ပြုစေရန် စာတန်ကသွေးဆောင်၍ သူတို့သည်အပြစ်ပြုကြပြီးနောက်၊အပြစ်၏အခသည် သေခြင်းမဟုတ်ဘဲ ထာဝရကာလအဆက်ဆက် အသက်ရှင်လျက်ခံစားနေကြမည့် ကြောက်စရာကောင်းသောညှင်းဆဲခြင်းအမှုဖြစ်လိမ့်မည်ဟု သူတို့အားဘော်ပြနေ၏။ ထိုသို့သူတို့၏အားနည်းသောစိတ်ထဲ၌ မကုန်မဆုံးနိုင်သောငရဲ၏ကြောက်စရာအဖြစ်အပျက်များအကြောင်းကို အကျယ်ချဲ့၍ဖေါ်ပြခြင်းအားဖြင့်၊ သူတို့အား မိမိဘက်သို့ပါအောင် ဆွဲဆောင်သဖြင့်၊ သူတို့သည် ဆင်ခြင်တတ်သောဉာဏ်နှင့်ကင်းမဲ့လာကြ၏။ ထိုအခါ စာတန်နှင့်သူ၏တမန်တို့သည် အလွန်ဝမ်းမြောက်လာကြ၏။ ၎င်းအပြင် ဘုရားကိုမယုံ

ကြည်သူ၊ ဘုရားတရားမဲ့သူတို့သည်လည်း အတူပူးပေါင်းကာ ခရစ်ယာန်ဘာသာကို ကဲ့ရဲ့ပြစ်တင်လာကြ၏။ သူတို့က ဤမကောင်းသောအမှုများသည် ကျမ်းစာ၌၄င်း၊ ကျမ်းစာကိုစီရင်တော်မူသောအရှင်၌၄င်း၊ ယုံကြည်ကိုးစားခြင်းကြောင့် ဖြစ်ပေါ်လာသောအမှုများဖြစ်သည်ဟု သူတို့က အခိုင်အမာပြောဆိုကြ၏။ သို့သော် စင်စစ်အားဖြင့်အများသောသူတို့၏ဖေါက်ပြန်ခြင်းအမှုကို ယုံကြည်လက်ခံခြင်းကြောင့် ၄င်းတို့သည် ဖြစ်ပေါ်လာရပေသည်။

## ကျမ်းစာသည်အကွယ်အကာဖြစ်၏

ကောင်းကင်ဗိုလ်ခြေတို့သည် ဤမျှရဲရင့်စွာပြုသောစာတန်၏အလုပ်အတွက် အလွန်အမျက်ထွက်လျက်ရှိကြသည်ကို ကျွန်ုပ်မြင်ရ၏။ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် တန်ခိုးကြီး၍ ဘုရားသခင်ပေးတော်မူလျှင် ရန်သူ၏တန်ခိုးကို အလွယ်တကူဖျက်ဆီးနိုင်လျက်နှင့်၊ အဘယ်ကြောင့်ဤလှည့်ဖြားခြင်းအပေါင်းတို့ကို လူတို့၏ စိတ်ထဲ၌စွဲလမ်းစေရန် ခွင့်ပြုထားတော်မူသနည်းဟု ကျွန်ုပ်ကမေးမြန်း၏။ စာတန်သည် လူကိုတတ်နိုင်သောနည်းရှိသမျှနှင့်ဖျက်ဆီးရန်ကြိုးစားမည်ကို ဘုရားသခင်သိမြင်တော်မူသောကြောင့်၊ မိမိ၏နှုတ်ကပတ်တော်ကို ရေးမှတ်ထားစေဘို့ စီမံတော်မူပြီးလျှင် လူသတ္တဝါတို့နှင့်သက်ဆိုင်၍ မိမိကြံစည်ထားတော်မူသမျှတို့ကို အားနည်းဆုံးသောသူပင်မမှားနိုင်လောက်အောင် အလွန်ထင်ရှားစွာ ဘော်ပြထားတော်မူသည်ကို ကျွန်ုပ်မြင်ရ၏။ ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်ကို လူအားပေးတော်မူပြီးနောက်၊ စာတန်သို့မဟုတ်သူ၏တမန်များဖြစ်စေ၊ သူ၏ကိုယ်စားလှယ်တစုံတစ်ယောက်ဖြစ်စေ ၄င်းကိုမဖျက်ဆီးနိုင်ရန် ဘုရားသခင်သည်၄င်းကိုသေချာစွာထိန်းသိမ်းထားတော်မူ၏။ အခြားသောစာအုပ်များကို ဖျက်ဆီးနိုင်သော်လည်း၊ ၄င်းသည်မပျက်စီးဘဲ တည်ရှိနေလိမ့်မည်။ နောက်ဆုံးကပ်ကာလအချိန်သို့ နီးကပ်လာသောအခါ၊ စာတ်၏ လှည့်ဖြားခြင်းအမှုသည်တိုးပွားလာလျှင်၊ အလိုရှိသောသူတိုင်း ၄င်းကျမ်းစာကိုရနိုင်လောက်အောင်၄င်းသည်တိုးပွားများပြားလာ၍ သူတို့အလိုရှိသောအခါ၊ ၄င်းအားဖြင့်စာတန်၏လှည့်ဖြားခြင်းနှင့် မုသာစကားများကိုခုခံကာကွယ်ကြလိမ့်မည်။

ဘုရားသခင်သည် အထူးသဖြင့် ကျမ်းစာအုပ်ကို ကာကွယ်တော်မူသည်ကိုကျွန်ုပ်မြင်ရ၏။ သို့သော် စာအုပ်များသည် နည်းသွားသောအခါ၊

ပညာတတ်များတို့သည် စကားအချို့ကိုပြောင်းလဲလျက် ၎င်းတို့ကိုသာ၍ထင်ရှားအောင်ပြုလုပ်ခဲ့ကြပြီဟု တင်မှတ်ကြ၏။ သို့ရာတွင် အမှန်အားဖြင့်မိမိတို့၏ထုံးတမ်းဓလေ့တို့ကိုအမှီပြုသော မိမိတို့၏ထင်မြင်ချက်တို့နှင့် ကိုက်ညီစေရန်ပြုပြင်ထားကြ၏။ သို့သော်ဘုရားသခင်၏ နှုတ်ကပတ်တော်တခုလုံးသည် စုံလင်စွာဆက်သွယ်လျက်ရှိသဖြင့်၊ အစိတ်အပိုင်းတခုသည် အခြားအပိုင်းနှင့်ဆက်သွယ်၍ အဓိပ္ပါယ်ကိုရှင်းလင်းစွာဖေါ်ပြထားသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အသက်လမ်းကို ညွှန်ပြရာ၌ထင်ရှားလွယ်ကူသည်သာမက၊ ထိုကျမ်းစာတွင်ဖေါ်ပြထားသောအသက်လမ်းကိုနားလည်သိရှိစေရန် သန့်ရှင်းသောဝိညာဉ်တော်ကို လမ်းပြသောသူအဖြစ်ချပေးတော်မူသောကြောင့်၊ သမ္မာတရားကိုရှာဖွေသောသူသည်မှားစရာအကြောင်းမရှိ။

ဘုရားသခင်၏ကောင်းကင်တမန်တို့သည် လူတို့၏အလိုဆန္ဒကိုဘယ်အခါမျှမအုပ်စိုးရကြသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ ဘုရားသခင်သည်လူရှေ့၌အသက်ရှင်ခြင်းနှင့်သေခြင်းကို ဖေါ်ပြထားတော်မူ၏။ လူသည် မိမိအလိုရှိရာရွေးယူနိုင်၏။ အများသောသူတို့သည် အသက်ရှင်ခြင်းလမ်းကိုအလိုရှိကြသော်လည်း၊ ကျယ်သောလမ်း၌လျှောက်သွားနေကြသေး၏။ ဘုရားသခင်သည်သူတို့အတွက် မိမိ၏သားတော်ကို အသေခံစေရန်ပေးတော်မူခြင်းဖြင့် မိမိ၏မဟာကရုဏာတော်နှင့် ကြင်နာတတ်သောသဘောတော်ကို ပြထားတော်မူသော်လည်း၊ သူတို့သည် ဘုရားသခင်၏ အုပ်စိုးခြင်းအာဏာကိုပုန်ကန်လိုကြ၏။ အဘိုးများစွာနှင့် ဝယ်ယူတော်မူခဲ့သော ကယ်တင်ခြင်းချမ်းသာကိုလက်ခံလိုသောသူတို့သည် အပြစ်ဒဏ်ကိုခံရကြမည်။ သို့သော် ဘုရားသခင်သည် သူတို့အား အစဉ်အမြဲဝေဒနာခံစားနေစေရန် ငရဲထဲ၌လှောင်ထားတော်မမူပါ။ ကောင်းကင်သို့လည်း သူတို့ကိုခေါ်ဆောင်သွားတော်မမူပါ။ အဘယ်ကြောင့်ဆိုသော်၊ သန့်ရှင်းဖြူစင်သောလူစုထဲသို့ သူတို့ကိုခေါ်ဆောင်လာခြင်းဖြင့် သူတို့အား သာလွန်၍ဒုက္ခရောက်စေလိမ့်မည်ကို ကျွန်ုပ်မြင်ရ၏။ သို့သော်သူတို့ကို ရှင်းရှင်းဖျက်ဆီးတော်မူသဖြင့် သူတို့သည်မရှိဘူးသောသူကဲ့သို့ ဖြစ်ရကြလိမ့်မည်။ ထိုအခါ ဘုရားသခင်၏ ဖြောင့်မှန်ခြင်းအမှုသည် ထင်ရှားလာလိမ့်မည်။ ဘုရားသခင်သည် လူကိုမြေမှုန့်ဖြင့်ဖန်ဆင်း

တော်မူသဖြင့်၊ နားမထောင်၊ မသန့်ရှင်းသောသူသည် မီးဖြင့်လောင်ကျွမ်း၍ မြေမှုန့်အဖြစ်သို့တဖန်ပြန်ရောက်ရှိသွားလိမ့်မည်။ ဤအမှုတွင် ဘုရားသခင်၏ ကရုဏာမေတ္တာတော်ကိုမြင်ကြရသဖြင့်၊ လူအပေါင်းတို့သည် ဘုရားသခင်၏ ဂုဏ်တော်ကိုငင်း၊ နာမတော်ကိုငင်းရိုသေလေးစားကြလိမ့်မည်။ မြေကြီးမှ ဆိုးသွမ်းသောသူရှိသမျှတို့ကို ဖျက်ဆီးပယ်ရှင်းပြီးနောက်၊ ကောင်းကင်ဗိုလ်ခြေအပေါင်းတို့က "အာမင်" ဟုပြောဆိုကြလိမ့်မည်။

သခင်ခရစ်တော်၏နာမကို ခံယူထားသောသူများဖြစ်ကြသည်ဟုဆိုကြသော်လည်း၊ စာတန်ကိုယ်တိုင် အစပြုခဲ့သောလှည့်ဖြားခြင်းအမှုကိုစွဲမြဲစွာယုံကြည်အားကိုးနေသောသူတို့ကို စာတန်သည် အလွန်နှစ်သက်သောလက္ခဏာနှင့်ကြည့်ရှု၏။ သူသည် လှည့်ဖြားခြင်းအမှုတွင် နည်းသစ်တမျိုးကိုကြံစည်ရဦးမည်။ ၎င်းအပြင် ဤလုပ်ငန်း၌ သူ၏တန်ခိုးနှင့် သူ၏နည်းပရိယာယ်သည် အမြဲတိုးတက်လျက်ရှိ၏။ သူ၏ ကိုယ်စားလှယ်များဖြစ်ကြသော ပါပရဟန်းမင်းများနှင့် ဗရင်ဂျီဘုန်းကြီးများတို့အား၊ မိမိတို့ကိုယ်ကို ချီးမြှောက်၍၊ စာတန်၏ လှည့်ဖြားခြင်းအမှုများကို လက်မခံသောသူတို့အားညှင်းဆဲစေရန် လူများတို့ကိုနှိုးဆော်ပေးစေဘို့ စာတန်သည် သွေးဆောင်လေ၏။ သခင်ခရစ်တော်၏ အဘိုးထိုက်သောတပည့်တော်များခံရကြမည့် ဒုက္ခဆင်းရဲခြင်းနှင့် နာကျင်ခြင်းဝေဒနာသည် မည်မျှကြီးကျယ်လိမ့်မည်နည်း။ ကောင်းကင်တမန်တို့သည် ဤအကြောင်းအရာအားလုံးကို သစ္စာနှင့်ရေးမှတ်ထားကြ၏။ စာတန်နှင့်သူ၏ဆိုးသောတမန်တို့က၊ ဒုက္ခခံနေရသော ဤသန့်ရှင်းသူတို့ကိုစောင့်ရှောက်ပြုစုရသော ကောင်းကင်တမန်များအား၊ မြေကြီးပေါ်၌ ခရစ်ယာန်စစ်တစ်ယောက်မျှမကျန်ရစ်စေခြင်းငှာ သူတို့အားလုံးကို သတ်ပစ်ရမည်ဟုဝမ်းမြောက်စွာပြောဆို၏။ ထိုအခါက ဘုရားသခင်၏အသင်းတော်သည် သန့်ရှင်းဖြူစင်လျက်ရှိသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ မိမိတို့ယုံကြည်ခြင်းတရားကို ဖေါ်ပြဝံ့သောခရစ်ယာန်စစ်သည်၊ စာတန်နှင့် သူ၏တမန်များက လူတို့၏စိတ်ကိုနှိုးဆော်သဖြင့်၊ ကြံစည်ပြုလုပ်ကြသော ညှင်းဆဲခြင်းအမျိုးမျိုးတို့ကိုခံရကြသဖြင့်၊ ထိုအခါက အသင်းတော်ထဲသို့ စိတ်သဘောပျက်စီးယိုယွင်းနေသူများဝင်ရောက်လာမည်ကို မစိုးရိမ်ရကြချေ။

-၀-

# အခန်း (၅၇)
## နတ်ဝိဇ္ဇာအတတ်

နာမ်ဝိညာဉ်သည်မသေမပျောက်နိုင်ဟူသော ဩဝါဒသည်ခေတ်ကာလ၏နတ်ဝိဇ္ဇအတတ်ကိုဖြစ်ပေါ်လာစေဘို့လမ်းဖွင့်ပေးလေ၏။ သေသောသူတို့သည် ဘုရားသခင်နှင့်သန့်ရှင်းသော ကောင်းကင်တမန်တို့၏ရှေ့သို့ရောက်လာဘို့အခွင့်ရလျက်၊ အထက်က မိမိတို့ရရှိသော ပညာထက်အလွန်သာ၍ မြတ်သော အသိပညာကိုရရှိခွင့်ရှိခဲ့ကြလျှင်၊ သူတို့သည်အသက်ရှင်နေသော သူတို့အား အလင်းကိုပေး၍ သွန်သင်ရန် အဘယ်ကြောင့်မြေကြီးပေါ်သို့ ပြန်မလာဘဲ နေရကြမည်နည်း။ လူသည်သေသောအခါ၌ အသိဥာဏ်ရှိသေးသည်ဟု ယုံကြည်သောသူတို့သည် ဘုန်းတန်ခိုးရှိသော ဝိညာဉ်များမှတဆင့်ဘုရားထံမှ သက်ရောက်လာသည်ဟုဆိုသော အလင်းကို အဘယ်ကဲ့သို့ ငြင်းပယ်နိုင်မည်နည်း။ ဤနေရာ၌ စာတန်သည် မိမိ၏ရည်ရွယ်ချက်အောင်မြင်စေဘို့ ပြုလုပ်ထားသော လမ်းကြောင်းတခုကို သန့်ရှင်းသည်ဟုထင်မှတ်ကြ၏။ သူစေခိုင်းသမျှကို လိုက်နာဆောင်ရွက်ကြသည့် ကျဆုံးသောတမန်တို့သည် သေသူတို့၏ဝိညာဉ်များတည်ရှိရာ လောကမှစေတမန်များကဲ့သို့ ပေါ်လာကြ၏။ အသက်ရှင်သောသူတို့ကို သေသောသူတို့နှင့်ဆက်သွယ်ပေးနိုင်သည်ဟု ပြောဆိုလျက်နေစဉ်၊ စာတန်သည် သူတို့အပေါ်၌မိမိ၏လှည့်စားခြင်းတန်ခိုးကို အသုံးပြုလျက်ရှိ၏။

သူသည် သေဆုံးသွားသော မိတ်ဆွေတို့၏ ပုံပန်းလက္ခဏာတို့ကိုပင် လူတို့ရှေ့၌ ပေါ်လာအောင် ပြုလုပ်ပေးနိုင်သော တန်ခိုးနှင့်ပြည့်စုံ၏။ တုပပြုလုပ်ခြင်း အမှုသည် စုံလင်၏။ ကြည့်ပုံ၊ စကားပြောပုံ၊ သံနေသံထားမှစ၍ အံ့ဩဘွယ်ခွဲခြားသိသာလောက်အောင် ပြုလုပ်ပေးနိုင်၏။ မိမိတို့ချစ်ခင်သော ဆွေမျိုးများသည် ကောင်းကင်ချမ်းသာကို ခံစားနေရကြပြီဟုအများသောသူတို့သည် ယုံကြည်စိတ်ချလျက် စိတ်သက်သာခြင်းနှင့်ပြည့်စုံလာကြ၏။ ၎င်းပြင် မိမိတို့သည် ဘေးဥပဒ်ရောက်မည်ကို စိုးရိမ်ယုံမှားခြင်းမရှိဘဲ၊ လှည့်ဖြားတတ်သော စိတ်ဝိညာဉ်တို့၌၎င်း၊ နတ်ဘုရားတို့နှင့် ဆိုင်သောဩဝါဒတို့၌၎င်း မှီဝဲဆည်းကပ်ကြလေ၏။

သေသောသူတို့သည် မိမိတို့နှင့်ဆက်သွယ်ရန် အကယ်ပင်ပြန်လာကြသည်ဟု သူတို့အားယုံကြည်စေရန် သွေးဆောင်ပြီးသောအခါ၊ စာတန်သည်ပြင်ဆင်ခြင်းမရှိဘဲ သင်းချိုင်းထဲသို့ ရောက်ရှိသွားသော သူတို့ကိုပေါ်လာစေရန်ပြုလုပ်၏။ သူတို့သည် ကောင်းကင်သို့ရောက်၍ မြင့်မြတ်သောနေရာကိုပင် ရရှိထားကြသည်ဟုအခိုင်အမာဆိုကြ၏။ ထိုသို့အားဖြင့်ဖြောင့်မတ်သောသူတို့နှင့် ဆိုးသောသူတို့၌ ခြားနားခြင်းမရှိဟူသော အမှားကိုအများအပြား သွန်သင်လာကြ၏။ သေသောသူတို့၏ ဝိညာဉ်များနေရာအရပ်မှလာဟန်တူသော သူတို့က သတိပေးစကားများကိုပင် တခါတရံပြောဆိုတတ်၍ ၎င်းစကားများမှာလည်း ဟုတ်မှန်တတ်၏။ ထိုနောက်ထိုအမှုကိုယုံကြည်အားကိုးလာကြသောအခါ၊ ကျမ်းစာ၌ ယုံကြည်ခြင်း ကင်းမဲ့စေသောသြဝါဒများကို သူတို့သွန်သင်လာကြ၏။ မြေကြီးပေါ်၌ရှိနေသော မိမိတို့မိတ်ဆွေများ၏ အကျိုးကိုအလွန် စိတ်ပါသောဟန်ဖြင့်၊ သူတို့သည် အလွန်ကြောက်စရာကောင်းသော အမှားများကို အယုံသွင်းလာကြ၏။ သူတို့သည်မှန်သောအရာအချို့ကို ပြောပြ၍လာလတ့်သော အဖြစ်အပျက်တို့ကိုပင်ကြိုတင် ဖေါ်ပြနိုင်သည်တို့ကို ထောက်လျက်၊ သူတို့ဘော်ပြချက်တို့သည် ယုံကြည်အားကိုးဘွယ် လက္ခဏာရှိလာကြ၏။ ၎င်းပြင် သူတို့၏မှားသောသြဝါဒများကို ကျမ်းစာ၏အမြတ်ဆုံး သမ္မာတရားများအဖြစ်နှင့် အများသောသူတို့သည် အလွယ်တကူချက်ခြင်း လက်ခံယုံကြည်လာကြ၏။ ဘုရားသခင်၏ပညတ်တရားတော်ကို ပယ်ရှားထား၍ ဝိညာဉ်ဆုကျေးဇူးကိုရှုတ်ချလျက်၊ ပဋိညာဉ်နှင့်ဆိုင်သော အသွေးတော်ကို မသန့်ရှင်းသောအရာဟုထင်မှတ်ကြ၏။ နတ်ဆိုးများက သခင်ခရစ်တော်၌ ဘုရားတန်ခိုးမရှိဟုငြင်းပယ်လျက်၊ ဖန်ဆင်းရှင်ကို မိမိတို့ကိုယ်တိုင်နှင့် တန်းတူထားကြ၏။ ထိုသို့သော ဟန်ဆောင်မှုအသစ်အားဖြင့်သူပုန်ကြီးသည် ကောင်းကင်၌အစပြု၍ မြေကြီးပေါ်၌အနှစ်ခြောက်ထောင်နီးပါး ဆက်လက်ပြီး ဘုရားသခင်ကိုတိုက်ခိုက်နေသေး၏။

အများသောသူတို့က နတ်ဝိဇ္ဇာအတတ်နှင့်ပတ်သက်၍ ပြုလုပ်ပြသောအမှုများတို့မှာ နတ်ဝိဇ္ဇာဆရာများ၏ လှည့်စားခြင်း လိမ်လည်ခြင်းအမှုများသာဖြစ်ကြသည်ဟု ပြောဆိုနေကြသည်။ လှည့်စားခြင်းအမှုများအားဖြင့်မ

ကြာခဏတကယ့်အဖြစ်အပျက်ကဲ့သို့ ဘော်ပြတတ်သည်မှာမှန်သော်လည်း၊ ဓမ္မတာထက်လွန်ကဲ၍ ထူးခြားသောတန်ခိုးများနှင့် သက်ဆိုင်သောအဖြစ်အပျက်များကိုလည်းဘော်ပြတတ်ကြသေးသည်။ ခေတ်သုံးနတ်ဝိဇ္ဇာအတတ်တွင် လက်နှင့်ပုတ်ပြသောအမှုသည် လူ၏လှည့်စားခြင်းမဟုတ်၊ နတ်ဆိုးတို့၏ အလုပ်ဖြစ်သည်။ ဝိညာဉ်များကို ပျက်စီးစေရန် နတ်ဆိုးများက ဤအမှုကို အလွန်အောင်မြင်စွာ လှည့်ဖြားခဲ့ကြပြီ။ နတ်ဝိဇ္ဇာအတတ်သည် လူ၏လှည့်ဖြားခြင်းအမှုသာ ဖြစ်သည်ဟူသော အယုံအကြည်အားဖြင့် လူအများတို့ သည်သွေးဆောင်ခြင်းခံရကြလိမ့်မည်။ ထူးခြားသော အဖြစ်အပျက်များကို မိမိကိုယ်တိုင် တွေ့မြင်လာရကြသောအခါ သူတို့သည် လှည့်ဖြားခြင်းခံရကြ၍ ၎င်းအဖြစ်အပျက်တို့ကို ဘုရားသခင်၏ ကြီးမြတ်သောဘုန်းတန်ခိုးအဖြစ်လက်ခံလာကြလိမ့်မည်။

ဤလူတို့သည်စာတန်နှင့်သူ၏ကိုယ်စားလှယ်များက ပြုလုပ်သောအံ့ဩဘွယ် အမှုတို့အကြောင်းကျမ်းစာ၌ သက်သေခံထားသော အချက်ကိုသတိမပြုမိကြချေ။ စာတန်၏ အကူအညီအားဖြင့် ဖာရောမင်း၏ နတ်ဝိဇ္ဇာဆရာများသည် ဘုရားသခင်၏အလုပ်ကိုအတုခိုး၍ ပြုလုပ်နိုင်ကြ၏။ နောက်ဆုံးသောကာလ၌ ပြုလုပ်ကြမည့်အံ့ဩဘွယ် နိမိတ်လက္ခဏာများအကြောင်းနှင့်ပတ်သက်၍ တမန်တော်ယောဟန်က၊ "ကြီးစွာသော နိမိတ်လက္ခဏာတို့ကိုလည်းပြ၏။ လူတို့မျက်မှောက်၌ ကောင်းကင်က မြေကြီးအပေါ်သို့ မီးကိုဆင်းသက်စေ၏။ ပထမသားရဲရှေ့၌ ပြပိုင်သော နိမိတ်လက္ခဏာတို့အားဖြင့် မြေကြီးသားတို့ကို လှည့်ဖြား၏" ဟုဖော်ပြထား၏။ ဗျာဒိတ်ကျမ်း ၁၃း၁၃၊၁၄။ ယခုဖော်ပြသောအရာသည် လှည့်ဖြားခြင်းအမှု သက်သက်သာမဟုတ်။ စာတန်၏ကိုယ်စားလှယ်များက ဟန်ဆောင်ခြင်းမဟုတ်ဘဲ၊ အကယ်ပင် မိမိတို့ပြုလုပ်ပိုင်သော တန်ခိုးဖြင့်ဖော်ပြသော နိမိတ်လက္ခဏာများအားဖြင့် လူတို့သည်လှည့်စားခြင်းခံရကြပြီ။

## ခေတ်ကာလ၏စုန်းကဝေအတတ်

ယခုစုန်းကဝေအတတ်ရှံ့ရှာလာကြပေသည်။ လူများသည် နတ်ဆိုးများနှင့်ဆက်သွယ်နိုင်သည်ဟု အခိုင်အမာပြောဆိုချက်သည် မှောင်မိုက်ကာလ၏ ဒဏ္ဍာရီကဲ့သို့ သဘောထားလာကြပြီ။ သို့ရာတွင် ထောင်သောင်းမ

ကသိန်းသန်း များစွာသောသူတို့ယုံကြည်လာကြသော နတ်ဝိဇ္ဇာအတတ်သည် လောကဓါတ်ပညာရှိတို့အထဲတွင် ရောက်ရှိလာ၏။ အသင်းတော်များ၌ပင် ကျူးကျော်ဝင်ရောက်လာ၍ လွှတ်တော်များနှင့်ရှင်ဘုရင်တို့၏နန်းတော်များ၌ပင်ငင်းကို နှစ်သက်လာကြ၏။ ဤမျှကြီးကျယ်သော လှည့်ဖြားမှုကြီးသည် ရှေးအခါကအပြစ်ဒဏ်ပေး၍တားမြစ်ခဲ့သော စုန်းကဝေအတတ်ကိုအသစ်သောနည်းဖြင့်အရောင်ဆောင်ထားခြင်းဖြစ်သည်။

တားမြစ်ထားသော ပညာကိုရရှိလိုသောဆန္ဒကို နှိုးဆောင်ပေးခြင်းဖြင့်စာတန်သည် ဧဒင်ဥယျာဉ်၌ ဧဝကိုသွေးဆောင်သည်နည်းတူ၊ ယခုကာလ၌လည်းစာတန်သည်လူတို့ကိုသွေးဆောင်နေ၏။ "သင်တို့သည်မျက်စိပွင့်လင်းလျက်ကောင်းမကောင်းကိုသိ၍ဘုရားသခင်ကဲ့သို့ဖြစ်ကြလတံ့"ဟုသူကဖေါ်ပြ၏။ ကမ္ဘာဦး ၃း၅။ သို့သော်နတ်ဝိဇ္ဇာအတတ်ကပေးသောပညာသည်တမန်တော်ယာကုပ်ဖေါ်ပြထားသည်အတိုင်း "အထက်မှသက်ရောက်သောပညာမဟုတ်၊ မြေကြီးပညာ၊ဇာတိပကတိပညာ၊နတ်ဆိုးပညာဖြစ်၏။" ယာကုပ်၊ ၃း၁၅။

မှောင်မိုက်ကိုအစိုးရသောမင်းသည် ပညာအမျိုးမျိုးတွင် အလွန်ထူးချွန်၍ အခြေအနေအမျိုးမျိုးကျွမ်းကျင်မှုအမျိုးမျိုးနှင့် ပြည့်စုံသောလူတို့အား သူတို့၏အခြေအနေအလျောက် သွေးဆောင်ခြင်းအမှုကို သင့်တော်သလိုလိမ္မာပါးနပ်စွာ အသုံးပြုတတ်သည်။ သူသည် လူ၏သားသမီးတို့ကို အုပ်ချုပ်စိုးပိုင်နိုင်ရန် မတရားသောလှည့်ဖြားခြင်း အမျိုးမျိုးတို့ကိုပြုလုပ်၏။ သို့ရာတွင် သူ၏သွေးဆောင်ခြင်းသို့ မိမိတို့အလိုအလျောက် လိုက်ပါသွားသောသူတို့အပေါ်၌သာ မိမိရည်ရွယ်ချက်အတိုင်း ပြုလုပ်နိုင်၏။ မိမိတို့၏မတရားသောအကျင့်၌ ကျင်လည်နေခြင်းဖြင့်သူ၏ လက်အောက်သို့ရောက်ရှိနေသောသူတို့သည် မည်ကဲ့သို့သော လမ်းဆုံးသို့ရောက်ရကြမည်ကို အနည်းငယ်မျှမသိရှိကြ။ သွေးဆောင်သူသည် သူတို့ကိုပျက်စီးခြင်းသို့ရောက်စေလျက်၊ သူတို့အားဖြင့် အခြားသူတို့ကိုတဖန်ပျက်စီးစေပြန်၏။

## မည်သူမျှလှည့်ဖြားခြင်းမခံသင့်

နတ်ဝိဇ္ဇာအတတ်၏ လှည့်ဖြားခြင်းအမှုများအားဖြင့် မည်သူမျှသွေးဆောင်ခြင်းခံဘို့မသင့်ချေ။ သွေးဆောင်ခြင်း အမှုအကြောင်းကို သိရှိရန်ဘု

ရားသခင်သည် လောကအားလုံးလောက်စွာ အလင်းတရားကို ချပေးတော်မူ၏။ အခြားသောသက်သေသာဓကမရှိလျှင်၊ နတ်ဆိုးတို့သည် ဖြောင့်မတ်ခြင်းနှင့်အပြစ်ဒုစရိုက်ကိုငှင်း၊ သခင်ခရစ်တော်၏အမြတ်ဆုံး၊ အသန့်ရှင်းဆုံး တမန်တော်တို့နှင့်စာတန်၏ အဆိုးဆုံးကျွန်များတို့ကိုငှင်း ခြားနားခြင်းမပြုလုပ်ဘဲနေသည်အမှုနှင့်ပင် ခရစ်ယာန်တို့အတွက် လုံလောက်ပေသည်။ အယုတ်ဆုံးသောသူကို ကောင်းကင်၌အလွန်မြင့်မြတ်သောနေရာတွင်ရှိနေသကဲ့သို့ဖော်ပြထားခြင်းဖြင့်၊ စာတန်က လောကအား "သင်သည် အဘယ်မျှလောက်ဆိုးသော်လည်းကိစ္စမရှိ။ သင်သည်ဘုရားသခင်နှင့် ကျမ်းစာကိုယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ၊ ကိစ္စမရှိ။ သင်နှစ်သက်သလိုနေထိုင်ပါ။ ကောင်းကင်သည်သင်၏နေရာဌာနဖြစ်သည်" ဟုဆိုရာရောက်ပေ၏။

ထိုမျှမကသေး၊ တမန်တော်များ၏အရောင်ကို ဆောင်နေကြသည့်ဤလှည့်ဖြားသော နတ်ဆိုးတို့သည် မြေကြီးပေါ်၌ ထိုတမန်တော်တို့အသက်ရှင်နေစဉ်က သန့်ရှင်းသောဝိညာဉ်တော်၏ အမိန့်အတိုင်း ရေးသားခဲ့ကြသောအရာများကို ဆန့်ကျင်ဘက်ပြုလုပ်နေကြ၏။ ကျမ်းစာအုပ်ကိုဘုရားသခင်အစပြုစီမံတော်မူသည် ဟူသောအချက်ကိုသူတို့သည် ငြင်းပယ်ကြ၍ခရစ်ယာန်တို့၏မြော်လင့်ခြင်းတွင် အခြေအမြစ်ဖြစ်သော အရာကိုဖျက်ဆီးလျက်ကောင်းကင်လမ်းခရီးသို့ညွှန်သောအလင်းကိုပယ်ရှားကြလေပြီ။

ကျမ်းစာသည် ပုံဝတ္ထုမျှသာဖြစ်သည်။ သို့မဟုတ် ကမ္ဘာဦးရှိလူမျိုးများနှင့်သာ သင့်တော်၍၊ ယခုခေတ်တွင်ငှင်းကို တော်သင့်ရုံဂရုစိုက်အပ်သည်သို့မဟုတ် အသုံးမဝင်သော အရာအဖြစ်လုံးလုံး ပယ်ရှားထားသင့်သည်ဟုလောကအား ယုံကြည်ထင်မှတ်စေရန် စာတန်သည် သွေးဆောင်နေ၏။ဘုရားသခင်၏ နှုတ်ကပတ်တော်နေရာတွင်သူသည် နတ်ဝိဇ္ဇာအတတ်ပညာနှင့်ဆိုင်သော အကြောင်းအရာအဖြစ်အပျက်များကို ဖော်ပြထား၏။ သူသည်မည်သူဖြစ်မည်ကို လောကအားယုံကြည်စေရန် အသုံးပြုနိုင်သောနည်းတခုကိုဤနေရာ၌ သူကိုယ်တိုင် စီမံပြုလုပ်ထားလေပြီ၊ သူနှင့်သူ၏ တပည့်များကို တရားစီရင်မည့်ကျမ်းစာအုပ်တွင် သူအလိုရှိသော နေရာများကိုဖုံးကွယ်ထား၏။ လောက၏ကယ်တင်ရှင်ကို သာမညလူကဲ့သို့ပင် ထင်မှတ်

စေအောင်ပြုလုပ်ထား၏။ သခင်ယေရှုသချိုင်းကို စောင့်ရသောရောမစစ်သူရဲတို့အား၊ ကိုယ်တော်ထမြောက်တော်မူခြင်းအကြောင်းကို အလွဲသတင်းလွှင့်စေရန် ယဇ်ပရောဟိတ်များနှင့်အကြီးအကဲတို့က စေခိုင်းသည့်နည်းတူ၊ နတ်ဝိဇ္ဇာအတတ်၌ယုံကြည်သူတို့က၊ ကျွန်ုပ်တို့ကယ်တင်ရှင်၏ အသက်တာအကြောင်းသည်ထူးဆန်းအံ့ဩဘွယ်အကြောင်းမဟုတ်ဟုထင်မှတ်စေကြလေပြီ။

သခင်ယေရှု၏အကြောင်းကို ထိုသို့အခြေပြုပြီးလျှင်၊ သူတို့သည်မိမိတို့ပြုလုပ်သောနိမိတ်လက္ခဏာများကို ပြလျက်ငင်းတို့သည်သခင်ယေရှုပြုတော်မူသောအမှုတို့ထက်အလွန်သာ၍ အံ့ဩဘွယ်ကောင်းသည်ဟု ပြောဆိုကြ၏။

ပရောဖက်ဟေရှာယက၊ "တိုးတိုးပြော၍ မန္တန်သရဇ္ဈာယ်တတ်သောနတ်ဝင်နှင့်စုန်းတို့၌ ဆည်းကပ်ကြလော့ဟု သင်တို့အားဆိုလျှင်မူကား၊ လူတို့သည်မိမိတို့ဘုရားသခင်၌ မဆည်းကပ်အပ်သလော။ အသက်ရှင်သောသူ၏အမှုမှာ အသက်သေသောသူ၌ ဆည်းကပ်အပ်သလော။ တရားတော်ကိုင်း၊ သက်သေခံတော်မူချက်ကိုင်း နားထောင်ကြကုန်အံ့။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့် မညီလျှင် သူတို့၌အာရုဏ်မတက်သေး" ဟုပြောဆို၏။ (ဟေရှာယ ၈း၁၉၊၂၀)။ သေသောသူသည် အဘယ်အရာကိုမျှမသိဟုကျမ်းစာက အလွန်ထင်ရှားစွာဖေါ်ပြထားသော သမ္မာတရားကိုလူသည်လက်ခံဘို့အလိုရှိခဲ့လျှင်၊ မိမိ၏တန်ခိုးနှင့် စာတန်ပြုလုပ်သော အရာများ၊ နိမိလက္ခဏာများနှင့် လှည့်ဖြားထားသော အံ့ဩဘွယ်အမှုများကိုသူတို့သည် တွေ့မြင်ရကြလိမ့်မည်။ ဇာတိစိတ်သဘောက နှစ်သက်သော လွတ်လပ်ခွင့်နှင့် သူတို့ခင်မင်သောအပြစ်ဒုစရိုက်ကိုစွန့်ပြစ်ရမည့်အစား၊ လူစုတို့သည် အလင်းကိုမကြည့်၊ သတိပေးခြင်းကို ဂရုမစိုက်ဘဲ ရှေ့သို့ဆက်လက်သွားနေကြစဉ်၊ စာတန်သည်သူတို့ကို ဘမ်းရန်ကြံစည်နေသဖြင့်၊ အဆုံး၌ သူတို့သည် စာတန်၏လက်ထဲသို့ကျရောက်သွားကြ၏။ "ထိုသူတို့သည် ကယ်တင်ခြင်းသို့ရောက်အံ့သောငှာ၊ သမ္မာတရား၌ မွေ့လျော်သောစိတ်ကိုမခံမယူကြ။ ထိုကြောင့်. . . . မုသာစကားကို ယုံစိမ့်သောငှာ၊ မိစ္ဆာဒိဋ္ဌိပြုပြင်အားထုတ်ခြင်းအခွင့်ကို သူတို့၌ ဘုရားသခင် လွှတ်တော်မူလိမ့်မည်။" ၂သက်သာလောနိတ်၊ ၂း၁၀၊၁၁။

နတ်ဝိဇ္ဇာအတတ်ပညာကို ဆန့်ကျင်ဘက်ပြုသောသူတို့သည်လူကိုသာ မဟုတ်စာတန်နှင့် သူ၏တမန်များကို တိုက်ခိုက်ခုခံနေကြသည်။ သူတို့သည် အထွဋ်အမြတ်တို့နှင့်၄င်း၊ အာဏာစက်တို့နှင့်၄င်း၊ မိုးကောင်းကင်၌နေသော နတ်ဆိုးတို့နှင့်၄င်း ဆိုင်ပြိုင်တိုက်လှန်ရကြလေပြီ။ ကောင်းကင်တမန်တို့၏ တန်ခိုးအားဖြင့် နှင်ထုတ်ခြင်းမခံရလျှင်၊ စာတန်သည်မိမိ၏ နေရာမှတလက် မျှပင် ဆုတ်လိမ့်မည်မဟုတ်။ ကျွန်ုပ်တို့၏ ကယ်တင်ရှင်သည် "ကျမ်းစာ၌ လာသည်ကား" ဟူသော စကားများဖြင့် လူကိုတွေ့ဆုံသည့်နည်းတူ၊ ဘုရား သခင်၏ လူများတို့သည် စာတန်နှင့် တွေ့ဆုံနိုင်ရကြမည်။ သခင်ခရစ်တော် လက်ထက်မှာကဲ့သို့ပင် စာတန်သည်ကျမ်းချက်များကို ရွတ်ဆိုပြနိုင်၍ သူသည် မိမိ၏လှည့်ဖြားခြင်းအမှုနှင့်ဆီလျော်အောင် ကျမ်းစာ၏ဩဝါဒများကို ပြောင်း လွှဲပေးလိမ့်မည်။ သို့သော် ကျမ်းစာ၌ရိုးသားစွာဖေါ်ပြထားသောအချက်သည် တိုက်ပွဲတိုင်း၌တန်ခိုးကြီးသော လက်နက်များဖြစ်လာကြလိမ့်မည်။

ဘေးဥပဒ်ရောက်ရာကာလတွင် ခုခံရကြမည့်သူတို့သည် လူ၏ဇာတိ သဘောနှင့် လူသေတို့၏အခြေအနေ အကြောင်းကျမ်းစာက သက်သေခံထား သောအချက်များကို နားလည်ရကြမည်။ အဘယ်ကြောင့်ဆိုသော်အများသော သူတို့သည် ကာလမကြာမမြင့်မှီမိမိတို့ ချစ်ခင်နှစ်သက်သောဆွေမျိုးများ၊ မိတ်ဆွေများတို့၏ အယောင်ကိုဆောင်လျက်၊ ဘေးဥပဒ်အများဆုံးသောဖေါက် ပြန်မှုကို ဖေါ်ပြကြသောနတ်ဆိုးများနှင့် ဆိုင်ပြိုင်တိုက်လှန်ရကြလိမ့်မည်။ ဤအယောင်ဆောင်လာသောသူတို့သည် ကျွန်ုပ်တို့၏စိတ်ကို နူးညံ့လာစေရန် သနားစရာ ကောင်းလောက်အောင်တောင်းပန်လျက်၊ သူတို့၏ လှည့်ဖြားမှုနှင့် ဆီလျော်စေရန်၊ အံ့ဘွယ်သော အမှုတို့ကိုပြကြလိမ့်မည်။ သေသောသူသည် ဘာမျှမသိ၊ ၄င်းအပြင် ထိုသို့ပေါ်လာသောသူတို့သည် နတ်ဆိုးများဖြစ်ကြ သည်ဟု ကျမ်းစာကဖေါ်ပြထားသောသမ္မာတရားနှင့်သူတို့အား ခုခံနိုင်ရန်ကျွန်ုပ် တို့သည် အသင့်ပြင်ဆင်ထားရကြမည်။

လောကကိုလှည့်ဖြားရန်နောက်ဆုံးကြီးပမ်းမှုအတွက် စာတန်သည်ကြာ မြင့်စွာကပင်ပြင်ဆင်လျက်ရှိ၏။ ဧဒင်ဥယျာဉ်၌ ဧဝအား၊ "သင်သည် ဧကန် အမှန်သေရမည်မဟုတ်. . . . ထိုအသီးကို စားသောနေ့၌ သင်တို့သည်မျက်စိပွင့်

လျက်ကောင်းမကောင်းကိုသိ၍၊ ဘုရားသခင်ကဲ့သို့ဖြစ်လတံ့ဟု” (ကမ္ဘာဦး၊ ၃း၄၊၅)။ စိတ်ချရလောက်အောင်ပြောဆိုခဲ့သော စကားများကို အမှီပြုလျက်၊ သူသည်မိမိ၏ လုပ်ငန်းကိုအစပြုခဲ့၏။ နတ်ဝိဇ္ဇာအတတ်ပညာအထိတိုးပွား လာသည်တိုင်အောင် သူသည်မိမိ၏ လှည့်ဖြားခြင်းအမှုကြီးကို တဖြည်းဖြည်း ပြုပြင်လာခဲ့လေပြီ။ သူ၏ရည်ရွယ်ချက်သည် လုံးလုံးမပြည့်စုံမပြီးမြောက်သေး ချေ။ သို့သော် နောက်ဆုံးကျန်နေသေးသောအချိန်၌၊ ၎င်းအမှုသည် ဖြစ်မြောက် လာ၍၊ လောကတခုလုံးသည် ဤလှည့်ဖြားခြင်းအမှုကြီးတွင် နစ်မွမ်းနေကြ လိမ့်မည်။ သူတို့သည် သေခြင်းကိုဖြစ်စေမည့် လုံခြုံမှုမျိုးထဲသို့လျင်မြန်စွာ ရောက်ရှိသွားစေရန် သွေးဆောင်ခြင်းခံနေကြရာ၊ အဆုံး၌ဘုရားသခင်၏ အမျက်တော်သက်ရောက်လာသော အခါကျမှသာ မိမိတို့အခြေအနေကို သိမြင် နိုးကြားလာကြလိမ့်မည်။

-ဝ-

## အခန်း (၅၈)
## ကျယ်စွာကြွေးကြော်ခြင်း

ကောင်းကင်တမန်တို့သည် မြေကြီးသို့ဆင်းလာလျက်၊ တဖန်ကောင်းကင်သို့ပြန်တက်သွားလျက်၊ ကောင်းကင်တွင် ထိုမှဤမှလျင်မြန်စွာသွားလာနေလျက်၊ အရေးကြီးသောအဖြစ်အပျက်တစုံတခု ပြည့်စုံလာစေဘို့အတွက်ပြင်ဆင်နေကြသည်ကို ကျွန်ုပ်တွေ့မြင်ရ၏။ ထိုနောက် ခွန်အားကြီးသောကောင်းကင်တမန်တပါးသည် မြေကြီးသို့ဆင်းလာ၍ တတိယကောင်းကင်တမန်နှင့်ပူးပေါင်းကြွေးကြော်လျက် သူ၏သတင်းစကား၌ တန်ခိုးနှင့်ခွန်အားကိုချပေးဘို့ အမိန့်တော်ကိုခံယူရရှိသည်ကိုမြင်ရ၏။ ထိုကောင်းကင်တမန်သည် ကြီးစွာသောတန်ခိုးနှင့် ဘုန်းတော်ကိုရရှိသဖြင့်၊ သူဆင်းလာသောအခါမြေကြီးသည် သူ၏ဘုန်းအသရေနှင့်ထွန်းလင်းသွားလေ၏။ ဤကောင်းကင်တမန်၏အလင်းသည် အရပ်ရပ်သို့ ရောက်ရှိသွားစဉ်၊ "ဗာဗုလုန်မြို့ကြီးပြိုလဲပြီ။ ပြိုလဲပြီ။ နတ်ဆိုးနေရာဖြစ်လေပြီ။ ညစ်ညူးသော ဝိညာဉ်မျိုး၏တွင်းဖြစ်လေပြီ။ ညစ်ညူး၍စက်ဆုပ်ဘွယ်သော ငှက်မျိုး၏ နေရာဖြစ်လေပြီ" ဟု သူကျယ်သောအသံနှင့်ပြင်းစွာကြွေးကြော်လေ၏။ ဗျာဒိတ် ၁၈း၂။

ဒုတိယကောင်းကင်တမန်ကြားပြောထားသည်အတိုင်း၊ ဗာဗုလုန်မြို့ကြီးပြိုလဲခြင်းအကြောင်းကို ထပ်မံကြွေးကြော်ပြန်ရာ၊ ၁၈၄၄ ခုနှစ်တွင်အသင်းတော်ထဲသို့ ဝင်ရောက်လာနေသော ပျက်စီးဆိုးယုတ်ခြင်းအကြောင်းကို ထပ်၍ဖေါ်ပြထား၏။

တတိယကောင်းကင်တမန်၏သတင်းစကားသည် ကျယ်သောကြွေးကြော်သံဖြစ်လာသောအခါ၌၊ ဤကောင်းကင်တမန်၏အလုပ်သည်သင့်လျော်သောအချိန်၌ ဤနောက်ဆုံး ကြီးကျယ်သောအလုပ်နှင့်အတူပူးပေါင်းကာပေါ်ပေါက်လာလေ၏။ ၎င်းအပြင် ဘုရားသခင်၏လူတို့သည်၊ ထိုသို့အားဖြင့်၊ မိမိတို့မကြာမီတွေ့ဆုံရကြမည့် သွေးဆောင်ခြင်းကျရောက်ချိန်တွင်၊ အသင့်ပြင်ဆင်လျက်ရှိကြ၏။ သူတို့အပေါ်သို့ အလွန်တောက်ပသောအလင်းရောင်သက်ရောက်လာ၍ သူတို့သည် ရဲရင့်စွာတတိယကောင်းကင်တမန်၏သတင်းစကားကို ကြွေးကြော်ကြလေ၏။

ခွန်အားကြီးသော ကောင်းကင်တမန်ကြီးကိုကူညီရန် ကောင်းကင်မှကောင်းကင်တမန်များကိုစေလွှတ်တော်မူ၍၊ "ငါ၏လူမျိုးတို့၊ သူ၏အပြစ်တို့ကိုဆက်ဆံခြင်းနှင့်၎င်း၊ သူ၏ဘေးဒဏ်များကိုခံခြင်းနှင့်၎င်း၊ ကင်လွတ်အံ့သောငှာ၊ သူ၏အထဲကထွက်ကြလော့။ သူ၏အပြစ်တို့သည် ကောင်းကင်ဘုံတိုင်အောင်မှီကြသည်ဖြစ်၍၊ သူ၏ မတရားသောအမှုတို့ကို ဘုရားသခင်သတိရတော်မူပြီ" ဟုအရပ်ရပ်၌ ကြွေးကြော်ဟန်ရှိသောအသံကို ကျွန်ုပ်ကြားရ၏။ ဗျာဒိတ်ကျမ်း၊ ၁၈း၄၊၅။ ၁၈၄၄ ခုနှစ်တွင် သန်းခေါင်ယံကြွေးကြော်သံသည် ဒုတိယကောင်းကင်တမန်၏ သတင်းစကားနှင့်အတူပူးပေါင်းသွားသောအခါ၊ ဤသတင်းစကားသည် တတိယသတင်းစကားနှင့်အတူပူးပေါင်းသွားဟန်ရှိ၏။ ဘုရားသခင်၏ဘုန်းတော်သည် သည်းခံလျက်စောင့်မြော်နေသောသန့်ရှင်းသူတို့၏အပေါ်သို့ သက်ရောက်လာ၍၊ သူတို့သည်ရဲရင့်ခြင်းနှင့်နောက်ဆုံးသတိပေးစကားကို ကြွေးကြော်လျက်၊ ဗာဗုလုန်မြို့ကြီးပြိုလဲခြင်းအကြောင်းကိုကြော်ငြာ၍ သူ၏ ကြောက်မက်ဘွယ်ကောင်းသော ဘေးဒဏ်မှကင်းလွတ်အံ့သောငှာ၊ ဘုရားသခင်၏ လူများအား ၎င်းအထဲမှထွက်လာကြရန် ခေါ်ဘိတ်နေကြ၏။

စောင့်မြော်နေသော သူတို့၏အပေါ်၌ ထွန်းတောက်သော အလင်းသည်အရပ်ရပ်သို့ ထိုးဖေါက်ရောက်ရှိသွား၍ အသင်းတော်များတွင်အလင်းတစုံတခုကိုရရှိသူများ၊ သတင်းစကားသုံးမျိုးကိုမကြားရသေး၍ ငြင်းပယ်ခဲ့သောသူများတို့သည် ခေါ်ဘိတ်သည်ကိုလိုက်နာလျက် ပျက်စီးနေသောအသင်းတော်များမှ ထွက်လာကြ၏။ ဤသတင်းစကားများကို ကြားပြောသည့်အခါမှ ဤအများသောသူတို့သည် နှစ်ပေါင်းများစွာ မိမိတို့၏အကြောင်းအရာတို့ကို ရှင်းလင်းဖေါ်ပြရသော အချိန်အခါသို့ရောက်လာကြ၍၊ သူတို့အပေါ်သို့ အလင်းသည်ထွန်းတောက်လာသဖြင့်၊ သူတို့သည် အသက်ရှင်ခြင်းသို့မဟုတ်သေခြင်းကိုရွေးချယ်ခွင့်ရရှိကြလေ၏။ အချို့တို့သည် အသက်ရှင်ခြင်းကိုရွေးချယ်၍၊ သခင်ဘုရားကြွလာတော်မူခြင်းကို မြော်လင့်လျက် ဘုရားသခင်၏ပညတ်တော်အားလုံးကို စောင့်ရှောက်သောသူတို့နှင့်အတူ နေထိုင်ကြ၏။ တတိယသတင်းစကားသည် မိမိ၏အလုပ်ကို ဆောင်ရွက်သွားရလိမ့်မည်။ လူအပေါင်းတို့သည် ၎င်းနှင့်သက်ဆိုင်၍ စုံစမ်းစစ်ဆေးခြင်း ခံရကြလိမ့်

မည်။ ၎င်းအပြင် အဘိုးထိုက်သောသူများတို့ကို ဘာသာရေးအဖွဲ့အစည်းများ ထဲမှခေါ် ထုတ်ရွေးယူတော်မူလိမ့်မည်။

တိုက်တွန်းနှိုးဆော်သော တန်ခိုးသည် ရိုးဖြောင့်သော သူတို့၏စိတ် ကိုပြုပြင်ပေးနေစဉ်၊ ဘုရားသခင်၏ တန်ခိုးတော်ထင်ရှားခြင်းကြောင့်၊ မယုံ ကြည်သောဆွေမျိုးနှင့် မိတ်ဆွေများတို့သည် ကြောက်ရွံ့စိုးရိမ်လာကြ၍ ဘုရား သခင်၏ ဝိညာဉ်တော်ပြုပြင်ခြင်းကို ခံယူရရှိကြသောသူတို့ကို တားဆီးကန့် ကွက်ခြင်းမပြုဝံ့ကြချေ။ ထိုသို့ပြုရန်ခွန်အားလည်းမရှိကြချေ။ နောက်ဆုံး ခေါ် ဘိတ်ခြင်းကို သနားစရာကောင်းသော ကျွန်များပင်ကြားသိရကြ၏ ၎င်း အပြင်သူတို့အထဲ၌ ဘုရားတရားကိုကြည်ညိုကြသောသူတို့သည် ဝမ်းမြောက် ဘွယ်ကယ်နှုတ်ခြင်းခံရမည်ကိုမြော်မြင်လျက် အလွန်ဝမ်းမြောက်စွာ သီချင်း များကို ကြွေးကြော်ကြလိမ့်မည်။ "သူတို့၏ သခင်များသည် သူတို့ကိုမတားဆီး နိုင်ကြချေ။ သူတို့သည် ကြောက်လန့် အံ့ဩခြင်းကြောင့် တိတ်ဆိတ်ငြိမ်သက် စွာရှိနေကြလိမ့်မည်။ ကြီးစွာသော နိမိတ်လက္ခဏာများကိုပြကြလျက်၊ လူ နာများသည် ရောဂါမှချမ်းသာခွင့်ရလာကြလျက်၊ ယုံကြည်သောသူတို့သည် နိမိတ်လက္ခဏာနှင့် အံ့ဘွယ်သောအမှုတို့ကိုပြကြ၏။ ဘုရားသခင်သည် အမှုတော်တွင် ပါဝင်ကူညီတော်မူသဖြင့်၊ သန့်ရှင်းသူတိုင်းတို့သည် မိမိတို့၌ ကျရောက်မည့် အကျိုးအပြစ်တို့ကို မကြောက်မရွံ့ဘဲ၊ မိမိတို့၏ဩတ္တပ္ပစိတ် က နှိုးဆော်တိုက်တွန်းသည်အတိုင်း ပြုမူလိုက်နာ၍၊ ဘုရားသခင်၏ ပညတ် တော်အားလုံးကို စောင့်ရှောက်သော သူတို့နှင့်အတူ ပူးပေါင်းနေထိုင်ကြ လျက်၊ တတိယသတင်းစကားကို တန်ခိုးနှင့်အနံ့အပြား ကြွေးကြော်ကြလေ ၏။ ဤသတင်းစကားသည် သန်းခေါင်ယံ ကြွေးကြော်ခြင်းထက်သာလွန် သောတန်လိုး၊ ခွန်အားနှင့်အဆုံးသတ်လိမ့်မည်ကို ကျွန်ုပ်မြင်ရလေ၏။

"မှတ်ချက်။ ဗျာဒိတ်ကျမ်း၊ ၆း၁၅၊၁၆ တွင် ပရောဖက်ယောဟန်က ထင်ရှားစွာဖေါ်ပြထားသည်အတိုင်း၊ "ကျွန်များ၊ လူလွတ်များအပေါင်းတို့သည် . . . . တောင်များ၊ ကျောက်များတို့ကို" သူတို့အပေါ် သို့ကျလျက် "ပလ္လင် ပေါ်မှာ ထိုင်တော်မူသောသူ၏မျက်နှာ" မှကွယ်ထားရန် ခေါ်ကြလိမ့်မည် ဖြစ်သောကြောင့်၊ ဒုတိယအကြိမ်ကြွလာတော်မူသော အချိန်အခါ၌ကျွန်ခံ ရခြင်းအမှုသည် ရှိလိမ့်ဦးမည်မှာထင်ရှားပေသည်။

ဘုရားသခင်၏ကျွန်များတို့သည် အထက်မှတန်ခိုးကို ခံယူရရှိလျက် မျက်နှာတွင် အလင်းထွန်းတောက်၍ သန့်ရှင်းသောဆက်ကပ်ခြင်းနှင့်တောက်ပပြီးလျှင်၊ ကောင်းကင်မှသတင်းစကားကို ကြွေးကြော်ရန် ထွက်သွားကြလေ၏။ ဘာသာရေးအဖွဲ့အစည်းများအားလုံးတွင် နှံ့ပြားနေသောဝိညာဉ်များသည် ခေါ်ဘိတ်ခြင်းကိုလက်ခံကြ၍၊ လောတကို သောဒုံမြို့ထဲမှ ပျက်စီးခြင်းမရောက်မီ လျှင်မြန်စွာခေါ်ထုတ်သွားသည်နည်းတူ၊ အဘိုးထိုက်သော သူများတို့ကို အပြစ်စီရင်ခြင်းခံမည့် အသင်းတော်များထဲမှ အလျှင်အမြန်ခေါ်ထုတ်လေ၏။ ဘုရားသခင်၏ လူတို့အပေါ်သို့ ကြွယ်ဝစွာသက်ရောက်၍သွေးဆောင်ခြင်းခံရချိန်တွင် သည်းခံခြင်းရှိစေရန် သူတို့ကို ပြင်ဆင်ပေးသည့်အလွန်ကောင်းမြတ်သော ဘုန်းတန်ခိုးအားဖြင့် သူတို့သည်ခွန်အားကိုရရှိလာကြ၏။ "ဘုရားသခင်၏ ပညတ်တို့ကိုငှင်း၊ ယေရှု၏ ယုံကြည်ခြင်းကိုငှင်း၊ စောင့်ရှောက်သောသန့်ရှင်းသူတို့သည် ဤနေရာ၌ သည်းခံစရာအကြောင်းရှိ၏" ဟုလူတစုက ကြွေးကြော်နေသောအသံကို ကျွန်ုပ်သည် အရပ်ရပ်မှကြားရ၏။ ဗျာဒိတ်၊ ၁၄း၁၂။

-ဝ-

## အခန်း (၅၉)
## စုံစမ်းရာကာလကုန်ဆုံးခြင်း

တတိယကောင်းကင်တမန်၏သတင်းစကားကို ကြားပြောရသော အမှုကုန်ဆုံးသွားသောအချိန်ကို ကျွန်ုပ်အား ညွှန်ပြထား၏။ ဘုရားသခင်၏ တန်ခိုးတော်သည် မိမိ၏လူတို့အပေါ်သို့သက်ရောက်လာ၏။ သူတို့သည်မိမိတို့၏အလုပ်ကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးကြ၍၊ မိမိတို့ရှေ့၌ကျရောက်လာမည့် စုံစမ်းခြင်းအချိန်အတွက် ပြင်ဆင်လျက်ရှိကြ၏။ သူတို့သည် ထာဝရဘုရားထံတော်မှ နောက်မိုးသို့မဟုတ် အသစ်သောခွန်အားကို ရရှိထကြွနိုးကြားသောသက်သေခံသူတို့သည် တဖန်ပြန်၍ ပေါ်လာပြန်၏။ နောက်ဆုံးသတိပေးစကားကြီးကို အရပ်ရပ်သို့ကြွေးကြော်သဖြင့်၊ သတင်းစကားကိုမခံမယူသောမြေကြီးသားတို့ကိုလှုပ်လှုပ်ရွရွဖြစ်စေလျက်အမျက်ဒေါသထွက်စေ၏။

ကောင်းကင်တွင် ကောင်းကင်တမန်တို့သည်ထိုမှ၍သို့ပြေးသွားနေကြသည်ကို ကျွန်ုပ်မြင်ရ၏။ မိမိ၏ဘေး၌မင်အိုးတလုံးနှင့် ကောင်းကင်တမန်တပါးသည် မြေကြီးမှပြန်လာပြီးလျှင်၊ မိမိ၏အလုပ်သည်ပြီးစီးသွား၍ သန့်ရှင်းသူတို့၏အရေအတွက်ကိုမှတ်ယူလျက် သူတို့ကိုတံဆိပ်ခတ်ပြီးပါပြီဟု သခင်ယေရှုအားသတင်းကြားပြောလေ၏။ ထိုနောက် ပညတ်တော်ဆယ်ပါးတည်ရှိသော သေတ္တာတော်ရှေ့၌ အမှုဆောင်ရွက်နေတော်မူသော သခင်ယေရှုသည် နံ့သာပေါင်းမီးရှို့ရာလင်ပန်းကိုချထားတော်မူသည်ကို ကျွန်ုပ်မြင်ရ၏။ ကိုယ်တော်သည် လက်ကိုမြှောက်လျက် ကျယ်သောအသံနှင့် "အမှုပြီးပြီ" ဟုမိန့်တော်မူ၏။ ထိုအခါ သခင်ယေရှုက "မတရားသောသူသည်မတရားသဖြင့်ပြုစေဦး။ ဖြောင့်မတ်သောသူသည်ဖြောင့်မတ်စေဦး။ သန့်ရှင်းသောသူသည်သန့်ရှင်းစေဦး" ဟူသောအရေးကြီးသောစကားများကို မိန့်တော်မူသောအခါ၊ ကောင်းကင်တမန်အပေါင်းတို့သည် မိမိတို့၏ သရဖူများကိုအောက်သို့ချထားကြ၏။ ဗျာဒိတ်ကျမ်း ၂၂း၁၁။

အမှုရှိသမျှတို့ကို အသက်ရှင်ခြင်း သို့မဟုတ် သေခြင်းအတွက်စီရင်ဆုံးဖြတ်ပြီးလေပြီ။ သခင်ယေရှုသည် သန့်ရှင်းရာဌာန၌ အမှုဆောင်ရွက်လျက်

နေတော်မူစဉ်၊ သေလွန်သောဖြောင့်မတ်သူတို့နှင့် အသက်ရှင်နေသောဖြောင့်မတ်သူတို့ကို တရားစီရင်စစ်ဆေးခြင်းအမှုကို ပြုလုပ်နေတော်မူ၏။ သခင်ခရစ်တော်သည် မိမိ၏လူများအတွက် အပြစ်ဖြေခြင်းအမှုကို ပြုလုပ်ပြီးစီး၍ သူတို့၏အပြစ်များကို ပယ်ဖျက်ပြီးဖြစ်သဖြင့်၊ မိမိ၏နိုင်ငံတော်ကို ခံယူရရှိတော်မူပြီ။ နိုင်ငံတော်တောင် ဝင်စားရမည့်လူများကို ရွေးချယ်ပြီးလေပြီ။ သိုးသငယ်၏မင်္ဂလာဆောင်ပွဲသည် ပြီးစီးသွားလေပြီ။ နိုင်ငံတော်နှင့်တကွ၊ ကောင်းကင်တဝှမ်းလုံးရှိနိုင်ငံတော်၏မြင့်မြတ်သော အရာရှိသမျှတို့ကို သခင်ယေရှုနှင့်ကယ်တင်ခြင်းကို အမွေခံရသူတို့အား ပေးအပ်တော်မူသဖြင့်၊ သခင်ယေရှုသည် ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်အဖြစ်နှင့်စိုးစံတော်မူလိမ့်မည်။

သခင်ယေရှုသည် အသန့်ရှင်းဆုံးအခန်းမှ ထွက်လာတော်မူသောအခါ၊ ကိုယ်တော်၏ ဝတ်လုံပေါ်၌ရှိသောခြူများ၏မြည်သံကို ကြွန်ုပ်ကြားရ၏။ ၄င်းပြင်ကိုယ်တော်သည် ၄င်းအခန်းမှထွက်လာတော်မူသောအခါ၊ မြေကြီးသားအပေါင်းတို့အား မှောင်မိုက်သော မိုးတိမ်သည် ဖုံးလွှမ်းသွားလေ၏။ ထိုအခါအပြစ်သင့်သောလူနှင့် ပြစ်မှားခြင်းခံရသောဘုရားသခင်စပ်ကြားတွင်ဖြန်ဖြေသောသူမရှိတော့ချေ။ သခင်ယေရှုသည် ဘုရားသခင်နှင့်အပြစ်သင့်သောလူတို့စပ်ကြားတွင် ရပ်နေတော်မူစဉ်၊ လူများတို့အပေါ်၌ပိတ်ပင်တားဆီးခြင်းအမှုကို ပြုလုပ်နေတော်မူသေး၏။ သို့သော်ကိုယ်တော်သည်လူနှင့်ခမည်းတော်စပ်ကြားမှ ထွက်ခွာလာတော်မူသောအခါ၊ ထိုသို့တားဆီးပိတ်ပင်ထားခြင်းအမှုကို လက်လွှတ်လိုက်တော်မူသဖြင့်၊ စာတန်သည်နောက်ဆုံး၌နောင်တမရဘဲ နေသေးသောသူတို့ကို လုံးလုံးစိုးမိုးအုပ်ချုပ်ခွင့်ရရှိလေပြီ။

သခင်ယေရှုသည် သန့်ရှင်းရာဌာန၌ အမှုထမ်းဆောင် နေစဉ်အခါတွင်၊ ဘေးဒဏ်များကိုသွန်းလောင်းခြင်းငှာ မပြုလုပ်နိုင်။ သို့သော် ကိုယ်တော်သည် ထိုနေရာ၌ မိမိ၏အမှုတော်ကိုပြုလုပ်ပြီး၍ ကိုယ်တော်၏ကြားဖြန်. . ဖြေခြင်းအလုပ်သည်အဆုံးသတ်သွားသောအခါ၊ ဘုရားသခင်၏ အမျက်တော်ကိုအဘယ်အရာမျှမတားဆီးနိုင်သဖြင့်၊ အပြစ်သင့်သောအပြစ်သား၏အ. . . . ကွယ်အကာမဲ့သောခေါင်းပေါ်သို့ ၄င်းသည် ပြင်းထန်စွာ သက်ရောက်လာ. . လေ၏။ သူတို့သည် ကယ်တင်ခြင်းတရားကို ပေ့ါပေ့ါဆဆထင်မှတ်လျက်ဆုံး

မခြင်းကိုမနှစ်သက်ခဲ့ကြချေ။ သခင်ယေရှု၏ ကြားဖြန်ဖြေခြင်းအမှု ပြီးဆုံး၍ ကြောက်မက်ဘွယ် ကောင်းသောထိုအချိန်တွင်၊ သန့်ရှင်းသူတို့သည် ကြားဖြန်ဖြေသူမရှိတော့ဘဲ၊ သန့်ရှင်းသော ဘုရားသခင်ရှေ့တော်၌ အသက်ရှင်လျက်ရှိနေကြ၏။ အမှုရှိသမျှကို စီရင်ဆုံးဖြတ်ပြီးလေပြီ။ ကျောက်မျက်ရတနာရှိသမျှကိုရေတွက်ပြီးလေပြီ။ ကောင်းကင်သန့်ရှင်းရာဌာန၏ အပြင်ခန်းတွင် သခင်ယေရှုသည် ခေတ္တခဏဆိုင်းလင့်နေတော်မူ၍၊ ကိုယ်တော်သည် အသန့်ရှင်းဆုံး အခန်းထဲ၌ရှိနေတော်မူစဉ် ဖေါ်ပြဝန်ချခဲ့သော အပြစ်များကို၊ အပြစ်ကိုအစပြု၍ သူတို့၏အပြစ်ဒဏ်ကိုခံယူရမည့် စာတန်အပေါ်သို့ တင်တော်မူ၏။

*မှတ်ချက်။ ဤသို့ စာတန်ခံရသော အပြစ်ဒဏ်သည် လူတို့၏ ကိုယ်စားအပြစ်ဖြေခြင်းမဟုတ်။ လွန်ခဲ့သောအခန်းတခု၌ ဖေါ်ပြထားသည် အတိုင်း "လူ၏ကိုယ်စားနှင့်အာမခံအဖြစ်နှင့် သခင်ခရစ်တော်အပေါ်၌ လူတို့၏အပြစ်များကို တင်ထားတော်မူ၏။" (အခန်း ၂၉) သို့သော် သခင်ခရစ်တော်၏ ဆက်ကပ်ပူဇော်ခြင်းကို လက်ခံသောသူတို့ကို ရွေးနှုတ်တော်မူပြီးသောအခါ၊ အပြစ်ကိုအစပြုသောသူ စာတန်သည် နောက်ဆုံးအပြစ်ဒဏ်. . . . ကိုခံရမည်မှာအမှန်ပင် တရားသောအမှုဖြစ်၏။ မမဝိုက်က တနေရာတွင် ဖေါ်ပြထားသည်အတိုင်း "အပြစ်ဖြေခြင်းအမှုကို ကောင်းကင်သန့်ရှင်းရာဌာန၌ပြုလုပ်ပြီးသောအခါ၊ ဘုရားသခင်၏ရှေ့၊ ကောင်းကင်တမန်များနှင့် ရွေးနှုတ်ခြင်းခံရသော လူအပေါင်းတို့ရှေ့၌၊ ဘုရားသခင်လူတို့၏ အပြစ်များကို စာတန်အပေါ်သို့ တင်ထားတော်မူလိမ့်မည်။ သူတို့အားပြုလုပ်စေခဲ့သောအပြစ်အပေါင်းတို့အတွက်သူသည်အပြစ်သင့်သောသူဖြစ်လာလိမ့်မည်။"

## အလွန်နောက်ကျပြီး၊ အလွန်နောက်ကျပြီ

ထိုနောက်သခင်ယေရှုသည် ယဇ်ပုရောဟိတ်၏ဝတ်လုံကိုချွတ်၍အလွန်ဘုန်းရှိသောရာဇဝတ်လုံတို့ကို မိမိကိုယ်ပေါ်၌ ဝတ်ခြုံတော်မူ၏။ ကိုယ်တော်၏ခေါင်းတော်ပေါ်၌ သရဖူတခုအတွင်းတခုတည်ရှိသော သရဖူများကိုဆောင်းထားတော်မူ၏။ ကိုယ်တော်သည် ကောင်းကင်တမန်များခြံရံရံလျက် ကောင်းကင်မှထွက်ကြွလာတော်မူ၏။ ဘေးဒဏ်များသည် မြေကြီး

သားတို့အပေါ် သို့ကျရောက်လျက်ရှိ၏။ အချို့တို့သည် ဘုရားသခင်ကိုအပြစ်တင်လျက်ကိုယ်တော်ကို ကျိန်ဆဲကြ၏။ အခြားသောသူတို့သည် ဘုရားသခင်၏လူများထံသို့ တဟုတ်တည်းပြေးသွား၍ မိမိတို့သည် ဘုရားသခင်စီရင်တော်မူသော ပြစ်ဒဏ်မှ မည်ကဲ့သို့ကင်းလွတ်မည်အကြောင်း သွန်သင်ပေးရန်တောင်းပန်ကြ၏။ သို့သော် သန့်ရှင်းသူတို့သည်သူတို့အတွက်ဘာမျှပြုလုပ်မပေးနိုင်ကြချေ။ အပြစ်သားတို့အတွက် နောက်ဆုံးမျက်ရည်ကျခဲ့ပြီး ပြင်းစွာပူဆွေးလျက် နောက်ဆုံးဆုတောင်းခြင်းအမှုကို ပြုလုပ်ပြီးလေပြီ။ နောက်ဆုံးတာဝန်ကို ထမ်းဆောင်ခဲ့ပြီ။ နောက်ဆုံးသတိပေးစကားကိုကြားပြောပြီးလေပြီ။ ကရုဏာတော်ကို ခံစားစေဘို့သူတို့အား ချိုသာသောအသံနှင့်ခေါ်ဘိတ်ခြင်းမပြုရတော့ချေ။ သန့်ရှင်းသူတို့နှင့်ကောင်းကင်တဝှမ်းလုံးသည် သူတို့၏ကယ်တင်ခြင်းအတွက် စိတ်ပါဝင်စားနေကြသောအခါ၊ သူတို့သည် မိမိတို့ကိုယ်တိုင်အတွက် စိတ်ဝင်စားခြင်းမရှိကြ။ သူတို့ရှေ့၌ အသက်ရှင်ခြင်းနှင့်သေခြင်းအမှုတို့ကို ဖေါ်ပြထားခဲ့လေပြီ။ အများသောသူတို့သည် အသက်ရှင်ခြင်းအမှုကို အလိုရှိကြသော်လည်း၊ ၎င်းကိုရရှိရန် မကြိုးစားခဲ့ကြ။ ယခုမူကားသူတို့၏အပြစ်ကို ဆေးကြောရန်အပြစ်ဖြေရသော အသွေးမရှိတော့ချေ။ သူတို့အတွက်တောင်းပန်လျက် "အပြစ်သားကို အနည်းငယ်ကြာချမ်းသာပေးပါ၊ ချမ်းသာပေးပါဦး" ဟု ကြွေးကြော်ရန် သနားကြင်နာတတ်သော ကယ်တင်ရှင်မရှိတော့ချေ။ "အမှုပြီးပြီ" ဟုကြောက်မက်ဘွယ်မိန့်တော်မူသောစကားသံတော်ကိုကြားရကြသောအခါ၊ ကောင်းကင်တဝှမ်းလုံးသည် သခင်ယေရှုနှင့်အတူတကွ စုပေါင်းလျက်ရှိကြ၏။ ကယ်တင်ခြင်းစီမံကိန်းကြီးသည်ပြီးမြောက်သွားလေပြီ၊ သို့ရာတွင် အနည်းငယ်သောသူတို့သာ ၎င်းကိုလက်ခံခဲ့ကြပြီ။ ၎င်းပြင် ကရုဏာတော်အရှင်၏ ချိုသာသောစကားသံတော်သည် တိတ်ဆိတ်ရပ်စဲသွားသောအခါ၊ ဆိုးသောသူတို့သည် ကြောက်လန့်ခြင်းသို့ရောက်ကြလေ၏။ "အလွန်နောက်ကျပြီ၊ အလွန်နောက်ကျပြီ" ဟူသောစကားများကို သူတို့သည် အလွန်ကြောက်မက်ဘွယ် ထင်ထင်ရှားရှားကြားရကြလေ၏။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို စုံမက်ခြင်းမရှိခဲ့သောသူတို့သည် ထာဝရဘုရား၏ နှုတ်ကပတ်တော်ကိုရှာဖွေရန် ပင်လယ်တပါးမှပင်လယ်တစ်

ပါးသို့၎င်း၊ မြောက်မှတောင်သို့၎င်း၊ ထိုမှဤမှပြေးသွားနေကြ၏။ ကောင်းကင်တမန်က၊ "သူတို့သည်မတွေ့ရကြ။ တပြည်လုံး၌ မွတ်သိပ်ခြင်းဘေးသက်ရောက်၏။ အစာခေါင်းပါးခြင်းဘေးမဟုတ်၊ ရေငတ်ခြင်းဘေးလည်းမဟုတ်၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို မကြားရသော မွတ်သိပ်ခြင်းဘေးဖြစ်၏။

ဘုရားသခင် နှစ်သက်တော်မူကြောင်း ဖေါ်ပြတော်မူသောစကားတခွန်းအတွက် သူတို့သည် မည်သည့်အရာကိုမပေးဘဲ နေကြလိမ့်မည်နည်း။ ဘယ်အရာကိုမျှပေးကြမည်မဟုတ်ပါ၊ သူတို့သည် ဝတ်မွတ်လျက်ပင်ရှိနေကြလိမ့်မည်။ တနေ့ပြီးတနေ့သူတို့သည် ကယ်တင်ခြင်းတရားကို ပေါ့ပေါ့ဆဆသဘောထားခဲ့ကြလျက်၊ လောကီဘဏ္ဍာနှင့်လောကီပျော်မွေ့ခြင်းတို့ကို ကောင်းကင်စည်းစိမ် သို့မဟုတ် ကောင်းကင်ချမ်းသာ တစုံတခုထက်သာ၍မြတ်သည်ဟု တန်ဘိုးထားခဲ့ကြပြီ။ သူတို့သည် သခင်ယေရှုကို ငြင်းပယ်၍ကိုယ်တော်၏ သန့်ရှင်းသူတို့ကို ရှုတ်ချခဲ့ကြပြီ။ ညစ်ညူးသောသူသည်အစဉ်ညစ်ညူးလျက်ရှိနေရလိမ့်မည်" ဟု ပြောဆို၏။

ဆိုးသောသူအများတို့သည် ဘေးဒဏ်များကြောင့် အလွန်အမျက်ဒေါသထွက်လျက်ရှိကြ၏။ ထိုအခါသည် အလွန်ကြောက်မက်ဘွယ်ဝေဒနာခံစားနေရသောအချိန်ဖြစ်၏။ မိဘတို့သည် သားသမီးတို့ကို၎င်း၊ သားသမီးတို့သည် မိဘများကို၎င်း၊ အစ်ကိုများသည်ညီမများကို၎င်း၊ ညီမများသည်အစ်ကိုတို့ကို၎င်း ပြင်းစွာအပြစ်တင်နေကြ၏။ "ကျွန်ုပ်အား ဤကြောက်မက်ဘွယ်ကောင်းသောအချိန်မှ ကင်းလွတ်မည့် သမ္မာတရားတော်ကိုလက်ခံရန်သင်သည် ကျွန်ုပ်ကိုတားမြစ်ထားခဲ့ပြီ" ဟု ကျယ်စွာငိုကြွေးပြောဆိုသောအသံများကို နေရာတိုင်း၌ ကြားရ၏။ လူများတို့သည် ပြင်းစွာမုန်းသောသဘောနှင့် မိမိတို့၏ သင်းအုပ်ဆရာများဘက်သို့လှည့်၍ "ဆရာသည်ကျွန်ုပ်တို့ကိုသတိမပေးခဲ့ပါ။ ဆရာက၊ လောကတခုလုံးပြောင်းလဲခြင်းသို့ရောက်မည်ဟုပြောခဲ့ပြီ။ ကျွန်ုပ်တို့၏ စိုးရိမ်ကြောက်လန့်ခြင်းကိုပယ်ရှားရန်၊ ငြိမ်သက်ခြင်းရှိလေ့ဟု ကြွေးကြော်ခဲ့ပြီ။ ဤအချိန်ကာလ အကြောင်းအရာသည်ကျွန်ုပ်တို့အား ပြောမပြခဲ့ပါ။ ဤအကြောင်းကို ကျွန်ုပ်တို့အား သတိပေးသော

သူတို့သည် ကျွန်ုပ်တို့အားပျက်စီးစေမည့် အယူသီးသော လူဆိုးများဖြစ်ကြသည်ဟုဆရာကဖေါ်ပြပြီ” ဟု အပြစ်တင်ကြလေ၏။ သို့ရာတွင် သင်းအုပ်ဆရာများသည် ဘုရားသခင်၏အမျက်ဒေါသနှင့် မကင်းလွတ်ကြသည်ကို ကျွန်ုပ်မြင်ရ၏။ သူတို့ခံရသော ဒုက္ခဆင်းရဲခြင်းသည် သူတို့၏လူများခံရသည် ထက်ဆယ်ဆကြီးမားလေ၏။

-o-

## အခန်း (၆၁)
## ယာကုပ်၌ ဒုက္ခဆင်းရဲရောက်ချိန်

သန့်ရှင်းသောသူတို့သည်မြို့၊ ရွာများမှထွက်လာကြပြီး၊ အစုအဝေးများအဖြစ် စုရုံးလျက်အလွန်ဆိတ်ငြိမ်၍ လူမနီးသောအရပ်များတွင်နေထိုင်ကြသည်ကို ကျွန်ုပ်မြင်ရ၏။ ကောင်းကင်တမန်တို့သည် သူတို့အားအစားအစာနှင့်ရေကိုစီမံချပေး၏။ ဆိုးသောသူတို့မူကား ငတ်မွတ်ခေါင်းပါးခြင်းခံနေရကြ၏။ ထိုနောက်မြေကြီးပေါ်ရှိ ရှေ့ဆောင်လူကြီးများသည် အချင်းချင်းတိုင်ပင်နေကြလျက် စာတန်နှင့်သူ၏တမန်တို့သည် သူတို့ပတ်လည်၌အလုပ်ရှုပ်လျက်နေကြသည်ကို ကျွန်ုပ်မြင်ရ၏။ သန့်ရှင်းသူတို့သည် မိမိတို့၏ထူးခြားသောယုံကြည်ခြင်းကိုငှင်း၊ ဥပုသ်နေ့ကိုငှင်းမစွန့်ပယ်၊ ခုနှစ်ရက်တွင် ပထမနေ့ကိုမစောင့်ဘဲနေကြလျှင်၊ သတ်မှတ်ထားသော အချိန်ကာလအတွင်း လူများတို့သည် ထိုသူတို့ကိုသတ်ပိုင်ခွင့်ရှိသည်ဟူသောအမိန့်များကို ရေးထားသောစာစောင်များကို ကျွန်ုပ်မြင်ရ၏။ သို့ရာတွင် ဤကဲ့သို့ စုံစမ်းစစ်ဆေးရာအချိန်ကာလတွင် သန့်ရှင်းသူတို့သည် ငြိမ်သက်တည်ကြည်စွာ ရှိနေကြလျက်၊ ဘုရားသခင်၌ယုံကြည်ခိုလှုံ၍ သူတို့အတွက် လွတ်မြောက်ရာလမ်းကိုဖွင့်ပေးတော်မူမည်ဟူသော ဂတိတော်ကိုအားကိုးနေကြ၏။

အချို့သောနေရာများ၌ အမိန့်ကိုအတည်မပြုခင် ဆိုးသောသူတို့သည် သန့်ရှင်းသူတို့ကိုသတ်ရန် တဟုန်တည်းပြေးလာကြ၏။ သို့ရာတွင်ကောင်းကင်တမန်များသည် စစ်သူရဲများ၏အသွင်ကိုဆောင်လျက် သူတို့ကိုတိုက်ခိုက်ကြလေ၏။ အမြင့်ဆုံးသော ဘုရားသခင်၏ သန့်ရှင်းသူတို့ကို ဖျက်ဆီးဘို့အခွင့်ရရှိရန် စာတန်သည်အလိုရှိ၏။ သို့သော် သခင်ယေရှုက မိမိ၏ကောင်းကင်တမန်များအား သူတို့ကို စောင့်ရှောက်ရန်မိန့်မှာထားတော်မူ၏။ ပတ်လည်တွင်ရှိနေသော တပါးအမျိုးသားတို့၏မျက်မှောက်တွင်၊ ဘုရားသခင်၏ ပညတ်တော်ကို စောင့်ရှောက်သောသူတို့နှင့် ပဋိညာဉ်ပြုတော်မူခြင်းဖြင့် ဘုရားသခင်သည် ချီးမြှောက်ခြင်းကို ခံတော်မူလိမ့်မည်။ ၄င်းအပြင် ကိုယ်တော်ကိုကြာမြင့်စွာ သစ္စာနှင့်စောင့်မြော်နေကြသော သူတို့အား သေခြင်းကိုမခံရ

ဘဲ၊ ကိုယ်ခန္ဓာပြောင်းလဲပေးတော်မူခြင်းဖြင့်၊ သခင်ယေရှုသည်လည်း ချီးမြှောက်ခြင်းကို ခံတော်မူရလိမ့်မည်။

သန့်ရှင်းသူတို့သည် ကြီးစွာစိတ်ဆင်းရဲခြင်းသို့ ရောက်နေကြသည်ကို မကြာမှီကျွန်ုပ်တွေ့မြင်၏။ သူတို့သည် မြေကြီးပေါ်ရှိဆိုးသောသူများနှင့်ဝိုင်းထားခြင်းခံနေရသည်ဟု ထင်မှတ်နေကြ၏။ မြင်ရသမျှသောသူတို့သည်သူတို့ကိုဆန့်ကျင်ဘက် ပြုလျက်နေသည်ဟု ထင်ရ၏။ သူတို့သည် ဆိုးသောလူတို့ထဲ၌ ပျက်စီးဆုံးပါးသွားစေရန် ဘုရားသခင်သည် အဆုံး၌ သူတို့ကိုပစ်ထားတော်မူပြီဟု အချို့တို့ကစိုးရိမ်စပြုကြ၏။ သို့သော် သူတို့သည် မျက်စိပွင့်လင်းခွင့်ရနိုင်လျှင်၊ သူတို့၏ ပတ်လည်၌ဘုရားသခင်၏ ကောင်းကင်တမန်များဝိုင်းလျက်ရှိသည်ကို သူတို့မြင်ရကြလိမ့်မည်။ ၄င်းတို့နောက်၌ ဒေါသထွက်နေသည့်ဆိုးသောလူထုကြီးရှိ၍ သူတို့နောက်၌၊ ဆိုးသောသူတို့အားသန့်ရှင်းသူတို့ကိုသတ်စေရန် တိုက်တွန်းနှိုးဆော်နေကြသော နတ်ဆိုးအစုအဝေးကြီးကိုတွေ့ရလိမ့်မည်။ သို့သော် ဆိုးသောသူတို့သည် ဘုရားသခင်၏လူများထံသို့မချဉ်းကပ်မှီ၊ခွန်အားကြီး၍သန့်ရှင်းသောဤကောင်းကင်တမန်အစုအဝေးကို ဖြတ်ကျော်ရကြလိမ့်မည်။သူတို့သည်ဤသို့မပြုလုပ်နိုင်ကြ။ ဘုရားသခင်၏ကောင်းကင်တမန်တို့သည်ဆိုးသောသူတို့အားနောက်သို့ဆုတ်စေလျက်သူတို့ပတ်လည်၌ဖိတိုးနေသောနတ်ဆိုးများတို့ကိုလည်းနောက်သို့ပြန်သွားစေရန်ပြုလုပ်နေကြ၏။

## ကယ်လွှတ်ခြင်းခံရရန်ကြွေးကြော်ခြင်း

ထိုအခါသည်သန့်ရှင်းသူတို့အဘို့ အလွန်ကြောက်မက်ဘွယ်ဝေဒနာခံစားနေရသောအချိန်ဖြစ်ပေ၏။ ကယ်လွှတ်ခြင်းခံရရန်သူတို့သည်နေ့ညဥ့်မပြတ် ဘုရားသခင်ထံအော်ဟစ်ကြွေးကြော်လျက်နေကြ၏။ အမြင်အားဖြင့် သူတို့သည် ဘေးလွတ်ကင်းနိုင်စရာလမ်းမရှိ။ ဆိုးသောသူတို့သည် ဝမ်းမြောက်လာကြလျက်၊ "သင်တို့၏ ဘုရားသခင်သည် အဘယ်ကြောင့်ငါတို့လက်ထဲမှသင်တို့ကိုမကယ်နှုတ်သလဲ။ အဘယ်ကြောင့်သင်တို့သည်အထက်သို့တက်၍သင်တို့အသက်ကိုမကယ်ဆယ်ကြသလဲ" ဟု အော်ဟစ် မေးမြန်းကြ၏။ သို့သော် သန့်ရှင်းသောသူတို့သည် သူတို့ကို ဂရုမစိုက်ကြချေ။ ယာကုပ်ကဲ့သို့သူတို့သည် ဘုရားသခင်နှင့်ထွေးလုံးလျက်နေကြ၏။ ကောင်းကင်တမန်

တို့သည် သူတို့ကိုကယ်လွှတ်လိုကြ၏။ သို့သော် သူတို့သည် အနည်းငယ်ကြာစောင့်ဆိုင်းနေရကြဦးမည်။ ဘုရားသခင်၏လူတို့သည် ခွက်ကိုသောက်၍နှစ်ခြင်းကိုခံယူရကြမည်။ မိမိတို့တာဝန်၌ သစ္စာရှိသော ကောင်းကင်တမန်တို့သည်ဆက်လက်စောင့်ကြည့်နေကြ၏။ ဘုရားသခင်သည် တပါးအမျိုးသားတို့အထဲ၌ မိမိ၏နာမတော်ကို ကဲ့ရဲ့ပြစ်တင်ခြင်းပြုစေဘို့ ခွင့်ပြုတော်မမူပါ။ ဘုရားသခင်၏ အနန္တတန်ခိုးတော်ကို ထင်ရှားစေ၍ မိမိ၏ သန့်ရှင်းသူများကို ဘုန်းတော်နှင့်ကယ်နှုတ်ရန် အချိန်သည်ရောက်လုနီးပြီ။ ကိုယ်တော်ကိုသည်း ခံလျက်စောင့်မြော်နေ၍၊ မိမိတို့၏နာမည်များကို စာစောင်၌ ရေးမှတ်ထားခြင်းခံရသောသူရှိသမျှတို့အား၊ မိမိနာမတော်၏ဘုန်းတော်ကို ထင်ရှားစေရန် ဘုရားသခင်သည် ကယ်လွှတ်တော်မူလိမ့်မည်။

ကျွန်ုပ်တို့အား သစ္စာရှိသော နောဧကိုညွှန်ပြတော်မူ၏။ မိုးရွာ၍ရေလွှမ်းမိုးသောအခါ၊ နောဧနှင့် သူ၏အိမ်ထောင်သည် သင်္ဘောထဲသို့ ဝင်၍ဘုရားသခင်သည် သူတို့အား အတွင်း၌ပိတ်ထားတော်မူ၏။ နောဧသည်ရေလွှမ်းမမိုးမှီက၊ မြေကြီးပေါ်ရှိ လူများတို့အား သစ္စာနှင့်သတိပေးသော်လည်း၊ သူတို့သည် သူ့ကိုပြောင်လှောင်ကျီစယ်ကြ၏။ မြေကြီးပေါ်သို့ မိုးရေများကျဆင်းလာ၍ တယောက်ပြီးတစ်ယောက် နစ်မြုပ်သွားကြသောအခါ၊ သူတို့ပြောင်လှောင်ခဲ့ကြသော သင်္ဘောကြီးသည် နောဧနှင့်အိမ်ထောင်သားများကို လုံခြုံစွာထိန်းသိမ်းထားလျက် ရေပေါ်တွင် ဘေးကင်းစွာမျောနေသည်ကို သူတို့မြင်ရကြလေ၏။ ထိုကြောင့် လောကအား ရောက်လာလတ္တံ့သောဘုရားသခင်၏အမျက်တော်အကြောင်းကို သစ္စာနှင့်သတိပေးခဲ့ကြသော ဘုရားသခင်လူတို့ပသည် ကယ်နှုတ်ခြင်းခံရကြမည်ကို ကျွန်ုပ်မြင်ရ၏။ ကိုယ်ခန္ဓာပြောင်းလဲခြင်းအမှုကို မြော်လင့်၍၊ သားရဲ၏အမိန့်ကို နားမထောင်၊ သူ၏တံဆိပ်အမှတ်ကို မခံယူသောသူတို့ကို ဖျက်ဆီးစေဘို့၊ ဆိုးသောသူတို့အားဘုရားသခင်သည် အခွင့်ပြုတော်မမူ။ သန့်ရှင်းသူတို့ကို သတ်ဖြတ်စေဘို့ ဆိုးသောသူတို့အားအခွင့်ပေးတော်မူခဲ့လျှင်၊ စာတန်နှင့်သူ၏ နတ်ဆိုးအပေါင်း၊ဘုရားသခင်ကို မုန်းသောသူအပေါင်းတို့သည် အလိုပြည့်စုံသွားကြလိမ့်မည်ကိုကျွန်ုပ်မြင်ရ၏။ ထိုအခါ နောက်ဆုံးတိုက်လှန်ပွဲတွင် မိမိတို့ ချစ်ခင်သောအရှင်ကို ကြာမြင့်စွာ စောင့်မြော်နေကြသော သူတို့အပေါ်၌ နတ်ဆိုးမင်းသည်

အုပ်စိုးပိုင်သော တန်ခိုးကိုရရှိမည်ဖြစ်၍ မည်မျှဝမ်းမြောက်လိမ့်မည်နည်း။ သို့ရာတွင်သန့်ရှင်းသူတို့သည် ကောင်းကင်သို့တက်ကြွသွားကြမည်ဟူသောအချက်ကို ပြောင်လှောင်ကြသောသူတို့သည် ဘုရားသခင်၏လူတို့အား ဘုရားသခင်စောင့်ရှောက် ပြုစုတော်မူကြောင်းကိုငှင်း၊ သူတို့အား ဘုန်းတော်နှင့်ကယ်နှုတ်တော်မူကြောင်းကိုငှင်း၊ ထင်ရှားစွာတွေ့မြင်ရကြလိမ့်မည်။

သန့်ရှင်းသူတို့သည် မြို့ရွာများမှ ထွက်ခွာလာကြသောအခါ၊ ဆိုးသောသူတို့သည် သူတို့ကို သတ်ဖြတ်ရန် လိုက်လာကြလေ၏။ သို့သော်ဘုရားသခင်၏ လူများကိုသတ်ရန် ရွယ်လိုက်သောဓားများသည် ကောက်ရိုးကဲ့သို့တန်ခိုးမရှိဘဲ ကျိုးကျသွားကြလေ၏။ ဘုရားသခင်၏ ကောင်းကင်တမန်များသည် သန့်ရှင်းသူတို့ကို ကာကွယ်ထားကြ၏။ သူတို့သည် ကယ်လွှတ်ခြင်းခံရရန် နေ့ညဉ့်မပြတ်အော်ဟစ်ကြွေးကြော်ကြသောအခါ၊ သူတို့ကြွေးကြော်သံသည် ထာဝရဘုရားထံတော်သို့ ရောက်ရှိလာလေ၏။

-ဝ-

## အခန်း (၆၁)
## သန့်ရှင်းသူတို့ကိုကယ်လွှတ်ခြင်း

ဘုရားသခင်သည် မိမိ၏လူများကိုကယ်လွှတ်ရန် ရွေးချယ်ထားသော အချိန်သည် သန်းခေါင်ယံအချိန်ဖြစ်၏။ ဆိုးသောသူတို့ပတ်လည်၌ ပြောင်လှောင်နေကြစဉ်၊ ရုတ်တရက် နေသည်အရှိန်ပြင်းစွာတောက်ပလျက် ပေါ်လာ၍ လသည်လည်း မိမိနေရာ၌ရပ်နေလေ၏။ ဆိုးသောသူတို့သည် ထိုအချင်းအရာတို့ကိုအံ့ဩခြင်းနှင့်ကြည့်နေကြ၏။ သန့်ရှင်းသူတို့အား မိမိတို့ကိုကယ်လွှတ်မည်အကြောင်း ထင်ရှားသော အမှတ်လက္ခဏာတို့ကို ကြည်ညိုဝမ်းမြောက်စွာ မြော်ကြည့်နေကြ၏။ နိမိတ်လက္ခဏာနှင့် အံ့ဩဘွယ်အမှုများသည် တခုပြီးတခုအလွန်လျင်မြန်စွာ ပေါ်လာကြ၏။ အရာခပ်သိမ်းတို့သည် သဘာဝလုပ်ငန်းနှင့် ဆန့်ကျင်ဘက်ဖြစ်လာသည်ဟုထင်ရ၏။ မြစ်ချောင်းတို့တွင်ရှိရေတို့သည် မစီးဆင်းဘဲရပ်နေကြ၏။ မှောင်မဲထူထပ်သောမိုးတိမ်များတက်လာ၍ တခုနှင့်တခုထိခိုက်လျက် အသံမြည်ကြ၏။ သို့သော် တည်ငြိမ်သောဘုန်းအသရေနှင့်ပြည့်ဝလျက် ထင်ရှားသောနေရာတခုရှိ၏။ ထိုနေရာမှ သမုဒ္ဒရာလှိုင်းတံပိုးသံကဲ့သို့ ဘုရားသခင်၏ စကားသံတော်သည် ထွက်လာ၍ ကောင်းကင်နှင့်မြေကြီးကို တုန်လှုပ်စေ၏။ ကြီးစွာမြေလျှင်လှုပ်ခြင်းဖြစ်၏။ သင်းချိုင်းများသည်ပွင့်ကွဲလာကြ၍၊ တတိယကောင်းကင်တမန်၏သတင်းစကားအတိုင်း၊ ဥပုသ်နေ့ကိုစောင့်လျက် ယုံကြည်ခြင်းနှင့် သေဆုံးသွားကြသောသူတို့သည်၊ ပညတ်တော်ကို စောင့်သောသူတို့နှင့်ဘုရားသခင်ပြုတော်မူမည့် ငြိမ်သက်ခြင်း ပဋိညာဉ်ကို ကြားနာရန်၊ ဘုန်းတန်ခိုးနှင့်မြေကြီးထဲမှ ထွက်လာကြလိမ့်မည်။

ကောင်းကင်သည် ပွင့်လျက် ပိတ်လျက်လှုပ်ရှားနေလေ၏။ တောင်များတို့သည်လေတိုက်၍ လှုပ်သော ကျူပင်ကဲ့သို့တုန်လှုပ်သဖြင့်၊ ကျောက်တုံးများသည် နေရာတကာ၌ ပဲ့ကွာကျကြ၏။ ပင်လယ်ရေသည်ပွက်ပွက်ထ၍ ကျောက်တုံးများကို ကမ်းပေါ်သို့လွင့်စင်စေ၏။ ၎င်းအပြင် ဘုရားသခင်သည် သခင်ယေရှုကြွလာတော်မူသောနေ့ရက်၊ အချိန်နာရီကို ဖော်ပြတော်မူ၍၊ မိမိ၏ လူတို့အားထာဝရပဋိညာဉ်ကို မိန့်မြွက်တော်မူသောအခါ၊ ဘုရားသခင်

သည်စကားတခွန်းကို မိန့်တော်မူပြီးနောက် ခဏရပ်ဆိုင်းနေတော်မူစဉ်၊ စကားသံတော်တို့သည် မြေကြီးတဝှမ်းလုံးသို့လွှမ်းသွားလေ၏။ ဘုရားသခင်၏ ဣသရေလလူတို့သည် အထက်သို့ မြော်ကြည့်နေကြပြီး၊ ထာဝရဘုရား၏ နှုတ်တော်မှထွက်လာ၍ မြေကြီးတဝှမ်းလုံးသို့ အကျယ်ဆုံးသောမိုးခြိုးသံကဲ့သို့လွှမ်းမိုးသွားသော စကားသံတော်တို့ကို နားထောင်နေကြ၏။ ထိုအခါ ကြောက်မက်ဘွယ်ကောင်းလောက်အောင် ကြီးကျယ်ခမ်းနား၏။ စကားတခွန်းဆုံးသောအခါတိုင်း၊ သန့်ရှင်းသူတို့က "ဟာလေလုယ၊ ဘုန်းတန်ခိုးကြီးတော်မူစေသတည်း" ဟု ကြွေးကြော်ကြ၏။ သူတို့၏ မျက်နှာများသည် ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် တောက်ပလျက်ရှိသဖြင့်၊ မောရှေသည် သိနာတောင်ပေါ်မှ ဆင်းလာသောအခါ သူ၏မျက်နှာသည် ဘုန်းတော်နှင့် တောက်ပနေသည်နည်းတူ တောက်ပလျက်ရှိကြ၏။ ဘုန်းတော်ရောင်ခြည်ကြောင့် ဆိုးသောသူတို့သည် သူတို့ကိုမကြည့်နိုင်ကြ။ ဘုရားသခင်၏သန့်ရှင်းသောဥပုသ်ကို စောင့်ရှောက်ခြင်းဖြင့် ဘုရားသခင်ကိုချီးမြှောက်သောသူတို့အပေါင်းသို့ မကုန်မဆုံးနိုင်သော ကောင်းကြီးမင်္ဂလာများကိုချပေးတော်မူသောအခါ၊ သားရဲနှင့်သူ၏ရုပ်တုအပေါ်၌ အောင်မြင်ကြောင်းကြီးကျယ်စွာ ကြွေးကြော်သံကိုကြားရလေ၏။

ထိုနောက် ငြိမ်သက်စွာနေရသည့် ပျော်ရွှင်စရာကောင်းသော အချိန်ကာလသည် အစပြုလာ၏။ ဘုရားတရားကိုကြည်ညိုသောကျွန်သည် အောင်မြင်ဝမ်းမြောက်ခြင်းနှင့်ထွက်လာ၍ သူ့ကိုချည်နှောင်ထားသောသံကြိုးတို့ကို ချွတ်ချလိုက်ရာ၊ သူ၏ဆိုးသောသခင်သည် စိတ်ရှုပ်ထွေးလာ၍ မည်ကဲ့သို့ပြုလုပ်ရမည်ကိုမသိချေ။ အကြောင်းမူကား ဆိုးသောသူတို့သည် ဘုရားသခင်မိန့်မြွက်တော်မူသော စကားတော်များကို နားမလည်နိုင်ကြချေ။

သခင်ခရစ်တော်ဒုတိယကြွလာတော်မူခြင်း

များမကြာမီလူသားသည် ဖြူသောမိုးတိမ်ကြီးပေါ်တွင် ထိုင်လျက်ပေါ်လာတော်မူ၏။ ပထမဦးစွာအဝေး၌ ၄င်းသည်ပေါ်လာသောအခါ၊ ဤမိုးတိမ်သည် အလွန်သေးငယ်သည်ဟု ထင်ရ၏။ ကောင်းကင်တမန်က ၄င်းသည် လူသား၏ နိမိတ်လက္ခဏာဖြစ်သည်ဟု ပြောဆို၏။ ၄င်းသည် မြေကြီး

နှင့်နီးကပ်လာသောအခါ၊ အောင်မြင်ခြင်းနှင့် ကြွလာတော်မူသောသခင်ယေရှု၏ထူးကဲသောဘုန်းတော်နှင့် ဂုဏ်အသရေတော်ကို ကျွန်ုပ်တို့မြင်နိုင်ကြ၏။ သန့်ရှင်းသော ကောင်းကင်တမန်တို့သည် မိမိတို့၏ ခေါင်းများပေါ်တွင် တောက်ပနေသော သရဖူများကိုဆောင်းလျက် ကိုယ်တော်အား ခြံရံစောင့်ရှောက်ကာလိုက်လာကြလေ၏။

ထိုရှုခင်း၏ ဘုန်းတော်အကြောင်းကို မည်သည့်စကား အားဖြင့်မျှ ဖော်ပြခြင်းငှာမစွမ်းနိုင်။ အလွန်ကြီးမြတ်၍ မတုပနိုင်အောင်ထူးကဲသောဘုန်းတော်နှင့်ပြည့်စုံလျက် ထင်ရှားနေသောမိုးတိမ်သည် အနီးသို့သာ၍နီးကပ်လာသောအခါ၊ ကျွန်ုပ်တို့သည် နှစ်သက်ဘွယ်ဖြစ်သော သခင်ယေရှုကိုယ်တော်တိုင်ကိုထင်ရှားစွာတွေ့မြင်ရကြလေ၏။ ကိုယ်တော်သည် ဆူးဦးရစ်ကိုဆောင်းဆောင်မမူတော့ဘဲ၊ ဘုန်းရှိသောသရဖူသည် ကိုယ်တော်၏သန့်ရှင်းသောနဖူးတော်ပေါ်၌၎င်း၊ ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟူသော ဘွဲ့နာမတော်သည် ရေးထားလျက်ရှိ၏။ ကိုယ်တော်၏ မျက်နှာတော်သည် မွန်းတည့်နေရောင်ကဲ့သို့ တောက်ပ၍ မျက်စိတော်တို့သည် မီးတောက်မီးလျှံကဲ့သို့ဖြစ်လျက် ခြေတော်တို့သည် မီး၌ချွတ်ပြီးသော ကြေးဝါစစ်ကဲ့သို့ထင်မြင်ရ၏။

ကိုယ်တော်၏ စကားသံတော်သည် များစွာသော တူရိယာသံကဲ့သို့ မြည်တော်မူ၏။ မြေကြီးသည် ကိုယ်တော်၏ရှေ့တော်၌တုန်လှုပ်၍ ကောင်းကင်သည်စာစောင်လိပ်ကဲ့သို့လွင့်သွားလျက် တောင်နှင့်ကျွန်းရှိသမျှတို့သည် မိမိတို့နေရာသို့ရွေ့သွားကြ၏။ "လောကီဘုရင်၊ မှူးမတ်၊ စစ်သူကြီး၊သူဌေးသူကြွယ်၊ ခွန်အားကြီးသောသူမှစ၍ ကျွန်များ၊ လူလွတ်များအပေါင်းတို့သည်မြေတွင်း၌၎င်း၊ တောင်ပေါ်မှာရှိသောကျောက်များ၌၎င်း၊ ပုန်းရှောင်လျက်နေ၍၊ ထိုတောင်များ၊ ကျောက်များတို့ကိုခေါ်လျက်၊ ငါတို့အပေါ်သို့ကျကြပါ။ ပလ္လင်ပေါ်မှာထိုင်တော်မူသော သူ၏မျက်နှာနှင့် သိုးသငယ်၏အမျက်တော်ကို ကွယ်ကာ၍ငါတို့ကိုဖုံးအုပ်ကြပါ။ အမျက်တော်ထင်ရှားသောနေ့ကြီးရောက်ပါပြီတကား။ အဘယ်သူသည် ခံရပ်နိုင်မည်နည်းဟု ပြောဆိုကြ၏။" (ဗျာဒိတ်ကျမ်း ၆:၁၅-၁၇)။

လွန်ခဲ့သောအချိန်အနည်းငယ်အတွင်းက ဘုရားသခင်၏သစ္စာရှိသော သမီးတို့ကို ဖျက်ဆီးရန် ကြံစည်ခဲ့ကြသောသူတို့သည် ယခုထိုသူတို့အပေါ်သို့ သက်ရောက်သော ဘုရားသခင်၏ဘုန်းတော်ကိုမြင်ရကြလေ၏။ ၎င်းပြင်လူတို့မြင်ရသော ကြောက်မက်ဘွယ်ရာအလုံးစုံတို့ကြားထဲမှ "ကြည့်ရှုလော့။ ဤအရှင်ကား၊ ငါတို့မြော်လင့်သော၊ ငါတို့၏ ဘုရားသခင်တည်း။ ငါတို့ကို ကယ်တင်တော်မူလိမ့်မည်" ဟု သန့်ရှင်းသူတို့က ဝမ်းမြောက်စွာ သီဆိုကြသောအသံများကို သူတို့ကြားရကြ၏။ ဟေရှာယ ၂၅း၉။

ပထမထမြောက်ခြင်း

ဘုရားသခင်၏သားတော်သည် အိပ်ပျော်နေသော သန့်ရှင်းသူတို့ကို ခေါ်ထုတ်တော်မူသောအခါ၊ မြေကြီးသည်ပြင်းစွာလှုပ်လေ၏။ သူတို့သည် ခေါ်တော်မူသံကိုကြားရကြ၍ မသေနိုင်သောဘုန်းတန်ခိုးနှင့် ထွက်လာကြပြီး "သေမင်းနှင့်မရဏာနိုင်ငံကိုအောင်ပြီ၊ အောင်ပြီ။ အိုသေမင်း၊ သင်၏ လက်နက်သည်အဘယ်မှာရှိသနည်း" ဟု ကြွေးကြော်ကြလေ၏။ (၁ကော ၁၅း၅၅)။ ထိုအခါ အသက်ရှင်နေသော သန့်ရှင်းသူတို့နှင့် ထမြောက်လာကြသောသူတို့သည် အလွန်ပင် အားရဝမ်းမြောက် ရွှင်မြူးသော အသံနှင့်အောင်မြင်ကြောင်း ကြွေးကြော်အော်ဟစ်ကြလေ၏။ ရောဂါနှင့်သေခြင်း၏လက္ခဏာများဖြင့် သင်းချိုင်းထဲသို့ရောက်ရှိသွားရကြသော ကိုယ်ခန္ဓာတို့သည်မပျက်စီးနိုင်သောကျန်းမာခြင်း၊ ခွန်အားဗလများနှင့်ပြည့်ဝလျက် ထွက်လာကြလေ၏။ အသက်ရှင်နေသေးသော သန့်ရှင်းသူတို့သည် မျက်စိတမှိတ်၊ တခဏခြင်းတွင်ပြောင်းလဲ၍ အာကာသကောင်းကင်၌ သခင်ဘုရားနှင့်တွေ့ဆုံရန် ထမြောက်သောသူတို့နှင့်အတူတကွ မိုးတိမ်ပေါ်သို့ချီဆောင်ခြင်းခံရကြလိမ့်မည်။ အို၊ မည်မျှဘုန်းရှိသောတွေ့ဆုံခြင်းဖြစ်မည်နည်း။ သေမင်းက ခွဲခွာခဲ့သောမိတ်ဆွေများတို့သည် ဘယ်သောအခါမျှ မခွဲခွာရတော့ဘဲအတူတကွနေရကြလိမ့်မည်။

မိုးတိမ်ကဲ့သို့သော ရထားများ၏နံဘေးများတွင် အတောင်များရှိ၍ ၎င်း၏အောက်တွင်လည်နေသောဘီးများရှိ၏။ ရထားသည် လိမ့်သွား

နေစဉ်ဘီးများက "သန့်ရှင်းတော်မူ၏" ဟုကြွေးကြော်၏။ အတောင်များ တို့သည်လည်း လှုပ်ရှားနေကြစဉ်၊ "သန့်ရှင်းတော်မူ၏" ဟု ကြွေးကြော် ကြပါ၏။ ၄င်းပြင် မိုးတိမ်ကိုခြံရံလျက်ရှိသော ကောင်းကင်တမန်များက "အနန္တတန်ခိုးရှင်၊ ထာဝရဘုရားသခင်သည် သန့်ရှင်းတော်မူ၏။ သန့်ရှင်း တော်မူ၏၊ သန့်ရှင်းတော်မူ၏" ဟု ကြွေးကြော်ကြပြန်၏။ ထိုအခါ မိုးတိမ် ထဲ၌ရှိသော သန့်ရှင်းသူတို့က၊ ဟာလေလုယ၊ ဘုန်းတန်ခိုးကြီးတော်မူစေသ တည်းဟုကြွေးကြော်ကြ၏။ ၄င်းနောက် ရထားသည် သန့်ရှင်းသောမြို့တော် ရှိရာအရပ်သို့ တက်သွားလေ၏။ မြို့ထဲသို့မဝင်မီ သန့်ရှင်းသူတို့သည်လေး ထောင်စတုရန်ကဲ့သို့ စီစဉ်ခင်းကျင်း၍ သခင်ယေရှုသည် အလယ်၌ရပ်နေ တော်မူ၏။ ကိုယ်တော်သည် သန့်ရှင်းသူတို့နှင့် ကောင်းကင်တမန်တို့ထက် ခေါင်းတလုံးနှင့်ပခုံးနှစ်ဘက်စာလောက်မြင့်လျက် ရပ်နေတော်မူ၏။ ကိုယ် တော်၏ ဘုန်းတန်ခိုးကြီးသော ပုံပန်းသဏ္ဌာန်နှင့် နှစ်သက်ဘွယ်သောမျက်နှာ တော်ကို စတုရန်းလေးထောင့်တွင် ရှိသောသူအပေါင်းတို့သည် ဖူးမြော်နိုင် ကြ၏။

-၀-

# အခန်း (၆၂)
## သန့်ရှင်းသူတို့အဘို့ဆုလဒ်

ထိုနောက်အလွန်များသော ကောင်းကင်တမန်တို့သည် သန့်ရှင်းသူတိုင်းတို့အတွက်သူတို့၏ အမည်များရေးသားထားသည့်ဘုန်းရှိသော သရဖူများကိုမြို့တော်ထဲမှ ယူဆောင်လာကြသည်ကို ကျွန်ုပ်မြင်ရ၏။ သခင်ယေရှုသည်သရဖူများကို တောင်းတော်မူသောအခါ၊ ကောင်းကင်တမန်များက ကိုယ်တော်အား ၎င်းတို့ကို ပေးအပ်ကြပြီးနောက်၊ ကိုယ်တော်သည် မိမိ၏လက်ျာလက်တော်ဖြင့် သရဖူများကို သန့်ရှင်းသူတို့၏ခေါင်းပေါ်၌ ဆောင်းပေးတော်မူ၏။ ထိုနည်းတူကောင်းကင်တမန်တို့သည် စောင်းများကိုယူခဲ့သဖြင့်၊ သခင်ယေရှုသည် ၎င်းတို့ကိုလည်း သန့်ရှင်းသူတို့အား ပေးတော်မူ၏ ခေါင်းဆောင်သောကောင်းကင်တမန်တို့သည် ပထမဦးစွာ ဂီတသံကို တိုင်ပေးပြီးနောက်လူတိုင်းသည် ပျော်ရွှင်ကျေးဇူးတင်လျက် ချီးမွမ်းသီချင်းကိုဆို၍စောင်းကြိုးများတို့ကို ကျွမ်းကျင်စွာတီးခတ်နေကြရာ၊ အလွန်သာယာ၊ ညီညာလျက် စုံလင်သောတီးသံဆိုသံတို့ကို ဖြစ်ပေါ်လာစေ၏။

ထိုနောက်သခင်ယေရှုသည် ရွေးနှုတ်ခြင်းခံရသောသူတို့အားမြို့တော်တံခါးဝသို့ပို့ဆောင်တော်မူ၏။ ကိုယ်တော်သည် တောက်ပသောပတ္တမြားရှိသောတံခါးရွက်များကို ကိုင်ဆွဲလျက်ဖွင့်တော်မူပြီးနောက်၊ သမ္မာတရားကို စောင့်ရှောက်သောလူမျိုးတိုပအား ဝင်စေတော်မူ၏။ မြို့တော်ထဲ၌မြင်ရသောအရာရှိသမျှသည် အလွန်နှစ်သက်စွဲမက်ဘွယ်ကောင်း၏။ နေရာတိုင်း၌ အလွန်အဘိုးထိုက်တန်သော ဘုန်းအသရေကိုသူတို့မြင်ရကြ၏။ ထိုနောက် သခင်ယေရှုသည် မိမိရွေးနှုတ်ခဲ့သောသန့်ရှင်းသူတို့ကို ကြည့်ရှုတော်မူရာ၊ သူတို့၏မျက်နှာများသည် ဘုန်းတော်နှင့်ထွန်းတောက်လျက်ရှိကြ၏။ ၎င်းပြင် ကိုယ်တော်သည် သူတို့အား မေတ္တာနှင့်ကြည့်ရှုနေတော်မူစဉ်၊ တူရိယာသံကဲ့သို့အလွန်ချိုသာသောအသံဖြင့်၊ "ငါသည်ငါ၏ စိတ်ဝိညာဉ် ခံရသောဝေဒနာ၏အကျိုးကိုမြင်ရ၍ အားရနှစ်သက်ခြင်းရှိ၏။ ဤကြွယ်ဝသော ဘုန်းတော်သည်သင်တို့ ထာဝရခံစားဘို့ရာ ဖြစ်၏။ သင်တို့၏ ဝမ်းနည်းခြင်းတို့သည်ကုန်ဆုံးကြလေပြီ။ နောက်တဖန် ဘယ်သောအခါမျှ သေခြင်း၊ ဝမ်း

နည်းခြင်း၊ ငိုကြွေးခြင်းနှင့် ဝေဒနာခံစားရခြင်းပင်လျှင် ရှိကြရတော့မည်မဟုတ်” ဟု မိန့်တော်မူ၏။ ရွေးနှုတ်ခြင်းခံရသော လူစုကြီးသည် ပြပ်ဝပ်၍သခင်ယေရှုခြေတော်ရင်း၌ မိမိတို့၏ တောက်ပသော သရဖူများကို ချထားကြ၏။ ထိုနောက်ကိုယ်တော်သည် သူတို့ကိုကိုယ်ဆွဲလျက် မတ်တတ်ရပ်စေတော်မူသောအခါ၊ သူတို့သည် ရွှေစောင်းများကိုတီးကြသဖြင့်၊ သိုးသငယ်အတွက်သီဆိုတီးမှုတ်သော အလွန်ချိုသာသော သီချင်းသံသည် ကောင်းကင်တဝှမ်းလုံးလွှမ်းမိုးသွား၏။

ထိုနောက်သခင်ယေရှုသည် မိမိ၏လူများတို့ကို အသက်ပင်ရှိရာသို့ ခေါ်ဆောင်သွားတော်မူ၍၊ လူတို့ကြားဘူးသော ဂီတသံထက် အလွန်ချိုသာသောအသံဖြင့် “ဤသစ်ပင်၏ အရွက်များသည် လူမျိုးတို့အားရောဂါ ဝေဒနာများကိုပျောက်ကင်းစေဘို့ဖြစ်၏။ ၎င်းတို့ကိုယူ၍ စားကြလော့” ဟုတဖန်မိန့်တော်မူသည်ကို ကျွန်ုပ်တို့ကြားရကြ၏။ အသက်ပင်ပေါ်တွင် အလွန်တရာပင်လှပတင့်တယ်သောအသီးများရှိ၍၊ သန့်ရှင်းသူတို့ သည်အလိုရှိသလောက်စားခွင့်ရရှိကြ၏။ မြို့တော်ထဲတွင် အလွန်ဘုန်းတန်ခိုးကြီးသော ပလ္လင်တော်ရှိ၍ ၎င်းနေရာမှ ကျောက်သလင်းကဲ့သို့ ကြည်လင်သော အသက်ရေစီးရာမြစ်သည် စီးထွက်လာ၏။ ဤမြစ်၏ ကမ်းနှစ်ဘက်တွင် အသက်ပင်တည်ရှိ၏။ စားစရာကောင်းသော အသီးများနှင့် ပြည့်ဝနေသော အခြားလှပသောအပင်များလည်း ထိုမြစ်ကမ်းနှစ်ဘက်စလုံးတွင် ပေါက်နေကြ၏။

ကောင်းကင်၏အကြောင်းကို ပြောပြဘို့ရန်စကားပင် ရှာမရနိုင်ပေ။ ကျွန်ုပ်သည် ၎င်း၏ရှုခင်းကို မြင်ရသောအခါ အလွန်ပင် အံ့ဩမိန်းမောလျက်ရှိပေ၏။ မနှိုင်းယှဉ်နိုင်သော တင့်တယ်ခြင်းကို အလွန်ကောင်းမြတ်သော ဘုန်းအသရေကို မြင်ရသောအခါ၊ ကျွန်ုပ်သည် ကလောင်တံကို ချထားပြီးလျှင်၊ “အို၊ ဘယ်မျှလောက် နှစ်သက်စုံမက်ဘွယ်ကောင်းသလဲ၊ မည်မျှအံ့ဩ နှစ်သက်ဘွယ်ဖြစ်သလဲ၊” ဟု ကြွေးကြော်လေ၏။ ကောင်းကင်၏ ဘုန်းတန်ခိုး သို့မဟုတ် မနှိုင်းယှဉ်အပ်သော ကယ်တင်ရှင်၏ မေတ္တာတော်အကြောင်းကို အမွန်မြတ်ဆုံးသော စကားအားဖြင့် ဖေါ်ပြခြင်းငှာ မစွမ်းနိုင်ပေ။

-o-

# အခန်း (၆၃)
# မိလေနိကပ်ကာလ

ကျွန်ုပ်သည်တဖန်မြေကြီးကို ဂရုစိုက်ကြည့်ပြန်၏။ ဆိုးသောသူတို့သည် သေကြေပျက်စီးကုန်ကြ၍ သူတို့၏အလောင်းများသည် မြေကြီးမျက်နှာပြင်ပေါ်၌တည်ရှိနေကြ၏။ ဘုရားသခင်၏အမျက်ဒေါသသည် နောက်ဆုံးဘေးဒဏ်ခုနစ်ပါးအားဖြင့် မြေကြီးသားတို့အပေါ်သို့ သက်ရောက်သဖြင့်၊ သူတို့သည် မိမိတို့လျှာကိုကိုက်ခဲလျက်၊ ဘုရားသခင်ကိုကျိန်ဆဲကြ၏။ မမှန်သောသိုးထိန်းတို့အပေါ်သို့ ဘုရားသခင်၏ အမျက်တော်သည် အထူးသဖြင့် သက်ရောက်လေ၏။ သူတို့သည် မတ်တတ်ရပ်လျက်နေစဉ်ပင် သူတို့၏မျက်စိများသည် မျက်လုံးအိမ်ထဲ၌ပင် ကုန်ခန်းပျက်စီးသွား၍ သူတို့၏လျှာများသည်လည်း ပါးစပ်ထဲ၌ပင် ကုန်ခန်းသွားကြလေ၏။ ဘုရားသခင်၏အသံတော်အားဖြင့် ဒေါသထွက်လျက်အချင်းချင်း သတ်ဖြတ်ကြသေး၏။ မြေကြီးတပြင်လုံးတွင် သွေးချောင်းစီးနေ၍ အသေကောင်တို့သည် မြေကြီးတစွန်းမှတစ်စွန်းအထိနှံ့ပြားနေကြ၏။

မြေကြီးသည် လဟာပြင် တောကြီးနှင့်တူ၏။ မြို့ကြီးများနှင့်ရွာများသည်ငလျင်လှုပ်ခြင်းကြောင့် ပျက်စီးယိုယွင်းရာများနှင့် စုပုံနေကြ၏။ တောင်များတို့သည် နေရာမှရွေ့သွားကြသဖြင့်၊ ကြီးကျယ်သော လိုဏ်ခေါင်းကြီးများကျန်ရစ်ခဲ့ကြ၏။ ပင်လယ်ထဲမှ လွင့်စင်လာသော ကျောက်တုံး၊မြေကြီးပေါ်မှပဲ့ကွာလာကြသော ကျောက်တုံးကြီးများသည် မြေကြီးမျက်နှာပြင်တစ်ခုလုံးတွင်နှံ့ပြားနေကြ၏။ ဤနေရာသည် စာတန်နှင့်သူ၏ဆိုးသော တမန်များအနှစ်တစ်ထောင်ကြာ နေထိုင်ရကြမည့်အရပ်ဖြစ်ပေသည်။ သူသည်ဤနေရာ၌ ကွဲပြတ်ပြိုပျက်နေသော မြေကြီးမျက်နှာပြင်ပေါ်တွင် ထိုမှဤမှ၊အပေါ်အောက် လှည့်လည်သွားလာနေလျက် ဘုရားသခင်ကို ပုန်ကန်ခဲ့ခြင်းကြောင့် ဖြစ်ပျက်နေသော အမှုအရာတို့ကို ကြည့်ရှုစစ်ဆေးရန်နေထိုင်ရလိမ့်မည်။ သူသည် မိမိပြုခဲ့သော ကျိန်ခြင်း၏အပြစ်ဒဏ်ကို နှစ်ပေါင်းတစ်ထောင်ကြာခံစားနေရလိမ့်မည်။

သူသည် ဤမြေကြီး၌သာနေထိုင်ဘို့ ကန့်သတ်ထားခြင်းခံရ၍ပြစ်မှားခြင်းမရှိသောသူတို့ကို နှောင့်ယှက်သွေးဆောင်ရန် အခြားသော ဂြိုလ်များသို့ လှည့်လည် သွားလာခွင့်မရချေ။ ဤအချိန်ကာလအတွင်း စာတန်သည်အလွန် ပြင်းထန်စွာ ဒုက္ခခံနေရ၏။ သူသည် အပြစ်ပြုခဲ့သည်နေ့မှစ၍ မကောင်းသော အကြံအစည်များကို အမြဲပြုကျင့်လျက်နေခဲ့၏။ သို့သော် ထိုအခါသူ၌တန်ခိုးမရှိတော့သဖြင့်၊ မိမိအပြစ်ပြုသည့်အခါမှစ၍ မိမိပြုခဲ့သော အမှုအရာများကိုပြန်ကြည့်ကာ ဆင်ခြင်တွေးတောနေရလိမ့်မည်။ ၎င်းပြင် မိမိပြုခဲ့သော မကောင်းမှုအပေါင်းတို့နှင့်လူများတို့အား ကျူးလွန်စေခဲ့သောအပြစ်ရှိသမျှတို့အတွက် ခံစားရမည်ပြစ်ဒဏ်ကိုသူသည် ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်မြော်လင့်စောင့်စားနေရလိမ့်မည်။

ကောင်းကင်တမန်များနှင့် ရွေးနှုတ်ခြင်းခံရသော သန့်ရှင်းသူတို့က ထောင်သောင်းမကသော တူရိယာသံကဲ့သို့ အောင်မြင်ကြောင်း သီဆိုကြွေးကြော်ကြသောအသံများကို ကျွန်ုပ်ကြားရ၏။ အကြောင်းမူကား၊ သူတို့ကို စာတန်သည် နောက်တဖန် နှောင့်ယှက်သွေးဆောင်ခြင်း မပြုနိုင်သည်အပြင်အခြားသော ကမ္ဘာများတွင်ရှိ သတ္တဝါများတို့သည် သူ၏လက်မှ၎င်း၊ သွေးဆောင်ခြင်းမှ၎င်း ကယ်လွှတ်ခြင်းခံရကြလေ၏။

ထိုနောက်ကျွန်ုပ်သည်ပလ္လင်များကိုမြင်ရ၍ သခင်ယေရှုနှင့်ရွေးနှုတ်ခြင်းခံရကြသော သန့်ရှင်းသူတို့သည်၎င်းတို့အပေါ်မှာထိုင်နေကြ၏။ ထိုနောက် သန့်ရှင်းသူတို့သည် ရှင်ဘုရင်နှင့်ဘုရားသခင်၏ယဇ်ပုရောဟိတ်များအဖြစ်နှင့် စိုးစံနေကြ၏။ သခင်ခရစ်တော်သည် မိမိ၏လူများနှင့်အတူပူးပေါင်းပြီးမှဆိုးသောသူတို့အား ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော တရားဥပဒေနှင့်အညီ နှိုင်းယှဉ်ကာသူတို့၏အကျင့်များကို စစ်ဆေးပြီးနောက် သူတို့ပြုခဲ့သော အကျင့်ဓလေ့တိုပအတိုင်းအမှုရှိသမျှကို စီရင်ဆုံးဖြတ်ကြ၏။ ထိုနောက်ဆိုးသောသူတို့အား သူတို့၏အကျင့်အလျောက်ခံရမည့် ပြစ်ဒဏ်ကို ချမှတ်ကြလေ၏။ သေဒဏ်ကိုရေးမှတ်ထားသောစာစောင်တွင် ပါရှိသောသူတို့၏ နာမည်များနှင့်အတူ ထိုပြစ်ဒဏ်များကိုရေးမှတ်ထား၏။ စာတန်နှင့်သူ၏တမန်များကိုလည်း သခင်ယေရှုနှင့်သန့်ရှင်းသူတို့က စီရင်ရကြ၏။ စာတန်၏ ပြစ်ဒဏ်သည်သူ၏ လှည့်စားခြင်းကို ခံရသော သူတို့၏ ပြစ်ဒဏ်

ထက်သာ၍ ကြီးကျယ်လိမ့်မည်။ သူခံရမည့်ဝေဒနာသည် သူတို့ခံရမည့်ဝေဒနာထက်မနှိုင်းယှဉ်နိုင်လောက်အောင်သာ၍ ကြီးမားပြင်းထန်လိမ့်မည်။ သူ၏လှည့်စားခြင်းကိုခံရသောသူအပေါင်းတို့သည် ပျက်စီး ဆုံးပါးသွားကြပြီးနောက် စာတန်သည် အသက်ရှင်သေးလျက်၊ ကြာမြင့်စွာ ဒုက္ခဝေဒနာခံစားနေရလိမ့်ဦးမည်။

အနှစ်တထောင်၏အဆုံး၌ သေနေသောဆိုးသော သူတို့ကိုတရားစီရင်ပြီးသောအခါ၊ သခင်ယေရှုသည်မြို့တော်မှ ထွက်ကြွလာတော်မူသဖြင့်၊ သန့်ရှင်းသူတို့နှင့် ကောင်းကင်တမန်အပေါင်းတို့သည် နောက်တော်မှလိုက်လာကြလေ၏။ သခင်ယေရှုသည် တောင်ကြီးတခုပေါ်တွင် ဆင်းသက်တော်မူသောအခါ၊ ၎င်းတော်ပေါ်သို့ ကိုယ်တော်၏ ခြေတော်ကျရောက်သည်နှင့် တပြိုင်နက်၎င်းသည် ကွဲသွားလျက်ကြီးကျယ်သော လွင်ပြင်ကြီးဖြစ်လာလေ၏။ ထိုနောက် ကျွန်ုပ်တို့သည် မြော်ကြည့်ကြရာ၊ အုတ်မြစ်ဆယ့်နှစ်ထပ်ရှိ၍ တဘက်တဘက်တွင် သုံးခုစီရှိလျက်တပေါက်လျှင် ကောင်းကင်တမန်တပါးစီစောင့်နေကြသော တံခါးကြီးဆယ့်နှစ်ပေါက်ပါသော ကြီးကျယ်သော မြို့တော်ကြီး၊ ဘုရားသခင်အထံတော်ကောင်းကင်မှ ၎င်းသည်ကျဆင်းလာပြီ” ဟု ကြွေးကြော်ကြ၏။ ၎င်းမြို့တော်သည် ခမ်းနား၍ တောက်ပသော ဘုန်းတန်ခိုးတော် အပေါင်းနှင့်ကျဆင်းလာပြီး သခင်ယေရှု ပြင်ဆင်တော်မူသော လွင်ပြင်ကြီးပေါ်၌တည်နေ၏။

-ဝ-

## အခန်း (၆၄)
## ဒုတိယထမြောက်ခြင်း

ထိုနောက်သခင်ယေရှုနှင့် သန့်ရှင်းသောကောင်းကင်တမန်အပေါင်း ရွေးနှုတ်ခြင်းခံရသော သန့်ရှင်းသူအပေါင်းတို့သည် မြို့တော်မှထွက်လာကြ၏။ ကောင်းကင်တမန်တို့သည် မိမိတို့၏ဗိုလ်ချုပ်ကြီးကို ခြံရံစောင့်ရှောက်လာကြ၍ ရွေးနှုတ်ခြင်းခံရသော သန့်ရှင်းသူတို့သည် နောက်ကလိုက်ပါလာကြ၏။ ထိုနောက် အလွန်ကြောက်မက်ဘွယ်ရာကောင်းသော မြင့်မြတ်ခမ်းနားခြင်းနှင့်သခင်ယေရှုသည် သေနေသောလူဆိုးများကို သင်္ချိုင်းထဲကခေါ်ထုတ်တော်မူ၏။ ထိုအခါ သူတို့သည် သင်္ချိုင်းထဲသို့ပဆင်းသွားခဲ့ရသော အခါကနည်းတူဖျားနာ၊အားနည်းသော ကိုယ်ခန္ဓာနှင့်ထွက်လာကြ၏။ အလွန်ကြောက်မက်ဘွယ်ကောင်းသော ရှုခင်းကြီးပါတကား။ အလွန်ခြားနားသော အခြင်းအရာပါတကား။ ပထမထမြောက်ခြင်း၌ လူအပေါင်းတို့သည် မသေမပျက်စီးနိုင်သောဘုန်းတော်နှင့်ထွက်လာကြ၏။ သို့သော် ဒုတိယမြောက်ခြင်း၌ကား လူအပေါင်းတို့၌ ကျိန်ခြင်း၏ အထိမ်းအမှတ်လက္ခဏာများကိုမြင်နေရ၏။ လောကီမင်းများ၊ မှူးမတ်များ၊ ပညာရှိများ၊ ပညာမဲ့များ၊ အယုတ်အမြတ်မှစ၍ လူအမျိုးမျိုးတို့သည် အတူတကွထွက်လာကြ၏။ လူအပေါင်းတို့သည် လူသားကိုမြင်ရကြ၏။ ၎င်းအပြင် ကိုယ်တော်ကိုရှုတ်ချ၍ကဲ့ရဲ့ပြောင်လှောင်ကြသောသူများ၊ ကိုယ်တော်၏ သန့်ရှင်းသော ခေါင်းတော်ပေါ်၌ ဆူးဦးရစ်ကိုတင်လျက် ကိုယ်တော်ကို ကျူတံနှင့်ရိုက်သောသူများတို့သည် ကိုယ်တော်ကိုအလွန်မြင့်မြတ်သော ရာဇဂုဏ်အသရေအပေါင်းနှင့်တွေ့မြင်ရကြ၏။ ကိုယ်တော်ကို စီရင်နေစဉ်အခါက ကိုယ်အားတံထွေးနှင့်ထွေးခဲ့သော သူတို့သည် ကိုယ်တော်၏ စူးရှသောအကြည့်မှ၎င်း၊ ကိုယ်တော်၏ မျက်နှာတော် ဘုန်းရောင်ခြည်မှ၎င်း ယခုထွက်ပြေး ပုန်းရှောင်နေကြ၏။ ကိုယ်တော်၏ လက်ဝါးတော်နှင့်ခြေတော်တို့ကို သံမှိုနှင့်ရိုက်နှက်ထိုးဖေါက်ခဲ့ကြသောသူတို့သည် ယခုလက်ဝါး ကပ်တိုင်၌ ရိုက်ထားခြင်းခံရသော ကိုယ်တော်၏ ဒဏ်ရာများကို မြင်ရကြ၏။ကိုယ်တော်၏ နံဘေးတော်တွင် လှံနှင့်ထိုးခဲ့သောသူတို့သည် ကိုယ်တော်၏ ခန္ဓာတော်၌ မိမိတို့ရက်စက်စွာ ပြုခဲ့ခြင်း

၏အမှတ်လက္ခဏာကို မြင်ရကြ၏။ ကိုယ်တော်ကား၊လက်ဝါးကပ်တိုင်၌မိမိတို့ ရိုက်ထား၍သေခါနီးဝေဒနာပြင်းစွာခံနေတော်မူရစဉ် မိမိတို့ပြောင်လှောင်ခဲ့ကြ သောအရှင်ပင်ဖြစ်သည်ကို သူတို့သိရှိလာကြ၏။ ထိုနောက်သူ တို့သည်ဘုရင် တို့၏ဘုရင်၊ သခင်တို့၏သခင်ထံတော်မှပုန်းရှောင်ရန်ထွက်ပြေးကြစဉ်၊ပြင်းစွာ သောဝေဒနာကြောင့်ကြာရှည်စွာဆွဲ၍ငိုကြွေးနေသောအသံကြီးတစ်ခုကို ကြားရ လေ၏။

မိမိတို့တခါက ရှုတ်ချခဲ့ကြသော ကိုယ်တော်၏ ကြောက်မက်ဘွယ် ဘုန်းတန်ခိုးတော်မှ မိမိတို့ကိုယ်ကိုကာကွယ်ဖုံးအုပ်ထားစေရန် လူအပေါင်း တို့သည် ကျောက်တောင်များနောက်၌ ပုန်းရှောင်နေကြ၏။ ကိုယ်တော်၏ ထူးကဲခမ်းနားသော ဘုန်းတော်ရောင်ခြည်လွှမ်းမိုးသဖြင့်၊ ဝေဒနာခံနေရကြ လျက်၊ သူတို့သည် တညီတညွတ်တည်း၊ ကြောက်မက်ဘွယ်ဖြစ်လျက် ကွဲပြား သောအသံဖြင့် "ထာဝရဘုရားအခွင့်နှင့်ကြွလာတော်မူသောသူသည် မင်္ဂလာ ရှိစေသတည်း" ဟု ကြွေးကြော်ကြလေ၏။

ထိုနောက်သခင်ယေရှုနှင့် သန့်ရှင်းသော ကောင်းကင်တမန်တို့သည် သန့်ရှင်းသောသူအပေါင်းတို့နှင့်အတူတကွ မြို့တော်သို့ပြန်သွားကြရာ၊ အပြစ် ဒဏ်သင့်သော လူဆိုးတို့၏ငိုကြွေးမြည်တမ်းသံများကို လေထဲ၌ ကြားနေရ၏။ ထိုနောက်စာတန်သည် မိမိ၏ လုပ်ငန်းကို အစပြုဆောင်ရွက်ပြန်၏။ သူသည် သူ၏လက်အောက်တွင်ရှိသော သူများတို့အထဲတွင် လှည့်လည်ကြည့်ရှု၍ အားနည်းနွမ်းယိနေသူတို့အား ခွန်အားနှင့်ပြည့်စုံစေလျက်၊ သူနှင့်သူ၏တမန် များသည် တန်ခိုးနှင့်ပြည့်စုံကြ၏ဟုပြောဆိုအားပေး၏။ စစ်မှုတွင်အလွန် ကျွမ်းကျင်၍ နိုင်ငံများကိုအောင်မြင်ခဲ့ဘူးလျက် ခွန်အားကြီးသောစစ်သူကြီး များ၊ ရှင်ဘုရင်များတို့လည်း ထိုလူစုတွင်ပါဝင်ကြ၏။ ၎င်းပြင် စစ်ပွဲထဲ၌ ဘယ်အခါမျှဆုံးရှုံးခြင်းမရှိ၊ အလွန်ခွန်အားကြီး၍ အရပ်အမောင်းထွားကြိုင်း သောသူနှင့် သူရသတ္တိရှိသောသူများလည်းပါရှိ၏။ မာနကြီးလျက် အလွန် လောဘကြီးသော နပိုလီယံမင်းလည်းပါဝင်၏။ သူရောက်ရာအရပ်တွင် နိုင်ငံ များကိုတုန်လှုပ်ချောက်ချားစေခဲ့ပြီ။ အောင်မြင်ရန် မက်မောနေကြစဉ် စစ်ပွဲ ၌ကျဆုံးသွားကြသည့် အရပ်မြင့်သောသူများနှင့် ဂုဏ်အသရေထင်ရှားသော သူများလည်း ထိုနေရာတွင်ရပ်နေကြ၏။

သူတို့သည် သချိုင်းထဲမှထွက်လာကြသောအခါ၊ သူတို့သေဆုံးစဉ် အခါကစွန့်လွှတ်ခဲ့ရသော မိမိတို့အကြံအစည်များကို တဖန်ပြန်၍ အစပြုကြ၏။ သူတို့ကျဆုံးသွားခဲ့ကြသည့်အချိန်ကနည်းတူ၊ ယခုလည်း သူတို့၌ အောင်မြင်လိုသောဆန္ဒနှင့် ပြည့်စုံလာကြပြန်၏။ စာတန်သည် သူ၏တမန်များ၊ ထိုနောက်ထိုရှင်ဘုရင်များ၊ အောင်မြင်သောသူများ၊ ခွန်အားကြီးသောသူများတို့နှင့်တိုင်ပင်ဆွေးနွေးလေ၏။ ထိုနောက်သူသည် အလွန်ကြီးမားသော စစ်တပ်ကြီးကိုကြည့်ပြီးနောက်၊ မြို့တော်ထဲတွင်ရှိသော လူစုသည် အနည်းငယ်သာဖြစ်၍ အားနည်းကြသဖြင့်၊ သူတို့သည် ၎င်းမြို့သို့တက်ပြီး သိမ်းပိုက်လျက် မြို့သားများကို နှင်ထုတ်ပြီးလျှင်၊ ၎င်းမြို့၏ စည်းစိမ်ချမ်းသာနှင့် ဘုန်းတန်ခိုးများကိုမိမိတို့ ပိုင်ဆိုင်နိုင်ကြလိမ့်မည်ဟု သူတို့အားပြောဆို၏။

စာတန်သည် သူတို့ကိုလှည့်ဖြားရာ၌ အောင်မြင်၍လူအပေါင်းတို့သည် စစ်ပွဲအတွက် မိမိတို့ကိုယ်ကိုချက်ခြင်းပြင်ဆင်စပြုကြ၏။ ထိုကြီးကျယ်သော စစ်တပ်ကြီးတွင် ကျွမ်းကျင်သော သူအများပါဝင်၍ သူတို့သည် စစ်ပွဲအတွက် လက်နက်ကရိယာအမျိုးစုံတို့ကို ကြံစည်ပြုလုပ်ကြ၏။ ထိုနောက် စာတန်သည် ရှေ့ဆောင်ပြုလုပ်လျက် လူစုကြီးသည် ရှေ့သို့တက်သွားကြလေ၏။ ရှင်ဘုရင်များနှင့် စစ်သူရဲကြီးများသည် စာတန်၏ နောက်မှကပ်၍ လိုက်သွားကြလျက်၊ လူများတို့သည် အစုလိုက်နောက်မှပါလာကြပြန်၏။ အစုအသီးအသီးတွင် ခေါင်းဆောင်တစ်ယောက်စီပါရှိ၍ သူတို့သည် ပျက်စီးယိုယွင်းနေသောမြေကြီးမျက်နှာပြင်ကိုဖြတ်ကျော်လျက် သန့်ရှင်းသော မြို့တော်သို့ချီတက်သွားနေကြစဉ်၊ စည်းကမ်းစနစ်အတိုင်း အမိန့်ကိုနာခံလျက် အစဉ်အလိုက်တက်သွားကြ၏။ သခင်ယေရှုသည် မြို့တော်၏ တံခါးကြီးများကိုပိတ်ထားတော်မူရာ၊ ဤစစ်တပ်ကြီးသည် မြို့ပတ်လည်၌ ဝိုင်းထားကြပြီးနောက်ပြင်းထန်သော တိုက်လှန်ပွဲကြီးကိုမြော်မြင်လျက်၊ တပ်ဖွဲ့များကိုအစဉ်အတိုင်း ချင်းကျင်းကာ စခန်းချထားကြလေ၏။

-၀-

# အခန်း (၆၅)
# သခင်ခရစ်တော်ကိုဘိသိတ်မြှောက်ခြင်း

ယခုတဖန် သခင်ခရစ်တော်သည် မိမိ၏ရန်သူများ မြင်နိုင်လောက် အောင်ထင်ရှားလာတော်မူပြန်၏။ မြို့တော်၏အထက်ပိုင်း၊ တောက်ပသော ရွှေဖြင့်ပြီးသောအုတ်မြစ်အထက်၌ အလွန်မြင့်သောနေရာတွင် ပလ္လင်တော် တခုရှိ၏။ ဤပလ္လင်တော်ပေါ်၌ ဘုရားသခင်၏ သားတော်သည်ထိုင်တော် မူ၍ ကိုယ်တော်၏ပတ်လည်တွင် နိုင်ငံတော်သားများရှိကြ၏။ သခင်ခရစ် တော်၏ မြင့်မြတ်ခမ်းနားခြင်းနှင့်ဘုန်းတန်ခိုးတော်ကို မည်သည့်စကားအားဖြင့် မျှ ရေးသောဖော်ပြခြင်းငှာ မစွမ်းနိုင်ချေ။ ထာဝရခမည်းတော်၏ ဘုန်းတော် သည် မိမိသားတော်ကို ဖုံးလွှမ်းလျက်ရှိ၏။ ဘုရားသခင် ကြွရောက်လာ တော်မူခြင်းဖြင့် ထင်ရှားသော ဘုန်းတော်ရောင်ခြည်သည် ဘုရားသခင်၏မြို့ တော်တွင် ပြည့်လျှံ၍၊ မြို့တံခါးကို ကျော်ထွက်သွားသဖြင့် မြေကြီးတခုလုံးကို ၎င်း၏ တောက်ပသောအလင်းနှင့် ထွန်းလင်းလွှမ်းမိုးသွားစေလေ၏။

ပလ္လင်တော်နှင့် အနီးကပ်ဆုံးသောနေရာတွင်၊ တခါက စာတန်အ တွက်စိတ်ထက်သန်ခဲ့သော်လည်း၊ လောင်သောမီးထဲမှ ထုတ်ယူသောထင်းစ ကဲ့သို့ မိမိတို့၏ ကယ်တင်ရှင်နောက်တော်သို့ အလွန်ပြင်းထန်စိတ်အားထက် သန်သော ကြည်ညိုခြင်းနှင့်လိုက်ရှောက်ခဲ့ကြသောသူများရှိကြ၏။ ထိုနောက် မှမှားယွင်းခြင်းနှင့် သစ္စာမတည်ခြင်းအမှုများကြားတွင် ခရစ်ယာန်အကျင့်သီ လကိုစုံလင်စေခဲ့သောသူများ၊ ခရစ်ယာန်လောကတွင် ပညတ်တော်သည် ပျောက်ကွယ်သွားပြီးဟု ပြောဆိုနေကြသောအခါ၊ ဘုရားသခင်၏ ပညတ် တော်ကို ရိုသေလေးစားခဲ့ကြသောသူများ၊ ကာလအဆက်ဆက်တွင် ယုံကြည် ခြင်းတရားအတွက် အသတ်ခံရကြသည့် သန်းပေါင်းများစွာသောသူများရှိ ကြ၏။

ထိုမှ ကျော်လွန်သောနေရာတွင် "အသီးအသီးဘာသာစကားကို ပြောသော လူအမျိုးအနွယ် ခပ်သိမ်းတို့အထဲမှထွက်၍၊ အဘယ်သူမျှမရေမ တွက်နိုင်သောလူများအပေါင်းတို့သည် ဖြူသောဝတ်လုံကို ဝတ်ဆင်လျက်၊ စွန်ပလွံချက်ကိုကိုင်လျက်၊ ပလ္လင်တော်ရှေ့၊ သိုးသငယ်ရှေ့မှာရပ်နေကြ၏။" ဗျာဒိတ်ကျမ်း၊ ၇း၉။ သူတို့၏ တိုက်ခိုက်ပွဲသည် ပြီးဆုံး၍ သူတို့သည်အောင်

မြင်ခြင်းအခွင့်ကိုရရှိကြ၏။ သူတို့သည် ပြေးရသောလမ်းကို အဆုံးတိုင် ပြေးခဲ့၍ဆုလဒ်ကိုရရှိခဲ့ကြပြီ။ သူတို့၏ လက်ထဲ၌ရှိသော စွန်ပလွံခက်တို့သည် သူတို့၏ အောင်မြင်ဝမ်းမြောက်ခြင်း၏အထိမ်းအမှတ်ဖြစ်၍ ဖြူစင်သောဝတ်လုံများသည် ယခုသူတို့အပိုင်ရရှိကြသော သခင်ခရစ်တော်၏ စွန်းကွက်ခြင်းကင်းသောဖြောင့်မတ်ခြင်း၏ အထိမ်းအမှတ်ဖြစ်လေ၏။

"ပလ္လင်ပေါ်မှာ ထိုင်တော်မူသော ငါတို့၏ဘုရားသခင်နှင့်သိုးသငယ်သည် ကယ်တင်တော်မူခြင်း ချမ်းသာရှိတော်မူစေသတည်း" ဟူသော ချီးမွမ်းသီချင်းကို ရွေးနှုတ်ခြင်းခံရသူတို့က သီဆိုကြရာ၊ ကောင်းကင်ဘဝဂ်ဝယ်ထပ်ခါထပ်ခါ ပဲ့တင်ထပ်သွားလေ၏။ ၎င်းပြင် ကောင်းကင်တမန်များနှင့်ကောင်းကင်တမန်သရပ်တို့သည် အတူတကွပူးပေါင်းကာ ကိုးကွယ် ဝတ်ပြုလျက်ချီးမွမ်းသီဆိုကြ၏။ ရွေးနှုတ်ခြင်းခံရသူတို့သည် စာတန်၏ ခွန်အားနှင့်ကြီးစွာသောရန်ငြိုးကိုသိမြင်ကြပြီဖြစ်၍၊ သခင်ခရစ်တော်၏ တန်ခိုးခွန်အားတော်မှတပါး မည်သည့်တန်ခိုးမျှ သူတို့အား အောင်မြင်သောသူများ မဖြစ်စေနိုင်ကြောင်းကို အထက်ကတခါမျှမသိခဲ့ဘူးသော်လည်း ယခုကောင်းစွာသိမြင်လာကြလေပြီ။ ထိုတောက်ပလျက်နေသော လူအပေါင်းတို့တွင်၊ ကယ်တင်ခြင်းချမ်းသာသည် မိမိတို့ကိုယ်တိုင်၏ အစွမ်းသတ္တိနှင့် ကောင်းမြတ်ခြင်းအကျိုးတို့ကြောင့် ရရှိသကဲ့သို့ပထင်မှတ်ကြသော သူတယောက်မျှမရှိကြချေ။ မိမိတို့မည်ကဲ့သို့ပြုလုပ်ခဲ့ကြောင်း၊ မည်ကဲ့သို့ဒုက္ခခံခဲ့ကြောင်း မည်သည့်အရာကိုမျှပြောမပြကြချေ။ သို့သော် သီချင်းတိုင်း၊ ချီးမွမ်းသီချင်းတိုင်းတို့၏ အဓိကအချက်ကြီးကား "ငါတို့ဘုရားသခင်နှင့်သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိတော်မူစေသတည်း" ဟူသောအချက်ဖြစ်ပေသည်။ ဗျာဒိတ်ကျမ်း၊ ၇း၁၀။

စုရုံးလာကြသော ကောင်းကင်သားနှင့်မြေကြီးသားများမျက်မှောက်တွင် ဘုရားသခင်၏ သားတော်ကို နောက်ဆုံးဘိသိတ်မြှောက်ခြင်း အမှုကြီးကိုပြုလုပ်ကျင်းပလိမ့်မည်။ ၎င်းပြင် ယခုထူးကဲသောမြင့်မြတ်ခြင်းနှင့် ဘုန်းတန်ခိုးကို ခံယူရရှိထားသဖြင့်၊ ဘုရင်တို့၏ ဘုရင်သည် မိမိ၏အုပ်စိုးခြင်းအာဏာစက်ကို ပုန်ကန်သောသူများတို့အပေါ်၌ စီရင်ချက်ကိုသတ်မှတ်၍၊ မိမိ၏ ပညတ်တော်ကိုလွန်ကျူးလျက် မိမိ၏ လူများကို ညှင်းဆဲနှိပ်စက်ခဲ့ကြ

သောသူတို့အပေါ်၌ တရားသဖြင့်စီရင်တော်မူ၏။ ဘုရားသခင်၏ပရောဖက်က၊ "ဖြူသောပလ္လင်ကြီးကိုငှင်း၊ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူကိုငှင်းငါမြင်၏။ ကောင်းကင်နှင့်မြေကြီးသည် မျက်နှာတော်ရှေ့မှပြေးလွင့်၍သူတို့နေစရာအရပ်မရှိ။ သေလွန်သောသူအကြီးအငယ်တို့သည်ပလ္လင်တော်ရှေ့မှာရပ်နေကြသည်ကိုငါမြင်၏။စာစောင်များကိုဖွင့်ထား၏။အသက်စာစောင်တည်းဟူသောအခြားတပါးစာစောင်ကိုလည်းဖွင့်လေ၏။သေလွန်သောသူတို့သည်မိမိတို့အကျင့်အတိုင်း၊စာစောင်တို့၌ရေးထားချက်များနှင့်အညီတရားစီရင်ခြင်းကိုခံရကြ၏။ဗျာ ၂၀း၁၁၊၁၂။

စာစောင်များကိုဖွင့်၍ သခင်ယေရှုသည် ဆိုးသောသူတို့ကို ကြည့်ရှုတော်မူသည်နှင့်တပြိုင်နက်၊ သူတို့သည် မိမိတို့ပြုခဲ့ကြသောအပြစ်ရှိသမျှကို သိမြင်လာကြ၏။သူတို့၏ခြေများသည်ဖြူစင်သန့်ရှင်းခြင်းလမ်းခရီးမှလွဲသွားနေသည်ကိုငှင်း၊ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးရာ၌သူတို့၏မာနနှင့်ပုန်ကန်မှုသည်သူတို့အားမည်မျှဝေးကွာစွာ ရောက်ရှိနေခဲ့စေသည်ကိုငှင်းသူတို့သိမြင်လာကြ၏။အပြစ်၌နစ်မွန်းလိုက်စားနေခြင်းဖြင့် သူတို့ကတိုက်တွန်းခဲ့သောသွေးဆောင်စုံစမ်းခြင်းအမှုများ၊လွဲဖယ်ခဲ့သောကောင်းကြီးမင်္ဂလာများ၊ခိုင်မာနောင်တမရသောစိတ်နှလုံးဖြင့်တွန်းလှန်ခဲ့သောကရုဏာလှိုင်းများမှစသောအမှုအရာအပေါင်းတို့သည်မီးဖြင့်ထွင်းထားသော အက္ခရာများကဲ့သို့ ထင်ရှားစွာပေါ်လာလေ၏။

## ကြီးကျယ်သောစစ်တလင်းကြီး

ပလ္လင်တော်အထက်တွင်လက်ဝါးကပ်တိုင်ကိုဖော်ပြထား၏။ ငှင်းအပြင်ဓါတ်ပုံကားချပ်ကြီးတခုကဲ့သို့ အာဒံသည်သွေးဆောင်ခံရ၍ အပြစ်ပြုဆုံးရှုံးခြင်းအကြောင်းအရာရှုခင်းများနှင့်ရွေးနှုတ်ခြင်းစီမံကိန်းတွင်အဆင့်ဆင့်ဖြစ်ပေါ်လာသောအခြင်းအရာတို့ကို ဖော်ပြထားလေ၏။ကယ်တင်ခြင်း၏နိမ့်ကြစွာမွေးဖွားခြင်းအမှု၊ ငယ်ရွယ်စဉ်အခါရိုးသား၍နားထောင်လျက်နေထိုင်ခဲ့သောကိုယ်တော်၏အသက်တာ၊ ယော်ဒန်မြစ်၌နှစ်ခြင်းခံတော်မူခြင်းအမှု၊တောထဲ၌အစာရှောင်နေ၍ သွေးဆောင်ခြင်း ခံရတော်မူခြင်းအမှု၊လူအပေါင်းတို့အထဲတွင် ကိုယ်တော် အမှုဆောင်ရွက်တော်မူခြင်း၊ မေတ္တာကရုဏာနှင့်ပြုစုခဲ့တော်မူသေအမှုကိစ္စအပေါင်းနှင့် ပြည့်ဝနေသောနေ့ရက်. . . . . . . . . . . . . . . . .

များ၊ တောင်ပေါ်၌ တိတ်ဆိတ်သောနေရာတွင် ဆုတောင်းလျက်စောင့်နေတော်မူခဲ့သောညဥ့်များ၊ ကိုယ်တော်အားမနာလို၊ ငြူစူ၊ မုန်းသဖြင့်သတ်ရန်ကြံစည်ကြသော်လည်း ကိုယ်တော်အဘို့ အကျိုးဖြစ်ထွန်းစေသော အမှုများ၊ လောကတဝှမ်းလုံး၏ အပြစ်ဝန်ထုပ်ကြောင့် လေးလံနေသဖြင့် ဂေသရှင်မန်ဥယျာဉ်ထဲ၌ အလွန်နက်နဲ၍ ကြောက်မက်ဘွယ်ပြင်းထန်စွာ ဝေဒနာခံစားနေရသောအမှု၊ သတန်ဖြတ်လိုသော လူစု၏လက်ထဲသို့ အပ်နှံခြင်းခံရသောအမှု၊ ကြောက်မက်ဘွယ်ကောင်းသော ထိုညဥ့်၌ ကြောက်လန့်ဘွယ်ဖြစ်ပျက်သောအမှု၊ မိမိ၏အချစ်ဆုံးတပည့်တော်များက စွန့်ပစ်၍ ယေရုရှလင်မြို့လမ်းမကြီးထဲမှအလျင်အမြန်ခေါ် ဆောင်သွားခြင်းခံရသော်လည်း၊ တားဆီးကန့်ကွက်ခြင်းမရှိသော အကျဉ်းသားအဖြစ်၌ရှိနေခြင်း၊ ဘုရားသခင်၏သားတော်ကို ယဇ်ပုရောဟိတ်မင်းအန္န၏ရှေ့၌ ဝမ်းမြောက်စွာ တင်ပြကြခြင်း၊ ယဇ်ပုရောဟိတ်မင်း၏နန်းတော်၌ စွပ်စွဲပြစ်တင်ခြင်း၊ ပိလတ်မင်း၏ ရုံး၌၎င်း၊ ရက်စက်၍ ကြောက်တတ်သော ဟေရုဒ်မင်းရှေ့၌၎င်းစစ်ဆေးခြင်း၊ ပြောင်လှောင်၊ စော်ကား၊ ညှဉ်းဆဲ၍သေဒဏ်ကိုစီရင်ကြခြင်းမှစသော အမှုအပေါင်းတို့ကို ထင်ရှားစွာအရုပ်ကားကဲ့သို့ ဖေါ်ပြထား၏။

၎င်းပြင် ယခုလှုပ်လှုပ်ရွရွဖြစ်နေသော လူစုရှေ့တွင် နောက်ဆုံးဖြစ်ပျက်သောရှုခင်းကိုဖေါ်ပြထား၏။ သည်းခံလျက် ဒုက္ခခံတော်မူရသောအရှင်သည် ယခုကရာနီကုန်းသို့ သွားရာလမ်းတွင် ကြွသွားနေတော်မူ၏။ ကောင်းကင်ကို အစိုးရသောမင်းသားသည် လက်ဝါးကပ်တိုင်၌ ဆွဲထားခြင်းခံနေရ၏။ မာနကြီးသော ယဇ်ပုရောဟိတ်များနှင့် သရော်နေသော လူယုတ်မာတို့သည် သေခါနီးဝေဒနာခံနေရသောကိုယ်တော်ကိုပြောင်လှောင်နေကြ၏။ထူးကဲစွာဖြစ်ပေါ်လာသောမှောင်မိုက်၊ဖေါင်းကြွလာသောမြေကြီး၊ပွဲ့ကွာသောကျောက်တုံး များ၊ ပွင့်ကွဲသွားသောသင်းချိုင်းတို့ကားလောက၏ကယ်တင်ရှင်သည်မိမိ၏အသက်ကိုစွန့်လွှတ်တော်မူသောအချိန်အခါ၏ အထိမ်းအမှတ်ကိုပြနေကြ၏။

ဖြစ်ပျက်ခဲ့သည်အတိုင်း ထိုကြောက်စရာ ကောင်းသော ရှုခင်းကြီးသည်ပေါ်လာ၏။ စာတန်၊ သူ၏တမန်နှင့် လက်အောက်သားတို့သည် မိမိတို့ပြုခဲ့သော အမှုအကြောင်းဖေါ်ပြသော ရှုမြင်ကွင်းကားချပ်မှလှည့်သွား

ဘို့တန်ခိုးမရှိကြချေ။ အသီးသီးတို့သည် မိမိတို့နှင့်သက်ဆိုင်ခဲ့သော အပြု အမူတို့ကို ပြန်၍မြင်နေရကြ၏။ ဣသရေလရှင်ဘုရင်ကို ဖျက်ဆီးရန်ဗက်လင် မြို့ရှိအပြစ်ကင်းသော ကလေးများကို သတ်ခဲ့သော ဟေရုဒ်မင်း၊ နှစ်ခြင်းဆ ရာယောဟန်၏ အသွေးကြောင့် အပြစ်သင့်နေသည့်ရက်စက်သော ဟေရောဒိ အားနည်း၍ ရာထူးမက်မောသောပိလတ်မင်း၊ ကဲ့ရဲ့သော စစ်သူရဲများ၊ "ထို သူ၏အသွေးသည် ငါတို့အပေါ်၌၄င်း၊ ငါတို့၏သားသမီးတို့အပေါ်၌၄င်းကျ ရောက်ပါစေ" ဟု ကြွေးကြော်ခဲ့ကြသော ယဇ်ပရောဟိတ်များ၊ အကြီးအကဲ များနှင့် ဒေါသထွက်နေကြသော လူစုများမှစ၍ ထိုသို့သောသူအပေါင်း တို့ပသည် မိမိတို့၏ ကြီးကျယ်သောအပြစ်ကို သိမြင်လာကြ၏။ နေရောင် ခြည်ထက်တောက်ပသော ကိုယ်တော်၏ မျက်နှာတော်မှ ကာကွယ်ထားရန် သူတို့သည် အချည်းနှီးကြံစည်ကြပြီ။ ရွေးနှုတ်ခြင်းခံရသော သူတို့ကား "ကိုယ်တော်သည် အကျွန်ုပ်အတါက်အသေခံတော်မူပြီ" ဟုကြွေးကြော်၍ မိမိတို့၏ သရဖူများကို ကယ်တင်ရှင်၏ ခြေတော်ရင်း၌ချထားကြ၏။

ရွေးနှုတ်ခြင်းခံရသောလူစုတွင် သခင်ခရစ်တော်၏ တမန်တော်များ ဖြစ်ကြသော၊ ရဲရင့်သောပေါလု၊ စိတ်အားကြီးသောပေတရု၊ ကိုယ်တော်ချစ် တော်မူ၍ ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသောယောဟန်၊ သူ၏ စိတ်သဘောထား ရိုးဖြောင့်သော ညီအစ်ကိုများနှင့် တကွယုံကြည်ခြင်းအတွက် အသတ်ခံရ၍ အလွန်များပြားသော သူများပါဝင်ကြ၏။ မြို့ရိုး၏အပြင်ဘက်၌ကား သူတို့ ကိုညှင်းဆဲ၊ ထောင်ချ၊ သတ်ဖြတ်ခဲ့ကြသည့် ယုတ်ညံ့စက်ဆုပ်ရွံရှာဘွယ် အမျိုးမျိုးနှင့် ပြည့်စုံကြသော သူများရှိကြ၏။ ထိုနေရာ၌ ရက်စက်ကြမ်း ကြုတ်၍ ကာမဂုဏ်ပျော်မြူးခဲ့သောနီရိုးဘုရင်ရှိ၏။ သူသည်တခါက ညှဉ်းဆဲ သတ်ဖြတ်ခဲ့၍ ပြင်းစွာဝေဒနာခံနေရသော သူတို့ကိုစာတန်၏ ဝမ်းမြောက် ခြင်းမျိုးနှင့် ကြည့်ရှုခဲ့ဘူးရာ၊ ယခုမူကား၍သူတို့၏ ဝမ်းမြောက်ခြင်းနှင့်ချီး မြှောက်ခံရခြင်းအမှုကို မြင်နေရလေပြီ။ သူ၏မိခင်သည်လည်း ထိုနေရာ၌ မိမိပြုခဲ့သော အလုပ်၏အကျိုးအပြစ်ကိုမြင်နေရ၏။ သူမ၏ဩဇာနှင့် ပုံသက် သေအားဖြင့် သူမ၏သားသည် မကောင်းသောအကျင့်ကို ဆက်ခံရရှိလျက် လောကတဝှမ်းလုံးအား ကြောက်ရွံ့တုန်လှုပ်စေသော ပြစ်မှုကြီးများကို ကျူး လွန်ခဲ့လေပြီ။

သခင်ခရစ်တော်၏ စေတမန်များဟုခေါ်ဆိုနေကြသော်လည်း၊ ကိုယ်တော်၏လူများအားအမျိုးမျိုးညှင်းဆဲခြင်း၊ ထောင်ချခြင်း၊ မီးရှို့သတ်ခြင်းအမှုများဖြင့် သူတို့၏ ဩတ္တပ္ပစိတ်ကိုချုပ်ချယ်ခဲ့ကြသော ပါပရဟန်းမင်း၏ဘုန်းကြီးများနှင့် ဂိုဏ်းအုပ်ကြီးများလည်း ရှိကြ၏။ မိမိတို့ကိုယ်ကို ဘုရားသခင်ထက်ချီးမြှောက်၍ အမြင့်ဆုံးသော ဘုရားသခင်၏ ပညတ်တော်ကိုပြောင်းလဲနိုင်ခွင့်ရရှိကြသည်ဟု ဆိုသော ဗရင်ဂျီဘာသာ ဂိုဏ်းချုပ်ကြီးများလည်း ရှိကြ၏။ အသင်းတော်၏ ဘခင်များအဖြစ်ဟန်ဆောင်နေသူတို့သည် ဘုရားသခင်ရှေ့တော်၌ မိမိတို့၏အကြောင်းအရာများကို ဖေါ်ပြလျက် ဘုရားသခင်ထံမှ ထိုအမှုများအတွက် အပြစ်လွှတ်ခြင်းကိုခံယူလိုကြလိမ့်မည်။ သဗ္ဗညုတဉာဏ်တော်နှင့် အရေးယူတော်မူကြောင်း သူတို့ သိမြင်လာကြသည်မှာ အလွန်နောက်ကျလေပြီ။ ၎င်းအပြင် ဘုရားသခင်သည် အပြစ်ရှိသောသူတို့ကိုဧကန်အမှန်ပယ်ရှင်းတော်မူလိမ့်မည်။ သခင်ခရစ်တော်သည် ဒုက္ခဆင်းရဲခံရသော မိမိ၏လူများတို့၌ အထူးစိတ်ဝင်စားခြင်း ရှိတော်မူကြောင်းကို သူတို့ယခုသိမြင်လာကြ၍၊ "သင်တို့တွင် ဤသူတည်းဟူသော ငါ့ညီတို့တွင်အငယ်ဆုံးသောသူတယော်ကအား ပြုကြသမျှတို့ကို ငါ့အားပြုကြပြီ" ဟုမိန့်တော်မူခဲ့သော ကိုယ်တော်၏ စကားများ၌ လေးနက်သော အဓိပ္ပါယ်ကိုသိလာကြ၏။ မဿဲ ၂၅း၄၀။

## တရားစီရင်ရာပလ္လင်တော်၌

ဆိုးသောလောကတဝှမ်းလုံးသည် ကောင်းကင်အုပ်စိုးခြင်းအာဏာစက်ကို အကြီးအကျယ်သစ္စာဖေါက်ခြင်းအမှုအတွက် ဘုရားသခင်၏တရားပလ္လင်ရှေ့တော်၌ ရပ်နေရကြလေ၏။ သူတို့အတွက်တောင်းပန်ပေးရန်အမှုဆောင်တယောက်မျှမရှိ။ သူတို့သည် အပြစ်လွှတ်ခြင်းအခွင့် မရနိုင်ကြချေ။ ထာဝရသေခြင်းအပြစ်ဒဏ်ကို သူတို့အပေါ်၌ စီရင်ချက်ချမှတ်ပြီးလေပြီ။

အပြစ်၏အခသည် မြင့်မြတ်သောလွတ်လပ်ရေးနှင့်ထာဝရအသက်မဟုတ်ဘဲ၊ကျွန်ခံရခြင်း၊ပျက်စီးယိုယွင်းခြင်းနှင့်သေခြင်းဖြစ်ကြောင်းကိုလူအပေါင်းတို့သည် ယခုထင်ရှားစွာသိမြင်လာကြလေ၏။ ဆိုးသောသူတို့သည် မိမိတို့၏ပုန်ကန်သော အမှုအားဖြင့်၊ မည်သည့်အရာကိုဆုံးရှုံး လက်လွှတ်ရကြ

ကြောင်းကိုသိမြင်လာကြ၏။ သာလွန်ကောင်းမြတ်၍ ထာဝရကာလအဘို့ ထိုက်တန်သော ဘုန်းတန်ခိုးကို သူတို့အားပေးသောအခါ သူတို့က ငြင်းပယ် မထီမဲ့မြင်ပြုကြပြီ။ သို့ရာတွင် ယခုငင်းကို မည်မျှလိုချင် မက်မောကြလိမ့်မည် လဲ။ ဆုံးရှုံးသောဝိညာဉ်က "ဤအရာအပေါင်းကို ကျွန်ုပ်သည် ရရှိနိုင်ခဲ့ပါ လျက်၊ ၄င်းတို့ကို ကျွန်ုပ်သည်ပယ်ရှားခဲ့ပြီ။အိုး. . . မည်မျှမကောင်းသောစွဲ လမ်းမှုကိုမက်မောခဲ့ပြီလဲ။ ငြိမ်သက်ခြင်း၊ ပျော်မွေ့ခြင်းနှင့် ဂုဏ်အသရေကိုဆိုး ညစ်ခြင်း၊ အသရေပျက်ခြင်း၊မြော်လင့်ရာမဲ့ခြင်းအမှုတို့ဖြင့် လဲလှယ်ခဲ့ပါပြီ တကား" ဟု ကြွေးကြော်လေ၏။ မိမိတို့အား ကောင်းကင်မှ ပယ်ရှားခြင်း အမှုသည် တရားသဖြင့် စီမံတော်မူခြင်းအမှုဖြစ်ကြောင်းအားလုံး သိမြင် ကြ၏။ ဤယေရှုအား ကျွန်ုပ်တို့အပေါ်၌ အုပ်စိုးတော်မူစေခြင်းငှာ ကျွန်ုပ် တို့အလိုမရှိကြဟုသူတို့သည် မိမိတို့အသက်တာ၌ ကြွေးကြော်ခဲ့ကြ၏။

ဆိုးသောသူတို့သည် ဘုရားသခင်၏သားတော်အား ဘိသိတ်မြှောက် ခြင်းအမှုကို မိန်းမောတွေဝေနေခြင်းနှင့် ကြည့်မြော်နေကြ၏။ ကိုယ်တော်၏ လက်တော်ထဲ၌၊ မိမိတို့လွန်ကျူးရှုတ်ချခဲ့ကြသော ဥပဒေဖြစ်သည့် ပညတ် များရေးထားရာ ကျောက်ပြားများကို သူတို့တွေ့မြင်ရကြ၏။ ကယ်တင်ခြင်း ခံရသောသူတို့သည် အံ့ဩ၊ ဝမ်းမြောက်၊ ကြည်ညိုလေးစားသော စိတ်နှင့် ကြွေးကြော် အော်ဟစ်ကြသည့် အသံကြီးများကို ကြားရကြ၏။ ထိုနောက် ချိုသာသော သီချင်း၏ပဲ့တင်သံသည် မြို့တော်အပြင်ဘက်၌ ရှိသောလူစုအ ပေါ်၌ လွှမ်းမိုးသွားသောအခါ၊ လူအပေါင်းတို့က၊ "အနန္တတန်ခိုးနှင့်ပြည့် စုံတော်မူသော ထာဝရအရှင်ဘုရားသခင်၊ ကိုယ်တော်၏ အပြုအမူတို့သည် ကောင်းမြတ်၍ အံ့ဩဘွယ်ဖြစ်ကြပါ၏။ လူမျိုးတို့၏ဘုရင်၊ ကိုယ်တော်၏ အကျင့်ဓလေ့တို့သည် ဖြောင့်မတ်ဟုတ်မှန်ကြပါ၏" ဟုတညီတညွတ်တည်း ကြွေးကြော်ကြပြီးလျှင်၊ ပြပ်ဝပ်လျက် အသက်ကို ပေးပိုင်တော်မူသောအရှင် ကိုကိုးကွယ်ဝတ်ပြုကြလေ၏။

-ဝ-

## အခန်း (၆၆)
## ဒုတိယသေခြင်း

သခင်ခရစ်တော်၏ဘုန်းတော်နှင့် ကြီးမြတ်သောဂုဏ်အသရေတော်ကိုစာတန်သည် မြင်ရသောအခါ၊ မေ့မြောနေသကဲ့သို့ဖြစ်သွား၏။ တခါက လွှမ်းမိုးသောခေရုဗိမ်ဖြစ်ခဲ့သောသူသည် ဘယ်အခါကပြစ်မှားကျဆုံးခဲ့သည်ကိုမှတ်မိသတိရလာလေ၏။ တောက်ပသောကောင်းကင်တမန်သရပ်တည်းဟူသော နံနက်သားမိုးသောက်ကြယ်သည် မည်မျှပြောင်းလဲသွား၍ မည်မျှယုတ်ညံ့သောအဖြစ်သို့ ရောက်သွားလေပြီတကား။

မိမိအလိုအလျောက်ပုန်ကန်မှုကြောင့် သူသည်ကောင်းကင်နှင့်မထိုက်တန်ကြောင်းကို စာတန်သည်သိမြင်လာလေ၏။ ဘုရားသခင်ကိုစစ်တိုက်ရန် သူသည်မိမိ၏ခွန်အားသတ္တိများကိုလေ့ကျင့်ခဲ့ပြီ။ ကောင်းကင်၏ ဖြူစင်ခြင်း၊ ငြိမ်သက်ခြင်းနှင့်ညီညွတ်ခြင်းအမှုတို့သည် သူ့အဘို့အပြင်းဆုံးသောညှင်းဆဲခြင်းဝေဒနာဖြစ်နေကြလိမ့်မည်။ သူသည် ယခု ဘုရားသခင်၏ကရုဏာနှင့်ဖြောင့်မတ်ခြင်းတရားကို အပြစ်တင်ရှုတ်ချရန် ကြိုးစည်ကြိုးစားခဲ့သောအမှုသည် ယခုသူ့ကိုယ်တိုင်အပေါ်သို့ လုံးလုံးပြန်၍ ကျရောက်လေ၏။ ၎င်းပြင် ယခု စာတန်သည်ဦးညွတ်ချ၍ မိမိအပေါ်၌ စီရင်ချက်ချမှတ်တော်မူသော ပြစ်ဒဏ်သည်တရားသဖြင့် ပြုတော်မူသောအမှုဖြစ်ကြောင်း ဝန်ခံလေ၏။

ကြာမြင့်စွာတိုက်လှန်နေရသော စစ်ပွဲတွင် ဖြစ်ပေါ်လာခဲ့သောသမ္မာတရားနှင့်၎င်း၊ အမှားနှင့်၎င်း သက်ဆိုင်သောပြဿနာရှိသမျှသည် ယခုရှင်းလင်းသွားလေပြီ။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအမှုဥဥ် လုံးလုံးထင်ရှားအတည်ဖြစ်သွားလေ၏။ လောကတဝှမ်းလုံးမျက်မှောက်၌ လူအတွက်ခမည်းတော်နှင့်သားတော်တို့ ပြုတော်မူခဲ့ကြသော စွန့်တော်မူခြင်းအမှုကြီးကို ထင်ရှားစွာဖေါ်ပြထားလေပြီ။ သခင်ခရစ်တော်သည်မိမိနှင့်ထိုက်တန်တော်မူသောဂုဏ်အသရေကို ခံစားခွင့်ရလျက် အထွဋ်အမြတ်ရှိသမျှ၊ တန်ခိုးအာဏာစက်ရှိသမျှ၊ ခေါ်ဝေါ်သမုတ်သော ဘွဲ့နာမရှိသမျှတို့ထက် ချီးမြှောက်ခြင်းကိုခံရတော်မူမည့်အချိန်နာရီသည် ရောက်လာလေပြီ။

စာတန်သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းအမှုကိုဝန်ခံ၍ သခင်ခရစ်တော်၏ အထူးမြင့်မြတ်သော ဂုဏ်အသရေတော်ရှေ့၌ ပြပ်ဝပ်ရသော်လည်း၊ သူ၏အကျင့်စာရိတ္တသည် မပြောင်းလဲဘဲရှိနေသေး၏။ ပုန်ကန်တတ်သောသဘောသည် ပြင်းစွာစီးဆင်းသောရေဟုန်ကဲ့သို့တဖန်ပေါက်ကွဲထွက်ပေါ်လာပြန်၏။ ပြင်းစွာအမျက်ဒေါသထွက်နေသဖြင့် ကြီးစွာသောတိုက်ပွဲကြီးကိုသူသည် လက်မလွှတ်ရန်ဆုံးဖြတ်လေ၏။ ကောင်းကင် ဘုရင်မင်းမြတ်ကိုတိုက်ခိုက်ရန် နောက်ဆုံးပြင်းထန်သောစစ်ပွဲကြီးကို ခင်းကျင်းဘို့ အချိန်ကျရောက်လာလေပြီ။ သူသည် မိမိ၏ လက်အောက်ရှိလူများတို့အထဲသို့ ပြေးဝင်သွားပြီးလျှင်၊ မိမိ၏ ပြင်းထန်သောအမျက်နှင့်သူတို့အား နှိုးဆော်လျက်၊ ချက်ခြင်းစစ်ပွဲကို ခင်းကျင်းရန်တိုက်တွန်းလေ၏။ သို့ရာတွင် ပုန်ကန်ရန်သူသွေးဆောင်ခဲ့သော သန်းပေါင်းများစွာသော သူတို့အထဲတွင် ယခုသူ၏ဩဇာကိုခံယူလိုသော သူတယောက်မျှမရှိကြတော့ချေ။ သူ၏ ဩဇာအာဏာသည်ကုန်ဆုံးသွားလေပြီ။ စာတန်သည် ဘုရားသခင်ကို မုန်းသည်နည်းတူဆိုးသောသူတို့သည်လည်း မုန်းသောစိတ်နှင့်ပြည့်လာကြ၏။ သို့သော်သူတို့သည် ထာဝရဘုရားကိုမအောင်မြင်နိုင်၊ သူတို့၌ မြော်လင့်စရာမရှိကြောင်းကိုသိမြင်လာကြ၏။ သူတို့သည် စာတန်အပေါ်၌၄င်း၊ သူတို့အားလှည့်စားခဲ့ကြသောသူတို့အပေါ်၌၄င်း၊ အမျက်ဒေါသထွက်လာကြလေ၏။ နတ်ဆိုးတို့၏ပြင်းထန်သောအမျက်ဒေါသမျိုးနှင့် သူတို့သည် ထိုသူတို့ပေါ်၌ပြန်၍တိုက်ခိုက်ကြသဖြင့်၊ တကမ္ဘာလုံးအချင်းလျင်းတိုက်ခိုက်နေသော စစ်တလင်းကြီးဖြစ်ပေါ်လာလေ၏။

## ကောင်းကင်မှကျလာသောမီး

ထိုနောက် ပရောဖက်၏ အောက်ပါစကားများသည် ပြည့်စုံခြင်းသို့ရောက်လေ၏။ "ထာဝရဘုရား၏အမျက်တော်သည် လူမျိုးအပေါင်းတို့၌ထွက်၍ ပြင်းစွာသော အမျက်တော်သည် သူတို့အလုံးအရင်းအပေါ်မှာသက်ရောက်လေ၏။" ဟေရှာယ၊ ၃၄း၂။ "မတရားသော သူတို့အပေါ်မှာတောက်သောမီးခဲ၊ ကန့်နှင့်ရောသော မီးလျှံ၊ ပူလောင်သော မုန်တိုင်းကို သက်ရောက်စေ၍၊ သူတို့သောက်စရာဘို့စီရင်တော်မူ၏။" ဆာလံကျမ်း ၁၁း၆။

ဘုရားသခင် အထံတော်ကောင်းကင်မှမီးကျလာ၏။ မြေကြီးသည် ကွဲပွင့်သွား၏။ မြေကြီးထဲ၌ ဝှက်ထားသော လက်နက်ကရိယာတို့သည် ထွက်ပေါ်လာကြ၏။ ပြင်းစွာလောင်ကျွမ်းသောမီးလျံတို့သည် ဟနေသောချောက်ကြီးရှိသမျှထဲမှ ပေါက်ကွဲထွက်လာကြ၏။ ကျောက်များပင်လျှင် မီးလောင်နေကြ၏။ "မီးဖို၌ မီးလောင်သကဲ့သို့ လောင်သောနေ့ရက်ကာလ" သည်ရောက်လာလေပြီ။ မာလခိ ၄း၁။ လောကဓါတ်တို့သည် ပူအားကြီး၍ပျက်ကြလိမ့်မည်။ မြေကြီးကိုယ်မှစ၍ မြေကြီးပေါ်မှာပြုလုပ်ထားသမျှသောအရာတို့သည်လည်း လောင်ကျွမ်းကုန်ကြလိမ့်မည်။ (၂ ပေတရု ၃း၁၀)။ တောဖက်အရပ်တွင် ရှိသောမီးရှို့ရာထင်းပုံသည် ပုန်ကန်သူတို့၏ အကြီးအကဲဖြစ်သော ဘုရင်အတွက် အသင့်ပြင်ဆင်ထားပြီးလေပြီ။ ထင်းပုံကြီးသည်နက်၍ကျယ်ဝန်း၏။ "ထာဝရဘုရား၏ ထွက်သက်တော်သည် အရည်ကျိုသောကန့်ကဲ့သို့ထင်းပုံကိုမီးရှို့ရလိမ့်မည်။" ဟေရှာယ ၃၀း၃၃။ ထိုအချိန်သည် ဘုရားတရားကိုမကြည်ညိုသော သူတို့ကို တရားစီရင်၍ လုံးလုံးပျက်စီးသောအချိန်ကာလ "ထာဝရဘုရားဒဏ်ပေးတော်မူရာနေ့၊ ဇိအုန်မြို့၏အမှုကိုစောင့်၍ အပြစ်ပေးတော်မူရာနှစ်" ဖြစ်လေပြီ။ ဟေရှာယ ၃၄း၈။

ဆိုးသောသူတို့သည် မိမိတို့၏ ကံကြမ္မာကို မြေကြီးပေါ်၌ခံစားရကြပြီ။ သူတို့သည် "အမှိုက်ခြောက်ဖြစ်ကြလိမ့်မည်။ သူတို့အရင်းအဖျားမျှမကျန်ကြွင်းစေခြင်းငှာ ထိုနေ့ရက်သည် လောင်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏။" မာလခိ ၄း၁။ အချို့သောသူတို့သည် တခဏခြင်းတွင် ပျက်စီးသွားကြ၍ အခြားသောသူတို့မူကား ရက်ပေါင်းများစွာဒုက္ခခံနေရကြလိမ့်မည်။ လူအပေါင်းတို့သည် မိမိတို့အကျင့်နှင့်အလျောက်ပြစ်ဒဏ်ကိုခံရကြ၏။ ဖြောင့်မတ်သော သူတို့၏အပြစ်များကို မကောင်းမှုဒုစရိုက်ကိုအစပြုသော စာတန်အပေါ်သို့ ပြောင်းလွှဲပေးတော်မူသဖြင့် သူသည် သူတို့၏အပြစ်ဒဏ်ကိုခံရလိမ့်မည်။ "ထိုနည်းအားဖြင့် သူသည် မိမိ၏ပုန်ကန်မှုသက်သက်သာမက၊ ဘုရားသခင်၏ လူတို့အား ကျူးလွန်စေသောအပြစ်အပေါင်းတို့အတွက်လည်း ဒဏ်ခံရလိမ့်မည်။ သူခံရမည့် အပြစ်ဒဏ်သည်သူလှည့်ဖြားခဲ့သော သူတို့၏ ပြစ်ဒဏ်ထက်အဆပေါင်းများစွာ ပြင်းထန်လိမ့်မည်။ သူ၏ လှည့်ဖြားခြင်းအမှုအားဖြင့် ပြစ်မှားကျဆုံးခဲ့သော သူအပေါင်း

တို့သည်ပျက်စီးသွားပြီးနောက်၊ သူသည် အသက်ရှင်နေသေးလျက် ဒုက္ခဝေဒနာခံစားနေရသေး၏။ ဆေးကြောသုတ်သင်သောမီးလျှံများတွင် ဆိုးသောသူတို့သည် အရင်းအဖျားမျှမကျန်ကြွင်းစေခြင်းငှာ အဆုံး၌ဖျက်ဆီးခြင်းခံရကြလိမ့်မည်။ - စာတန်သည်အရင်း၊ သူ၏နောက်လိုက်တို့သည် အဖျားများဖြစ်ကြ၏။ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအမှုသည် စိတ်ကြေနပ်ဘွယ်ဖြစ်ပေ၏။ ၄င်းပြင် သန့်ရှင်းသူများနှင့်ကောင်းကင်တမန်အပေါင်းတို့သည် ကျယ်သောအသံဖြင့် "အာမင်" ဟု ဝန်ခံကြ၏။

♦ အခန်း ၅၉ စာမျက်နှာ ၅၁၉ တွင်ရှိမှတ်ချက်ကိုကြည့်ပါ။

ဘုရားသခင်လက်စားချေတော်မူခြင်းကြောင့် မြေကြီးသည်မီးလျှံဖြင့် လွှမ်းနေသော်လည်း၊ ဖြောင့်မတ်သောသူတို့သည် သန့်ရှင်းသော မြို့တော်တွင် ဘေးကင်းလုံခြုံစွာရှိနေကြ၏။ ပထမထမြောက်ခြင်းသို့ ဝင်စားရကြသောသူတို့အပေါ်၌ ဒုတိယသေခြင်းသည် အစိုးမရနိုင်တော့ချေ။ (ဗျာဒိတ်ကျမ်း၊ ၂၀း၆။) ဘုရားသခင်သည် ဆိုးသောသူတို့အဘို့ လောင်ကျွမ်းသောမီးဖြစ်တော်မူသော်လည်း ဘုရားသခင်သည် မိမိ၏လူတို့အဘို့နေလည်းဖြစ်တော်မူ၏။ အကွယ်အကာလည်းဖြစ်တော်မူ၏။ (ဆာလံ ၈၄း၁၁)။

-၀-

## အခန်း (၆၇)
## မြေကြီးသစ်

"ကောင်းကင်သစ်နှင့် မြေကြီးသစ်ကိုလည်းငါမြင်၏။ အဘယ်သို့ နည်းဟူမူကား၊ ရှေးကောင်းကင်နှင့် ရှေးမြေကြီးတို့သည် ရွေ့သွားကြပြီ။"ဗျာဒိတ်ကျမ်း ၁၂း၁။ ဆိုးသောသူတို့ကို လောင်ကျွမ်းသောမီးသည် မြေကြီးကို သန့်ရှင်းစေ၏။ ကျိန်ခြင်း၏အမှတ် အသားရှိသမျှကို ပယ်ရှင်းထားပြီးလေ၏။ ရွေးနှုတ်ခြင်းခံရသော သူတို့၏ မျက်မှောက်၌ အပြစ်ဒုစရိုက်၏ကြောက်စရာကောင်းသော ကြမ္မာအဖြစ်နှင့်ထာဝရလောင်နေသော ငရဲတစုံတခုမျှမရှိ။ သတိရစရာအချက် တခုသာတည်ရှိနေခဲ့လိမ့်မည်။ ကျွန်ုပ်တို့၏ရွေးနှုတ်ရှင်သည် လက်ဝါးကပ်တိုင်၌ ရိုက်ထားခြင်းခံရကြောင်း အမှတ်အသားများကို အစဉ်အမြဲဆောင်ထားတော်မူမည်။ ကိုယ်တော်၏ ဒဏ်ရာရသောဦးခေါင်းတော်၌၎င်း၊ ခြေတော်လက်တော်တို့၌၎င်း၊ အပြစ်ကြောင့်ဖြစ်ပေါ်လာသော ရက်စက်သောအမှုတို့၏ အမှတ်အသားများသာ ကျန်ရှိနေလိမ့်မည်။

"အိုဧဒါလင့်စင်၊ ဇိအုန်သတို့သမီးနေရာကုန်း၊ သင်သည်အစိုးရလိမ့်မည်။ အရင်တည်သော အာဏာတည်ပြန်လိမ့်မည်။" မိက္ခာ ၄း၈။ အပြစ်ကြောင့် လက်လွတ်သွားသောနိုင်ငံကို သခင်ခရစ်တော်သည်ပြန်၍ရရှိတော်မူသဖြင့်၊ ရွေးနှုတ်ခြင်းခံရသောသူတို့သည် ကိုယ်တော်နှင့်အတူပိုင်ဆိုင်စိုးစံရကြလိမ့်မည်။ "ဖြောင့်မတ်သောသူတို့သည် ပြည်တော်ကိုအမွေခံ၍အစဉ်အမြဲနေရလိမ့်မည်။" ဆာလံကျမ်း၊ ၃၇း၂၉။ သန့်ရှင်းသူတို့ခံစားရမည့်အမွေတော်သည် အကယ်ပင်ရှိသော အရာဝတ္ထု ဖြစ်ကြောင်းကိုအလွန်သေချာစွာ ဖေါ်ပြထားသည် အတွက်ကြောင့်၊ မြေကြီးသစ်ကို ကျွန်ုပ်တို့နေစရာ အိမ်အဖြစ် မြော်လင့်ရန်သွန်သင် ညွှန်ပြထားသည့်အမှန်ဖြစ်သောအရာများကိုပင် ဝိညာဉ်နှင့်သက်ဆိုင်သည်ဟုအများက ထင်မှတ်မည်ကိုစိုးရိမ်စရာရှိပေသည်။ သခင်ခရစ်တော်က မိမိသည် သူတို့အတွက်နေစရာအခန်းများကို ပြင်ဆင်ခြင်းငှာသွားတော်မူရ၏ဟု မိမိတပည့်တော်တို့အားအသေအချာမိန့်တော်မူ၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်၌ သွန်သင်. . . . . . . . . .

ထားသောသြဝါဒများကို လက်ခံကြသောသူတို့သည် ကောင်းကင်၌နေစရာအရပ်အကြောင်း မသိနားမလည်ဘဲ နေကြလိမ့်မည်မဟုတ်။ သို့သော်တမန်တော်ပေါလုက၊ "ဘုရားသခင်ကိုချစ်သော သူတို့အဘို့အလို့ငှာ ဘုရားသခင်ပြင်ဆင်တော်မူသော အရာတို့ကိုလူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊စိတ်နှလုံး ဖြင့်မကြံစည်သေး" ဟုဖေါ်ပြထား၏။ ၁ကောရိန်သု၊ ၂း၉။ ဖြောင့်မတ်သောသူတို့ခံစားရမည့် ဆုလဒ်အကြောင်းကို လူ၏စကားဖြင့်ဖေါ်ပြခြင်းငှာ မသင့်လျော်ပေ။ ၎င်းဆုလဒ်ကို တွေ့မြင်ရသော သူတို့သာ ၎င်းအကြောင်းကို သိနားလည်ကြလိမ့်မည်။ လူ၏ကန့်သတ်ထားခြင်းခံရသော စိတ်အားဖြင့်၊ ဘုရားသခင်၏ ပရဒိသုဘုံရှိ ဘုန်းတန်ခိုးတော်အကြောင်းကို မသိနားမလည်နိုင်။

ကျမ်းစာတွင်ကယ်တင်ခြင်းခံရသောသူတို့၏ အမွေတော်ပြည်တော်ဟုခေါ်ဆိုထား၏။ (ဟေဗြဲ၊ ၁၁း၁၄-၁၆)။ ထိုနေရာ၌ သိုးထိန်းကြီးသည် မိမိ၏သိုးစုများကို အသက်ရေစီးရာ စမ်းရေသို့လမ်းပြပို့ဆောင်တော်မူ၏။ အသက်ပင်သည် တလတကြိမ်အသီးသီး၍ အရွက်များသည် လူမျိုးတို့အဘို့အသုံးဝင်သော အရာဖြစ်၏။ ထိုနေရာ၌ ကျောက်သလင်းကဲ့သို့ကြည်လင်သော ရေများအမြဲစီးဆင်းရာဖြစ်များရှိ၍ ထာဝရဘုရား၏ ရွေးနှုတ်ခြင်းခံရသောသူတို့အတွက် ပြင်ဆင်ထားသော လမ်းများပေါ်သို့မိမိတို့၏ အရိပ်များကို ကျရောက်စေလျက်လှုပ်ရှားနေသော သစ်ပင်များသည် ၎င်းမြစ်တို့၏ ကမ်းများအနီးတွင် ရှိနေကြ၏။ ထိုနေရာ၌ အလွန်ကျယ်ပြန့်သော လွင်ပြင်များသည် လှပသောတောင်ပူစာများအထိ ရောက်ရှိသွားကြ၍ ဘုရားသခင်၏ တောင်တို့သည် အလွန်မြင့်မားသော တောင်ထိပ်များနှင့် ပြည့်စုံလျက်ရှိကြ၏။ ထိုငြိမ်သက်သော လွင်ပြင်များတွင် အမြဲစီးဆင်းနေသော မြစ်များအနား၌ ကြာမြင့်စွာ ခရီးသွားလှည့်လည်ခဲ့ရကြသော ဘုရားသခင်၏ လူများတို့သည် နေစရာအိမ်ကိုတွေ့ရှိရကြလိမ့်မည်။

## ယေရုရှလင်မြို့တော်သစ်

ထိုနေရာ၌ ယေရုရှလင်မြို့တော်သစ်သည် ဘုရားသခင်၏ ဘုန်းတော်နှင့်ပြည့်စုံလျက်တည်ရှိ၍၊ ၎င်းမြို့၏အရောင်အဝါသည် "ကျောက်သလင်းနဂါးသွဲ့ကဲ့သို့၊ အမြတ်ဆုံးသောကျောက်မျက်မွန်နှင့်တူ၏။" ဗျာဒိတ်ကျမ်း၊

၁၂း၁၁။ ထာဝရဘုရားက၊ "ငါသည်လည်း၊ ယေရုရှလင်မြို့ကြောင့် ဝမ်းမြောက်မည်။ ငါ၏ လူတို့ကြောင့်ရွှင်လန်းမည်" ဟု မိန့်တော်မူ၏။ ဟေရှာယ ၆၅း၁၉။ ဘုရားသခင်၏ တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့် အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူ ဖြစ်ကြလိမ့်မည်။ ဘုရားသခင်ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍သူတို့၏ ဘုရားသခင်ဖြစ်တော်မူမည်။ ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကိုသုတ်တော်မူမည်။ နောက်တဖန် သေဘေးမရှိရ၊ စိတ်မသာ ညည်းတွားခြင်း၊အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား၊ ရှေးဖြစ်ဘူးသောအရာတို့သည် ရွေ့သွားကြပြီ။" ဗျာဒိတ်ကျမ်း ၂၁း၃၊၄။

ဘုရားသခင်၏ မြို့တော်၌ညဥ့်မရှိရ။ မည်သမျှ အိပ်စက်နားနေဘို့ အလိုမရှိကြ၊ အိပ်ဘို့လဲမလို။ ဘုရားသခင်၏ အလိုတော်ကိုဆောင်လျက်၊ဘုရားသခင်၏ နာမတော်ကို ချီးမွမ်းခြင်းအမှု၌ မောပန်းခြင်း ရှိကြလိမ့်မည်မဟုတ်။ ကျွန်ုပ်တို့သည်နံနက်အချိန်၌ လန်းဆန်းသောခွန်အားမျိုးနှင့်အစဥ်အမြဲပြည့်စုံနေကြလျက်၊ ဘယ်သောအခါမျှ အားအင် ကုန်ခန်းခြင်းသို့မရောက်ရကြချေ။ "ဆီမီးအလိုမရှိ၊ နေ၏အရောင်ကိုလည်း အလိုမရှိ၊ အကြောင်းမူကား၊ ထာဝရ အရှင်ဘုရားသခင်သည် သူတို့၌ ရောင်ခြည်တော်ကိုလွှတ်တော်မူ၏။" ဗျာဒိတ်ကျမ်း ၂၂း၅။ မွန်းတည့်အချိန်၏ အလင်းထက်မနှိုင်းယှဉ်နိုင်အောင် သာလွန်တောက်ပသော်လည်း၊ နာကျင်စွာမျက်စိကျိန်းခြင်းကို မဖြစ်စေနိုင်သော အလင်းရောင်အားဖြင့် နေ၏ရောင်ခြည်သည်ပျောက်ကွယ်သွားလိမ့်မည်။ ဘုရားသခင်နှင့် သိုးသငယ်၏ ဘုန်းရောင်ခြည်သည် သန့်ရှင်းသော မြို့တော်အားမမှိန်နိုင်သော အလင်းနှင့်လွှမ်းမိုးသွားလိမ့်မည်။ ရွေးနှုတ်ခြင်းခံရသူတို့သည်မကုန်မဆုံးနိုင်သော နေ့တွင် နေရောင်ကိုမလိုသော ဘုန်းတော်ရောင်ခြည်အလင်းတွင်သွားလာနေကြရလိမ့်မည်။

"မြို့ထဲ၌ဗိမာန်တော်ကိုငါမမြင်။ အကြောင်းမူကား၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်နှင့်သိုးသူငယ်သည် ထိုမြို့၏ ဗိမာန်တော်ဖြစ်တော်မူ၏။" ဗျာဒိတ်ကျမ်း ၂၁း၂၂။ ဘုရားသခင်၏လူတို့သည် ခမည်းတော်နှင့်၄င်း၊ သားတော်နှင့်၄င်း၊ မိဿဟာယဖွဲ့ရသော. . . . . .

အခွင့်ကိုရရှိပါလိမ့်မည်။ ယခု ကျွန်ုပ်တို့သည် “မှန်အားဖြင့် ရိပ်မိလျက်သာ နေ၏။” ၁ကော ၁၃း၁၂။ ကျွန်ုပ်တို့သည် သဘာဝ၌ဖန်ဆင်းထားသော အရာများနှင့်လူတို့တွင် ဘုရားသခင်ပြုတော်မူသော အမှုများအားဖြင့်၊ မှန်ထဲမှာကဲ့သို့၊ ဘုရားသခင်၏ အရိပ်ကိုသာမြင်နေရကြ၏။ သို့ရာတွင်ကျွန်ုပ်တို့သည် ထိုအခါ၌မှုံနေသောအတားအဆီးမရှိဘဲ၊ ဘုရားသခင်ကို မျက်နှာချင်းဆိုင်လျက် တွေ့မြင်ရကြလိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်၌ ရပ်နေရကြလျက် ဘုရားသခင်မျက်နှာတော်၏ ဘုန်းတော်ကို စိုက်ကြည့်နေရကြလိမ့်မည်။

ထိုနေရာ၌ သေခြင်းကင်းသော သူတို့သည်ဘယ်အခါမျှ မကုန်မခန်းနိုင်သော ဝမ်းမြောက်ခြင်းနှင့် ဖန်ဆင်းခြင်းတန်ခိုး၏အံ့သြဘွယ်ရာများ၊ ရွေးနှုတ်ခြင်းမေတ္တာတော်၏ နက်နဲရာများတို့ကို လေ့လာဆည်းဖူးလျက်နေကြလိမ့်မည်။ ဘုရားသခင်ကို မေ့လျော့စေခြင်းငှာ သွေးဆောင်ဘို့ရန် ရက်စက်လှည့်ဖြားတတ်သော ရန်သူသည် မရှိတော့ချေ။ စွမ်းရည်သတ္တိရှိသမျှတို့သည် တိုးပွားများပြားလာလေ၏။ ပညာဗဟုသုတကို စုဆောင်းရှာဖွေလိုသော စိတ်နှင့်အင်အားအစွမ်းတို့သည် ပင်ပန်းကုန်ခန်းခြင်း ရှိကြမည်မဟုတ်။ အမြတ်ဆုံး စွန့်စားပြုလုပ်လိုသည့် စိတ်သဘောသည် ရှေ့သို့တိုးတက်လျက်ရှိလိမ့်မည်။ အမြင့်မြတ်ဆုံးသော ရမ္မက်များလည်း ပြည့်စုံခြင်းသို့ရောက်ကြလိမ့်မည်။ အမြတ်ဆုံးသော လိုအင်ဆန္ဒများလည်းဖြစ်မြောက်အောင်မြင်ကြလိမ့်မည်။ ထိုမှတပါး အသစ်သော မြင့်မြတ်ခြင်းအဖြစ်သို့ ရောက်ရှိလာလိမ့် ဦးမည်။ အထူးဂရုပြုမြတ်နိုးလေးစားစရာ အသစ်သောအံ့သြဘွယ်ရာများ၊ ပိုမိုသိနားလည်စရာအသစ်သော သမ္မာတရားများ၊ ကိုယ်၊ စိတ်နှလုံးတို့၏ အစွမ်းသတ္တိများဖြင့် သိမြင်ဘို့ရန် အသစ်သော အရာဝတ္ထုများလည်းရှိလာလိမ့်ဦး မည်။

ထာဝရနှစ်ကာလများသည် ကုန်လွန်သွားနေကြစဉ်၊ ၄င်းတို့သည် ဘုရားသခင်နှင့် သခင်ခရစ်တော်၏ အကြောင်းကိုသာ၍ကြွယ်ဝ၊ ဘုန်းထင်ရှားစွာဖေါ်ပြကြလိမ့်မည်။ လူတို့သည် ဘုရားသခင်၏ အကြောင်းကိုသာ၍သိရှိနားလည်လာလေလေ၊ ဘုရားသခင်၏ ဂုဏ်တော်များကို သာ၍မြတ်. . . . .

နိုးလေးစားလာလေလေဖြစ်၏။ သခင်ယေရှုသည် သူတို့ရှေ့၌ ရွေးနုတ်ခြင်း၏စည်းစိမ်ချမ်းသာများကိုင်၄င်း၊ စာတန်နှင့် အကြီးအကျယ်တိုက်လှန်ရာတွင် အံ့သြဘွယ်ပြီးမြောက်အောင်မြင်ခဲ့သော အမှုများကို၄င်းဖွင့်ပြတော်မူသောအခါ၊ ရွေးနုတ်ခြင်းခံရသော သူတို့၏စိတ်နှလုံးထဲ၌ သာ၍မြဲမြံစွာကြည်ညို လေးစားလိုသော သဘောသည် ဖြစ်ပေါ်လာ၍၊ သူတို့သည်သာ၍ တည်ငြိမ်သောလက်များဖြင့် ရွှေစောင်းများကိုတီးခတ်ကြလေ၏။ ၄င်းအပြင် ကုဋေသင်္ချေမကအတိုင်းမသိ များစွာသောသူတို့သည် အလွန်ကြီးကျယ်သောကြွေးကြော်သံဖြင့် ကျေးဇူးတော်ကို ချီးမွမ်းမြွက်ဆိုလျက်ရှိကြ၏။

"ကောင်းကင်၊ မြေကြီး။ မြေကြီးအောက်၊ သမုဒ္ဒရာအထဲ၊ အရပ်ရပ်တို့၌ရှိသမျှသော ဝေနေယျသတ္တဝါအပေါင်းတို့က၊ ပလ္လင်တော်ပေါ်မှာထိုင်တော်မူသော သူနှင့်သိုးသငယ်သည် ကမ္ဘာအဆက်ဆက် ကောင်းကြီးမင်္ဂလာဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ အစွမ်းသတ္တိ ရှိစေတော်မူသတည်းဟုပြောဆိုကြသည်ကို ငါကြားလေ၏။" ဗျာဒိတ်ကျမ်း ၅း၁၃။

အပြစ်ဒုစရိုက်နှင့်အပြစ်ပြုသော သူတို့သည် မရှိကြတော့ချေ။ ဘုရားသခင်၏ စကြာဝဠာတဝှမ်းလုံးသည် သန့်ရှင်းစင်ကြယ်သွားလေပြီ။ ၄င်းပြင်ကြီးစွာသောတိုက်လှန်ပွဲကြီးသည် တခါတည်းပြီးဆုံးသွားလေပြီ။

-ဝ-